# ဿဇ်ကီရာတွလ် အောင်လီယာ

# မဟာလူသားဆူဖီများ ၏
# ဘဝဖြစ်စဉ်နှင့်ဓမ္မကျင့်စဉ်တရား

## ( TADHKARATUL-AULIYA )



4¥0552-
KS¥3500

**FARIUDDIN 'ATTAR**

ဘာသာပြန်ဆိုသူ - အလ်ဟာဂျ် ခလီဖ္ဖဟ် ဦးအေးလွင် (ကာဒရီယာ-အာလီယာ)

TRANSLATED BY AL-HAJ KALIFAH U AYE LWIN (QUDRIYA-ALIYA)

ကန့်သတ်

# သဇ်ကီရာတွလ် အောင်လီယာ

# မဟာလူသားဆူဖီများ ၏ ဘဝဖြစ်စဉ်နှင့်ဓမ္မကျင့်စဉ်တရား

## ( TADHKARATUL-AULIYA )



FARIUDDIN 'ATTAR

KS¥3500..

ဘာသာပြန်ဆိုသူ - အလ်ဟာဂျ် ခလီဖ္ဖဟ် ဦးအေးလွင် (ကာဒရီယာ-အာလီယာ

TRANSLATED BY AL-HAJ KALIFAH U AYE LWIN (QUDRIYA-ALIYA)

ကန့်သတ်

ဿယ်ဇကိရာတွလ်အောင်လီယာ

# မဟာလူသားဆူဖီများ
# ၏
# ဘဝဖြစ်စဉ်နှင့် ဓမ္မကျင့်စဉ်တရား

# TADHKARATUL-AULIYA

## (FARIUDDIN 'ATTAR)

ဘာသာပြန်ဆိုသူ – အလ်ဟာဂျ်ခလီဖ္ဖဟ်ဦးအေးလွင်(ကာဒရိယာ–အာလိယာ)

TRANSLATED BY
AL-HAJ KALIFAH U AYE LWIN (QUDRIYA-ALIYA)

တွရီကာဝင်များအတွက်သာ (ကန့်သတ်)

ပါရမီဖြည့်ဖက်

ဇနီးနှင့် သား သမီးတို့အတွက်

" အို– ကျွန်တော်မျိုးတို့အား ဖန်ဆင်းထင်ရှားပုံဖော်တော်မူသောအရှင်
ကျွန်တော်မျိုးတို့အား မိမိတို့၏ကြင်ဘက်သက်လျာနှင့်
သား သမီးတို့ထံမှ မျက်စိ၏အေးမြကြည်နူးခြင်းတည်းဟူသော
မင်္ဂလာလွှမ်းသော ဘဝရှခင်းကို မြင်တွေ့ခံစားနိုင်စွမ်း
ပေးသနားတော်မူပါ။ "

[ ကုရ်အာန် ၂၅း ၇၄ ]

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | မြန်မာဘာသာပြန်ဆိုသူ၏အမှာစာ | ၁ |
| (ခ) | ဖရီဒွသ်ဒီန်အတ္တားရ်သခင်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း | ၈ |
| (ဂ) | ကျမ်းဦးစကားချီး | ၁၅ |
| (ဃ) | မဟာလူသားဆူဖီများ၏ဘဝဖြစ်စဉ်နှင့် ဓမ္မကျင့်စဉ်များ | |
| | (၁) အဗူမုဟာမဒ္ဒ် အိမာမ် ဂျာဖရ် ဆွာဒစ်ခ် | ၁၈ |
| | (၂) ဟာဇရသ် အိုဝေ့(စ်) ကရ်နီ | ၂၀ |
| | (၃) ဟာဇရသ် ဟဆန် ဘတ်(စ်)ရီ သခင်ကြီး | ၂၂ |
| | (၄) မာလစ်က် ဘင်ဒီနာရ် | ၂၉ |
| | (၅) ဟာဇရသ် မုဟမ္မဒ် ဝါဆီ | ၃၁ |
| | (၆) ဟာဇရသ် အဗီးဗ် အဂျ်မီ | ၃၁ |
| | (၇) ဟာဇရသ် အဘူဟာဇင်မ် မက္ကီ | ၃၂ |
| | (၈) ဟာဇရသ် ရာဗီယာ ဘစ္စရီသခင်မ | ၃၂ |
| | (၉) ဟာဇရသ် ဖိုသ္ဇိုင်းလ် ဗင် အယသ္ဇ် | ၅၂ |
| | (၁၀) ဟာဇရသ် အိဗ်ရာဟီမ်ဗင် အဒ်ဟမ် | ၅၅ |
| | (၁၁) ဟာဇရသ် ဗရှ်ရ်ဟာဖီ | ၆၄ |
| | (၁၂) ဟာဇရသ် ဇွန်နူးန်မစ္စရီ | ၆၅ |
| | (၁၃) ဟာဇရသ် ဗာယဇီးဒ် ဗွစ္စတာမီ | ၁၀၇ |
| | (၁၄) ဟာဇရသ် အဗ်ဒုလ္လာဟ်ဗင် မုဗာရာက် | ၁၃၁ |
| | (၁၅) ဟာဇရသ် ဇွတ်ဖ်ယာန် ဆောင်ရီ | ၁၃၂ |
| | (၁၆) ဟာဇရသ် အဘူရှကီးက် ဗလ်ခီ | ၁၃၃ |
| | (၁၇) အေမာမ် အဟ်မဒ်ဗင် ဟမ္ဗလ် | ၁၃၄ |
| | (၁၈) ဟာဇရသ် ဒါဝူးဒ်တွာအီ | ၁၃၅ |
| | (၁၉) ဟာဇရသ် ဟာရစ်သ် မိုဟာစေဗီ | ၁၃၆ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၂၀) | ဟာဇရသ် မုဟမ္မဒ် စမားက် | ၁၃၇ |
| (၂၁) | ဟာဇရသ် စိုလိုင်ဟ် အဗ်ဒုလ္လာဟ် တွတ်စ်ရီ | ၁၃၇ |
| (၂၂) | ဟာဇရသ် မအ်ရူးဖ် ကရ်ခီ | ၁၃၉ |
| (၂၃) | ဟာဇရသ် စစ်ရီစာ့က်တီ | ၁၄၀ |
| (၂၄) | ဟာဇရသ် အဟ်မဒ်ခိဇ်ရဝိယာ | ၁၄၅ |
| (၂၅) | ဟာဇရသ် အဘူတိုရာဗီ ဘတ်ခ်ရှိ | ၁၄၆ |
| (၂၆) | ဟာဇရသ် ယဟ်ယာဗင် မအားသ်ရာဇီ | ၁၄၆ |
| (၂၇) | ဟာဇရသ် ရှားဟ်ရှိုဂျအ်ကိရ်မာနီ | ၁၅၂ |
| (၂၈) | ဟာဇရသ် ယူစွဖ်ဘင် ဟိုစိုင်းန် သခင် | ၁၅၃ |
| (၂၉) | ဟာဇရသ် အဘူဟာဖ်စ်ဟာဒါးဒ် | ၁၅၉ |
| (၃၀) | ဟာဇရသ် ဟာမ်ဒူန် ကတ်စားရ် | ၁၆၀ |
| (၃၁) | ဟာဇရသ် မန်စူးရ်အမ္မရ် | ၁၆၀ |
| (၃၂) | ဟာဇရသ် ဂျိုနိုက်ဒ် | ၁၆၂ |


## ဒုတိယပိုင်း


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | ဟာဇရသ် အုမရ်ဗင် အွတ်စ်မန်း မက္ကီ | ၁၇၈ |
| (၂) | ဟာဇရသ် အဘူစအီးဒ် ခေရားက် | ၁၇၉ |
| (၃) | ဟာဇရသ် အဘွလ်ဟာစန်အလ်နူရီ | ၁၈၁ |
| (၄) | ဟာဇရသ် အွတ်စ်မန် အလ်ဟီရီ | ၁၈၂ |
| (၅) | ဟာဇရသ် အဗ္ဗဒုလ်ဂျေလာ | ၁၈၅ |
| (၆) | ဟာဇရသ် အဘူမုဟာမ္မဒ် ရိုယမ် | ၁၈၆ |
| (၇) | ဟာဇရသ် စမ်နူးန် မိုဟာစ်ဖ် | ၁၉၁ |
| (၈) | ဟာဇရသ် အဗူမုဟာမ္မဒ် မုရ်တာအရှ် | ၁၉၂ |
| (၉) | ဟာဇရသ် အဗူကောရ်ဝေရားက် | ၁၉၄ |
| (၁၀) | ဟာဇရသ် အဗ်ဒုလ္လာဟ် မနာဇိလ် | ၁၉၅ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (၁၁) | ဟဇရည် အဘူကေရ်ကတာနီ | ၁၉၆ |
| (၁၂) | ဟဇရည် အဗ်ဒုလ္လာဟ် ခါဖိုးဖ့် | ၁၉၈ |
| (၁၃) | ဟဇရည် အဘူမုဟမ္မဒ် ဂျရီရီ | ၂၀၁ |
| (၁၄) | မန်ဇူးရ် အလ်ဟလ္လားဂျ် | ၂၀၂ |
| (၁၅) | ဟဇရည် အဘူဘကရ်ဝတ်စ်တီ | ၂၁၃ |
| (၁၆) | ဟဇရည် အဘူအဗ္ဗာဟားက် အိဗ်ဗရာဟီမ် ဗင်န် ရှဟာရ်ယား ရှိုင်ဗာနီ | ၂၁၅ |
| (၁၇) | ဟဇရည် အဘူလ်ဟဆန်ခိရ်ကာနီ | ၂၁၇ |
| (၁၈) | ဟဇရည် အဘူဘကရ် ရှစ်ဗ်လီ | ၂၄၉ |
| (၁၉) | ရှိုက်ခ် အဗုလ်အဗ္ဗားစ် ကတ်စွားဗ် | ၂၆၆ |
| (၂၀) | အဗူအစ္စဟားက်အိဗ်ရာဟီမ်ဗင်အမ်မဒ် အလ်ခွါးစ် | ၂၆၆ |
| (၂၁) | ဟဇရည် မာမ်ရှဒ် ဒီန်ဝါရီ | ၂၇၀ |
| (၂၂) | အဗုလ်အစ္စကား အိဗ္ဗရာဟီမ် ရှိုင်ဘာနီ | ၂၇၁ |
| (၂၃) | အဘူဘကရ်ဆိုင်ဒ်လာနီ | ၂၇၁ |
| (၂၄) | ဟဇရည် ရှိုက်ခ်အဘူ အလီဒီကားက် | ၂၇၂ |
| (၂၅) | အဘူအလီ အမဒ္ဒ်ဗင် မုဟမ္မဒ် ရှဒ်ဘာရီ | ၂၇၅ |
| (၂၆) | ရှိုက်ခ် အဘွလ်ဟစန်အလီ အိဗ္ဗရာဟီမ် အလ်ဟာစ်ရီ | ၂၇၇ |
| (၂၇) | ရှိုက်ခ်အဘွလ်အွတ်စ်မန်ဆအီးဒ်ဗင်န်ဆလာမ်အလ်မဂ်ရိဗီ | ၂၇၈ |
| (၂၈) | ရှိုက်ခ်အဘွလ် အဘားစ်နီဟာဝမ်ဒီ | ၂၇၉ |
| (၂၉) | ဟဇရည် အဘွလ်ကာဆင်မ်နဆရာဘာဒီ | ၂၈၀ |
| (၃၀) | ဟဇရည် အဘွလ် ဖွသွာလ် ဟဆန်ဆူရ်ရာ့ခ်စီ | ၂၈၁ |
| | **နောက်ဆက်တွဲ (က)** | |
| | "အနလ်ဟက်"၏ ဟကီကသ် ပရမတ်သဘော | ၂၈၃ |
| | **နောက်ဆက်တွဲ (ခ)** | |
| | အချိန်နှင့် ဝိညာဉ်လေ့လာချက် | ၃၀၆ |
| | **နောက်ဆက်တွဲ (ဂ)** | |
| | ဝလီဆူဖီသခင်တို့ထံ အကူအညီတောင်းခြင်းဆိုင်ရာ အယူအဆ | ၃၃၈ |

# မြန်မာဘာသာပြန်ဆိုသူ၏အမှာစာ

ဖရီဒွသ်ဒီးန် အတ္တားရ်သခင်ကြီး ရေးသားစီရင်ပြုစုအပ်သော ဿဇ်ကေ့ရာတွလ် အောင်လီယာကျမ်းကို မြန်မာဘာသာသို့ပြန်ဆိုရန် ကျွန်တော်၏ကျေးဇူးရှင် ဥပဇ္ဈယ် ဓမ္မလမ်းညွှန် ပီရ် မရာရစ်ခ် ခလီဖွာ မုဟမ္မဒ်စအီဒ် (ခေါ်) ဦးတင်ထွန်း (ကာဒရီယာ-အာလီယာ ဒါဒါပုဃရာနာ [ထားဝယ်])သည် သခင်အရှင့်ထံသို့ ပြန်လည်မကြွမြန်းမီ ကတည်းက ကျွန်တော့်အား တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

ယင်းသို့ဘာသာပြန်နိုင်ရန်လည်း အင်္ဂလိပ်ဘာသာပြန် ဿဇ်ကေ့ရာတွလ် အောင်လီယာကျမ်းကို ကျွန်တော့်အား ပေးအပ်ခဲ့ပါသည်။ သူကိုယ်ဌ်ကမူ အူရဒူစာပေကို အသက်(၆၀) ကျော်ကာမှ ပြန်လည်သင်ကြားတတ်မြောက်ခဲ့၍ အူရဒူဘာသာပြန်နှင့် အင်္ဂလိပ်ဘာသာပြန်တို့ကို ယှဉ်တွဲကာ ကျေညက်အောင်လေ့လာခဲ့ပြီးဖြစ်၏။ မူရင်း ကျမ်းရှင် ဖရီဒွသ်ဒီးန် အတ္တားရ်သခင်ကြီးကမူ ဤကျမ်းအား ဖွါရစီစာပေနှင့် ရေးသား ခဲ့ခြင်းဖြစ်ပါသည်။

ကျမ်းရှင် ဖရီဒွသ်ဒီးန် အတ္တားရ်သခင်(အေဒီ ၁၁၄၀-၁၂၃၄)သည် သမိုင်းဝင်ဆူဖီ အရိယသူတော်စင်တစ်ပါးဖြစ်ပါသည်။ သခင်ပြုစုခဲ့သောကျမ်းများမှာလည်း အမြောက် အမြားရှိခဲ့ပေသည်။ ယခုကျမ်းမှာမူ ပေါက်မြောက်အောင်မြင်တော်မူကြကုန်၍ လွတ် မြောက်ခြင်း ဝိမုတ္တိရသနှင့် ဝိဇ္ဇာဉာဏ်အလင်းထွန်းတောက်ခဲ့ကြသည့် သမိုင်းတစ် လျှောက်မှ မဟာလူသားဆူဖီများ၏ ဘဝဖြစ်စဉ်နှင့် ဓမ္မကျင့်စဉ်တို့ကို မှတ်တမ်းတင် ထားသည့်ကျမ်းဖြစ်သည်။ ကျမ်းလာပုဂ္ဂိုလ်မြတ်တို့မှာ ဖရီဒွသ်ဒီးန် အတ္တားရ်သခင်၏ အထက်က ပွင့်ပေါ်ခဲ့ကြသည့် ဝလီဆူဖီ အရိယပုဂ္ဂိုလ်မြတ်တို့ဖြစ်ကြပြီး သခင့်နောက် ပိုင်းမှ ပွင့်ပေါ်တော်မူခဲ့ကြသည့် အောင်လီယာရဟန္တာတို့ ဤကျမ်း၌ မပါဝင်ကြကြောင်း ကို အထူးတင်ပြရန် လိုမည်မထင်ပါ။

အိလ်မေ့တစောင်ဝုဖ်တည်းဟူသော အစ္စလာမ့်အနှစ်အသား အတွင်းပရမတ် တရားမှာ အစ္စလာမ်ဝင် သမိုင်းကြောင်းအရလည်းကောင်း၊ ဓမ္မကြောင်းအရလည်း ကောင်း အထူးမြစ်ခြေခိုင်မာမှုရှိပေသည်။ ခေတ်အဆက်ဆက်မှသူတော်စင်၊ ပညာရှင်တို့ က ဤတရားထူး တရားမြတ်မှာ မဟာတမန်တော်မြတ်(ဆွ)သက်ရှိတင်ရှားရှိတော် မူစဉ် အခါတော်ကတည်းက ကိုယ်တော်မြတ်နှင့်တကွ ကိုယ်တော်၏အရိုက်အရာကို ထိုက်တန်စွာဆက်ခံခဲ့ကြသည့် ကွေမဟာသာဝက 'ခိုလဖာအေ ရာရှေဒင်း'သခင်ကြီးများ၊ ဆွဟာဗာသာဝက၊ သာဝိကမများ၊ အိမ်တော်သူ အိမ်တော်သားများ၊ တာဗိအင်၊

တ-ဗ တာဗိအင် သခင်၊ သခင်မအပေါင်းတို့ ဦးထိပ်ပန်ဆင် ဆောက်တည်ကျင့်သုံးခဲ့သည့် အစ္စလာမ်၏တစ်ခုတည်းသော တရားဖြစ်ကြောင်းကို အကိုးအကားအထောက်အထားခိုင်လုံစွာဖြင့် တင်ပြခဲ့ကြပါသည်။

ကျွန်တော်၏အမှာစာတွင်မူ အခြားအခြားသော ပညာရှင်သူတော်စင်တို့၏ တင်ပြထားချက်တို့ထက် အိန္ဒိယနိုင်ငံ၊ ဒေယိုဘန် မဇ္ဈာဟေရီ ဒါရွလ်အိုလွမ် သာသနာ့တက္ကသိုလ်ကြီးမှ ပညာရှင်တို့၏တင်ပြချက်ကို ဦးစားပေးကာ တင်ပြလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ဒေယိုဘန် မဇ္ဈာဟေရီ ဒါရွလ်အိုလွမ်ကျောင်းတော်မှ သုခမိန်ပညာရှင်တို့သည် ဝလီဆူဖီများနှင့် အိလ်မေတစောင်ဝုဖ်တရားတို့အား လက်မခံငြင်းဆန်သယောင်ယောင်ပြောဆိုမှုတို့ကို ယခုခေတ်တွင် ကြားနေရသည့်အတွက်ဖြစ်ပါသည်။

ဒေယိုဘန်တက္ကသိုလ်ကြီးကို စတင်တည်ထောင်ခဲ့သူ မော်လာနာ မာမွတ် ကာစင်မ်နာနုတ္တဝီ၊ တဗလိဂ်ဂျမာအသ်လုပ်ငန်းကို တည်ထောင်ခဲ့သူ မော်လာနာ အီလ်ယာစ်သခင်ကြီး၊ ဟာကီမွလ်အွမ္မသ်ဘွဲ့ခံ မော်လာနာ အရှရဖ်အလီ ထာနဝီ၊ ရာရှစ်အဟ်မဒ်ဂန်ဂိုဟိစသည့် ဒေယိုဘန်ဒီ ပညာရှင်ကြီးများသည် ဟာဂျီ အင်ဒါဒွလ်လာ မက္ကီသခင်ကြီးကို ဥပစ္ဈာယ် ပီရ်မွရ်ရှိဒ် အဖြစ် တင်မြှောက်ကာ အဋ္ဌေဝါသိကတပည့် မိုရီဒ်အဖြစ်ခံယူခဲ့ကြပါ၏။ အဆိုပါ ပုဂ္ဂိုလ်ကျော်ကြီးတို့မှာ ခွါဂျာမိုအီနွတ်ဒင် ကျစ္စတီ၊ ဟစန်စန်ဂျေရီ၊ အပ်ဂျ်မေရီသခင် ကြီးအားဖြင့် ထင်ရှားလူသိများလာသည့် ကျစ္စတီယာတရိကာ၏ ဆွဗရီဓမ္မအုပ်စုမှဖြစ်၏။

ဟာကီမွလ်အွမ္မသ်ဘွဲ့ခံ မော်လာနာ အရှ်ရဖ်အလီ ထာနဝီသခင်ကြီး၏ အရိုက်အရာကို လွှဲအပ်ခြင်းခံရသည့် ခလီဖွာ ဟာဇရသ် မစီအွလ်လာခန်သခင်ကြီး၏ "ရှရီအတ်အော် တစောင်ဝုဖ်"ကျမ်းတွင် သခင်က တစောင်ဝုဖ်ပရမတ်တရားကို 'ဒီးန်' (နှစ်ဘဝအောင်မြင်ရေး တည်ဆောက်မှုလမ်းညွှန်)၏ ပြီးပြည့်စုံမှုနှင့် အနှစ်အသားဖြစ်သည်၊ "ဒီးန်"၏အသက်ဇီဝိန်ဖြစ်သည်ဟုဖော်ပြထားပြီး 'တွရိကတ်'မဂ္ဂလမ်းသို့မဟုတ် 'တစောင်ဝုဖ်'ပရမတ်တရားသည် "ဒီးန်"နှင့် "ရှရီအတ်"တရားတော်တို့နှင့် လုံးဝဆန့်ကျင်ဘက် ဝိရောဓိမဖြစ်ကြောင်းနှင့် ယင်းသို့ ဆန့်ကျင်ဘက်ဝိရောဓိမဖြစ်သည့်အပြင် မွတ်စလင်မ်တိုင်းအတွက် (ပရမတ်တရားလိုက်စားသူ) ဆူဖီတစ်ဦးအဖြစ်သို့ရောက်အောင် ကျင့်ကြံအားထုတ်ရန် တာဝန်ရှိပေသည်ဟု ဖော်ပြထားပါသည်။ တစောင်ဝုဖ်တရားထုတ်နူတ်ထားသူ မွတ်စလင်မ်တစ်ဦးကို ပြီးပြည့်စုံသည့် မွတ်စလင်မ်တစ်ဦးအဖြစ် အမှန်တစ်ကယ်မခေါ်နိုင်ပေ "*Minus Tasawwuf, a Muslim can not truly be described as a perfect Muslim*"ဟုလည်း ရှင်းလင်းပြတ်သားစွာရေးသားထားပါသည်။ [ ရှရီအတ်အော် တစောင်ဝုဖ်ကျမ်း၊ စာမျက်နှာ -၁၁]

မော်လာနာ အရှ်ရဖ်အလီ ထာနဝီသခင်ကြီးက "ဟကိကတ်တွလ်တွရိကတ်" ကျမ်းတွင်မူ သာသနာကပြဋ္ဌာန်းထားသော (ဖွရသ္မ်၊ ဝါဂျစ်ဗ်စသည့်) တာဝန်ဝတ္တရား

များကိုကျေပြွန်စွာဆောက်ရွက်ပြီးနောက် မွတ်စလင်မ်တိုင်းသည် မိမိတို့၏ အတွင်း အဇ္ဈတ္တသန္တာန်၏ သန့်စင်ရေးကျင့်စဉ်တို့ကို ကျင့်ကြံအားထုတ်ရမည်မှာ "ဖွရသ္ဖ်" မပြုမနေရကျင့်ဝတ်ဖြစ်ကြောင်းနှင့် ယင်းသို့ ဖွရသ္ဖ်ဖြစ်ကြောင်းကို ကျမ်းမြတ်ကုရ်အာန်၏ အာယတ်တော်ပေါင်းမြောက်မြားစွာနှင့် မဟာတမန်တော်မြတ်ကြီး၏ ဟဒီးဆ်ဩဝါဒတော်အများအပြားတွင် အထင်အရှားတွေ့ရှိနိုင်ပေသည်ဟု ရေးသားထားပါသည်။ ဟာဇရသ် အရှ်ရဖ်အလီထာနဝီသခင်ကြီးကပင် သခင်၏ "တွရီကတ်တွလ် ကလန်ဒါရ်"ကျမ်းတွင် – " တစောင်ဝုဖ်အတွင်းပရမတ္တတရား၏ မြစ်ခြေခိုင်မာမှုရှိသည့်တရားသဘောနှင့် ကျင့်စဉ်တို့ကို ကျမ်းမြတ်ကုရ်အာန်နှင့် မဟာတမန်တော်မြတ်ကြီး၏ ဩဝါဒတော်တို့တွင် အထင်အရှားတွေ့ရပေသည်။ လမ်းလွဲရောက်နေသည့် ဆူဖီအတုအယောင်များနှင့် အမည်ခံသီလကြောင်းအိုလမာ (အိုလမာအီခပ်ရှ်) တို့ကသာလျှင် ဤအချက်ကို ငြင်းဆန်ကြသည်။ အစ္စလာမ့်အနှစ်အသား တစောင်ဝုဖ်ပရမတ်တရားသည် ကုရ်အာန်၌ မပါဝင်ဟူသည့် ပြောဆိုမှုမှာ လုံးဝမှားယွင်း၏"ဟု ရေးသားခဲ့၏။

ဆက်လက်၍ ဟဇရသ် အရှ်ရဖ်အလီ ထာနဝီသခင်ကြီး၏ နောက်ကျမ်းတစ်ဆူဖြစ်သည့် "အပ်တာကပ်ရှပ်ဖ်"ကျမ်းမှ သခင့်တင်ပြချက်တစ်ချို့ကို ကောက်နှုတ်တင်ပြပါမည်။

" 'အဝိဇ္ဇာစေတသိတ်' နဗ္ဗ(စ)အမှောင်ထုနှင့် မသန့်ရှင်း မစင်ကြယ်သည့် စရိုက်စိုးများကို 'ဇိကိရ်'ဘာဝနာမပြတ်မလပ်ပွားများခြင်း၊ ဓမ္မကျင့်စဉ်များကို စွဲမြဲစွာကျင့်ကြံခြင်းနှင့် အကုသိုလ် ဒုစရိုက်တို့အား ကျဉ်ရှောင်ခြင်း စသည့်နည်းတို့ဖြင့် ချုပ်ငြိမ်းကွယ်ပျောက်စေပါက ဓမ္မဝိညာဉ်နှင့်နှလုံးသားတို့တွင် အသခ်တ မြတ်ရှင်အလ္လာဟ်နှင့် ထူးခြား၍မြင့်မြတ်သော ဆက်သွယ်မှုတို့ကိုရရှိ၏။ ထိုအဆင့်မျိုးတွင် လျှို့ဝှက်နက်နဲသိမ်မွေ့သည့် ဓမ္မရသတို့နှင့် ပရမတ္တဝိဇ္ဇာ အသိဉာဏ်အလင်းတို့သည် လူသားတို့၏ အာရုံခံအင်္ဂါတို့နှင့် ပြင်ပဗဟိဒ္ဓ ရုပ်ပိုင်းဆိုင်ရာကြားခံမှုတို့မှ မဟုတ်မူဘဲ အာရုံလွန် သယမ္ဘုဉာဏ်စင်များအဖြစ် နှလုံးသား၌ ထိုးထွင်းပွင့်ပေါ် ထွန်းတောက်လာပေသည်"ဟု ရေးသားထား၏။

ဟဇရသ်အရှရဖ်အလီ ထာနဝီ၏ ခလီဖွာကြီးဖြစ်သည့် ဟာဇရသ် မစီအွလ်လာသခင်ကြီး "မုဘာရ့်ရီရသ်"သတင်းကောင်း ဉာဏ်ကွန့်မြူးလာပုံကို "ရှရီအတ်အော်တစာင်ဝုဖ်"ကျမ်း၌ ဤသို့ရေးသားထားပါသည်။

"ကွတ်တုဗ်ဖွလ်အာလင်မ် ဟာဇရသ် ဂန်ဂိုဟီ (ရ၊အ)သခင်ကြီးသည် စစ်မှန်သောအိပ်မက်တွင်း၌ ကြွရောက်လာခါ ဟာဇရသ်မစီအွလ်လာ ခင်ကြီးအား တရားဒေသနာများ ဟောပြောပို့ချရန် ခွင့်ပြုတော်မူ၏။ ယင်းသို့ခွင့် ပြုချက်နှင့် လမ်းညွှန်မှုတို့ကို ရရှိပြီးခါမှ ဟာဇရသ် မစီအွလ်လာခန်သခင်ကြီးသည် တရားဒေသနာတို့ကို ဟောပြောပို့ချတော်မူခဲ့သည်။

ဟာဇရတ် ခွာဂျာ မိုအီနွတ်ဒင် ကျစ္စတီ (ရ၊အ)သခင်ကြီးသည်လည်း ဟာဇရတ် မစီအွလ်လ်လာခန်သခင်ကြီး၏ အိပ်မက်တွင်း၌ကြွလာကာ ဟာဇရတ် မစီအွလ်လာခန် သခင်ကြီးအား ဝေနေယျာအပေါင်းအတွက် 'ဒုအာ'ဆုမွန်ကောင်းများတောင်းပေးရန် အထူးညွှန်ကြားချက်ဖြင့် တာဝန်ပေးအပ်ခဲ့သည်။ ခွာဂျာဆပ်သည် ဤအိပ်မက်တွင်း၌

" ကျွန်ုပ်တို့၏ ဆုတောင်းမေတ္တာ 'ဒုအာ'တို့အား သင့်ထံ လွှဲပြောင်းပေးလိုက်သည်။ သင့်ထံသို့ဆုဒုအာတောင်းပေးရန် မေတ္တာရပ်ခံလာသူ မည်သူ့ကိုမဆို သူတို့၏ ကိုယ်စား ဆုဒုအာတောင်းပေးပါလော့။ "

" We transfer Dua to you. Whoever comes to you for Dua, make Dua on their behalf. "

(ခွာဂျဆပ်၏) ဤညွှန်ကြားချက်တွင် ဟာဇရတ် မစီအွလ်လာသခင်သည် ဆုတောင်းပြည့်ပုဂ္ဂိုလ်ထူး "မွတ်စ်တာဂျာဗဒ်ဒါဝသ်"အဖြစ်ထွန်းတောက်လာမည့် သတင်းကောင်းပါရှိခဲ့သည်။ [ ရှရီအတ် အော် တစောင်ဝုဖ်ကျမ်း၊ စာမျက်နှာ- ၅ ]

ဤအချက်ကိုထောက်ရှု၍ အောက်ပါသဘောတရားတို့ကို ကောက်ချက်ချနိုင်ပေသည်။

၁။ ခန္ဓာဝန်ချပြီးသည့် သူတော်စင်တို့သည် လူ့လောကသို့ ဆက်သွယ်မှုပြုလုပ်ခြင်း၊ တရားပြလမ်းညွှန်ခြင်း၊ ဆုတောင်းပေးခြင်း၊ ဆုတောင်းတို့အား ထပ်ဆင့်လွှဲပြောင်းပေးခြင်း စသည်တို့ကို တွေ့ရ၏။

၂။ လူတစ်ဦးသည် အခြားသူတစ်ဦးအတွက် ဆုတောင်းပေးနိုင်၏။ ခန္ဓာဝန်ချပြီးသူ အရိယပုဂ္ဂိုလ်တို့သည်လည်း ဝေနေယျတို့အတွက် ဆုတောင်းပေး၏။

၃။ လူတစ်ဦးသည် မိမိထက် သီလ၊ သမာဓိ၊ ပညာထူးကဲမြင့်မြတ်သူအား မိမိကိုယ်စား အလ္လာဟ့်ထံတွင် ဆုပန်ပေးရန် တောင်းခံနိုင်သည်။

၄။ ယင်းတစ်ဆင့်ခံဆုတောင်းတို့ကို အရှင်ကလည်း နှစ်သက်လက်ခံ တော်မူ၏။

ဤမျှလောက်ဆိုလျှင် အိုလမာသာသနာ့ပညာရှင်တို့သည် သူတော်စင် ဝလီအောင်လီယာသူမြတ်တို့အား မည်မျှရိုသေလေးစား တန်ဘိုးထားကြောင်းကို သိလောက်ပေပြီ။ ယခုအခါဆက်လက်၍ ဓမ္မလမ်းညွှန် ဥပဇ္ဈာယ် ပီရ်မရှာရစ်ခ်ထံပါး၌ အဇ္ဈေဝါသိကတပည့် 'မုရိဒ်'အဖြစ်ခံယူအပ်ကြောင်းကို ဟာဇရတ် ဟကီမွလ်အွမ္မသ် အရှရဖ်အလီထာနဝီကပင် မည်ကဲ့သို့ တင်ပြခဲ့သည်ကို ကိုးကားဖော်ပြပါဦးမည်။

" အဘယ်သို့နည်း၊ စာပေပရိတ်ယတ်ကျမ်းဂန်တို့ကို အားထားရုံမျှဖြင့် (ဓမ္မစခန်း၏) ပြီးပြည့်စုံမှုသို့ ပေါက်မြောက်အောင်မြင်ခဲ့သည့်ပုဂ္ဂိုလ်ဟူ၍ ရှိခဲ့ပါသလော။ လက်သမားအတတ်ကိုတတ်လိုလျှင် လက်သမားဆရာအပါး၌လည်းကောင်း၊ အပ်ချုပ်အတတ်ကို တတ်လိုလျှင် အပ်ချုပ်ဆရာအပါး၌လည်းကောင်း၊ စာပန်းချီအတတ်ကိုတတ်လိုလျှင် စာပန်းချီဆရာအပါး၌လည်းကောင်း မချဉ်းကပ် မဆည်းကပ်ဘဲနှင့် ဤအတတ်ပညာတို့ကို မတတ်နိုင်ကြောင်းမှာ နားလည်ရန်အလွန်ရှင်းလင်းလှပေသည်။

အချုပ်အားဖြင့်ဆိုရသော် ကျွမ်းကျင်သူအပါး၌ မခစားဘဲနှင့် ပြီးပြည့်စုံမှုနှင့် ကျွမ်းကျင်သူတစ်ဦးအဖြစ်သို့ ရောက်ရှိလာနိုင်မည် မဟုတ်ပေ။

ထို့ပြင် သူတော်ကောင်းကိုပေါင်း၍ သူယုတ်မာကိုရှောင်ရန်နှင့် အလ္လာဟ်နှင့်ဆက်သွယ်လိုပါလျှင် အလ္လာဟ့်အချစ်တော် အောင်လီယာသူမြတ်တို့ထံ ချဉ်းကပ်ခစားရမည့်အကြောင်းကို သခင်ကဖော်ပြပြီးနောက် ပရမတ်ညာဏ်ရှင် အရိယာသူတော်စင်အပါး၌ ပေါင်းဖက်ခစားရခြင်းသည် အနှစ်(၁၀၀)မပျက်မကွက် မကျိုးမပေါက်သော အမိန့်နာခံခြင်းထက် မွန်မြတ်ထွင်ခေါင်ပြီး သာလွန်မြင့်မြတ်ကြောင်းနှင့် တဒင်္ဂပင်ဖြစ်စေ ဆူဖီအရဟတ်အပါး၌ ခစားလိုက်ရခြင်းသည် ရာစုတစ်စုစာမျှ Zuhd' အကုသိုလ် ဒုစရိုက်တို့ ကျဉ်ရှောင်ခြင်းထက်လည်းကောင်း၊ Ta'at 'အမိန့်နာခံခြင်းထက်လည်းကောင်း သာလွန်မြင့်မြတ်ပေသည်ဟု ရေးသားထား၏။

ထို့ကြောင့် ဟာဇရတ် မစီအွလ်လာခန်သည် သူ၏ကျမ်းကို " 'ဆစ်ဒီကီးန်' အောင်လီယာသူမြတ်တို့၏ အသိုင်းအဝိုင်း၌ပါဝင်လော့ "ဟူသည့် ကျမ်းမြတ်ကုရ်အာန်၏ဗျာဒိတ်တော် (၉း၁၁၉)ဖြင့် အစချီထားခြင်းဖြစ်ပေသည်။

သေသည်၏အခြားမဲ့ဘဝနှင့်ပတ်သက်၍ အစ္စလာမ်၏ခံယူချက်ကိုလည်း မော်လာနာ အရှရဖ်အလီ ထာနဝီသခင်ကြီးသည် သခင်၏ 'ရှောင်ဟ်ကေဝသန်' ယာယီစခန်းမှ မြဲဌာနေသို့ကျမ်း၌ဖော်ပြထားရာ ယင်းမှအချို့ကို မော်လာနာ မွဖ်သီ၊ ကာရီ၊ မိုဟမ္မဒ် ယူစွဖ် အဆ်အဒီ ဆရာကြီးပြန်ဆိုထားသည့်အတိုင်း ကောက်နုတ်တင်ပြပါမည်။ ဝိညာဉ်လောကနှင့်ပတ်သက် လာရှိသောဆင့်ပြန်ချက်များမှာ မရေမတွက်နိုင်အောင်များပြားလှပေသည်။ သို့သော် ဤအခန်း အမှတ် (၁၁)တွင် ဟဒီးဆ်တော် ၂၇ ပုဒ်မျှ နမူနာအဖြစ်ဖော်ပြထားသည်။ ဤဟဒီးဆ်တော် (၂၇)ပုဒ်အပြင် ဤအခန်း၏အလျှင်လွန်ခဲ့သောအခန်းများ၏ အချို့သော ဟဒီးဆ်တော်များအရ ဝိညာဉ်လောက၏ စည်းစိမ်ချမ်းသာများ၊ ချစ်ခင်မှု၊ ဂုဏ်ပေးမှု စသည်တို့ကို ပြည့်စုံစွာဖော်ပြခဲ့ပြီးဖြစ်၏။ ယင်းတို့မှာ–

၁။ ဒုက္ခအပေါင်းမှ ကင်းကွာစွာရှိခြင်း။

၂။ နေရာဌာနကျယ်ဝန်းမှု။

၃။ ဆုံးဖြတ်တော်မူသည့်အရှင့်ထံပါး၌ လက်ခံခြင်းခံရမှု။

၄။ အကူအညီပေးသူများထံ ခိုလှုံခွင့် ရရှိခြင်း။

၅။ အရှင်မြတ်၏ ချစ်ခင်နှစ်သက်မှု။

၆။ စိုးရိမ်ကြောင့်ကြသူ၏အပါး၌ အဖော်ရှိခြင်း။

၇။ အမှောင်ထုတွင် အလင်းရောင်ရရှိခြင်း။

၈။ "ကဗရ်တွင်"တွင် ကုရ်အာန်ရွတ်ဖတ်မှု။

၉။ နမားဇ်ဝတ်ပြုမှု

၁၀။ မိမိ၏မိတ်ဆွေအပေါင်းအသင်း၊ ဆွေမျိုးသားချင်းများနှင့် တွေ့ဆုံရောနှောမှု ရရှိခြင်း။

၁၁။ မိမိအပါးလာသူများအား စိတ်၌ချစ်ခင်ခြင်း။

၁၂။ စားသောက်ရာ၌ ပေါကြွယ်ဝမှု အထူးသဖြင့် ဂျနွတ်တွင် စားသောက်ရသည့် စည်းစိမ်များ။

၁၃။ ကောင်းမွန်သော အခင်းအကျင်းများရှိခြင်း။

၁၄။ **ကောင်းမွန်**သော အဝတ်အစားများရှိခြင်း။

၁၅။ **လေပြေ**လေညှင်းတိုက်ခိုက်လျက်ရှိသော နေရာဖြစ်ခြင်း။

၁၆။ အညောင်းပြေလမ်းလျှောက်ရန် ဥယျာဉ်ရှိခြင်း။

၁၇။ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းများ ကြားရခြင်း။

၁၈။ အချင်းချင်း မိတ်ဆွေဖြစ်သွားခြင်း၊ ရပ်တန့်စောင့်ဆိုင်းရမည့် နေရာအဆင့် အတန်းမြင့်မားမှုထိပ်ဖျားသည့် ဂျနွတ်၏သစ်ပင်ထက်မြင့်မားခြင်း။ ဂျနွတ် အတွင်းရှိ မိမိနေထိုင်ရမည့်နေရာဌာနကို မိမိမျက်စိဖြင့် မြင်တွေ့ရမှု စသည် တို့ကို အထက်ပါ ဟဒီးဆ်တော်များမှ သိရှိရသည်။

ထို့ကြောင့် သဓ်ကေ့ရာတွလ် အောင်လီယာကျမ်း၌လာရှိသော အချက်အလက် တို့သည် ရှရီအတ်တရားတော်နှင့် သွေဖီဆန့်ကျင်မှု မရှိကြောင်း သိနိုင်ပေသည်။

ထို့ပြင် တောင်အာဖရိကတိုက်ရှိ "မဂျလစ်စေ အိုလမာ"အဖွဲ့မှ ထုတ်ဝေသော ကျမ်းတို့တွင်လည်း သဓ်ကေ့ရာတွလ် အောင်လီယာကျမ်းကို ကိုးကားဖော်ပြထားချက် တို့ကို တွေ့ရပေသည်။ အထူးသဖြင့် ဆူဖီသူမြတ်တို့ကျင့်သုံးသည့် ဓမ္မဂီတ 'စေ့မ'နှင့် ယနေ့ခေတ်တေးဂီတတို့မှာ လုံးဝတူညီမှုမရှိကြောင်းကို ရေးသားထားသည့်ကျမ်းငယ် တွင် သဓ်ကေ့ရာတွလ် အောင်လီယာကျမ်းကို အမြောက်အမြား ကိုးကားထားကြောင်း တွေ့ရပေသည်။

သို့ဖြစ်လေရာ သဓ်ကေ့ရာတွလ် အောင်လီယာကျမ်းမှာ အစ္စလာမ့်လောက၌ အငြင်းပွားမှုမရှိသော အစ္စလာမ့်အထက်တန်းတရားတို့နှင့် သူတော်စင်တို့၏မဟာဝင် တို့ကို သမရိုးကျ အထ္ထုပ္ပတ္တိပုံစံမျိုးနှင့်မဟုတ်ဘဲ တရားရယူဖွယ်ရာ အချက်တို့ကိုသာ အနည်းငယ် ရွေးနုတ်ကာ သီကုံးတင်ပြထားသောကျမ်းဖြစ်ပေသည်။

ဤကျမ်း၏စာမူကို ဖတ်ရှု၍ အကြံဉာဏ်ပေးခဲ့ကြသည့် ဦးသန်းဝင်း M.A (မောင်သန်းဝင်း၊ ရန်ကုန်တက္ကသိုလ်)အားလည်းကောင်း၊ ဦးမောင်မောင်ကြီး (ပန်းဝါနွယ် ရမည်းသင်း)အားလည်းကောင်း၊ ဤကျမ်းဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ကူညီကြသည့် ပုဂ္ဂိုလ်အသီးသီးတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ၎င်းတို့၏စေတနာအကျိုးကိုတန်ပြန်ခါ စထက်တန်ပိုးတိုး၍ ရရှိပါစေကြောင်း အရှင့်ထံဆုတောင်းအပ်ပါသည်။

ဤဘာသာပြန်ကျမ်းတွင် မှားယွင်းချက်၊ လိုအပ်ချက်များရှိပါက ဘာသာပြန်သူ၏ ချို့ယွင်းမှုသာဖြစ်ပြီး မူလကျမ်းရှင်၏တာဝန်မဟုတ်ကြောင်းကို ဝန်ခံလိုပါသည်။ ကျွန်တော်၏မှားယွင်းချက် လိုအပ်ချက်များကိုလည်း အကိုးအကားခိုင်လုံစွာဖြင့် ပြုပြင်တည့်မတ် ပေးပါက အထူးကျေးဇူးတင်စွာဖြင့် လက်ခံပါမည့်အကြောင်းကိုလည်း ဓမ္မစာရှုသူတို့အား လေးစားစွာ အသိပေးအပ်ပါသည်။

နိဂုံးချုပ်တွင် ဤကျမ်းဘာသာပြန်ဆိုရသည့် ကုသိုလ်အကျိုးတို့အား ကွယ်လွန်သူ ကျွန်တော်၏မိခင်ကြီး ဒေါ်မေယုနှင့် အာရဝါအပေါင်းတို့အား 'အိစ္စာလေစဝါးဗ်' အမျှအတန်းပို့ မေတ္တာဝေပါကြောင်း တင်ပြအပ်ပါသည်။

ဦးအေးလွင် B.Sc
ကာဒရီယာ- အာလီယာ

" အကာယ်၍ အသင်တို့သည်
သစ္စာဝါဒီများဖြစ်ကြပါမူ
သေခြင်းတရားကို တောင့်တကြကုန်လော့။ "
[ ကုရ်အာန် ၆၂း ၆ ]

" မသေမီ သေကြလော့။ "
[ မဟာတမန်တော်မြတ် မုဟမ္မဒ် (ဆွ) ]

၈

# ဖရီဒွသ်ဒီန် အတ္တားရ်ဲ သခင်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း

မော်လာနာ ရှုမီသခင်ကြီးသည် မိမိအလွန်လေးစားကြည်ညိုသည့် ဖရီဒွသ်ဒီန် အတ္တားရ်သခင်ကြီးကို အချီးဘွဲ့လင်္ကာတစ်ပုဒ်ဖြင့် ဂုဏ်ပြုထား၏။အတ္တားရ်သခင်ကြီး၏ ထေရုပ္ပတ္တိကို ထိုဓမ္မလင်္ကာမှကိုးကား၍ နိဒါန်းချီမှသာလျှင် သခင့်မြင့်မြတ်မှုကို ဆီလျော်ထိုက်တန်စွာ တင်ပြနိုင်မည်ဖြစ်သည်။ ရှုမီသခင်ကြီး၏လင်္ကာတော်တွင် ဤသို့သီကုံးထားသည်။

"စနာအီသခင်ကြီးမှာ ကျွန်ုပ်၏ဓမ္မစက္ခုဖြစ်ဘိသကဲ့သို့ အတ္တားရ်သခင်ကြီးမှာ ကျွန်ုပ်၏ရှင်သန်ရပ်တည်မှုကို ပြဌာန်းနေသည့် ဓမ္မဝိညာဉ်မည်ပါ၏။ မန်စူရ်အလ်ဟလ္လားဂျ်၏ ဝိဇ္ဇာရောင်ခြည်တော်အလင်းသည် နှစ်ပေါင်း (၁၅၀)အကြာတွင် အတ္တားရ် သခင်၌ လာရထွန်းတောက်ခဲ့၏။"

အတ္တားရ်သခင်၏ ဓမ္မခရီးပေါက်ရောက်မှုကို သခင့်လက်ရာကျမ်းမဟာတို့အား ခပ်သော့သော့လေးဖတ်မိလျှင်ပင် ခန့်မှန်းနိုင်ပါ၏။ ယခုတင်ပြမည့် သခင့်ထေရုပ္ပတ္တိ အကျဉ်းချုပ်မှာ ဖွာရစီဘာသာနှင့်ရေးသားထားသည့် "နဖ်ဟာတွလ်အွ နံ့စ်"ကျမ်းမှ ထုတ်နုတ်ဘာသာပြန်ဆိုထားချက်ဖြစ်ပါသည်။

ဆူဖီတို့၏ကြယ်တာယာဟုခေါ်ဆိုထိုက်သည့် အတ္တားရ်သခင်မှာ အီရန်နိုင်ငံ 'နရှာပူရ်"မြို့တွင် အေဒီ ၁၁၄၀ ခုနှစ်တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူပြီး ထိုမြို့၌ပင် ကြီးပြင်းသည်အထိ နေထိုင်ခဲ့သည်။ သခင့်ကို ဓမ္မဓါတ်ဖွင့်ပေးကာ ဆူဖီပရမတ်တရားနှင့်မိတ်ဆက်ပြီးချိတ်ဆက်ပေးခဲ့သည့် ဥပစ္ဈယ်ဆရာမှာ ဘဂ္ဂဒက်မြို့ပေါ်မှ ထင်ပေါ်ကျော်ကြားသည့် ပညာရှင် "ရှိုက်ခ် မွတ်ဂျ်ဒွတ်ဒီးန်"ဖြစ်သည်။ ထိုအချိန်၌ ဘဂ္ဂဒတ်မြို့တွင် ဆူဖီပရမတ်တရားအပါအဝင် အခြားဓမ္မပိုင်းဆိုင်ရာ ပညတ် ဓမ္မသတ်၊ ဥပဒေပညာ၊ ဒဿနိကဗေဒနှင့် ဘာသာစာပေဆိုင်ရာပညာရပ်တို့ ထွန်းကားနေသည့် အပြင် မွတ်စလင်မ် ကမ္ဘာမှ ပညာရှင်ကဝိအကျော်အမော်တို့ ဤမြို့တော်၌လာရောက် စုဝေးကာအရှေ့တိုင်းမှ အယူဝါဒများ၊ အတွင်းပရမတ်နှင့် အပြင်ဓမ္မသတ်ပညတ် ဆိုင်ရာတို့ကို လေ့လာသုတေသနပြုခါ နှီးနှောဖလှယ်ရာဌာနလည်းဖြစ်ခဲ့၏။ ခရစ်ယာန်နှင့် အစ္စလာမ်တရားတို့ကို အခြေအတင် အပြိုင်အဆိုင်တင်ပြမှုများ လွတ်လပ်စွာပြုလုပ်လျက်ရှိပြီး "ပလေးတိုး"နှင့် "ပလောတီးနစ်"တို့၏ အဘိဓမ္မာ ကျမ်းစာများကို အာရဗီဘာသာပြန်မှုပြုလုပ်ပြီး ဆွေးနွေးနေချိန်လည်းဖြစ်သည်။

အတ္တားရ်သခင်ကြီး၏ မန်စူးရ်သခင်ကြီးးကဲ့သို့ ဝိဇ္ဇာဉာဏ်အလင်း ထွန်းတောက် လျက်ရှိခြင်းကို မည်သည့်သမိုင်းသုသေီမှ ငြင်းချက်ထုတ်ပြီး စောဒကမတက်နိုင်ခဲ့ပါ။ သခင့်ဘဝအစပိုင်းတွင် သခင်သည် သမားတော်တစ်ဦး၊ ဓာတုဗေဒပညာရှင်တစ်ဦး အဖြစ်နှင့် အလွန်အောင်မြင်ကြီးပွားသည့် အသက်မွေးဝမ်းကြောင်းမှုကို ပြုခဲ့ပေသည်။

တစ်နေ့သောအခါတွင် 'ဒရဝေ့ရှ်'သူမွန်သူမြတ်တစ်ပါးသည် သခင့်ဆေးခန်းသို့ လာရောက်၍ အလှူခံလေသည်။ သခင်မှာ အလွန်များပြားလှသောလူနာတို့ကို ဆေးကုသပေးလျက်ရှိရာ 'ဒရဝေ့ရှ်'သူမြတ်အား အဖြေမပေးနိုင်ဘဲ အလုပ်ရှုပ်လျက်ရှိသည်။ ဒရဝေ့ရှ်'သူမြတ်က ဒုတိယအကြိမ် ယဉ်ကျေးသိမ်မွေ့စွာ အလှူခံသည်ကိုလည်း သခင်က အဖြေမပေးသည့်အတွက် ဒရဝေ့ရှ်သူမြတ်က ဤသို့မှတ်ချက်ချလိုက်သည်။

" အသင်ဟာ မနားမနေ စီးပွားရှာနေပါတကား၊ သင်စုဆောင်းရှာဖွေထားသည့် ဥစ္စာပစ္စည်း ရွှေ ငွေ ရတနာတို့ကို မစွန့်ခွာချင်ဘဲနှင့် စွန့်ခွာစေမည့် သေခြင်းတရား ရောက်လာပါက ဤလောကမှ အသင်ဘယ်သို့လျှင် ထွက်ခွာပေမည်နည်း။ "

ထိုအခါမှ အတ္တားရ်သခင်က ခပ်ပေါ့ပေါ့အဖြေပေးခဲ့၏။ "အသင်အသက် **ထွက်**သကဲ့သို့ ကျွန်ုပ်လည်း ထွက်ချေမည်ပေါ့။" ဤစကားကိုကြားလိုက်သော **ဒရ်ဝေ့ရှ်**'သူမြတ်သည် မြေပြင်ပေါ်၌ လဲလျောင်းပြီး **"ကလေ့မာ"**သစ္စာကထာကို ရွတ်ဆိုပြီးမျက်စိမှိတ်ခါ ခန္ဓာဝန်ချတော်မူလေသည်။ ဤသို့ ဒရဝေ့ရှ်သူမြတ်သည် အရှင့်စခန်းကို တမဟုတ်ချင်း အံ့ဖွယ်ဘနန်း ပြန်လည်ကြွမြန်းသွားသည့်ဖြစ်ရပ်နှင့် လက်တွေ့တရားပြခဲ့သည်ကို မြင်တွေ့ရသော အတ္တားရ်သခင်သည် ဓမ္မစက္ခု ပွင့်လင်းသွားခါ ကျွတ်တန်းဝင်လေသည်။

သခင်သည်သူပိုင်ဥစ္စာပစ္စည်းတို့အား ဆင်းရဲသားများအား ဝေငှပေးပြီး ဆေးခန်းကိုလည်း ပိတ်လိုက်ခါ၊ သူ့အိမ်ကိုစွန့်၍ ဒရ်ဝေ့ရှ်တို့ဘောင်သို့ ကူးပြောင်းတော်မူခဲ့၏။

"အိမာမ်ဃဇာလီ"သခင်ကြီးက အထက်ဖော်ပြပါ ဉာဏ ဒဿနပွင့်ခဲ့ခြင်းကို ဤသို့ပြည့်စွန်းဖွင့်ဆိုခဲ့သည်။

" ဉာဏ်အလင်းပွင့်လင်းသွားသည့် ဆူဖီသူမြတ်တို့အတွက် လိုက်ရန်တစ်ခုတည်းသောလမ်းမှာ၊ ယင်းသို့ဝိဇ္ဇာဉာဏ်ပွင့်လင်းရန် နီးကပ်လာချိန်တွင် ဘဝလွတ်မြောက်ရေးအတွက် မိမိအဝိဇ္ဇာစေတသိတ်ကိုအောင်နိုင်ရန် ဘာဝနာပွားများအားထုတ်ပြီးမှ မျှော်လင့်နိုင်ကြောင်း သဘောပေါက်ရန်နှင့် ယင်းဘာဝနာ၏လုပ်ငန်းစဉ်မှာ အတုအယောင်မျှဖြစ်သည့် လောကီအာရုံကာမဂုဏ်တို့ကိုစွန့်ပယ်၍ ယင်းအပေါ်၌ သံယောဇဉ်ငြိစွန်းတွယ်ကပ်မှုမှန်သမျှကို ဖြတ်တောက်ပြီးနောက် နိစ္စရူပ၊ အသခ်တဖြစ်သည့်အရှင်ကို ဝိပဿနာဉာဏ်တင်ပြီး ဘာဝနာပွားများရန်ဖြစ်သည်။ တရားစခန်းပန်းတိုင်ကို လှမ်းကိုင်နိုင်မည့် အောင်မြင် ရေးနည်းလမ်းမှာ ဂုဏ်ပကာသနနှင့် ချမ်းသာကြွယ်ဝမှုတို့ကို စွန့်လွှတ်ရန်နှင့် လောကီအာရုံကိလေသာကာမဂုဏ်တို့ကို ဖြတ်တောက်ရန်သာဖြစ်၏၊ ဟူသော အသိဉာဏ်တို့ မိမိဉာဏ်စဉ်စခန်း၌ ကိန်းအောင်းလာရန်ဖြစ်သည်။ "

အိမာမ်ဃဇာလီ၏ အထက်ပါ လမ်းညွှန်ချက်အတိုင်း အတ္တားရ်သခင်သည် ယင်းသို့ ဉာဏ်လမ်းနှင့်ပေါက်မြောက်အောင်မြင်တော်မူကြကုန်သည့် အရိယာပုဂ္ဂိုလ်မြတ်တို့၏ဘဝကို ရွေးချယ်ပြီးနောက် အလွန်ခြိုးခြံစွာ ကျင့်ကြံအားထုတ်၍ ဘာဝနာပွားများလေ၏။ ဤသည်၏အကျိုးကြောင့် အရှင်မြတ်သည် သခင်အား အလွန်မြင့်မားနက်ရှိုင်းသည့် ဓမ္မအတွေ့အကြုံများ၊ လောကုတ္တရာဈာန်အင်္ဂါရပ်များကို ချီးမြှင့်ပေးသနားတော်မူလေ၏။

သခင်သည်အစ္စလာမ့်အနှစ်အသားဖြစ်သည့် ပရမတ်ဆူဖီတရားနှင့်ပတ်သက်သော ကျမ်းပေါင်း(၁၁၄)အုပ်မကရေးသားခဲ့သည်ဟု အဆိုရှိ၏။ "ချောစာ" အစရှိသော စာဆိုရှင်ကြီးများ အတ္တားရ်သခင်ကြီး၏ဝါဒ လွှမ်းမိုးခြင်းခံရသည်ဟူလည်းကောင်း *Piligrim's Progress* ဟူသော "ဂျွန်ဘန်းနယင်း"ရေးသားသည့် ခရစ်ယာန်အတွင်းလမ်းကျမ်းကြီးမှာ အတ္တားရ်သခင်၏ " ငှက်တို့၏သဘင် " *Mantaqut-Tair Parliment of Birds* လင်္ကာကျမ်းကြီးကို ပုံစံပြုမှီငြမ်းသည်ဟူ၍လည်းကောင်း အနောက်တိုင်းစာဆိုတို့က ဝန်ခံအသိအမှတ်ပြုကြပေသည်။ "ငှက်တို့၏သဘင်" လင်္ကာမှာ အလွန်အဆင့်မြင့်သောအတွင်းလမ်းသင်္ကေတဓမ္မကဗျာတစ်ပုဒ်ဖြစ်သည်။ သစ္စာ ရှာပုံတော်ဖွင့်သူတို့အတွက် ဖြတ်ကျော်ရမည့်စခန်းများကိုလည်းကောင်း၊ အမည်ခံတရားရှာသူတို့ တစ်ကယ်တန်းလုပ်ငန်းခွင်ဝင်ကာနီးတွင် ပေးတတ်သောဆင်ခြေတို့ကိုလည်းကောင်း လှပစွာဖော်ကျူးထားပေသည်။ ငှက်တို့၏လျှို့ဝှက်ဆန်းကြယ်သော ဘုရင်ကြီးအား ငှက်အပေါင်းတို့လိုက်ရှာရန် "ဟူပူ"ဟူသော ဆူဖီကြီးက တိုက်တွန်းနှိုးဆော်ဟောကြားသော တရားအဖြစ်ပုံဆောင်ကာ စပ်ဆိုထားသောကဗျာဖြစ်ပေသည်။ သခင်ပြုစုခဲ့သောကျမ်းတို့အနက် ယခုတင်ပြထားသည် "ဿဇ်ကေ့ရာတွလ်အောင်လီယာ " ကျမ်းမှာ အကျော်ကြားဆုံးကျမ်းတစ်ဆူဖြစ်ပေသည်။

"မာန်တာတွတ်တိုင်ရ်"ကျမ်းဘာသာပြန်ဆိုချက်မှ ကောက်နုတ်ချက်အချို့ကို "အန်ဒါဟီလ်"ဆိုသူက သူ၏ '*MYSTCISM*' **ပရမတ်တရား** ဟူသောကျမ်း၌ အောက်ပါအတိုင်း ကိုးကားတင်ပြထားပေသည်။

" ဆူဖီဓမ္မကဗျာဆရာကြီး အတ္တားရ်သည် ဤဓမ္မကဗျာကြီးတွင် စိတ္တဗေဒဆိုင်ရာနက်ရှိုင်းသော ထိုးထွင်းသိဉာဏ်ဖြင့် တရားစခန်း(၇)စခန်းကို တောင်ကြား (၇)ခုအားဖြတ်ကျော်ခရီးနှင်ရခြင်းအဖြစ်နှင့် လှပစွာသင်္ကေတဆောင်၍ တန်ဆာဆင်ထား၏။

၁။ **ရှာပုံတော်ဖွင့်ခြင်းတောင်ကြား "တာလဘ်"**– ဓမ္မခရီးသည် 'ဆာလစ်က်'သည် ဤစခန်း၌ လောကီပိုင်ဆိုင်မှု(ဉပဒါန်အစွဲများကိုဖြုတ်ချပြီး)၊ (နှလုံးသားကို ဟာလာဟင်းလင်းဗလာကျင်းပြီး သုညတဉာဏ်စိုက်ရန်အတွက် ပြင်ဆင်ထားရမည်။

၂။ **အချစ်၏တောင်ကြား "အစ်ရှ်"**– ဤစခန်းကို ဓမ္မစာရေးဆရာ "ဒန်တေ"၏ 'လောကီနိဗ္ဗာန်ဘုံ' "*Earthly Paradies*"နှင့် နှိုင်းယှဉ်၍ရနိုင်မည်ဖြစ်၏။ ဝိဇ္ဇာဉာဏ်အလင်းထိုးထွင်းပွင့်လင်းရေးအတွက် နိဒါန်းပျိုးအစချီရာစခန်းဖြစ်သည်။

၃။ **ထိုးထွင်းသိ ပရမတ္တဉာဏ်၏တောင်ကြား "မာရေဖွသ်"**– ဤစခန်း၌ အရာရာကိုလွှမ်းမိုးခြုံအုပ်တော်မူသည့် အသခ်တအရှင်၏ ပတက်မြဲသည့်တည်ရှိမှုကို မမြဲရာရုပ် နာမ်ဓမ္မသင်္ခါရအစုစုတို့၏နောက်ကွယ်၌ တည်ရှိနေသည်ကို ဉာဏ်မျက်စိဖြင့်ခွင်းဖေါက်ကာ ထိုးထွင်းသိသည့်စခန်းဖြစ်သည်။

၄။ **ငြိတွယ်မှုကင်းခြင်း၏တောင်ကြား "ဖကရ"**– ပရမတ္ထသစ္စာဓမ္မ၏ မူလဘူတ ပကတိအစဖြစ်တော်မူသည့်အရှင့်တွင်း၌ လုံးဝနစ်ဝင်နေသည့်စခန်း။

၅။ **ပေါင်းစည်းခြင်း၏တောင်ကြား "တောင်ဟီဒ်"**– လောကုတ္တရာရာဗျာန်အင်္ဂါရပ်များဖြစ်သည့် ပီတိသောမနဿ စသည်တို့ ယိုဖိတ်ဝေဖြာကာ လှပသပ္ပါယ်ကြည်ညိုဖွယ်ရာ ဓမ္မမြင်ကွင်းတို့ကို အမြင်ပေါက်ပြီး ဉာဏ်ရောက်သည့်စခန်း (အလှတရားအားလုံး၏ နောက်ကွယ်တည်ရှိနေသည့် ပကတိအလှတရား 'ဂျမာလီယတ်ဂုဏ်တော်ရှင်' ဖြစ်တော်မူသော အသခ်တအရှင်အား ဉာဏစက္ခုဖြင့် ဖူးတွေ့ရသည့်စခန်း။

၆။ **အံ့ဩခြင်း၏တောင်ကြား "ဟိုင်ရတ်"**– ဤစခန်းနှင့်ပတ်သက်၍ ဉာဏ်လွှာအဆင့်ဆင့်တို့ကို မထိုးဖေါက်နိုင်အောင် နက်နဲသိမ်မွေ့လှသည့် ဂမ္ဘီရတိမ်တိုက်တည်းဟူသော ဓမ္မကိုပိုင်စိုးပြဌာန်းတော်မူသည့် လက်ရာရှင်က ဤသို့မိန့်ဆိုထား၏။

" အဆုံးစွန်သောအရှင်၏ဓမ္မစခန်းပန်းတိုင်ကို လှမ်းကိုင်နိုင်ရန်အတွက် လက်တစ်ကမ်းအလိုမျှရှိပြီး ဓမ္မရောင်ခြည်၏လွန်ကဲစွာ ထွန်းတောက်မှုကြောင့် စက္ခုအာရုံမဲမှောင်ခြင်း လွှမ်းမိုးနေသည့်စခန်း "

၇။ **အတ္တကွယ်ပျောက်သည့်စခန်း "ဖနာ"**– အရှင့်စခန်း၌ ခိုဝင်ရောယှက်ပေါင်းဖက်သည့်အတွက် မမြဲရာ ရုပ်နာမ်ဓမ္မသင်္ခါရတို့ချုပ်ငြိမ်းကာ အရှင့်အချစ်၏ပင်လယ်၌ နစ်မွန်းနေသည့် မြင့်မြတ်ထွဋ်ခေါင်လှသည့် ဓမ္မစခန်းအဆင့်။

ဖရီဒွတ်ဒီန် အတ္တားရ်သခင်ကြီးသည် အရှင်၏အချစ် (လောကုတ္တရာအချစ်) ဖြစ်သည့် ဓမ္မအတွေ့အကြုံများကို လောကုတ္တရာဗျာန်ဝင်စားပြီးဖွင့်ဆိုချိန်တွင် သခင်၏လက်ရာတို့မှာ အပြောင်မြောက်ဆုံးဖြစ်၏။ သခင်၏ "မန်တာတွလ်တိုင်ရ်" ဓမ္မလင်္ကာတော်မှ အပိုဒ်အချို့ကိုသာ သာဓကအဖြစ် ကောက်နုတ်တင်ပြပါမည်။

" နှလုံးသား၌ အချစ်မီးတငြိုငြိုတောက်လောင်မှု မရှိဘဲနှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အချစ်၏တောင်ကြားအတွင်းသို့ ခြေမချဝံ့စေနှင့်။ မီးတောက်ကဲ့သို့လောင်ကျွမ်းနိုင်စွမ်းမရှိသူအား အချစ်က ကြိုဆိုလက်ခံလိမ့်မည် မဟုတ်ပြီ။"

" အချစ်မီးပြင်းထန်စွာ ငြိစွဲနေသည့်ချစ်သူအား တည်ငြိမ်မှု မရပါစေနှင့် အို– အရှင်၊ အဘယ်ကြောင့်ဆိုသော် အဆိုပါအချစ်မီး အစဉ်တောက်လောင်နေသောချစ်သူသည် ၎င်းနှင့်ထိတွေ့သမျှသောသူတို့အား လောင်ကျွမ်းရှို့မြိုက်ပစ်လိုက်မည်ဖြစ်သောကြောင့်တည်း။ "

" လောကီအာရုံ ကာမဂုဏ်တို့နှင့် ရုပ် နမ် ဓမ္မ သင်္ခါရတို့ကို ကိုင်းညွတ်ငြိတွယ်ခြင်း မရှိသည့်အပြင်မိမိလုပ်ရပ်တို့၏ တန်ပြန်အကျိုးကို မျှော်ကိုးတောင့်တကြခြင်းလည်းမရှိအောင် ယစ်မူးနေသူအား ပီတိစသည့် လောကုတ္တရာဗျာန်အင်္ဂါရပ်တို့အတွင်း အမြဲမပြတ်နစ်မြှုပ်၍ထားတော်မူပါ အို– အရှင် "

" သူ၏သွေးသည် လူတစ်ရာလောက်မျှအား မီးအတွင်းသို့ ပစ်ချခဲ့သော်ငြား လည်း သူသည်တစ်ခဏတာပင် သိစိတ်မရှိခဲ့ပါ။ ဘာသာတရား၏ လုပ်ထုံးလုပ်နည်းနှင့် ဓလေ့ထုံးတမ်းတို့အားလည်းပြုမူရန် သူ့၌ သိစိတ်မဝင်ခဲ့ပါ။ "

ဆိုလိုသည်မှာ သူ၏သွေး၏ဆူပွက်မှုအရှိန်သည် အေးစက်နေသည့် နှလုံးသား တို့အား ကူးစက်လောင်ကျွမ်းစေသည်။ ထိုနည်းတူစွာပင်သူသည် 'ဒွန်တ' နှစ်ခုတွဲသည့် သဘောဖြစ်သည့် "ယုံကြည်မှု"နှင့် "မယုံကြည်မှု"၊ "ကောင်းမှု"နှင့် "မကောင်းမှု" တို့ကို ကျော်လွှားလွန်မြောက်နိုင်သူလည်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အချစ်၏ စိတ္တဇဝေဒနာသည် သူ့ကိုလွှမ်းခြုံဖမ်းစားလိုက်ပါလျှင် ကွဲပြားခြားနားမှုအမြင်ဟူသမျှ သည် သူ့ဉာဏ်စင်မှ လွင့်ကွယ်ပျောက်ပျက်သွားသောကြောင့်တည်း။ "

" ရေမှာပျော်သည့်ငါးသည် ကုန်းပေါ်ရောက်သည့်အခါတွင် တည်ငြိမ်မှုမရှိဘဲ မရပ်မနားခုန်ပျံလူးလွန့်ပြီး ရေထဲသို့ပြန်သွားရန်ကိုသာလျှင် အမြဲတစေ မျှော်မှန်း တမ်းတလျှက်ရှိတတ်၏။ "

" ထိုနည်းတူစွာပင် ကွေကွင်းကွဲကွာခဲ့ရသူတစ်ဦး၏ နှလုံးသားမှာ အေးချမ်း ငြိမ်သက်ခြင်းဟာ မစွမ်းနိုင်ဘဲ၊ မိမိချစ်သူနှင့် ပြန်လည်ဆုံဆည်းမိရေးအတွက် လွမ်းတသသ နှင့် မှန်းဆတမ်းတလျက်ရှိပါ၏။"

" ချစ်သူ၏အချစ်မှာ မီးနှင့်တူ၏။ မီးကို မီးခိုးက သိုင်းခြုံရစ်ဝိုင်းနေဘိသကဲ့ သို့ အချစ်ကိုနားလည်မှုက ရစ်ဝိုင်းပတ်ခွေလျက်ရှိ၏။ အချစ်မီးထတောက်သည်နှင့် နားလည်မှုတည်းဟူသော မီးခိုးလည်း ပျောက်ကွယ်သွားတတ်၏။"

" အဆွေ၌ အရှင်ကချီးမြှင့်ထားသည့် (ဒိဗ္ဗစက္ခု၊ ဓမ္မစက္ခု၊ ဉာဏစက္ခု) ပရမတ်မျက်စိပွင့်လျက်ရှိပါက "အချစ်"နန်းထိုင်ရာရာဇပလ္လင်ကိုအဆွေရှာတွေ့ပေမည်။"

" စကြဝဠာအနန္တကို စုဖွဲ့ထားသည့် အနုမြူကလပ်မှုန်တိုင်းသည်အချစ်၏ စိတ္တဇဒါဏ်ကြောင့် ခြားရဟတ်လို ဒလစပ် လည်ပတ်လျက်ရှိကြ၏။ စကြဝဠာကြီး မွေးဖွားပေါ်ထွန်းလာရခြင်းသည်ပင်လျှင် အချစ်ကြောင့်ပင်ဖြစ်ပါ၏။ "

" အကြင်သူ၌ (ဒိဗ္ဗစက္ခု၊ ဓမ္မစက္ခု၊ ဉာဏစက္ခုစသည့်) ပရမတ်မျက်စိပွင့်လျက်ရှိ ပါက ဖန်ဆင်းခံ သင်္ခတလောကတစ်ခွင်တပြင်လုံးမှ ပရမာအနုမြူတိုင်းက လျှို့ဝှက် နက်နဲသည့် ဓမ္မတရားတို့ကို ဖွင့်ဟလှစ်ပြနေသည်ကို ထိုးထွင်းမြင်သိပေအံ့။ ထို့အပြင် စကြဝဠာအနန္တတစ်ခုလုံးသည် အရှင့်၏အချစ်ဖော်ကျူးချက်နှင့် ချစ်သက်လက်ဆောင် ဖြစ်ကြောင်းကို မြင်သိကြပေအံ့။ "

အတ္တားရ်သခင်ကြီး၏ ကျမ်း (၃၀)လောက်မှအပ ကျန်ကျမ်းအားလုံးတို့မှာ ပျောက်ဆုံးသွားကြောင်းသိရ၏။

ဂျလာလုဒင် ရူမီသခင်ကြီးသည် ဆယ်ကျော်သက်အရွယ်က မိမိဖခင်နှင့်အတူ "ဘလက်က်"မြို့သို့အသွားတွင် လမ်းခုလပ်၌ သက်တော် (၄၅)နှစ်ရှိနေပြီဖြစ်သော အတ္တားရ်သခင်ကြီးကို တွေ့ဆုံခဲ့၏။ အတ္တားရ်သခင်ကြီးက အညွှန့်တလူလူတက်လာမည့်

သူတော်စင် ရှုမီသခင်လေးကို ဆုတောင်းမေတ္တာပို့ပြီး ကောင်းချီးပေးကာ အနာဂတ်တွင် သခင်လေးထွန်းတောက်လာမည့်အဖြစ်ကို ကြိုတင်ကာမိန့်ဆိုခဲ့၏။ ထို့နောက် အတ္တားရ်၏ သခင်ကြီးက ရှုမီသခင်လေးကို သခင်ကြီး၏ "ပန်ဒ်နာမာ"ကျမ်းကို ပေးအပ်ခဲ့၏။ ဂျလာလူဒင်ရှုမီသည် ဤဓမ္မပဏ္ဏာအား အလွန်မြတ်နိုး တန်ဖိုးထားကာ မိမိနှင့် အမြဲမပြတ်ယူဆောင်သွား၏။

မော်လာနာ ရှုမီသခင်အပေါ်၌ အတ္တားရ်သခင်ကြီး၏ဩဇာသည် ကြီးမားစွာ သက်ရောက်ပြီး ကျေးဇူးလည်းများစွာရှိခဲ့၏။ မော်လာနာရှုမီသခင်၏ ဓမ္မလင်္ကာ ကျမ်းမြတ်မဟာဖြစ်သည့် "မတ်စ်နဝီ"ကျမ်းကြီးသည် အတ္တားရ်သခင်၏လှုံ့ဆော်မှု ကြောင့် ရှုမီသခင် ဉာဏ်ဝင်စားမှုရခဲ့ကြောင်းကို သက်သေခံလျက်ရှိပါ၏။

အကယ်စင်စစ် အတ္တားရ်သခင်၏ 'မန်တာတွလ်တိုင်ရ်' ငှက်တို့၏သဘင်ကျမ်း၌ သခင်၏တရားဓမ္မကို အလင်္ကာပုံဆောင်မှုနှင့် ပရိယာယ်တန်ဆာဆင်ကာ သင်္ကေတပြု ဖွင့်ဆိုခဲ့ဘိသကဲ့သို့ ရှုမီသခင်သည်လည်း "မတ်စ်နဝီ"ကျမ်းကြီးအား သင်္ကေတ ဆောင်နည်းဖြင့် နက်ရှိုင်းမြင့်မားသည့် တရားသဘောတို့ကို အလင်္ကာတို့ဖြင့် သရုပ်ဖော်ကာ တင်ပြထား၏။ ဤသင်္ကေတဆောင်နည်းသည် နူးညံ့သိမ်မွေ့ပြီး နက်ရှိုင်းကျယ်ဝန်းလှသည့် တရားနက်တို့အား သစ္စာရှာသူ ဓမ္မခရီးသည်အား အလွယ်တကူ လမ်းညွှန်မှုပေးနိုင်ခဲ့၏။

အတ္တားရ်သခင်ကြီးသည် ဤလောက၌ သက်တော်ရှည်ကြာစွာ နေထိုင်ခဲ့ သော်လည်း ဘဝနိဂုံးချုပ်ခဲ့ပုံမှာ မန်စူရ်သခင်ကြီးကဲ့သို့ ကျေကွဲဝမ်းနည်းဖွယ် ရာပင်ဖြစ်ခဲ့၏။ ဂျင်ဂစ်ခန်သည် နီရှာပူရ်မြို့ကိုဝင်ရောက်သိမ်းပိုက်ပြီးနောက် စစ်အာဏာ စက်ဖြင့် နှိပ်ကွပ် အုပ်ချုပ်လေ၏။ သူ၏စစ်သားတို့ကလည်း နီရှာပူရ်မြို့သားတို့အား အကြင်နာကင်းမဲ့စွာတရားမဲ့စွာ အဓမ္မသတ်ဖြတ် ညှင်းဆဲမှုကို ပြုလေ ၏။ ထိုအခါ နီရှာပူရ်မြို့သူ မြို့ သားများက ဤအဖြစ်ဆိုးကို သခင့်ထံလျှောက်ထားကြ၏။ သခင်သည် သူ၏အိုးကို ရုတ်တရက်မှောက်လိုက်ရာ သခင့်ကရာမတ်တော်ကြောင့် ဂျင်ဂစ်ခန်၏စစ်သားများ မျက်စိကွယ်သွားကြကာ အစုလိုက် အပြုံလိုက်သတ်ဖြတ် မှုလည်း ရပ်တန့်သွား၏။ ဂျင်ဂစ်ခန်လည်း အလွန်ပင်ဒေါသအမျက်ထောင်းထောင်း ထွက်ကာ သတ်ဖြတ်မှုများကို ပြန်လည်ပြုလုပ်ရန် အမိန့်ထုတ်ပြန်လေ၏။

နောက်တစ်နေ့တွင် သတ်ဖြတ်မှုများစတင်သောအခါ လူအပေါင်းက အတ္တားရ် သခင်ထံသွားရောက်လျှောက်ထားပြန်၍ သခင်လည်း ပထမအကြိမ်နည်းတူ အိုးကိုမှောက် လိုက်ပြန်ရာ စစ်သားများမျက်စိကွယ်ကြပြီး သတ်ဖြတ်မှုများလည်းရပ်တန့်သွားပြန်၏။

တတိယမြောက်နေ့တွင်မူ ဂျင်ဂစ်ခန်ကိုယ်တိုင် သူသတ်ကုန်းသို့လာကာ သတ်ဖြတ်မှုများဆက်လက်ပြုလုပ်ရန် အမိန့်ပေးပြန်၏။ လူအပေါင်းကလည်း အတ္တားရ် သခင်ထံ လာရောက်တိုင်တန်းကြ၍ သခင်လည်းအိုးကိုမှောက်မည်ပြုရာ ခါဂျာခစ်ဇ်ရ် သခင်ကြွရောက်လာပြီး " အို– အဆွေ၊ အရှင်၏ပြဋ္ဌာန်းမှုတွင် ဝင်ရောက်စွက်ဖက်ခြင်း

မပြုပါနှင့်တော့။ ယခုအသင်စွက်ဖက်ခဲ့သမျှအတွက်လည်း သင်မကြာမီ ဒဏ်ခတ်ခံရပေမည်။ အဆွေဆက်လက်၍ အရှင့်ပြဋ္ဌာန်းမှုတွင် စွက်ဖက်မှုကို ထပ်လောင်းပြုလုပ်ပါက အဆွေ၌ အလွန်စိုးရွံ့ဖွယ်ကောင်းသည့်အကျိုးဆက်များ ခံစားရပေအံ့”ဟု ပြောကြားလေ၏။

ဤသို့ ခါဂျာ ခစ်ဇိရ်ပြောဆိုပြီးနောက် မကြာမီအချိန်တွင် ဂျင်ဂစ်ခန်စစ်ဘီလူး၏ စစ်သားတစ်ဦး သခင့်ထံရောက်လာကာ သခင့်ကို ကြိုးနှင့်တုပ်နှောင်၍ ကျွန်ဈေး၌ ရောင်းစားရန် ဖမ်းဆီးခေါ်ဆောင်သွားလေသည်။ သခင်တွေ့ကြုံနေရသည့် ဒုက္ခဆင်းရဲကို တွေ့မြင်နေကြရသည့် သခင့်တပည့်များက စစ်သားကို ဒီနာငွေ ၅၀၀၀နှင့် သခင့်ကို ရွေးယူရန် ကမ်းလှမ်းခဲ့ကြ၏။ သို့သော် သခင်က စစ်သားကို ဤမျှလောက်ဈေးနှင့် လက်မခံရန်နှင့် ဤမျှမကဈေးရမည်ဟု ပြောလေ၏။

ထိုအခါ အရှင့်ထံမှ ဗျာဒိတ်တော်သံ ဤသို့ကျရောက်လာ၏။ “ အို- အတ္တားရ်၊ အသင့်မာနမှာ စာဆိုလောက်အောင် ကြီးမားလှပါပေတကား၊ သင့်ကို ယခုပေးနေသည့်တန်ဖိုးထက် သင်ပို၍အဖိုးထိုက်သည်ဟု မှတ်ယူပါသလား။ ”

အတ္တားရ်သခင်လည်း ကြီးစွာအရှက်ရခဲ့၏။ ဤသို့ဖြင့် ညနေနေစောင်းချိန်သို့ ရောက်လာသည့်တိုင်အောင် သခင့်ကိုဝယ်မည့်သူ တစ်ဦးတစ်ယောက်မှ မပေါ်လာခဲ့ပေ။ စစ်သားအလွန်စိတ်ပျက်နေစဉ် အမယ်အိုတစ်ဦးသည် ကောက်ရိုးတစ်ထုံးယူလာပြီး သခင့်ကိုဝယ်ရန် ဈေးဆစ်လာ၏။ သခင်ကချက်ချင်းပင် စစ်သားကို “အချိန်ဆိုင်းမနေနှင့်ချက်ချင်း ဒီအမယ်အိုထံ ကျွန်ုပ်ကို ရောင်းလိုက်ပါ။ ကျွန်ုပ်သည် သူပေးသောဈေးထက်ပိုမတန်ပါ။ သူသည်တစ်ကယ်စစ်မှန်သော တန်ကြေးကို ပေးနေခြင်းပင်ဖြစ်သည်”ဟု ဆိုလေ၏။

စစ်သားသည် ဒေါသအမျက်ချောင်းချောင်းထွက်ပြီး သခင့်လည်ဂုတ်ကို သူ့ဓါးနှင့်ပိုင်းဖြတ်လိုက်လေသည်။ အရှင်သည်လည်း မိမိချစ်သူကို ဤမျှစော်ကားသည့် စစ်သား၏ဦးခေါင်းပေါ်သို့ နံဘေးရှိအုတ်နံရံကိုပြိုကျစေလေရာ စစ်သားလည်း ဦးခေါင်းကြေမွကာ သေပွဲဝင်ခဲ့၏။

အတ္တားရ်သခင်၏ ထေရုပ္ပတ္တိမဟာဝင်အကျဉ်းချုပ် ဤတွင်ပြီးဆုံးလေပြီဖြစ်ရာ ယခုဆက်လက်၍ “သဒ်ကေ့ရာတွလ်အောင်လီယာ”ကျမ်း၏ စာကိုယ်ပိုင်းကို တင်ပြပါမည်။ ဤကျမ်းသည် လွတ်မြောက်အောင်မြင်တော်မူကြကုန်သည့် အလ္လာဟ့်အချစ်တော် မဟာပုရိသ ‘အင်စာနုလ်ကာမိလ်’အရိယဝလီဆူဖီ ပုဂ္ဂိုလ်မြတ်များ၏ ဓမ္မစခန်းအတွေ့အကြုံအထွင့်အထိပ်တို့ကို ဖော်ကျူးချက်ဖြစ်ပါ၏။ ပရမတ္တသစ္စာဓမ္မ၏ အရှင်ဖြစ်တော်မူသည့် အသခ်တဂုဏ်တော်ရှင် အလ္လာဟ်အရှင်မြတ်ကို ရှာဖွေနေကြသည့် (သစ္စာတရားကို ရှာပုံတော်ဖွင့်နေကြသည့်) ဓမ္မခရီးသည် တရားသမားတို့သည် ဤကျမ်းမှ အဖိုးမဖြတ်နိုင်အောင် တန်ဘိုးရှိလှသည့် ဓမ္မရသတို့ကို ရရှိခံစားကြရမည် ဖြစ်ပြီး မိမိတို့၏အရှင်ကို သိခြင်းတည်းဟူသော ‘မာရေဖွတေ့အေလာဟီ’ဝိဇ္ဇာဉာဏ် အလင်းထွန်းတောက်ပွင့်လင်းရန်နှင့် အရှင်၏လောကုတ္တရာအချစ်၌ ရစ်မူးခြင်းတို့အတွက် များစွာသောအထောက်အကူတို့ကို ရရှိမည်မှာ ဧကန်မုချသေချာပါပေသတည်း။

# အပိုင်း (၁)

# ကျမ်းဦးစကားချီး

ဖာရစ်ဒ်အူဒင် အတ္တားရ်သခင်ကြီးသည် သူ၏ကျမ်းဦးစကား၌ ပေါက်မြောက်အောင်မြင်တော်မူကြကုန်သော မဟာလူသားကြီးများ၏ ဘဝနှင့်ဓမ္မကို ရေးသားပြုစုရသည့် ရည်ရွယ်ချက်ကို ဤသို့ဖော်ညွှန်းထားပါသည်။

ဤကျမ်းတွင် အမှန်တရားကို ရှာမှီးကြကုန်သော ဓမ္မခရီးသည် စာရှုသူတို့အနေဖြင့် သစ္စာတရားတည်းဟူသော အချစ်မီးတငြီးငြီးတောက်လောင်မှုကြောင့် ဆူဖီသခင်ကြီးတို့၏ ကျွမ်းလုဘနန်းဖြစ်နေသည့် ရွှေနှလုံးသားတော်တို့၏ ရော်ရမ်းတမ်းတမှုများအကြောင်းကိုလည်းကောင်း၊ အဆိုပါ လွတ်မြောက်အောင်မြင်တော်မူကြကုန်သော ပရမတ်ဉာဏ်ရှင်သူတော်စင်တို့သည် ၎င်းတို့၏တရားစခန်းအဆင့်ဆင့်၌ ကိုယ်တွေ့ကြုံဆုံ ၂တို့ကို အရင်းပြုပြီး၊ ကျယ်ပြောနက်ရှိုင်းသည့် တရားထူး တရားမြတ်တို့အား အရိုးရှင်းဆုံးသော ဉာဏ်ဖွင့်ဒဿနလမ်းညွှန်ချက်တို့ဖြင့် သွန်သင်ဆုံးမသြဝါဒချွေထားချက်တို့အား ဉာဏ်ဝင်စားကြရန်လည်းကောင်း၊ တရားရှုသူတို့ ဓမ္မခရီးလမ်း၌ တွေ့ကြုံရတတ်သည့် မာယာထောင်ချောက်အသွယ်သွယ်ကို မည်သို့ဖယ်ရှားကျော်လွှား၍ ရှောင်ကြဉ်ရမည်တို့ကိုလည်းကောင်း ဖော်ညွှန်းထားပေသည်။

ဤကျမ်းကိုပြုစုရသည့် အခြားရည်ရွယ်ချက်တို့အားလည်း ဓာက်ပါအတိုင်း ဖော်ပြထား၏။

[၁] ယဟ်ယာအမ္မရ်ဟူသည့် ပုဂ္ဂိုလ်ထူးတစ်ပါး ခန္ဓာချုပ်ငြိမ်းပြီးနောက် သခင်၏ ဓမ္မမိတ်ဆွေသူတော်စင်တစ်ပါးသည် ယဟ်ယာသခင်ကြီးအား အိပ်မက်၌ မြင်တွေ့ရ၏။ အဆိုပါသူတော်စင်က ယဟ်ယာသခင်ကြီးအား သင်္ချိုင်းအတွင်း၌ မည်သို့ အစစ်ဆေးခံရသနည်းဟုမေးရာ "အရှင်မြတ်သည် ကျွန်ုပ်အား လူ့ပြည်၌ရှိစဉ်အခါက သူတော်စင်တို့၏ဖြစ်ရပ်တော်အပေါင်းကို ဟောကြားခဲ့သည့်လုပ်ရပ်တစ်ခုတည်းဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့၏။ တစ်ချိန်သောအခါက အလွန်ကျော်ကြားသည့် သူတော်စင်အရှင့်အချစ်တော်တစ်ပါးက ကျွန်ုပ်၏ပြုမူချက်ကို အရှင့်ထံ၌ ကျွန်ုပ်အတွက် အသနားခံပေးခဲ့၏။ သို့အတွက်ကြောင့် ကျွန်ုပ်၏အပြစ်ဒဏ်တို့မှ လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့၏" ဟု ယဟ်ယာသခင်ကြီးက ဖြေကြားခဲ့၏။

[၂] ရှိုက်ခ်အဗူအလီဒီကပ်သခင်ကြီးကို တစ်ချိန်က "သူတော်စင်တို့အကြောင်းကို ကျင့်ဆောင်မှုမပါဘဲ၊ နာကြားရုံမျှဖြင့် ကျွန်ုပ်တို့အတွက် အကျိုးဖြစ်ထွန်းနိုင်ပါသလား" ဟုမေးရာ၊ သခင်ကြီးက "အကျိုးဖြစ်ထွန်းနိုင်ပါသည်။ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့၏ အကြောင်းကို ကြားရုံမျှဖြင့် တရားရှာသူတစ်ဦး၏ နှလုံးသား၌ အရှင့်အားဖူးတွေ့လိုစိတ်

(သစ္စာတရားကို မျက်မှောက်ပြုလိုစိတ်)တို့ အလိုအလျောက်ပေါ်ထွန်းလာ၏။ ယင်း အကျိုးဆက်ကြောင့် တရားရှာသူ၌ အတ္တနှင့် မာန်မာနတို့ကွာကြကုန်ပြီး၊ ငြိမ်းအေး တည်ကြည်ခြင်းဟူသော ဝတ်ရုံလွှာကိုခြုံလွှာထားသည့် အကျင့်ဇာဂမြင့်မြတ်၍ စိတ် ထားသန့်စင်သူအဖြစ်သို့ ရောက်နိုင်၏"ဟု မိန့်ဆိုပြန်ကြားခဲ့ပါသည်။

[၃] ဟာဇရည် ဂျိုနိုက်ဒ်သခင်ကြီးက "သူတော်စင်တို့၏ ထေရုပ္ပတ္တိမဟာဝင်ကို ကြားနာခြင်းဖြင့် ပရမတ္တအချစ်အတွက် ကွဲအက်နေရသည့်အသဲနှလုံး (အမှန်တရားရှာလို သော အာသာနှတို့)သည် ငြိမ်းအေးမှု ရကြကုန်၏"ဟု မိန့်ဆိုတော်မူခဲ့၏။

[၄] မဟာတမန်တော်မြတ်၏ ဩဝါဒတော်တစ်ခု၌ ဤသို့လာရှိ၏။ " အရှင်မြတ်က ဤသို့ မိန့်မြွက်တော်မူ၏။ အို- မုဟမ္မဒ်(ဆွ)၊ ရှေးအစဉ်အဆက်က နောင်တော် နောင်တော် တမန်တော်အပေါင်းတို့၏ ဖြစ်တော်စဉ်တို့ကို သင့်အားပြောပြခြင်းမှာ သင်၏နှလုံးသားတွင် အားမာန်ပြည့်ဖြိုးစေရန်နှင့် နာမ်အဟာရတို့ဖြင့် အသင့်အား မွတ်သိပ်စေရန်ဖြစ်၏။ "

[၅] မဟာတမန်တော်မြတ်ကြီး၏ နောက်ဩဝါဒတစ်ရပ်တွင်မူ " သူတော်စင်၊ သူတော်ကောင်းတို့၏ ထေရုပ္ပတ္တိမဟာဝင်ကိုပြောကြားနေသည့် ဓမ္မသဘင်၌ အရှင် မြတ်၏ ကောင်းချီးမင်္ဂလာနှင့် ကျက်သရေအဖြာဖြာတို့ ကျဆင်းသက်ရောက်တော်မူ၏" ဟု မိန့်တော်မူထားပြန်သည်။

[၆] ရှိုက်ခ်အဗူအလီစီနာသခင်ကြီးက " ကျွန်ုပ်သည် အရာနှစ်ခုကို အာသာဆန္ဒ ပြင်းပြစွာ တောင့်တတော်မူ၏။ တစ်ခုသောအရာမှာ သူတော်စင်တို့၏ဘဝနှင့် ဓမ္မမှ အပ မည်သည့်အရာကိုမှ မကြားလိုခြင်းနှင့် နောက်တစ်ခုမှာ အရှင့်အချစ်တော် သူတော်စင်တို့မှအပ မည်သူတစ်ဦးတစ်ယောက်ကိုမှ မမြင်လိုတော့ခြင်းတို့ဖြစ်၏"ဟု မိန့်ဆိုခဲ့၏။

ဖရီဒွသ်ဒီးန် အတ္တားရ်သခင်ကြီးက ဤသို့မိန့်တော်မူ၏။ သူတော်စဉ်တို့၏ ဖြစ်ရပ်တော်အပေါင်းကို ကြားနာခြင်းဖြင့် အရှင့်ကိုရှာလိုသော (သစ္စာတရားကို ရှာလိုသော) စိတ်၊ လောကီအာရုံကာမဂုဏ်တို့ကို စွန့်ပယ်လိုသောစိတ်တို့သည် နှလုံးသား၌ မီးရှူးသန့်စင်ဖွားမြင်ဖြစ်ပေါ်လာ၏။ အရှင့်ကိုသာလျှင် မိတ်ဖွဲ့လိုသောစိတ် (မမြဲသည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့နှင့်ဆက်နွယ်ပြီး ပေါ်ပေါက်တတ်သည့်)လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ ရာဂ၊ မာန်မာန စသည့် မကောင်းသည့် ကိလေသာစိတ်ဆင် ရိုင်းတို့နှင့်ကင်းဝေးလိုစိတ်)နှင့် နောင်တမလွန်တွင်လျှောက်လှမ်းရမည့် ဓမ္မခရီးအတွက် အထောက်အပံ့ဖြစ်စေမည့် သုစရိုက်လုပ်ရပ်များကိုသာလျှင် ဆောက်တည်ကျင့်သုံးလို စိတ်တို့လည်းဖြစ်ထွန်းလာ၏။ ထို့ပြင် မိမိဘဝသက်တမ်းတစ်လျှောက်လုံးတွင် မမြဲသည့် သေခြင်းတရားကို အစဉ်အမြဲနှလုံးသွင်းလိုစိတ်တို့လည်း ပေါ်ပေါက်လာ၏။

သခင်က ဆက်လက်မိန့်ဆိုသည်မှာ " ဤကျမ်းကို ပြုစုရသည့်အတွက် အစဉ်ထာဝရရှင်သန်နေမည့် ဤကျမ်းပါသူတော်စင်တို့၏ ဆုတောင်းမေတ္တာတို့ကို ခံယူပါ၏။ မဟာတမန်တော်မြတ်ကြီး၏ တပည့်သာဝကအပေါင်းတို့သည် ၎င်းတို့ ဘာဝနာပွားများနေစဉ်တွင် ၎င်းတို့၏တံခါးဝ၌ အိပ်စောင့်ပေးလျက်ရှိသော ခွေးငယ် အတွက် အသနားခံပေးဘိသကဲ့သို့ ဤကျမ်းပါ သူတော်စင်တို့သည်လည်း ကျွန်တော် မျိုးအတွက် တရားစီရင်မည့်နေ့ကြီး၌ ကြားဖြတ်အသနားခံပေးမည်ဟု မျှော်လင့် တောင့်တပါသည်။ သို့သော် ကျွန်တော်မျိုးအနေဖြင့် အဆိုပါ ခွေးငယ်ထက်ပင် နိမ့် ကျပါသည်ဟု မိမိကိုယ်ကို မှတ်ယူပါမည်။

အထက်ဖော်ပြပါ မျှော်လင့်တောင့်တချက်ကို ရင်ဝယ်ပိုက်ပြီးသကာလ "ဂျမဟ် မတ်စ်လိ"သခင်ကြီး၏ဘဝဖြစ်စဉ်တစ်ခုကို ဒ႔မှတ်ရကာ ကျွန်တော်မျိုး၏နှလုံးသား၌ ဓမ္မစွမ်းအားတို့ တိုးပွားခဲ့ရပါသည်။ မတ်စ်လီသခင်ကြီးသည် သူ၏ဘဝသက်တမ်း တစ်လျှောက်လုံးတွင် တရားဓမ္မကို ခြိုးခြံစွာ ကျင့်ကြံပြီး၊ သူဆင်းရဲတို့အားလည်း ရက်ရောစွာ လှူဒါန်းလေ့ရှိသည်။ သို့သော် သခင်ပြုကျင့်ခဲ့သည့် ဒါန၊ သီလ၊ ဘာဝနာစခန်းများကြောင့် ပေါ်ထွန်းရရှိခဲ့သည့် သီလ၊ သမာဓိ၊ ပညာတို့ကို သခင့် အနေဖြင့် ကျေနပ်အားရခြင်း မရှိခဲ့ပေ။ သခင်၏တစ်ခုတည်းသော လိုလားချက်မှာ မဟာတမန်တော်မြတ်ကြီး၏ ဂုဗ်မာန်ခြေတော်ရင်း၌ သူ၏ခန္ဓာကိုယ်ကို မြှုပ်နှံပြီး၊ သူ၏ဂူ၌မူ " **ကိုယ်တော်၏ခြေတော်ရင်း၌ ကိုယ်တော်၏ခွေးငယ် လဲလျောင်း အခ စားဝင်လျက်ပါ ကိုယ်တော်** "ဟူသည့် ကမ္ပည်းအက္ခရာ ထိုးထားနိုင်ခွင့် ရရန်အတွက် ဖြစ်သည်ဟု မိန့်ဆိုခဲ့ဘူးပါ၏။ "ဂျမာမတ်စ်လီ"၏ စိတ်ထားသည် ကျွန်တော်မျိုး (ဖရီဒွသ်ဒီးန် အတ္တားရ်)အတွက် နာမ်တရားခွန်အားပင် ဖြစ်ပါတော့သတည်း။

# မဟာလူသားဆူဖီများ၏ ဘ၀ဖြစ်စဉ်နှင့် ဓမ္မကျင့်စဉ်များ

## (၁) အဗူ မုဟာမ္မဒ် အီမာမ် ဂျာဖရ် ဆဒ္ဒါဒစ်

အခါတစ်ပါး၌ ဂျာဖရ်သခင်ကြီးကို ခလီဖ္ဖာမင်းက ပင့်ဖိတ်တော်မူ၍ သခင်ကြီး ကြွသွားသောအခါခလီဖ္ဖာမင်းက အလွန်ဝမ်းသာကြည်နူးပြီး သခင့်အား ရွှေများ ဆက်သလှူဒါန်းတော်မူ၏။ သို့သော် သခင်က လက်မခံဘဲ ငြင်းဆန်ခဲ့၏။ ထိုအခါ ဘုရင်က သခင်အလိုတော်ရှိရာကို မိန့်တော်မူပါ၊ ကျွန်တော်မျိုးကြီး ဖြည့်စွမ်းပါမည်ဟု လျှောက်တင်လေရာ သခင်ကြီးက " အသင်အလိုတူမည်ဆိုပါလျှင် ကျွန်ုပ်သင့်ထံမှ ကတိတစ်ခုတောင်းလိုပါသည်။ ကျွန်ုပ်မှာ ဘာဝနာတရားကို မပြတ်ပွားများနေပါသည်။ သို့ဖြစ်၍ ကျွန်ုပ်၏ဘာဝနာကို ပျက်ပြားစေမည့် ယခုလို သင့်ထံလာရောက်ရန် ပင့်ဖိတ်ခြင်းမျိုးကို နောက်နောင်ဘယ်တော့မှ မပြုပါဟု ကတိပြုပါလော့"ဟု မိန့်ဆိုခဲ့ရာ ခလီဖ္ဖာမင်းကလည်း ကတိပြုတော်မူခဲ့၏။

တစ်စုံတစ်ယောက်က ဟာဇရသ် ဂျာဖရ်သခင်အား "အလွန်အဖိုးထိုက်တန်သည့် အဝတ်အစားကောင်းများကို သခင်ဝတ်ဆင်ပါလား"ဟု ဝေဖန်၏။ ထိုအခါ သခင်ကြီးက ငါ၏အောက်ခံအင်္ကျီကို စမ်းကြည့်ပါဦးဟုဆိုသဖြင့် စမ်းကြည့်လေရာ အလွန်ကြမ်းတမ်းသည့် ဖျင်ကြမ်းထည်ဖြင့်ချုပ်ထားကြောင်း သိရ၏။ အဝတ်မှာကြမ်းလွန်းသဖြင့် စမ်းကြည့်သူ၏လက်ဖဝါးအနုံပင်ရှရာများထင်ကုန်၏။ ထိုအခါအဆိုပါလူက သခင် အခုလိုအဝတ်အစားနှစ်မျိုး ဝတ်ရသည့်အကြောင်းကို ရှင်းပြရန်ပန်ကြားလေ၏။ ဂျာဖရ်သခင်က ဤသို့ပြန်ကြားတော်မူ၏။ " အပြင်အဝတ်အစားမှာ လောကအတွက် ဖြစ်၏ (ကျွန်ုပ်၏တရားဘာဝနာကျင့်ကြံအားထုတ်မှုအား ဖုံးကွယ်ရန်နှင့် ထင်ပေါ် ကျော်ကြား လူသိများမှုကို ရှောင်ရှားရန်)၊ အတွင်းခံအဝတ်မှာမူ ကျွန်ုပ်၏အရှင် ကျေနပ်နှစ်သက်မှုအတွက်ဖြစ်၏ (အရှင်သည် ကျွန်ုပ်တို့၏ ချိုးခြံစွာကျင့်ကြံသည့် ဖကီရီအဖြစ်နှင့် လောကီအာရုံကာမဂုဏ်တို့အား စွန့်ပယ်ခြင်းကို လွန်စွာ ဂုဏ်ပြုချီး မြှောက်တော်မူ၏)။ ပုဂ္ဂိုလ်တစ်ဦးက သခင့်အား ပုစ္ဆာတစ်ခုမေးလာ၏။ " မိမိကို ချမ်းသာကြွယ်ဝအောင် ပေးသနားတော်မူသောအရှင်အား ကျေးဇူးသိသည့် သူကြွယ် တစ်ဦးနှင့် ရောင့်ရဲတင်းတိမ်ခြင်းနှင့် ခန္တီတရားလက်ကိုင်ထားသည့် ဖကီရ်တစ်ဦးအနက် မည်သူသည် မြင့်မြတ်ပါသနည်း"ဂျာဖရ်သခင်ကြီးက ဖြေကြားတော်မူ၏၊ " ရောင့်ရဲ တင်းတိမ်မှုနှင့် ကျေနပ်နေသော ဖကီရ်သည် သာလွန်မွန်မြတ်ပေသည်။ အဘယ်ကြောင့် ဆိုသော် ချမ်းသာကြွယ်ဝသူသည် မိမိ၏ဓနဥစ္စာများအပေါ်၌သာ စိတ်အာရုံရောက်နေပြီး ဖကီရ်မှာမူ အရှင်မြတ်အား အစဉ်အောင့်မေ့သတိရတမ်းတလျက် ဘာဝနာစခန်း၌ ရှိနေသောကြောင့်ဖြစ်သည်။ "

" နောင်တသံဝေဂရ၍ မိမိကိုယ်ကိုမိမိ ပြုပြင်ထိမ်းသိမ်းသည့်သူအား အရှင်မြတ်သည် တာဝန်မပျက်ဝတ်တက်သူထက် သာလွန်၍ ချီးကျူးထောပနာပြုတော်မူ၏။"

" စစ်မှန်သည့် 'ဇကီရ်'ဘာဝနာပွားများနေသူသည် လောက၌ ငြိတွယ်လေ့ရှိသည့် စိတ်ရိုင်းတို့မှကင်းဝေး၍ အောင်မြင်နိုင်ပေသည်။ "

ဂျာဖရ်သခင်ကြီးက ဤသို့မိန့်ကြားခဲ့၏။

[၁] တရားစီရင်မည့်နေ့ (မိမိလုပ်ရပ်များကို အစားထိုး တန်ပြန်ခံစားရမည့်နေ့) ၌ အရှင်မြတ်သည် အသင်တို့ရှာဖွေစုဆောင်းခဲ့သည့် ဥစ္စာပစ္စည်း၊ ငွေကြေးနှင့် ဂုဏ်ပကာသနတို့အကြောင်းအားလည်းကောင်း၊ ဆွေစဉ်မျိုးဆက်တို့၏ဂုဏ်ဒြပ်အကြောင်းအားလည်းကောင်း စစ်ဆေးမေးမြန်းတော်မူမည် မဟုတ်ချေ။ အသင်တို့ ကျင့်ကြံအားထုတ်၍ ပွားစီးထားသည့် ဘာဝနာစခန်းအဆင့်ဆင့်ကိုသာလျှင် စစ်ကြောမည်ဖြစ်ပေသည်။

[၂] ရေနစ်နေသောသူသည် သူ့အားကယ်တင်ရန် အကူအညီတောင်းခံသည့် စိတ်ဆန္ဒဇောမျိုးနှင့် အလ္လာဟ်အား တောင့်တမှသာလျှင် အရှင်မြတ်ကို ဖူးတွေ့ရမည် (သစ္စာတရားကို မျက်မှောက်ပြုရမည်) ဖြစ်သည်။

[၃] ခဝပ်မှု၌ မာန်တက်ခြင်း (အသိ၊ သတိ၊ ဉာဏ်တို့နှင့်မယှဉ်ဘဲ လူအထင်ကြီးခံရအောင် တာဝန်ကျေ၊ ပေါ့ပျက်ပျက်နှင့် ဝါကြွားမှုအတွက်ပြုလုပ်သည့် တရားအားထုတ်မှု)သည် အကုသိုလ်မည်၏။

[၄] ပြစ်မှုကျူးလွန်မိတိုင်း နောင်တသံဝေဂရသောသူသည် အရှင်မြတ်၏ နီးကပ်မှုနှင့် ချစ်မြတ်နိုးမှုရလတ္တံ့။

[၅] လျှို့ဝှက်နက်နဲသည့် ဂမ္ဘီရဓမ္မကို ကျွန်ုပ်သည် အရှင်၏အချစ်၌သိစိတ် (မမြဲသည့်လောကီအာရုံများ)ပျောက်လောက်အောင် ယစ်မူးနေချိန်တွင် ရရှိခဲ့၏ (ထိုးထွင်းပေါက်မြောက်သိမြင်ခဲ့၏။)

[၆] ဒုက္ခတို့ချုပ်ငြိမ်း၍ အပူကင်းရာဗိမာန်တော်၌ တည်ငြိမ်အေးချမ်းစွာ စံမြန်းရမည့်သူသည် မဆုတ်မနစ်သော ဖွဲလုံ့လဖြင့် ကျင့်ကြံအားထုတ်ပြီး မိမိဘာဝနာပွားများမှုအစုစုကို အရှင့်ချေတော်ရင်း၌ ဆပ်ကပ်သည့်သူသာဖြစ်ချေမည်။ အပါယ်ငရဲ၌လားမည့်သူသည် မကောင်းမှုကို တိုက်တွန်းသည့် မိမိခန္ဓာတွင်းမှ တိရိစ္ဆာန်စိတ်ရိုင်း၏ ကျွန်ပြုခြင်းခံရသူဖြစ်ပြီး အားကိုးစရာ ဘာမှမရှိသည့် မမြဲသည့် မိမိကိုယ်ကို အားထားစရာ ကိုးကွယ်စရာအဖြစ် မှတ်ယူ မှားသူတို့ဖြစ်၏။

## ၂။ ဟာဇရသ် အိုဝေ့စ် ကာရ်နီ

ကရ်နီသခင်ကြီးအား လူတစ်ဦးက ငွေကြေးအသပြာအချို့ လာရောက်လှူဒါန်း၏။ သခင်က ယင်းကဲ့သို့ လှူဒါန်းခြင်းကို လက်မခံဘဲ၊ မိမိ၌ အသပြာ (၂)ပြားရှိကြောင်း၊ ယင်းသည် မိမိအတွက် ဖူလုံပါကြောင်း ပြောကြား၏။ ထိုအခါ အလှူရှင်က " အို- သခင်၊ ဤမျှလောက်သောငွေကြေးနှင့် အဘယ်မျှတိုင် သခင့်စားဝတ်နေရေးအတွက် လုံလောက်ပြည့်စုံနိုင်ပါမည်နည်း"ဟု လျှောက်ထားသောအခါ သခင်ကြီးက "ကျွန်ုပ်၏ပစ္စက္ခလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် ဤငွေ(၂)ပြား ကုန်သွားသည့်တိုင် ကျွန်ုပ်ဆက်လက်အသက်ရှင်နိုင်မည်ဟု အဆွေအလှူရှင် အာမခံနိုင်ပါက အဆွေ၏လှူဒါန်းမှုကို လက်ခံပေမည် " (မမြဲသည့် သင်္ခါရတရား၏ အစိုးမရမှုကို ဆိုလိုသည်)။ ထိုစကားကိုကြားရသော် အလှူရှင်သည် နှုတ်ဆိတ်သွားလေ၏။

ကရ်နီ သခင်ကြီးသည် မိမိထံသို့ရောက်လာပြီး အလ္လာပ၊ သလ္လာပ ပြောကြားသူများကို ရှောင်ရှားတော်မူ၏။ မိမိတို့လုပ်ရပ်တိုင်းအတွက် တန်ပြန်အစားထိုးပေးမည့် တရားစီရင်သောနေ့ကြီးသည် နီးကပ်လာပြီဖြစ်၍ သိမ်ဖျင်းယုတ်ညံ့၍ မည်သည့်အကျိုးမှ မဖြစ်ထွန်းနိုင်သော အတင်းအဖျင်းများပြောရန် အချိန်မရှိ၊ တရားဘာဝနာစီးဖြန်းဖို့သာ အချိန်ရှိ၏ဟု မိန့်ဆိုလေ့ရှိ၏။

ကရ်နီသခင်ကြီးသည် ဤသို့ ဆုံးမဩဝါဒတော်ချီးမြှင့်ခဲ့၏။

[၁] အရှင့်ကို မိတ်ဆွေအဖြစ် အသိအမှတ်ပြုသောသူသည် မမြဲသည့်ဖန်ဆင်းခံရုပ်နာမ် ဓမ္မသင်္ခါရတို့အပေါ်တွင် မိတ်ဖွဲ့မှု (သံယောဇဉ်ငြိတွယ်မှု) မရှိတော့ပေ။

[၂] သေခြင်းတရားကို သင့်အပါး၌ အစဉ်ထား၍ အိပ်စက်ပါလေ။ ( အနိစ္စတရားကို မပြတ်ရှုလော့) နိုးထလာသောအချိန်၌လည်း သင်္ခါရလောက၏ မမြဲသည့်သဘောကို နှလုံးသွင်းလော့။

[၃] ကျမ်းမြတ်ကုရ်အာန်ကို ခွာဂျာခစ်ဇီရ် (အရှင့်ဘက်မှ လမ်းမှန်ကိုညွှန်ပြရန် စေလွှတ်ထားသည့် ဥပဇ္ဈာယ်ဆရာ)ကဲ့သို့ သဘောတားပြီး မမြဲသည့် အနိစ္စတရားကို မမေ့လေနှင့်။ အမြဲမပြတ်အချိန်မှန်စွာ ဝတ်ပြုဘာဝနာပွားပါလော့။

[၄] မှတ်သားကြကုန်၊ ညအခါသည် အိပ်စက်ရန်အတွက် မဟုတ်၊ တရားအားထုတ်ရန်အတွက်ဖြစ်၏။

[၅] စိတ်ပျံလွင့်မှု လုံးဝမရှိသည့် တည်ကြည်သော သမာဓိဖြင့် "ဆွလာတ်" ဘာဝနာပွားများပါလော့၊ (ဉာဏ်လွှာအဆင့်ဆင့် မထိုးဖေါက်နိုင်သည့်အရှင်အား) နဖူးမြေစိုက်ဦးတိုက်စဉ်တွင်(အသင်၏သမာဓိ မြင့်မားခိုင်မြဲပါလျှင်) သင်၏ခန္ဓာကိုယ်တွင်းသို့ လှံတစ်စင်းထိုးစိုက်လာငြားလည်း တုန်လှုပ်ချောက်ခြား နာကျင်မှုလုံးဝရှိမည် မဟုတ်ပေ။

[၆] ဝတ်ကောင်းစားလှများဝတ်ဆင်ကာ ဆိဉထောပတ်နှင့်အတိပြီးသည့် ခဲဖွယ်ဘောဇဉ် စားကောင်းသောက်ဖွယ်တို့ကို မှိဲဝဲပြီးချမ်းသာကြွယ်ဝသည့် လူကုံထံတို့နှင့် ပေါင်းသင်းဆက်ဆံအဆွေခင်ပွန်းဖွဲ့သူသည် အပါယ်ငရဲနှင့် ၊သူ၏လည်ကုတ်သွေးကြောထက်ပင် ပို၍နီးကပ်ပေသည်။

တစ်စုံတစ်ဦးက ကရ်နီသခင်ကြီးအား "သခင်ကျန်းမာပါ၏လော"ဟု မေးမြန်းသောအခါ "နံနက်မိုးသောက်၍ အိပ်ရာမှထသည်နှင့် နေဝင်ချိန်တိုင်အောင် အသက်နှင့်ကိုယ်တွဲလျက်ရှိမှ ရှိပါ့မလားဟု မသိနိုင်သောသူတစ်ဦးကို အသင်ဘယ်သို့ယူဆမည်နည်း"ဟု ဖြေကြားခဲ့၏။

ကရ်နီသခင်ကြီးအား 'ကဖန်'(လူသေတို့အား ဝတ်ဆင်ပေးသည့် ပိတ်ပိုင်းစ) ဝတ်ရုံပြီး သုသာန်၌ ဂိုကျေးနေလေ့ရှိသည့် ဒရ်ဝေ့ရှ်(တရားကျင့်သူ)တစ်ဦးအကြောင်းကို ပြောလာသောအခါ ဤသို့မိန့်ဆိုခဲ့၏။ "သူဝတ်ရုံထားသည့် ကဖန်သည် သူနှင့်သူ့အရှင်အကြား၌ အကာအဆီး ပရ်ဒါဖြစ်လျက်ရှိ၏။ သချိုင်းနှင့်ကဖန်တို့သည် သူ၏ဓမ္မခရီးအာ **:** ကာစီးကာ အဟန့်အတားဖြစ်လျက်ရှိ၏။ "

*ဘာသာပြန်သူ၏မှတ်ချက်။ ။တရားကျင့်သူ၏ပန်းတိုင်မှာအရှင့်စခန်းဖြစ်၏။ ယင်းစခန်းသို့ပေါက်ရောက်ရန် လျှောက်လှမ်းရာ၌ လောကီအာရုံ ကာမဂုဏ်တို့ကို ကျော်ခိုင်းသည့် နိမိတ်လက္ခဏာအဖြစ်နှင့် ကဖန်ကိုဝတ်၍ သချိုင်းကုန်း၌ မမြဲသည့်တရားကိုဆင်ခြင်ရင်း မြဲရာအရှင်ကိုတမ်းတ၍ဂိုကြေးကာ ဒရ်ဝေ့ရှ်သည် တရားကျင့်နေခြင်းဖြစ်၏။ သို့သော် ပညတ်မျှသာဖြစ်သော ကဖန်နှင့် သချိုင်းကို ကျင့်စဉ်၏မရှိမဖြစ်လိုအပ်ချက်တစ်ခုအဖြစ် အစွဲဥပဒါန်ငြိတွယ်သွားပါက ပန်းတိုင်ဖြစ်သည့် ပရမတ် စခန်းအရှင့်နန်းသို့ တက်လှမ်းနိုင်မည် မဟုတ်ကြောင်းကို သခင်ကညွှန်ပြခဲ့ခြင်းဖြစ်သည်။*

အဆိုပါ ဒရ်ဝေ့ရှ်ကို သခင်၏မှတ်ချက်အကြောင်းပြောပြသောအခါ တစ်ချက်မျှ ဓမ္မဥဒါန်းကျူးရင့်ပြီး ခန္ဓာဝန်ချသွား၏။ (ကျမ်းပြုသူ အတ္တားရ်သခင်ကြီးက ဤသို့မှတ်ချက်ချထား၏။ " မမြဲသည့်တရားကို အစဉ်သဖြင့် သင်္ကေတဆောင်ထားသည့် 'ကဖန်'နှင့် 'သုသာန်'တို့သည်ပင်လျှင် အရှင့်စခန်းသို့ပေါက်မြောက်ရန် အကာအဆီး 'ပရ်ဒါ'အဖြစ် ရှေးသူဟောင်း သူတော်ကောင်းများ မှတ်ယူခဲ့ပါလျှင် ယနေ့လောက၌ ရှိနေသည့် ကိလေသာတို့နှင့်ပြည့်နှက်နေသော တဏှာညွှတ်ကွင်းများမှာမူ ဆိုဖွယ်ရာပင် ရှိမည် မဟုတ်ချေ။)

# ၃။ ဟာဇရည် ဟာဆန်ဘတ်စ်စရီသခင်ကြီး

ဟာဆန်ဘတ်စ်စရီသခင်ကြီးသည် ငယ်စဉ်ဘဝက ကံထူးလှသဖြင့် မဟာတမန်တော်မြတ်ကြီး သောက်သုံးတော်မူခဲ့သည့် သောက်တော်ခွက်မှ ရေကျန်အချို့ကို သောက်သုံးခွင့်ရခဲ့၏။ ဤအကြောင်းကို မဟာတမန်တော်မြတ်ကြီး ကြားသိတော်မူသည့်အခါ ဤသို့မိန့်တော်မူ၏။ " ဤကလေးငယ်သည် သူသောက်သုံးခဲ့သည့် ရေနှင့်အမျှရှိသည့် တရားထူး တရားမြတ်နှင့် မြင့်မားလှသည့်ဉာဏ်စဉ်တို့ကို အရှင့်ထံမှ ရရှိပေအံ့။ " ဟာဇရည် အုမရ်သခင်ကြီး၏ ရှေ့တော်မှောက်သို့ မွေးကင်းစကလေးငယ်အဖြစ်ရောက်ရှိလာသောအခါ အလွန်လှပသည့် ဤသူငယ်အား 'ဟာဆန်'ဟူ၍ မှည့်ခေါ်လော့ဟု မိန့်မှာတော်မူ၏။

ဟာဆန်ဘတ်စ်စရီသခင်ကြီးသည် ဟာဇရည် အလီထံမှ ဓမ္မအမွေအနှစ်တို့ကို ဆက်ခံခဲ့ပြီး မောင်လာအလီ၏ ဓမ္မအမွေတော်စား ခလီဖ္ဖာတစ်ဦးဖြစ်ခဲ့၏။

ဟာဆန်သခင်ကြီး တရားဓမ္မလိုက်စားလာစေမည့် အဖြစ်အပျက်တစ်ရပ်ကို သခင့်ထေရုပ္ပတ္တိ၌ အောက်ပါအတိုင်း မှတ်တမ်းတင်ထားကြောင်း တွေ့ရှိနိုင်၏။

" ဟာဆန်သခင်ကြီးသည် ဆူဖီ (အမှန်တရားကို ရှာမှီးသူ သစ္စာဝါဒီ)တစ်ပါး အဖြစ်သို့ ရောက်မလာမီ ရတနာကုန်သည်တစ်ဦးအဖြစ် သမ္မာအာဇီဝကျစွာ အသက်မွေးဝမ်းကျောင်းခဲ့၏။ ဟာဆန်သခင်ကြီးသည် တစ်နေ့သောအခါတွင် 'အေးရှား မိုင်းနား'အရပ်၌ရှိသော 'ရူမ်'မြို့သို့ အရောင်းအဝယ်ကိစ္စနှင့် ခရီးထွက်ခဲ့ပြီး ဘုရင့်နန်းရင်းဝန်အိမ်၌ တည်းခိုလေသည်။ အိမ်ရှင်နန်းရင်းဝန်သည် ခရီးရောက်မဆိုက်ပင် ဟာဆန်သခင်အား ၎င်းတို့သည် အလွန်အရေးကြီးသောကိစ္စတစ်ခုနှင့် ခရီးထွက်စရာရှိကြောင်း ရက်အနည်းခန့်စောင့်လိုက စောင့်နိုင်ကြောင်း သို့မဟုတ် မိမိတို့နှင့်အတူ လိုက်လိုက လိုက်နိုင်ကြောင်း ပြောကြား၏။ ဟာဆန်သခင်ကြီးလည်း ဆူလတန်ဘုရင်၊ နန်းရင်းဝန်၊ ဝန်ကြီးများနှင့် အခြားပရိသတ်ဗိုလ်ပါ စုံလင်စွာဖြင့် ထူးဆန်းသော ခရီးသို့ လိုက်ပါသွားခဲ့၏။ ခရီးသည်အုပ်စုသည် အလွန်ကျယ်ပြောသည့် လွင်တီးခေါင်ကြီးသို့ ဝင်ရောက်ခဲ့ကြ၏။ လွင်တီးခေါင်ကြီး၏ ဗဟိုချက်မ နေရာလောက်တွင် အလွန်ကြီးကျယ်ခန်းနား၍ အစောင့်အကြပ်များထူထပ်စွာချထားသည့် တဲနန်းကြီးတစ်ဆောင်စိုက်ထူထားကြောင်း တွေ့ရ၏။ ပထမဦးစွာ မင်းမှုထမ်းစစ်သည် အရာရှိများ တဲနန်းထဲသို့ဝင်သွားကြ၏။ ပြန်ထွက်လာသောအခါ တဲကိုတစ်ပတ်ရစ်ပတ်ခါ ထွက်သွားကြ၏။ ထို့နောက် အလားတူပင် သက်ကြီးဝါကြီး၊ မြို့မိမြို့ဖတို့ တဲထဲဝင်ပြီးနောက် တစ်စုံတစ်ရာရေရွတ်ကြ၏။ ထွက်လာပြီးနောက် တဲကိုလှည့်ပတ်၍ ပြန်သွားပြန်၏။ ထို့နောက် ဆက်တိုက်ဆိုသလိုပင် ဆေးပညာရှင်သမားတော်ကြီးများနှင့် အလွန်လှပသည့် မိန်းမပျိုနှစ်ရာတို့သည်လည်း အထက်ဖော်ပြပါပုဂ္ဂိုလ်များ

ပြုလုပ်သကဲ့သို့ ပြုလုပ်ပြီးနောက် ဆူလတန်ဘုရင်မင်းမြတ်ကိုယ်တိုင် မှူးကြီးမတ်ရာများ ခြံရံလျက် တဲအတွင်းသို့ဝင်ခါ တစ်စုံတစ်ရာကိုရေရွတ်ပြီးပြန်အထွက်တွင် တဲကိုရစ်ပတ်လှည့်လည်ပြီးနောက် ထွက်ခွာသွား၏။

အလွန်အံ့အားသင့်နေသော ဟဆန်သခင်က ဤအချင်းအရာများနှင့်ပတ်သက်၍ ဝန်ကြီးအား မေးကြည့်လေသည်။ ဝန်ကြီးက ဤသို့ရှင်းပြခဲ့၏။ " အလွန်ရဲစွမ်းသတ္တိရှိပြီး ချောမွေ့ခန့်ညားသည့် ဘုရင့်သားတော်တစ်ပါး ကွယ်လွန်ခဲ့၍ ဤတဲအတွင်းရှိ ဂူဗိမာန်ထဲ၌ မြှုပ်နှံထား၏။ နှစ်စဉ်နှစ်တိုင်း ကျွန်ုပ်တို့အားလုံးသည် သင်ယခုမြင်တွေ့ရသည့် လုပ်ရပ်တို့ကို အစဉ်အလာတစ်ရပ်အဖြစ် ပြုလုပ်ခဲ့၏။ ဦးစွာပထမ ရဲစွမ်းသတ္တိ ခွန်အားဗလနှင့်ပြည့်စုံလှသည့် ဘုရင့်တပ်မတော်မှ စစ်သည်တို့သည် မင်းသား၏ ဂူရှေ့၌ရပ်ကာ " အို– အသင်မင်းသား၊ အကယ်၍များ ကျွန်ုပ်တို့သည် သေမင်းလက်တွင်းမှ အသင်မင်းသားအား ကယ်တင်နိုင်ပါလျှင် ကျွန်ုပ်တို့၏အသက်ကို ပဓာနမထားဘဲ၊ အသင့်အား ကယ်တင်မည်ဖြစ်ပေသည်။ သို့သော် ကျွန်ုပ်တို့၏ ခွန်အားနှင့် ရဲစွမ်းသတ္တိတို့သည် မည်သို့မျှ ကယ်တင်စွမ်းနိုင်ခြင်း မရှိခဲ့ပေဟူ၍လည်းကောင်း၊ သက်ကြီးဝါကြီး၊ မြို့မိမြို့ဖ၊ ပညာရှိတို့ကလည်း " အို– မင်းသားငယ်၊ ကျွန်ုပ်တို့တတ်သိသည့်ပညာများနှင့် ကျွန်ုပ်တို့ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံတို့ဖြင့် အသင်မင်းသားအား သေမင်းနတ်ခမ်းဝမှ ဆွဲထုတ်နိုင်မည်ဆိုပါက ကျွန်ုပ်တို့သည် တုန့်ဆိုင်းမှုမရှိဘဲ ကြိုးပမ်းကြမည်ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့အတွေ့အကြုံပညာတို့သည် သေမင်းရှေ့မှောက်၌ အချီးနှီးပင်ဖြစ်ခဲ့၏" ဟူ၍လည်းကောင်း၊ ဆေးပညာရှင်သမားတော်ကြီးများကလည်း " အကယ်၍ ကျွန်ုပ်တို့၏ဆေးပညာဖြင့် အသင်မင်းသားအား သေခြင်းဘေးမှ ကင်းဝေးအောင်ပြုလုပ်နိုင်မည်ဆိုလျှင် ကျွန်ုပ်တို့သည် တတ်စွမ်းနိုင်သမျှကို မချွင်းမချန် ပြုလုပ်ကုသကြမည်ဖြစ်ပေသည်။ သို့သော် ကျွန်ုပ်တို့၏ သူမတူအောင် အစွမ်းထက်လှသည့် ဆေးပညာသည် သေမင်းနှင့်ရင်ဆိုင်ချိန်ဝယ် လုံးဝအစွမ်းမရှိတော့ပေ"ဟူ၍လည်းကောင်း၊ အလွန်ချောမွေ့လှပသော မိန်းမပျိုလေးများကလည်း " အို– မင်းသား၊ ကျွန်မတို့၏အလှအပနှင့် အောင်မြင်မှုတို့က အသင်မင်းသားအား သေမင်းရှေ့မှောက်မှ ဆွဲတင်ကယ်မနိုင်ပါလျှင် ကျွန်မတို့သည် မုချမသွေကြိုးပမ်းကြပေမည်။ သို့သော် ကျွန်မတို့သည် ဘာမျှမစွမ်းနိုင်ပါတကား" ဟူ၍လည်းကောင်း အသီးသီးပြောဆိုကြ၏။ နောက်ဆုံးတွင်မှ ဆူလတန်ဘုရင်သည် မှူးကြီးမတ်ရာများခြံရံ၍ သူ၏သားတော်၏ ဂူဗိမာန်ရှေ့၌ ဤသို့ကြွေးကြော်၏။ " အို– ငါ၏သား၊ ငါတို့၏အင်အားတောင့်တင်းသော တပ်မတော်၊ ငါတို့၏ ကျွမ်းကျင်လိမ္မာလှသောပညာရှင်များနှင့် သမားတော်စသည်တို့အပါအဝင် ငါတို့စွမ်းအားရှိသမျှနှင့် သင့်အားကယ်တင်ရန် ကြိုးပမ်းခဲ့၏။ သို့သော် အရှင်မြတ်၏ပြဋ္ဌာန်းမှုကို ပြောင်းလဲရန် မည်သို့မျှ မဖြစ်နိုင်ခဲ့ပေ။ ယခုနှစ်သင့်အား နှုတ်ခွန်းဆက်၍ သွားတော့မည်၊ နောင်နှစ်တစ်ကြိမ် သင့်ထံသို့ ပြန်လာကြဦးမည်။ "

ဤအဖြစ်အပျက်သည် ဟဆန်သခင်ကြီး၏ စိတ်အစဉ်၌ မပြည့်တရားသဘော ကို စိမ့်ထုံပျံ့နှံ့သွားစေကာ " လူ့အလိုဆန္ဒအ ၇ ဖြစ်ချင်တိုင်း မဖြစ်နိုင်၊ 'ငါ' ဆိုသည်မှာ မရှိ၊ 'ငါ့အလို'ဆိုသည်မှာလည်း မရှိ၊ အလ္လာဟ့်အလိုသာရှိသည်"ဟူသည့် အနတ္တဉာဏ်ပွင့်ပေါ်လာကာ သက်တမ်းတစ်လျှောက်လုံးဘာဝနာနှင့်သာ မွေ့လျော် နေလေတော့သည်။

သခင်သည် 'ဘတ်စ်ရာ'မြို့သို့ပြန်၍ အတောမသတ်နိုင်သည့် ဝိသမလောဘ ကိုဖြစ်စေသည့် စီးပွားရေးလုပ်ငန်းကို စွန့်လွှတ်ကာ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းလျက်သာ နေတော်မူလေ၏။ ကိလေသာကို ပွားစီးစေသည့် မြူးတူးပျော်ပါးမှုတို့ကိုလည်း ကျောခိုင်းပြီး လောကီရမ္မက်တို့အတွက် ပြုံးရယ်မှုကိုပင် သက်ဆုံးတိုင်အောင် မပြု တော့ပေ။

နှစ်ပေါင်း (၇၀)တိုင်အောင် အသက်တစ်ရှူ တစ်အောင့်လောက်ပင် မပြတ် လင့်ရအောင် အရှင့်တာဝန်၊ အရှင့်ဘာဝနာ၌ နှစ်မြှပ်လျက်နေတော်မူ၏။ ဟဆန်သခင် ကြီး၏ ထွန်းတောက်ကျော်ကြားရသည့် အဓိကအကြောင်းမှာ သခင်သည် မိမိဘဝ သက်တမ်းတစ်လျှောက်လုံးတွင် လိုလားချက်အနေဖြင့် အရှင့်ကိုသာလျှင် မက်ထား ခဲ့သောကြောင့်ဖြစ်၏။ အရှင့်ကို (ဉာဏစက္ခုဖြင့်)ကြုံဆုံဖူးတွေ့ရဖို့ သောကထားရာတွင် အရှင်မှအပဖြစ်သော ရုပ် နာမ် ဓမ္မ သင်္ခါရဟူဟူသမျှကို အလေးဂရု မပြုခဲ့ပေ။

ရာဗီယာ ဘတ်စ်စရီသခင်မသည် ဟဆန်သခင်၏ဓမ္မသဘင်၌ တရားနာရန် ကြွရောက်လာတိုင်း သခင်သည် တရားဓမ္မဟောကြားခြင်း မပြုတော့ဘဲ ရပ်လိုက်လေ့ ရှိ၏။ တပည့်များက အကြောင်းကိုမေးမြန်းလျှောက်ထားကြရာ သခင်က ဤသို့ မိန့်ဆိုခဲ့သည်။ " အမြိုက်ဆေးတည်းဟူသော ယမကာကို ဆင်မင်းတို့ သောက်သုံး နိုင်ရန်အတွက် ပုရွက်ဆိတ်တို့သောက်သည့် ခွက်ငယ်ထဲ၌ ထည့်ခြင်းငှာ မစွမ်းနိုင်ပါ။" (ဉာဏ်နုသူ ပုထုဇဉ်အား ဟောကြားသည့်တရားကို ဉာဏ်ရင့်သူ အရိယာပုဂ္ဂိုလ်ထူးတို့ အား ဟောကြားခြင်းငှာ မထိုက်ဟူလို)။

ဟဆန်သခင်သည် ရာဘီယာသခင်မကြီးနှင့် တရားနှီးနှောရင်းက လျှပ်တပြက် အတွင်း ဉာဏ်အလင်းထိုးထွင်းပွင့်ပေါ်လာတတ်ပြီး လောကုတ္တရာပီတိတို့ ဖြာဝေလေ့ ရှိ၏။ ဤသို့ဖြစ်တိုင်း ရာဘီယာသခင်မကို ကျေးဇူးတင်ပြီး " သခင်မရဲ့ မေတ္တာ ကောင်းချီးပို့သမှုကြောင့် ကျွန်ုပ်၌ ဝါဂွမ်းဆီထိ ပီတိဝှန်လှိုက် နှစ်ခြိုက်ဝမ်းမြောက်၍ သောမနဿဇေတ္တဒါ ကျခဲ့သဖြင့် ကျေးဇူးတင်လှပါသည်"ဟု ပြောလေ့ရှိ၏။

သခင့်ကို ဤသို့မေးခံရဖူး၏။ " အို- ဟဆန်၊ အစ္စလာမ်ဆိုသည်မှာ အဘယ်နည်း၊ မွတ်စလင်မ်ဆိုသည်မှာအဘယ်နည်း။ "

သခင်က ဤသို့ပြန်ကြားခဲ့၏။ **"အစ္စလာမ်ဆိုသည်မှာ ကျမ်းစာထဲမှာသာ ကျန်ရှိပြီး၊ မွတ်စလင်မ်ဆိုသူမှာ သင်္ချိုင်းအတွင်း၌သာ ရှိတော့၏။"** (မိရိုးဖလာအမည်ခံ မွတ်စလင်မ်ဆိုသူများ ပေါ်များလာကြောင်းကို ဆိုလိုရင်းဖြစ်သည်။)

ဟာဆန်သခင်ကြီးက ဤသို့မိန့်ဆိုတော်မူ၏။

[၁] သာသနာတော်ကပညတ်ထားသည့် တရာ့ဓမ္မကျင့်ကြံမှုတို့ကို မလိုမုန်းထားရှိသည့် အတိုက်အခံတို့ကို ကြောက်ရွံ့ပြီး မစွန့်လွှတ်လေနှင့်။ ယင်းဓမ္မန္တရာယ်တို့သည် အရှင့်ကိုပင် ရှုတ်ချပစ်တင်ကဲ့ရဲ့ကြ၏။

[၂] ဤလောက၏ နိဂုံးနှင့် နောင်တမလွန်၏နိဒါန်းမှာ မိမိရုပ်ခန္ဓာအား မြှုပ်နှံသည့်'တွင်း'အတွင်း၌ရှိ၏။

သခင်သည် အရွယ်ရောက်သည့်အချိန်မှအစပြု၍ မိမိကျူးလွန်မိခဲ့သည့် အပြစ်အကုသိုလ်တို့ကို ဝတ်ရုံတော်အပေါ်၌ ရေးမှတ်ထားပြီး တစ်နေ့တာကာလ၌ မကြာခဏဆိုသလို အဆိုပါအကုသိုလ်မှတ်တမ်းကို ဖတ်ရှုကာ နောင်တသံဝေဂ ဉာဏ်ပွားတော်မူ၏။ မကြာခဏဆိုသလို ယင်းသို့ သံဝေဂပွားရင်းက ကျူးလွန်မိသည့် အကုသိုလ်တို့အတွက် သတိမေ့လောက်အောင် ငိုကြွေးလေ့ရှိသည်။

အခါတစ်ပါး၌ ဟာဆန်သခင်ကြီးသည် ခရီးသည်အုပ်စုကြီးနှင့်အတူ ကအ်ဗာကျောင်းတော်ရှိရာသို့ ခရီးနှင်ခဲ့၏။ လမ်းခုလပ်၌ ရေတွင်းတစ်တွင်းကို တွေ့ရှိလေရာ ရေအလွန်ဆာလောင်မွတ်သိပ်နေသည့်ခရီးသည်များသည် ရေငင်ရန်ကြိုးကို ရှာဖွေကြသော်လည်း မတွေ့ရှိခဲ့ပေ။ ထိုအခါသခင်က " အို- ခရီးဖော်တို့၊ ကျွန်ုပ်ယခု ဘာဝနာစီးဖြန်းလတ္တံ့။ ဤသို့ဘာဝနာပွားနေစဉ်တွင် ရေတွင်းမှရေတို့သည် အလိုအလျောက်မြင့်တက်လာပေမည်။ ထိုအခါသင်တို့ ဆာလောင်မွတ်သိပ်မှုကို ဖြေကြကုန်လော့"ဟု မိန့်ဆိုလေသည်။ သခင်မိန့်ဆိုသည့်အတိုင်းဖြစ်လာသော်လည်း ခရီးသည်တစ်ဦးသည် ရေကိုဝအောင်သောက်ပြီးနောက် မိမိ၏ရေဘူးအတွင်း၌ နောင်လိုအပ်လျှင်သုံးရန် ရေများကိုဖြည့်ထည့်လေ၏။ ထိုအခါ ရေမျက်နှာပြင်သည် ရုတ်တရက်နိမ့်ကျကာ နဂိုအနေအထားအတိုင်း ပြန်လည်ရောက်ရှိသွား၏။ ဤထူးဆန်းဖွယ်ရာအဖြစ်အပျက်ကို သခင့်ထံလျှောက်ထားသောအခါ သခင်က " မောင်မင်းတို့ အရှင့်မြတ်အား ယုံပုံလွဲအပ်နှံမှု စိတ်ထားလျော့နည်းသောကြောင့် ဤသို့ဖြစ်ရသည်"ဟု မိန့်ဆိုခဲ့၏။

ဟာဆန်သခင်ကြီးသည် အလွန်ရိုကျိုးနှိမ့်ချစွာနေတတ်ပြီး အားလုံးထက်အဆင့်နိမ့်သည်ဟု မိမိကိုယ်ကိုသတ်မှတ်ကာ မာန်မာနကို အမြဲချိုးနှိမ်ထား၏။ တစ်နေ့သ၌ 'ဒဂျလာ'မြစ်ကမ်းဘေး၌ လူတစ်ဦးသည် ယမကာပုလင်းရှေ့မှာထားပြီး မိန်းမပျိုတစ်ဦးနှင့်အတူထိုင်နေသည်ကို သခင်မြင်တွေ့ခဲ့၏။ ထိုအခါအတွေးတစ်ခု ဟာဆန်သခင်၏စိတ်အတွင်းသို့ဝင်လာ၏။ " ဩော်– ဤလူဟာ အလွန်ပင် အကျင့်ဖာဂ ဖောက်ပြန်လှချီတကား၊ ငါကဲ့သို့ သီလစင်ကြယ်သူတစ်ဦးဖြစ်ခဲ့ပါလျှင် ကောင်းလေစွ။" ဟာဆန်သခင်၏ အတွေးမဆုံးမီပင် ၎င်းနှင့်ခပ်လှမ်းလှမ်း မြစ်တွင်းတစ်နေရာ၌ လှေတစ်စင်းကို မြင်တွေ့လိုက်ရ၏။ ကြည့်နေရင်းပင် လှေသည်ရေနက်ထဲသို့ တစ်ဖြည်းဖြည်းမြုပ်သွားတော့၏။ ထိုအခါမြစ်ကမ်းဘေး၌ ထိုင်နေသူသည် မြစ်ထဲခုန်ချပြီး ရေနစ်သွားသည့်လှေပေါ်မှ လူ(၆)ဦးကို ကယ်တင်ပြီးနောက် ဟာဆန်သခင်ဘက်သို့လှည့်၍ " အသင်သည် ကျွန်ုပ်ထက်မြင့်မြတ်ပါသည်ဆိုလျှင် အရှင်မြတ်၏နာမတော်ဖြင့် သတ္တမမြောက်လူကို ကယ်ပါလော့၊ သင်သည် လူတစ်ယောက်ကိုသာ ဆယ်နိုင်မည်။ ကျွန်ုပ်သည် လူခြောက်ယောက်ကို ကယ်ခဲ့ပြီးပြီ"ဟု ဆိုလိုက်၏။ ဟာဆန်သခင်မှာ သတ္တမမြောက်လူကိုပင် ကယ်တင်နိုင်ခြင်း မရှိခဲ့ပေ။ ထိုအခါကျမှ အဆိုပါ ပုဂ္ဂိုလ်ထူးက ဟာဆန်သခင်ကို ရှင်းပြ၏။ " လူကြီးမင်းခင်ဗျား၊ ကျွန်ုပ်၏နံဘေးမှ အမျိုးသမီးမှာ ကျွန်ုပ်၏မိခင်ဖြစ်ပါသည်။ ကျွန်ုပ်ရှေ့တွင်ချထားသောပုလင်းမှာ သောက်ရည်ထည့်ထားသောပုလင်းဖြစ်ပါသည်။ ဤမြင်ကွင်းကို လူကြီးမင်းအားစမ်းသပ်ရန်အတွက် ရည်ရွယ်ချက်နှင့်စီမံထားခြင်းဖြစ်ပါသည်" ဟာဆန်သခင်ကြီးလည်း ထိုစကားကို ကြားလိုက်သည်နှင့် နှလုံးအတွင်း၌ တရားအလင်းထွန်းတောက်ကာ ဉာဏ်ပွင့်သွားပြီး ထိုပုဂ္ဂိုလ်ထူး၏ခြေအစုံကို ဖက်တွယ်လေတော့၏။ "အို–သခင်၊ ရေနစ်သူ (၆)ဦးကို ကယ်တင်ဘိသကဲ့သို့ ကျွန်ုပ်အားလည်း မာန်မာန အတ္တကြီးထွားမှုနှင့် ပကာသနလွန်ကဲမှုတို့မှ ကင်းဝေးစေခြင်းငှာ ကယ်တင်တော်မူပါ"ဟု လျှောက်ထားလေ၏။ ထိုအခါ ပုဂ္ဂိုလ်ထူးက အရှင်မြတ်ထံသို့ ဤသို့ဆုပန်လေသည်။ " အလ္လာဟ်အရှင်မြတ်သည် သင့်အလိုကို ဖြည့်ပါစေသတည်း။" ချက်ချင်းဆိုသလိုပင် ဟာဆန်သခင်ကြီး၏ ရင်တွင်း၌ အလိုပြည့်သည့်သကဲ့သို့ ခံစားလိုက်ရ၏။ ထိုအချိန်မှစ၍သခင်သည် မာန်မာနတို့ လုံးဝကင်းစင်သွားလေတော့၏။ ဤဖြစ်ရပ်ဖြစ်ပြီးနောက် အခါတစ်ပါး၌ ခွေးငယ်တစ်ကောင်ကိုတွေ့၍ သခင်က ဤသို့မှတ်ချက်ချခဲ့၏။ " အို– အရှင်၊ ဤသီလစင်ကြယ်သောခွေးငယ်ကိုအကြောင်းပြု၍ ကျွန်တော်မျိုးအား အရှင့်အစေအပါးတစ်ဦးအဖြစ် သွတ်သွင်းတော်မူပါ။ "

—⁂—⁂—⁂—

ဟာဆန်သခင်ကြီးက အဖြစ်အပျက် အချင်းအရာ လေးခုသည် သူ၏ဘဝ၌ ကြီးစွာသော သံဝေဂတရားတို့ကို ရရှိစေခဲ့သည်ဟုဆို၏။

[၁] **နစဉ်အခါတစ်ပါး၌ သင်းကွပ်**ထားသောသူတစ်ဦး၏ဝတ်ရုံကို ဟာဆန်သခင်

သည် ကျီဆယ်သည့်သဘောနှင့် ဆွဲချွတ်ခဲ့၏။ သင်းကွပ်ထားသူက "သနားသော အားဖြင့် ကျွန်ုပ်၏ဝတ်ရုံကို ပြန်ပေးပါ။ ကျွန်ုပ်အဖြစ်မှန်ကို မည်သူမျှ မသိကြပါ။" ဟု တောင်းပန်လိုက်ရာ သခင်သည် ချက်ခြင်းသတိတရားရရှိသွားကာ ဤသို့ နှောင်တသံဝေဂဖွားခဲ့၏။ " တရားစီရင်မည့်နေ့၌ ကျွန်ုပ်တို့၏ ဗဟိဒ္ဓအပြင်အလွှာ အကာအယံတို့ ခွာချခြင်းခံရ၍ ကျွန်ုပ်တို့ ကျူးလွန်ခဲ့သောအပြစ်များကို ဝတ်လစ်စလစ် လုံးတီးအဖြစ်နှင့် လှစ်ပြခြင်းခံရသည့်အခါတွင် ကျွန်ုပ်တို့အခြေအနေ မည်သို့ရှိချိမ့် မည်နည်း။"

[၂] အရက်မူးသမားတစ်ဦးသည့် ဗွက်တောထဲ၌ ဒယီးဒယိုင်နှင့် ရှန်းကန်လျှောက်လှမ်း နေ၍ ဟဆန်သခင်က နွံထဲမနစ်မိစေရန် သတိထားသွားဖို့ပြောကြားခဲ့၏။ ထိုအခါ အရက်သမား က " အို– ဟဆန်၊ ကျွန်ုပ်လိမ့်ကျလျှင် ကျွန်ုပ်တစ်ဦးသာခံရမည်။ သို့သော် အသင်သာ သတိထားပါလေ၊ အဘယ်ကြောင့်ဆိုသော် အသင်လိမ့်ကျခဲ့ပါလျှင် သင့်နောက်လိုက်အားလုံးတို့ ပြစ်တင်ရှုတ်ချ စွပ်စွဲခံရမည်ဖြစ်၏။ "

[၃] ကလေးငယ်တစ်ဦးသည် လင်းဝင်းနေသည့် မီးခွက်တစ်ခုကိုကိုင်၍ လျှောက် လာ၏။ ဟဆန်သခင်ကြီးက ဆီမီးခွက်ကို ထွန်းညှိထားသည့် မီးအလင်းကို ဘယ်မှ ရသနည်းဟု မေးမြန်းလေရာ၊ ကလေးငယ်က မီးခွက်ကိုမှုတ်ပြီး ဤသို့မေးလိုက်၏။ " အို– ဟဆန်သခင်၊ ယခုဤအလင်းရောင် ဘယ်ရောက်သွားသည်ကို ဖြေပါဦးလော့။"

*ဘာသာပြန်သူမှတ်ချက်။ ။ အလင်းဘယ်ကလာ၍ ဘယ်သို့သွားသနည်း။ အလင်းဘယ်ကစ၍ ဘယ်မှာဆုံးသနည်း။ အလင်း၏ တည်ရာအစနှင့် ချုပ်ငြိမ်းရာဌာနတို့ အဘယ်မှာနည်း။ ကလေးငယ် လက်တွေ့ တရားပေးမှုကြောင့် ဟဆန်သခင်၏ ဉာဏ်အလင်း ပွင့်လင်းခဲ့ရ၏။*

[၄] အခါတစ်ပါး၌ မိန်းမငယ်တစ်ဦးသည် ဦးခေါင်းမှာ ခြုံထည်မပါဘဲ၊ လမ်းတစ် လျှောက်ပြေးလွှားကာ သူ၏ခင်ပွန်းအကြောင်းကို ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြား လျက်ရှိ၏။ ဟဆန်သခင်က အမျိုးသမီးကို ကာအိန္ဒြေထိန်းသိမ်း၍ ဝတ်စားဆင်ယင်မှု ကို သတိထားရန် ဆုံးမတော်မူ၏။ ထိုအခါ မိန်းမငယ်က ဤသို့ဆို၏။ "အို– ဟဆန်သခင်၊ ကျွန်မသည် ကျွန်မ၏ခင်ပွန်းအပေါ်၌ထားသည့် အချစ်ဇောဟုန်ကြောင့် အာရုံတစ်ခုတည်း၌ တည်သွား၏။ သိစိတ်လည်းပျောက်ကာ ပတ်ဝန်းကျင်ကိုလည်း ဂရုမပြု အာရုံမဝင်ဆန့်တော့ပေ။ ကျွန်မ၏ဝတ်စားဆင်ယင်မှုကို သခင်ထောက်မပြပါ လျှင် ကျွန်မသတိထားမိမည်ပင် မဟုတ်ပေ။ ဤအတိုင်းပင် ကျွန်မလမ်းပေါ်၌ သတိကင်းစွာလျှောက်နေဦးမည်ဖြစ်သည်။ သို့သော် အကြောင်းအရာတစ်ခုကိုဖြင့် ကျွန်မအံ့အားသင့်ရပါသည်။ အို– ဟဆန်၊ သင်သည် အရှင့်အချစ်တော်အဖြစ် ဟန်ဆောင်နေခဲ့၏။ သို့တိုင်အောင် သင်၏ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသည့်အကြောင်း အရာအားလုံးကို အာရုံပြုးကာသိရှိနေ၏။ (အရှင့်အပေါ်၌ တည်ကြည်သော သမာဓိ

နှင့် အာရုံစူးစိုက်မှု မရှိဘဲ၊ ဘေးပတ်ဝန်းကျင်မှ ဖြစ်ပျက်သမျှကို သိနေ၏) အရှင့်ကို ချစ်သည်ဆိုသော သင်၏အချစ်သည် မည်သို့သော အချစ်မျိုးပါနည်း။ ”

ဟန်သခင်ကြီးသည် အောက်ပါ ဆုံးမသြဝါဒကို မိန့်ခွန်းတော်မူခဲ့၏။

[၁] သိုးငယ်တစ်ကောင်သည် လူသားထက်အသိတရားပိုရှိ၏။ သိုးကျောင်းသား၏ အသိပေးသံကို သိုးငယ်များ ကောင်းစွာ တုန့်ပြန်တတ်၏။ အသိတရားခေါင်းပါး မိုက်မဲသည့် လူသားမှာမူ မိမိ၏အရှင်၏ပြဋ္ဌာန်းချက်တို့ကို ဖီဆန်ကာ မာန်နတ်၏ နောက်သို့ ကောက်ကောက်ပါအောင်လိုက်တတ်၏။ (အဖျက်အင်အားစုဖြစ်သည့် စိတ်ရိုင်းနောက်သို့ လိုက်တတ်၏။)

[၂] သစ္စာတရားရှာဖွေသူတစ်ဦး၏တိုးတက်မှုကို မကောင်းသောပတ်ဝန်းကျင်နှင့် မိုက်မဲသော အပေါင်းအသင်းတို့က ဖျက်စီးတတ်၏။

[၃] မတော်လောဘနှင့် စီးပွားဥစ္စာကို မတရားရှာဖွေ တိုးပွားစုဆောင်းမှုမှာ ကုရ်အာန်ကျမ်းမြတ်က တားမြစ်ထားသည့် သေရည်သောက်သုံးခြင်းထက် ဆိုးရွားသော ဒုစရိုက်ဖြစ်၏။

[၄] ငြိမ်းအေးရာကို ရယူသောသူသည် ယင်း၌ လုံခြုံစိတ်ချမှုကိုတွေ့ရ၏။ မိမိ၏ စိတ်အစဉ်မှ မကောင်းမှုအကုသိုလ်ကို တိုက်တွန်းသည့် တဏှာစိတ်ကို စွန့်ပယ်သောသူသည် လွတ်မြောက်ခြင်း၏အရသာ ဝိမုတ္တိရသကို ခံစားရ၏။

[၅] လောကီအာရုံ ကာမဂုဏ်တို့ကို အမြစ်မှလှန်၍ တူးဖော်ပြီးနောက် လောကုတ္တရာ၏ အေးရိပ်ငြိမ်ကို တည်ဆောက်သူမှာ ဉာဏ်အမြော်အမြင် ကြီးမြင့်သူဖြစ်၏။

[၆] အရှင်မြတ်ကို အမှတ်တရရှိသောသူ (သစ္စာတရားကို တွေ့ရှိသောသူ)သည် မမြဲသည့် ဤလောက၏ ကိလေသာအညစ်အကြေးတို့အား ပေါင်းဖက်စုံစေခြင်း မရှိချေ။ တဏှာကျွန်အဖြစ် လောကီနွံ့ထဲ၌ နစ်မွန်းနေသောသူသည်လည်း အရှင်မြတ်ကို စုံမက်ခြင်း မရှိပေ။

[၇] လောကလူမှုရေးအသိုင်းအဝိုင်း၌ ဂုဏ်ပကာသနပြစားမှုအတွက် ဟန်ပြအကျိုးဆောင်လုပ်ငန်း လုပ်ပြနေပြီး ယင်း၏ဆိုးရွားလွဲမှားသော လမ်းကြောင်းတို့အား ထုတ်ဖော်ဝါကြွားခြင်းဖြင့် အချိန်ကို ကုန်လွန်စေကာ မိမိဘာဝနာပွားများမှုကို စွန့်လွှတ်ခဲ့သူအတွက် ပျက်စီးဆုံးရှုံးခြင်းနှင့် နိဂုံးချုပ်ရပေမည်။

[၈] ရွှေ ငွေ ဥစ္စာ ရတနာ စသည့် လောကီစည်းစိမ်တို့ကို တက်မက်သူကို အရှင်မြတ်သည် ဂုဏ်သိမ်စေအံ့။ မိမိကိုယ်မိမိ လူထုခေါင်းဆောင်အဖြစ် အထင်ကြီးနေသူကို လမ်းလွဲကိုရောက်စေပြီး သိက္ခာချခြင်း ခံရပေအံ့။

[၉] ကျမ်းမြတ်ကုရ်အာန်၌ အရှင်မြတ်က “ လူသားတို့ကျူးလွန်ခဲ့သည့် အကုသိုလ်

ဒုစရိုက်မှန်သမျှ လွတ်ငြိမ်းချမ်းသာခွင့်ရစေရန် (အကုသိုလ်ကံများ ကျေပျက်စေရန်) အရှင်မြတ်မှတစ်ပါး အခြားအရာတို့အား ကြည့်ရှုခြင်းပင် မပြုကြလေနှင့်( စွဲလန်းတပ်မက်ငြိတွယ်ခြင်း မရှိကြလေနှင့်)"နှင့်ဟု မိန့်မြွက်တော်မူ၏။

ဟာဆန်သခင်ကြီးအား လူတစ်ဦးက ဤသို့မေး၏။

" သခင့်အခြေအနေ ဘယ်လိုရှိပါသလဲ။ "

သခင်က ဖြေသည်မှာ–

" ကျွန်ုပ်သည် လှိုင်းတန်သော ပင်လယ်ထဲ၌ ကွဲအက်နေသော လှေငယ်နှင့် မျောနေသည်သို့ ရှိပါ၏။ "

*မှတ်ချက် ။ ။ သခင်က ဘဝ၏လောကဓံမှန်တိုင်းကို လူသားတို့ ထိုးထွင်းမြင်နိုင်ရန် အလင်္ကာတင်စားပြ၍ တရားချခြင်းဖြစ်၏။*

## ၄ ။ ဟာဇရက် မာလစ်ကဲ ဘင် ဒီနာရ်

တစ်စုံတစ်ဦးက သခင့်အား ဤသို့မေး၏။ " သခင်အဘယ့်ကြောင့် အိမ်ထောင် မပြုသနည်း"

မာလစ်ကဲသခင်က " ငါသည် လောကီအာရုံကာမဂုဏ်တို့ကို စွန့်ပယ်ခဲ့ပြီ။ ဇနီးမယားဆိုသည်မှာလည်း လောကီ၏အစိတ်အပိုင်းတစ်ခုဖြစ်၏ ။"

မှတ်ချက် ။ ။ အစ္စလာမ်သာသနာက ဗြဟ္မစရိယ(CELIBACY) ကျင့်သုံးမှုကို ယေဘုယျအားဖြင့် အားမပေးပါ။ ဇနီးမယား၊ သမီးသားများနှင့် မိမိလက်ထဲရှိ ရွှေ ငွေ ရတနာစည်းစိမ်ဥစ္စာတို့ကို စွန့်ခြင်းထက် နှလုံးသား၌ ကပ်ငြိနေသည့် အကုသိုလ်တို့ မြစ်ဖျားခံရာ ဇစ်မြစ်ဖြစ်သည့် 'နဖ်စ်အမ္မရာ'အကုသိုလ်စိတ်ကို 'နဖ်စ်မွတ္တမာအင်နာ' ငြိမ်းအေးသည့်စိတ်ဖြစ်အောင် မြှင့်တင်ပေးသည့်အကြောင်းသတ်တရားအတွင်းစွန့်လွှတ်မှု ကျင့်စဉ်ကိုသာ အစ္စလာမ်က လမ်းညွှန်၏။ သို့သော် ထူးခြားသောအခြေအနေတို့၌ သူတော်စင်တစ်ဦးချင်းတို့အနေနှင့် အိမ်ထောင်သားမွေး မပြုဘဲနေတတ်ကြ၏ ။ အိမ်ထောင်မှုကို ရှာသားတို့၏ ခလေ့ဟုဆိုကာ ဆက်ဆုပ်ရွံရှာဖွယ်ရာကိစ္စဟု အစ္စလာမ်က မရှုမြင်ပါ။ အိမ်ထောင်ပြုမှုကို လူသားမျိုးဆက်တည်တံ့ရေးအတွက် မဟာတာဝန်တစ်ရပ်အနေဖြင့် တန်ဖိုးထားပေးသည်။ သို့သော် 'ချင်'နှင့် 'ထိုက်'သဘာဝကိုမူ ကွဲပြားစွာ ကတ္တားခြားထား၏ ။ လုပ်ချင်၍လုပ်ခြင်းမှာ လူ့ခန္ဓာကိုယ်တွင်းမှ တိရစ္ဆာန်စိတ်ဆိုး 'နဖ်စေအမ္မာရာ'၏ တိုက်တွန်းမှုကြောင့် ကိလေသာ၊ တဏှာ၊ ပေမ၊ ရာဂတို့ကို အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်၏ ။ လုပ်သင့်လုပ်ထိုက်သည့် လူသားတာဝန်တစ်ရပ်အနေဖြင့် ပြုမူခြင်းမှာ 'အမ္မာရာ'စိတ်ရိုင်းနှင့် မယှဉ်သဖြင့် ကာမဂုဏ်အာရုံပေါ်၌ အခြေခံသောလုပ်ရပ် မဟုတ်ချေ။

မာလစ်က်သခင်ကြီးက မိန့်ကြားတော်မူသည်မှာ " အရှင်မြတ်သည် ကျွန်ုပ်အား အချစ်တော်ဟူ၍ မြွက်ဟတော်မူသည်ဖြစ်သဖြင့် ကျွန်ုပ်အနေဖြင့်လည်း အရာရာကို အရှင့်အတွက် စွန့်လွှတ်ပြီး ဘဝသက်တမ်းတစ်လျှောက်လုံး အရှင့်ပညတ်ချက် အမိန့်တော် အတိုင်း တသဝေမတိမ်း လိုက်နာကျင့်သုံးနေထိုင်ပေအံ့။"

မာလစ်က်သခင်ကြီးသည် သေငယ်ဇောနှင့်မျောနေသူတစ်ယောက် အကြောင်းကို မိန့်ကြားဘူး၏။ အဆိုပါလူနာကို သခင်က အရှင့်နာမတော်ကို ပွားများ ရွတ်ဆိုခိုင်းသော်လည်း ၎င်းသည်ငြင်းဆိုပြီး ကိန်းဂဏာန်းများကိုသာ ရေရွတ် တွက်ချက်လျက်ရှိ၏။ သခင်က အဘယ့်ကြောင့် အရှင့်နာမတော်ကို ရွတ်ဆိုရန် ငြင်းဆန်နေပါသနည်းဟု မေးရာ လူနာက " ကျွန်တော်မျိုးကြီး အရှင့်ဂုဏ်တော်ပွားရန် ကြိုးစားတိုင်း မီးတောက် ကြီးတစ်ခု ကျွန်တော်မျိုးထံပါးသို့ အရှိန်အဟုန်ပြင်းထန်စွာ တောက်လောင်ချဉ်းကပ်လာသည်ကို ခံစားရပါသည်"ဟု ဖြေကြားခဲ့၏။ ပြောရင်း ဆိုရင်းနှင့်ပင် လူနာသည် သေဆုံးသွားသည်။ သခင်က သူ့ပတ်ဝန်းကျင်မှ လူများကို မေးမြန်းစုံစမ်းကြည့်ရာ ထိုသူသည် အတိုးအညွန့်စားကြောင်း၊ ရောင်းဝယ်ဖေါက်ကား မှု၌လည်း ရိုးသားဖြောင့်မတ်မှု မရှိကြောင်း၊ အလေးတင်းတောင်းလည်း မမှန် မကန်ချိန်တွယ်ကြောင်း၊ မတရား ဝိသမလောဘနှင့် သမာအာဇီဝ မကျသော အသက်မွေးကြောင်းမှုကို ပြုသူဖြစ်ကြောင်း စုံစမ်းသိရှိရ၏။

မာလစ်က်သခင်ကြီး၏ သမီးတော်က အခါတစ်ပါး၌ ဖခမည်းတော်အား အဘယ့်ကြောင့် အိပ်စက်နားနေခြင်း မပြုပါသနည်းဟု မေးမြန်းခဲ့ဘူး၏။ သခင်က " ငါသည် အရှင်မြတ်ကို ချစ်ကြောက် ရိုသေ၊ ခန့်ငြားတော်မူ၏။ အရှင်၏ ကောင်းချီး မင်္ဂလာအဖြာ ဖြာတို့ မည်သည့်အချိန်တွင် သက်ဆင်းကျရောက်မည်ကို ငါမသိနိုင်၊ ငါအိပ်စက်နေပါက ကောင်းချီးမင်္ဂလာအပေါင်းနှင့်ကင်းဝေးရပေအံ့။ ထို့ပြင် ငါသည် အရှင်မြတ်ပေးသနားတော်မူသည်တို့ကို သုံးစွဲစားသောက်နေပါလျက်နှင့် မာရ်နတ်၏ အမိန့်ကိုနာခံနေသည့် ကံဆိုးသူ တစ်ဦးမျှသာဖြစ်၏။ အကယ်၍သာ တစ်ဦးတစ်ယောက် သောသူသည် ဝတ်ကျောင်းတော် တံခါးဝမှနေ၍ ဤကမ္ဘာတွင် ယုတ်ညံ့သိမ်ဖျင်းသောသူ မည်သူနည်းဟု ဟစ်အော်မေးခဲ့ပါက ငါသည် ထိုသူ၏ရှေ့ မှောက်သို့သွား၍ အယုတ်ညံ့ဆုံးသူမှာ ငါပင်ဖြစ်ကြောင်း ဖြေကြားပေအံ့ " (ရှေးသူတော်ကောင်း သူတော်စင်တို့သည် မည်မျှပင် သီလ သမာဓိ ပညာ သန့်ပြန့်စင်ကြယ် မြင့်မားခိုင်ကြည် ထွန်းတောက်စေကာမူ မိမိအဖြစ်ကိုမိမိ ဝင့်ကြွားမှုမရှိဘဲ၊ မာန်မာနကင်းစင်ပြီး နှိမ့်ချစွာ ပြောဆိုနေထိုင်လေ့ရှိ၏။ )

**မာလစ်က်သခင်ကြီး ဩဝါဒကထာ**

[၁] ကောက်ကျစ်စဉ်းလဲပြီး ဆိုးယုတ်သည့် ဤလောက၏ သဘာဝကို ကျွန်ုပ်သိမြင်လာချိန်မှစ၍ ကျွန်ုပ်နှင့် ကျွန်ုပ်၏ လုပ်ရပ်အပေါ်၌ ဝေဖန်မှုပြုနေသည့် လောကီသားတို့၏ ထင်မြင်ချက် အစုစုတို့ကို လစ်လျူရှုကာ လုံးဝဥပေက္ခာပြုလိုက်ပေပြီ။

[၂] သေသည်၏အခြားမဲ့၌ အသင်လျှောက်လှမ်းရမည့် ခရီးစခန်းအတွက် အထောက်အကူမပြုနိုင်သည့် အပေါင်းအဖော်တို့နှင့် ပေါင်းသင်းဆက်ဆံခြင်း မပြုလေနှင့်။

[၃] ကျမ်းမြတ်ကုရ်အာန်၌ အရှင်မြတ်က " သင်တို့ငါ့ကို သတိရတသကြကုန်၊ သင်တို့အားလည်း ငါသတိရပေအံ့"ဟု မိန့်မြွက်ထား၏။

[၄] ကျမ်းမြတ်ကုရ်အာန်၌ " အသင်တို့၏ တ္ ုသမှုကို ငါတုန့်ပြန်မည်ဖြစ်ပြီး၊ သင်တို့၏ဆုတောင်းပတ္တာနာကို ငါလက်ခံတော်မူပေအံ့ "ဟု အရှင်မြတ်က မိန့်ဆိုထား၏။

## ၅။ ဟာဇရသ် မုဟမ္မဒ် ဝါဆီ

တစ်စုံတစ်ဦးက ဝါဆီသခင်ကို " အသင်မည်သူနည်း"ဟု မေးမြန်းခဲ့၏။ သခင်က " မိမိသက်တမ်း တစ်စတစ်စကုန်ဆုံးလာသည်နှင့်အမျှ အကုသိုလ်ဒုစရိုက်တို့ကို အဆက်မပြတ်တိုးပွားနေသည့်သူတစ်ယောက်အကြောင်းကို အဘယ်ကြောင့်သိလိုပါသနည်း"ဟု ဖြေကြားခဲ့၏။ ( ရှေးသူတော်စင်တို့သည် မိမိတို့ပေါက်မြောက်ထားသည့် တရားစခန်းအဆင့်ဆင့်အတွက် ဝါကြွားမှု မရှိသည့်အပြင် မာန်မာနချိုးနှိမ်၍ နှိမ့်ချစွာ ပြောတတ်ပုံကို သတိပြုပါကုန်။ )

## ၆။ ဟာဇရသ် ဟဗီးဗ် အဂျမီ

အခါတစ်ပါး၌ အဂျမီသခင်မှ မရှိမဲ့ ရှိမဲ့နှင့် ကျွေးမွေးသည့် အစားအသောက်အနည်းငယ်မျှကို ဧည့်သည်တစ်ဦးက စားသုံးလျက်ရှိသည်။ ထိုအချိန်တွင် သူဆင်းရဲတစ်ဦးက သခင့်အိမ်တံခါးအား လာ၍ခေါက်၏။ ထိုအခါသခင်သည် ဧည့်သည်စားသုံးနေသည့်အစားအစာတို့အား သူဆင်းရဲအား ပေးလှူလိုက်၏။ ရိုင်းစိုင်းသည်ဟုထင်ရသည့် အပြုအမူကို ဧည့်သည်ဖြစ်သည့် ဟာဆန်ဘတ်စ်ရီသခင်ကြီးက " သင့်၌ယဉ်ကျေးသည့် လူမှုဆက်ဆံရေးမျိုး ရှိဖို့ကောင်းပါသည် "ဟု တုန့်ပြန်ပြောဆိုလိုက်သည်။ အဂျမီသခင်ကြီးက ဘာမှမပြောဘဲ ဆိတ်ဆိတ်နေတော်မူ၏။ အတန်ကြာသောအခါတွင် အဂျမီသခင်အိမ်ရှေ့တံခါး၀၌ လူကုံထံအမျိုးသမီးတစ်ယောက်စားကောင်း သောက်ဖွယ်များယူဆောင်လျက် ရပ်တန့်နေသည်ကို ဟာဆန်ဘတ်စ်ရီသခင်ကြီး အံ့အားသင့်စွာဖြင့် မြင်တွေ့လိုက်ရ၏။

သခင်နှစ်ပါးလုံးပင် အမျိုးသမီးပေးလှူသည့် စားသောက်ဖွယ်ရာများကို စားသုံးတော်မူကြ၏။ စားသောက်ပြီးချိန်တွင် အဂ္ဂမိသခင်ကြီးက “ အို- ဟဆန်၊ အဆွေဟာ သူတော်ကောင်းတစ်ဦးဖြစ်ပါတယ်။ အရှင့်ကို ယုံကြည်မှုတွင် ပိုမိုတိုးတက်အောင်တော့ ကြံဆောင်ပါဦး”ဟု မိန့်ကြားလိုက်၏။

အခါတစ်ပါး၌ ဟဆန်သခင်ကြီးသည် ဟဗီးဗ်အဂ္ဂမိသခင်ကြီးထံသို့ ညနေဝတ်တက်ချိန်တွင် သွားရောက်ခဲ့၏။ ဆွလာတ်ဘာဝနာပွားများနေစဉ် အဂ္ဂမိသခင်ကြီးသည် ကျမ်းမြတ်ကုရ်အာန်မှ စကားလုံးတစ်လုံးကို မှားယွင်းစွာ အသံထွက်ရွတ်ဆိုမိသည်ကို ဟဆန်သခင်ကြီး ကြားလိုက်ရ၏။ ထိုအခါ ဟဆန်သခင်ကြီးက အဂ္ဂမိသခင်၏နောက်မှလိုက်၍ ဝတ်ပြုရန်မသင့်ဟုမှတ်ယူကာ သီးသန့်ဝတ်ပြုတော်မူခဲ့၏။ ထိုည၌တွင် ဟဆန်သခင်သည် အိပ်မက်အတွင်း၌ အရှင့်မိန့်ကြားချက်ကို ဤသို့ကြားနာခဲ့ရ၏။ “ **အို- ဟဆန်၊ သင်ဟာ ဟဗီးဗ်အဂ္ဂမိနောက်မှလိုက်၍ ဆွလာတ်ဘာဝနာပွားများခဲ့ပါမူ ငါအရှင်၏ ကျေနပ်နှစ်သက်မှု ရပေအံ့။ ထိုဘာဝနာတစ်ခုတည်းသည် သင့်ဘဝသက်တမ်းတစ်လျှောက် ပွားများခဲ့သည့် ဆွလာတ်ဘာဝနာအစုစုတို့ထက် သာလွန်မြင့်မြတ်ပေအံ့။ အဂ္ဂမိ၏အသံထွက် မှားယွင်းမှုကို အပြစ်ဟုအသင်ယူဆခဲ့ပြီး သူ၏နှလုံးသားစင်ကြယ်သန့်ပြန့်မှုနှင့် မြင့်မြတ်သိမ်မွေ့မှုကို သင်ဂရုမမူခဲ့ပေ။ အသင်မှတ်ထားလော့၊ ငါအရှင်သည် သန့်ပြန့် မွန်မြတ်သည့် နှလုံးသားကို ဌာန်ကရိုဏ်းကျနပီသသည့် ရွတ်ဆိုမှုထက် ပိုမိုလိုလားတော်မူသည်။”**

## ၃။ ဟာဇရဲသ် အဘူ ဟာဇင်မ် မက္ကီ

ဟာဇရဲသ် အဘူဟာဇင်မ်က ဤသို့အမိန့်ရှိ၏။

“ ကျွန်ုပ်အတွက်ပြဋ္ဌာန်းထားသည့် အရာမှန်သမျှသည် ထိုအရာများထံမှ ကျွန်ုပ်ထွက်ပြေးသည့်တိုင် ကျွန်ုပ်ထံသို့ ဆိုက်ရောက်လာမည်။ ကျွန်ုပ်အတွက်ပြဋ္ဌာန်းထားခြင်းမရှိသော အရာများကိုမူ ကျွန်ုပ်မည်မျှပင် ကြိုးစားအားထုတ်စေကာမူ ရရှိမည် မဟုတ်ပေ။”

## ၈။ ဟာဇရဲသ် ရာဗီယာ ဘစ္စရီသခင်မ

ရာဗီယာသခင်မ၏ မိဘနှစ်ပါးတို့မှာ အလွန်ဆင်းရဲကြသည့်အလျောက် သခင်မ မီးရှူးသန့်စင်ချိန်တွင် အိမ်၌ မီးအိမ်ထွန်းညှိရန် ဆီမရှိသည့်အပြင် သခင်မအား ပိုက်ထွေးထားရန် အနီးစ အတိုအထွာလေးမျှပင် မရှိချေ။

သခင်မသည် မိသားစုအတွင်း၌ စတုတ္ထမြောက် ကလေးဖြစ်၏။ သခင်မမယ်တော်က သခင်မ ဖခမည်းတော်အား အိမ်နီးနားချင်းများထံမှ ဆီအနည်းငယ်ချေးငှားရန်

မေတ္တာရပ်ခံခဲ့၏။ သို့သော် သခင်မ၏ ဖခမည်းတော်သည် ဘ၀သက်တမ်းတစ်လျှောက်လုံးတွင် အရှင်မှအပ မည်သည့်အရာကိုမှ မည်သူ့ထံကမျှ တောင်းခံခြင်း မပြုရန် သံဓိဋ္ဌာန်ချထားသည့် ပုဂ္ဂိုလ်မြတ်တစ်ဦးဖြစ်ပေသည်။ ဇနီးစိတ်ချမ်းသာမှုရစေရန် သခင်ကြီးသည် အိမ်နီးနားချင်း အိမ်တစ်အိမ်၏တံခါးကို အိမ်ရှင်များကြား၍ တံခါးဖွင့်ပေးနိုင်လိုက်အောင် မကျယ်စေဘဲ၊ ညင်သာစွာခေါက်ပြီးနောက် မိမိအိမ်သို့ ဆီမပါဘဲ ပြန်လာခဲ့၏။ ဇနီးသည်အား အိမ်နီးချင်းတို့ တံခါးဖွင့်မပေး၍ စိတ်ပျက်၊ လက်ပျက်နှင့် ပြန်လာခဲ့ကြောင်း ပြောပြ၏။ ထိုညတွင်ပင် မဟာတမန်တော်မြတ်ကြီးသည် အိပ်မက်အတွင်း၌ ကြွရောက်လာပြီး သခင်ကြီးအား " **ယခု မီးရှူးသန့်စင်ဖွားမြင်လာသည့် သမီးငယ်သည် အရှင့်အချစ်တော်ဖြစ်၍ အရှင်မြှောက်စားခံရသူတို့တွင် ပါဝင်၏။ မွတ်စလင်မ်မြောက်များစွာကို လွတ်မြောက်အောင်မြင်ရာလမ်းသို့ ဦးဆောင်ခေါ်ယူမည့် သူတော်မြတ်လည်းဖြစ်၏။ အသင်သည် ဘစ္စရာပြည့်ရှင်ထံသို့ အောက်ပါအချက်အလက်များ ပါဝင်သည့် တစ်စောင်ကိုပို့လော့**"ဟု မိန့်တော်မူ၏။ အဆိုပါစာမှာ–

" **ပြည့်ရှင်မင်း၊ မင်းကြီးသည် မဟာတမန်တော်မြတ်ထံပါးသို့ ညစဉ်ညတိုင်း 'ဒရွတ်'မေတ္တာအကြိမ်(၁၀၀၀)ပို့ဆက်ပြီး ကြာသပတေးညတိုင်းတွင်မူ အကြိမ် (၄၀၀၀) မေတ္တာဘာဝနာစီးဖြန်းလေ့ရှိပါသည်။ သို့သော် ကုန်လွန်ခဲ့သည့် ကြာသပတေးည၌ ဤကျင့်စဉ်ကိုဆောင်ရွက်ရန် အသင်မင်းကြီး ပျက်ကွက်ခဲ့၏။ သို့အတွက်ကြောင့် လျှော်ကြေးအနေဖြင့် ယခုစာယူလာသူအား ဒီနာ (၄၀၀)ပေးစေ။** "

ရာဗီယာသခင်မကြီး၏ဖခမည်းတော်သည် အထက်ပါ မဟာတမန်တော်မြတ်၏အမိန့်ကို ရရှိသောအခါ ချက်ချင်းအိပ်ရာမှထ၍ ဘစ္စရာပြည့်ရှင်ထံ မျက်ရည်များယိုစီးကာဖြင့် သွားရောက်ခါ အဆိုပါ စာချွန်လွှာကို တင်သွင်းလေ၏။

ဘုရင်ကလည်း မဟာတမန်တော်မြတ်ထံတော်မှ အထက်ပါ သတင်းစကားကို ကြားရသောအခါတွင် မိမိအား မဟာတမန်တော်မြတ် မပြတ်ရှုစားနေကြောင်းကို သိရှိသွားပြီး ဖရဏာပီတိ ဝမ်းဆီထိသလို ကြည်နူးဝမ်းမြောက်စွာနှင့် သူဆင်းရဲတို့အား ဒီနာငွေ(၁၀၀၀)နှင့် ရာဗီယာသခင်မကြီး၏ ဖခမည်းတော်အား ဒီနာငွေ (၄၀၀)ချီးမြှင့်တော်မူလိုက်၏။ ထို့နောက် ဖခမည်းတော်ကြီးအား အရေးကိစ္စရှိတိုင်း မိမိထံကြွရောက်ချီးမြှင့်ပါရန်နှင့် ဤကဲ့သို့ အရှင့်အချစ်တော်တစ်ပါးဖြစ်သည့် သခင်ကြွရောက်ခြင်းဖြင့် မိမိ၌များစွာအကျိုးဖြစ်ထွန်းမှာဖြစ်ကြောင်း ဘုရင်ကြီးက သခင့်ကို လျှောက်ထားလေ၏။

ရာဗီယာသခင်မကြီး၏ ဖခမည်းတော် ခန္ဓာဝန်ချ၍ အရှင့်ထံကြွမြန်းတော်မူပြီးနောက် ဘစ္စရာအရပ်တွင် မိုးခေါင်ရေရှားပြီး ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ရောက်လေ၏။ ရာဗီယာသခင်မနှင့် ညီအစ်မတစ်စုလည်း တစ်ကွဲတပြားစီ ကွဲသွားကြ၏။ ဤသို့နှင့် အခါတစ်ပါး၌ ရာဗီယာသခင်မသည် ခရီးသည်တန်းတစ်စုနှင့်အတူ ခရီးထွက်စဉ်

ခါးပြတိုက်ခံရ၏။ ထို့နောက် သခင်မကို ခါးပြဗိုလ်ကဖမ်းဆီးပြီး ဈေး၌ကျွန်အဖြစ်ရောင်းချလေတော့၏။ သခင်မကို ထိုကျွန်ဈေးမှ ဝယ်ယူခဲ့သူသည် သခင်မအား အလွန်များပြားလှသည့် အလုပ်ကြမ်းတို့ကို ခိုင်းစေ၏။

တစ်နေ့သောအခါ သခင်မကြီးသည် မိမိအလုပ်ရှင်ကခိုင်းစေလိုက်သည့် အလုပ်ကိစ္စတစ်ခုနှင့်မြို့တွင်းသို့သွားစဉ် လူဆိုးတစ်ဦးက သခင်မနောက်သို့ လိုက်လာ၏။ သခင်မလည်း လူဆိုးလက်တွင်းမှလွတ်ရန် ပြေးရင်းလွှားရင်းက ခြေချော်ကာလိမ့်ကျပြီး လက်ကျိုးသွား၏။ ထိုအခါ သခင်မက အရှင့်ထံ ဤသို့ဆုပန်၏။ **"အို– အရှင်၊ ကျွန်တော်မျိုးမမှာ မိဘမဲ့ဘဝနှင့် သူတစ်ပါးကျွန်အဖြစ်သို့ ရောက်နေရပါသည်။ ယခုတစ်ဖန် လက်ကျိုးခဲ့ရပြန်ပြီ။ သို့သော် အရှင်ကြည်ဖြူသည်ဆိုပါလျှင် ဤအဖြစ်တို့ကို ကျွန်မမပူပါ။ သို့အတွက်ကြောင့် အရှင်ကျေနပ်နှစ်သက်မှုရှိကြောင်းကိုမူ သိသာထင်ရှားစွာ ထုတ်ဖော်ပြသတော်မူပါ။"** ထိုအခါ အရှင့်ထံမှ ပြန်ကြားချက်ကို သခင်မသည် ချက်ချင်းဤသို့ကြားလိုက်ရ၏။ " **အချစ်တော်…ဤလောက၌ ကြုံတွေ့ရသော လူ့မှုဒုက္ခအပေါင်းတို့အား အာရုံမထားလေနှင့်၊ တရားစီရင်တော်မူသောနေ့တွင် ငါအရှင်သင့်အား ချီးမြှင့်မည့်အဆင့်အတန်းကို ကောင်းကင်တမန်ဗြဟ္မာအပေါင်းကပင် လိုလားတမ်းတရှိကြလိမ့်မည်။** "

သခင်မလည်း အရှင့်ထံမှ ပြန်ကြားချက်ကိုရပြီးနောက် အလုပ်ရှင်အိမ်သို့ပြန်ခဲ့၏။ အထက်ဖော်ပြပါ ဓမ္မရသအတွေ့အကြုံထူးကို ခံစားရပြီးနောက် သခင်မကြီးသည် ညစဉ်ညတိုင်း အိပ်စက်ခြင်းမရှိတော့ဘဲ၊ မိမိအလုပ်ရှင်၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ပြီးစီးသည်နှင့် တရားဘာဝနာနှင့်သာ မွေ့လျော်လျက်နေပေတော့သည်။ ဥပုသ်ရက်ရှည်များ စောင့်ထိန်းပြီး အဓိဋ္ဌာန်စခန်းများလည်း မပြတ်မလပ်ဝင်ခဲ့သည်။

တစ်ညတွင် သခင်မကြီး၏အလုပ်ရှင်သည် သန်းခေါင်ယံအချိန်၌နိုးလာပြီး သာယာနာပျော်ဖွယ်ရာရှိသည်နှင့်အမျှ ကြည်ညိုဖွယ်ရာ ဓမ္မရသဂုဏ်သတ္တိတို့နှင့် ပြည့်ဝနေသည့် ဝတ်တက်သံကိုကြားခဲ့ရ၏။ သခင်မကြီးက " အို– ကျွန်တော်မျိုးမတို့၏အရှင်၊ အရှင်၏အမိန့်ပညတ်တော်တို့ကို ပြင်းပြထက်သန်သောစိတ်ဆန္ဒဖြင့် ကျိုးနွံစွာနာခံဆောင်ရွက်လိုသည်ကိုလည်းကောင်း၊ အရှင်မြတ်အား စေတနာသဒ္ဓါတရားအပြည့်အဝနှင့် ဝတ်ပြုလိုသည်ကိုလည်းကောင်း၊ ကျွန်တော်မျိုးမ၏ ဉာဏစက္ခု၊ ဝိဇ္ဇာဉာဏ်အလင်း၏အရှင်ဖြစ်တော်မူသည့်အရှင်မြတ်သည် အသိဆုံးပင်ဖြစ်တော်မူပါ၏။ ကျွန်တော်မျိုးမသည် ကျွန်ဘဝမှလွတ်မြောက်၍ လွတ်လပ်သောသူတစ်ဦးဖြစ်ပါက အရှင့်ဘာဝနာကို နေ့ညမပြတ်စီးဖြန်းလျက်နေမည်သာဖြစ်ပါသည်။ သို့သော် အရှင်မြတ်က ကျွန်တော်မျိုးမကို လူသားတစ်ဦး၏ကျေးကျွန်အဖြစ် ထားရှိခဲ့သည့်အတွက် ကျွန်တော်မျိုးမ ဘာများတတ်နိုင်ပါမည်နည်းအရှင်"ဟု ဆုတောင်းနေသည်ကို ကြားတွေ့ရသည့်အပြင်တစ်ခန်းလုံး ထိန်ထိန်လင်းအောင် တောက်ပဝင်းလက်လျက်ရှိသောမီးခွက်တစ်ခုကို တစ်စုံတစ်ရာမှ ချိတ်ဆွဲထားခြင်းမရှိဘဲ လေထဲ၌ တည်တန့်နေ

သည်ကိုလည်းကောင်း မြင့်တွေ့လိုက်ရ၏။ ချက်ချင်းပင် အလုပ်ရှင်သည် သူတော်စင်တစ်ဦးအား အစေအပါးအဖြစ်ထားခြင်းမှာ အလွန်လွဲမှား၍ ရှိသေလေးမြတ်အပ်သည့် ပုဂ္ဂိုလ်ကို မခန့်ညားရာ ရောက်သည်ဟုဆုံးဖြတ်ခါ သခင်မကြီးကို မိမိကာသာလျှင် ရေပူရေချမ်းကမ်းလှမ်း၍ အလုပ်အကျွေးပြုအပ်သည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

နံနက်မိုးသောက်သောအခါတွင် အလုပ်ရှင်က သခင်မကြီးကိုခေါ်ယူပြီး၊ မိမိ၏ ဆုံးဖြတ်ချက်ကို လျှောက်ထား၏။ မိမိအိမ်၌ သခင်မကြီးသည် အရှင်သခင်အဖြစ် စံနေတော်မူပါရန်နှင့် မိမိကပြုစုစောင့်ရှောက်လိုပါကြောင်း သို့မဟုတ်ပါဘဲ သခင်မကြီး အနေဖြင့် ဤအိမ်၌ ◌နေလိုပါက ကျွန်အဖြစ်က သူကောင်းပြုမည်ဖြစ်ပြီး ကြွလိုရာသို့ ကြွမြန်းနိုင်ပါကြောင်း လျှောက်ထားလေ၏။ ထိုစကားကိုကြားရသောအခါသခင်မကြီးသည် ဆိတ်ငြိမ်ရာ၌သာ တစ်ဦးတည်းဘာဝနာပွားလိုကြောင်းဖြေကြား၏။ အလုပ်ရှင်ကလည်း သခင်မကြီးကြွလိုရာ ကြွနိုင်ပါကြောင်းခွင့်ပြုသဖြင့် သခင်မကြီးသည် တရားကျင့်ရန်အလို့ငှာ မိမိအလုပ်ရှင်အိမ်မှ ထွက်ခါလာခဲ့လေ၏။

အခါတစ်ပါး၌ ရာဗီယာသခင်မကြီးသည် ကအ်ဗာကျောင်းတော်ရှိရာသို့ ဓမ္မခရီးနှင်ခဲ့စဉ် သခင်မ၏ဝန်စည်စလယ်တို့ကို မြည်းအိုတစ်ကောင်ပေါ်၌တင်၍ သယ်ဆောင်လာ၏။ မြည်းအိုသည် လမ်းခုလပ်၌သေဆုံးလေရာ သခင်မနှင့်ပါလာသည့် အဖော်များက သခင်မ၏ဝန်စည်စလယ်တို့ကို ဝိုင်းဝန်းသယ်ပိုးပေးမည်ဟု အကူအညီပေးကြ၏။ သို့သော် သခင်မကြီးက လက်မခံခဲ့ပေ။ သခင်မကြီးသည် ဟဂ်ျဝတ်ပြုရန်ထွက်ခွာခဲ့စဉ်ကတည်းက အရှင်မြတ်၏ ကူညီစောင်မမှုကိုသာရည်မျှော်၍ အရှင့်ဘုန်းတော်ရိပ်သာခိုလှုံခဲ့သဖြင့် မည်သူ့အကူညီကိုမျှ သခင်မကြီး လက်မခံခဲ့ခြင်းဖြစ်၏။ ထိုအခါ ဟဂ်ျဝတ်ပြုသည့်ဓမ္မခရီးသည်တို့သည် သခင်မကြီးကို ထားရစ်ခဲ့ကာ ခရီးနောက်စခန်းသို့ ထွက်ခွာသွားကြ၏။

ဤတွင် ရာဗီယာသခင်မကြီးက အရှင့်ထံဆုပန်တော့၏။ “ အို– စကြဝဠာခပ်သိမ်းကို ပိုင်စိုးတော်မူသောအရှင်၊ ကျွန်တော်မျိုးမသည် ဆင်းရဲချိနဲ့၍ ခိုကိုးရာမဲ့ အားကိုးအားထားမရှိသည့် မိန်းမသားတစ်ဦးဖြစ်ပါသည်။ အရှင်မြတ်ကပင်လျှင် ဦးစွာ ကျွန်တော်မျိုးမကို အရှင့်အိမ်တော်ရာမြတ် ‘ကအ်ဗာ’ကို ဖိတ်ကြားခဲ့ပါသည်။ ယခု ကျွန်တော်မျိုးမ၏မြည်းကို အရှင်မြတ်က ဓိဝိန်ချုပ်စေပြီး ကျွန်တော်မျိုးမကို လူမနီး သူမနီးသည့် သဲကန္တာရလွင်တီးခေါင်၌ တစ်ဦးတည်းအထီးကျန်ဘဝနှင့် ထားခဲ့ပါသည်”ဟု ဆုပန်၍ပြီးဆုံးသည်နှင့် သေဆုံးသွားသောမြည်းသည် ပြန်လည်ရှင်ထလာ၏။ သခင်မကြီးလည်း မိမိအထုတ်အပိုးတို့ကို မြည်းပေါ်သို့ ပြန်တင်ကာ ခရီးဆက်ခဲ့၏။

ကအ်ဗာကျောင်းတော်မြတ် အနီးအပါးသို့ ချဉ်းကပ်လာသောအခါတွင် ရာဗီယာ

သခင်မကြီးသည် ဤသို့အရှင့်ထံ လျှောက်ထားပြန်၏။ " အို- အရှင်၊ ကျွန်တော်မျိုးမသည် သဲတစ်ဆုတ်မျှပင် တန်ဖိုးရှိသူမဟုတ်ပေ။ ကအ်ဗာကျောင်းတော်မြတ်မှာ ခိုင်ခန့်သည့်အိမ်တော်ဖြစ်ပါသည်။ သို့သော် ကျွန်တော်မျိုးမ၏ပန်းတိုင်မှာ အရှင့်အား မည်သည့်ကြားခံမျှမရှိဘဲ "ဘေဝပ်စ်တာ" ဖူးတွေ့ရန်ဖြစ်ပါသည်။ "

အရှင်မြတ်က ပြန်ကြားတော်မူသည်မှာ " အို- ရာဗီယာ၊ သင့်အတွက် ဤလောကကြီးကို ဖောက်ထိုးမိုးမျှော်ပြုလုပ်ခါ၊ ဝေနေယျတို့သွေးဖြင့်ရေးထားသော ကြမ္မာမှတ်တမ်း၌ သင့်အမည်ကို ကဗ္ဗည်းထိုးရမည်လော။ မူဆာသည်လည်း ငါ့အရှင်ကိုဖူးတွေ့နိုင်ရန် ကြိုးပမ်းခဲ့ကြောင်း အသင်မသိလေသလော၊ ငါ့အရှင်က 'နူရီ' ရောင်ခြည်တော် တစ်သွယ်မျှ ကွန့်မြူးလွှင့်ထုတ်စေရာ မူဆာ၌ လောကုတ္တရာရျာန်ဝင်စားပြီး သတိလစ်မေ့လျော့ခဲ့၏။ 'ဆီနိုင်း'တောင်မှာလည်း မဲနက်သည့် ပြာပုံအဖြစ်ရောက်ခဲ့သည် မဟုတ်လော။ "

နောက်တစ်ကြိမ် ဟဂျ်ပြုရန် ရာဗီယာသခင်မကြီး ခမ္ဘခရီးထွက်ခဲ့ရာ၌လည်း သဲကန္တာရတစ်နေရာအရောက်တွင် အရှင့်အိမ်တော်ဖြစ်သည့် ကအ်ဗာကျောင်းတော်ကြီးက သခင်မကိုကြိုဆိုရန် ရောက်ရှိလာကြောင်း အံ့သြဖွယ်ရာ တွေ့ရ၏။ သခင်မက အိမ်တော်ကိုကြည့်ပြီး " ကျွန်တော်မျိုးမ ဤအိမ်တော်ကို ဘာလုပ်ရမည်နည်း၊ အိမ်ပိုင်ရှင်ဖြစ်သည့်အရှင်မြတ်ကိုသာ တွေ့လိုပါသည်။ အရှင်မြတ်က သူ့ထံသို့ ခြေတစ်လှမ်းချဉ်းကပ်လာသူထံသို့ ခြေခုနှစ်လမ်းချဉ်းကပ်မည်ဟု မိန့်ထားသည် မဟုတ်ပါလော။ အိမ်တော်ကို တွေ့ရရုံဖြင့် ကျွန်တော်မျိုးမမှာ မကျေနပ်နိုင်ပါ၊ အရှင့်ကိုသာ ဖူးတွေ့လိုပါသည် "ဟု အရှင့်အား ပန်ကြားလေသည်။

ထိုအချိန်၌ပင် အိဗ်ရာဟီးမ်သခင်ကြီးသည်လည်း ဟဂျ်ပြုရန် ကအ်ဗာကျောင်းတော်သို့ ကြွမြန်းလာ၏။ သခင်သည် ဟဂျ်ပြုရန် ခရီးစထွက်စဉ်ကတည်းက ခြေတစ်လှမ်းကို 'ဆွလာတ်' ဘာဝနာ နှစ်ရကအတ်ပွားပြီးမှ တက်လှမ်း၏။ သို့အတွက်ကြောင့် ကအ်ဗာကျောင်းတော်ရှိရာသို့ရောက်ရန် ဆယ့်လေးနှစ်ကြာခဲ့၏။ မက္ကာသို့ ရောက်ပင်ရောက်ငြားသော်လည်း ကအ်ဗာကျောင်းတော်မြတ်ကို အိဗ်ရာဟီမ်အဟ်မဒ် သခင် ဖူးတွေ့ခွင့်မရခဲ့ပေ။ ကအ်ဗာကျောင်းတော်သည် သူ့နေရာ၌ ပျောက်ကွယ်လျက်ရှိ၏။ သခင်အလွန်ပင် စိတ်ပျက်သွားရှာလေသည်။ ထိုအခါအရှင့်ထံမှ "ကအ်ဗာကျောင်းတော်သည် ရာဗီယာသခင်မကြီးကို သွားရောက်ကြိုဆိုနေသည် " ဟူသည့် ဗျာဒိတ်တော် ကျရောက်လာ၏။

ထို့နောက် ကအ်ဗာကျောင်းတော်ကြီးပြန်ပေါ်လာပြီး ရာဗီယာသခင်မကြီးလည်း အသက်အရွယ်ကြီးရင့်သည့်အတွက် တုတ်ကောက်ကို အမှီပြုပြီး လျှောက်လှမ်းလာစဉ် အိဗ်ရာဟီမ်သခင်က " အို- ရာဗီယာ၊ အဘယ့်ကြောင့် အဆွေတော်၏ ထူးဆန်းထွေပြားပြီး သဘာဝမကျသည့်လုပ်ရပ်တို့ဖြင့် ဤလောကကြီး၌ ကပြောင်းကပြန် ဝရုန်းသုန်းကားဖြစ်အောင် ပြုလုပ်နေပါသနည်း"ဟု မေးမြန်းတော်မူ၏။

ရာဗိယာသခင်မက– " ဤအပြုအမူမျိုး ကျွန်မမလုပ်ခဲ့ပါ၊ အဆွေတော်သည် သာလျှင် လူသိရှင်ကြား ဟိုးလေးတစ်ကျော်ဖြစ်ကာ လူကြည်ညိုခံလိုသဖြင့် ကအ်ဗာ ကျောင်းတော်ရှိရာကို ဆယ့်လေးနှစ်ကြာညောင်းအောင် လာ·ခဲ့ခြင်း မဟုတ်ပါလော့"ဟု ပြန်ကြားတော်မူလိုက်၏။ အိဗ်ရာဟီမ်သခင်ကြီးက သူ၏ခရီးစဉ်တစ်လျှောက် ခြေလှမ်း တိုင်း၌ ဆွလာတ်ဘာဝနာတည်ဆောက်ပြီးလာပါကြောင်း ဝန်ခံပြောကြား၏။ ထို အခါ ရာဗိယာသခင်မကြီးက " အဆွေတော်က ခရီးလမ်းတစ်လျှောက် ဆွလာတ် ဘာဝနာပွားပြီးလာ၏။ ကျွန်ုပ်မှာမူကား ခရီးလမ်းတစ်လျှောက် ရိုကျိုးနိမ့်ချမှုနှင့် မာန်မာနကင်းစင်မှုတို့ဖြင့် လာခဲ့၏"ဟု ဖြေကြားတော်မူ၏။

သခင်မကြီးက နောက်တစ်နှစ်တွင်လည်း တစ်ကြိမ်ဟဂ်ျပြုရန် ကြွမြန်းခဲ့ရာ အရှင့်ထံတော်သို့ အရှင့်ကိုသာဖူးမြင်လိုကြောင်း (ပညတ်ကိုဖယ်၍ ပရမတ်ကိုသာ ဆိုက်ရောက်လိုကြောင်း) ဆုပန်၏။ ဤသို့ဆုပန်ပြီးနောက် မြေ၌လှူးလိမ့်ခါ ခရီး နှင်လေ၏။ ထိုအခါတွင် အရှင့်ဘက်မှ အမိန့်တော်ကျရောက်လာ၏။ " **အို– ရာဗိယာ သတိထားလော့၊ အကယ်၍ငါ့ရောင်ခြည်ကို ဖူးတွေ့ရပါက သင့်ခန္ဓာကိုယ်သည် ပြာပုံအတိဖြစ်သွားပေအံ့။** "

*ဘာသာပြန်သူမှတ်ချက် ။ ။ ရုပ် နာမ် ဓမ္မ သင်္ခါရတို့နှင့် ကင်းစင်လွန်မြောက် တော်မူထသော အသခ်တရှင်အား မံသစက္ခုဖြင့် ဖူးတွေ့ လိုသည်ဟု ရာဗီယာသခင်မက တောင်းခံနေခြင်းမဟုတ်ပါ။ တရားစခန်း၏ အဆုံးစွန် သောပန်းတိုင်ဖြစ်သည့် သစ္စာတရားအား ကိုယ်တွေ့ကြုံစုံမှု 'ဝစ္စာလ်'ဖြစ်ရေးအတွက် တောင်းခံနေခြင်းဖြစ်၏။*

ရာဗိယာသခင်မက ဤသို့လျှောက်ထား၏။ " **အို– အရှင်၊ အရှင်မြတ်၏ ဘုန်းတော်အနန္တကို ကျွန်တော်မျိုးမ ခံနိုင်ရည်စွမ်းမရှိပါ။ အရှင့်အပါးသို့ ချဉ်းကပ် ခွင့်ရမည့် 'ဖကီရီ'အဖြစ်ကိုသာ ချီးမြှင့်တော်မူပါ။** "

အရှင်မြတ်က ဤသို့ ထပ်မံပြန်ကြားပြန်၏။

" **အို– ရာဗိယာ၊ ဖွကီရီအဖြစ်အတွက် အသင်မ မထိုက်တန်သေးပါ။ မြင့်မြတ်လှသည့် ဖကီရီဂုဏ်ပုဒ်ကို ရရှိရန်အတွက် သူတော်စင်မြောက်များစွာတို့သည် 'မသေမီ သေခဲ့ကြ၏'။** "

*ဘာသာပြန်သူမှတ်ချက် ။ ။ မဟာမန်တော်မြတ် ဩဝါဒတော်ဖြစ်သည့် မိမိခန္ဓာ တွင်းမှ 'ငါ'တည်းဟူသော အတ္တနှင့် ကိလေသာ အဝိဇ္ဇာ၊ တဏှာစသည်တို့ကို သေစေခြင်းဟူလို။)*

ထိုအရဟတ်တို့သည် ငါအရှင်အတွက် မာန်မာနနှင့်လိုအင်ဆန္ဒမှန်သမျှ စွန့်လွှတ် ခဲ့ကြ၏။ ထိုငါ၏အချစ်တော်တို့နှင့်ငါ၏အကြား၌ ဆံခြည်မျှင်တစ်မျှင်စာမျှသာ ကွာ ခြားတော့၏။ ဤကဲ့သို့သောပုဂ္ဂိုလ်မြတ်တို့ကိုပင်လျှင် ပထမဦးစွာငါအရှင်၏အနီးအပါး၌

သာခံစားခွင့်ပြုခဲ့ပြီး၊ ထိုသူတော်စင်တို့ ငါ(အလ္လာဟ်)စခန်းသို့ရောက်အောင် ကြိုးပမ်းကြသည့်အခါတွင်မူ ငါနှင့်အလှမ်းဝေးရာ၌ ယင်းတို့အား ထားတော်မူခဲ့၏။

*ဘာသာပြန်သူမှတ်ချက် ॥ ॥ အရှင့်စခန်း၌ ခိုဝင်ရောယှက်ပေါင်းဖက်မည့် အဆင့်သို့ ရောက်နေသည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့အား အရှင်၏စမ်းသပ်မှုဖြစ်၏။*

သို့ဖြစ်ရာ " **အို– ရာဗီယာ၊ သင်နှင့်ငါအကြား အကာအဆီးပေါင်း (၇၀)မျှရှိသေး၏။ ဤအကာအဆီးများကို ခွာချပြီး သစ္စာရာပုံတော်ကို သန့်စင်မှန်ကန်သည့်နှလုံးသားဖြင့် မဖွင့်သေးသမျှ ကာလပတ်လုံး သင်မကို 'ဖကီရီ' တစ်ဦးအဖြစ် ငါမသတ်မှတ်နိုင်သေးပေ။**"

*ဘာသာပြန်သူမှတ်ချက် ॥ ॥ တရားစခန်းဆုံးတိုင် ပေါက်မြောက်ရန်အတွက် ရာဗီယာ သခင်မကြီးကဲ့သို့ အကျင့်သီလမြင့်မြတ်သည့် သူတော်စင်ကြီးပင်လျှင် ထပ်မံကြိုးစားအားထုတ်ရန် ရှိနေသေးသည်ဆိုပါလျှင် သာမန်ပုထုဇဉ် လူသားတစ်ဦးအတွက် လွယ်လွယ်ကူကူ ပေါ့ပေါ့ဆဆ ကျင့်ရုံမျှဖြင့် တရားမရနိုင်ကြောင်း အသိပေးထားချက်ဖြစ်၏။*

ထို့နောက် ရာဗီယာသခင်မကြီးကို မိုးကောင်းကင်သို့မော့ကြည့်ရန် အရှင်မြတ်က အမိန့်ပေးလိုက်၏။ သခင်မကြီးကြည့်လိုက်သောအခါတွင် မြင်ကွင်းတစ်ခုလုံး ပြောင်းလဲသွား၏။ အလွန်ထူးခြားဆန်းကျယ်သောမြင်ကွင်းကို သခင်မကြီး မြင်တွေ့ရ၏။ ကောင်းကင် ပြင်တစ်ခွင်လုံးတွင် သွေးပင်လယ်ကြီးလှိုင်းတံပိုးထန်ကာ အရှိန်အဟုန်နှင့် စီးဆင်းနေ၏။ အရှင်မြတ်က ဤသို့ဗျာဒိတ်တော်မူပြန်၏။ " **အို– ရာဗီယာ၊ ဤသွေးများသည် ငါ့ အချစ်တော်များ ငါနှင့်ကွေကွင်းမှုဒဏ်ကြောင့် ယိုစီးခဲ့ရသည့် သွေးမျက်ရည်များဖြစ်သည်။ သူတို့သည် မည်မျှပင် ခက်ခဲဆင်းရဲပင်ပန်းသည့် ဆင်းရဲဒုက္ခစမ်းသပ်မှုတို့နှင့် တွေ့ကြုံရစေကာမူ လောကဒဏ်ကို ကြံ့ကြံ့ခံ၍ ငါအရှင်သတ်မှတ်ပြဋ္ဌာန်းထားသည့် လမ်းမှ တစ်လက်မမျှပင် သွေဖီခြင်းမရှိသည့်အပြင် ငါအရှင်မှလွဲ၍လည်း မည်သည့်အရာကိုမျှ လိုလားတောင့်တခြင်း မရှိခဲ့ပေ။ သူတို့သည် ငါအရှင်၏လမ်း၌ ပထမဦးဆုံး ခြေလှမ်း စလမ်းစဉ်ကပင် ဤဘဝ နောင်ဘဝ နှစ်ဌာနစလုံးအတွက် အလိုဆန္ဒ ရမ္မက်စသည့် တောင့်တ ကြောင့်ကြမှုတို့အား ကျော်လွှား လွန်မြောက်နိုင်ခဲ့သူများဖြစ်၏။ လောကီအာရုံကာမဂုဏ်တို့ကို ကျောခိုင်းကာ ပလွှား မှုကင်းစွာဖြင့် ရိုးရိုးရှင်းရှင်း နေခဲ့သဖြင့် ထင်ပေါ်ကျော်ကြားမှုလည်းမရှိ၊ လူလည်းမသိဘဲ ရှိခဲ့၏။ ထိုသူတို့သည် ဤကဲ့သို့ လောကအလယ်၌ ထင် ပေါ်ကျော်ကြားလူသိများမှုကို ရွံမုန်းသူများလည်း ဖြစ်၏။** "

အရှင့်အမိန့်တော်ကို ကြားသိရပြီးနောက် ရာဗီယာသခင်မကြီးသည် မိမိအား ကအ်ဗာကျောင်းတော်၌ တရားအားထုတ်ကာ ဘဝနိဂုံးချုပ်ခွင့်ကို အရှင့်ထံတောင်းခံ

ပြန်၏။ ဤသို့ပြုရန်ကိုလည်း အရှင်မြတ်က ခွင့်မပြုခဲ့ပေ။ ဘစ္စရာမြို့သို့ပြန်၍ သတ္တဝါအကျိုးပြုလုပ်ငန်းနှင့် တရားဘာဝနာအေးချမ်းငြိမ်သက်စွာ စီးဖြန်းရန်ကိုသာ အရှင်မြတ်ခွင့်ပြုခဲ့၏။

တစ်နေ့သ၌ ရာဗီယာသခင်မကြီးသည် မိမိတဲအိမ်ထဲ၌ အစာစားသုံးရန် ပြင်ဆင်နေစဉ် သူတော်ကောင်းတရားကျင့်နေသူပုဂ္ဂိုလ်တစ်ပါး ရောက်ရှိလာ၏။ ရာဗီယာသခင်မသည် ဧည့်ဝတ်ကျေပွန်စေခြင်းငှာ မုန့်နှစ်ချပ်ကို သူတော်စင်ရှေ့၌ တည်ခင်းလိုက်၏။ သခင်မအတွက် စားရန်မုန့်မကျန်တော့သဖြင့် သူတော်စင်မှာ အံ့အားသင့်ခဲ့၏။ အတန်ကြာသောအခါတွင် မိန်းမပျိုတစ်ဦးမုန့်ဘန်းကြီးတစ်ခုကို သယ်ဆောင်ကာ သူမ၏အလုပ်ရှင်က သခင်မကို လှူဒါန်းရန်အတွက် ပေးလိုက်ကြောင်း ပြောကြား၏။ ရာဗီယာသခင်မက မုန့်အရေအတွက်မည်မျှယူလာသနည်းဟုမေးမြန်းရာ (၁၈)ချပ်ဟုဖြေကြားသောအခါ ရာဗီယာသခင်မက မုန့်များကိုလက်မခံဘဲ ပြန်ယူသွားရန် မိန့်တော်မူ၏။ မိန်းမပျိုလည်း မုန့်များကိုပြန်ယူသွားကာ အတန်ကြာသောအခါ တွင် ပြန်ယူလာလေ၏။ ရာဗီယာသခင်မကြီးက မုန့်အရေအတွက် (၂၀)ချပ်ဖြစ်ကြောင်း ကြားသိရသောအခါတွင် လက်ခံယူလိုက်၏။ သူတော်စင်ဧည့်သည်က သခင်မကြီးအား ပထမအကြိမ် ငြင်းပယ်ခြင်းနှင့် ဒုတိယအကြိမ်လက်ခံလိုက်ခြင်း အကြောင်းတို့ကို မေးမြန်းလျှောက်ထား၏။ သခင်မကြီး " **ကျမ်းမြတ်ကုရ်အာန်၌ အရှင်မြတ်သည် အရှင့်နာမတော်ဖြင့် လှူဒါန်းမှုပြုပါလျှင်တန်ပြန်အကျိုး (၁၀)ဆ ချီးမြှင့်မည်ဟု မိန့်ဆိုထား၏။ ကျမ်းမြတ်ကုရ်အာန်လာ တရားတော်နှင့် ညီညွတ်သည့်အခါမှ ကျွန်ုပ်လက်ခံခဲ့ခြင်းဖြစ်၏** "ဟု ဖြေကြားတော်မူလေသည်။

တစ်နေ့သ၌ ရာဗီယာသခင်မကြီး မုန့်ပြုလုပ်ရန်ပြင်ဆင်နေ၏။ သခင်မကြီး ၌ ဟင်းသီးဟင်းရွက်များ မရှိကြောင်း သခင်မကြီး ရုတ်တရက် သတိရစဉ်အခိုက်၌ ပင် အမိုးပေါ်မှ ကြက်သွန်ဥများ ကျရောက်လာ၏။ သခင်မကြီး ကြက်သွန်ဥများကို ကန့်ကွက်ပြီး " အို- မာရ်နတ်၊ သင်၏ကလိန်ကကျစ်ဉာဏ်နီ ဉာဏ်နက်နှင့် လာမရှုပ်နှင့်၊ ငါ၏ရှင်သည် ကြက်သွန်ဆိုင်ဖွင့်ထားသည်ဟု အသင်ဆိုချင်သလော"ဟု မိန့်ကြားတော်မူ၏။

ရာဗီယာသခင်မကြီးက- " ကျွန်ုပ်သည် အရှင့်ထံမှအပ မည်သည့်အရာ ကိုမျှ မည့်သူ့ထံကမှ တောင်းခံခြင်းမရှိခဲ့သလို၊ အရှင့်ထံမှအပ မည်သူ့ထံကမျှ မည်သည့်ရာကိုမှ လက်ခံဖူးခြင်းလည်း မရှိပါ"ဟု မိန့်ဆိုလိုက်၏။

အခါတစ်ပါး၌ ဟဆန်ဘစ္စရီသခင်ကြီးသည် ရာဗီယာသခင်မကြီးအား တောရိုင်း

တိရိစ္ဆာန်များက မေတ္တာစိတ်အပြည့်အဝပါသော အကြည့်ဖြင့်ကြည့်ကာ ဝိုင်းရံထား ကြောင်းတွေ့ရ၏။ ဟဆန်ဘစ္စရီသခင်ကြီးအနီးအပါးသို့ ချဉ်းကပ်လာသောအခါတွင်မူ အဘယ့်ကြောင့် တိရိစ္ဆာန်များ ထွက်ပြေးကြသနည်းဟု မေးမြန်းသောအခါ ရာဗီယာ သခင်မကြီးက " အဆွေတော်၊ ယနေ့ ဘာစားခဲ့သနည်း"ဟု မေးမြန်း၏။ ဟဆန် သခင်က အသားစားခဲ့ကြောင်း ဖြေကြားသောအခါ သခင်မကြီးက " သူတို့အသား ကိုစားတဲ့သူထံပါးက သူတို့ထွက်ပြေးကြတာပေါ့။ ကျွန်ုပ်ကတော့ မုန့်ခြောက်ပဲ စားပါတယ် " ဟု ဖြေကြားခဲ့လေသည်။

ဟဆန်ဘစ္စရီသခင်ထံသို့ ရာဗီယာသခင်မကြီး ကြွရောက်ခဲ့သောနေ့တစ်နေ့၌ ဟဆန်သခင်ကြီးသည် အရှင်နှင့်ကွေကွင်းရသည့်အဖြစ်အတွက် ငိုကြွေး ဆွေးမြေ့စွာ ငိုကြွေးလျက်ရှိ၏။ ဟဆန်သခင်သည် အိမ်ရှေ့ရှိမြောင်းအတွင်း၌ မျက်ရည်များ တသွင်သွင်စီးလောက်အောင် သည်းထန်စွာငိုကြွေးလျက်ရှိ၏။ ဟဆန်သခင်၏ အနေ အထားကို မြင်တွေ့ရသော ရာဗီယာသခင်မကြီးက " သင့်ခံစားချက်ကို ဖော်ထုတ် ပြသခြင်းအဖြစ်သို့ မရောက်အောင် ထိန်းချုပ်ပါလော့။ သို့မှသာလျှင် အသင့်အဇ္ဈတ္တ သန္တာန်အတွင်း၌ အရှင့်အချစ်နှင့်ပြည့်နက်နေပြီး အသင့်နှလုံးသားသည် အရှင့်အချစ် ထဲ၌ နစ်မွန်း၍နေမည်ဖြစ်ရာ ယင်းကို မည်သည့်နေရာတွင်ရှိသည်ကို ရှာဖွေ၍ပင် တွေ့နိုင်မည် မဟုတ်ချေ"ဟု ဝေဖန်တော်မူ၏။

---

သူတော်စင်တို့၏ဓမ္မသဘင်၌ ရာဗီယာသခင်မကို တွေ့ရှိရသော ဟဆန်သခင် သည် တဒင်္ဂလောက် ကျော်ကြားလိုစိတ် ပေါ်ပေါက်နိုးဆွလာမှုကြောင့် သခင်မ အပါးသို့ချဉ်းကပ်ကာ " အို- ရာဗီယာ၊ ဤဓမ္မသဘင်ကို စွန့်ခွာပြီး ကျွန်ုပ်နှင့် နှစ်ယောက်ရေပြင်ပေါ်တွင်ထိုင်၍ တရားနှီးနှောကြရအောင်"ဟု ဆို၏။ ဤသို့ပြော ခြင်းမှာ ဟဆန်သခင်က သူ၏ဈာန်အဘိညာဉ်တန်ခိုးတို့ကို အခြားသူတို့ရှေ့၌ ဖော်ထုတ်ပြသလို၍ဖြစ်၏။ စိတ်ကြီးလေးပါးမှ ရေစိတ်အား ထိန်းချုပ်အောင်နိုင် သည့်စွမ်းပကားကို အရှင်မြတ်က ချီးမြှင့်ထားသဖြင့် ရေရှုခရစ်တော် ရေပေါ်လမ်း လျှောက်နိုင်သည့်သကဲ့သို့ ဟဆန်သခင်သည်လည်း ရေပေါ်၌ လှုပ်ရှားသွားလာနိုင်၏။

ရာဗီယာသခင်မက " အို- ဟဆန်၊ ဤအသေးအဖွဲကိစ္စလေးများကို ဘေး ချိတ်ထားလိုက်ပါ။ အဆွေဟာ တစ်ကယ်ပင် ဤသူတော်စင်အသိုင်းအဝိုင်းကို ဖယ်ကျဉ်လိုပါလျှင် ကျွန်ုပ်နှင့် မိုးပေါ်သို့ ဈာန်ဖြင့်ပျံကြွကာ တရားဆွေးနွေးရအောင်" ဟုဆိုရာ ဟဆန်သခင်မှာ စိတ်မကောင်းဖြစ်သွား၏။ အဘယ့်ကြောင့်ဆိုသော် ရာဗီယာသခင်မကဲ့သို့ ဟဆန်သခင်မှာ မိုးပေါ်သို့ ဈာန်ပျံနိုင်ခြင်း မရှိသေးသောကြောင့် တည်း။ ဟဆန်သခင် နောင်တသံဝေဂရ၍ သတိပြန်လည်လာချိန်တွင် ရာဗီယာသခင်မ က ဤသို့တရားပေးတော်မူ၏။ " အဆွေတော် ရေပေါ်လျှောက်နိုင်သလို ငါးများလည်း ပြုလုပ်နိုင်ပါတယ်။ ကျွန်ုပ်မိုးပေါ်ပျံနိုင်သလို ခြင်ငယ် ယင်ငယ်ကလေးများလည်း

ပျံ့နိုင်ပါတယ်။ တစ်ကယ့်သစ္စာတရားဟာ ဈာန်အဘိညာဉ်တန်ခိုးသိဒ္ဓိနောက်သို့လိုက်ခြင်းကို ကျော်လွှားလွန်မြောက်ပါတယ်။ ဒါ့ကြောင့် သစ္စာတရားကို မာန်မာန နှိမ့်ချမှုနှင့် ရိုကျိုးနှိမ့်ချမှုတို့နှင့် ရှာကြံပါလော့။"

ရာဗီယာသခင်မကို အိမ်ထောင်ဖက်အဖြစ် ရွေးလက်ဆက်ရန် တစ်စုံတစ်ယောက်က ကမ်းလှမ်းလာရာ သခင်မကြီးက " မိမိကိုယ်မိမိပိုင်ဆိုင်ပြီး သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်သည့်သူများသာလျှင် အိမ်ထောင်မှုကိုပြုနိုင်ပါသည်။ သို့သော် ကျွန်ုပ်မှာမူ ကျွန်ုပ်၏ဘဝနှင့် ရုပ် နာမ် ခန္ဓာကို ပိုင်စိုးသူ မဟုတ်ပါ။ ထိုအရာတို့မှာ အရှင်မြတ်ပိုင်ဆိုင်သော အရာများသာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ပိုင်ရှင်အစစ်ဖြစ်သော အရှင်မြတ်ထံမှသာ ကျွန်ုပ်နှင့်အိမ်ထောင်ပြုလိုမှုကို တောင်းခံပါလော့"ဟု ဖြေကြားခဲ့၏။

ဟဆန်ဘစ္စရီသခင်က ရာဗီယာသခင်မကို ဤမျှမြင့်မားသည့်ဉာဏ်စဉ်နှင့် ဓမ္မစခန်းတို့ကို မည်သို့ပေါက်ရောက်ခဲ့ပါသနည်းဟုမေးမြန်းရာ သခင်မက " မတည်မြဲသည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့၏ ဖြစ်တည်မှုသည် ခေတ္တခဏမျှသာဖြစ်ပြီး ပရမတ်သဘောတွင် ဖောက်ပြန်ပြောင်းလဲ မခိုင်မြဲကြောင်းကို အသခ်တအရှင်၏ ဂုဏ်တော်ပွားရင်း ဉာဏ်ဝင်စားခြင်းဖြင့် ရရှိလေသည်"ဟု ပြောကြားခဲ့သည်။

ရာဗီယာသခင်မအား တစ်ခါက " သခင်မ ဘယ်ကလာပါသနည်း"ဟု မေးခဲ့ရာ သခင်မက " အရှင့်ထံမှလာ၍ အရှင့်ထံသို့ မုချပြန်ရပေမည်"ဟု ဖြေကြားခဲ့၏။ (လာလမ်းနှင့်ပြန်လမ်းကို သခင်မ ဖွင့်ပြခဲ့ခြင်းဖြစ်၏။ )

မဟာတမန်တော်မြတ် မုဟမ္မဒ်(ဆွ)သည် ရာဗီယာသခင်မအား အိပ်မက်အတွင်း၌ကြွရောက်၍ ကိုယ်တော်အား အဆွေတော်အဖြစ်အချစ်ထားပါသလောဟု မေးမြန်းခဲ့၏။ သခင်မက " ကိုယ်တော်ကို ဤကဲ့သို့ မည်သူက အသိအမှတ်မပြုဘဲ နေနိုင်ပါအံ့နည်း။ သို့သော် ကျွန်တော်မျိုးမမှာမူ မည်သို့မျှ မတတ်နိုင်ပါ။ အရှင်မြတ်ကို ချစ်မြတ်နိုးမှုသည် ကျွန်တော်မျိုးမ၏ ခန္ဓာကိုယ်မွေးညှင်းပေါက်ကလေးများ၌ပင် ပြည့်လျှံ၍ရှိနေရာ ကိုယ်တော်အားချစ်ဖို့ရန်အတွက်လည်းကောင်း မာရ်နတ် ရှိုင်တွာန်အား မုန်းရန်အတွက်လည်းကောင်း ကျွန်တော်မျိုးမ၏နှလုံးသား၌ နေရာမရှိတော့ပေ"ဟု ဖြေကြားခဲ့၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ ဉာဏ်စဉ်အလွန်မြင့်မားသည့်သူတော်စင်တို့ ဥဒါန်းကျူးရင့်မှုတို့မှာ သာမန်ပုထုဇဉ်တို့၏နား၌ မဆန့်ဘဲ*

တလွဲအဓိပ္ပါယ်ထွက်တတ်ပေသည်။ ဤကျမ်းကိုပြုစုသူ ဖရီဒွသ်ဒီးန် အတ္တားရ်သခင်ကြီးမှာ ဤကျမ်းကို ပြုစုရာ၌ 'ပီရ်' 'မွရ်ရှိဒ်'၏ လမ်းညွှန်ချက်ကို ရရှိပြီးဖြစ်သည့် လမ်းလိုက်သူ 'ဆာလစ်က်'ဓမ္မခရီးသည်တို့အတွက်ရည်စူး၍ ထိပ်တန်းသူတော်စင်တို့၏ အထက်တန်းတရားတို့အား မှတ်တမ်းတင်ထားခြင်း ဖြစ်ဟန်တူ၏။ ထိုသို့ အထိန်းအကျောင်းရှိသည့် လမ်းလိုက်သူများအတွက်မူ တလွဲအဓိပ္ပါယ်ကောက်မှုမျိုး မဖြစ်နိုင်ပေ။ သို့ရာတွင် အနည်းငယ်ရှင်းပြပါအံ့။

အထက်ပါ ဥဒါန်းကျူးရင့်မှု၌ ရာဗီယာသခင်မကြီးသည် မဟာတမန်တော်မြတ်အား အချစ်မထားဟုဆိုလိုခြင်း လုံးဝမဟုတ်ပေ။ ပုထုဇဉ်လူသား၏စိတ်အစဉ်တွင် သာမန်သမာဓိ မတည်ငြိမ်သည့်အခါများ၌ စိတ်ကလေးများသည် စက္ကန့်ပိုင်းအတွင်း အမျိုးမျိုးရောက်တတ်ရာရာ ပြောင်းလဲဖြစ်ပေါ်နေတတ်၏။ သို့သော် ယင်းစိတ်တို့မှာ တစ်ခုပြီးမှတစ်ခုဖြစ်ပေါ်၏။ စိတ်တစ်ခုဖြစ်ပေါ်နေချိန်တွင် နောက်စိတ်တစ်ခုမဖြစ်သေးပါ။ ပထမစိတ်ပျောက်သွားမှ နောက်စိတ်တစ်ခုက ယင်းနေရာတွင်ယူ၏။ သို့ရာတွင် ယင်းဖြစ်စဉ်မှာ မြန်ဆန်လွန်းသဖြင့် စိတ်အမြောက်အများတစ်ပြိုင်တည်းဖြစ်နေသည်ဟု ထင်မှတ်မှားတတ်၏။ သမာဓိရင့်ကျက်သူတစ်ဦး၌မူ စိတ်အာရုံတစ်ခုကို ကြာရှည်စွာ စူးစိုက်ထားနိုင်၏။ ယင်းစိတ်အာရုံတည်နေချိန်တွင် အရှင်မြတ်ပြဋ္ဌာန်းထားသည့် စိတ်သဘာဝအရ နောက်စိတ်အာရုံသစ်တစ်ခုသည် မည်သို့မျှ ဖြစ်တည်ပေါ်ပေါက်ခြင်း မဖြစ်နိုင်ချေ။ ထို့ကြောင့် ဆူဖီသူတော်စင်တို့က ကေသရာဇာခြင်္သေ့မင်းတို့မည်သည် တစ်ဂူတည်း၌ နှစ်ပါးမအောင်းကောင်းသကဲ့သို့ 'ကလာဗ်'တည်းဟူသော ဓမ္မာရုံတို့တည်ရာ ဟဒယနှလုံးသား၌လည်း လောကီစိတ်နှင့် လောကုတ္တရာစိတ်တို့ ပြိုင်တူမတည်နိုင်ဟု မိန့်ဆိုလေ့ရှိ၏။ သူတော်စင်တို့၏ ဉာဏ်စဉ်တွင် ဓမ္မစခန်းအမျိုးမျိုးရှိ၏။ ဥပမာ–

**'ဖနာဖိလ်ဝါဂျူဒ်'** ဟူသည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့မှာ မမြဲဟူသည့်အသိ လွှမ်းခြုံနေသော ဉာဏ်စဉ်စခန်း။

**'ဖနာဖိလ် ရှိက်ခ်'** ဟူသည့် မိမိဥပဇ္ဈာယ်ဓမ္မလမ်းညွှန်ဆရာသခင်၏ အကျင့် ဓာဂ သီလ သမာဓိ ပညာတို့ကို ဖဝါးခြေထပ်လိုက်ကာ ကျန်အရာအားလုံးတို့ အာရုံတွင် မဝင်ဆန့်နိုင်သည့် ဉာဏ်စဉ်စခန်း။

**'ဖနာဖိလ် ရစူလ်'** ဟူသည့် မဟာတမန်တော်မြတ်ကြီး၏ ထုံးဓလေ့တော်ကို ဦးထိပ်ပန်ဆင်ကာ ကိုယ်တော်၏ပရမတ်ဓါတ်ခံ ဇာတိပကတိအမှန်နှင့် တသားတည်းကျနေရန် ဆံခြည်မျှင်တစ်မျှင်စာမျှပင် အတိမ်းအဆောင်းမခံဘဲ လိုက်နာကျင့်သုံး ဆောက်တည်နေသဖြင့် ကျန်မည်သည့်အရာမျှ ဉာဏ်မဝင်ဆန့်နိုင်သည့် ဉာဏ်စဉ်စခန်း။

**'ဖနာဖိလ်လွာဟ်'** ဟူသည့် ဖြစ်ပျက် အနိစ္စ သင်္ခါရတို့ လုံးဝကင်းစင်လွန်မြောက်သည့်အရှင့်စခန်းကို ဉာဏ်ဝင်စားခြင်းဖြင့် ကျန်အရာအားလုံးတို့ မိမိအာရုံတွင် မထင်ဟပ်နိုင်ဘဲ ကွယ်ပျောက်နေသည့် ဉာဏ်စဉ်စခန်း၊ 'ဇေသ်'ကိုသာ အသိအမှတ်

ပြု၍ 'ဆွေဖယ်'ကို မမြင်သည့်စခန်း၊ ပရမတ်က ပညတ်ကိုကွယ်နေသည့်စခန်း။ 'ဘကာဘိလ္လာဟ်' ဟူသည် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ပဋိသန္ဓေနေခြင်းကင်းသည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့နှင့် မအပ်စပ်သည့် ဇာတိ ဇရာ ဗျာဓိ မရဏာတို့ကို ကျော်လွှားလွန်မြောက်သည့် ဓမ္မံ ဓမ္မိဿရ အသခ်တ၏မြဲသောအဖြစ်၌ ခိုလှုံရောယှက် ပေါင်းဖက်မိပြီဖြစ်၍ ဖနာအားလုံးကို ဖနာလုပ်သည့် 'ဖနာအလ်ဖနာ' ဉာဏ်စဉ်စခန်း ဖြစ်သည်။ ယင်း'တောင်ဟီဒ်'ဝိဇ္ဇာဉာဏ်တည်းဟူသောဖောက်ပြန်ပြောင်းလဲမှုကင်းစွာ တည်မြဲသည့် ဉာဏ်စဉ်ပေါက်နေသူသည် အရှင်မှအပဖြစ်သော 'ဂိုင်းရ်အလ္လာဟ်' 'မာစိဝလ္လာဟ်'ဟူဟူသမျှ မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ စိတ်အာရုံတွင် ဝင်ဆံ့နိုင်မည် မဟုတ်ချေ။

ရာဗိယာသခင်မသည် "ဘကာဘိလ္လာဟ်'ဓမ္မစခန်း၌ ဉာဏ်ဝင်စားနေချိန်တွင် အထက်ပါအတိုင်း အလ္လာဟ်မှအပဖြစ်သော မည်သည့်ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာကိုမျှ ဉာဏ်မဝင်ဆံ့နိုင်ပါကြောင်း ဓမ္မဥဒါန်းကျူးရင့်လိုက်ခြင်းဖြစ်ပါသည်။

ရာဗိယာသခင်မကို လူအများကမေးကြ၏။ " သခင်မ ကိုးကွယ်ဆည်းကပ် နေသည့်အရှင်ကို သခင်မ မြင်တွေ့ရပါသလား"၊ သခင်မက " အဲဒီ အရှင်ကို မမြင်ရလျှင် ငါသူ့ကို ကိုးကွယ်မည်မဟုတ်ပါ"ဟု ဖြေကြားခဲ့၏။

ဘာသာပြန်သူမှတ်ချက် ။ ။ ရုပ် နာမ် ဓမ္မ သခ်ါရတို့နှင့် ကင်းစင်လွန်မြောက် သည့် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ပဋိသန္ဓေနေခြင်း ကင်းရာဖြစ်သည့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာစသည့် သခ်တဘုံသား လားလားမျှမဟုတ်သည့် လူ့ခွင်နတ်ရွာ ဗြဟ္မာနှစ်ဆယ် အရပ်ဝယ်၌ ဘယ်အခါကာလ ဘဝပဋိသန္ဓေ မနေစဖူး အထူးဝိသေသအနန္တရ အစအဆုံး လုံးလုံးကင်းစင် လူရှင် ရဟန်းတို့ ကြိုးပမ်းသော ဒါနသီလ ဘာဝနာ ပါရမီမဖြည့် ပြကတေ့အလိုလို ကိုယ် တော်တိုင်ထင်ရှားသော လူဆွေလူမျိုး နတ်မျိုးနတ်နွယ် နှစ်ဆယ်ဗြဟ္မာ အဝိဇ္ဇာမကင်း မသန့်ရှင်းသော ဘဝသုံးရပ်သူတို့နှင့် အနှုမြူမျှမဆိုင် မြင့်မြတ်သော မဟာမုနိန္ဒ အမိ အဖ ဆရာ မိမိထက်ဂုဏ်ထူးသောသူ ဘယ်အခါမရှိ ဇာတိ ဇရာ ဗျာဓိ မရဏာ ဒုက္ခလေးမျိုး မယှက်မစပ် အမြတ်တကာ အတုလံ ဓမ္မံ ဓမ္မိဿရဖြစ်တော်မူသည့် အလ္လာဟ်အရှင်မြတ်ကို ရာဗိယာသခင်မကြီးက မံသစက္ခုဖြင့် ဖူးတွေ့ရသည်ဟု ဆိုခြင်းမဟုတ်၊ သစ္စာတရားကို ကိုယ်တွေ့ကြုံဆုံ 'ဝဆွလ်'ဖြစ်၍ 'ဒီဒါရ်'ဉာဏစက္ခု ဉာဏ်မျက်စိဖြင့် ဖူးတွေ့ရခြင်း၊ ဓမ္မစက္ခုတရားမျက်စိဖြင့် ထိုးထွင်းပေါက်မြောက် ဝိဇ္ဇာဉာဏ်တောက်ခြင်းကို ဆိုလိုပါသည်။

ရာဗိယာသခင်မသည် အရှင်မြတ်အတွက် အမြဲတစေ ငိုကြွေးလေ့ရှိ၏။ လူ အပေါင်းက အကျိုးအကြောင်းမေးကြည့်ရာ သခင်မကြီးက " အရှင်နှင့်ကွေကွင်းရသည့် အဖြစ်ကို တဒင်္ဂမျှပင် မခံစားနိုင်ပါ။ အရှင်မရှိသောဘဝဖြင့် ကျွန်ုပ်မရှင်သန်နိုင်ပါ။

ကျွန်ုပ်သေအံ့ဆဲဆဲ နောက်ဆုံးအချိန်တွင် အရှင်မြတ်က "သူမကို ယူဆောင်သွားလော့။ သူမသည် ငါ့ဘုန်းရိပ်ကို ခိုလှုံရန် မထိုက်တန်"ဟု မိန့်ဆိုလိုက်မည်ကို အလွန်စိုးရွံ့ပါသည်"ဟု ပြောကြားခဲ့၏။

ရာဗီယာသခင်မက ဤသို့ဩဝါဒချွေခဲ့၏။

" အရှင်မြတ်သည် ဝိရိယစိုက်၍ ကြိုးပမ်းအားထုတ်သူတစ်ဦး၏ အရှင့်အား ကျေးဇူးတင်မှုကို နှစ်သက်သလို၊ အရှင်ကောင်းချီးမင်္ဂလာအဖြာဖြာတို့ ရှာသွန်းဖြိုးစဉ် အရှင့်အား ကျေးဇူးတင်သူအားလည်း နှစ်သက်တော်မူ၏" ( တရားအားထုတ်ရန် ကြိုးပမ်းအားစိုက်သူသည် အရှင့်ကောင်းချီးမပါဘဲနှင့် မည်သို့မျှ မစွမ်းဆောင်နိုင်ကြောင်း ကောင်းစွာ သဘောပေါက်သည်ဟူလို )

တစ်စုံတစ်ယောက်က မေးမြန်း၏။ အကုသိုလ် ဒုစရိုက်ကို ကျူးလွန်သူ၏ ဝန်ချတောင်းပန်မှုကို အရှင်မြတ်လက်ခံပါသလော။ ရာဗီယာသခင်မက ဤသို့ဖြေကြား၏။ အရှင်မြတ်သည် အကုသိုလ် ဒုစရိုက်သမား အပြစ်သားအပေါ် စွမ်းအားပေးသနားမှသာလျှင် အဆိုပါ ဒုစရိုက်သမားသည် အပြစ်ကိုဝန်ခံကာ နောင်တသံဝေဂစိတ်တို့ဖြစ်ထွန်းလာ၏။ ထို့ကြောင့် အရှင်မြတ်သည် သူကျူးလွန်ခဲ့သည့်အပြစ်တို့ကို ခွင့်လွှတ်၏။

ဆာလေကပ်ဇ်ဝီနီသခင်ကြီးက မိမိတပည့်များအား "အကြင်သူသည် တစ်စုံတစ်ဦး၏တံခါးအား အမြဲမပြတ်တရစပ် ခေါက်၍နေပါမူ တစ်နေ့မဟုတ်တစ်နေ့တွင် ထိုသူအတွက် တံခါးကို အိမ်ရှင်ကဖွင့်ပေးလတ္တံ့"ဟု ဩဝါဒပေးခဲ့၏။ ရာဗီယာသခင်မက ဤဩဝါဒအကြောင်းကို တစ်နေ့တွင်ကြားသိရသောအခါ " အို- ဆာလေ၊ အဆွေသည် အနာဂတ်ကာလကိုညွှန်သည့်သဒ္ဒါ 'ဖွင့်လတ္တံ့'ဟု မည်မျှတိုင်အောင် ဟောကြားနေပါဦးမည်နည်း။ တံခါးက ပိတ်ထားသည့်အခါများ ရှိခဲ့ပါသလော။ အမြဲတစေဖွင့်လျက်ရှိသည်မဟုတ်လော"ဟု ဆာလေသခင်အား မေးမြန်းခဲ့ရာ၊ ဆာလေသခင်က ရိုကျိုးနှိမ့်ချစွာဖြင့် သခင်မဩဝါဒကိုနာခံခဲ့၏၊

" အလို၊ နာကျင်မှုဝေဒနာ ပြင်းပြလှပါတကား"ဟု ငိုညည်းနေသည့် လူတစ်ဦးကို ရာဗီယာသခင်မက အနီးသို့ ချဉ်းကပ်သွားပြီး " ဟင်- နာကျင်မှုလည်း လုံးဝမရှိပါလား"ဟုဆို၏။ အဘယ်ကြောင့် ဖြစ်ရပ်နှင့်ပြောင်းပြန်ပြောဆိုပါသနည်းဟု သခင်မကို မေးရာ "နာကျင်မှုဆိုသည်မှာ ဓမ္မချစ်သူတရားသမားတို့အတွက် အခွင့်ထူးတစ်ရပ်ပင်ဖြစ်ပြီး၊ ယင်းကို ကြည်နူးဝမ်းမြောက်မှုနှင့် လိုလိုလားလား ပိုက်ထွေးကြ၏။

စကားပြောခြင်း။ အသက်ရှူခြင်းတို့ကြောင့် ယင်းနာကျင်မှုဒဏ်ပျောက်သွားခြင်းသည် ပင်လျှင် သူတို့အတွက် အခံရခက်သည့် ဝန်ပိခြင်းမျိုးဖြစ်ပေသည်”ဟု ဖြေကြား၏။

*ဘာသာပြန်သူမှတ်ချက်* ။ ။ *အရှင်မြတ်နှင့် ကွေကွင်းရခြင်း (သစ္စာတရားနှင့် ကင်းဝေးရခြင်းမှာ သူတော်စင်တို့အတွက် ကြီးမားသော သောကဖြစ်၏။ ယင်းသို့ကွေကွင်းမှုကြောင့် လွမ်းဆွတ်တသသည့် ‘ဓိကိရ်’ ဟူ၍ဖြစ်ပေါ်လာ၏။ လွမ်းဆွတ်မှုမှာ နာကျင်မှုနှင့်ဆက်စပ်နေ၏။ ထို့ကြောင့် နာကျင်မှုကို သူတော်စင်တရားသမားတို့ တန်ဖိုးထားခြင်းဖြစ်၏။*

တစ်နေ့သောအခါ နဖူး၌ပတ်တီးစည်း၍ လမ်းလျှောက်လာသူတစ်ဦးကို ရာဗီယာသခင်မကြီး မြင်တွေ့ခဲ့သဖြင့် အဘယ်ကြောင့်ပတ်တီးစည်းထားသနည်းဟု မေးမြန်းလေ၏။ အဆိုပါလူက သူခေါင်းကိုက်နေသဖြင့် စည်းထားကြောင်းဖြေ၏။ သခင်မကြီးက သူ၏အသက်ကိုမေးရာ (၃၀)နှစ်ဖြစ်ကြောင်း ဖြေကြား၏။ သခင်မကြီးကဆက်၍ ယနေ့အထိ သင့်ဘဝ မည်ကဲ့သို့သောအခြေအနေဖြင့် နေခဲ့ရပါသနည်းဟုမေးရာ၊ လူငယ်က “ ကျန်းမာရေးကောင်းမွန်စွာဖြင့် ကုန်ဆုံးခဲ့ကြောင်း” ဖြေကြား၏။ ထိုအခါသခင်မကြီးက “ နှစ်ပေါင်း သုံးဆယ်တိုင်တိုင် အရှင်မြတ်သည် မောင်မင်းအား ကျန်းမာသန်စွမ်းစွာထားခဲ့ခြင်းအတွက် မောင်မင်းသည်ကျေးဇူးတင်ကြောင်း အမှတ်တစ်စုံတစ်ရာကိုမျှ မောင်မင်းခန္ဓာကိုယ်ပေါ်တွင် ဖော်ထုတ်ပြသခဲ့ခြင်း မရှိပေ။ ဤကဲ့သို့ ကျေးဇူးတင်ရှိမှုကို ပြယုဂ်တစ်စုံတစ်ခုများပြုလုပ်ထားခဲ့ပါမူ၊ လူအပေါင်းက သင်၏ကျေနပ်နှစ်သက်ဝမ်းမြောက်နေရခြင်းအကြောင်းကိုမေးကာ အရှင့်ကောင်းချီးကြောင့် ယင်းသို့ကြည်နူးနေမှန်း သိရှိရသည့်အခါတွင် သူတို့လည်း အရှင့်ဂုဏ်ကို ချီးကျူးသရရွှယ်ကြမည်ဖြစ်၏။ သို့ရာတွင် သင်၏ ‘မည်သူမပြု မိမိမှု’လုပ်ရပ်ကြောင့် ခေါင်းအနည်းငယ်ကိုက်သည့်အခါတွင်မူ (မိမိလုပ်ရပ်၏တန်ပြန် အကျိုးသက်ရောက်မှုကို အရှင်မြတ်က ပြဋ္ဌာန်းထားသည့် သဘာဝဝနိယာမတို့က ထင်ရှားစေသောအခါတွင်) ခေါင်းတွင်ပတ်တီးစည်းပြီး အရှင်၏ပြင်းထန် သည့် ဒဏ်ခတ်မှုသဖွယ် ဆိုင်းဘုတ်ထောင်ကာ ပြသနေ၏။ အလွန်နိမ့်ကျ ယုတ်ညံ့သည့် လုပ်ရပ်ဖြစ်ပေတကား”ဟု ဆုံးမတော်မူ၏။

တစ်နေ့သ၌ ရာဗီယာသခင်မ၏အိမ်ဖော်တစ်ဦးက “ အို- သခင်မ၊ နွေဦးမှာန်ဦးကာလနှင့် လောကကိုအလှဆင်ထားသည့် အရှင်၏သာမောဖွယ်ရာ ဖန်ဆင်းမှုကို အိမ်ပြင်ထွက်၍ ရှုစားတော်မူပါ”ဟု လျှောက်ထားရာ၊ သခင်မကြီးက “ အို- သူငယ်မ၊ ကျွန်ုပ်နှင့်တကွ အိမ်အတွင်း၌ စိတ်ငြိမ်စွာထိုင်၍ လောကကို အလှဆင်ပေးသည့် (အလှထွတ်ခေါင်) အရှင်ကို ရှုပါကုန်။ ကျွန်ုပ်သည် လောကကိုမမြင်၊ လောက၏အရှင်ကိုသာ ဖူးမြင်၏။ ”

*ဘာသာပြန်သူမှတ်ချက် ॥ ॥ 'ဘကာဗီလ်လ္လာ'စခန်းအကြောင်း အထက်၌ ဖော်ပြထားချက်ကို ရှုပါကုန်။ ဆူဖီသူမြတ်ယို့အတွက် အမြင့်ဆုံးဉာဏ်စဉ်စခန်းတွင် မေတ္တာ၊ အချစ်၊ သစ္စာ၊ အမှန်တရား သောက အလှတရားတို့မှာ ကွဲပြားမှုမရှိဘဲ တစ်သားတည်းသာရှိ၏။*

လူအပေါင်းက ရာဗီယာသခင်မကြီးကို သခင်မအိမ်တွင် 'ဓါး'အဘယ်ကြောင့် မထားကြောင်းကို မေးမြန်းကြ၏။

သခင်မကြီးက " အပိုင်းပိုင်း အတစ်တစ် ဖြတ်တောက်ရသည့်ကိစ္စကို ဓါးက စွမ်းဆောင်နိုင်၏။ ကျွန်ုပ်နှင့်ကျွန်ုပ်၏အချစ်တော် (လောကုတ္တရာအချစ်၏အနှစ်သား) အရှင်မြတ်တို့အကြား၌ ချည်နှောင်ဆက်သွယ်ထားသည့် (ဝိဇ္ဇာဉာဏ်အလင်းတည်းဟူသော) အချစ်နှောင်ကြိုးကို ဓါးကဖြတ်တော့မိမှာစိုးသဖြင့် ကျွန်ုပ်အိမ်၌ 'ဓါး'မထားခြင်းဖြစ်ပါသည်"ဟု ပြန်လည်ဖြေကြားခဲ့၏။

*ဘာသာပြန်သူမှတ်ချက် ॥ ॥ ပုံပမာခိုင်းနှိုင်းမှုနှင့် သင်္ကေတဆောင်ကာ တရားချီးမြှင့်လေ့ရှိသည့် ဆူဖီသူတော်စင်တို့၏ အလင်္ကာတင်စားမှုတို့မှ အက္ခရာ'လေဘပ်စ်'တရားတန်ဆာဆင်မှုတို့ကို ဖေါက်ထွင်းကာ တရားကိုယ်သဘောကို ဥပမာပေါ်၌ သောင်တင်မနေဘဲ၊ ဉာဏ်ပေါက်အောင် နက်ရှိုင်းစွာ ငုတ်လျှိုးကြည့်ရန် အထူးလိုအပ်ပါသည်။*

---

အခါတစ်ပါး၌ ရာဗီယာသခင်မကြီးသည် ရှစ်ရက်တိုင်တိုင် ဥပုသ်သီတင်း တည်ဆောက်တော်မူ၏။ နောက်ဆုံးနေ့၌ သခင်မသည် အနည်းငယ်ဆာလောင်သည့် အာရုံဝင်လာ၏။ ထိုအချိန်၌ အချိုဖျော်ရည်တစ်ခွက်ကိုကိုင်၍ လူတစ်ဦးပေါ်လာ၏။ သခင်မလည်းအချိုရည်ခွက်ကို အခန်းထောင့်တစ်နေရာ၌ထားပြီး မီးခွက်ထွန်းညှိရန် ထွက်သွားလေ၏။ ထိုအချိန်တွင် ကြောင်တစ်ကောင်အခန်းအတွင်းသို့ဝင်လာကာ အချိုရည်ခွက်ကို မှောက်ချလိုက်လေ၏။ သခင်မကြီးလည်း ရေသောက်၍သာ တစ်ညတာနေတော့မည်ဟု စိတ်ကူးပြီး၊ သောက်ရေအိုးရှိရာသို့သွားစဉ် မီးခွက်မှ မီးငြိမ်းသွားသဖြင့် သောက်ရေအိုးစဉ်ကိုတိုက်မိကာ သောက်ရေအိုးကွဲသွားလေ၏။ သောက်ရေအားလုံးလည်း ကြမ်းပြင်ပေါ်သို့ ဖိတ်စင်ကုန်၏။ သခင်မကြီးသောက်သုံးရန် ရေတစ်စက်မျှပင် အိမ်၌မရှိတော့ပေ။

ထိုအခါ သခင်မကြီးကသက်ပြင်းတစ်ချက်ချပြီး " အို–အရှင်၊ ကျွန်တော်မျိုးမကို အဘယ်ကြောင့် ဤကဲ့သို့ပြုလုပ်ပါသနည်း"ဟု မေးလျှောက်လေရာ၊ အရှင်မြတ်က " ရာဗီယာ၊ အသင်လောက၏စည်းစိမ်ကို အလိုရှိပါမူ၊ ငါအရှင်အသင့်ကို ချီးမြှင့်တော်မူပေအံ့။ သို့ရာတွင် (အမှန်တရား သစ္စာဓမ္မ) ငါအရှင်နှင့် ကွေကွင်းရသည့် သောကဗျာပါဒနှင့် နာကျင်မှု 'ဂမ် ·'ဓမ္မရသတို့ကိုမူ ခံစားရတော့မည် မဟုတ်ချေ။ အသင်၏နှလုံးသားထဲ၌ လောကီ၏သာယာခံစားမှုနှင့် ငါအရှင်နှင့်ကွေကွင်းရသည့်

ခံစားမှုတို့မှာ ဒွန်တွဲပြီး မဖြစ်တည်နိုင်ပေ။ **ရာဇီယာအသင့်အလိုဆန္ဒသည်တစ်ခြား၊** ငါအရှင်၏အလိုဆန္ဒသည်တစ်ခြား ဖြစ်လျက်နေပါတကား၊ လူတစ်ကိုယ်၌ လိုအင်ဆန္ဒနှစ်ခု ဒွန်တွဲပြီး တစ်ပြိုင်တည်းမပေါ်ထွန်းစကောင်းပါပေ။ ”

ရာဇီယာသခင်မကြီးသည် အသိတရားချက်ချင်းဝင်ရောက်လာကာ သေအံ့ဆဲဆဲ၌ရှိသောသူသည် လောကီရေးရာတို့တွင် စိတ်ဝင်စားမှုကို စိတ်ကုန်ခန်းဘိသကဲ့သို့ သခင်မကြီးသည်လည်း လောကီ၏အခြေခံလိုအပ်ချက်များကိုပင်လျှင် စွန့်ပယ်ရန် စိတ်ဆန္ဒဖြစ်ပေါ်လာ၏။

နံနက်တိုင်း သခင်မသည် ဤသို့ဆုတောင်းလေ့ရှိ၏။ “ အို– အရှင်မြတ်၊ ကျွန်တော်မျိုးမအား အရှင့်ဘာဝနာ၌ အမြဲမပြတ် နစ်မွန်းနေစေတော်မူပါ။ သို့မှသာလျှင် ကျွန်တော်မျိုးမအား ဘာဝနာစခန်းမှ သွေဖီစေမည့် အခြားလောကီကိစ္စအဝဝကို လူအပေါင်းက ပြုလုပ်စေခိုင်းနိုင်မည် မဟုတ်ပါ။

*ဘာသာပြန်သူမှတ်ချက်* ॥ ॥ *ဆူဖီဓမ္မတွင် ‘ဂမ်’တည်းဟူသော အရှင့်ထံတော်မှ ကွေကွင်းရ၍ (တစ်နည်း) သစ္စာတရားနှင့်ဝေးကွာရသည့်အဖြစ်ကို ချစ်သူနှစ်ဦးတို့ ကွဲကွာနေသည့်အဖြစ်မျိုးနှင့် ပုံပမာခိုင်းနှိုင်းကာ ဥပမာတင်စား၍ ဥပဓာနည်းဖြင့် တရားတန်ဆာဆင်လေ့ရှိသည်။ အဆိုပါ ‘အလွမ်းစိတ်’ နှင့် ‘နာကျည်းခံစားရမှု’တို့မှာ အရိယာတို့အတွက် အလွန်လိုလားတောင့်တအပ်သည့် ဓမ္မရသထူး (တရားအရသာထူး)တစ်ခုပင်ဖြစ်ပေသည်။ ဤနာကျည်းခံစားရမှုကို တမြေ့မြေ့ခံစားနေမှ အရှင့်ကို တရှူတအောင့်မျှပင် လစ်ဟင်းမှုမရှိဘဲ ဆက်သွယ်မှုရှိနေပေမည်။ ယင်းဆက်သွယ်မှုမျိုး မပြတ်မလပ် ခိုင်ခိုင်ခံ့ခံ့ရှိနေမှသာလျှင် တရားစခန်းအဆုံးတိုင်အောင် ပေါက်မြောက်နိုင်ပေမည်။ ထို့ကြောင့် ‘ဂမ်’ကို လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် အထူးလိုအပ်လှသည့် “ဝိမုတ္တိရသ”အဖြစ်တန်ဖိုးထားကာ ယင်း‘အဖြစ်’ ယင်း‘အဆင့်’မှ ကင်းပျောက်မသွားစေရန် ဆူဖီ မြတ်တို့သည် မည်သည့်လောကီအာရုံကိုမျှ မက်မထားကြပေ။ လောကုတ္တရာချမ်းသာအစစ်ဟုခေါ်ဆိုနိုင်သည့် လောကီ၌ဖြစ်ပေါ်နေသော ပူဆွေးမှုကို မည်သည့်လောကီချမ်းသာနှင့်မျှ မလဲလိုကြပေ။*

ရာဇီယာသခင်မကြီးအား အဘယ်ကြောင့် အစဉ်သဖြင့် မျက်ရည်ရစ်ဝဲနေပါသနည်းဟုမေးလျှောက်ရာ သခင်မကြီးက–

“ ဤဝေဒနာ၏ဆေးမှာ အရှင်နှင့်ပေါင်းစည်းရေး ဖြစ်သောကြောင့်တည်း”ဟု ဖြေကြားခဲ့၏။

တစ်ဖန်သခင်မကြီးအား အဘယ်ကြောင့် ဆုတ်ပြဲညစ်ထေးသော အဝတ်အထည်များကို ဝတ်ဆင်ပါသနည်း၊ သခင်မ၌ ဝတ်ကောင်းစားလှတို့ကို ပေးကမ်းလှူဒါန်းနိုင်သည့် လူကုံထံ သူဌေးသူကြွယ်မိတ်ဆွေ ရှိသည် မဟုတ်ပါလောဟု မေးသောအခါ

ရာဗီယာသခင်မက " ကျွန်ုပ်သည် လောကီအဆောင်အယောင်ပစ္စည်းများကို တစ်ကယ်တမ်းပိုင်ဆိုင်မှုမရှိဘဲ၊ အရှင်မြတ်က ယာယီစောင့်ထိန်းခိုင်းထားသည့် လူအပေါင်းတို့ထံမှ တောင်းခံရမည်ကို ရှက်လှပါသည်။ အရှင်မြတ်သည်သာ အရာခပ်သိမ်း၏ ပိုင်ရှင်အစစ်အမှန်ဖြစ်၏"ဟု ပြောကြားခဲ့၏။

လူအပေါင်းက ရာဗီယာသခင်မကြီးကို ဤသို့ပြောပြ၏။ " အို- ရာဗီယာ၊ အရှင်မြတ်သည် ယောကျ်ားများထံသို့သာလျှင် အမြင့်မြတ်ဆုံးသောဝဟီ'သဗ္ဗညုတဉာဏ်'ကို ချီးမြှင့်၍ တမန်တော်များအဖြစ် ရွေးချယ်၏။ မည်သည့်မိန်းမသားတစ်ဦးကိုမျှ တမန်တော်များအဖြစ် မရွေးချယ်ခဲ့ပါ။ သင်သည်မိန်းမသားတစ်ဦးဖြစ်နေသည့်အတွက် ဤကဲ့သို့မြင့်မားသောစခန်းတို့ကို မပေါက်ရောက်နိုင်ပေ။ သို့အတွက်ကြောင့် သင်၏ကြိုးပမ်းအားထုတ်နေသည့် တရားအလုပ်တို့သည် အဘယ်သို့သောအကျိုးကို ဖြစ်ထွန်းနိုင်မည်နည်း။ "

သခင်မက " အသင်တို့ပြောသည်မှာ မှန်ပါ၏။ သို့သော် သမိုင်းတစ်လျှောက်၌ မည်သည့်မိန်းမသားကမှ အရှင့်ကိုအံ့တုပြီး 'ငါသည်ကိုးကွယ်ရာအရှင်ဖြစ်သည်'ဟု (ဖိရ်အောင်ကြွေးကြော်သည့်နည်းတူ) ကြွေးကြော်ခဲ့ပါသနည်း၊ ထို့ပြင် သင်းကွပ်ထားသည့် ယောကျ်ားများကဲ့သို့သော အခြေအနေမျိုးကို မိန်းမသားတို့အတွင်း၌ လုံးဝမြင်တွေ့နိုင်မည် မဟုတ်ချေ"ဟု ဖြေကြားတော်မူ၏။

ရာဗီယာသခင်မကြီးက " အရှင့်ဘာဝနာ၌ နစ်မွန်းနေသည့်အမျိုးသမီးမှာ အမျိုးသမီး မမည်ချေ။ သူမကို အမျိုးသားဟုသာ သတ်မှတ်ရမည်"ဟု မိန့်ဆိုခဲ့၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ မဟာတမန်တော်မြတ်ကြီး၏ ဩဝါဒတော်တစ်ရပ်တွင် လောကီအကျိုးကိုမျှော်ကိုး၍ ကြိုးပမ်းအားထုတ်သူသည် မိန်းမမည်၏။ တမလွန်၏ခံစားရမှုတို့ကိုမျှော်ကိုး၍ ကြောင့်ကြတောင့်တမှုနှင့် ကြိုးပမ်းအားထုတ်သူသည် မိန်းမလျာမည်၏။ မည်သည့်အကျိုးကိုမျှ မမျှော်ကိုးဘဲ အရှင့်အတွက်သက်သက်ကုသိုလ်၊ အကုသိုလ်ကို လွန်မြောက်သည့် 'အဇ္ဈာကထာ' နဖ်စွလ်မွတ်တမာအင်နာစိတ်နှင့် ကြိုးပမ်းအားထုတ်သူသာလျှင် ယောကျ်ားမည်၏ဟု မိန့်ဆိုထား၏။*

*တရားစခန်းပေါက်မြောက်ရန် ဏ္ဍိတ္တိလင်၊ ပုလ္လိင်အဖြစ် ရှိနေခြင်းပေါ်တွင် မူမတည်ပါ။ စိတ်ထားကိုမြင့်မားစွာမြှင့်တင်နိုင်သည့်လူသားတိုင်း တရားစခန်းဆုံးတိုင် ပေါက်မြောက်နိုင်သည်ဟု အစ္စလာမ်ဓမ္မက ခံယူပါသည်။*

တစ်နေ့သောအခါ၌ ရာဗီယာသခင်မကြီးသည် နာမကျန်းဖြစ်ကာ အိပ်ရာထဲ၌လဲနေ၍ လူအများကမေးမြန်းကြည့်ရာ " ကျွန်ုပ်၏စိတ်သည် အရှင်မြတ်ကိုသာ

တစ်စိတ်တစ်လက်တည်း အာရုံသွင်းထားရာမှ အရှင်၏ဖန်ဆင်းခံမျှသာဖြစ်သော အမတသုခဘုံကိုလိုလားခက်ထားသည့် အာရုံဝင်လာသဖြင့် အရှင်မြတ်က ယခုလို ယာယီဒဏ်ခတ်မှုကို ပြုထားခြင်းဖြစ်သည်”ဟု ဖြေကြားခဲ့၏။

ဟာဆန်ဘစ္စရီသခင်ကြီးသည် ရာဗီယာသခင်မ နာမကျန်းဖြစ်နေသဖြင့် သတင်းလာမေးချိန်တွင် အသပြာတုတ်ကိုကိုင်ပြီး မျက်ရည်ဝဲလျက်ရှိသည့် ဘစ္စရာပြည့်ရှင်ကိုတွေ့ရ၍မေးကြည့်ရာ “ ကျွန်တော်မျိုးသည် ရာဗီယာသခင်မထံသို့ သခင်မလက်မခံငြင်းဆန်မည်မှန်းသိလျက်နှင့် အသပြာလာရောက်ဆက်သလှူဒါန်းခြင်းဖြစ်ပါသည်။ ကျွန်တော်မျိုး၏အလှူအတန်းကို သခင်မကလက်ခံပြီး ကျွန်တော်မျိုး၏ ဒါနကုသိုလ်ဖြစ်ထွန်းစေရန်အလို့ငှာ ဟာဆန်သခင်ကြီး ကြားဝင်စေ့စပ်ပေးတော်မူပါ”ဟု ပန်ကြားလေသည်။

ဟာဆန်သခင်ကြီးလည်း ဘစ္စရာပြည့်ရှင်၏ ဒါနကုသိုလ် အကျိုးဆက်ကလေးဖြစ်ထွန်းစေရန် ရာဗီယာသခင်မကို ကြားဝင်အသနားခံပေးလေရာ ရာဗီယာသခင်မက–

“ အရှင်မြတ်ကိုသာလျှင် ကျွန်ုပ်၏နှလုံးသား၌ ကိန်းဝပ်စံပယ်စေတော်မူပြီးနောက် လူသားတို့နှင့်ကူးလူးဆက်ဆံမှုကို ကျွန်ုပ်မပြုလုပ်တော့ပေ။ ထို့အပြင် ဤပြည့်ရှင်ယူလာသည့် အသပြာ သည် သန့်ရှင်းရိုးဖြောင့်သည့်နည်းလမ်းဖြင့် ရရှိလာခြင်း ရှိမရှိကိုလည်း ကျွန်ုပ်မသိနိုင်ပေ”ဟု ဖြေကြားခဲ့၏။

ဟာဇရည် ဆွဖ်ယန်သောင်ရီသခင်ကြီးက ရာဗီယာသခင်မ အဘယ့်ကြောင့် ခံစားနေရသည့် ရောဂါဝေဒနာကို ပျောက်ကင်းအောင် ဆုမပန်ပါသနည်းဟုမေးရာ သခင်မကြီးက “ အရှင်မြတ်ပေးသနားချီးမြှင့်တော်မူသည့် လက်ဆောင်ပဏ္ဏာတော်ကို ကျွန်ုပ်က မည်ကဲ့သို့ မကျေမနပ်ဖြစ်ကြောင်း တိုင်တန်းနိုင်ပါအံ့နည်း။ အရှင်မြတ်က ကျွန်ုပ်အား အထင်အမြင်လွဲသွားပေမည်။ ထို့အပြင် အဆွေခင်ပွန်းတစ်ဦး၏ အလိုကို အခြားအဆွေခင်ပွန်းတစ်ဦးက မည်ကဲ့သို့ ဆန့်ကျင်နိုင်ပါအံ့နည်း”ဟု ဖြေကြားခဲ့၏။

ဟာဇရည် မာလစ်ကဘင်ဒီ နာသခင်ကြီးသည် အခါတစ်ပါး၌ ရာဗီယာသခင်မကြီးထံ ဂါရဝပြုရန်သွားစဉ် သခင်မတဲအိမ်ထဲ၌ အိုးခြမ်းပဲ့တစ်ခုတွင် သောက်သုံးရန်နှင့် ကိုယ်လက်သန့်စင် ‘ဝသျှူ’ပြုရန် ရေထည့်ထားသည်ကိုလည်းကောင်း၊ ခဲတစ်လုံးကို ခေါင်းအုံးအလို့ငှာ အသုံးပြုနေသည်ကိုလည်းကောင်း၊ ဖျာစုတ်တစ်ချပ်ကို အိပ်ရာအဖြစ်ထားရှိသည်ကိုလည်းကောင်း မြင်တွေ့ရ၏။ ထိုအခါ မာလစ်ကသခင်က ရာဗီယာသခင်မအား “အဆွေတော် ရာဗီယာ၊ ကျွန်ုပ်၌ ကုံလုံကြွယ်ဝသည့် မိတ်ဆွေများ

ရှိပါသည်။ သူတို့အား အဆွေတော်နေ့စဉ်လိုအပ်မည့်အရာများကို ဖြည့်စွမ်းထောက်ပံ့ကြရန် ကျွန်ုပ်တိုက်တွန်းပေးပါမည်”ဟုဆိုသောအခါ၌ ရာဗီယာသခင်မက –

“ မေးပါရစေ၊ အို– အဆွေတော်၊ ကျွန်ုပ်၏လိုအပ်ချက်တို့ကို ထောက်ပံ့ချီးမြှင့်သည့်အရှင်နှင့် အဆွေတော်၏သူကြွယ်မိတ်ဆွေကို ထောက်ပံ့ချီးမြှင့်သည့်အရှင်ဟူ၍ နှစ်ပါးများရှိနေပါသလား၊ မရှိဘူးဆိုပါလျှင် တစ်ဆူတည်းသောအရှင်က ကျွန်ုပ်၏ဆင်းရဲမွဲတေမှုကို သတိမရဘဲ၊ သူကြွယ်၏ချမ်းသာမှုကိုသာ ဖြည့်စွမ်းရန်သတိရနေသည်ဟု ဆိုချင်ပါသလား။ ကေန်စင်စစ် အရှင်မြတ်သည် မည်သူ့လိုအပ်ချက်ကိုမျှမေ့လျော့နေခြင်းမရှိပါ။ သို့အတွက်ကြောင့် အရှင့်ကို သတိပေးနေရန်လည်း မလိုအပ်ပါ။ ကျွန်ုပ်တို့အတွက် မည်သည့်အရာသည် အကောင်းဆုံးဖြစ်သည်ကို အရှင်မြတ်သာလျှင်အသိဆုံးဖြစ်၏။ ထို့ကြောင့်အရှင်သည် လူသားတို့အား ပေးသင့်ပေးထိုက်သည်ကိုပေး၍ထိန်းချုပ်ထားသင့်သည်ကို ထိန်းချုပ်ထား၏”ဟု မိန့်တော်မူ၏။

ရာဗီယာသခင်မက အောက်ပါအတိုင်း ဩဝါဒချွေခဲ့၏။

“ အလ္လာဟ့်ချစ်သူတစ်ဦးသည် အလ္လာဟ်တည်ရှိမှုတစ်ခုတည်းကိုသာလျှင်တည်ငြိမ်ခိုင်ခန့်ပြီး မပျံ့လွင့်သော သမာဓိအာရုံဖြင့် ဉာဏ်ဝင်စားနေ၍ အခြားလောကီအာရုံကာမဂုဏ်တို့သည် ထိုပုဂ္ဂိုလ်မြတ်၏နှလုံးသား၌ မဝင်ဆန့်နိုင်တော့ပေ။ ဤမည်သောစိတ်အခြေ၌ ထိုပုဂ္ဂိုလ်ထူးအတွက် သုခခံစားမှုနှင့် ဒုက္ခခံစားမှုတို့မှာ ကွဲပြားခြားနားမှုမရှိတော့ပေ။”

သူတော်ကောင်းတရားကျင့်ကြံနေသူတစ်ဦးသည် အမြဲတစေလောက၏ အနိဋ္ဌာရုံတို့အကြောင်းကို မကျေမနပ်နှင့် ငြီးတွားနေလေ့ရှိ၏။ ရာဗီယာသခင်မကြီးက “ အို– ဓမ္မမိတ်ဆွေ၊ အဆွေတော်ဟာ လောကကို အတော်မြတ်နိုးနေပုံရပေသည်။ အဘယ်ကြောင့်ဆိုသော် လူတစ်ဦးသည် မိမိတွယ်တာသောအရာအကြောင်းကိုသာ ထပ်တလဲလဲပြောလေ့ရှိသောကြောင့်တည်း”ဟု ဆုံးမတော်မူ၏။

---

တစ်ချိန်က ဆွဖ်ယန်ဆောင်ရီသခင်ကြီးသည် ရာဗီယာသခင်မထံ ကြွရောက်လာ၏။ သခင်မကို တစ်ညလုံးအရှင့်ရှေ့မှောက်၌ မတ်တတ်ရပ်လျက် ဘာဝနာပွားများနေသည်ကို မြင်တွေ့ရ၍ မိမိလည်း ဘာဝနာ၌ မွေ့ပျော်ခဲ့၏။ နံနက်မိုးသောက်အလင်းရောက်သောအခါ သခင်မကြီးက “ အရှင်အမြတ်အတွက် ချီးကျူးမှုအပေါင်းသည် ဖြစ်ပါစေသတည်း။ အရှင်မြတ်ကောင်းချီးပေးသနားတော်မူ၍ ကျွန်ုပ်တို့သည် တစ်ညလုံးဘာဝနာပွားခွင့်ရခဲ့၏။ ဤကျေးဇူးတော်ကို အသိအမှတ်ပြုသည့်အနေဖြင့် တစ်နေ့လုံး ဥပုသ်သီတင်းစောင့်ထိန်းကြပါစို့”ဟု ပြောကြားခဲ့၏။

---

ရာဗီယာသခင်မကြီးက အောက်ပါအတိုင်း ဆုတောင်းလေ့ရှိ၏။

" အို- အရှင်၊ ကျွန်တော်မျိုးမအတွက် လောက၌ပေးအပ်ရန် သတ်မှတ်သည့် စည်းစိမ်ရိပ်ငြိမ်တို့ကို ကျွန်တော်မျိုးမအစား ကျွန်တော်မျိုးမ၏ ရန်သူများကို ပေးသနားတော်မူပါ။ ကျွန်တော်မျိုးမအတွက် နောင်တမလွန်ဘဝ၌ ပေးသနားမည့် စည်းစိမ်ရိပ်ငြိမ်တို့အား ကျွန်တော်မျိုးမအစား ယုံကြည်သူများ (ကျမ်းမြတ်ကုရ်အာန်၌ လကျ်ာဘက်မှအုပ်စုဟု ခေါ်ဆိုခြင်းခံရသည့် 'ရှရီအတ်'ပညတ်ဓမ္မသတ်တော်ကို တာဝန်ကျေပြွန်စွာ ရွက်ဆောင်ကျင့်သုံးဆောက်တည်သူများ။ ၎င်းတို့သည် အရှင့်အနီးအပါးသို့ ချဉ်းကပ်ခွင့်ရသည့် ပရမတ်ဉာဏ်ရှင် သူတော်စင်အုပ်စုထက် တရားစခန်းအရ နိမ့်ကျသူများ)အား ပေးသနားတော်မူပါ။ ကျွန်တော်မျိုးမအတွက်မူ အရှင့်ကိုသာ လိုလားပါ၏။ အရှင်မှတစ်ပါး အခြားမရှိနိုင်ပါ။ သုခဘုံ ဒုက္ခဘုံတို့အား ကြောင့်ကြ တောင့်တမှုမထားပါ။ အရှင့်အား မဖူးတွေ့ရမည်ကိုသာ စိုးရွံ့လှပါသည်။

ဆွဖ်ယန်ဆောင်ရီသခင်ကြီးသည် အခါတစ်ပါး၌ ရာဗီယာသခင်မကြီးနှင့် တရားဓမ္မများ နှီးနှောဆွေးနွေးရင်း တစ်ညတာကုန်လွန်ခဲ့၏။ နံနက်မိုးသောက်ချိန်တွင် ဆောင်ရီသခင်ကြီးက " ကျွန်ုပ်တို့သည် တစ်ညတာကို အကျိုးရှိစွာ ကုန်လွန်စေခဲ့ပေသည်" ဟု မှတ်ချက်ချလေရာ ရာဗီယာသခင်မကြီးက " မဟုတ်ပါ အဆွေတော် ကျွန်ုပ်တို့သည် တစ်ညတာကို လွဲမှားစွာကုန် လွန်စေခဲ့ခြင်းသာဖြစ်ပါသည်။ တစ်ချိန်လုံး အဆွေတော်က ကျွန်ုပ် အကြိုက်တွေ့မည့် စကားတို့ကိုသာ ပြောဆိုခဲ့ပြီး ကျွန်ုပ်ကလည်း အဆွေတော် အကြိုက်တွေ့မည့် စကားများကိုသာလျှင် ပြောရန်စဉ်းစားခဲ့၏။ ကျွန်ုပ်တစ်ဦးတည်း အရှင့်ဘာဝနာစီးဖြန်းကာ ညကာလ၏အချိန်ကို အသုံးချစေခဲ့ပါလျှင် ပို၍ သာလွန်ကောင်းမြတ်ပေအံ့"ဟု ဆိုခဲ့၏။

ရာဗီယာသခင်မ၏ဆုတောင်းချက်မှာ ဤသို့တည်း။

" အို- အရှင်၊ ကျွန်တော်မျိုး၏ပတ္ထနာမှာ ကျွန်တော်မျိုးမ အသက်ရှင်နေသမျှ ကာလပတ်လုံး အရှင်မြတ်အား အောင့်မေ့တသသတိရနေမည့် 'ဇိကရ်'ဘာဝနာ၌ နစ်မွန်းနေစေပြီး သေသည်၏အခြားမဲ့၌ အရှင့်အား ဖူးတွေ့နိုင်ရန်သာဖြစ်ပါသည် အရှင်။"

## ၉။ ဟာဇရတ် ဖိုသွိုင်းလ် ဗင် အာယသ္ဓ်

ဟာရွန်ရာရှစ်ဒ် ဘုရင်ကြီးက ဖိုသွိုင်းလ်ဗင်အာယသ္ဓ်သခင်၌ အကြွေးများ ရှိခဲ့ပါလျှင် မိမိကပေးဆပ်လိုပါကြောင်း လျှောက်ထားသောအခါ သခင်က ငြင်းဆန်ပြီး " ကျွန်ုပ်အကြွေး အရှင့်ထံမှာသာရှိပါသည်။ အရှင်၏ဘာဝနာစီးဖြန်းမှုကို လုပ်သင့် လုပ်ထိုက်သလောက် ကျွန်ုပ်မလုပ်နိုင်ခဲ့ပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အား ကောင်းချီးမင်္ဂလာအဖြာဖြာတို့ကို ပေးသနားတော်မူခဲ့ရာ မည်သူတစ်ဦးတစ်ယောက် ထံကမှ အကြွေးယူရန် အခွင့်အရေး မကြုံခဲ့ပါ။ "

ဖိုသွိုင်း ဗင်အာယသ္ဓ်သခင်ကြီးက မိမိထံလာတွေ့သောဆွေမျိုးများအား " သင်တို့၌ ကောင်းမြတ်သောအလုပ်တို့ကို လုပ်ကိုင်ရန် မရှိတော့၍ ကျွန်ုပ် ထံလာပြီး သင်တို့အချိန်နှင့် ကျွန်ုပ်၏အချိန်ကို ဖြုန်းတီးနေခြင်းလော"ဟု ပြောဆို ခဲ့ဘူး၏။

ဖိုသွိုင်း ဗင်အာယသ္ဓ်သခင်ကြီးက ဩဝါဒချွေခဲ့သည်မှာ–

[၁] ( မိမိလုပ်ရပ်များ၏ အကျိုးဆက်တို့ကို အပြည့်အဝ တန်ပြန်သက်ရောက်စေ မည့်) တရားစီရင်မည့်နေ့တွင် သူဌေးသူကြွယ်တို့ အချုပ်အနှောင်ခံရမည်ဖြစ်ပြီး၊ လူ့လောက၌ ဌာနဆိုင်ရာဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူများ ဆိုးရွားသည့် အခြေအနေနှင့်ကြုံတွေ့ရမည်ဖြစ်လေရာ သင်တို့သည်လည်း သင်တို့ လုပ်ရပ်တို့အတွက် ထိုနေ့၌အဖြေပေးနိုင်ရန် ပြင်ဆင်ထားကြကုန်လော့။

[၂] အရှင်မြတ်၏ မဟာကရုဏာတော်သည် ကြီးမြတ်လှပါသည်။ အပြစ်အနာအဆာ ချို့တဲ့မှုအပေါင်းနှင့်ပြည့်နေသည့်ကျွန်ုပ်အတွက် အသင်တို့၏လွတ်မြောက်မှုကို ရှေ့ ဆိုင်းခြင်း မပြုခဲ့ပေ။

*ဘာသာပြန်သူမှတ်ချက် ။ ။ အရှင်မြတ်သည် သူတော်ကောင်းတစ်ပါးကိုအကြောင်း ပြုပြီး လူအများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူလေ့ ရှိ၏။ ဖိုသွိုင်းသခင်ကြီးသည် သူ့ကိုအကြောင်းပြု၍ လူသားများအား လွတ်မြောက် ရာ ဝိမုတ္တိရသကို ရရှိစေခဲ့သည်ကို ဖော်ပြနေခြင်းဖြစ်၏။ သို့သော် သူတော်ကောင်း တို့၏ ထုံးဝလေ့တော် အတိုင်း မိမိကိုယ်မိမိ အပြစ်နှင့်မကင်းသူအဖြစ် နှိမ့်ချစွာဖော် ထုတ်ပြီး အရှင်၏ ကရုဏာတော်ကိုသာ ဖော်ကျူးခဲ့၏။*

[၃] အရှင်မြတ်က မိမိချစ်မြတ်နိုးသူတို့အပေါ်၌ လောကီဒုက္ခတို့ကို ကျရောက်စေ၏။ မိမိအလိုမကျသူတို့အပေါ်၌ လောကီသုခချမ်းသာတို့ကို ပေးသနားတော်မူ၏။

[၄] အမတသုခဘုံ၌ မျက်ရည်ကျရန် (ဒုက္ခတို့ကင်းရာ ကုန်ရာ သန္တိသုခဗိမာန် အမြိုက်နန်း၌ ဒုက္ခ၏နိမိတ်လက္ခဏာဖြစ်သည့် မျက်ရည်ကျခြင်း မရှိနိုင်) မဖြစ်နိုင်ဘိသကဲ့သို့ လောက၌ ရယ်ရွှင်ပျော်ပါးမြူးတူးနေခြင်းမှာလည်း အံ့ဖွယ်ရာပင်ဖြစ်၏။ အပူငြိမ်းရာ ခေမာသောင်ကမ်းအမြိုက်နန်းသည် အပူဒုက္ခတို့ဖြင့် မျက်ရည်ကျရန် ဌာနမဟုတ်ဘိသကဲ့သို့ လောကသည်လည်း ရယ်သွမ်းသွေး၍ လောကီအာရုံကာမဂုဏ်တို့၌ ယစ်မူးပျော်ပါးရန် နေရာမဟုတ်ပေ။

[၅] အရှင်မြတ်က " ငါ၏ဖန်ဆင်းခံတို့ ငါ့အားသတိရလျှင် သူတို့အားလည်း ငါအရှင်သတိရပေအံ့။ ငါ၏ဖန်ဆင်းခံတို့ ငါအရှင်အားမေ့လျော့ကြလျှင် ငါအရှင်သည်လည်း ယင်းတို့အား မေ့ပစ်မည်ဖြစ်၏"ဟု မိန့်ဆိုတော်မူ၏။

[၆] နှစ်ပေါင်း (၃၀)တိုင်အောင်သခင်သည် (ကိလေသာ၊ တဏှာ၊ ပေမ၊ ရာဂ၏ပြယုဂ်ဖြစ်သည့်)ပြုံးရယ်မှုကို မပြုခဲ့ပေ။

[၇] လူ့အုပ်စုအတွင်း၌ (ပြစ်မှုသဘောဖြင့်) ဘာဝနာပွားရခြင်းထက်၊ နေထိုင်မကောင်းဖြစ်လိုက်ကာ တစ်ကိုယ်တည်းဘာဝနာပွားရန် ကျွန်ုပ်လိုလား၏။

တစ်နေ့သ၌ ဖိုဿွိုင်သခင်ကြီး၏ သားငယ်သည် ခမည်းတော်၏ပေါင်ပေါ်၌ ထိုင်နေရင်းက ခမည်းတော်ကို ဤသို့မေး၏။ " အို- ဖခင်၊ ကျွန်တော်မျိုးကို ချစ်ခင်ပါ၏လော"၊ သခင်ကြီးက ချစ်ပါသည်ဟုဖြေသောအခါ " အရှင်မြတ်ကိုရော ချစ်ပါသလော"ဟု မေးပြန်ရာ၊ သခင်ကြီးက ချစ်ပါသည်ဟု ဖြေပြန်လေ၏။ ထိုအခါ သားငယ်က " **အို- ခဖမည်းတော်၊ ချစ်စိတ်နှစ်ခုဟာ လူတစ်ဦး၏နှလုံးသားထဲမှာ ပြိုင်တူ မကိန်းအောင်းနိုင်ပါ ။**" သားငယ်၏ဆိုစကားကို အရှင့်ထံမှ သတိပေးချက်အဖြစ်မှတ်ယူပြီး သခင်ကြီးသည် သားငယ်ကို ပေါင်ပေါ်မှဖယ်၍ တာဝန်ရှိသည်ထက်ပိုသော သံယောဇဉ်ကိုဖြတ်ကာ ဘဝတစ်သက်လုံး တရားဘာဝနာနှင့်သာ မွေ့လျော်၍နေပေတော့သည်။

*ဘာသာပြန်သူမှတ်ချက် ။ ။ အသိဉာဏ်ထူးကို ချီးမြှင့်ခြင်းခံရသည့် ပုဂ္ဂိုလ်မြတ်များနှင့် သာမန်ပုထုဇဉ်တို့၏ အတွေးအခေါ်နှင့် ရှုမြင်သုံးသပ်ပုံခြင်းတို့မှာ မတူနိုင်ပေ။ အစ္စလာမ်တရားတော်၌ မိမိသားစု၏ တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ရမည့်အကြောင်းကို အတိအကျ ပြဋ္ဌာန်းထား၏။ မိသားစုအား မေတ္တာ၊ ကရုဏာအပြည့်အဝ ထားရမည်ဟူသည့် သွန်သင်ချက်များလည်း အမြောက်အမြားရှိ၏။ မဟာတမန်တော်မြတ်ကြီးသည်လည်း မိမိသားသမီး မြေးများကို မဆိုထားနှင့် အခြားကလေးများကိုပင် အလွန်ချစ်ခင်မြတ်နိုး၏။ မိမိကလေးကို ချစ်ခင်ယုယစွာ တစ်ချိန်မျှ ပိုက်ထွေးနမ်းရှုပ်ခြင်း မပြုခဲ့ပါဟု ပြောဆိုခဲ့သည့် အာရဗ်ကျေးတောသားအားလည်း ဆုံးမတော်မူခဲ့၏။*

မိမိရင်သွေးအပါအဝင် ကလေးငယ်များအား ယုယကြင်နာကြရန်မှုမကသေးဘဲ နမ်းရှုပ်ခြင်း၊ ပိုက်ထွေးခြင်း၊ ဦးခေါင်းကိုသပ်ခြင်း စသည့်အမူအယာတို့ဖြင့်လည်း မေတ္တာကို ဖော်ကျူးရန် မိန့်မှာခဲ့၏။

အစ္စလာမ်ပရမတ်တရားၓ္ဌလည်း လက်တွင်း၌ရှိသည့် ဇနီး မယား သမီး သား နှင့် စည်းစိမ် ဥစ္စာ ရတနာတို့ကို စွန့်ခြင်းထက် နှလုံးသား၌ ကပ်ငြိနေသည့် ကိလေသာတို့မြစ်ဖျားခံရာ အဝိဇ္ဇာ စေတသိက် 'နဖ်စ်အမ္မရာ'ကို ဝိဇ္ဇာအငြိမ်းစိတ်ဖြစ်သည့် 'နဖ်စ်မွတ္တမာအင်နာ'ဖြစ်အောင် မြှင့်တင်ပေးခြင်းဖြင့် အကြောင်းသတ်တရားကို ကျင့်သုံးရန် ညွှန်ပြထား၏။ အစ္စလာမ်ပရမတ်တရားက ဤလောကကို ရွံရှာစရာ မုန်းတီးစရာအဖြစ်လည်းကောင်း၊ အပုတ်ကောင် ရုပ်ဆောင်နေသည့် ထွက်ပြေးပုန်းရှောင်သင့်သည့် ဒုက္ခဘောင်ဟူ၍လည်းကောင်း မရှုမြင်ပေ။ အစ္စလာမ်ဓမ္မက ဤလောကသည် မမြဲကြောင်း၊ ရုပ် နာမ် ဓမ္မသည် သခါရဖြစ်ကြောင်း ဤလောကအတွင်း၌ ကိလေသာကာမဂုဏ်အာရုံတို့ဖြင့် အတိပြီးနေသည့် မာယာထောင်ချောက်တို့ရှိကြောင်းကို ကောင်းစွာအသိအမှတ်ပြု၏။ အရှင်သဘောတူ၍ ပေးသနားချီးမြှင့်ထားသည့် မိမိမိသားစု၊ စည်းစိမ်၊ ဥစ္စာ၊ ရာထူး၊ ဂုဏ်ဒြပ်တို့ထက် အရှင်နှင့်အရှင်၏ တမန်တော်ကို ပိုမိုချစ်မြတ်နိုးရမည့်အကြောင်းကိုလည်း တိကျစွာပြဋ္ဌာန်းထား၏။ ဤလောကဒုန္နယာထက် လောကုတ္တရာ အာခိရတ်သည် များစွာ သာလွန်မြင့်မြတ်ကြောင်းကိုလည်း ကျမ်းမြတ်ကုရ်အာန်၌ ဖော်ပြထား၏။

သို့သော် ဤလောက ဒုန်နီယာကို တွယ်စရာလည်းမဟုတ်၊ ပယ်စရာလည်း မဟုတ်သည့် လောကီ၊ လောကုတ္တရာ နှစ်ဖြာနှစ်ဌာနအတွက် ဖွံ့ဖြိုးတိုးတက်မှုကို ရရန် အသုံးချရမည့်နေရာဟု အစ္စလာမ်က ပြည့်ဆွန်ပြန်၏။ မိမိမိသားစုအပါအဝင် မိမိပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့ လောကခပ်သိမ်းတို့သည် သူ့ပင်ကိုယ်အတိုင်းဆိုပါက ကုသိုလ်လည်း မမည်၊ အကုသိုလ်လည်း မမည်ပါ။ မိမိအသုံးချသည့်အပေါ် မူတည်ပြီး သုစရိုက်၊ ဒုစရိုက်တို့ဖြစ်ပေါ်လာခြင်းသာဖြစ်၏။ မိမိပတ်ဝန်းကျင်သည် မိမိ တရားရရာရကြောင်းအတွက် အဟန့်အတားဖြစ်သည်ဟူသည့် အယူအဆကို အစ္စလာမ်က လုံးဝလက်မခံပါ။ ဤလောက၌ အရှင်မြတ်သည် လူသားတစ်ဦးချင်း၏ စောင့်ရှောက်အုပ်ထိန်းမှုအောက်၌ သူ့အတိုင်းအတာနှင့်သူ သက်ရှိသက်မဲ့တို့အား နှင်းအပ်ထား၏။ ယင်းတို့မှာ မိမိတို့ပိုင်မဟုတ်သော်လည်း မိမိနှင့်ဆိုင်၏။ ယင်းတို့ကို စောင့်ထိန်းရန် လူသားတို့၌ တာဝန်ရှိ၏။ ယင်းတာဝန်တို့ကို လွှဲရှောင်ကာ မိမိတစ်ဦးတည်း တစ်ယောက်တည်း လွတ်ရာလွတ်ကြောင်း ကျင့်ကြံမှုကို ဝလီဆူဖီသူတော်စင်တို့က တစ်ကိုယ်ကောင်းဆန်သည့် ကိုယ်လွတ်ရုန်းဝါဒဟူ၍လည်းကောင်း၊ မိမိ "ငါတည်း"ဟူသော အတ္တ "ခွတ်ဒီ"ကို ရုပ်ထုသဖွယ်ဖန်တီး၍ ကိုးကွယ် နေခြင်းဟူ၍လည်းကောင်း ပြစ်တင်ရှုံ့ချကြပါသည်။ ယင်းထွက်ပြေးပုန်းရှောင်ခြင်းကျင့်စဉ်တို့မှာ အတ္တပျောက်သည့် ကျင့်စဉ်မဟုတ်ဘဲ၊ အတ္တကို ကြီးထွားအောင် မြေတောင်မြှောက်ပေးသည့် ကိုယ်လွတ်ရုန်းဝါဒဟု ဆူဖီတို့က ခံယူ၏။

*အထက်ဖော်ပြပါ ဖိုသွိုင်သခင်ကြီးတို့ သားအဖနှစ်ယောက်၏ဖြစ်ရပ်မှ တရားရယူရမည့်အချက်မှာ လူသား၏နှလုံးသားထဲတွင် စိတ်နှစ်ခုသည် တစ်ပြိုင်တည်း မဖြစ်တည်နိုင်ဟူသော အချက်သာဖြစ်သည်။ သခင်ကြီးသည် သားသမီးတာဝန်ကို လစ်လျူရှု၍ မိသားစုအား မျက်ကွယ်ပြုကာ တရားအားထုတ်သည်ဟု မမှတ်ယူအပ်။ အစ္စလာမ့်တရားက သားကိုလည်းချစ်ခိုင်း၏။ မယားကိုလည်းချစ်ခိုင်း၏။ အလ္လာဟ်ကိုလည်းချစ်ခိုင်းပါသည်။ သူ့နေရာနှင့်သူ၊ သူ့အချိန်နှင့်သူ၊ ပညတ်နှင့်ပရမတ်ကို သဟဇာတဖြစ်အောင် ကျင့်ရပါသည်။ လောကခံကို ကြံ့ကြံ့ခံပြီး အောင်နိုင်ခြင်းကို ရှေ့ရှုရပါသည်။ လောကခံနှင့်မကြုံရလေအောင် သဘာဝလောကကြီးထဲ၌ သဘာဝမကျသည့် စိတ်ကူးယဉ်လောကတစ်ခုဖန်တီးကာ ပုန်းရှောင်ထွက်ပြေးခြင်းဖြင့် လောကခံကို မရှောင်နိုင်ပါ။ ဒုက္ခကိုအောင်နိုင်ရန် ဒုက္ခကိုဖြစ်စေသည်ဟုထင်ရသည့် လူမှုတာဝန်များမှ ရှောင်ဖယ်၍အောင်နိုင်မှုကို မရနိုင်ပါ။ လောကကို ရဲရဲကြီးရင်ဆိုင်ပြီးမှ ယင်းအတွင်းမှ ဒုက္ခကိုအောင်နိုင် နိုင်မည်ဟု အစ္စလာမ်က တိတိကျကျ ပြဆိုထားပါသည်။*

## ၁၀။ ယာဇရတ် အိဗ်ရာဟီမ် ဗင် အဒ်ဟာမ်

သူတော်စင်ဘဝသို့မရောက်မီ အိဗ်ရာဟီမ်သခင်ကြီးသည် သယံဇာတ ပေါကြွယ်ဝ၍ အလွန်ဖွံ့ဖြိုးချမ်းသာသည့် "ဗလတ်ခ်"နိုင်ငံ၏ ဘုရင်ဖြစ်ခဲ့၏။ တစ်ညနန်းတော်အတွင်း သန်းခေါင်ယံအချိန်လောက်၌ အိပ်စက်နေစဉ် နန်းတော်ပြဿဒ်ခေါင်မိုးပေါ်မှ ခြေသံများကြောင့် ဘုရင်ကြီးနိုးလာ၏။ ဘုရင်ကြီးလည်း အမိုးပေါ်မှာ မည်သူရောက်နေသနည်းဟု မေးမြန်းရာ– " ကျွန်တော်လူစိမ်းမဟုတ်ပါ၊ ဘုရင်ကြီးသိဖူးသူဖြစ်ပါသည်။ (ဘုရင်ကြီးမှာ သူ့စိတ်နှင့်သူ စကားပြောနေခြင်း ဖြစ်ပါသည်။ သို့သော် မိမိခန္ဓာတွင်းမှစိတ်ကို တစ်ခါမှ မရှုမှတ်ခဲ့၍ သူစိမ်းကဲ့သို့ အကျွမ်းမဝင်ဘဲရှိနေခြင်းဖြစ်၏။) ကျွန်တော်တို့ ပျောက်သွားသော ကုလားအုတ်လာရှာတာပါ"ဟု ဖြေကြားလေသည်။ ထိုအခါ ဘုရင်ကြီးက " အို– သူစိမ်းတို့ဘုရင့်နန်းတော် အမိုးမှာ ဘယ်လိုလုပ်ပြီး ကုလားအုတ်ကို တွေ့နိုင်မှာလဲ"ဟုဆိုရာ၊ "အသင်ဘုရင်ကြီး နန်းဝတ်တန်ဆာများဝတ်ပြီး နန်းတော်ကြီးထဲ၌ နေရင်းက အလ္လာဟ်ကို ရှာသကဲ့သို့ပေါ့" ဟု ဖြေကြားလေရာ ဘုရင်ကြီး၌ သတိသံဝေဂ ဉာဏ်အမြင်စတင်ဝင်လာလေတော့၏။

ဤအဖြစ်အပျက်ဖြစ်ပြီးနောက် အတန်ကြာသောကာလတွင် ဘုရင်မင်းမြတ်သည် ပလ္လင်ထက်၌ စံပယ်ပြီး မှူးကြီးမတ်ရာများ ပြည့်ပြည့်စုံစုံအခစားဝင်လျက် ညီလာခံသဘင်ကျင်းပနေစဉ် စုတ်ပြဲညစ်နွမ်းသော အဝတ်များဝတ်ဆင်ထားသည့် သူရူးကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးနန်းတွင်းသို့ရောက်လာ၏။ သူ၏ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး ဘယ်သူကမျှ သူဘယ်သူဖြစ်ကြောင်း အဘယ်ကြောင့်လာကြောင်း မမေးဝံ့ဘဲ မင်းသက်မိသလိုဖြစ်နေကြ၏။

ထိုပုဂ္ဂိုလ်လည်း ဘုရင့်ပလ္လင်ရှေ့၌ တည့်တည့်ရပ်ကာ ဟိုကြည့်သည်ကြည့်

လုပ်နေရာ အိမ်ရာဟိမ်သခင်ကြီးက ဘာကိုရှာနေပါသလဲဟုမေးလိုက်၏၊ ထိုပုဂ္ဂိုလ်က "ဒီတည်းခိုရိပ်သာ ဇရပ်ကြီးအတွင်း၌ ဘယ်နေရာမှာ စတည်းချရရင်ကောင်းမလဲဟု ကြည့်နေတာပါ"ဟု ဖြေကြားလေရာ၊ ဘုရင်ကြီးက " ဒီနေရာဟာ ဇရပ်မဟုတ်ဘူး၊ ကျုပ်ရဲ့နန်းတော်ဗျ၊ နန်းတော်"ဟုပြောလေရာ၊ ထိုပုဂ္ဂိုလ်ထူးက " အော်– ဟုတ်သလား၊ ဒါဖြင့်ရင် ဒီနေရာကို သင့် အရင်က မည်သူပိုင်ခဲ့ပါသနည်း"ဟု မေးရာ၊ ဘုရင်ကြီးက ကျုပ်ရဲ့ ဖခမည်းတော် ပေါ့"ဟု ဖြေ၏။ ပုဂ္ဂိုလ်ထူးက ထပ်မေး၏။ " သူ့အရင်ကကော" အိမ်ရာဟိမ် သခင်ကြီးလည်း ဖြေလက်စနှင့် ဆက်ဖြေရပြန်၏။ " ကျွန်ုပ်အဖိုးပေါ့၊" ထိုအခါ ပုဂ္ဂိုလ်ထူးက " လူတစ်ယောက် ခဏနေလိုက် ပြောင်းသွားလိုက်၊ နောက်တစ်ယောက် ဝင်နေလိုက်နှင့်ဖြစ်နေတဲ့နေရာကို ခေတ္တယာယီတည်းခိုဇရပ်လို့ မခေါ်လို့ ဘယ်လိုခေါ်ရပါဦးမည်နည်း"ဟု ပြောရင်းဆိုရင်း ထိုနေရာမှ ပျောက်ကွယ်သွားလေ၏။ ဘုရင်ကြီးလည်း မည်သူဖြစ်ကြောင်း အသိပေးပါရန် အရှင့်ထံဆုပန်ခဲ့ရာ၊ ပုဂ္ဂိုလ်ထူးမှာ 'ခွါဂျာခစ်ဇိရ်'(အရှင့်အမိန့်တော်နှင့် အရှင်ထွက်ထွက်ကာ လူသားများအား ကမ္ဘာ့နောက်ဆုံးနေ့တိုင် တရားလမ်းညွှန်ပေးနေသည့် အကွယ်မှ ဥပဇ္ဈာယ်လမ်းညွှန် ဆရာသခင်ကြီး)ဖြစ်ကြောင်းသိရ၏။ ဤအတွက်ကြောင့် ဘုရင်ကြီး၏စိတ်ဘဝင်သည် လောကုတ္တရာဘက်သို့ ထပ်ဆင့်တိုးကာ တိမ်းညွတ်လာပြန်၏။

ဤအတွေ့အကြုံထူးကို ခံစားရပြီးနောက် တစ်နေ့သ၌ ဘုရင်ကြီးသည် ရံရွေတော်များခြံရံလျက် တောတွင်းသို့ အမဲလိုက်ထွက်ခဲ့၏။ အလွန်လှပသည့် သမင်တစ်ကောင်ကိုမြင်တွေ့ရ၍ ဘုရင်ကြီးသည် လျှင်မြန်သောအရှိန်အဟုန်ဖြင့် သား ကောင်နောက်သို့လိုက်လေရာ၊ သူ့ကိုယ်ရံတော်တပ်သားများ နောက်တွင်ပြတ်ကျန်ခဲ့ကာ သူတစ်ဦးတည်း တောကြီးအလယ်သို့ ရောက်ရှိလာ၏။ ထိုအချိန်၌ "အို– အိမ်ရာဟိမ်၊ သင့်ဘဝနိဂုံးမချုပ်မီ နိုးထပါလော့"ဟု အကွယ်မှ အသံကြားရ၏။ ထို အသံကို ထပ်ကာတလဲလဲ ကြားရဖန်များ၍ ဘုရင်ကြီးလည်း မူးလဲသွားတော့၏။ သတိရ၍ မျက်စိဖွင့်ကြည့်လိုက်ရာ သမင်ကိုမိမိအပါး၌ ကပ်လျက်ရှိသည်ကို တွေ့ရ၏။ ချက်ချင်း လေးပေါ်မြားတင်ကာ ပစ်မည်ဟုချိန်ရွယ်စဉ် သမင်က လူကဲ့သို့ စကား ဆိုလာ၏။ " သင့်ကို ကျွန်ုပ်က သားကောင်လိုအမဲလိုက်ရန်လာခြင်းဖြစ်၏။ သင်က ကျွန်ုပ်ကို အမဲလိုက်ရန်မဟုတ်။သင်ကျွန်ုပ်ကို မသတ်နိုင်ပါ။ သင့်ကိုအရှင်မြတ်က ယခုလို လောကီအပေါ်၌ နစ်မွန်းနေရန်အတွက် ဖန်ဆင်းခဲ့ခြင်း ဟုတ်၊ မဟုတ်ကို ပြန်လှန်စဉ်းစားနိုင်ပါသလော၊ သင့်မှာ အခြားကောင်းမြတ်၍ ဂုဏ်သိက္ခာရှိသော အလုပ်ကိုလုပ်ရန် မရှိတော့ပြီလော။" ဤစကားများကို သူ့နောက်သို့ အမှီလိုက်လာသည့် သူ့အရွေအရံများလည်း ကောင်းစွာကြားလိုက်ရ၏။ ဉာဏ်အလင်းနှင့်ယှဉ်သည့် သဒ္ဓါတရားသည်လည်း ဘုရင်ကြီးနှလုံးသား၌ ထွန်းတောက်လာ၏။ သူ၏မင်းဝတ်တန်ဆာတို့ စိုရွှဲအောင် ငိုပွဲဆင်ကာ နောင်တသံဝေဂတရားတို့ရရှိပြီး ကျွတ်တန်း ဝင်လေ၏။ သူ၏ဘဝသက်တမ်းတစ်ခုလုံးကို အလဟဿဖြုန်းတီးခဲ့သည်ဟုလည်း ခံစားမိလေတောသည်။

ဘုရင်ကြီးလည်း အခြွေအရံ အစောင့်အရှောက်တို့ကို စွန့်ပယ်ကာ တောတွင်းမှ ထွက်ခွာလာပြီး နွားကျောင်းသားတစ်ဦးထံတွင် သူ၏မင်းဝတ်တန်ဆာများကို သမင်သားရေတစ်ချပ်နှင့်လဲလှယ်ခဲ့၏။ ဘုရင်ကြီးသည် လောကီအသပြာနှင့်ချိန်စက်ပါက အဖိုးအလွန်ထိုက်တန်လှသည့် ဘုရင့်အဆောင်အယောင်တို့ကို စွန့်ပယ်ကာ (လောဘ၊ ဒေါသ၊ မောဟ၊ စသည့် ကိလေသာတို့ ကုန်ခမ်းဆင်းရဲနေသည့်)သူဆင်းရဲ၏ အဝတ်ကို ဓမ္မရာဇာ၏အဆင်းတန်စာအဖြစ်နှင့် ဝတ်ဆင်တော်မူလေ၏။ တောနက်ထဲမှ ဆူးညှောင့် ခလုပ်တို့ကို ခြေနင်းမပါ ဗလာကျင်းသော ခြေတော်အစုံနှင့် နင်းလျှောက်ကာ ကြွမြန်းတော်မူလေ၏။ သူကျူးလွန်ခဲ့သည့် မိုက်ပြစ်တို့အတွက် အမြဲတစေ ငိုကြွေးကာ သံဝေဂယူလျက်နေ၏။ တောတွင်း၌ ဂူတစ်လုံးကိုတွေ့ရှိ၍ ယင်းကို ကျောင်းသခ်မ်းအဖြစ်မွမ်းမံကာ ကိုးနှစ်တိုင်တိုင် တရားဘာဝနာပွားများ မွေ့လျော်နေခဲ့၏။ သောကြာနေ့၌သာလျှင် တောထဲ၌ ထင်းခြောက်တို့ကိုကောက်ကာ ဈေး၌ ရောင်းချခဲ့၏။ (အစ္စလာမ့်တရားတော်၌ မိမိကတရားကျင့်ကြံနေ၍ ကျန်လူများက မိမိကို ကျွေးမွေးပြုစုရမည်ဟု မသတ်မှတ်ထားပေ။ လူတိုင်းတရားကျင့်ကြံရမည်ဖြစ်ပြီး၊ သမာအာဇီဝနည်းကျစွာ ဝိသမလောဘမတက်ဘဲ ဝမ်းရေးအတွက် စီးပွါးရှာဖွေရမည်ဟု ပြဌာန်းထား၏။)

ဈေး၌ရောင်းချ၍ ရရှိခဲ့သည့် အသပြာတို့နှင့် မိမိ၏အခြေခံလိုအပ်ချက်များကို ဝယ်ချမ်းပြီး ကျန်သည်တို့ကို မိမိအနီးအပါးရှိ သူတော်ကောင်းတရား ကျင့်ကြံအားထုတ်သူများကို လှူဒါန်းလေ့ရှိ၏။ များမကြာမီပင် အိဗ်ရာဟီမ်သခင်ကြီး၏ သီလ သမာဓိ ပညာ ထွန်းတောက်မှုသတင်းမှာ ပန်းရနံ့တို့ကဲ့သို့ နေရာအနံ့ထုံသင်းပျံ့နှံ့သွားရာ ကြည်ညိုသူများပြားလာ၏။ လူအများလည်း သခင့်ထံပါးသို့ အကြောင်းအမျိုးမျိုးကြောင့် တဖွဲဖွဲရောက်လာကြ၏။ ထင်ပေါ်ကျော်ကြားလူသိများမှုကို မခံယူလိုသဖြင့် သခင်ကြီးလည်း မက္ကာရွှေမြို့တော်သို့ ပြောင်းရွှေ့စံပယ်တော်မူ၏။

ရှိုက်ခ်အဘူစအိဒ်သည် နန်းစွန့်ဘုရင် အိဗ်ရာဟီမ်သခင်ကြီးတစ်ပါးတည်း ဘာဝနာပွားခဲ့သည့် ဓမ္မလိုင်ဂူတော် "ကျစ်လာခါနာ"သို့ သခင်ပြောင်းကြွပြီး နှစ်ပေါင်းများစွာကြာမှ ရောက်ရှိခဲ့ရာ၊ လိုင်ဂူတော်တစ်ခုလုံးမှာ ကတိုးနံ့သာရနံ့ဖြင့် ထုံသင်းလျက်ရှိသည်ကို လက်တွေ့ကြုံစုံခဲ့၏။

အိဗ်ရာဟီမ်သခင်ကြီးကို ဓမ္မဓာတ်ဖွင့်ပြီး ဥပစ္ဈာယ်ဆရာအဖြစ် လမ်းညွှန်ခဲ့သည့် ပုဂ္ဂိုလ်မြတ်မှာ ခွါဂျာခစ်ဇိရ်ကဲ့သို့ပင် ရုပ်ကြမ်းခန္ဓာကို ကမ္ဘာပျက်ပြုန်း နောက်ဆုံးနေ့တိုင်အောင် ဆောင်ထားခွင့်ကို အရှင့်ထံမှ ရရှိခဲ့သည့် အရှင်ထွက် ဓမ္မဝိဇ္ဇာ အီလီယာဇ် သခင်ဖြစ်၏။ ထိုသခင်ထံမှပင် ဓမ္မဓါတ်တံလိုင်းတို့ကို နှိုးဆွပေးနိုင်သည့် အရှင့်နာမတော်ကို ရရှိခဲ့၏။

*ဘာသာပြန်သူမှတ်ချက်။ ။ အန္တေဝါသိက တပည့်သာဝက၏ စရိုက်အထုံ၊ ဗီဇ၊ ဝါသနာတို့ကိုလိုက်၍ ဥပစ္ဈာယ်လမ်းညွှန်ဆရာသည်*

အရှင်မြတ်၏ ဂုဏ်တော်အနန္တ၊ နာမတော်အနန္တတို့အနက်မှ သင့်တော်ရာ နာမတော်တစ်ပါးပါးကို တပည့်တစ်ဦးချင်းအတွက် သီးသန့်ရွေးချယ်ပေးကာ 'ဇိကိရ်'ဘာဝနာပွားရန် သတ်မှတ်ပေးလေ့ရှိ၏။ ဤကဲ့သို့ နာမတော်ကို နုဿတိပွားများခြင်းနှင့် ပတ်သက်၍ အနည်းငယ် ရှင်းလင်းတင်ပြပါမည်။

စကြဝဠာအနန္တမှ ရှိရှိသမျှသော ရုပ်ကလာပ်နှင့် နာမ်ဓါတ်အစုစုတို့သည် အရှင့်နှုရီတော်ကွန့်မြူးမှုကြောင့် ဖြစ်ပေါ်ထင်ရှားလာခြင်းဖြစ်လေရာ စကြဝဠာအနန္တသည် အလ္လာဟ်နှင့်တကွသာလျှင်ဖြစ်တည်နိုင်၍ အလ္လာဟ်နှင့်ကင်းလွတ်စွာ တစ်သီးတစ်ခြား ထူးထူးသန့်သန့် ကိုယ်ပိုင်ရပ်တည်မှုဖြင့် အမှီအခိုကင်းစွာ မဖြစ်တည်နိုင်ပေ။ ဤသည်ကို "ဝဟာဒပ်တွလ်ဝဂျူးဒ်" (ONENESS OF BEING)ဟု ခေါ်၏။ အလိုသဘောမှာ " **အလ္လာဟ်၏မြဲသောဖြစ်တည်မှု၏ အသခ်တဂုဏ်တော် ဩဇာအရှိန်အဝါ သက်ရောက်မှုကြောင့်သာလျှင် မမြဲသောသဘောဆောင်သည့် ရုပ်နာမ်ဓမ္မသင်္ခါရတို့သည် ခေတ္တယာယီဖြစ်တည်နိုင်ခြင်းဟု အဓိပ္ပါယ်ရ၏**" ယင်းသစ္စာကထာကို "အစ်ဗနေ့အရဗီ"သခင်ကြီးက တရားရှုထောင့်တစ်ခုမှ ဉာဏ်စဉ်တစ်မျိုးဖြင့် မီးမောင်းထိုးပြသကဲ့သို့၊ တရားတော်၏နောက်ရှုထောင့်တစ်ခုမှ နောက်ဉာဏ်စဉ်တစ်စခန်းဖြင့် "အိမာမ်ရဗ္ဗာနီ"သခင်ကြီးက " **မမြဲသော ရုပ် နာမ် ဓမ္မ သင်္ခါရတို့၏ဖြစ်တည်မှု 'ရှုဟူဒ်' မှာ အဟုတ်ရှိ၊ တစ်ကယ်ရှိသော ဖြစ်တည်မှုဖြစ်သည်။ ဤမမြဲသော ဖန်ဆင်းခံတို့၏ ဖြစ်တည်မှုမှာ အလ္လာဟ်၏မြဲသော ဖြစ်တည်မှုနှင့် တစ်သီးတစ်ခြားဖြစ်သည်ဟူသည့် "ရှုဟူဒိယာ"သစ္စာကထာကို ပေါ်ကျူးခဲ့၏။**"

မည်သည့်ရှုဒေါင့် မည်သည့်ဉာဏ်စခန်းမှပင် ရှုမြင်သုံးသပ်စေကာမူ အလ္လာဟ့်ဂုဏ်တော်တို့သည် စကြဝဠာအနန္တကို လွှမ်းခြုံထားသည်ဆိုသည့်အချက်ကိုသာလျှင် ထောက်ပြနေကြောင်း တွေ့ရပေသည်။ ကျမ်းမြတ်ကုရ်အာန်၌ " အလ္လာဟ့်ဂုဏ်တော်အရောင်တို့ကို သင်တို့ကိုယ်၌ ဆိုးယူကြ"ဟူ၍ ညွှန်ကြားထားလေရာ စကြဝဠာအနန္တတည်းဟူသော လောကီဘောင်မှလွတ်မြောက်ရန် ထွက်ရပ်လမ်းအဖြစ် လမ်းညွှန်ဥပစ္ဈာယ်ဆရာသခင်သည် တပည့်၏ အထုံ ဗီဇ စရိုက် ဉာဏ်အနုအရင့် စသည်တို့ကို ချင့်ချိန်ပြီး အရှင့်နာမတော်တစ်ပါးပါးကို ဉာဏ်ပေါက်အောင် ရှုခိုင်း၏။ ဤကဲ့သို့ ဂုဏ်တော်ကို ပွားများရသည့် ဇိကိရ်ဘာဝနာမှာ ယုံကြည်မှုသဒ္ဓါတရားကို တိုးပွားအောင် ကျင့်ဆောင်သည့် သမထကျင့်စဉ်အဆင့် စသည်တို့လောက်သာလျှင် မဟုတ်ဘဲ၊ နာမ်မှာ ဉာဏ်ကပ်ပြီး "တဖွက ရ်"ဝိပဿနာပွားများရသည့် "မအ်ရေဖသ်" ဝိဇ္ဇာဉာဏ်အလင်းထွန်းတောက်ရာ ဉာဏကျင့်စဉ်လည်းဖြစ်ပေသည်။

တစ်နေ့သောအခါတွင် အိဗ်ရာဟီမ်သခင်ကြီးသည် လူသူမနီး တောကြီးအတွင်းသို့ ဖြတ်သန်းခဲ့ရာ၊ စောင်များခြုံထားသော 'ဒရဝေ့ရှ်'သူတော်စင် အပါး(၇၀)နှင့် တွေ့ဆုံခဲ့၏။ အဆိုပါသူတော်စင် အပါး(၇၀)အနက် (၆၉)ပါးမှာ သွေးအိုင်အတွင်း

လူးလိမ့်ကာ သေဆုံးလျက်ရှိ၏။ အသက်ထွက်မတတ်ဖြစ်နေသော်လည်း လေကို ပင်ပန်းဆင်းရဲကြီးစွာ ရှူနေဆဲဖြစ်သည့် အသက်ရှင်ကျန်ရစ်သူ ဒရ်ဝေ့ရှ်သူတော်စင်ကို အိဗ်ရာဟီမ်သခင်ကြီးက ဤထူးဆန်းအံ့ဖွယ်ရာမြင်ကွင်းအကြောင်းကို မေးမြန်းကြည့်၏။

အသက်နှင့်ကိုယ် မြဲလျက်ကျန်ရစ်ခဲ့သည့် ဒရဝေ့ရှ်က " တရားဓမ္မလမ်းကြောင်းမှာ ကြမ်းတမ်းလှပါ၏။ သတိကြီးစွာနှင့် လျှောက်လှမ်းပါလော့၊ ရေတစ်ချိုင့်နှင့် ခိုလှုံရန် အမိုးကိုလည်း အဆင်သင့် ရှာထားလော့။ ပရမတ္ထသစ္စာတရားတော်နှင့် အလွန်ဝေးလွန်း နီးလွန်းသော အစွန်းမလွတ်သည့် ချဉ်းကပ်မှုမျိုးနှင့် မချဉ်းကပ်လေနှင့်။ အရှင့်၏ အမိန့်ပညတ်ချက်ဓမ္မသတ်တို့ကို မခန့်လေးစား ရိုကျိုးနာခံမှုကင်းမဲ့သွားသည့် အနေအထားမျိုးဆိုက်ရောက်မသွားစေရန် သတိကြီးစွာထားပါလော့။ ကျွန်ုပ်တို့သည် ဆူဖီတစ်စုဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ စကားပြောဆိုခြင်းမပြုဘဲ ဆိတ်ငြိမ်စွာ ဝဇီပိတ်ကျင့်ကြံရန်ဟူ၍လည်းကောင်း၊ အရှင်မှလွဲ၍ မည်သည်ကိုမှ ကြောက်ရွံ့ခြင်းမရှိရန် (အလ္လာဟ်အား နတ်ဘုရားဆိုးကို ကြောက်ရွံ့ခြင်းမျိုးနှင့်ကြောက်ရွံ့ခြင်းကို မဆိုလို၊ မကောင်းမှုလုပ်ရမည်ကိုကြောက်ခြင်း၊ အရှင့်အား မေ့ပျောက်ကာ လောကီအာရုံကာမဂုဏ်တို့တွင် နစ်မွန်းနေမည်ကိုကြောက်ခြင်း စသည်တို့ကို ဆိုလို၏)ဟူ၍လည်းကောင်း၊ ကျွန်ုပ်တို့၏ ဘဝတစ်သက်တာ လုပ်ရှားမှုမှန်သမျှကို ကျွန်ုပ်တို့၏ဓမ္မခရီးပန်းတိုင်၊ စခန်းတိုင်အောင် တရားတော်နှင့် လိုက်လျောညီထွေဖြစ်စေရန် ဆောက်တည်ကျင့်သုံးမည်ဟူ၍လည်းကောင်း၊ အရှင်မှ အပဖြစ်သည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့ကို လုံးဝ အာရုံမသွင်းရန်ဟူ၍လည်းကောင်း အဓိဋ္ဌာန်ပြုကာ သစ္စာဆိုခဲ့ကြပါသည်။

သို့ရာတွင် ကျွန်ုပ်တို့ မက္ကာဗျွေမြို့တော်သို့ ဆိုက်ရောက်သောအခါတွင် ခါဂျာခစ်ဇီရ်နှင့်တွေ့ဆုံခဲ့၏။ ကျွန်ုပ်တို့အလွန်ပင် ကြည်နူးဝမ်းမြောက်ဖြစ်ခဲ့ကြပါ၏။ ခစ်ဇီရ်သခင်အား ဆလမ်မေတ္တာပို့ဆက်ပြီးနောက် ကျွန်ုပ်တို့ကြိုးပမ်းအားထုတ်ခဲ့ရသမျှ ခါဂျာခစ်ဇီရ်နှင့် တွေ့ဆုံခွင့်ရခြင်းတည်းဟူသော ဆုလာဘ်ကို ချီးမြှင့်ခြင်းခံခဲ့ရပေသည်ဟု ပြော၍မျှမဆုံးမီ အရှင့်ထံတော်မှ အသံတော်ကြားရတော့၏။ " အို- ကတိချိုးဖေါက်၊ သစ္စာမစောင့်သူတို့၊ ငါအရှင်အား မေ့ပျောက်ရန် သင်တို့ဆုံးဖြတ်ထားခဲ့ပါသလော၊ အကြောင်းတရားဖြစ်သည့် အသခ်တရှင်ကိုမေ့၍ အကျိုးတရားမျှသာဖြစ်သော သခ်တဘုံသားနှင့် ကျေနပ်နှစ်သိမ့် ရွှင်ပြလျက် ရှိကြပါသလော။ ဤအမှားအတွက် သင်တို့ဘဝကို ဤမှာပင် နိဂုံးချုပ်စေမည်။ "

အသက်ငွေ့ငွေ့ကျန်သေးသည့် ဒရ်ဝေ့ရှ်က ဆက်လက်၍ အိဗ်ရာဟီမ်သခင်ကို " အို- လုလင်၊ ယခုလဲလျောင်းလျက်ရှိသူများမှာ အရှင့်အချစ်၌ လောင်ကျွမ်းခဲ့သူများဖြစ်ကြကုန်၏။ အို- အိဗ်ရာဟီမ်၊ တရားစခန်းကို ဆက်လျှောက်မည် သို့မဟုတ် အိမ်ပြန်မည်ဆိုသည်ကို အဆွေဆုံးဖြတ်ပါလော့"ဟုမေးရာ၊ အိဗ်ရာဟီမ်သခင်က -

" အခြားသူများနည်းတူ ချစ်သူအတွက် နှလုံးသားကွဲအက် သွေးစိမ်းရှင်ရှင်ထွက်ကာ

သေပွဲမဝင်ဘဲ၊ အသင်ပုဂ္ဂိုလ်ထူးတစ်ပါးတည်း အဘယ့်ကြောင့် အသက်ငွေ့ငွေ့ကျန် လျက် ရှိပါသေးသနည်း"ဟု ထပ်ဆင့်မေးမြန်း၏။ ထိုအခါ ဒရ်ဝေ့ရှ်သူမြတ်က-

" ဤပုဂ္ဂိုလ်တို့မှာ ဓမ္မခရီး၌ ခရီးပေါက်ခဲ့သည့် အရင့်အမာများဖြစ်ကြပါ၏။ ကျွန်ုပ် မှာမူ တရားစခန်းကိုခြေလှမ်း ၁၀ စ လှုသစ်၊ လှုနု၊ လှုငယ်မျှသာဖြစ်ပါသည်"ဟု ပြောကြားရင်း အရှင့်အချစ်ပလ္လင်ထက်သို့ မိမိအသက်ကို ဆက်ကပ်လိုက်၏။

အိဗ်ရာဟီမ်သခင်ကြီးနန်းစွန့်ပြီး ဆူဖီတို့၏ ခိရ်ကာဖြစ်သည့် သိုးမွေးဝတ်ရုံကို ဝတ်ဆင်ခဲ့စဉ်အခါက သားငယ်တစ်ပါးသခင့်၌ ရှိခဲ့၏။ အဆိုပါ ကလေးငယ် အရွယ်ရောက်၍ သူ့ခမည်းတော်သီတင်းသုံးရာဒေသကို စုံစမ်းသိရှိရသောအခါ မယ်တော်အပါအဝင် နောက်လိုက်ငယ်သား လှူယုံတော် (၄၀၀)နှင့်တကွ မက္ကာ ရွှေမြို့တော်သို့ ခရီးထွက်ခဲ့၏။

မက္ကာရွှေမြို့တော်သို့ရောက်သည်နှင့် သားတော်သည် ဖခမည်းတော်၏ တပည့်များထံမှ ခမည်းတော်ရှိရာအရပ်ကို စုံစမ်းလေ၏။ အိဗ်ရာဟီမ်သခင်ကြီး၏ တပည့်များက သူတို့၏ဆရာသခင်သည် သူနှင့်တကွ တပည့်များ၏ စားဝတ်နေရေး အတွက် တောသို့သွားကာ ထင်းခွေနေကြောင်း ပြောကြားလိုက်၏။ မင်းသားသည်လည်း ချက်ချင်းပင် တောအတွင်းသို့ သူ့၏ဖခမည်းတော်အားရှာရန် လိုက်သွားလေ၏။ တောတွင်းသို့ရောက်သည်နှင့် အလွန်ထူးခြားသည့်မြင်ကွင်းနှင့် မင်းသားလေး ရင်ဆိုင် တွေ့မြင်ရတော့၏။ ဘုရင်အိုကြီးမှာ အလွန်လေးလံသော ထင်းစည်းကြီးကို မိမိကျော ပေါ်သို့တင်ထားရာ အလေးချိန်များလွန်း၍ ဘုရင်အိုကြီးမှာ ကုန်းညွှတ်လျက်ရှိ၏။ မင်းသားငယ်သည် ဤမြင်ကွင်းကိုမြင်ရပြီးနောက် မျက်ရည်များကျလောက်အောင် စိတ်ထိခိုက်ခဲ့၏။ ဖခမည်းတော်နောက်သို့လည်း မိမိကိုမမြင်ရလေအောင် ခပ်လှမ်းလှမ်းမှ နောက်ယောင်ခံလိုက်ခဲ့၏။ ဈေးသို့ရောက်သောအခါတွင် ခမည်းတော်ကြီးက -

"တရားသဖြင့်ရှာဖွေထားသော အဿပြာတို့ဖြင့် ဤရိုးဖြောင့်စင်ကြယ်ပြီး သမာအာဇီဝ ကျသောနည်းလမ်းဖြင့် စုဆောင်းထားသည့်ထင်းစည်းကို မည်သူဝယ်ပါမည်နည်း"ဟု ဟစ်အော်ကာ ထင်းရောင်းချနေသည်ကို ကြားတွေ့ရ၏။

အိဗ်ရာဟီမ်သခင်ကြီး၏ ထင်းစည်းများအား လူတစ်ဦးက ပေါင်မုန့်အချို့နှင့် လာရောက် လဲယူသွား၏။ သခင်ကြီးလည်း ရရှိလာသည့် ပေါင်မုန့်များကို သယ် ဆောင်ကာ မိမိတရားထိုင်ရာ ဓမ္မရိပ်သာသို့ ပြန်လာ၍ တပည့်များအား မုန့်များဝေငှ ပေးလိုက်၏။ တပည့်များစားသောက်နေချိန်တွင် သခင်ကြီးသည် အရှင့်ဘာဝနာ၌ မွေ့လျော်၍နေပေ၏။ တပည့်များ စားသောက်ပြီးသည်နှင့် သခင်ကြီးသည် ကအ်ဗာ ကျောင်းတော်ကို လှည့်ပတ်ရန် တပည့်များနှင့်အတူတကွ ကြွတော်မူ၏။ ( သခင်ကြီး က မိမိတပည့်များအား ပျိုမြစ်နုနယ် လုလင်ငယ်တို့အား ကြည့်ရှုခြင်းနှင့် ရောနှော ပေါင်းဖက်ခြင်းမပြုရန် တားမြစ်ထား၏။ )

အိဗ်ရာဟိမ်သခင်ကြီးသည် ကအ်ဗာကျောင်းတော်ကိုရစ်ပတ်နေစဉ် မိမိ၏သားငယ်အား တွေ့ဆုံလိုက်၏။ ရုတ်တရက်တွေ့ဆုံခဲ့၍ မျက်လွှာချချိန်မရှိဘဲ သားတော်ကို တည့်တည့်ရှုစားတော် မူမိခဲ့၏။ နောက်လိုက်တပည့်များက မိမိတို့ဆရာသခင်သည် အဘယ်ကြောင့် မိမိချမှတ်ထားသည့်စည်းကမ်းကို မိမိကိုယ်တိုင်ချိုးဖေါက်ရပါသနည်းဟု အံ့အားသင့်လျက်ရှိကြ၏။ အပြန်ခရီးတွင် ဆရာသခင်အား အဘယ့်ကြောင့် သူတို့အား တားမြစ်ပြီး၊ ဆ ရာကိုယ်တိုင်က လုလင်ပျိုကို စူးစူးစိုက်စိုက်ကြည့်ရပါသနည်းဟု မေးလျှောက်ကြလေ၏။ ထိုအခါသခင်ကြီးက– “ ကျွန်ုပ်ဖကီရီ၏အစိဋ္ဌာန်ဖြင့်နန်းစွန့်ခဲ့စဉ်က ကျွန်ုပ်၌ သားငယ်တစ်ပါးကျန်ခဲ့၏။ ယခု ဤကလေးသက်ရှိထင်ရှားရှိဦးမည်ဆိုလျှင်၊ ဤမင်းသားလေးနှင့်အလွန်တူပေမည်။ ကျွန်ုပ်၏ အဇ္ဈတ္တသန္တာန်၌ ဤသူငယ်သည် ကျွန်ုပ်၏သားပင်ဖြစ်သည်ဟု ခံစားမိ၏”ဟု ဖြေကြား၏။

သခင်ကြီး၏တပည့်တစ်ဦးသည် မင်းသားလေးအား ရှာဖွေရန်ထွက်ခဲ့ရာ ခုံတစ်လုံး၌ထိုင်၍ ကျမ်းမြတ်ကုရ်အာန် ရွတ်ဖတ်သရဇ္ဈာယ်ပြီး လေ့လာနေသည်ကို တွေ့ရ၏။ ကျမ်းမြတ်ကုရ်အာန်၏ အနက်အဓိပ္ပါယ်တို့ကို ထိုးထွင်းဆင်ခြင်ကာ ဉာဏ်တင်နေသည့်မင်းသားငယ်၏မျက်စိအစုံမှ မျက်ရည်တို့သည် သွယ်တန်းကာစီးကျလျက်ရှိ၏။

အိဗ်ရာဟိမ်သခင်ကြီး၏ တပည့်တစ်ဦးက မင်းသားလေးအား မည်သူမည်ဝါဖြစ်ကြောင်းမေးလျှောက်ရာ၊ မင်းသားငယ်က “ ကျွန်တော်သည် ‘ဗလတ်ခ်’နိုင်ငံ၏မင်းသားဖြစ်ပါသည်။ ကျွန်တော်၏ဖခမည်းတော်ကြီးမှာ လောကီအာရုံကာမဂုဏ်တို့ကို အောင်နိုင်ရန်အလို့ငှာ ‘ဒရဝေ့ရှ်’ဘောင်သို့ဝင်၍ တရားအားထုတ်လျက်ရှိပါသည်။ ကျွန်တော်ယခု ခမည်းတော်ကိုတွေ့လို၍ လာရခြင်းဖြစ်ပါသည်”ဟု ဖြေကြားကာ ငိုကြွေးရာလေသည်။ ဆက်၍မင်းသားငယ်က “ မနေ့က ခမည်းတော်ကို ကျွန်တော်တွေ့ခဲ့ပါသည်။ သို့သော် ခမည်းတော်ထံသို့ ကျွန်တော်ချဉ်းကပ်ခဲ့ပါမူ ခမည်းတော်သည် သံသရာဘေးကို မျှော်တွေးပြီး အခြားတစ်နေရာသို့ ပြောင်းကြွသွားမည်ကို စိုး၍ ကျွန်တော်ထွက်မတွေ့ခဲ့ပါ။ ကျွန်တော့်ခမည်းတော်၏အမည်မှာ အိဗ်ရာဟိမ်ဘင် အဒ်ဟမ် ဖြစ်ပါသည်ခင်ဗျား”ဟု ဖြေကြားလေ၏။

သခင်၏တပည့်သည်လည်း မင်းသားငယ်နှင့်အတူပါလာသည့် မယ်တော်နှင့်မင်းသားငယ်တို့နှစ်ဦးအား အိဗ်ရာဟိမ်ဘင်အဒ်ဟဒ်သခင်ကြီးထံသို့ ခေါ်သွားလေ၏။ မိဖုရားကြီးသည် သခင်ကြီးအားမြင်သည်နှင့် “ သူဟာ ကျွန်မရဲ့ ဆူလ်တန်ပါပဲ”ဟု ငိုကြွေးကာ ဟစ်ခေါ်လေရာ အနီးအနားရှိ မင်းသားငယ်နှင့် တပည့်အပေါင်းတို့ပါ မျက်ရည်မဆည်နိုင်အောင် စိတ်ထိခိုက်ခဲ့ကြ၏။ မင်းသားငယ်မှာမူ ရင်တွင်းမှ ခံစားချက်ပြင်းထန်လွန်း၍ တစ်ချက်မျှဟစ်အော်ကာ မေ့လဲသွားတော့၏။ သတိပြန်လည်လာသောအခါတွင် ခမည်းတော်ကြီးအား ဂါရဝတရားနှင့် နှုတ်ဆက်စကားဆို၏။

သခင်ကြီးက သားငယ်ကိုပွေ့ဖက်ပြီး အဘယ်သာသနာကို လက်ခံယုံကြည်ပါသနည်းဟု မေးမြန်းရာ သားငယ်က ငြိမ်းအေးရာအမှန်ဖြစ်သည့် သန္တိသုခကို နှစ်ဘဝစလုံး၌ ပေးစွမ်းနိုင်သည့် အစ္စလာမ်တည်းဟူသော ငြိမ်းချမ်းရေးအယူကို ယူပါကြောင်း ဖြေကြား၏။ ထိုအခါ ခမည်းတော်ကြီးက " အို- သားတော်၊ ကျမ်းမြတ်ကုရ်အာန်(၏အနှစ်သာရ)ကို တတ်သိပါသလား"ဟုမေးရာ တတ်သိပါကြောင်း မင်းသားငယ်က ဖြေကြား၏။ အိဗ်ရာဟီမ်သခင်ကြီးသည် ပြန်လည်ကြွမြန်းရန် ထသောအခါတွင်မူ သားငယ်က ပွေ့ဖက်ထား၏။ မိဖုရားကြီးမှာလည်း အိဗ်ရာဟီမ် သခင်ကြီး အစောတလျင် ထွက်ကြွသွားမည့်အရေးအတွက် စိတ်ကျဉ်းကျပ်၍ မကြည်မလင်ဖြစ်နေရှာသည်။

အိဗ်ရာဟီမ်သခင်ကြီးမှာမူ တည်ငြိမ်သောသမာဓိဖြင့် ဉာဏ်ဝင်စားနေသဖြင့် ဝစီပိတ်ခါနေပြီးမှ သိစိတ်ဝင်လာသောအခါတွင် " အို- အရှင်၊ ကျွန်တော်မျိုးသည် အရှင့်ကိုသာလျှင် ချစ်မြတ်နိုးတော်မူပါ၏။ အရှင်မှအပ မည်သည့် ရုပ် နာမ် ဓမ္မ သင်္ခါ ရတို့ကိုမျှ မြတ်နိုးမှုမရှိပါ"ဟု ဆုတောင်းလေရာ၊ မိမိရင်ခွင်၌ ပွေ့ဖက်ထားသည့် သားတော်မင်းသားလေးသည် ရုတ်တရက် ဖခမည်းတော်ပေါင်ပေါ်သို့ ပြုတ်ကျကာ ဖခမည်းတော်၏ အခိဋ္ဌာန်ပါရမီ ပြည့်မြောက်ခြင်းအလို့ငှာ မိမိ၏အသက်ဇီဝိန်အား မိမိ၏ချစ်သူအရှင်မြတ်ထံသို့ ဆက်ကပ်တော်မူလေ၏။

အံ့အားသင့်နေကြသော တပည့်သာဝကအပေါင်းတို့က သခင်ကြီးအား ဤထူးဆန်းသောဖြစ်ရပ်နှင့်ပတ်သက်၍ မေးလျှောက်ကြရာ၊ သခင်ကြီးက " သားငယ်ကို ငါပွေ့ဖက်စဉ်က သမုဒယတည်းဟူသော အမျှင်တန်းက ငါ့နှလုံးသားကိုရစ်ပတ်ကာ လောကီအချစ်တည်းဟူသော ကိလေသာမီးပွားလေးကို ဖြစ်တည်လာစေ၏။ ချက်ချင်းဆိုသလိုပင် အရှင့်ထံမှ " အို- အိဗ်ရာဟီမ်၊ ( ရုပ် နာမ် ဓမ္မ သင်္ခါရတို့နှင့် ကင်းစင်လွန်မြောက်တော်မူသည့်) ငါအရှင်ကိုသာလျှင် မောင်မင်းမက်ထားခဲ့ရာမှ ယခု အဘယ်အတွက်ကြောင့် ငါအရှင်မှအပဖြစ်သည့် မမြဲသည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့ ဘက်သို့ ကိုင်းညွတ်သည့်စိတ်သစ်သည် မောင်မင်းနှလုံးသား၌ ဖြစ်တည်လာရပါသနည်း၊ မောင်မင်း၏တပည့်များကို လုလင်ငယ် လုံမငယ်များကို မကြည့်ရဟု ပညတ်တားမြစ်ထားပြီး၊ မောင်မင်းကိုယ်၌ကမူ ကိုယ့်သားကိုယ့်မယားနှင့် စကားလက်စုံကြနေ၏။ ငါအရှင်မှအပ အခြားအရာမှန်သမျှကို မတွယ်တာသည့် ဉာဏ်စဉ်ကို အလိုရှိပါသလော၊ သို့တည်းမဟုတ် သင်၏သား မယားကို ချစ်ခင်စုံမက်မည်လော၊ အသင်ရွေးချယ်လော့"ဟူသည့် ဗျာဒိတ်တော်သံကြရောက်လာ၍၊ ငါက " အို- အရှင်၊ ကျွန်တော်မျိုးပန်ကြားလျှောက်ထားအပ်ပါသည်။ သားငယ်ပေါ်သို့ စိတ်တိမ်းညွတ်သွားပြီး အရှင့်ကိုသာလျှင် ဉာဏ်ဝင်စားနေမှုကို တဒင်္ဂလစ်မေ့ခဲ့သည့်အတွက် ကျွန်တော်မျိုး သို့မဟုတ် သားတော်ကို အရှင့်ထံ ပြန်ခေါ်တော်မူပါ"ဟု ဆုပန်ခဲ့ပါသည်။

ထိုအခါအရှင်မြတ်က သားတော်အား ရွေးကောက်ခဲ့၍ သားတော်သည် မိမိ

လာရင်းအစ 'ဝဟာဒတ် ဇာတိ'၏အောင်မြင်ခြင်း၌ မွေ့လျော်တော်မူရန် 'ဟကီကီ-မဟာဒူး ဗ်'အမှန်နှစ်သက်ထိုက်သည့် ဒွတ်စ်တီအချစ်၏ 'မဂျလစ်'ဘောင်၌ နှော ရောသက်ဝင်ကာ အရှင့်ခြေတော်ရင်းသို့ ခိုဝင်ခဲ့ခြင်းဖြစ်၏။"

ဘာသာပြန်သူမှတ်ချက် ။ ။ "သား မယားကျွန် တဏှာဝန် အလွန်လေးလှစွာ၊ ဒွန်နယာယုတ် နံအပုတ် ကုတ်ကုန် ခွေးသာရှာ"ဟု ကုန်းဘောင်ခေတ်ကထွန်းတောက်ခဲ့ သည့် မြန်မာ့ပွတ်စလင်မ်မွေစာဆိုရှင် ဟာဂျီမှန်သခင်ကြီးက စပ်ဆိုခဲ့၏။ သို့သော် အစ္စလာမ်မွေသည် ဤလောကကို တွယ်လည်းမတွယ်၊ ပယ်လည်းမပယ်ဘဲ လောကီ လောကုတ် နှစ်ဌာနနှစ်ဘဝအတွက် အောင်မြင်မှုရရန် အသုံးချရသည့် ဘုံဌာနအဖြစ် ခံယူကြောင်း၊ ခန္ဓာဝန်ကိုဆောင်ထားသည့်လူသားတို့သည် မိမိခန္ဓာအား အပုတ်ကောင် ရှု၍ဆောင်ထားသည်ဟု အပျက်ရှုကာ အဆိုးမြင်ဝါဒနှင့် မိမိနှင့်တကွ မိမိပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့ အရာခပ်သိမ်းကို လစ်လျူရှုခြင်းတာဝန်မှ ထွက်ပြေး ပုန်းရှောင်ခြင်း မပြုအပ်ကြောင်း၊ မိမိပတ်ဝန်းကျင် လောကတစ်ခွင်သည် သူ့အတိုင်း ဆိုပါက ကုသိုလ်လည်းမမည်၊ အကုသိုလ်လည်း မမည်ကြောင်း၊ အရှင်မြတ်က လွတ်လပ်စွာ လမ်းနှစ်သွယ်ကို ရွေးချယ်ခွင့်ပေးထား၍ မိမိလုပ်ရပ်ကြောင့် ကုသိုလ် အကုသိုလ်တို့ဖြစ်ထွန်းကြောင်းနှင့် အစ္စလာမ့်ကျင့်စဉ်သည် လက်ထဲ၌ရှိသည့် ဥစ္စာ ပစ္စည်း စည်းစိမ် ချမ်းသာ၊ ရာထူး ဌာနန္တရ၊ ဇနီး မယား သမီး သားတို့ကို စွန့်ရ သည့် ကျင့်စဉ်မဟုတ်ဘဲ၊ ကိလေသာတို့အကြောင်းရင်းခံ၍ အဝိဇ္ဇာစေတသိတ်တို့ အမြစ်တွယ်ရာနှလုံးသား၌ အကုသိုလ်စိတ်'နဖ်စ်အမ္မရာ'ကို အဗျာကတာအငြိမ်းစိတ် ဖြစ်သည့် 'နဖ်စ်မွတ္တမာအင်နာ'အဆင့်ရောက်အောင်စိတ်အစဉ်မြှင့်တင်၍၊ ဝိဇ္ဇာဉာဏ် အလင်း 'မာရေဖွတ်တေ့အေလာဟီ' ထိုးထွင်းပွင့်ပေါ်အောင်ကျင့်ရသည့် အကြောင်း သတ် အတွင်းစွန့်လွှတ်မှုကျင့်စဉ်ဖြစ်ကြောင်း အထက်၌ဖော်ပြပြီးဖြစ်ပါသည်။

လူ့စိတ်အစဉ်သည် တစ်ခုပြီးမှတစ်ခု ဖြစ်တတ်သောသဘာဝရှိ၍ လောကီ စိတ်နှင့် လောကုတ္တရာစိတ်တို့ပြိုင်တူ နှလုံးသား၌ မကိန်းဝပ်နိုင်ကြောင်းကိုလည်း တင်ပြပြီးဖြစ်ပါသည်။

ခမည်းတော်၏မြတ်သောလောကုတ္တရာအလိုဖြည့်ရန် သားလှလိမ္မာကလေးသည် သူတော်ကောင်းတို့ ထုံးနှလုံးမူပြီး မိမိအသက်ကို အရှင့်အတွက်စွန့်ရန် ကြည်ကြည်ဖြူဖြူ ဝမ်းမြောက် ဝမ်းသာ လက်ခံခဲ့သည့် တမန်တော်မြတ်ကြီး အိဗ်ရာဟီမ်နှင့် သားတော် အစ္စမာအီလ်တို့၏ မဟာဝင်မှာ အစ္စလာမ့်သမိုင်း၌ အစဉ်အလာအဖြစ် ရှိခဲ့ဘူးလေသည်။

အိဗ်ရာဟီမ်အဒ်ဟမ်သခင်ကြီးသည် မိမိသားကို မိမိဘာဝနာအားထုတ်မှုအတွက် အဟန့်အတားအဖြစ်လည်းကောင်း၊ မိမိတရားကိုဖျက်စီးမည့် မွေန္တရာယ်အဖြစ်လည်း ကောင်း ရှုမြင်ပြီး အရှင့်ထံဆုပန်ခဲ့ခြင်း လုံးဝမဟုတ်ပေ။

အိဗ်ရာဟီမ်သခင်ကြီးတို့ သားအဖနှစ်ဦးစလုံးသည် အလွန်အဆင့်မြင့်မား

ကြသည့် ပရမတ်ဥာဏ်ရှင်များဖြစ်ကြပါသည်။ အစ္စလာမ်ဓမ္မက ပြဋ္ဌာန်းထားသည့် သေခြင်းတရားနှင့် သေသည်၏အခြားမဲ့ဘဝဆိုင်ရာ အယူအဆတို့ကို ကောင်းစွာ ထိုးထွင်းသိမြင်တော်မူကြကုန်၏။ ထို့ကြောင့် သေခြင်းတရားနှင့်ရင်ဆိုင်ရန် လုံးဝကြောက်ရွံ့မှု မရှိခြင်းဖြစ်၏။ သူတို့၏အသက်ဇီဝိန်ကိုနုတ်ရန် အရှင့်ထံဆုပန်ခြင်းမှာ မဟာတမန်တော်မြတ်၏ ဩဝါဒတော်အတိုင်း 'မသေမီ သေ'ခဲ့ပြီးသော(ပညတ်လောကဌ် ခေတ္တယာယီအသုံးချရန် သမုတ်ထားသည့် 'ငါ'တည်းဟူသော အတ္တ 'ခွတ်ဒီ' မပြကြောင်း အနတ္တဥာဏ်ပေါက်မြောက်နေသည့်) ၎င်းတို့ကဲ့သို့သော အလ္လာဟ်၏ အချစ်တော်များအတွက် အဆန်းမဟုတ်ပေ။

ပသီဆရာကြီး ဦးဘိုးဝကလည်း မုဒ္ဒိရဖတ် – ပရမတ်ကျမ်းတွင် အထက်ပါ ဩဝါဒတော်ကို အောက်ပါအတိုင်းဖွဲ့ဆိုထား၏။

**" ခါတရန် သေဘူးမှ ပျဉ်ဖိုးနားလည်မည်၊ လောကီပုံတည် မသေမီ သေတတ်မှ၊ မှုတူကို အရှင်အပ်သည်၊ ကျမ်းမြတ်အဆိ "**

**" ဝိမုတ္တိရသ၊ ခုရှာကြပါ၊ မသေမီသေဦးမှ လူ့ပြည်တွင် အမြတ်ဆုံးကို ရွှံ့ဘူးနောင်ခါ "**

တစ်ဖန် မဟာတမန်တော်မြတ်၏ ဩဝါဒတော်တစ်ခုဌ်လည်း–

**" ငါ့ကိုရှာသူ ငါ့ကိုတွေ့မည်**<br>
**ငါ့ကိုတွေ့သူ ငါ့ကိုသိမည်**<br>
**ငါ့ ကိုသိသူ ငါ့ကိုချစ်မည်**<br>
**ငါ့ကိုချစ်သူကို ငါချစ်မည်**<br>
**ငါချစ်သောသူကို ငါသေစေမည်**<br>
**ငါသေစေသောသူကို ငါပြ န်လည် ရှင်ပြန်ထမြောက်စေမည်**<br>
**ငါရှင်ပြန်ထမြောက်စေသူ၏ ရှင်ပြန်ထမြောက်မှုမှာ ငါပင်ဖြစ်၏။ "**

ဟု အလ္လာဟ်အရှင်မြတ်က မိန့်ဆိုထားချက်ကို ကိုယ်တော်မြတ်၏ ဟဒီးဆ်ကွတ်ဒ်စီဌ် တွေ့ရ၏။

သူတော်စင်ပုဂ္ဂိုလ်မြတ်တို့သည် ဤလောကကြီးကို မိမိတို့ဓမ္မခရီးနှင့်ရာမှခရီးတစ်ထောက် ကွန်းခိုရာစခန်းတစ်စခန်းအဖြစ်သာ သဘောထား၏။ ခရီးသည်တစ်ဦးသည် ခရီးသွားရန် ရိက္ခာအစရှိသည်တို့ ပြည့်စုံကုံလုံစွာ ပြင်ဆင်ပြီးပါက ခရီးဆက်ရန် တောင့်တကြောင့်ကြမှု မရှိသကဲ့သို့၊ သူတော်ကောင်းတရားကို ကျင့်ကြံအားထုတ်သည့်သူများသည်လည်း ဤဘဝမှ တလမ္မန်ဘဝသို့ကူးပြောင်းရန် တွန့်ဆုတ်မှု မရှိသည့်အပြင် လိုလိုလားလားပင် ရှိတတ်ကြကုန်၏။

မဟာတမန်တော်မြတ်ကြီးက ဤသို့မိန့်ဆိုတော်မူခဲ့၏။

**" အလ်မူတုဂျတ်စ်ရမ်ယုစီလွှလ်ဟာဘီဘေ ဝလ်ဟာဘိတ် " " သေခြင်းတရားဟူသည် ချစ်သူနှစ်ဦးကို ပေါင်းစုံပေးသည် အချစ်ပေါင်းကူးတံတားဖြစ်၏။ "**

ခေတ်သိပ္ပံပညာကလည်း အစ္စလာမ်၏ သေခြင်းတရားဆိုင်ရာ ဖွင့်ဆိုချက်တို့ကို ဦးချခဲ့ရ၏။ သာဓကေအဖြစ် တင်ပြရပါမူ အင်္ဂလန်နိုင်ငံ အီလက်ထရွန်နစ်နှင့် အင်ဂျင်နီယာတက္ကသိုလ်မှ ပါမောက္ခ အာသာအယ်လစ်စင်သည် အစ္စလာမ်၏ နာမ်ပိုင်းဆိုင်ရာ ဒေသနာတော်တို့ကို ကျမ်းမြတ်ကုရ်အာန်၌ လေ့လာတွေ့ရှိခဲ့၏။ အာသာအယ်လစ်စင်သည် အီလက်ထရွန်နစ် အင်ဂျင်နီယာဆိုင်ရာ ပါမောက္ခကြီးတစ်ဦးဖြစ်သော်လည်း စိတ်ဝိညာဉ်ဆိုင်ရာ သုတေသနပြုခြင်း၌ အလွန်ဝါသနာပါ၏။ လန်ဒန်မြို့ရှိ စိတ်ဝိညာဉ်ဆိုင်ရာ ပရစိတ္တဗေဒအသင်းကြီး၏ ဥက္ကဋ္ဌလည်းဖြစ်၏။ ၁၉၈၅ ခုနှစ်၊ ဩဂုတ်လအတွင်းက အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင်ကျင်းပပြုလုပ်သည့် ကျမ်းမြတ်ကုရ်အာန်၌ပါရှိသော နာမ်ပိုင်းဆိုင်ရာ ဒေသနာတော်များအား အစ္စလာမ့်ပညာရှင်များက စာတမ်းများပြုစုပြီး နှီးနှောဖလှယ်ကြသည့် ညီလာခံကြီးတွင် အာသာအယ်လစ်စင်လည်း တက်ရောက်ခဲ့၏။ အဆိုပါ ညီလာခံကြီး၌တင်ပြသည့် အစ္စလာမ်မှ နာမ်တရား ဖွင့်ဆိုချက်များကို ကြားနာပြီးသည်နှင့် ညီလာခံကျင်းပနေစဉ်ပင် အစ္စလာမ်သာသနာတော်ကို ကူးပြောင်းလက်ခံခဲ့၏။ ယနေ့ လန်ဒန်မြို့တွင် အာသာအယ်လစ်စင်တဖြစ်လဲ အဗ္ဗဒ္ဒလ္လာဟ် အယ်လစ်စင်သည် အစ္စလာမ်၏ နာမ်တရားဆိုင်ရာ နူးညံ့သိမ်မွေ့မှုတို့ကို လူသားတစ်ရပ်လုံး သိရှိနားလည်လာရန် ဟောပြောပို့ချလျက်ရှိ၏။

ကျမ်းမြတ်ကုရ်အာန် 'ဇူမာဟ် ဇွမ်းမာ'၌ လာရှိသော အိပ်ခြင်းနှင့် သေခြင်း၏ ဆက်စပ်မှုကို အဗ္ဗဒ္ဒလ္လာဟ် အယ်လစ်စင်သည် ဆေးသိပ္ပံနှင့် ပရစိတ္တဗေဒပညာရှင်များ လေ့လာစူးစမ်းထားသည့် သေငယ်ဇောနှင့်မျောနေသူများ သတိပြန်လည်လာသည့်အခါ ပြောပြသည့်အတွေ့အကြုံများ (တစ်နည်း) သေရွာပြန်ဖြစ်ရပ်ဆန်းများနှင့် နှိုင်းယှဉ်လေ့လာကြည့်ကာ အစ္စလာမ်သာသနာဝင်ဖြစ်လာခဲ့ခြင်းဖြစ်၏။

သေရွာကိုလွန်သည့် စွမ်းအင်ထူးတစ်မျိုး လူ၌ရှိကြောင်းကို ရုပ်ဝါဒီသိပ္ပံပညာရှင်များ ခိုင်ခိုင်မာမာတွေ့ရှိထားပြီးဖြစ်၏။ သေခါနီးလူနာတစ်ဦးသေဆုံးချိန်တွင် တစ်စုံတစ်ရာ ခန္ဓာတွင်းမှထွက်သွားကြောင်း၊ ယင်းထွက်သွားသည့်အရာမှာလည်း တစ်စုံတစ်ရာစွမ်းအားရှိကြောင်း စသည်တို့ကို လက်တွေ့ချိန်တွယ်ခြင်း၊ အားတိုင်းစက်များဖြင့် တိုင်းတာခြင်း၊ ရုပ်မြင်သံကြား မှန်သားပေါ်တွင် ဖမ်းယူခြင်း၊ စွမ်းအားမြင့်ထားသည့် ရူပါကွန်ပျူတာကြီးများဖြင့်ထောက်လှမ်းခြင်း စသည့် သုတေသနပြုစမ်းသပ်မှုများဖြင့် သိနိုင်၏။

အသက်ရှင်လျက်ရှိသည့် စိတ်စွမ်းအားရှင်များက မိမိစိတ်အလိုအတိုင်း အဆိုပါ စွမ်းအင်ထူး (သို့) သုခုမရုပ်နုခန္ဓာ (သို့) နာမ်ခန္ဓာကို လွှင့်ထုတ်ခြင်း (Astral Projection) ပြုလုပ်နိုင်ကြောင်းကိုလည်း လက်တွေ့စမ်းသပ်ခန်းများတွင် သိပ္ပံပညာရှင်တို့သည် သိပ္ပံနည်းကျ သုတေသန စမ်းသပ်မှုပြုကာ သိပ္ပံဆိုင်ရာ အချက်အလက်(Sciencetific Fact) တစ်ခုအဖြစ် ဖော်ထုတ်နိုင်ခဲ့၏။

အဆိုပါ စိတ်စွမ်းအင်ရှင်တို့သည် နာမ်ခန္ဓာလွင့်ထုတ်ခြင်းအပြင်၊ ကိုယ်ခွဲပြခြင်း (Bi-Location)များကိုလည်းကောင်း၊ ကိုယ်ပျောက်ခြင်း (De-Matreialisation) နှင့် ကိုယ်ထင်ပြခြင်း (Materialisation)များကိုလည်းကောင်း သိပ္ပံနည်းကျ သုတေသန၏စည်းကမ်း၊ မူ၊ ဘောင်တို့အတွင်းမှ အစမ်းသပ်ခံနိုင်ခဲ့ကြ၍ သဘာဝလွန်ဖြစ်ရပ်ဆန်း (Para-Normal Phenomena)အဖြစ် သိပ္ပံမှတ်တမ်းတို့တွင် မော်ကွန်းတင်နိုင်ခဲ့၏။

ရုပ်တရားကိုသာလျှင် စူးစမ်းလေ့လာသုတေသနပြုသည့် သိပ္ပံပညာသည် ပရမာ အနုမြူမှုန်ကလေးများကို လွန်မြောက်ကာ နာမ်လည်းမကျ ရုပ်လည်းမကသည့် တစ္ဆေမှုန်များဟုခေါ်ဆိုနိုင်သည့် "နူထရီနိုးစ်"များ၊ အင်တီမတ္တားများကို ထိုးဖေါက်သုတေသနပြုလျက်ရှိပေပြီ။ ထို့ကြောင့် ရုပ်လွန်ဓမ္မကို စူးစမ်းလေ့လာသည့် သိပ္ပံဗေဒကို (Para-Science)ရုပ်လွန်သိပ္ပံဟုပင် ခေါ်ဆိုနေကြပေပြီ။

အချုပ်ဆိုရသော် ရုပ်ကိုတည်ပြီး မှီပြီးမှ နာမ်ဖြစ်ရပါသည်၊ ရုပ်တရားချုပ်ငြိမ်းလျှင် နာမ်တရားလည်း မှီစရာ တွယ်စရာ မရှိတော့၍ ချုပ်ငြိမ်းမည်၊ ရုပ်တရားနှင့်ကင်းလွတ်စွာ နာမ်တရားသည် သီးသန့် လွတ်လွတ်လပ်လပ် အမှီအခိုကင်းစွာ မဖြစ်တည်နိုင်ဆိုသည့် အယူအဆဟောင်းကြီးကို ဘာသာတရားကို လက်မခံသည့် ရုပ်ကြမ်းဝါဒီ သိပ္ပံပညာရှင်များပင် လက်မခံတော့ပေ။

သေခြင်းဟူသည်ကို ယနေ့သိပ္ပံက ပြီးပြည့်စုံအောင် အဓိပ္ပါယ် မဖွင့်ဆိုနိုင်တော့ပေ။ ရုပ်ခန္ဓာပျက်ပြုန်းသော်လည်း၊ မပျက်သုဉ်းဘဲကျန်ခဲ့သည့် စွမ်းအင်ထုးအားလေ့လာခြင်းကို (The Theory of Survival)ဟု အမည်တပ်ကာ သိပ္ပံလောကန္တတခမ်းတနား သုတေသနပြုလျက် ရှိပေပြီ။

နှစ်ပေါင်း (၁၄၀၀)ကျော်ကတည်းက သေခြင်းတရားကို အစ္စလာမ်က ပီပီပြင်ပြင် ဖွင့်ဆိုပြသခဲ့ပြီးဖြစ်ရာ အစ္စလာမ့်အနှစ်အသားဖြစ်သည့် 'အိလ်မေ့တစောင်ဝုဖ်' ပရမတ်တရားကို ကျင့်ကြံအားထုတ် ပေါက်မြောက်အောင်မြင်တော်မူကုန်ကြသည့် အိဗ်ရာဟီမ်သခင်ကြီးတို့ကဲ့သို့ လွတ်မြောက်အောင်မြင်တော်မူကြပြီးဖြစ်သည့် 'အင်ဆန်နွလ်ကာမီလ်'မဟာလူသားများအတွက် သေခြင်းတရားကို အဘယ်မှာလျှင် ဆင်းရဲဒုက္ခအဖြစ်၊ ကျက်သရေကင်းသည့် အသုဘအဖြစ် ရှုမြင်နိုင်ပေမည်နည်း။ ဆူဖီတို့အတွက် သေခြင်းတရားမှာသုဘမင်္ဂလာဖြစ်၏။ ချစ်သူနှင့်စုံစည်းရန် အခွင့်အလမ်းကောင်းကြီးတစ်ခုဟုသာလျှင် ရှုမြင်၏။ ထို့ကြောင့် မိမိချစ်သူထံ သားအဖနှစ်ယောက်မည်သူအရင်ပြန်မည်ဆိုသည်ကို အရှင်သာလျှင် ဆုံးဖြတ်ပေးရန် အိဗ်ရာဟီမ်သခင်ကြီးက ဆုပန်ခြင်းဖြစ်ပါ၏။ သူ့သားသည် သူ့တရားအတွက် အဟန့်အတားဖြစ်နေ၍ ဤဆုမျိုးတောင်းခြင်း မဟုတ်ပေ။ သားမယားကို ချစ်ခင်ယုယပြီး တာဝန်ကျေပြွန်စွာ စောင့်ရှောက်ခြင်းကို တရားကျင့်စဉ် အိဗာဒတ်တစ်ခုအဖြစ် အစ္စလာမ်က သတ်မှတ်ထားကြောင်းကို အိဗ်ရာဟီမ်တို့ သားအဖ ကောင်းစွာသိပါ၏။

လူအပေါင်းတို့က အိဗ်ရာဟီမ်သခင်ကြီးကို အဘယ့်ကြောင့် နန်းစွန့်ခဲ့ပါသနည်းဟုမေးရာ၊ သခင်ကြီးက–

" တစ်နေ့သ၌ ကျွန်ုပ်သည် သလွန်ညောင်စောင်းပေါ်၌ထိုင်ကာ ရှေ့၌ရှိသည့် မှန်တစ်ချပ်ကို ရှုစားခဲ့၏။ ကျွန်ုပ်ရုပ်ပုံလွှာကို စူးစိုက်နက်နဲသော ဉာဏ်အသိနှင့် ယှဉ် ကာကြည့်လေရာ ကျွန်ုပ်၏နောက်ဆုံးခိုလှုံရာမှာ ကျွန်ုပ်၏ရုပ်နာမ်ကို မြုပ်နှံမည့် သုသာန်ဖြစ်ကြောင်း၊ ဤနောက်ဆုံးခရီးတွင် အဖော်ကင်းမဲ့ပြီး အထီးကျန်ဘဝနှင့် နေရမည်ကို ထိုးထွင်းသိမြင်လာ၏။ ထို့ပြင် တမလွန်ခရီးအတွက် အထောက်အပံ့ပြုမည့် ကောင်းမှုကုသိုလ်တည်းဟူသော အသီးအပွင့်တို့ ဖူးပွင့်ဝေဆာရန် ကျွန်ုပ်မစုဆောင်းနိုင်ခဲ့ သေးကြောင်း သတိရလာ၏။ တရားစီရင်မည့်နေ့၌ အမျှတဆုံးစီရင်မည့် အရှင့်ရှေ့ တော်မှောက် အခစားရောက်ရမည့်အခါတွင်လည်း ကျွန်ုပ်၏ မကောင်းမှု ဒုစရိုက်တို့ အတွက် ဆင်ခြေဆင်လက်ပေးစရာ လျှောက်လဲချက် မရှိခဲ့ပေ။ ထိုအချိန်မှစ၍ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရသည့် တာဝန်ဝတ္တရားမှာ ကျွန်ုပ်အတွက် အလွန်လေးလံသည့် ဝန်ထုပ်ဝန်ပိုးဖြစ်လာ၏"ဟု ဖြေကြားခဲ့၏။

လူအပေါင်းကမေးသည်မှာ "သခင်ဘယ့်အတွက်ကြောင့် ခိုရာဆန်မြို့မှ ထွက် ခွာခဲ့သည်ကို သိပါရစေ။ သခင်က " ခိုရာဆန်မှ လူအများက ကျွန်ုပ်ကိုသိနေကြ၍ ကျွန်ုပ်၏ကျန်းမာရေးအခြေအနေ စသည်တို့ကို အမြဲတစေ မေးမြန်းနေခြင်းဖြင့် ကျွန်ုပ်၏ဘာဝနာစီးဖြန်းမှုတွင် အနှောင့်အယှက်ဖြစ်နိုင်ပါသဖြင့် ထွက်ခွာခဲ့ခြင်းဖြစ် ပါသည်"ဟု ဖြေတော်မူသည်။

*ဘာသာပြန်သူမှတ်ချက် ။ ။ အစ္စလာမ်ပရမတ်တရားမှာ လောကထဲ၌နေ၊ လောက ၏ တာဝန်ကို ထမ်းဆောင်ရင်းက လောကတွင်းမှာ ရှိသည့် ကိလေသာအနှောင်အဖွဲ့တို့နှင့် မာယာထောင်ချောက်တို့ကို တွေ့အောင်ရှာ မြင်အောင်ကြည့်၊ လွတ်အောင်ရှောင်ရသည့် အတွင်းစွန့်လွှတ်မှု ကျင့်စဉ်ဖြစ်ကြောင်း အထက်၌ ရှင်းပြီးဖြစ်၏။ လူသားအကျိုးပြုလုပ်ငန်း၊ သတ္တဝါကယ်တင်ရေးလုပ်ငန်း မပါဘဲ၊ မိမိတစ်ဦးတည်း ကိုယ်လွတ်ရုန်းကာ လောကအသိုင်းအဝိုင်းကို ကျောခိုင်းပစ် ပယ်ခြင်းမှာ တစ်ကိုယ်ကောင်းဆန်သော အတ္တကိုးကွယ်ရေးဝါဒ (သို့) မိမိအတ္တနှင့် အရှင်မြတ်ကို တွဲဖက်တုပနှိုင်းယှဉ်ကိုးကွယ်သည့် "ခွတ်ဒပရုပ်စ်တီး' 'ဘုဒ်ပရုပ်စ်တီ' 'မှရှရစ်က်'လုပ်ရပ်ဖြစ်သည်ဟု ဆူဖီတို့ အမြဲတစေ ရှုံ့ချကြသည်။ ရာဇပလ္လင်ပေါ်၌ ထိုင်၍ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရသည့် တာဝန်ကိုစွက်ဆောင်ရင်း တရားစခန်းဆုံးကို ပေါက်မြောက်အောင်မြင်သွားသည့် ဧကရာဇ်သူတော်စင်များ အစ္စလာမ့်သမိုင်း၌ ရှိသကဲ့သို့ စိတ်ပုတီးနှင့် ရိပ်ကြီးခိုသော်ငြားလည်း မွန်းတည့်ချိန်၌ နေဝင်ကာ လမ်း ပေါ်ရောက်ပြီးလမ်းပျောက်နေသော ဆူဖီလမ်းစဉ်လိုက်သူများလည်း ဒုနဲ့ဒေးရှိပါသည်။*

*အိဗ်ရာဟီမ်သခင် နန်းစွန့်ရခြင်းမှာ သူ့အကြောင်းနှင့်သူ ပုဂ္ဂိုလ်ရေး လိုအပ် ချက်ကြောင့်ဖြစ်ပါသည်။ နန်းစွန့်မှ တရားရမည်ဟူသော ခံယူချက်နှင့် ပြုလုပ်ခြင်း မဟုတ်ပေ။*

ဒရဝေ့ရှ်တစ်ပါးက အိမ်ရာဟီမ်သခင်ကြီးအား တစ်နေ့သ၌ ဤသို့ ဓမ္မစကားချီးမြှင့်ခဲ့၏။ " အိမ်တောင်မှုပြုခြင်းသည် လေ့စီးခြင်းနှင့်တူ၏။ (လုံခြုံစိတ်ချရသည့် မြေမာကို စွန့်ခွာပြီး လောကခံလှိုင်းတံပိုးတို့ပြင်းထန်သည့် လောကတည်းဟူသော ပင်လယ်က မည်သည့်နေရာသို့ ပစ်ချမည်ကို မသိရသော မရေရာ မသေချာသည့် အဖြစ်) အိမ်ထောင်မှု ပြုပြီးနောက် သားမွေးလာသောအချိန်တွင်မူ အဆိုပါလေ့ စုံးစုံးမြုပ်သည်နှင့်တူ၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ ဟာဂျီမှန်သခင်ကြီးက မြတ်ဆုရဓမ္မလင်္ကာတွင် " သားမယားကျွန် တဏှာဝန် အလွန်လေးလှစွာ"ဟု သီကုံးထားသည့်အတိုင်း သားမယားနှင့် မိသားစုတာဝန်မှာ လူသားအတွက် အလွန်ပင် လေးပင်လှပါသည်။ သို့သော် ဤတာဝန်ကို ရှောင်ပယ်ထွက်ပြေး၍ နှစ်ဘဝလွတ်မြောက်ရာကိုရှာခြင်းမှာလည်း တစ်ကိုယ်ကောင်းဆန်ပြီး၊ ယုတ္တိလည်းမတန် သဘာဝလည်းမကျပေ။ လောက၏ပြဿနာများအား ရင်ဆိုင်ဖြေရှင်းခြင်း မပြုဘဲ ထွက်ပြေးပုန်းရှောင်ခြင်း (ESCAPEလုပ်ခြင်း)အားဖြင့် စစ်မှန်သော တရားကို မရနိုင်ဟု အစ္စလာမ်က ဆိုယ... ၏။*

*အစ္စလာမ်အဆုံးအမမှာ အကြောင်းသတ် အတွင်းစွန့်လွှတ်မှု ကျင့်စဉ်သာဖြစ်၏။ လုပ်ချင်၍လုပ်ခြင်းနှင့် လုပ်ထိုက်၍လုပ်ခြင်းဟူသည့် အချက်နှစ်ချက်ကို လေးလေးနက်နက် ဉာဏ်ပေါက်အောင် အနုလုံ ပဋိလုံပွားများဆင်ခြင်ရန် အလွန်အရေးကြီး၏။ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သည့် ပုစ္ဆာပင်တည်း။ 'ချင်'နှင့် 'ထိုက်' သဘောတရားနှစ်ခုကို ကွဲကွဲပြားပြား ခွဲခြားနိုင်လျှင် ပညတ်နှင့် ပရမတ်ကို အစွန်းလွတ်အောင် မျှတစွာ ကျင့်သုံးနိုင်ပေမည်။*

*အိမ်ထောင်သားမွေးခြင်းမှာ ကိလေသာကို ပြွမ်းပြွမ်းထစေပါသည်။ သို့သော် လူသား၏မြင့်မြတ်လှသည့် တာဝန်တစ်ရပ်အနေနှင့်ဆောင်ရွက်ပါမူ အလွန်မြင့်မြတ်ပါသည်။ လက်၌အနာမရှိသူသည် အဆိပ်ကို ကိုင်နိုင်ဘိသကဲ့သို့၊ ရေမှာပေါက်သော ပိန်းကြာရွက်ပေါ်တွင် ရေတစ်စက်တ်ပေါက်မှ မတင်နိုင်ဘိသကဲ့သို့ နှလုံးသား၌ 'နဖ်စ်စေအမ္မရာ' ကိလေသာ ကာမဂုဏ်အာရုံတို့ ကင်းရှင်းနေသူတစ်ဦးအတွက် လောကထဲမှာနေ လောက၏တာဝန်ကိုဆောင်ရွက်ရင်းက လောက၌ ရှိလေ့ရှိထ ရှိသော လောကဓမ္မတာ ကိလေသာနွံအတွင်းမှ လွတ်ကင်းစွာ နေနိုင်ပါသည်။*

*အိမ်ထောင်ပြုခြင်းမှာ မဟာတမန်တော်မြတ်၏ စွန္နသ်ဓလေ့တော်ဖြစ်ပါသည်။ တရားစစ် တရားမှန်ကို ရရှိပြီး၍ အချစ်စစ်၊ အချစ်မှန် အစ်ရှ်ကေ့ဟကီကီ (မေတ္တာစေတော ဝိမုတ္တိဟူသည့် လွတ်မြောက်မှုတိုင်အောင် ပေါက်မြောက်နိုင်သော လောကုတ္တရာဆိုင်ရာ ပရမတ္တမေတ္တာ)ကို ရရှိထားသည့် ကိုယ်တော်မြတ်သည် သန့်ရှင်းတော်မူလှသည့် ရွှေနှလုံးပေါ်၌ ကိလေသာဆို၍ မြူတစ်မှုန်စာမျှပင် ကပ်တင်ခြင်း*

မရှိပါ။ ကိုယ်တော်အနေဖြင့် အိမ်ထောင်မပြုဘဲလည်း နေနိုင်ပါ၏။ သို့သော် ခန္ဓာဝန်ဆောင်ထားသော လူသားတာဝန်ကို ရှောင်ရှားလွဲဖယ်ခြင်းမရှိဘဲ၊ လူသားတစ်ရပ်လုံး စံနမူနာယူနိုင်ရန် စံပြအိမ်ထောင်ရေးကို ကိုယ်တော်တိုင် ထူထောင်ပြသခဲ့၏။ သစ္စာတရားဟူသည် တရားရပြီးသူများအတွက်တစ်မျိုး၊ တရားမရသေးသူများအတွက်တစ်မျိုးဟူ၍ နှစ်မျိုး မရှိနိုင်ပေ။ ဖောက်ပြန်ပြောင်းလဲမှုကင်းသည့် အမှန်တရားမှာ "ဧကောဓမ္မော"တစ်ခုတည်းသာရှိ၏။ ကိုယ်တော်မြတ်က မိမိကိုယ်တိုင်က အိမ်ထောင်မပြုဘဲ မိမိတပည့်များကို အိမ်ထောင်ပြုရန်တိုက်တွန်းပါက မိမိဟောသည့်တရားကို မိမိမကျင့်သုံးနိုင်ဘိသကဲ့သို့ ရှိပေမည်။

အိမ်ထောင်သားမွေးမှုကို လက်တွေ့ကျကျ ရှုမြင်သုံးသပ်ကြည့်ရန် အလွန်အရေးကြီးပါသည်။ အိမ်ထောင်မှုကို ကိစ္စများမြောင် လူတို့ဘောင်မှ ယုတ်ညံ့သိမ်ဖျင်းသည့် ရွာသားတို့၏ဓလေ့ဟု အစ္စလာမ်က မမှတ်ယူခဲ့ပေ။ တရားကျင့်သူများနှင့် မအပ်စပ်သည့်ကိစ္စဟုလည်း မရှုမြင်ပေ။ လူ့လောက၌ အိမ်ထောင်ဖက်မှုမှာ ယုတ်ညံ့သည့်ကိစ္စဖြစ်သဖြင့် ယနေ့မှစ၍ မည်သူမျှ အိမ်ထောင်မပြုဘဲနေပါက လူ့သက်တမ်းတစ်ခုကုန်ဆုံးမည့် နောင်နှစ်ပေါင်း (၇၀)၊ (၈၀)တွင် ကမ္ဘာပေါ်၌ လူဟူ၍ ရှိတော့မည်ပင် မဟုတ်ချေ။ လူမရှိလျှင် မည်သူတွေတရားကျင့်ပြီး မည်သူတွေ နိဗ္ဗာန်ဝင်ကြပါမည်နည်း။ လောက၌ အိမ်ထောင် မပြုဘဲနေနိုင်သော မြင့်မြတ်သော လူ့အုပ်စုများ အမြဲရှိနေပါမည်ဟု စောဒကတက်လာပါက ဆက်လက်မေးရမည့် မေးခွန်းမှာ အိမ်ထောင်ပြုသည့် လူ့အုပ်စု၏ ယုတ်ညံ့သည့် အကျင့်များကြောင့် လူသားမျိုးဆက် ကမ္ဘာပေါ်၌ တည်တန့်နေမည်၊ ထိုဖြစ်ထွန်းတည်တံ့နေသည့် လူသားတို့အနက်က မြင့်မြတ်သောတရားကိုကျင့်၍ ကျွတ်တန်းဝင်ကျမည့် အိမ်ထောင်မပြုသော လူတစ်စု ရှိမည်ဆိုပါလျှင် ထိုလူတစ်စု သူတော်ကောင်းတရားကျင့်၍ ဘဝလွတ်မြောက်မှု ရရှိရေးအတွက် ကျန်လူတစ်စုမှာ အမြဲယုတ်ညံ့သည့်ကိစ္စကို ဆောင်ရွက်ပေးနေရမည်လော။ လူ့ဘဝသည် အမြတ်ဆုံးဖြစ်ကြောင်း၊ ရခဲကြောင်း၊ လူ့ဘဝကိုပေးသည့် မိခင် ဖခင်တို့၏ ဂုဏ်ကျေးဇူးမြင့်မြတ်ကြောင်း မည်သူမျှ ငြင်းပယ်မည် မဟုတ်ချေ။ သို့သော် လူသားအဖြစ်သို့ လူ့လောကသို့ ရောက်ရှိလာရန် မိခင်ဖခင်တို့ အိမ်ထောင်ပြုခြင်းကိုမူ စက်ဆုတ်ရွံရှာဖွယ်ရာ အကျင့်ယုတ်ဟုဆိုပါက၊ ရှေ့နောက် မညီညွတ်သော စကားဖြစ်ချေမည်။ မည်သည့်လူသားမှ လူ့လောကသို့ မိခင်ဝမ်းကြာတိုက်မှ ပဋိသန္ဓေမယူဘဲ ရောက်မလာနိုင်ပေ (အာဒမ်နဗီမှအပ)။ ဘဝလွတ်မြောက်ကြောင်းကို ကျင့်ရသည့် မြင့်မြတ်သောကျင့်စဉ်မှာ သီးသန့်လူတန်းစားတစ်ရပ်အတွက်သာလျှင် ဖြစ်သည်ဟု ဆိုငြားဦး၊ ယင်းပုဂ္ဂိုလ်ထူးတို့ လူ့ဘဝရောက်လာရန် သူတို့၏မိဖတို့သည် ယုတ်ညံ့သည့်ရွာသားတို့၏ဓလေ့ကိုလိုက်ကာ အိမ်ထောင်ပြုကျမှသာလျှင်ဖြစ်ချေမည်။ လူတစ်စု မြင့်မြတ်သည့် တရားကျင့်နိုင်ရန်၊ လူတစ်စုမှာ ယုတ်ညံ့သည့်အကျင့်ကို အမြဲကျင့်နေရမည့်ကဲ့သို့ဖြစ်နေပေသည်။ ထို့ကြောင့် အစ္စလာမ်ဓမ္မသည် အိမ်ထောင်ပြုခြင်းကို

တရားတော်၏ဘောင်အတွင်းက စည်းကမ်းကျနစွာ ပြုလုပ်ခိုင်းခြင်းဖြစ်၍ မြင့်မြတ်လှသည့်လူသား၏ မဟာတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ခြင်းဖြစ်၏။

အိမ်ထောင်မပြုခြင်းဓလေ့ (CELIBACY)ကို ဆေးသိပ္ပံ၊ အနုဇီဝဗေဒ၊ မျိုးရိုးဗီဇဗေဒ၊ စိတ္တဗေဒ၊ လူမှုရေးသိပ္ပံ၊ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒစသည့် ခေတ်သိပ္ပံပညာရှုဒေါင့်မှ လေ့လာသုံးသပ်ပါမူ၊ သဘာဝနှင့်အလွန်ဆန့်ကျင်သည့် ဓမ္မတာနှင့်လွဲချော်နေသည့် ကိစ္စတစ်ခုဖြစ်ကြောင်းကို တွေ့ရပေမည်။ လူသား၏မျိုးပွားမှုဖြစ်စဉ်မှာ သဘာဝနိယာမဥပဒေသတို့နှင့်အညီ လူ့ခန္ဓာတွင်း၌တည်ဆောက်ထားသည့် အင်္ဂါရပ်များ၏ ယန္တရားလှုပ်ရှားမှုအတိုင်းဖြစ်နေ၏။ လူ့ဦးနှောက်၌ရှိသည့် "ပစ်ကျူထရီဂလင်း"အကျိတ်က "ဂိုနာဒိုထရိုဖစ်ဟိုမုန်း"ဟုခေါ်သည့် ဟော်မုန်းတို့ကို စစ်ထုတ်ပေးပြီး လိင်အင်္ဂါအကျိတ်အဖု "ဂိုနတ်"များကို လှုံ့ဆွပေးသည့် ယန္တရားအတိုင်း မျိုးပွားမှုဖြစ်စဉ်သည် သူ့သဘာဝနှင့်သူ့ နိယာမအကြောင်းအတိုင်း အတိမ်းအစောင်းမခံဘဲဖြစ်နေ၏။

*လူ့ခန္ဓာတွင် စိတ်နှင့်ထိန်းချုပ်၍ရသော နဗ်ကြောအဖွဲ့အစည်း "ဗဟိုနဗ်ကြောအဖွဲ့"များရှိသကဲ့သို့ စိတ်နှင့်ထိန်းချုပ်၍မရသော နဗ်ကြောအဖွဲ့ "စင်ပါသက်တစ်နဗ်ကြောအဖွဲ့"ဟူ၍လည်း ရှိပါသည်။ ဥပမာ ခြင်ကိုက်၍ ယားယံပါက လက်နှင့်ကုတ်ရန်ခိုင်းစေ၍ပြုလုပ်သောလုပ်ရပ်သည် ဗဟိုနဗ်ကြောအဖွဲ့၏လုပ်ရပ်ဖြစ်သည်။ နှလုံးခုန်နှုန်း၊ အကျိတ်ဂလင်းများမှ စစ်ထွက်ရည် စစ်ထုတ်မှု၊ သွေးတိုးနှုန်း၊ ကိုယ်ခန္ဓာ အပူချိန်ညှိခြင်း စသည်တို့မှာ စိတ်နှင့်ထိန်းချုပ်ပြီး မိမိဖြစ်စေလိုရာကို အမိန့်ပေးခိုင်းစေ၍ မရသော "စင်ပါသက်တစ် (ဝါ) အော်တိုနိုးမ စ်နဗ်အဖွဲ့"၏လုပ်ရပ်ဖြစ်၏။ တစ်နည်း သူ့ယန္တရား၏ဥပဒေသအတိုင်းသာ ဖြစ်ပျက်လှုပ်ရှားသည့် စင်ပါသက်တစ်နဗ်အဖွဲ့လှုပ်ရှားမှုဖြစ်၏။ ပစ်ကျူထရီဂလင်းမှ ဂိုနာဒိုထရိုဖစ်ဟိုမုန်း စစ်ထုတ်မှုစနစ်မှာ လူ၌အထက်တွင်ဖော်ပြသကဲ့သို့ မိမိစေလိုရာ ရစလိုမရသည့် "စင်ပါသက်တစ် (သို့) အော်တိုနိုးမ စ် နဗ်ကြောအဖွဲ့"၏ ထိန်းချုပ်မှုအောက်၌ ရှိပါသည်။ ယင်းသဘာဝဖြစ်စဉ် ဓမ္မတာအစဉ်အလာကြီးကို မည်ကဲ့သို့ ဆန့်ကျင်ပါမည်နည်း။ အစ္စလာမ်ဓမ္မကမူ ဤသဘာဝဓမ္မဖြစ်စဉ်ကို တရားတော်၏ချွန်းနှင့် နှိပ်ကွပ်ရမည်ဟုဆိုထား၏။ သဘာဝဖြစ်စဉ်ကို ဇွတ်ငြင်းဆန်ကာ ဖီဆန်ခြင်း မပြုဘဲ၊ လူသားမျိုးဆက် မပြုန်းတီးရေး၊ လူသားနွယ်ဝင်များ ရှင်သန်ကြီးထွားမျိုးပွားနိုင်ရေးအတွက် "ရှရီအတ်"တရားတော်တည်းဟူသော သီလဘောင်ဖြင့် ထိန်းကျောင်းကာ စည်းကမ်းများသတ်မှတ်၍ လူသားတို့အား ယဉ်ကျေးသည့် လူ့ထုံးဓလေ့၊ မွန်မြတ်သည့်တာဝန်၊ မင်္ဂလာရှိသည့် လူ့ကျင့်ဝတ် တစ်ခုအဖြစ် အိမ်ထောင်ဖက်ခြင်းကို သတ်မှတ်ထား၏။*

*စိတ္တဗေဒပညာရပ်၌လည်း ဖရွိုဒ်၏ လိင်သီအိုရီ(SEX THEORY)မှာ လုံးဝဥဿုံတက်တက်စင်အောင်လွဲမှားသည့် အယူအဆဟု တရားသေပြော၍ မရပေ။ ဖရွိုဒ်တင်ပြသော "လီဘီဒို" (အရာရာကို လှုပ်ရှားရန်းကန်စေသည့် ကာမစိတ်)*

မှာ သူမြင်ရာရှုဒေါင့်မှ သူဉာဏ်မီသလောက် ရုပ်ပိုင်းဆိုင်ရာအမြင်တစ်ကွက်ကို တင်ပြထားခြင်းဖြစ်လေရာ အိမ်ထောင်မှု၊ မျိုးပွားမှုတို့သည် စိတ္တဗေဒသဘောအရ လူသား၏ကာယ၊ စိတ္တစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှပါဝင်ကြောင်းကို လက်ခံအသိမှတ်ပြုရမည်သာဖြစ်ပေသည်။ ဖရော့ဒ် မတိုင်မီ နှစ်ပေါင်းထောင်နှင့်ချီသောကာလကပင် လူ၏ဆန္ဒစိတ်ကို မှန်ကန်သော စိတ်အစဉ်သို့ ပြောင်းလဲတင်ပို့နိုင်ပါက၊ ဘဝသစ္စာကိုရှာဖွေတွေ့ရှိနိုင်ကြောင်း "တန်တယ(Tantric) ဝါဒီများက တင်ပြဖူး၏။ အစ္စလာမ်ဓမ္မကမူ 'အစ်ရှ်ကေမေဇာဂျီ' လောကီအချစ်နှင့်'အစ်ရှ်ကေ့ဟကီကီ'လောကုတ္တရာပရမတ္တမေတ္တာ၏ဆက်နွယ်မှုကို 'အီလ်မေတစောင်ဝုဖ်'ပရမတ္တအတွင်းဒေသနာတော်၌ ဖွင့်ဆိုပြသထား၏။

ဘဝကြင်ဖော်မရှိသည့် တစ်ကိုယ်တည်းသမား လူပျိုအပျိုကြီးများတွင် အများနှင့်မတူ တစ်မူထူးခြားသော အကျင့်စရိုက်များရှိတတ်ကြောင်းကို လူမှုရေးကျင့်ကြံပုံ (SOCIAL BEHAVIOR)အားလေ့လာသည့် လူမှုရေးသိပ္ပံပညာရှင်များက တင်ပြထားပါသည်။ စိတ်ဝေဒနာရှင်များတွင်ဖြစ်တတ်သည့် စိတ်အလိုမကျသည့်ရောဂါ "ဟစ်တီးရီးယား"ရောဂါမှာ အလိုဆန္ဒတို့ကို ဖိနှိပ်ထားရာမှ ဖြစ်ပေါ်လာကြောင်း စိတ်ဝေဒနာပါရဂူများက ရှင်းပြထားကြောင်းကိုလည်း ခေတ်သစ်ဆေးသိပ္ပံ၌ လေ့လာတွေ့ရှိရ၏။

စိတ်နှင့်ထိန်းချုပ်၍မရသည့် ဂလင်းတို့မှ ဟိုမုန်းများစစ်ထုတ်ယူမှုနှင့်ပတ်သက်၍ အချို့ပုဂ္ဂိုလ်များအနေနှင့် ပရစိတ္တဗေဒမှ စိတ်စွမ်းအားရှင်တို့အား လေ့လာရာတွင် တွေ့ရှိရသည့်အချက်များနှင့် စောဒကတက်ကောင်းတက်ကြပေမည်။ အဆိုပါ သဘာဝလွန်ဖြစ်ရပ်ဆန်းများအား ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာကိုကျော်လွန်ကာ လုပ်ပြနိုင်စွမ်းရှိသည့် စိတ်စွမ်းအားရှင်အချို့သည် စိတ်နှင့်စေစား ထိန်းချုပ်၍မရသော အသက်ရှုမှုယန္တရား၊ သွေးခုန်မှု၊ ကိုယ်အပူချိန် စသည်တို့ကို တစ်စုံတစ်ရာအတိုင်းအတာအထိ ထိန်းချုပ်နိုင်စွမ်းရှိကြ၏။ ရုပ်ကိုလွှမ်းမိုးနိုင်သည့် 'ဆိုက်ကိုကီနေးစစ်' P.Kဆိုသည့် ရုပ်နိုင်စိတ်တန်ခိုးတို့ နိုးကြားနေကြသည့် စိတ်စွမ်းအားရှင်များသည် ရုပ်ဝတ္ထုများကို စိတ်နှင့်စေစားပြီး ရွေ့ရှားအောင်ပြုလုပ်နိုင်ဘိသကဲ့သို့၊ လူ့ခန္ဓာကိုယ်တွင်းမှ အင်္ဂါရပ်ယန္တရားတို့ကိုလည်း ထိန်းချုပ်နိုင်သည်ဟု အဆိုရှိ၏။ ဥပမာ– အသက်လုံးဝမရှူဘဲ အချိန်အတန်ကြာစွာ နေနိုင်၏။ နှလုံးခုန်နှုန်း လုံးဝရပ်တန့်အောင်ပြုလုပ်ပြီး နာရီနှင့်ချီကာ နေပြနိုင်၏။ ရေခဲကဲ့သို့အေးသွားအောင် ကိုယ်ခန္ဓာအပူချိန်ပြောင်းလဲနိုင်၏။ မီးကဲ့သို့ပူလာအောင်လည်း ခန္ဓာကိုယ်အပူချိန်ကို မြှင့်တင်စေစားနိုင်၏။ သို့သော် ဤဖြစ်ရပ်များမှာ သာမန်လူများစုနှင့်မသက်ဆိုင်သည့် စိတ်စွမ်းအားနိုးကြားနေသူတို့ စိတ်စွမ်းအားထကြွချိန်၌ အချိန်ပိုင်းနှင့်သာ ပြုလုပ်လို့ရသည့် (Para-normal Phenomena) သဘာဝလွန်ဖြစ်ရပ် များသာဖြစ်၏။ ဘဝတစ်သက်တာ တစ်ခုလုံးတွင် အမြဲတစေပြုလုပ်ထားနိုင်သည့်ကိစ္စများလည်း မဟုတ်ပေ။ တမန်တော် နဗီ ရစူလ်များ၊ သူတော်စင် ဝလီအောင်လီယာများသည် သီလ၊ သမာဓိ၊ ပညာအရာ၌ သာမန်ပုထုဇဉ်တို့ထက် မနှိုင်းယှဉ်

သာအောင် သာလွန်မြင့်မြတ်သည့်အတွက် အလ္လာဟ့်အချစ်တော်များအဖြစ် ရွေးကောက်ချီးမြှင့်ခြင်းခံရခြင်းဖြစ်၏။ သာမန်စိတ်တန်ခိုးနိုးကြားနေသူတစ်ဦး၏ စိတ်စွမ်းအားနှင့် အဆိုပါ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ "ရုပ်စွမ်းအား့မှာ မိုးနှင့်မြေမက ကွာခြားပါသည်။ သာမန်စိတ်စွမ်းအားရှင်တစ်ဦးက ရိုးရိုးလူသားတစ်ဦးမစွမ်းနိုင်သည့် ခန္ဓာတွင်းမှ အင်္ဂါရုပ်များ၏ လှုပ်ရှားမှုကို ထိန်းချုပ်နိုင်ပါသည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်က မိမိကွက်ဒရုတ် မဟာစွမ်းအားတော်များမှ တစ်စိတ်တစ်ပိုင်းကို ချီးမြှင့်ပေးသနားထားခြင်းကိုခံရသော အလ္လာဟ့်အချစ်တော်များအတွက်မူ ပစ်ကျူထရီဂလင်းမှ ဟိုမုန်းစစ်ထုတ်ခြင်းကို အဘယ်မှာလျှင် ထိန်းချုပ်၍မရဘဲ ရှိပါမည်နည်း။ သို့သော် "မာရေ့ဖတ်တော့ အေလာဟိ"ဟူသည့် အရှင်မြတ်ပေးသနားထားသည့်ပရမတ်ဉာဏ်ကိုပေါက်မြောက်ထားသည့် အရိယာသူတော်စင်တို့မှာ အရှင်မြတ်က သတ်မှတ်ပြဋ္ဌာန်းထားသည့် "ဖစ်ဒရတ်တွလ်လာ" သဘာဝနိယာမတို့ကို ဆန့်ကျင်ကာ ပြုလုပ်ရိုးမရှိပါ။ အိမ်ထောင်သားမွေးမှုကို လူသား၏မွန်မြတ်လှသည့် မဟာတာဝန်အဖြစ် ထမ်းရွက်ကြပါ၏။ သို့သော် တဏှာ၊ ရာဂ၏နွံအတွင်း၌နစ်ကာ ကိလေသာ၏ ကျွန်အဖြစ် မရောက်ရှိစေရန် အကြောင်းသတ်အတွင်းစွန့်လွှတ်မှုကို ကျင့်သုံးဆောက်တည်တော်မူကြကုန်၏။

လူ့ခန္ဓာကိုယ်အတွင်းရှိ ကျောက်ကပ်နားတွင် "အယ်ဒရီန ”ဂလင်းဟူသည့် အကျိတ်တစ်ခုရှိ၏။ လူ၏စိတ်လှုပ်ရှားမှုပေါ်တွင်မူတည်ပြီး ယင်းဂလင်းမှ "အ ဒရီန လင်"ဟူသည့် စစ်ထွက်ရည်တို့ သွေးထဲသို့ရောက်ရှိ၏။ ယင်းစစ်ထွက်ရည် သွေးထဲ၌များလာပါက စားချင်သောက်ချင်စိတ်ပျက်လာ၏။ အိပ်စက်လိုစိတ်နည်းလာ၏။ ကာမဆန္ဒလည်း ကုန်ခမ်းသွားတတ်၏။ ယင်းမှာ အယ်ဒရီန လင် စစ်ထွက်ရည် သွေးထဲ၌များနေသည့် အခိုက်အတန့်၌ဖြစ်တတ်၏။ ယင်းအယ်ဒရီန လင် စစ်ထွက်ရည်ကြောင့် သွေးသားတောင်းဆိုမှုလျော့နည်းခြင်းမှာ သဘာဝမကျ မှုမမှန်သောဖြစ် ရပ်တစ်ခုသာဖြစ်၏။ အချို့ကျင့်စဉ်တို့တွင် စိတ်၏တည်ငြိမ်မှုရရှိရန် သမာဓိထူထောင်ရာ၌ မိမိကိုယ်မိမိအိပ်မွေ့ချသည့် (SELF HYPNOSIS) သဘောမျိုးရောက်မှန်းမသိ ရောက်သွားတတ်၏။ ယင်းသို့ သိစိတ်ပျောက်ကာ မသိစိတ်ပေါ်နေသည့်အချိန်တွင် မိမိမသိစိတ်မှ လောကကြီးအား မိမိတရားကိုဖျက်စီးမည့် ရွံမုန်းဖွယ်ရာအနိဋ္ဌာရုံတို့ဖြင့်အတိပြီးနေသည့် ဒုက္ခဘုံအဖြစ် အဆိုးမြင်ဝါဒရှုဒေါင့်မှ အပျက်ရှုသည့်အခါတွင် စိတ်ခါတ်ကျဆင်းမှု၊ စိတ်ပျက်မှုတို့ဖြစ်ပေါ်လာကာ အယ်ဒရီန လင်တို့လည်း သွေးထဲသို့ အပိုအလျှံရောက်ရှိလာ၏။ ထိုအခါ စားသောက်လိုစိတ်၊ အိပ်လိုစိတ်၊ သံဝါသပြုလိုစိတ်များ ကုန်ခမ်းလာတတ်၏။ ယင်းသို့ဖြစ်ခြင်းကို ဝိဇ္ဇာဉာဏ်အလင်းရ၍ ကိလေသာကာမဂုဏ်တို့ ကင်းဝေးသွားခြင်းဖြစ်သည်ဟု အချို့က မှတ်ယူတတ်၏။ အစ္စလာမ့်တရားအနေဖြင့် ကိလေသာကိုအောင်နိုင်ရန် လောကကိုရှောင်ပုန်း၍ ထွက်ပြေးတိမ်းရှောင်ခြင်း မပြုနိုင်းဘဲ၊ ကိလေသာတို့ကြီးစိုးရာ လောကထဲ၌နေရင်းက ကိလေသာ

*တို့ကို ထိပ်တိုက်ရင်ဆိုင်တွေ့ပြီး အကြောင်းသတ် အတွင်းစွန့်လွှတ်မှုနည်းဖြင့် ယင်း ကိလေသာကို ကျော်လွှားလွန်မြောက်အောင်မြင်ရန် လမ်းညွှန်ထား၏။*

*ခေတ်လယ်ပိုင်းအချိန်က အရှေ့အလယ်ပိုင်းနှင့် ဥရောပတိုက်တို့တွင် အိမ်ထောင်ပြုခြင်းကို မလိုလားအပ်သောလုပ်ရပ်အဖြစ် လျှို့ဝှက်ကျင့်စဉ်တို့ကို ကျင့်ကြံကြသော ဂန္ဓာရီဂိုဏ်းအချို့သည် ကာမစိတ်ကိုအောင်နိုင်ရန်ဟုဆိုကာ မိမိလိင်အင်္ဂါကို သင်းကွပ် (Castrate)ကြ၏။ ဤသည်ပင်လျှင် အိမ်ထောင်သားမွေးမှုကို ဆန့်ကျင်သူများ၏ သဘာဝမကျသည့်အယူအဆကို သမိုင်း၌ သက်သေထူပြလိုက်ခြင်းဖြစ်၏။ ယင်းဂိုဏ်းသားများကို "သင်းကွပ်ထားသူများ (Castraters)ဟုခေါ်၏။ ယင်းသို့ပြုခြင်းဖြင့် တရားမရသည့်အပြင် သဘာဝဓမ္မကို ဖွတ်အဓမ္မဆန့်ကျင်ခဲ့ခြင်းဖြစ်သဖြင့်လူဖြစ်ရှုံးသည်သာ အဖတ်တင်ခဲ့ပေသည်။*

*ထို့ကြောင့် ဒရဝေ့ရှ်သူတော်စင်က အိဗ်ရာဟီမ်သခင်ကြီးကို ချီးမြှင့်သည့် တရားစကားမှာ လေးလံသည့်သားမယားဝန်ကို တဏှာကျွန်အဖြစ်မရောက်ရှိစေဘဲ၊ လူသားတို့၏မဟာတာဝန်အဖြစ် ပညာကိုဦးစီးစေပြီး ကျေပွန်စွာ ထမ်းဆောင်ရန်နှင့် ယင်းသို့မထမ်းဆောင်ဘဲ ကိလေသာကာမဂုဏ်အာရုံတို့ နောက်သို့ပါသွားပါက ဒုက္ခပင်လယ်၌ စုံးစုံးမြုပ်မည်ဖြစ်ကြောင်း သတိပေးစကား ပြောကြားခြင်း ဖြစ်ပေသည်။ အိမ်ထောင်ပြုမှုကို ရှုံချပြစ်တင်ကန့်ကွက်နေခြင်း မဟုတ်ကြောင်း အလေးအနက် သိထားအပ်ပေသည်။*

တစ်နေ့သ၌ ဒရဝေ့ရှ် သူတော်စင်နှစ်ပါးတို့အငြင်းပွားလက်ရှိကြရာ အိဗ်ရာဟီမ်သခင်ကြီးက " အဆွေတို့ ဖကီရီအဖြစ်ကို ရည်ရွယ်ချက်ကင်းမဲ့စွာဖြင့် ရောက်ရှိလာခဲ့ပေသည်။ အဖိုးစားနား မပေးရ၍ မွန်မြတ်လှသည့် ဖကီရီအဖြစ်ကို တန်ဖိုးမထားကြပေ"ဟု ဆိုလေရာ၊ ဒရဝေ့ရှ်တစ်ဦးက " အဆွေရော ဖကီရီအဖြစ်ကို တန်ဖိုးကြီးစွာပေးပြီး ရောက်ခဲ့ပါသလား"ဟု ခပ်ထေ့ထေ့နှင့် ပြက်ရယ်ပြုကာ မေးလိုက်၏။

အိဗ်ရာဟီမ်သခင်ကြီးသည် ကြီးမားသော ဣန္ဒြေ၊ တည်ကြည်သော သမာဓိဖြင့် ဒရဝေ့ရှ်အား စူးစိုက်ကြည့်ကာ ဤသို့မိန့်တော်မူ၏။ " ဟုတ်ပါသည်၊ ကျွန်ုပ် ဖကီရီအဖြစ်ကို ဘလက်ခ်နိုင်ငံနှင့်လဲကာ ရရှိခဲ့ခြင်းဖြစ်၏။ သို့တိုင်အောင် ကျွန်ုပ် အနေဖြင့် ဖကီရီဘဝကို ဈေးပေါပေါနှင့်ဝယ်ယူခဲ့လေခြင်းဟု မှတ်ယူပါသည်။ တိုင်းပြည်တစ်ပြည်နှင့်စာလိုက်လျှင် ဖကီရီအဖြစ်သည် တန်ဖိုးမဖြတ်နိုင်အောင် အလွန်အဖိုးထိုက်တန်ပါသည်။ "

*ဘာသာပြန်သူမှတ်ချက် ။ ။ ဖကီရ်ဟူသည်မှာ လောကီအာရုံကာမဂုဏ်နှင့် ကိလေသာ အဝိဇ္ဇာတို့ ကုန်ခမ်းဆင်းရဲနေသူ၊ အလိုရမ္မက်နှင့် အာသဝေါတရားတို့ ခမ်းခြောက်ကင်းစင်ကာ ဆင်းရဲနေသူ 'အဓမ္မ'တို့ဆင်းရဲကုန်ခမ်း*

နေ၍ 'ဓမ္မ'တို့နှင့်အတိပြီးကာ ငွေးကြွယ်နေသူ "ငါ"တည်းဟူသော အတ္တစိတ် အလျှင်းမရှိအောင် ဆင်းရဲနေသည့်အနတ္တဉာဏ်ရှင်ဖြစ်၏။ ထို့အပြင် " နိဗ္ဗုတ်တာအေလင်"ဟုခေါ်တွင်သည့်သုညတဉာဏ်ကို ထိုးထွင်းပေါက်မြောက်ကာ ခန္ဓာဉာဏ်စိုက် နူရီတိုက်ပွင့်နေသည့် ပရမတ်ဉာဏ်ရှင်ကိုလည်း ညွှန်းဆိုခြင်းဖြစ်၏။ ဟာဂျီမှန်သခင်ကြီးက မဟာတမန်တော်မြတ်၏ ဩဝါဒတော်တို့ကိုကိုးကား၍ **"နောက်တာအေလင်၊ မကျွမ်းကျင်၊ အာလင်မဆိုသာ"**ဟု သီကုံးဖွဲ့ဆိုခဲ့သည်။ ဒါဒါပုသခင်ကြီးကလည်း "အေလင်နောက်တာ၊ မကျွမ်းပါ၍၊ ဂျာဟေလည်စစ်၊ အမှန်ဖြစ်၏၊ ဟာဒစ်ထင်ရှား၊ သို့ရှိသားနှင့်"ဟု ရေးသားခဲ့၏။

မဟာတမန်တော်မြတ်ကြီးက ရွှေနှုတ်တော်မှ ဤသို့မြွက်ဟတော်မူ၏။

**" အလ်ဖက်ရှုဖစ်က်ရီ "**

**" ဖကီရီ၏အဖြစ်အား ငါဂုဏ်ယူတော်မူ၏။ "**

" တလ်ကန္ဒလ်ဟုဒါကျမ်း"တွင် ဖကီရီဟူသည်ကား 'ဖေ'အက္ခရာ၊ 'ကပ်ဖ်' အက္ခရာ၊ 'ရေ'အက္ခရာ၊ 'ယေ'အက္ခရာ အက္ခရာ လေးလုံးနှင့် ညီညွတ်သည်ကို ဖကီရီမည်၏။

ဖေအက္ခရာ — ဖေကာပြုရမည်။ အခိပ္ပါယ်ကား သုံးရက် သုံးည၌ ထမင်းအစ ရှိသော အဟာရကို မမှီဝဲရ၊ ဝတ်သော်လည်းသူတစ်ထူးအား မပြောအပ်၊ သူ့အိမ်ရှေ့၌ ရပ်မတောင်းအပ်၊ သည်းခံရမည်။

ကပ်ဖ်အက္ခရာ — ကနာအပ်ပြု၊ အခိပ္ပါယ်ကား လောကီ အာရုံကိုဖြတ် တစ်ထည် ရှိလျှင် နှစ်ထည် မတောင်းအပ်၊ မထားအပ်။ ယခုနေ့ရသည့် ပစ္စည်းခဲဖွယ် စားသောက်ဖွယ်တို့ကို နက်ဖြန်အဖို့ မချန်အပ်။

ယေအက္ခရာ — သုခ၊ ဒုက္ခဖြစ်ရောက်သမျှ ချမ်းမြေ့စွာ ရှုကုရ်ပြုရ၏။ စိုးရိမ် ပူပန်ခြင်း ကင်းစေရ၏။ တစ်ရှူတစ်အောင့်မလပ် စိတ်နှုတ်၌ ဖန်ဆင်းသောအရှင်၏ဂုဏ်တော်၊ နာမတော်တို့ကို ရှုခြင်း၊ သရဇ္ဈာယ်ခြင်းသာ မြိုးခြံကျိုးစားရာ၏။

ဤသို့သော အက္ခရာလေးလုံးနှင့် ညီညွတ်လျှင် ဖကီရီမည်၏။

ဖကီရီတို့တွင် ကျင့်ရသော တရားနှစ်ပါးရှိ၏။ ဉစ္စါကိုစွန့်ခြင်း၊ အတောင်းကို စွန့်ခြင်း။ ထို့ကြောင့် ဖကီရီတို့သည် မြို့ရွာနှင့်မတန်၊ တောနှင့် သာတန်သည်။

တောဟူသည်ကား စိမ့်မြိုင်ယဂုံ ဂနိုင်ပိတ်ပေါင်းရှိရာကို တောခေါ်သည်။ ထို တောကားလောက၏တောခေါ်ရာသာဖြစ်သည်။ ထိုတောဝင်ရုံမျှနှင့် တောဝင်သည်ဟု မဆိုသာ။ မိမိကိုယ်တွင်း၌ရှိသော တောကို ဝင်ရောက်သောသူတို့မှာ ဤပစ္စုပ္ပန် ဒုန္နယာအားလုံးကိုမေ့၍ ဒုန္နယာရှိသည်မထင်၊ အလ္လာဟ်မှတစ်ပါး အခြားကို အောင့်မေ့

*ခြင်းဆန္ဒလည်း မရှိပြီ"ဟု ဖကီရီအနက်ကို ဖွင့်ဆိုထား၏။*

တစ်နေ့သ၌ လူတစ်ဦးက အိဗ်ရာဟီမ်သခင်ကြီးကို အသပြာ ဒီနာ တစ်ထောင်လှူဒါန်းတော်မူ၏။ သခင်က ဤလှူဒါန်းမှုကို လက်မခံဘဲ "သူဖုန်းစား တစ်ဦး၏ ပေးကမ်းမှုကို ကျွန်ုပ် လက်မခံပါ"ဟု မိန့်ဆိုလိုက်၏။ ထိုအခါ အလှူရှင် က သူသည် ဆင်းရဲသားတစ်ဦးမဟုတ်ဘဲ အလွန်ကြွယ်ဝချမ်းသာသည့် သူဌေးတစ် ဦးဖြစ်ကြောင်း ပြန်လည်လျှောက်တင်လေ၏။ ထိုအခါသခင်က " အသင်သည် အသင်၌ရှိနေသော ဥစ္စာပစ္စည်းတို့ဖြင့် ရောင့်ရဲတင်းတိမ်ပါသလော၊ သို့မဟုတ် နောက်ထပ် ဥစ္စာစီးပွားများ တိုးပွားအောင် ဆောင်ရွက်ပါသလော"ဟု မေးရာ၊ အလှူရှင်က "စီးပွါးတိုးတက်ရန် ရွက်ဆောင်ပါကြောင်း" ပြန်ကြားဝန်ခံခဲ့၏။ သခင်က " ဤသို့ဆိုပါမူ အသင်သည် ကျွန်ုပ်ထက် ဆင်းရဲပါပေသည်။ အဘယ် ကြောင့်ဆိုမူ ကျွန်ုပ်သည် ကျွန်ုပ်၏(လောကီအာရုံကာမဂုဏ်)မွဲတေမှုကို ကျေနပ် တင်းတိမ်ပြီး ကြွယ်ဝချမ်းသာရန် မရှာဖွေ မကြံစည်ပေ "ဟု မိန့်ကြားကာ တရား ချီးမြှင့်တော် မူလိုက်၏။

အိဗ်ရာဟီမ်သခင်ကြီး၏ သစ္စာကထာတစ်ပုဒ်မှာ–

အလ္လာဟ်အရှင်မြတ်အား'ဝါစွလ်'ဖူးတွေ့မှုကို အဝိဇ္ဇာအကာအဆီး သုံးလွှာ က ဖုံးကွယ်ထား၏။ ယင်းမောဟသုံးထပ်ကို ဖယ်ရှား ခွာချနိုင်ပါက အရှင့်ရှေ့တော် မှောက် ခြေစက်တော်အောက်သို့ ခိုလှုံခွင့် ရရှိပေမည်။ ယင်းကိလေသာ အဝိဇ္ဇာအလွှာ တို့ ခွာချမှုဆိုသည်မှာ–

(၁) နှစ်ဘဝစည်းစိမ်ချမ်းသာကို ပေးအပ်ပါသော်လည်း ရွှင်လန်းဝမ်းမြောက်မှု မဖြစ်ခြင်း။

(၂) မိမိ၏ ထီးနန်းစည်းစိမ်ကို စွန့်ရသော်ငြားလည်း စိတ်ပူပင်သောက ဗျာပါဒ မပွားခြင်း။

(၃) မိမိအား ဂုဏ်ပြုမြှောက်စားသော်လည်း မာန်မာန မောက်ကြွားမှု မရှိခြင်း။

အိဗ်ရာဟီမ်သခင်ကြီးက

" ပြီးပြည့်စုံမှုသို့ ရောက်ရှိခဲ့သည့် အရိယ သူတော်စင်အောင်လီယာသခင်ကြီး များ၏အပါး၌ ချဉ်းကပ်လိုပါလျှင် ဤဘဝ နောင်ဘဝတို့အတွက် တောင့်တ ကြောင့်ကျ မက်ထားမှု ကင်းပါစေ၊ နှလုံးသား၌လည်း မြဲရာအရှင်မှအပဖြစ်သော

မမြဲရာ ရုပ် နာမ် ဓမ္မ သင်္ခါရတို့နှင့် ကင်းရှင်းကာ သန့်ရှင်းစင်ကြယ်ပါစေ၊ အရှင့်ကိုသာလျှင် တည်ကြည်ခိုင်ခန့်သော သမာဓိဖြင့် ရှုမှတ်ပါလေ။ သမာအာဇီဝ ကောင်းမြတ်သော အသက်မွေးဝမ်းကျောင်းမှုကိုသာ ပြုပါလေ။ ညဥ့်အချိန်၌ ဘာဝနာပွား၍ နေ့အချိန်၌ ရုံဖန်ရံခါ ဥပုသ်သီတင်းဆောက်တည်ပါ။ မတရားသော ဝိသမလောဘဖြင့် ရှာဖွေသော အစားအသောက်တို့သည် သင်တို့၏တရားအတွေ့အကြုံများအတွက် အနှောက်အယှက် အဟန့်အတားဖြစ်၏။ အဘယ့်ကြောင့်ဟူမူ မတော်မတရားရှာဖွေထားသော စားဖွယ်ဘောဇဉ်တို့အတွင်း၌ မာရ်နတ်မိစ္ဆာခိုဝင် ပုန်းအောင်းနေတတ်သောကြောင့်တည်း ” ဤတရားအဆုံးအမကို တရားပွားစီးကြကုန်သော မဂ္ဂလမ်းပေါ်မှ ဓမ္မကုန်သည်တို့အတွက် အိဗ်ရာဟီမ်သခင်ကြီးက ချီးမြှင့်တော်မူခြင်းဖြစ်၏။

အိဗ်ရာဟီမ်သခင်ကြီးက မကြာခဏဆိုသလို ဤသို့မိန့်ကြားလေ့ရှိ၏။
“ အသိပညာသည် အဓိက မသဒ္ဓါ(ပရမတ်ဉာဏ်နှင့်ယှဉ်သော ယုံကြည်မှု) မပါဘဲနှင့် တန်ဖိုးမရှိပေ။ ”

တစ်စုံတစ်ဦးက အိဗ်ရာဟီမ်သခင်ကြီးအား ညဥ့်အချိန်၌ အဘယ်ကြောင့် မအိပ်စက်ပါသနည်းဟု မေးလျှောက်ရာ သခင်က ငါ့မျက်လုံးအစုံက (ဓမ္မပီတိနှင့် လောကုတ္တရာဈာန်တို့၏ အရှိန်အဟုန်ကြောင့်) မျက်ရည်များ တသွင်သွင် ယိုစီးနေသဖြင့် အဘယ်မှာလျှင် ဒီမျက်စိကို ပိတ်လို့ရပါမည်နည်း”ဟု ဖြေကြားတော်မူ၏။

အိဗ်ရာဟီမ်သခင်ကြီးသည် ဆွလာတ်ဘာဝနာပွားပြီးတိုင်း မိမိမျက်နှာတော်ကို လက်အစုံနှင့် ဖုံးကွယ်ထားတတ်၏။ မိမိဘာဝနာပွားရာ၌ သီလ သမာဓိ ပညာခမ်းတို့ ယိုဖိတ်ကျိုးပေါက်ပြီး အရှင့်အလိုတော်မတူဘဲ ယင်းဆွလာတ်ဘာဝနာကို မိမိမျက်နှာပေါ်သို့ ပြန်ပေါက်ချလိုက်မည်ကို စိုးရွံ့သောကြောင့်ဖြစ်သည်ဟု သခင်က မိန့်ဆိုခဲ့၏။ (ဘာဝနာပွားရာတွင် အာရုံမပြားသင့်ကြောင်း ဥဒါဟရဏ်ဆောင်ထားချက်ဖြစ်၏။)

အခါတစ်ပါး၌ တစ်နေ့လုပ်မှတစ်နေ့စားရသည့် လုပ်သားတစ်ဦးသည် ထိုနေ့အတွက် မည်သည့်အလုပ်မှ ရှာဖွေမရသောကြောင့် မိမိ မိသားစု အစာမစားရဘဲနှင့် ညအိပ်ရတော့မည်ဟု စိတ်ညှိုးငယ်စွာဖြင့် လက်ထဲ၌ အသပြာ တစ်ပြားတစ်ချပ်မှ မယူဆောင်လာနိုင်သောအခြေအနေနှင့် မိမိအိမ်သို့ပြန်ခဲ့၏။ လမ်းခုလပ်၌ အိဗ်ရာဟီမ်သခင်ကြီးနှင့်ဆုံတွေ့လေရာ အလုပ်သမားက “အို-သခင်၊ သခင်ကြီးသည် ငြိမ်းအေးတည်ငြိမ်ကာ ရွှင်လန်းချမ်းမြေ့မှုတို့နှင့် အတိပြီးနေပြီး၊ တပည့်တော်မှာဖြင့် စိတ်

သောကတို့ကို ရင်ဝယ်ပိုက်ထားရပါသည်”ဟု လျှောက်ထားလေရာ သခင်က “ဒီလိုဆို ကျွန်ုပ်တို့ အလဲအလှယ် လုပ်ကြရအောင်၊ အဆွေရဲ့ ပူဆွေးဒုက္ခပရိဒေဝသောကတို့ကို ကျွန်ုပ်အားပေးပါလေ။ ကျွန်ုပ်၏ရွှင်လန်းချမ်းမြေ့မှုကို ကျေကျေနပ်နပ်ကြီး ကျွန်ုပ်စွန့်ခွာပါမည်ဟု မိန့်ကြားလိုက်၏။ ( သူတော်စင်တို့သည် သတ္တဝါများကို ရင်ဝယ်သားလို သဘောထားခါ ကိုယ့်သွေးကိုယ့်သားတို့ ဆင်းရဲဒုက္ခတွေ့ကြုံရဘိသကဲ့သို့ စာနာတတ်ကြ၏။ ၎င်းအပြင် အရှင့်အတွက် ပူဆွေးတမ်းတရသည့်အဖြစ်ကို မလိုလားအပ်သည့်အရာအဖြစ် သဘောမထားဘဲ မည်မျှတန်ဖိုးထားကြောင်းကို သခင့်ဘဝမှဖြစ်ရပ်တစ်ခုဖြင့် ပုံဖော်ထားခြင်းဖြစ်၏။)

လူတစ်ဦးက အိဗ်ရာဟီမ်သခင်ကြီးအား မည်သည့်လုပ်ငန်းလုပ်ကိုင်ပါသနည်းဟု မေးမြန်းဖူး၏။ သခင်ကြီးက ဝိသမလောဘကို အတောမသတ်နိုင်ဘဲ စီးပွားအပြိုင်ရှာဖွေမှုကို လောကီဘုံမှ ပုထုဇဉ်လူသားများကို ကျွန်ုပ်ဦးစားပေးခဲ့ပါသည်။ လောကအတွင်း၌နေရင်းက ကျွန်ုပ်သည်အရှင့်ဘာဝနာစီးဖြန်းလျက်ရှိပါ၏။ ယင်းဘာဝနာစီးဖြန်းမှုကို တစ်ရှူတအောင့်မျှပင် ပြတ်လပ်မှု မရှိရအောင် ကြိုးပမ်းအားထုတ်ပါ၏။ လူ့လောက ဓမ္မခရီးစခန်းတစ်ထောက်၌ ကွန်းခိုနားနေရသည့် ဓမ္မခရီးသည်ဖြစ်သည့် ကျွန်ုပ်သည် လူ့ဘုံစခန်းမှ ဓမ္မခရီးဆက်ထွက်သည့်တိုင်အောင် အရှင့်ဘာဝနာ၌ မွေ့လျော်နေမည်သာဖြစ်ပါ၏။ ခန္ဓာဝန်ချရသည့်အခါတွင် အရှင်မြတ်အား ဒီဒါရ်ဖူးတွေ့မှု (သစ္စာတရားအား မျက်မှောက်ပြုခြင်း)ကိုသာလျှင် မျှော်ကိုးပါ၏။ ထိုမှအပကျွန်ုပ်ပြောလိုသည်မှာ အရှင်မြတ်၏လုပ်ငန်းခွင်ဝင်နေသူများမှာ ဝိသမလောဘကိုအရင်းပြုသည့် မတရားစီးပွားရှာမှုတို့ကို ပြုလုပ်ကြမည် မဟုတ်ပေ။

*ဘာသာပြန်မှတ်ချက် ။ ။ အရှင့်လုပ်ငန်းလုပ်နေခြင်းဆိုသည်မှာ ဆူဖီဓမ္မအရမိမိတစ်ဦးကောင်း တစ်ယောက်ကောင်း၊ တစ်ကိုယ်ကောင်းဆန်စွာ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ကျင့်ကြံနေခြင်းကို မဆိုလိုကြောင်း အထက်၌ဖော်ပြပြီးဖြစ်၏။ အရှင်မြတ်အား အလုပ်အကျွေးပြုခြင်းဆိုသည်မှာ အရှင့်ဖန်ဆင်းခံ သဗ္ဗေသတ္တာဝေနေယျသတ္တဝါတို့အား အလုပ်အကျွေးပြုခြင်းကို ဆိုလိုပါ၏။ အေဘာဒတ်ဘာဝနာစခန်း၌ ‘ဟုကူ ကွလ္လာဟ်’နှင့် ‘ဟုကူကွလ်အေဘာဒ်’ဟူ၍ နှစ်မျိုးနှစ်စားရှိရာ အရှင့်တာဝန်ဖြစ်သည့် ‘ဟုကွလ်ကွလ္လာဟ်’၌ လစ်ဟင်းပါက အရှင်မြတ်သည် အနန္တမေတ္တာတော်ရှင်၊ အတိုင်းအဆမရှိခွင့်လွှတ်တော်မူသောအရှင်ဖြစ်သဖြင့် တာဝန်ပျက်သည့်ဘန်ဒါအား အရှင်မြတ်က မည်သို့ဆုံးဖြတ်မည်ကို မည်သူမျှ တပ်အပ်သေချာ မသိနိုင်သော်လည်း အရှင့်ကရုဏာတော်ကြောင့် လွတ်ငြိမ်းချမ်းသာခွင့် ရကောင်းရနိုင်သည်ဟု မျှော်လင့်ချက် ထားနိုင်၏။ သို့သော် ဝေနေယျတို့အပေါ်၌ ရှိသည်တာဝန်ကိုမူ သက်ဆိုင်ရာပုဂ္ဂိုလ်က*

ခွင့်လွှတ်ခြင်းမရှိဘဲ အရှင်မြတ်က ခွင့်လွှတ်တော်မူမည် မဟုတ်ချေ။ ထို့ကြောင့် အလ္လာဟ်အရှင်၏လုပ်ငန်းခွင်ဝင်နေသည်ဟုဆိုရာတွင် 'ဟုကွတ်ကွလ္လာဟ်'နှင့် 'ဟုကွတ်ကွလ်အေဘာဒ်'ကို လိုက်လျောညီထွေစွာ ဟန်ချက်ကျကျ ကျင့်သုံးနေခြင်းကို ဆိုလို၏။

မဟာတမန်တော်မြတ်၏ ဩဝါဒတော်တစ်ခုတွင်–

" မိမိတို့လုပ်ရပ်အတိုင်း အပြည့်အဝ ခံစားရမည့် တရားစီရင်မည့်နေ့'၌ လူတစ်ဦးအား အလ္လာဟ်အရှင်မြတ်က ဤသို့မေးတော်မူမည်။ မောင်မင်း ငါရေငတ်စဉ်က အဘယ်ကြောင့် ရေမတိုက်သနည်း၊ ငါထမင်းစာလောင်ငတ်မွတ်စဉ်က အဘယ့်ကြောင့် မကျွေးမွေးသနည်း၊ ငါနေထိုင်မကောင်းဖြစ်နေစဉ်က အဘယ်ကြောင့် လူနာမေးရန် မလာသနည်း"

ထိုအခါအဆိုပါလူက ( အို– ရုပ် နာမ် ဓမ္မ သင်္ခါရတို့နှင့် ကင်းစင်လွန်မြောက်တော်မူသည့်အရှင်၊ အရှင်မြတ်သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာစသည့် သန်တာ့ဘုံသား လားလားမှမဟုတ်သည့်အားလျော်စွာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့နှင့် အဘယ်မှာလျှင် ဆပ်ဟပ်နိုင်ပါမည်နည်း။ အိုခြင်း၊ နာခြင်း ၊ ပဋိသန္ဓေနေခြင်းတို့မှာ ဖြစ် ပျက် အနိစ္စ ကြောင်းကျိုးဖြစ်စဉ် စသည့် ဓမ္မနိယာမ၏ ဩဇာအောက်မှ ဝေနေယျများအတွက်သာလျှင် ဖြစ်ပါ၏။ စကြဝဠာအနန္တကို ဖြစ်ပေါ်ထင်ရှားစေတော်မူ၍ နိယာမဓမ္မတရားတို့ကို ပိုင်စိုးပြဋ္ဌာန်းတော်မူသည့်အရှင်မှာ အဆိုပါဓမ္မတရားတို့အား သက်ဝင်လှုပ်ရှားလာရန် "ကွန်ဖယကွန်'တည်းဟူသော အမိန့်ဖြင့်စေခိုင်းတော်မူသည့် "တရား၏အရှင်"ဖြစ်ပါ၏။ မြဲသောတရားကိုကျင့်ပြီးမှ မမြဲသော မနုဿဘုံရားအဖြစ်ရောက်ရှိလာခြင်း မဟုတ်သောပရမတ္ထသစ္စာဓမ္မ၏ မူလအဘူတ ပကတိအရှိဖြစ်တော်မူသော အသင်္ခတဂုဏ်တော်ရှင် အလ္လာဟ်အရှင်မြတ်သည် အဘယ်မှာလျှင် အစာရေစာတို့ မွတ်သိပ်စာလောင်နိုင်ပါမည်နည်း၊ အဘယ်မှာလျှင် နေထိုင်မကောင်းဘဲ ရှိနိုင်ပါအံ့နည်းဟု ပြန်လည်လျှောက်ထားရာ

အရှင်မြတ်က–

" ငါရေဆာလောင်သည်ဟုဆိုရာ၌ ငါ၏ဘန်ဒါတစ်ဦး ရေဆာနေသည်ကို ဆိုလိုသည်။ ငါထမင်းငတ်နေသည်ဟုဆိုရာ၌ ငါ၏ဘန်ဒါတစ်ဦး ထမင်းငတ်နေသည်ကိုဆိုလို၏။

ငါနေထိုင်မကောင်းဖြစ်နေသည်ဟုဆိုရာ၌ ငါ၏ဘန္ဒါတစ်ဦး နေထိုင်မကောင်းဖြစ်နေသည်ကိုဆိုလို၏။ ထိုထိုသော ဘန္ဒါတို့ ဒုက္ခရောက်နေသည်ကို မောင်မင်းသိလျှက် တာဝန်ပျက်ခဲ့သောကြောင့် ငါ့အပေါ် တာဝန်ပျက်ရာမည်၏ဆိုခြင်းဖြစ်သည်ဟု မိန့်တော်မူ၏။"

ထို့ကြောင့် မဟာတမန်တော်မြတ်၏ နောက်ဩဝါဒတစ်ခုတွင်–

" အလ္လာဟ်အရှင်မြတ်အား အလုပ်အကျွေးပြုခြင်းဆိုသည်မှာ အရှင်ဖန်ဆင်း

*ထားသည့်ဝေနေယျတို့အား အလုပ်အကျွေးပြုခြင်းမည်၏ "ဟု ဟောကြားထားတော်မူ၏။ သို့အတွက်ကြောင့် ဝလီဆူဖီသူတော်စင်တို့သည် ကိုယ်လွတ်ရုန်း တစ်ကိုယ်ကောင်းဝါဒကို မကျင့်သုံးကြပေ။ သတ္တဝါကယ်တင်ရေးလုပ်ငန်း၊ လူသား အကျိုးပြုလုပ်ငန်း မပြုလုပ်ဘဲနှင့် ဝလီဆူဖီသူတော်စင်တို့သည် ဘယ်သော အခါမျှ စခန်းမသိမ်းပေ။)*

တစ်စုံတစ်ဦးက သခင့်ကို သခင့်ဘဝ၌ ပျော်ရွှင်ဖွယ်ရာ အတွေ့အကြုံတို့ကို ခံစားဖူးပါသလားဟု မေးမြန်းရာ အိဗ်ရာဟီမ်သခင်ကြီးက " ကျွန်ုပ်၏ ဒရ်ဝေ့ရှ်ဘဝတွင်ဖြစ်ရပ်နှစ်ခုကြောင့် ပျော်ရွှင်မှုကို ခံစားခဲ့ရဖူးပါသည်။ တစ်ချိန်က ကျွန်ုပ်ခေါင်းမှ ဆံပင်များ မသပ်မရပ်ဖြစ်ကာ အင်္ကျီအဝတ်အစားမှာလည်း စုတ်ပြဲနေသောအဖြစ်နှင့် လှေတစ်စင်းပေါ်၌ စီးနင်းလာစဉ် လူပျက်တစ်ဦးက ကျွန်ုပ်ကို လှောင်ပြောင်ကျီဆယ်သည့်သဘောနှင့် ရိကျနက်ကာ ပြက်ရယ်ပြုခဲ့၏။ ထိုသို့ ပြုလုပ်ခြင်းခံရသဖြင့် ကျွန်ုပ်၏အတ္တကို ကျွန်ုပ်ထိန်းကွပ်ချုပ်နိုင်ခဲ့၏။ သို့အတွက်ကြောင့် ကျွန်ုပ်ဝမ်းမြောက်ခဲ့ရပါ၏။

နောက်တစ်ကြိမ်မှာမူ ကျွန်ုပ်သည် တစ်ခါက ဗလီဝတ်ကျောင်းတော်အတွင်း၌ ပင်ပန်းနွမ်းနယ်လွန်းသဖြင့် အိပ်ပျော်သွား၏။ လူအပေါင်းက ကျွန်ုပ်ကို ခြေထောက်မှ ကိုင်ဆွဲကာ လှေခါးထစ်အဆင့်ဆင့်အောက်သို့ ပစ်ချခဲ့၏။ လှေကားထစ်တိုင်း၌ ကျွန်ုပ်ဦးခေါင်းထိခိုက်ကာ ဒဏ်ရာရခဲ့၏။ ကျွန်ုပ်ခြေတောက်မှာလည်း သွင်သွင်ကျိုးခဲ့၏။သို့သော် ယင်းသို့ ပစ်ချခံခဲ့ရသည့်အတွက် လှေကားထစ်တိုင်း၌ ကျွန်ုပ်သည် ထူးခြားလှသော ဓမ္မရသကို ခံစားရပြီး အမတဘုံ၏အမြိုက်အရသာ အတွေ့အကြုံထူးတို့ ကျွန်ုပ်ထံသို့ ကျရောက်လာ၏။ မြေပြင်ပေါ်သို့ရောက်သောအခါ နောက်ထပ်လိမ့်ကျစရာ အထစ်များ မကျန်တော့သဖြင့် ကျွန်ုပ်စိတ်မကောင်းဖြစ်ခဲ့ရ၏။ လှေကားထစ်များဆက်ရှိပါမူ ကျွန်ုပ်သည် တရား၏အရသာထူးများကို ဆက်လက်ခံစားရပေအံ့"ဟု ဖြေကြားတော်မူခဲ့၏။

---

အိဗ်ရာဟီမ်သခင်ကြီးက တစ်နေ့သ၌ လူရှုပ်လူနောက်တစ်ဦးသည် ကျွန်ုပ်ကို လူရှေ့သူရှေ့၌ ရေဖြင့်လောင်းခဲ့ရာ ကျွန်ုပ်က ကျွန်ုပ်၏မာနကို "သင်ဟာဘာမှ အသုံးမကျပါလားဟု ပြောခဲ့၏" ကျွန်ုပ်၏အဝတ်အစုတ်အပြဲအတွင်းသို့ သန်းတစ်ကောင်တွယ်တက်ကာ ကျွန်ုပ်၏ကိုယ်အား ယားယံအောင်ပြုလုပ်သောအခါ၌လည်း ကျွန်ုပ်၏အတ္တကို ကျွန်ုပ်က တစ်ချိန်က ဝတ်စားခဲ့ဘူးသည့် မင်းဝတ်တန်ဆာများကို ရော်ရမ်းတမ်းတနေခြင်း မရှိအောင် ကျွန်ုပ်သတိပေး ဆုံးမခဲ့ရသေး၏။

*ဘာသာပြန်သူမှတ်ချက် ॥ ॥ အစ္စလာမ့်တရားတော်၏ စိတ်အဆင့်ဆင့် ခွဲခြမ်းစိပ်ဖြာမှုမှာ အလွန်နူးညံ့သိမ်မွေ့လှပြီး ပရိယတ်စာပေ*

တတ်ကျွမ်းရုံမျှဖြင့် နားလည်သဘောပေါက်ခြင်း မရှိနိုင်ပေ။ ကိုယ်တွေ့ဘာဝနာစခန်းမှာ ဉာဏ်ပွင့်လင်းမှသာလျှင် စိတ်အဆင့်ဆင့်မြင့်တက်မှုသဘာဝကို နားလည်နိုင်ပေမည်။

"အတ္တ" "အနတ္တ" စသည့်ဝေါဟာရတို့ကိုလည်း ချေးငှားသုံးစွဲထားသဖြင့် ယင်းတို့ကို ကျေလည်အောင်ရှင်းရန် တာဝန်ရှိနေပြန်ပါသည်။ ယေဘုယျအားဖြင့် မဟာတမန်တော်မြတ်၏ ဩဝါဒတော်အတိုင်း တင်ပြရပါမူ စိတ်အတွင်း၌ 'စစ်ရီ' 'ရူဟီ''နူရီ'စသည်ဖြင့် အဆင့်ဆင့်အလွှာလွှာရှိပြီး နူရီအတွင်း၌ ငါရှိသည်ဟု အလ္လာဟ်အရှင်မြတ်က ဗျာဒိတ်တော်မူထား၏။ ထို့ကြောင့် အစ္စလာမ်ဓမ္မကဖွင့်ဆိုထားသော နာမ်ဓာတ်ဟူသည်မှာ အလွှာလွှာအဆင့်ဆင့်ရှိသည့် စိတ်အစဉ်များဖြစ်၏။ စိတ်အစဉ်ဆိုရာ၌လည်း ရုပ်ပေါ်၌ တည်မှီပြီးမှ စိတ်ဖြစ်ရသည့်ဟူသည့် အယူအဆနှင့်လည်း မတူပေ။ အစ္စလာမ်ကပြဆိုသော စိတ်အစဉ်မှာ ရုပ်နှင့်သီးခြား ကင်းလွတ်စွာ တည်ရှိနိုင်၏။ အာရုံခံအင်္ဂါများနှင့် ဗဟိဒ္ဓရူပဝတ္ထုတို့ တွေ့ထိမှုကို နှလုံးသား၌ထင်ဟပ်၊ ဦးနှောက်၌ မှတ်တမ်းတင်ထားသည့် မြင်သိစိတ်၊ ကြားသိစိတ် စသည့်သိစိတ်များသည် ရုပ်မရှိပါက ယင်းတို့လည်းလိုက်၍ ပျက်သုဉ်းသွားသည်ဟူသည့် အယူအဆမျိုးမဟုတ်ချေ။ သတ္တဝါတို့ ကြားခြင်း မြင်ခြင်း စသည့် အာရုံခံမှုအစုစုတို့သည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ 'ဗကာဆွေဖတ်'အသခ်တ လောကုတ္တရာဂုဏ်တော်တို့၏ တစ်စိပ်တစ်ပိုင်းကို အရှင်မြတ်က ချီးမြှင့်ပေးသနားထားသောကြောင့် အာရုံခံနိုင်နေခြင်းဖြစ်၏။ မြန်မာစာပေမှ ဝိညာဉ်ဟူသည့်စကားသည် သိစိတ်ကိုသာဆိုလို၏။ တစ်ဖန် လောက်လန်းသဖွယ်ဝိညာဉ်တွယ်သည်ဟူသည့် ဘဝကူး ဘဝပြောင်း အယူအဆကိုလည်း အစ္စလာမ်က လက်ခံထားခြင်း မရှိပါ။ ရုပ်နှင့်နာမ်တွဲလျက် တစ်ဘဝတည်းသာရှိပြီး ရုပ်နှင့်နာမ် မတွဲမီနှင့် ရုပ်နှင့်နာမ်ကွဲပြီးသည့်ဘဝတို့တွင် နာမ်ဓါတ်သက်သက်ဖြင့်သာ သတ္တဝါတို့ဖြစ်တည်ကြကြောင်း အစ္စလာမ်တရား၌ တွေ့ရပေမည်။ 'တနာစွတ်ခ်ီ' ဟူသည့် ဝိညာဉ်သည် ခန္ဓာတစ်ခုမှတစ်ခုသို့ ဘဝအိုးအိမ်အကြိမ်ကြိမ် ကူးပြောင်းသည် ဟူသည့် အယူအဆကို အစ္စလာမ်က လက်မခံပေ။

အလ္လာဟ်အရှင်မြတ်၏ မြဲသောတည်ရှိမှုမျိုးနှင့်စင်ပြိုင်ကာ လူသား၏ 'အတ္တမာန်' တည်းဟူသောဝိညာဉ်သည် တည်မြဲပြီး ပန်းပဲဖိုကြီးမှ မီးပွားများ ဖွာထွက်လိုက်သကဲ့သို့ မဟာအတ္တမာန်ကြီးမှ အတ္တမာန်များထွက်လာပြီး အစွန်းဆုံးသောစခန်း၌ ယင်းမဟာအတ္တမာန်ကြီးနှင့် လူသားတစ်ဦးချင်းစီ၏အတ္တမာန်တို့ ပူးပေါင်းကြသည့်ဟူသည့် ဝေဒန္တ ဝါဒနှင့်လည်း အစ္စလာမ်၏နာမ်ပိုင်းဆိုင်ရာ ခံယူချက်မှာ မတူပေ။

အစ္စလာမ်ကဖွင့်ဆိုထားသော ဓမ္မဝိညာဉ်သဘောမှာ ရုပ်နာမ်ဓမ္မသခ်ါရတို့ အခိုက်အတန့်ဖြစ်တည်နေခြင်းမှာ ယင်းတို့၏ မမြဲသောသခ်တဓါတ်၏နောက်ကွယ်တွင် မြဲသော အသခ်တ အလ္လာဟ်**ရှင်**တော်သည် တဆက်တည်း တဖြတ်တည်း တထပ်တည်း တည်ရှိနေသောကြောင့်ဖြစ်၏ဟု ဆိုထား၏။ ဆိုလိုသည်မှာ သခ်တတို့ အဆုံး၌ အသခ်တရှိ၏။

" အင်န အေလာ ရဗ်ဗိက မွန်တဟာဟာ "

ကေန် အသင်၏အရှင်ကား အသင်၏အဆုံး၌ ရှိ၏။ [ ၅၃း ၄၂ ]

စကြဝဠာအနန္တ၌ အလ္လာဟ်တည်ရှိမှုမလွဲ၍ (တစ်နည်း) အလ္လာဟ်မှအပ ဖြစ်သည့်အရာများ 'မာစိဝလ္လာဟ်' 'ဂိုင်းရ်အလ္လာဟ်' မှန်သမျှသည် ပရမတ်သဘော၌ မရှိ ပညတ်သဘောအရ ရုပ်လက္ခဏာထင်ရှားနေခြင်းမှာ အလ္လာဟ်နှင့်တကွဖြစ်နေသောကြောင့်သာလျှင်ဖြစ်၏။ ဤတရားသဘောတို့အား အောက်ပါအာယတ်တော်တို့၌ အထင်အရှားတွေ့နိုင်ပါသည်။

[၁] မည်သည့်အရပ်သို့ မျက်နှာမူသည်ဖြစ်စေ အရှင့်မျက်နှာတော်ကို ဖူးတွေ့ရပေအံ့။ [ ကုရ်အာန် ၂း ၁၁၅ ]

[၂] အရှင်မြတ်သည် အစဖြစ်သလို အဆုံးလည်းဖြစ်၏။ အပြင်ဗဟိဒ္ဓဖြစ်သလို အတွင်းအဇ္ဈတ္တလည်းဖြစ်၏။ [ ကုရ်အာန် ၅၇း ၃ ]

[၃] အရှင်မြတ်သည် အာကာသတစ်ခွင်တစ်ပြင်လုံးနှင့် ပထဝီမြေပြင်တို့၏ ရောင်ခြည်တော်ဖြစ်၏။ [ ကုရ်အာန် ၂၄း ၃၅ ]

[၄] အလ္လာဟ်အရှင်မြတ်သည် အာကာတစ်ခွင်၏အရှင်ဖြစ်သလို ပထဝီမြေပြင်၏ အရှင်လည်းဖြစ်တော်မူ၏။ [ ကုရ်အာန် ၄၃း ၈၄ ]

[၅] အရာရာအား အလ္လာဟ်အရှင်မြတ်သည် လွှမ်းမိုးခြုံအုပ်တော်မူ၏။ [ ကုရ်အာန် ၄း ၁၂၆ ]

လူသား၏ရုပ်တည်မှုမှာလည်း အလ္လာဟ်နှင့်တကွဖြစ်တည်လျက် ရှိကြောင်းကိုလည်း အောက်ပါ အာယတ်တော်တို့၌ တွေ့ရ၏။

[၁] အသင်တို့ဘယ်အရပ်၌ရှိစေကာမူ အလ္လာဟ်အရှင်သည် အသင်တို့နှင့်အတူရှိ၏။ [ ကုရ်အာန် ၅၂း ၄ ]

[၂] 'ငါ'(အလ္လာဟ်)၏ ရူဟ်(ဓမ္မဝိညာဉ်)အား (လူ့ခန္ဓာတွင်းသို့) မှုတ်သွင်းတော်မူ၏။ [ ကုရ်အာန် ၁၅း ၂၉ ]

[၃] အလ္လာဟ်အရှင်မြတ်သည် လူနှင့် လူ့စိတ်နှလုံးကြားတွင် အကာအဆီးဖြစ်တော်မူသည်။ [ ကုရ်အာန် ၈း ၂၄ ]

[၄] ငါတို့သည် လူသား၏ဂုတ်သွေးကြောထက်ပင် နီးကပ်စွာတည်ရှိ၏။ [ ကုရ်အာန် ၅၀း ၁၆ ]

လူ့ခန္ဓာအတွင်း၌ အရှင်မြတ်၏နိမိတ်လက္ခဏာတော်တို့ရှိကြောင်းကိုလည်း အောက်ပါအာယတ်တော်အရ သိနိုင်ပေသည်။

" မကြာမြင့်မီပင် ငါ(အလ္လာဟ်)၏နိမိတ်လက္ခဏာတို့အား မိုးကုတ်စက်ဝိုင်း(အပြင်ဗဟိဒ္ဓစကြဝဠာ)တွင်သင်တို့တွေ့ရှိနိုင်သကဲ့သို့၊ သင်တို့ကိုယ်တွင်း(အဇ္ဈတ္တအနုစကြဝဠာ)၌လည်း တွေ့ရှိနိုင်၏။ ယင်းတို့ကို (ပရမတ်ထိုးထွင်းဉာဏ်ဖြင့်) စောကြောပါက ငါအရှင်၏ ပရမတ္ထသစ္စာတရားကို သင်တို့မြင်ကြအံ့။ [ ၄၁း ၅၃ ]

မဟာတမန်တော်မြတ်ကြီး၏ ဩဝါဒတော်တို့တွင်လည်း–

[၁] အပြင်၌ရှိသည့်အရာမှန်သမျှသည် အတွင်း၌ရှိ၏။ အတွင်း၌ရှိသည့်အရာမှန်သမျှသည်လည်း အပြင်၌ရှိ၏။

[၂] လူ့ကိုယ်တွင်း၌ နှလုံးရှိ၏။ နှလုံးအတွင်း၌စိတ်ရှိ၏။ စိတ်အတွင်း၌ စေတသိတ်ရှိ၏။ ထိုစေတသိတ်အတွင်း၌ ရူပ်(ဓမ္မဝိညာဉ်)၊ 'ရူပ်'အတွင်း၌ 'စစ်ရီ'ရှိ၏။ စစ်ရီအတွင်း၌ 'နူရီ'ရှိ၏။ ထိုနူရီအတွင်း၌ 'ငါ'( အလ္လာဟ်)ရှိ၏။

[၃] မို့အ်မင်၏နှလုံးဉာဏ်သည် မြတ်ရှင်ဗိမာန်ဖြစ်၏။

[၄] မိမိကိုယ်ကို မိမိသိသောသူသည် မိမိအရှင်ကိုသိ၏။

[၅] " အလ်အင်ဆန်နွလ်ဆစ်ရီဝါအနဆစ်ရိုဟူ "

လူသားသည် 'ငါ'(အလ္လာဟ်)၏ လျှို့ဝှက်ချက်ဖြစ်၏။ 'ငါ'(အလ္လာဟ်)သည် လူသား၏လျှို့ဝှက်ချက်ဖြစ်၏။

မြန်မာနိုင်ငံ၌ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ထွန်းတောက်ခဲ့သည့် ရှိုက်ခွလ်မရှာ**အာစ်**အဗ္ဗဒွလ်လာဟ် ဟော့စချဒ်ရှား ဒါဒါပုသခင်ကြီးက သူ့ခန္ဓာတွင်းမှ နာမ်ဓါတ်ဟူသည်မှာ အလ္လာဟ်ဗီဇအေသန်တဓါတ်ဖြစ်ကြောင်းကို အောက်ပါအတိုင်း 'ဆွလာတွလ်အာရဖီ'ကျမ်း၌ ဖွင့်ဆိုထား၏။

'လာမကာ'နိဗ္ဗာန်ပြည်ကြီးကို နီးစေ၍၊ မိမိ၏'စစ်ရီ'၏အလွန်တင့်တယ်ခြင်းအပေါင်းနှင့်ပြည့်စုံလှသော ပရ်ဒါတော်အတွင်း၌ အမြဲချမ်းသာခြင်းအပေါင်းတို့ကို မပျက်တည်စေရမည်။

ထိုသူတို့၏ဝိညာဉ်သည် ချစ်ထိုက်သောဘုံဗိမာန်အတွင်းသို့ ဝင်ရောယှက်တွဲဖက်ရသဖြင့် အမည်သညာ၊ သရုပ်၏အကျဉ်းမှ ထွက်မြောက်သဖြင့်၊ သန့်ရှင်းစင်ကြယ်ပြီးလျှင် မြဲသောဇာတိ၏ထွန်းလင်းခြင်းကို သိမြင်ရသောကြောင့် ဖွနာကို မေ့ပျောက်လေ၏။

**" . . . . ကိုယ်၏ဇာတိကို ထိုအရှင်၏ဇာတိတော်တွင် နစ်မြုပ်ပျောက်စေရမည်။ ၎င်းမိမိဇာတိသည် အလွန်ဝေးကွာတတ်သော (ဟေဂျတ်ပရ်ဒါ)အဖုံးအကွယ်ဖြစ်ချေသည်။ ထိုပရ်ဒါအဖုံးအကွယ်ကင်းမှ သန့်ရှင်းစင်ကြယ်တုဖက်ရန်မရှိသော ဂျမလ်တော်ထွန်းတောက်လေပြီ။ ဇာတိဟူသည်ကား အနှမြူမှုန်မျှမက သေးသိမ်လှသော 'ငါ'ဟူသည့် မာနတစ်လုံးကို ဆိုလိုသည်။ သို့ဖြစ်၍ <u>ငါပျောက်မှ ငါတောက်နိုင်သည်။"</u>**

**မည်သည့်ငါပျောက်၍ မည်သည့်ငါတောက်ရပါမည်နည်း။** အတ္တားရ်သခင်ကြီးက **" အလ္လာဟ်ထံပေါက်ရောက်ရန် ခြေနှစ်လှမ်းသာလှမ်းဖို့လိုသည်။ 'ငါ'တည်းဟူသောအတ္တမှ ခြေတစ်လှမ်းခွာလိုက်ပါက အလ္လာဟ့်စခန်းသို့ ဆိုက်ရောက်ပါလိမ့်မည် "** ဟု မိန့်ဆိုထား၏။

နောက်သခင်တစ်ပါးကလည်း အလ္လာဟ့်စခန်းသို့ရောက်ပါမှ 'သင့်ကိုယ်သင်

ထားခဲ့၍ အထဲသို့ဝင်လော့'ဟု ဆိုထားပြန်၏။ မည်သည့်ကိုယ်အားထားခဲ့ပြီး မည်သည့်ကိုယ်နှင့် အထဲသို့ ဝင်ရပါမည်နည်း။ ရုပ်စိတ်ဘာရီသခင်ကြီးကမူ " ဝမန် အနုယာ အနုအမ်လာအနု" 'ငါ'မဟုတ်သည့်'ငါ'ဟု သူ၏ဓမ္မလင်္ကာတော်၌ သီကုံး စပ်ဆိုတော်မူခဲ့၏။ ယင်းငါမဟုတ်သောငါဆိုသည်မှာ ဘာကိုဆိုလိုပါသနည်း။

ရုပ်ကြမ်းလောကီဘုံ၌ ခန္ဓာဝန်ဆောင်ထားသောလူသားသည် ပညတ်လောက ဖြစ်သည့်အဆိုပါ လက်တွေ့ရုပ်ဘဝ၌ အသုံးချလို့ရအောင် 'ငါ'တည်းဟူသော အတ္တကို ခေတ္တယာယီသမုတ်ခါ ခေါ်တွင်ထား၏။ တကယ်တန်းဆိုပါက ကိုယ်ပိုင် သီးခြားရုပ်တည်မှုနှင့် ထူးထူးသန့်သန့်ဖြစ်တည်နေသည့် 'ငါ'ဟူသည် မရှိချေ။

အခါတစ်ပါး၌ ရာဗီယာသခင်မကြီးထံသို့ တပည့်တစ်ဦးလာရောက်ပြီး "တပည့်တော်နှစ်ပေါင်း(၄၀)တိုင်အောင် အကုသိုလ်နှင့်ကင်းဝေးအောင်နေပြီး ကုသိုလ် ကောင်းမှုတို့ကိုသာ ပွားများနေပါသည်"ဟု လျှောက်ထားသောအခါ သခင်မကြီးက "ဝဂျူးဒိုကာ၊ သန်းဘွန်၊ လာယူကားဗိုဘေဟီသန်းဘ်" မောင်မင်း၌ 'ငါ'တည်းဟူသော အတ္တတစ်ကယ်ရှိသည်ဟုထင်မှတ်၍ ငါအကုသိုလ်မလုပ်၊ ငါကုသိုလ်လုပ်၏ဟူသည့် အသိဝင်နေ၏။ ထိုအသိသည်ပင်လျှင် အကြီးမားဆုံးသော အကုသိုလ်ဖြစ်၏။ အဘယ်ကြောင့်ဟူမူ 'ငါ'ဟူသည့်အတ္တ အဟုတ်တစ်ကယ်ရှိသည်ဟူသည့်အယူအဆသည် အကုသိုလ်အစုစုတို့အနက် အကြီးဆုံးအကုသိုလ်ဖြစ်သောကြောင့်တည်း။

ထို့ကြောင့်လူသားတွင် ပညတ်ရုပ်လောက၌ လက်တွေ့အသုံးချလို့ရအောင် ခေတ္တယာယီသမုတ်ထားသည့် 'ငါ'နှင့် လူ့ခန္ဓာကိုယ်အတွင်းမှ အလ္လာဟ့်ဗီဇ အသင်္ခတ ဓါတ်ဟူ၍ရှိသည်ကို ခွဲခြားတတ်ရန် အထူးလိုအပ်လှပါသည်။

ဤမျှဆိုလျှင် မည်သည့်'ငါ'ကိုပျောက်အောင်လုပ်ရမည်၊ မည်သည့်ငါကို ထွန်းတောက်အောင်လုပ်ရမည်ကို ခွဲခြားသိလောက်ပေပြီ။

ထို့ကြောင့် အစ္စလာမ်၏ဘာဝနာခန်းတွင် 'တပ်ဖွကရ်'ဉာဏ်ပွားရာ၌ 'နဖ်ဟာစ်(စ)ဖတ်'ဟူ၍ ပျောက်ရမည့်အရာနှင့် တောက်အောင်လုပ်ရမည့်အရာ နှစ်ခုကို တစ်ကြိမ် တည်းရှုမှတ်ပွားများသည့် ဝိပဿနာရှုနည်းတစ်မျိုးရှိပေသည်။ မမြဲသည့် 'ငါ'တည်းဟူသောအတ္တကို ခေတ္တယာယီသတ်မှတ်ထားရာမှ အမှန်တစ်ကယ် အစွဲအမြဲ ရှိသည်ဟုမှတ်ယူမှားတတ်သဖြင့် ယင်း'ငါ'မှလက်တွေ့ရုပ်ဘဝအတွက် ပညတ် ထားချက်သာ ဖြစ်ပြီး ပရတ်သဘောတွင် အလ္လာဟ့်ဗီဇအသင်္ခတဓါတ်သာလျှင်ရှိကြောင်း ဉာဏ်စင်တင်၍ ပွားများရ၏။

မွတ်စလင်မ်ပညာရှင်တို့သည် အဂ္ဂိယပညာကို တီထွင်သူများအဖြစ် သမိုင်း တွင်ကျော်ကြားခဲ့၏။ သိပ္ပံပညာ၏အခန်းကဏ္ဍတစ်ခုဖြစ်သည့် အဂ္ဂိယတ်ပညာသည် ဓါတုဗေဒ၊ သတ္တုဗေဒစသည့် ပညာရပ်မြောက်မြားစွာ၏မြစ်ဖျားခံရာ ပညာရေး ရတနာသိုက်ကြီးဖြစ်သလို၊ နာမ်ပိုင်းဆိုင်ရာ ဘာဝနာစခန်းအတွက်လည်း လမ်းညွှန်ချက် အဖြစ် ဆူဖီသူတော်စင်တို့က ထုတ်ဖော်ခဲ့၏။

အဂ္ဂိယတ်ထိုးရာတွင် သတ္တုရောကို 'လုံ'အတွင်း၌ထည့်ကာ ပြဒါးရှင်လုံးစသည့်အဆင့်မြင့်မားသောအခြေအနေတစ်ရပ်သို့ ပြောင်းလဲသွားအောင် ယင်းသတ္တုရောမှ မကောင်းသည့် ယုတ်ညံ့သည့်အစိပ်အပိုင်းများကို သန့်စင်ကာ ကောင်းမြတ်သည့် အစွမ်းထက်သည့် ဂုဏ်သတ္တိတို့နှင့်အတိပြီးနေသည့် အနေအထားမျိုးရောက်အောင် ပြောင်းလဲ (အရည်အသွေး)မြှင့်တင် (Transformed, Transmute)ပေးရ၏။

ထိုနည်းတူစွာ နှလုံးသားတည်းဟူသော 'လုံ'၌ စိတ်အစဉ်ကို မြှင့်တင်ရန် လေ့ကျင့်ကမ္မဋ္ဌာန်း 'အာဏာပါဏ' 'ဒမ်ဘဒမ်'နှင့် ဖိုထိုးရ၏။ အစ္စလာမ်ဓမ္မအရ နှလုံးသား၌ ကိလေသာအညစ်အထေးများ ကပ်ညိနေပြီး အဝိဇ္ဇာမောဟဖုံးလွှမ်းနေသော အဖြစ်ကို 'ကဖရ'ဟုခေါ်၏။ ထိုသို့ မောဟဖုံးနေသော အမ္မရာထုံးကို အဆင့်မြင့်သည့် စိတ်အစဉ်များဖြစ်အောင် မြှင့်တင်ပေးရ၏။ အစ္စလာမ်တရားသည် မည်သည့် စိတ်အစဉ်ကိုမျှပယ်ခြင်း၊ သတ်ခြင်း မပြုဘဲ ယင်းအခြေအနေကိုအခြေပြုပြီး သူ့ထက်မြင့်မားသည့်အခြေအနေရောက်အောင် မြှင့်တင်ရန် လမ်းညွှန်ထား၏။ သို့အတွက်ကြောင့် အကုသိုလ်စိတ် 'နဖ်စ်အမ္မရာ'ကို နောင်တသံဝေဂရသည့်စိတ် 'နဖ်စ်လောင်ဝါမာ' အဖြစ်ရောက်အောင်လည်းကောင်း၊ ယင်းမှတစ်ဆင့်တက်ကာ ကုသိုလ်စိတ် 'နဖ်စ်မွလ်ဟေမာ'ရောက်အောင်လည်းကောင်း၊ ထိုမှတစ်ဖန် ကုသိုလ် အကုသိုလ်ကိုလွန်သည့် ကြောင့်ကျ တောင့်တမှုကင်းသည့် အဗျာကတအငြိမ်းစိတ်ဖြစ်သည့် သန္တိသုခဝေဖြာရာ 'နပ်စ်မွတ္တမာအင်နာ'ရောက်အောင် မြှင့်တင်ရပေမည်။

စိုင်ယေဒေနာ ရှိုက်ခ်အဗ္ဗဒူ ကာဒရ်ဂျီလာနီသခင်ကြီး၏ ဓမ္မအတွေ့အကြုံတစ်ခုကို အောက်ပါအတိုင်း သားတော် မူဆာသခင် ရေဝါရတ်ပြုထားသည့် 'ခိုလာဆွတွလ်ကာဒေရီ'ကျမ်း၌ ဖော်ပြထား၏။

" ကျွန်ုပ်၏ နဖ်စ်(စေတသိတ်)သည် အလွန်ကြပ်တည်း၍ မခံမရပ်နိုင်သဖြင့် ခေတ္တချမ်းသာပေးပါဟု တောင်းဆိုသည်ကို ကျွန်ုပ်ကမပေးရှိနေ၍ အသင်အဘယ်အရာကိုလိုလား၍ ပြုကျင့်ပါသနည်းဟုမေး၍ ကျွန်ုပ်က "ရှင်ခြင်းမရှိသော အသေကိုလည်းကောင်း၊ သေခြင်းမရှိသောရှင်ခြင်း "ကိုလည်းကောင်း အလိုရှိသည်ဟု ပြန်ပြောသောအခါ၊ တဖန် နဖ်စ်ကမေးရာသည်၊ ရှင်ခြင်းမပါသောအသေ မည်သို့နည်း၊ ၎င်းအသေမပါသောရှင်ခြင်း မည်သို့နည်း။ ထိုအခါ ကျွန်ုပ်အလိုရှိသောသေခြင်းမှာ 'မခလွတ်က်' ဖန်ဆင်းခံရသမျှအပေါင်းတို့နှင့်ပတ်သက်၍ အကျိုးရှိခြင်း၊ ဆုံးရှုံးခြင်း နှစ်ရပ်ကို မကြည့် မမြင်လိုသည့်အပြင် ဒွန္ဒယာ အာခိရတ်နှစ်ရပ်ကို အလိုရမ္မက်ထားခြင်းနှင့် ကျွန်ုပ်၏နဖ်စ်ရှင်၍မနေလိုဟူ၏။ ကျွန်ုပ်အလိုရှိသောရှင်ခြင်းမှာ ကျွန်ုပ်၏ 'ခိုဒီ'ခေါ် 'ငါ'တည်းဟူသော မိမိကိုယ်မပါဘဲ အရှင်မြတ်၏ အလုပ်အပေါင်းတွင် ရှင်၍နေလိုသည်"ဟု ပြန်ပြောလေ၏။

ထိုကြောင့် ငါပျောက်မှ ငါတောက်မည်ဟူရာ၌ လူ့စိတ်သန္တာန်တွင် ငါတည်းဟူသောအတ္တ(Ego-lower-self)နှင့် လူခန္ဓာကိုယ်အတွင်းရှိ အလ္လာဟ့်ဗီဇ အသခ်တဝါတ် (Spirit-HigherSelf)ဟူ၍ နှစ်မျိုးနှစ်စားရှိကြောင်း သိထားအပ်ပေသည်။

အဆိုပါ အလ္လာဟ့်ဗီဇ အသခ်တဓါတ်မှာ ဖွံ့ဖြိုးတိုးတက်မှုမရှိသောအဆင့်မှ ဖွံ့ဖြိုးတိုးတက်သည့်အဆင့်သို့ ရောက်အောင် နာမ်ပိုင်းဆိုင်ရာဆင့်ကဲဖြစ်စဉ် (Spritual Evolution) အရ လှမ်းတက်ရ၏။ အရှင့်ထံမှ လာလမ်းအတိုင်းစုံဆင်းလာသည့် ဓမ္မခရီးသည်လူသားသည် အရှင့်ထံသို့ ပြန်လမ်းအတိုင်း ဆန်တက်ရမည်ဖြစ်၏။ "လာလမ်း"နှင့် "ပြန်လမ်း"မှာ အစ္စလာမ်ပရမတ္ထတရား၏ အနှစ်ချုပ်ပင်ဖြစ်၏။

အလ္လာဟ့်နူရိတော်မှ ဆင်းသက်ကွန့်မြူး၍ ရုပ်က လပ်နှင့် နာမ်ဓါတ်အစုစု အဖြစ်ကို ရောက်ရှိလာရသဖြင့် အလ္လာဟ်နှင့်တကွ စကြဝဠာကြီးသည်ဖြစ်တည်နေ၏။ (အကျယ်ကို နူရိတိုက်ဖွင့်အလင်းကျမ်းတွင် ရှုပါကုန်) ထို့ကြောင့် အပြင်ဗဟိဒ္ဓ စကြဝဠာရှိ သတ္တလောကတွင် ရှုဟော့ဂျမာဒီ၊ ရုက္ခလောကတွင် ရှုဟော့နဘာတီ၊ သတ္တလောကတွင် ရှုဟော့ဟိုင်ဝါနီ၊ လူ့လောကတွင် ရှုဟော့အင်စာနီဟူ၍ရှိ၏။ ဤနာမ် ဓါတ်ရှုဟ်၏အခြေအနေအဆင့်ဆင့်ကို လူ့ခန္ဓာကိုယ်အတွင်း အဇ္ဈတ္တသန္တာန် ၌လည်းတွေ့ရပေမည်။ မဖွံ့ဖြိုးသေးသည့်ရှုဟ်ကိန်းဝပ်နေသည့် အန္တပုထုဇဉ်ကို ဖွံ့ဖြိုး သည့် ရှုဟ်ပိုင်ရှင် (တစ်နည်း) ပရမတ်ထိုးထွင်းဉာဏ်ပွင့်လင်းသည့် မဟာလူသား အရိယဖြစ်အောင် ကျင့်ကြံအားထုတ်ခြင်းဖြင့် မြှင့်တင်ပေးရ၏။

အာရုံတို့ဖြင့် ထိတွေ့ခံစားလို့မရသည့် (Un-menifested Phonomenal World) ရုပ်နဘုံသည် အလ္လာဟ့်နူရိတော်မှ တစ်ဆင့် ဆင်းသက်ကွန့်မြူးလာပြီး သိသာထင်ရှားသည့် ရုပ်လောက (Menifested Penomenal World)အဖြစ်ကို ရောက်ရှိလာ၍ ရုပ်နှင့်နာမ်၏ဆက်သွယ်မှုကို အစ္စလာမ့်တရားက " ရုပ်ကို မှီတည် ပြီးမှ နာမ်ဖြစ်လာရခြင်းမဟုတ်ဘဲ၊ နူရိတော်ကွန့်မြူးလာသည့် (Involution (or) Devolution)ကြောင့် နူးညံ့သိမ်မွေ့သည့်နာမ်ဓါတ်မှ သိပ်သည်းကျစ်လစ်ကြမ်းတမ်း သည့် ရုပ်ကလာပ်တို့ဖြစ်လာသည်ဟု ဖွင့်ဆိုထား၏။

သိပ္ပံလောကသည်လည်း အထက်ဖော်ပြပါ အစ္စလာမ်ကဖွင့်ဆိုထားသည့် သစ္စာကထာကို ဦးညွှတ်လာနေပြီဖြစ်သည်။ သိပ္ပံပညာမှ ရုပ်တရားကိုလေ့လာသည့် ရူပဗေဒတွင် ပရမာအနုမြူမှုန်ကလေးများကို လေ့လာရာ၌ ရုပ်လည်းမကျ နာမ်လည်းမကျ သော အမှုန်ကလေးများကို တွေ့ရှိလာ၏။ ယင်းအမှုန်တို့တွင် အလေးချိန်၊ ဒြပ်ထု တို့ မရှိသော်ငြားလည်း ယင်းတို့မှာအမှုန်တကယ်တည်ရှိနေ၏။ ထို့ကြောင့် ယင်း တို့ကို (Phantom Particles)တစ္ဆေမှုန်များဟုပင် သိပ္ပံသုတေသီတို့က သတ်မှတ် ထား၏။ ယင်းအမှုန်တစ်မျိုးမှ နူထရီနိုစ်ဟူသည့် အမှုန်၏သဘာဝကို ရူပဗေဒပညာရှင် များအတော်အတန် လေ့လာမိပြီဖြစ်၏။ တစ်ဖန် ရုပ်ကလာပ်မှုန်နှင့်တိုက်ရိုက်ဆန့်ကျင် ဘက်ဖြစ်သည့် (Anti-Matter) ဟူသည့် အမှုန်ကလေးများကိုလည်း တွေ့ရှိလာပြီဖြစ် ရာ သိပ္ပံလောက၌ ဩဇာညောင်းခဲ့သည့် စိတ်ဆိုသည်မှာ ရုပ်၏အစွယ်အပွားဖြစ်သည်။ ရုပ်ကိုမှီပြီးမှ စိတ်ဖြစ်ရသည်။ ရုပ်ပတ်ဝန်းကျင်ကို ရောင်ပြန်ထင်ဟပ်သည့် ဦးနှောက် တည်းဟူသော မနောကရိယာကြီးမှ စိတ်ဖြစ်၏ဆိုသည့်အယူအဆတို့မှာ အောက်ခြေ

မှပင်ယိုင်လဲကာ ပြိုကွဲသွားပြီဖြစ်၏။ ရုပ်ကလာပ်လေးများနု:ညံ့လာပါက နာမ်ဓါတ်ဖြစ်လာပြီး၊ နာမ်ဓါတ်များ ကြမ်းတမ်းသိပ်သည်းလာပါက ရုပ်ကလာပ်ဖြစ်နိုင်သည်ဟူသည့် အနုမာနယူဆချက်များပင် ပေါ်ပေါက်လျှက်ရှိပေပြီ။ နူထရီးနိုစ်ကဲ့သို့ သုခုမရုပ်နုကလာပ်မှုန်များမှာ ရုပ်နှင့်နာမ်ကို ပေါင်းကူးပေးမည့် ပေါင်းကူးတံတားဖြစ်နိုင်၏ဟုလည်း အချို့ရူပဗေဒပညာရှင်များက ဆိုနေပေပြီ။

လူ့ခန္ဓာအတွင်း အလွှာဟုဆိုအသစ်တစ်ခါတ်မှာ ရုပ်နှင့်နာမ်တွဲလျက် တစ်ဘဝတည်းသာရှိသော ဤဒွန္ဒယာလောကစခန်းမှ ကျော်လွှန်ပြီး အာလာမ်မေဘရဇက်၊ စစ်ဂျီယင်၊ အစ်လီယင်၊ ယောင်မွလ်ကိယာမတ်၊ ဂျန္နတ်၊ ဂျဟန္နမ်စသည့် စခန်းအဆင့်ဆင့်ကို ကျော်ဖြတ်ရဦးမည်ဖြစ်၏။ မဖွံ့ဖြိုးသေးသည့်နာမ်ဓါတ်မှာ ဤစခန်းများကိုကျော်ဖြတ်ရင်းက ဖွံ့ဖြိုးမှုကိုရရှိလာနိုင်၏။ သို့သော် နာမ်တရားထွန်းတောက်ရန်ကြိုးပမ်း၍အကောင်းဆုံးစခန်းမှာ လူ့လောကတွင်ဖြစ်၏။ ထို့ကြောင့် မဟာတမန်တော်မြတ်ကြီးက **"မသေမီသေကြလော့"**ဟု မိန့်မှာခဲ့ခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျမ်းမြတ်ကုရ်အာန်၌ **"ယခုဘဝကန်းသူသည် နောင်ဘဝတွင် ကန်းလတ္တံ့"**ဟု ပါရှိသောကြောင့်ဖြစ်၏။ ဤတရားသဘောကို ပသိဆရာကြီးဦးဘိုးဝက မရေမွှတ်-ပရမတ်ကျမ်းတွင် အောက်ပါအတိုင်းဖွင့်ဆိုထား၏။

**" ယခုကန်းလျှင် နောင်မမြင်၊ သောင်ပြင်ခွေးပမာ "**ဟု မြတ်ဆရာလက်ဘ်ရှင်ဟာဂျီမှန်သခင်ကြီး စပ်ဆိုခဲ့သည်ကို ဦးဘိုးဝကထပ်ဆင့်၍-

**" ခုသိမှ နောင်သိမည် ကျမ်း၌လာသည်၊ မသိပြီ နောင်ကမ်းလို့ ယောင်ယမ်းကာ သောင်တွင်ခွေးလိုဝေးကအူမည် "**

" ခါတရန်သေဖူးမှ ပျဉ်ဖိုးနားလည်မည်၊ လောကီပုံတည် မသေမီသေတတ်မှ မူတူကိုအရှင်အပ်တယ် ကျမ်းမြတ်အဆိ "

" ဝိမုတ္တိရသ၊ ခုရှာကြပါ၊ မသေမီသေအုံးမှ လူ့ပြည်တွင် အမြတ်ဆုံးကို ရှုံးဘူးနောင်ခါ "

ဤဘဝမှပြုခဲ့သည့် ကောင်းမှု မကောင်းမှုအစုစုတို့သည် လုပ်ရပ်အတိုင်းတန်ပြန်အကျိုးသက်ရောက်မှုရှိ၏။ ချက်ချင်းလက်ငင်းသက်ရောက်သလို၊ အချိန်ကာလအပိုင်းအခြားနှင့်သက်ရောက်မှု ထင်ရှား၍လည်းလာတတ်၏။ သို့သော် မိမိလုပ်သည့်အတိုင်းကိုမူ အပြည့်အဝ ခံရ စံရမည်ဖြစ်၏။ ယင်းကို ကံ,ကံ၏အကျိုးဟုဆိုပါက အစ္စလာမ့်တရားနှင့် ဆန့်ကျင်ဘက် သိပ်မရှိလှဟု ဆိုနိုင်ပါသည်။ ယင်းကံ၏အကျိုးဆက်တို့သည် ဤဘဝ၌သက်ရောက်ထင်ရှားလာခြင်းမရှိပါက၊ သေသည်၏အခြားမဲ့ တမလွန်ဘဝ၌ မုချမသွေထင်ရှားလာပေအံ့။ ထိုအခါ ဤကုသိုလ်ကံအကုသိုလ်ကံအကျိုးဆက်တို့ကို တမလွန်သို့မည်သည်က ကူးပြောင်းသယ်ဆောင်ပေးပါသနည်း၊ ရုပ်ဟောင်း နာမ်ဟောင်းနှင့် ပြုကျင့်ခဲ့သည့် အပြုအမူကံစုရပ်တို့ကို ရုပ်သစ် နာမ်သစ်က ခံစား စံစားရမည်ဆိုပါက ယုတ္တိရှိနိုင်မည် မဟုတ်ချေ။

*၁၉၈၅ ခု ဇွန်လ၌ ထုတ်ဝေသည့် " အာကာသယာဉ်မှူးအမြင်ထူးနှင့် စိတ်စွမ်းအင်" မဂ္ဂဇင်း စာမျက်နှာ (၂၀)တွင် မြန်မာနိုင်ငံ၌ တမလွန်ဘဝလူဝင်စားမှုပြဿနာ စသည်တို့ကို သိပ္ပံနည်းကျသုတေသနပြုခဲ့သည့် တစ်ဦးတည်းသော ပရစိတ္တဗေဒပညာရှင်ဖြစ်သည့် ဦးဝင်းမောင်(ကွယ်လွန်)၏ "ဘဝပြောင်းခြင်းနှင့် ကံအကြောင်းတရား " ဟူသည့်ဆောင်းပါးတစ်ခု ပါရှိလာပါသည်။ ယင်းဆောင်းပါးတွင်-*

*" သို့ရာတွင် လူတစ်ဦးချင်း၏ ယခင်ဘဝကပြုလုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်ကံများကြောင့် နောင်ဘဝတွင် ကောင်းကျိုး ဆိုးကျိုးပေးသည်ကိုမူ လက်တွေ့အားဖြင့် လေ့လာရူးစမ်းရန် များစွာခဲယဉ်းနေကြောင်းကို တွေ့ရှိရပါသည်။ မြန်မာပြည်တွင် ယခုအချိန်အထိ လူဝင်စားပေါင်း (၅၀၀၀)နီးနီးရှိသည့်အနက် အောက်ဖော်ပြပါ လူဝင်စားသုံးဦးတို့ကသာလျှင် ယခင်ဘဝတွင် ဝဋ်ဆင်းရဲကို ခံစားနေရသည်ကို တွေ့ရှိရသည်"ဟူ၍ ရေးသားထားပါသည်။ ယင်းဆောင်းပါး၌ပင် ဦးဝင်းမောင်က ဤကဲ့သို့ ဆက်လက်ရေးသားထား၏။*

*" သို့ဖြစ်၍ ကမ္မဝါဒကို လုံးဝမပစ်ပယ်၊ ခြွင်းချက်ဖြင့်လက်ခံကြသည်။ သို့ရာတွင် ဘဝကြောင့် ဘဝဆက်ဖြစ်ရပ်သည့် အမှန်တစ်ကယ်ရှိပါက ဘဝများကို ဆက်သွယ်နေသည့် 'ပစ္စည်း'တစ်ခုသည်လည်း ပကတိစင်စစ်ရှိရပေဦးမည်။ သို့မှသာ ထိုပစ္စည်းသည် ဘဝတစ်ခု၏ခံစားမှုများ၊ အတွေ့အကြုံများတို့၏ မှတ်ဉာဏ်သညာများကို နောက်တစ်ဘဝသို့ သယ်ယူပို့ဆောင်ပေးနိုင်မည် "*

*ကမ္ဘာကျော်လူဝင်စားသုတေသီ ပါမောက္ခ ဒေါက်တာ စတီဗင်ဆင်က ယင်းကိစ္စနှင့်ပတ်သက်၍ မိမိ၏ခံယူချက်ကို ဤသို့မှတ်ချက်ချသည်။*

*<u>" ကျွန်ုပ်သည် ဘဝတစ်ခုနှင့်တစ်ခုအကြားတွင် ယခင်က စွဲလန်းမှုများ၊ တွယ်တာမှုများ၊ ခံစားမှုများ၊ အတွေ့အကြုံများ၊ ဗဟုသုတများ၊ ကျွမ်းကျင်မှုများ အစရှိသည်တို့ကို သယ်ယူပို့ဆောင်နေသော "အရူပခန္ဓာကိုယ်"( Non-physical body) (သညာခန္ဓာကိုယ်)တစ်ခုရှိသည်ဟူ၍ တစ်နေ့တစ်ခြားပိုမို၍ စဉ်းစားမိလာ၏။ ထို့ပြင် ယခင်ဘဝက ကြုံတွေ့ခဲ့ရသော အမှတ်အသားများ၊ ရောဂါများ၊ ဒဏ်ရာများနှင့် အင်္ဂါချို့တဲ့မှုများကို ဆက်လက်ခံစား၍ ယခုဘဝသို့တစ်ဖန် သယ်ယူလာနိုင်စေရန် "ဆက်ဆန့်ခန္ဓာကိုယ်" (Extended Body)သည် ရှိရပေမည်။ ယင်းခန္ဓာကိုယ်သည် ဘဝသစ်၏ရုပ်သဏ္ဌာန်ကို စီမံခန့်ခွဲပြုပြင်နိုင်မည့် "နမူနာပုံစံ" (Template)ဖြစ်သည်။ ထိုခန္ဓာကိုယ်သည် ကျွန်ုပ်တို့နေ့စဉ်တွေ့မြင်နေကျ ဝတ္ထုပစ္စည်းများနှင့်သော်လည်းကောင်း၊ ရူပဗေဒသိပ္ပံပညာရှင်များတို့၏စိတ်ကူးတွင် ဆင်ခြင် ထင်မြင်နေသော ဒြပ်ပစ္စည်းများနှင့်သော်လည်းကောင်း တူညီမည်မဟုတ်ပါ။ ယင်းတို့သည်လည်း ကျွန်ုပ်တို့၏ သိပ္ပံလောကတွင် သိရှိမှတ်သားထားသော ရုပ်ဝတ္ထုပစ္စည်းများအပေါ်၌ အုပ်စိုးနေသောဥပဒေသများ၊ နိယာမများက လွှမ်းမိုးနိုင်စွမ်းရှိမည် မထင်ပါ။</u>*

အထက်ဖော်ပြပါ စိတ်စွမ်းအင်မဂ္ဂဇင်း၌ပါရှိသော ဆောင်းပါးမှ တမလွန်ဘဝနှင့် လူဝင်စားသုတေသနဆိုသည်တို့မှာ သိပ္ပံနည်းကျပြုလုပ်သည့် လက်တွေ့စမ်းသပ်စူးစမ်းလေ့လာမှုတို့ဖြစ်သည်။ ယင်းလေ့လာချက်အရ လူဝင်စားဆိုသည်မှာ ဝိညာဉ်ချုပ်သွားသည့် လူတစ်ဦး၏နာမ်ဓါတ်သည် ခန္ဓာအိမ်အသစ်သို့ ကူးပြောင်းဖြစ်တည်ကြောင်းကို သက်သေထူထားချက်များ မဟုတ်ကြောင်း တွေ့ရပါသည်။ ရုပ်ခန္ဓာပျက်ပြုန်းပြီးနောက် တစ်စုံတစ်ရာသည် ဆက်လက်ကျန်ခဲ့၏။ အဆိုပါကျန်ခဲ့သောအရာသည် အလဟဿအစွမ်းသတ္တိမရှိသော အရာမဟုတ်၊ သေဆုံးခြင်းကြောင့် ယင်းအရာသည် အခြေအနေတစ်ရပ်မှ နောက်အခြေအနေတစ်ရပ်သို့ပြောင်းလဲသွား၏။ စသည်တို့လောက်ကိုသာလျှင် ဖော်ထုတ်နိုင်ပါသည်။ သေဆုံးသွားသူတစ်ယောက်အကြောင်းကို ရှင်နေသောခလေးငယ်များက ပြောပြနိုင်ခြင်း၊ အဆိုပါခလေးငယ်၏သွင်ပြင်လက္ခဏာတို့သည် သေဆုံးသွားသူ၏သွင်ပြင်လက္ခဏာတို့နှင့် အနည်း အများဆိုသလို တူညီမှုရှိတတ်ခြင်းတို့ကိုလည်း လေ့လာတွေ့ရှိလာရာ ယင်းသို့ဖြစ်ရသည့်အကြောင်းများ အမျိုးမျိုးရှိကြောင်းကိုလည်း စိတ်ဝိညာဉ်လေ့လာသုတေသနပြုနေကြသည့် သိပ္ပံပညာရှင်များက အမျိုးမျိုးယူဆထားချက်များရှိ၏။ ယင်းအနေ နယူဆချက် (Hypothesis)တစ်ရပ်မှာ သေသူများ၏ဝိညာဉ်သည် ဘဝအိုးအိမ်အကြိမ်ကြိမ် ကူးကြသည်ဆိုသည့် ဘာသာရေးနှင့်နွယ်နေသော ယူဆချက်ဖြစ်၏။ ထို့ကြောင့် လူဝင်စားသုတေသနဟုဆိုတိုင်း ခန္ဓာအိမ်အမျိုးမျိုးသို့ နာမ်ဓါတ်က အကြိမ်ကြိမ် ကူးပြောင်းသည်ဆိုသည့်အယူအဆကိုသာလျှင် ဆိုလိုသည်ဟုမမှတ်ထင်သင့်ပေ။ ရုပ်တရားပျက်သွားသော်လည်း တစ်စုံတစ်ရာကျန်ခဲ့သည်ဆိုသည့် သေရွာလွန်စွမ်းအင်ထူး ( The Theory of Survival)ကို လေ့လာသုတေသနပြုချက်သာဖြစ်ကြောင်းသိထားအပ်၏။

ဤသို့ဆိုပါလျှင် အစ္စလာမ့်တရားတော်အရ ရုပ်နှင့်နာမ်တွဲလျက် တစ်ဘဝတည်းရှိပြီး၊ ဤဘဝမှ ရုပ်ခန္ဓာကိုယ် "ဂျစ်စမေ့ခါကီ"ပထဝီမြေရုပ်ပျက်သုဉ်းပြီးနောက် 'အလမ်မေဘာရဇတ်ခ်'ကြားကာလဘုံ၊ 'အစ်လီယင်'ကုသိုလ်ရှင်များ၏ ကုသိုလ်အကျိုးဆက်စံစားရာဘုံ၊ 'စစ်ဂျီယင်'အကုသိုလ်ရှင်များ၏ အကုသိုလ်အကျိုးဆက်ခံစားရာဘုံ၊ 'ယောင်မွလ်ကေ့ယာမာ'မိမိလုပ်ရပ်အတိုင်း တန်ပြန်အကျိုးခံစား စံစားရမှုများတရားမျှတစွာအပြည့်အဝ စံစား ခံစားရန် သတ်မှတ်ပြဋ္ဌာန်းမည့်ကာလ၊ 'ဂျန္နတ်' အမတသဂ္ဂနိဗ္ဗာန်ဘုံ၊ 'ဂျဟန္နမ်'အပါယ်ငရဲဘုံ၊ 'မကာမေအေလာဟီ' (ခေါ်) မန်ဇီလ်လေတောင်ဟီဒ် အရှင့်ခြေတော်ရင်း၌ ရောယှက်နိဝင်ရှည့် နာမ်ပိုင်းဆိုင်ရာ ဆင့်ကဲဖြစ်စဉ် (တစ်နည်း) ပြန်လမ်းဟူသည်ကို အထက်ဖော်ပြပါ သိပ္ပံတွေ့ရှိချက်များက ဦးခိုက်လျက်ရှိကြောင်း တွေ့ရပေမည်။ ထို့ကြောင့် 'ငါ'တည်းဟူသောအတ္တ ထူးထူးသန့်သန့် မရှိသော်ငြားလည်း ကုသိုလ် အကုသိုလ်အကျိုးဆက်တို့ကို သယ်ဆောင်ပေးသည့် 'အရူပခန္ဓာကိုယ်'၊ 'ဆက်ဆန့်ခန္ဓာကိုယ်'၊ 'နမူနာပုံစံ'စသည်ဖြင့် သိပ္ပံပညာက မိမိမြင်ရာရှုဒေါင့်မှ အမည်အမျိုးမျိုးတပ်၍ ခေါ်ဆိုသမုတ်ထားသော "ရှုဟ်"

*သည်ရုပ်တရားမှ ကင်းလွတ်စွာတည်ရှိပြီး၊ ယင်းအလ္လာဟ်ဗီဇ အသခ်တရှုပ်ကို ထွန်းတောက်အောင်လုပ်ရပေမည်။*

*ဝလီဆူဖီသူတော်စင်တို့သည် မိမိစိတ်ကိုပြန်လည်စမ်းစစ်ခါ "ခံရုံးတင်"ပြီး ဆုံးမပဲ့ပြင်လေ့ရှိ၏။ Lower Selfဖြစ်သည့် အတ္တမာန်မာန 'ငါ'ကို ပျောက်အောင်လုပ်ပြီး Higher SElfဖြစ်သည့် အလ္လာဟ့်ဗီဇ အသခ်တခါတ်ကို တောက်အောင်လုပ်ကြပေသည်။*

---

အိဗ်ရာဟီမ်သခင်ကြီးကို လူတစ်ဦးက ဘယ်က အစားအသောက်များ ရပါသနည်းဟုမေးခဲ့ရာ၊ သခင်ကြီးက " ကျွန်ုပ်အား အစားအသောက်ပေးတော်မူသော အရှင်ကို သူဘယ်ကရသနည်းဟု မေးကြည့်ပါလော့၊ အသင့်မေးခွန်းကို အလ္လာဟ့် ကိုသာမေးပါ။ ကျွန်ုပ်၌ အသေးအမွှားကိစ္စလေးများကို ဖြေရှင်းရန်အချိန်မရှိပေ"ဟု ဖြေကြားခဲ့၏ ။

အိဗ်ရာဟီမ်သခင်ကြီးက ဤသို့မိန့်ဆိုခဲ့၏ ။

" အခါတစ်ပါး၌ ကျွန်ုပ်သည် ကျွန်တစ်ဦးကိုရောင်းချနေသည်ကိုတွေ့၍ ယင်း၏လွတ်မြောက်ရေးအတွက် ဝယ်ယူခဲ့၏။ ယင်းနောက်အဆိုပါပုဂ္ဂိုလ်ကို နာမည် မေးခဲ့၏။ သူက "သခင်နှစ်သက်သလိုသာခေါ်ပါ"ဟုဖြေ၏။ သူ့အား ဘာကို စားလိုပါသနည်းဟုမေးရာ၊ သူက "သခင်ပေးသည်ကို စားပါမည်"ဟုဖြေ၏ ။ မည်သည့် အဝတ်အစားဝတ်မည်နည်းဟုမေးရာ၊ သူက "သခင်ပေးမည့်အဝတ်ကို ဝတ်ပါမည်" ဟုဖြေ၏ ။ မည်သည့်အလုပ်ကိုလုပ်မည်နည်းဟုမေးရာ၊ သူက " သခင် ခိုင်းသည့်အလုပ် ကို လုပ်ပါမည်"ဟုဖြေ၏ ။ သင့်အလိုဆန္ဒဘာရှိသနည်းဟုမေးရာ၊ သူက " ကျွန်တော်မျိုး မှာ (ကိုယ်ပိုင်လွတ်လပ်စွာရပ်တည်ခွင့်မရှိသည့် သူတစ်ပါးကပိုင်ဆိုင်သော) ကျွန်တစ်ဦး မျှသာဖြစ်ပါသည်။ ကျွန်တော်မျိုး၌ မည်ကဲ့သို့ ကိုယ်ပိုင် အလိုဆန္ဒဟူ၍ရှိနိုင်ပါမည်နည်း" ဟုဖြေ၏ ။ ထိုအဖြေများကိုကြားရသောအခါ အိဗ်ရာဟီမ်သခင်ကြီး၌ ဤသို့သံဝေဂဉာဏ် ရင့်သန်လာခဲ့၏။ ဤပုဂ္ဂိုလ်ကဲ့သို့ ငါသည် ငါ့အား ပိုင်စိုးသောအရှင်၏ ကျွန် ပီသစွာဖြင့် ငါ၏အလိုဆန္ဒမှန်သမျှကိုအရှင့်ထံဆပ်ကပ်နိုင်လျှင်ကောင်းလေစွ"။

---

အိဗ်ရာဟီမ်သခင်ကြီးက ဤသို့မိန့်ဆိုခဲ့၏။ " အကြင်သူသည် လောကီအာရုံ ကာမဂုဏ်တို့ကို ထိန်းချုပ်ကာ ပါတ်ဝန်းကျင်လူ့အသိုင်းအဝိုင်းအပေါ်၌ သမုဒယ သံယောဇဉ်နှောင်ကြိုးဖြင့် ညိတွယ်ခြင်းလည်းမရှိအောင်နေပြီး၊ အမှိုက်ပုံဘေး၌ ညအခါ အိပ်စက်သည့်ခွေးလေးတစ်ကောင်လို လောကကြီးတစ်ခုလုံး (ဖနာဖုံးနေသည့် အမှာရာ တုံ ကိလေသာအစိုင်အခဲကြီး)ကို လစ်လျူရှုဥပက္ခာမပြုနိုင်လျှင် သူတော်စင်ပုဂ္ဂိုလ် မြတ်တို့အသိုင်းအဝိုင်းနှင့် ထိုက်တန်ခြင်း ရှိလိမ့်မည် မဟုတ်ချေ။ "

---

အခါတစ်ပါး၌ သူတော်စင်ပုဂ္ဂိုလ်မြတ်တစ်စုသည် တရားနိုးနှောလျက်ရှိရာ အိဗ်ရာဟီမ်သခင်ကြီးလည်း အဆိုပါအလ္လာဟ့်အချစ်တော်တို့ ဓမ္မရသဖလှယ်ရာသို့ ပါဝင်ရန်ဝင်ရောက်လာ၏။သူတော်စင်တို့က အိဗ်ရာဟီမ်သခင်ကြီး၏ဝတ်ရုံမှ ကေရာဇ် ပရေသရာဇ်တို့ရနံ့ထွက်နေသဖြင့်၊ သူတို့အပါးမှထွက်ခွါရန် ပြောကြားခဲ့၏။

အိဗ်ရာဟီမ်သခင်ကြီးက ဤသို့မိန့်ကြားခဲ့၏။

" လောကီအာရုံကာမဂုဏ်တို့ကိုစွန့်ပယ်၍ အရှင်မြတ်၏မိန့်ဆွေဖြစ်အောင် ကြိုးပမ်းကျင့်ဆောင်ပါလေ။ ချီနှောင်ထားသည့်အရာ (ဥစ္စာ၊ စည်းစိမ်)ကိုဖြည်၍၊ တုပ်နှောင်ထားခြင်း မရှိသောအရာ(နှုတ်လျှာ)ကို ချီနှောင်ထားပါလော့။ နှုတ်ကို ဆိတ်ဆိတ်ထားပြီး ရက်ရောစွာ ပေးကမ်းလှူဒါန်းပါလော့။ "

အိဗ်ရာဟီမ်သခင်ကြီး၏ ဩဝါဒတစ်ခုမှာ–

" အိပ်စက်ခြင်းကို၊ နိုးထခြင်းဖြင့်လည်းကောင်း၊ စည်းစိမ်ဥစ္စာကို ဖကီရီ (အလိုရမ္မက်တို့ ဆင်းရဲကုန်ခမ်းခြင်း)အဖြစ်နှင့်လည်းကောင်း၊ ဂုဏ်ဒြပ်တို့ကို ရိုကျိုး နှိမ့်ချခြင်းဖြင့်လည်းကောင်း၊ လက်ဆောင်ပဏ္ဏာတို့ကို ကြိုးပမ်းအားထုတ်ခြင်းဖြင့် လည်းကောင်း ဖလှယ်ခြင်း မပြုသမျှကာလပတ်လုံး သူတော်စင်တို့အဝိုင်းအဝိုင်း၌ ချဉ်းကပ်ရန် ထိုက်တန်မှုရှိမည် မဟုတ်ချေ။ "

မိမိခန္ဓာတွင်းမှ သူတော်ကောင်းတရားနိုးကြားလာရန် အောက်ပါတရားကျင့်စဉ် (၆)ချက်ကို ကျင့်ကြံအပ်သည်ဟု အိဗ်ရာဟီမ်သခင်ကြီးက လမ်းညွှန်ခဲ့၏။

[၁] အရှင်မြတ်ပညတ်ချက်ကို ဖေါက်ဖျက်ကျူးလွန်ပြီး အကုသိုလ်ဒုစရိုက်ပြုခဲ့ပါမူ ထိုအရှင်ပေးသော အစာရိက္ခာတို့ကိုလည်း မစားသုံးလေနှင့်။

[၂] အကုသိုလ်အမှုတစ်ခုခုကို ပြုတော့မည့်ဆန္ဒ ဖြစ်ပေါ်လာလျှင် အရှင့်ပိုင်နက် နယ်မြေထဲမှ ထွက်သွားပါလော့။

[၃] အကုသိုလ်ဒုစရိုက်တို့ကို အရှင့်မြတ်မမြင်နိုင်သည့် မျက်ကွယ်ရာ၌ ပြုလုပ်ပါလော့။

[၄] သေခြင်းတရား နီးကပ်ဆိုက်ရောက်လာသောအချိန်တွင် မိမိလွန်ကျူးခဲ့သည့် မကောင်းမှုတို့ကို နောင်တသံဝေဂစိတ်နှင့်ယှဉ်ကာ ပြုပြင်ပြီး၊ ကောင်းမှုတို့ကို ပြုနိုင်ရန် သေမင်းကိုခေတ္တခဏမျှ အချိန်စောင့်ဆိုင်းရန် ပြောကြားပါကုန်။

[၅] သင်္ချိုင်းအတွင်း၌ မြှုပ်နှံပြီးနောက် သေဆုံးသူအားမေးခွန်းမေးသည့် မလာအိကဟ်ဗြဟ္မာကြီးနှစ်ပါးဖြစ်သည့် 'မွန်ကီရ်' 'နရ်ကီရ်'တို့အား သင့်အပါးသို့ ချဉ်းကပ်၍ သင်ပြုကျင့်ခဲ့သည့် အတိတ်လုပ်ရပ်တို့ကို မေးမြန်းခွင့် မပေးလေနှင့်။

[၅] အသင့်အား အပါယ်ငရဲအတွင်းသို့ သွတ်သွင်းသောအခါ ငြင်းဆန်ကာမသွားဘဲ နေပါလော့။

အထက်ပါအတိုင်း လုပ်ဆောင်နိုင်ခြင်းမရှိပါက၊ တစ်သက်လုံး အကုသိုလ် ဒုစရိုက်တို့ကို မကျူးလွန်ပါဟု ကတိပေးခါ အဓိဋ္ဌာန်ပြုသစ္စာဆိုပါလော့။

တစ်ချိန်က အိဗ်ရာဟီမ်သခင်ကြီးကို “ ကျွန်တော်မျိုးတို့၏ဆုတောင်းများ မပြည့်ရသည့်အကြောင်းကို သိလိုပါသည်”ဟု လူတစ်ဦးက လျှောက်ထားမေးမြန်းရာ၊ သခင်ကြီးက–

[၁] အရှင်မြတ်ကို အသင်အသိအမှတ်ပြုသော်လည်း ထိုအရှင်လိုက်နာရန်စေခိုင်းထားသည့် အမိန့်ပညတ်ချက်တို့ကို မလိုက်နာပေ။

[၂] ကျမ်းမြတ်ကုရ်အာန်ကို အသင်လေ့လာဆည်းပူးသော်လည်း ကျမ်းတော်မှလမ်းညွှန်ချက်တို့ကိုလိုက်နာရန် အသင်မကြိုးပမ်းပေ။

[၃] အရှင်မြတ်ပေးသနားချီးမြှင့်မည့်စည်းစိမ်တို့ကို အသင်ခံစားသော်လည်း၊ ပေးသနားချီးမြှင့်တော်မူသည့်အရှင်ကိုမူ ကျေးဇူးထောပနာ မပြုပေ။

[၄] ဂျန္နတ်သဗ္ဂိသုခဘုံသို့ ဝင်စေနိုင်ပြီး၊ အပါယ်ငရဲဘေးမှ ကင်းဝေးစေနိုင်သည့် ဒါန၊ သီလ၊ ဘာဝနာကျင့်စဉ်တို့အား အသင်မပြုကျင့်ပေ။

[၅] ရှိုင်တွာန်မာရ်နတ်မိစ္ဆာ(အဖျက်အင်အားစု)ကို အသင်၏ရန်သူမှန်းသိလျှက်နှင့် ယင်းအားရန်သူကဲ့သို့ သင်မဆက်ဆံပေ။

[၆] သေခြင်းတရား သင့်ထံဆိုက်ရောက်လာမည်ကို အသင်သိလျက် ယင်းအတွက် ပြင်ဆင်မှု ဘာတစ်ခုမျှ မပြုလုပ်ခဲ့ပေ။

[၇] သင်၏မိဘနှစ်ပါးကို သချိုင်းအတွင်း၌ အသင်မြှုပ်နှံခဲ့သော်လည်း သင်လည်း တစ်နေ့ ဤအဖြစ်မျိုးနှင့်ရင်ဆိုရပေအံ့ဟူသော အနိစ္စသဘောကို စောကြောသည့် သံဝေဂဉာဏ် မဖြစ်ပေါ်လာခဲ့ပေ။ သေခြင်းတရားကို အသင် ရင်မဆိုင်ရတော့ဟု ထင်မှတ်၍နေခဲ့၏။

[၈] အသင့်ကိုယ်အသင် အပြစ်အနာအဆာနှင့် မကင်းမှန်းသိလျက်နှင့် အသင်သည် အခြားသူများ၏အပြစ်ကိုရှာ၏။

အထက်ဖော်ပြပါ အကြောင်းအချက်များကြောင့် သင်၏ဆုတောင်း မပြည့်ခြင်းဖြစ်၏ဟု ဖြေကြားတော်မူ၏။

ကအ်ဗာကျောင်းတော်ရာသို့ ဟဂ်ျကျင့်စဉ်တည်ဆောက်ရန် ခမ္မခရီးနှင်စဉ် အခါတစ်ပါး၌ အိဗ်ရာဟီမ်သခင်ကြီးသည် တစ်နေ့လုံးအစားမစားလိုက်ရဘဲ ရှိခဲ့၏။ ထိုအခါ မာရ်နတ်က ကိုယ်ထင်ပြီး “ ရွှေနန်းစည်းစိမ် အေးရိပ်ငြိမ်ကိုစွန့်ပြီး အရှင်ဘာဝနာခမ်း၌မွေ့ပျော်ခဲ့သည့်အတွက် သင့်အရှင်ကသင့်ကို ဆုလာဒ်ချီးမြှင့်ခဲ့ခြင်းပေလော၊ အလွန်မွန်မြတ်လှသည့် ခမ္မခရီး၌ပင် အသင်စားသောက်ခွင့်မရခဲ့ပါတကား”ဟု

အယူတိမ်းအောင် ဖျားယောင်းလှုံ့ဆော်လေ၏။ ထိုအခါသခင်ကြီးက အရှင့်ထံ ဤသို့ဆုပန်၏။ " အို- အရှင်၊ အဘယ်အတွက်ကြောင့် (အလ္လာဟ့်)မိတ်ဆွေထံသို့ ရန်သူကို စေလွှတ်ခဲ့ပါသနည်း။" အရှင့်ထံမှ ချက်ချင်းပင် ဆင့်ပြန်ချက်ကျရောက်လာ၏။ " ဤသို့ဆိုလျှင် သင့်အိပ်ထဲ၌ရှိသည့် အဿပြာတို့ကို လွှင့်ပစ်လိုက်ပါလော့" အိဗ်ရာဟီမ်သခင်ကြီး မိမိအိပ်ထဲ၌ မေ့လျော့ကာထည့်ထားသည့်အဿပြာတို့ကိုလွှတ်ပစ်လိုက်ရာ မာရ်နတ်မိစ္ဆာကောင်လည်း ပျောက်ကွယ်သွားပြီး မိမိကိုယ်၌လည်း ဓမ္မစွမ်းအားတို့ပြည့်ဖြိုးလာကာ စိတ္တ၊ ကာယ၊ ဉာဏစွမ်းအားများထွန်းတောက်လာတော့၏။

ဥယျာဉ်မှူးတစ်ဦးသည် အိဗ်ရာဟီမ်သခင်ကြီးကို မည်သူမည်ဝါမှန်းမသိဘဲနှင့် မိမိဥယျာဉ်ကို ပြုစုစောင့်ရှောက်ရန် အလုပ်ခန့်ခဲ့၏။ တစ်နေ့သ၌ ဥယျာဉ်မှူးက သခင်ကို ချိုမြိန်သည့်သလဲသီးတို့အား ခူးဆွတ်ခိုင်း၏။ သခင်လည်း သလဲသီးအတော်များများကို ခူးဆွတ်လာသော်လည်း အားလုံးမှာ ချဉ်သောအရသာ ထွက်လျက်ရှိ၏။ ထိုအခါ ဥယျာဉ်မှူးက" ငါ့ခြံမှာ သင်လုပ်နေသည်မှာ လပေါင်းများစွာ ရှိနေပြီဖြစ်သည့်တိုင်အောင် အသင်သည် အသီးကို ချိုမှန်း ချဉ်မှန်း မခွဲခြားတတ်သေးပေဖူးလော"ဟု ဆူပူလေရာ၊ သခင်က " ကျွန်ုပ်အား အသီးအနှံများကို စောင့်ရှောက်ဖို့သာ အသင်ဥယျာဉ်မှူးက တာဝန်ပေးစေခိုင်းခဲ့ပါသည်။ အသီးများကို မြည်းကြည့်ရန် မခိုင်းခဲ့ပါ"ဟု ဖြေကြားခဲ့၏။ ဥယျာဉ်မှူးက " သခင်သည် အိဗ်ရာဟီမ်သခင်ကြီးဖြစ်တန်သည်"ဟု ဆိုစဉ်ခဏမှာပင် အိဗ်ရာဟီမ်သခင်ကြီးလည်း ပျောက်ကွယ်သွား၏။

အိဗ်ရာဟီမ်သခင်ကြီးက ဤသို့ မိမိ၏ဓမ္မအတွေ့အကြုံကို တင်ပြဘူး၏။ " ကောင်းကင်တမန်ဗြဟ္မာကြီး ဂျီဗရာအီလ်ကို အိပ်မက်အတွင်း၌ ကျွန်ုပ်မြင်တွေ့ခဲ့၏။ သူ့လက်ထဲ၌ စာအုပ်တစ်အုပ်ကိုင်ထား၏။ မည်သည့်အရာများရေးသားထားသော စာအုပ်ဖြစ်ပါသနည်းဟု ကျွန်ုပ်ကမေးရာ၊ သူက အလ္လာဟ့်အချစ်တော်များ၏နာမည်များကို ရေးမှတ်ထားကြောင်းဖြေ၏။ ကျွန်ုပ်က 'ကျွန်ုပ်၏နာမည်ကိုရော ရေးမှတ်ပါသလော'ဟုမေးရာ၊ သူက 'အိဗ်ရာဟီမ်၊ အသင်ဟာ သူ့(အလ္လာဟ့်)မိတ်ဆွေမှ မဟုတ်ဘဲ'ဟုဖြေ၏။ ကျွန်ုပ်က ' မှန်ပါသည်၊ သို့သော် ကျွန်ုပ်သည် အရှင့်မိတ်ဆွေ အချစ်တော်များရဲ့ မိတ်ဆွေဖြစ်ပါတယ်'ဟု ဖြေလိုက်ရာ၊ ဂျီဗရာအီလ်လည်း အတန်ကြာအောင်ဆိတ်ငြိမ်သွား၏။ ထို့နောက် အသင့်ရဲ့အမည်ကို သူတော်စင်များရဲ့မှတ်တမ်းထိပ်ပိုင်းမှာ ရေးသွင်းရန် အရှင့်အမိန့်တော်ကျရောက်လာပါသည်။ ဤကဲ့သို့အရှင်မြတ်ကရေးခိုင်းခြင်းမှာ ဓမ္မစခန်းရဲ့မဂ္ဂလမ်း၌ ပေါက်မြောက်ရန်အတွက် မျှော်လင့်ချက်ကင်းခြင်းမှ မျှော်လင့်ချက်မွေးဖွားလာသောကြောင့်တည်း။"

ကန္တာရလွင်ပြင်တစ်ခုကို ဖြတ်သန်းသွားစဉ်တစ်ချိန်က စစ်သားတစ်ဦးကို အိဗ်ရာဟီမ်သခင်ကြီးတွေ့ဆုံခဲ့၏။ အဆိုပါစစ်သားက သခင်ကြီးကို မြို့သို့သွားရာလမ်းကြောင်းကိုမေးရာ သခင်ကြီးက သုသာန်ရှိရာသို့ လက်ညှိုးညွှန်ပြခဲ့၏။ ဒေါသထွက်လာသောစစ်သားက သခင်ကြီးကို ရိုက်နှက်လေရာ ဦးခေါင်း၌ ဒါဏ်ရာပြင်းထန်စွာရရှိသွားခဲ့၏။ ထို့နောက်သခင်ကြီးကို ကြိုးနှင့်ထုတ်ပြီး မြို့တွင်းသို့ ဒရွတ်တိုက်ဆွဲခေါ်လာ၏။ လူအပေါင်းက ဆူလ်တန်အိဗ်ရာဟီမ်သခင်ကို မမှတ်မိပါသလောဟု စစ်သားကိုမေးရာ၊ စစ်သားက " သူကကျွန်တော့်ကို လမ်းမှားကို ညွှန်ပြခဲ့တယ်"ဟု စောဒကတက်၏။ သခင်ကြီးက "မြို့ရွာဟူသည်မှာ နေ့စဉ်လူဦးရေတိုးတက်များပြားလာရရိုး ထုံးစံရှိပါသည်။ သို့သော်လည်း မြို့နေလူဦးရေဟာ ကျဆင်းလာပြီး သုသာန်သင်္ချိုင်း၌ လူအများတိုးပွားလာပါသည်၊ သည့်အတွက်ကြောင့် သင်္ချိုင်းကုန်းသည် အကယ်စင်စစ် ဖွံ့ဖြိုးတိုးတက်နေသော မြို့မဟုတ်ပါလော"ဟု မေးလိုက်ရာ စစ်သားသည်လည်း အိဗ်ရာဟီမ်သခင်ကြီးမှာ ပရမတ်ထိုးထွင်းဉာဏ်ရှင်သူတော်စင်မှန်းသိသွားပြီး သခင့်ခြေအစုံကိုဖက်ကာ တောင်းပန်လေ၏။ သခင်ကမူ " အသင် ဤကဲ့သို့ကြမ်းကြမ်းတမ်းတမ်းဆက်ဆံခဲ့သည့်အတွက် အမတသဒ္ဓိသုခဘုံဗိမာန်ကို ဝင့်ဆံ့နိုင်သူအဖြစ် ကျွန်ုပ်ရောက်ခဲ့ရပါသည်။ ဤကဲ့သို့ ကျွန်ုပ်အား ကောင်းမှုပြုခဲ့သည့်အတွက်ကြောင့် အသင့်အားလည်း အရှင်မြတ်က အမြိုက်နန်းသို့ သွတ်သွင်းပါမည့်အကြောင်း ကျွန်ုပ်ဆုမွန်ကောင်းတောင်းပါသည်"ဟု ဖြေကြားတော်မူ၏။

အရက်သမားတစ်ဦးသည် မျက်နှာ၌ ဖုန်များအလိမ်းလိမ်းပေကျံကာ ဒယိမ်းဒရိုင်ဖြင့် အိဗ်ရာဟီမ်သခင်ကြီးရှေ့မှဖြစ်ကာ လျှောက်သွားစဉ်၊ သခင်ကြီးက အရက်သမားကို ခေါ်ယူဆုံးမကာ သူ့ပါးစပ်ကို ဆေးကျောပေးပြီး " အရှင့်နာမတော်ကို တဆိုသည့်ပါးစပ်သည် အစဉ်သန့်ရှင်းစင်ကြယ်နေထိုက်ပါသည်"ဟု တရားချတော်မူ၏။ အရက်သမားလည်း အမူးပြေသောအခါတွင် သူ့လုပ်ရပ်အတွက် ရှက်ခြင်း၊ ကြောက်ခြင်းတည်းဟူသော ဟီရိဩတပ္ပတရားတို့ရရှိကာ နောင်တသံဝေဂဉာဏ်နှင့်ယှဉ်ပြီးအရက်ကို သေတစ်ပန်သက်တစ်ဆုံးစွန့်လွှတ်လိုက်၏။

ထိုည အိပ်မက်တွင်း အိဗ်ရာဟီမ်သခင်ကြီးထံပါးသို့ မလာအိကဟ်ဗြဟ္မာအပေါင်းတို့ ရောက်ရှိလာကြ၏။ အိဗ်ရာဟီမ်သခင်ကြီးသည် အရက်သမားပါးစပ်ကိုဆေးကြော၍ (အရက်သေစာကို စွန့်လွှတ်စေကာ၊ အလ္လာဟ့်ဂုဏ်တော်နှင့် သန့်စင်စေ)ခဲ့သည့် ထူးမြတ်သောသုစရိုက်ကြောင့် အလ္လာဟ်အရှင်သည် သခင့်နှလုံးသား၌(အနည်းငယ်မျှ ကျန်ရှိနေသေးသည့်) ကိလေသာမြူမှုန်တို့ကို သန့်စင်စေခဲ့ပြီဟူသောသတင်းကို အဆိုပါ ဗြဟ္မာအပေါင်းက သခင်အားအသိပေးခဲ့ကြ၏။

အိဗ်ရာဟီမ်သခင်ကြီးသည် အခါတစ်ပါး၌မြစ်တစင်းအားလှေဖြင့်ဖြတ်ကူးနေစဉ် လေမုန်တိုင်းကြီးကျရောက်လာ၏။ လှေပေါ်ရှိလူအပေါင်းလည်း အလွန်ကြောက်ရွံ့တုန်လှုပ်လျက်ရှိကြကုန်၏။ အိဗ်ရာဟီမ်သခင်ကြီးသည် အိပ်အတွင်းမှ ကျမ်းမြတ်ကုရ်အာန်ကိုထုတ်ယူပြီး " ဤလှေနစ်မြုပ်လျှင်၊ ဤကျမ်းလည်း ရေအတွင်း၌ပျက်စီးပျောက်ကွယ်သွားပေမည်။ သို့သော် ဤကဲ့သို့ လုံးဝမဖြစ်နိုင်ပေ"ဟု မှန်သောသစ္စာစကားကိုဆိုလိုက်၏။ ချက်ချင်း အလ္လာဟ့်ထံမှ တုန့်ပြန်ချက်အမိန့် ကျရောက်လာ၏။ " ဤလှေအား နစ်မြုပ်စေတော်မူမည်မဟုတ်"။

*ဘာသာပြန်သူမှတ်ချက် ။ ။ သစ္စာတရားသည် မည်သည့်အခါမှ ပျောက်ကွယ်မည်မဟုတ်ကြောင်း သရုပ်ဖော်ပြသချက်ဖြစ်သည်။*

တစ်နေ့သ၌ အိဗ်ရာဟီမ်သခင်ကြီးကို လူတစ်ဦးက 'ဘလက်ခ်'နိုင်ငံတော်၏ ထီးနန်းစည်းစိမ်ကိုစွန့်လွှတ်ခဲ့သည့်အတွက် ဘာအကျိုးအမြတ်ရရှိခဲ့ပါသနည်းဟု မေးလျှောက်လာ၏။ ဤသို့မေးမြန်းချိန်တွင် အိဗ်ရာဟီမ်သခင်ကြီးသည် မြစ်ကမ်းနားဘေး၌ထိုင်လျက်ရှိနေတော်မူ၏။ မြစ်အတွင်းအပ်ငယ်တစ်ချောင်းကို သခင်သည် ပစ်ချလိုက်ပြီး၊ တစ်ချိန်တည်းမှာ အဆိုပါအပ်ငယ်ကို ငါးတစ်ကောင်အား ဆယ်ယူလာရန်အမိန့်ပေးတော်မူလိုက်၏။ ငါးအကောင်တစ်ထောင်ခန့်ကသခင့်ကို ရွှေအပ်ချောင်းများအသီးသီးဆက်သကြ၏။ ထိုအချိန်၌ သခင်ကြီးက မေးခွန်းပုစ္ဆာ ထုတ်လာသည့်သူကို " ဤသည်မှာ လောကီအာရုံကာမဂုဏ်တို့ကို စွန့်လွှတ်သည့်အတွက် အရှင်မြတ်ဘက်မှချီးမြှင့်သည့် အဆင့်အနိမ့်ဆုံးသော ကောင်းချီးမင်္ဂလာဖြစ် ပါသည်"ဟု တရားပြကာဆုံးမတော်မူ၏။

*ဘာသာပြန်သူမှတ်ချက် ။ တရားမြတ်ရတနာကို ရွှေအပ်ချောင်းဖြင့် ရုပ်လက္ခဏာတင်ထားသည်ကို သတိပြုပါကုန်။*

## (၁၁) ဟဇရတ် ဗရှ်ရ်ဟာဖီ

ဟဇရတ် ဗရှ်ရ်ဟာဖီသခင်ကြီး၏ ဩဝါဒကထာတစ်ခုမှာ ဤသို့ဖြစ်၏။

" သင်္ချိုင်းတွင်း၌ ဗလာနတ္တိဘာမျှ မရှိဘိသကဲ့သို့၊ သင်၏အိမ်၌လည်း(ဝိသမလောဘဖြင့် မတော်မတရား ရှာဖွေစုဆောင်းထားသော)ဥစ္စာပစ္စည်းတို့အား သင်္ချိုင်းတွင်းမှာထက်ပင် ပို၍မရှိအောင်ထားပါလော့။ သို့မှသာလျှင် ဤလောကကိုစွန့်ခွာသောအခါတွင် သမုဒယသံယောဇဉ်နှင့် အစွဲဥပါဒါန်နှောင်ကြိုးမှလည်းကောင်း၊ အသိဉာဏ်ဖုံးကွယ်မှုတည်းဟူသော မောဟ အဝိဇ္ဇာမှလည်းကောင်း၊ ကိလေသာတဏှာအညစ်အကြေးတို့မှလည်းကောင်း ကင်းဝေးသန့်စင်ပြီး ဆင်းရဲဒုက္ခပရိဒေဝသောကအပေါင်းမှ လွတ် မြောက်ပေအံ့။ "

ဟာဖိသခင်ကြီး ခန္ဓာဝန်ချပြီးသောတစ်နေ့၌ သူတော်စင်ပုဂ္ဂိုလ်ထူးတစ်ပါးက သခင်ကြီးကို အိပ်မက်အတွင်း၌မြင်တွေ့ရသဖြင့် အရှင့်ရှေ့တော်မှောက်တွင် သခင် မည်ကဲ့သို့တွေ့ကြုံခဲ့ပါသနည်းဟု မေးမြန်းလျှောက်ထားလေရာ ဟာဖိသခင်ကြီးက အောက်ပါအတိုင်း သူတော်စင်ကို ပြောပြခဲ့၏။

" အရှင်မြတ်သည် အလိုတော်မကျဟန်ဖြင့်၊ ' ဟာဖိ အသင်လူ့ပြည်လောက၌နေစဉ် အဘယ်ကြောင့်ငါ့အား အလွန့်ခန့်ငြားကာ ကြောက်ရွံ့ခဲ့ပါသနည်း၊ ငါအရှင်မည်မျှကရုဏာထား၍၊ မည်မျှခွင့်လွှတ်တော်မူသည်ကို အသင်မသိပါသလောဟု မိန့်ဆိုပြီး အသင်လောက၌ရှိစဉ်က ဥပုသ်သီတင်းဆောက်တည်ခဲ့ခြင်းအတွက် အကောင်းဆုံးသော ခဲဖွယ်ဘောဇဉ်တို့ကို စားသုံးပါလော့၊ အလွန်ချိုမြိန်ပြီး အရသာရှိလှသည့် ဖျော်ရည်တို့ကို ဘာဝနာစခန်းပျက်ကွက်မည်စိုး၍ သောက်သုံးခြင်းမရှိဘဲ၊ ချီးခြံစွာတရားအားထုတ်ခဲ့သည့်အတွက် ယခုခေမာနန်း၏အမတအမြိုက်ရည်ကို အလွန်သန့်ပြန့်အေးငြိမ်းသည့် သဏ္ဍာသုခခါတ်ရရန် သောက်သုံးပါလော့' ဟု မိန့်ဆိုချီးမြှင့်ခဲ့ပါသည်။"

# (၁၂) ဟာဇရတ် ဇွန်နူးန် မစ္စရီ

အကယ်စင်စစ် ဇွန်နူန်းမစ္စရီသခင်ကြီးမှာ ဓမ္မရာဇာတစ်ဆူဟု ကျော်ကြားခေါ်ဆိုနိုင်လောက်အောင်ပင် သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်ဝကုံလုံ၍ ဒါန၊ သီလ၊ ဘာဝနာစခန်းတို့ကို အမြဲမပြတ်ကျင့်သုံးဆောက်တည်တော်မူခဲ့၏။ အီဂျစ်မှ လူ့အန္ဓတို့က သခင့်ကို အယူတိမ်းသူအဖြစ် ရှုံးစွပ်ခဲ့ကြ၏။ သခင့်ဘဝတစ်လျှောက်လုံးတွင် ဤအသိဉာဏ်ခေါင်းပါးလှသည့် လူ့ဗာလတို့နှင့် အစဉ် ထိပ်တိုက်ရင်ဆိုင်ခဲ့ရရှာ၏။

သခင်ဝိဇ္ဇာဉာဏ်အလင်း ထိုးထွင်းပွင့်ပေါ်ကာ ဓမ္မလမ်းကျောင်းပေါ်သို့ ရောက်လာပုံကို ဤသို့သမိုင်း၌ မှတ်တမ်းတင်ထား၏။

" လူတစ်ဦးက သခင့်ထံရောက်လာပြီး အလွန်ကျော်ကြားသည့် သူတော်စင်တစ်ပါးသည် သစ်ပင်တစ်ပင်၌ မိမိကိုယ်မိမိ ဇောက်ထိုးချည်ထားသည်ဟု သတင်းလာပေးသဖြင့်၊ အဆိုပါသူတော်စင်ထံ သခင်ကြွရောက်ပြီး အဘယ့်ကြောင့် ဤသို့ပြုလုပ်သည်ကို စုံစမ်းတော်မူ၏။ သူတော်စင်ကြီးအနီးသို့ရောက်သောအခါ သူတော်စင်ကြီးက မိမိကိုကိုယ်မိမိ ဤသို့ဆုံးမနေ၏။ " အို- ခန္ဓာ၊ သင်သည် ဘာဝနာစခန်းအဆင့်ဆင့်ကို သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း မကျင့်ကြံပါက သေသည့်တိုင်အောင် သင့်အား ဤအတိုင်းထားပေအံ့။

ဤအဖြစ်အပျက်ကို မြင်တွေ့လိုက်ရသောအခါတွင် ဇွန်နူးန်သခင်ကြီးသည် ငိုကြွေးလေရာ၊ ငိုသံကို ကြားရသော သူတော်စင်ကြီးက -

" မည်သည့်အပြစ်သား (ဒုစရိုက်သား)က ငါ့အတွက် သနားပြီး ငိုကြွေးနေပါသနည်း" ဟု မေးမြန်းတော်မူလေ၏။ ထိုအခါ ဇွန်နူးန်သခင်ကြီးက သူတော်စင်ကြီး

အပါးသို့ ချဉ်းကပ်ကာ ဆလာမ်မေတ္တာပို့သနူတ်ခွန်းဆက်ပြီး မိမိကိုယ်ကို ယခုလို ဆုံးမရသည့်အကြောင်းကို မေးလျှောက်လေ၏။ ထိုအခါသူတော်စင်ကြီးက " ကျွန်ုပ်၏ ခန္ဓာကိုယ်သည် ဘဝနာပွားများနေခိုက် နိုးကြားတက်ကြွဖြတ်လတ်မှုမရှိဘဲ၊ သတိမှ အသိသို့ နာမ်မှာဉာဏ်မိကပ်ပြီး၊ ရှုမှတ်ပွားများရာတွင်လည်း တည်ငြိမ်မှုမရှိပေ။ သို့အတွက် ကြောင့် ယခုလို ဆုံးမနေရခြင်းဖြစ်၏"ဟု ဖြေကြား၏။ ဇွန်နူးန်သခင်က " ကျွန်တော်က သခင်ကြီးယခုလိုပြုလုပ်နေခြင်းမှာ လူသတ်မှုကဲ့သို့သော ကြီးလေးသည့် အကုသိုလ်ဒုစရိုက် တစ်ခုခုကျူးလွန်ခဲ့၍လောဟု ထင်မြင်ယူဆမိခဲ့ပါသည်"ဟု ပြောရာ၊ သူတော်စင်ကြီးက " လောကီအာရုံကာမဂုဏ်တို့တွင်နစ်မွန်းနေသည့် အန္ဓပုထုဇဉ်တို့နှင့် ပေါင်းဖက်ခြင်းထက် ကြီးလေးသောပြစ်မှုသည်မရှိနိုင်ပြီ၊ အကုသိုလ်အစုစုသည် ယင်းမသူတော်တို့ နှင့်ပေါင်းသင်းခြင်းမှ မြစ်ဖျားခံခဲ့ခြင်းဖြစ်၏"ဟု ဖြေကြားတော်မူ၏။

ဇွန်နူးန်သခင်က ကြည်ညိုလေးစားမှုအပြည့်နှင့် "သခင်သည် အလွန်မြင့်မြတ်သည့် သူတော်စင်တစ်ပါးဖြစ်ပါ၏တကား"ဟုဆိုလေရာ၊ သူတော်စင်ကြီးက " အသင် တစ်ကယ်ပင် သူတော်ကောင်းတရားကို ကျင့်ကြံနေသည့် ပုဂ္ဂိုလ်ထူးကို တွေ့ဆုံလိုပါလျှင် အရှေ့ကတောင်ပေါ်သို့ သွားကြည့်ပါလော့"ဟု ညွှန်ကြားလိုက်၏။

ဇွန်နူးန်သခင်လည်း ဒုတိယမြောက်ပုဂ္ဂိုလ်ထူးထံသို့ သွားရောက်လေရာ ခြေတစ်ဖက်ပြတ်နေသည့် သူတော်စင်လုလင်ပျိုတစ်ဦးအား ဘာဝနာစခန်း၌မွေ့လျော်နေသည်ကို တွေ့ရ၏။ (သူတော်စင်မှာ ခြေတစ်ဖက်ပြတ်နေ၏) အဆိုပါပြတ်နေသော ခြေထောက်မှာ တံခါးဝအနီးတွင် ပိုးများထိုးကာ မြေပေါ်တွင်ကျနေ၏။ ဤထူးဆန်းအံ့ဩဖွယ်ရာမြင်ကွင်း၏အဓိပ္ပါယ်ကို ဇွန်နူးန်သခင်က သူတော်စင်လေးထံမေးလျှောက်လေရာ၊ သူတော်စင်လေးက "တစ်နေ့သ၌ ကျွန်ုပ်အိမ်တွင်း၌ထိုင်နေစဉ် မိန်းပျိုတစ်ဦး၏ခြေသံကိုကြားရ၏။ အဆိုပါ မိန်းမပျိုအိမ်ရှေ့မှဖြတ်သွားသောအခါတွင်မှ ကျွန်ုပ်၌ ကိလေသာစိတ်များယိုဖိတ်လာ၏။ ကျွန်ုပ်လည်း မတ်တပ်ရပ်ကာ မိန်းမပျိုရှိရာသို့ လှမ်းကြည့်မိ၏။ ထိုအချိန်တွင် အရှင့်ထံမှ ဗျာဒိတ်သံကို ကျွန်ုပ်၏အဇ္ဈတ္တသန္တာန် အတွင်း၌ ဤသို့ကြားရ၏။ " ငါ၏အမှုတော်ကို နှစ်ပေါင်း (၃၀)ထမ်းရွက်ပြီးကာမှ ယခုမာရ်နတ်အဖျက်အင်အားစု၏ဖျားယောင်းမှုကြောင့် မိစ္ဆာရှိုင်တွာန်ကို အလုပ်အကျွေး ပြုရန် ဟန်ပြင်သည်ကို အသင်မရှက်မိပြီလော " ထိုသို့အရှင့်ထံမှ အမိန့်တော်တော်ကျလာသည်နှင့် ကျွန်ုပ်လည်း မိစ္ဆာလမ်း၌ လွဲမှားစွာလျှောက်လှမ်းခဲ့သည့် ဤခြေထောက်ကို ဖြတ်တောက်ပစ်ခဲ့ပါ၏"ဟု ဖြေကြားပြီးနောက် ဇွန်နူးန်သခင်ကြီးအား " အဘယ့်ကြောင့်အပြစ်သားတစ်ဦးကို လာရောက်တွေ့ဆုံပါသနည်း၊ သူတော်စင် အစစ်အမှန်ကိုတွေ့ဆုံလိုပါလျှင် ဟိုအရှေ့မှတောင်ပေါ်သို့တက်ပါလော့၊ တစ်ကယ် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို အသင်တွေ့ရပါလိမ့်မယ်"ဟု ပြောလေ၏။ ဇွန်နူးန်သခင်လည်း တောင်ပေါ်သို့တက်ရန် ခက်ခဲလှသဖြင့် သူတော်စင်လေးအား အဆိုပါပုဂ္ဂိုလ်ထူး အကြောင်းပြောပြပါရန် ပန်ကြားလေ၏။ ထိုအခါ သူတော်စင်လေးက "ဟိုအရှေ့က

တောင်ထက်၌ နှစ်ပေါင်းများစွာကပင် သူတော်စင်တစ်ပါး တရားကျင့်ကြံအားထုတ်ကာ သီတင်းသုံးလျက်ရှိ၏။ ထိုသို့တရားနှင့်မွေ့လျော်နေစဉ် သူတော်စင်ကြီးထံသို့ လူတစ်ဦး ရောက်ရှိလာပြီး အလှူခံစားသောက်နေခြင်းမှာ မသင့်တော်ကြောင်းနှင့် မိမိအသက် မွေးဝမ်းကြောင်းမှုအတွက် သမာအာဇီဝလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်သင့်ကြောင်း ပြောကြားခဲ့၏။ ထိုအချိန်မှစ၍ သူတော်စင်ကြီးသည် လူတို့ထံ၌ အလှူခံခြင်း မပြုတော့ရာ၊ အချို့အချိန်များတွင် သူတော်စင်ကြီးသည် အစာမစားဘဲနှင့်နေခဲ့ရ၏။ သို့သော်ကာလအတန်ကြာသောအခါတွင် အရှင်မြတ်က ပျားကောင်လေးများအား အဆိုပါသူတော်စင်ကြီးအား ပျားရည်များကျွေးမွေးရန် အမိန့်ပေးခဲ့၏။ ပျားကောင် လေးများသည် သူတော်စင်ကြီး၏ခန္ဓာကိုယ်ပေါ်သို့ ပျားရည်များချပေးလေ့ရှိပြီး သူတော်စင်ကြီးလည်း ယင်းပျားရည်ဖြင့်အသက်ဆက်ကာ အရှင့်ဘာဝနာ၌ မွေ့လျော် လျက်ရှိပါသည်"ဟု ပုဂ္ဂိုလ်ထူးသူတော်စင်ကြီးအကြောင်းကို ပြောပြရာ ဗွန်နူးန် သခင်လည်း ကြည်ညိုသဒ္ဓါပွားကာ မိမိအတွက်လည်း ဓမ္မအကျိုးများဖြစ်ထွန်းခဲ့၏။

ဤသို့သူတော်စင်ကြီးနှင့်တွေ့ဆုံခြင်း၊ သူတော်စင်တို့၏အကြောင်းကို ကြားသိ လာရခြင်းကြောင့် ဓမ္မဓါတ်လိုင်းများနိုးကြားလာသည့် ဗွန်နူးန်သခင်သည် တော်ပေါ် မှဆင်းလာစဉ် မျက်စိကွယ်နေသည့်ငှက်တစ်ကောင်ကိုတွေ့လေ၏။ ဤလွင်တီးခေါင်၌ ဒီငှက်ငယ်အဘယ်သို့ အစာရှာဖွေပါသနည်းဟူသည့် အမေးပုစ္ဆာ မိမိစိတ်တွင်ပေါ်ထင် လာသည့်အခိုက်မှာပင် ငှက်ငယ်သည်သစ်ပင်ပေါ်မှဆင်းကာ မြေကြီးကိုမိမိနှုတ်သီး နှင့်တူးဆွလိုက်ရာ လတ်ဆတ်ဝင်းမှည့်နေပြီး အရသာရှိလှသည့်သီးနှံများနှင့် အေးမြ သန့်စင်သည့်သောက်ရေကို ရွှေခွက်၌ထည့်ထားသည်ကို တွေ့ရ၏။ ငှက်ငယ်လည်း အရှင်မြတ်ပေးသနားချီးမြှင့်သည့်ရိက္ခာတို့ကို စားသောက်ပြီးနောက် မြေကြီးကို နဂို အတိုင်းပြန်ဖို့ကာ သစ်ပင်အထက်သို့ပြန်တက်သွားလေ၏။ ထိုအချိန်မှအစပြု၍ အရှင့်ဘာဝနာ၌မပြတ်စီးဖြန်းနေသူတစ်ဦးအဖို့ အရှင်မြတ်၏ကရုဏာတော်မပြတ် သက်ရောက်စေပြီး ကျွေးမွေးချီးမြှောက်မည်မှာ မလွဲဧကန်ဖြစ်ပြီး အလ္လာဟ်မှအပဖြစ် သည့် ရုပ်နာမ်ဓမ္မသင်္ခါရတို့အပေါ်တွင် အားကိုးသမှုမပြုအပ်ကြောင်းကို ဗွန်နူးန်သခင် သည် ဉာဏ်ပေါက်သွားကာ၊ နှလုံးသား၌ ပရမတ်ထိုးထွင်းဉာဏ်နှင့်ယှဉ်သည့် အဓိကသဒ္ဓါပွင့်လင်းလာ၏။ ထိုအချိန်မှစ၍ လောကီအာရုံကာမဂုဏ်တို့ကို ကျောခိုင်းကာ ဗွန်နူးန်သခင်သည် အရှင့်ဘာဝနာကိုသာစီးဖြန်းလျက် သက်ဆုံးတိုင်နေထိုင်သွား၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ အထက်ဖော်ပြပါ ဗွန်နူးန်သခင်ကြီး၏ ထေရုပ္ပတ္တိမှ ဖြစ်ရပ်သည် ဗွန်နူးန်သခင်ကြီး တရားဓမ္မကို စတင် လိုက်စားလာပုံကို သရုပ်ဖော်ထားချက်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် လူတစ်ဦး အား တရားအလင်းကိုပေးလိုသည့်ခါ အဆိုပါလူအား ဖြစ်ရပ်တစ်ခုနှင့်အကြောင်းဖန်ကာ 'ဟေဒါယတ်'လမ်းမှန်ကိုပြတော်မူလေ့ရှိ၏။*

ဗွန်နူးန်သခင်ကြီးတွေ့ဆုံခဲ့ရသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သုံးပါးမှာ အလ္လာဟ်အရှင်မြတ်က ဗွန်နူးန်သခင်ကို သူတော်ကောင်းတရားနိုးကြားရန် အချိန်ကျပြီဖြစ်၍ တရားပြရန်စေလွှတ်လိုက်သည့် အလ္လာဟ့်အချစ်တော်ကြီးများဖြစ်ကြပါ၏။ ဗွန်နူးန်သခင်တရားကျရန်အတွက် တရားပရိယာယ်ကိုတန်ဆာဆင်ကာ အဆိုပါပုဂ္ဂိုလ်မြတ်တို့က လုပ်ဆောင်– သရုပ်ဖော်ဟောကြားကြရပါသည်။ သူတော်စင်တို့ချီးမြှင့်သည့် တရား၏တရားကိုယ်သဘောကို ဉာဏစက္ခု ဉာဏ်မျက်စိဖြင့် ပရမတ်ဆတ်ဆတ်ငုတ်လျှိုးကာ နက်နက်ရှိုင်းရှိုင်း နှလုံးသွင်းရန် အထူးအရေးကြီးပေသည်။ ဥပမာ၊ ဥပမေယျတို့ နောက်သို့လိုက်ကာ စကားလုံး၊ ဝေါဟာရ၊ ပညတ်၊ ပုံဆောင်မှုတို့အပေါ်တွင် သောင်တင်နေပါက လိုရာပန်းတိုင်ဉာဏ်စခန်းတိုင်အောင် ပေါက်မြောက်နိုင်မည် မဟုတ်ချေ။

ဗွန်နူးန်သခင်၏အထက်ပါဖြစ်ရပ်နှင့် ပြီရန်ပြီရ် စိုင်ယေ့ဒေနာ ရှိက်ခ်အဗ္ဗဒွလ်ကာဒေရ် ဂျေလာနီသခင်ကြီး၏ ဖခမည်းတော် စိုင်ယတ်အဘူစွလေကျန်ဂိဒွတ်စ်သခင်ကြီး၏ဖြစ်ရပ်တို့ကို နှိုင်းယှဉ်သုံးသပ်ကြည့်ရန် သင့်တော်လှပေသည်။ အဘူစွလေသခင်ကြီးအိမ်တောင်ပြုရမည့်မိန်းမပျိုသည် ခြေကျိုး၊ လက်ကျိုး၊ ဆွံ့အ၊ နားမကြားမျက်စိကန်းလျက်ရှိ၏ဟု သခင်ကြီးသိထား၏။ သို့သော် တစ်ကယ်စင်စစ်တွင်မူ ဤသို့မဟုတ်ဘဲသတို့သမီးမှာ ကိုယ်လက်အင်္ဂါ၊ နား၊ မျက်စိတို့ အကောင်းပကတိရှိရုံမျှမက အလှပေါင်းစုံသည့် လှဒေဝီချောကလျာတစ်ဦးဖြစ်နေ၏။ ခြေကျိုးခြင်း၊ လက်ကျိုးခြင်း၊ နားပင်းခြင်း၊ မျက်စိကန်းခြင်းဟုဆိုရာတွင် အရှင်တားမြစ်ထားသည့် အကုသိုလ်အစုစုတို့ကို အဆိုပါအင်္ဂါရပ်တို့ဖြင့် မပြုလုပ် မကျူးလွန်သည့် "သီလရှင်"ဖြစ်ကြောင်းကို တရားပရိယာယ်နှင့် တန်ဆာဆင်ကာ တင်ပြထားချက်ဖြစ်၏၊ ဤဖြစ်ရပ်သည် ဆူဖီတို့သင်္ကေတဖြင့် အလင်္ကာဆောင်ထားသောတရားတို့အားလုံးကောက်တိုက်ရိုက်အဓိပ္ပါယ်ဖွင့်ဆို၍ အတုံးလိုက် အတစ်လိုက် မကောက်ယူအပ်ကြောင်းကို ရှင်းလင်းပြတ်သားစွာ မီးမောင်းထိုးပြလျက်ရှိ၏။

ထိုနည်းတူစွာပင် ဗွန်နူးန်သခင်၏ဖြစ်ရပ်ကို သုံးသပ်မည်ဆိုလျှင် အစ္စလာမ်ဓမ္မက ခန္ဓာကိုယ် ဒဏ်ထားခြင်းနှင့် ကာမဂုဏ်ခံစားခြင်းတည်းဟူသော အစွန်းနှစ်ပါးကိုရှောင်သည့် 'အပ်စ္စိရာတွင်လ်မွှစ်တကီန်းမ်' ဖြောင့်မတ်မှန်ကန်သည့် မဇ္ဈိမပဋိပဒါလမ်းကိုသာ ညွှန်ကြားကြောင်းတွေ့ရပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် " သင်တို့၏ခန္ဓာကိုယ်(ကြိုရိယာပုတ်မျှတရန်)အတွက် သင်တို့၌ တာဝန်ရှိသည်"ဟု ဆိုထားရာ မိမိခန္ဓာကိုယ်ကို ညှင်းပမ်းနှိပ်စက်ခြင်းကို အစ္စလာမ့်တရားတော်က လုံးဝတားမြစ်ထားသည်ကို တိတိပပတွေ့ရ၏။ ကျမ်းမြတ်ကုရ်အာန်၌ပင် " မိမိတို့မထမ်းနိုင်သည့်ဝန်ကို အလ္လာဟ်အရှင်မြတ်က ထမ်းခိုင်းတော်မူမည်မဟုတ်"ဟုဆိုထားပါသည်။ တစ်ဖန် "ငါအရှင်မြတ်က ဟလာလ်ပြုလုပ်ပိုင်ခွင့်ရှိသည်ဟု ဆိုထားသောအရာများကို ဟရမ်မပြုလုပ်ပိုင်ဟု အဘယ့်ကြောင့်သတ်မှတ်ပါသနည်း"ဟု မေးခွန်းထုတ်ထားရာ၊ လောကီအာရုံ

ကာမဂုဏ်တို့ဖြတ်တောက်ရန် မိမိကိုယ်ကို သာသနာတော်ကပြဋ္ဌာန်းထားခြင်းမရှိသည့် ပြင်းထန်၍ အစွန်းရောက်သော ကျင့်စဉ်တို့ဖြင့်နှိပ်စက်ပိုင်ခွင့် မရှိပေ။ ထို့ကြောင့် ဇွန်နူးန်သခင်ကို တရားပေးကြသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သုံးပါးတို့မှာ ဆူဖီ သူတော်စင်များပီပီ အလွန် လေးနက်သည့် တရားသဘောအား ရုပ်လက္ခဏာတင်ကာ သင်္ကေတဆောင်၍ သရုပ်ပြခဲ့ခြင်းဖြစ်ကြောင်း သိထားအပ်၏။

သူတော်စင်တို့ ဖော်ကျူးဖွင့်ဆိုလိုသည့် တရားသဘောမှာ လောက၌လူသားတို့သည် ကိုယ့်ကိုယ်ကိုအချစ်ဆုံးဖြစ်၏။ ကိုယ့်အတွက်ဆိုလျှင် အမြဲတစေ တစ်ကွက်ချန်ကာ စဉ်းစားတတ်ကြ၏။ တရားကျင့်ရာ၌ပင် တရားစခန်းမြင့်တက်မှုကို မိမိပတ်ဝန်းကျင်၊ မိမိသား မယားစသည်တို့က ဟန့်တားနေသည်ဟု မှတ်ယူမှားတတ်ကြ၏။ အကယ် စင်စစ် တရားခံမှာ မိမိသာလျှင်ဖြစ်၏။ မိမိ၏အတ္တ၊ မာန်မာနနှင့် အစွဲဥပဒ္ဒာန်တို့ ကြောင့် ပါတ်ဝန်းကျင်ရှိ ကိလေသာထောင်ခြောက်တို့တွင် ငြိတွယ်မိခြင်းဖြစ်၏။ မည်သူမပြု မိမိမှုသာလျှင်ဖြစ်ကြောင်း သဘောပေါက်ရန် အလွန်အရေးကြီး၏။ ထို့ကြောင့်သူတော်စင်သုံးပါး မိမိကိုယ်ကိုစည်းကမ်းပေးခြင်း (Self-Discipline)၊ မိမိ ကိုယ်မိမိ ထိန်းကွပ်ခြင်း(Self-Control)တို့ကို လက်တွေ့သရုပ်ဖော်ပြနေခြင်းဖြစ်၏။ အလ္လာဟ်အရှင်မြတ်ချီးမြှင့်ထားသည့် 'ကရာမတ်'ဈာန်အဘိညာဉ်တန်ခိုးတို့ဖြင့် ခန္ဓာ ကိုယ်ဖောက်ထိုးစွဲထားခြင်း၊ ခြေတစ်ချောင်းဖြတ်ခြင်း၊ အစာရေစာဖြတ်တောက်ခြင်း စသည့်သဘာဝလွန်ဖြစ်ရပ်ဆန်းများကို သူတော်စင်သုံးပါးက ပြုလုပ်ပြသပြီး ဇွန်နူးန် သခင်ဉာဏ်ပွင့်လင်းလာအောင် သရုပ်ဖော်ပြခဲ့ခြင်းဖြစ်၏။

အဓိကတရားယူရမည့်အချက်မှာ မိမိကိုယ်ကိုမိမိ မညှာမတာစစ်တမ်းထုတ်ရ မည်။ လှည့်စားမှုအပေါင်းတွင် မိမိကိုယ်ကိုကိုမိမိလှည့်စားခြင်းမှာ ကြောက်စရာ အကောင်းဆုံးဖြစ်သလို ယင်းလှည့်စားမှုကို အမှန်တစ်ကယ်ဟုလည်း မှတ်ယူမှား တတ်၏။ထို့ကြောင့် ကိုယ့်စိတ်ကို နိုင်နင်းအောင်ထိန်းသိမ်းပြီး ကိုယ့်ကိုယ်ကို ကိုယ် ပြန်ဆုံးမရ၏။ စိတ်ပညာသဘောအရဆိုရလျှင် မိမိစိတ်ကိုမိမိ တည်ငြိမ်အောင်လုပ်ပြီး တိုက်တွန်းနှိုးဆော်ရသည့် (Auto-suggestion)လုပ်ရပ်ဖြစ်သည်။

တစ်နေ့သ၌ ဇွန်နူးန်သခင်ကြီးသည် ချောင်းတစ်ခုအနီးသို့ရောက်ရှိလာရာ ကိုယ်လက်သန့်စင် 'ဝုဿူ"ပြုတော်မူ၏။ ထိုချိန်တွင် ချောင်းကမ်းနဘေး၌ အလွန် ခန့်ငြားထယ်ဝါသည့် နန်းတော်တစ်ခုကို သခင်မြင်တွေ့ရ၏။ နန်းဆောင်အပေါ်တွင် အလွန်လှပချောမွေ့သည့် မိန်းမပျိုလေးတစ်ဦးကိုလည်း မြင်တွေ့ရ၏။ သခင်က မိန်းမပျိုကို တစ်စုံတစ်ရာ စကားပြောဆိုရန်ပန်ကြားရာ မိန်းမပျိုက " သင့်ကို အဝေးမှမြင်ရသောအခါ သူရူးတစ်ဦးဟုထင်မိ၏၊ အနည်းငယ် အနီးသို့ရောက်လာ သောအခါ အသင်သည် ပညာရှိတစ်ဦးဖြစ်ကြောင်းသိရ၏။ ပို၍နီးစွာရောက်ရှိလာ သောအခါတွင်မူ အသင့်ကို ဝိဇ္ဇာဉာဏ်အလင်း ထိုးထွင်းပွင့်ပေါ်နေသည့် သူမြတ်တစ်ဦး

အဖြစ် မှတ်ယူခဲ့၏။ ယခုကျွန်ုပ်ကို သင်စကားပြောလိုက်သောအခါတွင်မူ သင်သည် ကျွန်ုပ်ထင်ခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးမှ မဟုတ်ကြောင်း သိရပေပြီ"ဟု ဆို၏။ ဤကဲ့သို့ ဘာကြောင့်ထင်မှတ်ရပါသနည်းဟု ဖွန်နူးန်သခင်ကြီးက မေးသောအခါ မိန်းမပျိုက " သင်ဟာသူရူးတစ်ယောက်ဟုဆိုပါလျှင် ကိုယ်လက်သန့်စင် 'ဝုဿူ'ပြုလုပ်မည် မဟုတ်ပါ၊ သင်ဟာပညာရှိတစ်ဦးဖြစ်ပါမူ ကျွန်ုပ်အား သင်ကြည့်မည်မဟုတ်ပါ၊ သင်ဟာ ပရမတ်ဉာဏ်ရှင်တစ်ဦးဖြစ်ပါမူ အရှင်မှတစ်ပါး အခြားမမြဲသည့် ရုပ်နာမ် ခမ္မသခါရတို့အပေါ်သို့ သင်၏စက္ခုအာရုံကို ကျက်စားစေမည်မဟုတ်ပါ"ဟု ဖြေကြားရင်း မိန်းမပျိုသည် ပျောက်ကွယ်သွား၏။ ဖွန်နူးန်သခင်ကြီးလည်း ဤဖြစ်ရပ်မှာ မိမိကို တရားပေးရန် အရှင်စီစဉ်ထားသည့်ဖြစ်ရပ်ဖြစ်ပေမည်ဟု ကောက်ချက်ချခဲ့၏။

တစ်နေ့သ၌ ဖွန်နူးန်သခင်၏ နှမတော်တစ်ပါးသည် ဖွန်နူးန်သခင်ကြီး ကျမ်းမြတ်ကုရ်အာန်မှ ရေဝတီ(ရဟူဒီ)လူမျိုးများထံ အရှင့်မြတ်ရိက္ခာပေးသနားပုံကို ရွတ်ဖတ်သရဇ္ဈာယ်နေသည်ကိုကြားခဲ့၏။ ဤသို့ကြားရသည်နှင့် တစ်ပြိုင်တည်း နှမတော်သည် အရှင့်ဘာဝနာစခမ်းကိုဝင်ကာ အရှင့်ထံမှ ရေဝတီလူမျိုးများထံသို့ ပေးသနားသကဲ့သို့ စားသောက်ဖွယ်တို့ မိမိထံသို့လည်း မကျရောက်မချင်း ဘာဝနာစခမ်းမှ မထွက်ဟု အဓိဋ္ဌာန်ဝင်လေ၏။ ချက်ချင်းဆိုသလို စားသောက်ဖွယ်ရာတို့ ကောင်းကင်ထက်မှ မိုးရွာဘိသို့ကျရောက်လာ၏။ သခင်မကြီးလည်း လူသူကင်းဝေးရာ လွင်တီးခေါင်သို့ ထွက်ကြွသွားလေ၏။ ယင်းနောက်သခင်မကြီးနှင့်ပတ်သက်၍ ဘာမျှမကြားသိရတော့ပေ။

တောင်တစ်လုံးသို့တစ်နေ့သ၌ ကျွန်ုပ်သွားခဲ့၏ဟု ဖွန်နူးန်သခင်က မိန့်ကြား၏။ " ယင်းတောင်ထိပ်တွင် ဂူတစ်လုံးရှိ၏။ ယင်းဟူအတွင်းရှိသူတော်စင်တစ်ပါးသည် တစ်နှစ်တစ်ခါ ဂူအပြင်သို့ထွက်ကာ နေထိုင်မကောင်းသူ လူမမာများအား ကောင်းကင်သို့တစ်ချက်မျှော်ကြည့်ပြီးနောက် မန်းမှုတ်ပေးခြင်းဖြင့် ရောဂါများအားပျောက်ကင်းစေ၏။ လူနာတစ်စုနှင့်အတူ ကျွန်ုပ်လည်း အဆိုပါသူတော်စင်ကြီး ဂူမှထွက်အလာကို စောင့်နေ၏။ ထွန်းလင်းတောက်ပသောမျက်နှာနှင့်ထွက်လာသော သူတော်စင်ကြီးကို ကျွန်ုပ်လေ့လာကြည့်ရာ အသက်အရွယ်အလွန်အိုမင်းရင့်ရော်နေပြီဖြစ်သော်လည်း သခင်ကြီး၏ပုံပန်းသဏ္ဌာန်ကို ကျောက်ဆောင်ကြီးများပင် သိမ့်သိမ့်တုန်လောက်အောင် ခန့်ငြားထည်ဝါလှကြောင်းတွေ့ရ၏။ သခင်ကြီးသည် ကောင်းကင်သို့တစ်ချက်မျှကြည့်ပြီးနောက် သူ့ထံသို့ တစ်ဦးစီချဉ်းကပ်လာသည့်လူနာများအား မန်းမှုတ်ပေးခြင်းဖြင့် ယင်းတို့ခံစားနေရသော ရောဂါဝေဒနာတို့ကို ပျောက်ကင်းစေ၏။ လူအုပ်ကြီးကုန်သွား၍ သခင်ကြီး ဂူအတွင်းသို့ပြန်ကြွမည်ပြုရာ ကျွန်ုပ်သည် သခင်၏

ဝတ်ရုံအစကိုဆွဲပြီး “ သခင်ဟာလူနာတို့၏ရုပ်ဝေဒနာတို့ကို ကုစား၍ပျောက်ကင်းစေခဲ့ပါပြီ၊ ကျွန်တော်မျိုး၏ အတွင်းအဇ္ဈတ္တသန္တာန်၌ နာမ်ပိုင်းဆိုင်ရာဝေဒနာ စွဲကပ်နေသည်ကို ပျောက်ကင်းအောင်ကုစားပေးတော်မူပါဟု ပြောဆိုလိုက်သောအခါ သခင်ကြီးက အို- ဇွန်နူးန်ဖယ်ရှားပါလော့၊ ကျွန်ုပ်အင်္ကျီစကိုလည်း လွှတ်ပါလော့၊ သို့မဟုတ်ပါက အရှင်မြတ်သည် ကျွန်ုပ်ကိုသင့်ထံလွှဲအပ်ခဲ့ပြီး၊ သင့်အား ကျွန်ုပ်ထံ လွှဲအပ်ခဲ့ပါက ကျွန်ုပ်တို့နှစ်ယောက်လုံး၏အပေါ်မှ အရှင်မြတ်ကွယ်ပျောက်သွားမည်ကို စိုးရွံ့ရပါသည်”ဟု ပြောရင်း သူ့ဝတ်ရုံအစကို ကျွန်ုပ်လက်မှဆွဲယူပြီး ဂူအတွင်းသို့ ပြေးဝင်သွားလေ၏။

*ဘာသာပြန်သူမှတ်ချက်* ။ ။ *ဖနာဖိလ်ရှိက်ခ်စခန်းကို ကျော်လွန်ခဲ့ပြီဖြစ်သော ဇွန်နူးန်သခင်ကို ဘကာဖိလ်လာစခန်းတိုင်ပေါက်မြောက်ရန် သူတော်စင်ကြီးက တရားပြလမ်းညွှန်ခဲ့ခြင်းဖြစ်၏။)*

ဇွန်နူးန်သခင်ကြီးက ဤသို့မိန့်ကြားခဲ့၏။

“ ကျွန်ုပ်သည် နှစ်ပေါင်း(၃၀)တိုင်တိုင် ဝေနေယျတို့အား အကျွတ်တရားရရန် တရားဓမ္မများပို့ချခဲ့၏။ သို့သော် ပုဂ္ဂိုလ်တစ်ဦးသာလျှင် အမြိုက်ဆေး၏ အေးမြမှုကို ထိထိရောက်ရောက်ခံစားခဲ့၏။ ဝတ်ကျောင်းတော်တစ်ခု၌ ကျွန်ုပ်တရားဟောကြားနေစဉ် မင်းသားတစ်ဦးဝတ်ကျောင်းရှေ့မှဖြတ်သွား၏။ ‘ မိမိထက် အားကောင်းမောင်းသန်သူနှင့် ပြိုင်ဆိုင်တိုက်ခိုက်နေသူလောက် အသိဉာဏ်ကင်းမဲ့သူ မရှိနိုင်ပြီ’ဟူသည့် ကျွန်ုပ်၏ဟောပြောချက်ကိုကြား၍ အဆိုပါမင်းသားက ထပ်ဆင့်ရှင်းလင်းဖွင့်ဆိုရန် ပန်ကြားခဲ့၏။ ‘ ကျွန်ုပ်က မိမိအရှင်ကို အံတုဖက်ပြိုင်နေခြင်းသည် လူမိုက်အလုပ်ဖြစ်သည်’ဟုဆိုလိုခြင်းဖြစ်ကြောင်းရှင်းပြသောအခါ မင်းသားသည် အတွေးရင်ဝယ်ပိုက်ကာပြန်သွားလေ၏။ နောက်တစ်နေ့၌ စိတ်တံခါးပွင့်စပြုနေသော မင်းသားသည် ကျွန်ုပ်ထံလာ၍ အရှင့်ထံပေါက်မြောက်မည့်လမ်းကို မေးလာ၏။ ကျွန်ုပ်ကလည်း ‘ **အရှင့်ထံပေါက်မြောက်ရန် လမ်းနှစ်သွယ်ရှိပါသည်၊ တစ်လမ်းမှာ ရှည်လျားပြီး တစ်လမ်းမှာတိုပါသည်။ ရှည်လျားသောလမ်းမှာ လောကီအာရုံကာမဂုဏ်များ၊ အလိုရမ္မက်ဆန္ဒများ၊ အကုသိုလ်အမှုတို့ကိုစွန့်လွှတ်ရသည့်လမ်းဖြစ်ပြီး၊ အမြန်ဆုံးနှင့် အတိုဆုံးလမ်းမှာ အသခ်တဂုဏ်တော်ရှင်အလ္လာဟ်မှအပဖြစ်သည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့တွင် ငြိတွယ်ခြင်းမရှိသည့် ပရမတ်ဉာဏ်စိုက်ရန်ဖြစ်၏**’ဟု ဆိုလိုက်ရာ၊ မင်းသားယ်လည်း ကျွန်တော်အတိုဆုံးလမ်းကိုလိုက်မည်ဟုဆိုကာ တန်ဖိုးကြီးလှသည့် အဝတ်တန်ဆာတို့ကိုချွတ်ကာ ခြုံစောင်တစ်ခုကိုရုံပြီး တောအရပ်သို့ နာမ်အာဟာရကျိုချက်ရန် ထွက်ခွါခဲ့ရာ များမကြာမီအချိန်တွင်ပင် ဝိဇ္ဇာဉာဏ်အလင်း ထိုးထွင်းပွင့်ပေါ်ခဲ့၏။

ဇွန်နန်းသခင်က " သူတော်စင်တို့သည် ငွေကြေးတပ်မက်မှုမရှိ "

" အရှင်မြတ်၏အလိုတော်မကျသည့်သူသည် 'ဒရဝေ့ရှ်'အဖြစ် (ကျိုးငှဲခြိုးချန် ဆင်းရဲခံ၍ ကျင့်ရမည်၊ ကိလေသာကာမဂုဏ်တို့ ဆင်းရဲနွမ်းပါးမှု)ကို အလွန်ကြောက်ရွံ့၏ "ဟု မိန့်ကြားခဲ့၏။

ဇွန်နူးန်သခင်က အောက်ပါအချက် (၆)ချက်သည် လူသား၏တရားဓမ္မဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေ၏ဟု မိန့်ဆိုခဲ့၏။

[၁] ကောင်းမှုကုသိုလ်ပြုရာတွင် ပေါ့လျော့မှု။

[၂] မာရ်နတ်မိစ္ဆာအဖျက်အင်အားစု၏အကြံပြုချက်ကို လိုက်နာမှု။

[၃] မမြဲသည့် အနိစ္စတရားသည် စက္ကန့်မလပ် မိမိဦးခေါင်းထက်၌ ဝဲလျက်ရှိနေသည်ဟူသည့်အချက်ကို စွန့်လွှတ်မှု။

[၄] ဖန်ဆင်းခံများ၏အလိုကို လိုက်နာရန်အလို့ငှာ ဖန်ဆင်းရှင်အလိုကိုလိုက်ရန် ကြိုးပမ်းချက်ကို စွန့်လွှတ်မှု။

[၅] မဟာတမန်တော်မြတ်ကြီးနှင့် တပည့်သာဝကတော်အပေါင်း ကျင့်သုံးဆောက်တည်တော်မူခဲ့သည့် လမ်းမှန်မှသွေဖယ်၍ မိမိ၏အလိုဆန္ဒရမ္မက်တို့၏ သားကောင်အဖြစ် ရောက်ရှိသွားမှု။

[၆] သူတော်စင်များအား ပြောရေးဆိုခွင့်ရှိသူတစ်ဦးပမာ အပြစ်ရာဝေဖန်ခြင်းဖြင့် လမ်းမှားကိုလိုက်နေပြီး၊ သူတော်စင်တို့၏ကောင်းမြတ်သည့်လုပ်ရပ်တို့အား ဖော်ထုတ်ခြင်းကို ဖိနှိပ်ဖုံးကွယ်ထားမှု။

ဇွန်နူးန်သခင်ကြီးက ဤသို့မိန့်ဆိုခဲ့၏။

" ဖောက်ပြန်ပြောင်းလဲမှု အစဉ်ရှိနေသည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့အား ခုံမင်မြတ်နိုးသူသည်၊ ရုပ် နာမ် ဓမ္မ သင်္ခါရတို့နှင့် ကင်းလွတ်တော်မူသော အသင်္ခတဂုဏ်တော်ရှင်အား မြတ်နိုးမှုမရှိပေ။ "

ဇွန်နူးန်သခင်၏ဩဝါဒတစ်ခုမှာ ,,-

" ဆိတ်ငြိမ်ရာအရပ်သည် ဓမ္မလမ်းကြောင်း၌ လျှောက်လှမ်းနေသည့် ဓမ္မခရီးသည်တစ်ဦးအတွက် အကောင်းဆုံးဆရာဖြစ်၏ "ဟူသတည်း။

ဇွန်နူန်းသခင်က ,,- " အပြစ်ကျူးလွန်မှုကို ရိုးဖြောင့်သောစေတနာဖြင့် သံဝေဂဉာဏ်ပွားကာ နောင်တရသူတစ်ဦး၏အပြစ်တို့အား အရှင်မြတ်သည် ခွင့်လွှတ်တော်မူ၏ "ဟု မိန့်ကြားခဲ့၏။

ဗွန်နူးန်သခင်က " အရှင်မြတ်က ဤသို့ မိန့်တော်မူ၏။ 'ငါ့အချစ်ကိုရပြီးသူ တစ်ဦး၏ နား လျှာ မျက်စိတို့မှာ ငါဖြစ်သွား၏"ဟု မိန့်ကြားခဲ့၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ ဆူဖီသူတော်စင်တို့အတွင်း၌ အလွန်ကျော်ကြားသည့် ဟဒီစ်မှ တစ်စိတ်တစ်ပိုင်းကို ဖော်ပြထားခြင်းဖြစ်၏၊ အလ္လာဟ့်အချစ်ကြောင့် မိမိတို့၏အတ္တ လောင်ကျွမ်းပြာကျခဲ့ကြသည့် အနတ္တဉာဏ် ရှင်သူတော်စင်တို့တွင် မိမိတို့အလိုကုန်နေပြီဖြစ်၍ ၎င်းတို့၏ မြင်ခြင်း၊ ကြားခြင်း၊ ပြောခြင်းတို့မှာ အရှင့်အလိုကျဖြစ်နေသည်ဟု ဆိုလိုပေသည်။*

ဗွန်နူန်းသခင်က " ကျွန်ုပ်နှလုံးသား၏အာဟာရမှာ အရှင့်ကိုတသစီးဖြန်းရသည့် ဇိကိရ်ဘာဝနာပင်ဖြစ်၏"ဟု မိန့်ဆိုခဲ့၏။

ဗွန်နူးန်သခင်က အောက်ပါတရားစကားများကို ချီးမြှင့်ခဲ့၏။

[၁] 'စေ့မ'ဟုခေါ်သည့် ဓမ္မဂီတသည် ကိလေသာတဏှာအလိုရမ္မက်အားလုံးကို ကုစားနိုင်သည့် ဆေးစွမ်းကောင်းဖြစ်၏။ သို့သော် မိမိ၏တဏှာ၊ ရာဂ၊ ပေမတို့ကို သောတရုံဖြင့် ဖြေသိမ့်ရန် ဆန္ဒဖြင့်နားဆင်ခဲ့ပါမူ သာသနာပျက် မိစ္ဆာဒိဋ္ဌိဖြစ်ပေအံ့။

[၂] အရှင့်ထံ ယုံပုံလွှဲအပ်ခြင်းဆိုသည်မှာ မိမိအတ္တနောမတိဖြင့် (ကိုယ့်စိတ်အထင်ဖြင့်) ရန်းကန်ကြိုးပမ်းမှုများကို ရပ်တန့်ပြစ်ခြင်းမည်၏။

[၃] အလ္လာဟ့်ချစ်သူကိုချစ်ခြင်းမှာ အလ္လာဟ့်ကိုချစ်ခြင်းမည်၏။

[၄] အလ္လာဟ်အရှင်အား မြတ်နိုးခြင်း၏နိမိတ်လက္ခဏာမှာ အရှင့်ဖန်ဆင်းခံတို့အပေါ်၌ သံယောဇဉ်ငြိတွယ်မှုကို ဖြတ်တောက်ပစ်ခြင်းဖြစ်၏။

[၅] ယုံကြည်မှုသဒ္ဓါတရားအနည်းငယ်မျှရှိခြင်းသည် လောကအဝှမ်းမှ စည်းစိမ်ချမ်းသာအစုစုတို့ထက် တန်ဖိုးရှိ၏။ အဘယ်ကြောင့်ဆိုသော် ယုံကြည်မှုသဒ္ဓါတရားသည် လွတ်မြောက်မှုလမ်းကို ထွင်ပေးသောကြောင့်တည်း။

[၆] သဒ္ဓါတရားရှိသူ၏လက္ခဏာမှာ လောကီအာရုံကာမဂုဏ်တို့ကို ဖြစ်ပေါ်စေသည့် အရာမှန်သမျှကိုဆန့်ကျင်ပြီး မည်သည့်ဖန်ဆင်းခံကိုမျှ (အလ္လာဟ့်ကို မေ့လျော့ ကျော်လွှာပြီး) ချီးကျူးထောပနာပြုမှု မရှိခြင်းတို့ဖြစ်၏။

[၇] မမြဲသည့် ဖန်ဆင်းခံဖြစ်သည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့ကိုသာလျှင် သံယောဇဉ်ငြိတွယ်မြတ်နိုးသူတို့မှာ အဓမ္မဝါဒီ 'ဖိရ်အောင်'ဘုရင်၏နောက်လိုက်သားများသာဖြစ်ကြကုန်၏။ အရှင့်အနီးအပါးသို့ ချဉ်းကပ်ခွင့်ရသူများသည် မည်သည့်အခါမျှ သစ်တဘုံသား ဝေနေယျများထံ၌ ကူညီမှုံ့းမှုကို မတောင်းခံပေ။

[၈] အရှင့်ကိုဖူးတွေ့ရသည် (သစ္စာတရားကို မျက်မှောက်ပြုရသည်)ဟု ကြွေးကျော်သူသည် အကယ်စင်စစ် ဖူးတွေ့နိုင်ခြင်း မရှိနိုင်ပေ။ အရှင့်ကို ဖူးတွေ့ပြီးသူ (သစ္စာစိုက်ပြီးသူ)သည် (ကန့်သတ်ဘောင်ခတ်မှုရှိသည့် လူသားတို့၏စကားလုံး ဝေါဟာရတို့နှင့် ပြီးပြည့်စုံအောင် မည်သည့်အခါမျှ ဖော်ကျူး၍မရသည့် ပရမတ္ထသစ္စာဓမ္မ၏ မူလဘူတ ပကတိအရှိဖြစ်တော်မူသည့် အသခ်ိတဂုဏ်တော်ရှင်၏အကြောင်းကို နှုတ်ဝဇီမှ ဖွင့်ဟပြောဆိုနိုင်ခြင်း မရှိသည့်အလျှောက်) နှုတ်ဆိတ်၍သာနေ၏။

[၉] မိမိအား မင်္ဂလာလမ်းကိုညွှန်မည့် ဥပဇ္ဈာယ်လမ်းညွှန်ဆရာ 'မုရ်ရှိဒ်'၏ ညွှန်ကြားချက်ကို အရှင့်အမိန့်တော်ထက်ပို၍ လိုက်နာခြင်းမရှိသောသူသည် စစ်မှန်သော အန္တေဝါသိ တပည့်မဖြစ်နိုင်ပေ။

*ဘာသာပြန်သူမှတ်ချက် ။ ။ အကယ်စင်စစ် ပီရ်မုရ်ရှိဒ်မှာ အရှင်မြတ်၏အမိန့် ပညတ်ချက်တို့ကိုသာလျှင် မိမိတပည့်အား သွန်သင်ပြသခြင်းဖြစ်၏။ အရှင့်အမိန့်တော်နှင့် မုရ်ရှိဒ်၏လမ်းညွှန်ချက်မှာ ကွဲပြားမှုလုံးဝမရှိ တစ်ထပ်တည်းသာဖြစ်၏။ အထက်ဖော်ပြပါ သခင်ကြီး၏ လမ်းညွှန်ချက်၌ပါရှိသော 'အရှင့်အမိန့်တော်'ဟူသည်မှာ ဇွာဟေရီ အိုလမာများက ဖိကဟ်ဓမ္မသတ်နှင့် ပညတ်ထားချက်ကို ဆိုလိုခြင်းဖြစ်၏။ အဆိုပါအရှင့်အမိန့်တော်ကိုပင်လျှင် 'ဘာတွေနီ အိုလမာ'များဖြစ်သော ပီရ်၊ မုရ်ရှိဒ်တို့က အတွင်းပရမတ္ထအဓိပ္ပါယ်နှင့် နက်ရှိုင်းကျယ်ပြောစွာ ဖွင့်ဆိုကြ၏။ ယင်းသို့ဖွင့်ဆိုရာတွင် ဖွင့်ဆိုမှုတစ်ခုနှင့်တစ်ခုမှာ ဆန့်ကျင်ဘက်မဟုတ်ပါ။ အရှင့်အမိန့်တော်၏ ဇွာဟေရီ အပြင်ဗဟိဒ္ဓဖွင့်ဆိုမှုကို ပရမတ္ထဉာဏ်ရှင် မုရ်ရှိဒ်သခင်တို့က ပြည့်စုံကုံလုံအောင် တိတိပပ နက်နက်ရှိုင်းရှိုင်း ကျယ်ကျယ်ပြန့်ပြန့်ဖွင့်ဆိုကြခြင်းသာဖြစ်၏။ ဥပမာ- အရှင်မြတ်က 'အာကီးမွှဆ် ဆွလတ်' ဆွလတ်ဘာဝနာတည်ဆောက်ပွားများကြကုန်လော့ဟု မိန့်ဆိုထားတော်မူ၏။ ဖိကဟ်ပညာရှင်များက ဆွလတ်၏ရုပ်ပိုင်းဆိုင်ရာ လမ်းညွှန်ပညတ်ချက်တို့ကို အသေးစိတ်သတ်မှတ်ပေး၏။ ဆွလာတ်၏အနှစ်အသားဖြစ်သည့် ဉာဏ်ပိုင်းဆိုင်ရာ၊ နာမ်ပိုင်းဆိုင်ရာကို ပီရ်၊ မုရ်ရှိဒ်သခင်တို့က ပရမတ္ထ ဆတ်-ဆတ် ဖွင့်ဆို ညွှန်ကြား၏။ ဒါဒါပု သခင်ကြီး၏ "ခွလာတွလ် အာရေဖိန်"ကျမ်းတွင် ဆွလာတ်ဘာဝနာ ပွားများကြကုန်ဟူသည့် အရှင့်အမိန့်တော်ကို အဆင့်ဆင့်အလွှာလွှာ နက်ရှိုင်းစွာဖွင့်ဆိုထားသည်ကို အောက်ပါအတိုင်းတွေ့ရ၏။*

*" ၎င်းပြင် 'နမာဇီ'ဆွလာတ်ဘာဝနာပွားများသူ သူတော်ကောင်းတို့၌ အမြဲစွဲယူရန်မှာ ဆွလာတ်၏ 'ရှရတ္တ်'အရကန်တို့ကို သန့်ရှင်းကောင်းမွန်စွာ ဆောင်ရွက်ထိုက်သည့် 'ရှရတ္တ်'လေးမျိုးရှိ၏။ ထိုရှရပ်လေးမျိုးကို ခွဲခြမ်းစိတ်ဖြာ၍ "ဘယါန်"ပြုပါမည်။ အတွင်းဟူသော စိတ်နှားဖြင့်မှတ်သား၍ အတည့်ရွက်ဆောင်ထိုက်ပါသည်။ ၎င်းရှရတ္တ် ဟူသော 'အရကါန်'လေးမျိုးမှာ ရှရီအတ်အရကန်၊ တွရီကတ်အရကန်၊ ဟကီကတ်*

အရကန်၊ မအ်ရေဖွာတ်အရကါန် ဟူ၍ လေးမျိုးရှိပါသည်။ ရှရီအတ်အရကန်မှာ ကာယဖြင့်ဆောင်ရွက်ခြင်း၊ တွရီကတ်အရကန်မှာ စိတ်ဖြင့်ဆောင်ရွက်ခြင်း၊ ဟကီကတ် အရကန်မှာ ဝိညာဉ်ဖြင့်ဆောင်ရွက်ခြင်း၊ မအ်ရိဖွာတ်အရကါန်မှာ 'စစ်ရီ'နှင့်ဆောင်ရွက် ခြင်းဖြစ်၏။ ရှရီအတ်အရကန်၏နေရာသန့်ခြင်းမှာ အညစ်အကြေးတို့ဖြင် ၎င်းနေရာမှ လွတ်ကင်းစေခြင်း၊ တွရီကတ်အရကန်၏နေရာသန့်ခြင်းမှာ စိတ်ကို ဟာတွေရ် တည်းဟူသောအဖြစ်မှ အခြားအရာတို့ကို မကင်းမလွတ်စေရ၊ ကင်းလွတ်စင်ကြယ် ခြင်း၊ ဟကီကတ်၏နေရာသန့်ခြင်းမှာ ရူဟ်ဝိညာဉ်ကို ဘဝတစ်ပါးသို့ မျှော်လင့် တောင့်တခြင်းတည်းဟူသော 'အာလာယစ်ရ်'ငြိကွက်လူးလဲခြင်းမှ ကင်းစင်စေခြင်း၊ မအ်ရိဖွာတ်အရကါန်၏နေရာသန့်ခြင်းမှာ မိမိစစ်ရီကို အတွင်းအပ၌ ငါတည်းဟူသော အနာနီယတ်နှင့် ကင်းလွတ်သန့်စင်စေခြင်း။

ဆွလာတ်ဘာဝနာတည်ဆောက်ရာတွင် ပထမဦးဆုံးသော အခြေခံလိုအပ်ချက် သည် ဘာဝနာပွားမည့်နေရာ၏ သန့်ရှင်းမှုဖြစ်၏။ ယင်းကို ရှရီအတ် ဖိကဟ်ပညာ ရှင်များအနေဖြင့် ဆွလာတ်ဘာဝနာပွားမည့်နေရာဝန်းကျင်တွင် ရုပ်ပိုင်းဆိုင်ရာ ဂျီးညော် များ ကင်းစင်သန့်ရှင်းနေရမည်ဟု ပညတ်၏တွရီကတ်တည်းဟူသော မဂ္ဂလမ်း၊ ဟကီကတ်သည်းဟူသော ပရမတ္တသစ္စာ၊ မအ်ရိဖွာတ်တည်းဟူသော ဝိဇ္ဇာဉာဏ်အလင်း ပွင့်ပေါ်တည်းခြင်းဟူသော အဆင့်များတိုင် နက်ရှိုင်းစွာဆင်ခြင်သည့် ပရမတ်ဉာဏ် ရှင် ပီရ်မုရှရီဒ်သခင်တို့ကမူ စိတ်ပိုင်း၊ ဝိညာဉ်ပိုင်း၊ ဉာဏ်ပိုင်းတိုင်အောင် မည်သို့ မည်ပုံရှိရမည်ကို လမ်းညွှန်၏။

[၁၀] သေခြင်းအနိစ္စတရားအတွက် အမြဲတစေ ပြင်ဆင်မှုနှင့်အစဉ်သင့်ရှိပါလော့။ နောက်ဆုံးခရီးတွင် သင်နှင့်အတူ ယူဆောင်သွားနိုင်မည့် ရိက္ခာပစ္စည်းတို့ကို စုဆောင်းထားပါလော့။

[၁၁] အရှင်၏ရှေ့တော်မှောက်တွင် တရားစီရင်သည့်နေ့၌ အစစ်အဆေးမခံရမီ၊ မိမိကိုယ်စိတ်နှလုံးသုံးပါးလုံးဖြင့် ပြုမူကြံစွယ်ပြောဆိုထားသည့် ကံသုံးပါး၏ အကျိုးဆက်တို့ကို မိမိကိုယ်တိုင်အရင် ပြန်လည်စစ်တမ်းထုတ်ပါလော့။

[၁၂] ဝဇီပိတ်ခါ နှုတ်ဆိတ်ထားသူသည် 'ဝိမုတ္တိ'လွတ်မြောက်ခြင်း၊ ကယ်တင်ခြင်း ခံရပေမည်။

[၁၃] လောကီအာရုံ ကာမဂုဏ်တို့သည် မည်မျှတန်ဖိုးရှိသဖြင့် အရှင်မြတ်အား အသင် မေ့လျော့နေပါသနည်း။

[၁၄] လူတစ်ဦးကို အကုသိုလ် ဒုစရိုက်ကျူးလွန်သည့် 'အပြစ်သား'ဟူ၍ မမုန်းတီး လေနှင့်။ ထိုသူ အသက်ထွက်ချိန်၌ နောင်တသံဝေဂရရှိပြီး အရှင်မြတ်က သူ့ကို ခွင့်လွှတ်ကာ ချီးမြှောက်ခြင်း မပြုဟု မည်သူသိနိုင်မည်နည်း။

[၁၅] မလာသေးသည့် အနာဂတ်အတွက် မတောင့်တနှင့်၊ ပြီးခဲ့သည့်အတိတ်အတွက် လည်း မကြောင့်ကြနှင့်၊ ပစ္စုပ္ပန်၌ အရှင့်ဘာဝနာ စီးဖြန်းရင်း အကျိုးရှိစွာ နေပါလော့။

ဗွန်နူးန်သခင် ခန္တာဝန်ချကာနီးအချိန်၌ သခင့်အား ဘာအလိုရှိပါသနည်းဟု မေးလျှောက်ရာ၊ သခင်က ကျွန်ုပ်၏ နောက်ဆုံးအချိန်တွင် သေခြင်းတရား ကျရောက်သည့်အချိန်နှင့်သာ နေလိုပါသည်ဟု ဖြေကြားပြီး အောက်ပါ ဓမ္မလင်္ကာကို ရွတ်ဆိုလေ၏။

" အသခ်တရှင်၊ ချစ်သူဘုရင်အား၊ ခန့်ငြားရှိသေ၊ ကြောက်စိတ်တွေကြောင့်၊ အချစ်ဝေဒနာ၊ စွဲကပ်လာပြီး၊ အရှင့်မျက်နှာတော် ဖူးမျှော်လိုသည့်၊ အချစ်ဓောဟုန်၊ လောင်ကျွမ်းခြံ၍၊ အချစ်ကပင်၊ ငါ့အားသတ်၏၊ သို့သော်ချစ်ခြင်း၊ ဆွေသက်နှင်းက၊ ချစ်သက်သွင်းကာ၊ ရှင်ပြန်ထမြောက်စေပြီတကား "

ဗွန်နူးန်သခင်ကြီး ခေမာသောင်ကမ်းအမြိုက်နန်းသို့၊ ကူးပြောင်းကာ ခန္တာဝန်ချမည့်အချိန်တွင် ဟာဇရတ် ဟူစိန် ယူစွဖ်သခင်ရောက်ရှိလာပြီး သခင့်ထံတွင် ဓမ္မလမ်းညွှန်ချက်တောင်းခံ၏။ သခင်က " ဒီအချိန်မှာ ကျွန်ုပ်အား စကားမပြောပါနှင့်တော့၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ထူးထွေအံ့ဖွယ်မှုအပေါင်းခညောင်း နေသည့် တောင်ကြားသို့ရောက်နေပြီး၊ အရှင်မြတ်ကောင်းချီးမင်္ဂလာအပေါင်း ကျွန်ုပ်ထံသို့ ရွာသွန်းဖြိုးနေကြောင်း မြင်တွေ့နေရပြီဖြစ်သောကြောင့်တည်း "ဟု ဆိုကာ အရှင်အမိန့်တော်ခံယူသွား၏။

သခင်ရုပ်ကြွမ်းခန္တာစွန့်သွားချိန်သခင့်နဖူးတော်တွင် မမြင်ရသည့်လက်ကမြင်သာသည့် အာရဗီစကားလုံးများနှင့် " သူသည် အလ္လာဟ့်အချစ်တော်ဖြစ်၏၊ အချစ်အတွက် အသက်စွန့်သွားခြင်းဖြစ်၏။ သူ့အား ချစ်သူအရှင်၏ အချစ်ဓါးသွားဖြင့် အသက် နှုတ်သွားခြင်းဖြစ်၏"ဟု ရေးသားထားသည်ကို တွေ့ရ၏။

ဗွန်နူးန်သခင်ကြီး၏ ရုပ်ကလာပ်ကို သယ်ဆောင်လာသည့်လမ်းတစ်လျှောက်တွင် ကောင်းကင်ယံမှ ငှက်အပေါင်းတို့သည် တောင်ပံယှက်ကာ သခင့်ဂျနာဇာ အခေါင်းတော်ကို အရိပ်ရရန် မိုးပေးကြ၏။ ဗလီဝတ်ကျောင်းတော်တစ်ခုရှေ့သို့ ဖြတ်သွားစဉ်တွင် နိဗ္ဗာန်ဆော် 'မုအဇင်'က နိဗ္ဗာန်အကျိုးမျှော်ကာ နှိုးဆော်သည့် 'အဇန်'သစ္စာဓမ္မဂါထာတော် ဥဒါန်းသံကို ကြားရသောအခါတွင် သခင့်ရုပ်ကလာပ်မှ လက်ညှိုးတော်ထောင်လေ၏။ လူအများက အံ့အားသင့်ကာ သခင်ရှင်နေသည်မှတ်၍ သခင့်ရုပ်ကလာပ်တော်ကို ကြည့်ကြ၏။ သို့သော် သခင်မှာ ခန္တာဝန်ကိုချပြီးဖြစ်၏။ လက်ညှိုးတော်မှာ သခင့်ရုပ်ကလာပ်ကို မြေကျင်းအတွင်း၌ အပ်နှင်းသည့်တိုင်အောင် ထောင်လျက်ရှိ၏။

ဗွန်နူးန်သခင်သည် မခြံသည့် 'ဒါရုလ်ဖနာ'သခ်တဘုံကိုစွန့်ပြီး မြဲရာ 'ဒါရုလ် ဗကာ'အသခ်တဘုံနန်း အရှင့်ခြေစက်တော်အောက်သို့ ခိုဝင်ရောယှက်ပေါင်းဖက်ရသည့် စခန်းသို့ ကြွမြန်းပြီးကာမှ၊ လူအပေါင်းတို့သည် သူတို့မိစ္ဆာဒိဋ္ဌိဟု ထင်မြင်ယူဆ

နေသူမှာ အရှင့်အချစ်တော် ပရမတ္ထဉာဏ်ရှင်သူတော်စင် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ဖြစ်ကြောင်းကို သိကြကုန်၏။

## ၁၃။ဟာဇရတ် ဗာယဇီးဒ် ဗွစ္စတာမိ

ဗာယဇီဒ်သခင် ငယ်စဉ်ဘ၀က ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်သရဇ္ဈာယ်နေစဉ် " သင်၏မိဘနှင့် အလ္လာဟ်အရှင်မြတ်ကို နာခံအလုပ်အကျွေး ပြုပါလော့"ဟူသည့် အပိုဒ်ကို ရောက်သောအခါ ဖတ်ရွတ်မှုကို ခေတ္တရပ်ကာ မိခင်ထံပါးသို့ ပြေးသွားလေ၏။ ထို့နောက်သူဖတ်ခဲ့သည့် ဗျာဒိတ်တော်ကို ထောက်ပြပြီး ဗာယဇီဒ်သခင်က " အို– မိခင်၊ ကျွန်တော်မျိုးသည် နှစ်ဦးအား တစ်ပြိုင်နက်တည်း အလုပ်အကျွေး ပြုနိုင်စွမ်းမရှိပါ။ ထို့ကြောင့် မိခင်အနေဖြင့် အလ္လာဟ့်ထံပါးမှာ မိခင်၏တာ၀န်ကို သာလျှင် ဆောင်ရွက်ခွင့်ပေးရန် ဆုပန်ပေးလိုက ဆုပန်ပေးပါ၊ သို့မဟုတ်ပါက ကျွန်တော်မျိုးအား အရှင့်ထံပါးသို့ စေလွှတ်အပ်နှံပါလော့ "ဟု ပြောလေရာ၊ မိခင်ကြီးက " ငါ့သားကို မိခင်၏တာ၀န်ဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့် ပြုလိုက်ပြီး၊ အရှင့်ထံပါးသို့ အပ်နှံလိုက်ပါပြီ "ဟု ဖြေကြားလေ၏။ ထိုအချိန်မှစ၍ ဗာယဇီဒ်သခင်ကြီးသည် သူတော်စင်များ၏အသိုင်းအ၀ိုင်း၌ ပုဂ္ဂိုလ်မြတ်တစ်ပါးမဟုတ် တစ်ပါးထံတွင် ချဉ်းကပ်ရင်း တရားဘာ၀နာတို့ကို စီးဖြန်းအားထုတ်ခဲ့၏။ သခင်ခိုလှုံခဲ့သည့် သူတော်စင်ဦးရေမှာ အပါး(၁၁၇)ပါးရှိ၏။ အားလုံးသော ပုဂ္ဂိုလ်မြတ်တို့မှာ ဓမ္မစခန်းဆုံးတိုင် ပေါက်မြောက်အောင်မြင်ပြီးကြသည့် အလ္လာဟ့်အချစ်တော်ကြီးများ ဖြစ်၏။

*ဘာသာပြန်သူမှတ်ချက်* ။ ။ *မိဘကျေးဇူးမှာ တုန္နိုင်း၍မရအောင် ကြီးမားကြောင်း၊ မိဘ၏၀တ်ကြီး ၀တ်ငယ်ကို ပြုရမည့်အကြောင်းတို့ကို အစ္စလာမ်တရားတော်က တိတိပပပြဋ္ဌာန်းထား၏။ အထက်ဖော်ပြပါဖြစ်ရပ်မှာ 'ဘကာဘိလ္လာဟ်'ဉာဏ်စင်စခန်းကို တက်လှမ်းနေသည့် ဗာယဇီဒ်သခင်၏ စိတ်အခြေအနေကို ဖော်ညွှန်းထားချက်ဖြစ်၏။ ကေသရာဇာခြင်္သေ့မင်းတို့မည်သည် တစ်ဂူထဲ၌ နှစ်ပါးမအောင်းဘိသကဲ့သို့ သူတော်စင်တို့၏နှလုံးအာရုံတွင် အသခ်တဂုဏ်တော်ရှင်မှတစ်ပါး အခြား ရုပ် နာမ် ဓမ္မ သင်္ခါရတို့ မ၀င်ဆန့်နိုင်သည့် စိတ်အခြေအနေ၀ာစ်ရပ်ရှိ၏။ ယင်းစိတ်အခြေအနေ၌ သူတော်စင်၏အာရုံတွင် ပညတ်တို့ကွယ်ကာ ပရမတ်သာလျှင် ထင်ရှားလျက်ရှိ၏။ ယင်းသို့ ပညတ်ကွယ်ပျောက်၍ ပရမတ်စခန်း စိုက်ရောက်နေသည့် ပုဂ္ဂိုလ်သည် မိမိပတ်၀န်းကျင်ကို အသိအမှတ် မပြုနိုင်ရာပေ။ သူ့အသိတွင် ရုပ်နာမ် ဓမ္မ သင်္ခါရတို့နှင့် ကင်းစင်လွန်မြောက်သည့်အရှင်မှအပ အခြားမည်သည့် သင်္ခတသဘောမျှ နှလုံးမသွင်းနိုင်ပေ။ သို့သော် ဤသည်မှာ စခန်းဆုံး မဟုတ်ချေ။*

ဉာဏ်စဉ်တစ်စခန်းသာဖြစ်ပြီး၊ ယင်းအဆင့်ကိုကျော်လွန်သွားပါက ပညတ်က ပရမတ်ကိုကွယ်သည့် အဝိဇ္ဇာမောဟအလွှာသည် မရှိတော့သလို၊ ပရမတ်က ပညတ်ကို ကွယ်ထားသည့် လက်တွေ့ရုပ်ဘဝနှင့် ကင်းကွာနေသောအဖြစ်သည်လည်း မရှိတော့ဘဲ၊ ပညတ်နှင့် ရုပမတ်ကို သဟဇာတကျနစွာ မျှမျှတတ ကျင့်သုံးဆောက်တည်သွားနိုင်သော စိတ်အခြေအနေတစ်ရပ်ရှိသေး၏။ အိဗ်နေ့ အာရဗီသခင်ကြီးက ယင်းဉာဏ်စဉ်အဆင့်ဆင့်ကို အောက်ပါအတိုင်းဖွင့်ဆိုထား၏။

“ **အပ်ရှ်ရှရီအတ်တု အနှာ ဝအန်တာ၊ အတ်တွရီကတု အနှာ အန်တာ ဝအန်တာ အနှာ၊ အလ်ဟာကီကတ်တု အနှာ ဝလာအန်တာ၊ ဟုဝါ** ”

**ရှရီအတ်တွင် ‘အသင်’နှင့် ‘ကျွန်ုပ်’ဟူ၍ ကွဲပြားခြားနားမှုရှိ၏။ (ပညတ်က ရမတ်ကိုဖုံး)၊ တွရီကတ်တွင် ‘အသင်’သည် ‘ကျွန်ုပ်’ဖြစ်၍၊ ‘ကျွန်ုပ်’သည် ‘အသင်’ဖြစ်သွား၏** (ပရမတ်က ပညတ်ကိုဖုံး)၊ ဟာကီကတ်တွင်မူ ‘အသင်’လည်းမရှိ၊ ‘ကျွန်ုပ်’လည်းမရှိ၊ ‘သူ’သာလျှင်ရှိ၏ (ပညတ်နှင့် ပရမတ်သဟဇာတမျှတစွာဖြင့်)။

မိဘတာဝန်နှင့်ပတ်သက်၍ အစ္စလာမ်ဓမ္မ၌ မြောက်မြားစွာ မိန့်ဆိုထားချက်များရှိသည့်အနက် အချို့ကို ကောက်နုတ်တင်ပြပါမည်။

တရားတော်မှ လုပ်ပိုင်ခွင့်ပြုထားသော ကိစ္စများအနက် မိဘနှစ်ပါးသည် အစ္စလာမ့်တရားတော်နှင့်အယူခြားသည့်၊ အရှင်မြတ်နှင့် တုပနှိုင်းယှဉ်၍ ကိုးကွယ်ရာများကို ယုံကြည်ကိုးစားသည့် ‘မွတ်ရှ်ရစ်က်’ပင်ဖြစ်လင့်ကစား ၎င်းတို့အား မရိုမသေမချေမငံ မပြုရဟူသည့် အချက်လည်းပါ၏။

မဟာတမန်တော်မြတ်၏ ဩဝါဒတော်တစ်ပါးတွင် “ ဂျန္နတ်အမတသုခဘုံ၏ ဖခင်၏ကျေနပ်မှုရမည့်ဖြစ်သော တံခါးသာလျှင် အကောင်းဆုံးတံခါးဖြစ်သည်။ အသင်ဆန္ဒရှိပါလျှင် ထိုတံခါးကို ထိန်းသိမ်း၍၊ ဆန္ဒမရှိပါက ထိုတံခါးကို ဖျက်ဆီးလိုက်ပါ”ဟု လာရှိ၏။

မဟာတမန်တော်မြတ်အား တပည့်သာဝကတစ်ဦးက “ **မိဘတို့အပေါ် မည်သည့်တာဝန်ရှိပါသနည်း**”ဟု မေးလျှောက်ရာ၊ ကိုယ်တော်မြတ်က “ **၎င်းတို့သည် သင်၏ ဂျန္နတ် သို့မဟုတ် ဂျဟန္နမ်ဖြစ်သည်**”ဟု ဖြေကြားတော်မူခဲ့၏။

နောက်ဩဝါဒတစ်ရပ်တွင် “ နာခံလေးစားသောသားသည် ကြင်နာချစ်ခင်သောမျက်စိဖြင့် ဖခင်ကိုတစ်ခေါက်ကြည့်ရှုလျှင် ‘ကဘူလ်’ပြုလက်ခံထားပြီးသော ‘ဟဂျ်’တစ်ကြိမ် ကုသိုလ်အကျိုးရရှိပေမည်”ဟု ဖော်ပြထား၏။

ဩဝါဒတော်တစ်ရပ်တွင်လည်း မဟာတမန်မြတ်က ဤသို့မိန့်မြွက်ထား၏။

“ အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သည့် ပြစ်မှုမှတစ်ပါး ကျန်အပြစ်အကုသိုလ်တို့ကို ဆန္ဒတော်ရှိသလောက် ခွင့်လွှတ်တော်မူမည်ဖြစ်သော်လည်း မိဘနှစ်ပါးကို ဖိဆန်မှုအတွက် ခွင့်မလွှတ်ရုံမက လောက၌ပင် မျက်ဝါးထင်ထင် တန်ပြန်ခံရစေတော်မူမည်။ ”

*အခါတစ်ပါး၌ သာသနာခုခံစစ်ပွဲကို ဆင်နွှဲလိုကြောင်း သာဝကတစ်ဦးက လျှောက်ထားခွင့်ပန်လာသဖြင့် မဟာတမန်တော်မြတ်ကြီးက " သင်၏မိခင်အသက်ထင်ရှား ရှိနေပါသေးသလား"ဟုမေးရာ၊ ရှိကြောင်း သာဝကထံမှ အဖြေရ၏။ ကိုယ်တော်မြတ်က " သူမ၏ ဝတ်ကြီး ဝတ်ငယ်ကိုသာပြုပါ။ သူမ၏ခြေဖဝါးအောက်တွင် ဂျန္နသ်အမတသဏ္ဍာန်သုခဘုံ ရှိနေသည်"ဟု မိန့်ကြားခဲ့၏။*

*နောက်ဩဝါဒတစ်ရပ်တွင်မူ " ဖခင်၏ကျေနပ်နှစ်သက်မှုရှိပါက၊ အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်မှုရှိပြီး၊ ဖခင်ကျေနပ်နှစ်သက်မှု မရှိပါက အလ္လာဟ်အရှင်မြတ်ကျေနပ်နှစ်သက်မှု ရှိမည်မဟုတ်"ဟု လာရှိ၏။*

*ကျမ်းမြတ်ကုရ်အာန်၌လည်း မိဘအမိန့်နာခံရန်၊ မိဘကို ဝတ်ကြီးဝတ်ငယ်ပြုရန်၊ မိဘအတွက်ဆုတောင်းရန်၊ မိဘခိုင်းစေလျှင် 'အို'ဟူ၍ပင် မညီးထွားရဟု ပညတ်ထားပါသည်။*

—※—※—※—

တစ်နေ့သ၌ ဗာယဇီဒ်သခင်၏ ဓမ္မလမ်းပြဆရာသခင် ဥပဇ္ဈာယ်ဖြစ်သည့် အေမာမ်ဂျအ်ဖရ်သခင်ကြီးက ဗာယဇီဒ်သခင်အား စာအုပ်စင်ပေါ်မှ စာအုပ်တစ်အုပ်အား ယူခိုင်း၏။ ဗာယဇီဒ်သခင်က မိမိဥပဇ္ဈာယ်ကို စာအုပ်စင်ဘယ်နားမှာရှိကြောင်း မေးလျှောက်၏။ ထိုအခါ ဆရာသခင်သည် ကျွန်ုပ်နှင့်အတူ ဤအခန်းထဲ၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သည့်တိုင် ဤအခန်းတွင်းမှ စာအုပ်စင်ရှိရာနေရာကို မသိပြီလော ဟု မေးလေ၏။ ဗာယဇီဒ်သခင်က " သခင့်ခြေတော်ရင်း၌ ကိုလုံ့ခြဲ့သည့် နှစ်ကာလတစ်လျှောက်လုံးတွင် ကျွန်တော်မျိုးသည်သခင့်ကို ဦးခေါင်းကိုမော့၍ ဘယ်သောအခါကမှ မကြည့်ခဲ့ပါ။ မျက်စိကိုလည်း မျက်နှာကျက်ရှိရာသို့လည်းကောင်း၊ ဘေးတစ်ဖက်တစ်ချက်သို့လည်းကောင်း ကျက်စားခြင်း မပြုခဲ့ပါ "ဟု ပြန်လည်လျှောက်ထားခဲ့၏။ ဆရာသခင်လည်း အလွန်ကျေနပ်နှစ်သက်ဝမ်းမြောက်စွာနှင့် ဗာယဇီဒ်သခင်အား "အသင်သည် ဓမ္မစခန်းကို လုံလောက်အောင် ပေါက်မြောက်ခဲ့ပြီတကား၊ ယခု ဘစ္စတမ်မြို့သို့ပြန်လော့၊ သင်၏ဝိဇ္ဇာဉာဏ်အလင်းသည် ထိုအရပ်တွင်ထွန်းတောက်၍ အထွင့်အထိပ်သို့ ရောက်ပေအံ့"ဟု ပြောကြားလေ၏။

—※—※—※—

ဗာယဇီဒ်သခင်သည် မဒီနာရွှေမြို့တော်သို့ အခါတစ်ပါး၌ ဓမ္မခရီးနှင်ရာ၊ တပည့်နောက်လိုက်မြောက်မြားစွာတို့ လိုက်ပါလာခဲ့ကြ၏။ သခင်သည် ပကာသန အဆောင်အယောင်တို့ကို တပ်မက်ခြင်းမရှိသဖြင့်၊ အရှင့်ထံတွင် ဓမ္မခရီးကို တစ်ဦးတည်း ထွက်ခွင့်ပြုရန် ဆုပန်လေရာ သခင့်ဆုတောင်းပြည့်ခဲ့၏။

—※—※—※—

တစ်နေ့သ၌ ဗာယဇိဒ်သခင်သည် လူတစ်သိုက်နှင့် လမ်းတစ်ခုကိုဖြတ်သွားရာ ရုတ်တရက်ပီတိသောမနဿ သိမ်းချုပ်မရအောင် ပွင့်အံထွက်လာပြီး “ ငါသည် ကိုးကွယ်ရာအရှင်ဖြစ်သည်၊ အဘယ့်ကြောင့်ငါ့အား မကိုးကွယ်ကြသနည်း”ဟု ဥဒါန်းကျူးရင့်လေရာ၊ သူ့နောက်လိုက်များလည်း သူတို့ဆရာ ရူးသွတ်သွားပြီဟု ယူဆကာ ဗာယဇိဒ်သခင်ကို စွန့်ခွါသွားကြလေ၏။ ဗာယဇိဒ်သခင်လည်း ခရီးဆက်ခဲ့ရာ ဦးခေါင်းခွံတစ်ခုတွင် “ သူ(အလ္လာဟ်)၏ နာဝင်ပီယံချိုမြိန်လှသည့် ခွန်းတုံ့ပြန်သံ စကားသံကိုကြားရန်အတွက် ကျွန်ုပ်တွင် နားရွက်မရှိပါတကား၊ သူ(အလ္လာဟ်)၏ ဝင်းပရွှင်းလက် ရွှေရောင်ထွက်သည့် မျက်နှာတော်ကို ဖူးမျှော် ကြည်ညိုခြင်းနှိုး ရှိကျိုးနိုင်ရန်အတွက် ကျွန်ုပ်တွင် မျက်စိမရှိပါတကား၊ သူ(အလ္လာဟ်)၏ ဂုဏ်တော်ကြွေးကျော်ရန်အတွက် ကျွန်ုပ်တွင် နှုတ်လျှာမရှိပါတကား”ဟူသည့် စာသားတို့ကိုရေးထား၏။ ယင်းသစ္စာကထာကို ဖတ်ရွတ်ရသော ဗာယဇိဒ်သခင်မှာ ဖရဏာပီတိ ဖွံ့ဆိုသလို ပြည့်ဖြိုးလျှံမောက် အသိပျောက်ပြီး ဥဒါန်းကျူး၍ သတိလစ်ကာ လဲကျသွားလေ၏။ သခင်သိစိတ်ပြန်ဝင်လာသောအခါတွင် ဦးခေါင်းခွံကို နမ်းရှုပ်ကာ ဤဦးခေါင်းခွံသည် အရှင့်ဘာဝနာအတွင်း၌နစ်မြုပ်နေသဖြင့် အတ္တကွယ်သွားသော ဆူဖီသူတော်စင်၏ဦးခေါင်းဖြစ်ချေမည်ဟု မှတ်ချက်ချခဲ့၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ အသခ်တရှင်အလ္လာဟ်ဟူသည်မှာ တရားကျင့်ပြီးမှ ဘုရားအဖြစ်ကိုရောက်ရသည့် မနုဿဘုရား သခ်တဘုံသား လာလေးလားမှမဟုတ်သဖြင့် အလ္လာဟ်အဖြစ်ရောက်အောင် ကျင့်ကြံအားထုတ်ခြင်းဟူ၍ အစ္စလာမ်ဓမ္မ၌ မရှိပေ။ မည်မျှပင်ဉာဏ်စင်မြင့်မားသည့် အရိယပုဂ္ဂိုလ်ဖြစ်စေကာမူ 'အဗ္ဗ'(ကျွန်)သာလျှင်ဖြစ်၏။ 'ဘန္ဒာ'(အရှင့်အား အိဗာဒတ်ပြုသူ) သာလျှင်ဖြစ်၏။ 'မခလုက္ခ'(ဖန်ဆင်းခံ)သာလျှင်ဖြစ်၏။ 'အဗ်ဒ်'သည် 'ရဗ္ဗ' ဘယ်နည်းနှင့်မျှ မဖြစ်နိုင်၊ 'အာဗိဒ်'သည် 'အလ္လာဟ်'အဖြစ်သို့ မရောက်နိုင်'မခလုက္ခ' မှာ 'ခါလစ်' နေရာကို မယူနိုင်ပေ။*

*သို့သော် အထက်ဘာသာပြန်သူမှတ်ချက်တို့၌ ရှင်းပြထားသလို 'ဘကာဘီလ်လာ'စခန်းသို့ မရောက်သေးဘဲ 'ဖနာဖီလ်လာ'စခန်း၌သာရှိနေသူ တရားသမားသည် ပရမတ်ကိုသာမြင်၍ ပညတ်မှာ ဖုံးကွယ်လျက်ရှိ၏။ အဆိုပါတရားသမားသည် ခေတ္တယာယီတည်နေသည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့၏ဖြစ်တည်မှုကို အသိအမှတ်မပြုတော့ချေ။ သူ့၌ သိစိတ်ပျောက်နေ၏။ သူမြင်သည်မှာ ရုပ် နာမ် ဓမ္မ သင်္ခါရတို့နှင့် ကင်းစင်လွန်မြောက်တော်မူသော အသခ်တဂုဏ်တော်ရှင် အလ္လာဟ်အရှင်တစ်ဆူတည်းကိုသာလျှင်ဖြစ်၏။ ထို့ကြောင့် အဆိုပါပုဂ္ဂိုလ်ထူးတို့၏ ဥဒါန်းကျူးရင့်မှုကို လုံးကောက်တိုက်ရိုက်အဓိပ္ပါယ်ကောက်ယူ၍ မရပေ။ ဥဒါန်းကျူးစဉ်အခါ၌ ပညတ်ကို ပရမတ်ဖုံးနေသဖြင့် 'ငါ'ဟုဆိုရာတွင် မမြဲသည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့နှင့် ဖွဲ့စည်းထားသည့် မိမိခန္ဓာကိုယ်ကို ဆိုလိုခြင်းမဟုတ်၊ အဆိုပါပုဂ္ဂိုလ်ထူးတို့ ကျူးရင့်*

လိုက်သည့် 'ငါ'မှာ ငါမဟုတ်သော 'ငါ'ဖြစ်၏။ 'ငါ'ပျောက်၍ 'ငါ'တောက်နေသော 'ငါ'ဖြစ်၏။ အလ္လာဟ်ဗီဇ အသခ်တတစ်ခုတည်းကိုသာလျှင် ဉာဏ်ဝင်စား နေသည့် အဆိုပါပုဂ္ဂိုလ်ထူးသည် သူမြင်ရာ သူဉာဏ်ဝင်စားရာကိုသာလျှင် ဉဒါန်းကျူးခြင်းဖြစ်၏။ ဤတရားသဘောကို မကျေလည်ပါက အယူတိမ်းကာ မိစ္ဆာဒိဋ္ဌိအယူမှားဘက်သို့ ရောက်သွားနိုင်၏။

မိမိအတ္တ ကွယ်ပျောက်နေသော သူတော်စင်တို့၏အဖြစ်ကို ကျမ်းမြတ်ကုရ်အာန်တွင် အလ္လာဟ်အရှင်မြတ်က မဟာလူသားစံပြသူတော်စင် တမန်တော်မြတ်ကြီးအား ပြယုတ်အဖြစ်စံထားကာ ဖော်ကျူးထား၏။ အဆိုပါအရှင့်အနားသို့ ချဉ်းကပ်ခွင့်ရသည့် 'အလ်မုကရဘွန်'အနတ္တဉာဏ်ရှင်တို့တွင် 'ငါ'တည်းဟူသော အတ္တ လုံးဝကွယ်ပျောက်နေပုံကို အောက်ပါအတိုင်းဖော်ညွှန်းထား၏။

**" အကယ်စင်စစ် (အို– တမန်တော်)သင်သည် (၎င်းတို့အား သဲများဖြင့်) ပက်ခဲ့စဉ်ကလည်း၊ အသင် ပက်ခဲ့ခြင်းမဟုတ်၊ အလ္လာဟ်အရှင်မြတ်ပင် ပက်တော် မူခဲ့လေသည်။ " [ ကုရ်အာန် ၈း ၁၇ ]**

**" သင်၏လက်အပေါ်၌ အလ္လာဟ်အရှင်မြတ်၏လက် ရှိတော်မူ၏။ " [ ကုရ်အာန် ၄၈း ၁၀ ]**

အဆိုပါ အနတ္တဉာဏ်ရှင်များနှင့်ပတ်သက်၍ ဘူခါရီကျမ်းတော်၌ အောက်ပါ အတိုင်း ဖော်ပြထား၏။

" . . ဤသူတို့ကြားခြင်း၊ မြင်ခြင်း လှုပ်ရှားခြင်းမှန်သမျှသည်၊ ငါ၏ ကြားခြင်း၊ မြင်ခြင်း၊ လှုပ်ရှားခြင်းတို့ဖြစ်၏ "ဟု ပါရှိလေ၏။

ဆူဖီ၏ဦးခေါင်းခွံ၌ ရေးသားထားသော သစ္စာကထာကိုစိုင်ယေ့ဒေနာရှိက်ခ် အဗ္ဗဒွလ်ကာဒရ် ဂျီလာနီသခင်ကြီး၏ခမည်းတော် 'အဘူ စွလေဂျန်ဂီဒွတ်စ်'သခင်၏ ထေရုပတ္တိမှ မယ်တော်နှင့် တွေ့တော်မူခန်းဖြင့် နှိုင်းယှဉ်လေ့လာကြပါကုန်။ ဘိုးတော်က မိမိသမီး၌ ခြေလက်မရှိ၊ ဆွံ့အ၊ နားမကြား၊ မျက်မမြင်ဖြစ်သည်ဟု မိန့်ကြားခြင်း၏ တရားကိုယ်သဘောကို ဉာဏစက္ခုဖြင့် နက်နက်ရှိုင်းရှိုင်းငုတ်လျှိုးကြည့်ပါက ပရမတ်သဘောထင်ပေါ်လာမည့်ကဲ့သို့ 'ငါ'ပျောက်နေသည့် အနတ္တဉာဏ်ရှင် ဆူဖီသူတော်စင်က နား မျက်စိ လျှာတို့ မရှိပါဟု ရေးသားထားခြင်းကိုလည်း ပရမတ်ဆတ်ဆတ် ဉာဏ်ကျက်စားပါက တရားစစ် တရားမှန် တရားထူး တရားမြတ်ကို တွေ့ရပေမည်။

ဗာယဇီဒ်သခင်ကြီးက အရှင့်ဘာဝနာပွားများရာတွင် ခမ္မရသမခံစားရသူသည် လောကီအာရုံကာမဂုဏ်တို့တွင် ငြိတွယ်နေသူဖြစ်၏။ အရှင့်ဘာဝနာ၌ အရသာ တွေ့သောသူသည် လမ်းလိုက်သူ ဓမ္မခရီးသည်တို့အား မမြဲသည့် ရုပ် နာမ် ဓမ္မ သခ်ါရတို့အပေါ်တွင် မတွယ်မိအောင် အစဉ်သတိပေး အကြံပြုနေ၏။ ကိလေသာ နွံအတွင်း၌ နစ်မွန်းနေသည့် လူ့အသိုင်းအဝိုင်းသည် အရှင်မြတ်ကို လစ်မေ့စေ၏ "ဟု မိန့်ကြားခဲ့၏။

ဗာယဇီဒ်သည် ဝတ်ကျောင်းတော်သို့ဝင်တိုင်း အပေါက်ဝ၌ရပ်ကာ ငိုကြွေးလေ့ရှိ၏။ အကြောင်းကိုမေးကြည့်ရာ၊ ဝတ်ကျောင်းတော်တွင်းဝင်မည့်အချိန်တိုင်း၌ မိမိကိုယ်မိမိ ဓမ္မတာရာသီလာနေသည့် အမျိုးသမီးထက်ပင် မသန့်ရှင်းသူပါတကားဟု အောင့်မေ့ကာ ဝတ်ကျောင်းတော်အား မိမိမသန့်ရှင်းမှုနှင့် ညစ်ထေးသွားမည်ကို စိုးရိမ်ကာ ငိုကြွေးခြင်းဖြစ်သည်ဟု ဖြေကြား၏။

*ဘာသာပြန်သူမှတ်ချက်* ။ ။ *အထွဋ်အထိပ်ကို ရောက်ရှိနေသည့် သူတော်စင်တို့တွင် မာန်မာန ကင်းရှင်းပြီး မိမိ၏ပေါက်ရောက်မှုအပေါ်တွင် ဂုဏ်မမောက်ကြောင်းကို ဤအဖြစ်အပျက်က သက်သေထူနေပေသည်။*

တစ်နေ့သောအခါ၌ ဗာယဇီဒ်သခင်ကြီးသည် မက္ကာရွှေမြို့တော်သို့ ဟဂျ်ပြုရန်ကြွရောက်စဉ် လမ်းခုလတ်၌ ဖန်ဂျ်ဒေသမှ ဘုရားဖူးတစ်ဦးနှင့်စုံမိရာ ထိုသူက " သင်သည် သင်၏မွေးရပ်မြေ ဘစ္စတန်မ်၌ အရှင်မြတ်ကိုစွန့်ထားခဲ့ပြီး မက္ကာသို့ ဟဂျ်ဝတ်ပြုရန် လာခဲ့ပါတကား"ဟုဆိုလေရာ၊ ဗာဝဇီဒ်သခင်ကြီးက ဘစ္စတန်မ်သို့ လှည့်ပြန်ခဲ့လေသည်။

*ဘာသာပြန်သူမှတ်ချက်*။ ။ *ဟဂျ်ကျင့်စဉ်မှာ တစ်သက်တွင် အနည်းဆုံးတစ်ကြိမ် တတ်ကုန်သူများအတွက် မလုပ်မနေရ တာဝန်ဖြစ်၏။ ဗာယဇီဒ်သခင်သည် ဤတာဝန်ကို အကြိမ်ကြိမ်ဖြည့်ဆည်းပြီးဖြစ်၏။ အထက်မော်ပြပါဖြစ်ရပ်မှာ အသခ်တဂုဏ်တော်ရှင်သည် နေရာအနှံ့ လွှမ်းခြုံထားတော်မူသည်ဟူသော ဉာဏ်ပေါက်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်၏။*

တစ်ကြိမ်၌လည်း ဗာယဇီဒ်သခင် ဟဂျ်ပြုရန်ကြွသွားစဉ် လမ်း၌ သူဆင်းရဲတစ်ဦးက လမ်းစရိတ်အတွက် သခင်၌ငွေမည်မျှပါကြောင်းမေးမြန်းရာ၊ သခင်က ဒီနာ နှစ်ရာပါကြောင်းဖြေကြားခဲ့၏။ သူဆင်းရဲက သူနှင့်သူ့မိသားစုမှာ အလွန်ဆင်းရဲဒုက္ခရောက်နေပြီး စားရမဲ့ သောက်ရမဲ့ဘဝတွင်ရှိနေကြောင်း၊ ယင်းငွေနှစ်ရာကို သူ့အားပေးပြီး၊ ဗာယဇီဒ်သခင်သည်သူ့ကို (၇)ပတ်ရစ်ပတ်ကာပြန်ပါလျှင် အလွန်အကျိုးထူးမည်ဖြစ်ကြောင်းပြောရာ၊ သခင်ကလည်း ထိုအတိုင်းဆောင်ရွက်ခဲ့၍ အလွန်ဆန်းပြားသည့် ဓမ္မရသထူးတို့ကိုရရှိကာ မြင့်မားသည့် ဓမ္မစခန်းသို့ပေါက်ရောက်ပြီး နက်နဲသည့်ဉာဏ်စင်များ ပွင့်လင်းလာ၏။ ထို့နောက်ပိုင်းတွင် ဗာယဇီဒ်သခင်ကြီး၏ ပီတိသောမနဿဝေဒနာကျနေသော စိတ်အစဉ်မှ ပွင့်အံထွက်ပေါ်လာသည့် ပဟေဠိဆန်လှသော၊ တိုက်ရိုက်လုံးကောက်အဓိပ္ပါယ် မကောက်စကောင်းသော အချစ်နှင့်ယစ်မူးနေသည့် စကားတို့မှာ သာမန်ပုထုဇဉ်တို့အတွက် နားလည်ရန်ခက်သည့်အပြင် လွဲမှားသောအနက်တို့ကိုလည်း ကောက်ယူနိုင်အောင်ဖြစ်လာခဲ့၏။ အချို့ဆိုလျှင် သခင့်ကို

အယူမှားသူ မိစ္ဆာဒိဋ္ဌိအဖြစ် ကင်ပွန်းတပ်ကာ ဘစ္စတန်မ်မှ နှင်၍ပင် ထုတ်ခဲ့ကြသည်။ ယင်းသို့နှင် ထုပ်ခံရသောအခါတွင်သခင်က " ဤအကောင်းမွန်ဆုံးအရပ်၌ အဆိုးဝါးဆုံး နေထိုင်သူမှာ ဗာယဇိဒ်ဖြစ်ပါသည်'ဟု မှတ်ချက်ချခဲ့၏။

ဗာယဇိဒ်သခင်ဘာဝနာပွားသည့်အခါတွင် နံရံရှိအပေါက်များအားလုံးကို ပိတ်ထားလေ့ရှိ၏။ အရှင့်ထံမှ ဉာဏ်စဉ်ချီးမြှင့်မှုကို စောင့်မျှော်ရာတွင် ပြင်ပ အသံဗလံများကြောင့် မိမိ၏စိတ်အား အနှောင့်အယှက်ဖြစ်စေပြီး၊ ဉာဏ်စင်မြင့်တက်ရာတွင် အဟန့်အတားဖြစ်စေမည်ကို စိုးရိမ်သောကြောင့်ဖြစ်၏။

ဟဇရည် အီစာသခင်ကြီးက " ကျွန်ုပ်သည် ဗာယဇိဒ်သခင်ကြီးနှင့် နှစ်ပေါင်း (၃၀)အတူနေထိုင်ခဲ့ရာ၊ ယင်းအချိန်အတွင်း၌ သခင်စကားပြောဆိုခဲ့သည်ကို မကြားခဲ့ရပေ။ သခင်သည် ဒူးနှစ်ခုကြား၌ ဦးခေါင်းစိုက်ကာနေတတ်ပြီး၊ တစ်ခါတစ်ရံ ဦးခေါင်းမော့ကာသက်ပြင်းချလေ့ရှိ၏ "ဟု ပြောကြားခဲ့ဖူး၏။

အခါတစ်ပါး၌ ဗာယဇိဒ်သခင်သည် ပီတိသောမနဿ ဇေတ်ကတ္တကျခါ " ငါ၏ဘုန်းတော်နှင့် သန့်စင်မှုအပေါင်းကို ရှုကြကုန်လော့ "ဟု ဥဒါန်းကျူးရင့်ခဲ့၏။ သခင်သိစိတ်ပြန်ဝင်လာသောအခါတွင် တပည့်တို့က အဘယ်အကြောင်းကြောင့် ကျမ်းတော်နှင့်ဖီလာဆန့်ကျင်သည့် မိစ္ဆာဒိဋ္ဌိဖြစ်စေနိုင်သောစကားတို့ကို ပြောဆိုပါသနည်းဟု မေးလျှောက်ရာ သခင်က " ကျွန်ုပ်ဟောပြောခဲ့သည်ကို ကျွန်ုပ်မသိပါ။ နောက်တစ်ကြိမ်ဤသို့ပြောပါက ကျွန်ုပ်အား ဓါးဖြင့်ခုတ်သတ်ပါလော့"ဟု မိန့်ဆိုလေ၏။ ဒုတိယအကြိမ်သခင်ကြီး ဇေတ်ကတ္တကျကာ ဥဒါန်းကျူးစဉ်တွင် တပည့်သာဝကတို့ ဓါးကိုယ်စီဆွဲကာ သခင့်အမိန့်အတိုင်းခုတ်ရန်ပြေးလာသော်လည်း ဗာယဇိဒ်သခင်၏ကိုယ်ခွဲ ရာပေါင်းများစွာကိုမြင်တွေ့နေရပြီး မည်သည်မှာ ဗာယဇိဒ်အစစ်ဖြစ်သည်ကို ခွဲခြားလို့မရရှိဘဲရှိနေ၏။ ထိုအခါ မြင်မြင်သမျှသော ဗာယဇိဒ်၏ရုပ်ပုံလွှာတို့ကို တပည့်များက ထိုးခုတ်လေတော့သည်။ သို့သော်လည်း ဗာယဇိဒ်သခင်ကြီး၌ မည်သည့် ဒဏ်ရာမျှမရဘဲ၊ သခင့်ကိုယ်ပွားများသည်လည်း ခန္ဓာတစ်ခုတည်းအဖြစ် ပြန်ပေါင်းစုံသွားသည်။ ဤထူးဆန်းသောဖြစ်ရပ်ကို တပည့်များက မေးမြန်းလျှောက်ထားရာ၊ သခင်က " ဗာယဇိဒ်အစစ်မှာ သင်တို့ယခုပေစ္စက္ခမြင်တွေ့နေရသည့် သင်တို့၏ မျက်မှောက်၌ ရှိသူဖြစ်၏။ ယင်းသည် သင်တို့ ပထမဦးဆုံးမြင်တွေ့ခဲ့ရသည့် ဗာယဇိဒ်လည်းမဟုတ်၊ သဏ္ဌာန်အမျိုးမျိုးကွဲပြားပြီး မြင်တွေ့ခဲ့ရသည့် ကိုယ်ခွဲများလည်း မဟုတ်ပေ။ "

*ဘာသာပြန်သူမှတ်ချက်။ ။ အထက်ပါဖြစ်ရပ်မှာ ဆူဖိမေ္မ၏အနှစ်အသားဖြစ်သည့် 'ဝဟ်ဒတုလ်ဝုဂျူးဒ်' (သစ္စာတရားသည် တစ်ခုတည်းသာဖြစ်သည်၊ ကျန်အရာမှန်သမျှသည် ယင်းသစ္စာတရားနှင့်တကွသာလျှင်ဖြစ်နေ၏။ [တစ်နည်း] မမြဲသည့် ရုပ် နာမ် ဓမ္မ သင်္ခါရဓါတ်တို့မှာ အသခ်တဓါတ်နှင့်သာလျှင် ဖြစ်တည်နေသည်။) ဒေသနာတော်ကို လက်တွေ့သရုပ်ဖော်ပြသချက်ဖြစ်ပါ၏။ အလ္လာဟ်မှအပဖြစ်သော 'မာစီဝလ္လာဟ်' 'ဂိုင်ရ်အလ္လာဟ်'ဖြစ်သည့် မမြဲရာ ရုပ်ကလာပ်နှင့် နာမ်ဓါတ်တို့မှာ အလ္လာဟ်နှင့်တကွသာလျှင်ဖြစ်တည်နေရပြီး၊ တစ်ကယ် (ပရမတ်သဘောအရ)တည်ရှိမှု 'ဝဂျူဒ်'မှာ အသခ်တဂုဏ်တော်ရှင်အလ္လာဟ်အရှင်မြတ်၏ 'ဝဂျူဒ်'သာလျှင်ရှိ၏။ ဖြစ်ပျက် အနိစ္စ သင်္ခါရ တရားတို့နှင့် ယှဉ်နေသည့် စကြဝဠာအနန္တမှ ရှိရှိသမျှသော ရုပ် နာမ် ဓမ္မ သင်္ခါရတို့မှာ တစ်သီးတစ်ခြား ကိုယ်ပိုင်ဖြစ်တည်မှုသည် မရှိနိုင်ပေ။ ဤအယူအဆသည် အစ္စလာမ့်တရား၏အနှစ်အသားဖြစ်သည့် 'သောင်ဟီဒ်' ဓကောဓမ္မော (ပရမတ္တသစ္စာတရား၏ ဖြစ်တည်မှုတစ်ခုတည်းသာလျှင် အမှန်တစ်ကယ်တည်ရှိပြီး၊ ကျန်အရာမှန်သမျှမှာ အဆိုပါ သစ္စာဓမ္မနှင့်တကွ 'အစ်လလ်လာ'သာလျှင်ဖြစ်ကြ၏ဟူသော တရားဖြစ်၏။*

*ဤ 'ဝဟာဒတ်တုလ်ဝုဂျူးဒ်'တရားမြတ်ကို ဟာဂျီမှန်သခင်ကြီးက မြတ်ဆုရလင်္ကာကျမ်း၌ ဤသို့သီကုံးဖော်ကျူးထား၏။*

*" အစသူရှိ ယခုရှိ၊ ဆုံးဘိသူချည်းသာ"*
*" သည်ကိုယ်လေးခု၊ ဖွနာပြု၊ မည်သည့်အရိပ်ပါ"*
*"သုတင်္ငြိမ်းလို ဓါတ်ကိုဖြို၊ ကျန်ဆိုမှုလသာ"*
*" ဖြစ်လာပျက်ကြ၊ ဟူသမျှ၊ နာမတစ်ထောင်မှ"*
*" အခြားအခြား၊ ကွဲ၍ပြား၊ ပေါင်းငြားတစ်ခုသာ ။*
*" လမှာတစ်စင်း၊ တိုက်တိုင်းလင်း၊ မယွင်းပုံပမာ"*
*" မှန်တရားခင်း၊ ကြည့်ကုန်လျှင်း၊ မှန်တွင်းရိပ်တရာ"*

အခါတစ်ပါး၌ ဗာယဇီဒ်သခင်ကြီးသည် ပန်းသီးတစ်လုံးလက်ထဲကိုင်ထားပြီး " အလွန်ကောင်းတဲ့ အသီးပါလား"ဟု မှတ်ချက်ချလိုက်ရာ၊ အရှင်မြတ်က "အသခ်တရှင်အား ချီးကျူးရမည့်အစား သင်္ခတဖြစ်သည့် သစ်သီးကို အသင်ချီးကျူးသလော" ဟု ဗာယဇီဒ်သခင်အား သတိပေးခဲ့၏။ ဗာယဇီဒ်သခင်၏ ဤသို့ သတိမေ့လျော့မှုကြောင့် ရက်ပေါင်း(၄၀)တိုင်တိုင် သခင်သည်ဘာဝနာစခန်း၌ ဓမ္မရသတို့မရရှိခဲ့ပေ။ ဤသည်မှစ၍သခင်သည် ဘစ္စတန်မှ မည်သည့်သစ်သီးမှ မစားတော့ရန် ဆုံးဖြတ်ခဲ့၏။

ဗာယဇီဒ်သခင်သည် ဗလီဝတ်ကျောင်းတော်တစ်ခုတည်း၌ နှစ်ပေါင်း(၄၀)တိုင်အောင် တရားဘာဝနာပွားများခဲ့သည်။

ဟာယဇီဒ်သခင်က ဤသို့မိန့်တော်မူ၏။

“ ကျွန်ုပ်သည်နှစ်ပေါင်း(၃၀)တိုင်အောင် “ပရမတ္တသစ္စာတရား၏ မူလဘူတ ပင်ရင်းအစဖြစ်သည့် အသခ်တဂုဏ်တော်ရှင်)အလ္လာဟ်အရှင်အား ရှာဖွေခဲ့၏။ သို့ သော်တစ်ကယ်တန်း ကျွန်ုပ်ပြန်လည်ဆန်းစစ်ကြည့်သောအခါ အရှင်သည် ရှာဖွေသူဖြစ် ပြီး၊ ကျွန်ုပ်မှာ အရှာဖွေခံသာလျှင်ဖြစ်နေကြောင်း တွေ့ရ၏။

---

ဟာယဇီဒ်သခင်၏ နောက်မိန့်မှာချက်တစ်ခုမှာ–

“ အရှင်မြတ်၏နာမတော်ကို တသ၍ဉာဏ်ပွားများရသည့် ဂုဏ်တော်ကမ္မဋ္ဌာန်း ကို စီးဖြန်းမှုမပြုမီ ကျွန်ုပ်သည် နှုတ်ကို သုံးကြိမ် သုံးခါဆေးကြောခဲ့၏။ ယင်းအလေ့ အထကို နှစ်(၃၀)တိုင်အောင် ကျွန်ုပ်ပြုလုပ်ခဲ့ပါသည် ”ဟူ၍ဖြစ်လေသည်။

---

“ သစ္စာဓမ္မ၏ မဂ္ဂလမ်းကြောင်း၌ လျှောက်လှမ်းရာတွင် တွေ့ကြုံရသည့် အကြီးမားဆုံး အကာအဆီး အဟန့်အတားမှာ မည်သည့်အရာဖြစ်ပါသနည်း”ဟု လူတို့က မေးလျှောက်လာသောအခါတွင်၊ သခင်က “ အရှင့်ကရုဏာတော်ကင်းခဲ့ပါ လျှင် နှလုံးသားအား အရှင့်ဘက်လှည့်ရန် အလွန်ခက်ခဲပါမည်။ အရှင့်ကရုဏာတော်နှင့် ဆိုပါလျှင် ဓမ္မလမ်းကြောင်း၌ အခက်အခဲမရှိ၊ ကြိုးပမ်းအားထုတ်ရမှုသိပ်မရှိဘဲ သွက်လက်လျှင်မြန်စွာ ခရီးပေါက်နိုင်၏”ဟု ပြန်လည်မိန့်ကြား၏။

---

ဟာဇရသ် အဗူတရားဗ်ဗာခ်ရီသခင်ကြီးသည် သူ၏တပည့်သာဝကတို့အား ဉာဏ်စင်အလွန်မြင့်မားသည့် ဗာယဇီဒ်သခင်ကြီးထံ သွားရောက်ဂါရဝပြုရန် အမြဲအကြံ ပေး စေ့ဆော်လေ့ရှိ၏။ ဗာယဇီဒ်သခင်ကြီး၏ သီလ၊ သမာဓိ၊ ပညာ ထွန်းတောက် မြင့်မားမှုကြောင့် သူ့ထံချဉ်းကပ်သူတို့အား သခင်တစ်ချက်မျှ ရှုကြည့်လိုက်ပါက ကြီးစွာသောအကျိုးတရား ‘ဖိုက်ဇ်’(ဓမ္မဓါတ်လှိုင်းတို့ ကူးဆက်ပြန့်ပွားမှု)ကို ဖြစ်ထွန်း စေ၏။

သို့သော် အဗူတရားဗ်၏အချစ်ဆုံးတပည့်ကမူ သူသည် အလ္လာဟ်အရှင်မြတ်၏ တည်ရှိမှုကို နေ့စဉ်နှင့်အမျှ ဉာဏ်ဝင်စားနိုင်သည့်အဆင့် ရပြီးဖြစ်၍ ဗာယဇီဒ်သခင် အနေနှင့် သူ့ဉာဏ်စင်စခန်းမြင့်တက်ရေးအတွက် မည်သို့အထောက်အပံ့ပေးရန် စွမ်းဆောင်နိုင်ပါသေးသနည်းဟု စောဒကတက်ရာ၊ ဥပဇ္ဈာယ်ဆရာရင်းဖြစ်သည့် အဗူတရားဗ်သခင်က– “ အို– ချစ်တပည့်၊ မောင်မင်းသည် ယခုအချိန်အထိ အလ္လာဟ်အရှင်မြတ်၏တည်ရှိမှုကို မောင်မင်းပေါက်ရောက်နေသည့် ဉာဏ်စင်အဆင့် မျှလောက်နှင့်သာ မျက်မှောက်ပြုနိုင်သေးသည်။ ဗာယဇီဒ်သခင်၏ ခြေတော်ရင်း၌

ခိုလှုံလိုက်ပါမူ၊ အလ္လာဟ်အရှင်မြတ်ကို ဂုဏ်တော်အနန္တနှင့် ထိုက်တန်သော အနေအထားအတိုင်း ပြည့်စုံကုံလုံစွာ ထိုးထွင်းသိမြင်နိုင်သည့် ဝိဇ္ဇာဉာဏ်အလင်း ပွင့်လင်းလာပေအံ့။ ဓမ္မစခန်းတွင် ဉာဏ်စဉ်စခန်းအဆင့်ဆင့်ရှိ၍ ဝိဇ္ဇာဉာဏ်သိမြင်ပေါက်မြောက်မှုတွင်လည်း အနုအရင့်၊ အနိမ့်အမြင့်ဟူ၍ အဆင့်အမျိုးမျိုးရှိ၏။ တရားစီရင်တော်မူသည့်နေ့၌ အလ္လာဟ်အရှင်မြတ်ကို မဟာလူသားများဖြစ်ကြသည့် တမန်တော်မြတ်တို့(ဝိဇ္ဇာဉာဏ်မျက်စိဖြင့်)ဖူးတွေ့ရသည့် အနေအထားအတိုင်း အခြားလူသားတို့ ဖူးတွေ့ရမည်မဟုတ်ကြောင်းမောင်မင်းမသိပေဘူးလော”ဟု ဩဝါဒခြွေ၏။ တပည့်လည်း တရားရပြီးနောက် မိမိဆရာသခင်နှင့်အတူ ဗာယဇီဒ်သခင်ထံသွားရန်သဘောတူလိုက်၏။ ဗာယဇီဒ်သခင်ကြီးနေအိမ်သို့ရောက်သောအခါ သခင်ကြီးရေခပ်သွားကြောင်းကြားသိရ၍ ရေခပ်ရာသို့ ၎င်းတို့လိုက်သွားကြ၏။ ဗာယဇီဒ်သခင်ကြီး၏ မျက်နှာတော်ကိုကြည့်လိုက်ရသည်နှင့်အဗူတရားဗ်သခင်၏တပည့်သည် လောကုတ္တရာရှာနိ၏အရှိန်အဟုန်ကို မထိန်းနိုင် တော့ဘဲ ပီတိသောမနဿတို့ ယိုဖိတ်ကာ တစ်ချက်မျှ ဓမ္မဥဒါန်းကျူးရင့်ပြီးလဲကျ ကာ ခေမာသောင်ကမ်းအမြိုက်နန်းသို့ ကူးပြောင်းသွားတော့သည်။ ထိုအခါ ဆရာ ဖြစ်သူ အဗူတရားဗ်သခင်က “ အို- ဗာယဇီဒ် အဘယ်သို့နည်း၊ ကျွန်ုပ်တပည့်ကို အဆွေတစ်ချက်ကြည့်ရုံမျှနှင့် ကိစ္စပြီးသွားအောင် ပြုလုပ်လိုက်ပါတကား” ဗာယဇီဒ်သခင်က “ အို- အဗူတရားဗ်၊ အဆွေ့တပည့်သည် အလွန်မြင့်သောဉာဏ်စဉ်သို့ ရောက်နေပါ၏၊ ဓမ္မစခန်းကို ဆုံးခန်းတိုင်စိုက်ရန်နှင့် ဝိဇ္ဇာဉာဏ်အလင်းပြီးပြည့်စုံစွာ ထိုးထွင်းပွင့်လင်းရန် ခြေတစ်လှမ်း (တစ်နည်း) တစ်စခန်းသာကျန်တော့၏။ ကျွန်ုပ် အားမြင်တွေ့လိုက်သောအခါတွင် ထိုကျန်ရှိသောစခန်းကို သူဖြတ်ကျော်သွား၏။ သူသည်အဆုံးစွန်သော ဓမ္မပန်းတိုင်ကို မျက်မှောက်ပြုခဲ့သော်လည်း၊ သူ့ရုပ်ခန္ဓာကိုယ်သည် အဆိုပါ အဓ္ဓိမ ဓမ္မစခန်းဆုံး၏ ဓမ္မစွမ်းအားများ ထွန်းတောက်ဝေဖြာမှု (တစ်နည်း) လောကုတ္တရာရှာနိ၏အရှိန်အဟုန်ကို ခံနိုင်ရည်စွမ်းမရှိသဖြင့် ရုပ်ကြမ်းခန္ဓာကိုစွန့်ကာ အရှင့်ရွှေစက်တော်အောက် ခိုဝင်ရောယှက် ပေါင်းဖက်သွားခြင်းဖြစ်၏။ ဇိုလိုင်ခါသခင်မ၏ အပျိုတော်များ ယူစွဖ်သခင်၏မျက်နှာတော်ကို ဖူးတွေ့ရသောအခါ၊ သူ့တို့ကိုင်ထားသောဓါးများဖြင့် သူတို့လက်များကိုပြန် လှီးဖြတ်မိသကဲ့သို့ပင်တည်း။ ယူစွဖ်သခင်၏ ဓမ္မအလှတရားတို့နှင့် ထွန်းလင်းတောက်ပကာ သပ္ပါယ်ကြည်ညိုဖွယ်ရာ ရုပ်အဆင်းတော်ကြောင့် သူတို့သည် သိစိတ်ပျောက်ခဲ့ကြသည်မဟုတ်ပါလော။

ဟာဇရည် ယဟ်ယာဗင်မအာသ်ရာဇီသခင်ကြီးသည် ဗာယဇီဒ်သခင်ကြီးထံပါးသို့ ဓမ္မသဝဏ်လွှာ ဤသို့ပါးခဲ့၏။

“ နိစ္စထာဝရအမြိုက်ရေအေးအမတဆေးကို သောက်သုံးခဲ့သဖြင့် ယစ်မူးနေမည့်ပုဂ္ဂိုလ် (မအားသ်ရာဇီသခင်ကြီးက မိမိကိုယ်ကိုမိမိဆိုလိုရင်းဖြစ်၏)ကို အဆွေတော်မည်သို့ ပြောပါမည်နည်း။ ” ထိုအခါ ဗာယဇီဒ်သခင်က ဤသို့ပြန်ကြားခဲ့၏။

" လောကီလောကုတ္တရာ နှစ်ဘဝနှစ်ဌာနမှ အမတရေအေးအမြိုက်ဆေးကို အားပါးတရ အလျှံပယ်အောင် သောက်သုံးထားသော်လည်း နောက်ထပ်အာသာငမ်းငမ်း သောက်သုံးလိုသေးသည့် လူတစ်ယောက် (ဇာယမိဒ်သခင်က မိမိကိုယ်ကိုမိမိ ဆိုလိုရင်းဖြစ်၏) ရှိကြောင်း အဆွေတော်သိပါသလော"

ဟာဇရယ် ရာဇီသခင်က တစ်ဖန် ဤသို့ သဝဏ်လွှာပါးပြန်၏။

" အဆွေတော်နှင့် ဓမ္မနှီးနှောစရာ ကျွန်ုပ်၌ရှိနေ၏။ သို့သော် ခေမာသောင်ကမ်း နိဗ္ဗာန်၏ဥယျာဉ်တွင်း၌ ကျွန်ုပ်တို့နှစ်ယောက်စံမြန်းကြသောအခါကျမှသာလျှင် အဆိုပါဓမ္မရသကို ဖလှယ်ပါမည်။ ယခုအဆွေတော် သုံးဆောင်ဖို့ အမတသုခဘုံမှ ရေစင်တော်ဖြင့် ဖုတ်လုပ်ထားသောမုန့်ကို ပါးလိုက်ပါသည်။ "

ဇာယမိဒ်သခင်ကြီးကလည်း ဤသို့ပြန်ကြားခဲ့၏။

" ပရမတ္ထသစ္စာဓမ္မ၏မူလဘူတ ပကတိအရှိဖြစ်တော်မူသည့် အသခ်တဂုဏ်တော်ရှင်အား မပြတ်မစဲ ဉာဏ်ဝင်စားရာအရပ်သည် အမတဘုံပင်ဖြစ်၏။ ထိုသို့သောအရပ်၌ ဓမ္မရသဖလှယ်ခြင်းသည် နိဗ္ဗာန်ဥယျာဉ်တွင်း၌ အလွန်တရာခက်ခဲနက်နဲသည့် တရားလျို့ဝှက်ချက်တို့ကို ဆွေးနွေးနှီးနှောသည်ထက် သာလွန်မြင့်မြတ်ပေ၏။ အဆွေတော်ပါးလိုက်သည့်မုန့်နှင့်ပတ်သက်၍ ပြောရပါမူ၊ ဤမုန့်ဖုတ်လိုက်ထားသည့်ဂျုံမှာ တရားသော သမ္မာအာဇီဝနည်းဖြင့် ရှာဖွေထားသောအသပြာနှင့် ဝယ် 'ူထားခြင်းဟုတ်-မဟုတ်ကို ကျွန်ုပ်မသိရပေ။ ဤမုန့်၏သန့်စင်မှုကို ကျွန်ုပ်သံသယရှိ၏။"

ဝိဇ္ဇာဉာဏ်အလင်းတို့ဖြင့် ထွန်းတောက်နေသည့် ဇာယမိဒ်သခင်ကြီး၏ ဖြေကြားချက်တို့ကိုရသောအခါတွင် ဟာဇရယ်ရာဇီသခင်သည် ဇာယမိဒ်သခင်ထံ ကြွသွားတော်မူခဲ့၏။ ဇာယမိဒ်သခင်ကို အိမ်၌မတွေ့ရ၍ ဟာဇရယ်ရာဇီသခင်သည် တစ်ညလုံးစောင့်နေသော်လည်း သခင်အိမ်ပြန်မလာခဲ့ပေ။ နံနက်မိုးသောက်သောအခါတွင် ဇာယမိဒ်သခင်ကို သချိုင်း၌ ခြေဖျားထောက်ကာရပ်ပြီး ဆုတောင်းမေတ္တာပို့နေသည်ကို ရာဇီသခင်ကြီးတွေ့ခဲ့၏။ ဇာယမိဒ်သခင်၏ဆုတောင်းကိုလည်း ဤသို့ကြားရ၏။

" အရှင့်ဘုန်းတော်ရိပ်၌ ကျွန်တော်မျိုးခိုလှုံပါသည် အိုအရှင်မြတ်၊ ထို့ပြင် ယမန့်နေ့ညက ဘာဝနာစခန်း၌ ကျွန်တော်မျိုးကြုံစုံခဲ့ရသည့် မြင့်မားနက်နဲလှသည့် ဓမ္မအတွေ့အကြုံ၏ ပရမတ်သဘောကို ကျွန်တော်မျိုးဉာဏ်ပေါက်အောင် လှစ်ဟဖွင့်ပြပေးသနားတော်မူပါ အရှင် "

ဟာဇရယ် ရာဇီသခင်သည် ဇာယမိဒ်သခင်အား နှုတ်ခွန်းမေတ္တာပို့ဆက်ပြီးနောက် ယမန်နေ့ညက သခင်ကြုံစုံခဲ့ရသည်ဆိုသော ဓမ္မအတွေ့အကြုံအကြောင်းကို မေးမြန်းလျှောက်ထားလေ၏။

ဇာယမိဒ်သခင်က " အရှင်မြတ်သည် ကျွန်ုပ်မနေ့ညက တရားဘာဝနာစီးဖြန်းနေစဉ် ကောင်းချီးမင်္ဂလာအကြိမ်နှစ်ဆယ် ချပေးသနားတော်မူခဲ့၏။ သို့သော် ဤသို့ချပေးသောအရှင့် ကောင်းချီးမင်္ဂလာသည် အရှင့်နှင့်ကျွန်ုပ်ကြား၌ ကာဆီးနေမည့်

အလွှာအဖြစ်ကျွန်ုပ်မှတ်ယူကာ ထိုကောင်းချီးတို့ကိုလက်မခံဘဲ ငြင်းဆန်ခဲ့၏”ဟုမိန့်၏။

ရာဇီသခင်ကတစ်ဖန် ‘မာရေ့ဖွသ်သေ့ အေလာဟီ’အရှင်မြတ်ကို ပရမတ်ဆတ်ဆတ်ထိုးထွင်းသိမြင်နိုင်သည့် လောကုတ္တရာဉာဏ်ကို အဘယ့်ကြောင့် သခင်မတောင်းခံပါသနည်း”ဟု ဗာယဇီဒ်သခင်ကိုမေးရာ၊ ဗာယဇီဒ်သခင်သည် တစ်ချက်မျှဟစ်အော်ပြီး “ **အဆွေရယ်လော့၊ ဤမေးခွန်းမမေးလေနှင့်၊ အရှင်မှအပ အရှင့်ပရမတ်သဘောကို မည်သူမျှမသိနိုင်သော အရှင်အား ကျွန်ုပ်က အရှင့်အဖြစ်ကိုသိလိုပါသည်ဟုမေးရန် ရှက်လှပါသည်။ ထို့ပြင် ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တနှင့်ပြည့်စုံစသောင်းစွာ ‘တောင်ဟီဒ်’ (အသခ်ဂုဏ်တော်ရှင်၏ကွဲပြားခြားနားမှု လုံးဝကင်းသည့် တစ်ဆူတည်းတည်ရှိတော်မူသောအဖြစ်)သဲဘောနှင့် စံနေတော်မူသောအရှင်၏မြင့်မြတ်ထွန်းခေါင်တော်မူလှသည့် ဘုန်းတော်စခန်းကို ကျွန်ုပ်ကျူးကျော်ဝင်ရောက်နှောင့်ယှက်ခြင်း မပြုလိုပေ။ ကျွန်ုပ်လိုတန်ဖိုးမရှိသည့် ပမွှားတစ်ယောက်အနေဖြင့်ထွန်းမြတ်သန့်စင်လှသည့် အရှင့်စခန်းကို မကျူးကျော်ဝံ့ပါ၊ အရှင်မြတ်သည်အရှင် မြတ်မှအပ အရှင်မြတ်ကို မည်သူမျှ မသိစေလိုပေ**”ဟု မိန့်တော်မူ၏။

ထို့နောက် ဗာယဇီဒ်သခင်ကြီးသည် ရာဇီသခင်အား အောက်ပါ ဩဝါဒကထာကိုချီးမြှင့်တော်မူ၏။

“ မှတ်ထားပါလော့ အို– အဆွေ၊ ပထမဦးဆုံးသောလူသားကြီးဖြစ်သည့်ဖခင်ကြီး တမန်တော်အာဒမ်၏ တောက်ပြောင်ထွန်းခေါင်လှသည့် အကျင့်ဓာဂတို့အားလည်းကောင်း၊ မဟာဗြဟ္မာ ဂျိဗ်ဗရာအီလ်၏ သန့်စင်မှုအားလည်းကောင်း၊ တမန်တော်ကြီး အိဗ်ရာဟီမ်၏ မြင့်မြတ်မှုအားလည်းကောင်း၊ တမန်တော်မူစာ၏(သစ္စာဓမ္မအပေါ်)ရော်ရမ်းတမ်းတမှုတို့အားလည်းကောင်း၊ မဟာတမန်တော်မြတ် မုဟမ္မဒ်(ဆွ)၏ မေတ္တာတော်အစုံအားလည်းကောင်း အဆွေတော်အား ပေးလာပါလျှင် ပီတိသောမနဿမကျလေနှင့်ဦး (ယင်းတို့မှာ စခန်းဆုံးပန်းတိုင် မဟုတ်၊ ယင်းစခန်းများ၌ကျေနပ်ရောင့်ရဲနေပါက၊ အရှင့်စခန်းအမြိုက်နန်းသို့ တက်လှမ်းနိုင်မည်မဟုတ်၊ထိုအခါ အဆိုပါစခန်းတို့မှာ အန္တိမအဆုံးစွန်သောစခန်းဖြစ်သည့် အရှင့်ခြေတော်ရင်း၌ ခိုဝင်ရောယှက်ပေါင်းဖက်ရသည့် ဝိဇ္ဇာဉာဏ်အလင်း ထိုးထွင်းပွင့်ပေါ်မှုအတွက်)အကာအဆီးများဖြစ်လာချေအံ့။ အရှင့်ကို အရှင့်ထံတွင်သာ ရှာဖွေပါလော့၊ အရှင့်ကိုရလျှင် ကျန်အရာအားလုံးရချေမည်။ ”

*ဘာသာပြန်သူမှတ်ချက် ။ ။ အနန္တပရမတ္ထသစ္စာဓမ္မ၏ မူလအစပကတိအရှိဖြစ်တော်မူသည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့နှင့် ကင်းစင်လွန်မြောက်တော်မူသော အသခ်တဂုဏ်တော်ရှင်၏ ‘ဇဒ်’တော်အား လူသားတို့၏သညာသိ၊ အာရုံသိ စသည့် သုတမယဉာဏ်နှင့် ဆင်ခြင်တုံတရားအပါအဝင် ဉာဏ်လွှာအဆင့်ဆင့်တို့သည် မည်သို့မျှ စောကြောနိုင်မည် မဟုတ်ပါ။ အရှင့်ကို အရှင်မှတစ်ဆင့်သာလျှင်သိနိုင်၏။ ဆိုလိုသည်မှာ အရှင့်ကိုသိရေးဟူသည့် “ မာရေဖွသ်သေ့*

အေလာဟီ" ပရမတ်ဉာဏ်ထွန်းတောက်ရန် အရှင်ပေးသနားသော တိုက်ရိုက်ထိုးထွင်းဉာဏ်ဖြင့်သာ စွမ်းနိုင်ကုန်၏။ လူ့အသိ(ဆင်ခြင်တုံတရား)ဖြင့် အရှင့်ကို မသိနိုင်၊ အရှင်ပေးသော အသိ (နဗီ၊ ရစူရ်များတွင် 'ဝဟီ'၊ ဝလီသူတော်စင်များတွင် 'အိလ်ဟာမ်' 'ကပ်ရှ်'စသည့် သယမ္ဘူဉာဏ်)ဖြင့်သာ သိနိုင်၏။)

ဗာယဇီဒ်သခင်ကြီး အလွန်အမင်းအိုလာသောတစ်နေ့တွင် တပည့်တစ်ဦးက သခင်သက်တောင့်သက်သာထိုင်နိုင်ရန် ခုံတစ်ခု လျှဒါန်းလေ၏။ သခင်က လက်မခံဘဲ ဤသို့ပြန်ကြားလိုက်၏။ " အရှင်၏ မဟာကရုဏာတည်းဟူသော 'ခုံ'မိမိအပါး၌ ရှိနေသူတစ်ဦးသည် နိမ့်ကျသည့် လောကီခုံအား အမှီသဟဲပြုရန် မလိုပေ။ ထို့အပြင် မည်သည့်ဖန်ဆင်းခံ ဝေနေယျထံပါးကမှ ကျွန်ုပ်အကူအညီလက်ခံမည် မဟုတ်ပေ။"

တစ်နေ့သ၌ ဗာယဇီဒ်သခင်ကြီးသည် လမ်းတစ်လမ်းသို့ဖြတ်သွားစဉ် ခွေးတစ်ကောင်နှင့်ဆုံမိ၏။ သခင်သည် ခွေးနှင့်ထိမိမှာစိုးသဖြင့် ဝတ်ရုံတော်ကို မလိုက်၏။ ချက်ချင်းပင် ခွေးသည် လူသားတစ်ဦးကဲ့သို့ စကားပြောလာ၏။ "ကျွန်ုပ်ခန္ဓာကိုယ်သည် ခြောက်သွေ့နေပါက သင်ကျွန်ုပ်အား ရှောင်ကွင်းနေ၍ ဘာမျှ မထူးပါ။ အကယ်၍ ကျွန်ုပ်ခန္ဓာကိုယ်သည် ရေစိုနေပြီး အသင်၏အဝတ်အစားကို ထိပေသွားပါက၊ အဆိုပါအဝတ်ကို ရေဖြင့်စင်အောင် ဆေးကြောနိုင်ပါ၏။ သို့သော် ကျွန်ုပ်အား သင်ပြသလိုက်သော မုန်းတီးမှုသည် သင်၏နှလုံးသား၌ အဖိုးထိုက်ရတနာ ပမာ သိုမှီထားသည့်အတွက် မြစ်(၇)စင်းမှ ရေတို့နှင့်ကုန်စင်အောင်ဆေးကြောလျှင် လည်း သန့်စင်နိုင်မည် မဟုတ်ပါ။ အတွင်းအဇ္ဈတ္တ၌ ကပ်ငြိနေသည့်အညစ်အထေးသည် ဆေးကြောရန်ခက်လှပါ၏တကား"

ထိုအခါ ဗာယဇီဒ်သခင်က " အို- ခွေး၊ အသင်သည် အလွန်ပင်၊ ဉာဏ်ပညာထွန်းတောက်လှပါတကား၊ ကျွန်ုပ်နှင့်ခေတ္တမျှ အတူနေထိုင်ပါလော့"ဟု ဆိုလေ၏။

ခွေးက " အို- ဗာယဇီဒ်၊ ကျွန်ုပ်အသင်နှင့်အတူ မနေနိုင်ပေ၊ တစ်လောကလုံးက ကျွန်ုပ်ကိုပြစ်တင်ရှုချပြီး၊ သင့်ကို ချီးမွမ်းထောပနာပြုနေကြပါ၏။ ထို့ပြင် ကျွန်ုပ်သည် နေ့ဖို့ညစာချန်ထားခြင်း မရှိသော်လည်း အသင်သည် တစ်နှစ်စာကောက်ပဲသီးနှံတို့ကို ကျီထဲ၌ လှောင်ထား၏"ဟု ပြန်ပြောလေ၏။

ထိုအခါ ဗာယဇီဒ်သခင်က ခွေး၏စကားမှတရားရရှိကာ ဤသို့ဆိုလေ၏။ " ကျွန်ုပ်သည် ခွေးတစ်ကောင်နှင့်နေရန်ပင် မထိုက်တန်လျှင် အဘယ်သို့ အရှင့် အနီးအပါးသို့ချဉ်းကပ်၍ အရှင့်အပါး၌ ခစားနိုင်ပါအံ့နည်း။ ကျွန်ုပ်၏ မာန်မာနနှင့် အတ္တကိုချိုးနှိမ်ပေးတော်မူသောအရှင်မြတ်ကို ချီးကျူးထောပနာပြုပါ၏၊ အရှင်မြတ်သည် ကြီးမြတ်သည့်သူများအား သေးငယ်သူများမှတစ်ဆင့် တရားအလင်းရောင် ပေးသနားတော်မူသောအရှင်ကောန်ဖြစ်ပါတကား။ "

တပည့်တစ်ဦးက ဗာယဇီဒ်သခင်အား ဤသို့အမေးပုစ္ဆာထုတ်ခဲ့၏။ သူသည် ဗာယဇီဒ်သခင်အပါး၌ ကြာရှည်စွာနေထိုင်ခဲ့သော်လည်း အဘယ့်ကြောင့် ဓမ္မစခန်းများ မြင့်တက်၍ ဉာဏ်စင်များမပေါ်ထွန်းခဲ့သည်ကို သိလိုပါသည်ဟု မေးလျှောက်ခဲ့၏။ ဗာယဇီဒ်သခင်က " မောင်မင်းသည် တိရစ္ဆာန်စိတ်ရိုင်းဖြစ်သည့် 'နဖ်စ်အမ္မရာ'အဝိဇ္ဇာ စေတသိတ်ကို နှိမ်နှင်းနိုင်ခြင်း မရှိသေးပေ။ ထို့အပြင် မောင်မင်းသည် ပြစ်တင် ရှုတ်ချခံရမှုကို မလိုလား စက်ဆုပ်ဘိသကဲ့သို့ ချီးမွမ်းခံရခြင်းကို စက်ဆုပ်မှုမရှိပေ၊ နဖ်စ်မျိုးလုံးအား တန်းတူထားပါလော့"ဟု ဖြေကြားတော်မူ၏။

—※—※—※—

ဗာယဇီဒ်သခင်က " ပေါင်မုန့်တစ်လုံး နှစ်လုံးအတွက်နှင့် အရှင်မြတ်ကို စမ်းသပ်ခြင်း မပြုလေနှင့်။ အစားတစ်လုပ်အတွက် အလုပ်လုပ်ရာ၌ အရှင့်တရားတော်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မရှိလေနှင့်"ဟု မိန့်ကြားခဲ့၏။

—※—※—※—

ဗာယဇီဒ်သခင်က "အသင်သည် ဗလာနတ္ထိသုညသာဖြစ်သည်ဟူသည့် အနတ္တ ဉာဏ်ကိုဖြစ်ပေါ်စေပါလော့"ဟု တရားပေးခဲ့၏။

တစ်စုံတစ်ယောက်က ဗာယဇီဒ်သခင်ကို " သခင်အဘယ်ကြောင့် တစ်နေရာ တည်း၌ နေထိုင်ပါသနည်း၊ ရေတို့သည် တစ်နေရာတည်း၌ အချိန်ကြာကြာလှောင် ထားပါက ရေထုညစ်ညမ်းပုတ်သိုးလာပြီး အရောင်ပြောင်းသွားကြောင်းမသိပါသလော" ဟု မေးမြန်းခဲ့ရာ ,,-

ဗာယဇီဒ်သခင်က " အသင်အဘယ်ကြောင့် မိမိကိုယ်ကို မြစ်ဖြစ်အောင် မပြောင်းခဲ့ပါသနည်း"ဟု ပြန်ဖြေကြားခဲ့၏။

—※—※—※—

တစ်ညတွင် ဗာယဇီဒ်သခင်သည် ဘာဝနာပွားရာ၌ ဓမ္မရသမခံစားရဘဲရှိနေ၏။ ထို အခါ သခင်က အိမ်၌ ဘာထူးထူးခြားခြားဖြစ်နေပါသနည်းဟု အိမ်ဖော်ကိုမေးမြန်းရာ၊ အိမ်ဖော်က အရသာရှိသော သပျစ်သီးတစ်ကိုင် အိမ်ပေါ်ရောက်နေကြောင်း ဖြေကြား ၏။ သခင်က သပျစ်သီးခိုင်ကို ဖယ်ရှားရန် ပြောကြားလိုက်၏၊ ချက်ချင်းသခင်သည် ဘာဝနာစခန်း၌ ပြန်လည်၍ သမာဓိရကာ အရသာတွေ့လာတော့၏။

—※—※—※—

မီးကိုးကွယ်သူတစ်ဦးအား အစ္စလာမ်ကိုလက်ခံကာ မွတ်စလင်မ်တစ်ဦးဖြစ်လာ ရန် မိရိုးဖလာမွတ်စလင်မ်တစ်ဦးက တိုက်တွန်းခဲ့၏။ ထိုအယူခြားသူက " အကယ်၍ အစ္စလာမ်ဓမ္မသည် ဗာယဇီဒ်သခင် ကျင့်ကြံသကဲ့သို့ဆိုပါမူ၊ ကျွန်ုပ်၌ ဤမျှကျင့်ဆောင် နိုင်ရန် သတ္တိမရှိပေ။ အကယ်၍အစ္စလာမ်ဘာသာသည် အသင်ကျင့်ကြံနေသလိုဆိုပါက ကျွန်ုပ်သည် ဤဘာသာ အပေါ်၌ ယုံကြည်မှု မရှိနိုင်ပေ"ဟု ဖြေကြားလိုက်လေသည်။

သူတော်ကောင်းတရားကို ကျင့်ကြံနေသော ပုဂ္ဂိုလ်ထူးတစ်ပါးထံသို့ အရှင်မြတ်က ဒိဗ္ဗသောတဉာဏ်(အကြားအာရုံ-အိလ်ဟမ်)အားဖြင့် ဤသို့မိန့်ကြားခဲ့၏။ “ လူတိုင်း လူတိုင်းသည် လောကီ လာဘ်လာဘတို့အား မိမိတို့အကြိုက်ကိုလိုက်၍ အမျိုးမျိုးငါ့ထံတောင်းခံခဲ့ကြ၏။ ဗာယဇီဒ်ကမူ ‘ငါအရှင်’ကိုသာလျှင် ငါ့(ငါအရှင့်ထံ)မှ တောင်းခံခဲ့၏။ ”

ဗာယဇီဒ်သခင်က “ ကျွန်ုပ်သည် ကောင်းချီးမင်္ဂလာ (ဉာဏ်စင်)များကို ပေးသနားချီးမြှင့်တော်မူသည့်အရှင့်ထံမှ ကောင်းချီး(ဉာဏ်စင်စခန်း)များကိုသာလျှင် တောင်းခံပါ၏။ တန်ခိုးသိဒ္ဓိ၊ ဈာန်အဘိညာဉ်တို့ကို တောင်းခံခြင်း မပြုပါ”ဟု မိန့်ဆိုခဲ့၏။

အခါတစ်ပါး၌ ဝတ်ပြုမှုကိုဦးဆောင်သည့် ရှေ့ဆောင်အီမာမ်တစ်ဦးက သူဦးဆောင်သောဝတ်ပြုမှု၌ပါဝင်သည့် ဗာယဇီဒ်သခင်အား “ အသင်သည် ပရိယေသနရှာမှီးရေးအတွက် မည်သည့်အသက်မွေးဝမ်းကြောင်းမှုကိုမျှ မလုပ်ကိုင်သည်မှာ ထင်ရှားလှပါ၏။ သင့်စားဝတ်နေရေးအတွက် မည်သည်က ရပါသနည်း”ဟုမေးရာ၊ သခင်က “ ပထဦးစွာ သင်၏နောက်မှ ကျွန်ုပ်ဝတ်ပြုခဲ့သည်ကို ပြန်လည်ရုပ်သိမ်းပြီးမှ သင့်မေးခွန်းကို ဖြေပါမည်။ ဝေနေယျတို့၏စားဝတ်နေရေးကို မွေးမြူဖန်ဆင်းပြုစုထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်က စီမံကြောင်းကိုမသိဘဲ၊ အရှင့်ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တကို အသိအမှတ်မပြုသူတစ်ဦးသည် ပရိသတ်‘ဂျမာအတ်’ကို ဦးဆောင်ဝတ်ပြုရန် မထိုက်တန်ပါ”ဟု ပြောကြားခဲ့၏။

လူအပေါင်းက ဗာယဇီဒ်သခင်ကို အဘယ့်ကြောင့်လူသားများအား ဓမ္မလမ်းကြောင်း၌ ထိန်းကျောင်းလမ်းညွှန်မှု မပေးပါသနည်းဟုမေးရာ၊ သခင်က - “ အရှင့်အပါးမှ ကွေကွင်းခဲ့ရသူ (ဗာယဇီဒ်သခင်က မိမိကိုယ်မိမိဆိုလိုခြင်းဖြစ်သည်) တစ်ဦးအား အရှင်က လက်ခံ လက်မခံမည်ကို မသိဘဲနှင့် အရှင့်အပါးသို့ အခြားသူများပေါက်ရောက်အောင်ပို့ပေးရန် မည်သို့တောင်းခံနိုင်အံ့နည်း”ဟု ဖြေကြားခဲ့၏။

လူတစ်ဦးက ဗာယဇီဒ်သခင်အား “ နံနက်ချိန်ခါများကို သခင် အဘယ်သို့ကုန်ဆုံးစေပါသနည်း ”ဟုမေးရာ၊ သခင်က “ ကျွန်ုပ်သည် အရှင့်ဘာဝနာ၌ စုံးစုံးနစ်မြုပ်၍ရှိသဖြင့် အတ္တကွယ်ပျောက်နေသောကြောင့် နေ့မှန်း ညမှန်း သတိမမူမိပေ”ဟု ဖြေကြားခဲ့၏။ (အချိန်၏ ကန့်သတ်ဘောင်ခတ်မှု (Beyond time and space) ‘လာမကာန်မ်’ ‘လာဇမန်’စခန်းကို ဉာဏ်ပေါက်နေကြောင်းဆိုလို၏)။

တစ်နေ့သ၌ အလ္လာဟ်အရှင်မြတ်က ဗာယဇီဒ်သခင်အား ဒိဗ္ဗသောတဉာဏ် (အကြားခါတ် 'အိလ်ဟာမ်')ဖြင့် အောက်ပါအတိုင်း မိန့်ချွေတော်မူ၏။

" ဝေနေယျဘန္ဓာများက ငါအရှင်မြတ်အား ဝတ်ပြုခဝပ်ကိုးကွယ်မှုကို အမြဲမပြတ်ပြုနေကြ၍ ငါ၏ဘဏ္ဍာတိုက်တွင် 'ဝတ်ပြုမှု'အပေါင်းနှင့် ပြည့်လျှံလျက်ရှိ၏။ မောင်မင်းအနေနှင့် ငါ့အား ဝေနေယျတို့မပြုလုပ်သောကိစ္စဖြင့် ဆက်သပါလော့"

ထိုအခါ ဗာယဇီဒ်သခင်က ဝေနေယျအပေါင်းမပြုလုပ်၍ အရှင့်ထံ မရောက်ရှိသည့်အရာများကို မေးမြန်းလျှောက်ထားရာ၊ အရှင်မြတ်က " ဝေနေယျတို့ ပေးစွမ်းနိုင်ခြင်းမရှိသောအရာများမှာ ကျိုးနွံနှိမ့်ချမှု၊ မာန်မာနထောင်လွှားခြင်း မရှိမှု၊ ခိုကိုးရာမဲ့ခြင်းကို အသိအမှတ် မပြုမှု၊ (တရားဓမ္မနှင့် ကင်းဝေးခြင်းအတွက်)သောကထားမှုတို့ဖြစ်၏၊ ဤဓမ္မစခန်းအဆင့်ဆင့်ကို ငါအရှင်ချစ်မြတ်နိုးတော်မူ၏။ ဤကျင့်စဉ်များကို ငါ့အားဆက်သနိုင်သူအား ငါ့အနီးအပါးသို့ ခေါ်တော်မူအံ့"ဟု မိန့်တော်မူ၏။

ဗာယဇီဒ်သခင်က ဤသို့မိန့်ဆိုလေ့ရှိ၏။ " ကျွန်ုပ်ပေါက်ရောက်ခဲ့သည့် ဓမ္မစခန်းအဆင့်ဆင့်မှာ ကျွန်ုပ်ဘာဝနာပွားများ ကျင့်ကြံအားထုတ်ခဲ့သည့် စရဏအကျိုးဆက်ရလာဒ်တို့ကြောင့် မဟုတ်ပေ၊ အရှင်မြတ်၏ ဂရုဏာတော်နှင့် ကောင်းချီးမင်္ဂလာပေးသနားချီးမြှ င့်မှုကြောင့်သာဖြစ်၏။ "

အခါတစ်ပါး၌ ဗာယဇီဒ်သခင်ကြီး၏ တပည့်တစ်ဦးက " အရှင်မြတ်ကို အသိအမှတ်ပြုပါလျက် အရှင့်ဘာဝနာပွားမှုကို မပြုသူအား ကျွန်ုပ်များစွာ အံ့အားသင့်ရပါသည်"ဟု ဆိုခဲ့ရာ၊ ဗာယဇီဒ်သခင်ကြီးက ဤသို့ပြင်ဆင်ပေးခဲ့၏။ " အရှင်မြတ်အား သိပါလျက်နှင့် အရှင့်ဘာဝနာပွားသူအား အံ့အားသင့်ရပါ၏" (ဘာဝနာပွားသူသည် အသခ်တဂုဏ်တော်ရှင်အပေါ်၌ ပျံ့လွင့်ထွေပြားခြင်းမရှိသော အာရုံတို့ဖြင့် တစ်စိတ်တည်း တစ်လက်တည်း သမာဓိခိုင်မာစွာ စူးစိုက်ရမည့်အစား ဘာဝနာပွားမှုအလုပ်ကို ရုပ်ခန္ဓာကိုယ်က တာဝန်ကျေလုပ်နေသော်လည်း၊ စိတ်အာရုံတို့မှာ ရုပ်နာမ် ဓမ္မ သင်္ခါရတို့အပေါ်၌သာ ကိုင်းညွတ်နေပြီး၊ လောကီအာရုံ ကာမဂုဏ်တို့၌ ငြိတွယ်နေသော ဘာဝနာပွားမှုမျိုးကို ဆိုလိုသည်။)

အရှင်မြတ်စခန်းကို ဉာဏ်ပေါက်၍ 'ဝါစွလ်'(ဘာဝနာစခန်း၌ သစ္စာဓမ္မနှင့် ကိုယ်တွေ့ကြုံဆုံကာ) 'ဒီဒါရ်'ဖူးမျှော်ခွင့်ရသူတစ်ဦးသည် လောကုတ္တရာရာချာန်၏အရှိန်အဟုန်ကြောင့် သိစိတ်များပျောက်ကာ ပီတိသောမနဿဇေတ္တတာကျနေသဖြင့် ပတ်ဝန်းကျင်၊ ပညတ် ရုပ်လောကကို အာရုံဝင်ဆန့်နိုင်မည် မဟုတ်ချေ။ အာရုံများချုပ်ငြိမ်း၍ လောကုတ္တရာရာချာန်ဝင်စားနေသူတစ်ဦးသည် ရုပ်ခန္ဓာကိုယ်နှင့် သိစိတ်များယှဉ်တွဲကာ ဆောင်ရွက်ရမည့်ဝတ်ပြုမှုကို အဘယ်ကဲ့သို့ဆက်လက်ဆောင်ရွက်နိုင်ပါမည်နည်း။

ဗာယဇိဒ်သခင်က တစ်နေ့ဤသို့မိန့်ဆို၏။

" ကအ်ဗာကျောင်းတော်ကို ပထမအကြိမ် ကျွန်ုပ်သွားရောက် ဟဂျ်ဝတ်ပြု စဉ်တုန်းက အိမ်တော်ကိုရှောက်ရှိ ဖူးတွေ့ခဲ့ရ၏၊ နောက်တစ်ကြိမ်သွားသော အခါတွင်မူ အိမ်တော်၏အရှင်ကို (ဉာဏ်မျက်စိဖြင့်) ဖူးတွေ့ခဲ့ရ၏၊ တတိယအကြိမ်သွားစဉ်တွင်မူ ကအ်ဗာကျောင်းတော်ကိုရော အရှင့်အိမ်တော်ကိုပါ မမြင်တော့ပေ၊ အကြိမ်တိုင်း အကြိမ်တိုင်းတွင် ဓမ္မအတွေ့အကြုံတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ဉာဏ်စဉ် များလည်း မြင့်တက်လာခဲ့၏။

---

အခါတစ်ပါး၌ ဗာယဇိဒ်သခင်ကြီး၏အိမ်တံခါးကို လူတစ်ဦးက လာ၍ ခေါက်လေရာ သခင်က မည်သူနှင့်တွေ့လိုပါသနည်းဟုမေး၏။ အဆိုပါလူက ဗာယဇိဒ်သခင်နှင့်တွေ့လိုကြောင်းပြောရာ၊ သခင်က " ကျွန်ုပ်ဗာယဇိဒ်ကိုရှာနေတာ အနှစ်(၃၀)ရှိပြီ၊ ယခုထိတော့ မတွေ့သေးဘူး"ဟု ဖြေကြားခဲ့၏။

---

ဗာယဇိဒ်သခင်၏အပါးက ရေပူရေချမ်းကမ်းလှမ်း၍ သခင့်ဝတ်ကြီးဝတ်ငယ်ကို နှစ်ပေါင်းသုံးဆယ်တိုင်တိုင်ပြုစုနေသော တပည့်တစ်ဦးကို သခင်သည် သခင့်ရှေ့မှောက် ရောက်တိုင်း နေ့စဉ်အမည်ကိုမေးပြီး ယင်းအမည်ကိုခေါ်ကာ လုပ်စရာရှိသည်တို့ကို လုပ်ခိုင်းလေ၏။ တစ်နေ့တွင်မူ တပည့်ကသခင်ကို အနှစ်(၃၀)တိုင်တိုင် ခြေဆုတ် လက်နယ် အလုပ်အကျွေးပြုနေသည့် အဋ္ဌေဝါသိကတပည့်တစ်ဦးကို နေ့စဉ်နာမည် မေးကာ အဘယ့်ကြောင့် သရော်ပြောင်လှောင်ပါသနည်းဟုမေးရာ၊ အမြဲတစေ လောကုတ္တရာစျာန်ဝင်စားနစ်မြုပ်နေသည့်သခင်က " အရှင်မြတ်၏ နာမတော်သည် ကျွန်ုပ်၏နှလုံးသား၌ လွှမ်းခြုံစိမ့်ဝင်ပြီးနောက် အရှင်မှအပ မည်သူ၏နာမည်ကိုမျှ ကျွန်ုပ်မမှတ်မိတော့ပေ၊ အရှင့်နာမတော်မှလွဲ၍ ကျန်နာမည်များကို ကျွန်ုပ်မေ့ပျောက် ကုန်လေပြီ"ဟု မိန့်ဆိုခဲ့၏။

ဗာယဇိဒ်သခင်က တစ်ချိန်က ဤသို့မှတ်ချက်ချခဲ့၏။

" အရှင်လက်ခံသဘောတူနိုင်မည့် အဆင့်ရှိမည့် ဘာဝနာမျိုးကို ပွားများ အားထုတ်နိုင်ရန် နှစ်အတော်ကြာကြာကပင် ကြိုးစားခဲ့သော်လည်း ယနေ့ထက်တိုင် အထမမြောက်သေးပေ။ "

နှစ်ပေါင်း (၄၀)တိုင်တိုင် ကျင့်ကြံအားထုတ်မှု၏ အကျိုးဆက်ကြောင့် မောဟအလွှာတို့ ကွာကျခဲ့၏။ ထို့နောက် ရိုကျိုးနှိမ့်ချစွာ လမ်းမှန်ကိုပြသပါရန် အရှင့်ထံဆုပန်ခံခဲ့၏။ အရှင်၏ဆုံးဖြတ်ချက်ကို အောက်ပါအတိုင်း ကျွန်ုပ်ကြားခဲ့ ရပါသည်။

“ သင်နှင့်အတူရှိနေသည့် မြေအိုးအကွဲနှင့် စောင်ဆုတ်တို့ကိုပါမကျန် စွန့်ပယ်နိုင်ခြင်းမရှိပါက၊ ဓမ္မလမ်းကြောင်းပေါ်သို့ လျှောက်လှမ်း ဝင်ရောက်နိုင်မည် မဟုတ်ပေ။ ”

ချက်ချင်းပင် ကျနုပ်၌ရှိနေသည့် မြေအိုးကွဲနှင့် စောင်စုတ်တစ်ထည်တို့အား စွန့်ပယ်လိုက်ရာ ကျွန်ုပ်လျှောက်လှမ်းရမည့် မဂ္ဂင်လမ်းကို အရှင်ကအထင်အရှား ပြတော်မူ၏။ ထို့နောက် လောကအဝှမ်းမှ သစ္စာတရားရှာဖွေနေသူတို့အား ကျွန်ုပ်မှ တစ်ဆင့်မိန့်တော်မူခဲ့သည်မှာ “ အကြင်သူသည် မမြဲရာ ရုပ် နာမ် ဓမ္မ သင်္ခါရ တစ်ခုခုအား မှီခိုအားထားနေသမျှကာလပတ်လုံး (တစ်နည်း) ကျွန်ုပ်ကဲ့သို့ ပြီးပြည့်စုံသော စွန့်လှူမှုကို မပြုနိုင်သမျှကာလပတ်လုံး ဓမ္မလမ်းကြောင်းပေါ်သို့ တက်လှမ်းနိုင်မည် မဟုတ်ချေ”ဟူ၍ ဖြစ်၏။

→⁂←→⁂←→⁂←

လူတစ်ဦးက ဗာယဇိဒ်သခင်ကြီး၏ နေ့စဉ်လုပ်နေကျအလုပ်တို့အား အသေးစိတ် လေ့လာကာ ဘာဝနာပွားများမှုကိုလည်း မည်သို့ပြုလုပ်မည်ကို စောင့်ကြည့်နေ၏။ တစ်ချိန်၌ ဗာယဇိဒ်သခင်သည် ရတ်တရက် အရှင့်နာမတော်ကို တသဥဒါန်းကျူးရင့်ကာ သတိမေ့လဲကျသွားလေ၏။ သခင်သတိပြန်လည်လာသောအခါတွင် လူအပေါင်းက သခင့်ကို အကျိုးအကြောင်းမေးကြရာ၊ သခင်က “ အရှင့်နာမတော်ကို တသလိုက်သော အချိန်တွင် ကျွန်ုပ်၏စိတ်အစဉ်သည် အမတသို့စိုက်ရောက်သွား၏၊ အမတသုခဘုံ အတွင်း၌ အလွန်ကြီးမားသည့်နဂါးကြီးတစ်ကောင်သည် ကျွန်ုပ်အား ဝါးမျိုရန်ဟန် ပြင်နေသည်ကို သတိထားမိ၏။ ထိုအခါ ကျွန်ုပ်က ကျမ်းမြတ်ကုရ်အာန်တွင် အမတ ဘုံ၌ အရှင်စံမြန်းသည်ဟုဆိုထားသဖြင့် နဂါးကြီးအား အရှင်မြတ်ကို ဘယ်မှာတွေ့နိုင် ပါသနည်းဟုမေးလိုက်ရာ (နဂါးထံမှ အဖြေမရဘဲ) အရှင်မြတ်၏အသံတော်ကို ဤသို့ကြားလိုက်ရ၏။ “ လောကတစ်ခွင်၌(သစ္စာဓမ္မကို ရှာလိုဇောဖြင့်) ကွဲအက်နေသော နှလုံးသားတို့အတွင်း၌ အရှင်မြတ်စံမြန်းတော်မူသည်။ ကျမ်းမြတ်ကုရ်အာန်၌ လူသား ၏လည်ကုတ်သွေးကြောတက် နီးကပ်စွာအရှင်မြတ်ရှိတော်မူသည်”ဟူ၍လည်းကောင်း မာန်မာနကင်းစင်၍ ခန္တီတရားကို လက်ကိုင်ထားသူတို့နှင့်တကွ အရှင်မြတ်ရှိတော်မူသည် ဟူ၍လည်းကောင်း၊ တမန်တော်မြတ်ကြီး၏ ဩဝါဒတော်၌ ‘ မုအ်မင်န်၏နှလုံးဉာဏ် သည် မြတ်ရှင်၏ဗိမ္မာန်ဖြစ်သည်’ဟူ၍ ပါရှိသည် မဟုတ်ပါလော”

အရှင့်အနီးအပါးသို့ ကျွန်ုပ်ချဉ်းကပ်ခွင့်ရသောအချိန်တွင် အရှင်မြတ်က “မောင် မင်းအလိုရှိရာကို လျှောက်တင်လော့”ဟု မိန့်ဆိုလေရာ၊ ကျွန်ုပ်က “အရှင့်အလို အတိုင်းသာဖြစ်ရေးကို ကျွန်တော်မျိုးလိုလားရှာဖွေပါ၏”ဟု ပြန်လည်လျှောက်ထားသော အခါတွင် အရှင်မြတ်က “ ပညတ်ရုပ်လောက၌ အသုံးချရန်အလို့ငှာ ယာယီသမုတ်ထား သည့် ‘ငါ’တည်းဟူသောအတ္တမှာ ပရမတ်သဘောတွင် အကယ်စင်စစ်မရှိဟူသော

အနတ္တဉာဏ်ကို ထူထောင်ပါလော့၊ ငါအရှင်စခန်း၏၌ အသင်ထာဝရ ခိုလှုံခွင့်ရပေအံ့" ဟု မိန့်ခွေရာ ကျွန်ုပ်ကရိုကျိုးနှမ်ချစွာ နဖူးမြေစိုက် ဦးတိုက်ကာ နှုတ်ခဲ့၏။

—※—※—※—

တစ်စုံတစ်ယောက်သောသူက ဗာယဇီဒ်သခင်ကို သူ့အလိုဆန္ဒများပြည့်ဝစေရန်နှင့် သူ့လိုအပ်ချက်ကို အရှင်မြတ်က မငြင်းပယ်စေရန် အရှင့်ထံဆုပန်ပေးဖို့တောင်းခံလာသည့်အခါမျိုးတွင် သခင်က အောက်ပါအတိုင်းဆုတောင်းလေ့ရှိ၏။

" ဤသူ မှာ အရှင့်ဖန်ဆင်းခံ ဝေနေယျတစ်ဦးဖြစ်ပါသည်၊ အရှင်မှာ သူ၏ဖန်ဆင်းရှင်ဖြစ်ပါသည်၊ သူ့အခြေအနေအရပ်ရပ်ကို အရှင်မြတ်အပြည့်အစုံသိတော်မူပါ၏၊ ကျွန်တော်မျိုးမှာ အဘယ်သူဖြစ်လို့ အရှင်နှင့်သူ၏အကြား၌ ဝင်ရောက်နိုင်ပါမည်နည်း။ "

ဗာယဇီဒ်သခင်သည် တစ်ချိန်က လမ်းတစ်ခုကို ဖြတ်လျှောက်သွားရာ လူတစ်ဦးသည် သခင့်နောက်သို့လိုက်ကာ သခင့်ခြေရာတော်တိုင်းတွင် သူ့ခြေကိုလိုက်ထပ်ကာ လျှောက်ပြီး သူသည်သူတော်စင်ကြီး၏ဖဝါးခြေထပ်လိုက်နာနေသူဖြစ်ကြောင်း ကြွေးကြော်လေ၏။ ထို့နောက်သခင့်သားရေဝတ်ရုံတစ်စိတ်တစ်ပိုင်းကို သူ့အားပေးရန် တောင်းခံပြီး၊ ယင်းထွင့်မြတ်သောလက်ဆောင်တော်ကို ဆင်မြန်းခြင်းဖြင့် သူ့အတွက် ဓမ္မစခန်းများမြင့်မားတိုးတက်လာမည်ဟုဆို၏။

" ကျွန်ုပ်ဝတ်ရုံကို မဆိုတားနှင့် ကျွန်ုပ်အရေခွံခွာ၍ သင့်ကိုပေးသည့်တိုင် သင်ကိုယ်တိုင် ကျွန်ုပ်ကျင့်ကြံအားထုတ်သကဲ့သို့ မကျင့်ကြံပါက သင့်၌မည်သည့်ဓမ္မစခန်းမှ ပွင့်လင်းတိုးတက်နိုင်မည် မဟုတ်ချေ"ဟု ဆုံးမတော်မူ၏။

—※—※—※—

တစ်နေ့သ၌ အလ္လာဟ့်အချစ်နှင့်ယစ်မူးနေသည့် ပုဂ္ဂိုလ်ထူးတစ်ပါးက " အို- အရှင်၊ ကျွန်တော်မျိုးဖက်သို့ ကြည့်ရှုတော်မူပါ"ဟု ကြွေးကြော်နေရာ၊ ဗာယဇီဒ်သခင်ကကြားဖြတ်၍ "အဆွေ၏အရည်အချင်းများက မည်သို့များဖြစ်သဖြင့် အရှင်က အဆွေ့အား ရှုစားရမည်နည်း"ဟု မေးလိုက်၏။ ပုဂ္ဂိုလ်ထူးက " အရှင့်မြတ် ကျွန်ုပ်အား ရှုစားလိုက်သည်နှင့် ကျွန်ုပ်၌ အားလုံးသောအရည်အချင်းတို့သည် မွေးဖွါးဖြစ်တည်လာပေအံ့"ဟု ဖြေကြားရာ သခင်သည် ပုဂ္ဂိုလ်ထူး၏အဖြေအားများစွာဘဝင်ကျသဖြင့် အလေးအနက်အသိအမှတ်ပြုကာ တန်ဖိုးထားခဲ့၏။

အရှင့်ထံမှ တစ်ခုမဟုတ်တစ်ခု မတောင်းခံနေသမျှကာလပတ်လုံး အရှင်သည် ကျွန်ုပ်နှင့်ဝေးလျက်ရှိပေမည်။ သို့သော် ကျွန်ုပ်၏ **အဇ္ဈတ္တသန္တာန်**အတွင်း၌ အရှင့်ကို ဉာဏစက္ခု (ဉာဏ်မျက်စိဖြင့်) ဖူးတွေ့ရသဖြင့် ဝိဇ္ဇာဉာဏ်အလင်းထွန်းတောက်လာပါက ကျွန်ုပ်သည် တောင်းဆိုမှုမှန်သမျှကိုမေ့ပျောက်ပြီး " အို- အရှင်၊ အရှင့်အလိုတော်နှင့် ဗာယဇီဒ်အလိုတော် ထပ်တူပြုပြီးသကာလ၊ ဗာယဇီဒ်ကို အရှင့်အလိုတော်

ပြုလုပ်တော်မူပါ"ဟု ကျွန်ုပ်အသနားခံခဲ့၏။

ဗာယဇီဒ်သခင်က " လောကအ၀ှမ်း၏စည်းစိမ်၊ ရိပ်ငြိမ်နှင့် အုပ်ချုပ်စိုးပိုင်မှု အာဏာအရပ်ရပ်ကို ကျွန်ုပ်အားပေးအပ်လာပါလျှင်လည်း မနေ့ညက အရှင်မြတ်နှင့် ကွေကွင်းခဲ့ရသဖြင့် ကျွန်ုပ်ဝမ်းနည်းပူဆွေးစွာချခဲ့ရသည့် သက်ပြင်းတစ်ချက်နှင့်ပင် လဲလှယ်မည် မဟုတ်ပေ"ဟု မိန့်ဆိုခဲ့၏။

ဗာယဇီဒ်သခင်၏ ဩဝါဒကထာအချို့မှာ-

[၁] ကျွန်ုပ်သည် သူ့(အလ္လာဟ့်)ကျွန်ဖြစ်၏။ ကျွန်ုပ်အလိုကို အရှင်အလိုတော်ရှေ့၌ အဘယ်သို့ လွန်ကျူးကာ ထားနိုင်ပါအံ့နည်း။

[၂] ကျွန်ုပ်သည် နှစ်ပေါင်း (၄၀)တိုင်တိုင် တရားဓမ္မဟောကြားပို့ချခဲ့၏။ တစ်ဦးတစ်ယောက်မျှ ကျွန်ုပ်၏လမ်းညွှန်မှုကြောင့် နာမ်တရားတိုးတက်ထွန်းတောက်မှု မရှိခဲ့ပေ။ သို့သော်အရှင်အလိုတော်တူသောအခါတွင်မူ အကြင်လူသားသည် ကျွန်ုပ်လမ်းညွှန်ချက်မပါဘဲ ဉာဏ်စဉ်များမြင့်တက်ခဲ့ပါ၏။

[၃] အရှင်ချစ်မြတ်နိုးသူအား (ဒုက္ခ၏သဘာဝကို နားလည်နိုင်ရန်)အရှင်မြတ်သည် လောကဓံတရားနှင့်ရင်ဆိုင်စေ၍ ဒုက္ခဝေဒနာခံစားစေတော်မူ၏။

[၄] သူတော်ကောင်းတရာကျင့်ကြံခြင်းထက် သူတော်ကောင်းအသိုင်းအဝိုင်းကို ချဉ်းကပ်ခြင်းက သာလွန်မြင့်မြတ်၏၊ အကုသိုလ် ဒုစရိုက်ကျူးလွန်ခြင်းထက် ဒုစရိုက်အပြစ်သားတို့နှင့်ပေါင်းဖော်ခြင်းက ပိုမိုဆိုးယုတ်၏။

[၅] မိမိ၏ကြိုးပမ်းအားထုတ်မှုအပေါ်၌ အားမထားနှင့်၊ အရှင့်ကရုဏာတော်ကိုသာ အားကိုးပါလော့။

[၆] သင်၏သက်တမ်းသည် ယခင်နေ့ထက် ပို၍ရှည်လျားမည်မဟုတ်ပါဟု မှတ်ယူပါလော့။

[၇] အရှင့်ကိုချစ်သောစိတ်သည် ဤလောကနှင့် နောင်တမလွန် နှစ်ဘ၀ နှစ်ဌာလုံးကို မေ့ပျောက်စေ၏။

[၈] ဥပုသ်သီတင်းတည်ဆောက်ခြင်းသည် အရှင့်ကောင်းချီးမင်္ဂလာတည်းဟူသော တိမ်တိုက်တို့ကို ဖြစ်ထွန်းစေ၏။

ဗာယဇီဒ်သခင်ကို အမေးထုတ်လာသော ဓမ္မပုစ္ဆာတို့အား အောက်ပါအတိုင်း ဖြေကြားခဲ့၏။

မေး- အရှင့်စခန်းကို အဘယ်ကဲ့သို့ ပေါက်မြောက်နိုင်ပါမည်နည်း။

ဖြေ– စက္ခုအာရုံကို လောကီကာမဂုဏ်ပေါ်၌ မထားလေနှင့်၊ သောတအာရုံကိုလည်း ကိလေသာတို့မှ လွတ်ကင်းအောင်ထားပါ၊လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာန်မာနထူပြောပြီး နှလုံးသား၌အဝိဇ္ဇာနှင့်ပိတ်ဖုံးနေသည့် အန္ဓပုထုဇဉ် ဒုစရိုက်သမားလောကီသားတို့နှင့် စကားစမြည်ပြောဆိုခြင်းပင် မပြုလေနှင့်။

မေး– အခြားသော တရားဟောဆရာ ဓမ္မကထိကတို့၏တရားနာရခြင်းသည် သခင့်တရားနာရခြင်းလောက် စိတ်ဝင်စားစရာမကောင်းခြင်းမှာ အဘယ့်ကြောင့်နည်း။

ဖြေ– ကျွန်ုပ်သည် အရောအထွေးကင်းရှင်းသန့်စင်သည့် ပရမတ်ဆတ်ဆတ်ကိုသာ ဟော၏၊ ၎င်းတို့ကမူ ပညတ်တို့နှင့်တန်ဆာဆင်ကာဟော၏၊ အခြားဓမ္မကထိကတို့က 'သူ'(အလ္လာဟ်)နှင့် 'ငါ'(အတ္တ)ဟုဆိုကြ၏၊ ကျွန်ုပ်ကမူ အရှင်ဟုသာဆို၏။

မေး– ဘုရားဖူးများ အဘယ့်ကြောင့် ငြိမ်းအေးမှု သန္တိသုခ မဆိုက်ကြသနည်း။

ဖြေ– အရှာဖွေခံ 'အရှင်'(အလ္လာဟ်)သည် နေရာဒီသာတစ်ခုတည်း(စကြဝဠာအနန္တကို ခြုံလွှမ်း ပျံ့နှံ့လျက်ရှိ၏)၌ ရှိ၏။ အရှင်သည် ဖောက်ပြန်ပြောင်းလဲမှုကင်းစွာ ငြိမ်သက်တည်မြဲနေသဖြင့် ခရီးထွက်ကာ သူ့ကိုရှာဖွေခြင်းမှာ ဘာအဓိပ္ပါယ်ရှိနိုင်ပါအံ့နည်း။

မေး– သခင့်သက်တော် မည်မျှရှိပါပြီနည်း။

ဖြေ– လေးနှစ်ရှိပါပြီ၊ လွန်ခဲ့သောလေးနှစ်ကမှ ကျွန်ုပ်သည် အရှင့်စခန်းကို ဉာဏ်စင်ပေါက်၍ သစ္စာဓမ္မကို မျက်မှောက်ပြုခဲ့ရသည်။ ကျန်ခဲ့သည့် နှစ်ပေါင်း (၇၀) စလုံးမှာမူ၊ အကျိုးမရှိသည့် တရားငြင်းခုံမှုများနှင့် အလဟဿအချည်းနှီးကုန်ဆုံးခဲ့ရသည်၊ ယင်းနှစ်များကို ကျွန်ုပ်အသက်တွက်ချက်ရာတွင် ထည့်သွင်းခြင်း မပြုနိုင်ပေ။

မေး– သူတော်စင်ဆိုသည်မှာ အဘယ်နည်း။

ဖြေ– ရုပ် နာမ် ဓမ္မ သင်္ခါရတို့နှင့် ကင်းစင်လွန်မြောက်တော်မူသော အသခ်တဂုဏ်တော်ရှင်မှအပ၊ မမြဲရာမှန်သမျှကို စွဲလမ်းငြိတွယ်မှု မရှိသောသူကိုခေါ်သည်။

မေး– ဘာဝနာပွားများရာတွင် မည်သည့်သတိတရားများ ထားရှိရပါမည်နည်း။

ဖြေ– သင်၏သမာဓိအာရုံကို အသခ်တဂုဏ်တော်ရှင်၌သာ တစိုက်မတ်မတ် မပျံ့လွင့်အောင် စူးစိုက်ထားပြီး၊ သင်၏တရားကြိုးပမ်းအားထုတ်မှုတည်းဟူသော စရဏအကျင့်ပေါ်၌ အားမထားလေနှင့်။

မေး– အရှင့်ထံ ပေါက်မြောက်ရန် လမ်းကိုညွှန်ပြပါ။

ဖြေ– သင်၏အတ္တကို ခွါချလိုက်ပါ၊ အရှင့်ထံပေါက်မြောက်မည့်လမ်းမှာ အနတ္တဉာဏ်စင်ဖြစ်၏။ အကြင်သူသည် မိမိ၏အတ္တကို အရှင့်ခြေတော်ရင်း၌ ပြာကျအောင် လောင်ကျွမ်းစေပါက၊ သူသည်အရာရာပင်ဖြစ်ကြောင်း ဉာဏ်အလင်းထိုးထွင်းသိမြင်လာပေမည်။

ဗာယဇီဒ်သခင်သည် မိမိဖြတ်ကျော်ခဲ့ရသည့် ဓမ္မစခန်းအဆင့်ဆင့်ကို အောက်ပါအတိုင်းဖွင့်ဆို၏။

" အရှင်မြတ်သည် ရုပ် နာမ် ဓမ္မ သခ်ါရ အစုစုတို့မှ ကျွန်ုပ်အားရှောင်ခွါစေပြီး ဖယ်ထုတ်လိုက်ကာ၊ အရှင်၏ဓမ္မရောင်ခြည်ကို ကျွန်ုပ်အား ပေးသနားတော်မူလိုက်၏၊ အရှင်၏လျှို့ဝှက်မှုကိုလည်း ကျွန်ုပ်အားသိမြင်စေ၏။ ထို့နောက်အရှင်မြတ်အား ဉာဏစက္ခု ဉာဏ်မျက်စိဖြင့် ကျွန်ုပ်ကိုယ်တိုင် အဓိကမသဒ္ဒါနှင့်ယှဉ်ကာ ဖူးတွေ့ခဲ့ရ၏။ အရှင့်ဓမ္မရောင်ခြည်တော်ထွန်းတောက်မှုကြောင့် ကျွန်ုပ်၏ ဝိဇ္ဇာဉာဏ်အလင်းထွန်းတောက်မှုမှာ အမဲစက်မှုန်မှုန်မွှားမွှားအဖြစ်ရောက်သွား၏။ အရှင့်ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တရှေ့မှောက်တွင် ကျွန်ုပ်သည် တန်ဖိုးမရှိသည့် ဗလာနတ္ထိ သုညတသာဖြစ်သည်ဟူသည့် အသိပေါ်ထွန်းလာ၏၊ အရှင့်သန့်စင်မှုရှေ့တွင် ကျွန်ုပ်သည် အညစ်အကြေးအစုအဝေး တစ်ခုမျှသာဖြစ်ခဲ့၏။

*I Learnt that is only when He confers strength, we can carry on ou spiritual pracfices, so the real Doer of all acts is God.*

ထိုအရှင်စွမ်းအားပေးသောအခါမှသာလျှင် ကျွန်ုပ်တို့သည် (ကောင်းမှု ရှာရှာ-ကောင်းရာ ကျင့်ကျင့် ကောင်းခွင့်လုံ့လ ပြုနိုင်ကြ၍) တရားဘာဝနာပွားနိုင်ကြောင်း သိလာခဲ့၏။ သို့ဖြစ်ရာ အမှန်စင်စစ် လုပ်ရပ်တိုင်းအား စီရင်ဖန်ဆင်းရှင်ဆိုသည်မှာ အသခ်တဂုဏ်တော်ရှင် အလ္လာဟ်ပင်ဖြစ်တော့၏။

အရှင်မြတ်သည် ကျွန်ုပ်၏အတ္တကို ကုန်ဆုံးဖယ်ရှားအောင် ရုပ်သိမ်းစေပြီး၊ အရှင်၏အချိန်ကိုလွန်မြောက်သည့် အနန္တဂုဏ်တော်နှင့် ပြန်လည်ရှင်သန်စေသောအခါတွင် အရှင်၏အဖုံးအကွယ်မရှိသော ပရမတ်အနှစ်သဘောကို ကျွန်ုပ်အား လှစ်ဟဖွင့်ပြခဲ့၏။ အရှင်မြတ်ကို အရှင်မြတ်ပေးသနားသောအရှင့်ဉာဏ်မှတစ်ဆင့် ကျွန်ုပ်ဖူးခဲ့ရ၏။ ထိုအချိန်တွင် ကျွန်ုပ်အတွက် ကန့်သတ်ဘောင်ခတ်မှုရှိသည့် 'လူ့ဝေါဟာရစကားလုံး' တို့ လွန်ဆုံးပျောက်ကွယ်ကုန်သဖြင့် နှုတ်ဝစီ ဆွံ့အခဲ့ရ၏။ သောတအာရုံ အပါအဝင် အာရုံအားလုံးချုပ်ငြိမ်းပြီး သညာသိ၊ အာရုံသိ၊ တစ်ဆင့်ခံအသိမှန်သမျှလည်း လွင့်ပျောက်ကာ မိမိကြိုးပမ်းအားထုတ်ပြီးဆည်းပူးထားသည့် ဆင်ခြင်တုံတရားနှင့် ယှဉ်၍ သမု ဒ္ဒိသစ္စာကို အခြေပြုထားသည့် လူသား၏အသိဉာဏ်မှန်သမျှလည်း လွင့်စင်ပျောက်ပြယ်ကုန်၏။

အတ္တတည်းဟူသော အဝိဇ္ဇာ ကန့်လန့်ကာကွာကျ၍ ဤစိတ်အခြေအတိုင်း အာရုံများချုပ်ငြိမ်းကာ အချိန်ကြာမြင့်စွာ ကျွန်ုပ်နေခဲ့၏။ ယင်းနောက် အရှင်မြတ်သည် ကျွန်ုပ်အား ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတတည်းဟူသော အရာရာ၏အခြေအနေအမှန်ကို ယျထာဘူတကျကျ ထိုးထွင်းသိမြင်နိုင်သည့် ပရမတ်မျက်စိနှင့် နားတို့ကို ချီးမြှင့်ခဲ့သဖြင့် အရာရာသည် အရှင့်အတွင်း၌ ဖြစ်ပျက်နေသည်ကို ဉာဏ်ပေါက်ခဲ့၏။

ထိုအခါ ကျွန်ုပ်သည် အရှင့်ခြေတော်ရင်း၌ ခိုလှုံခွင့်ပြုရန် အနားခံခဲ့၏။ သို့သော် အရှင်မြတ်က ကျွန်ုပ်အား ပရမတ်အနှစ်ဖြစ်သည့် လောကုတ္တရာသန့်သန့်မှ ဖယ်ခွာရန် အမိန့်ပေးတော်မူ၏။

ကျွန်ုပ်ကလည်း ချက်ချင်းပင် "အရှင့်"ကို "အရှင့်"ထံမှ တောင်းခံခါ အရှင့်အနီးအပါး၌ ချဉ်းကပ်ခွင့်တောင်းပြီး မမြဲသည့် ရုပ် နာမ် ခန္ဓ သင်္ခါရ အစုစုမှ ဝေးကွာစွာထားပါရန် ဆုပန်ခဲ့၏။ အသင်္ခတအရှင်၏အပပြစ်သော သင်္ခတမှန်သမျှ ကင်းစင်လွန်မြောက်ရန်လည်း တောင်းခံခဲ့၏။ ထိုအခါအရှင်မြတ်သည် ကောင်းချီးမင်္ဂလာချီးမြှင့်ပြီး ကျွန်ုပ်သည်လည်း 'သောင်ဟီဒ်'တည်းဟူသော အသင်္ခတမြဲရာ ဘကာစခန်းကို လှမ်းဝင့်ခွင့်ရခဲ့၏၊ အရှင့်အလိုတော်နှင့် ကျွန်ုပ်အလိုမှာလည်း(ကျွန်ုပ်အလိုကုန်၍အတွင်းကွာကျနေပြီး အနတ္တဉာဏ်စိုက်နေသဖြင့်)ထပ်တူ ထပ်မျှ ဖြစ်ချေပြီဟု မိန့်တော်မူ၏။

ယခုအခါ ကျွန်ုပ်သည် သေခြင်းတရားကင်းသောဘဝနှင့် မြဲသောဖြစ်တည်ခြင်းတည်းဟူသော 'အသင်္ခတ-ဘကာ'နယ်ပယ်သို့ ချဉ်းနင်းဝင်ရောက်ခဲ့ပေပြီ။

ထိုအချိန်၌ အရှင်မြတ်က ရုပ် နာမ် ခန္ဓ သင်္ခါရ အစုစုဖြင့် ဖွဲ့စည်းထားသော ဖန်ဆင်းခံ ဝေနေယျတို့က ကျွန်ုပ်ကိုတွေ့လိုကြောင်းမိန့်ကြားတော်မူ၏။ ကျွန်ုပ်က " အို- အရှင်မြတ် ကျွန်တော်မျိုးသည် အရှင်မှအပဖြစ်သော မမြဲသည့်အရာမှန်သမျှကို မတွေ့လိုပါ၊ သို့သော် ဤလောကကြီးသည် ကျွန်တော်မျိုးအား မြင်သင့်သည်ဟု အလိုတော်ရှိပါလျှင် အရှင့်အမိန့်တော်ကို ပျဝပ်ရိုကျိုးစွာ နာခံပါမည်၊ ကျွန်တော်မျိုးဆုပန်အသနားခံလိုသည်မှာကတော့ ကျွန်တော်မျိုးအား 'ဝဟ်ဒါနီယတ်'(သစ္စာတရား၏ကွဲပြားခြားနားမှုမရှိသည့် တစ်ခုတည်းသဘော)ပရမတ်ဉာဏ်ရင့်သန်အောင် ချီးမြှင့်တော်မူပါ၊ ထို့ပြင်ကျွန်တော်မျိုးအား မြင်တွေ့ကြရမည့်လောကသားတို့သည် သင်္ခတဖန်ဆင်းခံတို့အပေါ် အာရုံကျက်စားနေရာမှ အသင်္ခတအရှင့်သို့ အာရုံများကူးပြောင်းစူးစိုက်နိုင်သော သမာဓိအားကောင်းသည့် ဉာဏ်ပညာကို ချီးမြှင့်ပေးသနားတော်မူပါ၊ ကျွန်တော်မျိုးအားလည်း အရှင့်ဖန်ဆင်းခံ ဝေနေယျများနှင့်အရှင့်အကြား ဝင်ရောက်ကာဆီးနေသည့် အနေအထားမျိုးမဖြစ်ရလေအောင် ထားရှိတော်မူပါဟု"ဆုပန်ခဲ့၏။

အရှင်မြတ်သည် ကျွန်ုပ်၏ဆုတောင်းကို ပြည့်စေတော်မူပြီးသည့်အချိန်မှစ၍ ဤလောကကြီးသည် ကျွန်ုပ်ဆုပန်ခဲ့သည့် အနေအထားအတိုင်း ကျွန်ုပ်ရှေ့၌ ပေါ်ထွန်းလာ၏။

ထိုအခါကျွန်ုပ်သည် အရှင့်စခန်း၏ ပရဝုဏ်ပြင်ပသို့ ခြေတစ်လှမ်းလှမ်းကာထွက်မည်ဟု ကြံရွယ်ခဲ့ရာ၊ ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ကိုကျွန်ုပ်မထိန်းနိုင်ဘဲ၊ ယိုင်လဲကာကျခဲ့၏၊ ထိုအချိန်တွင်အရှင်မြတ်က " ငါ၏အချစ်တော်အဆွေခင်ပွန်းကို ငါ့စခန်းသို့ပြန်သွင်းလော့၊ ငါ့အချစ်တော်သည် ငါနှင့်ကွေကွင်းကာ နေနိုင်စွမ်းမရှိပြီ၊ ငါအရှင်နှင့်တကွ မဟုတ်ဘဲနှင့် ခြေတစ်လှမ်းပင် မလှမ်းနိုင်တော့ပေ"ဟု မိန့်ကြားတော်မူ၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ အထက်ဖော်ပြပါ ဗာယဇိဒ်သခင်၏ ဓမ္မအတွေ့ အကြုံတို့ကို တိုက်ရိုက်လုံးကောက်အဓိပ္ပါယ်ဖွင့်ကာ မှတ်ယူမည်ဆိုပါက အယူမှားသည့် မိစ္ဆာဒိဋ္ဌိ 'ကာဖိရ်'အဖြစ်အထိ ရောက်ရှိသွားနိုင်ပေသည်။*

*ဉာဏ်မျက်စိဖြင့် နက်နက်ရှိုင်းရှိုင်းငုံ့လျှိုးကာ 'တဖွတ်ကုရ်'ဉာဏ်ပွားပြီး မိမိဥပဇ္ဈာယ်ဆရာ 'မုရ်ရှိဒ်'ထံပါး၌ ဉာဏ်ပေါက်အောင် နာခံမှသာလျှင် စစ်မှန်သောဖွင့်ဆိုချက်ကို ရရှိပေမည်။*

## ❖ ဗာယဇိဒ်သခင်၏ တောင်းဆုပတ္ထနာ

" အိုး- အရှင်၊ အရှင်နှင့်ကျွန်တော်မျိုးတို့အကြား၌ ကာဆီးထားသည့် 'အသင်'နှင့် 'ကျွန်ုပ်'ဟူသည့် ကန့်လန့်ကာကို ဖယ်ရှားပေးခြင်းဖြင့် အရှင်နှင့်တကွသာလျှင် ကျွန်တော်မျိုးရပ်တည်နိုင်ပြီး၊ အရှင့် 'ဇာဿ်'တော်နှင့်ကွေကွင်းပြီး သီးခြားမဖြစ်စေတော်မူပါနှင့်အရှင်၊ ကိလေသာ၊ တဏှာတို့ဆင်းရဲနွမ်းပါးခြင်းနှင့် ဥပုသ်သီတင်းတည်ဆောက်ခြင်းတို့ဖြင့် အရှင့်အနီးအပါးသို့ ချဉ်းကပ်ခွင့် ရခဲ့ပါ၏။ အရှင့်ကို အရှင်၏ကောင်းချီး(အရှင်ပေးသနားသည့် ပရမတ်ထိုးထွင်းသိဉာဏ်)မှ တစ်ဆင့်သာလျှင် ကျွန်တော်မျိုးသိရပါ၏။

သူတော်စင်တစ်ပါးသည် ဗာယဇိဒ်သခင် ခန္ဓာဝန်ချပြီး တစ်ညသ၌ အိပ်မက်၌ ဗာယဇိဒ်သခင်ကို မြင်မက်လေရာ၊ သူတော်စင်က 'သခင်၊ ကုသိုလ်၊ အကုသိုလ်မှတ်တမ်းကို ပြုစုသည့် 'မွန်ကိရ်'နှင့် 'နကိရ်' ဗြဟ္မာနှစ်ပါးက သခင့်ကို မည်သို့ဆက်ဆံပါသနည်း'ဟု မေးလေရာ သခင်က 'ဗြဟ္မာနှစ်ပါးက ကျွန်ုပ်ကို ကျွန်ုပ်၏ကိုးကွယ်ရာအရှင်မည်သူနည်းဟု မေးသောအခါကျွန်ုပ်က 'အလ္လာဟ်အရှင်ကို သွားမေးပါလော့၊ ကျွန်ုပ်က သူ၏ဘန္ဓာကျေးကျွန်ပါဟု ပြောသော်ငြားလည်း၊ ထိုအရှင်က ကျွန်ုပ်ကို အသိအမှတ်မပြုလျှင် ကျွန်ုပ်ဖြေဆိုချက်မှာ ရည်ရွယ်ချက် မြောက်မည်မဟုတ်ချေ'ဟု ဖြေကြားခဲ့၏။

တစောင်ဝဖ်တရားမှာ ဘာပါနည်းဟု မေးလာသောအခါ၊ ဗာယဇိဒ်သခင်က " လောကီကာမဂုဏ်အာရုံစည်းစိမ်တို့နှင့် အကျိုးမရှိသည့် အားထုတ်မှုတို့အား စွန့်ပယ်ခြင်းကို ခေါ်ပါသည်ဟု ဖြေကြားခဲ့၏။

**အရှင်မှအပ အရှင့် ပရမတ်သဘောကို မည်သူမျှမသိနိုင်သော အရှင်အား ကျွန်ုပ်က အရှင့်အဖြစ်ကို သိလိုပါသည်ဟုမေးရန် ရက်လုပါသည်။**

# ၁၄။ ဟာဇရသ် အဗ်ဒုလ္လာဟ်ဗင် မုဗာရာက်

မုဗာရာက်သခင်တွင် အစေခံတစ်ဦးရှိရာ ယင်းကို ဒီနာရ်ငွေတစ်ရာပေးပါက သူကောင်းပြု၍လွတ်မြောက်စေမည်ဟု ကတိပေးခဲ့၏၊ အဆိုပါအစေခံသည် ယင်းကတိကို ကြားရသည့်အချိန်မှစ၍ ဒီနာရ်ငွေအနည်းငယ်စီကို နေ့စဉ်မှန်မှန် မုဗာရာက်သခင်ထံ ပေးအပ်လေ၏။

တစ်နေ့သောအခါတွင် မုဗာရာက်သခင်၏ မိတ်ဆွေတစ်ဦးက ဤသို့ဆိုလာ၏။ "အသင့်အစေခံသည် ညစဉ်သုသာန်သို့သွားပြီး လူသေများ၏ခေါင်းတို့ကို ခိုးယူကာ ရောင်း၍ရသောငွေများကို သင့်အားပေးနေခြင်းဖြစ်သည်။"

အစေခံ၏အကြောင်းကို မိတ်ဆွေထံမှကြားရသောအခါတွင် မုဗာရာက်သခင်သည် မခံမရပ်နိုင်ဖြစ်ပြီး ညရောက်သောအခါ မိမိအစေခံနောက်သို့ အမှန်တရားဖော်ထုတ်နိုင်ရန် နောက်ယောင်ခံလိုက်လေတော့၏။

အစေခံသည် သင်္ချိုင်းသို့ရောက်သောအခါ အဝတ်ကြမ်းဖြင့် ချုပ်လုပ်ထားသည့် 'ကဖနီ' ဖန်ရည်ဆိုးထားသော ဝတ်ရုံကိုဝတ်ဆင်ပြီး လည်ပင်း၌လည်း သံကွင်းတစ်ခု စွပ်ကာ တွင်းတစ်ခုအတွင်းသို့ဝင်၍ တရားဘာဝနာပွားလေရာ၊ နံနက်အရုဏ်မိုးသောက်ချိန်ကျမှ ဝတ်တက်ရန်ဝတ်ကျောင်းတော်သို့သွားလေ၏။ မုဗာရာက်သခင်ကြီးလည်း သူ့နောက်သို့လိုက်ကြည့်ရာ ဝတ်ကျောင်းတော်တွင်း၌ အစေခံက 'အို- အရှင်၊ ကျွန်တော်မျိုးသည် မကြာမီအချိန်အတွင်း တစ်နေ့စာလုပ်ခကို ကျွန်တော်မျိုး၏ ရုပ်ခန္ဓာကိုယ်ကို ဒီလောက၌ ခေတ္တယာယီ ပိုင်ဆိုင်သည့် ကျွန်ပိုင်ရှင်ကို ပေးဆပ်ရပါတော့မည်"ဟု ဆုပန်လေရာ ချက်ချင်းပင် ရောင်ခြည်တစ်ခု သူ့ရှေ့၌ပေါ်ပေါက်လာ၏၊ ထိုလင်းရောင်ခြင်သည် အစေခံ၏လက်ဝါးပေါ်သို့ရောက်ရှိလာကာ ဒီနာရ်ငွေသားများအဖြစ် ပြောင်းလဲသွား၏။

ဒီနာရ်ငွေသားတို့အားယူကာ မိမိအလုပ်ရှင်ထံသွားမည်အပြုတွင် မုဗာရာက်သခင်ကြီးသည် ထူးဆန်းအံ့သြဖွယ်ရာ ဈာန်အဘိညာဉ်တန်ခိုးတို့ကို ပုန်းအောင်းချောင်းမြောင်းကြည့်ရှုနေရာမှထွက်လာပြီး၊ သူ့အစေခံအား "ယနေ့မှစ၍ ကျွန်တော်မျိုးတို့ နေရာခြင်းပြောင်းလဲရအောင်ပါသခင်၊ သခင်သည် ကျွန်တော်မျိုး၏အရှင်သခင်အဖြစ်နေပြီး၊ ကျွန်တော်မျိုးမှာ သခင့်ကျွန်အဖြစ်နေပါရစေ"ဟု ရိုကျိုးစွာပန်ကြားလေ၏။

ထိုစကားကိုကြားရသော် အစေခံအသွင်ဆောင်ထားသော အရိယာပုဂ္ဂိုလ်မြတ်ကြီးက အရှင့်ထံသို့ 'အို- အရှင်၊ ကျွန်တော်မျိုး၏ လျို့ဝှက်ချက်မှာ ပေါ်သွားပါပြီ၊ ကျွန်တော်မျိုးအား အရှင့်ထံပါးသို့သာ ခေါ်ဆောင်တော်မူပါ"ဟု ဆုတောင်းလိုက်ရာ အရိယာပုဂ္ဂိုလ်မြတ်ကြီးသည် မုဗာရာက်သခင်ကြီး၏ပေါင်ပေါ်သို့ လဲကျကာ ခန္ဓာဝန်ချသွားရှာလေ၏။

မုဟာရာက်သခင်သည် စုတ်ပြတ်နေသော ဖျင်ကြမ်းထည်ဝတ်ဆင်ထားသော အစေခံ၏ပုံသဏ္ဍာန်ဖြင့် မိမိအဖြစ်မှန်ကို ဖုံးကွယ်ထားသည့် သူတော်စင်ကြီးအား သူဝတ်ဆင်ထားသည့် အဝတ်အစားများအတိုင်း မြေသို့အပ်နှံလေ၏။

ထိုညတွင် မုဟာရာက်သခင်ကြီး၏ အိပ်မက်အတွင်း၌ မဟာတမန်တော်မြတ်ကြီးသည် သူတော်စင် သူတော်ကောင်း မဟာလူသားအပေါင်းတို့ ခြံရံကာ ကြွရောက်လာပြီး ဤသို့မိန့်ဆိုတော်မူ၏။ " မုဟာရာက်၊ ကျွန်ုပ်တို့၏အချစ်တော်ကို အဝတ်စုတ်နှင့် ကဖန်ထုတ်ကာ မြေသို့အပ်နှံသင့်သလော။ "

---

မုဟာရာက်သခင်ကြီးက အောက်ပါအတိုင်း မိန့်ဆိုလေ့ရှိ၏။

[၁] အရှင့်အတွက် ကြိုးပမ်းအားထုတ်အလုပ်လုပ်သောသူသည် မည်သည့်အခါမျှ ဆုံးရှုံးနစ်နာမှုရှိမည်မဟုတ်။

[၂] ဝိသမလောဘဇောတက်နေသော ရမ္မက်၏သားကောင် အန္ဓပုထုဇဉ် လောကသားတို့နှင့်ဝေးအောင်ရှောင်လော့။

[၃] လူမိုက်များနှောင် သုံးရက်ကြာမှ လုပ်မည့်အလုပ်ကို လူလိမ္မာပညာရှိသည် ယနေ့ပြုလုပ်မည်ဖြစ်၏။

---

မုဟာရာက်သခင်ကြီး ခန္ဓာဝန်ချ၍ အလ္လာဟ့်စခန်းသို့ ပြန်လည်ကြွမြန်းခြင်း မပြုမီအချိန်တွင် မိမိ၏ဥစ္စာပစ္စည်းအားလုံးကို သူဆင်းရဲများအား ဝေငှလှူဒါန်းလေ၏။

သူ့သမီးသုံးဦးအတွက် ဘာများထားခဲ့ပါသနည်းဟု လူအများက မေးသောအခါတွင် " အလ္လာဟ်ကိုထားခဲ့ပါသည်"ဟု ဖြေကြားခဲ့၏။

## ၁၅။ ဟာဇရေသ် စွတ်ဖ်ယာန် ဆောင်ရီ

နှစ်ပေါင်း (၃၀)တိုင်တိုင် စွတ်ဖ်ယာန်ဆောင်ရီသခင်သည် ညဥ့်အချိန်၌ အိပ်စက်ခြင်း မရှိဘဲ အရှင့်ဘာဝနာပွားများကာ မွေ့လျော်ခဲ့၏။

လူရွယ်တစ်ဦးသည် မက္ကာဟ်ရွှေမြို့တော်သို့ 'ဟဂျ်'ဘာဝနာပွားရန် မသွားနိုင်သဖြင့် စိတ်သောကဖြစ်လျက်ရှိပြီး သက်ပြင်းချလိုက်၏။ ထိုအချိန်တွင် ဆောင်ရီသခင်ကြီးက လူရွယ်အပါးသို့ကပ်သွားပြီး " ကျွန်ုပ်သည် မက္ကာရွှေမြို့တော်သို့ လေးကြိမ်တိုင်အောင် ဘုရားဖူးရောက်ခဲ့ပြီးဖြစ်၏၊ သို့သော် ဤကဲ့သို့ ဟဂျ်ဘာဝနာပွားမှုကြောင့် ရရှိမည့်ကုသိုလ်ကောင်းမှုအစုစုကို သင်ခုနကချလိုက်သည့် သက်ပြင်းတစ်ချက်နှင့် လဲလှယ်ရန် အဆင်သင့်ရှိနေပါ၏"ဟု ဆိုလေ၏။

လူရွယ်သည် ဤသို့အလဲအလှယ်ပြုရန် သဘောတူခဲ့၍ လဲလှယ်မှုဖြစ်မြောက်သွား၏၊ နှစ်ဦးနှစ်ဘက်စလုံးက ကျေနပ်ဝမ်းမြောက်လျက်ရှိကြကုန်၏။

ထိုညအိပ်မက်အတွင်း၌ ဆောင်ရီသခင်က ဤသို့အသံတစ်ခုကြားရ၏။ " အသင်သည်အမြတ်အစွန်းများစွာရှိသော အပေးအယူအလဲအလှယ်ကို ပြုလုပ်ခဲ့ပြီတကား၊ ဝေနေယျအပေါင်းနှင့် ကောင်းကင်ဘုံသား နတ်၊ ဗြဟ္မာအပေါင်းတို့အား ဝေငှပေးပါက ယင်းတို့အားလုံးပင် ကျိကျိတက်အောင် ကြွယ်ဝချမ်းသာသွားစေမည့် 'အရာ'ကို ဈေးပေါပေါလေးနှင့် သင်ရလိုက်ပေသည်။

ဆောင်ရီသခင်က ဤသို့မိန့်တော်မူခဲ့၏။

[၁] အရှင်၏မြတ်နိုးချစ်ခင် မိတ်ဖွဲ့မှုကို လောက၏စည်းစိမ်ဥစ္စာနှင့် ယင်းတို့အပေါ်၌ ခံမင်တွယ်တာကပ်ငြိမှုနှင့် လဲလှယ်ရောင်းစားခြင်း မပြုလေနှင့်။

[၂] မည်သည့်ဝေနေယျထံမှ မည်သည့်ပစ္စည်းမှ ကျွန်ုပ်လက်မခံလိုပေ၊ အဘယ်ကြောင့်ဟူမူ ထိုဝေနေယျတို့အပေါ်၌ ကျွန်ုပ်၏နှလုံးသားသည် ကိုင်းညွတ်သွားမည်ကို စိုးရွံ့သောကြောင့်ဖြစ်၏။ ကျွန်ုပ်သည် အရှင့်ကိုသာလျှင် ဉာဏ်ဝင်စားကာနေလိုပေသည်။

[၃] အရှင့်တာဝန်မကျေပွန်သော အပြစ်ထက် လူ့တာဝန်မကျေပွန်သောအပြစ်က ပို၍ဆိုး၏။

[၄] လောကီသားများအတွက် အိပ်နေခြင်းက နိုးနေခြင်းထက် အကျိုးအမြတ်ပိုရှိပေသည်။ အဘယ်ကြောင့်ဆိုသော် အိပ်နေချိန်တွင် ယင်းတို့သည် အကျိုးမရှိသည့် လောကီစကားများပြောခြင်းမှ ဖယ်ရှောင်နိုင်သောကြောင့်တည်း။

ဆောင်ရီသခင်အား လူတစ်ဦးက " တစ်ကိုယ်တည်း ဆိတ်ငြိမ်ရာတွင် တရားအားထုတ်နေပါက၊ မည်သည့်ကိုစားသုံးရပါမည်နည်း၊ (မည်သည့်အသက်မွေးဝမ်းကျောင်းမှုကို ပြုရပါမည်နည်း)"ဟု မေးရာ၊ သခင်က " အရှင့်အား ရိုသေခန့်ငြားချစ်ကြောက်သူတစ်ဦးအတွက် လောက၏သမ္မာအာဇီဝ အသက်မွေးဝမ်းကျောင်းမှုအတွက် စိုးရိမ်ကြောင့်ကြခြင်း မရှိပေ"ဟု ဖြေကြားတော်မူ၏။

## ၁၆။ဟာဇရေသ် အဗူရှကီးက်ဗလ်ခီ

အဗူရှကီးက်သခင်က " မက္ကာရွှေမြို့တော်ရှိ ကအ်ဗာကျောင်းတော်ရာတွင် ဝမ်းဗိုက်ဖြည့်ဖို့ အစာရှာမနေနှင့်"ဟု မိန့်ကြားခဲ့၏။

ရှကီးက်သခင်ကို အဖိုးအိုတစ်ဦးက " ကျွန်ုပ်အတိတ်က ကျူးလွန်ခဲ့သည့်မကောင်းမှုတို့ကို ဝန်ချတောင်းပန်ပြီး ပြုပြင်ပြောင်းလဲလာရန် လာခဲ့ခြင်းဖြစ်၏၊ ကျွန်ုပ်၏ဖွင့်ဟဝန်ခံမှုကို နာကြားလက်ခံပါ"ဟု ပြောလာသောအခါ၊ သခင်က "အဖိုးအလွန်

နောက်ကျသွားပြီ ”ဟုဆို၏။ အဖိုးအိုက “ ကျွန်ုပ်ကတော့ စောတောင်နေသေးသည်ဟု ယူဆပါသည်၊ အရှင်က မသေမီအချိန်အထိ ဝန်ချတောင်းပန်မှုကို လက်ခံမည်ဟုဆိုထားပါသည်။ ကျွန်ုပ်၏သေခြင်း မရဏမလာမီ ရှေ့ပြေးအဖြစ် လာလေ့ရှိသည့် ‘ဇရာတိ’နာခြင်းဟူသည့် ရောဂါဝေဒနာပင် စွဲကပ်ခြင်းမရှိသေးပါ”ဟု စေဒကတက်လေရာ၊ ရှ ီးက်သခင်က ဟုတ်မှန်ကြောင်းပြောဆိုပြီး၊ အဖိုးအို၏ ဖွင့်ဟဝန်ခံမှုကို နာကြားလေ၏။

ရှေ့ကီးက်သခင်၏ ဩဝါဒကထာအချို့မှာ–

[၁] ဘာဝနာပွားများခြင်း၏ ကိုးပုံတစ်ပုံမှာ လောကီအာရုံကာမဂုဏ်တို့မှ ကျဉ်ရှောင်ခြင်းနှင့် အရှင့်ကရုဏာတော်နှင့်ဝေးမည်ကို အမြဲကြောက်ရွံ့နေသည့် ဉာဏ်ပေါ်ပေါက်ရန်ဖြစ်ပြီး၊ ကျန်တစ်ပုံမှာ ဆိတ်ငြိမ်ရာ၌ နေထိုင်ခြင်းဖြစ်၏။

[၂] အနိစ္စဓမ္မ၏ အကျိုးဆက်ဖြစ်သော သေခြင်းတရားဆိုက်ရောက်လာပြီဆိုလျှင် နောက်သို့ပြန်ဆုတ်သွားသည်ဟူ၍ မရှိချေ၊ သို့အတွက်ကြောင့် သေခြင်းတရားအတွက် အမြဲအဆင်သင့်ပြင်ဆင်ထားပါလော့။

[၃] ဘဝ၏ ကျက်သရေမင်္ဂလာဖြစ်သည့် အသက်ရှည်ရာ အနာမဲ့ကြောင်းကို မျှော်ကိုးရင်းဖြင့် ပြစ်မှုဒုစရိုက်များ ကျူးလွန်မိသည့်အတွက် နောင်တသံဝေဂတရားရရှိကာ အမှားဝန်ခံ ကျွတ်ဆုပန်ရန် အချိန်ကို စွဲမထားလေနှင့်။

[၄] လူသားတို့၏ ကတိကဝတ်များထက် အရှင်မြွက်ပေးထားသည့် ကတိတော်များအပေါ်၌ ပိုမိုအားထားပါလော့။

## ၁၅။ အေဗာမ် အဟ်မဒ်ဗင်ဟမ္ဗလ်

ဟမ္ဗလ်သခင်ကြီး၏ တပည့်တစ်ဦးသည် သခင့်အိမ်၌ တစ်ညလာရောက်တည်းခိုလေသည်။ သခင်ကြီး မိမိတပည့်၏ကုတင်ဘေး၌ ရေချိုင့်တစ်ခုကိုချပေးထားကာ တစ်ညလုံးအရှင့်ဘာဝနာနှင့် မွေ့လျော်နေလေ၏။ နံနက်မိုးသောက်၌ မိမိတပည့်ထံလာသောအခါတွင် ညက မိမိချပေးထားသောရေချိုင့်မှာ ရေအပြည့်ရှိလျက်ပင်ရှိသေးသည်ကို သခင်ကြီးတွေ့ရ၏။ ထိုအခါသခင်က အဘယ့်ကြောင့် ဤရေကိုအသုံးမချပါသနည်းဟုမေးရာ၊ တပည့်က မည်သည့်နေရာတွင်သုံးရမည်နည်းဟု ပြန်၍သခင့်ကို မေးမြန်းလေ၏။

ဟမ္ဗလ်သခင်ကြီး “ ဤရေကို မောင်မင်းကိုယ်လက်သန့်စင် ‘ဝဇူ’ပြု၍ တစ်ညတာလုံး ဘာဝနာပွားနိုင်ရန်အလို့ငှာ ကျွန်ုပ်ထားခဲ့ခြင်းဖြစ်၏၊ယခုမောင်မင်းသည်

ကျွန်ုပ်ထံမှ ဆည်းပူးခဲ့သည်ကိုတို့ကို လက်တွေ့ မကျင့်သုံးကြောင်း ဖော်ပြနေပေပြီ" ဟု မိမိတပည့်ကို ဆုံးမတော်မူလေပြီ။

## ၁၈။ ဟဇရေသ် ဒါဝူးဒ် တွာအီ

သခင်သည် အစားအသောက်ကိုတစ်လုပ်ခြင်း စည်းစိမ်အရသာခံစားပြီး အချိန်ဖြုန်းကာ စားသုံးလေ့မရှိ။ ပေါင်မုန့်တစ်လုံးလုံးကို တစ်ချိန်ထဲရေနှင့် မျှောချ၍စားလေ့ရှိ၏။ အကျိုးအကြောင်းကိုမေးကြည့်ရာ သခင်က " အချိန်ကုန်သက်သာရန်အတွက်ဖြစ်သည်။ စားသောက်ရန်ကြာညောင်းမည့်အချိန်အတွင်း ကျွန်ုပ်သည် ကျမ်းမြတ်ကုရ်အာန်မှ ဂါထာတော်မြောက်မြားစွာကို ရွတ်ဖတ်သရဇ္ဈာယ်နိုင်ခဲ့၏ "ဟု ဖြေကြားတော်မူ၏။

ဟဇရေသ် တွာအီသခင်သည် သောက်တော်ရေအိုးအပေါ်၌ ပူပြင်းသောနေရောင်ခြည်ထိုးနေသည်ကိုပင် ဖယ်ရှားခြင်း မပြုပေ၊ ရေကြည်တော်အေးအေးသောက်သုံးနိုင်ရေးအတွက် အရှင့်ဘာဝနာ၌မွေ့လျော်နေမှုကိုဖျက်ကာ အချိန် မဖြုန်းတီးနိုင်ဟု သခင်က မိန့်ဆိုခဲ့သည်။

တွာအီသခင်သည် အိုမင်းယိုယွင်းနေသည့် တဲပျက်၌ သီတင်းသုံးလျက်ရှိရာ လူအပေါင်းတို့က သခင့်တဲအိုမှအမိုး အချိန်မရွေးပြိုကျနိုင်ကြောင်း သတိပေးကြ၏။ သခင်က " ကျွန်ုပ်မှာ အမိုးကိုမော့ကြည့်ရန်အချိန်မရှိပေ၊ ကျွန်ုပ်၏သက်တမ်းတစ်လျှောက်လုံးတွင်လည်း အိမ်ဆောက်ခြင်းဖြင့် အချိန်ဖြုန်းခြင်းမပြုဟု သန္နိဋ္ဌာန်ချထား၏ "ဟု မိန့်ဆို၏။

သခင်ရုပ်ကြွင်း ခန္ဓာစွန့်၍ အရှင့်စခန်းသို့ ခိုဝင်ရောယှက်ပေါင်းဖက်ပြီးခဏအကြာတွင်မှ သခင့်အိမ်ခေါင်မိုးပြိုကျခဲ့သည်ဟု သမိုင်း၌ ဖော်ပြထား၏။

မုတ်ဆိတ်တော် ဆံတော်တို့ကို ဖီးသခြင်း အဘယ့်ကြောင့် မပြုမူပါသနည်းဟု တွာအီသခင်ကို မေးမြန်းကြသောအခါ " ကျွန်ုပ်သည် အရှင့်ဘာဝနာ၌သာ နစ်မွန်းနေပါသည်၊ ဤအလုပ်မျိုးကိုလုပ်ရန် ကျွန်ုပ်၌ အချိန်မရှိပါ "ဟု ဖြေကြားခဲ့၏။

သစ္စာဓမ္မသို့ ဆိုက်ရောက်ပေါက်မြောက်ရန်အတွက် နည်းလမ်းကို ညွှန်ကြားပါရန် တရားတောင်းလာသည့်သူတို့အား တွာအီသခင်က "လောကီအာရုံကာမဂုဏ် နှစ်မွန်းနေသည့် အန္ဓပုထုဇဉ် လူ့ဗာလတို့ကို ဝေးစွာ ရှောင်ကြဉ်ပါလော့၊ ထို့အပြင် "အကာပြုပြုအနှစ်မဲ့"သော လောကီစကားဝိုင်းတို့တွင် အာဘောင်အာရင်းသန်သန်နှင့် ငြင်းခုံစကားများနေခြင်းမှာ အကျိုးမရှိဘိသကဲ့သို့၊ မိမိစက္ခုအာရုံကိုလည်း မလိုလားအပ်သည့်အရာများ၊ မြင်ကွင်းများ၌ ကျက်စားခြင်းသည် အချိုးနီးအလဟဿ သာလျှင်ဖြစ်ချေ၏"ဟု သြဝါဒကထာ မြွတ်ကြားတော်မူခဲ့၏။

မိမိအဝတ်အစားများကို တွါအီသခင် လျှော်ဖွတ်သောအခါတိုင်း၌ သခင်သည် "ဩော်- ကျွန်ုပ်၏နှလုံးသားကိုလည်း ကိလေသာအညစ်အထေးနှင့် အဝိဇ္ဇာ၊ အစွဲ ဥပါဒါန်တို့မှ ကင်းစင်အောင် အဝတ်များကဲ့သို့ လျှော်ဖွတ်နိုင်လျှင် ကောင်းလေစွ တကား"ဟု တရားရှုမှတ်ကာ ဉာဏ်ပွားလေ့ရှိ၏။

## ဘုံဟာဇရေသ် ဟာရစ်သ် မိုဟာစေဗီ

မုဟာစေဗီသခင်ကြီးက ဤသို့ ဆုံးမသြဝါဒချွေခဲ့၏။

[၁] ဒရဝေ့ရှ် အရိယသူမြတ်အတွက် ပေါင်မုန့်ခြောက်တစ်လုံးသည် ပြည့်စုံလုံလောက်ပေသည်။

[၂] အရှင့်ကို ခန့်ငြားရိုသေ၍ (အရှင့်ကရုဏာတော်မှ ကင်းဝေးမည်ကို) ကြောက်ရွံ့သောသူတွင် အရှင့်ကို ရော်ရမ်းတမ်းတရသည့် စိတ်ဖြစ်ထွန်းလာပြီး၊ အရှင့်ဖက်မှ ကောင်းချီးမင်္ဂလာများလည်း ကျရောက်လာ၏။

[၃] ဝမ်းဗိုက်ကို အဝအပြဲဖြည့်၍ အစားကျူးပါက သင့်နှလုံးသားကြေးမုံတွင် တောက်ပြောင်မှုအကြည်ဓာတ် ကင်းပျောက်ကာ မှုန်ဝါးလာပေအံ့။

[၄] မဂ္ဂင်လမ်းတွင် လျှောက်လှမ်းရန်အတွက်၊ အန္ဓပုထုဇဉ် ဒုစရိုက်သမား လောကီသားတို့ကို ရှောင်ရန်လည်းကောင်း၊ ဥပုသ်သီတင်းစောင့်ထိန်းပြီးနေရန်လည်းကောင်း၊ အဓိကအားဖြင့် အထူးလိုအပ်လှပေသည်။

[၅] အစ္စလာမ်၏အနှစ်အသားဖြစ်သည့် အတွင်းပရမတ်တရား တစောင်ဝှဖ်'ဆူဖီဓမ္မ'ဟူသည်မှာ လောကဓံတရားတို့ကို ကြံ့ကြံ့ခံနိုင်အောင် ခန္တီတရားမွေးမြူပြီး မြဲရာဖြစ်သည့် အသခ်တအရှင်မှအပ'မာစီဝလ္လာဟ်' 'ဂိုင်းရ်အလ္လာဟ်'ဖြစ်သည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့ကို သံယောဇဉ်ငြိတွယ်ခြင်း မရှိအောင် ဆောက်တည်ခြင်းဖြစ်၏။

[၆] လောကီအာရုံဘက်သို့ စိတ်တိမ်းညွတ်ခြင်းသည် အမှန်တရားကို ထိုးထွင်းဉာဏ်ပေါက်ရန်အတွက် အဟန့်အတား အကာအဆီးတစ်ရပ်ဖြစ်ချေသည်။

[၇] သံဝေဂဉာဏ်ပွား၍ အနိစ္စတရားကို အမြဲနှလုံးသွင်းလော့၊ (အရှင်နှင့်ဝေးကွာရသည့်အဖြစ်အတွက်လည်းကောင်း၊ မကောင်းမှုအကုသိုလ်တို့ ကျူးလွန်မိခဲ့သည့်အတွက်လည်းကောင်း) ငိုကြွေးခြင်းဖြင့် အတ္တမာန်မာနကို ချိုးနှိမ်လော့။

[၈] (ဃာရာဝါသ သမ္မာတဟုကိစ္စများမြောင် လူတို့ဘောင်၌) အိမ်ယာထောင်ခြင်း၊ အကျိုးမရှိသည့် စကားတို့ကို ဖောင်ဖွဲ့ပြောဆိုခြင်း( ဆောက်တည်ရာမရဘဲ) ခရီးအလွန်ထွက်ခြင်းတို့သည် ကိလေသာ၌ နစ်မွန်းနေသည့် လောကီသားတို့၏ စရိုက်လက္ခဏာတို့ဖြစ်၏၊ (အထက်၌ ဖော်ပြပြီးသည့် အိမ်ထောင်မှုနှင့်ပတ်သက်သောရှင်းလင်းချက်အား ယှဉ်တွဲလေ့လာပါရန်။)

[၉] 'ဒရ်ဝေ့ရှ်'အရိယာသူမြတ်တစ်ပါးက အရှင်နှင့်ကွေကွင်းခဲ့ရသဖြင့် သစ္စာခမ္မကိုမျက်မှောက်ပြုရန် ဝေးကွာနေခြင်းအတွက် ပရမတ်ဉာဏ်နှင့်ယှဉ်ကာ သက်ပြင်းတစ်ချက်ချလိုက်ခြင်းသည် နှစ်ပေါင်းတစ်ရာ ခဝပ်ကိုးကွယ်ဝတ်ပြုခြင်းထက်သာလွန်မြင့်မြတ်ပေသည်။

[၁၀] ဝိဇ္ဇာဉာဏ်အလင်း ပွင့်ပေါ်ထွန်းတောက်နေသည့် အရဟတ်သူတော်စင်မြတ်၏ အဇ္ဈတ္တအတွင်း(ဉာဏ်) မျက်စိပွင့်လင်းနေပါက၊ ထိုပုဂ္ဂိုလ်မြတ်၏ ဗိဟိဒ္ဓမျက်စိ (လောကီအာရုံကာမဂုဏ်တို့တွင် ကိုင်းညွတ်သည့် တဏှာမျက်စိ)ကွယ်ပျောက်လေ၏။

[၁၁] ကိလေသာနွံအတွင်း၌ နစ်မွန်းပြီး လောက၏တဏှာရာဂတို့ကို ခုံမင်တွယ်တာသည့် ရမ္မက်၏သားကောင်သည် အရှင့်ဓမ္မရသကို မြည်းစမ်းနိုင်ခွင့်ကြုံမည်မဟုတ်ချေ၊ အရှင့်အတွက် လောကသည် ခြင်ကောင်တစ်ကောင်မျှပင် တန်ဖိုးမရှိပေ။

## ၂၀။ ဟဇရေသ် မုဟမ္မဒ် စမားက်

စမားက်သခင်ကို အဘယ့်ကြောင့် အိမ်ထောင်မပြုပါသနည်းဟု မေးသောအခါ "ကျွန်ုပ်၌ ရှိင်တွာန် မရ်နတ်နှစ်ဦးကို တိုက်ခိုက်နိုင်သည့်စွမ်းအားမရှိပါ"ဟု ဖြေကြားခဲ့၏။

*[ အိမ်ထောင်မှုနှင့်ပတ်သက်သော ရှင်းလင်းချက်များနှင့် ယှဉ်တွဲလေ့လာပါရန် ]*

## ၂၁။ ဟဇရေသ် စိုဟိုင်လ် အဗ်ဒုလ္လာဟ် တွတ်စ်တရီ

တွတ်စ်တရီသခင်က မိန့်ကြားခဲ့၏ " အခါတစ်ပါး၌ ကျွန်ုပ်သည် လူသူမနီးသည့် တောကြီးမြက်မည်းအတွင်း၌ အလွန်ဆင်းရဲနွမ်းပါးသည့် အသွင်ဆောင်သော အဖွားအိုတစ်ဦးနှင့်ဆုံခဲ့၏။ ကျွန်ုပ်က ဒင်္ဂါးတစ်စေ့လှူဒါန်းသောအခါတွင် အဖွားအိုက လက်မခံဘဲ ကောင်းကင်သို့လက်ဖြန့်ကာ အရှင့်ထံဆုပန်လိုက်ရာ ရွှေဒင်္ဂါးတစ်ပြား အဖွားအိုလက်ထဲ၌ ပေါ်လာ၏၊ ပြုံးရယ်ကာ အဖွားအိုက "အသင်က

အသင့်အိပ်အတွင်းက အသပြောကို ထုတ်ယူ၏၊ ကျွန်ုပ်က အာရုံတို့မကျက်စားနိုင်သည့် စွမ်းအားမှ ရရှိပေသည်”ဟုပြောကာ ကွယ်ပျောက်သွား၏။

ကျွန်ုပ် မက္ကာရွှေမြို့တော်သို့သွားသောအခါတွင် ကအ်ဗာကျောင်းတော်အတွင်း၌ အဖွားအိုကို မြင်တွေ့ရပြန်၏၊ ကျွန်ုပ်သည် ကအ်ဗာကျောင်းတော်ကို လှည့်ပတ်နေစဉ်တွင် ကအ်ဗာကျောင်းတော်သည် အဖွားအိုအား လှည့်ပတ်နေကြောင်းတွေ့ရ၏။ ထိုအခါ အဖွားအိုကို အကျိုးအကြောင်းမေးကြည့်သောအခါတွင် အဖွားအိုက “ကအ်ဗာကျောင်းတော်ကို အလည်အပတ်သဘောလာရောက်သူသည် ကအ်ဗာကျောင်းတော်ကို လှည့်ပတ်ရ၏၊ သို့သော် အကြင်သူသည် ‘ငါ’တည်းဟူသောအတ္တကို ကွယ်ပျောက်ကာ အနတ္တဉာဏ်နှင့်ယှဉ်၍လည်းကောင်း၊ လောကီအာရုံကာမဂုဏ်တို့ကင်းစင်နေသော ပရမတ်ဉာဏ်နှင့်ယှဉ်၍လည်းကောင်း ကအ်ဗာကျောင်းတော်ကို ချဉ်းကပ်ပါမူ ကအ်ဗာကျောင်းတော်က ထိုသူ့ကိုလှည့်ပတ်ရ၏”ဟု ဖြေကြားခဲ့၏။

*ဘာသာပြန်သူမှတ်ချက် ॥ ॥ သူတော်စင် ပုဂ္ဂိုလ်ထူးဖြစ်သည့် အဖွားအိုနှင့် တွတ်စ်တရီသခင်တို့၏ ဖြစ်ရပ်နှင့် အပြန်အလှန်မိန့်ချွေခဲ့သည့် ဓမ္မစကားတို့ကို တိုက်ရိုက်လုံးကောက်အဓိပ္ပါယ်ယူပါက “ရှရီအတ်” တရားတော်နှင့် ငြိစွန်းသည်ဟု ယူဆနိုင်ဖွယ်ရာရှိ၏၊ ထို့ကြောင့် တရားကိုယ်သဘောကိုသာလျှင် ငုတ်လျှိုးပြီး ဉာဏ်မျက်စိဖြင့် ပရမတ်ညဏ်ပေါက်အောင် ရှုမြင်ရန် အထူး လိုအပ်လှပါသည်။)*

ဂုဏ်ဒြပ်တို့အတွက် မောက်မာမှုရှိပြီး (အာသဝေါတရားတို့ ကင်းကုန်ခမ်းခြောက်) ဆင်းရဲသည့် (ဖကီရီ၊ ဒရ်ဝေ့ရှ်)အဖြစ်ကိုမူ စိုးရွံ့သောသူအတွက် ဓမ္မသဘာဝမှာ ရှင်သန်ရန်လမ်းမရှိပေဟု တွတ်စ်တရီသခင်က မိန့်ကြားခဲ့၏။

တွတ်စ်တရီသခင်က “ အလ္လာဟ်အရှင်မြတ်သည် နေ့စဉ်အောက်ပါ ဓမ္မသတင်းစကားကို လူသားတို့ထံပါးလျက်ရှိ၏။ ”

“ အို– ငါ၏အချစ်တော်တို့၊ သင်တို့အားတွေ့ဆုံရန် ငါအရှင် နေ့စဉ်တောင့်တတော်မူ၏။ သို့သော် သင်တို့ငါအရှင်ကို အမှတ်မရကြပေ၊ ငါအရှင်က သင်တို့ကို ငါ့ထံဖိတ်ခေါ်တော်မူ၏၊ သို့သော် အသင်တို့သည် ဆန့်ကျင်ဘက်လမ်းကို လှည့်သွားကြ၏။ နေ့စဉ်နှင့်အမျှ ငါအရှင်သည် သင်တို့လျှောက်လှမ်းရမည့် ဘဝလမ်းမှ ဆူးညှောင့်ခလုတ်များ၊ အကာအဆီး၊ အဟန့်အတားများကို ဖယ်ရှားပေးတော်မူ၏၊ သို့သော် သင်တို့သည် နေ့စဉ်အကုသိုလ် ဒုစရိုက်အသစ်တို့ကို ကျူးလွန်ဖေါက်ပြန်လျက်ရှိ၏၊ သင်တို့သည် အလွန်ပင် တရားမျှတမှု မရှိကြပေ၊ တရားစီရင်မည့်နေ့ကြီး၌ အသင်တို့သည် ငါအရှင်ကို မည်သည့်အဖြေများ ပေးကြမည်နည်း။”

တွစ်တရီသခင်က မိန့်ဆိုခဲ့သည်မှာ–

" အရှင်မြတ်သည် အလ္လာဟ့်အချစ်တော်ဖြစ်သည့် စစ်မှန်သော အရိယသူမြတ်တို့ ဘာဝနာပွားရန်အချိန်တွင် အိပ်ပျော်နေပါက နိုးရန်အတွက် ကောင်းကင်တမန်ပြဟ္မာတစ်ပါးစီကို ခန့်ထားတော်မူ၏။

## ၂၂။ဟာဇရသ် မအ်ရူးဖ် ကရ်ခီ

"ဆွလတ်"ဘာဝနာပွားရန် အချိန်ကျရောက်လာသော အခါတစ်ပါး၌ ခရီးသွားဖက် ဘုရားဖူးတစ်ဦး ကအ်ဗာကျောင်းတော်ဘက်သို့ မျက်နှာမမူဘဲ မှားယွင်းစွာ ကျောပေး၍ ဘာဝနာပွားလေ၏။ မိမိအမှားကိုသိသောအချိန်တွင် ထိုသူက မိမိနှင့်အတူဘာဝနာပွားနေသည့် ကရ်ခီသခင်ကြီးကို " ကျွန်ုပ်မှားယွင်းစွာ ဆွလာတ်ဘာဝနာပွားများဆောက်တည်နေသည်ကို အဘယ်ကြောင့်ပြင်မပေးပါသနည်း"ဟုမေးခွန်းထုတ်ရာ၊ ကရ်ခီသခင်က " ဒရ်ဝေ့ရှ်သူမြတ်တို့သည် မိမိတို့ကျင့်ဆောင်စရာရှိသည့်တရားကိစ္စများမှ ခေတ္တနားသည့်အချိန်အခိုက်အတန့်၌သာလျှင် သူတစ်ပါးကို တရားလမ်းညွှန်နိုင်၏။ (ဆိုလိုသည်မှာ တရားကျင့်ကြံအားထုတ်ဆဲ (တစ်နည်း) စခန်းဆုံးတိုင် ပေါက်မြောက်အောင်မြင်ခြင်း မရှိသေးသည့်တရားသမားတစ်ဦးသည် လောကီအာရုံကာမဂုဏ်တို့ဘက်သို့ စိတ်ကိုင်းညွတ်ရန်ကို မဆိုထားနှင့် အခြားဓမ္မမိတ်ဆွေတစ်ဦးအား တရားပြခြင်းအလုပ်ကိုပင်လျှင် မိမိထင်သလို လွတ်လွတ်လပ်လပ်လုပ်ခွင့်မရှိကြောင်း သခင်က အသိပေးခြင်းဖြစ်၏။)

အခါတစ်ပါး၌ ကရ်ခီသခင်ကြီးသည် ဘာဝနာပွားရန် အချိန်ကျရောက်လာရာ၊ ကိုယ်လက်သန့်စင် 'ဝဇူ'ပြုရန် ရေလည်းမရှိသဖြင့်၊ သဲဖြင့် 'တယမ်မွမ်'ပြုကာ သန့်စင်အောင်ဆောင်ရွက်၏။ ထိုအခါ လူအများက " သခင် 'ဒဂျလာ'မြစ်မှာ သိပ်မဝေးလှပါ၊ မြစ်သို့သွား၍ အဘယ့်ကြောင့် ရေသန့်စင်မှု မပြုပါသနည်း"ဟု စောဒကတက်ကြ၏။ ထိုအခါ သခင်က " ဒဂျလာမြစ် မည်မျှပင်နီးစေကာမူ၊ ထိုမြစ်အနီးအပါးသို့ မရောက်ခင် သေခြင်းတရား မဆိုက်ရောက်လာနိုင်ဟု မည်သူမျှ သိနိုင်မည် မဟုတ်ပေ"ဟု ဖြေကြားခဲ့၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ အနိစ္စလက္ခဏာကို အမြဲနှလုံးသွင်းနေသည့် သူတော်စင်တို့၏ သရုပ်သဏ္ဍာန်ကို ဖော်ကျူးပြသချက်တစ်ရပ်ဖြစ်၏)။*

ကရ်ိဳသခင်၏ ဩဝါဒကထာတစ်ခုမှာ–

" မမြဲသည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့အား သံယောဇဉ်နှောင်ကြိုးကြီးများစွာဖြင့် စွဲလမ်းတမ်းတ မြတ်နိုးမှုကို ကျော်လွှားလွန်မြောက်နိုင်ပါလျှင် မြဲရာ အသခ်တအရှင်မြတ်၏ မြတ်နိုးမှုကို ရရှိကာ လွတ်မြောက်ရာစခန်းကို ပေါက်ရောက်နိုင်၏။

## ၂၃။ဟာဇရေသ် စစ်ရီစာ့က်တီ

စစ်ရီစာ့က်တီသခင်ကြီးသည် သူ့နှလုံးသားမှ နေ့စဉ်တောင့်တသော်လည်း ပျားရည်ကို နှစ်ပေါင်းလေးဆယ်တိုင်တိုင် သုံးဆောင်ခြင်း မရှိပေ။ ( ချိုမြိန်သည့် ရသာရုံ၌ နှစ်မွန်းမည်ကို စိုးရိမ်သဖြင့် မိမိစိတ်ကို ထိန်းသိမ်းခြင်းဖြစ်၏။)

သခင်သည်နေ့စဉ် ကြေမုံပြင်၌ မိမိပုံရိပ်လွှာကိုကြည့်ကာ မိမိမျက်နှာတော်၌ အကုသိုလ်အညစ်အထေးတို့ကြောင့် မည်းနက်သွားမည်ကို အမြဲစိုးရွံ့တော်မူခဲ့၏။

လူသားတို့သည် ငယ်ရွယ်စဉ်အချိန်၌ တရားဘာဝနာ အားထုတ်စီးဖြန်းကြရန် သခင်သည် အမြဲ တိုက်တွန်းနှိုးဆော်လေ့ရှိ၏။ ထို့ပြင် ငွေကြေးချမ်းသာကြွယ်ဝ (ခနဂုဏ်မောက်ပြီး နှလုံးသား၌ မောဟ၊ အဝိဇ္ဇာလွှမ်းမိုးနေသော) အိမ်နီးချင်းများအားလည်းကောင်း၊ ငွေကြေးအသပြာဖြင့်သာ သာသနာအသိကို ရောင်းစားသည့်သာသနာ့ပညာရှင်ဆိုသူတို့အားလည်းကောင်း ရှောင်ရှားရန်ဆိုဆုံးမတော်မူ၏။

အသခ်တဂုဏ်ရှင်ဖြစ်တော်မူသည့် မြတ်ရှင်အလ္လာဟ်၏ တည်ရှိမှုကို သတိမူ (သစ္စာဓမ္မကို မျက်မှောက်ပြု)မိသည့် ပရမတ်ဉာဏ်ရှင်သည် လောကတွင်းရှိ ကိလေသာ အညစ်အထေးတို့မှ ကင်းပေးအောင်ရောင်၏၊ လောက၏တဏှာရမ္မက်၌ ငြိတွယ်ခြင်းသည် ဓမ္မလမ်းကြောင်းကို ပြတ်တောက်စေ၏ဟုလည်း သခင်အလေးအနက်ထားကာ ဟောကြားလေ့ရှိ၏။

အလ္လာဟ့်ဇိကိရ်ဘာဝနာပွားများခြင်းနှင့် လောက၏မာယာထောင်ချောက်တို့မှ လွတ်အောင် လျှောက်လှမ်းနိုင်ခြင်းသည်ပင်လျှင် သစ္စာစိုက်မည့် မဂ္ဂင်လမ်းမည်၏၊ ထို့ကြောင့် လူ့ဘဝ၌နေခြင်းသည် အချိန်၏ကန့်သတ်ဘောင်ခတ်မှုရှိသည့် ပညတ်သဘောမှ ကျော်လွှားလွန်မြောက်ကာ အနန္တပရမတ္တသစ္စာဓမ္မ၌ ထာဝရရှင်သန်နိုင်ရန် အတွက်သာလျှင်ဖြစ်ပါစေ၊ အလ္လာဟ်ကိုချစ်သူတစ်ဦးသည် လောကီအာရုံကာမဂုဏ်တို့၌ စွဲလမ်းငြိတွယ်မှုရှိမည်မဟုတ်ကြောင်းကို သိထားပါလော့ဟု သခင့်၏ဩဝါဒတော် တစ်ပုဒ်၌ တရားပြထားကြောင်းတွေ့ရ၏။

စစ်ရီစာက်တီသခင်သည် သူတော်စင်တစ်ဦးအား “အဆွေနာမည် ဘယ်လိုခေါ်ပါသနည်း”ဟု မေးမြန်းရာ၊ သူတော်စင်က “ ထိုအရာ”ဟုသာဖြေ၏၊ အခြားမေးခွန်းအမြောက်အများကိုလည်း အထက်ပါအတိုင်းသာအဖြေတစ်ခုတည်းပေးနေ၏။

စစ်ရီစာက်တီသခင်က “ ထိုအရာ”ဆိုသည်မှာ မည်သည့်ကိုဆိုလိုပါသနည်းဟုမေးရာ၊ သူတော်စင်က “ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသည့် အတုလ် အတုမရှိ အစိန္တေယျ၊ အပ္ပမေယျ၊ အသခ်တဂုဏ်တော်ရှင် အလ္လာဟ်အရှင်မြတ်ဖြစ်ပါသည်”ဟု ဖြေကြား၏၊ ထိုအဖြေကိုကြားရသည်နှင့် စစ်ရီစာက်တီသခင်သည် ဓမ္မဥဒါန်းကျူးရင့်ကာ လောကုတ္တရာ ဈာန်အဟုန်ကြောင့် သတိလစ်ကာ လဲကျသွားလေ၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ ‘ငါ’တည်းဟူသော အတ္တကွယ်ပျောက်ကာ အနတ္တဉာဏ်စိုက်နေသည့် ပရမတ်ဉာဏ်ရှင်သူတော်စင်သည် (စကြဝဠာအနန္တသည် အလ္လာဟ်နှင့်တကွ သာလျှင်ဖြစ်တည်နေဖြင့် ခေတ္တခဏမြဲနေခြင်းဖြစ်သည်)ဟူသော သစ္စာကထာကို ‘ဝဟာဒပ်တွလ်ဝဂျူဒ်’ဧကောဓမ္မောလက်တွေ့ကျကျ သရုပ်ဖော်မြွက်ဆိုခဲ့ခြင်းဖြစ်၏။)*

စစ်ရီစာက်တီသခင်၏ အန္တေဝါသိကတပည့်သာဝကတစ်ပါးဖြစ်သည့် ဂျူနိုက်ဒ် (Junaid)သခင်ကြီးက ဤသို့တစ်ကြိမ်က မေးဘူး၏။

“ အချစ်ဆိုသည်မှာ ဘာပါနည်း၊ အချို့က အချစ်ဆိုသည်မှာ အရှင့်အလိုကျအတိုင်းနေထိုင်ခြင်းဟုဆို၏၊ အချို့က အရှင့်အမိန့်တော်ကို လိုက်နာခြင်းဟု ဆိုပါသည်။”

“ အချစ်သည် ငါ၏အသွေးအသားတို့ကို ခမ်းခြောက်အောင်ပြုလုပ်ပြီး၊ ယခုကဲ့သို့ အင်အားချိနဲ့သည့်အဖြစ်မျိုးရောက်အောင် ငါ့အားပြုလုပ်ခဲ့သည်ဟုဆိုလျှင်မမှားပေ”ဟု မိန့်ဆိုရင်း သတိလစ်မေ့မျောသွား၏၊ သို့သော် မျက်နှာတော်မှာမူ ဝိဇ္ဇာဓမ္မရောင်ခြည်တော်တို့ဖြင့် ထွန်းတောက်ကွန့်မြူးလျက်ရှိ၏၊ သခင်သတိပြန်ဝင်လာသောအခါ ဆက်လက်၍–

“ အချစ်သည် ချစ်သူ၏ နှလုံးသားအား မည်မျှစိုးမိုးလွှမ်းခြုံနိုင်စွမ်းရှိသည်ကိုလက်တွေ့ကျကျသိလိုပါက၊ အချစ်နှင့်ထုံမွှန်းနေသည့် ချစ်သူတစ်ဦးက ဓါးလွတ်ဖြင့်အားကုန်လွှဲကာ ခုတ်ပိုင်းသော်လည်း အခုတ်ခံရသူချစ်သူမှာ ဓါးဒဏ်ရာ၏ နာကျင်မှုဝေဒနာကို ခံစားရမည် မဟုတ်ချေ။ အစပထမက အချစ်ဆိုသည်ကို ကျွန်ုပ်နားမလည်ခဲ့ပေ၊ အရှင်မြတ်က ကောင်းချီးမင်္ဂလာချပေးသောအခါတွင်မှ အချစ်၏အရသာကို ကျွန်ုပ်အနည်းငယ်မြီးစမ်းခွင့်ရခဲ့၏”ဟု မိန့်ဆိုလေ၏။

စာသင်သားများက စာက်တီသခင်ကြီးအား ၎င်းတို့အတွက် ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ရန် အရှင့်ထံဆုပန်ပေးဖို့ ပန်ကြားလာသည့်အခါတွင် သခင်က ဤသို့ဆုပန်ပေးခဲ့၏။

အရှင့်ဘာဝနာစီးဖြန်းရာ၌ (ပညာသင်ပေးခြင်းဒုက္ခ)အနှောင့်အယှက်မှ ကင်းဝေးစေရန် ရည်သန်ကာ၊ နောက်ထပ်ပညာသင်ယူစရာမလိုအပ်တော့မည့် ပညာမျိုးကို ၎င်းတို့အား ချီးမြှင့်ရန်သခင်က ဆုပန်ပေးခဲ့၏။

တစ်နေ့သ၌ စာက်တီသခင်ကြီး တရားချီးမြှင့်ဟောကြားနေစဉ် ခလီဖွာဘုရင်ကြီးသည် မင်းခမ်းမင်းနားနှင့်ရောက်ရှိလာ၏၊ ဘုရင်ကြီးသခင့်အနီးရောက်လာချိန်တွင် သခင်က " အရှင်မြတ်ဖန်ဆင်းထားသည့်အရာတို့အနက် လူသားတို့သည် အမြတ်ဆုံးဖြစ်၏၊ ဤကဲ့သို့အရှင်မြတ်၏ အထူးအခွင့်အရေးပေးသနားးခြင်းကို ခံရစေကာမူ လူသားသည် ပြစ်မှုဒုစရိုက်၊ အကုသိုလ်ကံတို့ကို လွန်မင်းစွာကျူးလွန်ကြပေ၏"ဟူသော တရားဒေသနာတော်ကို ဟောကြားနေချိန်နှင့် သွားရောက်ကြုံကြိုက်နေပေသည်၊ သခင်၏တရားမှာ ခလီဖွာဘုရင်ကြီး၏ ဟဒယနှလုံးသား၌ စိမ့်ထုံပျံ့နှံ့သွားကာ မိမိနန်းတော်သို့ရောက်သည့်တိုင်အောင် စက်တော်ခေါ်၍ မပျော်နိုင်အောင်ရှိခဲ့၏။ တစ်ညလုံး အနလုံ ပင့်ိုလုံဆင်ခြင်သုံးသပ်ပြီးနောက် နံနက်မိုးသောက်ချိန်တွင် မင်းဝတ်တန်ဆာတို့ကိုစွန့်ပြီး ဒရ်ဝေ့ရှ်သူမြတ်တို့ဝတ်လေ့ရှိသည့် ဝတ်ရုံမဲကိုဝတ်ဆင်ကာ စာက်တီသခင်၏အပါးသို့ ချဉ်းကပ်လေ၏။

ပြီးခဲ့သည့်နေ့က သခင်ဟောကြားခဲ့သည့်တရားသည် သူ့အားစူးစူးရှရှ ထက်ထက်မြက်မြက် သက်ရောက်မှုရှိစေခဲ့ပြီး၊ ယခုအခါသူသည် လောကီအာရုံကာမဂုဏ်တို့ကို ခံမင်တွယ်တာမှုမရှိတော့ဘဲ၊ တစ်ကိုယ်တည်းဆိတ်ငြိမ်ရာတွင် တရားရှာလိုပါသဖြင့် သခင့်အနေဖြင့် ပရမတ်ထိုးထွင်းဉာဏ်ကို ပွင့်လင်းစေပြီး သစ္စာစိုက်နိုင်မည့် အသေချာဆုံးသောတရား မဂ္ဂင်လမ်းကို ချီးမြှင့်ပေးရန် ခလီဖွာဘုရင်ကြီးက စာက်တီသခင်ကြီးအား တောင်းပန်လေသည်။

စာတီသခင်ကြီးက တရားလမ်းနှစ်သွယ်ရှိကြောင်း၊ ပထမလမ်းမှာ အစ္စလာမ့်ဓမ္မသတ်ပညတ်ကျမ်းတို့၌ ပါရှိသည့် မွတ်စလင်မ်တိုင်း တာဝန်တစ်ရပ်အနေဖြင့် မပြုမနေ ရွက်ဆောင်ရသည့် သာသနာ့အခြေခံ မဏ္ဍိုင်ကြီး ငါးရပ်ဖြစ်သော "ကလေမာ" သစ္စာအဓိဋ္ဌာန်ကို ကိုယ်စိတ်နှစ်လုံး သုံးပါးလုံးဖြင့် ယုံကြည်၊ ရွတ်ဆို၊ ကျင့်ဆောင်ရန်။ တစ်နေ့ငါးကြိမ်သတ်မှတ်ထားသော အချိန်တို့၌ ဝတ်ကျောင်းတော်တွင် ပရိသတ်ဂျမာအတ်ဖြင့် 'ဆွလာတ်'ဘာဝနာပွားများရန်။ 'ရမသွာန်'လမြတ်၌ တစ်လလုံး 'ဆွိယာမ်' (သို့) 'ဆောင်မ်'ခေါ် ဥပုသ်သီတင်းစောင့်ထိန်းရန်။ မိမိတစ်နှစ်စာဝင်ငွေအတွင်းမှ လေးဆယ်ပုံတစ်ပုံ (သို့) နှစ်နှစ်ပိုင်းတစ်ပိုင်းရာခိုင်နှုန်းကို သာသနာဝင်

သူဆင်းရဲတို့အား ထောက်ပံ့ရသည့် ဆင်းရဲသားကြေး 'ဇကာတ်'ကို နှစ်စဉ်တိကျစွာ တွက်ချက်ပြီးပေးဆောင်ရန်။

တစ်သက်တွင်တစ်ခါ တတ်ကုန်နိုင်လျှင် မက္ကာရွှေမြို့တော်သို့ 'ဟဂျ်' ဘာဝနာပွားဖို့ ခမ္ဘခရီးထွက်ရန် စသည်တို့ကို မပျက်မကွက်ရွက်ဆောင်ပြီး နေ့တရုပ ရုပ်တရားနှင့်လုပ်ရှားကာ ဆောင်ရွက်ရသည့် ကျင့်ရန်ကျဉ်ရန်၊ ဆောင်ရန် ရှောင်ရန် ပညတ်ခမ္ဘသတ်တို့ကို ဆံချည်မျှင်တစ်မျှင်စာမျှပင် အတိမ်းအစောင်းမခံဘဲ တိတိပပ ဖြည့်ဆည်းရွက်ဆောင်ရန်ဖြစ်ပြီး၊

ဒုတိယလမ်းမှာ–

တိုတောင်း၍ ထိရောက်သောလမ်းဖြစ်၏၊ လောက၏ ကိလေသာ ကာမဂုဏ် အာရုံတို့ကို ထိန်းကွပ်ပြီး အစွဲဥပဒါန်နှင့် သမုဒယ သံယောဇဉ်တို့ကိုဖြတ်တောက်ကာ အရှင့်ဘာဝနာ၌ အမြဲမပြတ် နစ်မွန်းနေပြီး၊ မည်သူ့ထံကမှ မည်သည့်အရာကိုမှ မတောင်းခံ၊ ပေးလာလျှင်လည်း လက်မခံဘဲ အရှင့်ထံမှပေးသည်ကိုသာယူပြီး၊ အရှင်တစ်ပါးတည်းထံမှပင် တောင်းခံခြင်းဖြစ်၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ ဒုတိယလမ်းဆိုသည်မှာ အစ္စလာမ်၏အနှစ်အသားဖြစ်သည့် အတွင်းပရမတ်ကျင့်စဉ်ဖြစ်၏။ အဆိုပါ အစ္စလာမ့် အထက်တန်းတရားကို မဟာတမန်တော်မြတ်ကြီး၏ ဩဝါဒတော် တစ်ရပ်တွင် 'အဲဟ်ဆန်'(အလှတရားကိုဖြစ်ပွားစေသော စိတ်တံခါးတည်းဟူသော ခန္ဓာတွင်းမှ နှုရ်ဂီတိုက်ဖွင့်ခြင်း)ဟု ခေါ်ဆိုထား၏။*

*စိတ်နှင့်ယုံကြည်ရသည့် 'အီမန်'နှင့် ရုပ်ခန္ဓာနှင့်ဆောက်တည်ကျင့်သုံးရသည့် "အစ္စလာမ်"တို့ကို 'အဲဟ်ဆန်'က ပေါင်းကူးတံတားသဖွယ် ဆက်စပ်ပေးသည်။*

*အစ္စုတ္တစိတ်သန္တာန်အတွင်းမှ ယုံကြည်ချက်သည် အပြင်ဗဟိဒ္ဓရုပ်တရားတွင် အရိပ်ပမာထင်ဟပ်ပေါ်လွင်ထင်ရှားလာရန် (တစ်နည်း) မိမိယုံကြည်သည်ကို ယုံကြည်သည့်အတိုင်း မိမိဘဝဆောက်တည်ရေးတွင် အလုပ်၏လမ်းညွှန်အဖြစ်ထားရှိကာ ယုံကြည်သည့်အတိုင်း လုပ်ဆောင်လာရန်လည်းကောင်း၊ ဗဟိဒ္ဓလှုပ်ရှားမှုတို့သည် တာဝန်ကျေအပြင်ဘန်း အသွင်သဏ္ဌာန် ဟန်ပြမှုလောက် မဟုတ်ဘဲ အစ္စုတ္တသန္တာန် အတွင်းသို့ နက်ရှိုင်းစွာစိမ့်ထုံဝင်ရောက်ပျံ့နှံ့သွားကာ အနှစ်အသားပါပါ အသိဉာဏ် နှင့်ယှဉ်ကာ လုပ်ဆောင်လာရန်လည်းကောင်း 'အဲဟ်ဆန်'တည်းဟူသော အတွင်း ဉာဏ်မျက်စိ ပွင့်လင်းခြင်းက ဆောင်ရွက်ပေါင်းကူးပေး၏။*

*ထို့ကြောင့် စာက်တီသခင်ကြီးညွှန်းဆိုသော ဒုတိယလမ်းဟူသည်မှာ အသိ၊ အချစ်တို့နှင့်ယှဉ်ပြီး ရွက်ဆောင်ရသည့် ဝိဇ္ဇာဉာဏ်အလင်းတည်းဟူသော 'အဲဟ်ဆန်'ကို သရုပ်သကန် ဖော်ကျူးဖွင့်ဆိုပြခြင်းဖြစ်၏။*

*စာက်တီသခင်ကြီး၏တရားကို ကြားနာရသည့် ခလီဖှာဘုရင်ကြီးသည် ဆိတ်ငြိမ်*

ရာ လွင်တီးခေါင်သို့ ထွက်ခွာသွားလေ၏၊ ထိုအခါဘုရင်ကြီး၏မယ်တော်က သခင့်ထံသို့ ငိုကြီးချက်မနှင့်လာရောက်ကာ သူ့သားဒရ်ဝေ့ရှ်သူမြတ်တို့လမ်းကို လျှောက်လှမ်းရန် ထွက်ခွာသွားပြီဖြစ်ပြီး၊ ဘယ်သို့ရောက်ရှိနေသည်ကိုပင် မသိရကြောင်း လျှောက်ထားလေ၏။ သခင်က စိတ်မပူရန်နှင့် မကြာမီသူပြန်လာမည့်အကြောင်း သတင်းကောင်းပါးလိုက်၏။ သခင်မိန့်ဆိုသကဲ့သို့ပင် ဘုရင်တစ်ဖြစ်လဲ သူတော်စင်ကြီးသည် သခင့်ထံသို့ရောက်ရှိလာ၏။ သခင်က ဘုရင်၏မယ်တော်၊ မိဖုရားနှင့် သားတော်တို့အား အခေါ်လွှတ်လိုက်ရာ ဘုရင့်မိသားစုတို့ ဆုံဆည်းမိကြ၏။ ဘုရင်ကြီး၏အဖြစ်ကိုမြင်ရသော် မိသားစုက သည်းထန်စွာငိုကျွေးကြပြီး၊ သူတို့နှင့်ပြန်လိုက်ရန် အပြင်းအထန်တိုက်တွန်းကြ၏။ သူတော်စင်ဘုရင်ကြီးအား မည်သို့မျှခေါ်၍ မရသည့်အဆုံး မိဘုရားကြီးက သားတော်ကို ခေါ်ထားရန်ပြောလေရာ၊ သူတော်စင်ဘုရင်ကြီးက သားငယ်၏အဖိုးတန်အဝတ်အစားတို့ကိုချွတ်ကာ စောင်တစ်ထည်ကို ဝတ်ရုံပေးလိုက်၏။ နွမ်းပါးလှသည့် သားတော်၏ဝတ်စုံကို မကြည့်ရက်နိုင်သော မယ်တော်က ဝမ်းနည်းကျေကွဲစွာဖြင့် သားတော်ကိုပြန်ခေါ်သွားရာ သူတော်စင်ဘုရင်ကြီးလည်း မိမိတရားကျင့်နေသည့် ခမ္မရိပ်သာရှိရာတောထဲသို့ ပြန်ဝင်သွား၏။

သူတော်စင်ဘုရင်ကြီးသည် ခေမာသောင်ကမ်း နိဗ္ဗနန်းသို့ကူးပြောင်း၍၊ အရှင့်ခြေစက်တော်အောက်သို့ ခိုဝင်တော့မည့်အနေအထားရောက်ရှိနေပြီဖြစ်ကြောင်း ရက်အတန်ကြာသောအခါ စာက်တီသခင်အား လူတစ်ဦးကသတင်းလာပေး၏။ စာက်တီသခင်ကြီးသည် သူတော်စင်ဘုရင်ကြီး လဲလျောင်းနေရာ သချိုင်းကုန်းသို့ ရောက်ရှိလာ၏။ သခင်က သူတော်စင်ဘုရင်ကြီး၏ ဦးခေါင်းတော်ကို မိမိပေါင်ပေါ်သို့တင်လိုက်၏၊ သူတော်စင်ဘုရင်ကြီးက သခင့်ကို “ သခင်ကြွရောက်လာတာ အနည်းငယ် နောက်ကျသွားပြီ”ဟု ပြောပြီးလျှင် နာမတော်ကိုရွတ်ဆိုကာ ခန္ဓာဝန်ချတော်မူလေ၏။ စာက်တီသခင်သည်၊ သူတော်စင်ဘုရင်ကြီးဈာပနအတွက် လိုအပ်မည့်ပစ္စည်းများကိုယူရန် ရွာဘက်သို့အသွားလမ်းတွင် ဈာပနပစ္စည်းများပိုက်ကာ အပြေးအလွှားလာနေသည့် လူအုပ်စုနှင့်တွေ့ရ၏။ သခင်က မေးမြန်းစုံစမ်းကြည့်ရာ ထိုလူများက အရှင့်ထံမှ “ငါ၏အချစ်တော်တစ်ဦး ငါ့ထံပြန်လာပြီဖြစ်၍ ယခုသူ့ရပ်ကလာပ်ရှိရာ တောသို့သွားကာ တရားတော်နှင့်အညီ ဈာပနဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စနစ်တကျဆောင်ရွက်ပြီး “ဂျနာဇာဆွလာတ်”ဖြင့် ဆုတောင်းဝတ်ပြုမေတ္တာပို့ရန် အမြန်သွားကြလော့”ဟု ဗျာဒိတ်တော်သံကြားရသဖြင့် သူတို့လာခဲ့ကြောင်း သခင့်အား လျှောက်ထားကြ၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ အစ္စလာမ်မြေ၌ တောထွက်ခြင်းဟူသည်မှာ ခန္ဓာအတွင်းမှတောသို့ထွက်ခြင်းဖြစ်ပြီး စွန့်ခြင်းဟူသည်မှာလည်း အတွင်းစွန့်လွှတ်မှုဖြစ်ကြောင်း အထက်၌ အကြိမ်ကြိမ်ဖော်ပြပြီးဖြစ်ပါသည်။ ဆူဖီသူတော်စင်တို့သည် လောကကြီးကို ပယ်လည်းမပယ် တွယ်လည်းမတွယ်ဘဲ အကြောင်းသတ်ကျင့်စဉ်နှင့် လောကအတွင်း၌နေ၊ လောကဝေနေယျတို့၏အကျိုးကို ရွက်ဆောင်*

ရင်းက လောကီ၏ ကိလေသာ မာယာထောင်ခြောက်တို့မှ ကင်းစင်လွန်မြောက်အောင် နေကြပါသည်။ စာက်တီသခင်ဆုံဆည်းခဲ့သည့် သူတော်စင်ဘုရင်ကြီးသည် နန်းစွန့်၍ တောထွက်ခြင်းမှာ ၎င်း၏ပုဂ္ဂလိကလိုအပ်ချက်ကြောင့် နာမ်အဟာရကျိုချက်ရန် အချိန်ပိုင်းနှင့် တစ်ဦးတည်း ကျင့်ကြံတရားအားထုတ်ခြင်းသာဖြစ်၏။ အပြီးအပိုင် လောကကို ကျောခိုင်းခြင်းမှာ မဟာတမန်တော်မြတ်၏ ကျင့်စဉ် မဟုတ်ပေ။ မိမိတစ်ဦး ကောင်း တစ်ယောက်ကောင်း ကိုယ်လွတ်ရုန်း၍ ထွက်ပြေးပုန်းရှောင်ပြီးကာမှ တရားရှာခြင်းကို ဆူဖီတို့က အတ္တဝါဒီတစ်ကိုယ်ကောင်းသမားတို့၏ လုပ်ရပ်ဟု မှတ်ယူကြပါသည်။)

ဟဇရတ် စာက်တီသခင်က တစ်ခါက ဤသို့မိန့်ဆိုခဲ့ဖူး၏။

" အနာရောဂါကို ကုစားရမည့် သမားတော်ဆေးဆရာကိုယ်တိုင် ဖျားနေပါလျှင် မည်သူ့ထံမှ ကျွန်ုပ်တို့အကုစားခံမည်နည်း၊ ဓမ္မလမ်းပြ ခါဂျာခစ်ဇိရ် လမ်းခုလတ်၌ ခလုတ်တိုက်မိနေလျှင် မည်သူ့ထံမှ ကျွန်ုပ်တို့ဓမ္မခရီးလမ်းအတွက် အထိန်းအကြောင်း ခံယူမည်နည်း။"

## ၂၄။ဟာဇရတ် အဟ်မဒ် ခိဇ်ရဝီယာ

ရမ်ဇမ်လမြတ်တစ်နေ့၌ အဟ်မဒ်သခင်ကြီးသည် အလွန်ကြွယ်ဝချမ်းသာသည့် သူဌေးတစ်ဦးအား ဖိတ်ခေါ်၍ ဥပုတ်လွတ်ဝါဖြေချိန်၌ မုန့်ခြောက်ကျွေးခဲ့၏။ သူဌေးကြီးလည်း မိမိအိမ်သို့ရောက်သည်နှင့် ဒီနာရ်ငွေသားတစ်ထောင်သခင့်ထံ ဆက်သလှူဒါန်းစေ၏။ သခင်က " ခြိုးခြံစွာ ကျင့်ကြံအားထုတ်ခဲ့သဖြင့် အာသဝေါ တရားတို့ ဆင်းရဲကုန်ခမ်းနေသည့် ဒရ်ဝေ့ရှ်သူမြတ်တို့၏ အဖြစ်ကို ဤဘဝ၊ တမလွန် နှစ်ဘဝ နှစ်ဌာန၏ စည်းစိမ်ချမ်းသာတို့ဖြင့်ပင်လျှင် ကျွန်ုပ်လဲမည် မဟုတ်ချေ"ဟု ပြောကာ အဿပြာတို့ကို လက်မခံဘဲ ပြန်ပေးခဲ့၏။

ဟာဇရည် ခိဇ်ရဝီယာသခင်ကြီး၏ မိန့်ဆိုချက်တစ်ရပ်မှာ–

" အရှင့်ကိုရှာသူ အရှင့်ကိုတွေ့အံ့၊ အရှင့်ကို အချစ်ထားနိုင်ရန် လောကီ အာရုံကာမဂုဏ်နှင့် ယင်းနှင့်နီးနှောဆက်နွယ်နေသည့် ရမ္မက်ကွန်ခြာ မာယာထောင် ခြောက်မှန်သမျှကို ကျော်လွှားလွန်မြောက်ကာ စိတ်ရောကိုယ်ပါ အရှင့်ဘာဝနာ၌ နှစ်မွန်း၍ထားရန်လိုအပ်၏။"

## ၂၅။ ဟာဇရယ် အဗူတိုရားဗီ ဗတ်ခ်ရှိ

အဗူတိုရာသခင်ကြီးက " ကျွန်ုပ်သည် တောင်တန်းတစ်ခုအတွင်းသို့ တစ်ညအခါက ဖြတ်သွားစဉ် အရပ်ရှည်ရှည်နှင့်ထူးဆန်း(ဖွယ်ရာ အသွင်သဏ္ဍာန်ဆောင်)သော လူရိုင်း(ဟုထင်ရသည့်သူ)တစ်ဦးကို တွေ့ရ၏။ ကျွန်ုပ်သည် ရုတ်တရက်ကြောက်ရွံ့တုန်လှုပ်သွား၏၊ ထိုအခါ လူထူးလူဆန်းကြီးက " အသင်သည်၊ မွတ်စလင်မ်လော၊ အယူတိမ်းသူ မိစ္ဆာဒိဋ္ဌိလော"ဟုမေးရာ၊ ကျွန်ုပ်က " ကျွန်ုပ်ဟာ မွတ်စလင်မ်ပါ "ဟု ဖြေကြား၏၊ ထိုအခါသူက " မွတ်စလင်မ်ဆိုလျှင် အလ္လာဟ်မှအပ မည်သူ့ကိုမှ မကြောက်ပါနဲ့"ဟု ဆိုလေ၏။

ဤအတွေ့အကြုံကို ရင်ဆိုင်ရပြီးနောက် ဘုရားဖူးခမ္မခရီးသည်တစ်ဦးအား ခရီးသွားပစ္စည်း ဝန်စည်စလည် တစ်စုံတစ်ရာမျှမပါရှိဘဲ တွေ့ရပြန်၏။

ကျွန်ုပ်က ခရီးလမ်းကြမ်းတမ်းလှသည့် ကန္တာရခရီးရှည်ကြီးတွင် လူတစ်ဦး ခရီးထွက်လျှင် မရှိမဖြစ်လိုအပ်မည့်အခြေခံပစ္စည်းများပင် မပါဘဲ အဘယ်နည်းနှင့် ခရီးနှင်လာပါသနည်း"ဟုမေးရာ၊ ထိုသူက " အရှင်မြတ် ကျွန်ုပ်အပါး၌ အမြဲထာဝစဉ် ကိန်းဝပ်စံပယ်နေပါက အသခ်တဂုဏ်တော်ရှင်၏အပဖြစ်သည့် မည်သည့်ရုပ် နာမ် ခမ္မ သခါရကိုမျှ ကျွန်ုပ်မလိုအပ်ပေ"ဟု ဖြေကြား၏။

ထိုအခါ ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်ထူးထံမှ တရားတောင်းရာ သူက "ကိလေသာကာမဂုဏ်ကို မြူတစ်မှုန်စာမျှပင် ခုံမင်တွယ်တာပါလျှင် အရှင့်ကို သိမြင်ပေါက်မြောက်ရန်အတွက် အဟန့်အတားဖြစ်ပေမည်။ အရှင့်ထံမှ ကျွန်ုပ်လိုအင်ဆန္ဒတို့ကို ဘာမျှတောင်းခံခြင်းမရှိပေ။ အရှင်၏ပြဒါန်းချက်မှန်သမျှကို ရောင့်ရဲတင်းတိမ်စွာ နာခံပြီး အရှင့်လောကခံတရားကို လည်းတွန်းလှန်ရန် မကြိုးစားပေ၊ ကျွန်ုပ်မှာ ကျွန်တစ်ဦးမျှဖြစ်ပြီး ကျွန်ုပ်၏ကိုယ်ပိုင်လိုအင်ဆန္ဒတည်းဟူသော အတ္တကို ဘယ်သောအခါမျှ သိမ်းထားခြင်း မရှိပေ"ဟု တရားချီးမြှင့်ခဲ့၏။

## ၂၆။ ဟာဇရယ် ယဟ်ယာဗင် မအားသ် ရာဇီ

ဟာဇရယ် ယဟ်ယာသခင်ကြီး၏ညီတော်သည် အခါတစ်ပါး၌ သခင့်ထံ ဤသို့ စာပါးခဲ့၏။ " နောင်တော်ကြီးခင်ဗျား၊ ညီတော်သည်အရှင့်ထံမှ သုံးခုသောအရာကို ပြင်းပျစွာတောင်းခံခဲ့သဖြင့် နှစ်ခုသောအရာကို ရရှိခဲ့ပေပြီ။ ဆုတောင်းပြည့်ခဲ့သည့် ပထမအချက်မှာ ကျွန်တော်သည် မက္ကာရွှေမြို့တော်၌ အတည်တကျနေထိုင်နိုင်ရန် အိမ်ခြေရာခြေပိုင်ဆိုင်ခဲ့ပြီး၊ ဒုတိယအချက်မှာ ကျွန်တော့အား စောင့်ရှောက်ပြုစုရန် အိမ်ဖော်မိန်းကလေးတစ်ဦးလည်း ရရှိခဲ့ပါပြီ။ အိမ်ဖော်မလေးမှာ ကျွန်တော်ကိုယ်လက်သန့်စင် 'ဝုဇူ'ပြုရန် ရေခပ်ပေးပါသည်။ ယခု ကျွန်တော်တောင်းခံသည့်

တတိယအချက်မှာ နောင်တော်ကြီးနှင့်ဆုံစည်းရန်သာဖြစ်ပါသည်။"

သခင်က ညီတော်ထံ ဤသို့စာပြန်ခဲ့၏။

" လူသားသည် မိမိကိုယ်၌က၊ ပင်ကိုယ်ပကတိသန့်စင်နေရပြီး ဝိဇ္ဇာဉာဏ် အလင်းပွင့်ထွန်းရာ ဓမ္မစခန်းအဆင့်ဆင့်မြင့်တက်အောင် ကြိုးပမ်းရပေမည်၊ သို့မှသာလျှင် မည်သည့်အရပ်၌ နေသည်ဖြစ်စေ ထိုအရပ်သည် ဤမဏ္ဍာရွှေမြို့တော်ကဲ့သို ထွင့်ပြတ်နေမည်။ အိမ်ဖော်ထားရှိခြင်းနှင့်ပတ်သက်၍လည်း ငါ့ညီကို ပြောစရာရှိပါသည်၊ မိမိကိုယ်၌က အရှင်ဖန်ဆင်းထားသည့်ဝေနေယျ သဗ္ဗေသတ္တာသတ္တဝါမှန်သမျှကို အလုပ်အကျွေးပြုရမည့်တာဝန်ရှိပါလျှက် မိမိအတွက် အလုပ်လုပ်ပေးဖို့ အိမ်ဖော်ထားပိုင်ခွင့် မရှိသင့်ပေ။

ညီတော်၏ တတိယတောင့်တချက်အတွက်မူ မေးစရာတစ်စုံတစ်ရာရှိပါသည်။ ညီတော်သည် အရှင့်ဘာဝနာ၌ သမာဓိခိုင်မြဲစွာ အာရုံမပြားဘဲ တစ်စိတ်တစ်လက်တည်း ပွားများနိုင်ပါ၏လော၊ ဤသို့အာရုံတည်ကြည်စွာ ဘာဝနာပွားများနိုင်လျှင် နောင်တော်ကိုသတိရဖို့ ညီတော်အာရုံကိုင်းညွှတ်မည် မဟုတ်ပေ၊ အရှင့်ဘာဝနာ၌ သမာဓိမခိုင်မာသဖြင့် ညီတော်သည်နောင်တော်ကို တွေ့လိုသည့်ဆန္ဒ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အရှင့်ဘာဝနာကို တစ်ရှူတစ်အောင့်မျှ ပြတ်လတ်ခြင်းမရှိရလေအောင် ညီတော်၏နာမ်ဓာတ်၌ ဉာဏ်ကပ်အောင် အားထုတ်ပါ။ သား သမီး၊ ညီအစ်ကို မောင်နှမတို့ကိုလည်း တွယ်လည်း မတွယ်နှင့်၊ ပယ်လည်းမပယ်နှင့်၊ အရှင့်ကို ဖူးတွေ့ရလျှင်(သစ္စာဓမ္မကို မျက်မှောက်ပြုရလျှင်)နောင်တော့်အားတွေ့ရန် ညီတော် လိုအပ်တော့မည် မဟုတ်ချေ။ အရှင့်ကို ရှာမတွေ့ပါကလည်း နောင်တော်ကို တွေ့ရုံမျှဖြင့် ဘာအကျိုးရှိပါမည်နည်း။ "

---

ရာဗိသခင်ကြီး၏ တရားတစ်ပုဒ်မှာ–

" ပစ္စက္ခလောကီဘဝသည် အိပ်ခြင်းနှင့်တူ၏၊ လောကုတ္တရာသည် နိုးကြားခြင်းနှင့်တူ၏၊ အကယ်၍ အကြင်သူတစ်ဦးသည် အိပ်စက်နေစဉ် အိပ်မက်အတွင်း၌ ငိုကျွေးခဲ့ပါက၊ သူနိုးလာသောအခါ ရယ်မောပေအံ့၊ ထိုနည်းတူစွာပင် ဤလောက၌လည်း အရှင်မြတ်ကို ချစ်ကြောက်ရိုသေ ခန့်ငြားပြီး( မိမိပြုလုပ်ခဲ့သည့် အပြစ်များအတွက် နောင်တသဝေဂရစွာ) ငိုကြွေးပါက ထိုသူ့အနာဂတ်မှာ အပြုံးပန်းဆင်ဖို့ရာသာရှိပေအံ့။

---

တစ်ချိန်က ရွာတစ်ရွာကို အဖော်တစ်ဦးနှင့်အတူ ရာဗိသခင်ကြီးဖြတ်သွားစဉ် မိမိနှင့်အတူပါလာသည့်အဖော်က "ဘယ်လောက်လှလိုက်တဲ့ ရွာလေးလဲ"ဟု မှတ်ချက်ချလိုက်ရာ၊ သခင်က အလုတရားမှာ မြဲရာသအခ်တဂုဏ်တော်ရှင်မှအပ၊ မည်သည့်

မမြဲရာ ရုပ် နာမ် ဓမ္မ သင်္ခါရတို့ကိုမျှ အစွဲဥပဒါန်နှင့် သမုဒယ သံယောဇဉ်ငြိတွယ်ခြင်းမရှိသောသူ၏ နှလုံးသားပင်ဖြစ်၏”ဟု ပြန်လည် မိန့်ကြားတော်မူလိုက်၏။

တစ်ညတွင် ရာဇီသခင်ကြီး၏အခန်းတွင်းမှ မီးခွက်သည် ရုတ်တရက်ငြိမ်းသွား၏။ ထိုအခါသခင်သည် သည်းထန်စွာ ငိုကြွေးလေသည်။ သခင်၏ထူးဆန်းသော အပြုအမူကို လူအများကမေးကြည့်ရာ၊ သခင်က “ ဤမီးခွက်မှ မီးသေသွားသည်ကို မြင်သောအခါ ကံမကောင်းအကြောင်းမလှသည့် နေ့တစ်နေ့တွင်ကျွန်ုပ်သည် လောကီအာရုံ ကာမဂုဏ်တို့အတွင်း၌ နစ်မွန်းခါ ကျွန်ုပ်၏ယုံကြည်မှုသဒ္ဒါတရားတည်းဟူသော ဝိဇ္ဇာဆီမီးသည်လည်း ငြိမ်းသွားမည်ကို စိုးရိမ်ပူပန်ပြီး ငိုကြွေးခြင်းဖြစ်၏”ဟု ဖြေကြားတော်မူလေသည်။

*ဘာသာပြန်သူမှတ်ချက်။* *။ ကိလေသာ မီးတို့ကို ကုန်ခန်းသွားသည့်တိုင်အောင် ငြိမ်းသတ်နိုင်ပြီး လွတ်မြောက်အောင်မြင်တော်မူသော ပုဂ္ဂိုလ်ထူးတစ်ပါးဖြစ်သည့် ရာဇီသခင်ကြီးကဲ့သို့သော သာသနာ့အာဇာနည်ကြီးသည် ပင်လျှင် မိမိ၏သီလ၊ သမာဓိ၊ ပညာတို့အပေါ်၌ အထင်ကြီးခြင်း မရှိဘဲ အမြဲတစေ ကျိုးနွံစွာဖြင့် အကုသိုလ်စိတ်ပြန်လည်ခေါင်းထောင်လာမည်ကို စိုးရိမ်နေကြောင်းကို အထက်ပါဖြစ်ရပ်မှန်က ပုထုဇဉ်လူသားတို့ တရားရယူစေရန် ညွှန်ပြလျက်ရှိ၏။*

ရာဇီသခင်ကြီး၏ တရားလမ်းညွှန်ချက်အချို့မှာ–

[၁] သေခြင်းတရားသည် ချစ်သူနှင့် အချစ်ခံ(အလ္လာဟ်ရှင်နှင့် မဟာလူသား)တို့အကြား ပေါင်းကူးပေးသည့် အချစ်ပေါင်းကူးတံတားဖြစ်၏။ (မဟာတမန်တော်မြတ်၏ ဩဝါဒတော်ကို ထပ်ဆင့်ကိုးကား တင်ပြချက်ဖြစ်၏။)

[၂] (ဘာဝနာမယတည်းဟူသောပရမတ်ထိုးထွင်းသိဉာဏ်နှင့်ယှဉ်သော) အဓိဂမသဒ္ဒါတရားတဒင်္ဂပဟာန် ပွင့်ပေါ်လိုက်လျှင်ပင် နှစ်ပေါင်းနှစ်ရာမျှ ကျူးလွန်ခဲ့သည့်အကုသိုလ်အညစ်အကြေးတို့ပင်လျှင်သန့်စင်ဆေးကြောပြီးသားဖြစ်သွားပေမည်။

[၃] အလ္လာဟ်အချစ်တော်တို့သည် ဓမ္မသတ်ပညတ်ချက်တို့ကို သိစိတ်ပျောက်နေသည့်အချိန်တို့၌သာလျှင် ဖောက်ဖျက်နိုင်ခြင်းဖြစ်လေရာ၊ ယင်းဖေါက်ဖျက်မှုတို့အတွက်သူတို့၌ အဘယ်သို့တာဝန်ရှိနိုင်မည်နည်း။

[၄] သေခြင်းတရားကို အကယ်၍သာ ဈေး၌တင်၍ရောင်းချပါက ‘သူ့’(အသခ်တအလ္လာဟ်အရှင်)အချစ်တော်များသည် ယင်းမှတစ်ပါး အခြားမည်သည်ကိုမျှဝယ်ယူကြလိမ့်မည်မဟုတ်ချေ။

[၅] အဝိဇ္ဇာဖုံးလွှမ်းနေသည့် အန္ဓပုထုဇဉ် လူ့ဗာလများကို ဝေးအောင်ရှောင်ပြီး၊ အရှင်ဘာဝနာကို တိုး၍ပွားများပါလော့။

[၆] အရှင့်ဘာဝနာပွားများမှုကြောင့် ချမ်းသာမှုကိုရရှိသောသူတို့သည် ချမ်းသာရာ အစစ်ကို အမှန်တကယ်ရရှိခြင်းမည်၏၊ မိမိ၏စွမ်းဆောင်ချက်ပေါ်၌ မာန်တက်ကာ ကြိုးပမ်း၍ လောကီရေး၌ ချမ်းသာလာသူသည် ဆင်းရဲမြဲ ဆင်းရဲလျက်သာ ရှိချေအံ့။ (မှတ်ချက်– ချမ်းသာမှုနှစ်မျိုးကို ခွဲခြားပြီး ကြည့်ပါကုန်)

[၇] ဤလောကသည် တရားဘာဝနာ စီးဖြန်းအားထုတ်ရာ နေရာဌာနဖြစ်သည်။

[၈] အလ္လာဟ်အရှင်(သစ္စာဓမ္မ)နှင့် ကွေကွင်းရမှုအတွက် တခဏမျှ သောက ထားခြင်းသည် လောကအဝှမ်း၏ စည်းစိမ်ချမ်းသာထက် သာလွန်၏။

[၉] လောကီအာရုံကာမဂုဏ်တို့သည် မာရ်နတ်မိစ္ဆာကောင်၏ ကုန် စုံဆိုင်ကြီးပင်ဖြစ်၏။ ယင်းကို စိုးရွံ့ပါလော့၊ လောကအတွင်းရှိ ရမ္မက်ကွန်ခြာအမျိုးမျိုးနှင့် မာယာထောင်ချောက်အသွယ်သွယ်တို့သည် မာရ်နတ်ကမ်းလှမ်းပေးနေသည့် သေရည်ပင်တည်း၊ မည်သည့်အခါမျှ မမြည်းစမ်းလေနှင့်။

[၁၀] **အစားကျူးသောသူသည်** တဏှာရာဂ၏ သားကောင်ဖြစ်တတ်၏၊ မပြည့်တင်း **သော**ဝမ်းဗိုက်တွင် အရှင့်ကရုဏာတော်ကိန်းဝပ်ပြီး ‘နူရီ’ဓမ္မရောင်ခြည်တော် **ထွန်း**တောက်၏။

[၁၁] **သူ**ကြွယ်တို့ပွဲတည်ရာ စားဝိုင်း၌ စားသောက်ခြင်းကို သတိပြုပါလော့။

[၁၂] **အ**လ္လာဟ့်အချစ်တော်သူမြတ်တို့၏နှလုံးသားတို့သည် အောက်ပါအရပ်လေးပါး**မှ** တပါးပါးသောအရပ်၌ ငြိမ်းအေးတည်ကြည် မွေ့လျော်မှု ရှိကြကုန်၏။

(က) ဆိတ်ငြိမ်ရာအရပ်

(ခ) ဝတ်ကျောင်းတော်

(ဂ) သချိုင်း

(ဃ) လူသူကင်းဝေးရာအရပ်

[၁၃] တရားလမ်း၌ စတင်လျှောက်လှမ်းကာစ ဝါနုဓမ္မခရီးသည်တစ်ဦးအတွက် အကြီးမားဆုံးသော အဟန့်အတား အကာအဆီးမှာ အဝိဇ္ဇာထုပြောပြီး မောဟပိတ်ဖုံးနေသည့် အန္ဓပုထုဇဉ်လောကီသားတို့နှင့် ပေါင်းဖက်ခြင်းဖြစ်၏။

[၁၄] စွန့်ခြင်းကြီးသုံးပါသည် ဓမ္မစခန်းမြင့်တက်ရေးနှင့် ဉာဏ်စင်ထွန်းတောက်ရေး အတွက် မျုးစွာအကျိုးပြု၏။

(က) ဂုဏ်ပကာသနကို မြတ်နိုးလိုလားတောင့်တမှုကို စွန့်လွှတ်ခြင်း။

(ခ) ‘ငါ’တည်းဟူသော အတ္တမှ မြစ်ဖျားခံသည့် အလိုဆန္ဒတို့ကို စွန့်ခြင်း။

(ဂ) လောကီအာရုံ ကာမဂုဏ်တို့ကို စွန့်ခြင်း။

[၁၅] တရားစခန်း၌ ခရီးတွင်၍ လျင်မြန်စွာပေါက်ရောက်နိုင်သည့် လျို့ဝှက်ချက်မှာ အရှင့်အား လုံးဝဥဿုံ ယုံပုံလွှဲအပ်ခြင်းနှင့် လောက၏ကိလေသာအညစ်အထေးတို့မှ ရှောင်ဖယ်ရေးပင်ဖြစ်၏။

[၁၆] အရှင့်ပြဋ္ဌာန်းမှုတို့ကို ကျေကျေနပ်နပ် ရောင့်ရဲတင်းတိမ်ပါလော့၊ အရှင်ကလည်း သင့်(လုပ်ရပ်တို့)ကို ရောင့်ရဲတင်းတိမ်ကာ ကျေနပ်မှု ရှိပါလိမ့်မည်။

ရာဗိသခင်၏ သစ္စာကထာတစ်ပုဒ်မှာ–

အရှင်မြတ်က သူ၏အချစ်တော်တစ်ပါးကို ဤသို့ဗျာဒိတ်တော်မူ၏။ "ငါ အရှင်ကို စောဒကမတက်လေနှင့်၊ လောကီလောကုတ်နှစ်ရပ်နှစ်ဌာနကို ငါအရှင်ပိုင်စိုး တော်မူပြီး ၊ ငါအရှင်ကိုမှ မောင်မင်းရရှိပိုင်ဆိုင်ခဲ့သည်မှာ မလုံလောက်သေးပြီလော့" လောက၏စည်းပွားဥစ္စာတို့ကို တိုးပွားများပြားလာရန် ဂုဏ်သိမ်စွာ သင်တို့ကြိုးပမ်း ရှာဖွေကြ၏။ အရှင့်ဘာဝနာကို ပွားများရသည့် ကုသိုလ်ထူးကို ရှာမီးရာတွင်မူ သင်တို့ ဂုဏ်သရေမြင့်တက်ခဲ့၏။ လောကီအာရုံကာမဂုဏ်တို့အပေါ်၌ အလိုရမ္မက်တွယ် ဖက်ခြင်းသည် အရှင့်မျက်နှာတော်ကို ဖူးတွေ့ရဖို့အတွက် အကာအဆီး အဟန့် အတားပင်ဖြစ်ပေသည်။

# ရာဗိသခင်ကြီး၏ ဆုတောင်းပတ္တနာတော်

[၁] အိုအရှင်၊ ကျွန်တော်မျိုးမှာ အပြစ်သားဖြစ်ပြီး ၊ အရှင့်ကရုဏာတော်နှင့်ခွင့်လွှတ်မှု တွင်သာ လုံး၀ဥဿုံ အားထားမှီခိုနေရသူဖြစ်ပါသည်။ အရှင်မြတ်သည် လွတ်ငြိမ်း ချမ်းသာခွင့်ပေးတော်မူသည့် အရှင်ဖြစ်ဘိသကဲ့သို့ ကျွန်တော်မျိုးမှာ အကုသိုလ် ဒုစိုက်တို့၏ သရုပ်သဏ္ဌာန်ပင်ဖြစ်ပါ၏။ အို– အရှင်၊ ဖာရိုးဘုရင် အယူတိမ်းကာ မိမိကိုယ်ကိုမိမိ ကိုးကွယ်ရာအရှင်ဟု ကြွေးကြော်စဉ်က အလ္လာဟ်အရှင်သည် မူစာနဗီသခင် အား ဖာရိုးကို နူးညံ့သိမ်မွေ့စွာကိုင်တွယ်ရန် သတိပေးခဲ့ပါသည်။ အရှင်မြတ်သည် ဖာရိုးကဲ့သို့သော ရက်စက်ကြမ်းကြုတ်သည့် မင်းစိုးမင်းယုတ်ကိုပင် ကရုဏာသက်စွာဖြင့် ဆက်ဆံခဲ့ပါသည်၊ ကျွန်တော်မျိုးမှာ စောင်စုတ်တစ်ထည်မှအပ ဘာမျှပိုင်ဆိုင်သူ မဟုတ်ပါ၊ ဤစောင်စုတ်ကိုလည်း ကျွန်တော်မျိုး၏ကိုယ်ပိုင်ပစ္စည်းဟု ဘယ်သောအခါ ကမျှ မမှတ်ယူခဲ့ပါ၊ တောင်းခံလာသူရှိပါက ပေးရန်အဆင်သင့်ဖြစ်ပါသည်အရှင်။ အရှင့် မဟာကရုဏာတော်၏အကျယ်အဝန်းမှာ အတိုင်းအဆမရှိကြောင်းကို သိထားသူ ကျွန်တော်မျိုးအတွက် အဘယ်သို့မျှ အရှင့်ကရုဏာတော်အပေါ်၌ မျှော်လင့်ချက် ကင်းနိုင်မည် မဟုတ်ပါ။ အို– အရှင်၊ ဤလောက၌ အကောင်းမြတ်ဆုံးသော အရည် အသွေးသတ္တိထူးမှာ ယုံကြည်မှုသဒ္ဓါတရား ဖွံ့ဖြိုးအားသန်ခိုင်မာလာခြင်းပင်ဖြစ်ပါ၏။ ကျွန်တော်မျိုးသည် ကုသိုလ်ထူးသဖြင့် ဝေစုကိုရရှိခဲ့ပါသည်။ ဤကုသိုလ်ထူး၏ အကျိုးဆက်အဖြစ် အရှင့်ကို ဖူးတွေ့ရခြင်းတည်းဟူသော အမြင့်ဆုံးမဗ္ဗစခန်းကို ချီးမြှင့်ပေးသနားတော်မူခြင်းမှအပ မည်သည်ကို ပေးသနားပါဦးမည်နည်း။

[၂] ကျွန်တော်မျိုး ကျင့်သုံးဆောက်တည်ခဲ့ရသည့် ဒါန၊ သီလ၊ ဘာဝနာကောင်းမှု အစုစုတို့ကို ကုသိုလ်အကျိုးဆက်ကိုသာ ရှာမှီးနေကြကုန်သော(အရှင့်ကိုကျော်၍အရှင် ပေးမည့်ဆုလာဒ်ကိုသာ အကျိုးမျှော်ပြီး တာဝန်ကျေ သာသနာ့ကျင့်စဉ်တို့ကို ဆောင်ရွက် နေကြသည့်) ဗဟိဒ္ဓဝါဒီအပြင်လမ်းသမားတို့အား ပေးသနားချီးမြှင့်တော်မူပါ။

ကျွန်တော်မျိုးအား ချီးမြှင့်ဖို့ အရှင်ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဤလောက၏ စည်းစိမ်ချမ်းသာတို့ကိုမူ၊ လောက၏ချမ်းသာကိုသာ အာသာငမ်းငမ်းကြီးပမ်းနေကြ သည့် အန္ဓပုထုဇဉ်လောကီသားများအား ပေးသနားတော်မူပါ။

ကျွန်တော်မျိုးအတွက်မှာမူ ဤလောက၌ ကျွန်တော်မျိုးအား အသက်နှင့် တကွအရှင်ထားသမျှ ကာလပတ်လုံး အရှင့်ဘာဝနာ၌သာလျှင် မွေ့လျော်နိုင်သည့် အဖြစ်မျိုးနှင့်ထားရှိပါရန် တောင့်တပါ၏၊ ခန္ဓာဝန်ချ၍ အရှင့်ထံပြန်ရချိန်တွင်လည်း အရှင့်ကိုဖူးတွေ့ရသည့် အဆင့်အတန်းမျိုးပေးသနားပါရန် တောင်းခံအပ်ပါသည်အရှင်။

*ဘာသာပြန်သူမှတ်ချက်* ။ ။ *ကျမ်းမြတ်ကုရ်အာန်၌ 'အပ်စွ်ဟာဗိမိုင်မနာ' လက်ကျာ ဘက်မှ အုပ်စုများနှင့် 'အပ်စွ်ဟာဗိ မရှ်အာမာ' လက်ဝဲဘက်မှ အုပ်စုများဟု ကုသိုလ်ပြုသူနှင့် အကုသိုလ်ကျူးလွန်သူတို့ကို ခွဲခြား ပြသပြီးနောက် 'စာဗိကူန်း' 'မုကရ်ရဗူန်'ဟူ၍ ထူးခြားမြင့်မြတ်သော အရှင့်အပါးသို့ ချဉ်းကပ်ခွင့်ရသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များအကြောင်းကို တတိယအုပ်စုအနေဖြင့် တစ်သီးတစ်ခြားဖော်ပြထားပါသည်။*

*ကျမ်းမြတ်ကုရ်အာန်၌ပင် အကုသိုလ်ကျူးလွန်သူတို့သည် 'နဖ်စေ့အမ္မာရာ' တည်းဟူသော အဝိဇ္ဇာစေတသိတ်၏ စေ့ဆော်မှုခံရကြောင်း၊ နောင်တသံဝေဂ ရလာသူများ၌မူ 'နဖ်စေ့လောင်ဝမာ' စေတသိတ်ယှဉ်ကြောင်း၊ ကုသိုလ်ပြုသူများမှာမူ 'နဖ်စေ့မွလ်ဟေမာ'ဦးစီးကြောင်း ကုသိုလ်၊ အကုသိုလ်ကို လွန်မြောက်နေသည့် အလ္လာဟ့်အချစ်တော် ပရမတ်ဉာဏ်ရှင်သူတော်စင်များမှာမူ ကြောင့်ကျ၊ တောင့်တမှု ကင်းသည့် တန်ပြန်အကျိုးမမျှော်သည့် အဗျာကထာအငြိမ်းဓါတ်တည်းဟူသော 'နဖ်စေ့ မွတ္တွမာအင်နာ'စေတသိတ်ထုံမွှန်းလျက်ရှိကြောင်း ဖော်ပြထားပါသည်။*

*ထို့ကြောင့် မဟာတမန်တော်မြတ်ကြီး၏ ဩဝါဒတော်တစ်ရပ်တွင် "အကြင် သူသည် ဒွန္နယာလောက၏စည်းစိမ်ချမ်းသာကို မျှော်ကိုး၍ ကျင့်ကြံအားထုတ်ပါမူ မိန်းမရည်၏၊ အကြင်သူသည် နောင်တမလွန်၏ စည်းစိမ်ချမ်းသာနှင့် ဆင်းရဲဒုက္ခတို့ကို ကြောင့်ကြတောင့်တပြီး အကျိုးမျှော်ကာ ကျင့်ကြံအားထုတ်ပါမူ မိန်းမရှာမည်၏၊ အကြင်သူသည် အရှင့်အတွက်သက်သက် 'အစ်ခ်လာစွ်'နိယတ် စိတ်ပြဋ္ဌာန်းမှုနှင့် မည်သည့်အကျိုးကိုမျှ မျှော်ကိုးခြင်းမရှိဘဲ ကျင့်ကြံအားထုတ်ပါမူ ယောကျ်ားမည်၏ ဟု လာရှိပေသည်။*

[၃]　အို– အရှင် ကျွန်တော်မျိုးမှာ အကုသိုလ်အသစ်တို့ကို နေ့စဉ်လွန်ကျူးလျက်ရှိပါသည်၊ အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်ဖြစ်ပါသည်၊ ကျွန်တော်မျိုး၏ အပြစ်များကို ချမ်းသာခွင့်ပေးသနားတော်မူပါ၊ ကျွန်တော်မျိုး၏ လိုအပ်ချက်များကို ပြည့်စုံကုံလုံမှု မရှိခြင်းတို့အား ကျွန်တော်မျိုးပြန်လည်စဉ်းစားပြီး အလွန်စိုးရွံ့လှပါသည် အရှင်၊ စိတ်ဓါလည်းကျခဲ့ရပါသည်၊ သို့သော် အရှင်၏ ကရုဏာရဏာတော်တို့ကို ရှမျှော်ကာ သတ္တိပြန်ရှိပြီး အားတက်ရပါသည်အရှင်။

[၄]　အို– အရှင်၊ ကျွန်တော်မျိုးမှာ အပြစ်သားတစ်ဦးဖြစ်ပါသည်၊ အရှင့်ဘာ၀နာ၌ အဘယ်သို့ အာရုံတည်ကာ သမာဓိမြဲခိုင်နိုင်ပါအံ့နည်း၊သို့ဖြစ်ငြားလည်း အရှင်သာလျှင် မဟာကရုဏာရှင် မပြတ်မစဲ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အနန္တမေတ္တာတော်ရှင်ဖြစ်ပါ၏၊ အရှင်မှအပဖြစ်သော ရုပ် နာမ် ဓမ္မ သင်္ခါရတို့အပေါ်တွင် အဘယ်သို့ အာရုံကိုင်းညွတ်နိုင်ပါအံ့နည်း၊ အရှင့်ဘာ၀နာ၌သာလျှင် ပျံ့လွင့်ထွေပြားသော စိတ်မယှဉ်ဘဲ၊ နာမ်မှာ ဉာဏ်ကပ်ပြီး စီးဖြန်းနေပါသည် အို– ကရုဏာတော်အရှင်။

[၅]　အို– အရှင်၊ ကျွန်တော်မျိုး၏ ဘ၀ခရီးကြမ်းလမ်းတစ်လျှောက်တွင် အကောင်းမြတ်ဆုံးသောအဖော်မွန်မှာ အရှင်မြတ်၏ မပြတ်မစဲသော ကရုဏာတော်ဖြင့် အတိုင်းအဆမရှိသော အနန္တသဘောဆောင်သည့် လွတ်ငြိမ်းချမ်းသာခွင့်ပေးမှုဖြစ်ပါသည်။

အရှင်မြတ်၏ အကောင်းမြတ်ဆုံးသော လက်ဆောင်ပဏ္ဏာတော်မှာ အရှင့်အား တစ်ရှုတစ်အောင့်ပင် လစ်ဟင်းခြင်း မရှိရလေအောင် တည်ငြိမ်သော သမာဓိဖြင့် ဉာဏ်ပွားခြင်းနှင့် နာမတော်အား ခဏာယံတိုင်း၌ ထိုးထွင်းသိ ပရမတ်ဉာဏ်နှင့် ယှဉ်ကာ ရွတ်ဆိုတသနိုင်ခွင့် ပေးသနားခြင်းဖြစ်ပါသည်အရှင်။

[၆]　အို– အရှင်၊ ကျွန်တော်မျိုး၏ လုပ်ရပ်တို့မှာ သန္တိသုခအမတဘုံသို့ စံဝင်နိုင်ခွင့် ရရန် မျှော်လင့်ချက်မရှိပါ၊ ကျွန်တော်မျိုးသည် အပယ်ငရဲ၏ ဆင်းရဲဒုက္ခကိုလည်း စိုးရွံ့ပါသည်၊ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးအား အရှင့်ကောင်းချီးတော်တို့အား ချီးမြှင့်ခြင်းဖြင့် ကြောင့်ကျ တောင့်တမှုကင်းသည့် တည်ငြိမ်အေးချမ်းသော နှလုံးဉာဏ်ကို ပေးသနားတော်မူပါ။

## ၂၇။ ဟာဇရသ် ရှားဟ်ရှိဂျာအ်ကိရ်မာနီ

နှစ်ပေါင်း (၄၀)တိုင်တိုင် သခင်သည် အိပ်စက်နားနေခြင်းမရှိဘဲ အရှင့်ဘာ၀နာ၌ နှစ်မွန်းခဲ့၏၊ အိပ်ချင်စိတ်ပေါ်လာလျှင် မျက်စိအတွင်းသို့ ဆားခတ်ခဲ့၏။ နှစ်အတော်ကြာလာသောတစ်နေ့တွင် သခင်သည် အိပ်မောကျသွားလေ၏၊ သခင့်အတွက် အိပ်မက်အတွင်းတွင် အရှင်မှအပ မည်သည်ကို ဖူးတွေ့နိုင်ပါမည်နည်း၊ အိပ်မက်စိတ်ဖြင့်ပင် သခင်က အရှင့်ကိုလျှောက်ထား၏၊ “ အို– အရှင်၊ ကျွန်တော်မျိုးသည် အရှင့်ကို

နှစ်ပေါင်းများစွာ မအိပ်မနေရှာဖွေခဲ့ပါ၏၊ ယခုမှ ကျွန်တော်မျိုးအိပ်ပျော်သည့်အခါ မှသာလျှင် အရှင့်ကိုဖူးရပါ၏။ ထိုအခါ အရှင်မြတ်က ယခုသင်မျက်မှောက်ပြုရသည့် ဓမ္မစခန်းမှာ သင်နှစ်ပေါင်း (၄၀)တိုင်တိုင် (သမာဓိ၊ သတိ၊ အသိ၊ ပညာတို့ကို ဖြစ်ပေါ်စေသည့် မဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းစီးဖြန်းကာ) နိုးနိုးကြားကြားနေခဲ့သည့် ရလဒ်ပင်ဖြစ်၏”ဟု ပြန်လည်မိန့်ကြားတော်မူ၏။

ထိုအချိန်မှစ၍ သခင်သည် အိပ်စက်မှု (ဈာန်သမာပတ်ဝင်စားမှု)ကိုသာ တောင့်တကာ မိမိချစ်သူ(အလ္လာဟ်အရှင်)နှင့် ကွေကွင်းဝေးကွာခဲ့ရသဖြင့် ကြေမွအက်ကွဲခဲ့ရသည့် နှလုံးသားဒဏ်ရာတို့ကို ချစ်သူမြင်ကွင်း(သစ္စာဓမ္မကို မျက်မှောက်ပြုခြင်း)ဖြင့် ကုစားမှုကို ခံယူခဲ့သည်။

အိပ်စက်မှု(လောကုတ္တရာဈာန်ဝင်စားမှုတွင်) သခင်သည် အလွန် (ဓမ္မရသ) အာသီသရှိလျက်နေရာ ဓမ္မမြင်ကွင်းကို ပရမတ်ဉာဏ်နှင့်ယှဉ်ကာ ထိုးထွင်းသိမြင်ခွင့်ရသည့် အဆိုပါအိပ်ခြင်း(လောကုတ္တရာ ဈာန်ဝင်စားခြင်း)ကို ဤလောကမှ ရှိရှိသမျှတို့နှင့်လဲလှယ်သော်လည်း မလဲနိုင်ဟု မိန့်တော်မူခဲ့၏။

သခင်သည် ဓမ္မသီချင်းကို ဤသို့သီကျူးလျက်ရှိ၏၊ **“ကျွန်ုပ်တို့သည် တုတ်ထိုးကာ ကင်ထားသည့် အသားနှင့်တူ၏၊ တစ်ဘက်ကို ကင်ထားစဉ် တစ်ဘက်ကို လှပ်ထားခံရ၏။”**

## ၂၈။ ဟာဇရည် ယူစွဖ်ဗင် ဟိုစိုင်န်

အလွန်ကြွယ်ဝချမ်းသာသည့် အာရဗ်သူဌေးကြီး၏ သမီးချောတစ်ဦးသည် သခင့်ကို တစ်ဖက်သတ်ချစ်စိတ်ပွားကာ တစ်ညဉ့် တိတ်တဆိတ် ယူစွတ်ဖ်ဗင် ဟုစိုင်န်သခင်ရှိရာသို့ ချဉ်းကပ်လာခဲ့၏၊ အမျိုးသမီးကို ရှောင်ရှားနိုင်ရန် သခင်သည် ထွက်ပြေးတိမ်းရှောင်ခဲ့၏၊ ညအိပ်စက်သောအခါ သခင်သည်အိပ်မက်အတွင်း၌ တမန်တော် ယူစွတ်ဖ်နဗီသခင်ကြီးသည် အလွန်ထယ်ဝါခန့်ငြားသည့် ပလ္လင်ထက်၌ထိုင်ကာ ကောင်းကင်တမန်ဗြဟ္မာအပေါင်းက ဝိုင်းရံခစားလျက်ရှိသည်ကိုမြင်မက်၏၊ ယူစွတ်ဖ်ဗင်ဟုစိုင်န်သခင်ကိုတွေ့သောအခါ တမန်တော်ယူစွတ်ဖ်နဗီက မိမိပလ္လင်ထက်မှဆင်းကာ ဟုစိုင်န်သခင်ကိုဖက်ပြီးနောက် မိမိပလ္လင်ပေါ်၌ မိမိနှင့်အတူယှဉ်တွဲကာ ထိုင်စေပြီးအရှင်မြတ်ပါးလိုက်သည့် မင်္ဂလာစကားကို ဤသို့ဆင့်ပြန်ခဲ့၏၊ “ အရှင် မြတ်က အို– တမန်တော်ယူစွတ်ဖ်၊ ဇုလိုင်ခါ မိဖုရားက သင့်ထံသို့ ကိလေသာစိတ်များ ယိုဖိတ်ပြီး မကောင်းမှု ဒုစရိုက်ကို လွန်ကျူးရန်ကြံစည်သောအခါတွင် မောင်မင်းက ငါအရှင်မြတ်ထံတွင် သူမ၏ ယုတ်ညံ့သည့် အကြံအစည်ဘေးမှ ကင်းဝေးရန်ဆုပန်ခဲ့သည် မဟုတ်လော၊ သို့သော် ယူစွတ်ဖ်ဗင် ဟုစိုင်န်၏လုပ်ရပ်ကို ဆင်ခြင်ကြည့်ပါလော့၊ သူသည် (မကောင်းမှုပြုခြင်းကြောင့်)ငါအရှင်(၏ ကရုဏာတော်မှ ကင်းဝေးမည်)ကို ရှက်ကြောက်ပြီး အာရဗ်မိန်းမပျိုချဉ်းကပ်လာသည်နှင့် လွတ်အောင်

ရှောင်ပြေးခဲ့၏၊ သူ့ကို အလွန်ချီးကျူးထိုက်ပေသည်၊ သူ့ကို အသင်သွားတွေ့ပါလော့။"

တမန်တော် ယူစွတ်ဖ်က ယူစွတ်ဖ်ဗင် ဟုစိုင်န်သခင်ကြီးကို ဆက်လက် မိန့်ကြားသည်မှာ "အရှင်မြတ်၏အထက်ပါ အမိန့်တော်ကြောင့် သင့်ထံသို့ ကျွန်ုပ်ကြွရောက်လာခြင်းဖြစ်သည်၊ သင်၏နာမည်ကို အရှင့်အချစ်တော်များစာရင်းတွင် သွတ်သွင်းပြီးကြောင်းအရှင့်ထံမှ သတင်းကောင်းကို သင့်အား ပါးလိုပါသည်။ ယခု သင်သွွန်နူးန်မစ္စရီဟူသည့် ပုဂ္ဂိုလ်မြတ်ထံ ချဉ်းကပ်ပါလော့၊ သူ့ထံတွင် အန္တေဝါသိက တပည့်ရင်းအဖြစ်ခံယူပါလော့၊ သင့်အဇ္ဈတ္တခန္ဓာတွင်းမှ ဝိဉာဉ်ဘာဏ်အနှစ်ပရမတ်အစစ်ဖြစ်သည့် 'နူရီ'တိုက်ကို ထိုပုဂ္ဂိုလ်ထံမှ ရရှိမည့်အရှင့်နာမတော်ဖြင့် ဖွင့်လှစ်ပါလော့။ "

ယူစွတ်ဖ်ဗင် ဟုစိုင်န်သခင်ကြီးသည်လည်း သွွန်နူးန်မစ္စရီသခင်ကြီးထံတွင် တစ်နှစ်တိုင်တိုင် အလုပ်အကျွေး ပြုလေ၏၊ သွွန်နူးန်သခင်က ယူစွတ်ဖ်ဗင် ဟုစိုင်န်ကို "အဘယ်အရာအလိုရှိပါသနည်း"ဟုမေးရာ၊ ယူစွတ်ဖ်သခင်က" နောက်ထပ်တစ်နှစ် သွွန်နူးန်သခင်ကြီးကို အလုပ်အကျွေးပြုခွင့်ပေးရန်ကိုသာ တောင်းခံခဲ့၏၊ သွွန်နူးန်သခင်ကြီးက ခွင့်ပြုခဲ့သဖြင့် ယူစွတ်ဖ်သခင်သည် နောက်ထပ်တစ်နှစ် အလုပ်အကျွေးပြုပြန်၏၊ တစ်နှစ်ပြည့်သောအခါ ဘာအလိုရှိပါသနည်းဟု သွွန်နူန်းသခင်က မေးပြန်၏၊ ဤတစ်ကြိမ်တွင်မူ ယူစွတ်ဖ်သခင်က ဝိဉာဉ်ဘာဏ်အလင်းပရမတ်ဆတ်ဆတ်ထိုးထွင်းပြီး သစ္စာခမ္မကို မျက်မှောက်ပြုနိုင်ရန်အတွက် မိမိအဇ္ဈတ္တအတွင်းမှ 'နူရီ'တိုက်ကို ဖွင့်လှစ်ပေးနိုင်မည့် အရှင့်လျို့ဝှက်နက်နဲသည့် နာမတော်ကို ချီးမြှင့်ပါရန် တောင်းခံ၏၊ သွွန်နူန်းသခင်သည် ဘာမှပြန်မပြောဘဲ ဆိတ်ငြိမ်စွာ နေတော်မူ၏၊ ယူစွတ်ဖ်သခင်လည်း သူပြုနေကျအတိုင်း သွွန်နူးန်သခင်ကြီး၏ ဝတ်ကြီးဝတ်ငယ်ပြုစုကာ ရေပူရေချမ်းကမ်းလှမ်းမှုကို မပျက်ဆက်လုပ်လေ၏။

တစ်နေ့တွင်မူ သွွန်နူးန်သခင်သည် ယူစွတ်ဖ်သခင်အား မြစ်တစ်ဘက်ကမ်းတွင် တရားအားထုတ်နေသည့် ဒရဝေ့ရှ်သူမြတ်တစ်ပါးထံသို့ တစ်စုံတစ်ရာပါဝင်သော ခွက်တစ်ခုကို အဝတ်ဖြင့်အုပ်ကာ သွားရောက်ပို့ခိုင်း၏၊ ထို့အပြင် မည်သည့်အကြောင်းနှင့်မျှ အဝတ်ကို လှန်မကြည့်ရန် မှာကြားလိုက်၏၊ ယူစွတ်ဖ်သခင်ကလည်း ကတိကဝတ်ပေး၏၊ ထိုအခါ သွွန်နူးန်သခင်က တစ်ဘက်ကမ်းမှ ဒရဝေ့ရှ်သူမြတ်သည် ပရမတ္တသစ္စာကို ဖွင့်လှစ်နိုင်မည့် အရှင့်လျို့ဝှက်နက်နဲသည့် နာမတော်ကို ပေးလိမ့်မည်ဟု မှာကြားလိုက်၏။

ယူစွတ်ဖ်သခင်လည်း ခွက်ကိုလက်ထဲကိုင်ကာ မြစ်ကိုဖြတ်စဉ် ခွက်အတွင်းမှ အသံတစ်စုံတစ်ရာမြည်လာသည်ကိုကြားရ၍ ဘာသံဖြစ်သည်ကို သိလိုဇောနှင့် အုတ်ထားသောအဝတ်ကို ဖြန့်ကြည့်လေသည်၊ ရုတ်တရက် ကြွက်တစ်ကောင် ခုန်ထွက်လာပြီး 'နိုင်း'မြစ်အတွင်းသို့ကျသွားကာ မြစ်ရေကျော၌ မျောပါသွားလေသည်။

တစ်ဘက်ကမ်းသို့ရောက်သောအခါ ယူစွတ်ဖ်သခင်သည် ဒရဝေ့ရှ်သူမြတ်ကြီးအား ခွက်အလွတ်ကိုဆက်သပြီး မိမိအား တရားအနှစ်အမြုတေကို ဖွင့်လှစ်နိုင်မည့်

အရှင့်နာမတော်နှင့်ကျင့်စဉ်ကို တောင်းခံလေ၏၊ ထိုအခါ ဒရ်ဝေ့ရှ်သူမြတ်ကြီးက " အသင်သည် အသင့်ထံ ယုံကြည်အပ်နှံထားသည့် ကြွက်တစ်ကောင်ကိုပင် မထိန်းသိမ်း မစောင့်ရှောက်နိုင်ပေ၊ လျို့ဝှက်နက်နဲသည့် အရှင့်နာမတော်နှင့်ကျင့်စဉ်ကို မထိုက်တန်သူများ၊ ဉာဏ်နုသူ လူ့အန္တများထံမှ အဘယ်သို့လျှင် ကာကွယ်စောင့်ရှောက်နိုင်ပါမည်နည်း၊ သင်သည် စမ်းသပ်မှု၌ ကျရှုံးခဲ့ပေပြီတကား "ဟု ဖြေကြားလိုက်၏။

ယူစွတ်ဖ်သခင်ကြီးလည်း စိတ်ဓာတ်အကျကြီးကျပြီး သွန်နူးန်သခင်ထံ ပြန်လာကာ ဖြစ်ကြောင်းကုန်စင်ကို လျှောက်တင်လေသည်၊ ထိုအခါ သွန်နူန်းသခင်က – " သင်ကျွန်ုပ်ထံ၌ သုံးနှစ်သုံးမိုးရှိနေစဉ်ကာလက ကျွန်ုပ်သည်အရှင့်ထံ အကြိမ်(၇၀) ထက်မက လျို့ဝှက်နာမတော်ကို အသင့်အားပေးသနားနိုင်ရန် ခွင့်ပန်ခဲ့၏၊ သို့သော် အရှင်မြတ်က လက်မခံဘဲ ငြင်းဆန်ခဲ့ပါသည်၊ ယခု သင်စမ်းသပ်မှုကို မအောင်မြင်ကြောင်း သင်ကိုယ်တိုင် ကိုယ်တွေ့ကြုံစုံ သိရှိရပြီ မဟုတ်လော၊ ယခုသင့် ဇာတိချက်ကြွေ မွေးရပ်မြေကို ပြန်ပါလော့၊ အချိန်တန်လာလျှင် သင့်ဓမ္မလမ်းကိုညွှန်ရန် ဥပဇ္ဈာယ်ဆရာနှင့် ကျင့်စဉ်တို့ကို ရရှိပေအံ့။"

ယူစွတ်သခင်က သွန်နူးန်သခင်ကို ဩဝါဒကထာချီးမြှင့်ပါရန် တောင်းခံသဖြင့် သွန်နူးန်သခင်က " သင်ဖတ်ဖူးသည့်၊ သင်ကြားခဲ့ဖူးသည့် တစ်ဆင့်ခံ သညာသိ၊ အတွေ့အကြုံသိ၊ အာရုံသိများကို မေ့ပစ်ပါလော့၊ သို့မှသာ တိုက်ရိုက်ပရမတ်ဉာဏ် ပွင့်ပေါ်ထွန်းတောက်မှုကို ကာရံဟန့်တားနေသည့် အဝိဇ္ဇာအလွှာ၊ မောဟကန့်လန့်ကာတို့ ကွာကျပေအံ့။" *[မှတ်ချက်– ကာဖိရ်ဟူသည် နှလုံးသား၌ အဝိဇ္ဇာဖုံးလွှမ်းနေသူကို ခေါ်၏။]*

ထို့ပြင် ကျွန်ုပ်ကိုလည်း မေ့ပျောက်ပစ်လိုက်ပါ (ဖနာဖိလ်ရှိက်ခ်)၊ အကျွန်ုပ်အားလည်း သင်၏ဥပဇ္ဈာယ်ဓမ္မလမ်းညွှန်ဆရာဖြစ်သည်ဟူ၍ မည်သူ့ကိုမျှ ဖွင့်ဟပြောဆိုခြင်းကို မပြုလေနှင့်။ သွန်နူးန်သခင်၏ ဩဝါဒကထာကို နာခံရသည့် ယူစွတ်ဖ်သခင်က ဤလမ်းညွှန်ချက်နှစ်ရပ်လုံးအား လိုက်နာရန် မိမိ၌ စွမ်းအားမရှိကြောင်း လျှောက်ထားပြန်သည်၊ ထိုအခါ သွန်နူးန်သခင်က " ဤသို့ဆိုလျှင် ပုထုဇဉ်လူသားတို့အား ဓမ္မလမ်းကိုညွှန်ရန်အလို့ငှာ တရားဓမ္မများကို ဟောကြားပို့ချပါလော့၊သို့သော် သင်၏အတ္တကို တရားပေးသူ(အသင်)နှင့် တရားနာသူ(ပရိသတ်) အကြား၌ ကြားခံအဖြစ်ဝင်မလာရန် အထူးသတိပြုပါလော့"ဟု မိန့်ကြားလေရာ ယူစွတ်ဖ်သခင်လည်း သခင်မိန့်မှာသည့်အတိုင်းဆောင်ရွက်ရန် သဘောတူလိုက်၏။

ယူစွတ်ဖ်သခင်သည် တရားဓမ္မတို့ကို ဟောပြောပို့ချနေသော်လည်း သူ့တရားပွဲသို့တရားနာရန် ပရိသတ်အနည်းငယ်သာ လာရောက်ကြ၏၊ တစ်နေ့တွင်မူ တစ်ဦးတစ်ယောက်မှ ရောက်မလာသဖြင့် သခင်လည်း ထိုနေ့အတွက် တရားမဟောဘဲနေလိုက်၏၊ အချိန်အနည်းငယ်ကြာသောအခါ အဖွားအိုတစ်ဦး သူ့ထံရောက်ရှိလာပြီး ဤသို့အပြစ်ဆို၏၊ " အသင်သည် သွန်နူးန်သခင်ကို နေ့စဉ်တရားဓမ္မဟောကြား

ပါမည်ဟု ကတိပေးခဲ့ပြီး သင်၏အတွက်ကို ကြားခံ မထားပါဟုလည်း အာမခံခဲ့၏၊ ယခုသင် နှုတ်ဆိတ်ရေငုံလုပ်နေသည်မှာ ဘယ်သဘောပါလဲ၊ သင်သည် တည်ကြည်ခိုင်မာစွာပေးခဲ့သည့်ကတိကို ဖေါက်ဖျက်နေခြင်း မဟုတ်ပါလော”ဟု ဆိုလာသဖြင့် ယူစွတ်သခင်လည်း ချက်ချင်းသံဝေဂဉာဏ်ဝင်လာပြီး နေ့စဉ်ရက်ဆက်နှစ်ပေါင်း (၅၀)တိုင်အောင် ဓမ္မတရားတို့အား နားထောင်သူရှိခြင်း မရှိခြင်းကို အလေးဂရုမပြုတော့ဘဲ ဟောကြားလေ၏။

တစ်နေ့သ၌ ယူစွတ်ဖ်ဗင်ဟုစိုင်န်၏ သူတော်စင်တပည့်ရင်းဖြစ်သော ဟဇရည်အိဗ်ရာဟင်မ် ခွာစ်နှင့် အခြားပေါက်မြောက်ပြီး တပည့်တစ်ဦးထံသို့ အရှင့်ထံမှ အိပ်မက်ရရှိလေ၏။ အိမ်မက်အတွင်း၌ အရှင်မြတ်က “ယူစွတ်ဖ်ဗင် ဟုစိုင်န်သည် အရိယတို့နယ်ပယ်မှ အပယ်ခံတစ်ဦးဖြစ်ပြီး သူတော်စင်တို့အသိုင်းအဝိုင်းမှ နှင်ထုတ်ခြင်းခံထားရသူဖြစ်၏”ဟူသည့် သတင်းစကားကို ယူစွတ်ဖ်သခင်ထံ ပို့ပေးရန် အမိန့်ချမှတ်တော်မူ၏။

ယူစွတ်ဖ်သခင်၏တပည့်တို့အိပ်ရာမှနိုးထလာသောအခါတွင် အရှင့်ထံပါးမှ သတင်းစကားကို မိမိဆရာထံ ပါးရန်အတွက် ဖင့်လေး တွန့်ဆုတ်နေကြသည်၊ နောက်တစ်နေ့တွင်လည်း ဤအတိုင်းပင် အိပ်မက် မက်ပြန်လေသည်၊ ဤတစ်ကြိမ်တွင်လည်း သတင်းစကားပါးရန် တုန့်ဆိုင်းဆိုင်းဖြစ်ကာ အရှင့်အမိန့်ကို မနာခံမိဘဲရှိပြန်၏၊ တတိယနေ့အိပ်မက်တွင်မူ အရှင်မြတ်က “ အသင်ဤသတင်းစကားကို မပါးပါက ကြီးလေးသောအပြစ်ဒဏ် ကျခံရပေမည်”ဟု မိန့်တော်မူလေရာ၊ တပည့်တို့လည်း လေးပင်သောခြေလှမ်းများဖြင့် ယူစွတ်ဖ်သခင်အပါး အခစားဝင်ကာ သတင်းစကားကိုမပါးရဲသေးဘဲ နှုတ်ဆိတ်ပြီးဆိတ်ငြိမ်သက်စွာ ရပ်လျက်နေကြ၏၊ တပည့်တို့ကို မြင်ရသော် ယူစွတ်ဖ်သခင်က ရသမြောက်သည့် ဓမ္မတေးတစ်ပုဒ်လောက်သီကျူးရန် မိန့်ကြားလေ၏။ တပည့်၏ဓမ္မတေးကို ကြားရသောအခါတွင် သခင်သည် သွေးမျက်ရည်များ မျက်လုံးအစုံမှယိုစီးကျလာ၏၊ ထို့နောက် “ ကျွန်ုပ်ကို လူတွေက အယူတိမ်းသူဟုဆို၏၊ ယခုအချိန်ထိ သူတို့ကျမ်းမြတ်ကုရ်အာန် ရွတ်ဖတ်သည်ကို ကျွန်ုပ်ကြားခဲ့ရသော်လည်း ကျွန်ုပ်၏နှလုံးသားအရည်မပျော်ခဲ့ပေ၊ ယခုသင်၏ ဓမ္မတေးကိုကြားရသောအခါတွင် ကျွန်ုပ်မည်သည့်အခြေအနေ ဖြစ်သွားသည်ကို သင်တို့ကိုယ်တိုင် မြင်ပြီ မဟုတ်ပါလော၊ သို့အတွက်ကြောင့်အရှင်မြတ်သည် ကျွန်ုပ်အား အရိယတို့၏ အပယ်ခံ၊ သူတော်စင်တို့၏အသိုင်းအဝိုင်းမှ နှင်ထုတ်ခြင်း ခံရသူဟု ခေါ်ဆိုခြင်းမှာ အလွန်မှန်ကန်လှပေသည်”ဟု ပြောလိုက်ရာ တပည့်သာဝကတို့မှာ အလွန်အံ့အားသင့်ပြီး တုန်လှုပ်ခြောက်ခြားသွားကာ တောထဲသို့ တစ်ရှိန်ထိုး ထွက်ပြေးသွားလေ၏။ ယင်းသို့ ပြေးရင်းလွှားရင်း လမ်းခုလတ်၌ အရှင်ထွက်ဓမ္မဝိဇ္ဇာမိုရ် ‘ခွါဂျာခစ်ဖိရ်’နှင့်တွေ့ဆုံလေ၏၊ ခွါဂျာခစ်ဖိရ်က “ ယူစွတ်ဖ်သည်အရှင့်ဓမ္မသန်လျက်

တော်ဖြင့် ဒဏ်ရာရခဲ့လေပြီ၊ သင်္ဂြိုဟ်သုခအမတသုခဘုံသည် သူ့အတွက် ဌာနေဖြစ်ချေပြီ၊ တရားရှာသူတို့သည် ယူစွတ်ဖ်ကဲ့သို့အချစ်ကို ရည်မှန်းကာ ပန်းတိုင်အဖြစ်လှမ်းကိုင်နိုင်အောင်ကြိုးပမ်း၍ သူ၏ဉာဏ်စဉ်စခန်းမျိုးရောက်အောင်၊ ပွင့်ပေါ်အောင် အားထုတ်မြှင့်တင်ရမည်၊ အရှင့်အပေါ်၌ (ဉာဏ)စက္ခုအာရုံတည်ကြည်ခိုင်မြဲနိုင်ပါလျှင် လောကီအာရုံကာမဂုဏ်တို့ကို တစ်ချက်မျှပင်ကြည့်လိမ့်မည် မဟုတ်ချေ"ဟု မိန့်ကြားတော်မူလေ၏။

ယူစွတ်ဖ်သခင်က ဤသို့မိန့်ကြားခဲ့၏။

" အရှင်မြတ်ကိုယ်တော်တိုင်က သူ၏အချစ်တော်တို့အား သူ့အပေါ်၌ ခိုင်မာသောသမာဓိဖြင့် စိတ်အာရုံလှည့်ရန် မေတ္တာရပ်ခံလျက်ရှိပါသည်။ သူကြွယ်တစ်ဦးထံမှ သူင်းရဲတစ်ဦး တောင်းခံဘိသကဲ့သို့ တောင်းခံလျက်ရှိပါသည်၊ လူသားဘဝမှန်ပြန်လည်ရရှိဖို့အတွက် အရှင်မြတ်သည် ဤမျှလောက်ပင် စိုးရိမ်သောကရှိတော်မူပါသည်။ လူသားအရှင့်ထံသို့ပြန်လှည့်ဖို့အတွက် ဖိတ်ခေါ်လျက်ရှိပါသည်။ "

နီရှာပူမြို့မှ ကုန်သည်တစ်ဦးသည် မိမိမြို့ရွာမှဝေးကွာသောအရပ်တွင် နေထိုင်သူတစ်ဦးအား ငွေချေးငှားခဲ့၏။ ထိုငွေများပြန်လည်ရရှိရန် ထိုအရပ်သို့ ကုန်သည်သည် သွားရောက်လို၏၊ ထိုကုန်သည်ထံတွင် အလွန်ချောမောလှပသည့် အစေခံအမျိုးသမီးတစ်ဦးရှိ၏၊ ကုန်သည်ကြီးသည် မိမိခရီးသွားခိုက် ဤအိမ်ဖော်မလေးအား စိတ်ချလက်ချအပ်နှံထားရန် ယုံကြည်လောက်သည့်လူကို ရှာမတွေ့သဖြင့် အခက်ကြုံလေ၏၊ နောက်ဆုံးတွင် ကုန်သည်ကြီးသည် မိမိ၏အိမ်ဖော်မလေးအား သူတော်စင်ပုဂ္ဂိုလ်မြတ်တစ်ပါးဖြစ်သော ဟဇရယ် အွတ်စမန် ဟာရီရီထံပါး၌ အပ်နှံထားရန် ဆုံးဖြတ်လိုက်၏။ ကုန်သည်ကြီးသည် အွတ်စမန်သခင်ကြီးကို ခက်ခက်ခဲခဲ တောင်းပန်ပြီးကာမှ မိမိအိမ်ဖော်မလေးအား သခင့်ထံအပ်နှံခွင့်ရခဲ့၏။

တစ်နေ့သ၌ ဟာရီရီသခင်ကြီးသည် အိမ်ဖော်မလေးအား မတော်တဆကြည့်မိလေရာ သူတော်စင်ကြီးလည်း ဈာန်မခိုင် ဉာဏ်ယိုင်လဲပြီး မိန်းမပျို့အပေါ်၌ အချစ်မီး စွဲငြိလေတော့သည်၊ သို့သော် သူတော်ကောင်းတရားကျင့်ကြံနေသည့် ဟာရီရီသခင်သည် မိမိကိုယ်ကိုမိမိထိန်းချုပ်ပြီး၊ မိမိ၏ဥပဇ္ဈာယ်ဆရာသခင်ထံသို့သွားကာ သောင်းကျန်းထကြွနေသည့် မိမိစိတ်ဆင်ရိုင်းကို ထိန်းကွပ်ပေးပါရန် ပန်ကြားလေ၏၊ ဆရာသခင်က ဟာရီရီသခင်ကို ဟဇရယ် ယူစွတ်ဖ်ဗင် ဟုဆိုင်န် သခင်ထံသို့သွားရန် အကြံပြုလေရာဟာရီရီသခင်လည်း ယူစွတ်ဖ်သခင်ရှိရာမြို့သို့ သွားရောက်ခဲ့၏၊ ယင်းမြို့သို့ရောက်ရှိသော် ဟာရီရီသခင်က ယူစွတ်ဖ်သခင်နေထိုင်ရာနေရာကို လူအပေါင်းအား မေးလေရာ လူအပေါင်းက ယူစွတ်ဖ်သခင်ကို သတိထားပေါင်းရန်နှင့် ၎င်းမှာ အယူတိမ်းသူ ယစ်ထုတ်ကြီးဖြစ်ကြောင်း ပြောကြလေ၏။ လူအပေါင်း၏အထက်ပါအတိုင်း

ပြောဆိုသံကိုကြားရသောအခါတွင် ဟာရီရီသခင်ကြီးလည်း မိမိဆရာထံသို့ပြန်လာခဲ့၏၊ ဆရာက ဟာရီရီသခင်ကို နောက်ထပ် ယူစွတ်ဖ်ဗင် ဟုစိုင်န်သခင်ကြီးထံသွားရန် ညွှန်ကြားပြန်လေ၏။

ဟာရီရီသခင်သည် ဤတစ်ကြိမ်တွင် ယူစွတ်ဖ်ဗင်ဟုစိုင်န်သခင်ကြီး၏ အိမ်သို့ တန်းသွားလေသည်၊ သခင်ကို ချော့မွေ့လှပသည့် လူငယ်လေးတစ်ဦးနှင့်အတူ အိမ်၌ တွေ့ရှိရ၏။ ၎င်းတို့ရှေ့၌ ယ မကာချိုင့်တစ်ခုနှင့် ခွက်တစ်လုံးကိုလည်းတွေ့ရလေရာ ဟာရီရီသခင်လည်း အလွန်အံ့အားသင့်သွား၏။ ယူစွတ်ဖ်သခင်ကြီး၏မျက်နှာတော်မှာ ဓမ္မစခန်းဆုံးကို ပေါက်မြောက်အောင်မြင်တော်မူပြီးသည့် မဟာလူသားတစ်ဦးကဲ့သို့ ဓမ္မဝိဇ္ဇာဓာတ်ရောင်ခြည်တော်ဖြင့် ထွန်းလင်းတောက်ပလျက်ရှိသော်လည်း သခင်၏တရားတော်နှင့် မအပ်စပ်သည့် အပြုအမူများအတွက် ဟာရီရီသခင်သည် နားမလည်နိုင်ဘဲ ရှိနေလေသည်။ မည်သို့ပင် ဆိုစေကာမူ ဟာရီရီသခင်သည် ယူစွတ်ဖ်သခင်က တရားဓမ္မစတင်ဟောကြားချီးမြှင့်သောအခါတွင်မူ သခင့်ဓမ္မစကားတို့မှာ ထိမိလှသဖြင့် ဟာရီရီ၏စိတ်ဘဝင်၌ စိမ့်ထုံပျံ့နှံ့သွားပြီး လောကုတ္တရာချာန် အဟုန်တက်ကာ သာသနာ့ပီတိဖြာဝေသွားခဲ့၏။

ဟာရီရီသခင် သမာဓိကိုချကာ သိစိတ်ပြန်ဝင်လာသောအခါတွင် ယူစွတ်ဖ်ဗင်န် ဟုစိုင်န်သခင်အား အဘယ့်ကြောင့် ဗဟိဒ္ဓအပြင်ဘန်းလက္ခဏာအားဖြင့် အထင်အမြင်လွဲစရာ အပြုအမူတို့ကို လုပ်ဆောင်ရပါသနည်းဟု မေးလျှောက်လေ၏။

ဟုစိုန် သခင်ကြီးက " ဤလုလင်ပျိုမှာ ကျွန်ုပ်၏သားငယ်ဖြစ်ပါသည်၊ ကျွန်ုပ်ထံတွင် ကျမ်းမြတ်ကုရ်အာန် လေ့လာဆည်းပူးသင်အံနေခြင်းဖြစ်ပါသည်၊ ကျွန်ုပ်တို့ရှေ့မှချိုင့်ထဲတွင် ပူပြင်းသော ဥတုဒါဏ်ကြောင့် ရေဆာလောင်မွတ်သိပ်မှုကို ဖြေရန် အေးမြသောသောက်ရည်တို့ကို ထည့်ထားခြင်းဖြစ်ပါသည်၊ ထို့ပြင် အဘယ့်ကြောင့် ထူးခြား၍ လူအမြင်မှားစေနိုင်မည့် အပြုအမူကို ပြုပါသနည်းဟူသော အသင်၏မေးခွန်းနှင့်ပတ်သက်၍မူ ကုန်သည်တစ်ဦးသည် သူ၏လှပချောမွေ့သည့် အစေခံမလေးကို ကျွန်ုပ်ထံလာအပ်နှံထားမည့်ဘေးမှ ကင်းဝေးရန်အတွက်ဖြစ်ပါသည်"ဟု ဖြေကြားလိုက်၏။

ယူစွတ်ဖ်သခင်၏ မြင့်မားနက်ရှိုင်းသည့် ဝိဇ္ဇာဉာဏ်အလင်းနှင့်အတိပြီးသည့် အဖြေစကားကြောင့် ဟာရီရီသခင်သည် အံ့သြတုန်လှုပ်ကာ မှင်သက်မိသွားသည်။ ထို့နောက် မိမိဘယ်ကဲ့သို့ လုပ်ဆောင်ရမည်ကို မေးလျှောက်လေ၏၊ ယူစွတ်ဖ်ဗင်န် ဟုစိုင်န်သခင်ကြီးက "အသခ်တဂုဏ်တော်ရှင်အလ္လာဟ်အရှင်မြတ်ကိုသာလျှင် မြတ်နိုးရိုကျိုးစွာ အချစ်ထားပါလော့၊ သခ်တဘုံမှ ရုပ် နာမ် ဓမ္မ သင်္ခါရအစုစုတို့အပေါ်တွင် ငြိတွယ်ခြင်း မရှိလေနှင့်"ဟု တိုတိုတုတ်တုတ် ဓမ္မလမ်းကို ညွှန်ပြလိုက်၏။

ယူစွတ်ဖ်သခင်၏ သြဝါဒကထာအချို့မှာ–

[၁] သင်သည် အရှင်မြတ်၏ အစေအပါးတစ်ဦးမျှသာ ဖြစ်၏၊ အစေအပါးတစ်ဦးကဲ့သို့သာလျှင် ကျင့်ကြံနေထိုင်ပါလော့။

[၂] မမြဲသည့် ရုပ်ကလာပ်နှင့် နာမ်ဓာတ်တို့ကို ဖြစ်ပေါ်ထင်ရှားစေသည့် မြရာအရှင်အား အချစ်ထားခြင်းသည် အဆိုပါ ရုပ် နာမ် ဓမ္မ သင်္ခါရတို့ မိမိနှလုံးသား၌ ငြိတွယ်စွဲကပ်နေခြင်းကို လွှင့်စင်ပပျောက်စေ၏။

## ၂၉။ ဟာဇရေသ် အဗူဟာဖ်စ် ဟာဒိန်ဒ်

သခင်၏ ဟောကြားချက်အချို့မှာ–

[၁] ဤလောကကြီးသည် အရှင့်ကို ပုန်ကန်ခြားနား၍ အကုသိုလ် ဒုစရိုက်တို့ လွန်ကျူးသူတို့နှင့် အတိပြီးနေသည့် ဂေဟာကြီးဖြစ်သည်။

[၂] ဆင်းရဲမှုသည် အရှင့်အနီးအပါးသို့ လူသားအား စွဲခေါ်သွားနိုင်မည့် မိန်းမဖော်နှင့်တူ၏။

[၃] သင်တို့၏ သီလ၊ သမာဓိ၊ ဘာဝနာခန်းတို့အပေါ်၌အားကိုး သမှုမပြုလေနှင့် အရှင့်ကောင်းချီးကိုသာလျှင် အားထားပါလော့။

[၄] အသခ်တဂုဏ်တော်ရှင်ကို ဖူးတွေ့လိုခြင်း(သစ္စာ ဓမ္မကို မျက်မှောက်ပြုခြင်း) တည်းဟူသော သန္တိသုခအမတ အမြိုက်ရေအေးကို သောက်သုံးသူတို့သည် အရှင့်ကို မုချမသွေ(ဉာဏစက္ခုဖြင့်) ဖူးတွေ့ကြရပေအံ့။

[၅] အသိဉာဏ်ကင်းမဲ့၍ အကျိုးမရှိသော လုပ်ရပ်တို့ကို လုပ်တတ်သူများသာလျှင် မိမိတရားအားထုတ်မှုအပေါ်၌ ဂုဏ်ယူဝင့်ကြွား မြူးတူးပျော်ပါးတတ်၏။

[၆] အကုသိုလ်အမှုတို့သည် မိစ္ဆာဒိဋ္ဌိအဖြစ်သို့ ဦးဆောင်လမ်းညွှန်သွားလေ့ရှိ၏။

[၇] ဖန်ဆင်းရှင်ကို ဖန်ဆင်းခံမှတစ်ဆင့်သိရန် ကြိုးပမ်းသူသည် (အန္ဓပုထုဇဉ်) အကန်းမည်၏၊ ဖန်ဆင်းရှင်မှတဆစ်ဆင့်သာလျှင် ဖန်ဆင်းခံတို့ကို ရှာဖွေအသိအမှတ်ပြုအပ်၏။

[၈] အရှင့်ထံ ပေါက်ရောက်မည့် မဂ္ဂင်လမ်းပေါ်၌ အတိမ်းအစောင်းမခံဘဲ၊ မြဲမြံစွာလျှောက်လှမ်းပါလော့၊ သို့မှသာ အရှင့်စခန်း၏ဓမ္မမုခ်ဦးတံတားသည် သင့်အတွက် ပွင့်ပေမည်။

[၉] ဘုန်းတောင်းရာစကာများ သူကြွယ်တို့ထံတွင် တောင်းရမ်းသည့်နည်းအတိုင်း အရှင့်ထံသို့လှည့်ကာ တောင်းရမ်းပါလော့။

## ၃၀။ ဟာဇရေသ် ဟာမ်ဒူန်ကတ်စားရ်

ကတ်စားရ်သခင်၏ ဩဝါဒကထာနှစ်ခုမှာ-

[၁] ကျွန်ုပ်၏ တရားဓမ္မဟောကြားမှုတို့သည် ကျွန်ုပ်လောကီအာရုံကာမဂုဏ်တို့၌ ငြိတွယ်ခုံမင်နေသမျှကာလပတ်လုံး ဖူးပွင့်ဝေဆာကာ အကျိုးသက်ရောက်မှု ရှိမည် မဟုတ်နိုင်ချေ။

[၂] အသင်သည် အကြွေးများထူထပ်ခါ ပိပိုး၍နေပါက၊ လောကီလူသားတို့၏ အကူညီအထောက်အပံ့ဖြင့် ပေးဆပ်ရန် မကြိုးစားပါလေနှင့်၊ အရှင်မြတ်သည် မာန်မာနကင်းစင်၍ ရိုကျိုးနှိမ်ချသည့် မိမိအချစ်တော်၏အကြွေးများအား ရှင်းပေးပါလိမ့်မည်။

## ၃၁။ ဟာဇရေသ် မန်စူးရ် အမ္မားရ်

တစ်နေ့သ၌ မန်စူးရ်သခင်သည် လမ်းပေါ်၌ စာရွက်တစ်ရွက်ကျနေသည်ကို တွေ့ခဲ့၏၊ ယင်းစာရွက်အပေါ်၌ အရှင့်နာမတော်ကို ကဗ္ဗည်းထိုးထား၏၊ တစ်စုံတစ်ဦး၏ ခြေထောက်အောက်တွင် အဆိုပါစက္ကူနင်းခြေခံရမည်ကိုစိုးသဖြင့် သခင်သည် အရှင့်နာမတော်ရေးထားသည့်စာရွက်အား မိမိဝမ်းအတွင်းသို့ မျိုချခဲ့၏။ ထိုညအိပ်မက်အတွင်း၌ အရှင့်ထံမှ " ငါ၏နာမတော်ကို အရိုအသေပေးခဲ့သဖြင့်၊ သင့်အား ပရမတ္တသစ္စာဓမ္မကို ထိုးထွင်းသိမြင်ပေါက်မြောက်နိုင်သည့် ဝိဇ္ဇာဉာဏ်အလင်းကို သင့်နှလုံးသား စိတ်တံခါး၌ ဖွင့်ပေးလိုက်ပြီ"ဟူသည့် ဗျာဒိတ်တော်သံကို မန်စူးရ် အမ္မားရ်သခင်ကြားလိုက်ရ၏၊ အရှင့်ကောင်းချီးမင်္ဂလာ၏ အကျိုးဆက်ရလာဒ်ကြောင့် သခင်သည် ဉာဏ်စဉ်စခန်းများ တစ်ဆင့်ပြီးတစ်ဆင့်တက်ကာ အလွန်အနှစ်အသားနှင့် ပြည့်ဝသည့် တရားထူးတရားမြတ်တို့ကို ဟောကြားပို့ချနိုင်ခဲ့သည်။

သူဌေးတစ်ဦးသည် မိမိအလုပ်သမားတစ်ဦးကို ဈေး၌ပစ္စည်းအချို့ဝယ်ယူရန် ဒီနာရ်အသပြာလေးပြားပေးလိုက်၏၊ ဈေးသို့အသွားလမ်းခုလပ်တွင် အလုပ်သမားသည် အမ်မာရ်သခင်၏ တရားဓမ္မပို့ချသံကို ကြားလိုက်ရ၏၊ သခင်က "ကျွန်ုပ်အား ဒီနာရ်ငွေ လေးပြားလှူပြီးနောက် အလဲအလှယ်အဖြစ်နှင့် အရှင့်ထံပါးသို့ကျွန်ုပ် (၄)ခုသောဆုကို တောင်းပေးခြင်းကို ခံယူလိုသူများ ရှိပါသလော"ဟု မိန့်ဆို၏၊ အလုပ်သမားသည် မိမိ၌ပါလာသော ဒီနာ(၄)ပြားကို အမ္မားရ်သခင်ကြီးထံ ဆက်သပြီး (၄)မျိုးသောဆုကို တောင်းပေးပါရန် ပန်ကြားလေ၏၊ အမ္မားရ်သခင်က မည်သည့်ဆုမျိုး တောင်းပေးရမည်နည်းဟုမေးရာ၊ အလုပ်သမားက" ပထမဦးစွာ ကျွန်တော်မျိုးကျွန်ဘဝမှ

လွတ်မြောက်လိုပါ၏၊ ဒုတိယအနေဖြင့် ကျွန်တော့်အလုပ်ရှင်သည် သူ့၏ အကုသိုလ် မကောင်းမှုတို့အတွက် နောင်တသံဝေဂရရန်ဖြစ်ပါ၏၊ တတိယအနေဖြင့် ယခု ကျွန်တော်မျိုးသခင့်ကိုလှူဒါန်းခဲ့သည့်ဒီနာ(၄)ပြားအစား နောက် ဒီနာလေးပြားရလိုပါ၏၊ စတုတ္ထအနေဖြင့် အရှင်မြတ်သည် ကျွန်တော်အပါအဝင် သခင်နှင့်တကွ ယခုဤနေရာ တွင် ရောက်ရှိနေကြသည့် ပရိသတ်ဂျမာအတ်အပေါ်၌ ကောင်းချီးမင်္ဂလာအဖြာဖြာ ကျက်သရေအဖြာဖြာ ပေးသနားချီးမြှင့်ရန်တို့ဖြစ်ပါသည်”ဟု ပြန်လည် လျှောက်ထား လေ၏။

အမ္ဘားရ်သခင်လည်း အလုပ်သမားအလိုရှိသည့်ဆုလေးမျိုးကို အရှင့်ထံ တောင်းခံ ပေးလေ၏၊ အလုပ်သမားလည်း အိမ်သို့ပြန်လည်ရောက်သောအခါတွင် နောက်ကျသည့် အတွက်အလုပ်ရှင်က ဆူလေ၏၊ ထိုအခါအလုပ်သမားက မိမိဖြစ်ပျက်ခဲ့သည့် ဖြစ်ကြောင်းကုန်စင်ကို တစ်ခုမကျန် အသေးစိပ် သူ၏အလုပ်ရှင်အားပြောပြရာ၊ အလုပ်ရှင်သည် ဒေါသငြိမ်းအေးသွားရုံမျှမက အလုပ်သမား၏ထူးခြားသည့်စကား ကြောင့် တစ်စုံတစ်ရာသောအကျိုးသက်ရောက်မှုသည် မိမိနှလုံးသား၌ လာရောက် ဖြစ်ပေါ်ကြောင်းခံစားရလေ၏၊ ချက်ချင်းဆိုသလိုပင် မိမိတစ်ကိုယ်လုံးအတွင်း၌ နောင်တသံဝေဂလှိုင်းတံပိုး ရိုက်ခတ်သွားလေ၏၊ အလုပ်ရှင်သည် သံဝေဂစိတ် ယိုဖိတ်လာသည့်အလျောက် ဒူးထောက်ကာ အရှင့်ထံ ဝန်ချတောင်းပန်ကာ ဆုပန် ရှာလေ၏။

ထို့နောက်အလုပ်ရှင်သည် အလုပ်သမားကို ကျွန်အဖြစ်မှလွတ်ကာ သူကောင်း ပြုပြီး၊ သူ၏ကောင်းမြတ်သောလုပ်ရပ်ကို တုန့်ပြန်သည့်အနေဖြင့် ဒီနာ (၄၀၀)ကို လက်ဆောင်ပေးလေ၏။ ထိုညအလုပ်ရှင်သဌေးကြီးအိပ်စက်ရာတွင် အရှင်မြတ်ထံမှ အိပ်မက်အတွင်းတွင် ဤသို့ဗျာဒိတ်တော်သံကို ကြားရလေ၏၊ “အသင်လုပ်ဆောင် ရမည့်အခန်းကဏ္ဍကို အသင်လုပ်ဆောင်ခဲ့ပေပြီ၊ ယခု ငါအရှင်လုပ်ဆောင်ရမည်ကို လုပ်ပေအံ့၊ ငါ၏ကောင်းချီးမေတ္တာတော်တို့ကို သင့်ပေါ်၌လည်းကောင်း၊ သင့်အလုပ် သမားအပေါ်၌လည်းကောင်း၊ အမ္ဘားရ်နှင့် သူ၏တပည့်သာဝကတို့အပေါ်၌လည်း ကောင်း ငါအရှင်ချပေးသနားတော်မူလိုက်ပေပြီ။”

* * *

အမ္ဘားရ်သခင်ကြီး၏ အဆုံးအမအချို့မှာ–

[၁] လောကီအာရုံကာမဂုဏ်တို့၌ နစ်မွန်းနေသည့် လူ့ဗာလ အန္ဓပုထုဇဉ်နှင့် ပေါင်းဖက်အချိန်ဖြုန်းနေသူတို့သည် ပရမတ္တသစ္စာတရား၏တည်ရာအစ မူလ ဘူတ ပကတိအရှိဖြစ်တော်မူသည့် အသခ်တဂုဏ်တော်ရှင်နှင့် နီးစပ်ရန် ဝေးပေသေး၏။

[၂] နှလုံးသား၏သန့်စင်မှု (စိတ္တဝိသုဒ္ဓိ)ကို ကျင့်စဉ်ငါးရပ်နှင့် ရရှိနိုင်၏၊ ယင်းတို့မှာ

(က) သူတော်စင် သူတော်မြတ်များ၏ အသိုင်းအဝိုင်းတွင် ချဉ်းကပ်နေထိုင်ခြင်း၊
(ခ) ကျမ်းမြတ်ကုရ်အာန်ကို လေ့လာလိုက်စားခြင်း။
(ဂ) ညအချိန်တွင် ဘာဝနာပွားခြင်း။
(ဃ) အာရုံတက် မေတ္တာပို့ချိန်တွင် နှလုံးသားအတွင်းမှ နှစ်နှစ်ကာကာ မေတ္တာစာတ်ဖြန့်ကျက်၍ (င) မျက်ရည်ကျခြင်း။

[၃] သင်၏သားသမီးနှင့် ဥစ္စာစနတို့အပေါ်၌ သံယောဇဉ်ငြိတွယ်ပါက သင့်တရားစခန်းမြင့်တက်ရေးအတွက် အဟန့်အတားဖြစ်မည်ဟု ကျမ်းမြတ်ကုရ်အာန်တွင် မိန့်ဆိုထား၏။

[၄] သခ်တဘုံသားဖန်ဆင်းခံများထံမှ အသခ်တဂုဏ်တော်ရှင်ထံသို့ လွတ်အောင် ရှန်းပြန်နိုင်သူသည် အရှင်၏စစ်မှန်သော ဘန္ဒာဝေနေယျာမည်၏။

# ၃၂။ ဟာဇရသ် ဂျူနိုက်ဒ်

ဂျူနိုက်သခင်၏ ဓမ္မလမ်းညွှန် ဥပဇ္ဈာယ်ဆရာကို တပည့်အချို့က " အဗ္ဗေဝါ သိက တပည့်တစ်ဦးသည် မိမိ၏ဓမ္မလမ်းညွှန်ဆရာထက် ဉာဏ်စဉ်စခန်းမြင့်မား၍ ဓမ္မစခန်းတို့ကျော်လွှားကာ ပေါက်မြောက်နိုင်ပါသလော"ဟု မေးသောအခါ၊ ဆရာသခင်က " ကျွန်ုပ်၏တပည့် ဂျူနိုက်ဒ်သည် ကျွန်ုပ်ထက်နက်ရှိုင်းသော ဉာဏ်စခန်းထိုးထွင်း ပွင့်လင်းလျက်ရှိပြီး၊ ကျွန်ုပ်ထက်မြင့်မားသော ဓမ္မစခန်းကို ပေါက်မြောက်အောင်မြင် လျက်ရှိပေ၏"ဟု ဖြေကြားခဲ့၏။

နှစ်ပေါင်း (၄၀)တိုင်တိုင် ဂျူနိုက်ဒ်သခင်သည် ညအချိန်တွင် နိုးကြားထကြွစွာဖြင့် ဘာဝနာပွားခဲ့၏၊ သို့အတွက်ကြောင့် သူသည် ဓမ္မစခန်း၏ အထွဋ်အထိပ်သို့ ပေါက်ပြီဟု ဓမ္မမာနလေး နှလုံးသား၌ မွေးဖွားလာ၏၊ ထိုအခါ အရှင့်ထံမှ ဗျာဒိတ်တော်သံကို ဤသို့ကြားရ၏၊ " သင့်အား အယူဖောက်ပြန်သည့် မိစ္ဆာဒိဋ္ဌိ အဖြစ်ကြေငြာရန် အချိန်ရောက်ချေပြီ"။

ထိုအခါ ဂျူနိုက်ဒ်သခင်က " အို- အရှင်၊ ကျွန်တော်မျိုး မည်သို့သော မကောင်းမှု ဒုစရိုက်ကို ကျူးလွန်မိပါသနည်း"ဟု မေးလျှောက်ရာ၊ အရှင်မြတ်က "သင်၏အဇ္ဈတ္တသန္တာန်အတွင်း၌ 'ငါ'တည်းဟူသော အတ္တရှင်သန်ဆဲဖြစ်သည့် အကုသိုလ်အမှုထက်ကြီးလေးသော အကုသိုလ် ရှိနိုင်ပါသေး၏လော"ဟု ဖြေကြားတော်မူ၏။ ထိုအခါ ဂျူနိုက်ဒ်သခင်သည် ဦးခေါင်းစိုက်ကျသွားပြီး အလွန်ရှက်ရွံ့

နှိမ့်ချစွာဖြင့် " အရှင့်ခြေတော်ရင်း၌ ခိုဝင်ရောယှက် ပေါင်းဖက်မှုစခန်းကို မပေါက်ရောက်သေးသူမှန်သမျှ၏ ကောင်းမှုတို့သည်ပင်လျှင် အကုသိုလ်မည်၏ (အတ္တနှင့်ယှဉ်၍ လုပ်သည့်အလုပ်မှန်သမျှသည် စခန်းဆုံးနှင့် အလှမ်းဝေးသေးကြောင်း ဆိုလိုခြင်းဖြစ်၏)"ဟု ပြောကြားလေ၏။

ထို့နောက် ဂျိုနိုက်ဒ်သခင်သည် တရားဘာဝနာကို နှစ်နှစ်ကာကာ ကျင့်ကြံအားထုတ်လေ၏၊ သခင့်ကို မလိုလားသူများက သခင့်အကြောင်းကို အမျိုးမျိုးသွားပုတ်လေလွင့်အတင်းအဖျင်းများ ကျယ်လောင်စွာ လွှင့်ထုတ်ကြလေရာ၊ ခလီဖွာဘုရင်ထံသို့တိုင် ရောက်ရှိခဲ့၏။ သခင့်ကို မနာလိုကြသူများက ဘုရင်ကို အမျိုးမျိုးကုန်းချောကြလေရာ ခလီဖွာဘုရင်ကြီးလည်း သခင့် သီလ၊ သမာဓိ၊ ပညာတို့ကို စမ်းသပ်ရန် မိမိ၏အလုပဆုံးသော ကျွန်မလေးကို သခင့်ထံစေလွှတ်၍ ဖြားယောင်းခိုင်းလေ၏။ ကျွန်မလေးသည် သခင့်ထံရောက်သည်နှင့် သူမ၏ မာယာအသွယ်သွယ်နှင့် သခင့်သီလကျိုးပေါက်အောင် ကြံစည်လေ၏၊ သခင်သည် တစ်ချက်မျှ မျက်လွှာပင့်၍ ကျွန်မအားစိုက်ကြည့်ပြီးနောက် ပြန်လည်၍ မျက်လွှာချကာ ဈာန်သမာပတ်ဝင်စားလျက်နေလေ၏၊ ကျွန်မလည်း သူမ၏သွေးဆောင်ဖြားယောင်းမှုတို့ကို နည်းအမျိုးမျိုးဖြင့်ပြုပြန်၏၊ ဂျိုနိုက်ဒ်သခင်လည်း တစ်ချက်မျှ ဦးခေါင်းကိုမော့ပြီး မှုတ်လိုက်လေရာ ကျွန်မလဲကျသေဆုံးသွားလေ၏။

ခလီဖွာဘုရင်လည်း သခင့်ထံရောက်လာပြီး နာကျည်းစွာဖြင့် "ကမ္ဘာရဲ့အလှတစ်ပါးကို အဘယ်ကဲ့သို့ အသင်သတ်ရက်ပါသနည်း"ဟု မေးမြန်းရာ၊ ဂျိုနိုက်ဒ်သခင်ကြီးက " အရှင့်ကိုယ်စားလှယ်အဖြစ် ကမ္ဘာမြေ၌ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရန် လွှဲအပ်ထားခြင်းခံရသော ခလီဖွာ(ကိုယ်စားလှယ်)တစ်ဦးသည် တိုင်းသူပြည်သားများကို စောင့်ရှောင့်ရန် တာဝန်ရှိပါလျက်နှင့် ကျွန်ုပ်အနှစ်(၄၀)တိုင်တိုင် ကျင့်ကြံအားထုတ်ထားသည့် ဒါန၊ သီလ၊ ဘာဝနာစခန်းတို့ကို ကျိုးပျက်အောင်လုပ်ဘိသကဲ့သို့ ကျွန်ုပ်လည်း လုပ်လိုက်ခြင်းဖြစ်သည်"ဟု ပြန်လည်ဖြေကြားခဲ့၏။

ဂျိုနိုက်ဒ်သခင်ကြီး၏ ဓမ္မစကားအချို့မှာ–

[၁] ကျွန်ုပ်ပေါက်မြောက်အောင်မြင်ခဲ့သည့် ဓမ္မစခန်းနှင့် မြင့်တင်နိုင်ခဲ့သည့် ဉာဏ်စဉ်တို့မှာ အောက်ပါ စရဏအကျင့်တို့ကြောင့်ဖြစ်၏။

(က) လောကီအာရုံကာမဂုဏ်တို့အား စွန့်ပယ်ခြင်း။

(ခ) ဥပုသ်သီတင်းဆောက်တည်ခြင်းနှင့်

(ဂ) ညအခါတွင်နိုးနိုးကြားကြား ထထကြွကြွနှင့် သတိတရားကို အသိပွားအောင် ကျင့်ကြံအားထုတ်ခြင်း။

[၂] ဆယ်နှစ်တိုင်တိုင်ကျွန်ုပ်သည် ကျွန်ုပ်၏ဟဒယနှလုံးသားကို မဂ္ဂလမ်းမှန်မှ

သွေဖီဖောက်ပြန်သွားခြင်း မရှိရလေအောင် ထိန်းကျောင်းကာကွယ် စောင့်ရှောက်ပြီး၊ အမြဲမပြတ်သတိချပ်ကာ စောင့်ကြည့်ခဲ့၏။ ထို့နောက်ပိုင်း ဆယ်နှစ်တွင်မူ ကျွန်ုပ်နှလုံးသားက ကျွန်ုပ်အား ပြန်လည်စောင့်ရှောက်ခဲ့၏။ ယခုအခါတွင်မူ ကျွန်ုပ်၏နှလုံးသားသည် ကျွန်ုပ်အားမသိသလို၊ ကျွန်ုပ်ကလည်း ဤသို့မသိခြင်းအတွက် ဂရုမပြုတော့ပေ၊(မိမိ၏ကိုယ်ပိုင်ရပ်တည်မှုဖြစ်သည့် 'ငါ'တည်းဟူသော အတ္တ ကွယ်ပျောက်ကာ အနတ္တဉာဏ်စိုက်နေခြင်းကိုဆိုလို၏၊)

ပြီးခဲ့သည့် အနှစ်(၂၀)အချိန်မှစ၍ အရှင့် တရားစစ် တရားမှန်တို့ကို ကျွန်ုပ်၏အလိုဆန္ဒများ၊ အတ္တနောမတိများမှတစ်ဆင့်မဟုတ်ဘဲ အရှင့်ဗျာဒိတ်တော်တို့အတိုင်းကျွန်ုပ်ဟောပြောလျက်ရှိ၏၊ ဤတရားထူး တရားမြတ်တို့ကို လောကသားတို့ အကျွမ်းတဝင်သိရှိခြင်းမရှိသေးသော်လည်း၊ ကျွန်ုပ်မှာ ကြားခံတစ်ဦး မဟုတ်ချေ။ ကျွန်ုပ်သည် အရှင့်ဒေသနာတော်နှင့်ကိုက်ညီသည့် 'ဆူဖီဓမ္မ'(အတွင်းအနှစ်အသားကို လှစ်ဟသည့် ပရမတ္ထတရား)ကို အနှစ်နှစ်ဆယ်တိုင်တိုင် ဟောကြားနေခြင်းသာဖြစ်၏။

(ကန့်သတ်ဘောင်ခတ်မှုရှိပြီး၊ လုံးဝဥဿုံပြည့်စုံအောင် ဘယ်သောအခါမှ မရှိနိုင်သည့် လူ့စကားလုံးဝေါဟာရတို့ဖြင့် သစ္စာတရားကို ဖော်ကျူးနိုင်ခြင်းမရှိသည်ကတစ်ကြောင်း၊ လူသားတို့၏ အသိဉာဏ် အနုအရင့် ကွဲပြားခြားနားလျက်ရှိသည်ကတစ်ကြောင်း စသည့်အကြောင်းအမျိုးမျိုးကြောင့်)လူပြိန်းတို့အများစုပါဝင်သည့် ဉာဏ်နိမ့်သူ ပုထုဇဉ်ပရိသတ်ရှေ့၌ လျှို့ဝှက်နက်နဲ၍ (လူသားတို့၏ ဆင်ခြင်တုံတရား အပါအဝင်တစ်ဆင့်ခံ သညာသိ၊ အာရုံသိ၊ အတွေ့ကြုံသိတို့မှ မြစ်ဖျားခံလာသည့် ဉာဏ်လွှာအဆင့်ဆင့်တို့ဖြင့် ထိုးဖောက်သိမြင်ခြင်း မရှိနိုင်သော)တရားတို့ကို မဟောပြောမိရန် ကျွန်ုပ်အား သတိပေးခြင်းခံရ၏။ ထို့ပြင် အရှင်၏ဘုန်းတော်အနန္တကို ခန့်ငြားရိသေကြောက်စိတ်များ နှလုံးသား၌ တိုး၍ လွှမ်းခြုံလာသောအခါတွင် ကျွန်ုပ်သိစိတ်များပျောက်ခဲ့ရပါ၏၊ သို့သော် အရှင့်အနန္တမေတ္တာတော်နှင့် မပြတ်စဲသည့် ကရုဏာတော်တို့ကို ကျွန်ုပ်အား သတိပေးလာသောအခါတွင်မူ သိစိတ်ပြန်ဝင်လာခဲ့၏။

[၃] ကျွန်ုပ်သည် ကျွန်တစ်ဦးမျှသာဖြစ်၏၊ ကျွန်ုပ်တွင် ဘာလွတ်လပ်ခွင့်မျှမရှိချေ။ ငရဲသို့ဖြစ်စေ၊ နိဗ္ဗာန်သို့ဖြစ်စေ အရှင်စေလိုရာကို စေပါစေ၊ ကျွန်ုပ် မငြူစူဘဲ ကြည်ကြည်ဖြူဖြူသွားပါမည်။

[၄] လူတစ်ဦးက သခင့်ကို သူ့ကိုကြည့်ပါဦးဟု ပန်ကြားလေသောအခါ၊ သခင်က နှစ်ပေါင်း(၂၀)တိုင်တိုင် အစွမ်းကုန်ကြိုးစား၍ အရှင့်ဘက်သို့ မျှော်ကြည့်ခဲ့၏၊ သို့သော် ယခုထက်တိုင် မအောင်မြင်သေးပေ၊ အသင့်အား အဘယ်သို့လျှင် ကျွန်ုပ်ကြည့်နိုင်ပါမည်နည်း။

[၅] တစ်ချိန်က သခင် နာမကျန်းဖြစ်နေစဉ်တွင် သခင်က "အို–အရှင်၊ ကျွန်တော်မျိုး၏ရောဂါဝေဒနာကို ကုစားပေးသနားတော်မူပါ"ဟု ငြီးထွားဆုပန်သော

အခါ၌၊ အရှင်မြတ်က " ငါအရှင်ပြဋ္ဌာန်းသည့် ဝေဒနာကို မခံနိုင်လျှင် ငါအရှင်၏ ဓမ္မနန်းရင်ပြင်အတွင်းမှ ထွက်ခွါသွားပါလော့"ဟု ပြန်ကြားတော်မူခဲ့ကြောင်းကို သခင်က ပြန်လည် မှတ်တမ်းတင် မိန့်ကြားခဲ့၏။

[၆] ကျွန်ုပ်၏လမ်းညွှန်ဆရာသခင် ဟဇရည် စက်တီသခင်ကြီးက ကျွန်ုပ်အား တရားဓမ္မများဟောကြားရန် မိန့်ကြားခဲ့၏။ ကျွန်ုပ်က သခင့်ရှေ့တော်မှောက်တွင် ကျွန်ုပ်မဟောဝံ့ပါကြောင်း ပြန်လည်လျှောက်ထား၏။ ထိုညတွင် မဟာတမန်တော်မြတ် အိပ်မက်အတွင်း၌ ကျွန်ုပ်ထံကြွလာပြီး တရားဟောကြားရန် မိန့်ကြားလေ၏၊ နံနက်မိုးသောက် အလင်းရောက်သည်နှင့် မဟာတမန်တော်မြတ်မိန့်ကြားချက်ကို ဆရာသခင့်ထံ သွားရောက်လျှောက်ထားရန် တံခါးဖွင့်လိုက်သည်နှင့် ကျွန်ုပ်အိမ်ရှေ့တံခါးဝ၌ ဥပဇ္ဈာယ်ဆရာအား ရပ်နေသည်ကို တွေ့ရ၏။

ကျွန်ုပ်ကိုမြင်သည်နှင့် သခင်က " ဒီချိန်အထိ သင့်ကို တရားဟောရန် အခြားပုဂ္ဂိုလ်တစ်ဦးက အမိန့်ပေးဖို့ကို လိုလားနေတုန်းပေလော"ဟု ဆို၏၊ ကျွန်ုပ်က အံ့အားသင့်စွာဖြင့် သခင့်အား ကျွန်ုပ်၏ညက ဓမ္မအတွေ့အကြုံကို အဘယ်ကဲ့သို့ သိရှိပါသနည်းဟု မေးလျှောက်ရာ၊ သခင်က "မဟာတမန်တော်မြတ်အား ဂျိုနိုက်ဒ်ကို တရားဟောရန်တိုက်တွန်းဖို့ ငါရှင်ညွှန်ကြားခဲ့သည်"ဟု အရှင့်ထံမှ ဗျာဒိတ်တော်သံ 'အိလ်ဟမ်'ကို ကျွန်ုပ်ရခဲ့သည်ဟု ဖြေကြား၏၊ (ဖနာဖိလ်ရှိက်ခ်ပြီးမှ၊ ဖနာဖိလ် ရရှုစခ န်းကို လှမ်းတက်နိုင်မည့်သဘောကို ညွှန်းဆိုနေခြင်းဖြစ်၏။)

ထိုအချိန်မှစ၍ ကျွန်ုပ်သည် တရားဓမ္မဟောရန်လက်ခံလိုက်သော်လည်း ပရိတ်သတ်လေးဆယ်ထက်မပိုရန် သတ်မှတ်ချက်ထားခဲ့၏၊ ကျွန်ုပ်၏ တရားရေအေးအမြိုက်ဆေးတိုက်ကျွေးမှုမှာ အလွန်အကျိုးသက်ရောက်မှုရှိပြီး တစ်နေ့၌ တရားနာသူလေးဆယ်အနက် (၁၈)ရောက်သောပုဂ္ဂိုလ်ထူးတို့မှာ ကျွန်ုပ်၏တရားနာပြီးနောက် လောကုတ္တရာစျာန်အရှိန်အဟုန်ကြောင့် ရုပ် နာမ် ချုပ်ငြိမ်းကာ အရှင့်စခန်းသို့ပြန်ကြကုန်၏၊ ထိုအခါ ကျွန်ုပ်သည် တရားဟောကြားမှုကို ရပ်ခဲ့၏၊ အဘယ်ကြောင့်ဆိုသော် တရားဓမ္မဟောကြားခြင်းသည် ကျွန်ုပ်အား လက်တွေ့ကျကျသေစေသောကြောင့်ဖြစ်၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ "မသေမီသေကြလော့"ဟူသည့် သြဝါဒတော်နှင့်ယှဉ်ပြီး ဤအဆိုအမိန့်ကို နက်နက်ရှိုင်းရှိုင်း ဥာဏ်ပေါက်အောင်ရှုရန် အထူးအရေးကြီးပေသည်။)*

[၇] တစ်နေ့သ၌ ကျွန်ုပ်သည် နာမကျန်းဖြစ်နေသည့် ဒရဝေ့ရှ်သူမြတ်တစ်ပါးကို သွားရောက်တွေ့ဆုံ၏၊ ဒရဝေ့ရှ်မှာခွေလျက်ရှိ၏၊ " ကျွန်ုပ်က ဤဝေဒနာကို မည်သူက သင့်ကိုပေး၍၊ သင့်က မည်သူ့ကို စောဒကတက်ကာ တိုင်တန်းငြီးထွားနေခြင်းဖြစ်ပါသနည်း"ဟုမေးသောခါ ဒရဝေ့ရှ်လည်း ဆိတ်ငြိမ်သွား၏။

ကျွန်ုပ်က ဤကဲ့သို့ ခန္တီတရား မထားနိုင်ခြင်း၏ထူးခြားမှုကိုမေးရာ၊ သူက “ ကျွန်ုပ်၌ ငိုကြွေးရန် စွမ်းအားမရှိသလို၊ ဝေဒနာကို အောင့်အီးသည်းခံနိုင်သည့် စွမ်းအားလည်းမရှိပါ”ဟု ဖြေကြားခဲ့၏။

[၈] တစ်နေ့၌ ကျွန်ုပ်တရားဓမ္မဟောကြားနေစဉ် တရားနားပရိသတ်တစ်ဦးက ကျွန်ုပ် တင်ပြသည့်တရားဓမ္မကို နားမလည်ကြောင်းပြောကြားရာ၊ ကျွန်ုပ်က “သင်၏ အနှစ်(၇၀)သော ဝတ်ပြုမှု(သူသည် အသက်ခုနစ်ဆယ်ကျော်ဖြစ်၏)ကို ခြေ အောက်သို့ထိုးထားလိုက်ကာ မာန်ကိုချ၍ ကျိုးငဲ့နိမ့်ချစွာဦးချပါလော့၊ ထိုအခါ တွင် သင်သည် ကျွန်ုပ်ဟောသည့်တရားကို လိုက်နိုင်ပေအံ့။”

*ဘာသာပြန်သူမှတ်ချက် ။ ။ တရားကျင့်ကြံနေသူသည် မိမိကျင့်ကြံအားထုတ်မှု အပေါ်၌ မာန်ဝင့်ကာ “ငါနှစ်ပေါင်း(၇၀)မျှ ဘာဝနာ ပွားခဲ့သည်ဟူသည့် အတ္တနှင့်ယှဉ်သည့် အသိရှိနေသမျှကာလပတ်လုံး ဝိဇ္ဇာဉာဏ်အလင်း ထိုးထွင်းပွင့်ပေါ်ခြင်း မရှိနိုင်ကြောင်းကို သခင်က ထောက်ပြခဲ့ခြင်းဖြစ်၏။)*

[၉] အရှင့်ကို ကျေနပ်နှစ်သက်နေလျှင် နှလုံးသားလည်း ကျေနပ်နှစ်သက်လျက် ရှိချေမည်။

[၁၀] တစ်နေ့သ၌ တရားနာပရိသတ်တစ်ဦးကကျွန်ုပ်ကို အသပြာ ငါးရာ လှူဒါန်း၏၊ ကျွန်ုပ်က ထိုသူ၌ စားဝတ်နေရေးအတွက် ငွေကြေးများကျန်ရှိပါသေးသလောဟု မေးမြန်းရာ သူကရှိပါသည်ဟုဆို၏၊ ကျွန်ုပ်က ထပ်မံ၍ငွေကြေးများ တိုးပွား လာအောင် ရှာဖွေရန် လိုအင်ဆန္ဒရှိပါသလောဟု မေးမြန်းရာ၊ သူက ရှိပါ ကြောင်းဖြေကြား၏၊ထိုအခါ ကျွန်ုပ်က ထိုသူ့ကို သူလှူဒါန်းသည့်အသပြာ ငါးရာကိုပြန်ပေးပြီး သူသည်ကျွန်ုပ်ထက်ပို၍ ဆင်းရဲပါ၏ဟု ပြောခဲ့၏၊ ကျွန်ုပ်၌ ငွေကြေးအသပြာ ဗလာနတ္တိဘာမျှ မရှိသော်လည်း ကျွန်ုပ်သည် လိုချင်ဆန္ဒမရှိပေ၊ သူ့၌မူ ဥစ္စာခနေပေါကြွယ်ဝသော်လည်း လောဘကို အတော မသတ်နိုင်ပေ။

[၁၁] တစ်နေ့တွင် သူတောင်းစားတစ်ဦး ကျွန်ုပ်တံခါးဝသို့ရောက်လာ၏၊ သူသည် အလွန်သန်မာထွားကြိုင်းပြီး ကျန်းမာနုပျိုလျက်ရှိရာ၊ အဘယ်ကြောင့် သူတစ်ပါး ထံ တောင်းရမ်းစားသောက်နေသည်ကို ကျွန်ုပ်စဉ်းစားလို့မရအောင်ဖြစ်ခဲ့၏။ သူ့တွင် ဝမ်းစာရှာမှီးရေးအတွက် အသက်မွေးဝမ်းကြောင်းအလုပ်တစ်ခုကို ကောင်းမွန်စွာ လုပ်နိုင်သောအနေအထားရှိ၏၊ ဤကဲ့သို့ တောင်းရမ်းစားသောက် ရန် မအပ်စပ်ပေဟု ကျွန်ုပ်စဉ်းစားမိ၏၊ ထိုညကျွန်ုပ်အိပ်မက်အတွင်း၌ စား သောက်ဖွယ်ရာ တစ်စုံတစ်ခုပါသောလင်ပန်းအား ဖုံးအုပ်ကာ ကျွန်ုပ်ရှေ့၌ စားသောက်ရန်ချထားသည်ဟု ကျွန်ုပ်မြင်မက်ရ၏၊ အုပ်ထားသော အဖုံးကို ဖွင့်ကြည့်သောအခါတွင် သူသေအလောင်းတစ်ခုကိုတွေ့ရ၏၊ ထိုအခါ ကျွန်ုပ်က

" အို– အရှင်၊ ဤလူသေအလောင်းကို အဘယ်အတွက်ကြောင့် ကျွန်တော်မျိုးကြီး စားရပါမည်နည်း"ဟု မေးလျှောက်ရာ၊ ဗုဒ္ဓဒိတ်တော်သံက " ဤသို့ဆိုလျှင် နေ့အချိန်အခါတုံးက အဘယ်ကြောင့်သင်စားခဲ့သနည်းဟုပြန်မေးတော်မူလေ၏။"

အရှင့်သတိပေးစကားကို ဉာဏ်ပေါက်သွားသဖြင့် ကျွန်ုပ်ချက်ချင်း အိပ်ရာမှထကာ သူတောင်းစားအပေါ်၌ မကောင်းသောထင်မြင်ချက်များ ကျွန်ုပ် နှလုံးသား၌ ဝင်ခဲ့သည့်အတွက် အရှင့်ထံ ဝန်ချတောင်းပန်ကာ ဆုတောင်းခဲ့၏၊ နံနက်မိုးသောက်သည်နှင့် သူတောင်းစားကိုရှာရန် ကျွန်ုပ်အိမ်ကထွက်ခဲ့၏၊ သူ့ကို တောအုပ်တစ်နေရာ၌တွေ့ရ၏၊ ကျွန်ုပ်ကိုမြင်သည်နှင့်သူက " အရှင်မြတ် ပြစ်မှုကျူးလွန်ပြီးသည်နှင့် ချက်ချင်း ဝန်ချတောင်းပန်သောသူတို့၏ နောင်တ သံဝေဂကို လက်ခံတော်မူ၏၊ သို့သော် မည်သူတစ်ဦးတစ်ယောက်ကိုမျှ နောက်နောင်တွင် အတင်းအဖျင်းမကောင်းပြောဆိုခြင်း၊ ကြံစည်ခြင်း မပြုလေ နှင့်"ဟု ဆုံးမဩဝါဒပေးလေသည်။

[၁၂] မက္ကာမြို့တော်၌ တစ်နေ့သောအခါတွင် လူကုံထံသူကြွယ်တစ်ဦးအား ဆတ္တာ သည် ဆံပင်ညှပ်သမားတစ်ဦးက ဆံသလျက်ရှိ၏၊ ကျွန်ုပ်က ထိုခေါင်းညှပ် သမားကို ဆံသခိုင်းရာ ထိုသူသည် သူကြွယ်ကို ဆံသလက်စနှင့်ထားခဲ့ကာ ကျွန်ုပ်ကို လာရောက်ဆံသပေး၏၊ ပြီးသောအခါတွင် ကျွန်ုပ်အား အသပြာ များပါသောအထုတ်တစ်ထုတ်ကိုပေးလှူကာ လက်ခံပါရန်လည်း တောင်းပန် လေ၏၊ ကျွန်ုပ်လည်း ဆတ္တာသည်အား ကျွန်ုပ်ထိုနေ့အတွက်ရသမျှသော အလှူပစ္စည်းတို့ကိုပေးရန် ဆုံးဖြတ်လိုက်၏၊ မျှားမကြာမီတွင် လူတစ်ဦးရောက် လာကာ ကျွန်ုပ်ကို ရွှေအပြည့်ပါသော အထုတ်တစ်ထုတ် လာရောက်လှူဒါန်း လေသည်။ ကျွန်ုပ်လည်း ထိုအထုတ်အား ဆတ္တာသည်အားလက်ဆောင်အဖြစ် ပေးလေရာ ဆတ္တာသည်ကလက်မခံဘဲ ' ဤသို့လက်ဆောင်လာပေးခြင်းကို အသင်မရှက်ပေဘူးလား၊ အရှင့်နာမတော်နှင့်ပြုလုပ်သည့် အလုပ်အတွက် တန်ပြန်အကျိုးမျှော်ခြင်းမပြုအပ်ကြောင်းကို အသင်မသိပေလော'ဟု အသိပေးခဲ့၏။

[၁၃] တစ်ချိန်သောအခါက ကျွန်ုပ်၏စိတ်သည် အလွန်မတည်မငြိမ်ဖြစ်ကာ ဘာဝ နာပွားရာ၌လည်း သမာဓိထူထောင်၍မရဘဲ ရှိနေ၏၊ ထိုအခါ ကျွန်ုပ်သည် တရားအားထုတ်ရာမှထလာပြီး အိမ်အပြင်သို့ထွက်ခဲ့ရာစောင်တစ်ထည်ပေါ်၌ ထိုင်နေသော ဒရဝေ့ရှ်သူမြတ်တစ်ပါးကို တွေ့ရ၏၊ သူမြတ်က ကျွန်ုပ်ကို မေးခွန်းတစ်ခုမေးစရာရှိ၍ ကြာမြင့်စွာကပင် စောင့်မျှော်နေကြောင်းပြော၏၊ ဒရဝေ့ရှ်မေးလိုသည့်ပုစ္ဆာမှာ " အလိုဆန္ဒအသစ်အသစ်တိုကို ပျူပျူငှာငှာ ကြိုဆိုဧည့်ဝတ်ပြုသည့်စိတ်ကို မည်သို့ကုစားရမည်"ကို သိလိုခြင်းဖြစ်၏။ ကျွန်ုပ်က " အဝိဇ္ဇာစေတသိတ်တို့ မြစ်ဖျားခံရာ နှလုံးသားစစ်တလင်း၌

'နဖ်စ်အမ္မရာ'တည်းဟူသော အကုသိုလ်ဒုစရိုက်စိတ်ကို 'ဂျိဟာဒ်'စစ်ခင်းခြင်းဖြင့် အကြောင်းကို သတ်ပါလော့၊ သင်၏မောဟပိတ်ဖုံးနေသော အဝိဇ္ဇာစေတသိတ်၏ တိုက်တွန်းစေ့စော်မှုကို မနာခံလေနှင့်"ဟု ဖြေကြား၏။

ထိုအခါ ဒရဝေ့ရှ်သူမြတ်သည် မိမိကိုယ်မိမိ " အို- ကျွန်ုပ်၏ ဟဒယစိတ်နှစ်လုံး သင့်ကိုအထက်ပါ အဖြေအတိုင်းဖြေကြားခဲ့သည် မဟုတ်ပါလော၊ သို့သော်သင်သည် ဂျိနိုက်ဒ်သခင်ထံမှ ဖြေကြားချက်ကိုသာ လိုချင်ကြောင်း တစိုက်မတ်မတ်တောင်းခံခဲ့၏၊ ယခုသူ့အဖြေကို အသင်ကြားရပြီတကား"ဟု ပြောလေ၏၊ ထိုပုဂ္ဂိုလ်ထူးထွက်သွားသောအခါတွင် ကျွန်ုပ်စိတ်သည် ပြည်လည်ငြိမ်းချမ်းအေးမြကာ တည်ငြိမ်မှုပြန်လည်ရရှိလာ၏၊ ကျွန်ုပ်ဘာဝနာခန်းတွင်လည်း မွေ့လျော်မှုပြန်လည်ရရှိလာကာ ကျွန်ုပ်စိတ်အစဉ်ကို အာရုံပြောင်းစေခဲ့သည့်အကြောင်းမှာ ဒရဝေ့ရှ်သူအိုကြောင့်ဖြစ်ကြောင်းသိလာခဲ့၏။

[၁၄] ကျွန်ုပ်နှင့် ကျွန်ုပ်၏အရှင်အကြား၌ မီးပင်လယ်ကြီး ခြားသည့်တိုင်အောင် အရှင့်ကို ကြုံစုံဖူးတွေ့ရန် ဆန္ဒပြင်းပြရာတွင် ယင်းမီးပင်လယ်ထဲသို့ပင် ခုန်ချဖြတ်ကူးမိမည်ဖြစ်၏။

[၁၅] ဟဇရည် ဆုဟာလ်သခင်က ကျွန်ုပ်ထံသို့ စာရေး၍ "မောဟထုပြော ဝိရိယကင်းမဲ့ပြီး၊ ပျင်းရိမှုကြောင့် အအိပ်မက်သောသူသည် အရှင့်စခန်းသို့ မည်သို့မျှတက်လှမ်းနိုင်မည် မဟုတ်ချေ။ အရှင်မြတ်က ဒါဝူးဒ်နဗီကို ' အိပ်စက်မှုနှင့်သာ အချိန်ကို ကုန်ဆုံးစေသောသူသည် ငါ့အားချစ်မြတ်နိုးသည်ဟုပြောရာတွင် လိမ်လည်မုသားဆိုခြင်းသာဖြစ်၏'ဟု ဗျာဒိတ်တော် မမူခဲ့ပါသလော" ဟု မေးခဲ့ဘူး၏။

[၁၆] ကျွန်ုပ်သည် သူခိုးတစ်ဦးအား သေဒဏ်ပေးသည်ကို မြင်တွေ့ရသောအခါ ထိုသူခိုးအား အရိုအသေပေးကာ ဂါရဝပြုခဲ့၏၊လူအပေါင်းက ထူးဆန်းသော ကျွန်ုပ်အပြုအမူကို အကြောင်းပြရန် မေးမြန်းလာကြ၏။ ကျွန်ုပ်က " ဤသူခိုးကို ချီးကျူးထိုက်ပေသည်၊ သူ၏အလုပ်ကို သူသည် ဆုံးခန်းတိုင်အောင် သစ္စာရှိခဲ့၏၊ဤအလုပ်အတွက် သူ့အသက်ကိုပင်ပေးခဲ့၏"ဟု ဖြေကြားလိုက်၏။

[၁၇] ကျမ်းမြတ်ကုရ်အာန်တွင် " ဆင်းရဲဒုက္ခကြောင့် ပူဆွေးသောက ဗျာပါဒဆူဝေနေသူ၏ဆုတောင်းပတ္ထနာကို ဖြည့်ဆည်းရန် ငါအရှင်မှအပ မည်သူများရှိပေသေးသနည်း"ဟု မိန့်ဆိုထား၏။

[၁၈] တစ်နေ့စာအတွက် အစားမစားလိုက်ရသည့် ဆင်းရဲမှုကို ညည်းတွားနေသည့် ဒရဝေ့ရှ်တစ်ဦးကို ကျွန်ုပ်တွေ့ခဲ့ရာ၊ ကျွန်ုပ်က " အရှင်မြတ်၏ အလွန်တရာကြီးကျယ်မြင့်မြတ်လှသည့် ကောင်းချီးမင်္ဂလာ လက်ဆောင်ပဏ္ဏာဖြစ်သည့် (အာသဝေါတရားတို့ကင်းရာ ကုန်ရာ၊ ကိလေသာတို့ ခေါင်းပါးရာ၊ တဏှာ

ပေမ ရာဂတို့ ပြတ်လတ်ရာဖြစ်သည့် အဝိဇ္ဇာမောဟတို့ ဆိတ်သုဉ်းနေသည့်) 'ဆင်းရဲမှု'သည် သူတော်စင် သူတော်မြတ်တို့ကို အရှင်မြတ်က ပေးသနားချီးမြှင့်သည့် အခွင့်အရေးတစ်ရပ်ဖြစ်၏၊ အရှင့်အချစ်တော် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့သည် 'ဆင်းရဲဒုက္ခ'ကျရောက်လာလျှင် ညည်းထားတိုင်တန်းခြင်း မပြုပေ၊ အို- ဒရဝေ့ရှ် ထွက်သွားလော့၊ သင့်ကိုအရှင်က စားနပ်ရိက္ခာမပေးဘဲ၊ အဝတ်အစားမပေးဘဲ ဘယ်သောအခါမှ ထားမည်မဟုတ်ပေ"ဟု ပြောဆိုခဲ့၏။

[၁၉] ကျွန်ုပ်၏ တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးခြင်းခံရသည့် သူဌေးသူငယ်တစ်ဦးသည် တရားရရှိသွားကာ သူပိုင်ဥစ္စာပစ္စည်းများကို သူဆင်းရဲတို့အား ဝေငှလှူဒါန်းပြီး အဿပြာဒီနာရ်ငွေ ၁၀၀၀ကိုမူ ကျွန်ုပ်ကို လှူဒန်းရန် ဖယ်ထားခဲ့၏၊ ဤငွေအဿပြာတို့ကို ကျွန်ုပ်ထံ လှူဒါန်းရန်လာသောအခါတွင် လူအပေါင်းက " ကြီးကျယ်မြင့်မြတ်လှသည့် အလ္လာဟ့်အချစ်တော်သူတော်စင်တစ်ပါးကို အသင် မာယာထောင်ချောက်၌ ငြိတွယ်အောင်လုပ်တော့မည်လော့"ဟု ဝိုင်းပြောကြ၏၊ ထိုအခါ သူဌေးလူငယ်သည် သူပါလာသည့်အဿပြာမှန်သမျှကို တစ်ပြားချင်း မြစ်ထဲပစ်ချပြီး ကျွန်ုပ်ထံချဉ်းကပ်လာသောအခါ ကျွန်ုပ်က " မောင်မင်းသည် ကျွန်ုပ်အသိုင်းအဝိုင်းနှင့် မထိုက်တန်သေးပေ၊ သင်၏စွန့်ခြင်းပါရမီကို တစ်ကြိမ်တည်း အချိန်တိုတိုနှင့် ဖြည့်ဆည်းနိုင်ပါလျက်နှင့် အဿပြာတို့ကို အဘယ်ကြောင့် တစ်ပြားခြင်း မြစ်ထဲပစ်ချခဲ့ပါသနည်း"ဟု ပြောလိုက်၏။

[၂၀] သင်၏နှလုံးသား နန်းပလ္လင်သည် အသခ်တအရှင် စံမြန်းရန်အတွက်သာဖြစ်၏။ အရှင်မှအပဖြစ်သော သခ်တခါတ်မျှသာဖြစ်သည့် ရုပ် နာမ် ဓမ္မ သခ်ါရ အစုစုမှ တစ်ခုကိုမျှ နန်းပလ္လင်အထက်ကို လှမ်းမတက်စေနှင့်။

[၂၁] အရှင်မြတ်ကို ရော်ရမ်းတမ်းတမှုကြောင့် ချခဲ့ရသည့် သက်ပြင်းသည် အကုသိုလ်ဒုစရိုက်တို့အား လောင်ကျွမ်းစေ၏။

[၂၂] မိမိအတ္တအား သတ်ပယ်စေသည့် 'ဖနာ'(မမြဲရာ အနိစ္စ၊ သခ်တ)စခန်းကို ဖြတ်ကျော်မသွားပဲနှင့် 'ဘကာ' (မြဲရာ နိစ္စအသခ်တ)စခန်းကို မဆိုက်ရောက်နိုင်ပေ။

[၂၃] အရှင့်ဘုန်းတော်ကို ခန့်ငြားရိုသေသောသူသည် လောကီအာရုံကာမဂုဏ်တို့နှင့် မြူးတူးပျော်ပါးကာ ပြုံးရယ်ခြင်း မည်သည့်အခါမှ မပြုပေ။

[၂၄] အရှင့်အား သတိရတမ်းတသော ဇိကိရ်ဘာဝနာကို ပေါ့လျော့မေ့ခြင်းသည် အပါယ်ငရဲအပြစ်ဒဏ်ကို ခံစားရသည့်ထက် ပိုဆိုး၏။

[၂၅] အသက်ဝိညာဉ်ပေါ်တွင် မိမိဘဝကို တည်မှီအားထားသူသည် ထိုဝိညာဉ်ချုပ်

သွားသောအခါတွင် ဘဝဆုံးသွား၏၊ မြဲရာနိစ္စဖြစ်သည့် အရှင်မြတ်အပေါ်၌ မိမိဘဝကို မှီခိုအားထားသူအတွက်မူ ဘယ်သောအခါမှ ဘဝနိဂုံးမချုပ်ပေ။

[၂၆] အရှင်၏သပ္ပါယ်ကြည်ညိုဖွယ်ရာ အလှတရားဂုဏ်တော်ကို တန်ဖိုးထားကာ မကြည့်တတ်သူသည် မျက်စိကန်းလျက်ရှိခြင်းက သူ့အတွက် ပိုမိုကောင်းပေဦးအံ့၊ အရှင့်နာမတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း မရှိသည့် နှုတ်လျှာသည် ဆွံ့အနေခြင်းက သူ့အတွက် ပိုမိုကောင်းပေဦးအံ့၊ အရှင့်တရားမြတ်ဓမ္မခန်တို့ကို နာကြားခြင်းမရှိသည့်နားသည် ပင်းနေခြင်းက သူ့အတွက် ပိုမိုကောင်းပေဦးအံ့၊ အရှင့်အတွက် လှုပ်ရှားခြင်းမရှိသောခြေလက် ခန္ဓာသည် သေနေခြင်းက သူ့အတွက်ပိုမိုကောင်းပေဦးအံ့။

[၂၇] အလ္လာဟ်အသျှင်မြတ်အား ဘာဝနာစီးဖြန်း၍ ဉာဏ်ပွားရာတွင် (အရှင့်ကရုဏာတော်ကို အားမကိုးဘဲ) မိမိ၏ဝိရိယစိုက်ထုတ်ကြိုးပမ်းမှုကို အားကိုးသူသည် ဘာဝနာအကျိုးရလာဒ်ကို တင်းပြည့်ကျပ်ပြည့် ရရှိလိမ့်မည် မဟုတ်ချေ။

[၂၈] အလ္လာဟ်အသျှင်မြတ်၏ချစ်ခြင်းကို ခံရသူသည် အရှင့်အချစ်တော် သူတော်စင်တို့အသိုင်းအဝိုင်းကို ပေးအပ်ခြင်းခံရပေအံ့။

[၂၉] အရှင့်ဒေသနာတော်မှအပ အခြားသော (ကိလေသာ ကာမဂုဏ်၌အခြေခံသည့်) မြူးတူးပျော်ပါးမှုတို့အား လေ့လာလိုက်စားပါက ပြီးပြည့်စုံမှုကို ရရှိနိုင်မည် မဟုတ်ပေ။

[၃၀] အစားကြူးသောသူသည် ဘာဝနာမပွားနိုင်ပေ။

[၃၁] တရားရှာသူ ဓမ္မ ခရီးသည်အတွက် ကိလေသာ ကာမဂုဏ် လောကီ အာရုံတို့ကို ချဉ်စုတ်သောအရသာလို ရွံ့ရှာရမည်ဖြစ်ပြီး၊ ဓမ္မရသတို့ကို ချိုမြိန်သော အရသာလို ခံမင်ရမည်ဖြစ်၏။

[၃၂] လေးရာကျော်သော ပရမတ်ဉာဏ်ရှင် သာသနာ့ပညာရှင်တို့က ဆူလာတ် ဘာဝနာပွားများစဉ် မြဲရာအသခ်တဂုဏ်တော်ရှင်မှအပဖြစ်သော မမြဲရာ ရုပ်နာမ် ဓမ္မ သင်္ခါရတို့အပေါ်၌ အာရုံမသွင်းဘဲ စိတ်ကိုင်းညွတ်ခြင်းမရှိစေရဟု ဓမ္မသတ်ပညတ်ထား၏။

[၃၃] ဆူဖီသူတော်စင်ဆိုသည်မှာ (အမြင်အားဖြင့်)အညစ်အကြေးဖြင့်ပြီးသော နွားချေးအစရှိသည့် မြေသြဇာတို့ကို ထည့်ပေးရာမှ ကောက်ပဲသီးနှံတို့ ရှင်သန်ဖွံ့ဖြိုးအထွက်တိုးကာ အကျိုးဖြစ်ထွန်းလာသော စိုက်ခင်းလယ်မြေနှင့် အလားတူ၏။

[၃၄] ကြောင်းကျိုးဖြစ်စဉ် နိယာမသြဇာအောက်မှ မလွတ်ကင်းနိုင်သည့် သခ်တဓာတုရုပ်ကလာပ်နှင့် နာမ်ဓာတ်အစုစုတို့ကို (အတွင်းစွန့်ခြင်းဖြင့်)စွန့်ကာ မိမိအတ္တကို ခဝါချရခြင်းကို ဆူဖီဓမ္မဟုခေါ်၏။

[၃၅] ဆူဖီသူမွန်သည် မိမိကိုယ်ပိုင်ဂုဏ်ရည် (အတ္တ၊ မာနစသည့် ကိလေသာစိတ်များ) တို့ကို ပယ်သတ်ပြီး အရှင့်(ပရမတ္တသစ္စာဓမ္မ၏ မူလဘူတဖြစ်တည်ရာအစ) ကို ကြုံဆုံဖူးတွေ့(သစ္စာတရားကို မျက်မှောက်ပြု)သူဖြစ်၏။

[၃၆] မိမိအတ္တကို (လောကုတ္တရာအချစ်မီးဖြင့်) လောင်ကျွမ်းပြာကျအောင် မပြုနိုင်သေးသမျှကာလပတ်လုံး အရှင့်အချစ်ကို ရရှိနိုင်ဦးမည် မဟုတ်ချေ။ ကြီးကျယ်မြင့်မြတ်တော်မူသည့် အလ္လာဟ့်ချစ်တော် သူတော်မြတ်ကြီးများ၏ နက်ရှိုင်းကျယ်ပြောကာ သစ္စာတရားတို့နှင့်အတိပြီးနေသည့် ဓမ္မစကားတို့မှာ မရင့်ကျက်သေးသော ဉာဏ်နိမ့်သူ အန္ဓပုထုဇဉ်လူပိန်းများအတွက် အယူမှားသည့် မိစ္ဆာဒိဋ္ဌိစကားများဟု ထင်မှတ်ဖွယ်ရာရှိပေသည်။

[၃၇] "တောင်ဟီဒ်"တည်းဟူသော သစ္စာကထာမှာ ရုပ် နာမ် ဓမ္မ သင်္ခါရတို့ကို ကျော်လွှားလွန်မြောက်သည့် သစ္စာတရား၏မူလအစ ပကတိအရှိဖြစ်တော်မူသည့် အသင်္ခတဂုဏ်တော်ရှင်အား ထိုးထွင်းပရမတ်ဉာဏ်ဖြင့် သိမြင်ပေါက်မြောက်ခြင်းကိုခေါ်၏။

[၃၈] လောကုတ္တရာရျာန်၏ ပီတိသောမနဿသည် တရားရှိသူကို ရှင်သန်နိုးကြားထကြွပြီး ဉာဏ်ဝင်စားစေ၏၊ အရှင်မြတ်ကို (ဉာဏစက္ခုဖြင့်) ဖူးတွေ့ရခြင်းဟူသည့် ဓမ္မမြင်ကွင်း (သစ္စာတရားကို မျက်မှောက်ပြုခြင်း)သည် (ကိလေသာအဝိဇ္ဇာစိတ်ကို) သေစေ၏၊ ပီတိသောမနဿသည် အတ္တကို ဖြိုလဲပြိုကွဲစေ၏။

[၃၉] အရှင့်ကို တဒင်္ဂပဟာန် လစ်မေ့ခြင်း(မဟာသတိပဋ္ဌာန်တရားကျိုးပေါက်ခြင်း) သည် အနှစ်တစ်တောင်မျှသော ဝတ်တက်မှုကို ပျက်စီးစေ၏။

[၄၀] အနှစ်တစ်ထောင် အရှင့်အမိန့်နာခံမှုသည် ခဏငယ်မျှသော အရှင့်အမိန့်ဖီဆန်မှုကို မချေဖျက်နိုင်ပေ။

[၄၁] အရှင့်ကို မှန်ကန်သောစေတနာဖြင့် ရှာဖွေသောသူ(သစ္စာအမှန်ကို ရှာပုံတော်ဖွင့်သူ)သည် မုချမသွေ အရှင့်စခန်းသို့ ပေါက်မြောက်ပေအံ့။

[၄၂] ယုံကြည်မှုသဒ္ဒါတရားဟူသည်မှာ နှလုံးသား၌ ဤသို့ ကဗ္ဗည်းထိုးထားမှုကို ခေါ်ဆိုခြင်းဖြစ်၏၊

" သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် အားကြိုးမာန်တက် ရိက္ခာရှာမှီး မနေလေနှင့်၊ အရှင်သည် ရိက္ခာဟူသမျှကို ခွဲခြမ်းဝေငှ ပေးသနားတော်မူသောအရှင်ဖြစ်ကြောင်း ပြတ်ပြတ်သားသား ခိုင်ခိုင်မာမာ ယုံကြည်ပါလော့"

[၄၃] စိတ်ရင်းကောင်းကာ ရိုးဖြောင့်သော အန္ဓပုထုဇဉ်တစ်ဦးသည် စိတ်ဆင်ရိုင်းကို မထိန်းနိုင်သည့်ဆူဖီဓမ္မလိုက်စားနေသောသူထက်သာ၏။

[၄၄] အရှင်မြတ်သည် မိမိ၏အနန္တမေတ္တာတော်နှင့် မပြတ်မစဲသည့် မဟာကရုဏာတော်တို့နှင့် အတိပြီးနေသည့် ကောင်းချီးမင်္ဂလာအဖြာဖြာတို့အား စကြဝဠာအနန္တကို ဖြစ်ပေါ်ထင်ရှားစေခြင်း မရှိစေမီကပင် ဖန်ဆင်းခဲ့သည်။

[၄၅] အရှင့်နာမတော်ကို အနုလုံ ပဋိလုံ ရွတ်ဖတ်သရဇ္ဈာယ်၍ ဉာဏ်ပွားသူသည် မိမိကိုယ်ပိုင်ရပ်တည်မှုပျောက်ကင်းကာ အနတ္တဉာဏ်စိုက်ပြီး နာမတော်အဟွင်း၌ နစ်မြုပ်ရောယှက်ပေါင်းဖက်သွား၏၊ နာမတော်သည်လည်း အရှင့်“ဇာယ်”တော် (ပရမတ်သဘော)အတွင်း ပြန်လည်ရောနှောသက်ဝင်သွား၏။

[၄၆] လောကီအာရုံကာမဂုဏ်တို့မှ တိမ်းရှောင်ကာ အရှင့်ထံ ချဉ်းကပ်လျှောက်လှမ်းပြီး အမြဲမပြတ် တရားနှလုံးသွင်းကာ ဘာဝနာပွားများခြင်းကို ဆူဖီဓမ္မဟုခေါ်တွင်၏၊ သင့်အဇ္ဈတ္တသန္တာန်အတွင်း၌ ဆူဖီဓမ္မကို ရှာဖွေလော့။

[၄၇] အရှင်မှအပ အခြားဘာကိုမျှ မသိသောသူကို ဆူဖီဟုခေါ်၏။
*ဘာသာပြန်သူမှတ်ချက် ॥ ॥ အရှင့်ကိုသိသောသူသည် အရာရာကို အရှိကို အရှိအတိုင်း အမှန်ကိုအမှန်အတိုင်း ယထာဘူတကျကျ ပရမတ်ဆတ်ဆတ် ထိုးထွင်းသိမြင်ပေ၏။*

[၄၈] အကြီးမားဆုံးသော မကောင်းမှု ဒုစရိုက်မှာ မတော်ဝိသမလောဘဖြစ်၏။

[၄၉] ကျမ်းမြတ်ကုရ်အာန်၏ ဒေသနာတော်တို့အား ဝိပဿနာဉာဏ်တင်၍ ဆင်ခြင်ခြင်အားဖြင့် ဉာဏ်အလင်းတို့ ထိုးထွင်းပွင့်လင်းနိုင်သလို၊ အရှင်ပေးသနားချီးမြှင့်တားသည့် ကောင်းချီးမင်္ဂလာအပေါင်းတို့အား နာမ်မှာ ဉာဏ်ကပ်၍ ပရမတ်ဆတ်ဆတ် ရှုမှတ်ပါမှု ဝိဇ္ဇာဉာဏ်အလင်း ထိုးထွင်းပွင့်လင်းပေအံ့၊ ကျမ်းမြတ်ကုရ်အာန်သည် (ယင်းကို)ဘတ်ရှုသူအား အရှင့်ကိုချစ်မြတ်နိုးသည့်စိတ်ကို လှုံ့ဆော်ပေးတတ်၏၊ အရှင့်ကတိတော်တို့အား ဆင်ခြင်ပါလော့၊ ယင်းသို့ ဉာဏ်ပွားပါက အရှင့်အားခန့်ညားရိုသေစိတ်တို့ကို ဖန်တီးဖြစ်ပေါ်စေနိုင်၏။

[၅၀] မည်သူမဆို ပြစ်မှုဒုစရိုက်ကျူးလွန်လျှင် အလ္လာဟ်၏ကရုဏာတော်မှ အဝေးကြီးဝေးရမည်ကို ကြောက်ရွံ့စိုးရိမ်လျှက် အလ္လာဟ်၏ ကျေးဇူးဂုဏ်တို့ကို တွေးဆဆင်ခြင်သိမြင်သောအခါ အပြစ်ဒုစရိုက်တို့ကို ရှောင်ကြည်လေ့ရှိသည်သာတည်း။

[၅၁] မိမိ၏လိုအင်ဆန္ဒနှင့် အတ္တမာန်မာနတို့ကို ချိုးနှိမ်ထားနိုင်ပြီး အရှင်ပြဋ္ဌာန်းသည့် လောကဓံကို ရှောင့်ရဲတင်းတိမ်မှုနှင့် ကြံ့ကြံ့ခံကာ ခန္တီတရား လက်ကိုင်ထားနိုင်သူသည် လူသားတို့တွင် အမြတ်ဆုံးဖြစ်၏။

[၅၂] အရှင့်“ဘန္ဒာ”ဝေနေယျာသည် အရှင်မှအပ မည်သည့်အရာကိုမျှ ကိုးကွယ်လိမ့်မည် မဟုတ်ချေ။

[၅၃] လောကတွင်းမှ ကိလေသာအာရုံတို့ကို ပယ်စွန့်လိုက်သည်နှင့် အရှင့်ထံဆိုက်ရောက်မည့်လမ်းသည် သင့်အတွက် အထင်အရှားပေါ်ထွန်းလာပေအံ့။

[၅၄] တဏှာ ပေမ ရာဂစသည့် ကာမဂုဏ်ရမ္မက်နှင့် အတ္တနှင့်ယှဉ်သည့် အလိုဆန္ဒတို့အား ကျော်ခိုင်းလိုက်သည်နှင့် အရှင့်စခန်း၌ ခိုဝင်ရောယှက်ပေါင်းဖက်နိုင်ရာလမ်းသို့ မျက်နှာမူ၍ ဦးတည်ချက်ရရှိလာပေအံ့။

[၅၅] မဂ္ဂလမ်း၌ လျှောက်လှမ်းရာတွင် သုံးခုသောအရာသည် ကန့်လန့်ကာကဲ့သို့ အတားအဆီး အကာအကွယ် အဟန့်အတားဖြစ်စေ၏။ ယင်းတို့မှာ–

(က) ကိလေသာစိတ်၊ အဝိဇ္ဇာစေတသိတ်။

(ခ) လောကတွင်းမှ လောကီအာရုံ ကာမဂုဏ်အပေါင်းတို့နှင့်

(ဂ) ဝေနေယျသတ္တဝါများ။

အထက်ပါတို့မှာ လူသိများသည့် 'ဘုံ'အတားအဆီးများဖြစ်၏၊ လူသိမများသည့် အတားအဆီးတို့မှာ–

(က) လူအထင်ကြီးရန် ဘာဝနာပွားခြင်းကို ပြစားခြင်း၊

(ခ) တန်ခိုးသိဒ္ဓိနှင့် ဈာန်အဘိညာဉ်တို့အားပြသခြင်း။

(ဂ) မလိုလားဟန်ဆောင်သော်လည်း တကယ့်စိတ်တွင် လာဘ်လာဘကို မျှော်ကိုးခြင်း။

အထက်ပါ အရာအားလုံးတို့အား မာန်မာနနှင့်ပြုခြင်းတို့ဖြစ်၏။

[၅၆] အို– အရှင်၊ အရှင့်ကို မဖူးတွေ့ရသူသည် ကျန်အရာဘာကိုမျှ မမြင်နိုင်အောင် မျက်စိကန်းနေခြင်းကမှ ကောင်းပေဦးအံ့။

[၅၇] ကျမ်းမြတ်ကုရ်အာန်မှအပ မည်သူမျှ ကျွန်ုပ်ကို ပိုမို၍ ကရုဏာထားကာ လိုလားနိုင်မည် မဟုတ်ချေ။

ဂျိုနိုက်ဒ်သခင်၏ တပည့်တစ်ဦးသည် မာရ်နတ်၏ နှောင့်ယှက်ဖျက်စီးမှုကြောင့် မာန်မာနထောင်လွှားလာပြီး သူသည်ပြီးပြည့်စုံအောင် ဓမ္မစခန်းအဆင့်ဆင့် ပေါက်ရောက်ပြီးဖြစ်၏၊သူတော်စင်တို့အသိုင်းအဝိုင်းတွင် ပေါင်းဖက်နေထိုင်ရန် မလိုအပ်တော့ကြောင်း စတင်ကြွားဝါပြောဆိုလာလေသည်။ ထို့နောက် သူတစ်ဦးတည်း ထီးထီးခွဲကာ နေထိုင်၏။

မြို့တွင်း၌လည်း သူ့ထံသို့ ကောင်းကင်တမန် ဗြဟ္မာကြီးများလာရောက်ပြီး အလွန်လှပသော ကကြိုးတန်ဆာများ ချယ်လှယ်မွမ်းမံထားသည့် ကုလားအုပ်ဖြင့် သူ့အားတင်ဆောင်ကာ ကောင်းကင်ဘုံနန်းသို့ နေ့စဉ်တင်ဆောင်သွားကြသည်ဟု ပြော၍နေ၏။ ဤသို့အယူတိမ်းသည့် မိစ္ဆာစကားတို့ကို ကြားရသောအခါ ဂျိုနိုက်ဒ်သခင်သည် သူ၏တပည့်နှင့်အတူ တစ်ညတာသွားရောက်နေထိုင်လေ၏။ ထို့နောက်

ကောင်းကင်တမန်ဗြဟ္မာဟုထင်မှတ်နေသူတို့ လာသောအခါတွင် “ အို မာရ်နတ်မိစ္ဆာ၏ စေတမန်တို့၊ သင်တို့အမှောင့်အဖျက်လုပ်ငန်းကိုရပ်လော့”ဟု ပြောဆိုရန်ကိုလည်း ညွှန်ကြားခဲ့၏။

တပည့်သာဝကသည် မိမိဆရာသခင်မိန့်မှာသည့်အတိုင်း ကောင်းကင်တမန် ဗြဟ္မာများဟု မိမိထင်မှတ်သည့်သူများ ရောက်လာသောခါပြောလိုက်၏။ ထိုအခါတွင် ဗြဟ္မာများနှင့် ကုလားအုတ်တို့ပါ ပျောက်ကွယ်သွားပြီး အမှိုက်ပုံတစ်ခုပေါ်တွင် မိမိသည်ထိုင်လျက်ရှိပြီး၊ မိမိပတ်ဝန်းကျင်၌လည်း တိရစ္ဆာန်တို့၏ဦးခေါင်းခွံများ ပျံ့နှံ့လျက်ရှိသည်ကိုတွေ့ရလေသည်။ ထိုအဖြစ်ကို ကြုံတွေ့လိုက်ရသော တပည့်သာဝကသည် နောင်တသံဝေဂ ကြီးစွာရရှိကာ အရှင့်ထံ ဝန်ချတောင်းပန်ပြီးနောက် မိမိဆရာဂျိုနိုက်ဒ်သခင်ကြီး၏ မေတ္တာအေးရိပ်သာယာအောက်တွင် ခိုလှုံခဲ့၏။

ဂျိုနိုက်ဒ်သခင်က “ တရားလမ်းခရီးတွင် နည်းသစ်ထွင်ကာ တစ်ဦးတည်းကျင့်ကြံအားထုတ်ခြင်းသည် ပျက်စီးဆုံးရှုံးရန် အလားအလာများစွာရှိ၏။ ဉာဏ်အလင်းပွင့်လင်းပြီးသည့် လမ်းညွှန်ဥပဇ္ဈာယ်ဆရာ၏ထိန်းကျောင်းမှုသည် တရားကျင့်နေသူ တစ်ဦးအတွက် လုံးဝမရှိမဖြစ်လိုအပ်လှပေသည်”ဟု တပည့်အား မိန့်ကြား၏။

တစ်နေ့သောအခါတွင် ဂျိုနိုက်ဒ်သခင်၏တပည့်တစ်ဦးသည် အရှိအသေကင်းမဲ့သော အပြုအမူတစ်ခုအား ပမာမခန့်ပြုကျင့်ခဲ့မိ၏၊ ထိုသူသည် ပြစ်ဒဏ်ကျရောက်မည်ကို စိုးရွံ့ကာ ဝတ်ကျောင်းတော်သို့ ပြေးသွားလေ၏။ ဂျိုနက်ဒ်သခင်ကလည်း သူ့နောက်မှလိုက်ကြည့်လေ၏၊ ဂျိုနိုက်ဒ်သခင်ကိုတွေ့မြင်သောအခါ တပည့်သာဝကသည် ကြောက်လန့်သွားပြီး လိမ့်ကျသွားလေ၏၊ ဦးခေါင်းလည်းကွဲသွား၏၊ ဦးခေါင်းမှသွေးများ တစ်စက်ချင်း မြေပေါ်သို့ကျတိုင်း အရှင့်နာမတော်ကို ကဗျည်းထိုးထားပြီးသားဖြစ်၍ ဖြစ်၍နေလေ၏။

ထိုအခါ ဂျိုနိုက်ဒ်သခင်က မိမိတပည့်ကို မိမိဓမ္မစခန်းပေါက်မြောက်မှုအခြေအနေကို ဤနည်းဖြင့် လူပုံအလယ်၌ ခင်းကျင်းပြသခြင်း မပြုအပ်ကြောင်း၊ ကလေးငယ်များသည်ပင်လျှင် ဤမျှလောက်သောအရှင့်အပေါ်၌ထားရှိသည့် သဒ္ဓါကြည်ညိုစိတ်ကို ဖော်ထုတ်ပြသတတ်ကြောင်းအရှင့်ဂုဏ်တော်ကို သတိနှင့်ယှဉ်ကာ ဝိပဿနာဉာဏ်တင်ပြီး ပွားများရသည့် ‘ဇကိရ်’ဘာဝနာကို ပွားများနေရုံမျှဖြင့် ရောင့်ရဲတင်းတိမ်ကာ မနေသင့်ကြောင်း။ အလ္လာဟ်ကို ဓမ္မခရီးဆုံး၏ပန်းတိုင်အဖြစ်သတ်မှတ်ကာ ယင်းသို့ မိမိဝိပဿနာဉာဏ်တင်၍ ပွားများအားထုတ်နေသည့် အသခ်တဂုဏ်တော်ရှင်ထံသို့ အမှန်တကယ် ဆိုက်ရောက် ပေါက်မြောက်ရန်လည်းကြိုးပမ်းရမည်။ သို့မှသာလျှင် တရားရှာသူသစ္စာဝါဒီဓမ္မခရီးသည်တစ်ဦးအဖြစ်ကို အစစ်အမှန်ရောက်ရှိပေမည်။ သို့မဟုတ်ပါက ကလေးငယ်တစ်ဦး၏အဆင့်၌သာလျှင်ကျန်ရစ်ခဲ့ပေအံ့ဟုတရားပြကာနားချခဲ့၏။ ဂျိုနိုက်ဒ်သခင်၏ ဓမ္မစကားတို့သည် စူးရှထက်မြက်လှပေရာ တပည့်အပေါ်၌

ကြီးမားသော အကျိုးသက်ရောက်မှု ဖြစ်ထွန်းပြီးသကာလ လောကုတ္တရာ ဈာန် အရှိန်အဟုန်ကြောင့် တပည့်သည် ခန္ဓာဝန်ချကာ အရှင့်စခန်းသို့ ပြန်ခဲ့၏။

ဂျိုနိုက်ဒ်သခင်၏တပည့်တစ်ဦးသည် ဘစ္စရာမြို့၌နေထိုင်၏၊ တစ်နေ့သော အခါတွင် မကောင်းသော စိတ်ဆင်ရိုင်းတစ်မျိုး အဆိုပါတပည့်၏ နှလုံးသား၌ ဖြစ်ထွန်းလာ၏။ ချက်ချင်းပင် သူ၏မျက်နှာတစ်ခုလုံးသည် အရှင့်အမိန့်တော်နှင့် မည်းနက်သွားလေ၏၊ အမျိုးမျိုးကြိုးပမ်းအားထုတ်သော်လည်း သုံးရက်ကြာမှ ထို တပည့်၏မျက်နှာသည် နဂိုအသားအရောင်အတိုင်းပြန်ဖြစ်လာ၏။ နောက်သုံးရက် ကြာသောအခါ သူ၏ဥပဇ္ဈာယ်ဆရာဂျိုနိုက်ဒ်ထံမှ စာတစ်စောင်သူ့ထံ ရောက်ရှိလာ၏၊ ထိုစာ၌ဤသို့ပါရှိ၏၊ " ဓမ္မလမ်းကြောင်းကို ရိုသေလေးမြတ်စွာ လျှောက်လှမ်းပါ လော့" သင့်မျက်နှာသန့်ပြန့်အောင် သုံးရက်လုံးလုံး ကျွန်ုပ်ဆေးနေရ၏"။

တစ်နေ့သောအခါတွင် ဂျိုနိုက်ဒ်သခင်ကြီးနှင့်အတူ တပည့်တစ်ဦးသည် တော တွင်းသို့လိုက်ပါခဲ့၏။ ပြင်းထန်သော နေပူရှိန်ကြောင့် တပည့်၏မျက်နှာမှသွေးများ လျှံကြလာ၏။ တပည့်က "အပူရှိန်ပြင်းထန်လှပါတကား"ဟု ညည်းထွားလိုက်၏။ ထိုအခါ ဂျူနိုက်ဒ်သခင်က " အသင်သည် အရှင်၏အစီအမံကို ဝေဖန်၏။ ကျွန်ုပ်၏ အသိုင်းအဝိုင်းမှ ထွက်ခွါသွားလော့"ဟု ဆုံးမဩဝါဒပေးတော်မူ၏။

ဂျိုနိုက်သခင်တွင် သခင်မြတ်နိုးသည့် တပည့်တစ်ဦးရှိ၏၊ အခြားတပည့်များက ထိုတပည့်ကိုအားကျကာ သူ့လိုဖြစ်လိုကြ၏၊ ပြဿနာအရပ်ရပ်ပြေလည်သွားစေရန် ဂျိုနိုက်ဒ်သခင်သည် တပည့်အားလုံးကို ခေါ်ယူစုရုံးစေပြီး တစ်ဦးစီကို ဓါးတစ်ချောင်း နှင့် ကြက်ဖတစ်ကောင်စီပေး၏၊ ထို့နောက် ယင်းတို့ရရှိသည့်ကြက်ဖတို့ကို မည်သူမျှ မမြင်နိုင်သည့်နေရာတွင် လှီးဖြတ်ရန်စေခိုင်းလေ၏။ အတန်ကြာသောအခါ သခင် အမြတ်နိုးဆုံးဖြစ်သည့် တပည့်မှအပ ကျန်တပည့်တို့သည် ကြက်သေတစ်ကောင်စီ ကိုင်ကာ အသီးသီးရောက်ရှိလာကြ၏၊ ဆရာချစ်သည့်တပည့်မှာမူ ကြက်အရှင်နှင့်ပင် ပြန်ရောက်လာ၏။ အဘယ်ကြောင့် ကြက်ကိုမသတ်ခဲ့သနည်းဟုမေးရာ၊ ထိုတပည့်က " အကြွင်းမဲ့မြင်တော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည့်အပြင်၊ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့်လည်း ပြည့်စုံတော်မူသော အသခ်တဂုဏ်တော် ရှင် မမြင်နိုင်သည့်အရပ်ကို ကျွန်တော်မျိုးရှာမတွေ့ပါသဖြင့်၊ ဤကြက်အား သခင်သတ် မှတ်ထားသည့် စည်းကမ်းဥပဒေနှင့်အညီ မလှီးဖြတ်ခဲ့ခြင်းဖြစ်ပါသည်"ဟု ဖြေလျှောက် လေရာ၊ ကျန်တပည့်အပေါင်းက ဆရာ၏ချစ်ခြင်းကို ပိုမိုခံရသူထိုတပည့်၏ ဉာဏ်စဉ် မြင့်မားမှုကို မျက်ဝါးထင်ထင်မြင်တွေ့ကြရ၍ အရိုအသေပေးကာ ဂါရဝပြုကြလေ၏။

အရှင့်ထံ ပြန်ကာနီးအချိန်တွင် ဂျိုနိုက်ဒ်သခင်သည် မိမိအနား၌ရှိနေကြသည့်သူတို့ကို သခင့်ခြေလက်တို့အား ဆေးပေးရန် ပြောဆိုလေ၏။ သခင့်လက်သဲကို သန့်စင်မှု မပြုကြ၍ သခင်ကညွှန်ပြလေရာ လက်သဲများကိုလည်း သန့်စင်မှုပြုပေးကြ၏။ ထို့နောက် သခင်သည် လူသားဦးနှောက်က မထိုးဖေါက်နိုင်သည့်အသခ်တဂုဏ်တော်ရှင်အား နဖူးမြေစိုက်ဦးတိုက်ကာ ဝိုကြွေးဆုပန်လေသည်။ သခင့်အပါး၌ ခစားနေကြသည့်သူတို့က " သခင်သည် ဘဝသက်တမ်းတစ်လျှောက်လုံးတရားဘာဝနာနှင့်သာမွေ့လျော်ခဲ့လေရာ အဘယ့်အတွက်ကြောင့် ပူဆွေးသောကရောက်ပါသနည်း"ဟု မေးမြန်းလျှောက်ထားကြ၏။

သခင်က " ကျွန်ုပ်ဘဝတစ်သက်တာတစ်လျှောက်တွင် ဤအချိန်လောက်ဆင်းရဲမှုကို မခံရဘူးပေ"ဟု ပြေကြားပြီး၊ ကျမ်းမြတ်ကုရ်အာန်ကို ရွတ်ဖတ်သရဇ္ဈယ်ကာ " ကျမ်းမြတ်ကုရ်အာန်သည် ကြီးကျယ်မြင့်မြတ်ဆုံးသော မိတ်ဆွေမှန်ဖြစ်ပြီးအပူမီးအဖုံဖုံကို ငြိမ်းအေးအောင် ဖြေသိမ့်နိုင်သည့် စွမ်းအားထူးရှိပါ၏"ဟု တပည့်များကို မိန့်ကြားလေ၏။

ထို့နောက်သခင်က " ကျွန်ုပ်ဘဝတစ်လျှောက်လုံး စီးဖြန်းအားထုတ်ခဲ့သည့်ဘာဝနာသည် မုန်တိုင်းထန်ခိုက်အချိန်တွင် ကျွန်ုပ်ရှေ့မှောက် လေဟာပြင်ပေါ်တွင်ရပ်တည်လျက်ရှိ၏။ လေပြင်းဒဏ်ကြောင့် ယင်းသည် ယိမ်းနွဲ့လျက်ရှိ၏၊ ဤလေပြင်းသည် ကျွန်ုပ်အား ပူးပေါင်းမှုစခန်းသို့ ရှေ့ဆောင်မည်လော၊ ကွေကွင်းမှု စခန်းဆီသို့ဆွဲခေါ်မည်လောဟူသည်ကို ကျွန်ုပ်မသိပေ။ အပါယ်ငရဲကိုကျော်ဖြတ်ကာ အမတဘုံနန်းသို့ ခင်းကျင်းထားသည့် အလွန်ကျဉ်းမြောင်းလှသော "ပုလ်စွေရားတ်'တံတားကိုလည်းကျွန်ုပ်မြင်နေရပေပြီ။ ကြီးမြတ်ထွဋ်ခေါင်တော်မူသည့် တရားသူကြီးနှင့် သေမင်းတမန်ဖြဟ္မာကြီးကိုလည်း ကျွန်ုပ်မြင်တွေ့နေရ၏၊ ကျွန်ုပ်၏အမှုကိစ္စကို မည်သို့ဆုံးဖြတ်၍ကျွန်ုပ်အားမည်သည့်အရပ်သို့ ခေါ်ဆောင်သွားမည်ကို ကျွန်ုပ်မသိပါ"ဟု ပြောဆိုကာကျမ်းမြတ်ကုရ်အာန်မှ အာယတ်တော်တို့ကို ဖတ်ရွတ်ကာ နှလုံးသွင်းလေ၏။ သခင့်တပည့်များက အရှင့်ဂုဏ်တော်ကမဋ္ဌာန်းကို စီးဖြန်းပါရန် သတိပေးလာသောအခါတွင်သခင်သည် ဤဘာဝနာကိုပွားရန် မမေ့ပါကြောင်းပြောပြီး မိမိလက်ချောင်းတော်တို့ဖြင့် ဂုဏ်တော်ပုတီးစိတ်တော်မူလေ၏။ သခင့်ညာလက်ညိုးတော်သို့ ရောက်သောအခါ "အန်ရဟ်မာန်" "အန်ရဟီးမ်"မဟာကရုဏာတော်အရှင်၊ အနန္တမေတ္တာတော်အရှင်ဟူသည့် ဂုဏ်တော်ကို ရွတ်ဆိုပြီး မျက်လုံးတော်အစုံကိုပိတ်လိုက်ကာ မိမိချစ်သူစခန်းဖြစ်သည့် ခေမာသောင်ကမ်း အမတနန်းသို့ ကူးပြောင်းကြွမြန်း၍ ခန္ဓာဝန်ချတော်မူလေ၏။

သခင့်ရုပ်ကလာပ်တော်ကို ရေချိုးပေးစဉ်တွင် မျက်လုံးတော်အစုံအား ရေချိုးပေးသူက ဆေးကျောပေးမည်ရှိရာ အရှင့်ထံမှ ဗျာဒိတ်တော်သံ ဤသို့ကျရောက်လာ၏။

" ငါ့အချစ်တော်၏ မျက်လုံးအစုံအား ရေမထိစေနှင့်၊ ဤမျက်လုံးအစုံသည် လောကုတ္တရာရချာန်၏ ပီတိသောမနဿကြောင့် ပိတ်လျက်ရှိခြင်းဖြစ်၏။ ငါအရှင်၏ ပရမတ္တသစ္စာဓမ္မစခန်းကို မျက်မှောက်ပြုခွင့်ရသော ကောင်းချီးမင်္ဂလာကျရောက်ချိန်တွင် ဖွင့်လတ္တံ့၊ သူ၏ ဆုပ်ထားသောလက်တို့ကိုလည်း ဖြန့်ရန် မကြိုးပမ်းလေနှင့်၊ သူ၏ လက်ချောင်းတို့သည် ငါအရှင်၏ နာမတော်ကို ရွတ်ဆိုတသဉာဏ်ပွားချိန်တွင် ဆုပ်ထားခဲ့ခြင်းဖြစ်၏၊ ငါအမိန့်ပေးချိန်တွင် ဖွင့်လာလတ္တံ့။"

ခဏကြာသောအခါတွင် ခိုတစ်ကောင်ရောက်လာကာ သခင့်ရုပ်ကလာပ်တော်ကိုထည့်ထားသည့် "ဂျနာဇာ" ထမ်းစဉ်ပေါ်သို့နားကာ "ကျွန်ုပ်၏ အတောင်တို့သည် အချစ်တည်းဟူသော သံမှိုဖြင့် ဤထမ်းစဉ်ကို ရိုက်စွဲထားချေပြီ၊ ထမ်းစဉ်ကို သင်တို့မထမ်းပါက သင်္ချိုင်းသုခအမြိုက်နန်းသို့ ကျွန်ုပ်ပင့်ချီကာ ပျံသန်းသွားပေအံ့" ဟု မနုဿလူသား၏အသံဖြင့် ပြောလေ၏။

---

သူတော်စင်တစ်ပါးသည် ဂျိုနိုက်ဒ်သခင်ကြီးအား အိပ်မက်အတွင်း၌ တွေ့မြင်ရသဖြင့် အရှင်မြတ်က သခင့်ကို မည်သို့ဆက်ဆံကြောင်းမေးကြည့်ရာ သခင်က-

" အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား အရှင့်မဟာကရုဏာတော်ကြောင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်၏၊ ကျွန်ုပ်လောက၌ တရားဘာဝနာအားထုတ်ခဲ့သည့် စရဏအကျိုးဆက်ကြောင့် လွတ်ငြိမ်းချမ်းသာခွင့်ရခြင်း မဟုတ်ပေ။ သို့သော် ဆွလာတ်ဘာဝနာ နှစ်ရကအတ်ကို သန်းခေါင်ယံအချိန်တွင် အရှင့်အတွက်ပွားများခဲ့သည့် လုပ်ရပ်အတွက်မူ ကျွန်ုပ်ကောင်းကျိုးခံစားရပါ၏။ ယင်းမှအပ အခြားအားထုတ်မှုမှန်သမျှသည် အချီးနှီးသာဖြစ်ခဲ့ရ၏" ဟု ဖြေကြားတော်မူခဲ့သည်။

*ဘာသာပြန်သူမှတ်ချက် ။ ။ မိမိကျင့်သုံးဆောက်တည်ခဲ့သည့် သီလခန်း၊ ဒါနခန်း ဘာဝနာခန်းတို့အပေါ်၌ ဂုဏ်မောက်ကာ အားကိုးသမှုပြုခြင်းသည် အတ္တနှင့်ယှဉ်သောလုပ်ရပ်၏ သရုပ်သကန်ဖြစ်၏။ အတ္တကင်းသော ကံ၊ ကံ၏အကျိုးတို့သာလျှင် တမလွန်အတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်းကို ဂျိုနိုက်ဒ်သခင်ကြီးသည် ဘဝတစ်ပါးခြားသွားသော်ငြားလည်း လူသားတို့အား တရားပြခြင်းဖြစ်၏။*

---

## ✧ ဒုတိယပိုင်း ✧

### (၁) ဟာဇရေသ် အုမရ်ဗင်အွတ်စ်မန်မက္ကီ

အုမရ်သခင်သည် ဂျုနိုက်ဒ်သခင်၏ ဓမ္မလမ်းညွှန်ပုဂ္ဂိုလ်မွန်များအနက်မှ တစ်ပါး ဖြစ်၏။ အုမရ်သခင်ကြီးသည် အခါတစ်ပါး၌ အောက်ပါအတိုင်း ဂျုနိုက်ဒ်သခင်၊ ရှိဗ်လီသခင်နှင့် ဟာရီရီသခင်တို့ထံ ဓမ္မစာလွှာပါးခဲ့၏။

“ ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် တောက်လောင်နေသည့် ‘မီး’ မြစ်ကြီးပေါင်း နှစ်ထောင်ကိုလည်းကောင်း၊ အပူရှိန်ဆိုးဝါးပြင်းထန်လှသည့် မီးတောင်ကြီးပေါင်းနှစ်ထောင်ကိုလည်းကောင်း၊ ကျော်လွှားဖြတ်ကျော်ပြီးမှ “မိမိကိုယ် မိမိသိသည့်”ပရမတ်ထိုးထွင်းဉာဏ်ပွင့်လင်းမည်ဆိုသည်ကိုသိသည့် ဉာဏ်ပညာရှိသူ တို့သာလျှင် မဂ္ဂလမ်းတည်းဟူသော ဓမ္မခရီးကို ခြေချဝံ့သင့်ပေသည်။”

အထက်ပါ ဓမ္မစာလွှာသည် မက္ကာရွှေမြို့တော်၌ စံနေတော်မူသည့် ဟာဇရေသ် အုမရ်သခင်ထံမှ အီရတ်တွင် သီတင်းသုံးနေသော သူတော်စင်တို့ထံသို့ ဆိုက်ရောက် လာသောအခါ ၎င်းတို့က အက္ခရာတည်းဟူသော အဝတ်အစားတို့ဖြင့် တန်ဆာဆင် ထား၍ သင်္ကေတစကားဝှက်တရားနက်တို့ဖြင့် အတိပြီးနေသော ဩဝါဒကထာကို ဤသို့အဓိပ္ပါယ်ကောက်ယူဖွင့်ဆိုကြ၏။

“ မီးတောင်ကြီးပေါင်း နှစ်ထောင်ဆိုသည်မှာ ‘ငါ’တည်းဟူသော အတ္တကို ပြာချမည့် အနတ္တ ‘ဖနာ’စခန်းဖြစ်ပြီး၊ ယင်းကိုဖြတ်ကျော်ရမည်။ ထို့နောက် ရုပ် လောက၌ လှုပ်ရှားနိုင်ရန် ခေတ္တယာယီပညတ်ထားသည့် ‘ငါ’တည်းဟူသောအတ္တ လောင်ကျွမ်းပြာကျသွားပြီးနောက် ပေါ်လွင်ထင်ရှားလာမည့် ‘ငါ’မဟုတ်သည့် ‘ငါ’ ဖြစ်သော မိမိခန္ဓာအတွင်းမှ အလ္လာဟ့်ဗီဇအေသခ်တခါတ် ‘ဘကာ’၏စခန်းကို ‘မီး’မြစ်ကြီးပေါင်းနှစ်ထောင်အဖြစ် သင်္ကေတဆောင်ထားခြင်းဖြစ်၏၊ ယင်းစခန်းကို လည်း ဖြတ်ကျော်ပြီးမှ အရှင့်အနီးအပါးသို့ ချဉ်းကပ်ခွင့်ရမည်ဖြစ်၏။”

ဟာဇရေသ် အုမရ်သခင်၏ ဩဝါဒကထာကို ခွဲခြားစိတ်ဖြာ ဖွင့်ဆိုပြီးနောက် ဂျုနိုက်ဒ်သခင်က အုမရ်သခင်မိန့်ဆိုထားသည့် ဓမ္မအဟန့်အတားအခက်အခဲပေါင်း နှစ်ထောင်အနက်တစ်ခုကိုသာလျှင် မိမိဖြတ်ကျော်ခဲ့ရသေးကြောင်း မိန့်ဆို၏။ ဟာရီရီ သခင်ကလည်း မဂ်အတားအဆီးပေါင်းနှစ်ထောင်အနက် ပထမလမ်းကြောင်း၌ ခြေသုံး လှမ်းသာလျှောက်မိသေးကြောင်းမိန့်ဆို၏၊ ရှစ်ဘ်လီသခင်ကမူ မိမိ၏ဓမ္မနောင်တော် ကြီးနှစ်ပါးမှာ ကံကောင်းလေစွ၊ မိမိမှာ တရား၏အပိတ်အပင် အကာအရံ နှစ်ထောင်၏ ပထမလမ်း၌ပင် ခြေမချမိသေးပါတကားဟု မိန့်ဆိုလေ၏။

# (၂) ဟာဇရေသ် အဗူစအီးဒ် ခေရားဇ်

အဗူစအီးဒ် ခေရားဇ် သခင်က–

" အရှင့်ကျွန်တစ်ဦးသည် အရှင့်ထံဖက်သို့လှည့်၍ အရှင်မြတ်နှင့်အဆက် အသွယ်ထူထောင်ကာ ပူးပေါင်းမှုစခန်းကို တက်လှမ်းမိလျှင်၊ ထိုသူသည် ရုပ်၊ နာမ်ဓမ္မ၊ သင်္ခါရတို့မှ ကျော်လွှားလွန်မြောက်တော်မူသည့် အသင်္ခတဂုဏ်တော်ရှင်မှ အပဖြစ်သော ထိုသူ၏ 'ငါ'တည်းဟူသော အတ္တအပါအဝင် ရုပ် နာမ် ဓမ္မ သင်္ခါရ အစုစုကို အာရုံမပြုတော့ပေ။ ထိုသူအား ဘာအလိုဆန္ဒရှိပါသနည်းဟုမေးလျှင် – " အရှင့်ကိုသာ လိုလားပါ၏၊ ကျွန်ုပ်၏ ကိုယ်လက်အင်္ဂါ၌ လျှာများရှိပါက အားလုံး နှုတ်လျှာတို့သည် အရှင့်ဂုဏ်တော်ကိုသာ ပွားများတသနေပေအံ့၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏ခန္ဓာကိုယ်အနံ့သည် အရှင့်နူရီဓမ္မရောင်ခြည်တော်တို့ဖြင့် ကွန့်မြူးထွန်းတောက် နေကာ နှလုံးသား၌လည်း ပီတိသောမနဿတို့ဖြင့်ဖြာဝေလျက်ရှိ၏"ဟု ဖြေကြား ပေမည်။ အဆိုပါ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့၏ ဉာဏ်စဉ်စခန်းသည် မည်မျှမြင့်မားသည် ဆိုပါမူ မည်သူတစ်ဦးတစ်ယောက်မျှ ထိုပရမတ်ဉာဏ်ရှင် ထိုသူတော်စင်တို့ ရှေ့မှောက်တွင် အရှင့်နာမတော်ကို မရွတ်ဆိုဝံ့ကြချေ။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်မွန်ကြီးများသည် အရှင့်နာမတော်ကို အရှင်ကသာလျှင် ပိုက်ထွေးထားပြီး (ဇာသ်တော်– အနှစ်အသားနှင့် ဂုဏ်တော်၊ နာမတော်တို့မှ တစ်သီးတစ်ခြား မကွဲပြားဟူသည့် ဓမ္မစခန်းမှ ရှုမြင်သုံးသပ်ချက်ဖြစ်၏။) ကြားခံ မည်သူတစ်စုံ တစ်ယောက်မျှ မဟုတ်ဘဲ၊ အရှင်မြတ်ကိုယ်တိုင်သာလျှင် သူတို့ကို မြွက်ကြားမိန့်ဆို နေသည်"ဟု ခံယူထားသောကြောင့်ဖြစ်၏။

---

ဟာဇရေသ် ခေရားဇ်က ဤသို့မိန့်ဆိုတော်မူ၏။

" မဟာတမန်တော်မြတ်ကြီးသည် တစ်ကြိမ်၌ ကျွန်ုပ်၏အိပ်မက်၌ ကြွရောက် လာသောအခါ၊ သူ့ကိုအကြည်တော်တစ်ပါးအဖြစ်သဘောထားကာ အမှတ်ရပါ၏ လော"ဟု မေးမြန်းတော်မူ၏။ ကျွန်ုပ်က မဟာတမန်တော်မြတ်ကြီးအား "ကျွန်တော် မျိုး၏ နှလုံးသား၌ အလ္လာဟ်အရှင်သည် ပြီးပြည့်စုံစွာဖြင့် ဖြည့်စွက်နေရာယူထားပြီဖြစ် သဖြင့် အသင်္ခတဂုဏ်တော်ရှင်မှအပ မည်သည့်သင်္ခတဘုံသားအတွက်မျှ သိုမှီးတွယ်တာ စရာ နေရာမရှိတော့ပါ"ဟု လျှောက်ထားခဲ့၏။

*ဘာသာပြန်သူမှတ်ချက်* ။ ။ *'ဘကာဘိလ္လာ'စခန်းကို ပေါက်ရောက်နေသည့် ရာဘီ ယာသခင်မကြီးအကြောင်းဖော်ပြစဉ်က ဤဉာဏ်စဉ် နှင့်ပတ်သက်၍ ရှင်းလင်းပြီးဖြစ်ပါသဖြင့် ထိုမှတ်ချက်အား ပြန်လည်ရှုကြည့်ပါ။*

ဟာဇရည် ခေရားဇ်သခင်၏ ဩဝါဒကထာအချို့မှာ–

[၁] နေ့ဖို့စားပြီးလျှင် ညစာချန်ထားရန်အတွက်နှင့် အဝတ်တစ်ထည် ရှိလျက်နှင့် နောက်တစ်ထည်ထည်သိမ်းထားရန်အတွက် ကျွန်ုပ်အလွန်ရှက်လှပါသည်။

[၂] အရှင်ချစ်မြတ်နိုးသူတစ်ဦးကို အရှင်မြတ်သည် ၎င်း၏လိုအပ်ဆန္ဒမှန်သမျှကို ၎င်းက ဖွင့်ဟတောင်းခံ ဆုပန်ရန်မလိုဘဲနှင့် ဖြည့်စွက်ပေးသနားတော်မူ၏။

[၃] ဘာဝနာခန်းသည် ဝိဇ္ဇာဉာဏ်အလင်းပေါက်မြောက်ရေး ဓမ္မလမ်းထဲသို့ ဦးတည်ခေါ်ဆောင်သကဲ့သို့ ဝိသမလောဘနှင့် အတောမသတ်နိုင်အောင် ရှာမှီးထားသည့် ဓနဥစ္စာတို့သည် ထုပြောလေးပင်လှသော အကာအဆီးဖြစ်၏။

[၄] ချမ်းမြေ့ ငြိမ်းချမ်း အေးမြ ကြည်လင် တည်ငြိမ်ခြင်းတည်းဟူသော သန္တိသုခ အငြိမ်းဓာတ်သည် အသခ်တ ဂုဏ်တော်ရှင်အား အခါမလပ် သတိကပ်ခါ ရှုမှတ်ပွားများ ဉာဏ်ကြီးထွားစေခြင်းအပေါ်၌ တည်မှီပေသည်။

[၅] အလ္လာဟ့်အချစ်ကို ရရှိထားပြီးသူတစ်ဦးအား အသခ်တဂုဏ်တော်ရှင်သည် အခါမလပ် နာမ်မှာ ဉာဏ်ကပ်ပြီး အရှင့်အား ရှုမှတ်ပွားများနိုင်ရန် စိတ်၏တံခါးကို ဖွင့်ပေးသနားတော်မူ၏။

[၆] အရှင်မြတ်သည် ဓမ္မခရီးသည်တစ်ဦး ခံနိုင်ရည်စွမ်းရှိမည့် အတိုင်းအတာနှင့် လျှော်ညီစွာသာလျှင် အရှင့်၏နူရီတော်ကို အဆိုပါပုဂ္ဂိုလ်၏ ဉာဏစက္ခု(ဉာဏ်မျက်စိ)ဖြင့် ဖူးတွေ့နိုင်ရန် ယင်း၏နှလုံးဉာဏ်၌ ကွန့်မြူးထွန်းတောက်စေတော်မူ၏။

[၇] ဝိရိယစိုက်ထုတ်ကြိုးပမ်းအားထုတ်မှုဖြင့်သော်လည်းကောင်း၊ ဝိရိယကင်းမဲ့အားထုတ်မှုအလျဉ်းမရှိဘဲနှင့်သော်လည်းကောင်း၊ အရှင့်စခန်းကို ပေါက်မြောက်အောင်မြင်နိုင်ခြင်းမရှိနိုင်ပေ။ အရှင့်ကရုဏာတော်ဖြင့်သာလျှင် အရှင့်ကိုသိသော ပရမတ်ဝိဇ္ဇာဉာဏ်ကို ထိုးထွင်းပွင့်လင်းစေပါ၏။

[၈] အရှင့်ဘာဝနာ၌ မပြတ်မလပ်စီးဖြန်းခြင်းဖြင့် အချိန်ကို တန်ဖိုးထား လေးစားစွာ အသုံးပြုပါလော့။

[၉] လွတ်မြောက်အောင်မြင်တော်မူကြကုန်သော ပြီးပြည့်စုံသည့် မဟာလူသားအရိယာပုဂ္ဂိုလ်ကြီးများသည် အရှင့်အလုပ်မှအပဖြစ်သော မည်သည့်အလုပ်ကိုမျှ မလုပ်ကြချေ။

*ဘာသာပြန်သူမှတ်ချက်–* *အရှင့်ဘုန်းတော်နှင့်သီးခြားကင်းလွတ်စွာ မိမိဟာသာ ထူးထူးသန့်သန့်အရှင့်ကို မှီခိုအားထားခြင်း မရှိဘဲ၊ မည်သည့် ရုပ်ကလာပ်နှင့် နာမ်ဓာတ်မျှဖြစ်တည်လှုပ်ရှားစခန်းသွားနိုင်ခြင်း မရှိသည့်အတွက် အထက်ပါဩဝါဒတော်မှာ "အလုပ်ဟူသမျှကို အရှင်နှင့်တကွသာလျှင် ဆောင်ရွက်တော်မူကြကုန်၏" ဟု ဖွင့်ဆိုရာ၏။*

[၁၀] သစ္စာတရားကိုရှာဖွေနေသူတစ်ဦး၏ ဓမ္မလမ်းခရီးတွင် စည်းစိမ်ခံစားမှုတည်းဟူသော ကာမဂုဏ်အာရုံသည် အကြီးမားဆုံးသော ဖျက်ဆီးနိုင်စွမ်းရှိသည့် ရန်သူဖြစ်ပါသည်။

[၁၁] အရှင်မှအပ မည်သည့် ရုပ် နာမ် ဓမ္မ သင်္ခါရကိုမျှ အားကိုးသမှု မပြုလေနှင့်။

# (၃) ဟာဇရေသ် အဘွလ်ဟစန် အလ်နူရီ

## (အေဒီ ၉၀၇ ကွယ်လွန်)

အဘွလ်ဟစန် နူရီသခင်ကြီး၏မျက်နှာတော်သည် သခင်တရားဟောရန် မည်းမှောင်နေသော အခန်းထဲ၌ထိုင်နေစေကာမူ တစ်ခန်းလုံးထိန်ထိန်ဝင်းအောင် လင်းသွားလောက်သည့် ဝိဇ္ဇာအလင်းဓါတ်နှင့် ဓမ္မရောင်ခြည်တော်တို့ ထွန်းတောက်ကွန့်မြူးလျက်ရှိပါသည်။

ဟာဇရသ် နူရီသခင်၏ ဩဝါဒကထာအချို့မှာ

[၁] ဤဒွာန(လောကီလူ့ဘုံ)သည် အရှင့်ဝန်ကိုထမ်းရန်နှင့် အရှင်နှင့်ပူးပေါင်းဆက်သွယ်မှုရရန် ကြိုးပမ်းရသည့်နေရာဖြစ်သည်။

[၂] ဤလောက၌ အလွန်မြင့်မြတ်ထွဋ်ခေါင်သည့် သူတော်စင်ကြီးများရှိကြ၏။ ယင်းပုဂ္ဂိုလ်မြတ်တို့သည် အရှင်မြတ်နှင့်အဆက်အသွယ်ဖြစ်ကာ အသင်္ချေတဂုဏ်တော်ရှင်မှအပဖြစ်သော သင်္ခတဓါတ်တစ်စုံတစ်ရာမျှကို အာရုံညွတ်ခဲ့မိလျှင်ပင် သေမလောက်အောင် ခံစားကြရပါ၏။ ထိုပရမတ်ဉာဏ်ရှင် အရိယသူတော်စင်တို့သည် အရှင်နှင့်တကွစား၏၊ အရှင်တကွအိပ်၏၊ အရှင့်ထံတောင်း၏၊ အရှင်နှင့်ခွန်းတုန့်ပြန်၏၊ ထို့အပြင်အရှင်နှင့်တကွသာလျှင် ရှင်သန်ဖြစ်တည်နေ၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ ပုဂ္ဂိုလ်မြတ်တို့အရှင်နှင့်တကွ အိပ်ခြင်းစားခြင်း ဟူသည်မှာ အဆိုပါ ပုဂ္ဂိုလ်မြတ်တို့သည် ပညတ်ရုပ်လောက၏ လှုပ်ရှားမှုတို့ကို ပြုရာ၌လည်းကောင်း၊ ခန္ဓာဝန်ဆောင်ထား၍ ယင်းခန္ဓာဝန် ကရိယပုဒ်မျှအောင် ခန္ဓာ၏ အခြေခံလိုအပ်ချက်တို့ကို တာဝန်အရ ဖြည့်ဆည်းရာတွင်လည်းကောင်း၊ အရှင့်ကို ရှုမှတ်ပွားများဉာဏ်ဝင်စားမှုကို ဖြတ်တောက်ခြင်းမရှိဘဲ "သဗ္ဗေဓမ္မ"နေရာတကာ၌၊ တရားရှိသည်ဟူသည့် ဉာဏ်ကိုနှလုံးသွင်းကာ အာရုံခြောက်ပါးမှ မည်သည့်အာရုံပေါ်၌မဆို ထိ၊ သိ၊ သတိ အမြဲရှိနေသည်ကိုဆိုလိုသည်။*

[၃] တရားရှာသူ ဓမ္မခရီးသည်ဟူသည် လောကီစည်းစိမ်ရိပ်ငြိမ်တို့ကို ပုံပေးသော်လည်း တစ်ချက်မျှပင် လှည့်မကြည့်သောသူဖြစ်၏။

[၄] ဆူဖီသူမြတ်သည် မည်သည့်အရာ၏ ဆွဲငင်ချည်နှောင်ထားခြင်းကိုမှ မခံရသလို မည်သည့်အရာကိုမှလည်း တွယ်ဖက်ထားခြင်းမရှိပေ။ ဆူဖီဓမ္မသည် ဘာသာရေးဓလေ့ထုံးစံပညတ်တရားလည်း မဟုတ်သလို၊ လောကီအတွေးအခေါ်ဒဿန အမြင်တစ်ရပ်လည်း မဟုတ်ပေ၊ ဘာသာရေးဓလေ့ထုံး စံဖြစ်ပါက၊ ဘာသာရေး အခမ်းအနား လုပ်ထုံးလုပ်နည်းများ ပြုလုပ်ရမည်ဖြစ်၏၊ အကယ်၍ တစ်ဆင့်ခံသညာသိဆိုပါက တစ်စုံတစ်ဦး၏တစ်ဆင့်သင်ကြားပြသမှု လိုအပ်ပေမည်၊ ဆူဖီဓမ္မမှာမူ သဘာဝဓမ္မဖြစ်သဖြင့် မိမိအဈတ္တသန္တာန်မှ ထွန်းတောက်၏။

လမ်းဘေးတစ်နေရာတွင် မျက်မမြင်တစ်ဦးသည် အရှင့်နာမတော်တို့ကို ရွတ်ဆိုတသ စီးဖြန်းလျက်ရှိ၏။ နူရီသခင်က မျက်မမြင်ကြီးအား “ အသင်အလ္လာဟ့်အကြောင်း ဘယ်အရာများသိသနည်း၊ သိသည်ဆိုအံ့၊ အဘယ့်ကြောင့် အရှင်နှင့်ကွေကွင်းခြားနားခြင်းကို ခံနိုင်ရည်စွမ်းရှိနေပါသနည်း”ဟု အပြစ်ဖော်ပြကာ ပြစ်တင်ဆုံးမသြဝါဒချွေပြီးနောက် နူရီသခင်ကိုယ်တော်တိုင် သာသနာ့ပီတိဖြာဝေကာ သတိလစ်၍ မြေသို့ လဲကျသွားလေ၏။ သတိပြန်ရသောအခါတွင် ခြေထောက်တွင် ခြေနင်းတော်မပါဘဲ၊ တောထဲသို့ပြေးဝင်သွားသဖြင့် ခြေဖဝါးတော်၌ ဝါးငုတ်စူးခဲ့၏၊ ခြေထောက်ဒဏ်ရာမှ သွေးတစ်စက်ကျတိုင်း အရှင့်နာမတော်ကို ဖွဲ့ဆိုသည့် သွေးအက္ခရာတို့ မြေကြီးပေါ်၌ သရုပ်ထင်ပုံပေါ်လာ၏၊ ဤသို့လောကုတ္တရာရသာန် ဝင်စားနေသည့်အခြေအနေနှင့်ပင် သခင့်တပည့်များက အိမ်သို့ပင့်ဆောင်လာကြ၏။ သခင်က အစ္စလာမ်၏သစ္စာအဓိဋ္ဌာန်ဖြစ်သည့် “ကလေမာ”တော်ကို ရွတ်ဆိုကာ ခန္ဓာဝန်ချပြီး အရှင့်စခန်းသို့ ပြန်လည်ကြွမြန်းတော်မူခဲ့၏။

## (၄) ဟာဇရသ် အွတ်စ်မန် အလ်ဟီရီ

အွတ်စ်မန်သခင် ငယ်စဉ်ဘဝတစ်ချိန်၌ ဝတ်ကောင်းစားလှများဝတ်ဆင်ပြီး အစေခံလေးဦးတို့ကို မိမိ၏ ရွှေမင်ခွက်ကိုကိုင်စေကာ ကျောင်းသို့စာသင်ရန်သွားခဲ့၏။ ယင်းသို့ကျောင်းသို့သွားစဉ် လမ်းခုလတ်၌ မြည်းတစ်ကောင်ဒဏ်ရာနှင့် လဲနေသည်ကို တွေ့ရ၏၊ မြည်း၏နောက်ကျောတွင် အလွန်နက်သည့် ဒဏ်ရာကြီးရှိပြီး ကျီးငှက်များ အုံလျက်ရှိနေ၏။ မြည်း၌ မိမိအနာကိုကာကွယ်နိုင်ရန် စွမ်းအားလည်းမရှိရာပေ။

မေတ္တာရှင် အွတ်စမန်အလ်ဟီရိသခင်က ချက်ချင်း မိမိ၏အဖိုးတန်ဝတ်ရုံကို ပတ်တီးအဖြစ်အသုံးပြုကာ မြည်း၏အနာကို စည်းပေးလိုက်၏။ မြည်းကသခင့်ကို ကျေးဇူးတင်သောအကြည့်ဖြင့်ကြည့်ကာ အရှင့်ထံဆုပန်လေ၏၊ အရှင့်ထံမှလည်း သခင့်ပေါ်သို့ ချက်ချင်းပင် ကောင်းချီးမင်္ဂလာအဖြာဖြာနှင့် ကရုဏာတော်မိုး ရွာသွန်းဖြိုးလေရာ အိမ်ပြန်ခရီးတွင် သခင်လောကုတ္တရာဈာန်အဟုန်နှင့် ပီတိသောမနဿတို့ ဖြာဝေခဲ့၏။

အွတ်စ်မန်သခင်သည် 'ဟဇရသ် မအားဇ်'သခင်ကြီးကို ဥပဇ္ဈာယ်ဆရာအဖြစ်တင်မြှောက်ကာ သခင့်ထံတွင် အွေ့ေဝါသိက တပည့်အဖြစ်ခံယူလေ၏။ တရားစခန်း၌အတော်အတန် ခရီးရောက်သောအခါတွင် သခင်သည် မိမိမွေးရပ်မြေကို စွန့်ခွာခဲ့၏။ ထို့နောက် ထိုကာလက ခေတ်ပြိုင်သူတော်စင်ကြီးများဖြစ်ကြသည့် "ရှားရှိုဂျာကိရ်မိန်"သခင်ကြီးနှင့် "အဘွလ်ဟဖ်စ်"သခင်ကြီးတို့ထံတွင် ဓမ္မလမ်းညွှန်ကို ဆက်လက်ခံယူတော်မူ၏။

ဟီရိသခင်သည် မိမိစိတ်ကို နိုင်နင်းစွာ ထိန်းကွပ်နိုင်၏။ သခင့်ကို စိတ်ဆိုးနေသည့်အဖြစ်နှင့် လူအများက တစ်ကြိမ်တစ်ခါမျှပင် မမြင်ဖူးကြပေ။ တစ်ချိန်တွင် လူတစ်ဦးက သခင့်ကိုညစာကျွေးရန် ဖိတ်ကြားခဲ့၏၊ ထိုသူ့အိမ်သခင်သွားသောအခါ ဖိတ်ကြားသူက ရင့်သီးသောစကားတို့ကိုပြောကာ နှင်လွှတ်လိုက်၏၊ နောက်တစ်ကြိမ်အဆိုပါလူကပင် သခင့်ကို ထမင်းစားဖိတ်ပြန်၏၊ ယင်းနောက်သခင် သူ့အိမ်သို့ကြွသောအခါတွင်မူ နှင်ထုတ်ပြန်၏။ ဤအတိုင်း အကြိမ်သုံးဆယ်ခန့်ထိုသူက ပြုမူခဲ့၏၊ သခင်၏ခန္တီတရားသည် လျော့ပါးသွားခြင်းမရှိဘဲ တိုး၍တိုး၍ ကြံ့ကြံ့ခံနိုင်ခဲ့၏။ နောက်ဆုံးထိုသူသည် သခင့်ကို ဂုဏ်ပြုကာ အွေ့ေဝါသိကတပည့်အဖြစ်ခံယူခဲ့၏။ ထိုသူက သခင့်ကို သီးခံခြင်းတရားကို မည်သို့စောင့်ထိန်းပါသနည်းဟု မေးလျှောက်ရာ သခင်က " ကျွန်ုပ်ထူးထူးထွေထွေဘာမျှ မပြုခဲ့ပါ၊ ကျွန်ုပ်လုပ်သလောက်တော့ ခွေးတစ်ကောင်ပင် ပြုကျင့်နိုင်ပါ၏၊ ခွေး၏ခေါင်းကို ပွတ်သပ်၍ခေါ်ယူလျှင် ခွေးသည်လာ၍၊ ထိုခွေးကိုပင် မောင်းထုတ်သော အခါတွင် ထွက်သွားတတ်ပါ၏၊ ဤသည်မှာ သူတော်မြတ်တို့၏ ထူးခြား သော အရည်အချင်း ဂုဏ်ပုဒ်တစ်ရပ် မဟုတ်ပေ"ဟု ဖြေကြားခဲ့၏။

ဟီရိသခင်ကြီး အခါတစ်ပါး၌ လမ်းတစ်ခုကိုဖြတ်သွားစဉ် သခင့်အပေါ်သို့ ပြာများကို တစ်စုံတစ်ဦးက သွန်ချခဲ့၏၊ သခင့်တပည့်များက ထိုသူ့ကို ပြစ်ဒဏ်ခတ်လိုကြ၏၊ သို့သော် ဟီရိသခင်ကြီးက တပည့်များကို မည်သို့မျှ မပြုလုပ်ကြရန် တားဆီးပြီး ဤသို့အရှင့်ထံဆုပန်လေ၏။

" အို- အရှင်၊ ကျွန်တော်မျိုးမှာ အပြစ်သားတစ်ဦးဖြစ်သည့်အလျောက် ပူလောင်သည့် မီးခဲတို့ ကျွန်တော်မျိုးဦးခေါင်းပေါ်၌ ကျရန်ထိုက်တန်ပါ၏၊ သို့သော်

အရှင်မြတ်သည် အရှင့်မဟာကရုဏာတော်ကြောင့် အေးစက်သော ပြာများအဖြစ် ကျွန်တော်မျိုးဦးခေါင်းပေါ်သို့ကျစေပါ၏၊ အရှင်၏ကရုဏာတော်ပြသမှုကို ကျွန်တော်မျိုး အလွန်ပင်ကျေးဇူးတင်လှပါသည် အိုအရှင်"

တစ်နေ့သောအခါ ဟီရီသခင်ကြီးသည် အရက်မူးနေသော လူငယ်တစ်ဦး တူရိယာပစ္စည်းတစ်မျိုးကို ပျော်ရွှင်မြင်းတူးစွာ တီးခတ်နေသည်ကို တွေ့ရ၏၊ သခင်ကအဆိုပါလူငယ်ကိုလက်မှစွဲ၍ အိမ်သို့ခေါ်လာကာ ရေမိုးချိုးပေးပြီးဒရ်ဝေ့ရှ် သူမြတ်ဝတ်ရုံကို ဝတ်ဆင်ပေးလိုက်၏၊ ထို့နောက် လူငယ်ကို အရှင့်ထံအပ်နှံကာ ဤသို့ဆုပန်လေ၏။ " အို- အရှင်၊ ကျွန်တော်မျိုးကြီးဘက်မှ ကျွန်တော်မျိုးတတ်စွမ်းနိုင်သမျှဆောင်ကြဉ်းပြီးပါပြီအရှင်၊ ကျန်ကဏ္ဍအစိတ်အပိုင်းများမှာ အရှင့်အလုည့်ပင် ဖြစ်တော်မူပါသည်အိုအရှင်"

ချက်ချင်းပင် လူငယ်သည် လောကုတ္တရာ ဉာဏ်စဉ်တို့ထွန်းတောက်လာကာ သန္တိသုခအငြိမ်းဓါတ် နှလုံးသား၌ ထင်ဟပ်လာ၏၊ လူငယ်၏တရားပေါက်မြောက်မှုမှာ မည်မျှမြင့်မားသွားသည်ဆိုပါက ဟဇရည် အွတ်စ်မန်မဂ္ဂရစ်ဗ်ဗီသခင်ကြီးကပင် လူငယ်ကိုတွေ့ဆုံသောအခါတွင် လူငယ်ပေါက်မြောက်ရောက်ရှိနေသည့် ဓမ္မစခန်းအဆင့်ကို ရောက်လိုစိတ်များပေါ်ပေါက်လာရပါ၏ဟု မှတ်ချက်ချခဲ့ရ၏။ ထို့နောက်ဆက် လက်၍ ဤမျှမြင့်မားနက်ရှိုင်းသည့် ဉာဏ်စဉ်စခန်းကို ကျွန်ုပ်နှစ်ပေါင်း (၂၀)တိုင်တိုင် ဘာဝနာပွားများခဲ့သော်လည်း မပေါက်ရောက်နိုင်ခဲ့ပေ၊ လူငယ်မှာမူ အရှင့်ကောင်းချီးဖြင့် ခဏခြင်းပင် ခန္ဓာဉာဏ်ရောက် တရားပေါက်ခဲ့ရပါ၏ဟု ချီးမွမ်းလေ၏။ ထိုအခါ ဟီရီသခင်ကြီးက " ထို့အတွက်ကြောင့် အကြင်သူသည် တရားလမ်းတွင် စခန်းပေါက်လိုပါက မိမိ၏လုံ့လဝိရိယကြိုးပမ်းအားထုတ်ခဲ့သည့် စရဏအကျင့်ပေါ်၌ဂုဏ်မမောက်ဘဲ၊ အရှင့်ကရုဏာကိုသာလျှင် ဖြူစင်သောနှလုံးသား သန့်စင်သော စေတနာတို့ဖြင့် မျှော်ကိုးရာ၏"ဟု မိန့်တော်မူ၏။ သခင်နှစ်ပါးလုံးက လူငယ်၏ပါးစပ်ကို အနံ့ခံကြည့်ရာ သေရည်နံ့ပင် မပျောက်သေးကြောင်းသိကြရ၏။

တစ်စုံတစ်ဦးက ဟီရီသခင်ကို " သခင်၊ ကျွန်တော်မျိုးသည် အရှင့်ဂုဏ်တော်ကို နှုတ်လျှာမှ ရွတ်ဖတ်သရဇ္ဈာယ်ပါသော်လည်း ကျွန်တော်မျိုး၏စိတ်မှာ သမာဓိ မြဲခိုင်မှုမရှိဘဲ အာရုံပြားကာ လွင့်မျောလျက်ရှိပါသည်၊ ကျွန်တော်မျိုးမည်သို့ ပြုရပါမည်နည်း"ဟု လျှောက်ထားလေရာ၊ သခင်က " သင်၏နှုတ်လျှာကို အရှင့် ဂုဏ်တော်နှင့် ထုံသင်းနိုင်သည့်အဆင့်ကိုရရှိအောင် ချီးမြှင့်ပေးတော်မူသော အရှင့် ကျေးဇူးတော်ကို အောက်မေ့လော့၊ အရှင်ချီးမြှင့်သည့် လက်ဆောင်ပဏ္ဏာကို အသင် ကျေးဇူးသိတတ်ပါက နှုတ်လျှာ၌အရှင့်ဂုဏ်တော်စွဲမြဲသကဲ့သို့ အခြားအင်္ဂါ(နှလုံးသား

အပါအဝင်) ရုပ်တို့၌လည်း အရှင့်ဂုဏ်တော်ကို အရှင်မြတ်က စိမ့်ထုံပျံ့နှံ့ခိုင်မြဲတည်ကြည် စေမည်ဖြစ်၏"ဟု ဖြေကြားတော်မူ၏။

ဟီရိသခင်မိန့်ဆိုသည်မှာ–

[၁] "အချစ်"၏ပင်ကိုယ်သဘာဝဇီဇကိုယ်၌ကပင်လျှင် မိမိချစ်သူမှအပ ကျန်အရာ မှန်သမျှကို အာရုံကိုင်းညွတ်ရိုး အစဉ်အလာမရှိပေ။

[၂] ဤလောက၏ ကိလေသာ ကာမဂုဏ်အာရုံတို့၌ မြူးတူးပျော်ပါးမှုသည် လောကုတ္တရာ၏ ငြိမ်းချမ်းသာယာသည့်အေးမြသည့် သန္တိသုခကို ခိုးယူတတ်၏။

[၃] မည်သည့် ရုပ် နာမ် ဓမ္မ သင်္ခါရကိုမျှ ကြောက်ရွံ့ခြင်းနှင့် ယင်းတို့ထံမှ တောင်းခံခြင်းကို မပြုလေနှင့်။

[၄] လောကီ အာရုံ ကာမ ဂုဏ်တို့ကို စွန့်ပယ်ခြင်းသည် အကောင်းဆုံးကျင့်စဉ် ဖြစ်သည်။

# (၅) ဟာဇရေသ် အဝ်ဒုလ်ဂျေလာ

ငယ်စဉ်တောင်ကြေး ခလေးဘဝကပင် ဂျေလာသခင်ကြီးသည် မိမိ၏မိဘတို့ အား မိမိကိုအရှင့်ထံ အပ်နှံဆပ်ကပ်ရန် ပန်ကြားခွင့်ပန်ခဲ့၏။ မိဘနှစ်ပါးကလည်း သခင့်ကို အရှင့်ထံယုံပုံလွှဲအပ် ဆက်ကပ်ခဲ့၏၊ ထို့နောက် သခင်သည် မိမိနေရပ်မှ နေရာအနှံ့သို့ ခရီးဆန့်ကာ သစ္စာတရားကို ရှာမှီးရန်ထွက်ခဲ့၏။

နှစ်ပေါင်းအတန်ကြာသောအခါ သခင်သည် မိမိအိမ်သို့ ပြန်လာပြီး အိမ်တံခါး ကိုခေါက်လိုက်သောအခါ မယ်တော်နှင့်ခမည်းတော်တို့က သခင့်ကို အရှင့်ထံ လက် ဆောင်ပဏ္ဏာအဖြစ် ဆက်ကပ်အပ်နှံပြီးဖြစ်သဖြင့် မိမိတို့ဆက်ကပ်ထားသည့် လက် ဆောင်ကို မိမိတို့ပြန်မယူနိုင်ပါကြောင်းနှင့် အရှင့်ထံသို့သာပြန်ပါရန် ပြောကြားခဲ့ ကြလေ၏။

ဂျေလာသခင်က " တစ်ချိန်က ကျွန်ုပ်သည် အလွန်လှပသော ယဟူဒီမိန်းက လေးတစ်ဦးအား ကြည့်ရှုမိသည်၊ ဤအကုသိုလ်အကျိုးဆက်ကြောင့် ကျွန်ုပ်သည် ကျမ်းမြတ်ကုရ်အာန်သင်အံထားချက်များ ကျွန်ုပ်၏မှတ်ဉာဏ်မှ ကွယ်ပျောက်သွား တော့၏။ နောင်တသံဝေဂဉာဏ်ဖြင့်ယှဉ်ကာ အရှင့်ထံဝန်ချတောင်းပန်ခဲ့သဖြင့် သစ္စာ ဓမ္မကိန်းဝပ်သိမှီးရာ ကျွန်ုပ်၏စိတ်တံခါးသည် ပြန်လည်ပွင့်လင်းလာ၏။

ဂျေလာသခင်၏ ဩဝါဒကထာအချို့မှာ

[၁] သမုဒ္ဒရာဝမ်းတစ်ထွာအတွက် အတောမသတ်နိုင်သော လောဘရမ္မက်ဇောနှင့် ရှာဖွေခြင်းသည် အရှင့်ကို မေ့ပျောက်စေပြီး၊ မမြဲသည့် ရုပ် နာမ် ဓမ္မ သင်္ခါရနှင့် ဖွဲ့စည်းထားသည့် ဖန်ဆင်းခံဝေနေယျတို့၏ တံခါးပေါက်၌သင်သည် သူ ဖုန်းစား အဖြစ်တောင်းခံသည့်အဆင့်သို့ ရောက်ရှိသွားစေ၏။

[၂] "ဖကီရ်"(ကိလေသာတို့ခေါင်းပါးဆင်းရဲ အာသဝေါတရားတို့ ကုန်ခမ်းပြတ်လတ် အတ္တ၊ မာန်၊ မာနတို့ကင်းကွာမွဲတေနေသည့် ဓမ္မသူကြွယ်အဖြစ်)ဟူသည်မှာ အဘယ်နည်းဟုမေးလာသောအခါ သခင်သည် အိမ်ပြင်သို့ထွက်ကာ မိမိအိပ်အတွင်း၌ရှိသည့် အဿပြာတို့ကို လွှင့်ပစ်ကာ " အကြင်သူ၏အိတ်အတွင်း၌ တစ်စုံတစ်ရာ ရှိနေသမျှကာလပတ်လုံး ထိုသူမှာ 'ဖကီရ်' မဖြစ်နိုင်"ဟု လက်တွေ့အဖြေပေးခဲ့၏။

ဂျေလာသခင်က ဤသို့မိန့်ဆိုခဲ့၏။

" ဆယ့်လေးနှစ်အရင်အချိန်အခါတုန်းက ကျွန်ုပ်သည် တစ်နေ့လျှင်တစ်ကြိမ် ကျမ်းမြတ်ကုရ်အာန်ကို တစ်ကျမ်းလုံးအစမှအဆုံးတိုင် ကုန်ဆုံးအောင်ရွတ်ဖတ်လေ့ရှိ၏၊ ယခုအခါတွင်မူ ကျွန်ုပ်သည် ဆယ့်လေးနှစ်တာကာလကြာညောင်းခဲ့သော်လည်း ကျမ်းမြတ်ကုရ်အာန်ကို ထက်ဝက်ကျော်ပင် ဖတ်၍မပြီးနိုင်သေးပေ။ အဘယ်ကြောင့်ဆိုသော် ယခု တစ်ကြိမ်တွင် ကျွန်ုပ်သည် နာမ်မှာ ဉာဏ်ကပ်ပြီး ကျမ်းတော်မြတ်ကို အနလုံ ပဋိလုံ အပြန်ပြန်အလှန်လှန် ကျေညက်အောင် ပရမတ်ဉာဏ်နှင့် ထိုးထွင်းဖေါက်ခွင်းကာ အသိနှင့်ဖတ်သောကြောင့်တည်း"

ဂျေလာသခင်က ဤသို့မိန့်ဆိုခဲ့၏၊

"ဗာယဇီးဒ်သခင်ကြီးသည် "တောင်ဟီဒ်"၏ ဈာန်သမာပတ်ဝင်စားရာတွင် သိစိတ်ပျောက်ကာ ပီတိသောမနဿဖြာဝေပြီး " ကျွန်ုပ်သည် ဗာယဇီးဒ်ကို ရှာဖွေနေသည်မှာ သုံးနှစ်တိုင်ချေပြီး ယခုထက်တိုင်မတွေ့သေးပါ"ဟု ပြောလေ့ရှိ၏"။

# (၆) ဟာဇရသ် အဗူမိုဟမ္မဒ် ရိုယမ်

ရိုယမ်သခင်က " ဘဂ္ဂ ဒတ်မြို့တော်၏လမ်းတစ်ခုကို ကျွန်ုပ်ဖြတ်သွားစဉ် ရေဆာလောင်မွတ်သိပ်လာသဖြင့် အိမ်တစ်အိမ်၌ တံခါးခေါက်ရေတောင်းသောက်ခဲ့၏၊ ထိုအိမ်မှရေခပ်ပေးသော သူငယ်လေးသည် ရေခွက်ကိုကိုင်ကာ ကျွန်ုပ်ကိုမြင်သည်နှင့် "အလိုဆူဖီသူတော်စင်တစ်ပါး နေ့အခါမှာ ရေသောက်နေပါလား"ဟု မှတ်ချက်ချလိုက်၏၊ ထိုအချိန်မှစ၍ ကျွန်ုပ်သည် နေ့အချိန်၌ ရေမသောက်တော့ပေ။

*ဘာသာပြန်သူမှတ်ချက် ။ ။ ဆူဖီသူတော်စင်တို့သည် တစ်နှစ်ပါတ်လုံး များသော အားဖြင့် ဥပုသ်သီတင်း စောင့်ထိန်းကာ နေလေ့ရှိသဖြင့် လူငယ်လေးသည် ဆူဖီတစ်ပါးနေ့အခါ ရေသောက်သည်ကို မှတ်ချက်ပြုလိုက်ခြင်းဖြစ်သည်။ အစ္စလာမ်၏အနှစ်အသားဖြစ်သည့် ဆူဖီဓမ္မသည် ကာမဂုဏ်ခံစားခြင်းနှင့် ကိုယ်ခန္ဓာဒဏ်ထားခြင်းတည်းဟူသော အစွန်းနှစ်ပါးကို လွတ်အောင် "စွီရာတွလ်မွတ်စ်တကီမ်း" မၛ္ဈိမပဋိပဒာအလယ်အလတ်လမ်းကို ကျင့်သုံး ၏၊ အလ္လာဟ်အရှင်မြတ်က တရားတော်တွင် ပြုပိုင်ခွင့်ရှိသည့် "ဟလာလ်"ဟုခွင့်ပြုပညတ်ထားချက်ကို မည်သူကမျှ ပြုပိုင်ခွင့်မရှိ 'ဟရာမ်'ဟု ပိတ်ပင်တားမြစ်၍ မရပေ။ လူသားသည် ခန္ဓာဝန်ဆောင်ထားသဖြင့် ခန္ဓာ၏သဘာဝအလျောက် လိုအပ်ချက်များကို တာဝန်မပျက် ကြိယာပုတ်မှုအောင်ဖြည့်ဆည်းပေးရမည်ဟုလည်း တရားတော်၌ အတိအကျ ပြဋ္ဌာန်းထား၏။ ရှိယမ်သခင်သည် ဤတရားသဘောပညတ်ချက်တို့ကို ချိုးဖေါက်ကာ နေ့အချိန်ရေသောက်မှုကို ရှောင်ရှားခဲ့ခြင်း မဟုတ်ပေ၊ ခန္ဓာကိုကလည်း ခံနိုင်ရည်ရှိပြီး မိမိစိတ်ကိုလည်း နိုင်နင်းစွာ ထိန်းသိမ်းနိုင်သဖြင့် အရှင့်အတွက်စွန့်ခြင်း ပါရမီကို ဖြည့်တင်းခြင်းသာဖြစ်၏။*

တစ်နေ့သောအခါတွင် ရှိယမ်သခင်ကြီး၏ သားတော်ဆယ်ပါးကို ဓါးပြတို့က ဖမ်းစီးပြီး တစ်ပါးပြီးတစ်ပါး သတ်ပစ်လေသည်၊ ရှိယမ်သခင်သည် မိုးကောင်းကင်သို့ ပြုံးပြုံးလေးကြည့်နေပြီး ဓါးပြများကို တားဆီးခြင်းမပြုသလို အရှင့်ထံသို့လည်း ဘာမျှ ဆုပန်ခြင်း မပြုပေ၊ နောက်ဆုံးသားတော်ကို မသတ်မီ ဓါးပြဗိုလ်က " ကျွန်ုပ်တို့ သင့်သားတွေကို သတ်ဖြတ်နေတာ ဘာလို့ကန့်ကွက်တားဆီးခြင်း မပြုလုပ်ပါသနည်း"ဟု မေးရာ၊ သခင်က " အရှင်မြတ်သည် အရာခပ်သိမ်းကို ဖြစ်ပေါ်ထင်ရှားစေတော်မူသော အရှင်ဖြစ်ပါသည်၊ သူသင့်လျော်မည်ထင်ရာကို သူပြုတော်မူမည်ဖြစ်ပါသည်၊ ကျွန်ုပ်သည် မည်သို့သောသူဖြစ်သဖြင့် ဤလူသတ်မှုကို ကန့်ကွက်ဟန့်တားနိုင်ပါမည်နည်း"ဟု ဖြေကြားလိုက်၏၊ သခင်၏တရားကိုနာရသော ဓါးပြဗိုလ်က "သခင် ဤတရားကို အစကနဦးကတည်းက ဟော ကြားပါက သခင့်သားတို့ကို ကျွန်တော်မျိုးသတ်ဖြစ်မည် မဟုတ်ပါ"ဟုဆိုကာ ကျန်သားတစ်ယောက်ကို လွှတ်ပေးလိုက်၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ အစ္စလာမ်တရားတော်တွင် လူသားတို့၏ ကံကြမ္မာကို ကြိုတင်ပြဋ္ဌာန်းမှုနှင့် မိမိကြမ္မာမိမိဖန်တီးခွင့်ဟူသည့် အချက်နှစ်ရပ်လုံးကို ပီပြင်စွာဖော်ကျူးထားပါသည်။ တက္ကဒီရ်ဟူသည့်အရှင်ပြဋ္ဌာန်းထားသော သဘာဝနိယာမတို့၏အတိုင်းအတာကိုကျော်လွန်၍ မည်သည့်အရာမျှ ဖြစ်ပျက်လှုပ်ရှား၍ မရပေ၊ သို့သော်လူသားတွင် အရှင်မြတ်က တစ်စုံတစ်ရာ ကန့်သတ်ဘောင်ခတ်မှုအတိုင်းအတာက အကောင်းအဆိုးလမ်းနှစ်သွယ်ကို လွတ်လပ်စွာ ရွေးချယ်ခွင့်လည်းပြုထားသေး၏ (ကုရ်အာန်–၁၇:၂၉၊ ၉၁:၇–၁၁၊ ၉၀:၁၀၊ ၁၃:၁၁၊ ၄၂:၃၀၊ ၇၈:၄၀) ပမာဆောင်ရသော် ချိတိုင်၌ချီထားသောသားကောင်ကဲ့သို့ ကြိုး၏အရှည်ပမာဏအလျောက် လွတ်လပ်စွာ လှုပ်ရှား*

သွားလာနိုင်၏။ ထို့ကြောင့် ကိုယ်လုပ်တိုင်းဖြစ်သည်၊ ကိုယ်လုပ်လျှင်ရသည်၊ ကိုယ့်ကိုကိုယ်သာ ကိုးကွယ်ရာ အားထားရာဖြစ်သည်၊ ကိုယ့်ကြမ္မာကိုကိုယ်ပင် အပြည့်အဝဖန်တီးနိုင်သည်ဟု အယူရှိသူဂိုဏ်းသားတို့အား အစွန်းထွက် အယူတိမ်းသူ "ကဒ္ဒရိယာ"အသင်းသားများဟုခေါ်၏။ တစ်ဖန်လူသားတွင် လုပ်ငန်းလုပ်ရပ်များအတွက် လုံးဝစွမ်းအားမရှိ၊ လူသားတွင် ဖြစ်ပေါ်သော အကောင်းအဆိုး မှန်သမျှအားလုံးကို အလ္လာဟ်အရှင်မြတ်ကသာပြုလုပ်တော်မူသည်။ ကာဖိရ်ဖြစ်ခြင်း၊ အပြစ်ကျူးလွန်ခြင်းတို့သည်လည်း အလ္လာဟ်အရှင်မြတ်ကသာ ဖြစ်စေ လုပ်စေခြင်းဖြစ်သည်ဟု အယူရှိသူတို့မှာလည်း နောက်တစ်စွန်းကိုထွက်သည့် အယူလွဲသူတို့ဖြစ်ပြီး ယင်းတို့ကို "ဂျဗ်ရီယာဂိုဏ်း"သားဟုခေါ်၏၊ ဂျဗ်ရီယာ၏အလိုမှာ ဖိနှိပ်ချုပ်နှောင်ထားခြင်းခံရသည်ဟု အဓိပ္ပါယ်ရလေသည်။

ထို့ကြောင့် ဟာဂျီမှန်သခင်က မြတ်ဆုရလက်ာကျမ်းတွင် –

" ဂျဗ်ရီယာနှင့် ကဒ္ဒရီယာတို့နှယ် မယူသာ၊ နှစ်လမ်းစပ်ကြား၊ ထိုသူများ၊ တစ်ပါးနှစ်သက်စွ"ဟု အစွန်းနှစ်ဘက်လွတ်သည့် အလယ်အလတ်လမ်းကို ရွေးချယ်ရန် ဖွဲ့ဆိုသီကုံးခဲ့၏။

အလ္လာဟ်အရှင်မြတ်သည် ဥပဒေနိယာမတို့ကို ပြဋ္ဌာန်းတော်မူသောအရှင်ဖြစ်၏၊ ဥပဒေအတိုင်း အရှင်က လိုက်နာဆောင်ရွက်စရာ မရှိပေ၊ တရားသူကြီးတစ်ဦးမှာမူ တည်ဆဲဥပဒေကိုကျော်လွှား၍ ဘာမျှလုပ်ဆောင်ပိုင်ခွင့်မရှိပေ၊ ဥပဒေ၏ လွှမ်းမိုးချုပ်ကိုင်မှုအောက်၌သာ ဆုံးဖြတ်နိုင်၏။ ကုသိုလ်ကောင်းမှုပြုလုပ်သူကို ကောင်းမှုအကျိုးဆက်ကိုပေးရမည်၊ မကောင်းမှုအကုသိုလ်ကျူးလွန်သူကိုလည်း အကုသိုလ်ဆိုးကျိုးကိုပေးရမည်ဟူ၍ အလ္လာဟ်အရှင်မြတ်ကို ကန့်သတ်ချုပ်ချယ်၍ မရစကောင်းပေ၊ အရှင်သည် လုပ်လိုရာကို လုပ်နိုင်စွမ်းသောအရှင်ဖြစ်၏၊ သို့သော် မည်သို့သောလုပ်ရပ်ကို အရှင်နှစ်ခြိုက်သည် အလိုတူသည်ဆိုသည်ကိုလည်း အတိအကျမိန့်ဆိုထား၏၊ ထို့ကြောင့်အရှင့်ဂုဏ်တော်တစ်ပါးမှာ အလွန်တရားမျှတတော်မူသည့်အရှင်ဟူ၍ရှိပေသည်။

အလ္လာဟ်အရှင်မြတ်သည် အနန္တဉာဏ်တော်ရှင်ဖြစ်တော်မူ၍ လူတွေဘယ်လမ်းလျှောက်၍ ဘယ်စခန်းပေါက်မည်ကိုလည်း အကြွင်းမဲ့သိတော်မူသည့်အရှင်လည်းဖြစ်၏။ သို့သော် လူသားအနေဖြင့် မိမိလုပ်ရပ်တို့မည်သို့ နိဂုံးချုပ်မည်၊ မည်သည့်ရလာဒ်တို့ဖြစ်ပေါ်လာမည်ကိုမသိသဖြင့် အရှင်ပေးထားသော ကာယ၊ စိတ္တ၊ ဉာဏ၊ ဝိဉာဏ စွမ်းအားတို့ဖြင့် အစွမ်းကုန်အောင်ကြိုးပမ်းအားထုတ် ဝိရိယစိုက်ရမည်ဖြစ်၏။ ဤသို့အရှင်ပေးသနားထားသော စွမ်းအားတို့ဖြင့် လုံ့လ ဝိရိယတို့ကို အားကြိုးမာန်တက်စိုက်ထုတ်ကာလုပ်ကိုင်ပြီးနောက် အရှင့်ပေါ်၌ ယုံပုံလွှဲအပ်ရပေမည်၊ ဤသည်မှာ ကံကြမ္မာကြိုတင်ပြဋ္ဌာန်းမှုနှင့် မိမိကြမ္မာ မိမိကြိုတင်ဖန်တီးနိုင်သည်ဟူသည့် အယူအဆနှစ်ခုကိုမရွှိမငိုပဋ္ဌာကျကျ အသုံးချခြင်းဟု အစ္စလာမ်က ပြဆိုထား၏၊ လောကခံကို

ကြဲ့ကြဲ့ခံနိုင်သည့်နည်းလမ်းလည်းဖြစ်၏။

ရိုယမ်သခင်ကြီးက ခါးပြဗိုလ်ကို ပြောဆိုခဲ့သည့် " အရှင်မြတ်သည် အရာ ခပ်သိမ်းကို ဖြစ်ပေါ်ထင်ရှားစေတော်မူသောအရှင်ဖြစ်၏၊ သူ့သင့်လျော်မည်ထင်ရာကို သူပြုတော်မူမည်ဖြစ်ပါသည်။ ကျွန်ုပ်သည် မည်သို့သောသူဖြစ်သဖြင့် ဤသူသတ်မှုကို ကန့်ကွက်ဟန့်တားနိုင်ပါမည်နည်း"ဟုဖြေကြားခြင်းမှာ လူသား၏စွမ်းဆောင်နိုင် ချက်မရှိဟူသည့် "ဂျဗ်ရီယာ (FATALISM – ကံကြမ္မာ၏ဖိနှိပ်ချုပ်နှောင်ထားခြင်း ခံရသည်ဟူသည့် အယူမှား)ဝါဒကို လက်ခံထား၍ မဟုတ်ပေ။ လူသူလက်နက်အင်အား တောင့်တင်းလှသည့် အကြမ်းဖက်ဝါဒီ ခါးပြများကို သူတော်စင်မိသားစုက အဘယ် သို့လျှင် ရုပ်ပိုင်းဆိုင်ရာအရ အံ တုယှဉ်ပြိုင်နိုင်ပါမည်နည်း၊ နာမ်ပိုင်းဆိုင်ရာအရမူ မိမိအလိုထက် အလ္လာဟ့်အလိုက မိမိအတွက်အကောင်းဆုံးဖြစ်သည်ကို ရိုယမ်သခင်သိ၏၊ ထို့ကြောင့် "တဝက္ကက်လ္လာဟ်"အရှင့်ကို ယုံပုံလွဲအပ်ခဲ့ခြင်းဖြစ်၏။ သေခြင်းတရား၏ ပရမတ်သဘောကို ထိုးထွင်းဉာဏ်ပေါက်နေသူ ရိုယမ်သခင်အတွက် "အသတ်ခံရခြင်း" ကိုဒုက္ခဆင်းရဲအဖြစ် မရှုမြင်ပေ၊ အရှင်နှင့်ဘန္ဓာ၊ ချစ်သူနှင့်အချစ်ခံတို့ကို စုစည်းပေးမည့် ပေါင်းကူးတံတားမှာ "သေခြင်း"ဖြစ်သည်ဟု ခံယူထားသူ ဆူဖီသူတော်စင်တို့အတွက် အရှင့်သတ်မှတ်ပြဋ္ဌာန်းချက်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပါ၏။

ရိုယမ်သခင်က ခါးပြဗိုလ်ကို မိန့်ကြားခဲ့သည့်စကားမှာ မိမိအလိုကုန်နေသည့် အနတ္တဉာဏ်ရှင်၏ ဓမ္မစကားဖြစ်၏။ မြဲရာဖြစ်သည့်အသခ်တဂုဏ်တော်ရှင်သာလျှင် ပရမတ်သဘောတွင် အမှန်တကယ်တည်ရှိ၍ ခေတ္တယာယီမြဲနေသည့် သခ်တဘုံမှ ရုပ်ကလာပ်နှင့် နာမ်ဓါတ်တို့သည် အသခ်တဂုဏ်တော်ရှင်နှင့်တကွသာလျှင် ရပ်တည် နိုင်ပြီး မိမိတို့၏သီးခြားကိုယ်ပိုင်ရပ်တည်ဖြစ်ပျက်လှုပ်ရှားနိုင်မှု မရှိနိုင်ဟူသည့် "ဝဟာဒတ်တွလ်ဝါဂျုဒ်"ဉာဏ်စဉ်မှ မိန့်မြွက်ခဲ့ခြင်းဖြစ်ပေသည်။)

ရိုယမ်သခင်ကြီး၏ဓမ္မစကားအချို့မှာ–

[၁] အရှင်မြတ်က လူသားကို ဘာဝနာစီးဖြန်းရန်မှတစ်ပါး အခြားမည်သည့်အတွက် မှ ဖန်ဆင်းခဲ့ခြင်းမဟုတ်ပေ။

*ဘာသာပြန်သူမှတ်ချက် ။ ။ အစ္စလာမ်ကဖွင့်ဆိုသော ဘာဝနာမှာ အလွန် နက်ရှိုင်းကျယ်ဝန်ပေသည်။ အရှင့်အတွက် ထမ်း ရွက်ရသည့် "ဟွတ်ကုကူလ်လ္လာဟ်"၊ အရှင်ဖန်ဆင်းထားသည့် ဖန်ဆင်းခံ သဗ္ဗေသတ္တာဝေနေယျာများအပေါ် ထားရှိရမည့် တာဝန်ဝတ္တရား "ဟွတ်ကု ကူလ်အေဗိဒ်"ဟူ၍ ရှိပါသည်။ သတ္တဝါအကျိုးပြု လုပ်ငန်း " ခဲဇ်မတ် တေ့ခလ်(က)"မပါဘဲ မိမိတစ်ဦးကောင်းတစ်ယောက်ကောင်း ကိုယ်လွတ်ရုန်း၍ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကျင့်ကြံ့အားထုတ်ခြင်းမှာ တစ်ကိုယ်*

*ကောင်းဆန်သည့် "အတ္တကိုးကွယ်ဦးချမှု" ခွပ်ပရတ်စ်တီ" မည်၏ဟု အစ္စလာမ် ကသတ်မှတ်ကြောင်းကို အထက်မှတ်ချက်တို့၌ အကျယ်ရှင်းပြီးဖြစ်ပါသည်။*

[၂] အရှင်မြတ်၏ ပရမတ္တသစ္စာဓမ္မစခန်းကို ဆိုက်ရောက်ပေါက်မြောက်ရန် နီးကပ်လာပြီဖြစ်ကြောင်းကို သိနိုင်သည့် နိမိတ်လက္ခဏာမှာ အသခ်တဂုဏ်တော်ရှင်မှ အပဖြစ်သည့် ရုပ် နာမ် ဓမ္မ သင်္ခါရ အစုစုကို မြင်ရုံမျှနှင့်ပင် ခုံမင်တွယ်တာမှုရမ္မက် လုံးဝကင်းရှင်းပြီး အစွဲပြုတ်ခြင်းဖြစ်၏။

[၃] အမြင့်ဆုံးသော တရားကျင့်စဉ်မှာ လောကီအာရုံကာမဂုဏ်တို့ကို စွန့်ပယ်ခြင်းဖြစ်၏။

[၄] အရှင်ကမိန့်ဆိုသည်မှာ အကြင်သူသည် အတောမသတ်နိုင်သော ဝိသမလောဘဇောနှင့် မတရားရှာဖွေထားသော ဥစ္စာပစ္စည်းတို့ တိုးပွားများပြားလေလေ အရှင်မြတ်နှင့် ထိုသူမှာ ဝေးလေလေဖြစ်၏။

[၅] သမာအာဇီဝမကျသော မတရားနည်းဖြင့်ကြီးပွားချမ်းသာလာသူတို့ကို ဂုဏ်ပြုသောသူတော်စင်သည် သူပေါက်မြောက်ထားသော ဓမ္မစခန်း၏ သုံးပုံတစ်ပုံ ပျောက်ပျက်လျော့ကြသွား၏။

[၆] ဤသို့သော လောဘသား စီးပွါးရေးသမားတို့ကို လူသေကောင်ကိုရှောင်သည့်အလား ရှောင်ရှားပါလော့။

[၇] အရှင်မှအပဖြစ်သောအရာတို့ဖြင့် ငြိမ်းအေးရာကိုရှာဖွေသူတို့သည် သူတို့ရှာဖွေသောငြိမ်းအေးမှုကို ထိုအရာတို့မှမရသည့်အပြင် ယင်းအရာတို့၏လက်အတွင်း၌ ထိုသူတို့ပျက်စီး ဆုံးရှုံးရလတ္တံ့။

[၈] လောကအတွင်းမှ ကိလေသာ ကာမဂုဏ်အာရုံအစုစု၊ မာယာထောင်ချောက်အသွယ်သွယ်နှင့် သွေးဆောင်ဖြားယောင်းနိုင်စွမ်းရှိသည့် ရမ္မက်အမျိုးမျိုးတို့သည် လူသားအားဖြစ်ခြင်း၊ ပျက်ခြင်းကင်းရာ အသခ်တအရှင့်စခန်းသို့ လှမ်းမဝင်နိုင်ရန် တုပ်နှောင်ဆွဲငင်ထား၏။

[၉] ဆိတ်ငြိမ်ရာအရပ်၌ မျက်စိအစုံမှ မျက်ရည်တို့ ယိုစီးငိုကြွေးလောက်အောင် အရှင့်ဘာဝနာကို စိတ်သန္တာန်အတွင်း နက်ရှိုင်းစွာ ငုတ်လျှိုးပြီး ပွားများပါလော့၊ ဤသို့ပွားမြားခြင်းဖြင့် သင်၏နှလုံးသား၌ ကိလေသာအညစ်အထေးတို့ သန့်စင်ပေအံ့။

# (၇) ဟာဇရေသ် စမ်နူးန်မိုဟာစ်ဖ်

မိုဟာစ်ဖ်သခင်ကြီးသည် မက္ကာရွှေမြို့တော်မှ ဟဂျ်ဘာဝနာပွားများပြီး ပြန်အလာတွင် ဖီးဒ်မြို့မှ လူအပေါင်းက တရားချီးမြှင့်ရန်ပန်ကြားကြ၏။ သခင့်တရားကို နာရသော်လည်း ထိုသူများ၌ တရား၏အကျိုးသက်ရောက်မှု မည်သို့မျှ မဖြစ်ထွန်းခဲ့ပေ။ ထိုအခါသခင်သည် သက်မဲ့ရုပ်ပစ္စည်းများဖြစ်သည့် ဖယောင်းတိုင်တို့အား တရားဟော၏၊ သခင့်တရားသံကိုကြားရသည်နှင့် ဖယောင်းတိုင်တို့သည် ပီတိသောမနဿကျကာ ယိမ်းယိုင်လှုပ်ရှားလာပြီး တစ်တိုင်နှင့်တစ်တိုင်ထိမိကာ အားလုံးလောင်ကျွမ်းကုန်ကြ၏။ ဖယောင်းတိုင်တို့သည် လူသားတို့ထက်သာလေစွဟု သခင်ကချီးမွမ်းတော်မူ၏။ (မိမိအတ္တကို ခဝါချပြီး မိမိအလိုကိုအရှင့်အချစ်မီး၌လောင်ကျွမ်းပြာကျအောင် စတေးပြီးမှ အရှင့်တရား၏ အငွေ့အသက်ကို ရရှိပေမည်။)

မိုဟာစ်ဖ်သခင်ကြီး အခါတစ်ပါး၌ တရားဟောကြားနေစဉ် ခိုတစ်ကောင်သည် ကောင်းကင်ယံမှ သခင့်ဦးခေါင်းပေါ် ထိုမှတစ်ဆင့် သခင့်ပေါင်နှင့်လက်ဖဝါးပေါ်သို့ ပြုတ်ကျလာကာနောက်ဆုံးမြေပေါ် ကျပြီးနောက် ခိုသည်သွေးအန်ကာ သေဆုံးသွား၏။

*ဘာသာပြန်သူမှတ်ချက်* ။ ။ *သခင့်တရားသည် သတ္တလောကမှ အဟိတ်တိရစ္ဆာန်တို့၏ နှလုံးသားကိုပင် ကိုင်လှုပ်နိုင်စွမ်းရှိလောက်အောင် စူးရှထက်မြက်ကြောင်းကို ဖော်ညွှန်းသည့်ဖြစ်ရပ်မှန်ဖြစ်ပါသည်။*

မိုဟာစ်ဖ်သခင်၏ ဩဝါဒကထာတစ်ပုဒ်မှာ–

" မိမိမြတ်နိုးတွယ်တာစုံမက်မည့်အရာအတွင်း၌ပင်လျှင်၊ မိမိ၏ပျက်စီးဆုံးရှုံးနိဂုံးချုပ်ရမှုသည် ကိန်းဝပ်တည်ရှိနေပေသည်။ "

တရားတော်က သတ်မှတ်ပြဋ္ဌာန်းထားတော်မူသည့် ဓမ္မသတ်ပညတ်ချက်တို့ကို ရိုကျိုးလိုက်နာသည့်အနေဖြင့် မိုဟာစ်ဖ်သခင်သည် အိမ်ထောင်ပြုခဲ့သဖြင့်၊ သခင်အလွန်ချစ်မြတ်နိုးသော သမီးတော်လေးတစ်ပါး ရရှိခဲ့၏။ အခါတစ်ပါး၌ သခင်သည် အိပ်မက်အတွင်း၌ တရားစီရင်မည့်နေ့တွင် လူထုပရိသတ်အပေါင်းတို့ အောင်လံတော်ကြီးတစ်ခုအောက်၌ စုရုံးနေသည်ကို မြင်တွေ့ရ၏။ ထိုအုပ်စုအတွင်း၌ မလာအိကဟ်ဗြဟ္မာကြီးများလည်း ပါရှိ၏။ သခင်က ထိုလူအုပ်ရှိရာသို့သွားသောအခါ ဗြဟ္မာကြီးများက ဤအစုအဝးသည် အရှင့်အချစ်တော်များအတွက် သီးသန့်နေရာဖြစ်သည်ဟုဆိုကာ သခင့်ကို သူတော်စင်အုပ်စုအတွင်းသို့ ဝင်ခွင့်မပေးခဲ့ပေ။

ထိုအခါသခင်က "ကျွန်ုပ်ကို လူအပေါင်းက 'မိုဟာစ်ဖ်'အချစ်တော်ဟု မိမိအား

ခေါ်ကြပါသည်၊ ဤအမည်ကိုအရှင်ကပေးသနား၍သာ လူများကကျွန်ုပ်ကို ဤသို့ ခေါ်ဝေါ်သမုတ်ခြင်းဖြစ်ပေသည်၊ သို့မဟုတ်ပါက ဤအမည်ဖြင့် ကျွန်ုပ်ကိုခေါ်မည် မဟုတ်ပေ”ဟု ပြောသောအခါ ဗြဟ္မာအပေါင်းက “ဟုတ်ပါပေသည်၊ သခင်သည် ကနဦးက အလ္လာဟ့်အချစ်တော်တစ်ပါးဖြစ်ပါသည်။ သို့သော်သခင်သည် အလ္လာဟ့် အချစ်နှင့် သမီးတော်အချစ်ကို နှိုင်းယှဉ်တုပ ဒွန်တွဲခဲ့သဖြင့် အရှင့်အချစ် တော်အဖြစ် ဂုဏ်ပြုထားသည့်စာရင်းမှ ပယ်ဖျက်ခြင်င်းခံထားရပါ၏”ဟု လျှောက်ထားကြ၏။

ထိုအခါသခင်က “ အို-အရှင်၊ သမီးတော်အချစ်သည် ကျွန်တော်မျိုး အရှင့်ပေါ်ထားသည့် နှောင့်ယှက်ဖျက်ဆီးခဲ့ပါသဖြင့်၊ သမီးတော်ကို အရှင်ပြန်လည် ခေါ်ယူတော်မူပါအရှင်”ဟု ဆုပန်လေ၏၊ ချက်ချင်းပင် သမီးတော်သည် အိမ်အမိုးပေါ်မှ လိမ့်ကျကာ အရှင့်ထံ ပြန်လည်ကြွမြန်းသွားလေ၏။ အိမ်သို့ရောက်၍ သမီးရုပ် အလောင်းကိုမြင်တွေ့သောအခါ သခင်သည် အရှင့်ကျေးဇူးတော်ကို ချီးကျူးထောပနာ ပြုတော်မူ၏။

*ဘာသာပြန်သူမှတ်ချက်* ။ ။ *ဝလီသူတော်စင်တို့ သေဆုံးရန် အရှင့်ထံဆုပန်ခြင်းနှင့် ပတ်သက်၍ အထက်၌ ဖော်ပြထားချက်ကို ပြန်လည် ကြည့်ရှုပါ။*

## (၈) ဟာဇရေသ် အဗူမိုဟာမ္မဒ် မုရ်တအစ်ရှ်

အခါတစ်ပါး၌ မုရ်တအစ်ရှ်သခင်ကြီးသည် ဘဂ္ဂဒတ်မြို့တော်မှ လမ်းတစ်ခု အားဖြတ်လျှောက်သွားစဉ် ရေဆာသည့်စိတ်ပေါ်လာ၏။ အနီးရှိအိမ်တစ်အိမ်၏ တံခါးကိုခေါက်ပြီး ရေတစ်ခွက်တောင်းခံလေရာ အမျိုးသမီးငယ်တစ်ဦးသခင့်ကို ရေတစ်ခွက်ယူပေးလေ၏။ မုရ်တအစ်ရှ်သခင်သည် မိန်းမပျို၏အလှညွတ်ကွင်း၌ ဖမ်းဆီး မိသွား၏၊ သခင်သည် မိန်းမပျို၏ဖခင်ထံ၌ မိကောင်းဖခင်သားသမီးပီသစွာ ယဉ် ကျေးမှုဓလေ့ထုံးစံတို့နှင့်အညီ ကြောင်းလမ်းတောင်းရမ်းခဲ့ပြီး၊ ဖခင်၏သဘောတူညီ ချက်ဖြင့် သခင်သည် မိန်းမပျိုနှင့်လက်ထပ်ခဲ့၏။

လက်ထပ်ပြီးနောက် မင်္ဂလာဦးညတွင် မင်္ဂလာအိပ်ခန်းသို့ဝင်ပြီးနောက် အရှင့် ဘာဝနာပွားများစီးဖြန်းလေ၏၊ ဘာဝနာပွားပြီးနောက် သခင်သည် မိမိဇနီးထံမှ မိမိမင်္ဂလာမဆောင်ခင်က ဝတ်စင်ခဲ့သည့် ဝတ်ရုံကိုတောင်းကာ အဆိုပါဝတ်ရုံကို ဝတ်ဆင်ပြီးနောက် မိမိဇနီးသည်အား ကွာရှင်းလေသည်။

ဤထူးဆန်းသောအပြုအမူကို လူအပေါင်းက မေးမြန်းလာသောအခါ သခင်က “ ကျွန်ုပ်ဇနီးသည်နှင့် မတွေ့ဆုံမီ မင်္ဂလာဦးည၌ ကျွန်ုပ်သည် ဘာဝနာပွားရင်းက အရှင့်ထံမှ ဒိဗ္ဗသောတဖြင့် ဗျာဒိတ်တော်သံကို ကြားရ၏။ အရှင်က “ အသင်

သည် ငါအရှင်မှအပဖြစ်သော မမြဲသည့်အရာပေါ်၌ စက္ခုအာရုံကျက်စားခဲ့သဖြင့် သင့်အား 'ဝတ်ရုံ'(သူတော်စင်တို့၏ အာသဝေါတရားတို့ ကင်းကုန်ကြောင်းကို နိမိတ်ပြသင်္ကေတဆောင်သော အဝတ်အစား)မှ ကင်းကွာစေခဲ့ပြီး သတို့သားတို့၏ မင်္ဂလာအဝတ်ကို ဝတ်စားစေခဲ့၏။ သင်ရွေးချယ်ခဲ့သောဘဝ၌ ဆက်လက်နေပါလျှင် သင့်အား ဓမ္မစခန်းတို့အား ပေါက်မြောက်အောင်မြင်မှုတို့မှလည်း ကင်းဝေးစေတော်မူအံ့"ဟု မိန့်ကြားခဲ့ကြောင်းရှင်းပြ၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ အစ္စလာမ်ဓမ္မက ခံယူသည့် အိမ်ထောင်သားမွေးမှုနှင့် ပတ်သက်သည့် ရှင်းလင်းချက်ကို အထက်၌ ဖော်ပြပြီး ဖြစ်ပါသဖြင့် ပြန်လည်ကြည့်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။*

မုရ်ိတအရှ်ိသခင်က " ကျမ်းမြတ်ကုရ်အာန်၌ လာရှိသည့် ဒေသနာတော်ကို အစဉ်နှလုံးသွင်းပါလော့၊ ဒေသနာတော်က ဤသို့ဆိုထား၏၊ " အသင်တို့၏ ဥစ္စာပစ္စည်း၊ ရာထူး၊ ဂုဏ်ဒြပ်နှင့် ဇနီး မယား သမီး သားတို့ကို ငါအရှင်ထက်ပိုကဲစွာမြတ်နိုးခုံမင်တွယ်တာပါလျှင် ငါအရှင်၏အမိန့်ကို ဗီဆန်ရာမည်၏"ဟု မိန့်ကြားခဲ့၏။

မုရ်ိတအရှ်ိသခင်က အောက်ပါအတိုင်း ဓမ္မလမ်းညွှန်ချက်ပေးခဲ့၏။

[၁] မည်သူတစ်စုံတစ်ဦးကိုမျှ ကျေးဇူးရှင်ဟု မမှတ်လေနှင့်၊ အသင်ရရှိသမျှအတွက် အရှင်မြတ်ကိုသာလျှင် ကျေးဇူးတင်ပါလော့၊ မည်သူ့ထံမှလည်း မည်သည့်အရာမျှ အသနားမခံလေနှင့်၊ အရှင့်ထံတော်သို့သာလျှင် ပြဿနာအရပ်ရပ်ကို ပုံအပ်ဆက်ကပ်ပါလော့။

*ဘာသာပြန်သူမှတ်ချက်။ ။ ဤအဆိုအမိန့်သည် ပြစ်ပျက်နိစ္စသခ်ါရဓမ္မတို့နှင့် လုံးဝကင်းစင်တော်မူသည့် အသခ်တဂုဏ်တော်ရှင် "တောင်ဟီးဒ်"စခန်းသို့ ဆိုက်ရောက်နေသည့် လောကုတ္တရာဉာဏ်စဉ်မှ မိန့်မြွက်ထားချက်ဖြစ်၏။ ပညတ်တို့မထင်ဟပ်သည့် ပရမတ်ဆတ်ဆတ်ကို ဆိုလိုခြင်းဖြစ်၏။ လူ့ဘောင်၏ပညတ်ရပ်လောကတွင်မူ ဖန်ဆင်းခံအချင်းချင်း ကျေးဇူးသိတတ်ရမည်ကို တရားတော်က တိတိပပ ညွှန်းဆိုထားပါသည်၊ လောကီသားအချင်းချင်းကျေးဇူးမသိတတ်သောသူသည် အလ္လာဟ့်ကျေးဇူးတော်ကိုလည်း သိမည်မဟုတ်ကြောင်းကို မဟာတမန်တော်မြတ်ကြီး၏ ခိုင်လုံသော ဟဒီးဆ်ဩဝါဒတော်၌ ထင်ထင်ရှားရှားပြတ်ပြတ်သားသား မိန့်ဆိုထားပါသည်။*

[၂] သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ခြင်းသည် သူတော်စင်တို့အတွက် အကောင်းဆုံးဖြစ်၏။

# (၉) ဟာဇရသ် အဗူဗကေရ် ဝေရားက်

ဝေရားက်သခင်သည် ခါဂျာခစ်ဖိရ်ကို တွေ့ဆုံရန် အလွန်အာသီသပြင်းထန်၏။ တစ်နေ့တွင် ခါဂျာခစ်ဖိရ်သခင်နှင့် ကံအားလျော်စွာ ဆုံစည်းမိပြီး ရှည်လျားထွေပြားသော စကားလက်ဆုံကျခဲ့သဖြင့် ဝေရားက်သခင်သည် နေ့စဉ်ဝတ်မပျက် ပြုနေကျဖြစ်သည့် ကျမ်းမြတ်ကုရ်အာန် ရွတ်ဖတ်သရဇ္ဈာယ်မှုကို ပျက်ကွက်ခဲ့၏။ ထိုအခါ ခါဂျာခစ်ဖိရ်သခင်က "အသင်သည် ကျွန်ုပ်နှင့် ဆုံတွေ့လိုသဖြင့် အရှင်နှင့်ဆုံတွေ့မှု (အရှင့်နှုတ်ကပတ်တော်ကုရ်အာန်ကျမ်းမြတ်ရွတ်ဖတ်မှု)ပျက်ကွက်ဆုံးရှုံးခဲ့၏"ဟု ဆုံးမဩဝါဒပေးခဲ့၏။

ဤဖြစ်ရပ်ကို ကျမ်းရှင် ဖရစ်ဒ်အူဒင်အတ္တားသခင်က အောက်ပါအတိုင်း သုံးသပ်ထား၏။

အဆင့်မြင့်သော ဓမ္မစခန်းတို့ကို မျှော်မှန်းတက်လှမ်းလိုသူတို့အတွက် ခါဂျာခစ်ဖိရ်ကဲ့သို့သော ပုဂ္ဂိုလ်မြတ်နှင့် စကားလက်ဆုံကျခြင်းသည်ပင်လျှင် အဟန့်အတား ဖြစ်သည်ဆိုပါလျှင် အန္ဓပုထုဇဉ်လူ့ဗာလတို့အသိုင်းအဝိုင်း၌ အချိန်ဖြုန်းနေသူတို့၏ အခြေအနေသည် မည်သို့ရှိအံ့နည်း"

---

ဝေရားက်သခင်၏သားတော်က ကျမ်းမြတ်ကုရ်အာန်မှ–

" အသက်အရွယ်နုငယ်ပျိုမျစ်သူတို့လည်း တစ်ချိန်တွင် အသက်အရွယ်ကြီးရင့်ကာ ဇရာအိုအဖြစ်သို့ရောက်ကြလတ္တံ့."ဟူသော ဒေသနာတော်ရွတ်ဖတ်သရဇ္ဈာယ်ရင်းသူ၏စိတ်သန္တာန်တွင် သံဝေဂဉာဏ်ရင့်သန်လာပြီး အရှင့်ဘုန်းတော်ကို ခန့်ငြားရှိသေသောစိတ်တို့ တိုးပွားလာ၏။ ရက်အနည်းငယ်ကြာသောအခါတွင် သခင့်သားတော်သည် အရှင့်ဘုန်းရိပ်ကို ခိုလှုံရန် လာရင်းဌာနသို့ ခန္ဓာဝန်ချကာပြန်ကြွလေ၏။

သားတော်၏ဂူ၌ ဝေရားက်သခင်က ဤသို့ ငိုကြွေး၏၊ " အလို ကျွန်ုပ်သည် ကျမ်းတော်မြတ်ကို နှစ်ပေါင်းများစွာ ရွတ်ဖတ်သရဇ္ဈာယ်ကာ ဉာဏ်ပွားများခဲ့သော်လည်း သားတော်ကဲ့သို့ ဓမ္မတရားတော်၏ စူးရှထက်မြက်သော ဩဇာသက်ရောက်မှုကို မခံစားခဲ့ရဘူးပါတကား"။

---

ဝေရားက်သခင်၏ မိန့်ဆိုချက်အချို့မှာ–

[၁] အနည်းငယ်မျှသော ဥစ္စာပစ္စည်းပိုင်ဆိုင်ခြင်းသည် အနည်းငယ်မျှသော ပုဂ္ဂိုလ်ထူးတို့နှင့် တွေ့ဆုံကြုံကြိုက်ရခြင်းထက် အကျိုးအမြတ်နည်း၏။

[၂] ဘာဝနာမယဉာဏ် (အေဘာဒတ်၌ 'ဝါဆွလ်'ကိုယ်တွေ့ကြုံဆုံသည့်ဉာဏ်) နှင့် ခန္တာဉာဏ်စိုက်ပြီး 'ဟက်ကွလ်ရကီန်'အခိဂမသဒ္ဓါပေါက်ခြင်းသည် နှလုံးသားကို ဝိဇ္ဇာအကြည်ဓါတ်ဖြင့် လင်းဝင်းစေ၏။

[၃] လောကီအာရုံကာမဂုဏ်တို့ကို တွယ်ဖက်မြတ်နိုးသူတို့သည် ပရမတ္တသစ္စာဓမ္မ၏ မူရင်းအစမူလပကတိအရှိဖြစ်တော်မူသည့် အသခ်တဂုဏ်တော်ရှင်၏ အချစ်ကိုရနိုင်မည်မဟုတ်ချေ။

[၄] "ဇုဟ်ဒ်'ဟူသော ဓမ္မစကားမှ အရဗီအက္ခရာ 'ဇေ'သည် တရ်ကေ့ဇီနတ်တည်းဟူသော ရာထူးအာဏာနှင့် ဂုဏ်ဒြပ်တို့ကိုစွန့်ခြင်းကို သင်္ကေတဆောင်၏။ "ဟေ"သည် တရ်ကေ့ဟဝါတည်းဟူသော တဏှာ၊ ရာဂ၊ ပေမ စသည့်ကိလေသာ အလိုရမ္မက်ဆန္ဒတို့ကို စွန့်ခြင်းကို သင်္ကေတဆောင်၏၊ 'ဒါလ်'သည် တရ်ကေ့ဒွန္နယာတည်းဟူသော လောကီအာရုံကာမဂုဏ်တို့ကို စွန့်ခြင်းကို သင်္ကေ

တဆောင်၏။

## (၁၀) ဟဇရတ် အဗ်ဒုလ္လာဟ် မနာဇိလ်

မနာဇိလ်သခင်ကြီးက အခါတစ်ပါး၌ အဗူအလီကာဖီသခင်ကို မရဏ သေခြင်းတရားကို အနိစ္စလက္ခဏာထင်ဟပ်ရှုမှတ်ပွားများပြီး အမြဲမပြတ်သတိချပ်ကာ အဆင်သင့်ပြင်ဆင်ထားရန် ဓမ္မစကားလက်ဆောင်ပါးခဲ့၏။ ထိုအခါ ကာဖီသခင်က "အသင်လည်း ယင်းအတွက်ပြင်ဆင်ပါလော့"ဟု ပြန်ပြောလေရာ၊ မနာဇိလ်သခင်ကြီးသည် ချက်ချင်းမြေ၌ မိမိခန္ဓာကိုလှဲလျောင်းပြီး၊ မိမိဦးခေါင်းအောက်၌ လက်ခံကာ မိမိ၏မူလဘူတနေရင်းဌာနမှ လာလမ်းအတိုင်းဆုံဆင်းလာဘိသကဲ့သို့ ပြန်လမ်းအတိုင်းဆန်တက်၍ အသခ်တအရှင်၏ဘုန်းတော်ရိပ်သို့ ခိုလှုံရန်ပြန်ကြွပါမည်ဟုဆိုကာ ခန္ဓာဝန်ချတော်မူလေ၏။ ထိုအခါမှသာ ကာဖီသခင်သည် မနာဇိလ်သခင်ကြီး၏ မြင့်မားလှသည့် ဉာဏ်စဉ်စခန်းကို ရိပ်စားမိလေသည်။

တစ်စုံတစ်ဦးက မနာဇိလ်သခင်ကို အမေးပုစ္ဆာတစ်ခုထုတ်လာ၏။ သခင်က ယင်းပြဿနာကိုရှင်းလင်းဖွင့်ဆိုပြ၏။ သို့သော် ထိုသူက ထပ်ရှင်းရန် တောင်းခံလာပြန်၏။ ထိုအခါသခင်က "အရှင်အား အမြဲမပြတ် နာမ်မှာဉာဏ်ကပ်ပြီး ရှုမှတ်ပွားများနေရာမှ သင့်မေးခွန်းဖြေရန် ကျွန်ုပ်နှုတ်လျှာကို ဖွင့်ဟခဲ့သဖြင့် အသခ်တအရှင်ထံ တစိုက်မတ်မတ်နှလုံးသွင်းသော အာရုံမှာ ထွေပြားခဲ့ရ၏။ ကျွန်ုပ်နောင်တကြီးစွာရပြီး ဝမ်းနည်းနေရဆဲ ယခုတစ်ခါထပ်မံ၍ ဤအမှားမျိုး ကျူးလွန်ရန် အသင်က

တောင်းဆိုနေပြန်ပြီလော”ဟု ဖြေကြားခဲ့၏။

မနာဇိလ်သခင်ကြီး၏ ဆုံးမဩဝါဒအချို့မှာ-

[၁] ရှာဖွေသူတို့အနက် လောကီရေးရာတို့ကိုသာလျှင် ရှာဖွေသောသူသည် ဆုံးရှုံးပေအံ့။

[၂] အသင်ကသူ့ကို ချစ်သည့်အချစ်ထက် သင့်ကိုပိုချစ်တော်မူသည့်သူ(အလ္လာဟ်)ကို ချစ်ပါလော့။

[၃] အရှင့်တည်ရှိမှုကို မပြတ်မလပ်သတိနှင့်ယှဉ်ကာ အသိရှိနေပြီး၊ အသင်နှုတ်ဝဇီဖွင့်ဟ၍ စကားဆိုတိုင်း အရှင်သည် သင့်ရှေ့၌ အမြဲတည်ရှိနေသည်ဟူသည့် ခံစားမှုရှိခြင်းသည် စစ်မှန်သော အကျင့်သိက္ခာသီလသမာဓိမည်၏။

[၄] စစ်မှန်သော စွန့်ခြင်းသည် လောကီအာရုံကိလေသာ ကာမဂုဏ်တို့ကို (အကြောင်းသတ် အတွင်းစွန့်ခြင်းဖြင့်)စွန့်ခြင်းဖြစ်ပြီး၊ တစ်ရှူတစ်အောင့်မျှ ပြတ်လပ်ခြင်းမရှိဘဲ အသခ်တဂုဏ်တော်ရှင်ကို ဉာဏ်ဝင်စားပြီး လောကုတ္တရာအတွက် ကြိုးပမ်းခြင်းပင်ဖြစ်၏။

[၅] သင်ကျင့်ကြံအားထုတ်ခဲ့သည့် ဘာဝနာ၊ စရဏတို့အပေါ်၌ ဂုဏ်မာနဝင့်တက်ခြင်းမရှိဘဲ မာန်ချိုးထားပါလော့။

[၆] အရှင်နှင့်နီးကပ်ပြီဟု မိမိကိုယ်ကိုမိမိ ထင်မြင်ယူဆသူသည် အကယ်စင်စစ် အရှင်မြတ်နှင့် ဝေးကွာနေသူပင်ဖြစ်၏။

## (၁၁) ဟဇရသ် အဗူကေရ်ကတာနီ

ကတာနီသခင်ကြီးက ဒရဝေ့ရှ်သူမြတ်တစ်ဦး၏အကြောင်းကို အောက်ပါအတိုင်း မိန့်ကြားခဲ့၏။

“ ဒရဝေ့ရှ်သူမြတ်တစ်ဦးသည် မိမိနှင့်အဆင်မပြေသူတစ်ဦးနှင့်အတူတကွ နေထိုင်လေ၏၊ ထိုသူသည် ဒရဝေ့ရှ်သူမြတ်ကို သည်းခံခြင်းတရားအပြည့်ဖြင့် ရေပူရေချမ်းကမ်းလှမ်းကာ အလုပ်အကျွေးပြုရှာ၏၊ တစ်နေ့သ၌ ထိုသူသည် ဒီနာရ်ငွေနှစ်ရာကို ယူဆောင်၍ ဒရဝေ့ရှ်သူမြတ်ထံလာရာ သူမြတ်အား ဘာဝနာပွားနေသည်ကို မြင်တွေ့ရ၍၊ သူမြတ်တရားကျင့်နေ့သည့်ဖြာအောက်၌ ထားခဲ့လေ၏၊ ထိုငွေမှာ သမ္မာအာဇီဝနည်းဖြင့် ရှာကြံထားသော သန့်ရှင်းသောငွေဖြစ်သည်။

ဒရဝေ့ရှ်သူမြတ်သည် ဤပြုမူချက်အပေါ်၌ အတော်ပင်စိတ်ပျက်စွာဖြင့် “ကျွန်ုပ်၏ ဖကီရ် (အာသဝေါတရားတို့ ကုန်ခမ်းပြီး ကိလေသာတဏှာတို့ ဆင်းရဲပါးရှားနေသည့်

ခမ္မသူကြွယ်)အဖြစ်ကို ဒိနာရ်နှစ်ရာဖြင့် ရောင်းစားရမည်လော၊ ဤဖကိရ်၏အဖြစ်ကို ဒိနာရ် ခုနစ်သောင်း(မိမိ၏ ဒိနာရ်ခုနစ်သောင်းတန်ဖိုးရှိသည့် လောကီစည်းစိမ်တို့ကို စွန့်လွှတ် လှူဒါန်းပြီး ဖကိရ်အဖြစ်ရောက်ရှိခဲ့ပုံကို ဆိုလိုသည်)ပေး၍ ဝယ်ခဲ့ရပါသည်။

ကျွန်ုပ်သည် ချမ်းမြေ့အေးငြိမ်းလှသည့် တရားတော်၏အရိပ်အာဝါသအောက်၌ တည်ကြည်အေးမြစွာ ဘာဝနာပွားမှုကြောင့် ရရှိလာသည့်သန္တိသုခကို ဒီနာနှစ်ရာအတွက် ကွယ်ပျက် ပျောက်ဆုံး ဆုံးရှုံးခံရမည်လော"(အသခ်တအရှင်အား မြဲခိုင်သော သမာဓိဖြင့် ဉာဏ်ပွားနေရာမှ ဒီနာရ်နှစ်ရာအတွက်ကြောင့် အာရုံထွေပြားမည်ကို စိုးရိမ်ပါကြောင်းကို ဆိုလိုသည်။)

---

သေငယ်ဇောနှင့်မျောနေသော တပည့်တစ်ဦး၏ အနီး၌ ဟဇရက် ကတာနီ သခင်ကြီးသည် ထိုင်လျက်ရှိစဉ် တပည့်သည်မျက်လုံးဖွင့်ကာ ကအ်ဗာကျောင်းတော် ရှိရာသို့ကြည့်လိုက်၏၊ ထိုအချိန်မှာပင် ကုလားအုတ်တစ်ကောင်သည် သူတို့ရှိရာသို့ ပြေးလာရာ သခင့်တပည့်လူနာအား တက်နင်းမိပြီး လူနာ၏မျက်လုံးများထွက်ကြလာ၏၊ အရှင့်ထံမှ ဗျာဒိတ်တော်သံကိုလည်း ဤသို့ကြားလိုက်ရ၏။

" ငါအရှင်သည် ငါ့ဝိဇ္ဇာဆီမီးတည်းဟူသော နူရ်ရောင်ခြည်တော်ခမ္မမြင်ကွင်းကို သူ့အားချီးမြှင့်နေစဉ် သူသည်မှားယွင်းစွာ မျက်စိဖွင့်ကာ ဖန်ဆင်းရှင်ကို မျက်ကွယ်ပြုပြီး ဖန်ဆင်းခံမျှဖြစ်သည့် ကအ်ဗာကျောင်းတော်ကို ကြည့်ခဲ့သဖြင့် ငါအရှင်သည် သူ့ကို ပြစ်ဒဏ်ခတ်လိုက်ခြင်းဖြစ်သည်။

---

တစ်စုံတစ်ဦးသည် ကတာနီသခင်ကြီးကို "အစွဲဥပါဒါန်နှင့် အလိုဆန္ဒတဏှာတို့ကို နှလုံးသားမှ သန့်စင်လွှင့်ပျောက်သွားစေရန် မည်သို့ဆောင်ရွက်ရပါမည်နည်း" ဟု မေးလျှောက်လာသောအခါ သခင်က " အောက်ပါဆုတောင်းပတ္ထနာကို တစ်နေ့ကိုအကြိမ်လေးဆယ်ရွတ်ဖတ်ခြင်းဖြင့် အသင့်နှလုံးသားမှ ကိလေသာမြူမှုန်တို့ ကင်းစင်ပေအံ့"ဟု မိန့်မြွက်တော်မူ၏။

" အို- အရှင်၊ ဖြစ်ခြင်း၊ ပျက်ခြင်း ကင်းရာ သခ်ါရခမ္မတို့ မစွန်းထင်းရာ၊ အနိစ္စတရားနှင့် လွတ်မြောက်ရာ၊ အချိန်ကာလနှင့်နေရာဒေသ၏ ဘောင်ခတ်ကန့်သတ်မှုကိုကျော်လွှားရာ၊ အသခ်တဂုဏ်တော်ရှင်မှာ တစ်ပါးတည်းသာလျှင်ဖြစ်တော်မူပါ၏။ ကျွန်တော်မျိုး၏ အဝိဇ္ဇာနှင့် မောဟတို့ ပိတ်ဖုံးနေသောနှလုံးသားအား အရှင့်နူရီတည်းဟူသော ဝိဇ္ဇာဉာဏ်ဆီမီးနှင့် ထိန်ထိန်ညီးစေတော်မူပါအရှင်။"

---

ကတာနီသခင်ကြီး၏ ဩဝါဒအချို့မှာ–

[၁] အလ္လာဟ့်အချစ်တော်တစ်ပါးပါးက အရှင့်ထံဆုပန်ပါလျှင် အရှင်မြတ်သည် ခွင့်လွှတ်မှုနှင့် လွှတ်ငြိမ်းချမ်းသာခွင့်တံခါးကို ပွင့်စေတော်မူအံ့။

[၂] ဗဟိဒ္ဓရုပ်ခန္ဓာဖြစ်သည့် ပထဝီမြေရုပ် (မဟာဘုတ်ဓါတ်ကြီးလေးပါးအစုအဝေးကိုစုပေါင်း၍ ပထဝီမြေရုပ်ဟု သုံးနှုန်းထားခြင်းဖြစ်ပါသည်)ဖြင့် ပညတ်ရုပ်လောကဖြစ်သည့် အာရုံတို့ကျက်စားနိုင်ရာ လက်တွေ့ပစ္စက္ခဘဝ၌ နေထိုင်ပြီး အဇ္ဈတ္တနာမ်ခန္ဓာဖြစ်သည့် နှလုံးဉာဏ်ဖြင့် ပရမတ်အစစ်အမှန်ဖြစ်သည့် လောကုတ္တရာကို မျက်မှောက်ပြုလော့။

*ဘာသာပြန်သူမှတ်ချက် ။ ။ အစ္စလာမ်တရားတော်သည် အလွန်လက်တွေ့ကျသော သဘာဝဓမ္မဖြစ်၏။ အစ္စလာမ်တရားတော်သည် လောကီကိုလည်း မပယ်၊ ရုပ်ကိုလည်း မပယ်၊ နာမ်ကိုလည်း မပယ်၊ ပညတ်ကိုလည်း မပယ်၊ ပရမတ်ကိုလည်း မပယ်၊ သူ့နေရာနှင့်သူအသုံးချရမည်ဟု သွန်သင်ထား၏၊ အစ္စလာမ်ဓမ္မသည် လောကီနှင့်လောကုတ်ရုပ်နှင့် နာမ်၊ ပညတ်နှင့် ပရမတ်ကို သဟဇာတကျနစွာနှင့် လိုက်လျောညီထွေကျင့်သုံးခြင်းဖြင့် ဘဝလွတ်မြောက်အောင်မြင်ရာ ထွက်ရပ်မ်းကို ပြသွန်းထား၏။*

[၃] နံနက်အာရုဏ်ဦးချိန်တွင် အရှင့်အမိန့်တော်ကြောင့် အရှင်၏စေတမန်အဖြစ်ဆောင်နှင်းရသော လေပြေလေညှင်းတစ်မျိုးသည် တိုက်ခတ်လေ့ရှိ၏။ ယင်းလေညှင်းသည် အလ္လာဟ့်အချစ်တော်တို့၏ ကွဲအက်ကြေမွနေသော နှလုံးသားမှအရှင့်ကို ရော်ရမ်းမှန်းဆ တမ်းတမှုများ အချစ်မျက်ရည်များနှင့် အရှင့်အချစ်တော်များ၊ အရှင်မှအပဖြစ်သော ရုပ် နာမ် ဓမ္မ သင်္ခါရတို့အား အာရုံကိုင်းညွတ်မိ၍ နောင်တကြီးစွာရပြီး သံဝေဂဉာဏ်နှင့်ယှဉ်၍ဖြစ်ပေါ်လာသော ခံစားမှုများအား စုစည်းသယ်ဆောင်လာကာ ချစ်သူအစစ်အမှန်ဖြစ်သည့် အရှင့်ထံသို့ဆောင်ကြဉ်းပေး၏။

# (၁၂) ဟာဇရသ် အဗ်ဒုလ္လာဟ်ခဖီးဖ်

ခ ဖီးဖ်သခင်ကြီးသည် အခါတစ်ပါး၌ ဟဂျ်ဘာဝနာပွားများရန် ကအ်ဗာကျောင်းတော်သို့ ဓမ္မခရီးနှင်စဉ် ရေခပ်ရန်ရေပုံးတစ်ပုံးနှင့် ရေပုံးကိုခြည်ရန် ကြိုးတစ်ချောင်းကိုသာ သယ်ဆောင်လာခဲ့၏။ သခင်သည် တောတန်းတစ်ခုကိုဖြတ်ကျော်စဉ် ရေတွင်းတစ်ခု၏ ဘောင်အပေါ်၌ သမင်များတက်ကာ ရေသောက်နေသည်ကို မြင်တွေ့ရ၏။ သခင်သည် ရေတွင်းအနီးသို့ချဉ်းကပ်လာသောအခါ သမင်များထွက်ပြေးသွားပြီး

ရေတွင်းမှရေသည်လည်း **အောက်သို့အလိုလို နိမ့်ကျသွား၏။**

သခင်က အရှင့်ထံတွင် သမင်များအတွက် ရေတွင်းမှ ရေမျက်နှာပြင်ကို မြှင့်ပေးသကဲ့သို့ မိမိအတွက်လည်း မြှင့်တင်ပေးရန်ဆုပန်လေ၏။ အရှင့်ထံမှ ဗျာဒိတ်တော်သံ ဤသို့ပြန်ကြားလာ၏၊ " သင့်အလိုကို ငါအရှင်ဖြည့်ပေးမည်မဟုတ်၊ သင်သည် ငါအရှင်မှအပဖြစ်သော ရေပုံးနှင့်ကြိုးကို အားထားခဲ့သည် မဟုတ်ပါလော။ "

သခင်သည် ဗျာဒိတ်တော်သံကြားရသည်နှင့် သံဝေဂဉာဏ်ဝင်လာပြီး ကြိုးနှင့်ရေပုံးကို လွှင့်ပစ်လိုက်လေရာ ရေမျက်နှာပြင်သည်လည်း အံ့ဖွယ်ဘနန်းမြင့်တက်လာခဲ့၏။ သခင်လည်း အလွန်ရေဆာလောင်မွတ်သိပ်နေသည့်အတွက် ရေတွင်းမှရေကို အားပါးတရသောက်တော်မူလေ၏။

ဤဖြစ်ရပ်ကို မက္ကာမြေမြို့တော်သို့ဆိုက်ရောက်သောအခါတွင် ဂျိုနိုက်ဒ်သခင်ကြီးအား ခ ဖီးဖ်သခင်ကြီးက လျှောက်ထား၏၊ ထိုအခါ ဂျိုနိုက်ဒ်သခင်ကြီးက " အရှင်က သင် အရှင့်အပေါ်၌ မည်မျှယုံကြည်အားထားသည်ကို စမ်းသပ်ကြည့်ခြင်းဖြစ်၏။ အသင်စိတ်ရှည်ရှည်နှင့် သည်းခံစောင့်စားခဲ့ပါမူ ရေတွင်းမှရေတို့သည်ပြည့်လျှံကာ မြေပေါ်သို့ကျလာသည်ကိုပင် မြင်တွေ့ရပေအံ့"ဟု မိန့်တော်မူ၏။

ခ ဖီးဖ်သခင်ကြီးက ဤသို့မိန့်ဆိုဖူး၏၊

" အီဂျစ်ပြည်၌ သူတော်စင်ပုဂ္ဂိုလ်ထူးနှစ်ပါးရှိကြောင်း ကျွန်ုပ်ကြားသိရ၏၊ တစ်ဦးမှာ အသက်အရွယ်ငယ်ပြီး နောက်တစ်ဦးမှာ ဇရာအတွင်း ချဉ်းနင်းဝင်ရောက်နေလေပြီဖြစ်၏၊ ယင်းတို့နှစ်ဦးမှာ နှစ်ပေါင်းများစွာအရင်ကတည်းက အခန်းတစ်ခုအတွင်း၌ ဘာဝနာပွားၡ၍ နေခဲ့ကြ၏။ ကျွန်ုပ်သည် သူတော်မြတ်နှစ်ပါးထံသို့ချဉ်းကပ်ပြီး မေတ္တာပို့ဆလာမ်ဆက်သခဲ့သော်လည်း သခင်နှစ်ပါးက ပြန်လည်၍ မေတ္တာပို့တုန့်ပြန်ခြင်း မရှိခဲ့ပေ၊ ဒုတိယအကြိမ်ပို့သော်လည်း အချည်းနှီးသာဖြစ်ခဲ့၏၊ တတိယအကြိမ်တွင်မူ ကျွန်ုပ်ကဆလာမ်ဆိုပြီး အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် ကျွန်တော်မျိုး၏ဆလာမ်ကို လက်ခံပါလော့ဟု ဆိုလိုက်ရာ၊ သူတော်စင်လူငယ်သည် ဘာဝနာပွားနေရာမှ ဦးခေါင်းမော့လာပြီး-

" ကျွန်ုပ်တို့အတွက် သတ်မှတ်ထားသော ဘဝသက်တမ်းမှာ တိုတောင်းလှပါသည်၊ ထို့ပြင် ယင်းတိုတောင်းလှသည့် သက်တမ်းမှ အချိန်တော်တော်များများသည်လည်း ကုန်ဆုံးလွန်မြောက်ခဲ့ပေပြီ၊ အလွန်နည်းပါးသောအချိန်မျှသာ ကျန်ပါတော့သည်၊ ဤရှိသည့်အချိန်လေးကို အပြည့်အဝအကျိုးရှိအောင် ကျွန်ုပ်ကြိုးစားနေရပါ၏၊ အဆွေသည် အဆွေဘဝနိဂုံး မည်သို့ဆုံးမည်ကို ပူပန်သောကရှိပုံမပေါ်ဟု ကျွန်ုပ်ထင်မြင်ယူဆခံစားမိပါသည်။ အကယ်၍ ဂရုထားပါမူ ယခုလို ကျွန်ုပ်ထံ ဆလာမ်လာဆက်ခြင်းဖြင့် အချိန်ဖြုန်းနေမည်မဟုတ်ပေ"ဟုဆိုကာ ဦးခေါင်းငုံ့၍ အရှင့်ဘာဝနာကို ဆက်လက်ပွားများလေ၏။

ထိုအချိန်တွင် ကျွန်ုပ်မှာ အလွန်ဆာလောင်နေ၏၊ သို့သော် ထိုလူငယ်သူတော်စင်၏ ဓမ္မစကားတို့သည် ကျွန်ုပ်ဆာလောင်မှုကို လွင့်ပျောက်သွားစေ၏။ သူတို့နှင့် ကျွန်ုပ်အတူထိုင်ပြီး နံနက်နှင့် ညနေခင်း ဝတ်တက်မှုများကိုလည်း သူတို့နှင့်အတူ တကွဝတ်ပြု၏၊ ထို့နောက် လူငယ်သူတော်စင်အား ကျွန်ုပ်အား တရားထပ်မံချီးမြှင့်ပါရန် ပန်ကြားသောအခါ သူတော်စင်လေးက" ကျွန်ုပ်တို့သည်('ဟွတ်ဘွဲဝတန်' ဟု ခေါ်သည့် လာရင်းအစ မူလဘူတဖြစ်သည့်) အရှင့်ခြေတော်ရင်းမှ ကွေကွင်းပြီး လာလမ်းအတိုင်းစုန်ဆင်းလာကြသည့် ဓမ္မခရီးသည်များဖြစ်သဖြင့် မိမိ၏ဇာတိဌာနေကို အမြဲလွမ်းဆွတ်တသပြီး ပြန်လမ်းအတိုင်း အရှင့်ခြေစက်တော်အောက် ပြန်လည်ခိုလှုံရောက်ရှိရန် ဆန်တက်နေကြသူများဖြစ်သဖြင့် ချစ်သူနှင့်ဝေးကွာခဲ့ပြီး အချစ်ဒဏ်ခံစားနေရသူများဖြစ်ကြပါသည်၊ ကျွန်ုပ်တို့သည် မည်သူတစ်ဦးတစ်ယောက်ကိုမှ တရားလမ်းညွှန်ပြရန် ထိုက်တန်ခြင်း မရှိပါ၊ ကျွန်ုပ်တို့ကသာလျှင် ကျွန်ုပ်တို့ကို ဓမ္မလမ်းညွှန်မည့်သူကို အလိုဆန္ဒပြင်းပြစွာနှင့် စောင့်မျှော်နေကြပါ၏"ဟု မိမိ၏ဉာဏ်စင်ကို မာန်မဝင့်ဘဲ ရိုကျိုးနှိမ့်ချစွာဖြေကြားလိုက်၏၊ ထိုအခါ ကျွန်ုပ်ကလည်း အလျှော့မပေးဘဲ တရားတစ်ပုဒ်လောက်ချီးမြှင့်ပါရန် မရမက ဖွဲကောင်းကောင်းနှင့်တောင်းခံသောအခါတွင်မှ သခင်လေးက " မိမိအဇ္ဈတ္တသဏ္ဍာန်တွင်း၌ ကိန်းဝပ်နေသည့် သူတော်ကောင်းတရားကို အကြင်ပုဂ္ဂိုလ်တစ်ဦးကို မြင်ရရုံဖြင့် နိုးကြား၍ အရှင့်ဘာဝနာကို ဉာဏ်ပွားလိုစိတ် တဖွားဖွားပေါ်ပေါက်လာအောင် ကြည်ညိုဖွယ်ရာကောင်းသော ပုဂ္ဂိုလ်မျိုးနှင့် ပေါင်းဖော်ပါလော့၊ ထိုပုဂ္ဂိုလ်မြတ်မျိုးသည် တရားရှာမှီးလိုသူတို့အား စကားလုံးဝေါဟာရတို့ဖြင့် သိကုံးကာ တရားပေးမည် မဟုတ်သော်လည်း၊ ထိုသူမြတ်၏ ဒါန သီလ ဘာဝနာခန်းတို့ကို စံနမူနာ ယူနိုင်ပါလျှင် သစ္စာတရားရှာသူ၏ သီလ သမာဓိ ပညာတို့သည် ပြီးပြည့်စုံမှုတိုင် ရောက်နိုင်ပေ၏"ဟု တရားပေးခဲ့၏။

ခ ဖီးဖ်သခင်က မိန့်ဆိုခဲ့၏ –

" ဆူဖီသူမြတ်တစ်ပါးသည် သက်ဦးဆံပိုင်အာဏာရှင်မင်းဆိုးမင်းညစ်တို့ထံ မသွားအပ်သလို၊ ယင်းတရားပျက်နေသည့် ရက်စက်ကြမ်းကြုတ်သောမင်းတို့ မိမိထံလာပါလျှင်လည်း လက်ခံတွေ့ဆုံခြင်း မပြုအပ်။ "

# (၁၃) ဟာဇရသ် အဗူမုဟမ္မဒ် ဂျရီရီ

ဂျရီရီသခင်ကြီးက ဖြစ်ရပ်တစ်ခုကို ဤသို့တင်ပြခဲ့၏၊

" ဒရဝေ့ရှ်သူမြတ်တစ်ပါးသည် နံနက်ခင်းတစ်ချိန်၌ ကျွန်ုပ်ထံရောက်ရှိလာကာ ကျွန်ုပ်၏ဓမ္မရိပ်သာ၌ထိုင်၏၊ ထို့နောက် ကိုယ်လက်သန့်စင် 'ဝုဇူ'ပြုကာ ဝတ်ပြုဆုတောင်းမှုပြု၏၊ ဝတ်တက်ပြီးသောအခါ ညနေပိုင်းအထိ ထက်ဝက်မျှထောင်ထားသော သူ့ဒူးခေါင်းပေါ်တွင်မှီပြီး ဘာဝနာပွားကာ ဉာဏ်ဝင်စားလျက်နေလေ၏။

ထိုနေ့၌ ခလီဖ့်ဘုရင်ကြီးသည် နေပြည်တော်အတွင်းရှိ သူတော်ကောင်းတရားကျင့်ကြံအားထုတ်နေကြကုန်သော ဆူဖီသူတော်စင်အားလုံးတို့အား ညစာထမင်းကျွေးမွေးလှူဒါန်းရန် ပင့်ဖိတ်ထား၏၊ ထို့ကြောင့် ကျွန်ုပ်က ကျွန်ုပ်ထံရောက်ရှိနေသော ပုဂ္ဂိုလ်ထူးအား ဘုရင့်အလှူသို့ကြွရောက်ပါမည်လောဟု မေးမြန်းရာ၊ သခင်က " ကျွန်ုပ်ဘုရင်နှင့်တွေ့ရန် ဘာအကြောင်းကိစ္စမှ မရှိပါ၊ အဆွေတော်ထံတွင် မုန့်ချိုတစ်ပိုင်းလောက် စွန့်ရန်ရှိပါလျှင် ကျွန်ုပ်အား တစ်ပိုင်းလောက်ဝေငှပေးပါက ကျွန်ုပ်၏ညစာ ဖူလုံပါလိမ့်မည်"ဟု ဆို၏။

ကျွန်ုပ်သည် ဒရဝေ့ရှ် ပုဂ္ဂိုလ်မြတ်ကို (ထိုအချိန်က)အထင်ကြီးမှု မရှိသည့်အားလျော်စွာ သူ့တောင်းဆိုချက်ကို မပေးဘဲ ဘုရင့်အလှူသို့ထွက်လာခဲ့၏။ ကျွန်ုပ်ပြန်လာသောအခါ အဆိုပါပုဂ္ဂိုလ်မြတ်ကို ဈာန်သမာပတ်ဝင်စားမြဲ ဝင်စားလျက်ရှိသည်ကို ကျွန်ုပ်မြင်တွေ့ရ၏၊ ထိုညကျွန်ုပ်အိပ်စက်သောအခါတွင် တမန်တော်မူဆာနှင့်ဟာရွန်ခစ်ဖိရ်နှင့် ပြီးပြည့်စုံမှုကို ရောက်ရှိ၍ လွတ်မြောက် အောင်မြင်တော်မူကြကုန်သော ဆူဖီအရဟတ် ပုဂ္ဂိုလ်မြတ်တစ်သောင်းကျော်ခြံ ရံလျက် မဟာတမန်တော်မြတ်ကြီးကို အိပ်မက်တွင်း၌ ဖူးတွေ့ရ၏၊ ကိုယ်တော်မြတ်သည် ကျွန်ုပ်၏ရှေ့၌ ရပ်နေတော်မူသော်လည်း ကျွန်ုပ်နှင့်အတော် အလှမ်းကွာနေ၏၊ ထို့ပြင် ကိုယ်တော့်ရွှေမျက်နှာတော်မှာ ကျွန်ုပ်ထံမှ လွှဲဖယ်ထားတော်မူသည်ကို အိပ်မက်အတွင်း၌ အထင်အရှား ကွက်ကွက်ကွင်းကွင်း မြင်တွေ့ရ၏။

ထိုအခါ ကျွန်ုပ်က မဟာတမန်တော်မြတ်ကြီးအား အဘယ်အကြောင်းကြောင့် ကိုယ်တော့်ရွှေမျက်နှာတော် လွှဲဖယ်ထားရပါသနည်းဟု မေးမြန်းလျှောက်ထားရာ ကိုယ်တော်မြတ်က " ငါတို့၏အချစ်တော်ကို မောင်မင်း မုန့်ချိုတစ်ပိုင်းမျှပင် မပေးခြင်းအတွက် ငါတို့၏စိတ်နှလုံး မချမ်းမသာဖြစ်ကြရခြင်းအတွက် ဖြစ်သည်"ဟု မိန့်တော်မူ၏။

ကျွန်ုပ်လည်းချက်ချင်း အိပ်ရာမှထကာ ဒရဝေ့ရှ်သူမြတ်အား ရှာဖွေကြည့်သော်လည်း ပုဂ္ဂိုလ်မြတ်မှ ကျွန်ုပ်ဓမ္မရိပ်သာမှ ပြန်ကြွသွားကြောင်းသိရ၍ သခင့်နောက်သို့

အမှီလိုက်ခဲ့၏၊ သခင့်ကိုတွေ့သောအခါတွင် ကျွန်ုပ်ခမ္မရိပ်သာသို့ပြန်လည်ကြွရောက်၍ မုန့်အချိုစားပါရန် ပင့်ဖိတ်သောအခါ သခင်က–

" မဟာတမန်တော်မြတ်အပါအဝင် တမန်တော်မြတ်များနှင့် ဝလီသူတော်စင် အပေါင်း၏ ထောက်ခံချက်ရမှသာ အသင်သည် ကျွန်ုပ်အား မုန့်အချိုကျွေးရန် ဖိတ်ခေါ်ပြီး၊ ကျွန်ုပ်မေတ္တာရပ်ခံခဲ့စဉ်ကမူ အသင်ငြင်းပယ်ခဲ့သည်တကား"ဟု မှတ်ချက်ချကာ ကျွန်ုပ်၏ရှေ့မှောက်တွင် ကျွန်ုပ်စက္ခုအာရုံမှပျောက်ကွယ်သွားလေရာ ယနေ့ထက်တိုင် ကျွန်ုပ် မတွေ့ဆုံရတော့ပေ။

# (၁၄) မန်စူးရ်အလ်ဟလ္လားဂျ်

ဤကျမ်းရှင် ဖရီဒွတ်ဒီးန်အတ္တားရ်သခင်ကြီးက မန်စူးရ်အလ်ဟလ္လားဂျ်ပုဂ္ဂိုလ်မြတ်ကြီး၏ ထေရုပ္ပတ္တိ မဟာဝင်နိဒါန်းကို အောက်ပါကောက်ချက်ဖြင့် အစပျိုးခဲ့၏။

" ဤမျှထွတ်ခေါင်မြင့်မြတ်သည့် အလ္လာဟ့်အချစ်တော် သူတော်စင်တစ်ပါးကို သူ့ခေတ်မှ လူသားအပေါင်းတို့က သဘောမပေါက်သလောက် ဖြစ်ခဲ့ရသည်မှာ အလွန်ပင် ဝမ်းနည်းဖွယ်ရာဖြစ်ပါတော့သည်။ သစ်တစ်ပင်က 'အနလ်ဟာ့က်'(ငါသည်သစ္စာတရား)နှင့် အလားတူအနက်ဆောင်သော ဥဒါန်းကျူးရင့်သည်ကိုမူ လူအပေါင်းက အလေးအမြတ်ပြုခဲ့သော်လည်း လူသားတစ်ဦးက ထိုသစ္စာကထာကိုပင် မြွက်ဟသောအခါ၌ စက်တိုင်ပေါ်တင်(ပြီးကွက်မြက်)ခဲ့၏၊ အလ္လာဟ့်အချစ်တော်များ သိစိတ်ကွယ်ပျောက်ကာ လောကုတ္တရာဈာန်"ဟလ်ဝဂျတ်"နှင့် ခမ္မဥဒါန်းကျူးရင့်မှုမှာ သူတို့၏ပြောကြားချက်များ မဟုတ်ပေ၊ သူတို့၏ အတ္တများ ထိုအချိန်၌ ကွယ်ပျောက်နေပြီး အသခ်တအရှင်မြတ်၏ နှုတ်လျှာဖြင့်သာ ကျူးရင့်မှုဖြစ်ကြောင်းကို လူသားတို့ နားလည်ဖို့ကောင်းပေသည်၊ ဤခမ္မဥဒါန်းတို့မှာ အရှင်မြတ်က ၎င်းတို့ကိုကြားခံပြီး ၎င်းတို့မှတစ်ဆင့်ကျူးရင့်နေခြင်းဖြစ်၏၊ သူတို့၏ ကိုယ်ပိုင်ရပ်တည်မှု တစ်သီးပုဂ္ဂလအဖြစ်နှင့် သီးခြားအတ္တတို့မှာမူ လုံးဝသေနေပေပြီ။"

ရှစ်ဘလီသခင်ကြီးကလည်း မန်စူးရ်သခင်ကြီးနှင့်ပတ်သက်၍ ဤသို့မှတ်ချက်ချခဲ့သည်။

"မန်စူးရ်သခင်နှင့် ကျွန်ုပ်မှာ တူညီသော အခိပ္ပါယ်ရသည့် တရားအနှစ်အသားတို့ကို လှစ်ဟဖွင့်ပြခဲ့ကြခြင်းဖြစ်၏၊ ကျွန်ုပ်ကိုမူ ဦးနှောက်ချို့ယွင်းနေသည့် စိတ္တဇရောဂါသည် စိတ်ဝေဒနာရှင်တစ်ဦးအဖြစ်သတ်မှတ်ကာ အသက်ချမ်းသာပေးခဲ့သည်၊ သို့သော် မန်စူးရ်သခင်မှာမူ ဉာဏ်ပညာကြီးကျယ်ပြီး စိတ်ဖေါက်ပြန်မှုမရှိပါဘဲနှင့်

အယူတိမ်းချော်ကာ သာသနာပျက်စေမည့် မိစ္ဆာဒိဋ္ဌိစကားတို့ကို ပြောခဲ့သည်ဟု စွဲချက်တင်ခံရကာ စက်တိုင်တင် အသတ်ခံခဲ့ရ၏။

မန်စူးရ်သခင်ကြီးသည် တပ်စ်တာဒေသသို့ သက္ကရာဇ်(၁၆)နှစ်အရွယ်က ရောက်ရှိခဲ့ရာ နှစ်နှစ်နေထိုင်ခဲ့ပြီး ဒိုဟာကာအရပ်သို့ ခရီးဆက်ကာ ဟဇရတ် အုမရ်ဗင် အုဆ်မာန်မက္ကီသခင်အပါး၌ တစ်နှစ်ခွဲခန့် သခင့်မေတ္တာအေးရိပ်ကို ခိုလှုံခဲ့၏၊ ထို အရပ်၌ပင် သခင်သည် ဟဇရတ် ယအ်ကူးဗ်အလ်အာ့က်တာသခင်၏သမီးတော်နှင့် ရွေလက်ဆက်တော်မူ၏၊ ထို့နောက် ဘဂ္ဂဒက်မြို့တော်တွင် ဂျူနိုက်ဒ်သခင်၏ အေးရိပ်ဆာယာအောက်တွင် နှစ်အတန်ကြာ နေထိုင်ခဲ့၏။

ထိုမှတစ်ဖန် ဟိဂျာဇ်အရပ်သို့သွားပြီး၊ ထိုအရပ်ရှိ ဆူဖီသူမြတ်တစ်စုနှင့် အတူ ဘဂ္ဂဒတ်မြို့ရှိ ဟဇရတ်ဂျူနိုက်ဒ်သခင်ထံ ပြန်လိုက်ခဲ့၏၊ ထို့နောက် မန်စူးရ် သခင်သည် ဂျူနိုက်ဒ်သခင်အား တရားတစ်ပုဒ်မေးမြန်းလျှောက်ထားလေရာ ဂျူနိုက်ဒ် သခင်သည် အနာဂတ်၌ ဖြစ်ပေါ်လာမည့်ဖြစ်ရပ်ကို နိမိတ်ပေးသည့်အဖြေကို ပေးခဲ့၏၊ " တစ်နေ့တွင် မောင်မင်းသည် သစ်သားတိုင်အား အနီရောင်ဆိုးပေအံ့"(ဆိုလိုသည်မှာ တံကျင်လျှိုး၍ အသတ်ခံရမည်ဟူလို) ထိုစကားကိုကြားရသောအခါတွင် မန်စူးရ် သခင်ကလည်း အနာဂတ်စကားကို ဤသို့တန်ပြန်ဆိုခဲ့၏။

" ထိုအချိန်ဆိုက်ရောက်လာပါက သခင်လည်း (ဗဟိဒ္ဓ၊ ပညတ်၊ ဝေါဟာရ၊ ဥပမာ၊ ဥပမေယျတို့အပေါ်မှာ သောင်တင်မနေဘဲ အက္ခရာ 'လေဘာစ်'တည်းဟူသော တရားပရိယာယ်တန်ဆာဆင်မှုတို့ကို ထွင်းပေါက်ကာ နက်နက်ရှိုင်းရှိုင်းငုံ့လျှိုးပြီး ဉာဏစက္ခုတည်းဟူသော အဇ္ဈတ္တသန္တာန်အတွင်းမျက်စိဖြင့် ပရမတ်ဆတ်ဆတ် နာမ်မှာ ဉာဏ်ကပ်သဖြင့် စိတ်တံခါးတည်းဟူသော နူရီတိုက်ပွင့်နေသည့်)ဆူဖီသူမြတ် တို့၏"ခိရ်ကာ"ဝတ်ရုံကို စွန့်ပြီး "ဇွာဟေရီအွလ်မာ"တည်းဟူသော ဗဟိဒ္ဓဝါဒီ အပြင်လမ်းသမား ပညတ်ဓမ္မသတ်ရှင်တို့၏ "ဂျတ်ဘာ"ဝတ်ရုံကို ဝတ်ဆင်ပေအံ့။"

သူတော်စင် ဆရာတပည့်နှစ်ဦးတို့၏ နိမိတ်ပေးစကားတို့မှာ အမှန်တစ်ကယ်ပင် အစွလာမ့်သမိုင်း၌ အကောင်အထည်ပေါ်လာခဲ့၏။ မန်စူးရ်သခင်ကို သေဒဏ်အမိန့် ပေးချိန်တွင် သာသနာ့ပညာရှင်အပေါင်းတို့က ဂျူနိုက်ဒ်သခင်ကြီး ဦးဆောင်လက်မှတ် ရေး မထိုးမချင်း မန်စူးရ်သခင်အား သတ်ရန်အမိန့်မပေးဟု အကျပ်ကိုင်လာသောအခါ တွင်မှ ဂျူနိုက်ဒ်သခင်သည် ဆူဖီ၏'ခိရ်ကာ'ဝတ်ရုံတော်ကို ချွတ်ပြီး သာမန်ကျောင်း ဆရာ မဇွာဟေရီအိုလမာတို့၏ "ဂျတ်ဘာ"ကို ဝတ်ဆင်ကာ ဤသို့ဆို၍ လက်မှတ် ရေးထိုးတော်မူ၏။

" မန်စူးရ်၏ ပြောဆိုလုပ်ဆောင်ချက်တို့၏ ဗဟိဒ္ဓပြင်သဏ္ဍာန်ကို ဆင်ခြင် သုံးသပ်ကာ ကျွန်ုပ်၏ သဘောထားအမြင်ကို တင်ပြရပါလျှင် သူ့အားသေဒဏ်အပြစ် ချမှတ်ရန်ထိုက်၏။"

မန်စူးရ်သခင်သည် သူမေးမြန်းသော မေးခွန်းပုစ္ဆာတို့ကို သူ့ဆရာသခင် ဥပဇ္ဈယ် ဂျိုနိုက်ဒ်သခင်က ဖြေကြားခြင်း မပြုရုံမျှမက ခပ်ထန်ထန်ကြိမ်းမောင်းပြီး ကြောက်မက်ဖွယ်ရာ အကျိုးဆက်များနှင့် ကြုံတွေ့ရမည်ဟု ပြောလွှတ်လိုက်သဖြင့် အနည်းငယ် စိတ်မကျေမချမ်းဖြစ်ကာ မိမိဇနီးသည်နှင့်အတူ “တပ်စ်တာ”အရပ်သို့ ထွက်လာခဲ့၏။ ထိုအရပ်၌ တစ်နှစ်ခန့်နေ၏၊ ရပ်သူ ရပ်သားများကလည်း သခင့်ကို အလွန်ဂုဏ်ပြုလေးစားခဲ့ကြ၏။ သို့သော် ထိုအရပ်ရှိ ဘာသာရေးအရေခြုံ သီလကြောင် များကို သခင်က မည္ဘာမတာဝေဖန်လေ့ရှိသဖြင့် ယင်းဘာသာရေးလုပ်စားနေသူ မသူတော်သီလကြောင်အယောင်ဆောင်များသည် သခင့်အပေါ်၌ ကြီးစွာသော အဃာတ ထားကြလေ၏။

မန်စူးရ်သခင်ကြီးကို အမှုဆင်၍လုပ်ကြံနှိပ်ကွက်ကြရာတွင် အုမရ်ဗင် အုဆ်မန် ဟူသည့်ပုဂ္ဂိုလ်၏ သွေးထိုးလှုံ့ဆော်သောစာများသည် ယင်းတို့အား များစွာထောက်ကူ ပံ့ပိုးပေးထားခဲ့၏၊ သို့အတွက်ကြောင့်သခင်လည်း ဆူဖီခိရ်ကာကိုချွတ်ပြီး လူဝတ် ကြောင်လဲကာ နေခဲ့၏။ သို့သော် သခင်၏ဓမ္မစခန်းမြင့်တက်မှုမှာ ရပ်စဲမသွားဘဲ ငါးနှစ်တိုင်အောင် တစ်ရှိန်ထိုးမြင့်တက်ထွန်းတောက်ခဲ့၏။ သခင်သည် ထိုကာလများ အတွင်း၌ စစ်စတန်၊ ကိရ်မန်၊ နင်မ်ရိဇ်အရပ်များသို့ ဒေသစာရီကြွချီတော်မူခဲ့၏၊ သခင်သည် ဝိဇ္ဇာဆီမီးတို့ဖြင့် ထိန်ထိန်ငြီးနေသည့် ပရိယတ်စာပေကျမ်းဂန်တို့ကို ပြုစုရေးသားစီရင်တော်မူပြီး အဝိဇ္ဇာအမိုက်အမှောင်ကို ဖြိုခွင်း၍ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်ကင်းရာဖြစ်သည့် တရားရေအေးအမြိုက်ဆေးကိုလည်း လူအပေါင်းတို့ကို တိုက်ကျွေးရာတွင် ထိရောက်အောင်မြင်မှုများစွာရှိလေရာ သခင့်ကို “လျှို့ဝှက်နက်နဲ နူးညံ့သိမ်မွေ့သည့် “မအ်ရေဖွတ် ပရမတ္တသစ္စာတရား၏ လမ်းညွှန်ဆရာသခင်”ဟု ဘွဲ့အမည်တွင် စေခဲ့၏။

ထိုမှတစ်ဖန်သခင်သည် ဘတ်စ္စရာမြို့သို့ထွက်ခွါကာ ဆူဖီ၏ဝတ်ရုံကို ပြန်ဝတ်ဆင်ပြန်၏၊ သခင်မက္ကာရွှေမြို့တော်သို့ ကြွချီသောအခါ သခင့်ကို လူအပေါင်းက ပဥ္စလက်မှော်ဆရာအဖြစ် သမုတ်ကြပြန်၏၊ သခင်သည် ဘတ်စရာမြို့သို့ ပြန်လာပြီး တရုတ်ပြည်သို့ အိန္ဒိယနိုင်ငံကိုကျော်ဖြတ်ကာ သွားရောက်ခဲ့၏၊ ထိုခရီးမှအပြန် ဒုတိယအကြိမ် ဟဂျ်ဘာဝနာပွားရန် မက္ကာရွှေမြို့တော်သို့အလာတွင် သခင်၏အဇ္ဈ တ္တသန္တာန်အတွင်း၌ အလွန်ကြီးမားသော ပြောင်းလဲမှုကြီးတစ်ရပ် ဖြစ်လျက်ရှိနေ၏၊ သခင့်ဓမ္မစကားများသည် ပရမတ်ဆန်ကာ မြင့်မားလွန်းလှသဖြင့် ဉာဏ်ရင့်သူ လူ အချို့သာ လိုက်မှီ၏၊ သို့အတွက်ကြောင့် သခင်သွားလေရာအရပ်တို့တွင် ဉာဏ်နု သူ ပုထုဇဉ်များစု၏ မောင်းနှင်ထုတ်ခြင်းနှင့် ဖိနှိပ်ညှင်းပန်းခြင်းတို့ကို ခံခဲ့ရ၏။

ဓမ္မစခန်းအဆင့်ဆင့်တွင် အရှိန်အဟုန်ပြင်းစွာ ဉာဏ်ဝင်စားခဲ့သည့် မန်စူးရ်သခင် ၏အနှစ်နှစ်ဆယ်သော ဘဝခရီးတစ်လျှောက်လုံးတွင် အဝတ်တစ်ထည်သာ ဝတ်ဆင်

ခဲ့၏၊ တစ်နေ့တွင်မူ အမြင်မတော်သူတို့က အတင်းအကြပ် သခင့်အကျီကို ချွတ်ကာ အသစ်လဲရန်ကြိုးပမ်းကြစဉ် သခင့်အကျီနှင့် ခန္ဓာကိုယ်အကြား၌ ကင်းမြီး ကောက်တစ်ကောင် အိမ်ဖွဲ့ထားသည်ကို အံ့အားသင့်စွာမြင်တွေ့ကြရ၏၊ ယင်းတို့က ကင်းမြီးကောက်ကို သတ်မည်ပြုသောအခါ သခင်က ဤကင်းမီးကောက်ကို အနှစ် နှစ်ဆယ်တိုင်တိုင် အဆွေခင်ပွန်းပြုလာခဲ့ရသဖြင့် မသတ်ကြပါရန်နှင့် နောက်လဲပေးသည့် အကျီအသစ်ထဲသို့သာ ပြောင်းထည့်ပေးပါရန် မိန့်ကြားခဲ့၏။

အခါတစ်ပါး၌ မန်စူးရ်သခင်သည် ကအ်ဗာကျောင်းတော်ရာသို့ ဟဂ်ျဘာဝ နာပွားရန် ကြွလာစဉ်သခင်နှင့်အတူ လူပေါင်းလေးထောင်လည်း လိုက်ပါလာကြ၏။ သခင်သည် ပူပြင်းသည့်အဆိုပါဒေသ၏ တစ်နေရာတွင် အပူဒဏ်ကို ကာကွယ်ရန် ဦးခေါင်း၌လည်းကောင်း၊ ခြေထောက်၌လည်းကောင်း ဘာမျှမပါဘဲ ဗလာနတ္တိနှင့် တစ်နှစ်တိုင်တိုင်နေခဲ့၏၊ ထို့ကြောင့်သခင်သည် ရုပ်ပိုင်းဆိုင်ရာအနေအထားအားဖြင့် အလွန်ပိန်ချုံသွား၏၊ အသားအရည်များ ပိန်လှီခန်းခြောက်ပြီး အရည်ပြားမှလည်း နေပူဒဏ်ကြောင့် နေရာအနှံ့အပြားလောင်ကျွမ်းလျက်ရှိ၏၊ သူ၏ဝတ်ရုံအတွင်း၌ ကင်းမီးကောက်တစ်ကောင်သည် အိမ်ဖွဲ့၍ပင် အတည်တကျ နေထိုင်နေ၏၊ သခင်က ဤသို့ဆုတောင်းလေ့ရှိ၏။

" အို- အရှင်၊ အရှင်သည်၊ (လောကီနှင့်ခြားနားသည့် လောကုတ္တရာနယ်ပယ် မှ ဓမ္မအာရုံတို့ကြောင့်)"ရင်သပ်ရှုမော အံ့ဩတုန်လှုပ်မှု" ဓမ္မစခန်းကို ဖြတ်ကျော် နေကြသည့် ဓမ္မခရီးသည် တရားသမားတို့၏ ဓမ္မလမ်းညွှန်အဖော်မွန်ဖြစ်ပါသည်။ ကျွန်တော်မျိုးမှာ မိစ္ဆာဒိဋ္ဌိဆိုပါက ကျွန်တော်မျိုး၏ မိစ္ဆာအယူကို ကျယ်ဝန်းကြီးမား စေတော်မူပါအရှင်"

ဤသို့အထင်လွဲစရာ ဝေါဟာရတို့ဖြင့် ဆုတောင်းခြင်းကြောင့် လူအပေါင်းက သခင့်အပါးမှ ထွက်ခွာသွား၍ သခင်တစ်ပါးတည်းကျန်ရှိသောအခါ သခင်သည် ဤသို့ဆုတောင်းပတ္တနာပြုပြန်၏။

" ကျွန်တော်မျိုးသည် အရှင်မြတ်တစ်ပါးတည်းကိုသာလျှင် ခဝတ်ပါ၏၊ အရှင်မှအပ မည်သည့်အရာကိုမှ ကိုးကွယ်ရာအဖြစ် မသတ်မှတ်ပါ၊ အရှင်မြတ်ပေး သနားထားသည့် ကျေးဇူးတော်ဆုတော်လဘ်တော်တို့အတွက်လည်း အရှင့်ကို အလွန်ကျေးဇူးတင်ပါသည်၊ ကျွန်တော်မျိုးမှာ အရှင့်ကျွန်တစ်ပါးဖြစ်ပြီး အရှင်မြတ်သည် မြောက်များစွာသောကျေးဇူးတော်များကို ကျွန်တော်မျိုးအားပေးသနားချီးမြှင့်ထားသ ဖြင့် ကျွန်တော်မျိုး၌ တစ်ခုတည်းသာရှိသော နှုတ်လျှာမှ အရှင့်အနန္တကျေးဇူးတော်တို့ကို ပြီးပြည့်စုံစွာ ဖွင့်ဟမြွက်ဆို၍ ကျေးဇူးတင်နိုင်စွမ်း မရှိပါ အရှင်၊ သို့အတွက်ကြောင့် ကျွန်တော်မျိုးကိုယ်စား အရှင်သာလျှင် အရှင့်ကိုအရှင် ကျေးဇူးတင်ကြောင်း မြွက်ဆိုပေးတော်မူပါ အရှင်။ "

တစ်နေ့သောအခါတွင် မန်စူးရ်သခင်သည် ဟဇရယ်ခဝါးစ်သခင်ကို တောခေါင်ခေါင်တွင်အတွင်း၌ တွေ့ဆုံခဲ့၏၊ ဘာလုပ်နေပါသနည်းဟု မေးမြန်းလေရာ ခဝါးစ်သခင်က

" ကျွန်ုပ်သည်အရှင့်ထံ ယုံပုံလွဲအပ်ခြင်းတည်းဟူသော ရောင့်ရဲတင်းတိမ်မှု "တဝလ်ကုလ်"ကို ဆောက်တည်ရန်ကြိုးပမ်းနေပါ၏၊ အရှင်မြတ်က ကျွန်ုပ်ကို အစာကျွေးရန် စားနပ်ရိက္ခာချပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ကျေနပ်နှစ်သိမ့် ရောင့်ရဲတင်းတိမ်စိတ်ထားနိုင်ရန် အားထုတ်ပါသည်"ဟု ဖြေကြားခဲ့၏။

ထိုအခါ မန်စူးရ်သခင်က ဤသို့မှတ်ချက်ချ၏။

" အသင်၏ ဝမ်းဗိုက်ဖြည့်တင်းရေးပြဿနာအတွက် မည်မျှတိုင်အောင် အသင်အချိန်များ သုံးဖြုန်းနေပါဦးမည်နည်း၊ ဘယ်အချိန်အခါတွင် အရှင့်'တောင်ဟီဒ်' စခန်းသို့ သင်ခိုလှုံရောယှက်ပေါင်းဖက်ပါမည်နည်း (အသင်၏ 'ငါ'တည်းဟူသော အတ္တနှင့် သင့်၌ကိုယ်ပိုင်တစ်သီးတစ်ခြား ပုဂ္ဂလိကရပ်တည်မှုကို ပျောက်ကွယ်စေပါမည်နည်း။)

မန်စူးရ်သခင်ကို ထောင်သွင်းအကျဉ်းချသည့် ပထမညဉ့်၌ လူအပေါင်းသည် သခင့်ကို ချုပ်နှောင်ထားသည့် ကြိုးတိုက်ထဲ၌ မမြင်ကြရပေ၊ သခင်သည် ရုပ်ခန္ဓာကိုယ်ကို အရှင်မြတ်ပေးသနားချီးမြှင့်သော ဈာန်သမာပတ်"ကရာမတ်'တန်ခိုးဖြင့်ဖျောက်ထား၏။ ဒုတိယညတွင်မူ သခင့်ကို ထောင်ကြီးရှိရာနေရာတွင် လူအများက တွေ့ကြသော်လည်း ထောင်အဆောက်အအုံကြီးမှာ ၎င်းတို့စက္ခုအာရုံမှ ကွယ်ပျောက်လျက်နေ၏။ တတိယညတွင်မူ သခင့်ကို ထောင်အတွင်းရှိ ကြိုးတိုက်၌ ထိုင်လျက်နေသည်ကို တွေ့ကြရ၏။ ဤထူးဆန်းလှသည့် အဖြစ်အပျက်ကို လူအပေါင်းက သခင့်ကို မေးမြန်းလျှောက်ထားရာ သခင်က-

" ပထမညတွင် ကျွန်ုပ်သည်အရှင့်ထံတော်မှောက်သို့ ခစားဝင်ရောက်နေရပါ၏၊ ဒုတိယညတွင် အရှင်မြတ်သည် ကျွန်ုပ်ထံသို့ ကြွရောက်တော်မူခဲ့၏၊ တတိယညတွင်မူ ကျွန်ုပ်သည် ဤနေရာသို့ပြန်ရောက်ကာ ကျွန်ုပ်ဥဒါန်းကျူးရင့်ခဲ့သည့် ဓမ္မစကားတို့ကို ရှင်းလင်းဖွင့်ဆိုရန် အမိန့်တော်ရရှိခဲ့၏၊ သိစိတ်ရှိနေသူတစ်ဦးသည် ဘယ်သောအခါမှ " ငါသည် သစ္စာတရားဖြစ်သည်"ဟု မပြောဆိုရ၊ အဘယ်ကြောင့်ဆိုသော် အကြင်သူသည် လူသားဖြစ်ပါက မည်သို့မျှ အနန္တပရမတ္တသစ္စာဓမ္မ၏ မူလဘူတအစဖြစ်သည့် အသခ်တဂုဏ်တော်ရှင်ဖြစ်တော်မူသည့် ကိုးကွယ်ရာသခင်မဖြစ်နိုင်ပေ၊ "အနလ်ဟာ့က်"ငါသည်သစ္စာတရားဖြစ်သည်ဟု ပြောဆိုပါက အယူတိမ်းယိမ်းဖောက်ပြန်သည့် မိစ္ဆာဒိဋ္ဌိဖြစ်ပေအံ့ဟု ရှင်းလင်းရန် အမိန့်တော်ရခဲ့၏"ဟု မန်စူးရ်သခင်က ဖြေကြား၏။

မန်စူးရှ်သခင်သည် နေ့စဉ် ငါးကြိမ် 'ဆွလာတ်'ဘာဝနာပွားပြီးချိန်တိုင်း အကြိမ်ပေါင်းတစ်ထောင်အရှင့်ကို ဦးချ "စစ်ဂျဒါ"ပြုလေ့ရှိ၏၊ လူအပေါင်းက "သင့်ကိုသင် ဟာ့က်"အမှန်တရားဟု အော်နေပြီးမှ မည်သူ့ကို သင်ဦးချနေခြင်းဖြစ်ပါသနည်းဟုမေးကြရာ သခင်က " ကျွန်ုပ်တန်ဖိုး ကျွန်ုပ်ကောင်းကောင်းသိပါသည်" ဟု ဖြေကြားခဲ့၏။

မန်စူးရှ်သခင်ကို အကျဉ်းချထားသည့်ထောင်တွင် အကျဉ်းသား သုံးရာရှိ၏၊ ထိုထောင်သားများအားသခင်က " မောင်မင်းတို့ အကျဉ်းထောင်မှ လွတ်လိုကြသလော ဟုမေး၏။ ထောင်သားများက လွတ်လိုပါသည်ဟု ဖြေကြားလျှောက်ထားကြသောအခါ တွင် သခင်သည်တစ်ချက်မျှလက်မြှောက်ကာ သင်္ကေတတစ်မျိုးပြလိုက်ရုံဖြင့် အကျဉ်း သားများ၏လက်ထိပ် ခြေကျဉ်းတို့သည်လည်းကောင်း၊ အချုပ်ခန်းအသီးသီး၏ တံခါးများနှင့် ထောင်ဗူးဝတံခါးမကြီးသည်လည်းကောင်း ဟင်းလင်းပွင့်သွားလေ၏။ ထောင်သားများက ထောင်မှထွက်ကြစဉ် သခင်ကိုလည်း သူတို့နှင့်တစ်ပါတည်းလိုက် ပါရန် ပြောဆိုခေါ်ဆောင်ကြသောအခါတွင် သခင်က–

" ကျွန်ုပ်နှင့် ကျွန်ုပ်အရှင်တို့အကြား၌ အကျွန်ုပ်စက်တိုင်ပေါ်တက်၍ တံကျင် လျှိုခံရသောအချိန်တွင် ပေါ်ပေါက်လာမည့် လျှို့ဝှက်ကိစ္စတစ်ခု ဆောင်ရွက်ရန်ရှိပါ သည်၊ ကျွန်ုပ်သည် ကျွန်ုပ်အရှင်၏အကျဉ်းသားဖြစ်နေပါသည်၊ ကျွန်ုပ်သည် အရှင် မြတ်၏ ကျမ်းဂန်ဓမ္မခန်းနှင့် ပညတ်ဓမ္မသတ်ကို ရိုသေလေးမြတ်စွာ အလေးဂရုပြုရမည် ဖြစ်ပါသည်"ဟု ဖြေကြားခဲ့၏။

နံနက်မိုးသောက်၍ အလင်းရောက်သောအချိန်တွင် ထောင်တစ်ခုလုံးရှိ သော့ ခလောက်များပွင့်နေပြီး အကျဉ်းသားများ လွတ်မြောက်ထွက်ပြေးသွားသည်ကို ကိုယ် တွေ့တွေ့ရသောလူအပေါင်းက သခင့်ကို အကျိုးအကြောင်းမေးမြန်းစုံစမ်းကြ၏၊ သခင်ကလည်း ဖြစ်ကြောင်းကုန်စင်ကိုပြောပြ၏။

ထိုအခါ လူအပေါင်းက သခင့်ကို အဘယ့်ကြောင့် အကျဉ်းသားများနှင့်အတူ မထွက်ပြေးပါသနည်းဟု မေးမြန်းရာ သခင်က " ကျွန်ုပ်အရှင်သည် ကျွန်ုပ်အား အမျက်တော်ရှလျက်ရှိ၏၊ အရှင်က ကျွန်ုပ်ကို အပြစ်ဒဏ်ခတ်ထားပါသည်၊ သို့အတွက် ကြောင့် ကျွန်ုပ်ဤနေရာ၌ ရှိနေခြင်းဖြစ်ပါသည်"ဟု ဖြေကြားခဲ့၏။

ဤဖြစ်ရပ်ကို ကြားသိရသော ခလီဖွာဘုရင်ကြီးက သခင်နောက်ထပ် ဒုက္ခ ပေးမည်ကို စိုးရိမ်သဖြင့် သခင့်ကိုချက်ချင်း ဦးခေါင်းဖြတ်၍သတ်ရန် အမိန့်ပေးလေ ၏။ သခင့်ကို အဆုံးမစီရင်မီ အကြိမ်သုံးရာ ကြိမ်ဒဏ်ခတ်လေ၏၊ ကြိမ်တစ်ချက် သခင့်ခန္ဓာကိုယ်ပေါ်ကျတိုင်း အကွယ်မှ " အိုမန်စူးရှ် မစိုးရွံ့လေနှင့် ပြစ်ဒဏ်ဟူသမျှ ကို သည်းခံခြင်းခန္တီတရားအပြည့်အဝဖြင့် ခံယူပါလော့"ဟူသော အသံတစ်ကြိမ်ကို

ကြားရ၏။ သခင့်ကို တံကျင်လျှိုသည့် စက်တိုင်ဝန်းကျင်၌ လူပေါင်းတစ်သောင်းမျှ စုရုံးလျက်ရှိနေကြလေသည်။ သခင်သည် လူအပေါင်းကိုကြည့်ပြီး "ဟာ့က်၊ ဟာက့်၊ အနလ်ဟာ့က်"သစ္စာတရား၊ သစ္စာတရား ငါသည်သစ္စာတရား"ဟု ဥဒါန်းကျူးရင့်လေ၏။

ဤအရေးပါလှသောအချိန်တွင် ဒရဝေ့ရှ်သူမြတ်တစ်ပါးက သခင့်အပါးသို့လာပြီး 'အချစ်'ကို အနက်ဖွင့်ရန် ပန်ကြားလေ၏၊ သခင်က အချစ်ဟူသည်ကို ဒီနေ့၊ မနက်ဖန်နှင့် သဘက်ခါတို့တွင် ပီပီပြင်ပြင် ရှင်းရှင်းလင်းလင်းသိရပေအံ့"ဟု ဖြေကြားခဲ့၏၊ ထို(ပထမ)နေ့၌ သခင့်ကို တံကျင်လျှို၍သတ်၏၊ နောက်တစ်နေ့(ဒုတိယ)တွင် အပိုင်းပိုင်း အပြတ်ပြတ်ဖြစ်နေသော သခင့်ရုပ်ကလာပ်ကို မီးရှို့ကြ၏၊ ထိုနေ့နောက်တစ်နေ့(တတိယနေ့တွင်)မူ သခင့်ရုပ်ကလာပ်ပြာတို့သည် လေအဟုန်ကြောင့် နေရာအနှံ့သို့ ပျံ့လွင့်ကုန်၏၊ ဒရဝေ့ရှ်၏အမေးကို သခင်က ဤသို့လက်တွေ့အဖြေပေးခဲ့ခြင်းဖြစ်၏။

မန်စူးရ်သခင်ကို တံကျင်လျှို၍ မသတ်မီ သခင့်အန္တေဝါသိကတပည့်က သခင့်ထံမှ နောက်ဆုံးတရားလမ်းညွှန်ချက်ကို တောင်းခံခဲ့ရာ သခင်က-

" သင်၏အဝိဇ္ဇာစေတသိတ် 'နဖ်စ်အမ္မရာ'၏ စေစားရာ နောက်သို့ မလိုက်လေနှင့်၊ လိုက်ခဲ့သော် အသင်သည် အကုသိုလ် ဒုစရိုက်မှုများကို ကျူးလွန်မိပေမည်"ဟု တရားချီးမြှင့်ခဲ့၏။

တစ်ဖန်သားတော်ကလည်း သခင့်ထံမှ နောက်ဆုံးတရားတောင်းခံလေရာ သခင်က-

" လောကီသားတို့သည် ဂုဏ်ဒြပ်၊ ပကာသနနှင့် ဟိတ်ဟန်တို့နောက်သို့သာ တစ်ကောက်ကောက်လိုက်လေ့ရှိ၏၊ သားတော်ကမူ လောကုတ္တရာ ဘဝသစ္စာကို ရှာမှီးပါလော့၊ ဤတရားကို မြူတစ်မှုန်စာမျှပင် ရရှိအောင်မြင်ခဲ့ပါမူ လူ နတ် ဗြဟ္မာတို့စုပေါင်းလုပ်ကြသည့် ကုသိုလ်ကောင်းမှုထက်သာလွန်ပေအံ့။

---

မန်စူးရ်သခင်ကို စက်တိုင်တင်ရန်ခေါ်အလာတွင် သခင့်မျက်နှာတော်၌ အပြုံးပန်းများဝေလျက်ရှိ၏၊ လူအပေါင်းက သခင် အဘယ်ကဲ့သို့ ဤမျှ ရွှင်ရွှင်ပြပြ ဖြစ်နေနိုင်ပါသနည်းဟုမေးရာ သခင်က-

" ကျွန်ုပ်အိမ်ပြန်ရတော့မှာဖြစ်သည့်အတွက်ကြောင့် ဤအချိန်မှ မပျော်မွေ့ပါလျှင် ဘယ်အချိန်မှာ ပျော်ရပါမည်နည်းဟု ဖြေကြားပြီး ဓမ္မလင်္ကာတစ်ပုဒ်ကို ဤသို့ရွတ်ဆိုပြ၏။

" ထူးခြားးတဲ့အမူးသမား "

" ကျွန်ုပ်သက်နှင်း၊ ချစ်သူမင်းသည် စိမ်းကားရက်စက်၊ အကြမ်းဖက်သည့် ကြင်နာ့ကင်းသူ မဟုတ်ပြီ။

ဆွေသဟာအပေါင်း၊ အေးငြိမ်းကြောင်းတွက်၊ အသခ်တဂုဏ်ထွန်းလှ၍
ရွှမ်းပဘုန်းရှင်၊ အိမ်တော်သခင်က၊ ညွှ်ဝတ်ဖြည့်တင်း၊ တည်ခါခင်းသည့်၊
အမတအနှစ်တရားစစ်၏၊အမြိုက်ယမကာ၊ တစ်ကြိုက်စာသာ၊သောက်မိခါလည်း
သန္တိဆိုက်ရောက်ရန် အကြောင်းတည်း။
အကျွန်ုပ်မှာလည်း 'ဘကာ'အောင်လမ်း၊ မျှော်ကာမှန်းတွေး၊ သက်နှင်းပေးသည့်
ဓမ္မရွှေရည်သောက်လွန်ပြီမို့၊ တရားထူးနှင့် ယစ်ကာမူးလာ၊ များမကြာတွင်း၊
အာရုံကင်းပယ်၊ သိစိတ်ကွယ်ပျောက်၊ လောကီလွန်မြောက်၊ ပီတိတောက်၍၊
ပညာတ်ဖောက်ခွင်း၊ပရမတ်တွင်းသို့၊ ရောက်သည့်တစ်ဖန်၊ ဝိမုတ်ဈာန်ကြောင့်၊
ယစ်ထုတ်သဏ္ဍာန်၊ ပေါက်လေပြန်သည်၊ချစ်သူ'ဒရယာ''ပရဒါ'လှစ်ပြီမို့တည်း။
ဝိဇ္ဇာအနှစ်၊ ဓမ္မစစ်၏၊ နှစ်ချို့ရွှေရည်၊ သောက်သုံးသည့်နောက်၊
ပေါက်ကာဉာဏ်ထူး၊ ဈာန်ယစ်မူးနေ၊ ကျွန်ုပ်အခြေကို
လမြတ်ခါတွင်း၊ လွန်ကျူးခြင်းကြောင့်၊ ချစ်ဘက်နှင်းက၊
'ရှရာ'ခါးလက်၊ ဓမ္မစက်ဖြင့် ခုတ်ကာပိုင်းယူ၊ မိန့်တော်မူသည်၊
ချစ်သူပေးသည့် ပြစ်ဒဏ်တည်း။

ထို့နောက် မန်စူးရ်သခင်သည် စက်တိုင်သို့သွားရာလမ်းတစ်လျှောက်ကို နမ်းရှုံ့ပြီးနောက် ကာဘာကျောင်းတော်မြတ်ရှိရာဘက်သို့လှည့်၍ " ကျွန်တော်မျိုးလိုလား ရှာမှီးနေသည့်အရာကို အရှင်မြတ်ပေးသနားတော်မူခဲ့ပါပြီ အိုအရှင်"ဟု အရှင်မြတ်ကို လျှောက်ထားလေ၏။

မန်စူးရ်သခင်က " ကျွန်ုပ်လူငယ်ဘဝက မိန်းမပျိုတစ်ဦးအား မရိုးသားသော အကြည့်ဖြင့်ကြည့်ခဲ့မိသည့်ပြစ်ဒဏ်ကို ယခုကျွန်ုပ်ခံနေရ၏၊ အသင်တို့လည်း ကျွန်ုပ်ကဲ့သို့ မမှားရလေအောင် သတိတရားကြီးစွာ ထားကြလော့၊ သို့မှသာ ကျွန်ုပ်ကဲ့သို့ မကောင်းမှုအကျိုးဆက်တို့ဖြစ်ထွန်းလာမည် မဟုတ်ချေ "ဟုလည်း ပြောကြားခဲ့၏။

ရှစ်ဘလီသခင်ကြီးက တစ်ဖန်မန်စူးရ်သခင်အား အစ္စလာမ်၏အနှစ်အသားဖြစ်သည့် အတွင်းပရမတ်တရား'တစောင်ဝုဖ်'နှင့်ပတ်သက်၍ ဖွင့်ဆိုပါရန် တရားတောင်းပြန်ရာ သခင်က "အဆွေယခုမြင်တွေ့နေရသည့် ဖြစ်ရပ်အကြောင်းအရာတို့သည် 'တစောင်ဝုဖ်'တရား၏ သရုပ်သကန်ကို အနိမ့်ဆုံးအဆင့်မှ ရှုမြင်ရခြင်းဖြစ်သည်၊ "(အနလ်ဟာ့က်'ဟူသည့် သစ္စာကထာကို နှလုံးသားတွင်း၌သိမ်းထားခြင်းငှာ မစွမ်းသာတော့၍၊ ကန့်သတ်ဘောင်ခတ်မှုရှိသည့် လူ့ဖေါဟာရ စကားလုံးတို့ဖြင့် စီကုံးပြီး ရုပ်ဝတ္ထုနှုတ်လျှာမှ ထုတ်ဖော်ကာ ပွင့်အံထွက်လာသောကြောင့်၊ ဉာဏ်နုသူ လူပြိန်းတို့ အယူတိမ်းစရာ အကြောင်းဖန်လာသဖြင့် မန်စူးရ်သခင်လူ့ဇာတ်သိမ်းရသည့်ဖြစ်ရပ်မှန်ကိုဆိုလို၏။)

ရှစ်ဘလီသခင်က ဤဖြစ်ရပ်၏ တရားသဘောမှာ တစောင်ဝုဖ်၏ အနိမ့်ဆုံးအဆင့်ဟု ဆိုပါလျှင်၊ တစောင်ဝုဖ်၏အမြင့်ဆုံးအဆင့်ကို ချီးမြှင့်ပါရန် တောင်းခံလာသောအခါတွင် သခင်က "အဆွေ၌ ဤအထက်တန်းတရားကို မှီနိုင်လောက်သည့် ဉာဏ်ရည် ရင့်ကျက်ပွင့်ပေါ်မှု မရှိသေးပေ"ဟု ဖြေကြားခဲ့၏။

မန်စူးရ်သခင်ကို စက်တိုင်၌ ချိနှောင်ထားစဉ် ခလီဖွာဘုရင်၏အမိန့်ဖြင့် လူအပေါင်းလာရောက်ကာ ခဲနှင့်ပေါက်ကြ၏။ သခင်မှ ဤခဲမိုးဒဏ်ကို အပြုံးမပျက် ခံခဲ့၏၊ သို့သော် ခလီဖွာဘုရင်၏အမိန့်ကို မလွန်ဆန်လို၍ ရှစ်ဘလီသခင်သည် ခဲအစား ပန်းနှင့်သာပေါက်ခဲ့သော်လည်း မန်စူးရ်သခင်သည် သည်းထန်စွာ အော်ဟစ် ညည်းတွားခဲ့၏။ သခင်၏ထူးဆန်းသော အပြုအမူကို လူအပေါင်းကမေးကြည့်ရာ သခင်က "ဉာဏ်နုသူ လူပြိန်းတို့သည် ကျွန်ုပ်၏ ဓမ္မဥဒါန်းကျူးရင့်မှုကို နားစိမ်းနေကြသည်မှာ သဘာဝကျလှပါ၏။ သူတို့၏ မေဟပိတ်ဖုံးနေသောနှလုံးသားတို့သည် တရားနက်သဘောကို မစောကြောနိုင်ကြသဖြင့် ကျွန်ုပ်အား အမှန်တကယ်ပင် အယူတိမ်းလွဲဖေါက်ပြန်သွားသည့် မိစ္ဆာဒိဋ္ဌိအဖြစ်မှတ်ယူကာ ဘုရင်က အမိန့်ပေးသည်နှင့် စိတ်ပါလက်ပါ ကျွန်ုပ်အား ခဲနှင့်ပေါက်ကြခြင်းဖြစ်၏၊ ထို့ကြောင့်သူတို့ကို ကျွန်ုပ် သဘောပေါက်နားလည်ပြီး သူတို့၏လုပ်ရပ်ကို ကျွန်ုပ်လုံးဝခွင့်လွှတ်ကာ ဥပေက္ခာ ပြုနိုင်ပါ၏၊ သို့သော် ရှစ်ဘလီမှာမူ အစ္စလာမ်၏ အနှစ်အသားဖြစ်သည့် 'အိလ်မေ့တစောင်ဝုဖ်'ပရမတ်တရားကို လိုက်စားသူဖြစ်ပါလျက်နှင့်လည်းကောင်း၊ ကျွန်ုပ်၏ ဓမ္မဥဒါန်းကျူးရင့်မှု၏ အဓိပ္ပါယ်ယတ္တအစစ်အမှန်ကို မှန်ကန်စွာထိုးထွင်းသိမြင် ဉာဏ်ပေါက်သူဖြစ်ပါလျက်နှင့် ဘုရင့်အာဏာစက်နှင့် ခိုင်းစေချက်ကြောင့် ကျွန်ုပ်အား မနာစေရန် သူများလို ခဲနှင့်မပေါက်ဘဲ၊ ဝတ်ကျေတန်းကြေ ပန်းနှင့်သာ ပေါက်ခဲ့သော်ငြားလည်း၊ ရှစ်ဘလီသည် အမှန်ကိုသိလျက် အမှန်ဘက်မှ မရပ်တည်ခဲ့ခြင်းကို ကျွန်ုပ်ခွင့်မလွှတ်နိုင်၍၊ အော်ဟစ်ညည်းတွားလိုက်ခြင်းဖြစ်၏"ဟု ဖြေကြားခဲ့၏။

သခင့်အား ဦးစွာပထမ လက်နှစ်ဘက်ကို စတင်ဖြတ်တောက်ပစ်ကြ၏၊ သခင်က ပြုံးရယ်တော်မူ၏၊ အကြောင်းကို မေးကြည့်ရာ " သူတို့သည် ကျွန်ုပ်၏ ပြင်ပ ဗဟိဒ္ဓရုပ်ခန္ဓာ၏လက်တို့အား ဖြတ်ပစ်ကြကုန်၏၊ သို့သော် ကျွန်ုပ်၏ အဇ္ဈတ္တသန္တာန်အတွင်းမှ ပရမတ်လက်အစုံကို သင်းတို့ မထိမတို့ဝံ့ကြပါ"

ဒုတိယအနေဖြင့် သခင့်ခြေတော်နှစ်ဘက်ကို ပါးကွက်အာဏာသားက ဖြတ်တောက်ပစ်ပြန်၏၊ သခင်က "ကျွန်ုပ်၏အဇ္ဈတ္တသန္တာန်မှ ပရမတ်ခြေအစုံကို သင်းတို့ မဖြတ်နိုင်ပါ။ယခုပင်လျှင် ကျွန်ုပ်သည် ပရမတ်ခြေအစုံဖြင့် လောကီ လောကုတ္တရာ နှစ်ဖြာ နှစ်ဌာနသို့ ခေါက်တုန့်ခေါက်ပြန် ကူးလူးသွားလာကာ ဓမ္မခရီးနှင်နိုင်ပါ၏" ဟု ဆိုပြန်၏။

ယင်းနောက်သခင်သည် ခုတ်ပိုင်းခြင်းခံထားရ၍ ငုတ်တိုမျှသာ ကျန်ရှိတော့သည့် လက်မှ တသွင်သွင်စီးနေသည့် သွေးတို့အားမျက်နှာပေါ်၌သုတ်လိမ်းပြီးနောက် "ယနေ့ငါသည် အလွန်ရွှင်လန်းဝမ်းမြောက်၍ ပီတိဖြစ်ရပါ၏၊ အဘယ်ကြောင့်ဆိုသော် သာသနာ့အာဇာနည် 'ရှဟီဒ်'သခင်တို့၏မျက်နှာချေမှုန့်တို့ကို သုတ်လိမ်းခွင့် ရသောကြောင့်တည်း"ဟု ကြွေးကြော်၏။ ထို့နောက်သခင်သည် 'အေရှာရာ'နိမိတ် သဏ္ဍာန်နှင့် ဆွလာတ်ဘာဝနာပွားပြီးနောက် ချစ်သူ၏ဆုကိုပန်လေ၏။

သခင်ဆုပန်ပြီးပြီးချင်းပင် သခင့်မျက်စိနှစ်လုံးကို ဖေါက်ထုတ်ခြင်းခံရ၏၊ ထို့နောက်သခင့်လျှာကို ဖြတ်၏၊ နိဂုံးချုပ်အနေဖြင့် သခင့်ဦးခေါင်းတော်ကို ပါးကွက်အာဏာသားက ခုတ်ဖြတ်ပစ်လိုက်၏။ သခင့်လျှာနှင့်ဦးခေါင်းကို မဖြတ်မီ သခင်က **" အို- အရှင်၊ ကျွန်တော်မျိုးအား ဆုံးခန်းတိုင်အောင် ဘဝနိဂုံးချုပ်သည်အထိ ယိမ်းယိုင်မှုကင်းသည့် ငြိမ်သက်တည်ကြည်မှုကို ပေးသနားတော်မူသည့်အတွက် ကျေးဇူးတော်ကို အထူးချီးကျူးထောပနာပြုပါ၏။ ကျွန်တော်မျိုးကို ပေးသနားတော်မူသကဲ့သို့ ယခုကျွန်တော်မျိုးအားဝိုင်းရံထားသည့် ကျွန်တော်မျိုးအား ညှင်းပန်းနှိပ်ကွပ်သူတို့၏ နောက်ဆုံးအချိန်ကျရောက်လာချိန်တွင်လည်း ၎င်းတို့ကို တည်ငြိမ်မှုကို ပေးသနားတော်မူပါ"**ဟု ဆုပန်လေရာ၊ ဝိုင်းရံနေကြသည့် လူ့ဗာလ အန္ဓများက သခင့်ဆုတောင်းသံကြားသည်နှင့် သခင့်ကို ခဲများနှင့် ထပ်မံပစ်ပေါက်ကြပြန်၏။

သခင်က နောက်ဆုံးစမ္မစကားကို ဤသို့ဆို၏၊

**" တစ်ဆူတည်းသော အသခ်တဂုဏ်တော်ရှင်အား ချစ်ကျွမ်းဝင်ခဲ့သည့်အတွက် ကျွန်တော်သည်အများနှင့်မတူ တစ်မူထူးခြားကာ ကွဲပြားခဲ့ရပါ၏"**

ထိုသစ္စာကထာကို သခင်မြွက်ဟပြီးနောက် သခင့်ဦးခေါင်းတော်နှင့် ခန္ဓာကိုယ်တို့တစ်ခြားစီဖြစ်အောင် ပိုင်းဖြတ်ခြင်းခံရ၏၊ သခင်သည် ဟက်ဟက်ပက်ပက်ရယ်မောပြီး အသခ်တဂုဏ်ရှင်ချစ်သူ သခင်၏ အမတသုခဘုံစခန်းသန္တိသုခနန်းသို့ ခိုဝင်ရောယှက် ပေါင်းဖက်တော်မူရန် ပြန်လည်ကြွမြန်းတော်မူလေ၏။

သခင်ခန္ဓာဝန်ချပြီးသည်နှင့် သခင့်ရုပ်ကလာပ်တော်မှ တစ်စစီခုတ်ထားခြင်း ခံရသော အင်္ဂါအစိတ်အပိုင်းတို့သည် 'အနလ်ဟာ့က်'ငါသည်သစ္စာတရားဖြစ်သည်ဟူသည့် ဓမ္မဥဒါန်းကို တစ်ပြိုင်တည်း စတင်ရင့်ကျူးကြလေ၏။ ခလီဖွာဘုရင်ကြီးက သခင့်ခန္ဓာကိုယ်၏အပိုင်းအစဖြစ်နေသည့် အင်္ဂါတို့အား ပြာကျအောင်မီးရှို့ကြသော်လည်း သခင့်ရုပ်ကလာပ်ပြာများမှ 'အနလ်ဟာ့က်'ဟူသည့် သစ္စာပဲ့တင်သံသည် ရပ်စဲခြင်းမရှိဘဲ ကျူးရင့်မြဲ ကျူးရင့်နေ၏။

သခင့်ပြာမှုန်တို့ကို 'ဒတ်ဂျလာ'မြစ်ထဲသို့ ကြဲချလိုက်သောအခါတွင် ပြာမှုန့်များသည် ရေပေါ်၌ 'အနလ်ဟာ့က်'ဟူသည့် ဓမ္မစကားလုံးသဏ္ဍာန်ဖြင့် အက္ခရာပုံဖော်၍ ထင်ရှားလာ၏။ မြစ်ရေမှာလည်း တဖြေးဖြေးဆူပွက်လာပြီး လှိုင်းတံပိုးများထလာ၏၊ ယင်းသို့ဖြစ်လာမည့်အကြောင်းကို အရှင့်အလိုတော်နှင့် တင်ကြိုကာသိနေသော မေတ္တာရှင်မန်စူးရ်သခင်သည် သူ့တပည့်များအား လိုအပ်သည်တို့ကို မှာကြားသွားခဲ့၏။ သဘာဝစွမ်းအားတစ်ခုဖြစ်သည့် မြစ်ရေသည် အရှင်ပြဋ္ဌာန်းထားသည့် သဘာဝနိယာမအတိုင်း အတိမ်းအစောင်းမခံဘဲတစ်သွေမတိမ်းလိုက်နာနေ၏။ ယင်းသို့အရှင့်နိယာမကို နာခံတတ်သည့် သဘာဝအင်အားသည် အရှင်၏ပြဋ္ဌာန်းမှုကို ပျပ်ဝတ်ရိုကျိုးစွာ လည်စင်းခံသည့် သဘာဝ၏အမှန်တရားတစ်ခုဘက်မှ ရပ်တည်မည်မှာ

ခမ္မတာပင်ဖြစ်၏။ အမှန်တရားထင်ရှားရန် မြစ်ရေကြီးလာလျှင် ဘဏ္ဍဒတ်မြို့ကြီး ရေလွှမ်းမိုးသွားမည်ကို သခင်သိ၏၊ ထို့ကြောင့် မိမိတပည့်ကို ဤသို့မြစ်ရေကြီးလာပါက မိမိ၏ဝတ်ရုံကို မြစ်အတွင်းပစ်ချရန် မှာကြားခဲ့၏။ သခင့်ဝတ်ရုံမြစ်တွင် ကျဆင်းသွားသည်နှင့် အရှိန်အဟုန်ပြင်းထန်စွာဖြင့် ဒီလုံးကြီးများထနေသည့် ဒဂျလာမြစ်ကြီးသည် ငြိမ်သက်တည်ကြည်သွား၏။ သခင့်ပြာများသည်လည်း ကမ်းစပ်သို့ စုဝေးကပ်ရောက်လာလေရာ သခင့်တပည့်က ပြာများကိုစုစည်းပြီး တရားတော်နှင့်အညီ ကောင်းမွန်စွာ 'ဒဖနာ'မြေမြှုပ်သင်္ဂြိုလ်ပြီးနောက် သခင့်'မဇ္ဇာ'တော်ဂူဗိမာန်ကို ဆောက်လုပ်လေ၏။

မန်စူးရ်သခင် ခန္ဓာဝန်ချပြီးနောက် ဟဇရသ် အဘာစ်တူစီသခင်ကြီးက ဤသို့ဆိုခဲ့၏။

" ကံကံ၏အကျိုးဆက်ကို အပြည့်အဝ တရားမျှတမှန်ကန်စွာဖြင့် တန်ပြန်စံစား၊ ခံစားရမည်)အရှင့်တရားခွင်တွင် တရားစီရင်တော်မူသောနေ့၌ မန်စူးရ်သခင်ကို ခြေထိတ် လက်ထိတ်များခတ်ကာ သံကြိုးနှင့်ချီနှောင်ပြီးမှ ရှေ့တော်မှောက်ကို သူတို့ကို ခေါ်ဆောင်လာကြပေအံ့။ အဘယ်ကြောင့်ဆိုသော် သခင့်၏လောကုတ္တရာ ဈာန်အရှိန်အဟုန်နှင့် ပီတိသောမနဿကျမှုကြောင့် ပထဝီမြေကြီး ၎ှမ်းထိုးမှောက်ခုံဖြစ်သွားနိုင်သောကြောင့်တည်း။"

မန်စူးရ်သခင် မိမိချစ်သူထံသို့ပြန်သည့်ည၌ တရားဘာဝနာပွားများအားထုတ်နေသည့် သူတော်စင်တစ်ပါးအား အရှင့်ထံမှဗျာဒိတ်တော်သံ ဤသို့ကြားရ၏။

" မန်စူးရ်အား ငါ၏လျှို့ဝှက်နက်နဲမှုတစ်ခုအား စောင့်ထိန်းရန် နှင်းအပ်ခဲ့၏။ သူသည်နှလုံးသား၌ မောဟပိတ်ဖုံးနေကြကုန်သော ဉာဏ်နသူပုထုဇဉ်တို့၏နား၌ မဆန့်နိုင်သည့် အဆိုပါတရားထူးကို ကန့်သတ်ဘောင်ခတ်မှုရှိ၍ ပြီးပြည့်စုံမှု ဘယ်သောအခါမှ မရရှိနိုင်သည့် သမုတိသစ္စာမျှသာဖြစ်သော ပညတ်လူ့ဝေါဟာရ စကားလုံးတို့ဖြင့်သီကုံးကာ လူအများကို ဖွင့်လှစ်ကျူးရင့်ခဲ့၏။ ဉာဏ်ရင့်သူ အရဟတ်ပုဂ္ဂိုလ်မြတ်တို့သာလျှင် ဉာဏ်ဝင်ဆန့်နိုင်မည့် ခမ္မနန်းထိုက်သည့် တော်ဝင်သစ္စာပန်းမကိုင်ကို ဉာဏ်မမှီသူများအား လှစ်ဟခဲ့သဖြင့် ငါအရှင်ကသူ့ကို ပြစ်ဒဏ်ခတ်ခြင်းဖြစ်၏။"

# (၁၅) ဟာဇရသ် အဘူဘကာရ် ဝတ်စ်တိ

ဝတ်စတိသခင်ကြီးက သူ့ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ဤသို့တင်ပြခဲ့၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ဥယျာဉ်အတွင်း၌ တရားဘာဝနာစီးဖြန်းရန်နေထိုင်နေစဉ် ငှက်ကလေးတစ်ကောင်သည် ကျွန်ုပ်ဦးခေါင်းပေါ်၌လာရောက်နားခိုလေ၏။ ကျွန်ုပ်လည်း ကျီစယ်သည့်သဘောနှင့် ငှက်ငယ်လေးကိုဖမ်းယူကာ လက်ထဲ၌ဆုပ်ကိုင်ထား၏၊ ဤသို့ငှက်ငယ်လေး ဖမ်းဆီးချုပ်နှောင်ထားခြင်းခံရသည်ကို တွေ့ရသဖြင့် ကျွန်ုပ်၏ရှေ့၌ရှိသော သစ်ပင်ထက်မှ ငှက်တစ်ကောင်သည် ငိုကြွေးရာလေ၏။ ထိုငှက်မှာ ကျွန်ုပ်ဖမ်းထားသော ငှက်ငယ်၏မိဘသော်လည်းကောင်း၊အဖော်သော်လည်းကောင်း၊ ဖြစ်တန်ရာ၏ဟု တွေးထင်မိပြီး ကျွန်ုပ်လက်ထဲမှ ငှက်ငယ်ကို လွှတ်လိုက်၏၊ သို့သော် ကျွန်ုပ်လွှတ်လိုက်သည့် ငှက်ငယ်သည် ပျံသန်းနိုင်ခြင်း မရှိတော့ဘဲ မြေသို့လဲလာသေပွဲဝင်ရာလေ၏၊ ကျွန်ုပ်သည် ဤဖြစ်ရပ်ကြောင့် အလွန်စိတ်ထိခိုက်ခဲ့၏။

အိမ်သို့ပြန်ရောက်သည်နှင့် ကျွန်ုပ်သည် ရောဂါဝေဒနာတစ်မျိုး စွဲကပ်ကာ တစ်နှစ်တိုင်တိုင် ရောဂါပျောက်ကင်းသက်သာမှုမရှိဘဲ ဖြစ်နေ၏။ ထိုအခါ ကျွန်ုပ်သည် မဟာတမန်တော်မြတ်ကြီးအား အရှင့်ထံဆုပန်ပေးပါရန် လျှောက်ထား အသနားခံခဲ့၏၊ အိပ်မက်အတွင်း၌ မဟာတမန်တော်မြတ်ကြီး ကြွရောက်လာပြီး "မောင်မင်းယခုလို ခံစားနေရခြင်းမှာ မောင်မင်းလက်အတွင်း၌ သေဆုံးသွားသည့် ငှက်ငယ်၏အဖေါ်မွန်က ဆုပန်ခဲ့သည့် အကျိုးဆက်ကြောင့်ဖြစ်၏၊ ဤအရေးကိစ္စအတွက် မောင်မင်းထွက်ပေါက်မရှိပြီ၊ မောင်မင်းဆက်လက်ခံစားရပေဦးမည်"ဟု မိန့်မြွက်လေ၏။

ကျွန်ုပ်လည်း နာမကျန်းစွာဖြင့် အိပ်ရာတွင်းလဲကာ ရက်အတန်ကြာပြီးသော တစ်နေ့၌ ကျွန်ုပ်အခန်းအတွင်းတွင် ကြောင်မလေးတစ်ကောင်က ကြောင်ကလေးများလာရောက်မွေးဖွား၏၊ ထိုအချိန်တွင် အခန်းတစ်ဒေါင့်မှ မြွေတစ်ကောင်ထွက်လာကာ ကြောင်ပေါက်ကလေးတစ်ကောင်ကို မျိုမည်ပြုရာ ကျွန်ုပ်အိပ်ရာဘေး၌ရှိသော တောင်ဝှေးဖြင့် မြွေကိုခြောက်လိုက်ရာ မြွေဆိုးလည်း ထွက်ပြေးသွား၏၊ ကြောင်အမေက ဤဖြစ်ရပ်အားလုံးကို အဝေးမှနေပြီး အားလုံးမြင်လေရာ လွတ်မြောက်သွားသော သူ့ရင်သွေးငယ်လေးထံပြေးသွားလေ၏။ ထို့နောက် မျက်ရည်လွှမ်းသော မျက်ဝန်းအစုံဖြင့် ကျွန်ုပ်အား ကျေးဇူးတင်စွာကြည့်လေ၏၊ ထိုအချိန်မှစ၍ ကျွန်ုပ် ရောဂါလည်း သက်သာလာရာ များမကြာမီတွင်ပင် ပုံမှန်ဝတ်တက်မှုနှင့် ဘာဝနာ ပွားမှုများကို ကျွန်ုပ်ပြုနိုင်လာ၏။ ထို့နောက် တစ်ညတွင် မဟာတမန်တော်မြတ်ကြီးအိပ်မက်အတွင်း၌ ကြွရောက်လာပြီး ကျွန်ုပ်ရောဂါသက်သာပျောက်ကင်းရခြင်းမှာ ကြောင်မိခင်က သူ့ရင်သွေးကြောင်ငယ်လေးကို ကယ်တင်ခဲ့သည့်ကျွန်ုပ်အတွက် အရှင့်ထံဆုပန်ခဲ့သည်ကို အရှင်မြတ်က လက်ခံသဘောတူခဲ့သည့်အတွက်ဖြစ်၏ဟု မိန့်ဆိုလေ၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ မေတ္တာတရား၏စွမ်းအားသည် အပဟိတ်တိရစ္ဆာန်တို့ တွင်ပင် မည်မျှ စူးရှထက်မြက်ကြောင်းကို ဝလီဆူဖီ သူတော်စင်တို့၏ထေရုပ္ပတ္တိဖြစ်ရပ်မှန်တို့မှာ အထင်အရှားတွေ့နိုင်၏။*

ဝတ်စတိသခင်ကြီး၏ ဩဝါဒကထာအချို့မှာ–

[၁] အရှင့်ထံလျှောက်လှမ်းရာလမ်းတွင် လောကီအာရုံကာမဂုဏ်တို့သည် မရှိပြီ။ လောကီအာရုံကာမဂုဏ်တို့ထံ သွားရာလမ်းတွင်လည်း အရှင်မရှိပြီ။

[၂] ဓမ္မအတွေ့အကြုံရင့်ကျက်လာသည်နှင့်အမျှ (ကန့်သတ်ဘောင်ခတ်မှုရှိသည့်) လူ့ဆင်ခြင်တုံတရားတို့သည်လည်း အရာမဝင်ဘဲ နားလည်သဘောပေါက်ရန် ခက်ခဲလာပေမည်။

[၃] အချိန်ကို အပြည့်အဝ ကောင်းမွန်စွာအသုံးချခြင်းသည်ပင်လျှင် ဘာဝနာမည်၏။

[၄] သုခဘုံကိုအလိုရှိ၍ ဝတ်ပြုနေသူတစ်ဦးသည် အရှင့်အလုပ်ကို သူလုပ်နေသည်ဟု ထင်မြင်ပေအံ့၊ အကယ်စင်စစ်တွင်မူ သူ့အတွက်သာလျှင် သူလုပ်နေခြင်းဖြစ်၏။ ဆိုလိုသည်မှာ သူ့ဆန္ဒအလိုရမ္မက်တို့အတွက် ဖြေသိမ့်နေခြင်းသာဖြစ်၏။

[၅] လောကဓံကို မည်သူမျှ မတွန်းလှန်နိုင်ပေ၊ သဘာဝတရားနှင့်လည်း မည်သူမျှ စစ်မခင်းနိုင်ပေ။

[၆] ကိလေသာ ကာမဂုဏ်လောကီအာရုံတို့ကို စွန့်လော့၊ ယင်းတို့သည် အရှင့်ရှေ့တော်မှောက်တွင် မြူတစ်မှုန်စာမျှပင် တန်ဖိုးမရှိပေ။

[၇] အရှင့်(သစ္စာဓမ္မ)ကို မျက်မှောက်ပြုထားသူတစ်ဦးသည် အခြားကာမဘုံသားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေါင်းဖက်လိုခြင်း၊ စကားပြောဆိုလိုခြင်း မရှိပေ။ ( သူတော်ကောင်း အပေါင်းမလို ~ ဟူသည့် သဘောမှာ သစ္စာဓမ္မ၌ မွေ့လျော်နေရခြင်းသည်ပင်လျှင်၊ သူတော်ကောင်းတစ်ဦးအဖို့ ပြည့်စုံလျက်ရှိချေ၏။)ဟု ဆိုခြင်းဖြစ်၏။

[၈] မိမိဘာဝနာခန်းပေါ်၌ မာန်ဝင့်ခြင်းထက် ပိုမိုပြင်းထန်သည့် အဆိပ်သည် မရှိပြီ။

[၉] ခန္ဓာကိုယ်အခြားအစိတ်အပိုင်းတို့ဖြင့် လုပ်ရှားကာ ပြုကျင့်ရသည့် အလုပ်များထက် နှလုံးသားဖြင့်ပြုကျင့်ရသော အလုပ်သည် ပိုမိုသာလွန်မွန်မြတ်ပေ၏။

[၁၀] အရှင့်ကိုချစ်သောသူသည် ခန္ဓာကိုယ် ကိုင်းညွတ်သွား၏။

[၁၁] ဤလောက၌ အကောင်းဆုံးသော အဟာရမှာ အရှင့်ကို ဉာဏ်ပွားရသည့် 'ဇိကိရ်'ဘာဝနာပင်ဖြစ်၏။

# (၁၆) ဟဇရေသ် အဗူအစ္စဟားက် အိဗ်ရာဟီမ်ဗင်န် ရှဟာရ်ယားရ် ရှိုင်ဗာနီ

ရှိုက်ခ်အစ္စဟားက်သခင် တစ်ချိန်၌ တရားဒေသနာချီးမြှင့်နေစဉ် တရားနာပရိသတ်အတွင်း၌ ကျမ်းတတ်ပေတတ်ဓမ္မကထိကတစ်ဦးလည်း ပါဝင်ခဲ့၏။ အဆိုပါဓမ္မကထိကသည် ရှိုက်ခ်အစ္စဟားက်သခင်မှာ သမားဂုဏ်ပြပြီး ဝါကြွားလိုသဖြင့် တရားဟောနေသော်လည်း ၎င်းသည် မိမိလောက် ပညာဉာဏ်မရှိ၊ သို့တိုင်အောင် တရားနာပရိသတ်အပေါင်းက သူ့တရားကို မိမိတရားထက် ပိုမိုကြိုက်နှစ်သက်ပြီး မိမိထက် ပိုပြီးဂုဏ်ပြုကြ၏။ ဤသို့အဘယ်သို့ဖြစ်ရပါသနည်းဟု စဉ်းစားတွေးထင်ခဲ့၏။

*ဘာ<u>သာပြန်သူမှတ်ချက်။</u>* *<u>။ သာမန်စိတ်စွမ်းအင်နိုးကြားနေသည့်လူသားများတွင်ပင် စိတ်ချင်းဆက်သွယ်မှု ဝေးနေစိတ်ခြင်းဆက်သွယ်မှုဟု သိပ္ပံပညာက လေ့လာသုတေသနပြုထားသော တယ်လီပ သီဟူသည့် သိစိတ်လွန် အီး၊အက်စ်၊ပီ စွမ်းအင်ထူးသည့် ယင်းလူသားဘက်မှ ကျင့်ကြံအားထုတ်ခြင်း သီလစောင့်ထိန်းခြင်းတို့ပြုရန်မလိုဘဲ၊ အရှင် 'ရာဟ်မန်'ဂုဏ်တော်၏သြဇာသက်ရောက်မှုအနေဖြင့် အလိုအလျောက်ပေါ်ထွန်းနိုင်ပေရာ အရှင်အချစ်တော်တို့အား အရှင်မြတ်က ယင်းတို့၏လုပ်ရပ်ကြောင့် ချီးမြှင့်သည့် ကရာမတ်ရှာန် အဘိညာဉ်တန်ခိုးများအပေါ်၌ ဒွိဟသံသယရှိရန် မထိုက်ပေ။</u>*

ရှိုက်ခ်သခင်ကြီးက အဆိုပါကျမ်းတတ်ပုဂ္ဂိုလ်၏စိတ်ကူးကို 'ကပ်ရှ်'ဒိဗ္ဗစက္ခုဖြင့် သိရှိလေရာ၊ သခင်က မိမိတို့ရှေ့၌ ထွန်းညှိထားသည့် ဆီမီးခွက်ကို လက်ညှိုးညွှန်ပြ၏။ ထိုဆီမီးခွက်မှာ ဖန်ခွက်တစ်ခုအတွင်း၌ ရေဖြည့်ထားကာ ယင်းရေပေါ်၌ ဆီလောင်းထားပြီး ဆီစိမ်မီးဇာနှစ်၍ထွန်းညှိထားခြင်းဖြစ်၏။ သခင်က "ခုနက ကျွန်ုပ်ဆီနှင့်ရေတို့ စကားအခြေအတင်ပြောသံကို ကြားရ၏။ ရေကဆီကို ' ကျွန်ုပ်သည် စကြဝဠာအနန္တမှ ဖန်ဆင်းခံအားလုံးတို့တွင် တန်ဖိုးအရှိဆုံးဖြစ်သည်။ ကျွန်ုပ်ကို အရှင်က မဖန်ဆင်းပါက သတ္တဝါအပေါင်း ရေဆာလောင်မွတ်သိတ်ကာ သေပွဲဝင်ကြရပေအံ့၊ သင့်၌ ထိုဂုဏ်ဒြပ်တို့ မရှိပါဘဲနှင့် အဘယ်အတွက်ကြောင့် ကျွန်ုပ်၏ဦးခေါင်းထက်၌ ထိုင်နေနိုင်ပါသနည်း"ဟုဆိုရာ ဆီက "အသင်သည် သင့်ဂုဏ်ဒြပ်တို့အပေါ်၌ ဂုဏ်မောက်နေပါ၏။ ကျွန်ုပ်မှာမူ မာနကိုချိုး၍ ပျပ်ဝပ်ရိုကျိုးခြင်းတရားကို ကျင့်သုံးနေသူတစ်ဦးဖြစ်ပါသည်။

ကျွန်ုပ်၏ဆွေစဉ်မျိုးဆက်ကို အနည်းငယ်မျှ စဉ်းစားကြည့်ပါကုန်လော့၊ ပထမဦးစွာ ကျွန်ုပ်သည် အစေ့အဖြစ်နှင့် မြေ၌ မြှုပ်နှံခြင်းခံရ၏။ ထို့နောက် အပင်

အဖြစ်မွေးဖွားလာပြီး သစ်စေ့ဘဝသို့ရောက်သောအခါ အပင်မှ ခွေ့ခြူးခြင်းခံရ၏။ ထိုမှတစ်ဖန် အစေ့မှ အဆီဘဝသို့ရောက်ရန် ကျွန်ုပ်ကို ကျိတ်ဆုံ၌ အားပါးတရကျိတ်ညှစ်၍ အဆီထုတ်ယူရ၏။ ယခုလည်း ကြည့်ပါဦးလော့၊ ကျွန်ုပ်သည် မိမိကိုယ်ကို အလောင်ကျွမ်းခံကာ သူတစ်ပါးတို့အလင်းရစေဖို့ စတေးခဲ့ရပါသည်။ သို့တိုင်အောင် ကျွန်ုပ်သည် ကမ္ဘာ့လူသားတို့၏ ညှင်းပမ်းနှိပ်စက်မှုကို ဂရုမပြုခဲ့ပေ။ ဤသည့်အတွက်ကြောင့် အရှင်မြတ်သည် သင်ယခု မကျေနပ်၍ ညည်းထွားနေသည့် ဂုဏ်ဒြပ်မျိုးကို ကျွန်ုပ်အား ချီးမြှင့်ခဲ့ခြင်းဖြစ်၏ဟု ရေကိုပြန်ပြောခဲ့၏။

သခင်က ဓမ္မကထိက၏အတွင်းမနောမှ ဖောက်ပြန်နေသော မနာလိုဝန်တိုစိတ်ကို သိရှိတော်မူသည့်အတိုင်း ယခုလိုလှပသောသာဓကဖြင့် တရားတန်ဆာဆင်ကာ ရုပ်လက္ခဏာတင်ပြီး ဟောပြောလိုက်ရာ စာတတ်ဓမ္မကထိကလည်း မိမိအမှားကို မြင်လာပြီး၊ သခင့်ခြေအစုံကို ဖက်တွယ်ကာ ဝန်ချတောင်းပန်ခဲ့၏။

ရှိုက်ခ် အိဗ်ရာဟင်မ်သခင်ကြီး၏ တရားဆုံးမအချို့မှာ–

[၁] လောကီအာရုံကာမဂုဏ်တို့အပေါ်တွင် ရမ္မက်ထားကာ၊ အရသာခံစားလိုစိတ်ကို မစွန့်သမျှ ကာလပတ်လုံး အရှင့်ကို ဉာဏ်တင်၍ ဘာဝနာပွားများရာတွင် ဓမ္မရသကို ခံစားရမည် မဟုတ်ပေ။

[၂] မာရ်နတ်အဖျက်အင်အားစု၏ ကွန်းခိုရာသည် လူ့သွေးအတွင်း၌ဖြစ်၏။

[၃] သင့်ဂုဏ်သိက္ခာသည် ဝတ်ကောင်းစားလှဝတ်ဆင်မှုအပေါ်တွင် မူတည်မှုမရှိပေ။ နာမ်မှာဉာဏ်ကပ်ပြီး အရှင့်ဘာဝနာပွားခြင်းနှင့် အရှင်သတ်မှတ်ပြဌာန်းထားသည့် အမိန့်ပညတ်တို့ကို သီလစင်ကြယ်အောင် လိုက်နာရိုကျိုးစောင့်ထိန်းခြင်းအပေါ်၌သာမူတည်၏။

[၄] မိမိ၏အသက်မွေးဝမ်းကြောင်းမှုကို သမာအာဇီဝမကျသော မတရားသောနည်းဖြင့် ရှာမှီးသူ၏ဆုတောင်းကို အရှင်မြတ်လက်ခံတော်မူမည် မဟုတ်ပေ။

[၅] ဤလောက၏စည်းစိမ်ချမ်းသာနှင့် ဂုဏ်ဒြပ်တို့ကိုရှာဖွေပြီး မိမိခန္ဓာကိုယ်ကို အလိုလိုက်၍ အကြိုက်ဆောင်ရန်ကိုသာ စိတ်အားသန်နေသူသည် နာမ်ပိုင်းဆိုင်ရာအရ သေဆုံးနေသူမည်၏။

[၆] ကျမ်းမြတ်ကုရ်အာန်ကို အမြဲမပြတ် ဖတ်ရှုလေ့လာမှတ်သားဉာဏ်ပွားနေသူတစ်ဦးထံသို့ အရှင့်ကောင်းချီးမင်္ဂလာအဖြာဖြာတို့သည် ကျဆင်းလျက်ရှိ၏။

[၇] မာယာ၊ ဘယာ၊ တဏှာတို့နှင့်သိုင်းခြုံထားသည့် ကညာပျိုတစ်ဦးနှင့် ဝိညာဉ်ကင်းလျက် အသက်မဲ့နေသည့် အုတ်နံရံတစ်ခုကို ခွဲခြားခြင်းမရှိ တူညီသောသိစိတ်ဖြင့် ရှုနိုင်သူတစ်ဦးအတွက် ကိလေသာ၊ ကာမ၊ ရာဂ အလို့ငှာ အိမ်ထောင်ပြုရန် အကြောင်းပေါ်ပေါက်မည် မဟုတ်ချေ။

[၈] သန်းခေါင်ယံအချိန်တွင် ပွားများရသည့် ဘာဝနာကို မည်မျှပင် တိုတောင်းစွာ ပွားများပါသော်လည်း အကျိုးထူးများစွာရှိ၏။

## (၁၇) ဟာဇရသ် အဘွလ်ဟာဆန် ခိရ်ကာနီ

ဟဇရသ် ဗာယဇီဒ်သခင်ကြီးသည် ဟဂ်ျဘာဝနာပွားရန် နှစ်စဉ် ဓမ္မခရီးထွက်ရာ၌ အပြန်တွင် သာသနာ့အာဇာနည် 'ရှဟီဒီ'များနှင့် သူတော်စင် သူတော်ကောင်းများ၏ ဂူဗိမာန်တို့အားလည်း ဝင်ရောက်ကာ 'ဇေယာရသ်'မေတ္တာပို့၊ မေတ္တာခံကာ ဆုတောင်းလေ့ရှိ၏။ ခိရ်ကန်အရပ်သို့ရောက်လျှင် သခင်သည် မွှေးကြိုင်သည့် ပန်းရနံ့ကို ရှူရှိုက်မိသကဲ့သို့ အသက်ပြင်းပြင်းရှူသွင်းလေ့ရှိ၏။ တပည့်များက ဘယ်အရပ်မှ ထုံသင်းသည့်ရနံ့ကို သခင်ရှူရှိုက်နေခြင်းဖြစ်ပါသနည်းဟုမေးလျှောက်ကြသောအခါတွင် သခင်က " အနာဂတ်ကာလတစ်ချိန်တွင် ဤအရပ်၌ အလ္လာဟ့်အချစ်တော် ပရမတ်ဉာဏ်ရှင်ဆူဖီရဟန္တာသူတော်စင်တစ်ပါး ထွန်းတောက်ပွင့်ပေါ်ပေအံ့၊ သူ့အမည်မှာ အဘွလ်ဟာဆန်ဟုတွင်အံ့၊ ကျွန်ုပ်ထက် ပိုမို၍ ဓမ္မစခန်းတို့ကို ပေါက်မြောက်အောင်မြင်အံ့၊ သူသည်မိသားစုတာဝန်ကို ထမ်းဆောင်ရင်း လယ်ယာလုပ်ငန်းဖြင့် သမာအာဇီဝ အသက်မွေးဝမ်းကြောင်းအံ့"ဟု ဖြေကြားတော်မူ၏။

ဗာယဇီးဒ်သခင်၏ အနာဂတ်ကိုကြို၍ နိမိတ်ပေးသောစကားကိုဆိုပြီး နှစ်အတန်ကြာသောအခါတွင် အဘွလ်ဟာဆန်သခင် ဖွားမြင်တော်မူ၏၊ သက်တော်နှစ်ဆယ်ကျော်လာသောအခါတွင် အဘွလ်ဟာဆန်သခင်သည် နေ့စဉ်ဘာဝနာပွားပြီးတိုင်း ဗာယဇီဒ်သခင်၏ဂူဗိမာန်တော်သို့ သွားရောက်ကာ "ဇေယာရသ်"မေတ္တာပို့၊ မေတ္တာခံကာ ဆုတောင်းလေ့ရှိ၏။

ဗာယဇီးဒ်သခင်၏ ဂူဗိမာန်တွင် အဘွလ်ဟာဆန် သခင်က ဤသို့ဆုတောင်းလေ့ရှိ၏။

" အို- အရှင်၊ ဗာယဇီးဒ်သခင်ကြီး၏အပေါ်၌ အရှင်နှစ်သက်ကြည်ဖြူစွာ ပေးသနားချီးမြှင့်ခဲ့သည့် ဓမ္မစခန်းနှင့် ဉာဏ်စဉ်တို့အနက်မှ တစ်စိတ်တစ်ဒေသမျှသော အစိတ်အပိုင်းကို ကျွန်တော်မျိုးအားလည်း ပေးသနားချီးမြှင့်ပါအရှင်"

၁၂နှစ်၊ ၁၂မိုးလုံးလုံး ဤကျင့်စဉ်ကို အမြဲမပြတ် ကျင့်သုံးပြီးနောက်တစ်နေ့သောအခါတွင် ဗာယဇီးဒ် သခင်ဂူဗိမာန်မှအပြန်တွင် အဘွလ်ဟာဆန်သခင်ကြီးသည် အကွယ်မှ "အဘွလ်ဟာဆန်ကျွန်ုပ်ပေါက်မြောက်အောင်မြင်ခဲ့ရသော ဓမ္မစခန်းအဆင့်

အတန်းသည် သင်က ကျွန်ုပ်ကိုပေးခဲ့သည့် ဓမ္မပဏ္ဏာပင်ဖြစ်ပါသည်"ဟူသော အသံကို ကြားရသောအခါတွင် အဘွလ်ဟဆန်သခင်က " အို- သခင်၊ ကျွန်တော်မျိုးသည် သခင်ပွင့်ပြီးနောက် သုံးဆယ့်ကိုးနှစ်ကြာမှ ဤလူ့လောကသို့ အရှင်စေလွှတ်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်မျိုးသည် အဘယ်သို့ သခင့်အား ဓမ္မပဏ္ဏာဆက်သနိုင်ပါမည်နည်း "ဟု မေးမြန်းရာ၊ ဗာယဇီးဒ်သခင်၏ ဂူဗိမာန် တွင်းမှ-

" ကျွန်ုပ်သည် အခါတစ်ပါး၌ ဓမ္မခရီးစဉ်တစ်ခုတွင် အပဟန့်အတား အနှောင့်အယှက်နှင့် ကြုံတွေ့ရသဖြင့် အရှင့်ထံဆုပန်လေရာ အရှင့်ထံမှ ဤသို့ဗျာဒိတ်တော်သံ ပြန်ကြားချက်ကိုကြားရ၏။

" မောင်မင်းနှောင်တစ်ချိန် ခိရ်ကန်သို့ရောက်လျှင် ထွန်းတောက်မည့် ဝိဇ္ဇာအလင်း ဓါတ်ဖြစ်သည့် ဓမ္မရောင်ခြည်နူရီတော်တစ်ခု ကွန့်မြူးနေသည်ကိုတွေ့ရပေမည်၊ ယင်းနူရီထံမှ သင့်ပြဿနာကို တင်ပြအဖြေရှာလော့" ကျွန်ုပ်လည်း ခိရ်ကန်သို့တစ်ကြိမ် ပြန်ရောက်ရာ နူရီကိုတွေ့ရ၍ ကျွန်ုပ်လိုအပ်ချက်ကိုတင်ပြလေရာ ကျွန်ုပ်တွေ့ကြုံနေရသည့် ဘာဝနာစခန်းမှ အနှောင့်အယှက်အပဟန့်အတားသည် ပျောက်ကင်းသွားလေ၏"ဟု ဖြေကြားလေ၏။

ဤဖြစ်ရပ်နှင့်ကြုံဆုံပြီးနောက် အဘွလ်ဟဆန်သခင်သည် ထူးခြားသော ဓမ္မရသတို့ကို ခံစားရ၏။ တစ်ချိန်က ကျမ်းမြတ်ကုရ်အာန်ကို ဖတ်ရွတ်လေ့လာရန် အခက်အခဲရှိနေခဲ့သည့် အဘွလ်ဟဆန်သခင်သည် နှစ်ဆယ့်လေးနာရီအတွင်း ကျမ်းတော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကာ ဉာဏ်ပွားနိုင်လာ၏။

တစ်နေ့သ၌ အဘွလ်ဟဆန်သခင်ကြီးသည် သူ့အိမ်အတွင်း၌ ကြမ်းပြင်ကို တူးဆွလေရာ ငွေဒင်္ဂါးများထွက်လာသည်ကို တွေ့ရ၏။ သခင်သည် ချက်ချင်းပင် မြေပြန်ဖို့ခဲ့၏။ နောက်တစ်နေရာတွင် သခင်ပြောင်း၍ တူးသောအခါတွင် ရွှေများ ထွက်လာ၏။ သခင်သည်မြေဖို့ကာ နောက်တစ်နေရာပြောင်းပြီး တူးပြန်လေ၏။ တတိယနေရာမှ စိန်များထွက်လာ၏။ သခင်သည် အထက်၌ လုပ်ခဲ့သည့်အတိုင်း မြေပြန်ဖို့ကာ စတုတ္ထနေရာ၌ တူးပြန်လေရာ အဖိုးမဖြတ်နိုင်သည့် ကျောက်မျက်ရတနာတို့ ထွက်လာပြန်၏။ သခင်သည် ဤတစ်ကြိမ်တွင်လည်း မြေကိုပြန်ဖို့ကာ အရှင့်ထံ ဤသို့ဆုပန်လေ၏။

" အို- အရှင်၊ ဤတစ်လောကလုံး၏ စည်းစိမ်ချမ်းသာနှင့် နောင်တမလွန်ဘဝ၏ သုခချမ်းသာတို့ကို ကျွန်တော်မျိုးအား ပေးသနားပါသော်ငြားလည်း အရှင့်အား 'ဝါစွလ်' ကိုယ်တွေ့ကြုံစုံ၍ 'ဒီဒါရ်' (ဉာဏစက္ခုဖြင့်)ဖူးတွေ့ရမှု (သစ္စာတရားကို မျက်မှောက်ပြုမှု) နှင့် လဲလှယ်တော်မူမည် မဟုတ်ပါအိုအရှင်။ "

အခါတစ်ပါး၌ အလွန်ကျော်ကြားသည့် ဆူဖီအရဟတ်သူမြတ်တစ်ပါးက အဘွလ်ဟဆန်သခင်၏အပါးမှာထိုင်ရင်းက သခင့်ရှေ့မှောက်၌ ချထားသည့် သောက်ရေခွက်အတွင်းမှ ငါးအရှင်တစ်ကောင်ကို 'ကရာမတ်'ဈာန်အဘိညာဉ်တန်ခိုးဖြင့် ထုတ်ယူပြသခဲ့၏။

ဟာဆန်သခင်လည်း မီးတဟုန်းဟုန်းတောက်နေသည့် ပန်းဘဲဖိုကြီးအတွင်းမှ ငါးအရှင်တစ်ကောင်ကို ထုတ်ယူပြသလိုက်၏။ ထိုအခါသူတော်စင်က အဆိုပါ တငြီးငြီးတောက်လောင်နေသော မီးဖိုကြီးထဲသို့ သခင်တို့နှစ်ဦးသား ပြိုင်တူခုန်ချပြီး မည်သူခံနိုင်ရည်ရှိကြောင်း စမ်းကြရအောင်ဟုပြောလေရာ အဘွလ်ဟာဆန်သခင်က “ တန်ခိုးသိဒ္ဓိနောက်လိုက်နေခြင်းသည် တရားစခန်းမြင့်တက်ရေးနှင့် သစ္စာဓမ္မရှာမှီးရေးတို့အတွက် မည်သို့မျှ အထောက်အကူမဖြစ်ပါ၊ ကျွန်ုပ်တို့သည် ‘အနတ္တ’တည်းဟူသော (ရုပ်နာမ်ဓမ္မသင်္ခါရတို့၏)ဖြစ်တည်မှုကင်းမဲ့ခြင်း (နက်စ်ပင်လယ်ကြီး)အတွင်း၌ နှစ်မြှုပ်ကြပြီး အလ္လာဟ့်ဗိဇအသခ်တခါတ်၏ ‘ဟာတ်က်’တည်းဟူသော အဝတ်တန်ဆာကို ဆင်မြန်းပြီး အနတ္တပင်လယ်ပြင် အတွင်းမှ ပြန်ထွက်လာကြပါစို့.”ဟု တရားပြကာ နားချခဲ့၏။

ဓမ္မခရီးနှင်ရန် တာဆူနေကြသည့် ခရီးသည်တစ်စုက သခင့်ထံချဉ်းကပ်လာပြီး လမ်းခရီး၌ အကယ်၍ ဓါးပြတိုက်ခြင်းခံရပါက မည်သို့ပြုလုပ်ရပါမည်နည်းဟု မေးလျှောက်ကြ၏။ ထိုအခါသခင်က ယင်းသို့ဖြစ်လာလျှင် ကျွန်ုပ်ကို သတိရလိုက်ပါဟု ဖြေကြားခဲ့၏။ခရီးသည်တို့သည် ခရီးလမ်းခုလပ်၌ အကယ်ပင် ဓါးမြတိုက်ခြင်းခံရပြီး သခင့်ကိုသတိရခဲ့သူတစ်ဦးမှလွဲ၍ ကျန်ခရီးသည်များထံမှ ပစ္စည်းများအားလုံးကို ဓါးပြများက အဓမ္မ လုယက်ယူငင်ကြ၏၊ သခင့်ကို သတိရလိုက်သူ၏ပစ္စည်းများကိုမူ သခင်ကကိုယ်ထင်ပြပြီး သယ်ဆောင်သွားကာ ပျောက်ကွယ်သွား၏။ ဤနည်းအားဖြင့် ထိုသူ၏ ပစ္စည်းဥစ္စာများဓါးပြရန်မှ ကင်းဝေးခဲ့ရ၏။ ခရီးသည်များလည်း အဘွလ်ဟာဆန်သခင့်ထံပြန်လာပြီး သူတို့အရှင့်ထံမှ ဆုပန်သော်လည်း ဆုတောင်းမပြည့်ကြကြောင်း သူတို့အဖေါ်တစ်ဦးကမူသခင့်ကို သတိရအောက်မေ့ခဲ့၍ ဓါးပြဘေးမှ ကင်းဝေးခဲ့ရကြောင်း၊ ယင်းကဲ့သို့ဖြစ်ရခြင်းကို ရှင်းပြပါရန်လျှောက်ထားကြ၏၊ သခင်က ဤသို့ပြန်ဖြေ၏။

“ အသင်တို့သည် အရှင့်ကို နှုတ်ကသာ တသတောင်းဆိုနေကြသော်လည်း လက်တွေ့တွင်မူ သင်တို့လုပ်ဆောင်ချက်တို့၌ ယုံကြည်မှု၏အရိပ်အယောင်မျှပင် မတွေ့မြင်ရပေ၊ ကျွန်ုပ်မူကားအရှင့်ကိုကိုယ်နှုတ်နှစ်လုံးသုံးပါးလုံးဖြင့်တစ်စိတ်တစ်လက်တည်းယုံကြည်ကိုးစားအားထားကာ တမ်းတ၏၊ ထို့ကြောင့် အသင်တို့သည် ကျွန်ုပ်ကို သတိရလိုက်ပါက၊ ကျွန်ုပ်ကလည်း သင်တို့ကိုယ်စား အရှင့်ကို သတိရကာ သင်တို့၏ လိုအင်ဆန္ဒတို့ပြည့်ဝစေရန် ဆုပန်မည်ဖြစ်၏၊ သင်တို့နှုတ်ဖျားက လှုပ်ရှားနေသော်လည်း သင်တို့နှလုံးသားတိုင် ယင်းတမ်းတမှုသည် စိမ့်ဝင်ပျံ့နှံ့ခြင်းမရှိပါက သင်တို့၏သေနေသောနှလုံးသားဖြင့် တောင်းသောဆုတို့မှာ အကျိုးသက်ရောက်မှု အလွန်ပင်နည်းပေမည်။”

အဘွလ်ဟာဆန်သခင်ကြီးသည် ချစ်မြတ်နိုးသည့် တပည့်တစ်ဦးအား ဤသို့မိန့်ဆိုခဲ့၏။

“ လောကသားများအတွက် ဗါယဇီးဒ်သခင်သည် ကွယ်လွန်ခဲ့ပြီးဖြစ်သော်လည်း ကျွန်ုပ်အတွက်မူ သခင်မှာ ဆက်လက်ရှင်သန်နေဆဲဖြစ်ပြီး ကျွန်ုပ်၏လှုပ်ရှားမှုများကို သိလျက်ရှိပါ၏။”

အဘွလ်ဟဆန်သခင်၏တပည့်တစ်ဦးသည် မိမိဇာတိရပ်မြေ၌ ကျွမ်းကျင်သည့် ဟဒီးစ်ပညာရှင်တို့ မရှိသည့်အတွက် အီရတ်နိုင်ငံသို့သွားရောက်ကာ (မဟာတမန် တော်မြတ်ကြီး၏ မဟာဝင်မှဖြစ်စဉ်များပါဝင်သည့်)ဟဒီးဆ်သြဝါဒတော်တို့ကို သင်ယူ ခွင့်ပြုပါရန် သခင့်ထံခွင့်ပန်လေ၏၊ ဟဆန်သခင်က " မောင်မင်းကို ကျွန်ုပ်ကိုယ်တိုင် ဤပညာရပ်များကို သင်ပေးပါမည်၊ အဘယ်ကြောင့်ဟူသော် ကျွန်ုပ်သည် မဟာတမန် တော်မြတ် ကိုယ်တော်တိုင်ထံမှ ဆည်းပူးသင်ကြားခဲ့ရသည့်အတွက်ဖြစ်၏ "ဟု တပည့်ကိုဖြေကြားလိုက်၏။

တပည့်သည် မိမိဥပဇ္ဈာယ်ဆရာ၏ ပြောကြားချက်အပေါ်တွင် လုံးဝဒွိဟ သံသယကင်းရှင်းမှု မရှိခဲ့ပေ၊ သို့သော် ထိုည၌ပင် အိပ်မက်တွင်း၌ ကိုယ်တော်မြတ် သည် သူ့ထံသို့ ကြွရောက်လာပြီး သင့်ဆရာ၏ပြောကြားချက်များမှာ မှန်ကန်ပေသည် ဟု မိန့်ကြားတော်မူလေ၏။ တပည့်လည်း ဟဆန်သခင်ထံ၌ပင် သြဝါဒတော်တို့ကို သင်ကြားခဲ့လေသည်။

ယင်းသို့သင်ကြားနေစဉ် တစ်ချိန်၌ သြဝါဒတော်တစ်ခုမှာ "ကိုယ်တော့်ဖြစ် စဉ်ကို မှားယွင်းစွာဖော်ပြထားသည်"ဟု ဟဆန်သခင်က မိမိတပည့်ကိုထောက်ပြလေရာ တပည့်က မည်သည့်အကိုးအကား အထောက်အထားနှင့် ပြောရေးဆိုခွင့်ရှိသည့် ကျွမ်းကျင်သူပညာရှင်ထံမှ ဤသို့မှားယွင်းကြောင်း ကြားသိရပါသနည်းဟု မေးလေ၏၊ ဟဆန်သခင်က " သင့်အားသင်ကြားပြသနေသည့် တစ်ချိန်လုံးတွင် ကျွန်ုပ်ဒိဗ္ဗစက္ခု ဖြင့် မဟာတမန်တော်မြတ်ကို ဖူးတွေ့နေရပါ၏၊ ကိုယ်တော့်မဟာဝင်နှင့်ပတ်သက်၍ လွဲမှားသောအချက်ကို ဖတ်လိုက်သောအခါတွင် ကိုယ်တော့်ရွှေမျက်နှာတော် မကြည်မသာဖြစ်သွားပါ၏၊ သို့အတွက်ကြောင့် အဆိုပါအချက်မှာ လွဲမှားစွာ မှတ်တမ်းတင်တားခြင်းဖြစ်ကြောင်း ကျွန်ုပ်သိရပေသည်" ဟု ဖြေကြားတော်မူခဲ့၏။

အလ္လာဟ့်အချစ်တော်တစ်ပါး၏အိမ်၌ 'စေ့မ'ဓမ္မဂီတနှင့် ဘာဝနာပွားမှုကို ပြုနေရာ အဘွလ်ဟဆန်သခင်လည်း တက်ရောက်ခဲ့၏။ ဓမ္မရသမြောက်လှသည့် ဓမ္မ ဂီတမှ စာတစ်ပုဒ်သည် အဘွလ်ဟဆန်သခင်ကို ပီတိသောမနဿကျစေပြီး ယင်းလောကုတ္တရာရှာန်အရှိန်အဟုန်ဖြင့် ပထဝီမြေပြင်ကို ခြေသုံးချက်ဆောင့်လိုက် ၏၊ ယင်းသို့ဆောင့်လိုက်သည့်အတွက် အိမ်နံရံများ တုန်ခါသွားကာ အိမ်အတွင်းမှ လူအပေါင်းတို့သည် အိမ်နံရံနှင့် ပထဝီမြေပြင်တစ်ခုလုံးမှာ သခင်နှင့်အတူ 'ဇိကိရ်'၏ လေရှုနှုန်း 'ဒမ်'စည်းဝါးအတိုင်း ယိမ်းနွဲ့လျက်ရှိနေသည်ဟု ခံစားရ၏။ သခင် သိစိတ်ပြန်ဝင်လာသောအခါတွင် သခင့်အပြုအမူအကြောင်းကို မေးလျှောက် ကြည့်ရာ သခင်က " 'စေ့မ'ဓမ္မသဘင်၌ ရောက်ရှိလာ၍ ဓမ္မဂီတကြောင့် ဉာဏ်စဉ် မြင့်မား သည့် ဓမ္မစခန်းတို့အား ပေါက်မြောက်နိုင်စေရန် အဝိဇ္ဇာအဖုံးအကာဖြစ်သည့်

မောဟကကန့်လန့်ကာတို့ကို လှစ်ဟနိုင်ပြီး ဗြဟ္မာဘုံ(မလာအိကဟ်တို့၏စခန်း)တိုင် အမြင့်ပေါက်လောက် အောင် သမ္မာရင့်သည့် ပရမတ်ဉာဏ်ရှင်သူတော်စင်များအတွက်သာ ဤဓမ္မဂီတသည် ဘာဝနာမည်ပေအံ့။"

အခါတစ်ပါး၌ အလွန်ကျော်ကြားသည့် သူတော်စင်တစ်ပါးဖြစ်သည့် အဗူစအီးဒ်သခင်ကြီးသည် အဘွလ်ဟဆန်သခင်ထံ လာရောက်တွေ့ဆုံ၏၊ သခင်နှစ်ပါး ဓမ္မနှီးနှောနေရာမှ ပီတိသောမနဿလွှမ်းခြုံလာသော အဘွလ်ဟဆန်သခင်ကြီးသည် အဗူစအီးဒ်သခင်ကို ပွေ့ဖက်လိုက်၏၊ မိမိအိမ်သို့ပြန်ရောက်သောအခါ အဗူစအီးဒ်သခင်သည် (အဘွလ်ဟန်သခင်၏ ဖိုက်ဇ်ကြောင့် ဓမ္မဓါတ်လှိုင်းများကူးဆက်ပြီး) လောကုတ္တရာရျာန်အရှိန်အဟုန်မြင့်တက်လာကာ တစ်ညလုံး ဒူးခေါက်ထိုင်ကာ အရှင့်ဘာဝနာ၌ မွေ့ပျော်နေပြီး ပီတိစိုက်လာတိုင်း ဥဒါန်းကျူးကာ ဟစ်ကြွေးခဲ့၏။

နံနက်မိုးသောက်သောအခါတွင် အဗူစအီးဒ်သခင်သည် အဘွလ်ဟဆန်သခင်ထံလာပြီး မနေ့ညက သခင်ပွေ့ဖက်လိုက်သဖြင့် ကူးစက်ငြိစွဲသွားသည့် ဓမ္မဓါတ်လှိုင်းတို့အား မိမိဉာဏ်စဉ်မရင့်သေးသည့်အလျောက် ခံနိုင်စွမ်းမရှိပါသဖြင့် ပြန်လည်ရုပ်သိမ်းပေးပါရန် ပန်ကြားလေ၏၊ အဘွလ်ဟဆန်သခင်က အဗူစအီးဒ်သခင်ကို နောက်တစ်ကြိမ်ပွေ့ဖက်လိုက်ရာ အဗူစအီးဒ်သခင်လည်း နဂိုမူလစိတ်အခြေကို ပြန်လည်ရောက်ရှိသွားတော့၏။

---

အဘွလ်ဟဆန်သခင်က အဗူဖိုက်ဇ်သခင်ကို ဤသို့မိန့်ဆိုခဲ့၏။

" အသင့်ကို ကျွန်ုပ်၏ အန္တေဝါသိကတပည့်အဖြစ် လက်ခံခြင်းမှာ ကျွန်ုပ်အရှင့်ထံတွင် ကျွန်ုပ်၏ဓမ္မရသနှင့် အတွေ့အကြုံတို့ကို နှီးနှောတိုင်ပင်နိုင်မည့် အဖော်မွန်တစ်ဦးပေးသနားပါရန် တောင်းခံလေရာ၊ သင့်အား ကျွန်ုပ်ထံသို့ အရှင်စေလွှတ်ခဲ့ခြင်းအတွက်ဖြစ်၏၊ အရှင်မြတ်အား ကျွန်ုပ်အလိုဆန္ဒကို ဖြည့်ဆည်းပေးသည့်အတွက် ကျွန်ုပ်အထူးပင် ကျေးဇူးတင်ရှိပါ၏။"

---

ရှိက်ခ် အဘူဆီနာသည် ဝေးလံလှသည့် မိမိဇာတိဌာနမှ အဘွလ်ဟဆန်သခင်ထံ လာရောက်တွေ့ဆုံဂါရဝပြု၏။ အဘူဆီနာသခင်က တံခါးခေါက်လိုက်သောအခါတွင် အဘွလ်ဟဆန်သခင်၏ ဇနီးက တံခါးလာရောက်ဖွင့်ပေး၏၊ အဘွလ်ဟဆန်သခင်၏ ဇနီးက အဘူဆီနာသခင်ကို အယူတိမ်းသူ မိစ္ဆာဒိဋ္ဌိဟုခေါ်ဆိုပြီး တောထဲ၌ ထင်းခွေရန်သွားနေသည့် သူ့ခင်ပွန်းကိုလည်း မတွေ့ဆုံရန် ပြောကြားလိုက်၏။

အဘူဆီနာသည် အဘွလ်ဟဆန်ထင်းခွေထွက်ရာ တောတွင်းသို့ သခင့်ကိုရှာရန် ထွက်ခဲ့ရာ သခင့်ကို ခြင်္သေ့တစ်ကောင်နှင့်အတူတွေ့ရ၏။ အဆိုပါ ခြင်္သေ့သည် သခင်ကောက်ယူစုဆောင်းထားသည့် ထင်းစည်းများကို မိမိကျောကုန်းပေါ်၌ထမ်းကာ

သခင့်အပါး၌ ခစားလျက်ရှိ၏၊ အဘူဆီနာသည် အဘွလ်ဟာဆန်သခင်ကို ဂါရဝပြုပြီးနောက် စကားလက်ဆုံကျခဲ့ရာ၊ မိမိအား မိစ္ဆာဒိဋ္ဌိဟု သခင့်ကြင်ယာတော်က အဘယ်ကြောင့် မောက်မာစွာဖြင့်ခေါ်ရပါသနည်းဟုမေး၏၊ ထိုအခါတွင် အဘွလ်ဟာဆန်သခင်က "သူ့ဇနီးလို သိုးရိုင်းတစ်ကောင်ကို အောင့်အီးသည်းခံနိုင်ခြင်း မရှိပါက ဤခြင်္သေ့ကို အဘယ်ကဲ့သို့ အမိန့်ပေးနိုင်ပါမည်နည်း"ဟု ဖြေကြားလိုက်၏။

သခင်နှစ်ပါးတို့လည်း တရားဓမ္မနီးနှောကာ အချိန်ကို ကုန်ဆုံးစေခဲ့၏၊ နံနက်ရောက်သောအခါတွင် အဘွလ်ဟာဆန်သခင်ကြီးက မိမိအိမ်မှ နံရံကို ပြုပြင်ရင်းက မိမိလက်ထဲမှကိုင်ထားသော သစ်သားတစ်ပြား မြေသို့ကျသွား၏၊ ဤမြေသို့ကျသွားသော သစ်သားပြားသည် အဘွလ်ဟာဆန်သခင်ကြီး ကောက်ယူခြင်း မပြုမီလည်းကောင်း၊ အဘူဆီနာသခင်ကလည်း ကူညီကာ ကောက်ယူပေးမည်ပြုစဉ်လည်းကောင်း အဘွလ်ဟာဆန်သခင်ကြီး၏ ဈာန်အဘိညာဉ်တန်ခိုး(ကရာမတ်)ကြောင့် အလိုလို အဘွလ်ဟာဆန်သခင်၏လက်တွင်းသို့ လေထဲထဲ ပျံဝဲကာ ရောက်ရှိလာ၏၊ အရှင်ဘက်က ချီးမြှင့်သည့် အဆိုပါ အဘွလ်ဟာဆန်သခင်၏ ဈာန်အဘိညာဉ်တန်ခိုးကို မြင်တွေ့ရပြီးနောက် အဘူဆီနာသခင်လည်း အဘွလ်ဟာဆန်သခင်ကြီး၏ မြင့်မားလှသည့် ဉာဏ်စဉ်စခန်းနှင့် ဝိဇ္ဇာအလင်းထွန်းတောက်မှုတို့ပေါ်တွင် သံသယများ လုံးဝကင်းရှင်း ကွယ်ပျောက်သွားတော့၏။

—※※—※※—※※—

တစ်နေ့သောအခါတွင် လူတစ်ဦးက အဘွလ်ဟာဆန်သခင်ထံသို့လာကာ သခင့်ဝတ်ရုံကို သူ့အားပေးပါရန်နှင့် ယင်းဝတ်ရုံကို သူဝတ်ဆင်ခြင်းဖြင့် သခင့်ကဲ့သို့ အဆင့်မြင့်မားသည့် သူတော်စင်တစ်ပါးဖြစ်လာပါလိမ့်မည်ဟု လျှောက်တင်လေ၏၊ ထိုအခါ အဘွလ်ဟာဆန်သခင်က " ယောကျ်ားတစ်ယောက်သည် မိန်းမတစ်ယောက်၏ အဝတ်ကို ဝတ်ရုံမှုနှင့် မိန်းမအဖြစ်ပြောင်းလဲသွားမည်လော၊ မိန်းမတစ်ယောက်သည် ယောကျ်ားတစ်ယောက်၏အဝတ်ကို ဝတ်ရုံမှုဖြင့် ယောကျ်ားဘဝသို့ ရောက်ရှိလာမည်လော"ဟု မေးမြန်းတော်မူရာ၊ ထိုသူက မဖြစ်နိုင်ပါကြောင်း ဖြေကြား၏၊ ထိုအခါ သခင်က " ဤသို့ဆိုပါလျှင်၊ အသင်သည် ကျွန်ပ်ဝတ်ရုံကိုဝတ်ဆင်ကာမျှနှင့် အဘယ်ကဲ့သို့ ကျွန်ပ်လို ဖြစ်လာပါမည်နည်း"ဟု မိန့်တော်မူ၏။

—※※—※※—※※—

သာသနာ့ပညာရှင် ဓမ္မကထိကတစ်ဦးက တစ်ချိန်တွင် အဘွလ်ဟာဆန်သခင်ကြီးကို တရားချီးမြှင့်ပါရန် တောင်းခံလေရာ၊ သခင်က "လူအပေါင်းအား အရှင့်ထံသို့ဖိတ်ခြင်း 'ဒအ်ဝသ်'ပြုပါလော့၊ သင့်ထံသို့မှု မဖိတ်ကြားလေနှင့်"ဟု ဩဝါဒပေးတော်မူလိုက်၏၊ ဓမ္မကထိကမှာအံ့အားသင့်နေသဖြင့် သခင်ကဆက်၍ " အကယ်၍ ဓမ္မကထိကတစ်ဦးသည် မိမိကဲ့သို့ (အရှင့်ထံဖိတ်ခေါ်မှု)သာသနာ့ဝန်ထမ်းနေသူအခြား

ဓမ္မကထိကတစ်ဦးကို မနာလိုဝန်တိုမှုဖြစ်ပါက၊ ထိုသူသည် တရားနာပရိသတ်အား အရှင့်ထံဖိတ်ခေါ်ခြင်း မဟုတ်ဘဲ၊ သူ့ထံသို့ ဖိတ်ခေါ်နေခြင်းသာဖြစ်ပေမည်၊ ဤသည်မှလွဲ၍ မနာလိုစရာ၊ ဘာအကြောင်းများရှိနိုင်ပါဦးမည်နည်း။"

မာမွတ်ဂဇ်နာဝီဘုရင်ကြီးက သူတစ်ချိန်က ကတိပြုခဲ့သည့်အတိုင်းသူ့ကျွန် 'အ ယာဇ်'ကို သူ၏မင်းဝတ်တန်ဆာများ ဝတ်ဆင်ပေးပြီး သူ၏ရာဇပလ္လင်ပေါ်တွင် ထိုင်ခိုင်းခဲ့၏။ ထို့နောက် 'အ ယာဇ်'သည် မင်းဝတ်တန်ဆာဝတ်ဆင်ပြီး မာမွတ်ဂဇ်နာဝီက မင်းခစားအဝတ်တို့ကိုဝတ်ကာ အဘွလ်ဟဆန်ထံသို့ 'ဆူလတန်'ဘုရင်အား လာရောက်ဂါရဝပြုအခစားဝင်ရန် အမိန့်ဆင့်ဆိုလိုက်၏၊ ယင်းသို့ဆင့်ဆိုရာတွင် အဘွလ်ဟဆန်သခင်က ငြင်းဆိုပါက ကျမ်းမြတ်ကုရ်အာန်၌ပါရှိသော "အရှင့်အမိန့်ကို နာခံကြ၊ တမန်တော်မြတ်အမိန့်ကို နာခံကြ၊ အာဏာပိုင်တို့၏အမိန့်ကို နာခံကြ"ဟူသည့် အာယတ်တော်ကို ထောက်ပြရန် သံတော်ဆင့်ကို အမိန့်ပေးလိုက်၏။

ဘုရင်မာမွတ်၏အမိန့်ကို အဘွလ်ဟဆန်သခင့်ထံ စေတမန်က ဆင့်ဆိုလိုက်သောအခါ၊ အဘွလ်ဟဆန်သခင်က ယင်းအမိန့်ကို နာခံရန် ငြင်းဆန်လေသည်၊ သံတမန်က ကျမ်းမြတ်ကုရ်အာန် အာယတ်တော်ကို ထောက်ပြသောအခါ အဘွလ်ဟဆန်သခင်က " သင်တို့ဘုရင် ဆူလတန်မာမွတ်ကို ပြောလိုက်ပါလော့၊ ကျွန်ုပ်သည် အရှင့်ဘာဝနာ၌ ဉာဏ်စဉ်ဝင်စားနှစ်မြုပ်ပါသဖြင့် ကျွန်ုပ်၏အာရုံကို ဆူလတန်ဘုရင်ထံ ကိုင်းညွှတ်ဖို့ မဆိုထားနှင့် မဟာတမန်တော်မြတ်ဘက်သို့ပင် (အသခ်တဂုဏ်တော်ရှင်အား ကွဲပြားမှုမရှိသည့် သမာဓိဖြင့် အာရုံတည်နေခြင်းကို ဖျက်ပြီး)အာရုံပြုရန်ပင် ကျွန်ုပ်ရှက်လှပါ၏"ဟု မိန့်ဆိုလေ၏။

*ဘာသာပြန်သူမှတ်ချက်* ။ ။ *အထက်၌ အကြိမ်ကြိမ်ဖော်ပြပြီးသော 'ဖနာဖိလ်ဝါဂျဒ်' 'ဖနာဖိလ်ရှိက်ခ်'၊ 'ဖနာဖိလ်ရစူလ်' 'ဖနာဖိလ်လာ' 'ဘကာဘစ်လာ'ဉာဏ်စဉ်စခန်းအဆင့်ဆင့်တို့ကို ပြန်လည်ရှုပါကုန်။*

ပြတ်သားလှသည့် သခင်၏ တုန့်ပြန်ချက်ကို ကြားသိရသော ဘုရင်မာမွတ်သည် သခင်မှာ ကြီးကြယ်မြင့်မြတ်လှသည့် အရဟတ်ဆူဖီပုဂ္ဂိုလ်ထူးတစ်ပါးဖြစ်ကြောင်းကို ရိပ်စားမိလေ၏၊ ထို့နောက် မူလခရီးထွက်စဉ်ကကဲ့သို့ အဝတ်အစားပြောင်းကာ ရုပ်ဖျက်ထားသည့်အတိုင်း မိမိကျွန်အ ယာဇ်နှင့်အတူ သခင်အားထုတ်ရာ ဓမ္မရိပ်သာ 'ခါန်နေကာ'ရှိရာသို့သွားကြပြီး၊ သခင့်ကိုတွေ့သည်နှင့် ဆလာမ်မေတ္တာပို့ဆက်လေ၏။ သခင်သည် တုန့်ပြန်မေတ္တာနှုတ်ခွန်းကို ထိုင်ရာမှမထဘဲ ပြန်ပြီးနောက်၊ ဘုရင်ကဲ့သို့ဝတ်ထားသော 'အ ယာဇ်'အား ဂရုမထားဘဲ မင်းခစားကျွန်တစ်ဦးလို ဝတ်ဆင်ထားသော ဘုရင်မာမွတ်နှင့် အားပါးတရ စကားပြောဆိုလေ၏။

ဘုရင်မာမွတ်က အဘယ့်ကြောင့် "ရေမြေသနင်း ပြည့်ရှင်မင်းကြီးဖြစ်သည့် ဆူလ်တန်နှင့်စကားမပြောပါသနည်း"ဟု သခင့်ကို မေးမြန်းရာ ဟဆန်သခင်က

" ဤအရာအားလုံးသည် အတုအယောင်သရုပ်ဆောင်မှုတွေသာဖြစ်ပါသည်"ဟု ဖြေတော်မူ၏၊ ဘုရင်မာမွတ်က " သခင့်ကဲ့သို့သော အဆင့်ရှိသည့် ပုဂ္ဂိုလ်သူမြတ်များကို ဟန်ပြအတုယောင်တို့ဖြင့် လှည့်စားရန်မရမှန်း ကျွန်တော်မျိုးသိပါ၏"ဟု ပြောလိုက်ရာ၊ အဘွလ်ဟဆန်သခင်ကြီးက ဘုရင်မာမွတ်ကို လက်မှကိုင်ဆွဲပြီး သူ့နောက်လိုက်နောက်ပါအခြွေအရံများနှင့်ဝေးရာ ဒေါင့်တစ်ဒေါင့်သို့ ခေါ်ဆောင်သွား၏။

ထိုအခါ ဘုရင်မာမွတ်က သခင့်ကို " 'ဗာယဇီးဒ်'သခင်အကြောင်း အနည်းငယ်ပြောပြတော်မူပါ"ဟု လျှောက်ထားလေရာ၊ သခင်က " ဗာယဇီးဒ်ကို တွေ့ဆုံဖူးသူတစ်ဦးသည် တရားစီရင်မည့် နောက်ဆုံးနေ့၌ ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ရမည်မဟုတ်ပေ"ဟု မိန့်တော်မူ၏၊ ဘုရင်မာမွတ်က တစ်ဆင့်တက်၍ " ဤသို့ဆိုပါလျှင်၊ တမန်မြတ်ကြီးနှင့် ဗာယဇီးဒ်သခင်တို့ မည်သူပိုမိုမြင့်မြတ်ပါသနည်း၊ ကိုယ်တော်မြတ်ကို ဖူးတွေ့ခဲ့ကြရသည့် အဘူဂျာဟီလ်၊ အဘူလဟဘ်တို့သည်ပင်လျှင် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်မရခဲ့ပါ"ဟု ထပ်ဆင့်မေးလျှောက်ပြန်၏၊ အဘွလ်ဟဆန်သခင်က " အို–မာမွတ်၊ သင်ပြောဆိုသုံးစွဲခိုင်းနှိုင်းသည့်စကားတို့ကို သတိထားဆင်ခြင်ပါလော့၊ ယခုကျွန်ုပ်တို့ ပြောဆိုသည့်အကြောင်းအရာကို ရိုသေလေးမြတ်စွာ တန်ဖိုးထားပါလော့၊ တမန်တော်မြတ်ကို ဖူးတွေ့ကြုံဆုံခဲ့ရသည့်သူတိုင်းသည် ကိုယ်တော်၏ အဖျွတ္တသန္တာန်ပရမတ်ဓါတ်ခံအစစ်အမှန်ကို မသိကြချေ (ကိုယ်တော်နှင့် တွေ့ဆုံသူတိုင်းကို 'ဆွဟာဗာ'၏အဆင့်'ဒရ်ဂျာ'ရသည်ဟု မဆိုနိုင်၊ ကိုယ်တော်ကိုဆန့်ကျင်သူ ရန်ပြုသူများမှာဆွေတော်မျိုးတော်တို့အတွင်း၌ပင်ရှိ၏) ထို့ကြောင့် စစ်မှန်သည့် အီမာန်ယုံကြည်မှု သဒ္ဓါတရားနှင့် ကိုယ်တော်အား အချစ်ထားသူတို့သာလျှင် 'ဆွဟာဗာ'သာဝက၏အဆင့်ကို ရကြပါ၏၊ ဤအထဲမှ ပုဂ္ဂိုလ်ထူးအချို့သာလျှင် ကိုယ်တော်၏အဆင့်အတန်းအနေအထားမှန်ကို သိကြပါ၏၊ ထို့ကြောင့် ကျမ်းမြတ်ကုရ်အာန်တွင်–

**" အို– တမန်တော်၊ သင့်ထံလာသူများအနက်မှ သင့်ကိုမြင်တွေ့သူတို့သည် အသင့်ကိုမြင်ပါလျက် သင့်(အခြေအနေအဆင့်အတန်းမှန်)ကို မမြင်သူများဖြစ်ကြောင်းတွေ့ရပေအံ့။ "**

ဟု အရှင်က မိန့်ဆိုထားခြင်းဖြစ်၏။

ထို့နောက် မာမွတ်ဘုရင်သည် သခင့်ကို ရွှေများဆက်သ၏၊ သခင်က မာမွတ်ကို မုန့်ခြောက်တစ်လုံးပြန်ပေး၏၊ ထိုမုန့်ကို မာမွတ်ဘုရင်သည် မျိုချရန်မည်သို့ပင် ကြိုးပမ်းအားထုတ်သော်ငြားလည်း မျို၍မရပေ၊ ဤအခါကျမှ အဘွလ်ဟဆန်သခင်ကြီးက မာမွတ်ဘုရင်မုန့်မျိုချလို မရသလို၊ မိမိသည်လည်း ဤရွှေသားတို့ကို မျိုချ(လက်ခံသိမ်းပိုက်ခြင်းပြု)လို့ မရကြောင်းနှင့် မိမိမှာ လောကီအာရုံကိလေသာကာမဂုဏ်တို့ကို မတွယ်မက်သည်မှာ ကြာပြီဖြစ်ကြောင်းတို့ကို ပြောကြားပြီး၊ ရွှေများအား မာမွတ်ဘုရင်ကို ပြန်ပေးလိုက်လေသည်။

ဘုရင်မာမွတ်သည် သခင့်ထံမှ အဝတ်ထည်တစ်စကို 'သဗရွတ်'အဖြစ် အမှတ်တရ သိမ်းဆည်းထားလိုကြောင်း လျှောက်ထားတောင်းခံရာ သခင်ကပေးခဲ့၏။ သခင် ဓမ္မရိပ်သာခါန်နေကာမှထွက်အလာတွင် ဘုရင်မာမွတ်က " သခင့်ဓမ္မရိပ်သာ နေရာကလေးသည် အလွန်လှပပေသည်"ဟု မှတ်ချက်ချရာ သခင်က "အလ္လာဟ် အရှင်မြတ်သည် သင့်ကို တိုင်းပြည်တစ်ပြည်လုံး ပေးသနားထားပါသော်လည်း၊ ကျွန်ုပ်ကျောင်းသခ်န်းလေးကို သင်လိုချင်တပ်မက်စိတ်ရှိနေပေသေးလော"ဟု သတိပေး စကားပြောကြားလိုက်၏၊ ဘုရင်မာမွတ်သည် ထိုအခါကျမှ သတိသံဝေဂရကာ ရှက်စိတ်များ ဝင်လာခဲ့၏။

ဘုရင်မာမွတ်သည် သခင့်ထံမှပြန်ရန် ပြုစဉ်အဘွလ်ဟဆန်သခင်သည် မတ်တပ် ရပ်ကာ ဘုရင်ကို နှုတ်ဆက်ခဲ့၏။ မာမွတ်က " သခင့်ထံ ကျွန်တော်မျိုးဝင်လာစဉ် သခင်က ယခုလို မကြိုဆိုခဲ့ပါ၊ ယခုကျွန်တော်မျိုးအပြန်တွင်မှ သခင်အဘယ့်ကြောင့် မတ်တပ်ရပ်ကာ ဂုဏ်ပြုခဲ့ပါသနည်း"ဟုမေးရာ သခင်က " အသင်ကျွန်ုပ်ဓမ္မရိပ်သာ သို့လာစဉ် သင့်၌ရာဇဂုဏ်မောက်၍ မာန်မာနတို့ဝင့်ကြွားစွာဖြင့်လာခဲ့ခြင်းဖြစ်၏၊ ယခုသင့်အတ္တ ကွယ်ပျောက်ပြီး ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသလို မာန်မာနတို့ ကုန်စင်နေသည့် ဒရဝေ့ရှ်သူတော်စင်အဖြစ်နှင့် ကျွန်ုပ်ထံပါးမှထွက်ခွါခဲ့ပေပြီ၊ သင့် မျက်နှာ၌ ထွန်း တောက်နေသည့် ဝိဇ္ဇာအကြည်ဓါတ်နူရ်ရောင်ခြည်တော်ကဤအချက် ကို ပေါ်လွင်စေပါသည်။ ထို့ကြောင့်သင့်အပြန်ခရီးကို ကျွန်ုပ်ဂုဏ်ပြုနှုတ်ဆက်ခြင်း ဖြစ်၏"ဟု ဖြေကြားတော်မူ၏။

နောင်နှစ်ပေါင်းအတန်ကြာသောကာလ၌ ဘုရင်မာမွတ် အိန္ဒိယနိုင်ငံ စွမ်နပ်သ် အရပ်ဒေသကို ဝင်ရောက်တိုက်ခိုက်ရာတွင် နိုင်ချေမရှိကြောင်းကို အကဲခတ်မိ၏။ ထိုအခါ သူသည် သူ၏ အတွင်း ဒေါင့်တစ်ဒေါင့်၌ ကိုယ်လက်သန့်စင်ဝဇူပြုလုပ် ပြီး အဘွလ်ဟဆန်သခင်ပေးခဲ့သည့် အဝတ်စကို စင်တစ်ခုပေါ်တွင်တင်၍ အရှင့်ထံသို့ " အို– အလ္လာဟ်အရှင်မြတ်၊ အရှင့်အချစ်တော်၏ 'တဗရွတ်'အထိမ်းအမှတ်ဖြစ်သည့် ဤအဝတ်စကို အကြောင်းပြု၍ ကျွန်တော်မျိုးအား ဤစစ်၌ အောင်မြင်မှုကို ပေးသနားတော်မူပါ၊ စစ်ပွဲမှရရှိလာမည့် စစ်နိုင်ပစ္စည်းတို့အား သူဆင်းရဲများနှင့် ဖိကီရ်သူတော်မြတ်တို့အား လှူဒါန်းပါမည်အရှင်"ဟု ဆုတောင်းလေ၏၊ ဤဆုကို အရှင်က လက်ခံခဲ့၏၊ ရန်သူတပ်အတွင်း၌ သွေးကွဲမှုများဖြစ်ပေါ်လာပြီး၊ စည်းလုံး ညီညွတ်မှု ပြိုကွဲကာ မာမွတ်ဘုရင်ထံ အညံ့ခံခဲ့ကြရ၏။

ထိုည မာမွတ်ဘုရင် အိပ်မက်တွင် အဘွလ်ဟဆန်သခင်ကြီးသည် အိပ်မက် အတွင်းကြွလာပြီး " အသင်သည် အလွန်ပင် အသိဉာဏ်ကင်းမဲ့သည့်အမှားကို ပြုလုပ်ခဲ့၏၊ ဤအဝတ်စကို အလွန်တန်ဖိုးမရှိသည့်အရာဖြင့် အလဲအလှယ်ပြုခဲ့၏၊ အရှင့်ထံ၌ ကမ္ဘာလူသားထုတစ်ရပ်လုံးအား သစ္စာအမှန်လမ်းသို့ ဖွင့်ပေးပါရန်ဆုပန်ခဲ့လျှင် ဤကမ္ဘာလောက၌ အယူမှားသည့် အဓမ္မဝါဒီတို့ရှိတော့မည် မဟုတ်ပေ၊ သင်သည် လည်း အလွန်ထူးမြတ်သည့် ကုသိုလ်အကျိုးကို ခံစားရပေမည်ဖြစ်၏"ဟု ဆုံးမဩဝါဒ ပေးတော်မူခဲ့၏။

ဟာဇရည် အဘွလ်ဟာဆန် သခင်ကြီးက သူ့တပည့်များအား ပေးခဲ့သည့် ဓမ္မလမ်းညွှန်ချက်အချို့မှာ–

[၁] အရှင်၏ကောင်းချီးမင်္ဂလာကို ရှာဖွေပါလော့၊ အဘယ်ကြောင့်ဆိုသော် ယင်းသည် သုခဘုံ၏စည်းစိမ်ချမ်းသာ အပါယ်ငရဲ၏ ဆင်းရဲဒုက္ခတို့ထက်သာလွန်သောကြောင့်တည်း။

[၂] အဝိဇ္ဇာတည်းဟူသော မောဟကန့်လန့်ကာသည် အတိတ်၊ စစ္စုပ္ပန်၊ အနာဂတ်မည်သော ကာလသုံးပါးကို ဖုံးကွယ် ရစ်ပတ် ရှုပ်ထွေးထားခြင်းဖြစ်၏။ အဝိဇ္ဇာအကာအဆီးကွာကျသွားပါက အရှိကိုအရှိအတိုင်း ယထာဘူတကျကျ အနေအထားမှန်ကန်စွာဖြင့် တွေ့မြင်ရပေမည်။

[၃] မိမိကိုယ်ကိုမိမိ ဆူဖီဟု ကြွေးကြော်ဟန်ထုတ်ခြင်းမှာ အလွန်အဆင့်မြင့်သော ကြွေးကြော်မှုကို ပြုခြင်းဖြစ်၏၊ သို့အတွက်ကြောင့် ယင်းသို့ကိုယ့်ကိုယ်ကို အဆင့်မြင့်သူဟုထုတ်ဖော်ကြွေးကြော်သူမှာ မည်သို့မျှ ဆူဖီမဖြစ်နိုင်ပေ။

[၄] အဘွလ်ဟာဆန်သခင်သည် နှစ်ပေါင်း သုံးဆယ်တိုင်တိုင် သူများနားနေ အိပ်စက်သည့် ညအချိန်၌ ဘာဝနာနှင့်မွေ့လျော်ခဲ့၏။

[၅] အဘွလ်ဟာဆန်သခင်ကို အရှင်မြတ်သည် အရှင့်အာရုံမှ တိမ်းညွတ်ခြင်း မရှိရအောင် မြဲမြံခိုင်မာသည့် သမာဓိကို ချီးမြှင့်ပေးသနားခဲ့ရာ၊ သခင့်အတ္တသည် လုံးဝကွယ်ပျောက်ခဲ့၏၊ သခင့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့သည် သခင့်ဉာဏ်စဉ်တွင် မြဲသည့် အရှိတရားတို့အဖြစ် မတည်ရှိတော့ပေ။

[၆] အဘွလ်ဟာဆန်သခင်ကို အရှင်ချီးမြှင့်သည့် သစ္စာဓမ္မကို လိုလားတောင့်တသည့် အာသာဆန္ဒစိတ်သည် မည်မျှအစွမ်းထက်ပါသနည်းဆိုပါမူ၊ ယင်း၏တစ်စက်မျှကို ဤလူ့လောက၌ ကျရောက်စေခဲ့ပါက "နူးဟ်' နဗီသခင်လက်ထက်က ဖြစ်ပေါ်ခဲ့သည့် 'ရေကြီးယာမတ်'(ကမ္ဘာတစ်ခုလုံး လွှမ်းမိုးသွားသည့် ရေကြီးမှု) ထက် ပြင်းထန်သော မုန်တိုင်းကြီး ဖြစ်ပေါ်လာပေအံ့။

[၇] သခင့်တပည့် 'မုရိဒ်'များသည် သေဆုံးကာနီး ဓာပြန်ချိန်တွင် သခင်၏ ကြားဝင်အသနားခံပေးမှုကြောင့် အရှင့်ဖက်မှ ကောင်းချီးမင်္ဂလာနှင့် ငြိမ်းအေးတည်ကြည်မှုကို ရရှိပေအံ့။

[၈] သခင်သည် သုခဘုံရှိ လိုတရသစ်ပင်ရိပ်၌ထိုင်ရင်း အရှင့်ကို လစ်မေ့နေသည့် ဘဝထက်စာလျှင် လူ့လောက၏ ခြောက်သယောင်းနေသော ခြုံပုတ်တစ်ခုအောက်၌ထိုင်ရင်း အရှင့်ဘာဝနာ၌ တစ်ညလုံးကုန်ဆုံးမှုကို ပိုမို၍နှစ်သက်ပျော်ရွှင်၏။

[၉] သိစိတ်ပျောက်ကွယ်မှုမရှိဘဲ တမင်သက်သက် တန်ခိုးသိဒ္ဓိကိုပြသမှုသည် အရှင့်ကရုဏာတော်မှ နှင်ထုတ်ခြင်း ခံရလတ္တံ့။

[၁၀] သခင်သည် အတ္တကို လုံးဝကွယ်ပျောက်သွားရန်သော်လည်းကောင်း၊ မိမိအတ္တကို စကြဝဠာအနန္တတစ်ခွင်တစ်ပြင်လုံး ချန်လှပ်ခြင်း မရှိအောင် ကျယ်ဝန်းအောင်ချဲ့ထွင်ရင်းနှင့် အတ္တသည် ပရမတ်ဖြစ်သွားရန်သော်လည်းကောင်း ရှာမှီးလို၏။

[၁၁] သခင်သည် တစ်နာရီလျှင်အကြိမ်တစ်ထောင်မျှ အတ္တကွယ်ပျောက်ကာ အနတ္တဉာဏ်ထွန်းတောက်လျက်ရှိ၏။

[၁၂] အရှင့်အလိုတော်နှင့် အရှင့်အသိပေးမှုကြောင့်သခင်သည် ဝေနေယျတို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အကြောင်းတို့ကိုသိ၏၊ ဤကဲ့သို့သော ဉာဏ်ရည်မျိုး မရှိဘဲနှင့် ဆရာတစ်ဆူ မလုပ်ထိုက်ပေ၊ ဥပဏ္ဍာယ်ဓမ္မလမ်းညွှန်ဆရာတစ်ဦးသည် ကမ္ဘာ့မည်သည့်အရပ်တွင်မဆို တစ်စုံတစ်ဦး ဆူးစူးခဲ့ပါက၊ ယင်းပုဂ္ဂိုလ်နှင့်အတူ ထပ်တူထပ်မျှ ခံစားရပြီး၊ မည်သည့်အရပ်ဒေသမှ မည်သူမည်ဝါ ဆူးစူးခံရခြင်းဖြစ်သည်ကို ဒိဗ္ဗစက္ခုဉာဏ်အလင်းဖြင့် ထိုးထွင်းစွာ သိမြင်နိုင်စွမ်း ရှိရပေမည်။ ဤသို့ပြုနိုင်စွမ်းခြင်းမှာလည်း ထိုလမ်းညွှန်ဆရာသည် အရှင့်ဖန်ဆင်းခံစကြဝဠာအနန္တနှင့် မိမိတို့သည် သခ်တဓါတ်ဖြစ်ခြင်း၌ ကွဲပြားမှု မရှိဘဲ တူညီနေခြင်းကိုလည်းကောင်း၊ ယင်းမမြဲရာ ရုပ် နာမ် ဓမ္မ သင်္ခါရဖြစ်သည့် သခ်တဓါတ်တို့သည် မြဲရာ အလ္လာဟ့်ဗီဇ အသခ်တဓါတ်နှင့်တကွသာလျှင် ဖြစ်တည်နေနိုင်ရာ၌ တူညီနေခြင်းကိုလည်းကောင်း ဉာဏ်ပေါက်ခဲ့သဖြင့်ဖြစ်၏။

[၁၃] သခင်သည် အသခ်တဂုဏ်တော်ရှင် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ဖူးတွေ့လိုပြီး၊ သုခဘုံ၏ချမ်းသာမှုကို မတောင့်တလို၊ အပါယ်ငရဲ၏ ဆင်းရဲမှုကိုလည်း ကြောင့်ကျခြင်း မရှိပေ။

[၁၄] သခင်သည် တရားစီရင်တော်မူမည့်နေ့၌ ဝေနေယျအပေါင်းတို့ကိုယ်စား အစစ်အဆေးခံရန် အာသီသပြင်းပြပြီး၊ ယင်းဝေနေယျတို့ ကျူးလွန်ခဲ့သည့် အကုသိုလ် ဒုစရိုက်ပြစ်မှုတို့၏အကျိုးဆက် အပြစ်ဒဏ်ကို ယင်းတို့ကိုယ်စား ခံယူလိုစိတ် ပြင်းပြစွာရှိ၏၊ သခင်က ယင်းသို့ ဒုက္ခစရိယာခံစားခြင်းဖြင့် ဝေနေယျအပေါင်း လွတ်ငြိမ်းချမ်းသာ ရရှိရေးအတွက် မျှော်ကိုးခြင်းဖြစ်၏။

[၁၅] အရှင်မြတ်ကို မဆုတ်မနစ်သော လုံ့လ၊ ဝိရိယ၊ ဇွဲ၊ သတ္တိနှင့် ရှာဖွေပြီးနောက် မိမိ၏ဉာဏစက္ခုဖြင့် 'ဝါစွလ်'တွေ့ဆုံဖူးတွေ့ရပေအံ့။

[၁၆] မွတ်စလင်မ်တစ်ဦးသည် ဆွလာတ်ဘာဝနာပွားမှု၊ ဆွိယမ်ဥပုသ်သီလ စောင့်ထိန်းမှုတို့အတွက်ကြောင့်သာလျှင် ချီးကျူးခြင်း မခံထိုက်ပေ၊ ထိုမွတ်စလင်မ်သည် အကယ်စင်စစ် ချီးကျူးခြင်းခံထိုက်စေရန်သူ၏ဘဝသက်တမ်းတစ်လျှောက်တွင် ကြမ္မာမှတ်တမ်း၌ အကုသိုလ် ဒုစရိုက်အတွက် မှတ်တမ်းတင်ခံခြင်း မရှိသူတစ်ဦးအဖြစ် မိမိဘဝကို ထူထောင်သူတစ်ဦးဖြစ်စေရပါမည်၊ ဤအဆင့်သို့ ထိုသူရောက်ရှိသွားပါက၊ ထိုသူသည် အရှင့်ဘုန်းတော်ကို ခန့်ငြားရိုသေပြီး မာန်စွယ်တို့ချိုးကာ ရိုကျိုးနှိမ့်ချစွာနေပေမည်။

[၁၇] အရှင့်အလိုတော်ဖြင့် အရှင့်ကို (ဉာဏစက္ခုဖြင့်)ဖူးတွေ့ရသူသည် ဖန်ဆင်းခံ ဝေနေယျတို့ကို မမြင်ရပေ၊ အရှင့်ဓမ္မမြင်ကွင်းကို မျက်မှောက်ပြုရသူ တစ်ဦး သည် အတ္တချုပ်ငြိမ်းလျက်ရှိ၏။

[၁၈] (ဓမ္မ)လမ်းလိုက်သူ (သာသနာ့)အာဇာနည်တို့သည် ဤလူ့ဘုံ၌ အသက်ရှင် လျက်နေစဉ်မှာပင် (အာသဝေါတရားနှင့် ကိလေသာကာမဂုဏ်အာရုံတို့)သေ လျက်ရှိ၏။

[၁၉] အို(သစ္စာဓမ္မကို)ရှာပုံတော်ဖွင့်သူတို့၊ အဆွေတို့သည် 'ခူရာဇန်"မြို့၌ နှစ်ပေါင်း (၇၀)တိုင် ဘာဝနာပွားခြင်းကို မက္ကာရွှေမြို့တော် ကအ်ဘာကျောင်းတော်တွင်း ၌ ဘာဝနာပွားနေသည်ဟူသည့် ဓမ္မရသမျိုးခံစားရခြင်း မရှိသေးသမျှ ကာလ ပတ်လုံးသော်လည်းကောင်း၊ လောကီ လောကုတ္တရာ၏စည်းစိမ်ချမ်းသာတို့သည် အဆွေ့ခြေရင်း၌ ဖြိုးမောက်ပြည့်လျှံကာရှိနေသော်ငြားလည်း အဆွေဘာဝနာ ပွားမှုကို အရှင်ကလက်ခံခြင်း ရှိမှရှိပါလေမည်လားဟူသော စိုးရိမ်စိတ်ဖြင့် အရှင့်ကို ရိုသေခန့်ငြားနေခြင်း မရှိသေးသမျှ ကာလပတ်လုံးသော်လည်း ကောင်း အဆွေသည် ဝိဇ္ဇာဉာဏ်အလင်း ထိုးထွင်းတောက်ပပြီးဟူ၍ မမှတ်ယူ လေနှင့်။

[၂၀] မြောက်မြားစွာသောလူတို့သည် ကအ်ဘာကျောင်းတော်ကို တဝဖ်လှည့်ပတ် ကြ၏။ အချို့မှာမူ အာကာသကောင်းကင်ပြင်၌ လှည့်ပတ်နိုင်စွမ်းရှိကြပါ၏၊ သို့သော် 'ဝဟာဒတ်တွလ်ဝါဂျူဒ်'ဉာဏ်စဉ်ကိုလှည့်ပတ်သူ ပုဂ္ဂိုလ်ထူးသည် သာလျှင် ချီးကျူးခြင်းခံထိုက်၏။ (အရှင့်စခန်းကို ဉာဏ်စဉ်ပေါက်မြောက် နေပြီး အရှင်နှင့်တကွ ရှင်သန်နေသူ။)

[၂၁] သခင်သည် ပစ္စုပ္ပန်ကို တည့်တည့်ရှုပြီး မျက်မှောက်ကာလ၏ အရှိတရားကို အလေးထား၏။

[၂၂] လောက၌ မိမိအလိုရှိရာ ပစ္စည်းဥစ္စာတို့ကို ပထမဦးစွာ ရှာဖွေရ၏၊ ယင်းသို့ရှာဖွေ ပြီးမှ ထိုပစ္စည်းဥစ္စာတို့ကို ရရှိပိုင်ဆိုင်၏၊ လောကုတ္တရာတွင်မူ အရှင့်ကို အရင်တွေ့ကြုံဆုံဆည်းဖူးတွေ့ပြီးမှ အရှင့်ရှာပုံတော်ကို ဖွင့်ရ၏။

[၂၃] အလ္လာဟ်အရှင်မြတ်နှင့် သူ၏အချစ်တော် မဟာတမန်တော်မြတ်များ နှစ်ကိုယ် ကြား ပြောကြားကြသည့်စကားတို့မှာ မည်မျှစွမ်းပကားထက်မြက်သည်ဆိုပါမူ အကယ်၍ ယင်းသယမ္ဘူဉာဏ်ဖြင့် ကွန့်မြူးနေသည့် 'ဝဟီ'ဗျာဒိတ်တော်တို့ ၏ သေးငယ်သော အစိတ်အပိုင်းမျှပင် ဤဖန်ဆင်းခံလောကသို့ ကြရောက်ခဲ့ပါ က ဤလောကတစ်ခုလုံးသည် မီးတစ်တောက်အတွင်းမှာ လောင်ကျွမ်းပြာကျ သွားပေအံ့၊ မဟာတမန်တော်များမှာမူ ဤမျှ တန်ခိုးတော် အာနုတော်တို့ဖြင့် ပြည့်စုံသည့် ဗျာဒိတ်တော်တို့ကို ခံနိုင်ရည်ရှိခြင်းမှာ သူတို့သည် အရှင့်အပါး၌

ခစားခွင့်ရကြသောကြောင့်ဖြစ်၏၊ ယင်းဝဟီဗျာဒိတ်တည်းဟူသော သဗ္ဗညုတဉာဏ်တော် သူတို့ထံကျရောက်စဉ် အရှင်သာ သူတို့အပါး၌ မရှိပါက၊ သူတို့၏ ခန္ဓာကိုယ်မှ အင်္ဂါရပ်များသည် တစ်ပိုင်းတစ်စစီ ပြုတ်ထွက်ကုန်မည်ဖြစ်သည်။

[၂၄] ဤလောက၌ အလွန်ထူးမြတ်သည့် အလ္လာဟ့်အချစ်တော်များရှိကြ၏၊ အဆိုပါပုဂ္ဂိုလ်ထူးတို့ အရှင့်ဂုဏ်တော်ကို မွန်းသောအခါတွင် တောတောင်ရေမြေသဘာဝလောကဓါတ်တစ်ခွင်တစ်ပြင်လုံးရှိ ကျေးငှက်သာရကာနှင့် တောရိုင်းသတ္တဝါတို့အပါအဝင် အဟိတ်တိရစ္ဆာန်အပေါင်းတို့သည် ငြိမ်သက်တိတ်ဆိတ်သွားကြကုန်၏။ အာကာသတစ်ခွင်မှ နတ်ဗြဟ္မာအပေါင်းတို့သည် ကြက်သီးမွေးညင်းထကြရကုန်၏၊ ကောင်းကင်နှင့် ပထဝီမြေပြင်နှစ်ရပ်လုံးတွင် ဝိဇ္ဇာဆီမီးတည်းဟူသော ဓမ္မရောင်ခြည်တော်တို့ ထွန်းတောက်ကွန့်မြူးကြကုန်၏။ အရှင့်ဂုဏ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်သည့် 'ဇိကိရ်'ဘာဝနာ၏ ဘုန်းတော်အရှိန်ကြောင့် မြေပြင်သည် အိုးထိန်းစက်ပမာ သွက်သွက်ခါအောင် လှုပ်ရှားခြင်းလည်း ဖြစ်လေသည်။

[၂၅] ဓမ္မခရီးနှင်ရာတွင် အရှင့်ကူညီမှုမပါဘဲနှင့် ခြေတစ်လှမ်းပင် အောင်မြင်စွာ မလှမ်းနိုင်ပေ၊ မိမိကိုယ်တိုင် ကြိုးပမ်းအားထုတ် ဝိရိယစိုက်မှုတစ်ခုတည်းနှင့် မည်သို့မျှ အောင်မြင်နိုင်မည် မဟုတ်ပေ။

[၂၆] မိမိကံကြမ္မာမှတ်တမ်းတွင် အကုသိုလ်မှုအတွက် တစ်ခုမျှပင် ကဗျည်းထိုးခြင်း မခံရအောင် မိမိသက်တမ်းကို ကောင်းမှုတို့ဖြင့်သာ အတိပြီးစေရန် နေထိုင်ပါလေ။

[၂၇] အရှင့်အနီးအပါး၌ ချည်းကပ်ခိုလှုံပါလော့၊ ကိလေသာအာရုံကာမဂုဏ်တို့နှင့် အတိပြီးနေသည့် လောကီအပေါင်းအဖေါ်တို့ကို မတွယ်ဖက်လေနှင့်၊ (အဘယ်ကြောင့်ဆိုသော် လူသားသည် မိမိမိတ်ဆွေနှင့်သာ ပေါင်းသင်းဆက်ဆံသင့်၏၊ ထို့အပြင် အရှင်မြတ်ထက် သာလွန်ကောင်းမွန်သော မိတ်ဆွေသည် လူသားအတွက် မရှိနိုင်ပြီ။)

[၂၈] လူ့လောက၌ ရှိနေကြသည့် အလ္လာဟ့်အချစ်တော်တို့သည် (အလ္လာဟ်အလိုတူ ခွင့်ပြုချက်ဖြင့်)ကံကြမ္မာမှတ်တမ်းကို ဖတ်နိုင်ကြ၏။

ဘာသာပြန်သူမှတ်ချက် ။ ။ သာမန်စိတ်စွမ်းအားရှင်များသည်ပင်လျှင်၊ အရှင်မြတ်ပေးသနားထားသည့် 'ရဟ်မာန်'ဂုဏ်တော်ကြောင့် စိတ်တန်ခိုးနိုးကြားနေသည့်အခါတို့တွင် အကြားအမြင်၊ စိတ်ချင်းစိတ်ဆက်သွယ်မှု၊ ဝေးနေစိတ်ချင်းဆက်သွယ်မှုစသည့် အီးအက်စ်ပီ **အာရုံ**လွန်သိစိတ်ထူးနှင့် အတိတ် ပစ္စုပ္ပန် အနာဂတ်ဟူသည့် ကာလသုံး**ပါးကို** **ကျော်**လွှားကာ သိမြင်နိုင်ကြကြောင်းကို ပရစိတ္တဗေဒ၏ သိပ္ပံဆိုင်ရာ အံ့မှန်တရားအဖြစ် မှတ်တမ်းတင်ထား၏။

*သူတော်စင်ပုဂ္ဂိုလ်မြတ်တို့အား ယင်းတို့၏လုပ်ရပ်ကောင်းများကို အကြောင်းပြုပြီး အရှင်ကချီးမြှင့်သည့် 'ရဟီမ်'ဂုဏ်တော်၏ဩဇာသက်ရောက်မှုကြောင့် အလွန်စွမ်းအားထက်သည့် 'ကရာမတ်'ဈာန်အဘိညာဉ်တန်ခိုးများပိုင်ဆိုင်ခြင်းမှာ တကယ့်အရှိတရားဖြစ်ကြောင်းကို အလ်လေစွန္နတ် ဝလ်ဂျမာအတ်ဝင်တို့ ဒွိဟသံသယ ကင်းရှင်းစွာယုံကြည်ကြပါ၏။*

[၂၉] အရှင်မြတ်သည် ဝိဇ္ဇာဉာဏ်အလင်းထွန်းတောက်ကြသည့် အလ္လာဟ့်အချစ်တော် ပရမတ်ဉာဏ်ရှင်သူတော်စင်တို့အား ဆင်းရဲဒုက္ခတို့ဖြင့် စမ်းသပ်တော်မူလေ့ရှိ၏။

[၃၀] သူတော်စင်သည် ဤလောက၌နေသော်လည်း ကိလေသာအညစ်အကြေးတို့ မစွန်းမငြိတော့ဘဲ ကာမဘုံသားတစ်ဦးလည်း မဟုတ်တော့ပြီ။

[၃၁] သူတော်စင်သည် အလ္လာဟ့်အချစ်တော်ဖြစ်ပြီး မစ္စုပ္ပန်ကာလ၌ပင် အရှင့်စခန်းကို ပေါက်မြောက်အောင်မြင်ထားသူဖြစ်၏၊ တမလွန်ဘဝတိုင်အောင် အရှင့်အား ဖူးတွေ့ရန် အချိန်မဆိုင်းသော ပုဂ္ဂိုလ်ထူးလည်းဖြစ်၏။

[၃၂] အရှင်မြတ်သည် သစ္စာခံမွေသို့ ဆိုက်ရောက်ရာ မဂ္ဂင်လမ်းကို ကိုယ်တော်တိုင်ပြသခဲ့ပါက၊ ယင်းပြသခံရသူသည် ပူးပေါင်းညီညွတ်မှု 'တောင်ဟီဒ်'ဓမ္မစခန်း၌ အရှင့် အပါးတွင် ခစားခွင့်ရ၏၊ ထိုသူမြတ်၏အဆင့်အတန်းနှင့် ဉာဏ်စဉ်ကို အရှင်မှအပ မည်သူမျှ မသိနိုင်ချေ။

[၃၃] အရှင့်ကို ရော်ရမ်းတမ်းတမှန်းဆကာ လွမ်းလျနေမှုကြောင့် နာကျည်းကွဲအက်နေသော နှလုံးသားပိုင်ရှင်သည် အမြတ်ဆုံးသူဖြစ်၏။

[၃၄] နာမကျန်းဖြစ်အောင် အရှင်ကပြုထားသော သူ့အတွက် အရှင်မြတ်သည်ပင် သမားတော်အဖြစ် သရုပ်ဆောင်ပေအံ့။

[၃၅] သုခဘုံကို (အရှင့်ကို လစ်မေ့ပြီး) အလိုရမ္မက်ထားကာ ရှုစားသူသည် အရှင့် ကရုဏာတော်နှင့် ကင်းဝေးပေအံ့၊ ယင်းနှင့် မတူအရှင့်ကို အလိုရှိသောသူသည် တစ်ကိုယ်တည်း စိတ်ငြိမ်ရာ၌၊ လောကီအာရုံကာမဂုဏ်တို့ကို မတွယ်တာဘဲ ကျင့်ကြံအားထုတ်၏၊ မိမိကိုယ် (ရုပ်+နာမ်)ကိုပင်လျှင် ထိုပုဂ္ဂိုလ်မြတ်တို့ခဝါချပစ်၏၊ ထိုအရှင်နှင့် ထိုပုဂ္ဂိုလ်ထူးအကြား၌ရှိသည့် နောက်ဆုံးအကာအဆီးလည်း ကွာကျလေ၏။

[၃၆] လောကီအာရုံကာမဂုဏ်ကို ရှာဖွေသူသည် လောက၏တဏှာကျွန်ဖြစ်၏၊ လောကီအာရုံကာမဂုဏ်ကို မတွယ်ဖက်သောသူကို လောကသည် ကျွန်ခံရ၏။

[၃၇] မည်သည့်လူ့အစုအဝေးတွင်မဆို ဝိဇ္ဇာဉာဏ်အလင်းပေါက်မြောက်ပြီး အရှင့်အနီးအပါးသို့ချဉ်းကပ်ခွင့်ရရှိသည့်အရိယာဖြစ်ပါက ယင်းပုဂ္ဂိုလ်ထူးကိုအကြောင်းပြု၍ အရှင်မြတ်သည် ယင်းလူ့အစုအဝေး၏ အကုသိုလ်ဒုစရိုက်တို့ကို လွတ်ငြိမ်းချမ်းသာခွင့်ပြု၏။

[၃၈] ဒရ်ဝေ့ရှ်သူမြတ်သည် ဤဘဝ၊ နောင်ဘဝ၊ နှစ်ဘဝလုံး၏ (စည်းစိမ်ချမ်းသာ) အတွက် တစ်ချက်မျှပင် လှည့်၍မကြည့်ပေ။

[၃၉] အမြင့်ဆုံးရည်ရွယ်ချက်ပန်းတိုင်ရှိသူများသာလျှင် အရှင့်ထံပေါက်မြောက်ကြ၏။

[၄၀] မိမိအတ္တအားလုံး၀၊ ခ၀ါချပြီးခါမှ အနတ္တဉာဏ်နှင့်ယှဉ်ခါ ဖိုကိုရ်ဘာ၀နာကို ပွားများသင့်၏။

[၄၁] အကုသိုလ်၊ ဒုစရိုက်တို့ကို ဖယ်ရှားပြီး အရှင့်အားဉာဏ်ဝင်စား၍ ဘာဝနာ ပွားများပါက အရှင့်အားဖူးတွေ့ရပေအံ့။

[၄၂] လူတိုင်းလူတိုင်းသည် တမလွန်ဘဝသို့ ဤလောကမှ တစ်စုံတစ်ရာကို ယူဆောင်သွားလိုကြ၏၊ သို့သော် တမလွန်ခရီးစခန်းတွင် အနတ္တဉာဏ် 'နတ်စ်တီ' ဟူသည့် အတ္တကင်းမဲ့မှုမှလွဲ၍ မည်သည့်အရာမှ ခရီးဆက်နိုင်မည် မဟုတ်ချေ။

[၄၃] အရှင့်ကို ခန့်ငြားရှိသေပြီး အရှင့်ဖိုကိုရ်ဘာဝနာကို စွဲမြဲစေပါလော့၊ ထိုအခါ တွင်သင်သည် (တစ်သီးပုဂ္ဂလဖြစ်တည်မှုရှိနိုင်သည်ဟုထင်မှတ်နေသည့် အဝိဇ္ဇာလွှမ်းသော၊ မောဟပိတ်ဖုံးသော အယူများမှ ကင်းလွတ်၍) အရှင့်စခန်းဖြစ် ရာအသခ်တနယ်ပယ်တွင် ဆိုက်ရောက်ပေအံ့။

[၄၄] ပရိယတ်ကျမ်းဂန်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် လမ်းကြောင်းအတိုင်းလျှောက်လှမ်းကြသည့် ထောင်ပေါင်းများစွာသော ဓမ္မခရီးသည်တို့အနက် ပုဂ္ဂိုလ်ထူး တစ်ပါး၏လမ်းကို ကျမ်းဂန်ကပင် လိုက်ရ၏။ ဆိုလိုသည်မှ ထိုပုဂ္ဂိုလ်မြတ်၏ လှုပ်ရှားမှုတိုင်းသည် ကျမ်းဂန်မှပညတ်ထားသည့် ဥပဒေတို့နှင့် တစ်ထပ်တည်း ဖြစ်နေသောကြောင့်တည်း။

[၄၅] ဆူဖီသူမြတ်တို့အတွက် နေ၏အလင်း၊ လ၏အလင်းတို့ မလိုအပ်ပေ၊ အဘယ်ကြောင့်ဆိုသော် အရှင့်၏ထွန်းတောက်ဝင်းပသည့် ဝိဇ္ဇာအလင်းခါတ်သည် သူ၏အဇ္ဈတ္တသန္တာန်၌ ထိန်ဝင်းလျက်ရှိသောကြောင့်တည်း၊ ဤဓမ္မရောင်ခြည်တော်သည် နေ၊ လ၊ နက္ခတ်တာရာတို့၏အလင်းထက် အဆပေါင်းများစွာ လင်းဝင်းတောက်ပပေ၏။

[၄၆] အရှင့်လမ်းညွှန်မှုကိုရရှိသူ ဓမ္မခရီးသည်အတွက် ဓမ္မလမ်းခရီးသည် တိုတောင်းသွား၏။

[၄၇] သူတော်စင်တို့၏ အစာအဟာရသည် အရှင့်အား ဖိုကိုရ်ဘာဝနာပွားများခြင်း နှင့်အတူ အရှင့်တရားတော်တို့ကို နာကြားခြင်းပင်ဖြစ်၏။

[၄၈] အလ္လာဟ်အရှင်မြတ်သည် အရှင့်အချစ်တော်၏ မျက်ဝန်းအစုံမှ အလင်းတော် ဖြစ်သွား၏။

[၄၉] အလ္လာဟ်၏လောကုတ္တရာအချစ်၏ တစ်စိတ်တစ်ပိုင်းသည် ဤလောကသို့ ကျရောက်လာ၏၊ ယင်းကွန်းခိုရန်အတွက် နှလုံးသားစံအိမ်ကို လူ့လောက တစ်ခွင်တွင်ရှာဖွေသော်လည်း၊ ယင်းကိန်းဝပ်စံပယ်ရန်နှလုံးသား ရှာမတွေ့

သဖြင့် နေရင်းရပ်မှန် အရှင့်ထံသို့ ပြန်သွားလေ၏။

[၅၀] နှစ်ပေါင်းတစ်ရာ (ရာစုတစ်စု)တိုင်းတွင် ပြီးပြည့်စုံသည့် အရဟတ်သူမြတ် မဟာလူသားဆူဖီတစ်ပါးပါး ဖွားမြင်ထွန်းတောက် ပွင့်ပေါ်မူလေ့ရှိ၏။ (မဟာတမန်တော်မြတ်၏ဩဝါဒတော်ကို ထပ်ဆင့်ကိုးကားတင်ပြခြင်းဖြစ်သည်။)

[၅၁] အကြင်သူတစ်ယောက်သည် ဘဝသက်တမ်းတစ်လျှောက်လုံးတွင် မည်မျှပင် ခြိုးခြံစွာ တရားကျင့်ကြံ့အားထုတ်စေကာမူ ၎င်း၏နှလုံးသား၌ အရှင့်မှအပ ဖြစ်သည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့အပေါ်တွင် အချစ်ထားပါက အရှင်၏ လက်ခံသဘောတူညီမှုကို ခံရမည်မဟုတ်သလို၊ သူ၏နှလုံးသားသည်လည်း သေမြဲသေလျက်ရှိချေမည်။

[၅၂] အရှင့်ကို ဖူးတွေ့ရသူသည် အတ္တကုန်ဆုံးပျောက်ကွယ်နေသူဖြစ်သည်။

[၅၃] အရှင်နှင့်လူသားအကြား၌ အကြီးမားဆုံးသော အကာအဆီးမှာ ကိလေသာတို့ စုဝေးကိန်းဝပ်ရာ 'ငါ'တည်းဟူသော အတ္တပင်ဖြစ်သည်။

[၅၄] အကြီးမြင့်ဆုံးသော အလုပ်စခန်းမှာ 'ဇိကိရ်'ဘာဝနာပွားများမှုဖြစ်ပြီး၊ ယင်းနောက်တွင် ဦးစားပေးအစဉ်လိုက်မှာ သီလစင်ကြယ်သည့် ဘာဝနာတည်ဆောက်မှု၊ အလှူဒါန ပေးကမ်းစွန့်ကြဲမှုနှင့် ခြိုးခြံစွာ ကျင့်ကြံအားထုတ်မှုတို့ဖြစ်၏။

[၅၅] သူတော်သူမြတ်တို့နှင်ပေါင်းဖက်ခြင်းသည် ဓမ္မပိုင်းဆိုင်ရာ အလွန်ချီးကျူးထိုက်သည့် ကျင့်စဉ်ဖြစ်သည်။

[၅၆] ဤလောက၏ ကိလေသာ ကာမဂုဏ် အာရုံတို့နှင့် ကင်းဝေးစေရန် မိုင်တာရာခန့် ပြေးလွှား(ရှောင်ရှား)ခဲ့ပါက၊ ယင်းလုပ်ရပ်သည် ထူးမြတ်သည့် ဘာဝနာမည်ပေအံ့။

[၅၇] သူတော်စင်နှင့်ပေါင်းဖက်ခြင်းသည် အရှင်ပေးသနားသည့် မြင့်မြတ်သောလက်ဆောင်ပဏ္ဏာဖြစ်ပေ၏။

[၅၈] အထွဋ်မြတ်ဆုံးသော ကအ်ဗာကျောင်းတော်ဟူသည်မှာ အရှင့်ကိုဖူးတွေ့ 'ဒီဒါရ်' (သစ္စာဓမ္မကို မျက်မှောက်ပြုရခြင်း)ပြုရခြင်းဖြစ်၏။

[၅၉] အမှန်တရားကို ရှာပုံတော်ဖွင့်နေသည့် အရှင့်အချစ်တော်တစ်ပါးသည် အဆိပ်ကို ကြည်ကြည်ဖြူဖြူ ရွှင်ရွှင်လန်းလန်း(အရှင်ပေးသောအရာမှန်သမျှ အကောင်းချည်းသာဖြစ်၏ဟူသော ဉာဏ်ဖြင့်ယှဉ်၍) ဆယ်ကြိမ် ဆယ်ခါ၊ သောက်သုံးပါက ဒသမအကြိမ်တွင် အဆိပ်မှ အလွန်အရသာရှိသည့် ပျားသကာကိုရရှိပေအံ့၊ ထိုနည်းတူစွာပင် ဓမ္မခရီးလျှောက်လှမ်းရာတွင် မည်မျှပင် ခက်ခဲကြမ်းတမ်းသည့် ခရောင်းဆူးကြမ်းလမ်းတို့ကို ဖြတ်ကျော်ရသော်ငြားလည်း အဆုံးစွန်သောပန်းတိုင်တွင် ငြိမ်းချမ်းအေးမြသည့် သုခအရှင့်စခန်းသို့ ခိုဝင်ခစားရပေအံ့။

[၆၀] အရှင်မြတ်သည် အသင့်အား အရှင့်မဟာကရုဏာတော်အားဖြင့် အရှင့်အား ရှာဖွေနိုင်ရန်၊ ခွန်အားစွမ်းပကား အပြည့်အဝမပေးသမျှကာလပတ်လုံး သင်သည် အောင်မြင်မှုအရသာကို မြည်းစမ်းရမည် မဟုတ်ချေ။

[၆၁] အရှင့်အတွက် မိမိ၏ဂုဏ်သိက္ခာကို စွန့်လွှတ်ခဲ့သောသူကို အရှင်မြတ်သည် အရှင်မြတ်၏ဂုဏ်သိက္ခာတည်းဟူသော ဝတ်ရုံကို ဆင်မြန်းပေးသနားတော်မူအံ့။

[၆၂] အတ္တကိုဖြုတ်လိုက်ချိန်တွင် အရှင့်ကို ဖူးတွေ့ရအံ့။

[၆၃] မိမိကိုယ်မိမိ ဉာဏ်အလင်းပေါက်ပြီဟူ၍ လူသူအကြားဆိုင်းဘုတ်ထောင်သူသည် အကယ်စင်စစ် ဉာဏ်အလင်းရသူမဟုတ်၊ သူ၏ဝါကြွားကြွေးကြော်မှုသည်ပင်လျှင်၊ သူ့အတွက် အကြီးမားဆုံးသော အဝိဇ္ဇာမောဟ အဖုံးအကာကြီးဖြစ်လျက်ရှိ၏။

[၆၄] တရားဘာဝနာပွားများမှုသည် သင့်ကို စွန့်လွှတ်သည့်တိုင်အောင် အသင်သည် ဘာဝနာပွားများကုန်လော့။

*ဘာသာပြန်သူမှတ်ချက် ။ ။ ဆိုလိုသည်မှာ 'ငါ' ဘာဝနာပွားနေသည်ဟူသည့် အတ္တနှင့်ယှဉ်သည့်အသိ ပျောက်ကွယ်သည့်တိုင်အောင် တစ်နည်း အနတ္တဉာဏ်စိုက်သည့်တိုင်အောင် ဘာဝနာပွားလော့။ သူတော်စင်တစ်ပါးက ဤသို့မိန့်ဆိုခဲ့၏။*

*"သမာဓိတည်ကြည်စွာဖြင့် ဘာဝနာပွားနေသူအတွက် နှောက်ယှက်ရန် မာရ်နတ်လည်းမရှိ၊ ကောင်းမှု၊ မကောင်းမှုမှတ်တမ်းတင်မည့် ဗြဟ္မာတို့လည်းမရှိ၊ ယင်းဘာဝနာခန်းကို ဂုဏ်ယူဝင့်ကြွားရန် အတ္တလည်းမရှိပေ။ "*

[၆၅] အရှင်မြတ်သတ်မှတ် ပြဋ္ဌာန်းထားသည့် ပညတ်ဓမ္မသတ်တို့နှင့်အညီ မိမိဘဝကိုဆောက်တည်ခြင်းသည် တရားကျင့်စဉ်အမြောက်အများကို ကျင့်ကြံဆောက်တည်ခြင်းထက် သာလွန်မြင့်မြတ်၏။

[၆၆] အရှင့်၏ကရုဏာတစ်စက်မျှ သင့်ထံပါးသို့ ကျရောက်ခဲ့ပါက၊ ဤလောကဌ် အသင်သည် မည်သည့်အလိုဆန္ဒမျှရှိတော့မည် မဟုတ်သလို၊ လောကီသားတို့ ပြောဆိုချက်များကို မကြားလို၊ ယင်းတို့အားလည်း စကားမပြောလိုဘဲ ရှိချေမည်။

[၆၇] အရှင့်အား အောက်မေ့တသ ဉာဏ်ပွားရသည့် ဇိကိရ်ဘာဝနာသည် ဓါးအလက်ပေါင်းတစ်ထောင်နှင့်ပြိုင်တူထိုးသည်ထက်ပင် စူးရှနက်ဝင်ပြင်းထန်ပေ၏။

[၆၈] အရှင့်အား (ဉာဏစက္ခုဖြင့်) တဒင်္ဂပင် ဖူးတွေ့ရပါက၊ နှစ်ဆယ့်လေးနာရီပတ်လုံး ထိုဓမ္မအာရုံမှလွဲ၍ အခြားအာရုံများ မကျက်စားနိုင်တော့ပေ။

[၆၉] လူတစ်ဦးသည် နှစ်ပေါင်းလေးဆယ်မျှ တရားဘာဝနာ အားထုတ်မှသာလျှင်

ပြည့်ဝသော အကျိုးရလာဒ်ကို ရရှိပေမည်။ နှုတ်ဝဇီဖြင့် ကျူးလွန်ခဲ့သည့် အကုသိုလ် ဒုစရိုက်အမှုကို ပျောက်စေရန် ဆယ်နှစ်တာမျှ ဘာဝနာပွားများအားထုတ်ရန် လိုအပ်၏။ မိမိခန္ဓာကိုယ်၌ အစားကြူးမှုကြောင့် ဆူဖြိုးနေသည့် အဆီများကျသွားရန် ဆယ်နှစ်ခန့်ဘာဝနာပွားရန်လို၏။ နှလုံးသား၌ စွဲမြဲနေသည့်အကျိုးမရှိသည့်လုပ်ရပ်တို့အား ပြုပြင်တည့်မတ်ပေးရန် ဆယ်နှစ်မျှ ဘာဝနာပွားရန်လိုအပ်၏။ စိတ်၏ကျန်ရှိသော မသန့်ရှင်းမှုနှင့် ကိလေသာ အညစ်အကြေးတို့ကို ဆေးကြောရန် နောက်ထပ်ဆယ်နှစ်ခန့်ဘာဝနာပွားရန် လိုအပ်ပေသည်။

[၇၀] အနည်းငယ်မျှသာ ရယ်မောပါ ( သံဝေဂဉာဏ်နှင့်ယှဉ်၍လည်းကောင်း၊ မူလ ဌာနေချစ်သူ အရှင်မြတ်စံမြန်းရာမြေကို လွမ်းဆွတ်၍လည်းကောင်း) များစွာ ငိုကြွေးပါလေ၊ အစားနှင့်အအိပ်တို့ကို လျှော့ပါလော့။

[၇၁] အရှင်နှင့်စကားခွန်းတုန့်ပြန်ခြင်း မရှိဘဲနှင့် ဤလောကမှ ရွှေ့ပြောင်းသွားရသူသည် ကုသိုလ်ကံဆိုးပေစွ။

[၇၂] အရှင့်ကို သိမြင်ပေါက်မြောက်မည့် ဂုဏ်ထူးကို ဖွင့်လှစ်ပေးနိုင်သည့်လမ်းသည် အာသဝေါတရားတို့ကင်းကုန်နေသော သန့်စင်မွန်မြတ်ပြီး လောကုတ္တရာ အချစ်နှင့်ယစ်မူးနေသည့် ပုဂ္ဂိုလ်ထူးတို့အတွက် အထူးအခွင့်အရေးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပီတိသောမနဿလွှမ်း၍ အရှင်နှင့်ခွန်းတုန့်ပြန်ရခြင်းမှာ အလွန်ဓမ္မသသနှင့်ပြည့်စုံပြီး ကြည်နူးဖွယ်ရာဖြစ်သောကြောင့်တည်း။

[၇၃] အရှင့်ကို အမြဲမပြတ် သတိချပ်လော့။

[၇၄] အကြင်သူတစ်ဦးသည် အရှင့်နာမတော်ကို (ပရမတ်ဉာဏ်ထွန်းတောက်ပြီး သစ္စာဓမ္မ၏ အနှစ်အသားတိုင်ထွင်းဖေါက်ကာ) ဘာဝနာပွားများပါသော်၊ ယင်းသူ၏လျှာမှာ လောင်ကျွမ်းကာ နောက်ထပ်တစ်ကြိမ် အရှင့်နာမတော်ကို ရွတ်ဆိုပွားများနိုင်မည် မဟုတ်ချေ။ အကယ်၍ ရွတ်ဆိုနေသည်ဟုထင်ရသော် အဆိုပါလျှာမှာ အရှင့်ဂုဏ်တော်ကို ချီးမွမ်းထောပနာပြုနေခြင်းသာဖြစ်ပေသည်။

[၇၅] (ချစ်သူရှိရာ မူလဘူတနေရင်းဌာနေမှ) ကွေကွင်းခွဲခွာလာရသည့် လွမ်းငွေ့ တဝေဝေနှင့်တောက်လောင်နေသော ကံထူးသူ ပုဂ္ဂိုလ်မြတ်တို့၏နှလုံးသား၌ မြတ်နိုးစွာဌာပနာထားသည့် အချစ်မီးတစ်ပွင့်သည် လွတ်မြောက်ကာ ဤလောကသို့ကျရောက်လာပါက၊ တစ်လောကလုံး လောင်ကျွမ်းပြာကျသွားပေအံ့။ ထိုပုဂ္ဂိုလ်မြတ်တို့၏နှလုံးသားသည် အရှင့်မဟာသတိပဋ္ဌာန်တည်းဟူသော ဓိကိရ်ဘာဝနာကို အရှင့်ဂုဏ်တော်အနန္တနှင့်ထိုက်တန်လျော်ညီစွာ ပွားများလိုသည်မှလွဲ၍ ဘာမျှ လိုအင်ဆန္ဒမရှိသော်ငြားလည်း ယင်းသို့လုပ်နိုင်စွမ်း မရှိရှာကြပေ။

[၇၆] အသင်၏နှလုံးသားသည် အရှင့်အပေါ်၌ သံမှိုနှက်ထားဘိသကဲ့သို့ စွဲငြိနေပါလျှင် တစ်လောကလုံးက သင့်ကို ရန်ပြုငြားလည်း သင့်အား ဘေးဒဏ်ဖြစ်နိုင်မည်မဟုတ်ချေ။

[၇၇] အရှင့်ကို သင့်အတွက်ကွယ်ပျောက်ခြင်း မရှိဘဲနှင့် (ဉာဏစက္ခုဖြင့်)ဖူးတွေ့ရခြင်းမှာ 'ဖနာ' သခ်တအဆင့်ဉာဏ်စဉ်ဖြစ်သည်။ အရှင့်ကို သင့်အတွက်လုံးဝကွယ်ပျောက်ပြီး အနတ္တဉာဏ်နှင့်ယှဉ်ကာ (ဉာဏစက္ခုဖြင့်) ဖူးတွေ့ရခြင်းမှာ 'ဘကာ' အသခ်တအဆင့် ဉာဏ်စဉ်ဖြစ်၏။

[၇၈] အရှင်၏ လောကုတ္တရာအချစ်မီး၌ လောင်ကျွမ်းပြီး အရှင့်ကို တမ်းတလွမ်းဆွတ်မှုတွင် နစ်မွန်းနေသော အရဟတ်ပုဂ္ဂိုလ်မြတ်တို့၏အပေါ်၌ ခစားနိုင်ရန် ရှာဖွေပါလော့။

[၇၉] အရှင့်ဇိကိရ်ဘာဝနာမှလွဲ၍ မည်သည့်လုပ်ရှားမှုမှ ပါဝင်ပတ်သက်ခြင်း မရှိလေနှင့်။ မြရာ အသခ်တဂုဏ်တော်ရှင် အလ္လာဟ်အသျှင်မြတ်မှအပဖြစ်သော မမြရာ ရုပ် နာမ် ဓမ္မ သခ်ါရတို့ပေါ်၌ သင့်စိတ်အာရုံ ကိုင်းညွတ်ခြင်း မရှိစေနှင့်။

[၈၀] တဒင်္ဂပဟာန်မျှ အရှင်နှင့်နေရခြင်း (အရှင့်ဘာဝနာ၌ ဉာဏ်ဝင်စား နစ်မြုပ်နေခြင်း)သည် ဘဝတစ်သက်လုံး လောက၌ တဏှာကျွန်အဖြစ် အစေအပါးဖြစ်ရခြင်းထက်မြတ်၏။

[၈၁] သစ္စာတရားရှာပုံတော်ဖွင့်သူတစ်ဦးအတွက် ဖန်ဆင်းခံ ဝေနေယျတိုင်းသည် အဝိဇ္ဇာအဖုံးအကာနှင့် မာယာပိုက်ကွန်သဖွယ်ဖြစ်သည်။ မည်သည့်အချိန်အခါတွင် မည်သည့်အနေအထားမျိုးနှင့် ယင်းမောဟအမှောင်တိုက်တွင်းရှိ မာယာပိုက်ကွန်တွင် ငြိတွယ်မိမည်ကို ဘယ်သို့မျှ မသိနိုင်ပေ။

[၈၂] သင့်ဘဝတစ်သက်တာတစ်လျှောက်တွင် တစ်ကြိမ်တစ်ခါမျှပင် အရှင့်အလိုတော်ကို အာခံ၍ အရှင့်ကို နာကျည်းမှုကိုဖြစ်စေပါက၊ ဘဝတစ်လျှောက်လုံး အရှင်၏ခွင့်လွှတ်မှုကို ရှာကြံပါလော၊ အဘယ်ကြောင့်ဆိုသော် အရှင်မြတ်သည် အရှင်၏မဟာကရုဏာတော်ဖြင့်သင့်အား ခွင့်လွှတ်ငြားခွင့်လွှတ်မည်ဖြစ်သော်လည်း၊ သင့်နှလုံးသား၌ အရှင့်အလိုတော်ကို ဆန့်ကျင်ခဲ့ပြီး၊ အရှင့်ပညတ်ချက်ကို ဖီဆန်ခဲ့ပါတကားဟု သင့်နှလုံးသား၌ တနုံ့နုံ့နာကျည်းခံစားမှုရှိနေသင့်၏။

[၈၃] အဆွေတို့ပေါင်းသင်းဆက်ဆံရန်နှင့် အလုပ်အကျွေးပြုရန် အကောင်းဆုံးပုဂ္ဂိုလ်မှာ မျက်မမြင်၊ နားပင်းသူနှင့် ဆွံ့အသူဖြစ်၏။ ဆိုလိုသည်မှာ အရှင်မှအပမည်သည်ကိုမျှ မြင်ခြင်း၊ ကြားခြင်း၊ ပြောခြင်း မရှိသော ပုဂ္ဂိုလ်ထူးကိုသာ ပေါင်းဖက်အလုပ်အကျွေးပြုရန်ဖြစ်၏။

[၈၄] အရှင်မြတ်သည် ကျွန်ုပ်တို့အား ဤလောက၌ တစ်ခုမဟုတ်တစ်ခုသောအရာကိုပေးထားပြီး ကျွန်ုပ်တို့ ထိုအရာပေါ်၌ လုံးပမ်းစဉ် ကျွန်ုပ်တို့အကြားမှ အရှင်ပျောက်ကွယ်သွားခဲ့၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် လောကီအာရုံကာမဂုဏ်တို့ကို မဖက်တွယ်ဘဲအရှင့်ကို ဉာဏ်ပွားသင့်၏။ သို့မှသာ အရှင်သည် ကျွန်ုပ်တို့နှင့် မကင်းကွာဘဲ ရှိပေအံ့။

[၈၅] မြောက်မြားစွာသေသူတို့မှာ သေဆုံးနေသူများဖြစ်ကြသော်ငြားလည်း၊ ရုပ်လောကကြီး၌ ယင်းတို့သွားလာလှုပ်ရှားနေကြသည်ကို မြင်တွေ့နေရ၏။ အခြားတစ်ဘက်၌မူ ဂူသွင်းသင်္ဂြိုဟ်ပြီးသော်လည်း၊ တစ်ကယ်အစစ်အမှန်ပင် ရှင်သန်နေသူများလည်းရှိ၏။

*ဘာသာပြန်သူမှတ်ချက်။ ။ နာမ်ပိုင်းဆိုင်ရာ၊ သေဆုံးခြင်းနှင့် ရှင်သန်ခြင်းကိုဆိုလို၏။ အထက်၌ ဖော်ပြခဲ့သည့် ဝိဉာဉ် ၃ လောကဆိုင်ရာ ဘာသာပြန်သူမှတ်ချက်ကို ပြန်လည် ရှုပါကုန်။)*

[၈၆] အရှင့်အတွက် လောင်ကျွမ်းပြာကျခဲ့သည့် နှလုံးသားရှင်တို့၊ အရှင့်အချစ်ကို ရရှိပိုင်ဆိုင်ကြကုန်အံ့။

[၈၇] ကုသိုလ်၊ အကုသိုလ်တို့ကို ကျော်လွှားလွန်မြောက်စေပြီး၊ အရှင့်ကောင်းချီးမင်္ဂလာတည်းဟူသော ပင်လယ်ပြင်၌ ငုံ့လျှိုးနစ်မြုပ်၍ နေပါလော့။

*ဘာသာပြန်သူမှတ်ချက် ။ ။ တန်ပြန်အကျိုးမျှော်ကိုးကာ ကြောင့်ကျ တောင့်တမှုနှင့်ယှဉ်ပြီး ကုသိုလ် အကုသိုလ်ပြုသူများထက် အရှင့်ကိုသာလျှင် တစ်စိုက်မတ်မတ်နှလုံးသွင်းသည့် အရှင့်အနီးအပါးသို့ ချဉ်းကပ်ခွင့်ရသည့် "မွတ်ကရ်ရဗူးန်"များသည် အသာဆုံးသူများ "ဆားဗေကူးန်"များဖြစ်သည်ဟု ကျမ်းမြတ်ကုရ်အာန် (၅၆း၇-၁၁)တွင် မိန့်ဆိုထားပါသည်။*

[၈၈] လူသားသည် အလ္လာဟ်အသျှင်မြတ်ကို လောကုတ္တရာ၌ ဝိဇ္ဇာအလင်းဓါတ်တည်းဟူသော ဉာဏစက္ခု ဓမ္မစက္ခုဖြင့် ဖူးတွေ့ရပေအံ့။

[၈၉] အသင်၏ဥပဇ္ဈာယ်လမ်းညွှန်ဆရာသခင်ကို သင်အလုပ်အကျွေးပြုလေလေ၊ ဓမ္မစခန်းအဆင့်အတန်းမှာ မြင့်တက်လာလေလေဖြစ်၏။

[၉၀] ကျွန်ုပ်တို့ (အဘွလ်ဟာဆန်)၌ ရုပ်ခန္ဓာ၊ နှုတ်လျှာနှင့် ဟဒယနှလုံးသားတို့သည် မရှိတော့ပြီ၊ ကျွန်ုပ်အဇ္ဈတ္တသန္တာန်တွင်း၌ အလ္လာဟ့်ဗီဇအသခ်တဓါတ်သာလျှင် ကိန်းဝပ်စံပယ်တော်မူ၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ "ဗကာဘီလ်လာ" စခန်းမှ အနတ္တဉာဏ်နှင့် ယှဉ်၍ပြောသည့် ဓမ္မဥဒါန်းကျူးရင့်မှုဖြစ်၏။ မန်စူရ်သခင်အခန်းမှ မှတ်ချက်ကို ပြန်ရှုပါကုန်။)*

[၉၁] လူ့လောက၌ ဝတ်ပြု၊ ဆုတောင်း၊ ဘာဝနာပွားသူတို့ အမြောက်အမြား ရှိကြပါကုန်၏။ သို့သော် ယင်းလုပ်ရပ်တို့၏ အကျိုးဆက် အသီးအပွင့်တို့ကို တမလွန်သို့ သယ်ဆောင်သွားနိုင်သူများ အလွန်ရှား၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ စေတနာ၊ သဒ္ဓါ၊ ပညာတို့နှင့်ယှဉ်သည့် ကျင့်စဉ်၊ ကျင့်ရပ်တို့သာလျှင် အကျိုးတရားဖြစ်ထွန်းမည်ကို ဆိုလို၏။*

[၉၂] ပုထုဇဉ်လောကီသားများအတွက် သူတို့အတွက် သတ်မှတ်ထားသော ကံကြမ္မာအတိုင်းဖြစ်လာ၏။ အရဟတ်ပုဂ္ဂိုလ်မြတ်များအတွက်မူ ကံကြမ္မာမှတ်တမ်း၌ မပါရှိသည်တို့ကို ချီးမြှင့်ခြင်းခံရ၏။

[၉၃] အရှင့်ထံသို့သွားရာ မဂ္ဂင်လမ်းတွင် မြရာအသခ်တဂုဏ်တော်ရှင် တစ်ပါးတည်းဆိုမှ တစ်ပါးတည်းသာလျှင်ရှိ၏။ အရှင်မှအပဖြစ်သည့် မမြဲသည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့ အလျှင်း မရှိပြီ။

[၉၄] ဤလောက၌ (ဆင်းရဲဒုက္ခတို့အတွက်လည်းကောင်း "ဟွလ်ဘွလ်ဝတန်" မိမိ၏ဇာတိချက်ကြွေအရှင့်နယ်မြေနှင့်ကွေကွင်း [သစ္စာဓမ္မနှင့် ဝေးကွာ] ခဲ့၍လည်းကောင်း) ကျရသည့် မျက်ရည်တို့ကို ခန္တီတရားနှင့်ယှဉ်ကာ သည်းခံပါလော့၊ နောင်တမလွန်တွင် ( ဆင်းရဲဒုက္ခတို့ချုပ်ငြိမ်းရာ သန္တိသုခဖြစ်သည့် မိမိ၏မူလဘူတ ပကတိအစဖြစ်ရာအရှင့်စခန်း၌ ပီတိသောမနဿ၊ ကေက္ကတာစသည့် လောကုတ္တရာ ဈာန်၏အကျိုးဆက်ကြောင့်)ရယ်မောရပေအံ့။

[၉၅] အလ္လာဟ့်ကျွန်တစ်ပါးသည် "နတ်စ်တီ"တည်းဟူသော အနတ္တဥာဏ်ဝင်စားနေပါက၊ ထိုသူသည် အလ္လာဟ့်ဖြစ်တည်မှုတည်းဟူသော "ဗကာ"အသခ်တဝတ်ရုံကို ဆင်မြန်းလျက်ရှိချေမည်။

[၉၆] ဓမ္မစခန်း၏အမြင့်ဆုံးအဆင့်တွင် ဉာဏ်ဆိုက်နေသည့် ပုဂ္ဂိုလ်ထူးသည် အသခ်တဂုဏ်တော်ရှင်အား လိုခြင်မက်အား ဖွံ့ဖြိုးတိုးတက်၍ မည်မျှတိုင် ဆာလောင်မွတ်သိပ်နေပါသနည်းဆိုသော် စကြဝဠာအနန္တမှ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာတို့မှ ရေတို့ကိုကုန်စင်အောင် သောက်ရပါသော်ငြားလည်း သောက်လေသောက်လေတော်မပြေဘဲ တိုး၍သာ အရှင့်ကို မက်အားသန်လာပေအံ့။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မွန်သည် လောကီအာရုံကာမဂုဏ်တို့ကိုဖက်တွယ်မှုမရှိတော့သလို၊ မိမိခန္ဓာကိုယ်မှ မိမိဆန္ဒအလျောက် မဟုတ်ဘဲ၊ (အရှင့်အလိုတော်နှင့်) တသွင်သွင်စီးထွက်နေသည့် ဈာန်အဘိညာဉ်တန်ခိုးတို့အတွက်လည်း မာန်ဝင့်မောက်ကြွားခြင်း မရှိပေ။

[၉၇] အလ္လာဟ့်အချစ်တော်အတွက် အကောင်းမြတ်ဆုံးသော ဂုဏ်ထူးအမည်နာမမှာ "အရှင့်ကျွန်"ဟူ၍ဖြစ်၏။

[၉၈] ယုံကြည်သူတို့အတွက် နေရာတိုင်းသည် အရှင့်ကို ဘာဝနာပွားရာ ဝတ်ကျောင်း 'မစ္စဂျစ်ဒ်'တို့သာဖြစ်သလို၊ နေ့တိုင်းသည်လည်း သောကြာနေ့ဖြစ်၏။

*ဘာသာပြန်သူမှတ်ချက်* ။ ။ *ပရမတ်နှင့် ပညတ်ကို ခွဲကာ ဖတ်ရှုကြပါရန်နှင့် စကားလုံး ဝေါဟာရတို့နောက်ကွယ်မှ တရားအနှစ်အသားတိုင် နက်နက်ရှိုင်းရှိုင်းငုတ်လျှိုးကာ ဉာဏ်မျက်စိနှင့် ဆင်ခြင်ကာ ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။*

[၉၉] သူဘုန်းစားတို့အား ဘယ်သောအခါမှ သင့်အိမ်တံခါးဝမှ ဗလာလက်လွတ် မမောင်းနှင်လေနှင့်။ ပေးရန်မရှိလျှင် ချေးငှား၍ပေးတန်ပေးပါလော့။

[၁၀၀] တရား၏နောက်ဆုံးစခန်းရှိ၏။ ယင်းတို့မှာ–

(က) ပထမစခန်းတွင် မိမိကိုယ်မိမိ အရှင်ကသတ်မှတ်ထားသည့်အတိုင်း နေထိုင်ခြင်း (တစ်နည်း) မိမိအလိုကုန်သည့်စခန်း။

(ခ) ဒုတိယစခန်းတွင် အသင်သည် သူ့(အရှင့်)အတွက် ဖြစ်သွားသလို (အရှင်)သည် သင့်အတွက်ဖြစ်လာ၏။

(ဂ) တတိယနှင့်နောက်ဆုံးစခန်းတွင် "ငါ"တည်းဟူသော အတ္တ လုံးဝ ပျောက်သွားပြီး မိမိအဖျွတ္တသန္တာန်တွင် အသခ်တဂုဏ်တော်ရှင်သာလျှင် လွှမ်းခြုံစိုးမိုးတော်မူတော့၏။

[၁၀၂] မိမိ၏ဘဝနိဂုံးမချုပ်မီအချိန်တွင် အသင်သည် အောက်ပါအချက် (၃)ချက်ကို အောင်မြင်အောင် ကျင့်ဆောင်ရမည်။

(က) အရှင့်ကိုချစ်စိတ်ဖြင့် သွေးမျက်ရည်ကျအောင် ငိုကြွေးပါလော့။

(ခ) ကျင်ငယ်ရည်သည် သွေးနှင့်အတိပြီးသည့်တိုင်အောင် အရှင့်အား ချစ်ကြောက်ရိုသေခန့်ငြားပါလော့။

(ဂ) ညအခါတွင်မအိပ်မနေဘဲ၊ နိုးနိုးကြားကြားနှင့် တရားဘာဝနာအားထုတ်ခြင်းဖြင့် သင့်ခန္ဓာလင်းဝင်းတောက်ပအောင် ဆောင်ရွက်လော့။

တစ်နေ့သ၌ ဆူဖီသူတော်စင်တစ်ဦးသည် လေပေါ်၌ ရှာန်ပျံဝဲကာ ကြွလာပြီး အဘူလ်ဟဆန်သခင်ရှေ့ရောက်သောအခါ မြေပေါ်သို့ဆင်းလိုက်၏။ ထို့နောက် သူ့ကိုယ်သူ မျက်မှောက်ခေတ်၏ ဂျူနိုက်ဒ်နှင့် ရှစ်ဘလီဖြစ်ကြောင်း သခင့်ကို မိတ်ဆက်စကားဆိုလေ၏။ ထိုစကားကို ကြားလိုက်ရသောအခါတွင် သခင်သည် ပီတိသောမနဿကျလာကာ လောကုတ္တရာရှာန်အရှိန်ကြောင့် " ငါသည်မျက်မှောက်ခေတ်၏အရှင်ဖြစ်သည်၊ ငါသည်မျက်မှောက်ခေတ်၏တမန်ဖြစ်သည်"ဟု ဥဒါန်းကျူးရင့်လေသည်။ ( ကျမ်းပြုသူ ဖရစ်ဒ်အူဒင်အတ္တားသခင်ကြီးက အဘူလ်ဟဆန်သခင်မှာ မန်စူရ်သခင်၏ စိတ်အခြေမျိုးစိုက်ရောက်ပြီး ဥဒါန်းကျူးခြင်းဖြစ်သည်ဟု မှတ်ချက်ချခဲ့၏။)

*ဘာသာပြန်သူမှတ်ချက်* ။ ။ *မန်စူရ်သခင်အကြောင်းနှင့်ပတ်သက်၍ အထက်၌ တင်ပြထားပြီးဖြစ်သော ဘာသာပြန်သူမှတ်ချက်ကို ပြန်လည်ရှုပါကုန်။*

တစ်နေ့သ၌ အရှင့်ထံမှ ဗျာဒိတ်တော်အသံ 'အိလ်ဟာမ်'ကို ဤသို့ အဘူလ်ဟဆန်သခင်ကြားလိုက်ရ၏။

" အို- အဘူလ်ဟဆန်၊ လောကီသားတို့အတွက် ဖုံးကွယ်နေသော သင်၏ တရားစခန်းပေါက်ရောက်မှုတို့ကို ငါသိတော်မူသည့်အတိုင်းသာ ထိုလောကီသားတို့ကို ထုတ်ဖော်ဖွင့်ချရပါလျှင်၊ ထိုဉာဏ်နည်းသူ ပုထုဇဉ်လူပြိန်းတို့သည် (အထက်အပိုဒ်၌ ဖော်ပြထားသည့် သင်၏ဥဒါန်းကျူးရင့်မှုမျိုးတို့ကို ဉာဏ်မဝင်ဆန့်နိုင်ဘဲ) သင့်အား အယူတိမ်းသူ မိစ္ဆာဒိဋ္ဌိဟု သမုတ်ကာ ခဲဖြင့်ပေါက်ပြီး သေဒဏ်စီရင်ကြပေအံ့။

ဗျာဒိတ်တော်သံကိုကြားရသောအခါ အဘူလ်ဟဆန်သခင်ကြီးသည် အရှင့်ထံ-

" အို-အရှင်၊ အရှင်အလိုတော်ရှိသည့်အတိုင်း ကျွန်တော်မျိုးတို့အား အရှင်ပေါင်းသင်းဆက်ဆံကိုင်တွယ်ခြင်းဖြင့် ( ကျွန်တော်မျိုးတို့၌ အရှိန်အဟုန်ပြင်းထန်စွာ စီးဝင်လာသည့် လောကုတ္တရာအရှိန်အဟုန်ကြောင့်) ကျွန်တော်မျိုးတို့သည် (အန္ဓပုထုဇဉ်တို့ ဉာဏ်မမှီနိုင်သည့် ပရမတ်ဆန်သော) ဓမ္မဥဒါန်းတို့ကို ကျူးရင့်မိမည်ကို အရှင်လိုလားတော်မူပါသလော။

ဤကဲ့သို့ဆိုပါမူ အရှင့်အားဝတ်ပြုမှုကို လူသားတို့စွန့်လွှတ်ကာ အရှင့်အား ဝတ်ပြုမည့်သူတစ်ဦးတစ်ယောက်မျှ ရှိတော့မည်မဟုတ်ပေ"ဟု လျှောက်ထားလေရာ အရှင့်ထံမှ ဤသို့ပြန်ကြားချက်ရ၏။

" အို- အဘူလ်ဟဆန်၊ (ဤသို့ဆိုပါလျှင်) အသင်သည် အသင်သိသည့် "ငါ"အရှင်၏ လျှို့ဝှက်နက်နဲဉာဏ်ဖြစ်ခဲလှသည့် နူးညံ့သိမ်မွေ့သည့် ပရမတ်သဘောကို (ဉာဏ်နည်းသူ ပုထုဇဉ်)လောကီသားတို့အား ဖွင့်ဟလှစ်ပြ ထုတ်ဖော်ခြင်း မရှိလေနှင့်။ ငါအရှင်ကလည်း ငါအရှင်သာလျှင်သိတော်မူသည့် သင်၏(ဓမ္မစခန်းပေါက်မြောက်မှုနှင့် ဉာဏ်စဉ်မြင့်မားထွန်းတောက်မှု)အဖြစ်ကို လောကီသားတို့အား ထုတ်ဖော်ဖွင့်ဟတော်မူမည် မဟုတ်ချေ။

တစ်ချိန်က အဘူလ်ဟဆန်သခင်ကြီးသည် ဗျာဒိတ်တော်သံ အိလ်ဟာမ် ဤသို့ကြားရ၏။

" အဘူလ်ဟဆန်၊ အသင်သည် ငါအရှင်မြတ်အတွက်ဖြစ်၍၊ ငါအရှင်သည် အသင့်အတွက်ဖြစ်သည်။ "

ဤမိန့်ဆိုချက်ကို သခင်က အရှင့်ထံဤသို့ ပြင်ဆင်ခွင့် တောင်းခံလိုက်၏။

" အရှင်သည် ဘုန်းတော်အနန္တနှင့်ပြည့်စုံတော်မူသည့် အရှင်သခင်ဖြစ်ပါ၏၊ ကျွန်တော်မျိုးမှာ အလွန်နိမ့်ကျ ရိုကျိုးသည့် ကျွန်တစ်ဦးသာဖြစ်ပါ၏။

အဘွလ်ဟဆန်သခင်က တစ်ချိန်တွင် အရှင့်ထံသူ့အား လောကီဒွန္နယာမှ ထုတ်ယူပါရန် ဆုပန်ခဲ့၏။ အရှင်မြတ်က ဤသို့အမိန့်ပြန်ခဲ့၏။

" သင့်ကို ငါအရှင်သည် တမင်တကာ ရည်ရွယ်ချက်ရှိ၍ စေလွှတ်ထားခြင်း ဖြစ်သည်။ ငါအရှင်၏အကြည်တော်၊ အချစ်တော်များ သင့်ထံလာရောက် ပေါင်းသင်းရန် ဖြစ်၏။ သင့်ထံ မလာနိုင်သည့်တိုင် သင့်အမည်ကိုခေါ်၍ သင့်အကြောင်း ပြောသူတို့သည် ကြီးမားသည့်ဓမ္မရလဒ်တို့ကို ခံစားရပေအံ့။"

အဘွလ်ဟဆန်သခင်က ဤသို့မိန့်ဆို၏။ " ကျွန်ုပ်၏ရပ်တည်မှုကို ကျွန်ုပ်သိစိတ်၌ မထင်ဟပ်တော့ဘဲ၊ အန္တဉာဏ်စိုက်သွားပါက ကျွန်ုပ်သည် ကျွန်ုပ်ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံးတွင် အနန္တပရမတ္တသစ္စာဓမ္မမှလွဲ၍ ဘာမျှမမြင်တော့ပေ။ "

အရှင်မြတ်က အဘွလ်ဟဆန်သခင်အား ဤဘဝတွင် သခင့်အတွက် ဥစ္စာဝေစုဘာမျှမရှိ၊ နောင်တမလွန်ဘဝတွင်မူ သခင့်အတွက်ဝေစုရှိသည်ဟု မိန့်ဆိုခဲ့၏။ နောင်တမလွန်ဘဝတွင် သခင်ရမည့်ဝေစုမှာ "သူ" (အရှင်)တစ်ပါးတည်းကိုသာ ရရှိခြင်းဖြစ်၏။

အဘွလ်ဟဆန်သခင်က ဤသို့မိန့်ဆိုခဲ့၏။

" လောကီအာရုံကာမဂုဏ်တို့ကို ကျွန်ုပ်စွန့်ပယ်ပြီးနောက် ကျွန်ုပ်သည် ယင်းကို တစ်ချက်မျှပင် လှည့်မကြည့်ခဲ့တော့ပေ။ အရှင်နှင့်စကားခွန်းတုန့်ပြန်ပြီး နောက် မည်သည့်လူသားကိုမျှ စကားမပြောတော့ပေ။"

အဘွလ်ဟဆန်သခင်၏ တရားအချို့မှာ-

[၁] အရှင့်အပါးသို့ခစားနိုင်ရေးကိုသာလျှင် ရှာဖွေကြိုးပမ်းပါလော့၊ (အရှင်ထွက်ဓမ္မဝိဇ္ဇာ) ခွါဂျာခိဇိရ်ပင်ဖြစ်လင့်ကစား၊ ထိုကဲ့သို့သော မမြဲရာဖြစ်သည့် ဝေနေယျတို့အား တွေ့ဆုံလိုသည့်ဆန္ဒကိုသတ်ပါလော့။ အသင်သည် အရှင့်အပါး ခစားနေရသည်မှာ 'ဝ' 'အီ'နေပြီဖြစ်သဖြင့် မမြဲရာ သင်္ခါရဓမ္မတို့ကို အဖော်ပြုလိုနေခြင်းဖြစ်ပါသလော၊ အသင်သည် မြဲရာအသင်္ခတဂုဏ်တော်ရှင်မှအပ မမြဲရာသင်္ခတဓါတ်တို့ကို ကပ်ငြိဖက်တွယ်ခြင်း မပြုသင့်ပေ။

[၂] ဖြစ်ပေါ်ထင်ရှားခံ ရုပ် နာမ် ဓမ္မ သင်္ခါရအစုစုတို့သည် "အချိန်"၏ဩဇာအောက်သတ်မှတ်ဘောင်ခတ်ခြင်းခံရ၏။ ငါအရှင်မှာမူ ထိုအချိန်ကို သတ်မှတ်ပြဋ္ဌာန်း လွှမ်းမိုး စိုးမိုးအုပ်ချုပ်တော်မူသည့် အချိန်၏အရှင်သခင်ဖြစ်၏ဟု အရှင်မြတ်က မိန့်ဆိုခဲ့၏။

[၃] ကျွန်ုပ်သည် အနတ္တဉာဏ်စိုက်နေချိန်တွင် အလ္လာဟ့်ဗီဇ အသခ်တခါတ်'ဗကာ' တည်းဟူသော ဝတ်စုံဆင်မြန်းခြင်းခံရ၏။ သို့သော် ကျွန်ုပ်၏ဖြစ်တည်မှု (တစ်နည်း) အတ္တကို လိုချင်တပ်မက်စွာဖြင့် ကြည့်မိ(အာရုံညွတ်မိ)သောအခါတွင်မူ 'ဖနာ'အနိစ္စသင်္ခါရဉာဏ်ကို ကျွန်ုပ်အား (အရှင်က) ပေးသနားခဲ့၏။

[၄] ကျွန်ုပ်၏အတ္တကို ကျွန်ုပ်ကျော်လွှားလွန်မြောက်နိုင်ချိန်တွင် ကျွန်ုပ်အား မီးလည်း မလောင်မြိုက်နိုင်၊ ရေလည်း မနစ်မြုပ်နိုင်ပေ။ ထို့နောက် ကျွန်ုပ်သည် သုံးလနှင့်လေးရက် အစာမစားဘဲနေပြီး စမ်းသပ်မှုမှန်သမျှကို အောင်မြင်ခဲ့၏။

[၅] (လုံးဝဥဿုံ ပြီးပြည့်စုံသည့်) ကောင်းခြင်းဟူသည်မှာ အရှင့်ဂုဏ်တော်သာလျှင်ဖြစ်၏။ ဤဂုဏ်တော်ကို ကျွန်ုပ်တို့၌ရှိသည်ဟု မကြွေးကြော်နိုင်ပေ။

[၆] အိုသစ္စာဓမ္မကို ရှာဖွေသူ၊ အဆွေသည် အရှင်ချီးမြှင့်ပေးသနားသည့် ဈာန်အဘိညာဉ်တန်ခိုးတို့ကိုရလိုပါမူ သုံးရက်တစ်ကြိမ်ဥပုသ်သီတင်းစောင့်ထိန်းခြင်းဖြင့် စတင်ကျင့်ကြံပါလော့။ ၎င်းနောက် ဆယ့်လေးရက်ဆက်တိုက်စောင့်ပါလော့၊ ၎င်းနောက် ရက်ပေါင်း (၄၀)ဆက်တိုက်စောင့်ပါလော့၊ ၎င်းနောက် လေးလစောင့်ပါလော့၊ နောက်ဆုံးအဆင့်တွင်မူ တစ်နှစ်တိုင်တိုင်အစာမစားဘဲ တရားကျင့်ကြံပါလော့၊ ထိုအချိန်တွင် သင်၏ကမ္မဋ္ဌာန်းနိမိတ်၌ အကွယ်မှအရာတစ်ခုခုကို သင်မြင်ရသည့်အဆင့်သို့ ရောက်လာအံ့၊ ထိုအရာကို သင်စားသုံးလိုပါက သင်သည် အဟာရသိဒ္ဓိပြီးသွားကာ ဘယ်သောအခါမှ ဆာလောင်မွတ်သိပ်ခြင်းကို ခံစားရတော့မည်မဟုတ်ပေ။

ကျွန်ုပ်တရားကျင့်စဉ်ကမူ အဆိုပါမြွေကဲ့သို့သော သဏ္ဌာန်ပေါ်လာသောအခါတွင် ကျွန်ုပ်သည် အရှင့်ကောင်းချီးမင်္ဂလာဓမ္မခါတ်လှိုင်းတို့ကို ကျွန်ုပ်အပေါ်၌ ရွာသွန်းဖြိုးလျက်ရှိသည်ကို အနှောက်အယှက်ဖြစ်ခဲ့သဖြင့် ယင်းသို့စားသုံးရန် ငြင်းဆန်လိုက်၏။ အရှင့်ထံ၌လည်း " အရှင်အလိုရှိရာ မည်သည့်အရာကိုမဆို ကျွန်တော်မျိုးအား တိုက်ရိုက်ပေးသနားချီးမြှင့်ပါ"ဟု ဆုပန်ခဲ့၏။ ထိုအခါ အရှင်မြတ်က " ယခုအချိန်မှစ၍ အသင်သည် မည်သည့်လောကီရုပ်အဟာရကိုမျှ စားသုံးခြင်းမရှိစေရဘဲနှင့် ငါအရှင်ကျွေးမွေးတော်မူမည်။ အသင်သည် ထမင်းဆာခြင်း၊ ရေငတ်ခြင်းတို့ကို ဘာမျှမစားမသောက်ဘဲနှင့် ဖြေသိမ့်နိုင်ပေအံ့ "ဟု မိန့်တော်မူ၏။ ထိုအခါမှစ၍ ကျွန်ုပ်သည် ကျွန်ုပ်ဝမ်းဗိုက်အတွင်း၌ ကျွန်ုပ်မမြင်နိုင်သည့် တစ်စုံတစ်ခု ကျွေးမွေးခြင်းခံထားရ၍ ပြည့်နေဘိသကဲ့သို့ရှိလာ၏။ သို့သော် ယင်းမမြင်ရသည့် တစ်စုံတစ်ရာသော

အဟာရထူးသည် ပျားရည်ကဲ့သို့ ချိုမြိန်ပြီး၊ ကတိုးကဲ့သို့ ထုံသင်းမွှေးကြိုင်နေ၏။ လောကသားတို့ ကျွန်ုပ်ဤအဟာရကို ဘယ်ကရသည်ကို မသိကြပေ။

[၇] ကျွန်ုပ်သည် အလ္လာဟ်မှအပဖြစ်သောအရာတို့၏ တူညီမှုကိုရှာကြံလိုက်သည်နှင့် ကျွန်ုပ်၏ဘာဝနာခန်း၌လာ၍ အနှောက်အယှက်ဖြစ်၏။ သို့သော် ကျွန်ုပ်သည် သခ်ါရမ္မတို့၌ ဖက်တွယ်မှုမရှိဘဲ အရှင့်ထံသို့ မြဲမြံခိုင်မာသော သမာဓိနှင့် အာရုံပြန်လှည့်လိုက်သည်နှင့် ကျွန်ုပ်တရားစခန်း၌ တွေ့ကြုံနေရသည့် အနှောက်အယှက်အဟန့်အတားတို့သည် ကွယ်ပျောက်သွားပြီး အရှင့်အလိုတော်နှင့် ကျွန်ုပ်ဘက်မှ ဝိရိယစိုက်ထုတ်ကြိုးပမ်းမှုမရှိဘဲ အလွန်ထူးမြတ်သည့် ဓမ္မစခန်းရလာဒ်တို့ကို အောင်မြင်စွာ ရိပ်သိမ်းနိုင်ခဲ့၏။

[၈] အရှင့်၏မဟာကရုဏာတော်၏ကြီးကျယ်ခန်းနားမှုကို ဉာဏ်ပေါက်အောင်ရှုလော့၊ လောကအဝန်း၌ရှိသည့် အကုသိုလ်အမှုအစုစုတို့သည် အရှင့်မဟာကရုဏာတော်နှင့်စာလိုက်လျှင် မြေတစ်မှုန်စာမျှပင် နှိုင်းစရာမရှိပေ။

[၉] အလ္လာဟ့်ကို အလ္လာဟ့်အတွက်သက်သက် လူတွေချစ်ကြစေရန် (ဖန်ဆင်းခံ အမတဥယျာဉ်) ဂျန္နတ်နှင့် (ဖန်ဆင်းခံငရဲမီး) ဂျဟန္နမ်တို့မရှိလျှင် ကောင်းလေစွ။

[၁၀] အရှင့်ထံသွားရာလမ်းများမှာ မရေမတွက်နိုင်အောင်၊ အစမရှိအဆုံးမရှိ အနန္တရှိပါ၏။ဤလောကရှိဝေနေယျတို့၏ အရည်အတွက်နှင့်အမျှပင်ရှိသည်ဟု သင်ယူဆနိုင်ပါ၏။ လူတိုင်းသည် သူတို့၏စွမ်းရည်အလျောက် တစ်ပိုင်တစ်နိုင်ထိုလမ်းပေါ်တွင် လျှောက်လှမ်းနေကြ၏။ ကျွန်ုပ်သည် ထိုလမ်းအားလုံးအားလက်တွေ့ကျကျ လျှောက်လှမ်းကြည့်၏။ ထိုလမ်းကြောင်းအသီးသီးတို့တွင် တစ်ဦးမဟုတ်တစ်ဦးတော့ လျှောက်လှမ်းကြိုးပမ်းလျက်ရှိကြောင်း ကျွန်ုပ်တွေ့ရ၏။ ဓမ္မခရီးသည် လျှောက်လှမ်းနေခြင်းမရှိသည့်လမ်းဟူ၍ မရှိပြီ၊ ထိုအခါကျွန်ုပ်က အရှင့်ထံတွင် " အို-အရှင်၊ မည်သူတစ်ဦးတစ်ယောက်မျှ မလျှောက်ဝံ့ သည့်လမ်းကို ကျွန်တော်မျိုးအား ပြညွှန်တော်မူပါ။ ထိုလမ်းတွင် ကျွန်တော်မျိုးလျှောက်လှမ်းပါလျှင် အရှင်နှင့်ကျွန်တော်မျိုးမှလွဲ၍ မည်သူမျှလျှောက်လှမ်းနေခြင်းမရှိသည့် မဂ္ဂလမ်းမျိုးကိုပြတော်မူပါအရှင်။ "

ထိုအခါ အရှင်မြတ်က ကျွန်ုပ်ကို " ဂမ်ဝါအန်ဒိုဟ်" [ချစ်သူအလ္လာဟ်နှင့်ကွေကွင်းခဲ့ရသည့်အတွက် လွမ်းဆွတ်တသဆွေးမြေ့ခြင်းဖြင့် လွမ်းငွေ့ဝေနေသည့် ချစ်သူလမ်းကို လျှောက်လှမ်းရာတွင် ယင်းလမ်း၌ တွေ့ကြုံရတတ်သည့်အချစ်ကြောင့် ကွဲအက်ကြေမွနေသည့် နှလုံးသားနာကျည်းမှုနှင့် ဆင်းရဲဒုက္ခတို့ကို မကြောက်ရွံ့ခြင်းကိုဆိုလို၏။] ကိုညွှန်ပြတော်မူ၏။ အရှင့်အမိန့်တော်တို့ကို မမှိတ်မသုန်လိုက်နာပြီး အရှင်မြတ်၏အမြဲမပြတ်ဒလစပ် ပေးသနားခြီးမြှင့်နေသည့် ကျေးဇူးတော်အဖုံဖုံတို့ကို အောက်မေ့သတိရပါလော့။ အရှင့်ကိုအမြဲတစေ ကျေးဇူးတင်၍ နေသင့်၏။

[၁၁] လူ့လောက၌ သူရဲဘောကြောင်၍ သတ္တိနည်းသူဟု ရှုံ့ချခြင်းခံရသူသည် အရှင့်အတွက် သတ္တိရှိသည့်သူရဲကောင်းဖြစ်နေတတ်ပြီး၊ လောကအလယ်၌ ဘာမထိတဲ့အာဇာနည်သူရဲကောင်းလို့ ချီးမွမ်းခြင်းခံရသူသည် အရှင့်ရှေ့တော်မှောက်၌ သတ္တိနဲသွေးကျဲပြီး သူရဲဘောကြောင်သူ လူကြောက်ဖြစ်နေတတ်၏။

[၁၂] ကျွန်ုပ်ယခုပြောနေခြင်းမှာ အရှင့်ဘက်မှ တိုက်ရိုက်ချီးမြှင့်သည့် ထူးထွင်းဉာဏ် 'အိလ်ဟာမ်' 'ကပ်ရှ်'အရဖြစ်၏။ ဤဉာဏ်စဉ်သည် အလွန်ထူးမြတ်သန့်စင်ပြီးလောကီအငွေ့အသက်တို့ ကင်းရှင်းသဖြင့် လောကီနှင့်သက်ဆိုင်ခြင်းမရှိ။ (လူသား၏ ကန့်သတ်ဘောင်ခတ်မှုရှိသည့် ဆင်ခြင်တုံတရား၊ အတွေးအခေါ်၊ ဒဿနအမြင်၊ အဘိဓမ္မာ၊ လောကအမြင်တို့နှင့် လားလားမျှ စပ်ယှက်ပတ်သက်ခြင်းမရှိကြောင်းဟူလို)။

[၁၃] အရှင်ပေးသနားချီးမြှင့်၍ ကျွန်ုပ်ပေါက်မြောက်ဆိုက်ရောက်ခဲ့သည့် အဆင့်မြင့်ဓမ္မစခန်းနှင့်ဉာဏ်စဉ်တို့မှာ ကျွန်ုပ်၏ လောကီအာရုံကာမဂုဏ်တို့ကို ဖြတ်တောက်ပြီး ဆိတ်ငြိမ်စွာ တရားအားထုတ် ကျင့်ကြံမှုပြုခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် အရှင်မြတ်ကပေးသနားခြင်းဖြစ်၏။

[၁၄] သခင့်ပေါ်သို့ အရှင်ထံမှ ဤသို့ဗျာဒိတ်တော်သံ 'အိလ်ဟာမ်'ကျခဲ့၏။

"အို– အဘွလ်ဟဆန်၊ ငါ၏အမိန့်ကို နာခံလော့၊ ငါသည် အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတော်မူ၍ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာတို့နှင့်လည်းကောင်း၊ ဖြစ်ခြင်းပျက်ခြင်းတည်းဟူသော အနိစ္စ၊ သင်္ခါရ၊ သင်္ခတသဘောတို့နှင့်လည်းကောင်းလုံးဝသန့်စင်တော်မူသည့် အသင်္ခတဓါတ်၏အရှင်ဖြစ်တော်မူ၏။ အသင်၊ ငါ့အမိန့်တော်ကို ရိုကျိုးလိုက်နာပါက အသင့်အား ငါသည် 'ဖနာ' ဖြစ်ပျက်၊ အနိစ္စ၊ သင်္ခါရတို့နှင့်ကင်းရာ 'ဘကာ' အသင်္ခတကို ချီးမြှင့်ပေးသနားတော်မူအံ့။ ငါအရှင် ပိတ်ပင်တားဆီးပညတ်ထားချက်တို့အား ဖေါက်ဖျက်ကျူးလွန်ရန် ချဉ်းကပ်ခြင်းကိုပင်လျှင် စက်ဆုပ်ရွံ့ရှာပါလော့။"

[၁၅] အရှင်မြတ်၏မဟာကရုဏာတော်ကြောင့် အရှင်မြတ်သည် ကျွန်ုပ်အား ဗာယဇီဒ်သခင်ထက်မြင့်မားသော ဓမ္မဉာဏ်စဉ်စခန်းကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ဗာယဇီဒ်သခင်က–

"ကျွန်ုပ်သည် မြဲမြံခိုင်မာတည်ငြိမ်မှုမရှိသေးသလို ဓမ္မခရီးသည်တစ်ဦးလည်းမဟုတ်သေးပေ"ဟု မိန့်ဆိုခဲ့၏။

ဤအဆင့်သည် အရှင်က ကျွန်ုပ်အား ချီးမြှင့်ထားသောအဆင့်ထက်နိမ့်၏။ ကျွန်ုပ်သည်အရှင်၏တောင်ဟိဒ်တစ်ဆူတည်းတည်ရှိမှုကို ဉာဏ်ပေါက်သည့် "ဝဟာဒတ်တွလ်ဝ ဂျူဒ်" (ပရမတ်သဘောတွင် အသင်္ခတဂုဏ်တော်ရှင် အလ္လာဟ်အရှင်မြတ်၏ ဒွန်တနှစ်မျိုးပင်မကွဲသည့် တစ်ပါးတည်းသော

ဖြစ်တည်မှုမှလွဲ၍ အခြားသမည်သည့် သခ်တဓါတ်တို့၏ ဖြစ်တည်မှုမှမရှိ ဟူသည့်)တရားဉာဏ်ပေးသနားခြင်းခံထားရပြီး ကျွန်ုပ်သည် ထိုအသခ်တဂုဏ် တော်ရှင်အတွင်း၌ ခမ္မခရီးနှင်နေသူဖြစ်သည်။

အရှင်မြတ်သည် ကျွန်ုပ်၏အတ္တကို ဖြိုဖျက်သတ်ဖြတ်ပေးခဲ့သဖြင့်၊ ကျွန်ုပ်၌ အပါယ်ငရဲကို ကြောက်ရွံ့၍ထားသည့် ကြောင့်ကျစိတ်၊ အမတသုခဘုံကို အလိုရမွက်ထားသည့် တောင့်တစိတ်တို့သည် ကျွန်ုပ်၌ မရှိတော့ပြီ၊ အရှင် မြတ်က ကျွန်ုပ်အား ချီးမြှင့်ထားသည့်စခန်းမှာ မည်သို့သောစခန်းဖြစ်သည်ဆိုပါ မူ၊ အကယ်၍ အပါယ်ငရဲ၌ ခံစားနေရသည့်သူအားလုံးနှင့် နိဗ္ဗာန်ဘုံ၌ စံစား နေသူအားလုံးတို့ကိုစုပေါင်း၍ အဆိုပါစခန်းသို့ ဝင်ရောက်ခဲ့ပါမူ၊ ၎င်းတို့အား လုံး "ဖနာ" ကွယ်ပျောက်ကုန်ကြရအံ့။

[၁၆] အို–အရှင်၊ အရှင်ကျွန်တော်မျိုးအားချီးမြှင့်သည့် လက်ဆောင်ပဏ္ဏာတော်မှာ နိစ္စဖြစ်ပါ၏၊ အရှင် ကျွန်တော်မျိုးကို 'ငါ'တည်းဟူသော မမြဲရာအတ္တကို ပေးသနားခဲ့ပြီး၊ ကျွန်တော်မျိုးသည်အရှင့်အား (ကျွန်တော်မျိုး၏အဇ္ဈတ္တခန္ဓာ အတွင်းမှ) အလ္လာဟ့်ဗီဇအသခ်တဓါတ်ကို ဆက်သပါ၏။ ကျွန်တော်မျိုးသည် သေမျိုးဖြစ်ပြီး မုချမသွေ သေခြင်းတရားကို မြည်းစမ်းရပေအံ့။ အရှင်မှာမူ အိုခြင်း နာခြင်း သေခြင်းကင်းသည့် ဇာတိ၊ ဇရာ၊ ဗျာဒိ၊ မရဏ တို့နှင့် လားလားမျှ မစပ်ယှက်သည့် မြဲရာအသခ်တဂုဏ်တော်ရှင်ဖြစ်တော်မူပါ၏။

[၁၇] အို– အရှင်၊ ကျွန်တော်မျိုး၏ခန္ဓာငါးပါး၊ ရုပ် နာမ်တရားတို့ လုံးဝကွယ် ပျောက်ပြီး၊ ကျွန်တော်မျိုး၏အဇ္ဈတ္တသဏ္ဍာန်အတွင်း၌အရှင်မြတ်တစ်ပါးတည်း သာလျှင် ကိန်းဝပ်စံပါယ်တော်မူသည့် အဆင့်မျိုးရရှိရန် အရှင့်ထံ တောင်းခံ အပ်ပါသည်။

[၁၈] လောကဒွန္ဒယာကို ရှာဖွေသူတို့ထံမှ ယင်းလောကဒွန္ဒယာသည် ပျံသန်းထွက် ပြေး၏။ အရှင်မှာမူ ချိနဲ့အားပျော့စွာဖြင့် အရှင့်ထံပေါက်မည့်လမ်းကို လျှောက် လှမ်းနေသည့် ခမ္မခရီးသည်၏ တုန်ဆိုင်းနှေးကွေးသည့် ခြေလှမ်းတို့အား မြန်ဆန်သွက်လက် အရှိန်တက်လာရန် ဖေးမကူညီတော်မူသည့် မဟာကရုဏာ တော်ရှင် ဖြစ်တော်မူပါ၏။

[၁၉] အို–အရှင်၊ ကျွန်တော်မျိုးမှာ အရှင့်ရွှေရင်တော်ကို နာကျည်းအောင်အမြဲပြုလုပ် နေသူ (အကုသိုလ် မကောင်းမှုတို့ လုပ်နေသူ)ဖြစ်ပါ၏။ အရှင်မှာမူ ကျွန်တော် မျိုးအား လက်ဆောင်ပဏ္ဏာကောင်းချီးတော်များ တစ်ခုပြီးတစ်ခု ချီးမြှင့်နေပြီး အေးချမ်းသာယာရန် အမြဲပေးသနားတော်မူသောအရှင်ဖြစ်ပါ၏။

[၂၀] အချို့သူတို့သည် ငြိမ်းချမ်းသာယာမှုကို ခြိုးခြံစွာ ကျင့်ရသည့် ကျင့်စဉ်တို့၌ လည်းကောင်း၊ ဘုရားဖူးထွက်ခြင်းဖြင့်လည်းကောင်း၊ ဝတ်ပြုကိုးကွယ်မှုနှင့်

ဘာဝနာပွားမှုတို့ဖြင့်လည်းကောင်း ရှာဖွေကြ၏။ အို–အရှင်၊ ကျွန်တော်မျိုးကိုမူ ထိုအရာတို့၌ သန္တိသုခရှာသူအဖြစ် မထားဘဲ၊ အရှင့်ထံ၌သာလျှင် သန္တိသုခအငြိမ်းဓါတ်ကို ရှာသူအဖြစ် ရှိစေတော်မူပါအရှင်။

[၂၁] အို– အရှင်၊ ကျွန်တော်မျိုးအား အရှင့်နာမတော်ကို အရှင့်ဂုဏ်ဒြပ်တော်နှင့် ထိုက်တန်လျော်ညီစွာ ဉာဏ်ပွားနိုင်စွမ်းရှိကြသည့် အရှင့်အချစ်တော်ထံသို့ လမ်းညွှန်ခေါ်ဆောင်ပို့ပေးသနားတော်မူပါ။ ကျွန်တော်မျိုးသည် အဆိုပါ အရှင့်အချစ်တော် ပုဂ္ဂိုလ်မြတ်အား အလုပ်အကျွေးပြုခြင်းဖြင့် သူ၏မေတ္တာနှင့်ကောင်းချီးတို့ကို ရရှိရန်အတွက်ဖြစ်ပါသည်အရှင်။

[၂၂] အို– အရှင်၊ ကျွန်တော်မျိုးသည် အရှင်၏ရိုကျိုးသည့် ကျွန်တစ်ဦးမျှသာဖြစ်ပါ၏။ ကျွန်တော်မျိုး၏ဝတ်ပြုမှု၊ ဇိကိရ်ဘာဝနာပွားမှုတို့သည် အရှင့်ရှေ့မှောက်၌ မည်သို့မျှတန်ဖိုးမရှိနိုင်ပါ။ စွမ်းအား စွမ်းပကားဗလာနတ္တိဘာမျှမရှိသော ကျွန်တစ်ဦးဖြစ်သည့် ကျွန်တော်မျိုးသည် အရှင်မှအပမှီခိုအားထားရာ မရှိပါ။

⁂ ⁂ ⁂

အခါတစ်ပါး၌ အရှင့်ထံမှ ဗျာဒိတ်သံ 'အိလ်ဟာမ်'ကို အဘွလ်ဟဆန်သခင် ဤသို့ကြားရ၏။

" အဘွလ်ဟဆန်၊ အသင့်ကို ငါ၏စခန်းမှလွဲ၍ ကျန်အရာအအားလုံးကို ချီးမြှင့်ပေးခဲ့ပေပြီ "

ထိုအခါ အဘွလ်ဟဆန်သခင်က အရှင့်ထံ

" အို–အရှင်၊ ပေးသနားခြင်းနှင့် ငြင်းပယ်ခြင်းဟူသည့် နောက်ဆုံးကန့်လန့်ကာအတားအဆီးကိုလည်း ဖယ်ရှားပေးတော်မူပါ၊ ယင်းပေးသနားခြင်းနှင့် ငြင်းပယ်ခြင်းတို့သည် အရှင်နှင့်ကျွန်တော်မျိုးအကြား၌ ကြားခံဖြစ်နေပါ၏။ အရှင့်ကို ရရှိပိုင်ဆိုင်ပါသည်ဟု ကြွေးကြော်ခြင်းသည်ပင်လျှင် အကာအဆီးတစ်ရပ်ဖြစ်ပါ၏၊ အရှင်နှင့်ကျွန်တော်မျိုးအကြား၌ ကွဲကွာခြင်း မရှိခြင်းကိုသာ မက်ထားပါ၏။"

အဘွလ်ဟဆန်သခင်ကြီးက ဤသို့ပရမတ်တေးကို သီကျူးခဲ့၏။

" ချစ်သူတို့သည် ရောင်ခြည်တော်ထွန်းပသည့် အရှင့်မျက်နှာတော်ကိုသာ ကမ္ဘာဆုံးတိုင် ဖူးမျှော်နိုင်ရန် ရှာပုံတော်ဖွင့်ကြ၏။ သူတို့၏နာကျည်းခံစားမှုနှင့် ချမ်းမြေ့စံစားမှုတို့မှာ အရှင့်အလိုတော်ကျမှုအတွက်သာ ၎င်းတို့စိတ်ဘဝင်၌ ပေါ်ထွန်းစေခဲ့ပါသည်။ ချစ်သူတို့သည် အမတအမြိုက်နန်းဂျန္နသ်ဥယျာဉ်တော်ကို အရှင့်ရွှေမျက်နှာတော်အား ဖူးတွေ့ရပြီး အရှင့်ရွှေစက်တော် ဘုန်းရိပ်အောက်၌ နီးကပ်စွာ ကွန်းခိုခွင့်ကို နိစ္စ၊ ထာဝရ၊ မပြတ်မလတ် ရရှိမည်ဟူသော ရောရာသေချာသည့် ကတိစကားရမှ ရှာမှီးကြကုန်၏။

အဘူလ်ဟာဆန်သခင်က သူ၏အကုသိုလ် ဒုစရိုက်ကျူးလွန်ခဲ့သည့် စာရင်းမှာ ရှည်လျားသလောက် သူ၏ဆုတောင်းဝတ်ပြု ဘာဝနာအမှုတို့သည် တိုတောင်းလှကြောင်း မိန့်ကြားခဲ့၏။

" အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်၏စားဝတ်နေရေးကို လုံးဝဥဿုံတာဝန်ယူကြောင်းကို သံသယကင်းရှင်းပြီး ဘဝင်ကျခြင်း မရှိမချင်း ကျွန်ုပ်သည် ကိုယ့်အားကိုယ်ကိုးပြီး အသက်ဝမ်းကြောင်းပြုခြင်းကို မစွန့်လွှတ်ခဲ့ပေ"ဟု အဘူလ်ဟာဆန်သခင် မိန့်ဆိုခဲ့၏။

" ဝေနေယျအပေါင်းသည် လူ့လောကမှအရာကိစ္စတိုင်းအတွက် ဘာမျှစွမ်းဆောင်နိုင်ခြင်းမရှိကြောင်းကို တွေ့ရသောအခါ ကျွန်ုပ်သည် ၎င်းတို့ကို အားကိုးခြင်း၊ ယုံကြည်ခြင်း၊ ၎င်းတို့၏အရိပ်အာဝါသကို ခိုလှုံခြင်းကို မပြုသည့်အပြင် သူတို့အပေါ်၌လည်း တွယ်ဖက်စွဲငြိခြင်း မရှိတော့ပေ"ဟု အဘူလ်ဟာဆန်သခင် မိန့်ဆိုခဲ့၏။

" ကျွန်ုပ်သည် မည်သူတစ်ဦးတစ်ယောက်၏ ဆရာအဖြစ်ကိုမျှ မရောက်လိုပေ။ ကျွန်ုပ်၏ဆန္ဒမှာ အမြဲမပြတ် ' အလ္လာဟ်သည် ကျွန်ုပ်အတွက် ပြည့်စုံကုန်စင်အောင် လုံလောက်တော်မူ၏'ဟူသည့် သစ္စာကထာကို ပြောဆို၊ ခံစား၊ နှလုံးသွင်းနေရန်ပင်ဖြစ်၏။

အဘူလ်ဟာဆန်သခင်က–

" အသင်တို့အား တရားဘာဝနာစီးဖြန်းအားထုတ်ခြင်းကို မိမိလုံ့လဝီရိယဖြင့် စိုက်ထုတ်ကာ မကျင့်ကြံရဟု ပြောဆိုနေခြင်း မဟုတ်ပါ၊ သို့သော် သင်သည် ပရမတ်သဘောတွင် တစ်ကယ်တန်းကျင့်ကြံအားထုတ်နေသူ မဟုတ်မူဘဲ၊ အရှင့်လက်တွင်းက ကရိယာတစ်ခုမျှသာဖြစ်ပါ၏။ အကယ်စင်စစ် စစ်မှန်သည့် ဘာဝနာပွားမှုသည် အရှင်ကသင့်အတွင်းမှ လှုပ်ရှားစဉ်တွင်မှ အစပြုပါ၏။ သင့်ဖာသာကျင့်ကြံမှုသည် ကုန်သည်တစ်ဦး၏ကိုယ်စားလှယ်က ပိုင်ရှင်ကိုယ်စား ပစ္စည်းများကို ရောင်းဝယ်ဖေါက်ကားပေးနေခြင်းနှင့် အလားတူ၏။ ပိုင်ရှင်သည် အချိန်မရွေး ပစ္စည်းများကို သိမ်းယူခြင်းဖြင့် ကိုယ်စားလှယ်၌ တစ်ပြားတစ်ချပ်မှမကျန်ရှိဘဲ ရှိနိုင်ဘိ သကဲ့သို့တည်း။ "

သခင့်ကို လူအချို့ကမေး၏။

" သခင်သေခြင်းကို ကြောက်ပါသလား "

သခင်က " သေနေသည့် ပုဂ္ဂိုလ်သည် သေခြင်းတရားကို မကြောက်ပါ" ဟု ပြန်ဖြေ၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ ဤမိန့်ဆိုချက်တွင် တရားနှစ်မျိုးပါရှိ၏။ ပထမတရားမှာ မိမိ၏အစ္ဆုတ္တဏှာနှင့် 'ငါ'တည်းဟူသော အတ္တနှင့် ကိလေသာကာမဂုဏ်အာရုံတို့ သေနေသောသူသည် သေခြင်းတရားစိုက်ရောက်လာလျှင် ခရီးသွားရန် အဆင်သင့်ဖြစ်နေသည့် ခရီးသည်တစ်ဦးခရီးထွက်ရန် မတွန့်ဆုတ်သည့် အပြင် မျှော်လင့်စောင့်စားနေဘိသကဲ့သို့ သေခြင်းတရားကို ချစ်သူနှင့်တွေ့ဆုံစေမည့် ပေါင်းကူးတံတားအဖြစ် သဘောထား၏။ ထိတ်လန့်စိုးရိမ်ကြောင့်ကြမှု လုံးဝမရှိ။ အဆိုပါအလ္လာဟ့်အချစ်တော် အရဟတ်သူမြတ်တို့တွင် ရုပ် နာမ် ချုပ်ငြိမ်းနေကာ 'ဘကာ' အသခ်တသဘောကို ထိုးထွင်းဉာဏ်ပေါက်နေပြီးဖြစ်သဖြင့် သေခြင်းကို မကြောက်ကြပါ။ မြတ်ဆုရကျမ်းရှင် ဟာဂျီမှန်က " မာစဉ် နာစေ၊ ရှင်လျှက်နေ၊ သေလေခုကသာ "ဟု စပ္ပဉဒါန်းကျူးခဲ့၏။ ဒုတိယတရားမှာ လူ့လောက၏ ကိလေသာကာမဂုဏ်အာရုံတို့ကို အာသာငန်းငန်းခံစားလိုကြသည့် အတောမသတ်နိုင်သည့် ဝိသမလောဘသမားများမှာ ရမ္မက်ကွန်ခြာနှင့် မာယာထောင်ချောက်တို့တွင် တွယ်ငြိနေသဖြင့်၊ သေခြင်းတရား မိမိထံသို့ ဆိုက်ရောက်မလာဟု အထင်ရောက်လောက်အောင် မောဟထုံလွှမ်းပြီး အဝိဇ္ဇာအမှောင်တိုက်အတွင်း စုံလုံးကန်းနေကြ၏။ ဟာဂျီမှန်သခင်က ယင်းကဲ့သို့သော အန္ဓပုထုဇဉ်တို့အား 'အမ္ဗရာထုံး၊ ဖနာဖုံး၊ စုံလုံးကန်းသူမှာ' ဟု မြတ်ဆုရဓမ္မလင်္ကာတော်တွင် စပ်ဆိုထား၏။ ယင်းလူ့ဗာလတို့၏ နှလုံးသား၌ သစ္စာတရားကိန်းဝပ်ထင်ဟပ်နိုင်ခြင်းမရှိ၊ အနိစ္စသဘောနှင့် သခါရတရားတည်းဟူသော 'ဖနာ'သဘောတို့ကို 'နဖ်စ်အမ္ဗရာ'အဝိဇ္ဇာစေတသိတ်က ဖုံးလွှမ်းထား၏။ ဤသူတို့သည် နှလုံးသားသေနေသူတို့ဖြစ်၏။ ယင်းလူသေများသည်လည်း သေခြင်းတရားကို မကြောက်ကြပါ။ သို့သော် အရိယာပုဂ္ဂိုလ်ထူးများနှင့် အန္ဓပုထုဇဉ် ငမိုက်သားတို့၏ မကြောက်ခြင်းသဘောတို့မှာ မတူကြပါ။)*

သခင့်ကို သူတို့က မေးကြ၏။

'ဘန်ဒဂီ' ( အရှင့်ကို 'အေဗာဒတ်' ဘာဝနာပွားမှုကို အသက်ရှုသည်နှင့်အမျှ သမရိုးကျ လုပ်ရိုးလုပ်စဉ်ကဲ့သို့ အမြဲမပြတ်စွဲမြဲစွာ ပွားများနေသည့် ပုဂ္ဂိုလ်မြတ်တို့၏ အဖြစ်) ဆိုသည်မှာ ဘာပါလဲသခင် "

သခင်က သူတို့ကို ပြန်ဖြေ၏။

" မိမိဘဝသက်တမ်းတစ်လျှောက်လုံးတွင် မိမိအတ္တ 'ငါ'နှင့်ယှဉ်၍ဖြစ်သော

အလို ကုန်ဆုံးသည့်အဖြစ် 'နာမိရာဒိ'နှင့်တည်ဆောက်ကျင့်သုံးခြင်းပင်ဖြစ်၏။"

သူတို့က မေးမြန်းကြပြန်၏။

**" သမာဓိ၊ သတိ၊ အသိတို့ဖြင့် အရှိ (အသခ်တဂုဏ်တော်ရှင်)အား ဉာဏ်ပွားရသည့် မဟာသတိပဋ္ဌာန်ကို စိုက်ရောက်ရန် မည်ကဲ့သို့အားထုတ်ရပါမည်နည်းသခင်။ "**

သခင်ကပြန်ဖြေ၏။

**" သင့်လူ့ဘဝသက်တမ်းကို သင်လေတစ်ခါရှူသွင်းခါမျှလောက်သာဖြစ်သည်ဟု ဉာဏ်ဖြစ်အောင်ရှုပါလေ၊ အရှင့်ကို (ဉာဏ်စက္ခုဖြင့်) ဖူးပြီးသည်နှင့် မဟာသတိပဋ္ဌာန်သည် အလိုလိုဖြစ်တည်လာ၏။ "**

အဘွလ်ဟာဆန်သခင်က အရှင့်ကို-

" လွန်ခဲ့သည့် နှစ်ပေါင်း (၆၀)ကစ၍ အရှင့်ကို ကျွန်တော်မျိုးချစ်လျက် ရှိရပါ၏၊ စောင့်မျှော်လျက်ရှိရပါ၏"ဟု လျှောက်ထား၏။ သခင့်လျှောက်ထားချက်ကို ကြားတော်မူသည့်အရှင်မြတ်က၊

" အဘွလ်ဟာဆန်ရယ်၊ သင့်ကို အချစ်ကြီးချစ်ပြီး အသင်ငါ့ထံရောက်ရှိလာမည့် အချိန်ကို စောင့်မျှော်နေရသည်မှာ ကမ္ဘာဦးအစ ဤလောကကို ငါဖန်ဆင်းချိန်ကတည်းကပင် ဖြစ်ပါ၏"ဟု ဗျာဒိတ်တော်မူ၏။

သခင် ခန္ဓာဝန်ချကာ ခေမာသောင်ကမ်း အမတအမြိုက်နန်းသို့ ကူးပြောင်းကြွမြန်းရန် အချိန်ဆိုက်ရောက်လာသောအခါ သခင်က-

" ကျွန်ုပ်ကို ဗာယဇိဒ်သခင်အား မြှုပ်နှံထားသည့် မြေနေရာထက်နိမ့်သည့်အရပ်၌ မြှုပ်နှံပါလော့၊ ကျွန်ုပ်၏သင်္ချိုင်းသည် ဗာယဇိဒ်သခင်၏သင်္ချိုင်းတော်ထက် မြင့်နေပါက သခင့်ကို မရိုမသေ မလေးမစားပြုရာရောက်ပေအံ့"ဟု မိန့်ဆိုတော်မူ၏။

အဘွလ်ဟာဆန်သခင်ကြီးက မိုဟမ္မဒ်ဗင်ဟာဆန်ဆိုသည့် သူတော်ကောင်းတစ်ဦးအား သူကွယ်လွန်ကာနီးအချိန်တွင် သခင့်အနား၌ လာနေပါမည်ဟု ကတိပေးခဲ့၏။ သို့သော် အဘွလ်ဟာဆန်သခင်သည် မုဟမ္မဒ်ဗင်ဟာဆန်ထက်စောကာ အရှင့်ထံကြွမြန်းပြီး ခန္ဓာဝန်ချခဲ့၏။

မုဟမ္မဒ်ဗင်ဟာဆန်ကွယ်လွန်ကာနီးအချိန်တွင်မှ အဘွလ်ဟာဆန်သခင်ကို သူ့အပါး၌ အားပေးစကားပြောကာ တရားချနေသည်ကို မုဟမ္မဒ်ဗင်ဟာဆန်သည်

ထင်ထင်ရှားရှားတွေ့ရ၏။ မုဟမ္မဒ်ဗင်ဟာဆန်သခင်လည်း ဧာပြန်ခြင်းစသည့် ကွယ်လွန်ကာနီးခံစားရလေ့ရှိသည့် ဆင်းရဲဒုက္ခအနိဋ္ဌာရုံတို့ကို မခံစားရပဲနှင့် အရှင့်အမိန့်တော်ခံယူသွားခဲ့၏။

## (၁၈) ဟဇရေသ် အဘူဘက္ကရ် ရှစ်ဘလီ

ရှစ်ဘလီသခင်ကြီးသည် တရားဓမ္မကျမ်းစာများအပါအဝင် စာပေပရိယတ်တို့ကို နှစ်ပေါင်း(၃၀)တိုင်တိုင် လေ့လာဆည်းပူးသင်အံပြီးနောက် အရှင့်ကို ရှာလိုစိတ်ပြင်းထန်စွာ ပေါ်ပေါက်လာ၏။ သခင်ငယ်ရွယ်စဉ်အခါက သခင်၏ လွတ်လပ်သည့်အတွေးအခေါ်များကြောင့် သခင့်ကို တစ်ယူသန်အစွန်းထွက် အယူသည်း ဗာဟိဒ္ဓဝါဒီဗွာဟောရီ ဘာသာရေးသမားများက နှိပ်ကွပ်စော်ကားခဲ့ကြ၏၊ သခင့်ဓမ္မဥဒါန်းကျူးရင့်မှုတို့သည် သာသနာ့အာဇာနည် မန်စူရ်အလ်ဟလ်လာဂျ်သခင်ကြီး၏ လောကုတ္တရာစျာန်နှင့်ယှဉ်ပြီး ကျူးရင့်ခဲ့သည့် ဓမ္မဥဒါန်းတို့နှင့်အလွန်ဆင်တူ၏။

အခါတစ်ပါး၌ ခလီဖ္ဖာဘုရင်ကြီးသည် ရှစ်ဘလီသခင်ကြီးအပါအဝင် ဂုဏ်သရေရှိ ပုဂ္ဂိုလ်တို့ကို ဖိတ်ကြားကာဧည့်ခံ၏။ အပြန်တွင်လည်း ဧည့်သည်တစ်ဦးစီတို့အား တန်ဘိုးကြီးလှသည့် ကြက်သရေဆောင်ဝတ်ရုံတို့ကို လက်ဆောင်အဖြစ်ပါးလိုက်၏။ နန်းတော်မှအပြန်တွင် ရှစ်ဘလီသခင်နှင့်အတူပါလာသည့် မြို့စားတစ်ဦးသည် နှာချေပြီးနောက် လက်ကိုင်ပုဝါပါမလာသဖြင့် ဘုရင်ပေးလိုက်သည့်ဝတ်ရုံဖြင့် နှာခေါင်းကိုသုတ်လေ၏။ ယင်းအချင်းအရာကို ဘုရင့်ထံ တစ်စုံတစ်ဦးက သွားရောက်တိုင်ကြားလေရာ ဘုရင်သည် အဆိုပါမြို့စားကို ချက်ချင်းဆင့်ခေါ်ပြီး ဝတ်ရုံကိုပြန်တောင်းကာ နှင်ထုတ်လိုက်လေ၏။

အဆိုပါ ဖြစ်ရပ်ကို ရှစ်ဘလီသခင်သည် အောက်ပါအတိုင်း သုံးသပ်ခဲ့လေသည်။

" လောကီနိုင်ငံတစ်ခုကို အုပ်ချုပ်မင်းလုပ်ရသည့် ဘုရင်တစ်ဦးပေးသော လက်ဆောင်ဝတ်ရုံတော်ကို တစ်လွဲတစ်ချော်လမ်းမှားစွာ အသုံးချခဲ့သည့်အတွက် ဤမျှလောက်အပြစ်ဒဏ်ခံရပါလျှင် စကြဝဠာအနန္တကိုပိုင်စိုးတော်မူသော အရှင်က ပေးသည့်ဝတ်ရုံ (လူသား၏ခန္ဓာငါးပါး ရုပ် နာမ်တရားတို့)ကို လွဲမှားစွာ အသုံးချခဲ့ပါက မည်မျှဆိုးဝါးသော မကောင်းကျိုး ဆိုးပြစ်တို့ကို ခံရမည်ကို မမှန်းဆနိုင်ပါတကား။ "

ဤသို့ သံဝေဂဉာဏ်ရင်သန်လာသည့် ရှစ်ဗလီသခင်သည် မင်းခစားအလုပ်ကိုစွန့်ကာ ဘဝသစ္စာကိုရှာဖွေရန် " ခိုင်ရ်နတ်စ်စချ် "ဟုခေါ်သည့် ပုဂ္ဂိုလ်မြတ်ထံ ချဉ်းကပ်လေ၏၊ အဆိုပါ ပုဂ္ဂိုလ်မြတ်က ရှစ်ဘလီသခင်ကို ဂျူနိုက်ဒ်သခင်ထံသွားရောက်ရန် လမ်းညွှန်ခဲ့၏။

ဂျိနိုက်သခင်ထံသို့ချဉ်းကပ်၍ ရှစ်ဘလီသခင်က " သခင့်ထံတွင် အဖိုးထိုက်သည့် စိန်တုံးတစ်တုံးရှိသည်ဟု ကျွန်တော်မျိုးကြားသိရပါ၏။ ဤစိန်၏တန်ဖိုးကို ကျွန်တော်မျိုးပေးနိုင်သည်ဟု သခင်ယူဆပါက ကျွန်တော်ပေးသည့်တန်ကြေးနှင့် ဤစိန်တုံးအား ကျွန်တော်မျိုးကိုပေးပါလော့၊ အကယ်၍ စိန်တန်ဖိုးကို ကျွန်တော်ထိုက်တန်စွာ မပေးနိုင်ဟု ယူဆပါက ကျွန်တော့အား စိန်တုံးကို အဖိုးစားနားမထားတော့ဘဲ အလကားပေးပါသခင်"ဟု လျှောက်ထား၏။

ဂျိနိုက်ဒ်သခင်က–

" ဤစိန်၏တန်ဖိုးသည် အနဂ္ဃထိုက်တန်ပါသဖြင့် အဆွေဝယ်နိုင်စွမ်းရှိမည်မဟုတ်ပေ၊ အဆွေကို အလကားပေးလိုက်ပါကလည်း အဆွေဤစိန်တုံးကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုထိန်းသိမ်းထားနိုင်မည် မဟုတ်ပေ၊ ထို့ကြောင့် ဦးစွာပထမ ဤစိန်တုံးကို ရယူပိုင်ဆိုင်နိုင်စွမ်းရှိစေရန် ကြိုးစားအားထုတ်ရန်လိုအပ်၏။ ဤစိန်တုံးကို အမှန်တကယ်အဆွေအလိုရှိပါက အဆွေ့ကိုယ်ကိုအဆွေ 'ဖနာ'ပြုကာ အနတ္တဉာဏ်စိုက်၍ 'တောင်ဟိဒ်'၏ပင်လယ်ပြင်တွင် ငုတ်လျှိုးပြီး 'ဝဟာဒါတွလ်ဝဂျွတ်' ( သစ္စာတရားသည် တစ်ခုတည်းသာဖြစ်ရှိသည်ဟူသည့် သစ္စာကထာ ) ပရမတ်ဉာဏ်ပွင့်လင်းအောင်လုပ်ရပေမည်။ ထိုအချိန်တွင် အရှင်မြတ်သည် အဆွေ့အား သည်းခံခြင်းနှင့် စောင့်စားခြင်း တံခါးဝကို ဖွင့်ပေးချေမည်။ အဆိုပါစမ်းသပ်မှုတို့ကို အောင်နိုင်ပါက အရှင်မြတ်သည် အဆွေ့ကို စိန်တုံးအား ပေးသနားတော်မူအံ့။ "

ရှစ်ဘလီသခင်သည် ဓမ္မခရီးလမ်းကိုလျှောက်လှမ်းရန် စိတ်ထက်သန်ပြီး အဆင်သင့်ဖြစ်နေသည့်အားလျော်စွာ ဂျိနိုက်ဒ်သခင်သည် သူ့ကို ဈေးထဲ၌ ကန့်မှန့်များကို တစ်နှစ်တိုင် ရောင်းချစေခဲ့၏။ သခင်လည်း ဥပဇ္ဈာယ်ဆရာသခင်၏အမိန့်အတိုင်း တစ်နှစ်တိုင်တိုင် ခိုင်းစေချက်ကို ကျေပြွန်စွာ ထမ်းဆောင်ခဲ့၏။ နောက်တစ်နှစ်တွင်မူ ရှစ်ဘလီသခင်သည် သူဘုန်းစားအဖြစ် လိုက်လံတောင်းရမ်းစားသောက်ရလေ၏။ သို့သော်လူအများကသခင့်ကို စွန့်ကြဲပေးကမ်းရန် ငြင်းဆန်ကြ၏။ ထိုအခါ ဓမ္မလမ်းညွှန် ဂျိနိုက်ဒ်သခင်ကြီးက လူအများ၏ရှေ့မှောက်၌ သူ(ရှစ်ဘလီသခင်)၏ တန်ဖိုးမည်မျှရှိကြောင်းကို မှတ်သားခိုင်းလေ၏။ ရှစ်ဘလီသခင်၏ တရားစခန်းအောင်မြင်မှုနှင့် ဉာဏ်စဉ်မြင့်မားပေါက်ရောက်မှုတို့ကို လူအပေါင်းက ဂရုစိုက်ခြင်းမရှိသည့်အတွက် မမြဲရာ၊ ရုပ်နာမ်ဓမ္မသင်္ခါရအစုစုတို့နှင့် လောကီအာရုံကာမဂုဏ်တို့၌ စွဲမက်ငြိတွယ်ခြင်း မရှိစေရန် ဆုံးမဩဝါဒချွေလေ၏။

ထို့နောက်ဆရာသခင်က ရှစ်ဘလီသခင်ကို 'နီဟာဝမ်းဒ်'အရပ်၌ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်တစ်ခုကို ဝင်လုပ်ရန် ညွှန်ကြားလေ၏။ ထို့နောက် မိမိယခင်က သိလျက်ဖြစ်စေ၊ မသိလျက်ဖြစ်စေ မတော်မတရား ဖိနှိပ်ခဲ့သည်များရှိပါက ခွင့်လွှတ်ပါရန် တစ်အိမ်တက် တစ်အိမ်ဆင်း တောင်းပန်ရန်ကိုလည်း စေခိုင်းခဲ့၏။ ဤသို့ဆောင်ရွက်ပြီးနောက် ဆရာသခင်ကရှစ်ဘလီသခင်ကို နောက်ထပ်တစ်နှစ် သူတောင်းစား

အဖြစ် တောင်းရမ်းရန် ခိုင်းစေပြန်၏။ မိမိဂုဏ်မာနကို အမြစ်မှလှန်ကာ သုတ်သင်ရှင်းလင်းပစ်ရန်အတွက်ဖြစ်၏။ ရှစ်ဘလီသခင်လည်း မိမိဓမ္မလမ်းညွှန် ပီရ်မရှာယစ်ခ်သခင်လမ်းညွှန်ချက်အတိုင်း ခြေသုတ်ပုဆိုး မြွေစွယ်ကြိုးသလို မောက်မာထောင်လွှားသည့်သဘာဝရှိသော မာနကိုချိုးနှိမ်ကာ လိုက်နာဆောင်ရွက်ခဲ့၏။ သခင်ရှာဖွေလာသမျှကို ဆရာသခင်က မိမိဓမ္မရိပ်သာရှိ ဒရဝေ့ရှ်သူမြတ်တို့အား ခွဲဝေကျွေးမွေးပြီး သခင်မှာ တစ်ခါတစ်ရံ ဘာမျှ မစားမသောက်ရဘဲနေခဲ့ရသည်များ ရှိခဲ့၏။

ဤသို့ တစ်နှစ်တိုင်တိုင်စမ်းသပ်ပြီးနောက် ဆရာသခင်သည် ရှစ်ဘလီသခင်ကို မိမိအပါး၌ ခစားရန် ထိုက်တန်ပြီဟုသတ်မှတ်ကာ မိမိထံရောက်ရှိလာတတ်သည့် အရိယာဆူဖီသူမြတ်များအား အလုပ်အကျွေးပြုစေခဲ့၏။ ဤတာဝန်ကိုလည်း သခင် တစ်နှစ်တိုင်တိုင် ရွက်ဆောင်ရ၏။ ထိုနောက် ပီရ်သခင်ဂျူနိုက်ဒ်ဘဂ္ဂဒါဒီက ရှစ်ဘလီသခင်ကို မည်ကဲ့သို့ခံစားရပါသနည်းဟုမေးရာ သခင်က ,,, " ကျွန်တော်မျိုးကို ကျွန်တော်မျိုး အနိမ့်ကျဆုံးသော ဖန်ဆင်းခံတစ်ဦးအဖြစ်သတ်မှတ်ပါ၏ "ဟု ပြောဆိုဖြေကြားခဲ့၏။ ဂျူနိုက်ဒ်သခင်က " သင်၏ယုံကြည်မှုသဒ္ဓါတရားသည် ပြည့်စုံမှုသို့ ရောက်ရှိခဲ့ပေပြီတကား"ဟု မိန့်ဆို၏။

ပထမအဆင့်တွင် အရှင့်နာမတော်ကို တသသူမှန်သမျှ၏ နှုတ်ခံတွင်းသို့ သကြားခွန့်ထည့်ပေးခြင်းမှာ ရှစ်ဘလီသခင်၏အလေ့အထဖြစ်ခဲ့၏။ သခင်၏ လောကုတ္တရာပီတိမြင့်တက်လာသည်နှင့်အမျှ သခင်သည် အလ္လာဟ့်နာမတော်ကို သခင့်ရှေ့မှောက်၌ ရွတ်ဆိုတသသူတို့ကို ရွှေဒင်္ဂါးများ ပေးဝေလေ့ရှိ၏။ သခင်၏ဓမ္မစခန်းပေါက်ရောက်မှု အထွဋ်အထိပ်သို့ မြင့်တက်လာသည့်အခါတွင်မူ သခင်သည် ဓါးလွတ်ကိုင်ကာ အရှင့်နာမတော်ကို ရွတ်ဆိုသူတို့အား လိုက်လံခုတ်ပိုင်းလေ၏။ ဤထူးဆန်းလှသည့် အပြုအမူစရိုက်ကို သခင့်အား မေးလျှောက်ကြည့်ရာ သခင်က–

" ဦးစွာပထမ ကျွန်ုပ်သည် လူအပေါင်းအရှင့်နာမတော်ကို တဆိုနေခြင်းမှာ စစ်မှန်သောစေတနာနှင့် ဉာဏ်အလင်းပွင့်ပေါ်ထွန်းတောက်ရန်ဟု ထင်မှတ်ခဲ့၏။ ယခုကျွန်ုပ်သိရသည်မှာ သူတို့သည် အလေ့အထဖြစ်နေ၍ ရွတ်ဆိုနေကြခြင်းသာဖြစ်ပြီး၊ တာဝန်တစ်ရပ်အနေဖြင့် ဓလေ့ထုံးစံတစ်ခုကို ရွက်ဆောင်နေသလို အသိမဲ့စွာ မောဟဖုံးသောနှလုံးသားဖြင့် အရှင့်နာမတော်ကို ရွတ်ဆိုနေကြခြင်းသာဖြစ်ကြောင်း သိရပေပြီ "ဟု ဖြေကြားခဲ့၏။

တစ်နေ့သောအခါတွင် ရှစ်ဘလီသခင်သည် အရှင့်ထံမှ ဗျာဒိတ်တော်သံ အိလ်ဟာမ် ဤသို့ကြားရ၏။

" အို– ရှစ်ဘလီ၊ သင်သည် နာမတော်ကို ရွတ်ဆိုနေမှုလောက်နှင့် မည်မျှကြာအောင် ရောင့်ရဲတင်းတိမ်နေပါမည်နည်း။ ယင်းနာမတော်ကို သင့်တွေ့အောင် ရှာပုံတော်ဖွင့်ပါလော့။ "

ရှစ်ဘာလီသခင်သည် အရှင့်ထံမှ ဒိဗ္ဗသောတ 'အိလ်ဟမ်'နှင့်ရရှိသည့် အဆိုပါ ဗျာဒိတ်တော်သံကြောင့် ပီတိသောမနဿတို့ ဆူဝေလာကာ သူရူးတစ်ဦးပမာ 'ဒဂျလာ'မြစ်အတွင်းသို့ ခုန်ဆင်းလေ၏။ သို့သော် အရှင့်ကရုဏာတော်ကြောင့် မြစ်အတွင်းမှ ရိုက်ခတ်လာသည့် လှိုင်းတစ်လုံးက သခင့်ကို ကမ်းပေါ်သို့ ပင့်တင်ပေးလိုက်၏။

သခင် လောကုတ္တရာစျာန် အတန်မျှ ဆက်လက် ဖွံ့ဖြိုးတိုးတက်လာရာ၊ မီးတစ်ဟုန်းဟုန်းတောက်လောင်နေသည့် မီးဖိုကြီးထဲသို့ ခုန်ဆင်းခဲ့၏။ သို့သော် သခင်မှာ ထိခိုက်ဒဏ်ရာရရှိခြင်း တစ်စုံတစ်ရာမျှ မရှိပေ။ နောက်အရှင့်ထံမှ ဗျာဒိတ်တော်သံကြားရပြန်၏။

" (ရှစ်ဘာလီသည်) ငါ့အရှင်၏သားကောင်ဖြစ်နေပြီ၊ ငါ့အရှင်က (သူ့နှလုံးသားကို) ဒဏ်ရာဖြစ်အောင် လုပ်ထားခြင်းခံရသူတစ်ဦးအား ငါ့အရှင်မှလွဲ၍ မည်သူတစ်စုံတစ်ဦးကမျှ သေကြေပျက်စီးအောင် မပြုနိုင်ပေ။ "

ရှစ်ဘာလီသင်၏လောကုတ္တရာ စျာန်အရှိန်အဟုန်မှာ ထိန်းသိမ်းလို့ မရနိုင်အောင် ဆူပွက်လာသောအခါတွင်မူ သခင့်ကို သံကြိုးနှင့်ချည်နှောင်ထားကြ၏။ တစ်ခါတစ်ရံတွင်မူ သခင့်ကို စိတ္တဝေဒနာရှင်များကို ထိန်းသိမ်းထားသည့်ထောင်အတွင်း၌ ပိတ်လှောင်ထားကြ၏။

လူအပေါင်းက သခင့်ကို စိတ္တဝေဒနာရှင်သူရူးဟု ခေါ်ဆိုကြသောအခါတွင် သခင်က–

" စိတ်ဖောက်ပြန် ရူးသွပ်နေသူမှာ ကျွန်ုပ်မဟုတ်၊ သင်တို့သာဖြစ်၏၊ ဤအမှန်တရားစီရင်တော်မူမည့်နေ့၌ သင်တို့အတွက် ထင်ပေါ်လာမည်ဖြစ်၏"ဟု ပြန်လည်ဖြေကြားတော်မူလေသည်။

သခင့်ကို စိတ္တဇထောင်တွင် ထားစဉ်အခါတစ်ပါး၌ သခင့်မိတ်ဆွေတို့ သခင့်ကို လာတွေ့ကြ၏။ သခင်က မည်သူများလည်းဟုမေးရာ ၎င်းတို့က သခင့်မိတ်ဆွေများဖြစ်ကြပါသည်ဟု ဖြေကြားလိုက်သောအခါတွင် သခင်သည် ခဲများနှင့်၎င်းတို့အား ပစ်ပေါက်လေ၏။ ဤသို့ထူးဆန်းလှသည့် ကြိုဆိုမှုကို အဘယ့်ကြောင့်ပြုလုပ်ရပါသနည်းဟု သခင့်ကိုမေးကြည့်ရာ သခင်က " အဆွေတို့သည် အလွန်ဆန်းပြားသည့် မိတ်ဆွေများပါတကား၊ မိတ်ဆွေတစ်ဦး၏ဒုက္ခပေးမှုကို ခံနိုင်ရည် မရှိကြပါတကား"ဟု ဖြေကြားတော်မူ၏။

တစ်နေ့၌ မီးတုတ်ကိုင်ကာ ပြေးလွှားလာသည့် ရှစ်ဘာလီသခင်ကို လူအပေါင်းက အကျိုးအကြောင်းမေးကြည့်ရာ သခင်က " အလ္လာဟ့်အိမ်ဟု သမုတ်ထားသည့် ကအ်ဗာကျောင်းကို မီးရှို့ရန်ဖြစ်သည်"ဟု စျာန်ဝင်စားနေရာမှ ဖြေကြားလိုက်၏။

နောက်တစ်နေ့တွင်မူ မီးတုတ်ကိုင်ပြီး ထိုလမ်းအတိုင်းထွက်လာသည့်သခင်ကို မေးကြည့်ပြန်ရာ သခင်က၊ ‘ ငါသည် သုခဘုံကို မီးတိုက်ရှို့ရန် ထွက်လာခြင်းဖြစ်သည်၊ သို့မှသာ လူသားတို့သည် အလ္လာဟ့်ကို မည်သည့်အလိုရမ္မက်စည်းစိမ်ချမ်းသာအတွက်မျှ မဟုတ်ဘဲ အလ္လာဟ့်အတွက်သက်သက်သာလျှင် ချစ်ကြပေမည်”ဟု ဖြေကြား၏။

( ပြင်ပဗဟိဒ္ဓသဏ္ဌာန်အားဖြင့် သူရူးဟန်ပေါက်နေသည့် ) ရှစ်ဘလီသခင် လမ်းလျှောက်လာစဉ်တွင် အချို့သော ဆိုးသွမ်းသည့် ကလေးငယ်များသည် ခဲနှင့် ပစ်ပေါက်လေ့ရှိ၏၊ တစ်နေ့တွင်မူ သခင်သည် ကလေးဆိုးများလက်ချက်ဖြင့် သွေးစိမ်းရှင်ရှင်ယိုစီးထွက်လောက်အောင် ဒဏ်ရာရရှိခဲ့၏။ သခင့်ခန္ဓာကိုယ်မှ သွေးတစ်စက်ခြင်း မြေပေါ်ကျတိုင်း အရှင့်နာမတော် အက္ခရာပုံသည် မြေဌပေါ်လေ၏။

ညအချိန်တွင် အိပ်စက်ငိုက်မြည်းခြင်း မရှိရန် သခင်သည် မျက်စိအတွင်းသို့ ဆားများ ခတ်လေ့ရှိ၏။ အဘယ်ကြောင့် ဤသို့ပြုလုပ်ရပါသနည်းဟု မေးသောအခါ သခင်က– “ အရှင်မြတ်က ကျွန်ုပ်ကို အသင့်ချစ်သူ နိုးနေစဉ်မှာ အသင်ဘယ်ကဲ့သို့ အိပ်စက်နိုင်ပါသနည်းဟု မေးဘူး၏ ”ဟု ဖြေကြားခဲ့၏။

တစ်ချိန်တွင် ရှစ်ဘလီသခင်က မိမိခန္ဓာကိုယ်ကို ပြင်းပြင်းထန်ထန် အားနှင့် ကုတ်ခဲ့ရာ အနာများပင်ဖြစ်ပေါ်လာခဲ့၏။ ဂျိုနိုက်ဒ်သခင်က အဘယ်ကြောင့် ဤသို့ပြုလုပ်ပါသနည်းဟုမေးရာ သခင်က “ ယနေ့ကျွန်ုပ်အား သစ္စာတရားတစ်ခုကို ထိုးထွင်းသိမြင်စေရန် အရှင်က ဉာဏ်စဉ်တစ်ခုကို ချီးမြှင့်ခဲ့၏။ ဤအမှန်တရား ထင်ရှားလာသဖြင့် ကျွန်ုပ်သည် ကျွန်ုပ်ခံနိုင်ရည်စွမ်းမရှိသည့် သောကကိုခံစားရ၏။ ယင်းသောကမှ ပြေပျောက်စေခြင်းငှာ ယခုလို ပြုလုပ်ခြင်းဖြစ်သည်”ဟု ဖြေကြားခဲ့၏။

တရားထူးရကာစအချိန်တွင် ရှစ်ဗလီသခင်သည် သည်းထန်စွာ ငိုကြွေးလေ့ရှိသဖြင့် လူအများက သခင့်အပါး အမြန်သွားကာ အကျိုးအကြောင်းမေးမြန်းခဲ့၍ သခင်က “ ကျွန်ုပ်သည် အရှင်ပေးအပ်ထားသည့် တာဝန်ဝတ္တရားကို ရွက်ဆောင်ရန် ပျက်ကွက်ခဲ့သဖြင့် ယခုလို ငိုကြွေးရခြင်းဖြစ်သည် ”ဟု ဖြေကြားတော်မူ၏။

တစ်ချိန်၌ ရှစ်ဘလီသခင်သည် ဂျိုနိုက်ဒ်သခင်အပါး၌စုဝေးကျင်းပသည့် ဓမ္မသဘင်တစ်ခု၌ ထိုင်လျှက်ရှိ၏။ တပည့်သာဝကတို့က ရှစ်ဗလီသခင်ကို ချီးမြှောက်ဂုဏ်ပြုသည့်စကားများကို စတင်ကာ ပြောဆိုလာကြ၏။ ဂျိုနိုက်ဒ်သခင်သည် တပည့်များ၏စကားကိုဖြတ်ကာ ရှစ်ဘလီသခင်ကို ရှုံ့ချပုတ်ခတ်ပြီး သူတို့ဓမ္မသဘင်မှ

ရှစ်ဘလီသခင်ကို မောင်းထုတ်ပစ်လိုက်၏။ ရှစ်ဘလီသခင်ထွက်သွားသောအခါတွင် ဂျိုနိုက်ဒ်သခင်ကြီးက တပည့်အပေါင်းကို –

“ သင်တို့သည် ရှစ်ဘလီသခင်ကို ချီးမြှောက်ခြင်းဖြင့် သူ့ကိုဓမ္မပိုင်းဆိုင်ရာ လက်တွေ့ကျကျ မသတ်ရုံတမယ်ပြုခဲ့ကြပေသည်၊ ငါသာမကူညီခဲ့ပါလျှင် ရှစ်ဘလီတစ်ယောက် ဓမ္မပိုင်းဆိုင်ရာ သေဆုံးမှုနှင့် ကြုံတွေ့နိုင်သည်၊ သင်တို့ချီး မြှောက်စကားများသည် ရှစ်ဘလီ၏အတ္တကို နိုးကြွလာစေပြီး အဝိဇ္ဇာဖုံးလွှမ်းပြီး မောဟပိတ်ဖုံးနေသည့် စိတ်ဆင်ရိုင်းကို ပေါ်ထွန်းစေနိုင်ကာ သူ့အတွက် ရာသက်ပန် ဆုံးရှုံးပျက်စီးဖို့ဖြစ်လာနိုင်၏။ ”

“ ကျွန်ုပ်သူ့ကို ပုတ်ခတ်စော်ကားနှိမ့်ချစကားဆိုလိုက်ခြင်းသည် သူ၏စိတ် သဏ္ဍာန်၌ ရိုကျိုးနှိမ့်ချမှုကို ဖြစ်ပေါ်စေပြီး ဓမ္မစခန်းနှင့် ဉာဏ်စဉ်များမြင့်တက် ရေးကို များစွာ အထောက်အကူပြုခဲ့၏။ တစ်ချိန်တည်းမှာပင် သင်တို့၏ ချီးမွမ်း စကားတို့သည် ရှစ်ဘလီသခင်၏ ဉာဏ်စဉ်စခန်းမြင့်တက်ရေးနှင့် ဓမ္မစခန်း ပေါက်မြောက်ရေးတို့ကို သေဆုံးပျက်စီးသွားစေနိုင်၏။ ကျွန်ုပ်၏ နှိမ့်ချစော်ကားမှု တို့သည် ရှစ်ဘလီအတွက် သင့်တို့ချီးမွမ်းထောပနာပြုခြင်းတည်းဟူသော ဓါးချက်ကို ခုခံကာကွယ်သည့် ဒိုင်းဖြစ်ခဲ့ပေသည်”ဟု မိန့်ဆိုလေ၏။

ရှစ်ဘလီသခင်သည် သူတရားကျင့်ကြံအားထုတ်ရာ ကမ္ဘဌာန်းဂူအတွင်းသို့ တုတ်ချောင်းတစည်း အမြဲယူသွားလေ့ရှိ၏။ သူ့နှလုံးသား၌ ကိလေသာစိတ် ယိုဖိတ်လာတိုင်း မိမိကိုယ်ကို ဤနည်းဖြင့် ဆုံးမထိန်းကွပ်လေ့ရှိ၏။ တရားထိုင်ရာမှ ပြန်ထွက်လာလျှင် တုတ်တစ်စည်းလုံး ကျိုးနေသည်ကို လူတို့တွေ့ကြရ၏။ တုတ် များမရှိချိန်တွင် မိမိခန္ဓာကိုယ်ကို နံရံနှင့်ဆောင့်ခြင်းဖြင့် ပုန်ကန်ခြားနား ဖောက်ပြန် ရှန်းကန်နေသော စိတ်စင်ရိုင်းကို ထိန်းကွပ်လေ၏။ သခင်ကမ္ဘဌာန်းဂူအတွင်း၌ တစ်ပါးတည်း တရားအားထုတ်ချိန်တွင် မည်သူ့ကိုမျှ အတွေ့မခံပေ။

*ဘာသာပြန်သူမှတ်ချက် ။ ။ ဤကျင့်စဉ်မှာ ခန္ဓာကို ဒဏ်ထားသည့် အစွန်းထွက် ကျင့်စဉ်မဟုတ် နှိုင်းယှဉ်တင်ပြရပါမူ ‘ဇင်’ဗုဒ္ဓဝါဒီတို့ သမာဓိထူထောင်ပြီး သတိပဋ္ဌာန်ပွားများရာ၌ အထောက်အကူဖြစ်စေရန် ဥပဇ္ဈာယ်ဆရာက တရားထိုင်နေသောယောဂီအား ရုတ်တရက် လန့်ဖြန့်သွားအောင် နောက်မှနေ၍ ကျောကို ဝါးချမ်းပြားနှင့်ရိုက်ကာ လွင့်မျောနေသော စိတ်ကို သတိ၊ အသိဝင်လာရန် ပြုလုပ်သည့် Shock Methodနှင့် ဆင်တူ၏။*

ရှစ်ဘလီသခင်၏ မိန့်ဆိုချက်အချို့မှာ -

[၁] ကျွန်ုပ်သည် အရှင်နှင့်လူသူကင်းလွတ်ဆိတ်ငြိမ်ရာတွင် ခေတ္တခဏမျှပင် ဆုံစည်းမိလိုသော ဆန္ဒကို ဘဝတစ်သက်တာတစ်လျှောက်လုံးတွင် ထားခဲ့၏။ ယင်းသို့ဆုံစည်းချိန်တွင် ကျွန်ုပ်နှင့်အရှင့်အကြား၌ 'ငါ'တည်းဟူသော ပုဂ္ဂလိက ရပ်တည်မှုအတ္တသည်ပင်လျှင် ရှိနေရန် မလိုလားပေ။

[၂] နှစ်ပေါင်းလေးဆယ်တိုင်အောင် ကျွန်ုပ်သည် ခဏမျှလောက်ပင်ဖြစ်စေ အရှင့်ကို ထိုးထွင်းသိမြင်ဉာဏ်ပေါက်အောင် ကြိုးစားလျှက်ရှိ၏။

[၃] ကျွန်ုပ်သည် ငြိမ်သက်နားနေမှုကို မာန်ချိုးမှုနှင့် ရိုကျိုးမှုတို့၌ ရှာဖွေခဲ့၏။

[၄] ကျွန်ုပ်သည် လူသူများ ရှာမတွေ့နိုင်သည့် တောင်ထိပ်များတွင် သွားရောက်ပုန်းအောင်းနေလိုပါ၏။

[၅] ကျွန်ုပ်သည် အရှင့်ထံ၌ ဤလောကနှင့်တမလွန်လောကတို့ကို ကျွန်ုပ်အား ပေးသနားပါရန် တောင်းခံ၏။ သို့မှသာလျှင် ကျွန်ုပ်သည် ဤလောကတစ်ခုလုံးကို ဝါးမျိုလိုက်ပြီး ၊ နောင်လောကတစ်ခုကို အယူတိမ်းသည့် ဂျူးတစ်ဦးကိုဝါးမျိုရန် ပေးလိုက်နိုင်ပေမည်။ ဤသို့ပြုလုပ်မှသာလျှင် သစ္စာခမ္မအား ဖုံးလွှမ်းနေသည့် အဝိဇ္ဇာအလွှာကန့်လန့်ကာနှစ်ထပ်လှင့်ကွာကျပြီး အရှင့်ကို အရှင့်အတွက်သက်သက် ချစ်နိုင်ပြီး မည်သည့်အလိုရမ္မက်မှ တွဲဖက်ခြင်းမရှိပဲရှိချေမည်။

[၆] ဤလောကသည် အစွဲဥပါဒါန်နှင့် သံယောဇဉ်နှောင်ကြိုးတို့ တုတ်နှောင်ထားရာဌာနဖြစ်၏၊ နောင်တမလွန်လောကမှာမူ အရှင့်လက်ဆောင်ပဏ္ဏာတော်ဖြစ်၏၊ သို့သော် ဤနှလုံးသားမှာမူ အရှင်စံမြန်းရာ နန်းပလ္လင်ဖြစ်၏။ ဝိဇ္ဇာဉာဏ်အလင်းထိုးထွင်းပွင့်ပေါ်ထွန်းတောက်ရာ 'တောင်ဟီဒ်'၏ဌာနဖြစ်၏။

ရှစ်ဘလီသခင်ကြီးသည် တစ်နေ့၌ အဖိုးထိုက်သည့် အဝတ်အစားတို့ကို ဆင်မြန်းဝတ်ဆင်ထားရာမှ ရုတ်တရက်ချွတ်ကာ မီးဖိုထဲသို့ လွှင့်ပစ်လိုက်၏။ အဘယ်ကြောင့် ဤသို့လုပ်ရပါသနည်းဟု မေးလျှောက်ကြည့်ရာ သခင်က၊

" အရှင်မြတ်က ကျွန်ုပ်ကို အရှင့်ထံ၌ စွဲမြဲစွာတည်နေသည့် အာရုံကွဲပြား၍ လောကီကာမဂုဏ်ဘက်သို့ တိမ်းညွတ်သွားပါက ကျွန်ုပ်နှင့်တကွ ကျွန်ုပ်ဝတ်ဆင်ထားသည့် အဖိုးထိုက်အဝတ်တန်ဆာပလာကိုပါ လောင်မြိုက်သွားစေတော်မူအံ့ဟု မိန့်တော်မူသဖြင့် ကျွန်ုပ်က အဝတ်တန်ဆာကို မီးရှို့ပစ်လိုက်ခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်စိတ်အာရုံသည် အဝတ်ပေါ်သို့အနည်းငယ် တိမ်းညွတ်ယိမ်းယိုင်လိုသည့် အလားအလာမျိုးဖြစ်ပေါ်လာ၍ဖြစ်၏။ "

ရှစ်ဘလီသခင်ကြီးသည် အလွန်မြင့်မားသော ဓမ္မစခန်းပေါက်မြောက်လာချိန်တွင် ( လူ့စကားလုံးဝေါဟာရတို့ဖြင့် သီကုံးမြွက်ဟဖွင့်ဆိုခြင်းငှာ မကုန်ဆုံးမပြည့်နိုင်သည့်) တရားထူး တရားမြတ်တို့၏ လျှို့ဝှက်နက်နဲ သိမ်မွေ့နူးညံ့မှုတို့ကို ပရိသတ်အများကြား၌ စတင်ဖွင့်ဟ လှစ်ပြကာ ဟောကြားလေ၏။ ဂျိုနိုက်ဒ်သခင်ကြီးက ဤသို့မလုပ်ရန် သတိပေးနှိုးဆော်ခဲ့၏။ ထိုအခါ ရှစ်ဘလီသခင်က–

" ကျွန်ုပ်ဖော်ညွှန်းသော တရားထူး၏ လျှို့ဝှက်နက်နဲမှုသည် အလွန်နက်ရှိုင်းကျယ်ပြောလှသဖြင့် ကျွန်ုပ်မှလွဲ၍ ကျွန်ုပ်ဟောကြားသောတရားကို မည်သူမျှ ဉာဏ်မီအောင် မလိုက်နိုင်ဘဲရှိပြီ၊ နားလည်ခြင်းလည်း မရှိကြပါ။ ကျွန်ုပ်ဟောကြားသည့် သစ္စာကထာတို့မှာ အရှင့်ထံမှ ကျွန်ုပ်အား တိုက်ရိုက်ချီးမြှင့်ထားချက်တို့ဖြစ်ပြီး၊ ကျွန်ုပ်ဟောကြားချက်တို့သည် အရှင့်ထံသို့သာလျှင်ပြန်ရောက်ပေမည်။ ကျွန်ုပ်၏ 'ငါ'တည်းဟူသောအတ္တသည် အရှင်နှင့် အရှင့်တရားတော်မြတ်တို့အကြား၌ ကြားဝင်ခံခြင်းမရှိပါပေ"ဟု ဖြေကြားခဲ့၏။ ဂျိုနိုက်ဒ်သခင်ကြီးက ထပ်မံ၍ " အဆွေပြောဆိုသည်မှာ မှန်သည့်တိုင်အောင် အဆွေယခုလိုဟောပြောနေသည်မှာ အပြစ်ထိုက်ပါ၏" ဟု သတိပေးလေ၏။

ထိုအခါ ရှစ်ဘလီသခင်ကြီးက–

" အကြင်သူသည် မြို့ရွာ၏ သာသနာရေးခေါင်းဆောင်တစ်ဦးဖြစ်နေသည့်တိုင်အောင် ယင်းသူ၏နှလုံးသားတို့သည် ဤလောကနှင့် နောင်လောကတို့အတွက် တောင့်တကြောင့်ကြမှုနှင့် အာရုံညွတ်နေလျှင် ကျွန်ုပ်၏တရားပွဲများသို့လာရန် အကြောင်းဘာမျှ မရှိချေ၊ အလ္လာဟ်၏အချစ်၌ရစ်မူး၍ သိစိတ်ပျောက်ကာ စိတ္တဇဝေဒနာရှင်တစ်ဦးလို အရှင့်အတွင်း၌သာ ရစ်မူးနေသူတို့သာလျှင် ကျွန်ုပ်အပါးသို့လာခွင့်ရှိ၏၊ အခြားမည်သူမျှ မလာရပါ"ဟု ဖြေကြားတော်မူ၏။

တစ်နေ့သ၌ ရှစ်ဘလသီသခင်ကြီးသည် လူထုပရိသတ်ရှေ့၌ အရှင့်နာမတော်ဖြစ်သည့် "အလ္လာဟ်"ဟူသောနာမတော်ကို တသရွတ်ဆိုနေ၏။ ဒရ်ဗ၀ှရှ်သူတော်စင်တစ်ပါးက ပရိသတ်တွင်းမှထကာ " ကလီမာတော် (အစ္စလာမ်သာသနာ၀င်တို့သရဏဂုံတည်ရန် ရွတ်ဆိုပွားများယုံကြည်သဒ္ဓါထားပြီး လက်တွေ့ကျင့်သုံးဆောက်တည်ရသည့် သစ္စာကထာ ) **'လာအစ်လာဟ အစ်လလ္လာဟ်'** ကို ဆိုပါလော့ဟု "ဟု သခင်ဆို၏။ ထိုအခါသခင်က –

" အကယ်၍ ကျွန်ုပ်သည် ကလီမာတော်၏ ဒုတိယအစိတ်အပိုင်းကို မရွတ်ဆိုမိမီ ပထမအစိတ်အပိုင်းဖြစ်သည့် 'လာအိလာဟ'ကိုးကွယ်ရာ ဘာမှမရှိကိုသာရွတ်ဆိုစဉ် ရုတ်တရက် အရှင့်အမိန့်ခံကာ သေဆုံးသွားရပါလျှင် ကျွန်ုပ်ဘယ်အခြေအနေသို့ရောက်ရှိသွားပေမည်နည်း"ဟု ဖြေကြားလိုက်၏၊ **သခင့်အဖြေသည်** ဒရဝေ့ရှ်

သူမြတ်နှလုံးသားတွင်းသို့ စူးရှဖေါက်ခွင်းကာ ဝင်ရောက်သွားခြင်းကြောင့် လောကုတ္တရာ ဈာန်အရှိန် ဆူပွက်လာပြီး တမဟုတ်ချင်းမှာပင် ခန္ဓာဝန်ချ၍ အရှင့်စခန်းဖြစ်သည့် ခေမာသောင်ကမ်း အမတအမြိုက်နန်းသို့ ကူးပြောင်းကြွမြန်းသွားလေ၏။

ဒရဝေ့ရှ်သူမြတ်၏ ဆွေမျိုးသားချင်းတို့က ခလီဖွာဘုရင်ထံသွားရောက်ပြီး ရှစ်ဘလီသခင်သည် ဒရဝေ့ရှ်ကိုသတ်ဖြတ်ခဲ့ပါကြောင်း တိုင်တန်းကြလေသည်။ ထိုအခါ ဘုရင်က ရှစ်ဘလီသခင်ကို နန်းတွင်းရုံးတော်ရှေ့သို့ဆင့်ခေါ်ပြီးနောက် စွဲချက်ကိုချေပစေလေ၏။ ထိုအချိန်တွင် ရှစ်ဘလီသခင်သည် ပီတိသောမနဿ ကျနေချိန်ဖြစ်၏။ ရှစ်ဘလီသခင်က " ဒရ်ဝေ့ရှ်၏ဘဝသည် အရှင့်ကိုတွေ့လိုဇောဖြင့် မီးမြိုက်ခံရဘိသကဲ့သို့ရှိနေ၏။ သူ့နှလုံးသားသည် အရှင်နှင့်နှစ်ကိုယ်ကြား မျက်နှာ ခြင်းဆိုင် ဆုံတွေ့လိုသဖြင့် လောင်ကျွမ်းလျက်ရှိ၏။ သူသည် လောကီအာရုံကာမဂုဏ် နှင့် ကိလေသာတဏှာတို့ကို ပယ်သတ်ကာ သံယောဇဉ်နှောင်ကြိုးနှင့် အစွဲဥပဒါန်တို့ကို ဖြတ်တောက်ပြီးဖြစ်သဖြင့် လောကီအလိုတို့ကုန်လျက်ရှိ၏။ သူ့အတွက် ဤလောက၌ ခိုနားထောက်ပံ့ရန်မရှိသလို အလ္လာဟ်မှလွဲ၍ နားနေရန် ဘာမျှမရှိချေ။ အရှင့်ကို တွေ့လိုဇောဖြင့် ဆောက်တည်မှုမရအောင်ဖြစ်နေသည့်အတွက် အလွန်ကြိုးနွံ၏၊ ကျွန်ုပ်ဆိုလိုသောဓမ္မစကားကို သူ၏ရုပ်ခန္ဓာက ခံနိုင်ရည်စွမ်းမရှိပေ။ တဒင်္ဂပဟာန်အတွင်း မှာပင် ဉာဏ်အလင်းဝင်ကာ အရှင့်ကို မျက်နှာချင်းဆိုင် (ဉာဏစက္ခု)ဖြင့် ဖူးတွေ့ ခဲ့ရ၏။ နူးညံ့သိမ်မွေ့သည်နှင့်အမျှ နက်ရှိုင်းကျယ်ပြောလှသည့် နူရီတော်၏ထွန်းတောက် မှုကို သူခံနိုင်ရည်မရှိတော့ဘဲ၊ သူ့ရုပ်ခန္ဓာယိုင်လဲ၍ သူ့နာမ်ခန္ဓာနှင့် အရှင့်ခြေတော် ရင်း၌ ခိုဝင်ပေါင်းဖက် ရောယှက်ရန် ကြွမြန်း ကူးပြောင်းသွားခြင်းဖြစ်သည်။"

သခင်၏ ထက်မြက်စူးရှလှသည့် တရားကို နာကြားရသော ခလီဖွာဘုရင်ကြီး သည် သခင့်ကို သူ့ရှေ့မှမြန်မြန်ပင့်ဆောင်သွားရန် အမိန့်ထုတ်လိုက်၏။ အဘယ်ကြောင့် ဆိုသော် သခင့်ဓမ္မစကားတို့၏ အကျိုးသက်ရောက်မှုသည် အာနိသင်ပြင်းပြလွန်းသဖြင့် သခင့်တရားဆက်လက်နာကြားရပါလျှင် သူသတိလစ်မေ့မျှော်ကာ လဲကျသွားမည် စိုးသောကြောင့်ဖြစ်၏။

ရှစ်ဘလီသခင်သည် မိမိတပည့်တို့ကို ဓမ္မစခန်းများကို မြင့်မားစွာ တက်လှမ်း လိုပါလျှင် တရားဘာဝနာများကို အလေးအနက်၊ ကျင့်ကြံအားထုတ်ရမည်ဟု ဩဝါဒပေးလေ့ရှိ၏၊ ယင်းကျင့်စဉ်တို့တွင် လူသူမနီး တောကြိုးမျက်မည်းတွင်း၌ စားနပ်ရိက္ခာများ စုဆောင်းသိမ်းထားခြင်းမရှိဘဲ သွားရောက်ကာ တရားအားထုတ်ခြင်း၊ ကအ်ဗာကျောင်းတော်သို့ ဟဂျ်ဘာဝနာပွားရန်သွားရာတွင် ဝန်စည်စလည်များ သယ်ဆောင်ခြင်းမရှိဘဲသွားရန်တို့ပါဝင်၏။ ထိုအခါ လူတစ်ဦးက– " သခင်ဤမျှ လောက် မိမိတပည့်တို့ကို ဒုက္ခရစရိယကျင့်နိုင်းပါက၊ သေဖို့ရာသာရှိချေမည်"ဟု ဆိုလာသောအခါ သခင် ,,,

" ဓမ္မစခန်းတည်းဟူသောတောင်ထိပ်သို့ ကြိုးစားအားထုတ်ကာ တက်ရင်းက သေခြင်းသည် ရေသာခိုအချောင်လိုက်ရန် အချိန်ဖြုန်းစောင့်ဆိုင်းနေခြင်းထက် သာလွန်ပေသည် "ဟု ဖြေကြားခဲ့၏။

ရှစ်ဘလီသခင်က– " ကျွန်ုပ်မြို့ရွာများကို ဖြတ်သန်းခရီးသွားစဉ်အတွင်း လူအပေါင်း၏နှဖူး၌ "သမ္မာဒိဋ္ဌိ"အယူမှန်ဟူ၍လည်းကောင်း၊ "မိစ္ဆာဒိဋ္ဌိ"အယူမှား ဟူ၍လည်းကောင်း ကဗ္ဗည်းထိုးထားသည်ကို တွေ့ရ၏"ဟု မိန့်ဆိုခဲ့၏။

ရှစ်ဘလီသခင်သည် မီးဖိုတွင်းမှ ထင်းစတစ်ချောင်း တစ်ဘက်တွင် မီးစွဲတောက်လောင်နေပြီး၊ အခြားတစ်ဘက်တွင် ရေစိုရွှဲနေသည်ကို မြင်ရသောအခါ မိမိ၏တပည့်တို့အား " သင်တို့၏မျက်လုံးအစုံ၌ မျက်ရည် (ချစ်သူအလ္လာဟ်အရှင်အတွက် တမ်းတမမှန်းဆကာ ကျသည့်မျက်ရည်)တို့ စိုရွှဲနေသည်ကို မတွေ့ရပါတကား၊ သင်တို့နှလုံးသား၌ အချစ်မီးတငြီးငြီးတောက်လောင်နေသည်ကို ကျွန်ုပ်ဘယ်လို ယုံကြည်ရပါမည်နည်း"ဟု ဖြေကြားခဲ့၏။

တစ်ချိန်က ရှစ်ဘလီသခင်ကြီးသည် ဂျူနိုက်ဒ်သခင်၏အိမ်သို့ ပီတိသော မနသဿများဆူဝေကာ ရောက်ရှိလာ၏။ ထိုအချိန်၌ ဂျူနိုက်ဒ်သခင်၏ဇနီးသည်သည် ခေါင်းဖီးလျက် ရှိ၏။ ဧည့်သည်ရောက်လာသဖြင့် သူမသည် ချက်ချင်းဝတ်ရုံခြုံရန် အိမ်တွင်းသို့ ပြေးဝင်သွားရာ၊ ဂျူနိုက်ဒ်သခင်က ဇနီးကိုတားပြီး " အလ္လာဟ် အချစ်တော်တစ်ပါး လောကုတ္တရာ ဈာန် ဝင်စားနေချိန်တွင် အမျိုးသမီးတစ်ဦးကို မဆိုထားနှင့် နိဗ္ဗာန်ဘုံကိုပင် တစ်ချက်မျှ လှည့်၍ပင် မကြည့်ချေ"ဟု မိန့်ဆို၏။ ထို့နောက် သခင်တို့ စကားလက်ဆုံကျနေရာမှ ရှစ်ဘလီသခင်လည်း ပီတိပျောက်၍ သိစိတ်ဝင်ရောက်လာသောအခါတွင်မူ ဂျူနိုက်ဒ်သခင်က သူ့ဇနီးကို အိမ်ခန်းအတွင်း သို့ ဝင်ခိုင်းလိုက်လေသည်။

အခါတစ်ပါး၌ ဂျူနိုက်ဒ်သခင်က " ကျွန်ုပ်သည် အရှင့်ကိုရှာခဲ့ရာတွေ့ခဲ့၏ " ဟု ဆိုလိုက်ရာ ရှစ်ဘလီသခင်က " အရှင့်ကိုတွေ့ပြီးသူသည် အရှင့်ကိုရှာရန် ထွက်လေ့ရှိ၏ "ဟုဖြေကြားတော်မူ၏။

တစ်နေ့၌ ရှစ်ဘလီသခင်သည် ကိုယ်လက်သန့်စင် ဝုဇူပြုပြီးနောက် ဝတ်ကျောင်းတော် ရှိရာသို့ လျှောက်လှမ်းလာရာ အရှင့်ထံမှ " အို- အချစ်၊ ဗလီတွင်း ငါ့ရှေ့မှောက် အခစားရောက်ရန် ဤကဲ့သို့သော ကိုယ်လက်သန့်စင် ဝုဇူပြုမှုမျိုးနှင့်လာပါသလော"ဟု ဗျာဒိတ်တော်သံကြားရသဖြင့် သခင်သည် နောက်ကြောင်းပြန်မည်ပြု၏။ ချက်ချင်းပင်- " ငါ၏အိမ်တော်ကို စွန့်လွှတ်ပြီး အသင်ဘယ်ကို သွားဦးမည်နည်း"ဟု ဗျာဒိတ်တော်သံကြားရပြန်၏။ ရှစ်ဘလီသခင်လည်း ရှေ့မတိုးသာ နောက်မဆုတ်သာနှင့် ထွက်ပေါက်မရှိဘဲဖြစ်နေကာ ဟစ်အော်လိုက်လေ၏၊ ထိုအခါ အရှင့်ထံမှ " ငါအရှင်ကို အပြစ်ရှာ၍ ဤသို့ စော်ကားဝံ့သလော"ဟု ဗျာဒိတ်တော်သံ ကျရောက်လာပြန်၏၊ ရှစ်ဘလီသခင်ကြီးလည်းနှုတ်ပိတ်ကာ ဆိတ်ငြိမ်ရာတွင် တစ်ဦးတည်းငြိမ်သက်စွာထိုင်၍ နေလိုက်ရာ၊ အရှင့်ထံမှ "သည်းခံခြင်းတရား အပြည့်အဝနှင့် အသင်ထိုင်နေသည့်သဘောမှာ ရောင့်ရဲတင်းတိမ် ကျေနပ်နှစ်သက်၍လော"ဟု ဗျာဒိတ်တော်သံကျလာပြန်၏။ ထိုအခါ ရှစ်ဘလီသခင်လည်း ကြေကွဲဝမ်းနည်းစွာဖြင့် ဤသို့ဆုပန် အသနားခံခဲ့၏။

" အရှင်မြတ်၏ မဟာကရုဏာတော်အတွက် လေးမြတ်ရိုကျိုးစွာဖြင့် အသနားတော်ခံအပ်ပါသည်အရှင်မြတ်၊ အရှင်၏ဘုန်းတော်ရိပ်ကိုသာလျှင် ခိုလှုံပါသည်အရှင်"

*ဘာသာပြန်သူမှတ်ချက် ။ ။ အလ္လာဟ့်အချစ်တော် သူတော်စင် သူတော်ကောင်းတို့ကို အရှင်မြတ်သည် နည်းမျိုးစုံနှင့်စမ်းသပ်ကာ သူတို့၏ ဥာဏ်စင်နှင့်ဓမ္မစခန်းတို့ကို မြင့်မားတိုးတက်ဖွံ့ဖြိုးစေခဲ့၏။ ဤစမ်းသပ်မှုများသည် သူတော်စင်တို့အား အနတ္တဥာဏ်ကို ထွန်းတောက်စေပြီး အစွဲတို့အားလည်း ပြုတ်စေ၏။)*

တစ်နေ့သ၌ ဒရဝေ့ရှ်သူမြတ်တစ်ဦးက ရှစ်ဘလီသခင်ကို ,,

" ကျွန်တော်မျိုးသည် ဤမျှကြေကွဲ ဝမ်းနည်းဖွယ်ကောင်းလောက်အောင် ဆင်းရဲတွင်း နက်ခဲ့ရသည်ကို မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း"ဟု မေးမြန်းရာ၊ ရှစ်ဘလီသခင်က-

" အရှင့်တံခါးဝတော်ကို ဤအကြောင်းပြချက်ကြောင့် စွန့်လွှတ်ခဲ့ခြင်းမှာ အယူမှားသည့် မိစ္ဆာဒိဋ္ဌိတရားပင်ဖြစ်၏၊ အရှင်မြတ်၏ "စိတ်ပျက်အားလျော့ခြင်း မရှိလေနှင့်၊ ငါ၏မဟာကရုဏာတော်ပေါ်၌ ယုံကြည်မှုထားကုန်လော့" ဟူသည့် အမိန့်တော်ကို သင်မကြားပေဘူးလော့"။

ရှစ်ဘလီသခင်၏ ထိုတရားစကားကို ကြားရသောအခါ ဒရဝေ့ရှ်သူမြတ်သည် စိတ်သက်သာရာရပါကြောင်း သခင်ကို ပြောကြားသောအခါတွင်၊ ရှစ်ဘလီသခင်က " အရှင်မြတ်ကို သင်ကစမ်းသပ်နေသည်မှာ ဘာသဘောလဲ၊ အရှင်မြတ်က-

" သောကကိုရင်မှာ အမြဲပိုက်ထားပြီး (မကောင်းမှုတို့အတွက် အမြဲတစေ) ကြောင့်ကျနေပါလော့၊ (သစ္စာခမ္မမှ သွေဖည်သွားမည်ကို ) စိုးရွံ့ခြင်းကင်းစွာ ရှိမနေစေနှင့်၊ ငါ့အချစ်တော်တို့အား ငါအရှင်သည် အကြိမ်ကြိမ်စမ်းသပ်တော်မူ၏"ဟူသော အရှင့်ဗျာဒိတ်တော်ကို အသင်အမှတ်မရပေဘူးလော့"

ထိုအခါ ဒရ်ဝေ့ရှ်သူမြတ်က " သခင်၊ ကျွန်တော်မျိုးကို ထွက်ပေါက်မရှိသည့် ဤတရားပဟေဠိမှလွတ်မြောက်အောင်ဆောင်ကျဉ်း၍ ရိုးရိုးရှင်းရှင်းလေးသာ လွတ်မြောက်ရာကို ညွှန်ပြတော်မူပါ"ဟု လျှောက်ထားလေ၏၊ ထိုအခါ ရှစ်ဘလီသခင်က " သင်၏ဦးခေါင်းကို အရှင့်တံခါး၀ဘောင်၌ သင်၏နောက်ဆုံးထွက်သက်တိုင် တိုက်ပါလော့၊ ထိုအခါအရှင်မြတ်က သင်၏တံခါးခေါက်သံကို ကြားကောင်းကြားမည်ဖြစ်၍ 'တံခါး၀၌ မည်သူနည်း'ဟု မေးပေအံ့ဟု တရားပရိယာယ်ကို တန်ဆာဆင်ကာ ဟောကြားတော်မူ၏။

ကျွန်ုပ်၏အပါး၌ ထိုင်နေစဉ် အကြင်သူတစ်ဦးသည် အရှင်မှအပဖြစ်သော အာရုံတို့သူ၏နှလုံးသား၌ ထင်ပေါ်လာပါက၊ ထိုသူသည် ကျွန်ုပ်အသိုင်းအဝိုင်း၌ ထိုင်ရန် အရည်အချင်းပြည့်ဝသူတစ်ဦး မဖြစ်နိုင်ပေ"ဟု ရှစ်ဘလီသခင်ကြီးက မိန့်ဆိုခဲ့၏။

ရှစ်ဘလီသခင်ကြီးသည် တစ်ချိန်က လမ်းတစ်ခုကိုဖြတ်သွားစဉ် လူဦးခေါင်းခွံရိုးတစ်ခုကို တွေ့ရ၏။ ထိုဦးခေါင်းခွံရိုး၏နဖူးတွင် ,, " ဤလောကနှင့် နောင်လောကတို့၏အလိုရမ္မက်၊ ဆန္ဒတို့မှ စွန့်ခွာခဲ့ပြီ"ဟု ကဗ္ဗည်းထိုးထားသည်ကို သခင်တွေ့မြင်ဖတ်ရှုပြီးနောက်၊ ပီတိဈာန်အဟုန်တက်လာကာ တစ်ချက်မျှဟစ်အော်လိုက်၏၊ ထို့နောက် " ဤခေါင်းခွံသည် တမန်တော်မြတ်တစ်ပါးပါး သို့မဟုတ် သူတော်စင်တစ်ပါးပါး၏ ဦးခေါင်းခွံဖြစ်ချေမည်"ဟု မှတ်ချက်ချလိုက်၏၊ တပည့်အပေါင်းက၊ သခင်အဘယ်ကဲ့သို့ သိပါသနည်းဟု မေးလျှောက်သောအခါတွင် သခင်က –

" ဤအချင်းအရာသည် အထူးလျှို့ဝှက်နက်နဲပြီး နူးညံ့သိမ်မွေ့ကာ ဉာဏ်ဖြစ်ခဲသည့် တရားနက်ဖြစ်၏။ အသင်တို့ လောကီအာရုံ ကာမဂုဏ်နှင့် ကိလေသာ တဏှာတို့ မပယ်ဘဲနှင့်လည်းကောင်း၊ တမလွန်၏ခံစား စံစားရမှုတို့ကို ကြောင့်ကျတောင့်တခြင်းမကင်းဘဲနှင့်သော်လည်းကောင်း 'နစ္စဘတ်ဟောဂျဗ်'၏ ရှုဝိညာဉ်ပရဒါကို ကြွယူ လွှင့်ဖွင့်ပြီးလျှင်၊ 'ဟာကီကီ– မဟ် ဘူး ဗ်' အမှန်နှစ်သက်ထိုက်သော ဥတ်စ်တီအချစ်၏ (မဂျလစ္စ်)ဘောင်တွင် ရောနှောသက်ဝင်၍ အရာခ ပ်သိမ်းကင်းငြိမ်းသည့်အဖြစ်သို့ မဆိုက်ရောက်နိုင်ပေ"ဟု မိန့်ကြားတော်မူလေသည်။

တစ်နေ့သ၌ ခွက်များရောင်းသည့် ဈေးသည်တစ်ဦးသည် ရှစ်ဘာလီသခင်၏ အိမ်နံဘေးမှဖြတ်ကာ " ရောင်းရန် နောက်ဆုံးတစ်ခွက်သာကျန်တော့သည် "ဟု အော်ဟစ်သွားလေရာ၊ ရှစ်ဘာလီသခင်သည် ပီတိစျာန်ဟုန်ဖြင့် တစ်ချက်မျှအော်ပြီး " အလ္လာဟ်အရှင်တစ်ပါးတည်းသာကျန်တော့သည် (ဖြစ်ခြင်းပျက်ခြင်းကင်းသည့် အသခ်ၤတရှင်တစ်ပါးတည်းသာဖြစ်တည်မြဲဖြစ်ပြီး ကျန်အရာမှန်သမျှ အနိစ္စနှင့် သခ်ၤါရ တရားသဘောအရ ချုပ်ငြိမ်း ရုပ်သိမ်းခြင်းခံရကာ ပျက်စီးယိုယွင်းကြကုန်လတ္တံ့"ဟု ဥဒါန်းကျူးတော်မူ၏။

ရှစ်ဘာလီသခင်၏ တရားတစ်ပုဒ်မှာ–

**" အမြင့်ဆုံးသော ဉာဏ်စဉ်စခန်းမှာ ဤလူ့လောကကို တန်ဖိုးထားကာ အရှင့်လမ်း၌ မှန်ကန်စွာ မိမိဘဝ သက်တမ်းကို အသုံးချခြင်းပင်ဖြစ်၏။"**

လူအပေါင်းက ရှစ်ဘာလီသခင်ကို တစ်ချိန်မှာ အကြောင်းအရာတစ်ခုကို တစ်မျိုးပြောပြီး၊ နောက်တစ်ချိန်မှာ ထိုအကြောင်းအရာကိုပင် တိုက်ရိုက်ဆန့်ကျင်ဘက် ကပြောင်းကပြန် ပြောဆိုခြင်းမှာ အဘယ်အတွက်ကြောင့် ဖြစ်ပါသနည်းဟု မေးရာ သခင်က " တစ်ခါတစ်ရံတွင် ကျွန်ုပ်သည် သိစိတ်ပေါ်လွင်ကာ အာရုံသိတို့ရှိနေ၏ (ဘာ–ခုဒ်)၊ တစ်ခါတစ်ရံတွင် ကျွန်ုပ်သည် သိစိတ်ပျောက်ကာ အာရုံသိ၊ ပညာသိ တို့ကင်းမဲ့နေ၏ (ဘေခုဒ်)"ဟု ပြန်လည်ဖြေကြားခဲ့၏။

ရှစ်ဘာလီသခင်က " အရှင်မြတ်ကို ထိုးထွင်းသိမြင်ပေါက်မြောက်သည့် ဉာဏ်စခန်းအစပထမတွင် ဓမ္မရသကို စတင်ခံစားလိုက်ရသည်ကို သိရ၏။ ဤသည်၏နောက်တွင်မူ ဓမ္မရသခံစားရမှုသည် အတိုင်းအထွာကင်းလွတ်သည့် အနန္တ သဘောဆောင်၏။"

ရှစ်ဘာလီသခင်၏ ဩဝါဒကထာအချို့မှာ

[၁] အသခ်ၤတရှင်အလ္လာဟ်မှအပဖြစ်သည့် ရုပ် နာမ် ဓမ္မ သခ်ၤါရတို့ကို ပေါင်းဖက် တွယ်ငြိသောသူသည် အရှင့်ကို ထိုးထွင်းသိမြင်ခြင်း မရှိသေးသူဖြစ်သည်။

[၂] ပရမတ်ဉာဏ်ရှင် 'အာရစ်ဖ်'သူမြတ်တို့သည် အရှင်မှအပဘာမျှမမြင်၊ ဘာကို မျှ မတွေ့ဆုံ၊ ဘာကိုမျှ မချစ်ပေ။

[၃] သင်၏ကံကြမ္မာ၌ အလ္လာဟ်အလိုတူမှုရှိပါလျှင် မည်မျှအတားအဆီး အခက် အခဲတို့ရှိစေကာမူ သင်ရရှိပေအံ့၊ သင့်ကံကြမ္မာ၌ အလ္လာဟ်အလိုတူမှုမရှိပါလျှင် အသင်မည်မျှ ကြိုးပမ်းအားထုတ်စေကာမူ ရရှိနိုင်မည် မဟုတ်ပေ။ ထို့ကြောင့်

သင့်တရားဘာဝနာ ကျင့်ကြံအားထုတ်မှုတွင် မည်သည့်အရာသည် ဆန့်ကျင်အာခံဟန့်တားလျက်ရှိပါပေမည်နည်း။

*ဘာသာပြန်သူမှတ်ချက် ။ ။ အစွဲလာမ်ကခံယူထားသည့် ကံကြမ္မာနှင့်ပတ်သက်သည့်အယူအဆတို့ကို အထက်မှတ်ချက်တို့တွင် ရှင်းလင်းပြီးဖြစ်၍ ယင်းတို့အားပြန်လည်လေ့လာကြည့်ရှုပါရန် ပန်ကြားအပ်ပါသည်၊ ရှစ်ဘလီသခင်၏အထက်ဖော်ပြပါ မိန့်ဆိုချက်မှာ လူ့အလိုအတိုင်းမဖြစ်၊ အရှင့်အလိုအတိုင်းဖြစ်မည်ဟူသည့် "အနတ္တ"တရားကို ညွှန်းဆိုထားခြင်းသာဖြစ်ပြီးလူသားတို့၏ ကြိုးပမ်းမှုကို ငြင်းဆိုထားခြင်းမဟုတ်ပါ၊ လောကီလိုအပ်ချက်တို့မှာ အနတ္တသာဖြစ်သဖြင့် လုပ်သင့်လုပ်ထိုက်သည့် တာဝန်ကို ထမ်းရွက်ရန်သာရှိပြီး အကျိုးရလာဒ်တို့ကို တောင့်တကြောင့်ကြနေခြင်းဖြင့် မိမိ၏တရားဘာဝနာပွားများမှုကို အဟန့်အတားအနှောက်အယှက်မဖြစ်သင့်ကြောင်းကို လမ်းညွှန်ထားခြင်းဖြစ်သည်။*

[၄] အရှင့်ဘာဝနာတွင် နှစ်မြှုပ်ခြင်းကြောင့် လောကီအာရုံကိလေသာ ကာမဂုဏ်တို့ စိတ်ဘဝင်တွင် မငြိကပ်နိုင်စေခြင်းမှာ စစ်မှန်သောတရား လိုက်စားမှုမည်၏။

[၅] မမြဲရာ ရုပ်နာမ်ဓမ္မသင်္ခါရတို့အပေါ်၌ ငြိတွယ်ကပ်ခြင်း မရှိလေနှင့်၊ ယင်းသို့ ငြိတွယ်မှုကင်းခြင်းသည် မြဲရာအသခ်တအရှင်၏အနီးအပါးသို့ ချဉ်းကပ်ခွင့်ရရှိသည့် နိမိတ်လက္ခဏာဖြစ်၏၊ စိတ်အာရုံတွင် အရှင့်ကိုသာ လစ်မေ့ခြင်းမရှိဘဲ ရှုမှတ်ပါလော့၊ အခြားသောအာရုံတို့သည် လှည့်ဖြားမှုမာယာတို့သာဖြစ်၏။

[၆] အရှင့်အသိဖြင့်ရှုသွင်းလိုက်သည့် လေရှုကမ္မဋ္ဌာန်း (တစ်နည်း) အာနာပါနဘာဝနာ (အရှင့်အတွင်း၌ ရှင်သန်နေသည့်အချိန်ကာလ)သည် ကမ္ဘာပေါ်ရှိလူသားအားလုံးတို့ ဆောက်တည်ကျင့်သုံးခဲ့သည့် ကုသိုလ်ကောင်းမှုအစုစုထက်သာလွန်၏။

[၇] ကုန်ဆုံးခဲ့သည့် အတိတ်ကာလနှစ်တစ်ထောင်ထက်လည်းကောင်း၊ မရောက်ရှိသေးသည့် အနာဂတ်ကာလ၏နှစ်တစ်ထောင်ထက်လည်းကောင်း၊ ယခုပစ္စုပ္ပန်မျက်မှောက်ကာလ၏ တဒင်္ဂပဟာန် အချိန်အနည်းငယ်မျှသည် သင့်အတွက်သာလွန်အဖိုးတန်ပေသည်။ သို့သော် ရုပ်တရား၏လှည့်ဖြားမှု၌ တွေဝေယိမ်းယိုင်ခြင်း မရှိလေနှင့်။ ရုပ်လွန်လောက၌ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသည့် ကာလသုံးပါးမှာ တပြေးညီတည်းဖြစ်၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ အထက်မှတ်ချက်တစ်နေရာ၌ နာမ်လောကနှင့် **အချိန်အကြောင်း** ဖော်ပြထားသည်ကို ပြန်လည်ကြည့်ရှုပါ။*

[၈] မောဟဖုံးလွှမ်းသော နှလုံးသားနှင့် အရှင့်ကိုလစ်မေ့ပြီး တစ်ညတာအိပ်စက်သွားသူသည် ဓမ္မခရီးတစ်ထောက်တွင် နှစ်တစ်ထောင်ခန့် နောက်ကျခဲ့ပြီဟု မှတ်ပါလေ။

[၉] ဝိဇ္ဇာဉာဏ်အလင်း ထိုးထွင်းနေသူ အရဟတ်ပုဂ္ဂိုလ်ထူးအတွက် ခဏငယ် (အချိန်အနည်းငယ်)မျှ အရှင့်ကို လစ်မေ့ခြင်းသည် အကြီးမားဆုံးသော အယူတိမ်းချော်လွဲမှားမှုနှင့် အကုသိုလ်ဒုစရိုက်မည်ပေ၏။

[၁၀] အကြင်တရားဟောဆရာ ဓမ္မကထိကတစ်ဦးသည် တရားဒေသနာကို လုပ်ရိုးလုပ်စဉ်တစ်ရပ်အနေဖြင့် ဝတ်ကျေတန်းကြေ ဟောကြားပို့ချပြီး နာယူသူတရားနာပရိသတ်တို့ကလည်း ထိုနည်းတူစွာ တာဝန်တစ်ရပ်လိုသတ်မှတ်ပြီး ဝတ်ကျေတန်းကျေ နာယူပါက၊ ထိုတရားဟောပြောမှုမှာ ဟောသူ နာသူ နှစ်ဦးနှစ်ဖက်စလုံးအတွက် အကျိုးမရှိသည့်အပြင် အကျိုးပင်ယုတ်ပေအံ့။

[၁၁] အသင်သည် အသခ်တဂုဏ်တော်ရှင်၏အကြောင်းမှအပ မည်သည့်အကြောင်းအရာကိုမျှ မပြောဆိုပါက၊ မုချမသွေ အေးငြိမ်းချမ်းမြေ့သည့် သန္တိသုခကို ရရှိပေအံ့။

[၁၂] သခင်က " ဤလောကရှိ မည်သည့်အရာကမျှ ယင်းတို့၏အရည်အသွေးဂုဏ်ဒြပ်တို့ကြောင့်သော်လည်းကောင်း၊ ကျွန်ုပ်အား သွေးဆောင်ဖြားယောင်းဆွဲငင်ငြိတွယ် ကျွန်ပြုထားခြင်ငှာ မစွမ်းနိုင်တော့ပါ"ဟု မိန့်ဆို၏။

[၁၃] လူသားတစ်ဦးအတွက် အကြီးမားဆုံးသော ဆုံးရှုံးမှုသည် အရှင့်ဓမ္မမြင်ကွင်းကို (ဉာဏစက္ခုဖြင့်)ဖူးတွေ့နိုင်ခြင်း မရှိမှုပင်ဖြစ်၏။

---

တစ်နေ့သောအခါတွင် ရှစ်ဘလီသခင်ကြီး လောကုတ္တရာဈာန်အရှိန်အဟုန်မြင့်မားနေချိန်၌ ဂျိုနိုက်ဒ်သခင်ကြီးကြွရောက်လာကာ " သင်၏လုပ်ငန်းဆောင်တာဟူသမျှကို အရှင့်ထံ ယုံပုံလွှဲအပ်လိုက်ပါလော့၊ သင့်၌ငြိမ်းချမ်းသာယာရွှင်ပြမှုကို ခံစားရပါလိမ့်မည်"ဟု ဆိုလိုက်ရာ ရှစ်ဘလီသခင်က " သခင်၊ ကျွန်တော်မျိုးကတော့ သခင်မိန့်ကြားခဲ့သည်၏ ပြောင်းပြန်အနေအထားကို ပိုမိုမှန်ကန်ပေလိမ့်မည်ဟု ပြောဆိုချင်ပါသည်။ အရှင်သည် ကျွန်တော်မျိုးအား ကျွန်တော်မျိုးအလုပ်ကို ကျွန်တော်မျိုး လုပ်လိုရာလုပ်နိုင်ရန် ထားလိုက်ပါက ကျွန်တော်မျိုး ပျော်ရွှင်ချမ်းမြေ့ပါလိမ့်မည်"ဟုဖြေကြားလိုက်၏။ ထိုဓမ္မဥဒါန်းကိုကြားရသည့် ဂျိုနိုက်ဒ်သခင်က " ရှစ်ဘလီ၏ခါးသွားသည် သွေးတစ်စက်စက် ယိုစီးလျက်ရှိပါတကား"ဟု မိန့်တော်မူ၏။

---

ရှစ်ဘလီသခင်က ဤသို့ဆုပန်၏။

" အို- အရှင်၊ စကြဝဠာ၊ ဂြိုဟ်၊ နက္ခတ်၊ တရာများကို ပုလဲကုံးသဖွယ်

သိကုံးပြီး လည်ဆွဲဘယက်ပြုကာ ကျွန်တော်မျိုးလည်ဂုတ်၌ ဆွဲပေး၍၊ ဤလောကကို ခြေကျင်းအဖြစ် ထုလုပ်ဖန်တီးကာ ကျွန်တော်မျိုး၏ခြေအစုံ၌ခပ်ပြီး၊ တစ်လောကလုံးကို ကျွန်တော်မျိုး၏ ရန်သူများအဖြစ် ပြုလုပ်ပြောင်းလဲပြစ်သော်ငြားလည်း ကျွန်တော်မျိုးသည် အရှင့်အပေါ်ထားသည့်အချစ်ကို ကြောက်ရွံ့စိုးရိမ်ခြင်းကင်းစွာ ကြွေးကြော်ဥဒါန်းကျူးမည်ဖြစ်ပြီး၊ အရှင့်ကို ဘယ်သောအခါမှ လက်လွှတ်ဆုံးရှုံးခံမည် မဟုတ်ပေ။

ရှစ်ဘလီသခင်ကြီး ခန္ဓာဝန်ချ၍ ခေမာသောင်ကမ်း အရှင်စံမြန်းရာ အမြိုက်နန်းသို့ ကူးပြောင်းကြွရောက်ရန် အချိန်နီးကပ်လာသောအခါတွင် အမှောင်ထု အလွှာတစ်ခု သခင့်ရှေ့မှောက်၌ ပေါ်လာ၏။ သခင်ကလူပေါင်းကို သခင့်ဦးခေါင်းပေါ်သို့ ပြာများဖြူးချရန်ပြောပြီး အလွန်ပင် ဆောက်တည်ရာ မရအောင် တည်ငြိမ်မှု ကင်းမဲ့လျက်ရှိ၏၊ ဤသို့ဖြစ်ရသည့်အကြောင်းကို သခင့်အား မေးလျှောက်ကြည့်ရာ သခင်က

" ယခုအချိန်တွင် ကျွန်ုပ်သည် မာရ်နတ်အား သူရရှိခဲ့သည့် ဆုလာဒ်တစ်ခုအပေါ်၌ မနာလိုစိတ်ပေါ်ကာ သူရသကဲ့သို့ ရချင်နေ၏၊ ငါ့အား ဤစိတ်က လောင်မြိုက်နေခြင်းဖြစ်၏။ မနာလိုစိတ်ပေါ်ရသည့်အကြောင်းမှာ အလ္လာဟ်အရှင်မြတ်သည် မာရ်နတ်အပေါ်၌ နှင်ထုတ်စွန့်ပယ်ခြင်းတည်းဟူသော ဝတ်ရုံကို ပေးသနားခဲ့၍ မာရ်နတ်သည်အရှင်ပေးသည့်ဝတ်ရုံကို ကမ္ဘာ့နောက်ဆုံးနေ့တိုင်အောင် ဆင်မြန်းခွင့်ရခဲ့၏။ ကံခေသူ ကျွန်ုပ်မှာမူ အရှင့်ထံပါးမှ မည်သည့်ဝတ်ရုံမျိုးမှ မရခဲ့ပေ၊ မာရ်နတ်ကို အရှင်မြတ်က ရှုံ့ချပြစ်တင် စွန့်ပစ်နှင်ထုတ်သကဲ့သို့ ကျွန်ုပ်အားလည်း ပြုလုပ်စေလိုသည် မဟုတ်ပါ၊ ကျွန်ုပ်လိုလားသည်မှာ အရှင့်လက်တော်မှ တစ်စုံတစ်ခုဖြင့် မာရ်နတ်က ရလိုက်ဘိသကဲ့သို့ ကျွန်ုပ်လည်း ချစ်သူလက်မှ တစ်စုံတစ်ခုကို ရလိုပါ၏၊ အရှင့်ထံမှ (နှင်ထုတ်ခြင်းခံရမှုကဲ့သို့သော ပြစ်ဒဏ်ပင်ဖြစ်လင့်ကစား) မာရ်နတ်အတွက်တော့ အရှင့်လက်တော်မှ ဝတ်စုံတစ်မျိုးမဟုတ်တစ်မျိုး ရလိုက်ခြင်း အတွက် ဖြေသိမ့်စရာတစ်ခု ရှိခဲ့ပေပြီ"

ဤသို့မိန့်ဆိုပြီးနောက် ရှစ်ဘလီသခင်ကြီးသည် ခေတ္တမျှ ဆိတ်ငြိမ်သွား၏။ ထို့နောက်ပြန်လည်၍ မတည်မငြိမ်ဖြစ်ကာ " ဤအချိန်တွင် လေကြောင်းနှစ်မျိုး တိုက်ခတ်လျက်ရှိ၏။ လေကြောင်းတစ်မျိုးမှာ အရှင့်ကောင်းချီးမင်္ဂလာတော်လေကြောင်း ဖြစ်ပြီး၊ နောက်တစ်မျိုးမှာ အရှင့်အလိုတော်မကျမှု လေကြောင်းဖြစ်၏။ အရှင့်မေတ္တာ လေကြောင်း၏ ထိန်းကျောင်းခြင်း ခံရသူသည် ခရီးဆုံးပန်းတိုင်ကို လှမ်းကိုင်နိုင်ပေမည်။ နောက်လေကြောင်း၏ တိုက်ခိုက်ခြင်း ခံရသူတို့မှာမူ အရှင့်စခန်းနှင့် အလှမ်းဝေးရာ၌ကျန်ခဲ့ပေအံ့၊ ယင်းတို့သည် အခက်အခဲ အတားအဆီး အကာအရံ အထပ်ထပ်၏ ဟန့်တားပိတ်ဆို့ခြင်း ခံကြရ၏။ ကျွန်ုပ်ဆောက်တည်ရာမရ ဖြစ်နေခြင်းမှာ

မည်သည့်လေကြောင်း၏ တိုက်ခိုက်မှုကို ကျွန်ုပ်ခံရမည်ကို မသိသောကြောင့်ဖြစ်ပါသည်"ဟု ဆို၏။

*ဘာသာပြန်သူမှတ်ချက် ။ ။ အမြင့်ဆုံးဉာဏ်စဉ်စခန်း ထိုးထွင်းပွင့်လင်းခဲ့ပြီး ၊ အဆုံးစွန်သောဓမ္မစခန်းကို ပေါက်မြောက်ခဲ့သည့် ရှစ်ဘာလီသခင်ကြီးသည် မိမိပြုခဲ့သည့် ဒါန၊ သီလ၊ ဘာဝနာခန်းတို့အပေါ်၌ အားကိုးပြီး မာန်မဝင့်ကြရန်နှင့် မိမိကိုယ်သာ ကိုးကွယ်ရာ၊ မိမိကျင့်ကြံယူလျှင် ရနိုင်၏ဟူသည့် အတ္တကြီးစိုးလွှမ်းမိုးသည့် အယူမှား၊ လမ်းမှားနောက်သို့ မလိုက်မိစေရန် သခင့်နောက်ဆုံးအချိန်အထိ လက်တွေ့ကျကျ သွန်သင်ဆုံးမသြဝါဒချွေချက်တစ်ရပ်ဖြစ်၏။)*

---

ရှစ်ဘာလီသခင်၏ နောက်ဆုံးအချိန်၌ သခင်သည် အောက်ပါ ဓမ္မလင်္ကာတော်ကို သီကျူးလျက်ရှိ၏။

" အရှင်စံပါယ်သည့်အိမ်တော်တွင် အလင်းရရန် ဆီမီးဖယောင်းတိုင် ထွန်းညှိရန်မလိုပေ၊ အရှင့်မျက်နှာတော်မှရောင်ခြည်တော်သည် ကျွန်ုပ်တို့အတွက်ပါ လုံလောက်သလို ၊ကျွန်ုပ်တို့ဆုံးဖြတ်ချက်ကို စောဒကတက်မည့်သူများအတွက်လည်းလုံလောက်သော ထုချေမှုပင်ဖြစ်ပေသတည်း။ "

သခင့်နောက်ဆုံးအချိန်တွင် လာရောက်၍ ဆုတောင်းပေးကြသော သူတို့အား သခင်က " ဪ- လူသေများက "ဂျနာဇာ" ဈာပနထမ်းစင်အတွင်းမှ လူရှင်ကို လာရောက်၍ဆုတောင်းပေးနေခြင်းမှာ အံ့ဩဖွယ်ကောင်းလေစွ"ဟု ဆို၏။

လူအပေါင်းက သခင့်ကို အစွလာမ့်သရဏဂုံဖြစ်သည့် "ကလေ့မာတော်' အလ္လာဟ်အရှင်မြတ်မှတစ်ပါး ကိုးကွယ်ရာအရှင်မရှိ"ကို သာသနာ့ဓလေ့ထုံးစံ အတိုင်း ရွတ်ဆိုရန် တိုင်ပေးသောအခါတွင် ရှစ်ဘာလီသခင်က " ကျွန်ုပ်အရှင်မှအပ ဘာမျှမမြင်ပါ၊ သို့ဖြစ်ရာ မည်သူ့ကိုများ ငြင်းဆိုရပါဦးမည်နည်း"ဟုဆို၏။ လူအပေါင်းက တရားတော်က ကွယ်လွန်ကာနီးသူတို့အား သရဏဂုံတည်ရန် "ကလေ့မာ"တော်ကို ရွတ်ဆိုရန် ပြဋ္ဌာန်းထားပါကြောင်း လျှောက်ထားကြသောအခါ သခင်က-

" ချစ်သူတို့၏ဘုရင် ကျွန်ုပ်၏အရှင်က တံဆိုးလက်ဆောင်နှင့် လာဘ်လာဘကို လက်ခံလိမ့်မည် မဟုတ်ပြီ၊ ထို့အပြင် အံ့ဩစရာ အကာင်းဆုံးအချက်မှာ လူသေများက လူရှင်ကို အကြံဉာဏ်ပေး၍ တရားလမ်းညွှန်နေခြင်းပင်ဖြစ်၏"ဟု ဖြေဆိုခဲ့၏။

---

## (၁၉) ရှိက်ခ် အဗုလ်အဗ္ဗားစ် ကာတ်စွားဗ်

အဗုလ်အဗ္ဗားစ်သခင်၏ ဩဝါဒကထာအချို့မှာ-

[၁] အကြင်သူသည်အလ္လာဟ်မှအပဖြစ်သော တစ်စုံတစ်ရာကို ရှာဖွေပါက ထိုသူသည် အရှင်နှစ်ပါးကို ခဝတ်ကိုးကွယ်သူဖြစ်ပေအံ့။

[၂] အကယ်၍သာ အသျှင်မြတ်သည် ကျွန်ုပ်အား "နစ်တ်ရီ"ဟူသည့် အနတ္တဉာဏ်ကိုစိုက်စေပြီး "ဖနာဖိလ်လာ"စခန်းကို ချီးမြှင့်ပြီးနောက် အရှင့်၏ တစ်ပါးတည်းသော နိစ္စထာဝရ မြဲစွာတည်ရှိသည့် အသခ်တဂုဏ်တော်၏ ဝတ်ရုံကို ကျွန်တော်မျိုးအား ဆင်မြန်းပေးကာ "ဘကာဘိလ်လာ"စခန်းကို ချီးမြှင့်ပါလျှင် ဤခမ္မစခန်း၏ဉာဏ်စဉ်နှင့်ယှဉ်ကာ အရှင့်ကို တစ်ကြိမ်မျှ ဦးချလိုက်ခြင်းသည် ကမ္ဘာအဝှမ်းမှ ဝတ်တက်နေကြသည့် ဝတ်ပြုသူစုစုပေါင်းတို့၏ဝတ်ပြုမှုတို့ကို စုပေါင်းထားသည့် တန်ဖိုးထက်ပင် သာလွန်ပေအံ့။

[၃] ခမ္မခရီး၏ပထမခြေလှမ်းမှာ မမြဲရာ ဖန်ဆင်းခံ ရုပ် နာမ် ခမ္မ သင်္ခါရတို့ကို ကျော်လွှားလွန်မြောက်နိုင်ရန်ဖြစ်၏။

[၄] ခမ္မခရီးလမ်းကြောင်း၌ စစ်မှန်သည့် ခမ္မအာဇာနည်တို့ ရှိကြကုန်၏၊ ယင်းတို့၏ စခန်းကို ဤလောကနှင့်တမလွန်လောကနစ်လောကလုံး၌ အရှင်သည် သတ်မှတ်ထားခြင်း မရှိပေ။

## (၂၀) အဗူအစ္စဟားက် အိဗ်ရာဟီမ် ဗင်န် အမ်မဒ်အလ်ခွါးစွ်

အခါတစ်ပါး၌ ခါဂျာခစ်ဇိရ်သည် ဟဇရသ်ခွါးစွ် သခင်ကြီးအပါး၌ ထိုင်လိုသော စိတ်ဆန္ဒပေါ်ပေါက်လာ၏၊ သို့သော် ခွါးစွ်သခင်ကြီးက အရှင့်ထံ၌ ခိုင်မြဲစွာ စူးစိုက်မိနေသော မိမိ၏သမာဓိအာရုံကို ကွဲပြားစေနိုင်သဖြင့် ခါဂျာခစ်ဇိရ်ကို မိမိအပါး၌ ထိုင်ခွင့်ပေးရန် ငြင်းဆန်ခဲ့၏။ သခင်က " ကျွန်ုပ်သည် အရှင့်အပါး ခစားရခြင်းအတွက် လုံလောက်ပြည့်စုံမှုနှင့် ရောင့်ရဲတင်းတိမ်မှုကို နှစ်ခြိုက်စွာ ရရှိထားပေပြီ၊ ကျွန်ုပ်အပါး၌ မည်သည့် လူ၊ နတ်၊ ဗြဟ္မာကိုမျှ အဖော်အဖြစ် မလိုလားတော့ပါ" ဟု မိန့်ဆိုတော်မူ၏။ ( သူတော်ကောင်း အပေါင်းမလို၊ သစ္စာခမ္မသည်သာ မိတ်ကောင်းဆွေမှန်ဖြစ်ချေသည်၊ ခမ္မရသကို မှီဝဲနေရခြင်းထက် သာလွန်ကောင်းမွန်သော အခြေအနေသည် မရှိဟု ဆိုလိုရင်းဖြစ်ပါသည်။)

ခွါးစွံသခင်က ဤသို့ ပြောခဲ့ဘူး၏။

“ တစ်နေ့ကျွန်ုပ်သည် လူသူမနီးသည့် ကန္တာရအတွင်း၌ လောကုတ္တရာ ဈာန်ယစ်မူးနေသူတစ်ဦးကဲ့သို့ ဦးခေါင်းကို ဖုံးအုပ်ထားခြင်းမရှိဘဲ ပြေးလွှားနေသော အမျိုးသမီးတစ်ဦးကို တွေ့ခဲ့ရ၏။ ကျွန်ုပ်က သူမအား သတိတရားထားကာ မိမိ ဝတ်စားဆင်ယင်မှုကို ဂရုစိုက်ရန်နှင့် ဦးခေါင်းကို ခြုံအုပ်ထားရန်ပြော၏၊ ထိုအခါ သူမက “ခွါးစွံသခင် မျက်လုံးနှစ်လုံး ပိတ်ထားပါလော့”ဟု ပြော၏၊ ကျွန်ုပ်က - “ ချစ်သူတို့မျက်လုံး ပိတ်ရိုးထုံးစံမရှိ”ဟု ဖြေခဲ့၏။ ထိုအခါက သူမက “ချစ်သူတို့မျက်လုံးအစုံကို ပိတ်ရိုးထုံးစံ မရှိသကဲ့သို့ အရှင့်လောကုတ္တရာ ပရမတ်အချစ်၌ ယစ်မူးနေသူတို့သည် မိမိတို့အဝတ်အစားကိုသော်လည်းကောင်း၊ ဦးခေါင်းဖုံးခြင်း မဖုံးခြင်းကိုသော်လည်းကောင်း ဂရုထားလေ့မရှိပါ”ဟု ပြန်ဖြေ၏။

ကျွန်ုပ်ကသူ့ကို “ အသင်မည်သည့် ယစ်ရွေရည်ဆိုင်မှ သောက်သုံး၍ ယစ်မူးခဲ့ပါသနည်း”ဟု မေးရာ၊ သူမက “ အို- ခွါးစွံ၊ သူ့(အရှင့်)ယစ်ရွေရည်ဆိုင်မှအပ အခြားဆိုင်များ ရှိပါသေးသလော၊ ကျွန်ုပ် ဤလောကီ၊ လောကုတ်နှစ်ဘဝနှစ်ဌာန၌ သူမှအပ ဘာကိုမျှ မမြင်ပါ”ဟု ဖြေကြားခဲ့၏။ ကျွန်ုပ်က သူမကို ကျွန်ုပ်ဓမ္မရိပ်သာ၌ အတူတကွလာရောက် သီတင်းသုံးရန် ဖိတ်ခေါ်သောအခါတွင်မူ၊ သူမက “ ကျွန်ုပ်လူသား ‘မရဒ်’နှင့် အတူမနေလိုပါ၊ အန္တဘုန်းတော်ရှင် ‘သူ’ ‘ဖရဒ်’နှင့်သာ အတူနေပါ၏”ဟု ဖြေကြားခဲ့၏။

တစ်နေ့သ၌ ခွါးစွံသခင်သည် တပည့်တစ်ဦးနှင့်အတူ ကန္တာရတစ်ခုကို ဖြတ်ကျော်စဉ် နေရာတစ်ခု၌ထိုင်ကာ ဘာဝနာပွားလေ၏၊ သခင်သမာဓိအာရုံတည်ကြည်စွာဖြင့် ဘာဝနာပွားနေသည့်နေရာသို့ ခြသေ့ံတစ်ကောင်လာနေသည်ကို တပည့်က တွေ့ရှိလေရာ လွတ်ရာလွတ်ကြောင်း သစ်ပင်ပေါ်သို့ တက်ပြေးလေ၏၊ ခြသေ့ံသည် သခင့်အနားသို့ရောက်သောအခါ သခင့်ကို လှည့်ပတ်ရစ်ကာနမ်း၍ ထွက်သွားလေ၏။ သခင်မှာ အနည်းငယ်မျှပင် တုန်လှုပ်ခြင်း မရှိပေ။

ဤသို့နှင့်ဆရာတပည့်နှစ်ဦးသည် ခရီးဆက်ထွက်ခဲ့ရာ ခရီးအတန်ရောက်သောအခါတွင် ခြင်တစ်ကောင် သခင့်ကို ကိုက်လိုက်ရာ သခင်က အော်ဟစ်လေ၏။ ထိုအခါ တပည့်က “ သခင့်ကို ခြသေ့ံက လှည့်ပတ်ကာ နမ်းစဉ်အခါက သခင် ဘာမျှတုန်လှုပ်မှု မရှိသော်လည်း၊ ခြင်တစ်ကောင်ကိုက်သောအခါတွင် အဘယ်ကြောင့် ဟစ်အော်ရပါသနည်း”ဟု မေးလျှောက်လေ၏၊ သခင်က “ ခြသေ့ံလာစဉ်အခါက အရှင်မြတ်သည် အရှင့်မဟာကရုဏာတော်နှင့် ကျွန်ုပ်၏အတ္တသန့်စင်နေအောင် ပြုလုပ်ထားပါသဖြင့် ကျွန်ုပ်ဈာန်သမာပတ်ဝင်စားနိုင်ခဲ့ရာ ဘာကိုမျှ အာရုံမစိုက်ဘဲ နေနိုင်၏၊ ယခုမူ ကျွန်ုပ်အတ္တ ပြန်ပေါ်လာသဖြင့်ပညတ်လောကကို ဂရုပြုမိခဲ့ခြင်း ဖြစ်၏”ဟု ဖြေကြားခဲ့၏။

တစ်ညတွင် ခြသေ့်တစ်ကောင် ခွါးစွံသခင်အပါးချဉ်းကပ်လာသည်ကို သခင်မြင်တွေ့ရ၍ အနည်းငယ်ကြောက်စိတ်ပေါ်လာ၏၊ ချက်ချင်းပင် အရှင့်ထံမှ ဗျာဒိတ်တော်သံ ဤသို့ကြားရ၏။

" အသင်ဘာကြောင့် ကြောက်ရွံ့နေရပါသနည်း၊ သင့်အား စောင့်ရှောက်ရန် ဗြဟ္မာခုနစ်ရာကို နှစ်ဆယ့်လေးနာရီ ကာလပတ်လုံး စေလွှတ်ထား၏။ "

ခွါးစွံသခင်က ဤသို့ မိန့်ကြားခဲ့၏။

" ကျွန်ုပ်သည် ကန္တာရတစ်ခုကို ဖြတ်သွားစဉ် ဥယျာဉ်တစ်ခုအတွင်းရှိ သလဲသီးပင်တစ်ပင်ကိုတွေ့ရ၏။ ကျွန်ုပ်မြီးကြည့်သောအခါ သလဲသီးမှာ အလွန်ချဉ်သဖြင့် ကျွန်ုပ်လွှင့်ပစ်ခဲ့၏။ ရှေ့ဆက်သွားသောအခါတွင် အိုမင်းမစွမ်းနှင့် မသန်မစွမ်းဖြစ်နေသော အဖိုးအိုတစ်ဦးကို ခြေလက်အင်္ဂါများ ချို့ယွင်းနေသည့် အနေအထားဖြင့် တွေ့ရ၏။ အဖိုးအို၏ခန္ဓာကိုယ်မှ အသားပေါ်တွင် ပိုးများထိုးနေ၏။ အဖိုးအို၏ အနာများ၌ ယင်များအုံလျက်ရှိ၏၊ကျွန်ုပ်သည် သူ့အနားချဉ်းကပ်သွားပြီး " အိုအဖိုးအို၊ ကျန်းမာရေးအတွက် အရှင့်ထံဆုပန်ပေးရပါမည်လော၊ အဖိုးအိုရဲ့ဒုက္ခကို ကျွန်တော်အလွန်သနားမိပါသည်"ဟု ပြောလိုက်ရာ၊ သူက " မတောင်းပါနှင့်"ဟု ဆို၏။ ကျွန်ုပ်က" အဖိုးအဘယ်ကြောင့် ကျွန်တော်ကို ဆုတောင်းခွင့် မပြုပါသနည်း" ဟုမေးရာ သူက " အရှင်က ကျွန်ုပ်အတွက် ဝေဒနာခံစားမှုကို လိုလားနေချိန်တွင် ကျွန်ုပ်အဘယ်သို့လျှင် ဝေဒနာ ပျောက်ကင်းသက်သာမှုကို လိုလားနိုင်ပါမည်နည်း၊ အရှင့်အလိုအတွက် မိမိအလိုကို ပယ်သတ်ဆက်ကပ်ထားသူတစ်ဦးအတွက် ဤလုပ်ရပ်မျိုးသည် လုံးဝအပ်စပ်လိမ့်မည် မဟုတ်ချေ"ဟု ဖြေကြား၏၊ ကျွန်ုပ်က " အဖိုး၊ အနာကယင်တွေ မောင်းပေးရပါမည်လောဟု"ဟု မေးလိုက်ရာ၊ သူက " ပထမဦးစွာ သလဲသီးချိုချိုလေးမှစားချင်သည့် မောင်ရင့်နှလုံးသားကို ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်အောင်ဆေးကြောပါဦး၊ ပြီးမှ ကျွန်ုပ်ကျန်းမာရေးအတွက် စဉ်းစားပါ၊ မောင်ရင့်နှလုံးသား တည်ကြည်မြဲခိုင်အောင် ဦးစွာပြုပြီးမှ ကျွန်ုပ်အတွက် ကရုဏာသက်ပါလော"ဟု ပြောဆို၏။

ကျွန်ုပ်က " ကျွန်တော်အမည်နှင့် သလဲသီးအချိုစားလိုသည့် ကျွန်တော့်စိတ်တွင်းမှ လိုအင်ဆန္ဒတို့ကို မည်သို့သိပါသနည်း"ဟု မေးရာ၊ အဖိုးအိုက "အလ္လာဟ့်ကို သိသူတစ်ယောက်အတွက် လောကမှဖြစ်ရပ်တို့သည် ဖုံးကွယ်နေမည် မဟုတ်ချေ" ကျွန်ုပ်က " အဖိုးအိုအနာကို ယင်တွေကိုက်သည့်အခါတွင်လည်းကောင်း ပိုးများ၊ လောက်များ ထိုးသည့်အခါတွင်လည်းကောင်း မနာကျင်ပါသလော"ဟုမေးရာ၊ အဖိုးအိုက " အရာခပ်သိမ်းတို့မှာ အရှင့်အလိုကြောင့်ဖြစ်ရသည့်အတွက် ကျွန်ုပ်၌ အဘယ်မှာလျှင် နာကျင်မှုဝေဒနာ ခံစားရပါမည်နည်း"ဟု ဖြေကြားတော်မူ၏။

ခွါးစွ်သခင်က ဖြစ်ရပ်တစ်ခုကို အောက်ပါအတိုင်း တင်ပြခဲ့၏။

" တစ်နေ့သောအခါတွင် လူတစ်ဦးသည် ကျွန်ုပ်အား "ရိမ်း"မြို့၌ တစ်ဦးတည်း တရားအားထုတ်နေသည့် အသက်ခုနစ်ဆယ်အရွယ်ရှိ ခရစ်ယာန်တစ်ဦး အကြောင်းကို ပြောပြခဲ့၏၊ ထိုပုဂ္ဂိုလ်ကို ကျွန်ုပ်တွေ့လိုသဖြင့်သူ့ထံသွားရာ ထိုပုဂ္ဂိုလ်က သူ့ကျောင်းသခ်မ်းပြတင်းဝမှထွက်ကြည့်ကာ " ကျွန်ုပ်သည် ခရစ်ယာန်တစ်ဦးမဟုတ်ပါ၊ ကျွန်ုပ်သည် ခွေးတစ်ကောင်ကို စောင့်ကြည့်ရသူတစ်ဦးမျှသာဖြစ်ပါသည်၊ ထိုခွေးဆိုသည်မှာ အဝိဇ္ဇာ၊ မောဟတို့နှင့် ပိတ်ဖုံးနေသည့် ကိလေသာကာမဂုဏ်အာရုံတို့နှင့် ညစ်ထေးနေသည့် ကျွန်ုပ်နှလုံးသားပင်ဖြစ်ပါသည်၊ အို– အိဗ်ရာဟီမ် ခွါးစွ်၊ အဘယ်ကြောင့်ဒုက္ခခံပြီး ဒီကိုလာခဲ့ပါသနည်း၊ သင့်ကို ကျွန်ုပ် အကြံဉာဏ်တစ်ခု ပေးလိုပါသည်၊ လူတွေကို လိုက်ရှာမနေပါနှင့်၊ ကိုယ့်ကိုကိုယ်သာ ရှာပါလော၊ သင့်ကိုသင် ရှာလိုတွေ့လိုလျှင် သင်၏အဝိဇ္ဇာစေတသိတ် "နဖ်စ်"ကို နိုင်နင်းအောင် ထိန်းကွပ်ပါလော၊ အဘယ်ကြောင့်ဆိုသော် ယင်းအဝိဇ္ဇာစေတသိတ်သည် တစ်နေ့အကြိမ်သုံးရာခြောက်ဆယ် အသွင်သဏ္ဌာန်ဆောင်ပြီး သင့်အား ကိလေသာပိုက်ကွန်၌ ငြိတွယ်မိရန် မာယာပရိယာယ်တို့ကို ဖြန့်ကျက်ထားသောကြောင့်တည်း"ဟု တရားချီးမြှင့်လေ၏။

~~~

ခွါးစွ်သခင်က ဤသို့မိန့်ဆိုခဲ့၏။

" ငါးထွေသောကျင့်ရပ်သည် အသင့်အား ဓမ္မစခန်းမြင့်တက်ရေးအတွက် ရှေ့ရှုစေပေမည်၊ ယင်းတို့မှာ ကျမ်းမြတ်ကုရ်အာန်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ကျမ်းမြတ်မှသစ္စာကထာတို့အား ဝိပဿနာဉာဏ်နှင့်ယှဉ်ကာ ရှုမှတ်ပွားများခြင်း၊ ဝမ်းဗိုက်ပြည့်အောင် မစားမသောက်ခြင်း၊ ညအချိန် အအိပ်နည်းပါးခြင်း၊ နံနက်အချိန်၌ အရှင့်ထံ ငိုကြွေးဆုပန်ခြင်း၊ သူတော်စင် သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တို့အပါး၌ ချဉ်းကပ်ခစားခြင်းတို့ဖြစ်၏။ ယင်းတို့အနက် နံနက်စောစော ငိုကြွေးဆုတောင်းခြင်းသည် အထိရောက်ဆုံးဖြစ်၏။ "

ခွါးစွ်သခင်၏ ဩဝါဒတော်ကထာတစ်ပုဒ်မှာ–

**" ဆုဖိသူမြတ်တစ်ဦးအတွက် တရားစခန်းတစ်ခုတည်း၌ ငြိတွယ်နေမည့်အစား ကရားစခန်းအားလုံးကို ပေါက်ရောက်အောင် တက်လှမ်းရန်လိုအပ်၏။ "**

~~~

ခွါးစွ်သခင်သည် (လောကုတ္တရာရျာန်အဟုန်ကြောင့်) မိမိရင်ကို ရိုက်ပုတ်ပြီး သတ္တိဝင်အောင်ပြုကာ " ကျွန်ုပ်နှင့်အတူ အမြဲရှိတော်မူသည့် အသခ်တဂုဏ်တော်ရှင်အား (ဉာဏစက္ခုဖြင့်) ဖူးတွေ့ရအောင် ကျွန်ုပ်ရှာဖွေပါ၏"ဟု ဥဒါန်းကျူးခဲ့၏။

# (၂၁) ဟဇရသ် မာမ်ရှဒ် ဒိန်ဝါရီ

ဒရ်ဝေ့ရှ်တစ်ဦးက ဒိန်ဝါရီသခင်ကြီးအား သူ့အတွက် အရှင့်ထံဆုပန်ပေးရန် ပန်ကြားသောအခါတွင် သခင်က "အရှင့်မုခ်ဦးတံခါးဝသို့သွား၍ အရှင့်ထံ တိုက်ရိုက် ဆုပန်ပါလော့၊ သင့်အတွက်ကျွန်ုပ်ကြားခံကာ အရှင့်ထံ တောင်းပေးရန် မလိုအပ်ပေ" ဟု မိန့်ဆို၏၊ ဒရဝေ့ရှ်က " သခင်ပြောသည်မှာ ဟုတ်မှန်ပါသော်လည်း အရှင့် တံခါးဝ ဘယ်မှာရှိသည်ကို ကျွန်တော်မျိုးမသိပါ"ဟုဆိုသောအခါ သခင်က "သင် မရှိသောနေရာ ( သင့်အတ္တကွယ်ပျောက်ပြီး အနတ္တဉာဏ်ဆိုက်နေသည့်စခန်း)တွင် အရှင်ရှိပါ၏"ဟု ဖြေကြားတော်မူ၏။

သခင့်တရားနာပြီးသည့်နောက် ဒရဝေ့ရှ်သူမြတ်သည် လူသူကင်းဝေးဆိတ်ငြိမ် ရာအရပ်၌ တရားဘာဝနာ စီးဖြန်းအားထုတ်လေ၏။ အရှင်မြတ်သည် ထိုဒရဝေ့ရှ်သူမြတ်အား ကောင်းချီးမင်္ဂလာတို့ကို အတိုင်းအဆမရှိ ရက်ရောစွာ ပေးသနားတော်မူလေ၏၊ တစ်နေ့သောအခါတွင် ဒိန်ဝါရီသခင်ကြီးနေထိုင်ရာမြို့၌ ရေကြီးကာ ရေလွှမ်းမိုးမှုဘေးနှင့်ကြုံတွေ့ရ၏၊ဒိန်ဝါရီသခင်ကြီးသည် ဒရ်ဝေ့ရှ်သူမြတ် အားမြို့ကိုလွှမ်းမိုးနေသည့် ဒီရေအပေါ်၌ ဖျာတစ်ချပ်နှင့် ထိုင်နေသည်ကို တွေ့ရ၏။ ဒိန်ဝါရီသခင်ကြီးက 'အာပေါ'ရေဓါတ်ကိုပင် အောင်နိုင်လောက်အောင် ဒရဝေ့ရှ်သူ မြတ်ကြီး၏ဓမ္မစခန်းမြင့်မားနေမှုကို အံ့အားသင့်စွာဖြင့်မေးကြည့်လေရာ၊ ဒရ်ဝေ့ရှ်ကြီးက ဒိန်ဝါရီသခင်ကြီး၏ ဆုတောင်းမေတ္တာ ကောင်းချီးပေးမှုကြောင့်နှင့် သခင်၏ သင်ကြားပြသလမ်းညွှန်ခဲ့သည့်အတိုင်း ကျင့်ကြံအားထုတ်ခဲ့သည့် အကျိုးဆက်ကြောင့်ဖြစ် ရပါသည်ဟု ဖြေကြားလေ၏။ အရှင်သည် ဒရ်ဝေ့ရှ်သူမြတ်အား အရှင့်ထံသို့ မည်သူ၏ကြားခံမှုမှမလိုအပ်ဘဲ ဆက်သွယ်နိုင်သည့်အဆင့်တိုင် ချီးမြှင့်ပေးသနားခဲ့၏၊ ဒရဝေ့ရှ်သူမြတ်၏ဆုတောင်းကိုလည်း အရှင်က တိုက်ရိုက်ဖြည့်ဆည်းပေးတော်မူ၏၊ ထိုအချိန်မှစ၍ ဒိန်ဝါရီသခင်ကြီးသည် သတိကြီးစွာထားပြီး ဒရဝေ့ရှ်သူမြတ်တို့အပေါ် ၌လည်း ခက်ထန်စွာ မဆက်ဆံတော့ပေ။

ဒိန်ဝါရီသခင်ကြီးက ကိုးကွယ်မှုပြုသူအမျိုးမျိုးရှိကြပါ၏၊ အချို့က မိမိကိုယ်မိမိ ကိုးကွယ်၏၊ အချို့က မိမိဥစ္စာပစ္စည်းတို့ကို ကိုးကွယ်၏၊ အချို့က မိမိဇနီးမယားကို ကိုးကွယ်၏၊ အချို့က မိမိသမီးသားတို့ကို ကိုးကွယ်၏၊ အချို့က မိမိရာထူးနှင့် မိမိပိုင်ဆိုင်မှုအစုစုကို ကိုးကွယ်၏၊ အချို့ကမူ 'ဆွလာတ်'ဝတ်ပြုခြင်း၊ 'ဆိုယာမ်' ဥပုသ်သီတင်းတည်ဆောက်ခြင်း၊ ညသန်းခေါင်ယံအချိန်၌ ဝတ်တက်ပြီး တရားအား ထုတ်ခြင်းတို့ကို စွဲမြဲစွာ ကျင့်ကြံပါ၏၊ လူသားသည် ကိုးကွယ်မှုတစ်ခုမဟုတ်တစ်ခု ကိုဖြင့် ပြုလုပ်ကြပေသည်၊ ယင်းတို့အားလုံးမှာ အကယ်စင်စစ် မိမိ"အတ္တ"ကို ကိုးကွယ်နေကြပြီး၊ ယင်းအတ္တ၏ အမိန့်ညွှန်ကြားကို တသွေမတိမ်းလိုက်နာနေကြပါ၏။

စစ်မှန်သော ဝတ်ပြုသူဟူသည်မှာ မိမိ၏အဝိဇ္ဇာစေတသိတ် "နဖ်စ်"၏စေခိုင်းချက်ကို မလိုက်နာဘဲ ယင်းကို ပြန်လည်ချုပ်ကိုင် စိုးမိုးအောင်နိုင်ထားသူပင်ဖြစ်၏။

ဒီန်ဝါရီသခင်ကြီး၏ဩဝါဒတစ်ရပ်မှာ–

" ကျွန်ုပ်သည် သူတော်စင်တစ်ပါးပါးအား ချဉ်းကပ်ခစားပြီဆိုလျှင် ကျွန်ုပ်၏ သညာသိ၊ စာတွေ့အသိနှင့် ပရိယတ်စာပေ ကျမ်းဂန်တတ်မြောက်မှုအပေါ်တွင် ထောင်လွှားနေသည့် မာန်မာနတို့အားလည်းကောင်း၊ ကျွန်ုပ်၏တရားအားထုတ်ကြိုးပမ်းခဲ့သည် ဘာဝနာခန်းအစုစုအားလည်းကောင်း၊ ခဝါချပြီးမှ ချဉ်းကပ်လေ့ရှိ၏၊ ဤသည့်အတွက်ကြောင့် ကျွန်ုပ်တွင် ထိုသူမြတ်တို့နှင့် ပေါင်းဖက်တွေ့ခြင်းကြောင့် များစွာ အကျိုးထူးများ ရရှိပါ၏။

အသင်သည် သူတော်စင်ထံပါးသို့ အနည်းငယ်မျှသော အတ္တ၊ မာနနှင့်ပင်သွားစေကာမူ မည်သည့်အကျိုးမျှ ရရှိမည် မဟုတ်ချေ၊ ဓမ္မစခန်းလျှောက်လှမ်းမှုတွင် လေ့ကြုံစီးအလွယ်လိုက်ရန် ရေပေါ်ဆီကဲ့သို့ အချောင်စောင့်၍ မရပေ၊ ဓမ္မခရီးလမ်းကြောင်းကို တစ်လက်မချင်း၊ တစ်လက်မချင်း အခက်အခဲများကို ကြိုးစားကျော်ဖြတ်ပြီးမှ လှမ်းတက်နိုင်၏။"

## (၂၂) အဗုလ်အစ္စကား အိဗ္ဗရာဟီမ် ရှိုင်ဘာနီ

ရှိုင်ဘာနီသခင်ကြီးက ဤသို့မိန့်မှာထား၏၊

" အရှင့်ကို အမြဲမပြတ် အချိန်တိုင်း၌ မဟာသတိပဋ္ဌာန်ဘာဝနာဖြင့် ဉာဏ်တင်ကာ ရှုမှတ်ပွားများပါလော့၊ ဤသို့ မပြုနိုင်ပါလျှင် အနိစ္စတရားကို ထိုနည်းအတိုင်း နှလုံးသွင်းပါလော့၊ "

မိမိ၏ " အူဘူဒီယတ် " (U BUDIYAT )ကို ခိုင်မာစွာ ထူထောင်မိပါက အသခ်တဂုဏ်တော်ရှင်မှအပဖြစ်သည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့အပေါ်တွင် မှီခိုအားထားခြင်းအပေါင်းမှ လွတ်ကင်းသွား၏။

## (၂၃) အဘူဘက္ကရ်ရဲ ဆိုင်ဒ်လာနီ

ဆိုင်ဒ်လာနီသခင်ကြီး၏ ဩဝါဒကထာအချို့မှာ–

[၁] အလ္လာဟ့်ထံတော်ပါးမှ ကင်းဝေးသွားစေနိုင်သော အသိပညာမျိုးတို့ကို မဆည်းပူးလေနှင့်။

[၂] အလ္လာဟ်အရှင်မြတ်သည် အရှင့်ထံပေါက်မြောက်နိုင်မည့်လမ်းများကို အရှင် ဖန်ဆင်းထားသည့် ဝေနေယျတို့၏ အရေအတွက်နှင့်အမျှ ဖွင့်လှစ်၍ထား၏၊ လူတိုင်းသည် မိမိ၏အရည်အသွေးရှိသလောက် မိမိအားသန်သည့်လမ်းကို ရှာဖွေရွေးချယ်ပြီး ပြီးပြည့်စုံသည့်စခန်းတိုင် လှမ်းကိုင်နိုင်၏၊

[၃] အလ္လာဟ့်ထံမှ လူသားထံသို့ လမ်းများရှိပါ၏၊ သို့သော်လူသားထံမှ အလ္လာဟ့် ထံသို့ လမ်းဟူ၍ မရှိနိုင်ပြီ။

*ဘာသာပြန်သူမှတ်ချက် ။ ။ အလ္လာဟ့်ထံသို့ ပေါက်ရောက်ရန် အလ္လာဟ် ကိုယ်တိုင်က လမ်းညွှန်၏။ လူသားက မိမိစိတ် ထင်ဖြင့် မိမိလိုရာ ကျင့်ကြံယူ၍မရပေ။*

[၄] အရှင့်အပေါ်း၌ ခစားမှု (တရားဘာဝနာပွားများမှု)ကို များစွာလုပ်ပြီး၊ ဝေနေယျ တို့အပေါ်း၌ ရောယှက်မှုကို (လောကီကာမဂုဏ်အာရုံတို့၌ နစ်မွန်းမှု) အနည်း ဆုံး လုပ်ပါလော့။

[၅] (အတ္တ၊ အစွဲ၊ ဥပါဒါန်စသည့် မောဟများ) ဗလာနတ္တိဖြစ်နေပြီး ရောင့်ရဲတင်းတိမ် သောနှလုံးသားနှင့် (ကိလေသာ၊ တဏှာ၊ ပေမ၊ ရာဂ စသည့် အာသဝေါတရားတို့ ဆင်းရဲကုန်ခမ်းပြီး ဓမ္မတရားတို့နှင့် ဋ္ဌေးကြွယ်ဝနေသည့် 'ဖကီရ') ဆင်းရဲ မှုကို မြဲမြဲစွာ စောင့်ထိန်းထားနိုင်ခြင်းသည် အရှင့်ထံပေါက်မြောက်ရန်အသေ ချာဆုံးနှင့် အန္တရာယ်အကင်းဆုံး လမ်းများဖြစ်သည်။

## (၂၄) ဟာရေသ် ရှိုက်ခ်အဘူ အလီ ဒီကားက်

ဒီကားသခင်ကြီးသည် အခါတစ်ပါး၌ အရှင့်နာမတော်တစ်ပါးဖြစ်သည့် "အလ္လာဟ်"ဟူသော နာမတော်ကို ဉာဏ်ပေါက်အောင် ရှုမှတ်ပွားများလျက်ရှိ၏။ သခင့်ဓမ္မသဘင်၌ ရောက်ရှိနေသည့် ပရိသတ်တစ်ဦးက " အလ္လာဟ်ဟူသည်မှာ ဘာပါလဲသခင် "ဟု မေးလျှောက်ရာ သခင်က " ကျွန်ုပ်မသိပါဟု"ဖြေကြား၏။ ထိုပရိသတ်က " သခင်က အရှင့်ကို မသိပါလျှင် အဘယ်ကြောင့် သူ့နာမည်ကို တသရွတ်ဆိုနေပါသနည်း"ဟု ထပ်ဆင့်စောဒကတက်လေရာ၊ သခင်က " ပြောပါဦး အဆွေ၊ သူ့နာမည်ကို မတရလျှင် မည်သူ့အမည်ကိုများ ကျွန်ုပ်တသရမည်နည်း"ဟု ဖြေကြားတော်မူ၏။

တစ်နေ့သောအခါတွင် ဒီကားက်သခင်ကြီးသည် အဖိုးထိုက်သည့် အဝတ်အစား တို့ကို ဝတ်စားကာ ထိုင်နေရာ အလွန်ကျော်ကြားလှသိများသည့် သူတော်စင်တစ်ပါး ဖြစ်သည့် "အဘွလ်ဟဆန်နူရီ"သခင်ကြီးသည် ဟောင်းနွမ်းစုတ်ပြတ်နေသော အဝတ် များဝတ်စားကာ သခင့်ထံလာရောက်တွေ့ဆုံ၏၊ ဒီကားက်သခင်သည် ကျီစယ်သည့်

သဘောဖြင့် ဒရဝေ့ရှ်ကြီး၏ စုတ်ပြတ်နေသော အကျီနားကိုစွဲကာ " ဒီအဝတ်အတွက် ဘယ်လောက်ပေးခဲ့ရပါသနည်း"ဟု မေးလိုက်ရာ နူရီသခင်ကြီးသည် လောကုတ္တရာ ရှာန်အဟုန်ကြောင့် တစ်ချက်မျှအော်ဟစ်ကာ ဥဒါန်းကျူးပြီး " ကျွန်ုပ်သည် ဤ အကျီအတွက် ဤလောက၊ တမလွန်လောက နှစ်ဘဝ နှစ်ဌာနကို ပေး၍ဝယ်ခဲ့ရ ပါ၏၊ ဤအဝတ်၏တန်ဖိုးမည်မျှ ရှိသည်ဆိုပါက အမတသုခဘုံ၏ ချမ်းသာမှု အပေါင်းအားလုံးကို စုပုံပြီး ကျွန်ုပ်အား ဤအဝတ်နှင့်လဲရန် ကမ်းလှမ်းလာပါကလည်း ကျွန်ုပ်သည် ဤအဝတ်နှင့် ခွဲခွါလိမ့်မည် မဟုတ်ချေ"ဟု ပြောကြားလိုက်ရာ၊ ဒီကားက်သခင်ကြီးလည်း ငိုကြွေးကာ ဒရဝေ့ရှ်သူမြတ်တို့အား ဘယ်သောအခါမျှ နောက်ပြောင်ကျီစယ်ခြင်း မပြုတော့ဟု သန္နိဋ္ဌာန်ချလိုက်၏။

⁂

တစ်နေ့သ၌ ဒရဝေ့ရှ်သူမြတ်တစ်ပါးသည် ဒီကားက်သခင်ကြီးထံ သွားရောက်ပြီး၊ ရုပ်ခန္ဓာဝန်ချဖို့ နေရာလေးတစ်ခုလောက်ပေးဖို့ တောင်းခံ၏၊ ဒီကားက်သခင်က ဒေါင့်တစ်ဒေါင့်ကို ဒရဝေ့ရှ်အတွက် ရှာပေးလိုက်၏။ ခတ်လှမ်းလှမ်းမှနေပြီး ဒီကားက်သခင်သည် ဒရဝေ့ရှ်ကြီး ဘာဆက်လုပ်မည်ကို အကဲခတ်နေလေ၏။ ထိုအခါ ဒရဝေ့ရှ်သူမြတ်ကြီးက– " အို– ဒီကားက်၊ သင်သည် ကျွန်ုပ်အား ညစ်ထေးအောင် မလုပ်လေနှင့် "ဟု ဆိုလိုက်ရာ၊ ဒီကားက်သခင်လည်း ဒရဝေ့ရှ် တရားအားထုတ်နေရာမှ ထွက်ခွာသွား၏။ ဒရဝေ့ရှ်သူမြတ်သည် အရှင့်နာမတော်ကို ဝိပဿနာဉာဏ်တင်ကာ ရှုမှတ်ပွားများရင်း ခန္ဓာဝန်ချကာ အရှင့်ရွှေစက်တော်အောက်သို့ ခိုဝင်ရောယှက်ပေါင်းဖက်တော်မူလေ၏၊ ချက်ချင်းပင် ဒီကားက်သခင်သည် ဒရဝေ့ရှ်သူမြတ်ကြီးရှိရာနေရာသို့ ပြန်လာကြည့်ရာ ဒရဝေ့ရှ်ကြီး၏ ရုပ် ခန္ဓာကိုယ် မတွေ့ရတော့ချေ၊ ဒရဝေ့ရှ်သူမြတ် ဘယ်သို့ရောက်သွားသည်ကို သိလိုပါကြောင်း ဒီကားက်သခင်က အလ္လာဟ့်ထံလျှောက်ထား အသနားခံလေရာ အရှင့်ထံမှ ဗျာဒိတ်တော် သံ ဤသို့ကြားရလေ၏။

" သူ့ကိုရှာရန် မကြိုးစားလေနှင့်၊ သူ့အားအသက်ကို နှုတ်သိမ်းရသည့် ဗြဟ္မာကြီးပင် ရှာလို့ မတွေ့ခဲ့ပေ၊ သူ့ကိုအမတသုခဘုံသို့ ပင်ဆောင်သွားမည့် ဗြဟ္မာအပေါင်းလည်း ရှာမတွေ့ခဲ့ပေ ။"

ထိုအခါ ဒီကားက်သခင်ကြီးက " ဤသို့ဆိုပါလျှင် သူအဘယ်ရပ်ဌာနေတွင် ရောက်ရှိနေပါသနည်းအရှင် "ဟု လျှောက်ထားပြန်ရာ အရှင်မြတ်က

" သူသည် သစ္စာဝါဒီတို့အသိုင်းအဝိုင်း၌ရှိနေ၏၊ အသခ်တဂုဏ်တော်ရှင်၊ အနန္တဘုန်းတော်ရှင်ရှေ့မှောက်၌ ခစားလျက်ရှိ၏ "ဟု ပြေကြားတော်မူ၏။

⁂

ဒီကားက်သခင်၏ သစ္စာကထာအချို့မှာ–

[၁] အကယ်၍ သူတော်စင်တစ်ပါးကို အရှင်မြတ်က အရပ်ဒေသတစ်ခု၌ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးရန် တာဝန်ပေးအပ်ထားပါက၊ ထိုအရပ်မှ ထိုသူသည် ပြောင်းရွှေ့၍မရသလို၊ သူ၏လုပ်ငန်းကိုလည်း ပြောင်းလို့ရမည် မဟုတ်ချေ။

[၂] ဥပဇ္ဈယ်ဆရာသခင်ကို အမြဲမပြတ် အလုပ်အကျွေးမပြုသော အန္တေဝါသိကတပည့်သည် မည်သည့်တရားစခန်းကိုမျှ ပေါက်မြောက်အောင်မြင်လိမ့်မည် မဟုတ်ချေ၊ ကန္တာရအတွင်း၌ပေါက်နေသည့် သစ်ပင်ကဲ့သို့ ထိုတပည့်သည် အသီးသီးနိုင်မည် မဟုတ်ချေ။ သီးသည့်တိုင်အောင် ကောင်းမွန်စွာ ပြုစုပျိုးထောင်ခြင်း မရှိသဖြင့် အရသာရှိသော အသီးတို့ သီးမည်မဟုတ်ချေ။

[၃] ဤလောက၌ရှိသည့် မည်သည့်အရာကိုမဆို သံယောဇဉ်ငြိတွယ်ပြီး စွဲလမ်းနေပါက စိတ်၏အေးငြိမ်းခြင်းကို ရရှိမည် မဟုတ်ချေ။ သို့အတွက်ကြောင့် သန္တိသုခအငြိမ်းဓါတ်ကို အလိုရှိပါက လောကီအာရုံ ကာမဂုဏ်တို့ကို စွန့်ပယ်ရချေမည်။

[၄] အလ္လာဟ့်စခန်းသို့ လမ်းညွှန်ပြသမည့် ဥပဇ္ဈယ်ဆရာမရှိဘဲ မည်သူမျှ တရားမပေါက်ရောက်နိုင်ပေ။

[၅] နောင်တမလွန်ဘဝကို ဤဘဝအတွက် ရောင်းစားပစ်သူသည် ပျက်စီးဆုံးရှုံးမည်သာဖြစ်၏။

[၆] လမ်းမှားလိုက်သူတို့သည် မိမိမပိုင်သည့် မိမိဘဝကို တွယ်တာမက်မောနေသည့် ဘဝတဏှာ မရှိအပ်ပေ။

[၇] အကြွင်သူသည် ပရိယတ်စာပေ တတ်ကျွမ်းနိုင်စပ်ပြီး၊ ဘာဝနာပဋိပတ်ကိုလည်း ကျင့်ကြံအားထုတ်အံ့၊ ထို့ပြင် သူတော်ကောင်းတို့အပေါ်၌လည်း ခိုလှုံပေါင်းဖက်ချဉ်းကပ်သော်ငြားလည်း ဥပဇ္ဈယ်ဆရာ၏ ဓမ္မဓါတ်ဖွင့်ပေးခြင်း ခံရမှု မရှိဘဲ လမ်းညွှန်ဆရာကညွှန်းသည့် အတ္တကို နိုင်နင်းစွာ ထိန်းချုပ်စေသောနည်းနာနိဿရည်းတို့ကိုလည်း လိုက်နာကျင့်သုံးခဲ့ခြင်း မရှိပါက၊ ဓမ္မခရီးတစ်ထောက် ပေါက်ရောက်နိုင်မှု မရှိနိုင်ပေ။

ဒီကားက်သခင်၏ ဘဝနိဂုံးပိုင်းတွင် သခင်၏ရှာန်သမာပတ်ဝင်စားမှုများမှာ မြင့်မားလွန်းသဖြင့် လူအချို့သာ သခင့်အဖြစ်ကို နားလည်နိုင်ပြီး သခင့်နောက်သို့ လိုက်ကြတော့၏။ သို့အတွက်ကြောင့် လူအနည်းငယ်သာလျှင် သခင့်ထံသို့ သွားရောက်တွေ့ဆုံကြ၏။

ဒီကားက်သခင်က ဤသို့ ထောပနာပြုလေ့ရှိ၏။

" အို-အရှင်၊ ကျွန်တော်မျိုးအား ပုစွတ်ဆိတ်တစ်ကောင်ကဲ့သို့ မာန်မာန ကင်းစင်စွာ ချိုးနှိမ်နိုင်သည့်စိတ်ကိုပေးသနားပြီးသကာလ၊ ကျွန်တော်မျိုးအား မြက်ခြောက်တစ်မျှင်လိုသာ ဆက်ဆံတော်မူပါ၊ အရှင့်မဟာကရုဏာတော်အားဖြင့် ကျွန်တော်မျိုး၏အပြစ်ဒုစရိုက်တို့ကို ကင်းရှင်းသန့်စင်စေတော်မူပါ၊ အဆုံးစွန်သော စခန်း၌ ကျွန်တော်မျိုးအား သေးသိမ်စေတော်မမူပါနှင့်၊ အဘယ်ကြောင့်ဟူမူ ကျွန်တော်မျိုးသည် ကိုယ့်ကိုယ်ကို ခြီးမြှောက်မြှင့်တင်ကာ တရားဟောပလ္လင်ထက်မှ ပြောခဲ့မိသောကြောင့်ဖြစ်ပါသည်။ ထို့ပြင်တဝ ကျွန်တော်မျိုးသည် ဆူဖီသူမြတ်တို့၏ ဝတ်ရုံတော်ကို ညစ်နွမ်းအောင်ပြုကျင့်ခဲ့ပါက (သူတော်ကောင်းကျင့်စဉ်နှင့် ဖီလာဖြစ်ခဲ့ပါက) ကျွန်တော်မျိုးအား အပါယ်ငရဲ၌ အရှင်နှင့်ကွေကွင်းရသည့် ပရိဒေဝသောကကို ခံစားရအောင် ထားတော်မူပါ၊ ဤခံစားမှုကို ခံနိုင်ရည်ရှိအောင် ပြုလုပ်ပေးသနားတော်မူပါ၊ အို- အရှင်၊ ကျွန်တော်မျိုး၏ အကုသိုလ်မိုက်ပြစ်တို့သည် ကျွန်တော်မျိုး၏ ကံကြမ္မာမှတ်တမ်းလွှာကို မဲမှောင်ညစ်နွမ်းအောင် ပြုနေချိန်တွင် အရှင်မြတ်သည် ကျွန်တော်မျိုး၏အသက် ကြီးရင့်လာသည်နှင့်အမျှ အရှင်မြတ်၏ ကောင်းချီးတော်အားဖြင့် ကျွန်တော်မျိုး၏ဦးခေါင်းထက်မှ ဆံပင်တို့အား ဖြူဆွတ်စေခဲ့ပါ၏၊ ထိုနည်းတူစွာပင် ကျွန်တော်မျိုး၏မိုက်ပြစ်ကြောင့် မဲညစ်ခဲ့ရသည့် အကုသိုလ် အမှုတို့ကို ရှုတော်မမူပဲ၊ အရှင့်ကရုဏာတော်ကိုသာ ရှုတော်မူပြီး အရှင့်ဝလေ့တော်အတိုင်း ကျွန်တော်မျိုးအား ဖြူဆွတ်သန့်စင်သည့်အဖြစ်သို့ ရောက်စေတော်မူပါ အိုအရှင်၊ အို- အရှင်၊ အရှင့်ကို ထိုးထွင်းသိမြင်ဉာဏ်ပေါက်သူ အရိယပုဂ္ဂိုလ်မြတ်သည် အရှင်သူ့အား တွေ့ဆုံခွင့်မပေးမည်ကို သိလျက်နှင့် အရှင့်ကိုရှာလိုသည့်ဇောကို မထိန်းချုပ်နိုင်ကြပါ၊ အို-အရှင်၊ အရှင့်၏မဟာကရုဏာတော်ဖြင့် အရှင်မြတ်သည် ကျွန်တော်မျိုးအား အမတအမြိုက်နန်းကို ချီးမြှင့်ပေးသနားစေကာမူ၊ ကျွန်တော်မျိုးသည် အရှင့်ကို ထိုက်တန်စွာ ဘာဝနာပွားခြင်း မပြုခဲ့ရသည့်အတွက် ကျွန်တော်မျိုး၏နှလုံးသား၌ နာကျည်းခဲ့ရမှုကိုရှက်ခြင်းမရှိဘဲ သိုမှီးထားမည်ဖြစ်ပါသည်အရှင်။ "

## (၂၅) အဘူအလီ အဟ်မဒ် ဘင်မုဟမ္မဒ် ရုဒ်ဘာရီ

ရုဒ်ဘာရီသခင်ကြီး၏ တရားအချို့မှာ-

[၁] ဆူဖီဟူသည်မှာ ဆင်းရဲနွမ်းပါးမှုကြောင့် ဆယ်ရက်မျှတိုင် အစာမစားရဘဲ၊ နေရစေကာမူ၊ အရှင်မြတ်၏ကျေးဇူးတော်ကို မေ့ပျောက်ခြင်း မရှိဘဲ ချီးကျူး ထောပနာ မပြတ်ပြုနေသူဖြစ်၏။

[၂] ဆုဖိဟူသည်မှာ အရှင့်ဓမ္မနန်းတော်မှ အကြိမ်တရာမက နှင်ထုတ်ခံရသော်လည်း ဖွဲလုံ့လဝီရိယတို့မလျော့ဘဲ အခစားဝင်ခွင့်ရရန် အမြဲကြိုးစားနေသူဖြစ်သည်။

[၃] အရှင့်အား (ဉာဏစက္ခုနှင့်) ဖူးခွင့်ရသည့် ဓမ္မမြင်ကွင်းကို ချီးမြှင့်မခံရဘဲနှင့် ဤလောကၥ အဘယ်သို့လျှင် ကျွန်ုပ်တို့ရှင်သန် နေထိုင်ကြပါမည်နည်း။

[၄] ဓမ္မဝိဇ္ဇာဉာဏ်အလင်း ပွင့်ထွန်းမှုသည် အသင် လောကီအာရုံကာမဂုဏ်တို့အား ငြီးငွေ့ယ်စွဲမက်မှု မရှိဘဲနှင့် စွန့်ပယ်နိုင်သည့်အခါတွင် အသင် အမှန်တစ်ကယ် ရရှိပေမည်။

[၅] ဓမ္မဂီတ "စေ့မ"သည် အရာသုံးခုအပေါ်၌ သက်ရောက်မှုရှိ၏။

(က) သမာအာဇီဝမကျသော ဝိသမလောဘကို အခြေခံ၍ မတရား အဓမ္မ ရှာဖွေထားသောငွေဖြင့် မိမိဝမ်းကိုကျောင်းခဲ့သည့်အတွက် နှလုံးသား၌ စွဲကပ် နေသည့်ဝေဒနာ။

(က) အရှင်မှအပဖြစ်သော ရုပ်၊နာမ်၊ဓမ္မ၊သင်္ခါရတို့ကို ကြည့်ရှုပါက၊ ဝေဒနာ ခံစားရသည့် ကျင့်စဉ်မျိုးကိုကျင့်ထားပါလျက် တရားတော်က တားမြစ်ထား သည့် အရာတို့ကို ကြည့်မိ၍ ခံစားရသည့်ဝေဒနာ၊ ထို့ပြင် သူတစ်ပါးအကြောင်း မကောင်းပြောခြင်းကို နားထောင်လျှင်သော်လည်းကောင်း၊ အခြားမပြောသင့်၊ နားမထောင်သင့်သည်ကို ပြောဆို၊ နားထောင်မိ၍သော်လည်းကောင်း ခံစား ရသည့်ဝေဒနာ။

(ဂ) မသူတော် လူ့ဗာလ အန္ဓပုထုဇဉ်တို့နှင့် ပေါင်းဖက်ခြင်းကြောင့် ခံစား ရသည့်ဝေဒနာ။

ထို့ကြောင့် ဓမ္မဂီတကိုကျင့်သုံးသူတို့သည် ဤအချက်တို့အား သတိ ကြီးစွာထား၍ ရှောင်ရှားကြရပေမည်။ ဆိုလိုသည်မှာ ဓမ္မဂီတ၏အကျိုးကို အပြည့်အဝ ရိတ်သိမ်းကာ ဓမ္မရသကို တင်းပြည့်ကျပ်ပြည့် ခံစားလိုပါက နှုတ် လျှာ နား အပါအဝင် အာရုံခြောက်ပါးကို နိုင်နင်းစွာ ထိန်းချုပ် ကွပ်ကဲ နိုင်ရပေမည်။

ဓမ္မဂီတကို ဘာဝနာအဖြစ် ဆောက်တည်ခြင်းအားဖြင့် အရှင့်အား (ဉာဏစက္ခု ဖြင့်) ဖူးတွေ့နိုင်၏။ (တစ်နည်း:) အရှင့်စခန်းတိုင် ပေါက်မြောက်အောင်မြင် နိုင်၏။ ဓမ္မဂီတ၏စေ့ဆော်မှုကြောင့် လောကုတ္တရာဈာန်ဝင်စားလာပါကတရား အတွေ့အကြုံထူးများနှင့် တရား၏နူးညံ့သိမ်မွေ့မှုအပြင် လျှို့ဝှက်ချက်တို့ကို ပါ ထိုးထွင်းသိမြင်ကာ ဝိဇ္ဇာဉာဏ်အလင်း ထွန်းတောက်ပွင့်ပေါ်စေနိုင်ပါ၏။

[၆] ချစ်သူအရှင်နှင့် အရှင့်ဂုဏ်တော်တို့အကြား လမ်းကြောင်းတစ်သွယ်ရှိ၏။ အကြင်သူသည် ဂုဏ်တော်နောက်သို့သာ လိုက်သွားပါလျှင် ထိုသူ၏ဓမ္မမြင်ကွင်း တွင် အကာအဆီးဖြစ်လာပေအံ့၊ သို့သော် အကြင်သူသည် ဂုဏ်တော်၏အရှင် ထံပါးသို့ အာရုံကိုသံမှိုနှက်သလို စွဲမြဲစေလျှင် လွတ်မြောက်အောင်မြင်ပေအံ့။

ရှဒ်ဘာရီသခင်ကြီး ခန္ဓာဝန်ချကာနီးတွင် သခင့်အစ်မ၏ပေါင်ပေါ်၌ ဦးခေါင်းတင်လျက် လဲလျောင်းနေရာမှ အရှင့်ထံ မပြန်မီ နောက်ဆုံးအချိန်တွင် မျက်လုံးဖွင့်ကာ ဤသို့ မိန့်ကြားတော်မူခဲ့၏။

“ ကျွန်ုပ်ရောက်ရှိလာမည့်အတွက်ကြောင့် အမတသုခဘုံကို ခန်းနားကြီးကျယ်စွာ မွမ်းမံချယ်လှယ်ပြင်ဆင်နေပေပြီ၊ ဗြဟ္မာတို့က ကျွန်ုပ်အား ကျွန်ုပ်စိတ်ကူး၍ပင် မတွေးထင်ခဲ့ဘူးသည့် နေရာမြတ်သို့ပို့ဆောင်မည်ဟု ပြောဆိုနေကြ၏။ ကိလေသာကင်းစင်သည့် သူတော်စင် အပျိုမကလေးများကလည်း ကျွန်ုပ်ရောက်ရှိလာမည်ကို မျှော်လင့်ကြိုဆိုလျက်ရှိကြ၏။ သို့သော် ကျွန်ုပ်၏နှလုံးသားသည် အသခ်တ ဂုဏ်တော်ရှင်ထံ၌သာလျှင် ကိုင်းညွတ်လျက်ရှိ၏။ အရှင်မှအပဖြစ်သော မည်သည့်အရာကိုမျှ ကျွန်ုပ်ကြည့်ရှုခြင်း မရှိပေ။ ကျွန်ုပ်သည် ထိုအရှင်နှင့်ဆုံစည်းရန် နှစ်ပေါင်းများစွာ လွမ်းဆွတ်တသခဲ့ရပါ၏၊ ကျွန်ုပ်၏အဆိုပါ ဓမ္မစခန်းပန်းတိုင်ကို လှမ်းကိုင်လိုသည့် အလိုဆန္ဒကို မည်သို့သော လာဘ်လာဘများနှင့် သွေးဆောင်ဖြားယောင်းစေကာမူ စွန့်လွှတ်မည်မဟုတ်ပေ။” အထက်ပါအတိုင်း မိန့်ကြားပြီးနောက် သခင်သည် ခေမာသောင်ကမ်း အမတအမြိုက်နန်းသို့ အရှင့်ရွှေစက်တော်အောက် ခိုလှုံရန် ကူးပြောင်းကြွမြန်းတော်မူလေ၏။

# (၂၆) ရှိက်ခ်အဘွလ်ဟာဆန်အလီဘင်အီဗ္ဗရာဟင်မ် အလ်ဟာ(စ်)ရီ

ဟာ(စ်)ရီသခင်က “ဓမ္မဂီတ” ‘စေ့မ’သည် အရှင့်အား ရော်ရမ်းလွမ်းဆွတ်မှုကို အမြဲတစေပေါ်ထွန်းရန် တောင်းဆိုနေ၏။ အကြင်သူသည် အရှင့်အချစ်၌ ယစ်မူးနေသည်နှင့်အမျှ အရှင့်အချစ်ကို ငံ့လင့်လျက်ရှိနေပေမည်။ ဓမ္မဂီတ သီကျူးမှုရပ်သွားသည်နှင့် ဓမ္မရသလည်း ရပ်သွားပါက “စေ့မ”မမည်ပေ။ ‘စေ့မ’သည် တရားအရသာကို ခံစားရလေ နောက်ထပ်ခံစားလိုသည့် စိတ်ဆန္ဒတို့ တိုးပွားကြီးထွားလာစေလေဖြစ်၏”ဟု မိန့်ဆိုခဲ့၏။

ဟာ(စ်)ရီသခင်၏မိန့်ဆိုချက်တစ်ရပ်တွင် ဤသို့လာရှိ၏။

“ စစ်မှန်သော ဆူဖီတစ်ဦးသည် ကိလေသာတဏှာတို့ကို အောင်နိုင်ကျော်လွှားလွန်မြောက်နိုင်ရပေမည်။ သူ၏နှလုံးသားသည် သူတစ်ပါးကို မလိုမုန်းထားမှု၊ မနာလိုဝန်တိုမှုတို့နှင့် ကင်းရှင်းနေရပေမည်။ ”

မိမိကိုယ်မိမိ သိသောသူသည် မိမိအရှင်ကိုလည်း သိလာနိုင်၏။

# (၂၇) ရှိက်ခ်အဘွလ်အွတ်စ်မန် ဆအီဒ်ဗင်န်ဆလာမ် အလ်မွဲဂ်ရီဗီ

မာ့ဂ်ရီဗီသခင်ကြီးသည် တရားလိုက်စ ပထမအနှစ် သုံးဆယ်တွင် ဥပုသ် ရက်ရှည်စောင့်ခြင်း၊ ညသန်းခေါင်ယံ ဘာဝနာပွားခြင်းနှင့် အခြားသော ခြိုးခြံစွာ ကျင့်ရသော ကျင့်စဉ်တို့ကို လူသူမနီးသည့်အရပ်တွင် အားထုတ်ခဲ့၏။ ထို့နောက် အရှင့်ထံမှ ဗျာဒိတ်တော်သံ ဤသို့ကျရောက်လာ၏။

" တစ်ကိုယ်တည်းတရားအားထုတ်မှုကို စွန့်ခွာ၍ လူသူအကြားသို့ သွားရောက်နေထိုင်ပါလော့ "

ဤအမိန့်တော်ကျရောက်လာချိန်တွင် သခင်သည် အရိုးပြိုင်းပြိုင်းထအောင် ပိန်ချုံးလျက် ရှိနေပေပြီဖြစ်၏။

တစ်နေ့သောအခါတွင် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတဉာဏ်ပွင့်ပေါ်နေသည့် မာ့ဂ်ရီသခင်ကြီး၏ တပည့်တို့ထံ အရှင့်ထံမှ မာ့ဂ်ရီဗီသခင်အား သွားရောက်တွေ့ဆုံခြင်း မပြုတော့ကြရန် အမိန့်တော်များ အသီးသီး ရရှိလာကြ၏။ မာ့ဂ်ရီဗီသခင်ကြီးအားလည်း ပရိသတ် (ဂျမာအတ်)တို့အား တရားဒေသနာ ဟောပြောပို့ချခြင်း မပြုလုပ်တော့ရန် အမိန့်တော်ကျလာ၏။

ထိုအချိန်မှစ၍ သခင်သည် တစ်ဦးတည်းသာ အရှင်နှင့်အတူ နေထိုင်တော်မူ၏။ သခင့်တပည့်အပေါင်းကလည်း အရှင်မြတ်သည် သခင့်ကို အရှင်မှတစ်ပါး မည်သူနှင့်မျှ စကားမပြောစေလိုကြောင်း သိရှိကြသည့်အတွက် သခင့်အပါးသို့ မခစားကြတော့ပေ။

မာ့ဂ်ရီဗီသခင်ကြီးက ဤသို့ မိန့်ဆိုတော်မူ၏။

" ကျေးငှက်သာရကာတို့၏ တေးများသည်လည်းကောင်း၊ လေပြေလေညှင်း တိုက်ခတ်ယိမ်းနွဲ့နေသည့် သစ်ရွက်ကလေးများ၏ ကချိုးကဟန်တို့သည်လည်းကောင်း သင့်အားပီတိသောမနဿ မကျစေနိုင်ပါက 'စေ့မ'ဓမ္မဂီတသည် အသင့်အား ဓမ္မ ဖွံ့ဖြိုးအောင် မစွမ်းဆောင်နိုင်သေးကြောင်း သိထားအပ်၏။

မာ့ဂ်ရီဗီသခင်ကြီး၏ သြဝါဒကထာအချို့မှာ

[၁] အကြင်သူသည် ဒရဝေ့ရှ်သူမြတ်တို့၏ အဝိုင်းအဝိုင်းကို စွန့်ပယ်ကာ၊ သူဌေး သူကြွယ်တို့ထံ မကြာခဏသွားရောက်ချဉ်းကပ်ပါမူ၊ ထိုသူ၏ ဓမ္မစက္ခု (တရားမျက်စိ)သည် ကွယ်ပေအံ့။

[၂] အကြင်သူသည် မိမိဘဝရပ်တည်ရေးအတွက် အလွန်အခက်အခဲ ရှိပါက၊ ကြွယ်ဝကျွမ်းသာ ကုံလုံပြည့်စုံသူတို့ထံမှ အထောက်အပံ့ အလှူအတန်းကို လက်ခံနိုင်ပါ၏။ သို့သော် ဤအလှူခံမှုမှ ရရှိသည်တို့နှင့် လောကီအာရုံ ကာမဂုဏ်တို့၌ မြူးတူးပျော်ပါးကာ သုံးဖြုန်းခြင်း မပြုရ။ ပြုခဲ့သော် တရား စခန်းတက်လှမ်းမှု၌ အဟန့်အတားဖြစ်ပေမည်

မာဂ့်ရိဗိသခင်ကြီးသည် အရှင့်ထံ ပြန်လည်ကြွမြန်းကာနီးအချိန်တွင် သခင့်အား ပြုစုကုသပေးနေကြသည့် သမားတော် ဆေးဆရာတို့ကို သခင့်အပါးမှ ထွက်ခွာသွားကြရန် တောင်းဆို၏။ အဘယ်ကြောင့်ဟူမူ " ယူစွပ်နဗီ"၏အစ်ကိုများ ယူစွပ်နဗီနှင့် ဖြစ်ပျက်ခဲ့သလို သခင့်အပေါ်၌ အဆိုပါ သမားတော်များသည် ဖြစ်လျက်ရှိသောကြောင့်တည်း။

ထို့နောက် ဓမ္မဂီတပညာရှင်တို့ကို သခင့်အပါးခေါ်ဆောင်စေကာ ဓမ္မဂီတစေ့မစတင်သီကျူးစဉ်တွင် သခင်သည် မိမိချစ်သူရှိရာ မိမိ၏နေရပ်ဌာနေသို့ ပြန်လည်ကူးပြောင်း ကြွမြန်းတော်မူခဲ့၏။

# (၂၈) ရှိုက်ခ်အဘွလ်အဘာစ် နီဟာဝမ်ဒီ

နီဟာဝမ်ဒီသခင်ကြီးက–

" သမာအာဇီဝမကျသော ဝိသမလောဘနည်းနှင့် ရှာမှီးထားသော ငွေကြေးဥစ္စာတို့မှနေ၍ သူကြွယ်တစ်ဦးသည် သူဆင်းရဲအား လှူဒါန်းခဲ့ပါက ယင်းအလှူကိုလက်ခံရရှိသူသည် လွဲမှားသောလမ်း၌ အဆိုပါ အလှူငွေကို သုံးဖြုန်းပစ်လိုက် မိပေလိမ့်မည်။

တစ်ချိန်၌ သူကြွယ်တစ်ဦးသည် သခင့်ထံလာပြီး မည်သူ့အား ငွေလှူဒါန်းရပါမည်နည်းဟု မေးလျှောက်ရာ၊ သခင်က အဖြေမပေးဘဲ ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါ သူကြွယ်လည်း ဒရဝေ့ရှ်အသွင်ရှိသူတစ်ဦးကို လှူဒါန်းလိုက်၏။ သူကြွယ်သည် လှူဒါန်းလိုက်သောငွေအား ထိုဒရဝေ့ရှ်အသွင်ဆောင်သူက သေရည်ဝယ်သောက်သည်ကို တွေ့ခဲ့ရ၏။ ဤဖြစ်ရပ်ကို သူကြွယ်က သခင့်ထံ လျှောက်ထား တင်ပြလေရာ သခင်သည် မိမိအိတ်အတွင်းမှ "ဒီနာ"တစ်ပြား ထုတ်ယူပြီး ဤငွေကို လမ်း၌ ပထမဦးဆုံးတွေ့သူကို လှူရန်မှာကြားလေ၏။ သူကြွယ်လည်း သခင်မှာသည့်အတိုင်း မိမိနှင့် ပထမဦးဆုံးတွေ့သူကို ပေးလှူလိုက်ပြီး ထိုသူသည် ဤငွေအား မည်ကဲ့သို့ အသုံးချသည်ကိုစုံစမ်းရန် သူ့နောက်လိုက်သွားလေ၏။ ထိုသူသည် တောတွင်းတစ်နေရာသို့သွားကာမိမိဝတ်ရုံအတွင်း၌ ငှက်ယူလာသော ငှက်သေတစ်ကောင်ကို လွှင့်ပစ်လိုက်ပြီး မြို့ရှိရာသို့သွားကာ ဈေးတွင်းမှ စားဖွယ်ရာတို့ကို ဝယ်ချမ်းပြီး မိမိမိသားစုရှိရာ အိမ်ဂေဟာသို့ ပြန်လာလေ၏။

သူကြွယ်က ထိုသူအား အကျိုးအကြောင်းမေးကြည့်ရာ၊ သူက " ကျွန်တော်တို့ မိသားစုမှာ ဆင်းရဲလွန်းသဖြင့် ရက်အတန်ကြာအောင် ဘာအစားအစာ အဟာရမှ မစားရဘဲ ရှိခဲ့ပါသည်။ ယနေ့တွင်မူ ကျွန်ုပ်သည် အစာရှာထွက်ရင်း ခြုံပုတ်တစ်ခုအတွင်း၌ ငှက်သေတစ်ကောင်ကို တွေ့ခဲ့ပါသည်။ (အသေသားကို လုံးဝမစားရဟု

တရားတော်က တားမြစ်ထားသော်လည်း ) ကျွန်ုပ်သည် ဤငှက်သေကိုချက်စားရန် အိမ်သို့ယူသွားစဉ် အသင်နှင့်လမ်း၌တွေ့ကာ အလှူငွေရရှိခဲ့သဖြင့် (တရားတော်က တားမြစ်ထားသော) ငှက်သေကို လွှင့်ပစ်ပြီး စားဖွယ်ရာတို့ကိုဝယ်ကာ မိသားစုပျော်ရွှင်စွာ အရှင့်ကို ချီးကျူးထောပနာပြု၍ စားသောက်မည်"ဖြစ်ကြောင်းကို ရှင်းပြလေ၏။

သခင့်ကို ထိုအဖြစ်အပျက် လျှောက်တင်သောအခါတွင် သခင်က "မောင်မင်း၏ အလှူငွေသည် မတရားစီးပွားမှ ရာမိုးထားခြင်းဖြစ်၍ လွဲမှားစွာ အလှူခံက ဖြုန်းတီးခဲ့၏။ ကျွန်ုပ်ငွေမှာ သန့်ရှင်းသော သမာအာဇီဝနည်းဖြင့် ရာမိုးထားသည်ဖြစ်၍ အလှူခံက အကျိုးရှိရှိ အသုံးချခဲ့ခြင်းဖြစ်၏"ဟု ဩဝါဒ မိန့်ခွန်းတော်မူ၏။

## (၂၉) ဟာဇရည် အဘွလ်ကာဆင်မ် နဆရာဘာဒီ

နဆရာဘာဒီသခင်ကြီး၏ အလ္လာဟ့်အချစ်၌ ယစ်မူးသည့် လောကုတ္တရာရျာန် အဟုန်မှာ အလွန်မြင့်မားလှ၏၊ တစ်နေ့သခင် ပီတိသောမနဿကျနေစဉ် မီးကိုးကွယ်သူတို့၏ ဝတ်ကျောင်းတော်သို့သွားကာ လကျာ်ရစ်လှည့်ပတ်လေ၏။ မွတ်စလင်မ်တို့က ဤအယူလွဲမှားသည့် မိစ္ဆာဒိဋ္ဌိလုပ်ရပ်ကို အပြင်းအထန် ကန့်ကွက်ကြ၏။ သခင်ကမူ " ကျွန်ုပ်ကအ်ဘာကျောင်းတော်မှာ အလ္လာဟ်သွားရှာပါသေးသည် မတွေ့ရလို့ ဒီမှာများ ရှိမလားလို့ ရှာကြည့်တာပါ"ဟုဆို၏။ ထိုအခါတွင် မွတ်စလင်မ်တို့က သခင့်ကို စိတ်မရှည်နိုင်ကြတော့ဘဲ 'နီရှာပူရ်'မြို့မှ နှင်ထုတ်လိုက်ကြလေ၏။

နဆရာဘာဒီသခင်သည် ကအ်ဘာကျောင်းတော်ကို "တဝဖ်"လှည့်ပတ်နေစဉ် ဟာဂျီများအချင်းချင်း စကားပြောနေကြသည်ကို ကြားရ၏။ ထိုအခါ သခင်သည် ထင်းများစတင်ရှာဖွေလေတော့၏၊ လူအပေါင်းက အကျိုးအကြောင်းမေးကြည့်ရာ "မည်သည့် ကြားခံမှုမှ မရှိဘဲ အရှင့်ကို လူအများတိုက်ရိုက်ရှာဖွေကြရန်အလို့ငှာ ဤကအ်ဘာကျောင်းတော်ကြီးကို မီးတင်ရှို့ရန်အတွက်ဖြစ်၏"ဟု သခင်ကဖြေလေ၏။

နဆရာဘာဒီသခင်က–

" ကျွန်ုပ်သည် တမန်တော်မြတ် "မူဆာ"နဗီ၏ ဂူဗိမာန်တော်သို့ သွားရောက်ဆုတောင်းမေတ္တာပို့ရာဗိမာန်ပေါ်ရှိ ဖုန်မှုန့်ကလေးတိုင်းက ' အို– အရှင်– အိုအရှင်'ဟု ဟစ်ခေါ်နေ၏"ဟု မိန့်ဆိုခဲ့၏။

နဆရာဘာဒီသခင်ကြီး၏ ဩဝါဒတော်အချို့မှာ–

[၁] အချို့သူတို့သည် အမျိုးသမီးများနှင့်ရောနှောကာ (ပွဲလမ်းသဘင်စသည့် လူမှုရေးအခန်းအနားတို့တွင်) ထိုင်ကြ၏။ သူတို့က သူတို့အမျိုးသမီးများကို မြင်တွေ့ရသော်လည်း သူတို့စိတ်သန့်ပါ၏၊ အပြစ်ကင်းပါ၏ဟုလည်း ဆိုကြ၏၊ ကျွန်ုပ်ဆိုချင်သည်မှာ– " အကြင်သူသည် ကိလေသာ ကာမဂုဏ်တို့ မြစ်ဖျားခံရာ အဝိဇ္ဇာလွှမ်းသည့် အကုသိုလ် စေတသိတ် 'နဖ်စ်အမ္မရာ' လုံးဝဥဿုံ ကွယ်ပျောက်ခြင်း မရှိသေးပါက တရားတော်က ပြဋ္ဌာန်းထားချက်တို့ကို ရိုကျိုးလိုက်နာကာ ဓမ္မသတ်ပညတ်ချက်က တားမြစ်ထားသည်တို့ကို တိတိပပလိုက်နာရှောင်ရှားရန်လို၏။

[၂] ဓမ္မဂီတ 'စေ့မ'သည် ဓမ္မဝိညာဉ်၏အားဖြစ်၏။

[၃] အလ္လာဟ့်အချစ်တော်တို့အတွက် ဤခန္ဓာအိမ်ကြီးသည် အကျဉ်းထောင်သဖွယ်ပင်ဖြစ်၏။

## (၃၀) ဟာဇရသ် အဘွလ် ဖွသ္ဘာလ် ဟာဆန် ဆူရ်ရာ့ခ်စီ

ဆူရ်ရာ့ခ်စီသခင်ကြီးသည် ရှိက်ခ်အဘူ စအိဒ် အဘွလ်ခိုင်းရ်သခင်ကြီး၏ ဆရာဖြစ်၏၊ တစ်ချိန်တွင် သခင်သည် အလွန်ကျပ်တည်းသည့် အခြေအနေနှင့် ကြုံတွေ့ရသဖြင့်၊ သစ်ပင်တစ်ပင်အောက်တွင် ထိုင်ကာ အရှင့်ထံ ဤသို့ဆုပန်လေ၏။

" အို– အရှင်၊ တစ်နစ်လောက်အရင်တည်းက ကျွန်တော်မျိုး ခေါင်းရိတ်ရန် ဒီနာငွေတစ်ပြားလိုအပ်နေပါသော်လည်း ယနေ့ထက်တိုင် ကျွန်တော်များ မရခဲ့သေးပါ"

ဤဆုတောင်းကို ကလေးအရွယ်သာရှိသေး၍ သခင့်မြင်ကွင်း၌ မတွေ့ရသော်လည်း သခင့်အပါး၌ ကပ်လျက်ရှိသော အီမာမ်ခီရ်မာနီသခင်သည် ကောင်းမွန်သဲကွဲပ ိပြင်စွာ ကြားခဲ့ရ၏။

ဤသို့သခင် ဆုတောင်းလိုက်သည်နှင့် သခင့်အနီးရှိ သစ်ပင်မှ အရွက်အားလုံးတို့သည် ရွှေရွက်များဖြစ်လာတော့၏။ ဆူရ်ရာ့ခ်စီသခင် ဤအဖြစ်ကိုမြင်ရသော် "အို–အရှင်၊ နောက်နောင်ကို ကျွန်တော်မျိုး၏ အခက်အခဲ ဒုက္ခတို့ကို အရှင့်ထံ မတင်ပြတော့ပါ"ဟု ဆုပန်ခဲ့၏။

ဆူရ်ရာ့ခ်စီသခင်က–

" မလာသေးသည့် အနာဂတ်အတွက် တောင့်တမနေနှင့်၊ ကုန်လွန်သွားသည့် အတိတ်အတွက်လည်း ကြောင့်ကျမနေနှင့် ပစ္စုပ္ပန်၌ အသိညာဏ်နှင့်ယှဉ်ကာ နေထိုင်ပါလော့"ဟု မိန့်ဆိုခဲ့၏။

သခင့်နောက်ဆုံး မှာတမ်းမှာ–

" ကျွန်ုပ်အား နာမည်ကျော်ကြား လူသိများသည့် သူတော်စင်ကြီးအပါး၌ မမြှုပ်နှံကြပါနှင့်၊ လူသူမသိသည့် အညတရ အသဲကွဲချစ်သူတို့ထံပါး၌သာ မြှုပ်နှံကြပါ၊ သို့မှသာ အရှင့်ကောင်းချီး မင်္ဂလာတို့ ပိုမိုထူးကဲစွာ ကျွန်ုပ်ရရှိပေမည်။"

ဤတွင် ဖရစ်အူဒ်ဒင် အတ္တားသခင်ကြီး၏ " ဿဖ်ကိရတွလ်အောင်လီယာ" ကျမ်းတော်ကြီး၏ ဒုတိယပိုင်း ပြီးပါပြီ၊ ဤကျမ်းကို မောင်လာနာ ဂျလာလွတ်ဒင် ရူမီသခင်ကြီး၏ " ဖီးဟာမာဖီးဟာ" ကျမ်းမှ ဓမ္မလင်္ကာတစ်ပုဒ်နှင့် ထိုက်တန်စွာ ဂုဏ်ပြုနိဂုံးချုပ်အပ်ပါသည်။

**" အလို– ညသာကုန်ဆုံးသွားခဲ့ပါပကော၊ ကျွန်ုပ်ပြောလိုသည့် ဇာတ်လမ်းတို့မှာမူ စပင်မစရသေးပါတကား၊ ဩော် ညရဲ့အပြစ်တော့ မဟုတ်နိုင်ပါပြီ၊ ကျွန်ုပ်တို့ ဇာတ်လမ်းကိုက ရှည်လွန်းလှသည်ကိုး "**

**အေးလွင်**
ဘာသာပြန်မှုပြီးစီးသည့်နေ့ (၂–၃–၉၂) တနင်္လာနေ့
နေ့လည် (၁၁:၀၀)နာရီ

## ✤ " အနုလ်ဟာက် "၏ ဟက်ကတ် ပရမတ်သဘော

ပရမတ္ထသစ္စာတရားဟူသည် ကန့်သတ်ဘောင်ခတ်မှုရှိသည့် လူ့ဝေါဟာရ စကားလုံးတို့ဖြင့် ကုန်ဆုံးအောင် မည်သို့မျှ ဖွင့်ဆိုလို့ မရကြောင်းကို အထက်၌လည်း ဖော်ပြပြီးဖြစ်၏၊ ပြီးပြည့်စုံမှုမရှိသည့် ပညတ်မျှသာဖြစ်သော လူ့ဝေါဟာရစကားလုံးတို့သည် အရာတစ်ခုကို မှီပြီးမှသာ မှန်ကန်သည့် အများက မှန်ပါသည်ဟု ဝိုင်းသမုတ်ထားသည့် သမုဒိသစ္စာ လောကီသစ္စာ၏ အဝန်းအဝိုင်းအတွင်း၌သာ အကျုံးဝင်ပါသည်၊ ယင်းဝေါဟာရတို့မှာ ပြီးပြည့်စုံမှု မရှိရုံသာမက၊ အမှန်တရားကို ဖွင့်ဆိုရာတွင် တစ်ခါတစ်ရံ လှည့်ဖျားမှု (DECIVE) သဘောကိုပင် ဆောင်ပါ၏။ မူလဆိုလိုချင်သော အနက်အဓိပ္ပါယ်နှင့်လည်း တက်တက်စင်အောင် လွဲမှားသွားနိုင်ပါ၏။

မန်စူးရ်သခင်ကျူးရင့်သည့် "အနုလ်ဟာက်" ဟူသည့် သစ္စာကထာမှာ အလွန်နူးညံ့သိမ်မွေ့ပြီး ဉာဏ်ဖြစ်ခဲလှ၏။ ထို့ကြောင့် ဉာဏ်ဖြစ်ခဲသည့် ဤတရားထူးကို ဉာဏ်မမှီသူတို့လိုက်၍ ရန်ဖြစ်နေကြခြင်းဖြစ်၏။ မန်စူးရ်သခင် ကျူးရင့်မှုမှ 'အန'ဟူသည့် ပုဒ်ကိုစတင်၍ ခွဲခြမ်းစိတ်ဖြာကာ စမ်းစစ်ရန်လို၏။ ယင်းသို့ စစ်တမ်းထုတ်လိုက်ပါက 'အန'ဟူသည့် အရဗီဝေါဟာရ၌လာရှိသည့် 'ငါ'ဟူသော အနက်သည် ရုပ် နာမ် ခန္ဓ သင်္ခါရတို့ဖြင့် ဖွဲ့စည်းထားသည့် ဖန်ဆင်းခံ မနုဿ လူသား လောကီဒဝနေမန်စူးရ်ကို ဆိုလိုရင်းမဟုတ်ကြောင်း တွေ့ရပေအံ့။ အစ္စလာမ့် ပရမတ်တရားက လူ့လောကပညတ်ဘောင်တွင် နေထိုင်ကြသည့် လူသားတို့သည် ခေတ္တယာယီသမုတ်ထားသည့် 'ငါ'ကို ရုပ်တရားနှင့် နေ့တရူဝ လှုပ်ရှားရာ၌ အသုံးချရမည်ဟု ဆိုထား၏။ ယင်း 'ငါ'မှာ စစ်မှန်သော 'ငါ'မဟုတ်၊ မမြဲသည့် လူသား၏ ရုပ် နာမ် ခန္ဓ သင်္ခါရကို ကိုယ်စားပြုထား၍၊ ယင်းပညတ် 'ငါ'သည် ဖြစ်ပျက် အစဉ်တွင် အကျုံးဝင်ကာ အနိစ္စခမ္မသာလျှင်ဖြစ်ပြီး၊ ပရမတ်သဘောတွင် 'အနတ္တ'သာလျှင် အရှိတရားဖြစ်၏။

ယင်းမမြဲသည့်ပညတ် 'ငါ'ကို လူအပေါင်းက အဝိဇ္ဇာ ဖုံးလွှမ်းပြီး အဟုတ်ရှိ၊ တစ်ကယ်ရှိ၊ အမြဲရှိသည်ဟု စွဲယူထားကြ၏။ မန်စူးရ်သခင်ကဲ့သို့သော ပရမတ်ဉာဏ် ရှင်တို့က ယင်းခေတ္တယာယီအသုံးချရန် သမုတ်ထားသည့် 'ငါ'ကို သူ့နေရာနှင့်သူ သုံး၏။ ပရမတ်သဘောတွင် 'ငါ'ဆိုသည်မှာ မရှိ၊ 'ငါ့'အလိုဆိုသည်မှာ မထားအပ်၊ 'ငါ့အလို'နှင့် 'အရှင့်အလို' ဒွန်တွဲကာရှိနေလျှင် 'ရှရစ်က်'(အရှင်မြတ်နှင့် တုပနှိုင်းယှဉ် တွဲဖက် ကိုးကွယ်မှု)ထိုက်သည်ဟု ခံယူထားကြ၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ထူးတို့သည် "အနနီယတ်" "ခူဒီ" ကုန်နေသူ "နာမိုရာဒီ" အလိုကုန်နေသူ အနတ္တဉာဏ် ထွန်းတောက်ပေါက်မြောက်နေသူများဖြစ်ကြပါ၏။

ထို့ကြောင့် မန်စူးရ်ကဲ့သို့သော အရဟတ်ပုဂ္ဂိုလ်မြတ်တို့သည် မိမိ၏ရုပ် နာမ် ဓမ္မ သင်္ခါရတို့ဖြင့် ဖွဲ့စည်းထားသည့် ဖြစ်တည်မှုကို သူ့နေရာနှင့်သာ သူအသုံးချ၏။ ယင်း ရုပ် နာမ် ဓမ္မ သင်္ခါရတို့မှာ လိုအပ်သော်လည်း လုံလောက်မှုမရှိဟု ခံယူထား၏။ ယင်းဉာဏ်စဉ်ကို "ဖနာဖိလ်ဝ ဂျူဒ်"ဟုခေါ်၏၊ မြဲရာဖြစ်သည့် ပကတိအရှိဖြစ်တော်မူသည့် အရှင့်တည်ရှိမှုသာလျှင် ပြီးပြည့်စုံမှုရှိသည်ဟု ထိုးထွင်းသိမြင်ထားကြ၏။

မိမိခန္ဓာတွင်း၌ မမြဲသည့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့ရှိဘိသကဲ့သို့ အရှင်မြတ်ဖက်မှ တိုက်ရိုက်ချီးမြှင့်ပေးသနားထားသည့် အလ္လာဟ့်ဗီဇအသင်္ခတဓါတ်တည်းဟူသော 'ရှူဟ်'သည်လည်းရှိသေး၏၊ ယင်းသာလျှင် စစ်မှန်သော'ငါ'ဖြစ်သည်၊ ထို့ကြောင့် မန်စူးရ်သခင်၏ ဥဒါန်းကျူးရင့်မှုမှ 'အန'ငါဟူသည်မှာ လူ့အဇ္ဈတ္တခန္ဓာတွင်းမှ အလ္လာဟ့်ဗီဇ အသင်္ခတဓါတ်ကို ဆိုလိုရင်းသာဖြစ်၏။

လူ့အဇ္ဈတ္တသန္တာန်အတွင်း၌ အလ္လာဟ့်ဗီဇ အသင်္ခတဓါတ် ကိန်းဝပ်တည်ရှိကြောင်းကို အောက်ပါ ကျမ်းဂန်ပရိယတ်အထောက်အထားများအရ သိရှိနိုင်ပေသည်။

စကြဝဠာအနန္တ၌ အလ္လာဟ်အရှင်မြတ်မှလွဲ၍ ကျန်အရာအားလုံးတို့သည် ဖြစ်ပျက်၊ အနိစ္စ၊ သင်္ခါရဓမ္မတို့နှင့် မကင်းကြောင်းကို ကုရ်အာန်ကျမ်းမြတ် ၂၂:၈၈၊ ၅၅:၂၆၊၂၇ တို့တွင် တိတိပပ ဖော်ကျူးထားပါသည်၊ မမြဲသည့် စကြဝဠာ အနန္တသည် ဖြစ်–တည်–ပျက်အစဉ်ကြီးတွင် ခေတ္တခဏ တည်နေရခြင်းမှာ အရှင်နှင့်တကွ ဖြစ်နေသောကြောင့်သာလျှင်ဖြစ်၏။

ရှင်းဦးအံ့။

ရုပ် နာမ် ဓမ္မ သင်္ခါရတို့ အခိုက်အတန့်တည်နေခြင်းမှာ ယင်းတို့၏ မမြဲသော သင်္ခတဓါတ်၏နောက်ကွယ်တွင် မြဲသောအသင်္ခတအရှင့် 'ဇဿ'တော်သည် တစ်ဆက်တည်း၊ တစ်ထပ်တည်း၊ တစ်ဖြတ်တည်း တည်ရှိနေသောကြောင့်ဖြစ်၏။ ဆိုလိုသည်မှာ သင်္ခတတို့အဆုံး၌ အသင်္ခတရှိ၏။ ကျမ်းတော်မြတ်ကုရ်အာန်၌ ~~

**" အင်န အိလာ ရဗ္ဗိက မွန်တဟာဟာ "** [ ၅၃:၄၂ ]

ဒါဒါပုသခင်ကြီးက အထက်ပါ အာယတ်တော်ကို ဤသို့ဖွင့်ဆို၏။

**" ဧကန် အသင်၏အရှင်ကား အသင်၏အဆုံး၌ရှိ၏။ "**

ဆက်လက်၍ ဤတရားသဘောကို ဒါဒါပုသခင်ကြီးက "ဆွလာတွလ်အာရေဖီ" ကျမ်းတော်၌ အောက်ပါအတိုင်း ရှင်းပြထား၏။

" လာ·မကံ" နိဗ္ဗာန်ပြည်ကြီးကို နီးစေ၍၊ မိမိ၏ "စစ်ရီ"၏အလွန်တင့်တယ်ခြင်းအပေါင်းနှင့်ပြည့်စုံလှသော ပရဒါတော်အတွင်း၌ အမြဲချမ်းသာခြင်းအပေါင်းတို့ သက်ဝင်ရောယှက် မပျက်တည်စေရမည် ။"

ထိုသူတို့၏ဝိညာဉ်သည် ချစ်ထိုက်သော ဘုံဗိမ္ဗာန်အတွင်းသို့ ခိုဝင်ရောယှက်တွဲဆက်ရသဖြင့် အမည်သညာသရုပ်၏အကျဉ်းမှ လွတ်မြောက်သဖြင့် သန့်ရှင်းစင်ကြယ်ပြီးလျှင် မြဲသောဓာတ်၏ ထွန်းလင်းခြင်းကို သိမြင်ရသောကြောင့် <u>ဖွနာတို့ကို မေပျောက်လေ၏။</u>

မိမိခန္ဓာတွင်းမှ 'ငါ'နှစ်မျိုးနှင့်ပတ်သက်၍ ဒါဒါပုသခင်ကြီးက ဆက်လက်၍ ဤသို့ဖွင့်ဆိုခဲ့၏။

" ~~ **မိမိကိုယ်၏ဇာတိကို ထိုအရှင်၏ဇာတ်တော်တွင် နှစ်မြှုပ်ပျောက်ကွယ်စေရမည်၊ ၎င်းမိမိဇာတိသည် အလွန်ငေးကွာတတ်သော 'ဟောဂျပ်ပရ်ဒါ' (အဖုံးအကွယ်)ဖြစ်ချေသည်၊ ထိုပရ်ဒါ အဖုံးအကွယ်ကင်းမှ သန့်ရှင်းစင်ကြယ် တုဇက်ရန်မရှိသော ဂျမလ်တော် ထွန်းတောက်လေပြီ၊ မိမိဇာတ်ဟူသည်ကား အနမြှခန့်မှုမက သေးသိမ်လှသော "ငါ"ဟူသည့် မာနတစ်လုံးကို ဆိုလိုသည်။ သို့ဖြစ်၍ "ငါ" ပျောက်မှ "ငါ"တောက်နိုင်သည်။**

အစ္စလာမ့်သမိုင်းစဉ်တစ်လျှောက်မှ ခေတ်အဆက်ဆက်တွင် ထွန်းတောက်ပွင့်ပေါ်ခဲ့ကြသည့် ပရမတ်ဉာဏ်ရှင် ဝလီဆူဖီသူတော်စင်တို့သည် လူ့ခန္ဓာတွင်းမှ 'ငါ'နှစ်မျိုးရှိသည့်အကြောင်းကို အက္ခရာ "လေဘာစ်"အဝတ်ဖြင့် အမျိုးမျိုးတန်ဆာဆင်ကာ တရားပရိယာယ်အသွယ်သွယ်နှင့် သင်္ကေတပုံဆောင်ကာ ဖွဲ့နွဲ့ဖော်ကျူးခဲ့ကြ၏။ " EGO"ဟုခေါ်သည့် အတ္တနှင့် (SPRIT) ဟုခေါ်သည့် ခန္ဓာတွင်းမှ အလ္လာဟ့်ဗိဇအသခ်တဓါတ်တို့ကို ခွဲခြမ်းစိတ်ဖြာပြီး ဖွင့်ဆိုပြသခဲ့၏။

ရှပ်စ်တာရီသခင်ကြီးက

" ဝမန်အနယာ အနအဖ်လာအန"ဟု လူ့အဇ္ဈတ္တခန္ဓာအတွင်းမှ တစ်ကယ်စစ်မှန်သည့် 'ငါ'ဖြစ်သည့် အလ္လာဟ့်ဗိဇအသခ်တ 'ဘကာ'ဖြစ်သည့် 'ရှုဟ်'ကို ပညတ်ရုပ်လောကဌ် အသုံးချရန် ခေတ္တယာယီသမုတ်ထားသည့် "အနနိယတ်" "ခူဒီ"ဖြစ်သည့် အတ္တနှင့်ရောထွေးနားရှုပ်ခြင်း မဖြစ်ရလေအောင် 'ငါ'မဟုတ်သည့် 'ငါ' ဟု ခွဲခြား ညွှန်းဆိုပြီး သခင့်ဓမ္မလင်္ကာတော်တစ်ပုဒ်၌ စပ်ဆိုခဲ့၏။

အရိယသူတော်စင်မကြီး "ရာဗိယာဘတ်စ်ရီ"သခင်မကြီးထံသို့ တပည့်တစ်ဦးလာရောက်ကာ " တပည့်တော် အနှစ်(၄၀)တိုင်အောင် အကုသိုလ်နှင့်ကင်းဝေးအောင်နေ၍ ကုသိုလ်ကောင်းမှုတို့ကိုသာ ပွားများနေပါသည် "ဟု လျှောက်ထားသောအခါ သခင်မကြီးက–

" ဝဂျူးဒိုကာ၊ ဇန်းဘွန်၊ လာယူးကာဇိုဘိဟီဇန်းဘ် "

" **မောင်မင်း၌ 'ငါ' တည်းဟူသော အတ္တတစ်ကယ်ရှိသည်ဟု ထင်မှတ်၍** 'ငါ'အကုသိုလ်မလုပ်၊ 'ငါ'ကုသိုလ်လုပ်သည်ဟူသည့် အသိသည်ပင်လျှင် **အကုသိုလ်**အစုစုတို့တွင် **အကြီး**မားဆုံးသော မဟာအကုသိုလ်ဖြစ်၏ "ဟု ပြောကြားတော်မူခဲ့၏။

အဘူရာကွဲအလ်ဆူဖိဆိုသည့် ဆူဖိရဟန္တာတစ်ပါးက–

" စေတနာဖြူစင်မှန်ကန်စွာဖြင့် ကျင့်ကြံအားထုတ်နေသူ တရားသမား တစ်ဦးအတွက် ၎င်း၏ဘာဝနာစခန်းအား မှတ်တမ်းတင်မည့် 'မလာအိကဟ်'ဖြဟ္မာကြီးများလည်းမရှိ၊ ၎င်း၏ဘာဝနာစခန်းကို နှောင့်ယှက်ဖျက်စီးမည့် ' ရှိင်တွာန်' မရ်နတ်လည်းမရှိ၊ ၎င်း၏ဘာဝနာခန်းကို ဂုဏ်ယူဝင့်ကြွားလိုသည့် 'ငါ'တည်းဟူသော အတ္တလည်း မရှိချေ"ဟု မိန့်မြွက်ခဲ့ဖူး၏။

ယင်းသို့အတ္တကွယ်ပျောက်ပြီး အနတ္တဉာဏ်စိုက်နေသည့် စခန်းကို မိမိအလိုကုန်ပြီး အရှင့်အလိုတော်အတိုင်းနေသည့်" နာမိရာဒီ "စခန်းဟူ၍အိလ်မေ့တစောင်ဝုဖ်၌ ဖွင့်ဆိုထား၏။

မဟာတမန်တော်မြတ်ကြီး ကိုယ်တော်တိုင်ပင်လျှင် ဤဉာဏ်စဉ်စခန်းကို အောက်ပါအတိုင်း ဖွင့်ဆိုထား၏။

" အနာ၊ မဟာမဒ်ဒွန်၊ ဘေလာမိမ်၊ အနာအရဗွန်၊ ဘေလာအိုင်မန်ရာအိနီ၊ ဖကာဒ်ရ·အလ်ဟက္က "

" ငါသည် မိမ်မပါသော 'အဟ်မဒ်' ဖြစ်သည်၊ ငါသည် 'အိုင်'မပါသော အရဗ်ဖြစ်သည်။ အကြင်သူသည် ငါ့အားမြင်အံ့၊ ထိုသူသည် ပရမတ္တသစ္စာဓမ္မ၏ အရှင်ကိုလည်း မြင်ရအံ့။

ဆိုလိုသည်မှာ 'မိမ်'ဟူသော အရဗီစာပေမှ အက္ခရာသည် 'မော့သ်'တည်းဟူသော သေခြင်း၊ အနိစ္စ၊ အဆုံးဟူသော ဝေါဟာရကိုသင်္ကေတပြုထားချက်ဖြစ်သည်။

' အိုင်'ဟူသော အရဗီစာပေမှ အက္ခရာသည် "အောင်ဝလ်"ဖြစ်ခြင်း၊ အစဟူသော ဝေါဟာရကို သင်္ကေတပြုထားချက်ဖြစ်၏။

'မိမ်'နှင့် 'အိုင်'မပါဟုဆိုသောကြောင့် ဖြစ်ခြင်းနှင့် ပျက်ခြင်း၊ ရှင်ခြင်းနှင့်သေခြင်း အစနှင့်အဆုံးဟူသည့် အနိစ္စ၊ သင်္ခါရ၊ သင်္ခတ သဘောဆောင်သော ဖောက်ပြန်ပြောင်းလဲမှုရှိနိုင်သည့်ကိုယ်တော်၏ ပထဝီမြေရုပ် 'ဂျစ်မေခါကီ–ဘရှာရီရုပ်'အပါအဝင် ခန္ဓာငါးပါး ရုပ် နာမ် တရားတို့ဖြင့် ဖွဲ့စည်းထားသည့် တစ်သီးပုဂ္ဂလရုပ်တည်မှုရှိသည် ဟုထင်ရသော အသိသည် ကွယ်ပျောက်သွား၏။

ယင်းသို့ ကွဲပြားခြားနားမှုရှိသည့် 'ဂိုင်ရီယတ်'ကင်းသည့်အဖြစ်တွင် 'အိုင်နီယတ်' တစ်ခုတည်းသာရှိသည်ကို ဉာဏ်ပေါက်၏။ ထို့ကြောင့် ထိုအဖြစ်ကို ထိုးထွင်းသိမြင်သူ ပရမတ်ဉာဏ်ရှင်သည် ပရမတ္တသစ္စာဓမ္မ၏ မူလအစ၊ အသင်္ခတဂုဏ်ရှင်၏ တစ်ဆူတည်း တစ်ပါးတည်းသာလျှင် အကယ်စင်စစ်တည်ရှိပါကြောင်းကို ဉာဏစက္ခု၊ ဉာဏ်မျက်စိဖြင့် မျက်ဝါးထင်တင် ထိုးထွင်း မြင်တွေ့ပေအံ့။

အထက်ပါ တရားသဘောသည် မဟာတမန်တော်မြတ်ကြီး၏ နောက်ဩဝါဒတစ်ခုဖြစ်သည့်

" မိမိကိုယ်ကို မိမိသိသောသူသည် မိမိအရှင်ကိုသိအံ့"ကို နက်ရှိုင်းစွာ ဖွင့်ဆိုထားချက်ဖြစ်၏။

ငါသည် 'မိမ်'မပါသော အဟ်မဒ်အစချီသော ဩဝါဒတော်ကို အခြားရှုထောင့်တစ်ခုမှ ပိုင်းခြားစိတ်ဖြာ လေ့လာကြည့်မည်ဆိုပါက မိမိကိုယ်ပိုင်ရပ်တည်မှုကို မြဲသည်ဟု အစွဲမရှိသည့် မဟာတန်တော်မြတ်ကြီးသည် အနတ္တဉာဏ်ထွန်းတောက်နေကြောင်းကို ဉာဏ်ပိုင်းဆိုင်ရာသဘောအရ သိရှိနိုင်သလို၊ ကိုယ်တော်၏ မဟာဝင်၌လာရှိသော သမိုင်းဖြစ်ရပ်မှန်အချက်တစ်ခုသည်လည်း အထက်ဖော်ပြပါ တရားသဘောကို မီးမောင်းထိုးပြ၍ထားပေသည်။ မဟာတန်တော်မြတ်ကြီးသည် "နဗီယေအွမ်မီ" ဟုသော သညာသိ၊ ပရိယတ်စာပေသိ၊ အာရုံသိစသည့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ထံမှ သင်ယူရရှိသည့် တစ်ဆင့်ခံအသိတို့ လုံးဝကင်းရှင်းနေပြီး၊ အလ္လာဟ့်ထံမှ ချီးမြှင့်သည့် သဗ္ဗညုတဉာဏ်(သဗ္ဗ= အလုံးစုံသော၊ တရားတို့အား၊ ညုတ= ဆရာမကူသည့် သယမ္ဘူဉာဏ်အားဖြင့်ထိုးထွင်းသိမြင်သည့်ဉာဏ်တော်)တည်းဟူသော ဝဟီကိုခံယူရန် ကိုယ်တော်၏ ရွှေနှလုံးသားတော်သည် အတ္တကင်းပြီး၊ ပကတိသန့်ရှင်းသည့် အဖြစ်၌ရှိ၏။ ဆိုလိုသည်မှာ ကိုယ်တော်၏နှလုံးသားတွင် 'အဟဒ်'တစ်ဆူတည်းအရှင်၊ 'ရဗ္ဗ'အဆင့်ဆင့် ပြုစုပျိုးထောင် ဖြစ်ပေါ်ထင်ရှားစေတော်မူသောအရှင်၏ အလိုတော်၊ အမိန့်တော်၊ ဗျာဒိတ်တော်တို့သာလျှင် တည်ရှိကိန်းစပ်စံပါယ်နေတော်မူ၏။ ထို့ကြောင့်

'မိမ်'မပါသော အဟ်မဒ်ဆိုသည်မှာ တစ်ဆူတည်းရှင် 'အဟဒ်'ဖြစ်ပြီး၊ 'အိုင်' မပါသောအရဗ်ဆိုသည်မှာ စကြဝဠာအနန္တမှ ရုပ်ဟလာပ်နှင့် နာမ်ဓါတ်အစုစုတို့ကို အဆင့်ဆင့်ပြုစုပျိုးထောင်ဖြစ်ပေါ်ထင်ရှားစေတော်သည့် 'ရဗ္ဗ'ဂုဏ်တော်ဖြစ်သည်။

ထို့ကြောင့် သခ်ါရမ္မနှင့် သခ်တဓါတ်တို့အပါအဝင် အစွဲ၊ ဥပါဒါန်မှန်သမျှ ပြတ်နေသည့် ကိုယ်တော်ကို ဖူးတွေ့ရလျှင် အရှင့်ကိုလည်း ဖူးတွေ့ရလတ္တံ့ဟု ဆိုခြင်းဖြစ်၏။

မဟာတမန်တော်မြတ်၏ ဖဝါးတော်ခြေထပ်လိုက်နာကြ၍ ပေါက်မြောက် အောင်မြင်တော်မူကြကုန်သည့် ဝလီ ဆူဖီ ရဟန္တာသူတော်စင်တို့သည် အစွလာမ့်သမိုင်းခေတ်အဆက်ဆက်တွင် အစွဲပြတ်နေသည့် ရွှေနှလုံးသားတော်တို့မှနေ၍ အရှင်မြတ်၏ အသခ်တဂုဏ်တော်အရ တစ်ဆူတည်းသာတည်ရှိမှုကို ဓမ္မဥဒါန်းအမျိုးမျိုး ကျူးရင့်ခဲ့ကြကုန်၏။

'ဖနာဖိလ်ဝ ဂျူဒ်' 'ဖနာဖိလ်ရိုက်ခ်' ဖနာဖိလ်ရရှူလ် ' 'ဖနာဖိလ်လာ' ' ဘကာဗိလ္လာဟ်' စသည့် ဉာဏ်စဉ်အဆင့်ဆင့်တို့ကို အထက်ရှင်လင်းချက်တို့၌လည်း ဖော်ပြပြီးဖြစ်ပါသည်။ ထိုဉာဏ်စဉ်အဆင့်ဆင့်ကို ပေါက်မြောက်နေသည့် သူတော်စင်သည် သူဉာဏ်ဝင်စားနေသည့် ဉာဏ်စဉ် (ဓမ္မစခန်း)အဆင့်တို့မှနေ၍ အမျိုးမျိုးသော ဥဒါန်းတို့ကို ကျူးရင့်ခဲ့ကြ၏။ ယင်းသို့ကျူးရင့်မှုမှာ အလ္လာဟ်တစ်ဆူတည်းသာလျှင် ပရမတ်သဘောတွင် အမှန်တစ်ကယ် ဖေါက်ပြန်ပြောင်းလဲမှုကင်းစွာ နိစ္စရုဝတည်ရှိ

ကြောင်းကို နည်းဟန်ပုံစံ အမျိုးမျိုးတို့နှင့် သက်သေခံထွက်ဆိုနေခြင်းသာဖြစ်၏။ ယင်းဥဒါန်းကျူးရင့်မှုတို့ကို ပညတ်စကားလုံးဝေါဟာရတို့၏ အပေါ်ယံကျောကိုသာ စောကြောကြသည့် ဉာဏ်နည်းသူ ပုထုဇဉ်တို့သည် ဉာဏ်မမီကြ၍ ယင်းပုဂ္ဂိုလ်တို့သည် ၎င်းတို့ကိုယ်၎င်းတို့ အလ္လာဟ်ဟုပြောကြသည်ဟု အမျိုးမျိုး စွပ်စွဲပုတ်ခတ်ကြခြင်း ဖြစ်သည်။

ဆူဖိသူတော်စင်တို့ကလည်း ကန့်သတ်ဘောင်ခတ်မှုရှိသည့် လူ့စကားလုံးတို့၏ ခွင့်ပြုမှုအတိုင်းအတာအတွင်းမှ လူသားတို့နားလည်စိမ့်သောငှာ အမျိုးမျိုးကြိုးစားတင်ပြခဲ့ကြပါ၏၊ ဥပမာ– အလ္လာဟ်စခန်းကို ပေါက်မြောက်သူမှာ အလ္လာဟ်မှတစ်ဆင့် ဉာဏ်ပွင့်သွားပြီး၊ အလ္လာဟ့်ထံသို့ အလ္လာဟ်အတွင်းမှ ခရီးနှင်ခဲ့သူဖြစ်၏၊ သစ္စာရာပုံတော်ဖွင့်သူတစ်ဦး၏ပန်းတိုင်မှာ မိမိအတ္တမှခြေတစ်လှမ်းဆုတ်ပြီး ပရမတ္ထသစ္စာကို ပရမတ္ထသစ္စာကသည်ပင်လျှင် ပရမတ္ထသစ္စာတွင်းမှ သိအောင်လုပ်ရခြင်းဖြစ်၏၊ စသည် ဖြင့်ဖွင့်ဆိုခဲ့ကြသကဲ့သို့ ဤကျမ်းကို ပြုစုစီရင်ရေးသားတော်မူသည့် ဖရစ်အူဒွင်အတ္တားသခင်ကြီးသည် သူ၏ နောက်ကမ္ဘာကျော်ကျမ်းတစ်ဆူဖြစ်သည့် "မန်တကွတ်တိုင်ရ" ငှက်တို့၏သဘင်ဟူသည့်ကျမ်း၌ ,,–

**" ဓမ္မခရီးသည်၊ ဓမ္မခရီးလမ်းနှင့် ဓမ္မပန်းတိုင်စခန်းတို့မှာ 'ငါ' (မမြဲသည့်အတ္တ) မှ 'ငါ' (ခန္ဓာတွင်းမှ မြဲရာ အလ္လာဟ့်ဗီဇ အသခ်တဓါတ်)သို့ ခရီးထွက်ခြင်းသာ ဖြစ်၏"**ဟု ဖွင့်ဆိုထား၏။

အခြားဆူဖိသူတော်စင်တစ်ပါးကလည်း:–

" **အလ္လာဟ့်စခန်း၏ မုခ်ဦးတံခါးဝသို့ ရောက်လာပါက၊** သင့်ကိုယ်သင်ထားခဲ့၍ **အတွင်းဆောင်တော်သို့ ဝင်လော့**"ဟု ဆိုထားရာ၊ မည်သည့်ကိုယ်ထားခဲ့၍ မည်သည့်ကိုယ်နှင့်ဝင်ရပါမည်နည်း။ ( မမြဲသည့် ခေတ္တယာယီ ရုပ်လောက၌ အသုံးချရန် သမုတ်ထားသည့် 'ငါ'တည်းဟူသော အတ္တကို ခွါချထားခဲ့ပြီး ခန္ဓာတွင်း၌ ကိန်းဝပ်စံပါယ်လျက်ရှိသည့် အလ္လာဟ့်ဗီဇအသခ်တဓါတ်ဖြင့် ဝင်လော့ဟုဆိုခြင်းဖြစ်၏။)

နောက်ဆူဖိတစ်ဦးက–

" အလ္လာဟ့်စခန်းသို့သွားရာလမ်းမှာ ခြေနှစ်လှမ်းသာရှိ၏။ 'ငါ'တည်းဟူသော အတ္တမှ ခြေတစ်လှမ်းလှမ်းလိုက်ပါ နောက်တစ်လှမ်းဆိုလျှင် အလ္လာဟ့်စခန်းသို့ ဆိုက်ရောက်ပါလိမ့်မည်"ဟု ဖော်ကျူးခဲ့ဘူး၏။

အတ္တကွယ်ပျောက်ပြီး အနတ္တဉာဏ်စိုက်နေသည့် ပုဂ္ဂိုလ်ထူးများကို ကျမ်းမြတ်ကုရ်အာန်ပြီးလျှင် အစ္စလာမ်သာသနာတော်၌ အထွဋ်မြတ်ဆုံးဟု လူအများစုက ခံယူသတ်မှတ်ထားသည့် 'ဗုခါရီ'ဩဝါဒကျမ်းတော်ကြီးတွင် အောက်ပါအတိုင်း မဟာတမန်တော်မြတ်က မိန့်မြွတ်ထားကြောင်း တွေ့ရှိရ၏။

" ဤသူတို့ (မိမိတို့အလိုကုန်ပြီး အရှင့်အလိုနှင့် တစ်ထပ်တည်းဖြစ်နေသည့်

အနတ္တဉာဏ်ရှင်များ)၏ ကြားခြင်း၊ မြင်ခြင်း၊ ပြောဆိုခြင်း၊ လှုပ်ရှားခြင်း မှန်သမျှတို့သည် ငါ(အလ္လာဟ်)၏ကြားခြင်း၊ မြင်ခြင်း၊ ပြောဆိုခြင်း၊ လှုပ်ရှားခြင်းတို့ဖြစ်၏။"

ဤအဆင့်ကို ထိပ်ဆုံးမှအမြင့်ဆုံးအနေအထားဖြင့် ပေါက်ရောက်ခဲ့သည့် မဟာလူသားကြီးမှာ နှစ်ဘဝသခင် ကျေးဇူးတော်ရှင် မဟာတမန်တော်မြတ် မုဟမ္မဒ်(ဆွ)ပင်ဖြစ်၏။ ယင်းအချက်ကို ကျမ်းမြတ်ကုရ်အာန်၌-

**" အကယ်စင်စစ်၊ (အို-တမန်တော်) သင်သည် (၎င်းတို့အား သဲများဖြင့်) ပက်ခဲ့စဉ်ကလည်း၊ အသင်ပက်ခဲ့ခြင်းမဟုတ်၊ အလ္လာဟ်အရှင်မြတ်ပင် ပက်တော်မူခဲ့လေ၏။ "** [ကုရ်အာန် ၈း၁၇ ]

**" ၎င်းတို့(ဆွဟာဗာတို့)၏လက်အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ လက်တော်ရှိ၏။ "** **[ ကုရ်အာန် ၄၈း၁၀ ]** ဟု ဖော်ညွှန်းထား၏။

'ငါ'တည်းဟူသော အတ္တကင်းရှင်းနေသည့် အနတ္တဉာဏ်ရှင်တို့သည် သူတို့အလိုလုံးဝကုန်နေပြီး၊ အရှင့်အလိုတော်အတိုင်း ရှင်သန်လှုပ်ရှားနေပေသည်။ ထို့ကြောင့် ကိုယ်တော်မြတ်၏ ဟဒီဆ်ကုဒ်စီသြဝါဒတော်တစ်ခုတွင် အောက်ပါ အတိုင်းမိန့်ဆိုထား၏။

" ငါ(အလ္လာဟ်)ကိုရှာသူ ငါ့ကိုတွေ့မည်၊
ငါ့ကိုတွေ့သူ ငါ့ကိုသိမည်၊
ငါ့ကိုသိသူ ငါ့ကိုချစ်မည်၊
ငါ့ကိုချစ်သူကို ငါချစ်မည်၊
ငါချစ်သောသူကို ငါသေစေမည်၊
ငါသေစေသောသူကို ငါပြန်လည်ရှင်ပြန်ထမြောက်စေမည်၊
ငါရှင်ပြန်ထမြောက်စေသူ၏ ရှင်ပြန်ထမြောက်မှုမှာ ငါပင်ဖြစ်၏ "

စကြဝဠာအနှံ့၌ အလ္လာဟ့်တည်ရှိမှုမှလွဲ၍ (တစ်နည်း) အလ္လာဟ်မှအပဖြစ်သည့် အရာများ " မာဆီဝလ္လာဟ် " " ဂိုင်ရ် အလ္လာဟ်"မှန်သမျှသည် ပရမတ်သဘော၌ မရှိ၊ ပညတ်သဘောအရ ၎င်းတို့ ရုပ်လက္ခဏာထင်ရှားနေခြင်းမှာ အလ္လာဟ်နှင့်တကွဖြစ်နေသောကြောင့်သာလျှင်ဖြစ်၏၊ ဤတရားသဘောတို့အား အောက်ပါ ကုရ်အာန် အာယတ်တော်တို့၌ အထင်အရှား တွေ့ရှိနိုင်၏။

**" မည်သည့်အရပ်သို့ မျက်နှာမူသည်ဖြစ်စေ၊ အရှင့်မျက်နှာတော်ကို ဖူးတွေ့ရပေအံ့။** **[ ကုရ်အာန် ၂း၁၁၅ ]**

**" အရှင်မြတ်သည် အစဖြစ်သလို အဆုံးလည်းဖြစ်၏၊ အပြင် ဗာဟိဒ္ဓဖြစ်သလို အတွင်းအဇ္ဈတ္တလည်းဖြစ်၏။** **[ ကုရ်အာန် ၅၇း၃ ]**

" အရှင်မြတ်သည် အာကာသတစ်ခွင်တစ်ပြင်လုံးနှင့် ပထဝီမြေပြင်တို့၏ ရောင်ခြည်တော်ဖြစ်၏။ [ ကုရ်အာန် ၂၄း၃၅ ]

" အရာရာအား အရှင်မြတ်သည် လွှမ်းမိုး ခြုံအုပ်တော်မူ၏။ " [ ကုရ်အာန် ၄း၁၂၆ ]

" အလ္လာဟ်အရှင်မြတ်သည် အာကာသတစ်ခွင်၏အရှင်ဖြစ်သလို ပထဝီမြေပြင်၏အရှင်လည်း ဖြစ်တော်မူ၏။ " [ ကုရ်အာန် ၄၃း၈၄ ]

လူသား၏ရပ်တည်မှုမှာလည်း အလ္လာဟ်နှင့်တကွ ဖြစ်တည်လျက်ရှိကြောင်းကိုပည်း၊ အောက်ပါအာယတ်တော်တို့၌ တွေ့ရ၏။

" အသင်တို့သည် ဘယ်အရပ်၌ ရှိစေကာမူ အလ္လာဟ်အရှင်မြတ်သည် အသင်တို့နှင့်အတူရှိ၏။ " [ ကုရ်အာန် ၅၇း၄ ]

" အလ္လာဟ်အရှင်မြတ်သည် လူနှင့် လူ့စိတ်နှလုံးအကြားတွင် အကာအဆီးဖြစ်တော်မူသည် " [ ကုရ်အာန် ၈း၂၄ ]

" ငါ(အလ္လာဟ်)သည် လူသား၏ လည်ကုတ်သွေးကြောထက်ပင် နီးကပ်စွာရှိ၏။ " [ ကုရ်အာန် ၅၀း ၁၆ ]

" ငါ(အလ္လာဟ်)၏ ရှုဟ် (ဓမ္မဝိညာဉ်)အား (လူသားခန္ဓာအတွင်းသို့) မှုတ်သွင်းတော်မူ၏။ " [ ကုရ်အာန် ၁၅း၂၉ ]

လူ့ခန္ဓာအတွင်း၌ အရှင်မြတ်၏ နိမိတ်လက္ခဏာတော်တို့ရှိကြောင်းကိုလည်း အောက်ပါ အာယတ်တော်အရ သိနိုင်ပေသည်။

" မကြာမြင့်မီ ပင် ငါ (အလ္လာဟ်)၏ နိမိတ်လက္ခဏာတော်တို့အား မိုးကုတ်စက်ဝိုင်း (အပြင် ဗဟိဒ္ဓရုပ်စကြဝဠာ)တွင် သင်တို့တွေ့ရှိနိုင်သကဲ့သို့၊ သင်တို့ကိုယ်တွင်း (အဇ္ဈတ္တအတွင်း အနုစကြဝဠာ)၌လည်း တွေ့ရှိနိုင်၏။ ယင်းတို့ကို (ထိုးထွင်းသိ ပရမတ်ဉာဏ်ဖြင့်) စောကြောပါက ငါအရှင်၏ပရမတ္တသစ္စာတရားကို သိမြင်ကြအံ့ " [ ကုရ်အာန် ၄၁း ၅၃ ]

ယင်းတရားသဘောကို မဟာတမန်တော်မြတ်၏ ဩဝါဒတော်တို့၌လည်း အထင်အရှားတွေ့နိုင်၏။

မောင်လာအလီ သခင်ကြီးမှတစ်ဆင့် ဆင့်ပြန်ထားသည့် ဟဒီဆ်ဩဝါဒတော်တွင်–

" အပြင်၌ရှိသည့်အရာမှန်သမျှအတွင်း၌ရှိ၏။ အတွင်း၌ရှိသည့် အရာမှန်သမျှသည်လည်း အပြင်၌ရှိ၏။ "

" အစ္စလာမ့်မှတ်ကျောက်"ဟု ဘွဲ့တော်ချီးမြှင့်ခြင်းခံရသည့် အီမာမ်ဂဇာလီ သခင်ကြီးသည် သခင်၏အလွန်ကျော်ကြားသည့် ကျမ်းကြီးတစ်ဆူဖြစ်သည့် "အဲ့ယ်ယာ အွလ်အိုလူမ်"ကျမ်း၌ အောက်ပါ ဩဝါဒတော်ကို ကိုးကားထားကြောင်း တွေ့ရ၏။

" လူ့ကိုယ်အတွင်း၌ နှလုံးရှိ၏။ နှလုံးအတွင်း၌ စိတ်ရှိ၏။ စိတ်အတွင်း၌ စေတသိတ်ရှိ၏။ ထိုစိတ်အတွင်း၌ ရူဟ် (ဓမ္မဝိညာဉ်)ရှိ၏။ ထိုရူဟ်အတွင်း၌ စစ်ရိ (နူးညံ့သိမ်မွေ့လှသော စိတ်အလွှာဉာဏ်စဉ်တစ်မျိုး)၊ စစ်ရိအတွင်း၌ နူရိ (ဓမ္မဝိဇ္ဇာ ရောင်ခြည်တော်)ရှိ၏၊ နူရိတွင်း၌ ငါ (အလ္လာဟ်) ရှိ၏။ "

လူသား၏ ခန္ဓာအတွင်း၌ အလ္လာဟ့်ဇီဇအသခ်တခါတ်ကိန်းဝပ်စံပယ်လျက် ရှိကြောင်းကို အောက်ပါဩဝါဒတော်နှစ်ရပ်က တိတိပပဖော်ညွှန်းထား၏။

" ကလ်ဗွလ်မုအ်မေနီးန - အရ်ရှွလ္လာဟေ့ တအာလာ "

" မုအ်မင်န်၏နှလုံးဉာဏ်သည် မြတ်ရှင်ဗိမ္မာန်ဖြစ်၏။ "

" အလ်အင်ဆန်နွလ် ဆစ်ရီဝ၊ အန ဆစ်ရှိဟူ "

လူသားသည် ငါ(အလ္လာဟ်)၏ လျှို့ဝှက်ချက်ဖြစ်၏၊ ငါ(အလ္လာဟ်)သည်လည်း လူသား၏ လျှို့ဝှက်ချက်ဖြစ်၏။

ထို့ကြောင့် လူသား၏ ဘဝခရီးဆုံးပန်းတိုင်သည် ပရမတ်သဘောတွင် ကွဲပြားခြားနားမှု လုံးဝမရှိဘဲ ဖြစ်ခြင်း၊ ပျက်ခြင်း ကင်းတော်မူသော အသခ်တဂုဏ်တော် ရှင်၏စခန်းသာလျှင်ဖြစ်၏။

**" ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်၍၊ မုချကေန် ထိုအရှင် ထံတော်သို့သာလျှင် ပြန်လည်သွားကြရမည့်သူများဖြစ်ကြပါသည်။ "**

**[ ကုရ်အာန် ၂း၁၅၆ ]**

**" ကေန်အမှန်လမ်းဆုံးမှာ အသင့်အား ဖြစ်ပေါ်ထင်ရှားစေတော်မူသော အရှင်မြတ်အထံတော်၌ဖြစ်သည်။ [ ကုရ်အာန် ၅၃း၄၂ ]**

**" ကေန်မလွဲ (အားလုံးတို့၏) ပြန်လည်ရောက်ရှိခြင်းသည် အသင်၏ အရှင်ထံတော်သို့သာလျှင်ဖြစ်သည်။ " [ ကုရ်အာန် ၉၆း ၈ ]**

**" (ခွန့်တရားရှိကုန်သော မုအ်မင်န်တို့သည်) မုချကေန် မိမိတို့အား ဖြစ်ပေါ် ထင်ရှားစေတော်မူသောအရှင်ကို ဖူးတွေ့ကြရမည့်သူများ ဖြစ်ကြကုန်၏ဟူ၍လည်း ကောင်း အမှန်ယုံကြည်ကြကုန်၏။ [ ကုရ်အာန် ၂း ၄၆ ]**

**" အသင်တို့အားလုံးသည် ထိုအရှင်မြတ်ထံတော်သို့ပင် ပြန်လည်ရောက်ရှိ ကြရပေမည်။ " [ ကုရ်အာန် ၁၀း၁၁ ]**

“ အရေးကိစ္စ အလုံးစုံတို့သည် ထိုအရှင်မြတ် အထံတော်သို့သာလျှင် ပြန်လည်ရောက်ကြကုန်သတည်း။ ” [ ကုရ်အာန် ၄၂း ၅၃ ]

“ ၎င်းပြင်၊ ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်သို့ အမှန်ပင်သွားကြသောသူများပင် ဖြစ်ကြပေသတည်း။” [ ကုရ်အာန် ၄၃း၁၄ ]

ထို့ကြောင့် မဟာတမန်တော်မြတ်ဩဝါဒတော်တစ်ခုတွင် တစ်ကယ်အစစ်အမှန်မြဲသော အလ္လာဟ်အရှင်ကိုသာလျှင် အလိုထားအပ်ကြောင်းကို –

“ မင်န) ဟွမ် မာန်ယို့ရီဒွတ် ဒွန္နယာ၊ မင်န် ဟွမ်မန်ယို့ရီ ဒွလ်အာခိရတေ့၊ လင်လသီယိုရီဒူလေ ဝပ်ရ်ဟေ့လ်လာ ”

အသင်တို့အနက် အချို့ ဒွန္နယာကို အလိုထားကြသည်၊ အချို့ အာခိရတ်ကို အလိုထားကြ၏။ အချို့အရှင်မြတ်ကို အလိုထားကြ၏။

ဒွန္နယာကို အလိုထားသူ – မရှဒွတ်
အာခိရတ်အလိုထားသူ – မစကွတ်
အရှင်မြတ်ကို အလိုထားသူ – မဟာမွတ်ဟုခေါ်တွင်သည်ဟု မိန့်မှာထား၏။

မဟာတန်တော်မြတ်ကြီး၏ နောက်ဩဝါဒတစ်ခု၌မူ–

“ အကြင်သူသည် ဒွန္နယာကိုရှာသော် မိန်းမမည်၏။
အကြင်သူသည် အာခိရတ်ကိုရှာသော် မိန်းမရှာမည်၏။
အကြင်သူသည် အလ္လာဟ်ကိုရှာသော် ယောကျ်ားမည်၏ ”
ဟု မိန့်ဆိုထား၏။

ယင်းတရားနက်ကို ဒါဒါပုသခင်ကြီးက အစွဲပြု၍ အမြင့်ဆုံးသော တရားစခန်းကိုရှာသူ ပုဂ္ဂိုလ်ထူးအား ရည်ညွှန်းပြီး–

“ ယောကျ်ား – နူရီတိုက်ဖွင့် ”ဟု စပ်ဆိုခဲ့၏။

ကလိမာတော်– “ လာအိလာဟာ အစ်လ္လာလ္လာဟ်”ကို ဖွင့်ဆိုရာတွင် ပရမတ်ဉာဏ်ရှင်ဆူဖီအရဟတ်သူတော်စင်တို့က –

ပထမစခန်းတွင်– “ လာမာမုဒါအစ်လ္လာလ္လာဟ် ”
အလ္လာဟ်မှတစ်ပါး ကိုးကွယ်ရာအရှင် မရှိဟူသည့်စခန်း။
ဒုတိယစခန်းမှာ– “ လာမောင်ဂျူးဒါ အစ်လ္လလ္လာဟ် ”
အလ္လာဟ်မှလွဲ၍ ကျန် ရုပ် နာမ် ဓမ္မ သင်္ခါရမှန်သမျှ၌ (မြဲသော) တည်ရှိမှုမရှိဟူသည့်စခန်း။

တတိယစခန်းမှာ– " လာမတ်ရှ်ဟူဒါ အစ်လ္လာလ္လာဟ် "

အလ္လာဟ်အရှင်မြတ်မှလွဲ၍ မည်သည့်အရာကိုမျှ မမြင်ဟူသည့်စခန်း: "

စတုတ္ထစခန်းမှာ– " လာမတ်က်စူဒါ အစ်လ္လလ္လာဟ် "

အလ္လာဟ်မှလွဲ၍ ဆိုရောက်ပေါက်မြောက်ရန် စခန်းမရှိ ဟူ၍ အဆင့်ဆင့် ခွဲခြား ဖွင့်ဆိုထား၏။

အတ္တကွယ်ပျောက်သွားသည့် အနတ္တဉာဏ်ရှင် ဆူဖီသခင်တစ်ပါးက ဓမ္မလင်္ကာ တစ်ပုဒ်အား ဤသို့ သီကျူးခဲ့၏။

" ချစ်သူတစ်ဦးက မိမိချစ်သူအား မေး၏။

ကျွန်ုပ်နှင့်သင့်ကိုယ်သင် ဘယ်ဒင်းကို ပိုချစ်သနည်း၊

ချစ်သူကဖြေ၏။

ကျွန်ုပ်ဟာ ကျွန်ုပ်အတွင်း၌ အသေဖြစ်၍ အသင့်အတွင်း၌ ရှင်နေ၏။

သို့အတွက်ကြောင့် ကျွန်ုပ်ကိုကျွန်ုပ် ချစ်သည်ဆိုပါက

ကျွန်ုပ်ဟာ သင့်ကိုသာ ချစ်ခြင်းမည်ပေအံ့။

အသင့်အားချစ်သည်ဆိုပါကလည်း

ကျွန်ုပ်ကို ကျွန်ုပ်ချစ်ရာရောက်ပေအံ့၊

ကျွန်ုပ်နှင့် အသင်ဟူ၍ ခွဲခြားမှုသည် မရှိပြီ။ "

အခြား ဓမ္မပုံဆောင်လင်္ကာတစ်ပုဒ်၌လည်း ဆူဖီသူတော်မြတ်တစ်ဦးက ဤသို့ ဖွဲ့ဆိုထား၏။

ချစ်သူတစ်ဦးက မိမိချစ်သူအိမ်သို့သွား၍ တံခါးခေါက်၏။

အိမ်ထဲမှ မည်သူနည်းဟုမေး၏။

ချစ်သူက ကျွန်ုပ်ပါဟုဖြေ၏။

အိမ်ထဲမှ ဤအိမ်တွင် 'အသင်'နှင့် 'အကျွန်ုပ်'ဟူ၍ ကွဲပြားခြားနားမှုအတွက် နေရာမရှိဟု ပြန်ပြော၏။

ချစ်သူသည် နောက်တစ်ကြိမ်ပြန်လာ၍ တံခါးခေါက်၏။

အိမ်ထဲမှ မည်သူနည်းဟုမေး၏။

ချစ်သူက 'သင်'ပါဟုဖြေ၏။

'အသင်' နှင့် 'အကျွန်ုပ်' မကွဲပြားပဲတစ်ထပ်တည်းဖြစ်ချိန်၊ ချစ်သူအိမ်တံခါး ဝလည်း ပွင့်လာ၏။

ဓမ္မခရီးသည်တို့ လျှောက်လှမ်းရသည့် ဓမ္မခရီးစခန်းအဆင့်ကိုလည်း ဆူဖီသူတော်စင်တို့က ဉာဏ်စဉ်အလိုက် ခွဲခြားသတ်မှတ်ထား၏။

ဟမ်မာဘီအွစ်တ်– တောင်ဟီးဒ် ဆွိဖါတီဟုလည်းကောင်း၊ ယင်းစခန်းကို ခေါ်၏။ အရှင့်ဇသ်(ပရမတ်အနှစ်သဘော)တော်နှင့် ဆွိဖတ် (ဂုဏ်)တော်တို့အား

တစ်သီးတစ်ခြားဟု ခွဲခြားစွာ ရှုမြင်သည့်အဆင့်၊ ဂိုင်ရီယတ်ရှိ၏။

ဟမ်မာအဇ်ဆွစ်(တ်) တောင်ဟီဒ်အဖလ်လီဟုလည်းခေါ်၏။ အရှင့်ဇာသ်တော်နှင့် အရှင့်လုပ်ရှားမှုတို့ကို တစ်သီးတစ်ခြားစွာ ရှုမြင်သည့်အဆင့် ဂိုင်ရီယတ် (အရှင်မှအပဖြစ်သော အရာတို့၏ ဖြစ်တည်မှုကို လက်ခံခြင်း) ရှိသေး၏၊ ကောင်းဆိုးတရားရှိသေး၏၊ ပြုလုပ်သူနှင့် ပြုလုပ်ချက်ကို တစ်ကွဲတစ်ပြားစီ တွေ့မြင်နေသည့်အဆင့်။

ဟမ်မာအွတ်စ်တ်- တောင်ဟီဒီဇာသ်၊ ဆွေဖတ်နှင့် အဖ်အာလ်တော်တို့မှာ တစ်သီးတစ်ခြားမဟုတ်ဘဲ တစ်ခုတည်းသာရှိကြောင်း ဉာဏ်ပွင့်လင်းသွားသောအဆင့်ဖြစ်၏။ ဂိုင်ရီယတ်ဟူသည့် တစ်သီးတစ်ခြားမြင်နေခြင်းတို့ ပျောက်ကွယ်ကာ "အိုင်နီယတ် သစ္စတရား၏နှစ်ခုခွန်တမကွဲနိုင်သည့် "ဧကောခမ္မော" ဉာဏ်စဉ်စိုက်သွားသည့်အဆင့်တို့ဖြစ်၏။

ထို့ကြောင့် အစ်ဘနေ အာရဗီသခင်ကြီးက-

" အပ်ရှ်ရှရီအတ်တု အနာ ဝ အန်တ၊ အတ်တွရီကတ်တု အနာ အန်တ ဝ အန်တ အနာ၊ အလ်ဟကီကတ်တု လာအန ဝလာအန်တ ဟူဝါ "

" ရှရီအတ်တွင်'အသင်'နှင့် 'အကျွန်ုပ်'ဟူ၍ ကွဲပြားခြားနားမှုရှိ၏။ တရီကတ်တွင် 'အသင်'သည် 'အကျွန်ုပ်'ဖြစ်သွား၍ 'အကျွန်ုပ်'သည် 'အသင်'ဖြစ် သွားသည်။

ဟကီကတ် (ပရမတ်သဘော) တွင်မူ 'အသင်'လည်းမရှိ၊ 'အကျွန်ုပ်'လည်းမရှိ၊ 'သူ'သာလျှင်ရှိ၏ဟု ဖွင့်ဆိုထား၏။

ဤကဲ့သို့ အလ္လာဟ်မှအပဖြစ်သော အရာအားလုံးတို့မှာ အလ္လာဟ်နှင့်တကွသာလျှင်ဖြစ်တည်နေရပြီး၊ တစ်ကယ်ဖြစ်တည်မှု 'ဝဂျူဒ်'မှာ၊ အလ္လာဟ့် 'ဝဂျူဒ်'သာဖြစ်၍၊ ဖြစ် ပျက် အနိစ္စ သင်္ခါရတရားတို့နှင့်ယှဉ်နေသည့် သင်္ခတဓါတ်များသာဖြစ်သော ရုပ်ကလာပ်နှင့် နာမ်ဓါတ်အစုစုတို့သည် တစ်သီးတစ်ခြားဖြစ်တည်မှု (တစ်နည်း) အလ္လာဟ်ဖြစ်တည်မှုမှ ကင်းလွတ်၍ သီးခြားဖြစ်တည်မှု မရှိနိုင်ဟု ခံယူ၏။ ဤအယူကား ပရမတ္တသစ္စာတရားဖြစ်တည်မှု တစ်ခုတည်းသာရှိသည်ဟူသည့် 'ဝ ဟ် ဒတ်တွလ် ဝ ဂျူဒ်' ( Oness of Being ) ဟု ခေါ်တွင်၏။

ဟဒီဆ်တော်တို့တွင်လည်း အောက်ပါအတိုင်း လာရှိ၏။

" အလ်အားနာ-ကမာကားနာ "

အလ္လာဟ်အရှင်မြတ်သည် အဦးအစမူလဘူတမှာ ရှိတော်မူသည့်အတိုင်း ယခုလည်း ရှိတော်မူ၏။

"ကား န လ္လားဟို - ဝလမ်းယကွန်းမအဟူ- ရှိုင်းအန် "

မူလဘူတ ပကတိအစဉ်၌ အလ္လာဟ်မှလွဲ၍ မည်သည့်အရာမျှ မရှိချေ။

ဤတရားသဘောတို့အား ကုန်းဘောင်ခေတ်မှ မြန်မာမွတ်စလင်မ် ဆူဖီသူတော်စင်ဟာဂျီမုန်သခင်က မြတ်ဆုရလင်္ကာကျမ်းတော်တွင်-

" အစသူရှိ၊ ယခုရှိ၊ ဆုံးဘိသူ့ချည်းသာ "ဟု စပ်ဆိုထား၏။

" ဝါဟာဒတ်တွလ် ဝါဂျူဒ်' တရားသဘောမှာ အလွန်မြင့်လှသဖြင့်၊ ဉာဏ်

နသူ ပုထုဇဉ်တို့ လိုက်မမီနိုင်ခြေ။

ရေဝါယတ်တစ်ခု၌ ဤသို့လာရှိ၏။

" အိလာ၊ စမြဲအ်တ၊ ကလိမတင်၊ မင်အဟ်လစ်၊ တဆောင်ဝုဖ် ဖီး ဇွာဟိရိ ဟာလဘဝ၊ မဝါဖိကန်၊ လေ့ရှရီအတင် "

မည်သည့်အခါ (တဓောင်ဝုဖ်)သခင်များ၏ အမိန့်ကို သင်ကြား၍ ဇွာဟေရီ အဓိပ္ပါယ်၌ (ရှရီအတ်)နှင့် မကိုက်ညီဟု ထင်ခဲ့လျှင်၊ ထိုအထင်ပေါ်၌ သင်ဆိုင်းငံ ဦးလော့၊ အလိုကား ဤအဆိုသည် ဟရမ်လည်းကောင်း၊ ကုဖွရ်လည်းကောင်း၊ ရှရစ်ကဲဖြစ်သည် စသည်ဖြင့် ဝန့်ဝန့်ရဲရဲ မဆိုကြကုန်နှင့်၊ အရှင်မြတ်ထံတော်တွင် အသိတရားရရန် ဒုအာပြုလော့၊ အသင်မသိသည်များကို 'မုရ်ရှစ်ဒ်ကာမိလ်'နှင့်တွေ့ စေ၍ ရှင်းလင်းစွာ အသိတရားပေးတော်မူအံ့။ မိမိဉာဏ်မမီ၍ ပုတ်ခတ်ပစ်ပယ်ခြင်း သည် အပြစ်တော်ရောက်ရှိအံ့၊ ဝလီဆူဖီများ၏အမိန့်သည် ကုရ်အာန်ကျမ်းတော် မြတ်နှင့်အညီ အတွင်းအဓိပ္ပါယ်ရင်းကို ပြန်ဆိုခြင်းဖြစ်၏။

ဩဝါဒတော်တစ်ခု၏ ဖော်ပြချက်မှာ ဤသို့တည်း။

" အင်နလ္လာဟ၊ လာယအာခိသွလ်– အွတ်ရှာက၊ ဗိဟယတ်ဆွဒိုရို၊ မင်န်ဟွမ်"

အရှင်မြတ်သည် အချစ်တော် (အာရှေ့ကန်)များ ပြောဆိုပြုလုပ်ခြင်းကို အပြစ်တော်ပြုမည်မဟုတ်။

" အန်နကွလ်လေ့၊ ကလိမာအန္နဟု၊ လိုင်စဖွိဟ
ဝက ဇု၁၊ ဖွိဟတ်ကလ်အန်ဗိယာအိ
ဝက ဇု၁၊ ဟတ်ကလ်အောင်လေယာအိ "

အရှင်မြတ်၏ သနာဟဗ္ဗဒအကြောင်းများကိုကြား၍ အသင်မသိလျှင်၊ အရှင်မြတ်၏ 'အုလူဟီယတ်' အပေါ်၌ တစ်စုံတစ်ရာ ထိပါးခြင်း မရှိစေနှင့်၊ အသင်၏အပေါ်၌ အမှန်ဟူ၍သာ ယုံကြည်ထိုက်လေ၏။ အလိုကား အရှင်မြတ်၏ ဆွိဖတ်တော် ဇာယ်တော်တို့၏အကြောင်း၌ မိမိတို့ ဉာဏ်မမီလျှင် ထိုအမိန့်တော်များသည် အမှန်ဟုသာ ယုံကြည်ရမည်။

ထို့အတူ နဗီများ၏ အမိန့်တော်၌လည်းကောင်း၊ ကရာမတ်တော်များ၌ လည်းကောင်း၊ မိမိတို့ဉာဏ်မမီ၍ မသိလျှင်၊ ငြင်းဆန်၍ပယ်ခြင်း မပြုကုန်လင့်၊ ကရာမတ်ကိုပယ်လျှင် မုအ်ဂျိဇာကိုပယ်ခြင်းဟူ၏။ အဘယ်ကြောင့်နည်းဟူမူကား–

" ဖွေအင်ကွလ်လို့၊ ဝလီယင်အလာ၊ ဒတ်ဒမိ၊ နဗီယင် "

အမှန်ပင် ဝလီအပေါင်းသည် နဗီများ၏ခြေရာထပ်တူလိုက်သူများဟူ၏။ သို့သော်–

ဉာဏ်ရင့်သူအလ္လာဟ့်အချစ်တော် ပါရမီရှင် ရဟန္တာသူတော်စင်ကြီးများ၏အမိန့်၊ မိန့်ဆိုချက်များသည် ဉာဏ်နိမ့်သူပုထုဇဉ်များအတွက် နားမဆန့်နိုင်အောင် ဖြစ်ကာ

အယူလွဲသွားနိုင်သော အန္တရာယ်သည် ရှိနေပေသည်။

မဟာတန်တော်မြတ်ကြီး၏ ခိုင်လုံသော ဩဝါဒတော်တစ်ရပ်မှာ ဤသို့လာရှိ၏။

“ တရားနာသူတို့၏ ဉာဏ်ရည်အဆင့်အတန်းကို ခန့်မှန်းပြီးကာမှ ယင်းတို့နားလည်နိုင်သည်ကိုသာ ပြောဟောပါကုန်၊ သို့မဟုတ်ပါက ဉာဏ်မမှီသူ ပုထုဇဉ်တစ်ဦးသည် ယင်းတရားကြောင့်ပင် အယူလွဲကာ ပျက်စီးသွားနိုင်၏။ ”

[ ဗုခါရီ၊ မှတ်စလင်မ် ]

ဘီအိုင်အိရာဆစ်ဒီကာ (ရာသွိ)သခင်မကြီးထံမှ တစ်ဆင့် လာရှိသည့် ဩဝါဒတော်တစ်ရပ်၌လည်း ဤသို့မိန့်ဆိုထား၏။

“ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏အမ်ဗီယာအပေါင်းအား ဝေနေယျလူသားများ၏ ဉာဏ်ရည်အဆင့် ‘မရ်တဘာ’မှီသလောက်ကိုသာ ဟောကြားရန် အမိန့်တော်ချမှတ်ထား၏။ ”

[ အဘူဒါဝူဒ် ]

အစ်ဘ်နေ့အဘ်ဘာစ် (ရသွိ)သခင်ကြီး၏ ရေဝါယတ်ကို အဘူနအီမ်နှင့် အစ်ဘ်နွတ်စိုင်နီသခင်ကြီးတို့ ထပ်ဆင့်ဆင့်ပြန်ထားသော ဩဝါဒတော်တွင်လည်း ဤသို့လာရှိ၏။

“ အသင်တို့အနက် မည်သူမဆို မည်သည့်လူတန်းစားမှ ပုဂ္ဂိုလ်တစ်ဦးဦးအား ယင်းတို့နားမဝင်နိုင်အောင် မိန့်ဟပြောဆိုမိလျှင် ပြောသူအပေါ်၌ ‘ဖလာ’ (ဘေးဒုက္ခ)တစ်ခု သက်ရောက်မည်ဖြစ်သည်။ ”

အစ်ဘ်နေ့အဘ်ဘာစ်သခင်ကြီး ရေဝါယတ်ပြု၍ အဘူနအီမ်သခင်က ဆင့်ပြန်သည့် နောက်ဩဝါဒတစ်ခုတွင်မူ –

“ အကြင်သူတစ်ဦးသည် လူများကို ယင်းတို့ဉာဏ်မမီနိုင်သည့် စကားကို ပြောမိပါက၊ ထိုသူများသည် အဆိုပါစကားကြောင့် အယူမှားသွားနိုင်၏။ ”

တရားနာသည့် တပည့်သာဝက၏ ဉာဏ်ရည်ဉာဏ်သွေးရှိသည့်အတိုင်းအတာ အလျောက်သာလျှင်၊ ဥပဇ္ဈာယ်ဆရာသည် တရားချီးမြှင့်ရ၏၊ တပည့်သာဝက၏ ဉာဏ်ရည်မြင့်မားသည်နှင့်အမျှ ၎င်း၏ ‘မရ်တဘာ’အဆင့်သည်လည်း မြင့်မားလာ၏။ ထို့ကြောင့် ထိုက်သင့်သူကို ထိုက်သင့်သလို ချီးမြှင့်ရမည်ဟူသည့် မဟာတန်တော်မြတ်၏ ဩဝါဒတော်တစ်ရပ်လည်း ရှိသေး၏။

“ **ဉာဏ်မမီသူအား ယင်းနားမလည်နိုင်သော တရားကို ပေးခြင်းမှာ မလုပ်အပ်သည့်ကိစ္စဖြစ်သည့်နည်းတူ၊ ဉာဏ်အဆင့်မီသူအား သူနှင့်ထိုက်တန်သည့်**

တရားကို မချိုးမြှင့်ပါလျှင်လည်း အပြစ်ထိုက်၏။ "

ထို့ကြောင့် ကျမ်းမြတ်ကုရ်အာန်တွင် " ဉာဏ်ရှိသူနှင့် ဉာဏ်မရှိသူ တူနိုင်ပါမည်လော " [၃၉း၉]ဟု အမေးပုစ္ဆာထုတ်ထား၏။ ဉာဏ်ရှိသူတို့သာလျှင် တရားသဘောတို့အား နှလုံးသွင်းနိုင်မည်ဖြစ်ကြောင်း [၆း၉၈]ကိုလည်း အတိအကျဖော်ညွှန်းမိန့်ဆိုထား၏။

ဤသို့ဆိုပါလျှင် ဉာဏ်ရှိသူနှင့် ဉာဏ်မဲ့သူတို့အတွက် တရားကွဲပြားခြားနားစွာရှိသည်ဟု ယူဆဖွယ်ရာဖြစ်လာနိုင်၏၊ အကယ်စင်စစ် တရားမှာ ကွဲပြားခြားနားမှုမရှိဘဲ အရင်းစစ်လျှင် တစ်ခုတည်းသာရှိ၏။ သို့သော် တရားလိုက်စားသူ၏ ဉာဏ်အနုအရင့်ကိုလိုက်ကာ ဖွင့်ဆိုမှု၌ အနှစ်သာရအားဖြင့် အတိမ်အနက်ရှိ၏။ ကျမ်းမြတ်ကုရ်အာန်၌ ဤသို့လာရှိ၏။

" ငါ၏ဗျာဒိတ်တော်တစ်ခွန်းကိုပင်လျှင် ဖွင့်ဆိုရာ၌ ကမ္ဘာပေါ်ရှိ သမုဒ္ဒရာအဆင်းဆင်းအား မှင်အသွင်ပြု၍ သစ်ပင်အားလုံးအား ကလောင်တံအဖြစ်အသုံးပြုပြီး နောက်ထပ်ပင်လယ် (၇)စင်းအား ဖြည့်ခါဖွင့်ဆိုသော်လည်း မှင်များခမ်း၍ ကလောင်များသာတုံးကုန်အံ့၊ အရှင်မြတ်၏ ဒေသနာတော်အား ကုန်ဆုံးအောင်ဖွင့်ဆိုနိုင်မည် မဟုတ်ချေ။ " [ ၃၁း ၂၇ ]

ကုရ်အာန်ကျမ်းတော်မြတ်၏ အာယတ်တော်များသည် အဇ္ဈတ္တနှင့် ဗာဟိဒ္ဓ (အတွင်းနှင့်အပြင်)ဟူ၍ အနက်အဓိပ္ပါယ်အမျိုးမျိုးရှိ၏။ 'အွလ်မာအေ့ဇဝါဟရ်' ဓမ္မသတ်ပညာရှင်များက ဗဟိဒ္ဓအဓိပ္ပါယ်ကိုယူကြသည်၊ 'အဟ်လိဘာတွင်' ပရမတ်ဉာဏ်ရှင်တို့က အဇ္ဈတ္တအဓိပ္ပါယ်ကို ယူကြသည်။ ဉာဏ်အမျှော်အမြင်ရှိသူများအတွက် ဤကိစ္စသည် အဆန်းမဟုတ်ပါ၊ ကြောင်းကိုဆိုသော်–

ရှရ်ပွတ်ခနော ငိုကာကျမ်းတွင် ဆွဟာဘာသာဝကကြီး အစ်ဗနေ့မတ်စ်အူဒ်သခင်ကြီးဆင့်ပြန်ထားသည့် မဟာတန်တော်မြတ်ကြီး၏ ဩဝါဒတော်တစ်ရပ်ကို အောက်ပါအတိုင်း တွေ့ရှိရ၏။

" ကုရ်အာန်ကျမ်းမြတ်၏ အာယတ်တော်တိုင်းတွင် အနက်အဓိပ္ပါယ်ခုနစ်လွှာခုနစ်ဆင့်နှင့်ချပေးသနားတော်မူထား၏။ ဗဟိဒ္ဓအနက်အဓိပ္ပါယ်နှင့် အဇ္ဈတ္တအဓိပ္ပါယ်ဟူ၍ ကွဲပြားရခြင်းမှာ ဉာဏ်စဉ်စခန်း မဂ်မ်အသီးသီးရှိကြသည့် [ အာမ်၊ ခါစ်၊ ခါစွလ် ခါစ်၊ အစ်ခ်လ်(စ်)] သူများလည်း နားလည်သဘောပေါက်စေရန်ဖြစ်သည်။"

အလားတူပင် အစ်ဗနေ့မတ်စ်အူဒ် ရေဝါယတ်ပြုချက်ကို အစ်ဗနေ့ဟဘ်ဘာန်ကထပ်ဆင့် ဆင့်ပြန်ထားသည့် ဩဝါဒတော်တစ်ခုတွင်လည်း ဤသို့လာရှိ၏။

" ကုရ်အာန်ကျမ်းမြတ်၏ အာယတ်တော်များတွင် အတွင်း အပြင် အနက်အဓိပ္ပါယ်နှစ်မျိုးရှိသည်။ အချို့အာယတ်တော်တို့သည် (လူသားတို့၏ ဆင်ခြင်တုံတရား) အတိုင်းအတာအတွင်းရှိ၍၊ အချို့အာယတ်တော်တို့သည် အနက်အဓိပ္ပါယ်အလွန်

လေးနက်၏၊ အလ္လာဟ်အရှင်မြတ်မှအပ မည်သူမျှ မသိနိုင်ချေ။ ဆိုလိုသည်မှာ အလ္လာဟ့်စခန်းကို အောင်နိုင် ပေါက်မြောက်ကုန်တော်မူသည့် 'အာရစ်ဖ်'ပရမတ်ဉာဏ်ရှင်တို့သာလျှင် သိနိုင်၏။

မောင်လာနာ ရူမီသခင်ကြီးကလည်း မဿနဝီမွလက်ာကျမ်းမြတ်မဟာကြီးတွင် အထက်ပါအာယတ်တော်နှင့် ဩဝါဒတော်တို့အား အခြေပြုပြီး အောက်ပါအတိုင်း သီကုံးဖွဲ့ဆိုထား၏။

" ဘ(ရ)ဖိကုရ်အာန်ရာမဒန်ကေ
ဇွာဟေဟာစ်တ်ဇာ ရေဘာတင်ဘာတီနေဟမ်
ကာဟေရပ်စ်တ် "

" ကုရ်အာန်ကျမ်းမြတ်၏ အာယတ်တော်တိုင်းတွင် ဗဟိဒ္ဓအနက်အဓိပ္ပါယ်ရှိသလို အဇ္ဈတ္တအနက်အဓိပ္ပါယ်လည်းရှိသည်၊ အဇ္ဈတ္တအနက်အဓိပ္ပါယ် တစ်ခုတွင် အတွင်းအနက် အဓိပ္ပါယ် ခုနစ်လွှာ၊ ခုနစ်ဆင့်ရှိ၏။

အစ်ဗနေအာဘစ်သခင်ကြီး၏ ရေဝါယတ်တစ်ခု၌ ဤသို့ဖေ ပြထား၏။

မဟာတမန်တော်မြတ်ကြီးထံသို့ အလ္လာဟ်အရှင်မြတ်ထံမှ " ဤမိုးနှင့်ဤမြေအား အထပ်ခုနစ်ထပ်ဖြင့် ဖန်ဆင်းထားတော်မူ၏။ " [ ၆၆း၁၂] ဟူသည့် အာယတ်တော် နာဇိုလ်ကျရောက်လာသောအချိန်တွင် ကျွန်ုပ်လည်း ကိုယ်တော်၏အနီး၌ ခစားလျက်ရှိ၏။ ကိုယ်တော်မြတ်သည် ကျွန်ုပ်အား ဤအာယတ်တော်၏ ဗဟိဒ္ဓနှင့် အဇ္ဈတ္တအနက် နှစ်မျိုးလုံးအား ဖွင့်ဆို လှစ်ပြခဲ့၏။

သို့သော် အဇ္ဈတ္တအဓိပ္ပါယ်ကို ကျွန်ုပ်သိရှိသည့်အတိုင်း ဖွင့်ဟမိန့်ဆိုပါလျှင် " နဝါကစ်ဖ်" ဉာဏ်မမီသူတို့က ကျွန်ုပ်အား 'ကာဖွရ်'အံယူမှားသူဟု သတ်မှတ်ပြီး မြေတွင်းထဲ၌ ခေါင်းပေါ်အောင်သာ မြှုပ်ထားပြီး ခဲများဖြင့်ထကာ သတ်ဖြတ်ကြပေအံ့။

ထို့ကြောင့် အချို့ ဂျလာလီဆူဖီများက ကုရ်အာန်ကျမ်းမြတ်၏ အဇ္ဈတ္တအတွင်းအနက်အဓိပ္ပါယ်ကို 'အဲဟ်လေ ဇဝါဟိရ်'ပြင်ပသညာန်မျှကိုသာလျှင် လိုက်နေကြကုန်သော ဗဟိဒ္ဓဝါဒီ ဇွာဟေရီအိုလမာများက အနံ့အသက်မျှပင် မရဘူးကြ၊ ဤခမ္မရသတို့သည် "အောင်လေယာအေလ္လာ"အလ္လာဟ့်အချစ်တော် ရဟန္တာသူမြတ်များ၏ဝေစုသာလျှင်ဖြစ်သည်ဟု မိန့်ဆိုကြ၏။

အဘူဟုရိုင်းရာသခင်ကြီးထံမှမူ မည်သည့်အိလင်မ်ကို ဖွင့်ဟမိန့်ဆိုသင့်သည်၊ မည်သည့်အိလင်မ်ကို မိန့်ဆိုက ဇက်အဖြတ်ခံရမည် စသည်ဖြင့် ခွဲခြားဖော်ညွှန်းပြသထားသည့် ရိဝါယတ်တစ်ခုရှိ၏။

" အိလင်မ် ဇာဟစ်ရ် (တစ်နည်း) အိလင်မ် ရှရီအတ်တည်းဟူသော ပညတ်ဓမ္မသတ်တရားကို လူတိုင်းရှေ့မှောက်တွင် ကြွေးကြော်ဟောပြောနိုင်သော်လည်း

အိလင်မ်ဘာတွင် (တစ်နည်း) ဖကရ်တည်းဟူသော ပရမတ္ထအတွင်း တစောင်ဝှဖ်တရား၏ လျှို့ဝှက်နက်နဲချက်ကို လူတိုင်းရှေ့၌ ဖွင့်ဟ မိန့်ဆိုခြင်း မပြုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် 'နဒါန်'အသိတရားခေါင်းပါးသည့် ဉာဏ်မမှီသူများက တရား၏အနက်ကို တစ်မျိုးသဘောပေါက်ကာ အယူတိမ်းသွားနိုင်၏။ ယင်းသို့ဘာတွင်နီ အတွင်းအနက်ဖွင့်ဆိုချက်ကို နားမလည်နိုင်သူတို့က ဖွင့်ဆိုသူအားခါးစာကျွေးမည်မှာ သေချာလှ၏။

ဟဇရတ်ဟိုဇိုင်ဖွာဘင်အလီမန်သခင့်ထံမှလည်း အလားတူ ဩဝါဒတော်တစ်ခုကို ရေဝါယတ်ပြုထားကြောင်း လေ့လာတွေ့ရှိရ၏။

ဟဇရတ် ဟိုဇိုင်ဖွာ မိန့်တော်မူသည်မှာ အကယ်၍ ကျွန်ုပ်သည် မဟာတမန်တော်မြတ် မိန့်ကြားခဲ့သည့် ဩဝါဒတော်တို့ကို ကျွန်ုပ်ကိုယ်တိုင် သိရှိသည့်အတိုင်း ဖွင့်လှစ်တင်ပြရပါလျှင် ကြားနာရသူအပေါင်းတွင် (၃)မျိုး (၃)စား ကွဲပြားမည်မှာ အမှန်ပင်ဖြစ်၏။ တစ်အုပ်စုသည် ကျွန်ုပ်အား လက်ခံ၍ ထောက်ခံ ပံ့ပိုးအံ့။ နောက်တစ်အုပ်စုသည် ကျွန်ုပ်အား မုသားဆိုသူဟူ၍ စွပ်စွဲကြမည်။ နောက်တစ်အုပ်စုကမူ ကျွန်ုပ်အား သတ်ဖြတ်ပစ်ပေမည်။

[ ရှရဟ်ကန်ဇွလ်အဲအ်ဖလ်ကျမ်း၊ အတွဲ-(၆) စာမျက်နှာ (၅၅) ]

ဤသို့ဆိုပါလျှင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်တို့အား တသွေမတိမ်း ရအောင် ဦးထိပ်ပန်ဆင်လိုက်နာပြီး မဟာတန်တော်မြတ်ကြီး၏ ဖဝါးတော်ခြေထပ် လိုက်နာ ကျင့်ကြံအားထုတ်တော်မူသည့် မန်စူးရ်သခင်ကြီးသည် လူပိန်းတို့ နားမဆန့်နိုင်သည့် ဓမ္မဥဒါန်းကို ပုထုဇဉ်လူအများရှေ့၌ အထိန်းအချုပ်မရှိ ဖွင့်ဟကြွေးကြော်ခဲ့ခြင်းမှာ အဘယ်ကြောင့်နည်း။

သခင့်ဓမ္မဥဒါန်းကျူးရင့်မှုကို နားလည်သဘောပေါက်နိုင်ရန်အတွက် ဆူဖီဓမ္မမှ 'ဟာလ်'ဟူသည့် ဓမ္မဝေါဟာရကို နားလည်ရန် ဦးစွာပထမလိုအပ်ပါမည်။

'ဟာလ်'ဆိုသည်မှာ စိတ်ကျယ်ပြန့်မှု (Expansion of Consciousness) နှင့် ဉာဏ်စဉ်မြင့်တက်မှုတို့တွင် ပါဝင်ပတ်သက်နေသည့် (စိတ်) အခြေအနေ (State of Consciousness)ကိုခေါ်ဆိုခြင်းဖြစ်၏၊ ပြောင်းလဲနေသည့်စိတ်အခြေ 'ဟာလ်'မှာ 'မကမ်မတ်'ဓမ္မစခန်းတို့ကို အောင်နိုင်သွားသည့်ဓမ္မခရီးသည်အား အရှင်မြတ်က လက်ဆောင်ပဏ္ဏာအနေဖြင့် ချီးမြင့်သည့် ဓမ္မရသတစ်မျိုးဖြစ်၏။ ကြိုးပမ်းအားထုတ်ကာ ဝိရိယစိုက်ယူ၍ မရနိုင်သော စိတ်၌ဖြစ်ပေါ်သည့် အဖြစ်ဆန်းတစ်မျိုးဖြစ်၏။

'ဟာလ်'ကို အတုအပလုပ်ကြံယူ၍မရ၊ 'ဟာလ်'ဖြစ်အောင် ကိုယ့်ဘက်မှ လုပ်ယူ၍မရ၊ အရှင့်ဖက်မှ ချီးမြှင့်မှ 'ဟာလ်'ကို ရရှိ၏။ ထို့ကြောင့် လောကုတ္တရာတရားကို ကျင့်ယူ၍မရဟု ဆူဖီတို့ခံယူခြင်းဖြစ်သည်။

'ဟလ်'တို့မှာ မတည်မြဲချေ၊ လျှပ်စီးလက်သလို ဝင်းကနဲ လက်ကနဲနှင့် ပရမတ်ဉာဏ်ပွင့်လင်းလာပြီး ပြန်ပျောက်သွားတတ်၏၊ ဆူဖီသူတော်စင်အများစုတို့က ဟလ်ကို မတည်မြဲနိုင်ဟုဆို၏။ ဂျူနိုက်ဒ်ဘဂ္ဂဒတ်ဒီသခင်ကြီးကဆိုလျှင် " ဟလ်တို့ ကြာရှည်စွာ ဖြစ်ပေါ်နေပါက စိတ်ဝေဒနာတစ်ရပ်အဖြစ်ပင် မှတ်ယူအပ်၏ "ဟု ဆိုထား၏၊ အချို့ ဆူဖီတို့ကမူ ဟလ်တို့မြဲသွားပါက မကာမ်တို့ဖြစ်လာ၏ဟုဆို၏။

'ဟလ်'ဟူသည့် ဓမ္မရသမျိုးကို အဘိဓါန်ထဲ၌ရှာဖွေ၍ အဓိပ္ပါယ်တွေ့နိုင်မည် မဟုတ်ပေ၊ သို့သော် ယေဘုယျအားဖြင့် ဟလ်ကို သက်ဆင်းကျရောက်လာခြင်း (ဓမ္မယာဉ်အား) စီးနင်းခြင်း၊ (စခန်းတစ်ခုအား) ထွင်းဖောက်ခြင်းဟု ဖွင့်ဆိုနိုင်ပေမည်၊ ဟလ်တွင်မတည်မြဲသော ဂုဏ်သတ္တိတို့နှင့် အတိပြီးနေ၏။ ပရမတ္တအချစ်အတွက် ကြောင့် နှလုံးသားတွင် မိမိဘက်က ကြိုးပမ်းအားထုတ်၍ ရည်မှန်းချက်ထားကာ အကျိုးမျှော်ပြီး လုပ်ယူခြင်းမရှိဘဲ အနတ္တပရမတ္တသစ္စာဓမ္မ၏မူရင်းအစ ပကတိအရှိ ဖြစ်တော်မူသည့် အသခ်တဂုဏ်တော်ရှင်ဘက်မှ သန့်သန့်လေးဖြစ်ပေါ်လာသည့် ပြောင်းလဲမှုဟုလည်းဆိုနိုင်၏။

'ဟလ်'သည် ဓမ္မခရီးသည်၏နှလုံးသားအတွင်းသို့ လောကီနှင့်မည်သို့မျှ ပတ်သက်ခြင်း မရှိသည့် အလိုဆန္ဒ၊ သာသနာ့သောက၊ (နာမ်အဟာရ) ဝတ်မွတ်မှု (ဘုန်းတော်အား) အံ့ဩတုန်လှုပ်မှု၊ (ဉာဏ်တော်၏) လင်းဝင်းထွန်းတောက်မှု (အရှင့်ဘက်မှ ချီးမြှင့်၍) အလိုလိုထိုးထွင်းသိသည့် သယမ္ဘူဉာဏ်စသည်တို့အားဖြင့် ဝင်ရောက်သက်ဆင်း၏။

ဟလ်ဟူသည်မှာ နှလုံးသားအတွင်း၌ လှုပ်ရှားရိုက်ခတ်နေသည့် ဉာဏ်စဉ် အမျိုးမျိုးဟု ယေဘုယျအားဖြင့် ခေါ်ဆိုနိုင်၏။ အဆိုပါ ဉာဏ်စဉ်တို့တွင် စိတ်စဉ်၏ လှုပ်ရှားမှုများ ရောထွေးပါရှိ၏။ ယင်းလှုပ်ရှားနေသည့် စိတ်အစဉ်သည် အစီအစဉ် တကျ ဆက်တိုက်ဖြစ်နေမှုကို အဟန့်အတားဖြစ်စေသကဲ့သို့ တည်ငြိမ်မှုအတွက် လည်း အတားအဆီးတစ်ခုလည်းဖြစ်နေ၏။ ဤကဲ့သို့ အသွင်ကူးပြောင်းရေးကြား ကာလမှ ဟလ်သည် မိမိ၏အတွင်းအဇ္ဈတ္တ၌ စတင်ဖြစ်ပေါ်ကာစတွင် မတည်မငြိမ် ရှိနေတတ်၏။ သို့သော်လည်း 'တမ်ကင်'ဟုခေါ်သည့် တည်ငြိမ်မှုစိတ်အခြေရှိရာ သို့ ရှေ့ရှုမြင့်တက်လာသည်နှင့်အမျှ တည်ငြိမ်မှုနှင့်စွမ်းအားတို့ ပြည့်ဖြိုးလာ၏၊ ပျော့ညံ့သည့်စိတ်နှလုံးသားသည် ယခုဖြစ်လိုက်၊ ယခုပျက်လိုက်၊ မျိုးမတူသောရသတို့ ဖြစ်လိုက်ဖြင့် ပြောင်းလဲနေသည့်ဟလ်ကို ခံနိုင်ရည်စွမ်းရှိနိုင်မည် မဟုတ်ချေ။ တည်ငြိမ်သောစိတ်အခြေရရှိသွားသည့် ဓမ္မခရီးသည်အတွက်မူ မည်သို့သော စိတ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများမှ မထိုးဖေါက်နိုင်တော့ပေ။ ဟလ်ကို စိတ်အစဉ်၏ အပေါ်ယံအလွှာကလေးများ၏လှုပ်ရှားရိုက်ခတ်မှု Emotionကြောင့်သော်လည်းကောင်း၊ စိတ်အလိုမကျသည့် Hysteria ကြောင့်သော်လည်းကောင်း၊ ငိုခြင်း၊ ရယ်ခြင်း၊ သတိလစ်ခြင်း၊ ဥဒါန်းကျူးရင့်ခြင်း စသည်တို့ဖြစ်သည်ဟု စိတ္တဗေဒသဘောအရ

ထင်နိုင်စရာရှိ၏။ သို့သော် ဟာလ်ဟူသည်မှာ လုပ်ကြံဖန်တီးယူ၍မရ၊ ဆိုလိုသည်မှာ ဟာလ်ဖြစ်အောင်ဟူသော ကြိုတင်ရည်မှန်းချက်ကြီးတစ်ခုဖြင့် ဘာဝနာတစ်ခုခုကို အားထုတ်ယူ၍မရပေ။ ထို့ပြင်စစ်မှန်သည့် ဟာလ်မှာ တည်ငြိမ်ခိုင်မြဲသည့် အတွင်းအဇ္ဈတ္တ သဏ္ဍာန်မှ အရှင်၏လက်ဆောင်ပမာ ကောင်းချီးမင်္ဂလာအနေဖြင့် အလိုအလျောက် ရုတ်တရက်ပေါ်လာသော စိတ်အခြေဖြစ်၏။

မန္တလေးမြို့တွင် သီတင်းသုံးနေထိုင်သည့် အတွင်းပရမတ္ထပညာရှင် ခလီဖွာ ဆရာချို (၁၂၁၀- ခုနှစ်ဖွား)နှင့် ဒက္ခိဏာကျောင်းထိုင် ဘိတ်မြို့သား ဘုန်းတော်ကြီးတစ်ပါးတို့ တရားဆွေးနွေးရင်းက ဘုန်းတော်ကြီးသည် 'ဖိုက်ခ်'(ဓမ္မ ဓါတ်လိုင်းတို့ ကူးပြန့်မှု) အစရ် (အထွင့်အထိပ်)သို့ရောက်၍၊ ဟာလ်ဖြစ်လေ၏၊ ထိုအခါ ဆရာတော်က မိမိကိုယ်တွေ့ဓမ္မရသကို ဗုဒ္ဓဘာသာကျမ်းတော်တို့၌ လာရှိချက်တို့နှင့် နှိုင်းယှဉ်ကာ လင်္ကာ (၃)ပိုဒ်ရေး၍ ဖွင့်ဟခဲ့၏။

**အပိုင်း (၁)**

သာဓု နတ်လူ၊ ကြည်ဖြူစိတ်ဓော၊ သူ့သဘောကို၊ အံ့ဩချီးမွမ်း၍ မကုန်၊ ဘုံစဉ်အတိ၊ လေ့မထည့်လှည်းမတင်၊ ယဉ်ယဉ်ကျေးကျေး မေးရုံမေးရုံ၊ ထိုဘုံသည်ဘုံ။ အာရဏ်၏ဓော၊ သူ့သဘောကို၊ ဘုရားဟောဆတ်ဆတ်၊ ဓောအာရုံပြတ်ခဲ့လျှင်၊ မှတ် သင့်သည့် နိဗ္ဗာန်ဥပါဒါပစ္စယော ကျမ်းဂန်၏သဘောကို မနောနှင့်သိမ်းအုပ်၍ အားထုတ်စေမှု၊ သုံးလူ့ကြေးမုံ၊ အာရုံယုတ္တိ၊ မြွက်ရှိကျမ်းဂန်၊ လိုက်လံရှာဖွေ၊ အခြေ အမြစ် စင်စစ်ရွေးနှုတ်၊ ဖော်ထုတ်အမွန်၊ ပြည်တန်စိန်ကျောက်၊ လက်ရောက်မနှေး၊ အကျိုးပေးသည် ရေးရေးနိဗ္ဗာန်ထင်၏တည်း။

အထက်ပါစာပိုဒ်၏ သဘောအကျယ်မှာ (ဟာလ်ဝဂျဒ်)တည်းဟူသော ပီတိစိတ်၏ သတ္တိတန်ခိုးသည် အံ့ဩချီးမွမ်း၍ မကုန်နိုင်ပေ၊ ၎င်းစိတ်ဓောဝင်မှု၊ နတ်လူအပေါင်း သာဓုခေါ်ကြရ၏။ စွဲလန်းခြင်း အာရုံအပေါင်းပြတ်ခဲ့လျှင်၊ နိဗ္ဗာန်ဟုမှတ်သင့်ကြောင်း၊ ဘုရားဟောဆတ်ဆတ်လာရှိသဖြင့်၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတည်းဟူသော ဘုံအဆင့်ဆင့်ကို လှေလှည်းစသည့် ယာဉ်အပေါင်း မစီးမနင်းရဘဲ ယဉ်ယဉ်ကျေးကျေး မျက်လုံးမှိတ်ရုံမျှ မေးကာမျှဖြင့် ပေါက်ရောက်နိုင်ကြောင်း ကျမ်းဂန်များ၏အလိုသဘောကို စိတ်၌ထင်မြင်စေ၍ အားထုတ်ရာ၌ အနိစ္စအမြဲမရှိ၊ ဒုက္ခဆင်းရဲခြင်း၊ အနတ္တကိုယ် မဟုတ်ပါတကားဟူ၍ရှိရာ မြဲသောအရာကိုလည်းကောင်း၊ ချမ်းသာခြင်းလည်းကောင်း ဟုတ်မှန်ခြင်းကို ခြေခြေမြစ်မြစ် တွက်စစ်ရွေးနှုတ်၍ ဟောပြောသော တရားများဖြစ်ကြောင်းကို ကျမ်းဂန်များတွင် လေ့လာရှာဖွေတွေ့ရှိသဖြင့် ( ဆရာချိုဟောပြောသော တရားတို့သည်) ပြည်တန်စိန်ကျောက်တို့ကို လက်ရောက်ပေးသည့်အလား အကျိုး ပေးသန်လှသဖြင့် တစ်ရှုတစ်ရှိုက်တွင် ပြည်နိဗ္ဗာန်ကို ရေးရေးထင်မြင်ရပါသည်။

## အပိုင်း (၂)

ဘာဝနာသတ္တိ၊ ငါးပီတိတုတ်ခုဒ္ဒကထွက်၊ ကြက်သီးမွေးညှင်း လှုပ်ခြင်းခါခါ၊ ခဏိကာမှ၊ လျှပ်စစ်သဏ္ဍာန်၊ ဩကန္တ၊ လှိုင်းထပမာ၊ ဥဗ္ဗေဝါမှာ၊ ခြေလက်ကိုလှုပ်၊ တိုးဆုတ်ကြီးမြင့် ကိုယ်ဖြင့်ခက်ချော်၊ ရင်သော်ကွဲအံ့၊ ထယောင် ထိုင်ယောင် ရှိခိုးယောင်နှင့် တတောင်တလံ၊ ကောင်းကင်ယံကို၊ ပျံချီတက်ကြွ၊ သက်သေပြသော ကမ္ဘိနမင်း၊ ချွတ်ယွင်းစကား၊ အမှားပြောပြီး၊ အမျိုးသမီးမှာ ထခိုင်မသိ၊ ဝဏ္ဏလိမထေရ် သွားသည့်လမ်းမှ မသိရ၊ ဝိသာခါမှာ၊ သာယာကြည်နူး၊ ဥဒါန်းကျူး၏၊ နာထပိဏ်မှာ၊ ရောင်ရှိန်ဝင်းဝါ၊ ဖရဏာရွှမ်းရွှမ်း၊ ပီတိလွှမ်းသည် ဝါဂွမ်းဆီထိ ပမာတည်း။

အထက်ပါ စာပိုဒ်သဘောအကျယ်မှာ–

ထိုသို့ အကျိုးပေးသန်၍ စစ်မှန်သောတရားကို ကျွန်ုပ်ကြားရသောအခါ ကြက်သီးမွေးခြင်းထခြင်း၊ ကိုယ်လက်တို့ကို လှုပ်ခါခြင်း၊ လျှပ်စစ်လိုက်သကဲ့သို့ တုန်လှုပ်ခြင်း၊ ထိုင်ယောင် ထယောင် ရှိခိုးယောင်ပြုခြင်း၊ ရင်ပင်ကွဲအံ့ထင်၍ တတောင်တလံဖြင့် အောင်မြေပြင်တွင် ခြေမတင်ပဲ ကုခုန်ပျံကာ၊ ခြေလှမ်းတိုးဆုတ် ပြုသည်ဖြစ်သို့ ရောက်ရတော့သည်၊ သို့ဖြစ်သောအကြောင်းကို ဝိပဿနာကျင့်လမ်းစဉ်မှ ခုဒ္ဒကကျမ်း၌ ငါးမျိုးဖော်ပြထားသည်မှာ

၁။ ကြက်သီးမွေးညှင်းထခြင်း၊ ခုဒ္ဒကပီတိခေါ်၏။
၂။ လျှပ်စစ်ပြက်သကဲ့သို့ တမဟုတ်လှုပ်ရှားခြင်းကို ခဏိကပီတိဟုခေါ်၏။
၃။ လှိုင်းတံပိုးထသကဲ့သို့ ဇောရမ္မက်ဆူဝေလာခြင်းကို ဩကန္တပီတိဟုခေါ်၏။
၄။ အာကာသ ကောင်းကင်ဘုံသို့ ခုန်ပျံတက်သကဲ့သို့ပြုခြင်းကို ဥဗ္ဗေဝါမတိခေါ်၏။
၅။ ဝါဂွမ်းကို ဆီထိ၍ အိကာကျသကဲ့သို့ဖြစ်ခြင်းကို ဖရဏာဟုခေါ်၏။

စသည်ဖြင့် ပီတိငါးမျိုးရှိလေသည်။

ရှင်ဝဂ္ဂလိမထေရ်မှာ၊ မိမိသွားသည့်လမ်းကို မသိဖြစ်ရခြင်း ဝိသခါမှာ သာယာကြည်နူး၍ ချီးကျူးထောပနာ ဥဒါန်းကျူးခြင်း၊ အနာထပိဏ်သူဌေးကြီးမှာမူ ရောင်ရှိန်ဝင်းဝါ ရောင်ခြည်ဖြာသည်ကို ဖူးမြင်ရသည့်အလား ဖရဏာ ပီတိဖြစ်ခဲ့ရသည်များကဲ့သို့ ဆရာချို့ရဟာကြားခြင်းကို ကျွန်ုပ်ကြားရသောအခါ ခုဒ္ဒကကျမ်းထွက်အတိုင်း ပီတိငါးမျိုးကို ကျွန်ုပ်ကိုယ်တိုင် တွေကြုံခံစားရသည်မှာ ဂွမ်းဆီထိသည့် ပမာရွှန်းရွှန်းဝေအောင် ကောင်းလှပေသည်။

## အပိုင်း (၃)

ဆီတည့်မယွင်း၊ ပူကင်းခမ္မ၊ ပဗ္ဗတောင်၊ အခေါင်အထွတ်၊ အညွန့်ကလပ် မြတ်သည့် ခါတ်အိုး၊ ခါတ်ကြိုးနေရာ၊ နိဗ္ဗူတာသို့များစွာ ကြုံရည်၊ ပါရမီကံ၊ အမှန်

သိလိုအား မခိုတမ်း၊ ဓောဖမ်းသုတ၊ ဓမ္မစက္ကူ၊ ဉာဏ်နှင့်ရှုက၊ လေးဝသမ္မယုတ်၊ ရွေးနှုတ်အစိ၊ ဒွိဟာကင်းစင်၊ ဆင်ခြင်စခန်း၊ မဂ်လမ်းအမှန်၊ အားသန်တိုးတက်၊ ဉာဏ်ရည်ဖက်သည် ဆက်ဆက်မောပြန်သော တာပန်။

အထက်စာပိုဒ်၏သဘောအကျယ်မှာ–

ယင်းကဲ့သို့ ပီတိဖြစ်ရခြင်းကြောင့် ပူပင်သောက၊ ကင်းစင်သော တရားလမ်းမှန်ကိုတွေ့လို၍ အလွန်မြင့်မားသည့် ပဗ္ဗတတောင်ထိပ်အခေါင်အထွတ် အညွန့်ကလာ အလွန်မြင့်မြတ်လှသော ဓါတ်အိုး ဓါတ်ကြီးပမာ၊ နိဗ္ဗာန်နေရာမြတ် ရောက်လိုသူတိုင်းသည်၊ လမ်းမှန်ကိုသိလိုပါက ပြင်းပြသောဓောဖြင့် သုတိသာယာသော အသံကို နားသောတဆင်၍လည်းကောင်း၊ ပုဂ္ဂိုလ်ဟောကြားသော တရားဓမ္မကို ဉာဏ်နှင့်ဆင်ခြင်ပါက၊ လေးဝသမ္မယုတ်၊ ပထဝီတေဇော၊ အာပေါ၊ ဝါယောဖြင့် ဓါတ်လေးအစုအစည်းကြီးတွင် ဆိုခဲ့ပြီးသော ဘာဝနာပီတိ အမျိုးမျိုးကို ကျွန်ုပ်ကိုယ်တိုင်မြင်ခြင်းရကြောင့် ဒွိဟမဝင်ဘဲ ဧကန်ဒိဋ္ဌမဂ်လမ်းအမှန်ဖြစ်သည်ကို သိရပေရာ၊ ဆရာချီးဟောသော တရားတို့ကို ပီတိအားထက်သန်စွာနှင့် ဉာဏ်ယှဉ်နာယူပါက သောတပန်အဖြစ်သို့ ဆက်ဆက်မလွဲရောက်မည်တည်း။

[ နည်းမှန်လမ်းပြကျမ်း– ဦးဗလွင် ]

ဟလ်ကို တစ်ခါတစ်ရံ ပီတိသောမနဿစသည်တို့ဖြင့် ဖော်ပြလေ့ရှိ၏။ ထို့ကြောင့် အစ္စလာမ့်ကျင့်စဉ်အား ဈာန်ကသိုဏ်းကျင့်စဉ်၊ သမထကျင့်စဉ်သာဖြစ်သည်ဟု ထင်မှတ်မှားနိုင်၏။ ဗုဒ္ဓဝါဒအရ (ရူပ)ဈာန်အင်္ဂါရပ်ထဲတွင် ပီတိဟူသော အသုံးအနှုန်းကို သုံးထား၏။ ထို့ကြောင့် ဟလ်ဟူသည့်အဖြစ်အားလည်း ရူပဈာန် စိတ်လောက်သာလျှင် အဓိပ္ပါယ်ဖွင့်မိပါလျှင် လွန်စွာ လွဲမှားနိုင်ဖွယ်ရာရှိ၏။ ထို့ကြောင့် အစ္စလာမ်ဓမ္မ၏ပရမတ်ဉာဏ်ပွင့်လင်းမှုဖြစ်သည့် 'ဟလ်'နှင့် ဗုဒ္ဓဓမ္မမှ ဈာန်အကြောင်း အနည်းငယ် နှိုင်းယှဉ်ဖော်ပြပါမည်။

အစ္စလာမ်ဓမ္မမှ 'ဟလ်'စိတ်အခြေအဆင့်ဆင့်တို့တွင် ဈာန်သမာပတ် စိတ်(၈) ပါးမှ စိတ်အခြေတို့လည်း ပါကောင်းပါပေမည်။သို့သော် ဟလ်ကို ဈာန်အဖြစ် သတ်မှတ်မည်ဆိုပါက လောကုတ္တရာဈာန်ဟူ၍သာ သတ်မှတ်နိုင်ပေမည်။ ဟလ်၌ ဖြစ်ပေါ်လာသော ဈာန်အဘိညာဉ်တို့မှာ ပရမတ်ဉာဏ် ပွင့်လင်းမှုနှင့်ယှဉ်နေသော ကြောင့်တည်း။ ပီတိသုခ စသည်တို့ သုံးရာတွင် သန္တိသုခဟူသော လောကုတ္တရာ အအငြိမ်းစိတ်ကို ဆိုလိုခြင်းဖြစ်၏။ မလွဲမရှောင်သာ၍ ဗုဒ္ဓအဘိဓမ္မာလွှမ်းမိုးနေသည့် မြန်မာစာပေမှ ဝေါဟာရတို့အား ချေးငှားသုံးနှုန်းထားသောကြောင့် ဟလ်ဟူသည့် ပရမတ်ဉာဏ်အလင်းပွင့်လင်းသည့် စိတ်အခြေအားလျှော့ပေါ့၍ အဓိပ္ပါယ်မဖွင့်မိရန် အထူးအရေးကြီးပေသည်။

မန်စူးရ်သခင်ကြီး၏ ဓမ္မဥဒါန်းကျူးရင့်မှုမှာ စစ်မှန်သော ဟလ်၏အကျိုးဆက် ဖြစ်၏။ လုပ်ကြံဖန်တီးပြီး ပြောဆိုမှုမဟုတ်သလို ဤအဖြစ်မျိုးရောက်အောင် တင်ကြို ကြံရွယ်ကာ စေတနာပြဋ္ဌာန်းမှုအပြည့်အဝနှင့် ကျင့်ဆောင်ယူခြင်းလည်း မဟုတ်ပေ။ သို့အတွက်ကြောင့် 'ဟလ်'စိတ်အခြေဟဒယနှလုံးသား၌ သက်ဆင်းကျရောက်လာ ခြင်းကို မန်စူးရ်သခင်ကြီးသည် ဟန့်တားပိတ်ပင်တားဆီးထား၍မရပေ။ ဟလ်၏ သဘာဝကို နားလည်သဘောပေါက်ပါက မန်စူးရ်သခင်ကြီး၏ ဥဒါန်းကျူးရင့်မှုကိုလည်း သဘောပေါက်နိုင်ပါလိမ့်မည်၊ ထို့ကြောင့် ဤကျမ်းရှင် ဖရစ်အွတ်ဒင်အတ္တားက မန်စူးရ်သခင်၏ ထေရုပ္ပတ္တိမဟာဝင်ကို မရေးသားမီ နိဒါန်း၌–

“ **ဤမျှထွင့်ခေါင်မြင့်မြတ်သည့် အလ္လာဟ့်အချစ်တော်သူတော်စင်တစ်ပါးကို သူ့ခေတ်မှလူသားတို့က အနည်းငယ်မျှသာ သဘောပေါက်ခဲ့ခြင်းမှာ အလွန်ပင် ဝမ်းနည်း ဖွယ်ရာပင်ဖြစ်ပါတော့သတည်း။ သစ်တပင်က 'အနာလ်ဟာ့က်' ငါသည် သစ္စာတရား နှင့် အလားတူအနက်ဆောင်သော ကျူးရင့်သည်ကိုမူ လူအပေါင်းက အလေးအမြတ် ပြုခဲ့သော်လည်း လူသားတစ်ဦးက ထိုသစ္စာကထာကိုပင် ကျူးရင့် သောအခါ စက်တိုင် ပေါ်တင်ပြီး ကွပ်မြက်ခဲ့၏**”ဟု ရေးသားထား၏။

ဆိုလိုသည်မှာ မူဆာနဗီတူရ်စီနာတောင်ပေါ်တက်ကြွစဉ် အလ္လာဟ့်နူရီတော် သစ်ပင်၌ သက်ဆင်းကွန့်မြူးနေသည်ကို ဖူးတွေ့ရ၏။ ထိုစဉ်အခါ သစ်ပင်၌ ကွန့်မြူးနေသော အလ္လာဟ့်နူရီတော်က “အင်နီအနရဗ်ဗုက” “ ကေန်မလွဲ ငါအရှင်မြတ်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူ၏” # ဟု မိန့်ဆိုခဲ့၏။ လူအပေါင်းက ယင်းသို့ 'အနရဗ်ဗုက'ဟု ကြွေးကြော်သူမှာ အလ္လာဟ်အရှင်မြတ်ဖြစ်ပြီး သစ်ပင်မဟုတ်ကြောင်း နားလည်ခဲ့သော်လည်း အတ္တ သေနေပြီဖြစ်သော အနတ္တဉာဏ်ရှင်သူတော်စင်တစ်ဦး၏ နှုတ်လျှာမှတစ်ဆင့် ကြားခံ ပြုပြီး အရှင်မြတ်က မိန့်မြွက်ခဲ့ခြင်းကိုမူ၊ ကြားခံပုဂ္ဂိုလ်၏ကိုယ်ပိုင်ကျူးရင့်မှုအဖြစ် သတ်မှတ်ကာ စက်တိုင်တင်ခဲ့ကြ၏။

အကယ်စင်စစ် လူသားသည် အလ္လာဟ်ဖြစ်သွားခြင်း မဟုတ်သကဲ့သို့၊ အလ္လာဟ်မှာ လူဖြစ်လာခြင်းလည်းမဟုတ်၊ မည်မျှပင်မြင့်မားသည့် ဉာဏ်စဉ်စခန်းကို ပေါက်စေကာမူ အစ်ဗ်နေ့အာရဗီသခင်ကြီး၏ မိန့်ဆိုချက်အတိုင်း တင်ပြရပါမူ 'အဗ်ဒ်'ကျွန်မှာကျွန်(လူ)သာဖြစ်ပြီး မည်သည့်အခါမျှ 'ရဗ်'အရှင်(အလ္လာဟ်)အဖြစ်သို့ မရောက်နိုင်ပေ။ ဆူဖီသူတော်စင်တို့က ,–

“ အာဒမ်ကို ခိုဒါမတ်ဒ်ကဟိုး၊ အာဒမ်ခိုဒါနဟီး ”

“ လေကင်န်၊ အလ္လာဟ့်ကနူရ်စေ၊ အာဒမ်ဂျုဒါးနဟီး ”

---

# ကုရ်အာန် [ ၂၀း ၁၂ ]

အာဒမ်လူသားကို အရှင်ဟု မဆိုပါနှင့်၊ လူသားမှာ အရှင်မဟုတ်ပါ၊ သို့သော် လူသားသည် အရှင့်နူရီရောင်ခြည်တော်နှင့်မှု တစ်သီးတစ်ခြား မဟုတ်ပါ။

အတ္တပျောက်နေသူတစ်ဦးတွင် ပြုလုပ်သူ၊ ပြုလုပ်ခံ၊ ပြုလုပ်ခြင်းတည်းဟူသော ကံ၊ ကတ္တား၊ ကြိယာဟူ၍ မရှိတော့ပြီ၊ ချစ်သူ၊ အချစ်ခံနှင့် ချစ်ခြင်းတို့မှာ တစ်ခုတည်း မကွဲမပြားပဲဖြစ်သွား၏။ မန်စူးရ်သခင်က အလ္လာဟ်သည် 'ဟတ်က်' သစ္စာတရားဟုကျူးရင့်ခြင်းဖြစ်သည်။ မန်စူးရ်တွင် 'ငါ'မရှိတော့၊ မန်စူးရ်အလ္လာဟ်ကိုသာမြင်သည်၊ မမြဲသည့် ရုပ် နာမ် ဓမ္မ သင်္ခါရအစုစုတို့ကို လုံးဝမမြင်၊ လုံးဝ အသိအမှတ်မပြု၊ ထို့ကြောင့် သူမြင်ရာကို အလ္လာဟ်ဟု ဟာလ်ဝဂျတ်တွင် နှုတ်လျှာမှ အန်ထွက်လာ၏။ အရာတစ်ခုကို ရှိပါသည်ဟု အတည်မပြုခြင်းသည် ထိုအရာတည်ရှိမှုရပ်စဲသွားပြီဟု ပြောဆိုခြင်း မဟုတ်ကြောင်းကိုလည်း သိထားအပ်၏။ ပညတ်နောက်ကွယ်မှ ပရမတ်တရား၊ သင်္ခတနောက်ကွယ်မှ အသင်္ခတကို ထိုးထွင်းကာ အမြင်ပေါက်နေသည့် ကပ်ရှ်ဖာတီပရမတ်ဉာဏ်ရှင်သည် လူကိုအလ္လာဟ်ဟု ပြောနေခြင်း မဟုတ်ကြောင်း သိထားအပ်၏။

ထို့ကြောင့် ဆူဖီ၏နောက်ဆုံးဓမ္မစခန်းသည် အနတ္တပရမတ္တသစ္စာဓမ္မနှင့် ပူးပေါင်းညီညွတ်သဟဇာတဖြစ်သွားသည့် "အလ်အဟာဒီယာ" သို့မဟုတ် လောင်ကျွမ်းမှု (အနတ္တဉာဏ်စိုက်သွားခြင်း)၏ နောက်၌ဖြစ်ပေါ်လာသည့် အသင်္ခတ၊ သန္တိသုခ အငြိမ်းဓါတ် "အလ်ဗကာဘာဒလ်ဖနာ" သို့မဟုတ် အလ္လာဟ့်ခြေတော်ရင်း၌ ခိုလှုံရသည့် ဓမ္မစခန်း "အလ်မကမ်မူလ်အေလာဟီ" သို့မဟုတ် ဖောက်ပြန်ပြောင်းလဲမှု လုံးဝ ချုပ်ငြိမ်းကုန်ဆုံးသွားသည့် "မကမ်မွလ်တမ်ကင်"စခန်းစသည်ဖြင့် ပညတ်အမည် အမျိုးမျိုးဖြင့် သမုတ်ထား၏၊ သို့သော် လူသည် လူသာဖြစ်၏။ မိမိကိုယ်ကို မိမိသိသောသူသည် မိမိအရှင်ကိုသိ၏ဟူသော ဩဝါဒတော်မှာ ဤတရားသဘောကို ပီပြင်စွာ သရုပ်ခွဲပြလျက်ရှိပါသည်။

မိမိကိုယ်ကို မိမိသိခြင်းဆိုသည်မှာ မိမိမှာ ဗလာနတ္တိဘာမျှ တန်ဖိုးမရှိသည့် ဖြစ်ပျက်အနိစ္စ၊ သင်္ခါရတို့၏ ပြုပြင်စီရင်ခံနေရသည့် အနတ္တသာဖြစ်သည်ကိုသိရန် နှင့် တစ်ချိန်တည်းတွင် လူ့အဇ္ဈတ္တသန္တာန်ခန္ဓာတွင်းရှိ အလ္လာဟ့်ဗီဇ အသင်္ခတဓါတ် 'ရူဟ်'၏အခြေအနေမှန်ကို လည်းသိမြင်ရန်ဖြစ်၏။ လူတွင်သဘာဝနှစ်မျိုးရှိ၏။ တစ်မျိုးမှာ လောကီသဘာဝ 'နာဆုတ်'ဖြစ်ပြီး၊ ကျန်တစ်မျိုးမှာ လောကုတ္တရာ သဘာဝ 'လာဟုဒ်'ဖြစ်၏။ ယင်းသဘာဝတို့ကို အသေအချာနားလည်သဘောပေါက်ပါက မန်စူးရ်သခင်၏ ဓမ္မဥဒါန်း 'အနလ်ဟာ့က်'ကိုလည်း သဘောပေါက်ပေအံ့။

နောက်ဆက်တွဲ (ခ)

# ✤ အချိန်နှင့်ဝိညာဉ်လောကလေ့လာချက် ✤

အလ္လာဟ်အရှင်မြတ်သည် မိမိအချစ်တော်တစ်ဦး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို ကျေနပ်နှစ်သက်၍ ဂုဏ်ပြုလိုသောအခါတွင် ယင်းသူမြတ်ဂုဏ်သတင်းထုံသင်းစေရန် အခြားဖန်ဆင်းခံတစ်ဦးမှ တစ်ဆင့် ထူးခြားသော ဖြစ်ရပ်တို့ကို ဖြစ်ပေါ်စေပြီး ကျော်ဇောမှုကို ပေးသနားတော်မူ၏။

ဗာယဇိဒ်သခင်နှင့် အဘွလ်ဟဆန်သခင်တို့၏ဖြစ်ရပ်ကို လေ့လာကြည့်ပါက အချိန်၏သဘောတရားနှင့် ရုပ်လွန်ဓမ္မ၏ ဒဿနများပါဝင်နေသည်ကို သိရှိရပေမည်။ ထို့ကြောင့် အချိန်ကာလ 'ဇမာန်' Time နှင့် နေရာဒေသ 'မကာန်' Space၏ အကြောင်းကိုလည်းကောင်း၊ ရုပ်လွန်ဓမ္မနှင့်ဆက်နွယ်နေသည့် နာမ်လောက Spiritual World အကြောင်းကိုလည်း အနည်းငယ်ရှင်းလင်းရန် လိုအပ်ပါလိမ့်မည်။

လူသားတို့၏မံသစက္ခုမျက်စိသည် အလွန်ကျဉ်းမြောင်းသော မြင်ကွင်းကိုသာလျှင် မြင်နိုင်၏။ လူသား၏စက္ခုအာရုံအပါအဝင် အခြားအာရုံတို့ဖြင့် မထိုးဖောက်မကျက်စားနိုင်သည့် အဟုတ်တစ်ကယ်တည်ရှိသည့် တစ်နယ်တစ်ပယ်သည် မုချမသွေလက်တွေ့ကျကျ practically တည်ရှိနေပေသည်။ ယင်းပရမာအနုမြူ ဟိုမှာဘက်၌တည်ရှိသည့် WORLD BEYOND THE ATOM အကြောင်းကို ရုပ်ကလွဲ၍ ဘာမှမရှိနိုင်ပါဟု စွဲစွဲမြဲမြဲခံယူထားသည့် သိပ္ပံပညာရှင်များသည်ပင်လျှင် လက်ခံအသိအမှတ်ပြုလာကြပြီဖြစ်၏၊

အထက်ပါ ဖြစ်ရပ်မှန်ကို လေ့လာကြည့်ပါလျှင် အချိန်သည် အရာဟာစ်ခုတွင်မှီပြီးမှသာမှန်သည့် သမုဒ္ဒိသစ္စာ RELATIVE မျှသာဖြစ်ကြောင်းကို တွေ့ရပေမည်။ လူတို့၏ မံသရုပ်မျက်စိသည် အလျား၊ အနံ၊ ထုဟူသည့် သုံးဘက်မြင် THREE DIMENTION ကိုသာမြင်နိုင်၏။ စတုတ္ထဘက် FOUR DIMENTION ဖြစ်သည့် အချိန် TIME ကို မမြင်ရပေ၊ အချိန်ဟူသည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဟူ၍ ယေဘူယျအားဖြင့် ပညတ်ကာ သမုတ်ထားသော်ငြားလည်း လေးဘက်မြင်မြင်ကွင်း FOUR DIMENTIONAL PLANE မှကြည့်ပါက ကာလသုံးပါးကို တစ်သားတည်းသာမြင်ရပေမည်။

သာဓကဆောင်ဦးအံ့–

လူတစ်ယောက်သည် မြေပြင်ပေါ်၌ရပ်ကာ ဘတ်စ်ကားဂိတ်တစ်ခုမှ ကားများရပ်တန့်ခြင်း၊ ထွက်ခွါခြင်းတို့ကို ကြည့်ရှုနေသည်ဆိုငြားအံ့။ မိမိကားဂိတ်သို့မရောက်မီ အရင်ထွက်ခွာသွားသည့် ကားကိုကြည့်ပြီး အတိတ်ဟုမှတ်ယူပေအံ့၊ မိမိကားဂိတ်ရောက်စဉ် ဆိုက်ရောက်လာသော ကားပေါ်သို့ မိမိတက်ရောက်စီးနင်းသွားခြင်းကို ပစ္စုပ္ပန်ဟု မှတ်ယူပအံ့။ ယင်းသို့ ကားပေါ်ထိုင်စီးသွားပြီးနောက် အတန်ကြာသော

အခါ နောက်သို့လှည့်ကြည့်ပါက နောက်ကားတစ်စီးလာနေသည်ကို မြင်ရပြီးအံ့ ယင်းကို အနာဂတ်ဟု မှတ်ယူပေမည်။

သို့သော် ဤမြင်ကွင်းကိုပင် အလွန်မြင့်မားသော အဆောက်အအုံ သို့မဟုတ် စင်မြင့်တစ်ခုပေါ်မှ စီး၍ကြည့်ပါက ရှေ့မှထွက်သွားသောကားကိုလည်းကောင်း၊ အလယ်မှကားကိုလည်းကောင်း၊ နောက်မှရောက်လာသော ကားကိုလည်းကောင်း တစ်ပြေးညီတည်းမြင်ရပေအံ့။ ဤအချက်သည် 'အချိန်' ဆိုသည်မှာ မိမိနဂိုအရှိအတိုင်း ဖောက်ပြန်ပြောင်းလဲမှု၊ အခြားအရာတစ်ခုပေါ်၌ မှီခိုမှုစသည်တို့ကင်းရှင်စွာဖြင့် သီးသီးသန့်သန့်မှန်ကန်နိုင်သည့် ပြီးပြည့်စုံသော ပရမတ္ထသစ္စာ ABSOLUTE TRUTH မဟုတ်ဘဲ အကြောင်းအရာတစ်ခုပေါ်၌ တည်မှီပြီးကာမှ ကန့်သတ်ချက်ဘောင်အတွင်းမှ ခေတ္တယာယီမှန်ကန်သည့် ပညတ်၊ သမုတိသစ္စာ RE LATIVE TRUTH သာလျှင် ဖြစ်ကြောင်းကို ရှင်းလင်းစွာ ပြဆိုနေ၏။

အင်စတိုင်း၏သီအိုရီအရလည်း အချိန်ဆိုသည်မှာ နေရာ SPACE ကိုမှီပြီးမှ တည်ရှိနိုင်၏။ နေရာဆိုသည်မှာလည်း အကောင်အထည်နှင့်ရှိသည့် ဒြပ်ဝတ္ထုရှိမှ သာလျှင် ရှိနိုင်၏ဟု အကျဉ်းချုံး၍ ကောက်ချက်ချနိုင်၏။ ဥပမာ- သက်တူ ရွယ်တူအမွှာညီအစ်ကိုနှစ်ဦးအနက် တစ်ဦးကို ဒုံးပျံပေါ်တင်ကာ အာကာသအတွင်းသို့ လွှတ်တင်လိုက်ကာ နှောင်နှစ်ပေါင်း ငါးဆယ်လောက်ကြာမှ ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်သက်ဆင်းစေပြီးအံ့။ ကမ္ဘာပေါ်၌ ကျန်ရစ်ခဲ့သည့်အမွှာမှာ အသက်ငါးဆယ် ပို၍ကြီးနေမည်ဖြစ်သော်လည်း ဒုံးပျံနှင့်ပျံတက်သွားသူ အမွှာမှာမူ သူ့ရုပ်ခန္ဓာကိုယ်၏ ဒြပ်ထုတည်နေရာ SPACE ကမ္ဘာမြေပေါ်တွင်မရှိ၍ ယင်းပေါ်၌ သက်ရောက်သည့်အချိန် TIME ၏ဩဇာမှလည်း လွတ်မြောက်သွား၏။ ထို့ကြောင့် ဒုံးပျံနှင့်လိုက်ပါသွားသော အမွှာမှာ ဒုံးပျံနှင့်ပျံတက်စဉ် နှစ်ပေါင်းငါးဆယ်အရင်က အသက်အရွယ်အတိုင်းပင် ရှိလျက်နေပေမည်။

အချိန်နှင့်ပတ်သက်၍ ခေတ်ပေါ် ရူပဗေဒပညာရပ်ကလည်း ရှေးရိုး အစဉ်အလာအယူအဆများနှင့် မတူညီသောတွေ့ရှိချက်များကို လေ့လာတွေ့ရှိလျက်ရှိ၏။ လီနင်ဂရက်တက္ကသိုလ် (ဆိုဗီယက်နိုင်ငံ)မှ ပါမောက္ခဒေါက်တာ ကိုဇီရက်၏ စမ်းသပ်မှု တစ်ခုအရ ယင်းပါမောက္ခကြီးက ကောက်ချက်တစ်ခုချခဲ့သည်မှာ " စကြဝဠာကြီး တစ်ခုလုံးရှိ သဘာဝဖြစ်စဉ်များတွင် 'အချိန်ကာလ' (ထိုအချိန်ဟူသည်မှာ နာရီမိနစ် အားဖြင့် တိုင်းတာနိုင်ခြင်းမျိုးမဟုတ်၊ သဘာဝဖြစ်စဉ်များအားလုံးတို့တွင် တက်ကြွစွာ ပါဝင်နေသော ရုပ်ပိုင်းဆိုင်ရာ စွမ်းအင်ဖြစ်သည်)သည် ခွဲခြားမရအောင် ပါဝင်လျက် ရှိ၏။ ထို့ကြောင့် ကျွန်ုပ်တို့ကမ္ဘာတွင်လည်း သဘာဝဖြစ်စဉ်များအားလုံးသည် အချိန်ကာလလွှင့်ထုတ်မှုနှင့် အချိန်ကာလ စုပ်ယူခြင်းတို့တစ်ခုခုတွင် အကြုံးဝင်လျက် ရှိသည်ဟု ယူဆနိုင်သည်။

အာကာသအတွင်း၌ BLACKHOLE ခေါ် တွင်းမည်းနက်ကြီးများရှိသည်။ တွင်းမည်းကြီးများသည် ဆွဲငင်အားအလွန်ကောင်းပြီး ပမာဏကြီးမားလှသောကြောင့် ကြယ်များ၊ ဂြိုလ်များသည် ဤတွင်းမည်းကြီးထဲသို့ ဝင်ရောက်ဆင်းသက် ပျောက်ကွယ်သွားကြသည်။ တစ်နည်းအားဖြင့် တွင်းမည်းကြီးတို့သည် အာကာသဂြိုလ်နက္ခတ်တာရာတို့၏ သင်္ချိုင်းကြီးပင်ဖြစ်သည်။ တွင်းမည်းကြီး မည်မျှကြီးမားသနည်းဟူမူ တစ်စက္ကန့်လျှင် မိုင် ၁၈၆၀၀၀ကျော်သွားသောအလင်းရောင်ပင်လျှင် ထိုးဖေါက်ခြင်း မပြုနိုင်ချေ။ ထို့ကြောင့် စကြဝဠာကြီးရှိ ရုပ်ဝတ္ထုများသည် နောက်ဆုံးတွင် တွင်းမည်းကြီးသို့ဝင်ရောက်ပျောက်ကွယ် အဆုံးသတ်သွားနိုင်သည်ဟု သိပ္ပံပညာရှင်များက တွေးဆကြသည်။

သို့သော် ကိုဒီရက်ကဲ့သို့ အကောင်းမြင်သိပ္ပံပညာရှင်များက တစ်မျိုးမြင်သည်။ တွင်းမည်းဟုယူဆရသောနေရာများမှ ထွက်သောရောင်ခြည်ကိုလေ့လာ၍ ယင်းနေရာတွင်အချိန်သည် ထုံးစံထက် ထူးကဲ သိပ်သည်းနေ၏။ ထို့ကြောင့်အချိန်သည် လွင့်ထုတ်ခြင်းပြုနေသည်။ ထို့ကြောင့်တွင်းမည်းကြီးများသည် ရုပ်ဝတ္ထုများကို ဝါးမျိုရာနေရာမဟုတ်နိုင်ဟု တွက်ဆကြသည်။ အချိန်သည် အာကာသအတွင်းသို့ စွမ်းအင်အဖြစ် လွင့်ထုတ်ပြီးလျှင် အာကာသအတွင်းရှိ ရုပ်ဝတ္ထုများကို အချိန်စွမ်းအင်အဖြစ် ပြန်လည်သိမ်းပိုက်လျက်ရှိသော 'လိုတိုးပိုလျှော့ စက်ခလုတ်ကြီး 'နှင့် တူပေသည်။ ဤနည်းအားဖြင့် ဤကာလချိန်သီးကြီးသည် စကြဝဠာကို ဖြစ်ပေါ်စေလိုက်၊ ပျက်သုဉ်းပျောက်ပျက်စေလိုက်ဖြင့် စကြဝဠာအဟောင်းကို ပျက်သုဉ်းစေရုံမက အသစ်များကို မှန်မှန်ကြီးထုတ်လုပ်ပေးရန် အာမခံလျက်ရှိပေသည်။ (စိတ်စွမ်းအင်မဂ္ဂဇင်း အမှတ် [ ])

အင်စတိုင်း၏ နှိုင်းရစမ္မ Relativity Theory ကို ချေဖျက်ပြီလောဟု မေးလောက်သည့် အတွေးအခေါ်အသစ်များလည်း ရူပဗေဒ၌ ပေါ်ထွန်းလာနေပြီဖြစ်၏။ ကျွန်ုပ်တို့ခေတ်တွင် နှိုင်းရသဘောတရားကို အားလုံးကမှန်သည်ဟု လက်ခံထားကြသည်။ သို့သော် အလျင်သည် အကန့်အသတ်မရှိ၊ လျင်မြန်သည်ဟု ဆိုကြသကဲ့သို့ မှန်ကန်နိုင်ပါမည်လော။ ပရမာအနုမြူဒြပ်မှုန်အချို့သည် အလင်း၏ အလျင်ထက်မြန်သည်ဟု ဆိုကြပါစို့။ ဤသို့လျှင်ဖြစ်သော အလျင်အဖြစ်ဖြင့်သာလျှင် ယင်းပရာမအနုမြူတို့ တည်ရှိနိုင်သည်ဟု ဆိုကြပါစို့၊ မည်သို့ပင်ဖြစ်စေ၊ ဖိုတွန်ဒြပ်မှုန်၊ နယူထရီနိုဒြပ်မှုန်၊ ပဋိနယူထရီနိုဒြပ်မှုန်၊ ယင်းဒြပ်မှုန်များ မလှုပ်ရှားဘဲ ငြိမ်ငြိမ်ကလေး တည်ရှိနေခြင်း မရှိဟု တွေးဆရသည်။ ( ယင်းဒြပ်မှုန်တို့၏ လျင်မြန်သော လှုပ်ရှားမှုအရှိန်အဟုန်ကို ကြည့်မြင်ခြင်းအားဖြင့် ယင်းဒြပ်မှုန်များ၏ ထုထည်ဒြပ်ရှိကြောင်း သိရသည်။) ယင်းဒြပ်မှုန်တို့၏ ထုထည်ကိုမည်သူမျှ တိုင်းတာခြင်းငှာ မစွမ်းနိုင်သေး၊ ဒြပ်မှုန်သည် ဘယ်သောအခါမှ အငြိမ်နေသည်ဟုမရှိ။

နှိုင်းရသဘောတရားအရ အလင်း၏အလျင်ထက်မြန်သော အလျင်ဖြင့် လှုပ်ရှား

နေသော ဒြပ်မှုန်တို့သည် မှန်းဆ၍ယူထားသော တည်ငြိမ်သည့် ထုထည်ပမာဏ ရှိရပေမည်။ သို့သော် ဤအချက်ဖြစ်နိုင်ပါသလား၊ အရေးကြီးသည်မှာ ဒြပ်မှုန်တို့၏ အခြားအင်္ဂါလက္ခဏာများက အစစ်အမှန်ဖြစ်ခြင်းပင်ဖြစ်သည်။

တည်ရှိမည်ဟု မှန်းဆထားသော ဒြပ်မှုန်များသည် အလင်းအလျင်ထက် လျင်မြန်သောအလျင်ဖြင့် တည်ရှိနေခြင်းဖြစ်သည်ဟု ဆိုဗီယက်သိပ္ပံတံခွန်အဖွဲ့မှတ်တမ်းတွင် ဆိုဗီယက် ရူပဗေဒပညာရှင် တာလက်စကီက ၁၉၆၀ ခုနှစ်တွင် ပထမဆုံးအကြိမ် ကြေငြာပြီးသည့်နောက် (၇)နှစ်အကြာတွင် အမေရိကန်သိပ္ပံပညာရှင် ဖိုင်းဘတ်သည် ယာယီအားဖြင့် ရှိသည်ဟု လက်ခံထားသော ဒြပ်မှုန်ဖြစ်သော 'တက်ချွန်' TACHON ကို တွေ့ရှိရသည် (လျင်မြန်သော ဟူသော အဓိပ္ပါယ်ထွက်သော ဂရိဘာသာစကားတက်စီမှ ယူထားခြင်းဖြစ်သည်) ဤအမည်ဖြင့်ပင် ဆက်လက်သုံးစွဲကြသည်။

အခြားနည်းလမ်းများဖြင့် လက်တွေ့စပ်းသပ်ကြည့်ရှုနိုင်သည်။ လေ့လာသူသည် တစ်နေရာတည်းမှရပ်၍လည်းကောင်း လေ့လာသိမြင်နိုင်သည်။ နှိုင်းရသဘောတရားက ဟောကိန်းထုတ်ခဲ့သည့်အတိုင်း အံ့ဖွယ်ရှုခင်းကို လူပင်မြင်ခဲ့ရသလို 'တက်ချွန်'၏ လှုပ်ရှားမှုကို တွေ့မြင်နိုင်ရန်အတွက် သင့်လျော်သောယာဉ်ကို ရွေးချယ်ရန် ခက်ခဲမည်မဟုတ်ချေ။ (ယင်း၏အလျင်ထက် နှေးသောအလျင်ဖြင့် ပျံတက်နိုင်သော ယာဉ်ကို ဆိုလိုသည်။)

ကာလယန္တရားအဖြစ် အသုံးပြုရန်အတွက် ရုပ်ရှင်ပြစက်သည် အဆင်အပြေဆုံးဖြစ်သည်။ စုံထောက်ကားတစ်ကားဆိုပါစို့၊ ခမ်းနားသော အိမ်ကြီးတစ်ဆောင်အတွင်းမှ လက်ဆွဲအိတ်ဖောင်းဖောင်းကြီးကို ဆွဲလာသော လူကုံထံတစ်ဦးထွက်လာသည်။ ဖြတ်ကနဲ အိမ်ထောင့်မှ ဓါးပြတစ်ဦးထွက်လာပြီး ပစ္စတိုကို ဆွဲထုတ်ပစ်လိုက်သည်၊ လူကုံထံကြီး လဲကျသွားသည်။ ဓါးပြသည် လက်ဆွဲအိတ်ကို ဆွဲယူကာ အိမ်နောက်သို့ဝင်ပြီး ပျောက်ကွယ်သွားပါသည်၊ ဆင်ဝင်အဝတွင် အလောင်းကျန်ရစ်ခဲ့သည်။

ဤရုပ်ရှင်ကော်ပြားကို အဆုံးအစသို့ ပြောင်းပြန်ကြည့်မည်ဆိုပါစို့။ ဆင်ဝင်အဝတွင်လူတစ်ယောက်လဲနေ၊ အိမ်နောက်ဘက်ထောင့်မှ ဓါးပြထွက်ပြေးလာ လဲနေသူအနီးသို့ လက်ဆွဲအိတ်ချထား၊ တစ်နေရာသို့ထွက်ပြေး၊ ပစ္စတိုထုတ်၊ လဲနေသူက မျက်စိဖွင့်လာ၊ လက်ဆွဲအိတ်ကိုယူထရပ်၊ ကျည်တစ်တောင့်ထွက်၊ သို့သော် ကြည့်လွဲသွားဟန်ရှိ၊ ဘယ်ကြောင့်ဆိုသော် လက်ဆွဲအိတ်နှင့် လူကုံထံသည် ဘာမှမဖြစ်သလို တံခါးဆီသို့ နောက်ပြန်သွားသောကြောင့်ဖြစ်၏။ ဓါးပြသည် ပစ်ခတ်ရန် မကြိုးစားပဲ နောက်ဆုတ်ပြေးသည်။

အဓိပ္ပါယ်မရှိသော ရှုခင်းဟု ဆိုနိုင်ပါသလား၊ မခေါ်နိုင်ပါချေ၊ သို့မဟုတ် သာမန်လမ်းပေါ်က လူတစ်ယောက်၏ထင်မြင်ချက်ပင် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ထူးဆန်းသည်မှာ ရုပ်ပုံထဲကလူတွေသည် နောက်ပြန်သွားကြခြင်းဖြစ်သည်) သို့သော် သဘာဝထက်လွန်ကဲသော အရာမပါဝင်၊ သဘာဝနိယာမတရားနှင့်ဆန့်ကျင်ဘက်မဖြစ်ချေ၊ ဤအချက်မှာ အရေးကြီးလှသည်။

ပိတ်ကားပေါ်မှာ အပေါ်ယံကြောအားဖြင့် မြင်ရသောပုံကို ဖော်ပြခြင်းဖြစ်သည့် လဲကျနေသူ၏မျက်စိပွင့်လာပြီးလျှင် ထရပ်သည်ဟူသော စကားသည် ဘာကိုဆိုလိုပါသနည်း။ လူသေကောင်အသက် ပြန်ရှင်လာသည်၊ ထရပ်ပြီး သူ့ရင်ဘတ်မှကျည်ဆံကို ထုတ်ပစ်လိုက်ရာ ကျည်ဆံသည် ပစ်စတိုပြောင်းဝထဲသို့ 'ရှီးကနဲ' ပြန်ဝင်သွားသည်ဟု ဆိုလိုသည်။

ဒြပ်မှုန်လောကတွင် အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပေါ်ရသည် ဆိုသော ကြောင်းကျိုးဆက်တရားသည် 'ပျက်'သွားသည်ဟု တာလစ်စတီက ယုံကြည်သည်။ ဤကြောင်းကျိုးဆက်ဖြစ်စဉ်ကလေးတွင် အခြေအနေတစ်စုံတစ်ရာကို တွေ့ရှိလိုက်ရခြင်း သည် သာ၍ပင် အရေးကြီးသောအချက်ဖြစ်သည်၊ အာကာသတစ်ခုလုံးသည် တက်ချွန်မှုန်များကို လွှင့်ထုတ်ခြင်း၊ လက်ခံသိမ်းပိုက်ခြင်း ပြုလုပ်လျက်ရှိသော ဒြပ်မှုန်တို့ဖြင့် ပြည့်လျှမ်းလျက်ရှိသည်ဆိုပါစို့၊ ဤခြင်းရာတစ်ခုလုံးအနေဖြင့် မည်သည့်ဒြပ်မှုန်က လွှင့်ထုတ်ပြီး မည်သည့်ဒြပ်မှုန်က ခံယူသိမ်းပိုက်သည်ဆိုခြင်းမှာ အရေးကြီးသောကိစ္စ မဟုတ်ပါချေ။

အကြောင်းတရား၏နောက်မှ အကျိုးတရားဖြစ်ပေါ်သည်ဆိုသော လူများ၏ သတ်မှတ်ချက်အစဉ်ကလေးမှာ ပြောနေကျ အကျင့်ပါနေသောကြောင့် ဖြစ်သည်ဟု အမေရိကန်ရူပဗေဒပညာရှင် ပေလ်ဒွန်ကာက ရေးသားခဲ့သည်၊ ကမ္ဘာကြီးပေါ်တွင် ပေါ်ပေါက်ခဲ့သောခြင်းရာ ကိစ္စ (အကျိုး)ဟုသမျှသည် အခြားခြင်းရာကိစ္စ (အကြောင်း) တရားများကြောင့် ခြင်းရာကိစ္စများဖြစ်သည်ဆိုသောအချက်ကို ပစ်ပယ်ခြင်း မဟုတ်ပါချေ။ ဒြပ်မှုန်ထက်ကြီးသော၊ သူတို့ကို တွေ့မြင်နိုင်သော မော်လီကျူးကဲ့သို့ ရုပ်ဒြပ်ကြီးများ၏ဖြစ်ပေါ်လှုပ်ရှားမှုအစပြု၍၊ အကြောင်းတရား သည်အကျိုးတရား ဖြစ်သော ကြောင်းကျိုးဆက်နိယာမအတိုင်းဖြစ်သည်။ မော်လီကျူးများတွင်ပါဝင်သော ဒြပ်မှုန်တစ်မှုခြင်း၏ ဖြစ်ပေါ်လှုပ်ရှားမှုနိယာမသည် ပြောင်းပြန်ကျိုးကြောင်းဆက် နိယာမအရဖြစ်သည်။

သို့ရာတွင် သာမန်ရုပ်ဒြပ်သည် သမားရိုးကျ ကြောင်းကျိုးဆက်တရား၏ နိယာမ ကိုလိုက်နာသည် (အကြောင်းပထမ၊ အကျိုးဒုတိယ)၊ တက်ချွန်မှုန်ကမူ ကြောင်းကျိုးဆက် နိယာမကို ချိုးဖောက်ပြစ်သည့် သာမန်ရုပ်ဒြပ်နှင့် တက်ချွန်မှုန်တို့ တစ်ခုနှင့်တစ်ခု ပြန် လှန်ထိတွေ့မှုမှာ အခြေခံအားဖြင့် မဖြစ်နိုင်သော ကိစ္စဖြစ်သည်။ လူသားအားလုံး အသုံး ပြုသော ကိရိယာတန်ဆာပလာသည် ရုပ်ဝတ္ထုနှင့် ပြုလုပ်ထားသည်ဖြစ်ရာ၊ ယင်းကရိယာများကို အသုံးပြုခြင်းအားဖြင့်'တက်ချွန်'ကို ရှာဖွေ မတွေ့ရှိနိုင်ပါချေ။

ကျမ်းမြတ်ကုရ်အာန်တွင်မူ 'အချိန်'ဟူသည်မှာ သမုဒ္ဒိသစ္စာယာယီအမှန်တရား

တစ်ခုသာဖြစ်ကြောင်းကို ဖော်ပြထားပါသည်။

" အရှင်မြတ်သည် (၎င်းတို့အား) သင်တို့သည် ကမ္ဘာမြေ၀ယ် နှစ်ပရိစ္ဆေဒ အရေအတွက်အားဖြင့် မည်မျှကြာအောင် နေခဲ့ကြသနည်းဟု မေးမြန်းတော်မူမည်။

ထိုအခါ ၎င်းတို့က၊ ကျွန်တော်မျိုးတို့သည် တစ်နေ့တိကိသော်လည်းကောင်း၊ တစ်နေ့လျော့လျော့သော်လည်းကောင်း နေခဲ့ကြပါသည်၊ သို့ပါ၍ အရှင်မြတ်သည် ရေတွက်သူများအား မေးမြန်းကြည့်တော်မူပါဟု လျှောက်ထားကြပေမည်။ "

[ ကုရ်အာန် ၂၃း ၁၁၂-၁၁၃ ]

" (ထိုအခါ) အရှင်မြတ်က (ဤသို့)မိန့်ကြားတော်မူမည် အသင်တို့ (ကမ္ဘာမြေ၀ယ်) အနည်းငယ်မျှသာ ကြာမြင့်ခဲ့ကြပေသည်၊ အကယ်၍သာ (ဤသည်ကို) အသင်တို့သည် (ယခင်ကပင်) သိရှိခဲ့ကြလျှင် ကောင်းလေစွတကား "

[ ကုရ်အာန် ၂၃း ၁၁၄ ]

ရုပ်လွန်လောက၏ (Time Concept) အချိန်သတ်မှတ်ချက်နှင့် ရုပ်လောက အချိန်သတ်မှတ်ချက်တို့မှာ ကွာခြားကြောင်းကိုလည်း ကျမ်းတော်မြတ်ကုရ်အာန် ၇၀း၄၊၃၂း၅ တို့တွင် ခိုင်းနှိုင်းတင်ပြထားသည်ကို လေ့လာတွေ့ရှိနိုင်ပေသည်။

ထို့ကြောင့် ဆူဖီများအတွက် အချိန်ဟူသည်မှာ ယာယီသတ်မှတ်ချက်တစ်ရပ်သာ လျှင်ဖြစ်၏။ ဆူဖီတို့သည် မလာသေးသည့်အနာဂတ်၊ ကုန်ဆုံးသွားသည့် အတိတ်တို့ အတွက် တောင့်တကြောင့်ကြခြင်း မရှိဘဲ ထာ၀ရပစ္စုပ္ပန် Eternal Now ကိုသာလျှင် လက်တွေ့ကျကျတန်ဖိုးထား၏။ ဗာယဇီဒ်သခင်နှင့် အဘူလ်ဟာဆန်သခင်တို့ကဲ့သို့သော လွတ်မြောက်အောင်မြင်တော်မူကြကုန်သည့် အလ္လာဟ့်အချစ်တော် အရဟတ်ပုဂ္ဂိုလ်မြတ် များအတွက် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသည့် ကာလသုံးများမှာ ပညတ်သဘောမျှသာ ဖြစ်ပေသည်။

ယခုဆက်လက်၍ အစ္စလာမ်တရားတော်၌ ပြဆိုထားသည့် သေခြင်းတရား၊ တမလွန်လောက၊ နာမ်လောကတို့အကြောင်းကို တင်ပြပါမည်။

ကျမ်းမြတ်ကုရ်အာန်၌ သာသနာ့လမ်း၌ ကြိုးပမ်းအားထုတ်သူ၊ အသက်စည်းစိမ် အိုးအိမ်တို့ကို စွန့်လွှတ်လှူဒါန်းသူ၊ အမှားနှင့်အမှန်၊ ဓမ္မနှင့်အဓမ္မ၊ သစ္စာနှင့်အသစ္စာ လွန်ဆွဲ ရာ၌ အမှန်တရားအတွက် အသက်စတေး၍ သက်သေခံခဲ့သူများနှင့်ပတ်သက်၍ ဤသို့ဖော်ပြထား၏။

" ထို့ပြင်တ၀ (အို- မွတ်စလင်မ်အပေါင်းတို့) အသင်တို့သည် အလ္လာဟ်အရှင် မြတ်၏လမ်းတော်၌ အသတ်ဖြတ်ခံရသူတို့ကို လူသေများဟူ၍ မပြောဆိုကြကုန်လင့် ၊(ယင်းလူတို့သည် လူသေများ)အလျှဉ်းမဟုတ်၊ စင်စစ်မှာမူ ထိုသူများသည် အလ္လာဟ် အရှင်မြတ်ဖထံတော်၌ အသက်ရှင်လျက်ပင် ရှိကြလေ၏။ သို့ရာတွင် အသင်တို့ သည်(ထိုအကြောင်းကို) တွေးဆဆင်ခြင်မသိမမြင်နိုင်ချေ။" [ကုရ်အာန်၂း၁၅၄]

သာသနာ့အာဇာနည်တို့သည် ခေတ်အဆက်ဆက်၌ပေါ်ထွန်းမည်ဖြစ်ပြီး အဆိုပါ သာသနာ့အာဇာနည်အလျောင်းအလျာတို့သည် မြင့်မြတ်သည့် အဆင့်အတန်းကို ရရှိမည့်အကြောင်းကိုလည်း ကျမ်းမြတ်ကုရ်အာန်၌ ဆိုထား၏။

" ၎င်းပြင် ( အို- နဗီတမန်တော်) အသင်သည် အလ္လာဟ်အရှင်မြတ်၏ တရားလမ်းတော်၌ (စစ်တိုက်စဉ်) အသတ်ခံရသောသူတို့ကို သူသေများဟူ၍ အလျဉ်းမထင်မှတ်လေနှင့် (ထိုသူတို့ကား သူသေများ)အလျဉ်းမဟုတ်၊ စင်စစ်မှာမူကား ထိုသူများသည် ၎င်းတို့၏အရှင်မြတ်ထံတော်ဝယ် အသက်ရှင်နေသောသူများပင် ဖြစ်ကြသည့်အပြင် (အလ္လာဟ်အရှင်မြတ်၏) ကျွေးမွေးတော်မူခြင်းကိုလည်း ခံကြရကုန်၏။

ထိုသူတို့သည် ၎င်းတို့အား အလ္လာဟ်အရှင်မြတ်က မိမိစည်းစိမ်ချမ်းသာ အကျိုးကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူသောကြောင့် နှစ်ထောင်းအားရ ရွှင်လန်းလျက် ရှိကြသည်သာမက မိမိတို့နောက်၌ (ကျန်ရစ်ခဲ့သော)မိမိတို့နှင့်လာရောက် တွေ့ဆုံပူးပေါင်းခြင်း မရှိကြသေးသော သူတို့နှင့်ပတ်သက်၍လည်း ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်ကြကုန်သည့် အကြောင်းတစ်ခုကား ထို(ကျန်ရစ်ခဲ့သော) သူတို့အဖို့မှာလည်း (မိမိတို့ထံသို့ ရောက်ရှိလာကြသောအခါ) မည်သို့မျှ စိုးရိမ်ကြောင့်ကြခြင်းသည်လည်းကောင်း၊ ဝမ်းနည်းပူဆွေးခြင်းသည်လည်းကောင်းမရှိခြင်းကြောင့်ပင်တည်း။

ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ထံမှ စည်းစိမ်ချမ်းသာ အကျိုးကျေးဇူးတော်များ (ခံစားရသော)ကြောင့်လည်းကောင်း၊ ထိုနည်းတူစွာ (အလ္လာဟ်အရှင်မြတ်၏) ရက်ရောစွာ ပေးသနားတော်မူခြင်းကို ရရှိသောကြောင့်လည်းကောင်း၊ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် 'မုအ်မင်န်'ယုံကြည်သူတို့၏အကျိုးကို ဖြုန်းတီးတော်မူမည် မဟုတ်သောကြောင့်လည်းကောင်း ဝမ်းမြောက်ဝမ်းသာရှိကြကုန်၏။ "

[ ကုရ်အာန် ၃း ၁၆၉ ]

ကုရ်အာန်ကျမ်းမြတ်အလင်းပြကျမ်း၌ 'ရှဟီးဒ်'ဟူသည်မှာ အမြဲတစေ အသက်နှင့်ပင် အရှင့်ထံတော်ပါး၌ ရှင်နေကြကုန်သော ပုဂ္ဂိုလ်တို့အား ခေါ်ဆိုခြင်းဖြစ်ကြောင်း ဖွင့်ဆိုထား၏။ ၎င်းအပြင် ရှဟီးဒ်များရှင်လျက်ရှိကြကုန်၏ဟု မိန့်ဆိုထားခြင်း၏ သဘောမှာ "အခွင့်အရေးအားဖြင့် ရှင်သူများကဲ့သို့ ဖြစ်ကြကုန်၏။ အကျင့်သီလများ၏ ကုသိုလ်အကျိုးသည်လည်း ပြတ်စဲသည် မရှိပေ"စသည်ဖြင့် အကျယ်တဝင့် ဖွင့်ဆိုထားကြောင်း တွေ့ရ၏။

တစ်ဖန် ဆက်လက်၍ ဤသို့ရှင်းရှင်းလင်းလင်းဆိုထားပြန်သေး၏။ အဝိတ်ခေတ်ရှိ မြောက်များစွာသော သုခမိန်တို့၏အယူအဆများမှာ ထိုရှင်ခြင်းသည် ဥပစာမဟုတ်၊ မုချဖြစ်သည် (ဝါ) ရုပ်နှင့်နာမ်ပေါင်းစပ်လျက်ရှိသော ရှင်ခြင်းမျိုးဖြစ်သည်။

အချို့ပညာရှင်တို့၏ ယူဆချက်မှာမူ ထိုရှင်ခြင်းသည် နာမ်သဘောအားဖြင့်သာဖြစ်သည်။

ဖော်ပြပါ အဆိုနှစ်ရပ်အနက် ပထမအဆိုကို ပိုမိုနှစ်သက်စရာဖြစ်သည်။

( ရှုဟုန်မအာနီ ၂ )

ဗူခါရီဟဒီစ်တော်တွင် နှလုံးသားစစ်တလင်း၌ နဖ်စ်အမ္မာရာခေါ် အဝိဇ္ဇာစိတ်ကို အစ္ဖတ္တမဟာစစ်ပွဲအဖြစ် စစ်ခင်းခြင်းကို ဂျိဟာဒ်ဒေအက္ကဘရ်ဟု မဟာတမန်တော်မြတ်မိန့်ဆိုထားရာ အတွင်းစစ် 'နဖ်စ်မူဂျာဟေဒါ'ဆင်နွှဲသည့် ပုဂ္ဂိုလ်မွန်များကိုလည်း ရှဟီဒ်ဟူ၍ ခေါ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူမြတ်တို့သည် မဟာတမန်တော်မြတ်၏ဩဝါဒတော်အတိုင်း မသေမီသေထားကြသူများ ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ကျမ်းတော်မြတ်ကုရ်အာန်တွင် ရှဟီဒ်များနှင့် အတူနေကြရမည့်အဖော်မွန်များကို ဤသို့ဖော်ကြူးထား၏။

**" အမှန်စင်စစ်သော်ကား အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကိုလည်း၊ ရစူလ်တမန်တော်မြတ်၏အမိန့်တော်များကိုလည်းကောင်း လိုက်နာအံ့၊ ယင်းကဲ့သို့သောသူတို့သည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ပြုသော နဗီတမန်တော်များ၊ 'ဆွစ်ဒီကင်' တိကျမှန်ကန်စွာ ပြောဆိုဆောင်ရွက်သူများ၊ 'ရှဟီဒ်' အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ အသက်ဇီဝိန်ကို စွန့်လွှတ်သူများ၊ 'ဆွာလဟ်' သူတော်စင် သူတော်ကောင်းများနှင့်အတူတကွရှိကြလတ္တံ့၊ စင်စစ် ယင်းသူတို့သည် အဘယ်မျှလောက် မွန်မြတ်လှစွာသော မိတ်သဟာရအဖော်အဖက်များဖြစ်ကြပေသနည်း။ "**

[ ကုရ်အာန် ၄း ၆၉ ]

ဝိညာဉ်လောကနှင့်ပတ်သက်၍ အစ္စလာမ်သာသနာ့ပညာရှင်တို့ ဓမ္မကြောင်းနှင့်ကိုက်ညီဆီလျော်မှုရှိသော ကျမ်းများပြုစုခဲ့ကြပါ၏။ ယင်းတို့အနက်မှ အချို့ကို ကောက်နုတ်ထုတ်ယူကာ တင်ပြပါမည်။

ဤကျမ်းကို အလ္လာဟ်အရှင်မြတ်အမိန့်တော်၊ ရစူလ်လွလ္လာဟ်(ဆွလ္လလ္လာဟု) ကိုယ်တော်၏ ဩဝါဒမိန့်ခွန်းတော်များကို စုဆောင်း၍ ရေးသားခြင်းဖြစ်သည်၊ ဤကျမ်းမြတ်ကို ဖတ်ရှုတ်ခြင်းဖြင့် အာလမေ့ဘရ်ဇခ်၏ ကျယ်ဝန်းခန်းနားခြင်း၊ သက်သာချမ်းမြေ့သုခရရှိခြင်း ဒုက္ခသုခပေါင်းခံစားရခြင်းကို ကွက်ကွက်ကွင်းကွင်း သိရှိရပေမည်။ အချို့သည် ကွယ်လွန်သေဆုံးပြီးနောက် လူသား၏ကိုယ်ကာယသည် ပုတ်သိုး၍မြေဖြစ်သွားသည်၊ ချမ်းသာသုခနှင့် ဒုက္ခ၊ သုခလုံးဝမရှိကြဟု ထင်ကြသည်၊ ဤသို့ထင်မြင်ခြင်းသည် မဟာအမှားပင်ဖြစ်သည်။

ရစူလ်လွလ္လာဟ်(ဆွလ္လလ္လာဟု)ကိုယ်တော်၏ ဟဒီးစ်ဩဝါဒတော်များမှ သိရသည်မှာ " သေသူကို ကျွန်ုပ်တို့ ပြင်ပအားဖြင့် သေနေသည်ဟုထင်ကြသည်။ အမှန်မှာ ၎င်းသည် ရှင်နေလျက်ပင်ရှိသည်၊ လောကကြီးကို ကျောခိုင်းရုံမျှပင်ဖြစ်သည်။ သေသူဟူသမျှ ဘရ်ဇခ်၌ မိမိ၏အမလ်အကောင်းအဆိုး ပြုကျင့်မှုဖြင့် သုခနှင့်ဒုက္ခ စံစားခံစားမှုရှိပေသည်။ ကိုယ်တော်မြတ်က မိန့်တော်မူသည်မှာ ကွယ်လွန်သေဆုံးသူ၏

အရိုးကို ချိုးပါက သူ၏အရိုးကို ချိုးသကဲ့သို့ပင်ဖြစ်သည် (ဝါ) ရှင်နေသောအခါ အရိုးကို အချိုးခံရသကဲ့သို့နာကျင်ဒုက္ခရောက်ပေသည်။

တစ်ခါက အမရစ်ဗ်နို့ဟာဇမ်(ရသွေ့)သခင်သည် 'ကဗရ်'မြေပုံကိုမှီ၍ ထိုင်နေသဖြင့် ကဗရ်အတွင်း၌မြှုပ်နှံထားသောသူကို ဒုက္ခမပေးနှင့်ဟု ရစူလွလ္လာဟ် (ဆွလ္လလ္လာဟု)ကိုယ်တော်က မိန့်တော်မူလေသည်။ [ မစ်ရှ်ကာတ်ကျမ်း ]

အလ္လာဟ်အရှင်မြတ်၏ အချို့သောသူတော်စင်များသည် အသက်၊ ဝိညာဉ်နှင့် ကိုယ်ခန္ဓာခွဲခွာသွားသော်လည်း ၎င်းပုဂ္ဂိုလ်တို့၏ ရုပ်ကလာပ်သည် အသက်ဝိညာဉ် ရှိနေသယောင်ယောင်ထင်ရပေသည်။ ၎င်းပုဂ္ဂိုလ်များ၏ ရုပ်ကလာပ်ကို မြင်တွေ့ရခြင်း ဖြင့် ဘရ်ဇခ်လောကရှိကြောင်း ယုံမှားသံသယမရှိတော့ပေ၊ ဤကျမ်း၌ပင်ပင် သူတော်စင်များ၏အကြောင်းများကို ဖတ်ရှုကြရပေမည်။

'ဂွတ်စွလ်' ရေချိုးပေးသူများက သေသူ ရယ်နေသည်ကိုမြင်ကြသည်။ အချို့ မတ်တပ်ရပ်နေကြသည်ကို မြင်ကြရသည်၊ သူတော်စင်တစ်ပါးအား လက်သဲဖြတ် ပေးရာ အသားထိသွားသဖြင့် လက်ကိုနောက်သို့ ဆုတ်ပစ်လိုက်လေသည်။

ဟဒီးစ်တော်တွင်လာရှိသည်မှာ ကွယ်လွန်သေဆုံးကြသော မုအ်မင်န်တို့သည် ဗရ်ဇာခ်တွင် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံ၍ခင်မင်ရင်းနှီးစွာ နေထိုင်ကြပေသည်။ ဤလူ့ဘုံမှသေဆုံး၍ရောက်သွားသူအား ၎င်းနှင့်သိကျွမ်းသော ပုဂ္ဂိုလ်များက လောက တွင်ရှိနေသော မိမိဆွေမျိုးများခင်မင်သူများအကြောင်း မေးမြန်းကြလေသည်။ မိမိ၏ ဇနီး၊ သားသမီး၊ ဆွေမျိုးများ နေထိုင်လုပ်ကိုင်သမျှအလုံးစုံကို မေးမြန်းကြလေသည်။ ( ရန်ကုန်မှ မန္တလေးမြို့သို့ သွားရောက်လာသောသူအား မန္တလေးသို့ရောက်နှင့်သူက ရန်ကုန်ရှိ မိမိဇနီး၊ သားသမီး၊ ဆွေမျိုးညာတကာတို့၏အကြောင်းကို မေးသကဲ့သို့တည်း) စအီဒစ်ဗ်နို့ဂျိုဗိုင်ရ်(ရသွေ့)သခင်က မိန့်သည်မှာ ဘရ်ဇခ်တွင်ရောက်လာသူအား ၎င်း၏သားသမီးသည် အလျင်သေဆုံးပါမူ ၎င်းတို့ကို လာရောက်ကြိုဆိုကြပေမည်။ လောကတွင် ခရီးထွက်ရာမှ ပြန်လာသောအခါ ကြိုဆိုသကဲ့သို့ပင်ဖြစ်သည်။ သာဗစ် ဘနာရီ (ရသွေ့)သခင်က မိန့်သည်မှာ လူသားသည် ကွယ်လွန်သေဆုံး၍ ဘရ်ဇခ် လောကသို့ရောက်သောအခါ ၎င်းအလျင်သေဆုံးသော ဆွေမျိုးသားချင်းများ မိတ်ဆွေ များကလာရောက်ဝိုင်းကြလျက် ပျော်ရွှင်ကြပေမည်။ လောကတွင် ခရီးမှပြန်လာသော အခါ လာရောက်နှုတ်ဆက်ပျော်ရွှင်ကြသည်ထက် ပျော်ရွှင်ကြပေသည်။

( အစ်ဗ်နိုအဗစ်ဒွန္နယာကျမ်း )

ကိုင်ဆ်ဗင်န်ကဗီစွာဟ် (ရသွေ့)သခင်က မိန့်သည်မှာ တစ်ရံရောအခါ ရစူလ်လွလ္လာဟ် (ဆွလ္လလ္လာဟု)ကိုယ်တော်က မိန့်ခဲ့သည်၊ အကြင်သူသည် မုအ်မင်န် မဟုတ်လျှင် ထိုသူသည် ဘရ်ဇခ်တွင် အခြားသူများနှင့် စကားပြောရန် အခွင့်မရှိပေ၊ ထိုအခါတစ်ဦးသောပုဂ္ဂိုလ်က ယာရစူလ်လွလ္လာဟ် သေသောသူများကလည်း စကား

ပြောကြပါသလားဟုမေးရာ၊ ကိုယ်တော်က သေသူအချင်းချင်း တစ်ဦးနှင့်တစ်ဦး တွေ့ဆုံစကားပြောကြသည်ဟု မိန့်တော်မူလေသည်။ ( အစ်နို့ဟစ်မာန်ကျမ်း )

အာအိရှာ(ရသွေ့)သခင်မက ဆင့်ပြန်ခဲ့သည်၊ ရစူလွလ္လာဟ် (ဆွလ္လလ္လာဟု) ကိုယ်တော်မိန့်တော်မူသည်မှာ " အကြင်သူ မွတ်စလင်မ်တစ်ဦးတစ်ယောက်၏ ကဗရ်ကို ဇိယာရတ်ပြုရန်သွား၍ ကဗရ်အနီးတွင်ထိုင်လျှင် ထိုသေသောသူသည် ၎င်းပေးသော 'စလာမ်'ကို 'ဂျဝါဗ်' ပြန်လေသည်။ ၎င်းသူ ကဗရ်အနီးမှ ထမသွားမချင်း သေသူသည် ၎င်းသူမှ စိတ်ပျော်ရွှင်မှုရှိပေမည်။

ရစူလ်ကိုယ်တော်မြတ်(ဆွလ္လလ္လာဟု)မိန့်တော်မူသည်မှာ " မည်သူမဆိုသေဆုံးသွားလျှင် ၎င်းသည် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အမြဲနေရမည့်ဌာနသို့ သွားရောက်ရသည်၊ 'ဂျန္နတ်'သုခဘုံသို့ရောက်မည့်သူဖြစ်လျှင် ဂျန္နတ်သို့ သွားရောက်ရပြီး၊ 'ဂျဟန္နမ်'ငရဲကျမည့်သူသည် ဂျဟန္နမ်သို့ သွားရလေသည်။ သင်နေရမည့်ဌာနသည် ဤနေရာပင်ဖြစ်သည်၊ အလ္လာဟ်အရှင်မြတ်က ကိယာမတ်နေ့တွင်သင့်ကို ဤနေရာသို့ အပြီးအပိုင် ပို့တော်မူမည်ဟူ၍ သက်ဆိုင်ရာက နေ့စဉ် မိန့်ကြားလွှတ်လေသည်။

[ ဗုခါရီနှင့် မွတ်စလင်မ်ကျမ်း] [ အစ်ဗ်နို့ကသီရ်ကျမ်း ]

ယာရစူလ်လွလ္လာဟ်၊ သေသူများသည် အချင်းချင်း တစ်ဦးနှင့်တစ်ဦး မှတ်မိကြပါသလောဟု အွမ်မေ့ဘရှရ်(ရသွေ့)သခင်မက တမန်တော်မြတ်ကြီးအား မေးလျှောက်ရာ ကိုယ်တော်မြတ်က ဝိညာဉ်သည် ဂျန္နတ်ဥယျာဉ်ဘုံနန်းမှာ အစိမ်းရောင်ငှက်များ အသွင်ရှိသည်၊ (ယခုသင်မကိုယ်တိုင် စဉ်းစားလော့) ငှက်များသည် တစ်ကောင်နှင့် တစ်ကောင် အချင်းချင်းမှတ်မိကြသကဲ့သို့ ဝိညာဉ်များသည်လည်း အချင်းချင်း တစ်ဦးနှင့်တစ်ဦး မှတ်မိကြသည်ဟု မိန့်မြွက်တော်မူလေသည်။

[ အစ်ဗ်နို့စအီဒ်ကျမ်း ]

အဘူစအီးဒ်ခွဒ်ရီ (ရသွေ့)သခင်က ဆင့်ပြန်ခဲ့သည်၊ ရစူလ်လွလ္လာဟ် (ဆွလ္လလ္လာဟု)ကိုယ်တော်က မိန့်သည်မှာ " အကြင်သူသည် ကုရ်အာန်သင်ကြားနေဆဲ သေဆုံးသွားပါက 'ကဗရ်'တွင် ဖွရစ်ရှ်တဟ်'ကောင်းကင်တမန်အချို့က ၎င်းအား ကုရ်အာန်သင်ကြားကြမည်၊ ၎င်းသည် ကုရ်အာန်ကျမ်းတစ်အုပ်လုံးအား အာဂုံဆောင်လျက် အလ္လာဟ်အရှင်မြတ်နှင့်တွေ့ရပေမည်။ ဤလူ့ဘောင်တွင် ကောင်းမြတ်သော 'အမလ်'ကုသိုလ် ပွားများကြလျှင် သေပြီးနောက်ခံစားရမည့်သုခကို ယုံကြည်သော သူများသည် ဤလူ့ဘောင်ကို စိတ်စွဲလန်းမှု မထားကြပေ။ သေခြင်းတရားကို ဤလူ့ဘောင်ထက်အသားပေးကြပေသည်။ ဤလူ့ဘောင်တွင် မကောင်းမှု ဒုစရိုက်များကို ပွားသောသူတို့သည် သေရမည်ကိုလွန်စွာပင် ကြောက်ရွံ့နေကြပေသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု)က မိန့်ကြားသည်မှာ လူသားသည် အသက်ရှင်နေခြင်းကို နှစ်သက်စုံမက်လေသည်။ အမှန်မှာ သေခြင်းသည် (မုအ်မင်န်ဖြစ်၍

အမလ်ကောင်းသူဖြစ်က) ထိုသူ့အတွက် အကောင်းဆုံးသောနေရာဖြစ်သည်။ ”

[ ဗိုင်ဟကီကျမ်း ]

“ ရစူရ်လွလ္လာဟ် (ဆွလ္လလ္လာဟု) ကိုယ်တော်မြတ်က မိန့်သည်မှာ သခြင်းသည် မုအ်မင်န်အတွက် (အကောင်းဆုံးသော) လက်ဆောင်မွန်ဖြစ်သည်။ ”

[ မစ်ရှ်ကာတ်ကျမ်း ]

“ ရစူလ်လွလ္လာဟ်(ဆွလ္လလ္လာဟု)ကိုယ်တော်က မိန့်သည်မှာ၊ လူတို့သည် သေခြင်းကို ရွံရှာကြောက်ကြသည်။ အမှန်မှာ ဒုက္ခခံစားရခြင်းထက် သေခြင်းက ကောင်းသည်၊ အဆောတလျင်သေခြင်းဖြင့် လူ့ဘောင်လောက၏ ဒုက္ခများမှ အမြန်လွတ်ကင်းခြင်းဖြစ်ပေသည်။

[ အတ်မဒ်ကျမ်း ]

အနတ်စ်(ရသေ့) သခင်က ဆင့်ပြန်ခဲ့သည်၊ တမန်တော်မြတ်(ဆွလ္လလ္လာဟု) က မိန့်တော်မူသည်မှာ သေခြင်းသည် ငါရစူလ်ထံတော်တွင် မိခင်၏ဝမ်းတွင်း (ကျဉ်းကြပ်ခြင်း အမှောင်ထု)မှ လူ့ဘောင်လောကသို့ ချဉ်းနင်းဝင်ရောက်လာသော ကလေးပမာဖြစ်သည်။

[ တိရ်မေဇီကျမ်း ]

အလ္လာဟ်အရှင်မြတ်နှင့် မိမိ၏အကြားအလယ်တွင် ကောင်းမှုကုသိုလ်များပြည့်ဖြိုးထားသော ပုဂ္ဂိုလ်များအတွက်မူကား သေခြင်းသည် ၎င်းပုဂ္ဂိုလ်များအတွက် အကောင်းဆုံးဖြစ်ပေသည်။ ထိုသို့သော ပုဂ္ဂိုလ်များသည် လောကစည်းစိမ်ထက် သေခြင်းကို အသားပေးကြသည်။ ဤလူ့ဘောင်၏ ဒုက္ခ သုခများမှ အမြန်လွတ်ကင်း၍ အေးငြိမ်းသာယာသောဌာနသို့ အမြန်ရောက်လိုကြပေသည်။

အဘူဟုရိုင်ရဟ်(ရသေ့)သခင်အား ပုဂ္ဂိုလ်တစ်ဦးက “ အဘယ်ကိုသွားမည်နည်း” ဟုမေးရာ သခင်က၊ ‘ ဈေးသွားမည်’ ဟုဖြေရာ ကျွန်တော့်အတွက် သေခြင်းကို ဝယ်ခဲ့ပါဟုဆိုလေသည်၊ ဆိုလိုရင်းမှာ ကျွန်ုပ်သည် ဤလူ့ဘောင်တွင် နေရန် မလိုလား မနှစ်မြို့၊ သေခြင်းကို ရွှေ ငွေနှင့်ဝယ်၍ရလျှင် ဝယ်ချင်သည်ဟု ဆိုခြင်းပင်ဖြစ်သည်။

အဘူဟုရိုင်ရဟ်(ရသေ့)သခင်က ဆင့်ပြန်ခဲ့သည်။ ရစူလွလ္လာဟ်ကိုယ်တော်က မိန့်သည်မှာ ဖွရစ်ရှ်တာ ကောင်းကင်တမန်များသည် မုအ်မင်န်၏ဝိညာဉ်ကို မုအ်မင်န် ဝိညာဉ်များနေထိုင်ရာဌာန၊ အင်လ်လီယီးန်သို့ ဆောင်သွားကြရာ၊ အင်လ်လီယီးန်တွင်ရှိနေကြသော ဝိညာဉ်များက လိုက်လှဲစွာ ခရီးဦးကြိုပြုကြသည်။ လောကတွင် ပျောက်ဆုံးနေသော ဆွေမျိုးရင်းခြာတစ်ဦးအား တစ်ဖန်ပြန်တွေ့ရမည့် ပျော်ရွှင်မှုမျိုးထက် ဝိညာဉ်လောကတွင် တွေ့ရသည့် ပျော်ရွှင်မှုက ပိုမိုလေသည်။

လတ်တလောရောက်ရှိလာသော ဝိညာဉ်အား လောကတွင်ရှိစဉ်က သိကျမ်းကြသည့် ဆွေမျိုးမိတ်သင်္ဂဟများက မသေဘဲလောကတွင် ရှိနေသူများ၏အဖြစ်သနစ် နေပုံထိုင်ပုံ၊ ဘာသာရေးလိုက်စား ဆောက်တည်မှု၊ မဆောက်တည်မှုများကို နာမည်နှင့်

တကွမေးမြန်းကြလေသည်။ လတ်တလောသေသူ၏ဝိညာဉ်သည် ၎င်းသိသမျှ ပြန်ပြောပြလေသည်။ မည်သူမည်ဝါ မရှိတော့ပြီ၊ သေသွားပြီဟုပြောလျှင် ၎င်းတို့သည် ဝမ်းနည်းလျက် ဤသို့ဆိုလျှင် ၎င်းသည် ကျွန်ုပ်တို့နှင့်မတွေ့ရသဖြင့် ဂျဟန္နမ်သို့ ရောက်သွားပြီဟု ယူဆကြသည်။

(အဟ်မဒ်နှင့် နေစာအီကျမ်း)

ရစူလွလ္လာဟ်(ဆွလ္လလ္လာဟု)ကိုယ်တော်က မိန့်သည်မှာ-

" ကေန်မုချ သင်တို့ပြုမူဆောက်တည်သော ကောင်းမှု၊ မကောင်းမှုများအကြောင်းကို ဝိညာဉ်လောကတွင်ရောက်ရှိနေပြီဖြစ်သော ဆွေမျိုးများထံ သက်ဆိုင်ရာ ကောင်းကင်တမန်များက သတင်းပို့ကြသည်။ သင်တို့၏ကောင်းမှုကုသိုလ်ဆောက်တည်သော သတင်းကိုကြားရလျှင် ၎င်းသက်ဆိုင်ရာဆွေမျိုးများသည်ပျော်ရွှင်လျက် အို- အလ္လာဟ် အရှင်မြတ် ထိုသူတို့အပေါ် အရှင်မြတ်၏အသနားပင်ဖြစ်ပါသည်၊ အမြဲထာဝရ ထိုသူအား စောင့်ရှောက်ကယ်မတော်မူပါ၊ ထိုသူအား အီမာန်နှင့်နှုတ်သိမ်းတော်မူပါအရှင်ဟု ဒုအာပြုကြလေသည်။

အကယ်၍ အမိုက်မှောင်တွင် ဒုစရိုက်ဖြင့် နစ်မွန်းနေကြောင်း ကြားရလျှင် ဝမ်းနည်းကြလျက် အို-အလ္လာဟ်အရှင်မြတ် အရှင်မြတ်နှင့်နီးကပ်ခွင့်ရရန်အတွက် ၎င်းသူ၏စိတ်ကို အကောင်းဘက်သို့လှည့်ပေးတော်မူပါအရှင်ဟု ဒုအာပြုကြလေသည်။

( ဝကွဖ်ရာနီကျမ်း )

အဗ်ဗ္ဗလ္လာဟ်ဗင်န်န္နာဗစ်အ် (ရဟမသွလ္လာဟ်)သခင်က မိန့်သည်မှာ- မဒီနာမြို့တွင် ပုဂ္ဂိုလ်တစ်ဦးကွယ်လွန်ရာ၊ မဒီနာမြို့၌ပင် သင်္ဂြိုလ်ကြလေသည်။ လူတစ်ဦးက အိပ်မက်တွင် ၎င်းပုဂ္ဂိုလ်ကို ဂျဟန္နမ်ကျမည့်သူများတွင် မြင်ရသဖြင့် စိတ်မကောင်းဖြစ်နေသည်၊ ခုနစ်ရက်ခန့်အကြာတွင် ၎င်းပုဂ္ဂိုလ်အား ဂျန္နတ်သုခဘုံနန်းသို့ စံရမည့်သူများတွင် အိပ်မက်၌မြင်ရသဖြင့် ၎င်းပုဂ္ဂိုလ်အားအကြောင်းကို မေးကြည့်ရာ ကျွန်ုပ်၏အနီးအပါးတွင် သူတော်ကောင်းတစ်ပါး မြုပ်နှံခဲ့ကြသည်၊ ထိုသူတော်စင်၏ ဘရိကတ်ဒုအာဖြင့် အနီးအပါးရှိ လူပေါင်း(၄၀)သည် ချမ်းသာလွတ်ကင်းခွင့်ရကြသည်၊ ထိုသူများတွင် ကျွန်ုပ်လည်း ပါဝင်သည်ဟုမိန့်ဆိုလေသည်။

( အစ်ဗ်နို့အဗ်ဒ်ဒွန္နယာကျမ်း )

အဗ်ဗါးစ်သခင်၏သားတော် အဗ်ဒုလ္လာဟ် (ရသွေ့)သခင်က မိန့်သည်မှာ ရစူလွလ္လာဟ်(ဆွလ္လလ္လာဟု)ကိုယ်တော်၏ ဆွဟာဗာသခင်တစ်ပါးသည် ကဗရ်တစ်ခု ပေါ်၌ တဲထိုး၍နေ၏။ ၎င်းသည်အောက်တွင် ကဗရ်ရှိမှန်းမသိပေ၊ ကဗရ်အတွင်းမှ လူတစ်ဦးသည် 'စူရာဟ် တဗာရကလ်လဇီ' အဆုံး ဖတ်နေသည်ကို ကြားရသဖြင့် ရစူလွလ္လာဟ်(ဆွလ္လလ္လာဟု)ကိုယ်တော်ထံခစား၍ အကြောင်းစုံကိုလျှောက်ရာ ကိုယ်တော်က ဤစူရာဟ်သည် ကဗရ်၏အဇဗ်အပြစ်ဒဏ်ကို တားမြစ်သည်ဟု မိန့်တော်မူလေသည်။

(တိရ်မေဇီကျမ်း)

ရောင်သွင်ရဲ့ရေယာကျမ်းရှင်ကရေးသည်မှာ လူအများ 'ဓိယာရတ်'ပြသော ကဗရ်တစ်ခုကို မြို့တစ်မြို့တွင် ကျွန်ုပ်မြင်တွေ့ခဲ့သည်၊ မြို့နေသူတို့အား ထိုကဗရ်အကြောင်းကို မေးကြည့်ရာ ၎င်းတို့ကပြောပြသည်မှာ ခရီးသည်ပဂ္ဂိုလ်တစ်ပါးသည် ကျွန်တော်တို့မြို့သို့ ရောက်လာပြီး မကျန်းမမာဖြစ်ကာ ရက်အတန်ကြာသောအခါ ကွယ်လွန်သွားသည်၊ မြို့နေလူရွယ်တစ်ယောက်သည် ထိုပုဂ္ဂိုလ်နှင့်သိကျွမ်းသည်၊ ထိုလူငယ်က ကဖွာန်အဝတ်များကိုစိုက်ထုတ်၍ သင်္ဂြိုလ်လိုက်လေသည်။ ထို့နောက်ညတွင် လူရွယ်သည် ထိုပုဂ္ဂိုလ်ကို အိမ်မက်၌မြင်မက်လေသည်၊ ထိုပုဂ္ဂိုလ်သည် ပိုးထည်တစ်စုံကိုကိုယ်တွယ်ပြီး ကဗရ်မှ ထလာသည်၊ သင် 'ကဖွာန်'ဝတ်ပေးသောအဝတ် အစား ဤအထည်ကို ယူကုန်ဟု လူရွယ်အားမိန့်ပြီး လူရွယ်လက်သို့ ထိုပိုးထည်ကိုပေးလေသည်၊ လူရွယ်သည် အိပ်ရာမှ နိုးထသောအခါ လူရွယ်၏လက်၌ တစ်ကယ်ပင်ရှိနေလေသည်။

ဤနည်းနှင်နှင်ဖြစ်ရပ်တစ်ခုအားရေးသားဖော်ပြပါမည်၊ အလ္လာဟ်အရှင်မြတ်၏ သီးခြားသော ဗန်ဒါသူတော်စင်တစ်ပါးမှာ ဂျုသာမ်ကိုယ်ရေးပြားရောဂါဖြစ်ခဲ့သည်၊ နောက်ဆုံးသခင့်ခြေလက်များ ပြုတ်သွားပြီး မျက်လုံးအစုံလည်း ကွယ်သွားသည်။ ရက်အတန်ကြာ သခင်၏မိတ်ဆွေတစ်ဦးက ဂရုစိုက်ခဲ့၏။ လိုအပ်သောပစ္စည်းများကို ပေးခဲ့သည်။ ထို့နောက် မပြုစုတော့ဘဲ လုံးဝမေ့သွားခဲ့ပါသည်။ ရက်အတန်ကြာပြီးနောက် သတိရသဖြင့် သခင့်ထံသွားပြီး မေ့လျော့ပစ်ထားမိခဲ့သည်ကို တောင်းပန်သည်၊ သခင်ကမိန့်သည်မှာ အလ္လာဟ်အရှင်မြတ်၏အုပ်ထိန်းကြည့်ရှုတော်မူခြင်းထက် မည်သူမျှ ပို၍ကြည့်ရှုမစောင့်ရှောက်နိုင်ကြ၊ ထိုအသျှင်သည် ကျွန်ုပ်အား အချိန်မရွေး ဂရုစိုက်တော်မူပြီး မေ့လျော့ပစ်ထားခြင်းပြုတော်မမူပေ။

ထို့နောက် ရက်တန်ကြာ ရှင်နေတော်မူပြီး ကွယ်လွန်သွားတော်မူသည်။ ထိုမိတ်ဆွေ၏ထံတွင် အဝတ်ပိုရှိရာ ထိုအဝတ်ဖြင့် ကဖွာန်ထုတ်၍ သင်္ဂြိုလ်လိုက်လေသည်။ သခင်၏မိတ်ဆွေသည် သခင့်ကို အိပ်မက်၌ မြင်တွေ့သည်။ သခင်သည် ချောမောလှပစွာဖြင့် ကြွလာတော်မူသည်၊ သခင်၏လက်တွင် ကဖွာန်ထုပ်ပေးလိုက်သော အဝတ်စကိုကိုင်လျက် သင်သည် ကဖွာန်အဝတ်ပေးရာတွင် တွန့်တိုမှုပြုခဲ့သည်။မိမိ၏ ကဖွာန်အဝတ်ကို ပြန်ယူကုန်၊ ကျွန်ုပ်မှာ မလိုအပ်၊ ကျွန်ုပ်မှာ ဂျန္နတ်၏ပိုးထည်ပိုးပြောက် ထည် ကဖွာန်ရပြီဟု . မိန့်လေသည်။ ကဖွာန်အဝတ်စပေးသူက ပြောသည်မှာ ကျွန်ုပ်သည်အိပ်ရာမှထသောအခါ ထိုကဖွာန်စသည် ကျွန်ုပ်ခေါင်းရင်းတွင် ရှိနေသည်ကို တွေ့ရသည်။

အေမာမ်အဟ်မဒ်ဗင်န်ဟန်ဗလ်(ရဟမတွလ္လာဟ်)သခင်သည် 'ဝဖွာတ်'ဖြစ် ကွယ်လွန်တော်မူရာ၊ တပည့်တစ်ဦးက အိပ်မက်တွင် ပျော်ရွှင်၍လမ်းလျှောက်နေသည်ကို မြင်၍မေးရာ၊ ဂျန္နတ်တွင် ဒီန်သာသနာကို ဖြန့်ချိသော 'ခါဒင်မ်'များ ဤသို့ပင် သွားလာကြသည်ဟု မိန့်လေသည်။ အလ္လာဟ်အသျှင်မြတ်ကသခင့်အား မည်သို့ပြုပါ

သနည်းဟု တပည့်ကမေးရာ၊ ကျွန်ုပ်ကို အလ္လာဟ်အရှင်မြတ်က လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူ၍ ရွှေဖိနပ်နှစ်ဖက်စီးရန်ပေးတော်မူပြီး ဂျန္နတ်တွင် သွားလိုရာ သွားကုန်ဟု အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်ဟု သခင်ကမိန့်လေသည်၊ ဆက်လက်၍ မိန့်သည်မှာ ကျွန်ုပ်သည် ဂျန္နတ်သို့ဝင်သွားရာ စွဖ်ယာန်အောင်ရီသခင်အား တွေ့ရသည်။ သခင်မှာ စိမ်းစိုသော တောင်ပံနှစ်ခုရှိသည်။ သခင်သည် ဂျန္နတ်၌ သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ပျံသန်းသွားလာနေသည်။

အချို့ပုဂ္ဂိုလ်များမှသိရသည်မှာ ကျွန်ုပ်သည် ရှိုက်ခ်အဘူအစ်ဟာက်ရှီရာဇီ (ရဟမတွလ္လာဟ်)သခင်ကိုကို ကွယ်လွန်ပြီးနောက် အိမ်မက်၌မြင်မက်သည်မှာ၊ သခင်သည် အလွန်ဖြူဖွေးသောအဝတ်ကို ဝတ်လျက်၊ ခေါင်းတွင်လည်း မကိုဋ်ဆောင်းလျက်ရှိနေတော်မူသည် ကျွန်ုပ်က ဤအဝတ် အဘယ်အတွက်ရပါသနည်းဟုမေးရာ၊ ဤအဝတ်ကို အေဗာဒတ်ခဝတ်မှုပြုသည့်အတွက်ပေးတော်မူခြင်းဖြစ်သည်ဟု မိန့်တော်မူသည်။ ကျွန်ုပ်က မကိုဋ်ကို အဘယ်အတွက်ရပါသနည်းဟုမေးရာ မကိုဋ်သည် အီလင်မ်ဘာသာရေးပညာအတွက်ရခြင်းဖြစ်သည်ဟု မိန့်လေသည်။

အခြားပုဂ္ဂိုလ်တစ်ပါးက မိန့်သည်မှာ ကျွန်ုပ်သည် မအ်ရှူးဖ်ကရ်ခီ (ရဟမတွလ္လာဟ်)သခင်အား အိပ်မက်၌မြင်သည်မှာ သခင်သည် အလ္လာဟ်အရှင်မြတ်၏ အရှ်တော်အောက်၌ရှိနေသည်၊ ၎င်းအလ္လာဟ်အရှင်မြတ်က ဖွရစ်ရှ်တဟ်များအား ဤသူမည်သူနည်းဟု မေးတော်မူရာ 'ဖွရစ်ရှ်တဟ်'များက" အို- မွေးမြူဖန်ဆင်းတော်မူသောအရှင်၊ အရှင်သာသိတော်မူပါသည်ဟု လျှောက်ကြသည်၊ ထိုအခါ အရှင်မြတ်က မိန့်တော်မူသည်မှာ " ဤသူသည် မအ်ရှူးဖ်ကရ်ခီဖြစ်သည်၊ ၎င်းသည် ငါအရှင်မြတ်အား ချစ်ခင်ဓာအားကြီးပြီး သတိလစ်နေလေ့ရှိသည်၊ ယခု ငါအရှင်မြတ်အား ဒီဒါရ်ဖူးမြှော်ရမှသာ သတိရမည်ဖြစ်သည်။

ရဗီအ်မင်န်ဂိုလိုင်မာနီ (ရဟမတွလ္လာဟ်)သခင်က မိန့်သည်မှာ ' ကျွန်ုပ်သည် အေမာမ်ရာဖွေအီ(ရဟမတွလ္လာဟ်)သခင်ကို အိပ်မက်၌ မြင်မက်၍ အလ္လာဟ်အရှင်မြတ်က သခင့်အား မည်သို့ပြုပါသနည်းဟု မေးလျှောက်ရာ သခင်ကမိန့်သည်မှာ ကျွန်ုပ်အား အလ္လာဟ်အရှင်မြတ်က 'နူရီ'၏ထိုင်ခုံပေါ်တွင်ထိုင်စေတော်မူပြီး အကောင်းဆုံးသောပုလဲ ကြဲချပေးတော်မူလေသည်။

ရှိုင်ခ်အဘူစအီးဒ် (ရဟ်မတွလ္လာဟ်)သခင်က မိန့်သည်မှာ ကျွန်ုပ်သည် "မက္ကာဟ်'မြို့မှ ထွက်လာရာ လူပျိုတစ်ယောက်၏အလောင်းကို မြင်တွေ့သဖြင့် အနီးသို့သွားပြီး သေချာစွာ သေသူ၏မျက်နှာကိုကြည့်ရာတွင် ၎င်းသေသူကပြုံးပြီး မိန့်သည်မှာ အို- အဘူစအီးဒ်သင်မသိပါသလော၊ အလ္လာဟ်အရှင်မြတ်အား ချစ်ခင်သူများသည် အမြင်အားဖြင့် သေနေကြသော်လည်း အမှန်မှာ သေကြသည်မဟုတ်ပေ။ လောကတစ်ခု (ဒွန္နယာမှ)ဘာရ်ဇခ်လောကသို့ ပြောင်းရွှေ့သွားခြင်းသာဖြစ်သည်။

ရှိုင်ခ်အဘူယအ်ကူဗ်စနူစီ (ရဟ်မတွလ္လာဟ်)သခင်က အထက်ပါအတိုင်း အဖြစ်အပျက်တစ်ရပ်မိန့်သည်မှာ 'မက္ကဟ်'မြို့တော်၌ ကျွန်ုပ်ထံတွင် တပည့်တစ်ဦး လာသည်၊ ၎င်းထိုသူက ကျွန်ုပ်အား 'ဒီနာရ်' ရွှေဒင်္ဂါးတစ်ပြားပေး၍ ကျွန်တော်နက်ဖြန်သေမည်၊ သင်္ဂြိုလ်စရိတ်ကို ဤရွှေဒင်္ဂါးသုံးပါဟုပြောသည်၊ နောက်နေ့ 'ဇုဟ်ရ်' ဆွလာတ်အချိန်တွင် ၎င်းသူသည် 'မိုင်တွလ္လာဟ်'ကို 'တွဝါဖ်'လှည့်ရင်း ရှေ့နားရောက်သောအခါ လဲကျသေဆုံးသွားသည်၊ ကျွန်ုပ်သည် ၎င်းသူကို 'ဂုတ်စွလ်' ပေးပြီး မြှုပ်နှံသင်္ဂြိုလ်လိုက်သည်၊ မြှုပ်နှံရာတွင် အံ့သြဖွယ်ဖြစ်ရပ်တစ်ခုပေါ်ပေါက်လာသည်၊ ၎င်းသူအား ကဗရ်အတွင်းသို့ချသောအခါ ၎င်းကမျက်လုံးဖွင့်လိုက်သည်၊ ကျွန်ုပ်ကသေပြီးပြန်ရှင်နေတာလားဟုမေးရာ၊ ၎င်းက ကျွန်တော်ရှင်လျက်ပင်ရှိပါသည်၊ အလ္လာဟ်အရှင်မြတ်အား ချစ်သောသူများသည် သေသည်မရှိပါဟုဆိုလေသည်။

'ဖွာရစီ'ကဗျာတစ်ပုဒ်တွင်လာရှိသည်မှာ၊ အကြင်သူ၏စိတ်သည် အလ္လာဟ်အရှင်မြတ်အား ချစ်ခင်စွဲမက်လျက် ရှင်နေလျှင် ထိုသူသည် အလျှဉ်းသေမည်မဟုတ်ပေ။

ရှိုင်ခ်အဗ်နို့ဂျလီလ်(ရဟ်မတွလ္လာဟ်)သခင်က မိန့်သည်မှာ ကျွန်ုပ်၏ဖခင်ကွယ်လွန်သေဆုံးသောအခါ၊ ရေချိုး 'ဂုတ်စွလ်'ပေးရန် ခုံပေါ်တင်သောအခါ ပြုံးနေတော်မူသည်၊ ဖခင်ပြုံးနေသည်ကိုမြင်ပြီး လူတို့ကအသက်ရှင်လျက်ရှိသည်ဟု ထင်ရပြီး 'ဂုတ်စွလ်'ပြု ရေချိုးမပေးတော့ပဲ ရှိနေကြသည်၊ နောက်ဆုံးတွင်ဖခင်၏မိတ်ဆွေတစ်ဦးကလာပြီး ရေချိုး 'ဂုတ်စွလ်'ပြုပေးလေသည်။

ရောင်သွာရ်ရယာဟီဒ်ကျမ်းကရေးသည်မှာ အမျိုးသမီးတစ်ဦးသေဆုံးရာတွင် ရေချိုးရန်အတွက် ခုံပေါ်တင်ပြီး ရေချိုး 'ဂုတ်စွလ်'ပြုပေးမည့် အမျိုးသမီးတစ်ဦးက သေသူ၏လက်သည်းကို ဖြတ်ရာ အသားကို ထိသွားသဖြင့် သေသူကလက်ကို နောက်သို့ ဆုတ်ပစ်လိုက်လေသည်၊ 'ဂုတ်စွလ်'ပြုပေးသောအမျိုးသမီးက ကျွန်ုပ်ကို ကိုယ်တိုင်ပြောပြသည်မှာ " ထိုသူမသည် 'ဂုတ်စွလ်'ရေချိုးခုံပေါ်တွင် ပြုံးနေလေသည်။

ရှိုင်ခ်အဘူအစ်ဟက် ခဇာရီ (ရဟ်မတွလ္လာဟ်)သခင်က မိန့်သည်မှာ–

" တစ်ဦးသောသူသည် ကျွန်ုပ်ထံလာရောက်တွေ့ဆုံလေ့ရှိသည်၊ ၎င်းသည် မျက်နှာတစ်ခြမ်းကို အမြဲဖုံးအုပ်ထားသည်၊ တစ်နေ့တွင် ကျွန်ုပ်ကအကြောင်းကိုမေးရာ မည်သူကိုမှ မပြောလျှင် ပြောပြမည်ဆိုသဖြင့် ကျွန်ုပ်က မပြောပါဟု ကတိပေးလိုက်သည်၊ ၎င်းက ပြောပြသည်မှာ ( ကတိပေးထားရသဖြင့် ၎င်း၏နာမည်ကို မဖော်တော့ပါ)။

' ကျွန်တော်သည် သေသူများ၏ ကဖွာန်ပိတ်များကို ခိုးယူ၍ အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည်။ တစ်နေ့တွင် အမျိုးသမီးတစ်ဦးမြှုပ်ရာတွင် ကျွန်တော်သည် တိတ်တဆိတ် 'ကဗရ်'သချိုင်းသို့သွားပြီး မြေပုံကိုဖော်ကာ ကဖွာန်ပိတ်ကို ဆွဲယူသည်၊

ဆွဲမရသဖြင့် ဒူးနှစ်ဖက်ကိုထောက်၍ ကုန်းပြီးဆွဲခဲ့သည်၊ ထိုအခိုက်တွင် ရပ်ဘာရက် သေသူအမျိုးသမီးက ကျွန်တော်၏ပါးကို အားကုန်ရိုက်လိုက်ရာ ကျွန်တော်၏ပါးတွင် လက်ငါးချောင်းရာ ထင်သွားသည်၊ ကျွန်တော်သည် ကဗရ်မြေပုံမှ အုတ်စိမ်းများ ကဖွာန်စသည်တို့ကို စနစ်တကျဖုံးဖိပြီး ပြန်လာခဲ့သည်၊ ထိုနေ့မှစ၍ နောက်နောက် ကဖွာန်ပိတ်မခိုးတော့ပါဟု အလ္လာဟ် အရှင်မြတ်ထံ 'တောင်ဗဟ်'ပြုအမှား ဝန်ခံခဲ့ သည်၊ ကျွန်တော်၏ပါးတွင် လက်ငါးချောင်းရာသည် ယခုတိုင်ရှိနေသေးသဖြင့် မျက်နှာတစ်ခြမ်းကို ဖုံးထားခြင်းဖြစ်ပါသည်။

ဤနည်းနှင့်နှင့်ဖြစ်ရပ်တစ်ခုလာရှိသည်မှာ 'ရှိက်ခ်'ဆရာတစ်ပါးသည် သေသူတပည့်အား 'ဂွတ်စွလ်'ပြုရေချိုးပေးရာ သေသူတပည့်က ဆရာ၏လက်မကို ဆွဲကိုင်ထားသည်၊ ထိုအခါဆရာက သေသူတပည့်အားမိန့်သည်မှာ " အို- ချစ်သား ကျုန်ုပ်၏လက်မကို လွတ်ကုန်၊ သင်မသေကြောင်း ကျွန်ုပ်သိသည်သာမက၊ လောက (အာလမ်)တစ်ခုမှ အခြားလောက (အာလမ်)တစ်ခုသို့ ပြောင်းသွားခြင်းသာဖြစ်သည်။

ရောင်သွရ်ရယာဟိန်ကျမ်းရှင်ကရေးသည်မှာ-

" ကျွန်ုပ်သည် အိပ်မက်၌ ကဗရ်တစ်ခုပွင့်ဟနေသည်ကို တွေ့မြင်ရသဖြင့် ကဗရ်အတွင်းသို့ဝင်သွားရာ ကဗရ်သည် အလွန်ကျယ်ဝန်းပြီး ရာဇပလ္လင်တိုင်များ ကိုသာလျှင် တွေ့မြင်ရသည်၊ ကျွန်ုပ်သည် အပေါ်သို့မော့ကြည့်ရာ တိုင်သည် အလွန်မြင့်မားပြီး ရာဇပလ္လင်တစ်ခုကိုတွေ့ရသည်၊ ထိုရာဇပလ္လင်ပေါ်တွင် လူတစ်ယောက် ထိုင်နေသည်၊ ကျွန်ုပ်သည် ဤအဖြစ်ကိုမြင်ပြီး လောကသားများသည် သက်သာမှု ရှာလွန်းကြသည်၊ သေသူများကိုပင် ကဗရ်၌ ရာဇပလ္လင်ထားပေးကြသည်ဟုပြောရာ ထိုပုဂ္ဂိုလ်က ကျွန်ုပ်၏အသံကိုကြားပြီး အပေါ်သို့ခေါ်ယူသည်၊ ကျွန်ုပ်သည် အပေါ် သို့ရောက်သွားရာ၊ ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်၏မိခင်ဖြစ်နေသည်ကိုတွေ့ရသဖြင့် ကျွန်ုပ်က 'စလာမ်'ပေး နှုတ်ခွန်းဆက်လိုက်သည်၊ မိခင်က ကျွန်ုပ်အိပ်မက်မြင်မက်စဉ်က အသက်ထင်ရှားရှိနေကြသော မောင်နှမများအကြောင်းကိုမေးသည်၊ သေလွန်သွားကြ သောသူများအကြောင်းကို မမေးပေ။ ထိုသို့မမေးသဖြင့်သိရသည်မှာ သေသူများသည် အခြားသေသူများအကြောင်းကို သိကြပေသည်၊ မသိပါက သေသွားသူများအကြောင်း ကိုလည်း ကျွန်ုပ်အားမေးမည်ဖြစ်သည်။ "

ရောင်သွရ်ရယာဟိန်ကျမ်းရှင်က ဤသို့အဖြစ်တစ်ရပ်ရေးသည်မှာ-

" ကျွန်ုပ်သည် ဆရာသခင်ကို သူကွယ်လွန်ပြီးနောက် အိပ်မက်မြင်မက်သည်မှာ ဆရာသခင်၏ခြေ၌ ရွှေတစ်ဝက် ငွေတစ်ဝက်ဖြင့် ပြုလုပ်ထားသော ခြေကျင်းရှိနေသည်၊ ဆရာသခင်သည် မော်ကြွား၍ လမ်းလျှောက်နေသည်၊ ကျွန်ုပ်က အဘယ်ကြောင့် ဤသို့လျှောက်နေပါသနည်းဟုမေးရာ ဤလောကဘာရ်ဇခ်တွင် ဤသို့သွားပိုင်ခွင့်ရှိ သည့်စည်းစိမ် 'ရဟ်မတ်'တော်များကို မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်က

ပေးသနားတော်မူသဖြင့် မော်ကြွားနေခြင်းဖြစ်သည်ဟု မိန့်တော်မူလေသည်။

ရှိက်ခ်အဘွလ်ဟဆန်ရှာသလီ (ရဟမတွလ္လာဟ်)သခင်က မိန့်သည်မှာ၊ ကျွန်ုပ်သည် ရစူလွလ္လာဟ် (ဆွလလ္လာဟု)ကိုယ်တော်အား ဤသို့မိန့်တော်မူသည်ကို မြင်မက်သည်။

မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် မူစာ (အလိုင်ဟစ္စလမ်)သခင်နှင့် အီစာ (အလိုင်ဟစ္စလမ်)သခင်တို့ရှေ့တွင် ဂုဏ်ယူသောသဘောဖြင့် သင်တို့၏ 'အွမ္မတ်'တပည့်များတွင် 'အေမာမ်ဂဇာလီ'ကဲ့သို့သောသူ ရှိပါ၏လောဟု 'အေမာမ်ဂဇာလီ'ကို တင်ပြလေသည်။

ဒလာအေ့လွန်နဘူဝပ်ဘ်ကျင်းတွင် ရေးသားပါရှိသည့် ဆွဟာဗီ (ရသွေ့)သခင် တစ်ပါးသည် မြှုပ်နှံရန်အတွက် ကဗရ်တွင်းတူးလေရာ ဘေးရှိကဗရ်အဟောင်းမှ အုတ်စိမ်းတစ်ခဲ ပြိုကျသွားရာ၊ ထိုအပေါက်မှနေပြီးမြင်တွေ့ရသည်မှာ ပုဂ္ဂိုလ်တစ်ပါးသည် ရာဇပလ္လင်ခုံပေါ်ထိုင်ပြီး ကုရ်အာန်ကျမ်းတော်ဖွင့်၍ဖတ်နေသည်။ မျက်နှာတွင် ဒဏ်ရာရှိသည်၊ ၎င်းပြင် ဥယျာဉ်ကလေးလည်းရှိလေသည်၊ မျက်နှာမှ ဒဏ်ရာကို မြင်ရသဖြင့် 'ရှဟီဒ်'အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် အသက်ပေးသွားသူဖြစ်ကြောင်း သိရသည်၊ ဤဖြစ်ရပ်သည် အိုဟွဒ်တောင်အနီး၌ တွေ့ရခြင်းဖြစ်သည်။

ပုဂ္ဂိုလ်တစ်ပါးထံမှသိရသည်မှာ ထိုပုဂ္ဂိုလ်၏သားသည် ရှဟီးဒ်ဖြစ်၍ သေဆုံးခဲ့လေသည်၊ ထိုပုဂ္ဂိုလ်သည် ရဗရစ်ဗ်နို့အဗ်ဒွလ်အဇီးဇ် (ရဟ်မတွလ္လာဟ်)သခင် ကွယ်လွန်သောညကမှ သားကိုအိပ်မက်မြင်မက်လေသည်၊ ထိုပုဂ္ဂိုလ်ကသားအား အသင်မသေလောဟုမေးရာ၊ သားက ကျွန်တော်သေသည် မဟုတ်ရုံသာမက ရှဟီးဒ်ဖြစ်ခြင်းသာဖြစ်သည်။ ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ရှင်လျက်ပင်ရှိသည်၊ ရိဇိရိက္ခာများလည်း ရရှိနေသည်ဟုပြောသည်၊ ဘယ်အတွက်လာသနည်းဟုမေးရာ မိုးကောင်းကင်ရှိသူများ နဗီသခင်များ၊ ရှဟီဒ်များ၊ သူတော်စင်များသည် ရဗရစ်ဗ်နို့အဗ္ဗဒွလ်အဇီးဇ်၏ ဂျနာဇဟ်ဆွလာတ်တွင် ပါဝင်ရမည်ဟု ဆော်ဩသောကြောင့် ဂျနာဇဟ်ဆွလာတ်ဖတ်ရန် လာခြင်းဖြစ်ပါသည်။ တစ်ဆက်တည်းဖခင်ကို စလာမ်ဆိုရန် လာရောက်ခြင်းဖြစ်သည်ဟု သားကဆိုလေသည်။

အချို့ပုဂ္ဂိုလ်များမှသိရသည်မှာ " ကျွန်ုပ်သည် ကဗရ်ရှိလူများ၏အဖြစ်များကို သိလိုသဖြင့် အလ္လာဟ်အရှင်မြတ်ထံသို့ခွင့်ပြုရန် ဒုအာ တောင်းခံခဲ့သည်။ သို့ရှိရာတွင် တစ်ညတွင် ကျွန်ုပ်အိပ်မက်မြင်မက်သည်မှာ ကိယာမတ်ဖြစ်ပြီး ကဗရ်များ ကွဲအက်၍ သွားသည်၊ အချို့သည် ရွှေချည်ထိုးအခင်းများပေါ်တွင် ဓိမ်ယူ၍ထိုင်နေကြသည်။ အချို့သည် ပိုးထည်အခင်းပေါ်တွင် လှဲနေကြသည်။ အချို့သည် ပိုးပြောင်ထည် အစိမ်းပေါ်တွင်ရှိသည်၊ အချို့သည် ရာဇပလ္လင်ခုံတွင် ထိုင်နေကြသည်၊ အချို့သည် ပန်းမွေ့ယာပေါ်တွင် ဓိမ်ယူနေကြသည်၊ အချို့သည် ရယ်နေကြသည်၊ အချို့သည်

ငိုနေသည်ကိုမြင်ရသည်။

ကျွန်ုပ်သည် ဤအချင်းအရာကိုမြင်ပြီး အို– အလ္လာဟ်အရှင်မြတ် အားလုံးကို တစ်ညီတစ်ညွတ်တည်းပြုပေးပါဟုဆိုရာ၊ ၎င်းတို့အနက်တစ်ဦးက အညီအမျှ မဖြစ်နိုင်၊ တစ်ယောက်တစ်ယောက်၏ 'အမလ်'သည် တစ်မျိုးစီဖြစ်သည်ဟု အော်ဟစ်၍ ပြောလေသည်။

ထို့နောက် အကျယ်ပြောပြသည်မှာ ရွှေခြည်ထိုး အခင်းရသူများသည် စာရိတ္တ ကောင်းမွန်သူများဖြစ်ကြသည်၊ ပိုးထည်၊ ပိုးပြောင်ထည် ရရှိသူများသည် 'ရှဟီဒ်' များဖြစ်ကြသည်၊ ပန်းမွှေ့ယာရရှိသူများသည် 'ဆွီယာမ်'စောင့်သူများဖြစ်ကြသည်၊ ရယ်နေသူများသည် တောင်ဗဟ်ပြုအမှားဝန်ခံသူများဖြစ်ကြသည်၊ အဆင့်အတန်းမြင့်သော ရာဇပလ္လင်ပေါ်ထိုင်နေကြသူများသည် အချင်းချင်း အလ္လာဟ်အရှင်မြတ်အတွက် သက်သက် အချစ်ထားသူများဖြစ်ကြသည်။

မော်လာနာအာရှစ်က်အေလာဟီသခင်၏ 'အဟ်ဝါလေ့ဘရ်ဇခ်'ကျမ်းကို အမှီက ထား၍ မော်လာနာ မိုဟာမက် မူစာ (မန္တာဟောရီ)၏ဝိညာဉ်လောကကျမ်းဟုဘာသာပြန် ဆိုထားသော အစ္စလာမ့်အခြေပြု (၁) (၁၁)စောင်တွဲကျမ်းမှ ကောက်နုတ်ဖော်ပြပါသည်။

သခင်ကြီးဦးနှ၏ ၃၅ခန်း စေရာဂျက်ရှရအီကျမ်း၌လည်း အောက်ပါအတိုင်း ဝိညာဉ်နှင့်ပတ်သက်၍ ဖွင့်ဆိုထားကြောင်း တွေ့ရှိရပေသည်။

ဝိညာဉ်ကို 'ရှုဟ်'ဟုခေါ်သည်။ 'ရှုဟ်'အဓိပ္ပါယ်ကား အငွေ့၊ အမွှေး၊ အနံ့ ကိုလည်းဆိုသည်၊ လပ်ဆပ်စိမ်းစိုသည်ကိုလည်းဆို၏။ ဤအလိုကား အသေကောင် ရှင်စေတတ်သည်ကို ဆိုလိုသည်။

ဟဒီးဆ်တော်၏အဓိပ္ပါယ်ကား–

'ရှုဟိုဂျာရီ'သည် အိပ်ပျော်စဉ်ထွက်၏။ 'ရှုဟိုမိုကီမီ'မှာ မသေမီနေရာကမထွက်၊ 'ဂျာရီ'အဓိပ္ပါယ်ကား လှည့်ပတ်သည်ကိုဆို၏။ 'မိုကီမီ'အဓိပ္ပါယ်ကား အမြဲနေသည်ကို ဆို၏။ အိပ်စက်သည်တွင် ထွက်သည်ဟုဆိုသည်၊ ဆိုခြင်းလည်း ကိုယ်ပြင်သို့မထွက် နေရာကရွှေ့ပြောင်းသည်ကိုဆို၏၊ အကြောင်းကား (ရှုဟိုရိုင်ဟ)ဂျာရီမိုကီမီအွလ်ဝီ၊ စစ်ဖွလီဟူ၍ ခြောက်ထွေကွဲပြားခေါ်သည်။ ဝိညာဉ်သည် အခြားအခြားစီ ရှိသည်လား၊ မခြားပေါင်း၍စုလျှင် တစ်ခုသာလျှင် အရင်းဖြစ်သည်။ ဥပမာကား သစ်သီးတစ်လုံးတွင် အရောင် အနံ့ အရသာခေါ်သကဲ့သို့ ၎င်းကိုယ်လည်း ခေါ်သည်ဟုသာ မှတ်ရာ၏။ 'ဂျာရီ'အိပ်ပျော်စဉ်ထွက်သည်၊ 'မိုကီမီ'နေရာက မရွှေ့ဆိုပြီး၊ မချားလျှင် တစ်ဦး တောသွား၊ တစ်ဦးအိမ်နေ၊ အဘယ်ကြောင့်ဆိုသနည်း၊ ဥပမာကား– အင်ဖလားတို့ဖြင့် အိမ်တွင်း၌ ရေတည်ထားရာ၊ နေရောင်ရောက်လျှင် အရိပ်အရောင် တစ်နေရာ၌ လှုပ်ရှားရှိ၏။ အင်ဖလားမလှုပ်၊ ဝိညာဉ်အကြောင်းမှာ အလွန်သိမ်မွေ့လှပေ၏၊ ဗိုရကန်ကျမ်းမှာလည်း (အေရှာရာ)သာလျှင် ဗျာဒိတ်ရှိတော်မူ၏။

၎င်းအာယတ်တော်၏ အဓိပ္ပါယ်–

" ယာမုဟာမ္မဒ်(အလိုင်ဟစ္စလာမ်) မေးသောသူအားပြောလော့၊ 'ရူဟ်'မည်သည် အလ္လာဟို့အရှင်၏ ဗျာဒိတ်တော်မြတ် အမိန့်တော်ဖြစ်သည်" ဟူ၏။ တစ်ကြောင်းကား မုဟမ္မဒ်၊ နဗီအလိုင်ဟစ္စလာမ်သခင်က မိန့်တော်မူသည်မှာ–

" ရူဟ်မည်သည်ကား သန့်စင်သောရောင်ခြည်တော်ဖြစ်သည်၊ လူတို့၏ ဝိညာဉ်သည် လူပုံသဏ္ဍာန်ရှိ၍၊ တိရစ္ဆာန်တို့၏ ဝိညာဉ်သည် တိရစ္ဆာန်ပုံသဏ္ဍာန်ရှိသည်။ ဥပမာကား– ရေကိုအိုး၌ထည့်လျှင် အိုးသဏ္ဍာန်၊ တကောင်း၌ထည့်လျှင် တကောင်းသဏ္ဍာန်၊ ခွက်ဖလား၌ထည့်လျှင် ခွက်ဖလားသဏ္ဍာန်ရှိ၏၊ ဆင်ခြင်ရမည်မှာ သတ္တဝါတို့ကိုယ်၌ ဝိညာဉ်သည် ဦးခေါင်းမှ ခြေဖျားအထိ ပြည့်မှုရှိ၏၊ ၎င်းဝိညာဉ်ရှိ၍ သတ္တဝါတို့ရှင်သည်၊ ဝိညာဉ်မရှိလျှင် ငှက်ပျောတုံး၊ လက်ပံတုံးကဲ့သို့ သေကောင်ပုတ်ဖြစ်မည် ဝိညာဉ်ရှိ၍ သတ္တဝါတို့ရှင်သည်ကို ကေန်သိသကဲ့သို့ ဤမိုးမြေ၌ ရှိလေသမျှ ဖြစ်လေသမျှတို့သည် မြတ်စွာအရှင် ခိုဒါတစ်ပါးရှိ၍ နေ၊ လ၊ ကြယ်တို့ထွက်ပေါ်သည်၊ ဝင်သည်၊ လေသာသည်၊ မိုးရွာသည်၊ သစ်ပင်ပေါက်သည်၊ သစ်သီးသီးသည် ဖြစ်ဖြစ်သမျှဖြစ်ကြသည်များကို စောင်မတော်မူသော ဉာဏ်ပညာဖြင့်ဆင်ခြင်၍ ခိုဒါအရှင်မြတ်တစ်ပါးရှိသည်ကို ကေန်မုချသိကြလေကုန်၊ ပညာဟူသည်ကား အဘယ်အရာလည်း၊ ဟဒီးဆ်တော်က ဤသို့ဆို၏။

ပညာဟူသည် နူရီဖြစ်သည်၊ စိတ်နှလုံး၌တည်၏၊ အမှန်အမှား အကောင်းမကောင်းကို ခွဲပြားသိတတ်၏၊ သတ္တဝါတို့တွင် မြတ်သော (နိအ်မတ်)မည်သည်ကား ထွက်သက် ဝင်သက်'ဒမ်'ဖြစ်သည်၊ ထိုထွက်သက် ဝင်သက်'ဒမ်'နှင့်အမျှ ဖန်ဆင်းသောအရှင်အား တစ်ရှူတစ်အောင့်မလပ်စေရအောင် ရှုကုရ်ပြုလုပ်အောက်မေ့ ထိုက်၏။ ထွက်သက်ဝင်သက်'ဒမ်'သည် သုံးခုရှိ၏။ တစ်ခုအတွင်းသို့ဝင်၏၊ တစ်ခုအပြင်ထွက်၏၊ တစ်ခု ဦးခေါင်းကခြေလှည့်လည်၏။ နှာခေါင်းနှစ်ပေါက်ကိုလည်း လက်ယာ လက်ဝဲ လှည့်လှည်၍ထွက်သည်။ နှာခေါင်းနှစ်ပေါက်ကို အညီမထွက်၊ နှစ်ပေါက်ကိုအညီ နှစ်နာရီကျော် သုံးနာရီခန့်ထွက်လျှင်သေသည်၊ မရှင်ပြီ၊ နှာခေါင်း နှစ်ပေါက်တစ်ပြိုင်နက်ထွက်တတ်သည်မှာ ဝန်လေးစွာထမ်းပိုး၍ ပင်ပမ်းခိုက်၊ မေထုန်မှီဝဲ၍ပင်ပန်းခိုက်၊ အပြေးအလွှားကျူးလွန်၍ ပင်ပမ်းခိုက်၊ အလုပ်အဆောင် ကျူးလွန်၍ ပင်ပမ်းခိုက်များ၌ ထွက်တတ်သည်။ ယခုဆိုခဲ့သမျှတို့၌ မကျူးလွန်စေရ၊ ဆင်ခြင်အပ်၏၊ ပျိုခြင်း အိုခြင်း၏လက္ခဏာကိုလည်း ထွက်သက်ဝင်သက် 'ဒမ်'၌ သိသာ၏။ မအိုမနာ အသက်ရှည်အောင် ဤဒန်ကို ဆင်ခြင်တတ်သဖြင့်ဖြစ်နိုင်၏။ နည်းမှာ ဆရာရှာ၍ သိကြကုန်။ မအိုအောင်အဘယ်သို့ ဆီးတားနိုင်အံ့နည်း၊ နှစ်၊ လ၊ ရက်တို့ ရပ်၍နေသည်မဟုတ်၊ မအိုခြင်းမှာလည်း ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ မျက်စိမှုန်ခြင်း၊ နားထိုင်းခြင်း၊ အသားအရေတွန့်လိမ်ခြင်း၊ ပင်ပမ်းပျင်းရိခြင်း ထိုသို့ အိုသောလက္ခဏာကင်း၍ မအိုဆိုသည်၊ ထိုထွက်သက်ဝင်သက်ဒန်ကို ဆင်ခြင်

လေ့ရှိသော တိရစ္ဆာန်တို့လည်း မအို၊ အဘယ်ကြောင့်သိရသနည်း ဟူမူကား မြွေ၊ ကင်း၊ အိမ်မြှောင်၊ ပိုးဟတ်အစရှိသော တိရစ္ဆာန်တို့သည် အရေလဲသည်ကို အစွဲပြု၍ သိရသည်။ (သခင်ကြီးဦးနု၏ သုံးဆယ့်ငါးခဏ်းကျမ်းမှ ကောက်နှုတ်တင်ပြချက် ဖြစ်ပါသည်။ )

မစ်ရှ်ကာတ်ကျမ်းတွင် (အဟ်မဒ်ဗင်န်ဟန်ဗလ်)သခင် ရေဝါယတ်ပြုသော ဟဒီးဆ်တော်၌၊ အာအေရှာ်သခင်မ မိန့်တော်မူသည်မှာ ရစူလွလ္လာဟ်ကိုယ်တော်မြတ်၏သချိုင်းတော်ရှိသောအဆောင်သို့ ကျွန်ုပ်သည် အဝတ်ခြုံလွှမ်းခြင်း မပြုဘဲ သွားရောက်ခြင်းပြု၏။ ကျွန်ုပ်၏စိတ်၌ တစ်ပါးသောသခင်မှာ မိမိ၏ခင်ပွန်းဖြစ်၍ တစ်ပါးသော သခင်မှာ မိမိ၏ခမည်းတော်ဖြစ်ခြင်းကြောင့်တည်း၊ ဟဇရတ်အုမရ်သခင်ကို သင်္ဂြိုလ်ပြီးနောက် (ဝေါက်လ္လာဟ်) ကျွန်ုပ်သည် ထိုနေ့မှစ၍ အုမရ်ကိုရှက်ခြင်းကြောင့် ဦးခေါင်းရောကိုယ်ပါ လုံခြုံစွာ အဝတ်ဖြင့် လွှမ်း၍ ဇိယာရတ်ပြုရန် ဝင်ရောက်ခြင်း ပြုပါတော့သည်။ အထက်ပါ ဟဒီးဆ်တော်အရ အောက်ပါအချက်များကို သိရှိရလေသည်၊
(၁) သင်္ချိုင်းသို့ ဇိယာရတ်ပြုရန်သွားခြင်းသည် (မွတ်စ်တဟာဗ်) အကျိုးရှိသောအလုပ်ဖြစ်သည်။
(၂) နဗီသခင်များသည် သေပြီးနောက်လည်း ကြားမှု၊ မြင်မှု စွမ်းအားကို ရရှိကြသည်၊ ဆွဟာဗဟ်တို့လည်း ထိုနည်းတူဖြစ်၏။ အကယ်၍ အုမရ်သခင်မမြင်လျှင် အာအေရှာ်သခင်မသည် အဘယ်ကြောင့် အဝတ်ဖြင့် လွှမ်းခြုံရသနည်း။ အုမရ်သခင်အားရှက်၍ဟူသောစကား၌ မမြင်လျှင် ရှက်စရာမလို၊ မြင်၍သာရှက်စရာဖြစ်သည်။။
(၃) မိန်းမများ သင်္ချိုင်းသို့ မသွားကောင်းလျှင် အာအေရှာ်သခင်မကြီးကဲ့သို့သော ကိုယ်တော်မြတ်၏ကြင်ယာတော်က အထူးကြည်ရှောင်မည်ဖြစ်လေသည်။ ထို့ကြောင့် မိန်းမများ သင်္ချိုင်းသို့ သွားပိုင်ကြောင်း ယင်းဟဒီးဆ်တော်ဖြင့် လုံလောက်လေသည်။

( ရားဟေဟတ်က်နိမာကျမ်း )

ဗိုင်ဟကီကျမ်း၊ အစ်ဗ်နေ့အစာကေရ်ကျမ်းတို့တွင် အဗူဟုရိုင်ရဟ်ဆင့်ကြား မိန့်မြွက်သော ဟဒီးဆ်တော်ပါရှိသည်မှာ- “ အကြင်သူ မိမိနှင့် ရှင်စဉ်က သိကျွမ်းခဲ့သော မွတ်စလင်မ်တစ်ဦး၏သင်္ချိုင်းသို့ သွားရောက်စလာမ်ဆိုခဲ့သော်၊ သင်္ချိုင်းတွင်းမှ သေလွန်သူသည် ၎င်းအား စလာမ်ဂျဝါဗ်ကို ပြန်ကြား၏။ မည်သူမည်ဝါဟုလည်း မှတ်မိ၏။ ရှင်စဉ်က မသိကျွမ်းသော သင်္ချိုင်းသို့ စလာမ်ပေးဆိုခဲ့သော် သင်္ချိုင်းတွင်းမှ သေလွန်သူက စလာမ်၏ဂျဝါဗ်ကို ပြန်ကြားခြင်း ပြုလေသည်။

အေမာမ် အစ်ဗ်နေ့ အဗစ်ဒီနာရ်သခင်ကကေတာဗွလ်ကိုဗူရ်ကျမ်းတွင် အမီရွလ်မုအ်မေ့နီးန် ဟဇရတ် အုမရ်(ရသွေ့)သခင်၏ထံမှတစ်ဆင့် ရေဝါယတ်ပြုသည်မှာ တစ်နေ့သ၌ ဟဇရတ်အုမရ်သခင်သည် ( ဂျန္နတွလ်ဗကီအ်)ခေါ် သင်္ချိုင်းတော်သို့ ကြွသွားတော်မူ၍ ကွယ်လွန်သောသူများ၏သင်္ချိုင်းကို (စလာမ်)ဆိုပြီး

မြွက်ကြားသည်မှာ ကျွန်ုပ်ထံမှ သတင်းမှာ သင်တို့၏မိန်းမများသည် နောက်ထပ် အိမ်တောင်ပြုပြီးကြလေပြီ၊ သင်တို့အိမ်ဂေဟာတွင် တစ်ခြားသူများ ဝင်ရောက် နေထိုင်ကြလေပြီ၊ သင်တို့၏ပစ္စည်းများကိုလည်း ခွဲဝေယူပြီးကြလေပြီ၊ ထိုအခါ သချိုင်းတွင်းမှ တစ်ဦးသူက ဂျဝါဗ်ပြန်ကြားပြောဆိုသည်မှာ အို- ခတ္တာဗ်၏သား အုမရ်၊ ကျွန်ုပ်တို့ထံကသတင်းကတော့ ကျွန်ုပ်တို့ပြုကျင့်ခဲ့သော ကုသိုလ်များ၏အကျိုး ကျေးဇူးကို တစ်ကယ်မှချံစားကြရပါသည်၊ အရှင်မြတ်၏လမ်းညွှန်လျှဒါန်းပေးကမ်း သော ဒါနများသည် အကျိုးကျေးဇူးရှိလှပါသည်၊ ကျန်နေရစ်သော ပစ္စည်းများက တော့ ဆုံးရှုံးနစ်နာခြင်း ဖြစ်ပါတော့သည်ဟု ပြန်ဆိုပြောကြားကြလေသည်။

အထက်ပါ ဟဒီးဆ်တော်များကို ထောက်ရှု၍ သချိုင်းသို့ ဇိယာရတ်ပြုရန်သွား ခြင်းသည် (မွတ်တဟတ်ဗ်)ဖြစ်၏၊ ကွယ်လွန်ပြီးသူများ၏ မြင်မှု ကြားမှု သိမှု ရှိကြ လေသည်။ အမေးကို ဖြေဆိုပြန်ကြားကြ၏။ ထို့ကြောင့်သူတော်ကောင်းများ ရှဟီဒ်များ၊ ဝလီများ၊ စွာလဲဟ်များ၏ သချိုင်းသို့သွားရောက်ခြင်းသည် ဗေဒအတ်ဆိုခြင်းမှား၏။ သေပြီးအရိုးဆွေးပြီ ဘာမျှ မစွမ်းဟုဆိုခြင်းလည်း မှား၏။ ကုရ်အာန်နှင့် ဟဒီးဆ် တော်များကို မသိနားမလည်ကြောင်း ထင်ရှား၏။ ( ဝလာတကူလူ၊ လေမန်၊ ယွတ်က်တလု၊ ဖွီးစဗီးလစ်လ္လာဟိ၊ အမ်ဝါတွန်၊ ဗလ် အဟ်ယာအွန်ဝ်၊ ဝလာကင် လာတရှ်အုရှုန် ) အဓိပ္ပါယ်ကား၊ " **အရှင်မြတ်၏လမ်း၌ လုပ်ကြံခြင်းခံရသောသူ များကို လူသေဟူ၍ မပြောကြကုန်လင့်၊ ၎င်းတို့သည် ရှင်လျက်ရှိကြကုန်၏။ သို့ရာတွင် အသင်တို့သည် သိနားလည်ခြင်း မရှိကြကုန်။ " [ကုရ်အာန် ၂း ၁၅၄]**

အစ္စလာမ်ဓမ္မက ပြညွှန်ထားသည့် ဝိညာဉ်လောက၏အကြောင်းအရာများကို ခိုင်လုံသော ဟဒီးဆ်သြဝါဒတော်များတွင် အထင်အရှားတွေ့နိုင်ပေသည်။ ဥပမာ- စွဟီစစ်တာခေါ် စစ်မှန် ခိုင်လုံသည့် သြဝါဒခြောက်ကျမ်းတွင် ထိပ်ဆုံးတန်းမှ ပါဝင်သော ဘူခါရီ၊ မွတ်စလင်မ်ကျမ်းတို့တွင် အောက်ပါသြဝါဒတော်ကို လေ့လာ တွေ့ရှိရ၏။

" ဟဇရတ် အနတ်စ်သခင်ကြီးဆင့်ပြန်ခဲ့သည်မှာ မဟာတမန်တော်မြတ်သည် ဗဒလ်စစ်မြေပြင်တွင် အတုံးအရုန်းကျဆုံးနေသော အယုတ်မိမ်းမိစ္ဆာ'ကုရိုက်ရှ်'တို့၏ သေဆုံးနေသော ရုပ်အလောင်းတို့အပေါ်း၌ရပ်တော်မူပြီး၊ အို- အယူလွဲသူတို့ မွေးမြူ ဗန်ဆင်းတော်မူသော အရှင်က လုပ်ရပ်တိုင်းတွင် ယင်းလုပ်ရပ်၏တန်ပြန်အကျိုးဆက်တို့ ပေါ်ပေါက်လာမည်ဟု ကံ၊ ကံ၏အကျိုးကို ဗျာဒိတ်တော်မူခဲ့သည့်အတိုင်းသင်တို့ ပြုမူခဲ့သော ဆိုးပြစ်တို့၏ဆိုးကျိုးကို ခံစားကြရပြီလောဟု မေးတော်မူ၏။ ထိုအခါ ကိုယ်တော့်အပေါ်း၌ ခစားနေသည့် ဟဇရတ်အွတ်စ်မန်သခင်ကြီးက ဝိညာဉ်ချုပ်နေပြီ ဖြစ်သော ရုပ်အလောင်းတို့အား ကိုယ်တော်မိန့်ဆိုနေ၍ ယင်းတို့ကြားရပါမည်လော ဟု မေးလျှောက်ရာ၊ မဟာတမန်တော်မြတ်က သူသေများကြားရပါသည်၊ ကြားရသည်မှ

သင်တို့ ကျွန်ုပ် အသံကို ကြားရသည်ထက်ပင် ယင်းတို့ပို၍ကြားပေ၏။ သို့သော် ကျွန်ုပ်အား လျှောက်ထားရန် ယင်းတို့၌ စွမ်းအားမရှိပေဟု ပြေကြားတော်မူ၏။ ”
[ ဗုခါရီ၊ မွတ်စလင်မ် ]

သာဝကကြီး ဟဇရတ်အူဘော့(ဒ်) ဘင်မ(ရ်)ဖွစ်သခင်ကြီးကလည်း ဤသို့ ယေဝါယတ် မိန့်ဆိုခဲ့ဘူး၏။

“ မိန်းမမြတ်ကြီးတစ်ဦးသည် မဒီနာကျောင်းတော်ကြီးအား အမြဲတစေ တံမြက်လှည်း၍ သန့်ရှင်းရေးပြုလုပ်လေ့ရှိ၏။ သို့သော် ဤအချက်ကို မဟာ တမန်တော်မြတ်ကြီးသည် အမှတ်မထင်ရှိခဲ့၏။ ထိုအမျိုးသမီးကြီးသည် အရှင့်အမိန့်ခံ ယူပြီးနောက်၊ အခါတစ်ပါး၌ တမန်တော်မြတ်သည် ထိုသာဝိကာမ မိန်းမမြတ်ကြီး၏ သချိုင်းအပါးမှဖြတ်သွားစဉ် ဤသချိုင်းမှာ မည်သည့်သချိုင်းဖြစ်သနည်းဟု မေးတော်မူရာ သာဝကအပေါင်းတို့က သာဝိကာမကြီး အွန်(မ)ဗီမာ(ဟ)ဂျန်သခင်မ၏ သချိုင်းဖြစ်ကြောင်းလျှောက်ထားလေရာ၊ ကိုယ်တော်မြတ်က “ ဤမိန်းမမြတ်သည် ငါ၏ဝတ်ကျောင်းတော်အား အမြဲမပြတ် ဝတ္တရားတစ်ရပ်ကဲ့သို့မှတ်ကာ တံမြက် လှည်းသည့် အမျိုးကောင်းသမီးမြတ်ဖြစ်ပေသည်တကားဟု မိန့်တော်မူ၏။ ထို့နောက် သာဝကအပေါင်းအား တန်းစီစေပြီးနောက် ကိုယ်တော်သည် ဂျနာဇဟ်ဆွလာတ်ကို ဦးဆောင်ဝတ်ပြုတော်မူ၏။ဆုတောင်းမေတ္တာပို့ပြီးသောအခါ သာဝိကမကြီး၏သချိုင်း အားကြည့်၍–

“ အသင်မ၊ လူ့လောက၌ ပြုခဲ့သမျှသော လုပ်ရပ်တို့အနက် မည်သည့်လုပ်ရပ်ကို အကြိုက်ဆုံးဖြစ်သနည်း”ဟု မေးမြန်းတော်မူ၏။ ထိုအခါ ကွယ်လွန်အနိစ္စရောက်ရှိပြီး ၍ ဘဝခြားသွားသူ သာဝိကာမကြီးသည် ကိုယ်တော်၏မေးမြန်းချက်ကို ကြားနိုင်ပါမည်လောဟု မေးလျှောက်ကြ၏။ ထိုအခါ တမန်တော်မြတ်ကြီးက သင်တို့ကြားသည်ထက်ပို၍ပင်ကြား၏ဟု ဖြေတော်မူ၏။ ထို့နောက် သာဝိကာမကြီးက သချိုင်းအတွင်းမှနေ၍ မိမိသက်ရှိထင်ရှားရှိစဉ်အခါက ဝတ်မပြတ်အောင် ဗလီကျောင်း တော်အား တံမြက်လှည်းခဲ့သည့် လုပ်ရပ်ကို အကြိုက်နှစ်သက်ဆုံးဖြစ်ပါသည်ဟု ဖြေကြား၏။
[ အဘူရှိုက်ခ် ]

ဟဇရတ်အဘူစအီးဒ်ခွတ်**သရီ** သခင်ကြီးဆင့်ပြန်သည်မှာ မဟာတမန်တော် မြတ်ကြီးက ဤကဲ့သို့ မိန့်မှာခဲ့သည်။ သူသေသည် ကုသိုလ်ကောင်းမှုတစ်ခုပြုခဲ့သူ ဖြစ်ပါက မိမိဂျနာဇဟ်အား သချိုင်းရှိရာသို့ လမ်းသွားသူတို့အား အမြန်ထမ်းသွားရန် ပြောကြားပေမည်၊ အကယ်၍သေသူမှာ အကုသိုလ် ဒုစရိုက်နွံ၌ နစ်မွန်းခဲ့သူဖြစ်ပါက သူ့ဂျနာဇဟ်အား သချိုင်းသို့ မယူသွားသေးဘဲ၊ ဆိုင်းငံ့ထားရန် ပြောကြားပေအံ့၊ လူသေ၏အသံအား ဂျင်န်နှင့်လူသားများမှလွဲ၍ ကျန်ဝေနေယျအပေါင်းတို့ ကြားကြ

အကယ်၍ လူရှင်များသည် လူသေပြောသောစကားကို ကြားရပါက မူးမေ့ခါ သတိလစ်သွားကြပေအံ့။ ”
[ ဗုခါရီ၊ မွတ်စလင်မ် ]

ဆရာကြီး စီအေ ဦးဗလွင်၏ “လက်ဆောင်မွန်ကျမ်း၌လည်း ” ဗရ်ဇတ်ခ် ဝိညာဉ်လောကအကြောင်းကို အောက်ပါအတိုင်း ရေးသားထား၏။

(ဒွန္နယာ) ဤလောကနှင့် (အာခိရတ်)နောက်ကာလ (တမလွန်ဘဝ၏ အကြားတွင်) လောကတစ်ခုရှိလေသည်။ ၎င်းလောကကို ‘ဗရ်ဇတ်ခ်’ဟုခေါ်သည်၊ လူနှင့် (ဂျင်န်)သတ္တဝါတို့သည် သေလွန်ပြီးနောက် (ကီယာမတ်)ခေါ် ရှင်ပြန်ထရမည့် နေ့မရောက်မီ စပ်ကြား၊ ကြားကာလ၌ ထိုလောကတွင် အတန်းအစားအလျောက် နေထိုင်ကြရလတ္တံ့၊ ထိုလောကသည် ဤလောကထက်များစွာ ကြီးကျယ်၏၊ ဥပမာပြရသော် မိခင်၏ဝမ်းကြာတိုက်နှင့်ကမ္ဘာလောကကြီးကွာခြားသကဲ့သို့ ‘ဒွန္နယာ’ နှင့် ‘ဗရ်ဇတ်ခ်’ကွာခြားလေသည်၊ ထိုကြားလောက၌ အချို့မှာ သုခစည်းစိမ်ရရှိကြ၍ တစ်ချို့မှာ ဒုက္ခဘေးရန်များ ကြုံတွေ့ခံစားကြရကုန်အံ့။

**“ သေပြီးနောက် ကိုယ်ခန္ဓာမှ ဝိညာဉ်ခွာသလော ”**

လူသားတို့သည် သေလွန်လျှင် ကိုယ်ခန္ဓာမှ ဝိညာဉ်ခွာသွားသော်လည်း ဆက်စပ်မှု ဆက်သွယ်မှုအား ရှိနေသေးသည်။ ကိုယ်ခန္ဓာမှ ထွက်ခွာသွားသော်လည်း သူနေထိုင်ခိုအောင်းခဲ့သော ဌာနအဖြစ်အပျက်အကြောင်းအရာများကို သိရှိခြင်း၊ နားလည်ခြင်း ရှိလေသည်။ ဥပမာ– လောက၌ အသက်ရှင်နေစဉ်ကကဲ့သို့တည်း၊ ယင်းသာမက ထို့ထက်ပင် ပိုမို၍ လောကတွင် အေးသောရေ၊ ပူသောလေ၊ နူးညံ့သော အခင်းအထည် အရသာရှိသော အစာအဟာရတို့သည် ခန္ဓာကိုယ်က တွေ့ထိခံစားမှု ရရှိခဲ့လေသည်။ သာယာမှုသုခနှင့် အရသာတွေ့မှုမှာမူ ဝိညာဉ်က ရရှိခံစားရလေသည်၊ ထိုနည်းလည်းကောင်းပင် ခန္ဓာကိုယ်၌လည်း ရောက်ရှိလေသည်။ သို့သော် သာယာမှုသုခနှင့် အရသာခမစားမှုမှာ ဝိညာဉ်၌ ရောက်ရှိလေသည်။ ဝိညာဉ်အတွက် သီးခြား မိမိ၏သုခနှင့် ဒုက္ခအကြောင်းခံများရှိလေသည်၊ ၎င်းမှ ပျော်ရွှင်ခြင်းနှင့် ပူဆွေးခြင်းကိစ္စနှစ်ရပ်ဖြစ်ပေါ်လာသည်။ ဤနည်းပင်(ဗရ်ဇတ်ခ်)၌လည်း အားလုံးအဖြစ်များတည်ရှိလေသည်။

သေဆုံးပြီးနောက် မွတ်စလင်မ်တို့၏ ဝိညာဉ်သည် အတန်းအစားအလျောက် ဌာနအမျိုးမျိုးတွင် တွေ့နေရလေသည်။ တစ်ချို့မှာ မိမိ၏သင်္ချိုင်းတွင်၊ တစ်ချို့မှာ (ဇမ်ဇမ်)တွင်းတော်တွင်၊ တစ်ချို့မှာ မိုးနှင့်မြေအကြားလဟာတွင်၊ တစ်ချို့မှာ မိုးခုနစ်ထပ်အဆင့်ဆင့်၌၊ တစ်ချို့မှာ မိုးကောင်းကင်ထက်မြင့်သောနေရာတွင်၊ တစ်ချို့ ဝိညာဉ်မှာ ‘အရ်ရှ်’တော်အောက်ရှိ ဖန်ပေါင်းချောင်းများတွင် တစ်ချို့မှာ ‘အစ်လီယီန်’ ခေါ် မြင့်မြတ်ကျယ်ဝန်းသော ဌာနတွင် နေကြရလေသည်။ သို့သော် အဘယ်ဌာန တွင် နေရနေရ မိမိခန္ဓာကိုယ်နှင့်ဆက်သွယ်မှုမှာ ရှိမြဲတိုင်း ရှိလေသည်။ အကြင်သူ

တစ်ဦးတစ်ယောက် သချိုင်းသို့လာရောက်လျှင် သချိုင်းတွင်းမှ သေလွန်ပြီးသူသည် ထိုလာရောက်သူအားမြင်ရ၏၊ မှတ်မိသိရှိ၏၊ ပြောဆိုသော စကားကိုကြားသည် သာမက ဝိညာဉ်ကမြင်ရခြင်းသည် သချိုင်းနှင့်နီးကပ်၍သာ မြင်ရခြင်းမဟုတ်၊ သူတို့၏ဥပမာကို ဟဒီးဆ်သြဝါဒတော်၌ မိန့်မှက်တော်မူထားသည်မှာ ငှက်ကလေးကို ပထမ၌ လှောင်အိမ်တွင် ပိတ်လှောင်ထားရာ၊ ယခုအပေါက်ဖွင့်၍ လွှတ်ပေးလိုက်သဖြင့် လွတ်လွတ်လပ်လပ်သွားလိုရာ သွားနိုင်လေပြီဟု မိန့်ဆိုထားတော်မူလေသည်။

အိမာမ်သခင်ကြီးများက မိန့်ဆိုတော်မူကြသည်မှာ ( အင်န်နန်နို့ဖူဝလ်၊ ကွတ်ဒ်ဝိယာ၊ အိဇာ၊ တဂျရ်ရဒတ်၊ အနင်လ်၊ အလာအှောကင်လ်၊ ဗတ်ဒ်နိယတစ်၊ တဂ္ဂလတ်၊ ဗင်မလအင်လ်၊ အာ်လာ၊ ဝတရာ၊ ဝတပ်စ်အအွလ်လို့၊ ကာလ်မို့ရှာဟေဒ္ဒေ၊) အဓိပ္ပါယ်ကား ဇောန်မုချ သန့်ရှင်းသော အသက်ဝိညာဉ်များသည် ကိုယ်ခန္ဓာ၏ အနှောင်အဖွဲ့မှ လွတ်မြောက်ထွက်ခွာသွားသောအခါ မြင့်သောလောကနှင့် သွားရောက်ဆက်သွယ်လေသည်၊ အားလုံးလိုလို ၎င်းတို့မြင်ကြ၊ ကြားကြရလေသည်၊ ရှေ့မှောက်၌ ရှိနေသကဲ့သို့ဖြစ်လေသည်။

ဟဒီးဆ်တော်၌လာရှိသည်မှာ (အိဇာ၊ မာတလ်မုအ်မေ့နို့၊ ယို့ခလ္လာဝရ်ဗို့ဟူ ယတ်စ်ရဟို့၊ ဟိုင်သို့ရှာအ) “ မွတ်စလင်မ်တစ်ဦးသေဆုံးလျှင် သူ၏လမ်းကို ဖွင့်ပေးလိုက် လေသည်၊ သွားလိုရာ သွားလာနိုင်ခွင့်ရှိလေသည်။ ”

ရှားဟ်အဗ္ဗဒွလ်အဇီးဇ်သခင်က ရေးသားသည်မှာ (ရှုးဟ်ရာ၊ကွရ်ဗို့၊ ဖေါ့အ်ဒ်၊ မကာနီ၊ ဝစ်က်စာနတ်စ်) ဝိညာဉ်အတို့ဌာနဝေးကွာခြင်းနှင့် နီးကပ်ခြင်းမှာ ဘာမျှ ခြားနားမှုမရှိ၊ တစ်မျိုးတည်းသာဖြစ်လေသည်၊ (ကာဖိရ်)မိစ္ဆာဒိဋ္ဌိတို့၏ ညစ်ညမ်းသော ဝိညာဉ်များသည် တစ်ချို့မှာ သူတို့၏သချိုင်းတွင်နေရ၏၊ တစ်ချို့မှာ ယမန်နိုင်ငံရှိ ‘ဗရ်ဟူးတ်’ခေါ် ချောင်း၌လည်းကောင်း၊ တစ်ချို့မှာ မြေခုနစ်ထပ်၌ အဆင့်အတန်း အလျောက် နေကြရအံ့၊ တစ်ချို့မှာ ထိုထက်အောက်ကျသော ‘စစ်ဂျီယီန်’ခေါ် အကျဉ်းဌာန၌ နေကြရကုန်အံ့၊ သူတို့လည်း ဘယ်နေရာနေနေ မိမိတို့သချိုင်းသို့ လာရောက်သူအား မြင်ကြ၊ ကြားကြ သိရှိကြလေသည်၊ စကားကိုလည်း ကြားကြလေသည်၊ သို့ရာတွင် သွားလိုရာသို့ လွတ်လွတ်လပ်လပ် သွားလာနိုင်ခွင့် မရှိကြပေ၊ အကျဉ်းကြလျက်ရှိကြကုန်၏၊ ‘တနာစွတ်ခ်’ခေါ် လူသေလျှင် လူတစ်ဦး၏ခန္ဓာကိုယ်၌ဖြစ်စေ၊ တိရစ္ဆာန်၌ဖြစ်စေ ဝင်စားသည်ဟူသော အယူသည် အယူမှား၊ အယူလွဲဖြစ်၍ ဤသို့ယုံကြည်ပါလျှင် ‘ကာဖိရ်’ဖြစ်မည်၊ (သေလျှင်ဝင်စား၊ ယုံသူများ အမှားကွတ်ဖွရေ) ဟာဂျီမှန်၏မြတ်ဆုရသံပေါက်၊ ‘မောက်တ်’ သေခြင်း၏ အဓိပ္ပါယ်~ ‘ဂျိစင်မ်’ခေါ် ကိုယ်ခန္ဓာမှ ‘ရှုးဟ်’ခေါ် ဝိညာဉ်ထွက်ခွာသွားခြင်းကို ခေါ်၏။ ရှုးဟ်ဝိညာဉ်သည် သေဆုံးခြင်းမရှိ၊ ‘ရှုးဟ်’ဝိညာဉ်ကို ပျက်စီးနိုင်သည်ဟု ယူဆလျှင် အယူမှားဘာသာဖြစ်လေသည်။

သေလွန်ပြီးသူတို့သည် စကားလည်းပြောနိုင်၏။ ၎င်းတို့ပြောဆိုချက်ကို လူနှင့် ဂျင်န်သတ္တဝါများမှတစ်ပါး ရှိရှိသမျှ သတ္တဝါအပေါင်း ကြားကြ၏၊ လူသေအလောင်းကို သင်္ချိုင်းတွင်းဌသင်္ဂြိုဟ်ပြီးနောက် သင်္ချိုင်းမြေနှစ်ဘက်မှ ၎င်းကို ဖိနှိပ်ခြင်း (ဝါ) ညှပ်ခြင်းပြုလေသည်။ အကယ်၍ သေသူသည် မွတ်စလင်မ်ဖြစ်ခဲ့သော် ထိုဖိနှိပ်ခြင်း၊ ညှပ်ခြင်းမှာ မိခင်ဖြစ်သူက သားငယ်အား အလွန်ချစ်ခင်၍ ဖက်ပွေ့ဖိညှစ်ခြင်းနှင့်တူ၏၊ အကယ်၍ သေသူသည် မွတ်စလင်မ် မဟုတ်ခဲ့သော် မြေကြီးက နှစ်ဘက်ဖြစ်ညှစ်ထားခြင်းကြောင့် နံရိုးများတစ်ဘက်မှ တစ်ဘက်သို့ရောက်လောက်အောင် ညှစ်ထားခြင်းခံရအံ့။

လူသတ္တဝါတို့သည် မူလအရင်းခံ၌ 'ရူဟ်'ခေါ် ဝိညာဉ်သာ ပဓာနဖြစ်သည်၊ ၎င်းဝိညာဉ်ကို 'နတ်ဖွစ္စေနာတွေကာ'ဟူ၍လည်းခေါ်ကြလေသည်၊ ထိုဝိညာဉ်သည် ကိုယ်ကာယ၏အရှင်ဖြစ်ခဲ့လေသည်၊ ၎င်းကိုယ်ကာယနှင့်တွဲဘက်ရှိပြီးလျှင် တစ်ဖန် ခွဲခွာ၍သွားသော်လည်း ပျောက်ပျက်ခြင်းမရှိ ဖြစ်ပေလိမ့်မည်၊ ဤမြေဖြင့် ဖန်ဆင်းခြင်းခံရသော ရုပ်ကလာပ်သည် ပြည့်စုံလုံလောက်သော အကျိုးများကို ခံစားရယူရန်အတွက် ဝိညာဉ်၏ကိရိယာသို့မဟုတ် အစီးအနင်းတစ်ခုဟု ဆိုစရာရှိပေသည်။ ပမာဆိုရသော် မှန်၏ဇာတိသည် ကြည်လင်သောအရောင်ရှိ၏။ ထိုအရောင်ပေါ်ထွက်စေရန် ပြာနှင့်ဖြစ်စေ၊ ထုံးနှင့်ဖြစ်စေ ပွတ်တိုက်ရလေသည်၊ ဤသို့ပွတ်တိုက်ပြီးသည့်နောက် ကြည်လည်သောအရောင်သည် ထွက်ပေါ်၍ လင်းဝင်းတောက်ပခြင်းနှင့်တကွ ပြည့်စုံစွာ ရှိပေလိမ့်မည်၊ ထို့အတူ အသက်ဝိညာဉ်ရှိကြသော လူသတ္တဝါတို့ကို ကာယနှင့် တကွဆက်သွယ်လိုက်ခြင်းသည်လည်း ထွန်းတောက်ကြည်လင်စေလိုသော အလိုဆန္ဒကြောင့်ဖြစ်လေသည်၊ အရင်းခံအရေးကြီးသောအချက်မှာ ဝိညာဉ်အား စင်ကြယ်စေရန်ဖြစ်သည်၊ သို့မှသာ လူသတ္တဝါတို့သည် ထိုရောင်ခြည်တောက်ပသော ဌာနအစမှ ထွန်းလင်းတောက်ပခြင်းများရရှိ၍ နေရာဌာန ရရှိပေလိမ့်မည်၊ ၎င်းကို 'စအာဒတ်အွတ်ဖွမာ'ဟု ခေါ်လေသည်၊ ဝိညာဉ်၏လင်းဝင်းတောက်ပခြင်းကို 'အစ်တမာမိစိုကူက်'ဟုခေါ်လေသည်။

(ဆရာခွာ၏ ရှုရာဖွာတေယာ တဖွေစေရ် ဟတ်ကာနီကျမ်းမှ ထုတ်နှုတ်တင်ပြချက်ဖြစ်ပါသည်။ )

ယခုဆက်လက်၍ ဝိညာဉ်လောကနှင့်ပတ်သက်၍ သိပ္ပံဆိုင်ရာ တွေ့ရှိချက်အထောက်အထားအချို့ကို ကောက်နှုတ်ဖော်ပြပါဦးမည်။

မသိသေးသော လောကအကြောင်းအရာများကို သိအောင် စူးစမ်းရှာဖွေရာ၌ အီလက်ထရွန်နစ် အသံအချင်းအရာသည် ခေတ်သစ်သက်သေခံများအနက် တစ်ခုဖြစ်သည်။ ကွယ်လွန်ပြီးခဲ့သောသူများ၏ဝိညာဉ်နှင့် သက်ရှိလူသားများ ဆက်သွယ်ရေးမှာ ခက်ခဲသောကိစ္စတစ်ရပ်အဖြစ်တည်ရှိနေသည်၊ ပို၍ခက်ခဲသည်မှာ သိပ္ပံနည်းကျအထောက်အထား ရရှိရေးပင်ဖြစ်သည်။

လွန်လေခဲ့သော အနှစ်ခြောက်ဆယ်ကျော် ၁၉၂၀ ခုနှစ် ထုတ် အမေရိကန် မဂ္ဂဇင်းတွင် အမေရိကန်လူမျိုးသိပ္ပံပညာရှင်များအနက် အထူးအခြားဆုံးဖြစ်သော သောမတ်အက်ဒီဆင်က အောက်ပါအတိုင်း သရုပ်ဖော်ပြီး ရေးသားခဲ့သည်ကို ဖတ်ရှုကြရသည်။

" ကျွန်ုပ်သည် သေပြီးသောသူများနှင့် ပြန်လည်ဆက်သွယ်နိုင်မည့် ကိရိယာတစ်ခုတီထွင်ရန် ဖြစ်နိုင်/ မဖြစ်နိုင်ဆိုသည်ကို ကာလအတန်ကြာအောင် စဉ်းစားနေခဲ့ဘူးသည်၊ ထိုပစ္စည်းကိရိယာကိုသာ တီထွင်နိုင်ပါမူ သေပြီးသော ဝိညာဉ်များနှင့် ဆက်သွယ်ရေးကို မှော်သဘောလုံးဝမပါဘဲ သိပ္ပံနည်းကျလုပ်၍ ဆက်သွယ်နိုင်ပေတော့မည်။ "

## ဝိညာဉ်မှတ်တမ်းတင်စက်

" ကျွန်ုပ်နေနှင့်ပြောရပါမူ၊ ကျွန်ုပ်သည် သေပြီးသောလူတို့၏ ကိုယ်ရည် ကိုယ်သွေးများသည် ရုပ်ဝတ္ထုများအပေါ် အကျိုးသက်ရောက်မှု ရှိစေနိုင်သည်ဟူ၍ ယုံကြည်ချင်စိတ်ရှိနေသည်၊ အကယ်၍သေပြီးနောက် တမလွန်ဘဝသို့ရောက်သွားသော ကျွန်ုပ်တို့ ဝိညာဉ်(ကိုယ်ရည်ကိုယ်သွေး)များကို စမ်းသပ်နိုင်မည့် ပစ္စည်းကိရိယာကို တီထွင်ထုတ်လုပ်နိုင်ပါလျှင် ထိုကဲ့သို့ ပြုလုပ်ရရှိသော ပစ္စည်းဖြင့် ကျွန်ုပ်တို့သည် တစ်စုံတစ်ခုကို မှတ်တမ်းတင်နိုင်ပေတော့မည်။ ကျွန်ုပ်စိတ်တွင် ထိုပစ္စည်းကိရိယာ များကို မကြာမီကာလတွင် တီထွင်နိုင်မည်ဟုလည်း မျှော်လင့်ပါကြောင်း"ဟူ၍ ရေးသားဖော်ပြခဲ့ဖူးသည်။

သို့သော် ထိုစက်ကိရိယာမျိုးကို အက်ဒီဆင်သည် မတီထွင်ဖြစ်ခဲ့ရှာပါ၊ အက်ဒီဆင်သာမက အက်ဒီဆင်နှင့်အတူ အလှည့်ကျလျှပ်စီးကြောင်းကို ရှာဖွေဖေါ် ထုတ်ခဲ့သည့် လုပ်ဖော်ကိုင်ဖက် နီကိုလာတယ်လဆာလည်း ထိုကိယာကို မတီထွင် ဖြစ်ခဲ့ပါ။ သို့သော် ထိုစိတ်ကူးမှာ ဆက်လက်ရှင်သန်လျက်ပင်ရှိခဲ့၏။ တစ်နေ့ လူသေပြီးနောက် မသေဘဲ ဆက်လက်ရှင်သန်နေသော ဝိညာဉ်ကို သိပ္ပံနည်း၊ လျှပ်စစ်နည်းဖြင့် သက်သေပြနိုင်ရမည်ဖြစ်သည်ဆိုသော စိတ်ကူးကို ဆိုလိုခြင်းဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ဝိညာဉ်များ၏အသံကို သံလိုက်ကြိုး ပေါ်တွင် သွင်းယူ၍ မှတ်တမ်းတင်နိုင်ခဲ့ကြသည်။ ဤသို့ မှတ်တမ်းတင်နိုင်ခဲ့ခြင်း မှာ တမင်တကာ ကြိုးစားအားထုတ်၍ ဖြစ်ခဲ့ခြင်းမဟုတ်၊ မရွယ်ဘဲ စော်ကဲမင်းဖြစ် ဆိုသကဲ့သို့ အမှတ်မထင် ဖြစ်ပျက်သွားခြင်းသာဖြစ်သည်၊ ကယ်လီဖိုးနီးယားပြည်နယ် သား ဓါတ်ပုံဆရာ အတ္တီလာဖွန်လေနှင့် စာရေးဆရာ ရေမွန်ဘေလီဆိုသူတို့က မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

**ဓါတ်ပုံရိုက်ယူနိုင်ခဲ့ခြင်း**

သို့သော် သိပ္ပံနည်းကျ ဝိညာဉ်လောကသုတေသနလုပ်ငန်းမှာ ရေဒီယို တိပ်ရီကော်ဒါတို့လောက်နှင့်သာ ပတ်သက်နိုင်သောကိစ္စမဟုတ်ပါ။

လက်စလီဘူဂလီ၏အိမ်မှ (၁၅)မိုင်ခန့်ဝေးသော ဝါတာဗီးလ်အရပ်တွင် နေထိုင်လျက်ရှိကြသည့်အိမ်တစ်အိမ်တွင် ကမ္ဘာကျော် ပရစိတ္တဗေဒပညာရှင် မိသားစုတစ်စုနေထိုင်ကြသည်။ ဘေးလူမိသားစုတို့မှာ ဝိညာဉ်(တစ္ဆေ)များကို ဓါတ်ပုံရိုက်၍ မှတ်တမ်းတင်သူများဖြစ်သည်။ ၁၉၆၇ ခုနှစ်တွင် သူတို့မိသားစုသည် တစ္ဆေဝိညာဉ်ဓါတ်ပုံပေါင်း (၁၂၀၀)ကို မှတ်တမ်းတင်ဓါတ်ပုံများ ရိုက်ကူးထားနိုင်ခဲ့ကြသည်။

တစ်ချို့ဓါတ်ပုံများတွင် အဖြူသားကြည့်ရာများမှာ ရောင်ပျက်များသဖွယ်ဖြစ်လျက်ရှိသည်၊ အချို့ဓါတ်ပုံများတွင်မူ ထိုရောင်ပျက်နေရာများမှာ ပုံသဏ္ဌာန်များ၊ ပုံရိပ်များ ရိပ်ရိပ်ပေါ်လျက်ရှိသည်၊ ထို့ပြင် အလင်းရောင်များ ဝန်းဝိုင်းထားသော မျက်နှာပုံပန်းသဏ္ဌာန်များ တစ်ချို့ခေါက်ထိုးပုံများ၊ တစ်ချို့ပုံများမှာ တစ်ခြားပုံများ မျက်နှာများနှင့် ပူးကပ်ရောနှောနေတတ်ပြီး ပုံများအားလုံးလိုလိုပင် ဝါးနေတတ်သည်။

**အသစ်အဆန်းမဟုတ်**

သိပ္ပံနည်းကျဝိညာဉ်သုတေသနသည် ယခုမှ လုပ်သောအသစ်အဆန်း လုပ်ငန်းတစ်ခုမဟုတ်ပါ၊ ၁၉၀၇ ခုနှစ်ကတည်းက ပြင်သစ်ဆေးပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာနရီဘာရာဒု စတင်ပြုလုပ်ခဲ့သော အလုပ်ဖြစ်သည်။ သူသည် သေကာနီး သား၏ဘေးတွင် ဓါတ်ပုံကင်မရာကိုချပြီး သားသေဆုံးချိန်တွင် ဓါတ်ပုံ(၆)ချက် ရိုက်ကူးသည်။ ဓါတ်ပုံများမှာ မသဲကွဲသော်လည်း သေသူ၏ရုပ်အလောင်းပေါ်တွင် အလင်းပြင်ကြီးတစ်ခုသဖွယ် ဓါတ်ပုံထဲမှာ ပေါ်နေသည်။

နောက်ခြောက်လကြာသောအခါ ဇနီးသေပြန်သည်၊ သေကာနီးတွင် ရှေးနည်းတူ ဓါတ်ပုံရိုက်ယူသည်။ ဤတစ်ကြိမ်တွင် အလင်းရောင်သဖွယ်ပေါ်လာသော အရပ်တွင် သူ့ဇနီး၏မျက်နှာပုံပေါ်နေသည်။ သေဆုံးချိန်တွင် သူ့ဇနီးကိုယ်မှ အလင်းလုံးကြီးသုံးလုံးထွက်သည်။ တစ်လုံးလျှင် အချင်း (၇)လက်မခန့်ရှိသည်။ သူ့မျက်လုံးဖြင့် ထိုအလင်းကို မမြင်ရ။ ကင်မရာမှန်ဘီလူးကသာမြင်ရသည်၊ ထိုအလင်းလုံးသည် သူ့ဇနီး၏အလောင်းပေါ်တွင် နာရီဝက်ခန့်ကြာအောင် လှုပ်ရှားခြင်းမရှိဘဲ ရပ်တန့်ကာ ပန်းဆိုင်းဆွဲထားသကဲ့သို့ဖြစ်နေသည်။

တစ်ချိန်တည်းလောက်မှာပင် ဒေါက်တာဒန်ကင်မက္ကဒေါ်ဂေါလ်ဆိုသူ ဆရာဝန်တစ်ဦးသည်လည်း တီဘီရောဂါဖြင့် သေဆုံးသူ၏ကိုယ်မှ ဝိညာဉ်ခွဲခွာသွားပုံကို တွေ့ရှိပြီးဖြစ်သည်၊ ထိုဆရာဝန်သည် ဟာဗာဟီလ်တောင်ကုန်းပေါ်ရှိ ဂေးလ်ဆေးရုံမှ ဆရာဝန်တစ်ဦးဖြစ်သည်။ သူသည်ဝိညာဉ်၏အလေးချိန်ကိုပင် ရှာဖွေတွေ့ရှိသူဖြစ်သည်။

ဝိညာဉ်ဆိုသည်မှာ

စမ်းသပ်မှုပုံမှာ ဤသို့ဖြစ်သည်၊ ဒေါက်တာဒန်ကင်သည် တစ်ခြားသော ဆေးပညာရှင် ဆရာဝန်ကြီးများရှေ့တွင် သေဆုံးသူ လူနာ၏အသက်ကုန်ဆုံးချိန်တွင် ၎င်း၏ခန္ဓာကိုယ်အလေးချိန်သည် ( ၁အောင်စခွဲ) လျော့ကျသွားပုံကို လက်တွေ့ပြသည်၊ ဆိုလိုသည်မှာ ခန္ဓာကိုယ်ထဲတွင် အလေးချိန်ရှိသော ဒြပ်တစ်ခုရှိခဲ့သည်၊ သေဆုံးချိန်တွင် ထိုအရာဝတ္ထုသည် ခန္ဓာကိုယ်ထဲမှ ထွက်သွားသည်။ ထိုအရာဝတ္ထုကိုပင် လူတွေက ဝိညာဉ်ဟုခေါ်နေကြခြင်းဖြစ်သည်ဟူ၍ ဒေါက်တာ ဒန်ကင်မက္ကင်ဒေါဂေါလ်က ဆိုပေသတည်း။

သေသူနှင့်စကားပြောသော ကွန်ပျူတာ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၁၉၈၂ ခုနှစ်က နိုင်ငံတကာမှ ကုမ္ပဏီကြီးများ ဦးဆောင်ပြီး အယ်လ်ဖာ (၃)အမည်ဖြင့် သုတေသနလုပ်ငန်းတစ်ခုဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ အယ်လ်ဖာ (၃) စီမံကိန်းမှာ အားကောင်းလှသဖြင့် စူပါကွန်ပျူတာဖြင့် လူသေများအား ဆက်သွယ်စကားပြောရန်ဖြစ်သည်၊ တစ်နည်းအားဖြင့် လူသေ ပြောသောစကားသံများကို ကွန်ပျူတာဖြင့် ဖမ်းယူမှတ်တမ်းတင်ထားခြင်းဖြစ်သည်။

ယင်းတို့အနက် အသက်(၄၀)အရွယ်ရှိ လူသေအလောင်းတစ်လောင်းက ၎င်း၏ကျန်ရစ်သောသားထံ ပြောကြားသောစကားများကို စူပါကွန်ပျူတာစက်ကြီးထဲ၌ ဖမ်းယူရရှိခဲ့၏၊ ထိုလူသေက မိမိသည် တမလွန်ဘဝတွင် ဝေဒနာခံစားရခြင်းမရှိတော့ဟု အသိပေးခဲ့သည်၊ အခြားလူသေအလောင်းမှာ လူကီးမီးယားခေါ် သွေးကင်ဆာဖြင့် ကွယ်လွန်သွားသော ဝေဒနာရှင်တစ်ဦးဖြစ်သည်။ အသက် (၂၃)နှစ်ရှိ ထိုဝေဒနာရှင်က မိမိသည် သာယာလှပသော လောကသစ်တစ်ခုသို့ ရောက်ရှိနေကြောင်း၊ ထိုလောကသစ်တွင် စိတ်ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်ရကြောင်း ပြောကြားသွား၏။ ထိုသို့ လူသေအလောင်း၏ပြောကြားချက်များကို အားကောင်းလှသော ကွန်ပျူတာစက်ကြီးက ဖမ်းယူမှတ်တမ်းတင်ထား၏။

အမေရိကန်၊ ဆွစ်ဇာလန်နှင့် ဂျပန်နိုင်ငံတို့မှ အသည်းအသန်ဖြစ်နေသော လူမမာ (၁၆)ယောက်တို့ကို ကွန်ပျူတာစက်ကြီးဖြင့် စမ်းသပ်ကြည့်ခဲ့ကြသည်။ အသက် (၁၉)နှစ်မှ (၇၅)နှစ်အတွင်းရှိ သေအံ့မူးမူး လူမမာတို့အား ရက်သတ္တပတ် (၁၂)ပတ်ကြာမျှ စိတ်ပညာရှင်တို့က လေ့လာစမ်းသပ်ပြီးနောက် ဆေးသိပ္ပံပညာရှင်များက လူမမာတို့၏ ဦးခေါင်းခွံနှင့် ကွန်ပျူတာစက်တို့ကို အီလက်ထရွတ်ကြိုးမျှင်များဖြင့် ဆက်သွယ်ပေးထား၏။ ဦးနှောက်လှိုင်းများ၏ လှုပ်ရှားမှုမှန်သမျှ ကွန်ပျူတာက သိမ်းဆည်းထားသည်။ လူမမာတစ်ဦးချင်း၏စိတ်ထဲတွင် ပေါ်လာသော စိတ်ကူး အတွေးအခေါ်များသည် ဦးနှောက်လှိုင်းများ၏စိတ်ထဲတွင်ပေါ်လာသော စိတ်ကူးတို့၏

ပုံသဏ္ဌာန်တစ်မျိုးဖြင့် လှုပ်ရှားမှုပင်ဖြစ်သည်၊ ယင်းဦးနှောက်လှိုင်းပုံစံများကို မည်မျှပင် သေးငယ်အားနည်းစေကာမူ ကွန်ပျူတာစက်ကြီးက ဖမ်းယူသိရှိနိုင်၏။ ထို့နောက် ယင်းဦးနှောက်လှိုင်းပုံစံကိုမှုတည်၍ ထိုလူမမာသည် မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပေးနိုင်၏၊ ထို့ပြင် ကွန်ပျူတာစက်ထဲ၌ ဖမ်းယူရရှိထားသော ဦးနှောက်လှိုင်း ပုံစံများ၏ ဆိုလိုရင်းကိုလည်း စာဖြင့်ရေးသား၍ အနက်အဓိပ္ပါယ်ဖော်ထုတ်ရေးသား ထားသောအတန်းများသည် ဗွီဒီယိုဖန်သားပြင်ထက်၌ ထင်ရှားစွာပေါ်နေသဖြင့် သိပ္ပံပညာရှင်များအဖို့ အလွယ်တကူပင် ဖတ်ရှုလေ့လာနိုင်ကြပေသည်။

လူသည် နှုတ်မှ စကားသံအဖြစ်ထွက်ပေါ်မလာမီ စိတ်အာရုံထဲတွင် မိမိ ပြောကြားလိုသော အကြောင်းအရာတို့ကို အရင်ဖွဲ့စည်းတည်ဆောက်လေ့ရှိသည်၊ ယင်းတို့ကို စိတ်အာရုံခံစားချက်များဟုခေါ်သည်၊ စိတ်ကူးအတွေးအခေါ်တို့သည် ဦးနှောက်လှိုင်းများအသွင်ဖြင့် လှုပ်ရှားထွက်ပေါ်လာလေ့ရှိကြသည်။ လူသေတွင် စကားမပြောနိုင်တော့သော်လည်း ယင်း၏လှုပ်ရှားနေသော ဦးနှောက်လှိုင်း (ဝါ) ဝိညာဉ်လိပ်ပြာကို ဖမ်းယူသိရှိနိုင်ပေသည်။

အယ်လ်ဖာ (၃) သုတေသန စီမံကိန်းမှ သိပ္ပံပညာရှင်တို့သည် သွေးအံမူးမူး ဖြစ်နေသော လူမမာတို့၏ စိတ်ကူးဦးနှောက်လှိုင်းများကို ကွန်ပျူတာက မိုင် (၅၀) ခန့် အကွာအဝေးမှပင် ဖမ်းယူရရှိခဲ့သည်ကို လေ့လာတွေ့ရှိရ၏။ ဤအချက်မှာ မယုံကြည်နိုင်လောက်အောင်ပင် ဆန်းကြယ်လှသည်၊ ယင်းသို့ဖမ်းယူရရှိသော ဦးနှောက်လှိုင်းများကို မိနစ်ပိုင်းအတွင်း ကွန်ပျူတာက အဓိပ္ပါယ်ထုတ်ပေးနိုင်ခဲ့သည် ကိုလည်း အံ့ဩဖွယ်တွေ့ရှိရသည်ဟုဆို၏။

ပထမဆုံးလူနာမှာ ၁၉၈၂ ခု၊ ဩဂုတ်လထဲတွင် ကွယ်လွန်သွားခဲ့သည်။ ထိုအချိန်မှစ၍ ထိုလူနာထံမှ ဦးနှောက်လှိုင်းလှုပ်ရှားမှုများ ထပ်မံမရရှိတော့ပေ၊ နောက်ထပ်လူနာလေးယောက်တို့ သေဆုံးသွားကြသည်၊ ထိုအချိန်မှစ၍ ထိုလူသေ အလောင်းများမှ ဦးနှောက်လှိုင်းအဆက်အသွယ်များလည်း ထပ်မံ မရရှိတော့ပေ၊ ဤတွင်သုတေသီတစ်ဦးက ကွန်ပျူတာမှ ဦးနှောက်လှိုင်းဖမ်းသော ကိရိယာတွင် အနည်းငယ်ပြုပြင်ပေးလိုက်သည်။

ထိုအချိန်တွင် အယ်လ်ဖာ (၃) သုတေသနကို ရပ်ဆိုင်းရန်စီစဉ်ထားရာမှ နောက်ထပ်တစ်လသက်တမ်း တိုးမြှင့်သတ်မှတ်လိုက်ကြသည်။ ထို့နောက် ၁၉၈၄ ခု၊ အောက်တိုဘာလထဲတွင် အသက်(၄၀)အရွယ်ရှိ ဖရက်ခေါ် လူမမာကွယ်လွန် သွားပြီးနောက် (၃)ရက်အကြာတွင် ကွန်ပျူတာစက်ထဲမှ ဖမ်းယူမှတ်တမ်းတင်ထား သော ဦးနှောက်လှိုင်းအချက်ပြ သင်္ကေတများ ရှိမရှိ ထုတ်ယူ စစ်ဆေးကြည့်ကြသည်၊ (ကွန်ပျူတာစက်ကို ၂၄ နာရီအချိန်ပြည့်ဖွင့်ထားသည်) တာဝန်ကျ သိပ္ပံပညာရှင်က ပထမ ကြိမ်ကြည့်ရာတွင် ဘာမှမတွေ့ရဘဲရှိသည်၊ သို့သော် နောက်တွင် ဖရက်ဟူသော

အမည်ကို အံ့ဩဖွယ်တွေ့လိုက်ရသည်။ ထိုမည်အောက်မှ ခတ်တိုတို စာတမ်းတစ်တမ်း ဖတ်ရှုရသည်၊ ယင်းစာတန်းမှာ ဤသို့ဖြစ်သည်။

" ကျွန်တော့်သားကို ပြောလိုက်ပါ၊ ကျွန်တော်စိတ်ချမ်းသာစွာ ရှိနေပါတယ်၊ ကျွန်တော့်မှာ ဝေဒနာခံစားရခြင်း မရှိတော့ပါ၊ ဝေဒနာခံစားရခြင်း မရှိတော့ပါ။ "

" ဝေဒနာခံစားရခြင်း မရှိတော့"ဟူသော စာစုမှာ အကြိမ် ၂၀ တိတိ ဖော်ပြထားသည်ကိုလည်း ထူးထူးခြားခြားတွေ့ရသည်၊ ဖရက်ထံမှ နောက်ပိုင်းတွင် အဆက်အသွယ်မရှိတော့ပေ၊ နောက်တစ်နှစ်အတွင်း ကွယ်လွန်သွားခဲ့ကြသော အခြားလူနာ (၄)ယောက်တို့ထံမှလည်း အလားတူအဆက်အသွယ် မရတော့ပေ၊ ယင်းသို့ ထူးခြားမှု မရှိသော်လည်း သိပ္ပံပညာရှင်တို့က အယ်က်ဖာ (၃) သုတေသနလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ကွန်ပျူတာစက်ထဲမှ မှတ်တမ်းများကို ၂၄ နာရီတစ်ကြိမ် ထုတ်ယူကြည့်ရှုနေခဲ့ကြသည်၊ သို့သော် မည်သည့် ဦးနှောက်လှိုင်းလှုပ်ရှားမှုမှ ဖမ်းယူရရှိထားသည်ကို မတွေ့ရပေ။ ယင်းသို့ဖြင့် ကွယ်လွန်သူ 'ဖရက်'အလောင်းမှ ဦးနှောက်လှိုင်းဖမ်းယူရရှိခဲ့သည့်နောက်ပိုင်း ၂နှစ်ခွဲကြာမျှ ထူးခြားမှု မရှိခဲ့ကြပေ။

၁၉၈၇ ခု၊ ဧပြီ (၃)ရက်နံနက်တွင် ကွန်ပျူတာစက်ထဲတွင် လူသေထံမှ သတင်းပို့ချက်များဝင်နေသည်ကို မမျှော်လင့်ဘဲတွေ့ရှိလိုက်ကြသည်၊ အသက် (၂၃)နှစ်အရွယ်ရှိ အမျိုးသမီးတစ်ယောက်ထံမှဖြစ်သည်၊ ထိုအမျိုးသမီးသည် လူကီးမီးယားခေါ် သွေးကင်ဆာရောဂါဖြင့် ဧပြီလ (၂)ရက်က ကွယ်လွန်ခဲ့သော ဝေဒနာရှင်တစ်ဦးဖြစ်၏၊ သူမသည် မူလက အယ်လ်ဖာ (၃) သုတေသနလုပ်ငန်းအတွက် စမ်းသပ်မှုပြုလုပ်နေသော ရောဂါသည်တစ်ဦးဖြစ်သည်၊ သူမ၏ဆက်သွယ်ပြောကြားချက်များကို အားကောင်းလှသည့် ခေတ်မီကွန်ပျူတာစက်ကြီးက အသေစိတ်ဖမ်းယူရရှိခဲ့၏။ တမလွန်ဘဝရှိ– မရှိ လေ့လာနေကြသောသုတေသီတို့အတွက် သူမ၏ပြောကြားချက်များက ခိုင်မာသော အထောက်အထားဖြစ်လာနိုင်ပေသည်၊ မာရီအမည်ရှိ တမလွန်ဘဝရောက် အမျိုးသမီးထံမှ ဆက်သွယ်ပြောကြားချက်များမှာ –

" ကျွန်မ ကွယ်လွန်ခဲ့ပြီးနောက် သာယာလှပသော ဒီနေရာကို ရောက်လာရတာ ဝမ်းသာရပါတယ်၊ ကျွန်မအခုရောက်ရှိနေတဲ့ နေရာမှာ နေရောင်ခြည်အမြဲထွန်းလင်းတောက်ပနေပါတယ်၊ နေမင်းကြီးဟာ ရွေ့လျားခြင်းမရှိဘဲ ရပ်တန့်ထွန်းလင်းနေတယ်၊ ဒီမှာ ကျွန်မလိုဘဲ တစ်ခြားသူတွေလည်း ရှိကြပါတယ်၊ သူတို့အားလုံးက ကျွန်မအကြောင်းကို အကုန်အစင်သိနေကြပါတယ်၊ ကျွန်မစိတ်ချမ်းသာအောင်လဲ ကူညီစောင့်ရှောက်ကြပါတယ်၊ ကျွန်မစိတ်ထဲမှာတော့ အရာအားလုံးဟာ အံ့ဩစရာတွေခြည်းပဲဖြစ်နေတယ်၊ အခုဆိုရင် ကျွန်မမှာ လောကကြီးတစ်ခုလုံးကို တွေ့မြင်နေရပါတယ်၊ အခုဒီမှာ ကျွန်မနဲ့အတူ ကျွန်မရဲ့အဘိုးဖြစ်သူလည်း ရှိနေပါတယ်၊ ဘိုးဘိုးကို ကျွန်မသိတ်ချစ်ပါတယ်၊ ပြီးတော့ "

ကွန်ပျူတာမှတ်တမ်းလွှာထဲ၌ ဤနေရာအရောက်တွင် ပြတ်တောက်သွားသည်၊ သို့သော် သိပ္ပံပညာရှင်တို့ကမူ အယ်က်ဖာ (α)တိတ်ခွေများကို ဆက်လက်ဖွင့်ထားဆဲဖြစ်သည်၊ ကွယ်လွန်သူမာရီ၏ ကျန်ရစ်သူမိသားစုများက သူမ၏အဘိုးမှာ မာရီမမွေးမီကပင် ကွယ်လွန်ခဲ့သည်ဟုဆိုသည်၊ ထို့ကြောင့် မာရီမှာ သူ့အဘိုးကို မမီလိုက်ရပေ၊ သို့ပါလျက် မိမိမသိ၊ မမီလိုက်ရသော အဘိုးဖြစ်သူအား တမလွန်ဘဝ၌ မာရီအဘယ်ကြောင့် သိနိုင်ရသနည်း၊ ထိုအချက်ကို သုတေသီတို့အဖို့ ပဟေဠိသဖွယ်ဖြစ်နေသည်။ [ ကမ္ဘာ့အပတ်စဉ်သတင်း ၂၆-၅-၈၇ ]

သေသည့်၏အခြားမဲ့ဘဝ Life after Death ကို သိပ္ပံနည်းကျ လေ့လာသုတေသနပြုမှုကို ကမ္ဘာ့အနှံ့၌ တခန်းတနား အားသွန်ခွန်စိုက် ပြုလုပ်လျက်ရှိကြပေသည်။ ရုပ်တရားမှလွဲ၍ ဘာကိုမျှလက်မခံသည့် ဘုရားမဲ့ဝါဒီအမျိုးမျိုးတို့နှင့် ကွန်မြူနစ်နိုင်ငံ (ယခင်)များမှ သိပ္ပံပညာရှင်များသည်ပင်လျှင်၊ ရုပ်တရားပျက်သုဉ်းသွားတိုင်း နာမ်တရားပျက်စီးခြင်းမရှိဘဲ ဆက်လက်ရှင်သန်ကြောင်းကို နည်းဟန်ပုံစံအမျိုးမျိုးဖြင့် လေ့လာသုတေသနပြုလျက်ရှိပေသည်။ သေရွာကိုလွန်သည့် စွမ်းအင်ထူးကို အမည်ပညတ်အမျိုးမျိုးနှင့် မည်သို့ပင်မှည့်ခေါ်စေကာမူ သေပြီးနောက် ဘဝပြတ်မသွားကြောင်းကိုမူ တစ်နည်းမဟုတ်တစ်နည်းဖြင့် လက်ခံအသိအမှတ်ပြုနေရပေပြီ ရုပ်ခန္ဓာပျက်စီးသွားသော်လည်း မပျက်စီးဘဲ ဆက်လက်ရှင်သန်လျက်ရှိမှုကို လေ့လာသည့်ဘာသာရပ်ကို The Theory of Survival ရှင်သန်ခြင်း သီအိုရီဟုခေါ်၏။

သေငယ်ဇောနှင့်မျောနေသည့်လူနာများ; C O M A resembling death မသေဘဲ ပြန်ရှင်လာပြီး ယင်းသို့ ခေတ္တယာယီ သေဆုံးစဉ် တွေ့ကြုံခဲ့ရသည့် death bed experience များသည်လည်းကောင်း၊ စိတ်တန်ခိုးနိုးကြားနေသည့် စိတ်စွမ်းအားရှင်များ မိမိရုပ်ကြမ်းခန္ဓာနှင့်တစ်ဆက်တည်း ကပ်လျက်ရှိသည့် သုခုမရုပ်နုခန္ဓာ Subtle body ကို မိမိစိတ်လိုအကျအတိုင်း လွှင့်ထုတ်နိုင်မှု Astral projection များနှင့် အခြားခန္ဓာကိုယ်ပြင်ပအတွေ့အကြုံ Out of body experiense များကို လေ့လာသုတေသနပြုထားချက်တို့သည်လည်းကောင်း ရုပ် ကမ္ဘာ၏ ဟိုမှာဘက်၌ အနမြူကိုကျော်လွန်သည့် သာမန်သုံးဘက်မြင် ရုပ်စက္ခု ဖြင့် မမြင်နိုင်စွမ်းသည့် တစ်နယ်တစ်ပယ်သည် မုချမသွေတည်ရှိကြောင်းကို မီးမောင်း ထိုးပြလျက်ရှိပေသည်။

စိတ်ဝိညာဉ်ဆိုင်ရာ သုတေသနပြုမှုကို ယခုခေတ်အခါမှ ပြုလုပ်ခဲ့သည် မဟုတ်ပေ၊ တမလွန်ဘဝရှိမရှိပြဿနာကို ရှေးဦးပထမ သိပ္ပံနည်းကျ စုံစမ်းလေ့လာခဲ့သော ပုဂ္ဂိုလ်များမှာ ၁၈၈၂ ခုနှစ်က ဗြိတိန်နိုင်ငံ၌ တည်ထောင်ခဲ့သော စိတ်ဝိညာဉ်သုတေသနအသင်းဝင် ပညာရှင်များဖြစ်၏။ ၎င်းအသင်း၏ မူလရည်ရွယ်ချက်မှာ တမလွန်

ဘ၀ကို လေ့လာရန် သက်သက်မဟုတ်ဘဲ၊ လူတို့၏စိတ်ဝိညာဉ်ဆိုင်ရာ ယုံကြည်မှုများကို မှားသည်၊ မှန်သည်ဟု အစွဲဥပဒါန်မရှိဘဲ၊ သိပ္ပံနည်းကျကျ နိုက်ချွတ်လေ့လာရန် ဖြစ်၏။ အသင်းစတင်တည်ထောင်သူများနှင့် စူးစမ်းလေ့လာသူများမှာ နယ်နယ်ရရ ပုဂ္ဂိုလ်များမဟုတ်၊ ၎င်းတို့အထဲတွင် ထိုအခါက နာမည်ကျော်သိပ္ပံပညာရှင် 'ဆာဝီလီယမ် ကရု'၊ ' ဆာအော်လီဗာလော့ '၊ ' ဝီလီဂျိမ်း 'စသူတို့နှင့် နိုဘဲလ်ဆုရပညာရှင် ' ဂျေခရုသွမ်မဆင်'လည်း ပါဝင်လေသည်။

ယခုအခါ အခြားဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံ၌ စိတ်ဝိညာဉ်သုတေသန အသင်းများရှိ၍၊ ထိုသုတေသနအသင်းများကို ပရစိတ္တဗေဒအသင်းဟူ၍ခေါ်၏၊ အချို့တက္ကသိုလ် ကျောင်းများ၌ပရစိတ္တဗေဒကို သင်ကြားပို့ချလျက်ရှိ၏။ ပရစိတ္တဗေဒ ဂျာနယ်များထုတ်ဝေ၍ နှစ်စဉ်ပေါ်ထွက်နေသော ပရစိတ္တ (ဝါ) စိတ်ဝိညာဉ်သုတေသန စာအုပ်များမှာလည်း မနည်းလှချေ။

သိပ္ပံပညာနယ်အသီးသီး၌ပင် ဆိုင်ရာသိပ္ပံဆရာတို့ တိတိကျကျမသိသေးသော အကြောင်းအရာ သို့မဟုတ် ယနေ့တိုင် အသေအချာ မဆုံးဖြတ်နိုင်ဘဲ အငြင်းပွားနေသော ပြဿနာအမြောက်အမြားရှိ၏။ သို့ဖြစ်၍ သိပ္ပံဆရာတို့သည် မိမိတို့အသိပညာ၏ နယ်နိမိတ်အကန့်အသတ်ရှိမှုကို အသိအမှတ်ပြုကြ၏။ ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး နယူတန်ကမူ မိမိစူးစမ်းလေ့လာ၍ သိရှိရသောအချက်များမှာ ပင်လယ်ကမ်းစပ်ရှိ ကျောက်စရစ်ခဲလေးများနှင့်တူပါသည်၊ ၎င်းကျောက်စရစ်ခဲလေးများကို တွေ့ရရုံဖြင့် ပင်လယ်ပြင်ကြီး၏အကြောင်းကို ဘာမျှမသိနိုင်ပါ၊ ထို့အတူ လောက၌ မိမိ မသိရသေးသော အကြောင်းအရာများမှ ပင်လယ်ပြင်ကြီးတစ်မျှ ကျယ်ပြန့်နက်ရှိုင်း လှပါသည်ဟုဆို၏။

## နောက်ဆက်တွဲ (ဂ)

# ဝလီဆူဖီသခင်တို့ထံ အကူအညီတောင်းခံခြင်းဆိုင်ရာ အယူအဆ

ဝလီဆူဖီသူတော်စင်တို့၏ ဝေလာယတ်တာဝန်ဖြစ်သော လူသားအကျိုးပြုလုပ်ငန်းနှင့် သတ္တဝါကယ်တင်ရေးလုပ်ငန်းတို့ကို သေသေချာချာ သဘောမပေါက်ပါက အရှင်မြတ်နှင့်တုပနိုင်းယှဉ်ကိုးကွယ်မှုပြုသည်ဟူသည့် 'ရှရစ်က်' ပုဒ်မနှင့် စွဲချက်တင်ခံရပေမည်။

အဘွလ်ဟဆန်သခင်၏ ထေရုပ္ပတ္တိဖြစ်ရပ်မှန်တို့ကို အထက်၌ အကျဉ်းချုံး၍ တင်ပြထားရာ ဝလီဆူဖီသူတော်စင်တို့သည် လူသားများအား အကူအညီပေးနိုင်ပါသလော၊ ယင်းသို့ဝလီတို့ထံ အကူအညီတောင်းခံခြင်းသည် အရှင်မြတ်နှင့်တုပနိုင်းယှဉ်ကိုးကွယ်ရာရောက်သလော၊ အလ္လာဟ့်ထံတွင် တိုက်ရိုက် မတောင်းနိုင်ပါသလောဟူသည့် ပြဿနာအရပ်ရပ်တို့ကို အမေးပုစ္ဆာထုတ်လာနိုင်ပါ၏။

ပထမပြဿနာဖြစ်သည့် အလ္လာဟ့်အချစ်တော် အောင်လီယာသူမြတ်တို့ လူသားများအား ကူညီနိုင်ပါသလောဟူသည့် အမေးပုစ္ဆာကို စတင်၍စဉ်းစားကြည့်ကြပါစို့။

အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား 'ဟူကူကွလ္လာဟ်' အလ္လာဟ့်တာဝန်နှင့် 'ဟူကူကွလ်အိဘတ်' ဖန်ဆင်းခံ ဘန်ဒါအချင်းချင်းထားအပ်သည့်တာဝန်ဟူ၍ တာဝန်နှစ်ရပ်သတ်မှတ်ထားပါသည်။ အစ္စလာမ်တရားတော်တွင် မွတ်စလင်မ်တစ်ဦး၏ တာဝန်ကို ပြဋ္ဌာန်းထားရာ၌ မိမိပတ်ဝန်းကျင်ရှိ သက်ရှိ သက်မဲ့ ရုပ်လောက၊ နာမ်လောကအပေါ်၌ မည်သို့ပြုမူဆက်ဆံဆောင်ရွက်ရမည်ကို အတိအကျဖော်ညွှန်းထားပါသည်။ မွတ်စလင်မ်တစ်ဦးသည် မိမိ၏မိသားစု၊ မိမိ၏ရပ်ရွာ၊ မိမိ၏မြို့နယ်၊ မိမိ၏တိုင်းနှင့်ပြည်နယ်၊ မိမိ၏နိုင်ငံ၊ မိမိနေထိုင်ရာ ကမ္ဘာဂြိုလ်အပါအဝင် စကြဝဠာ အနန္တအတွက် သူ့အတိုင်း သူ့အထွာဖြင့် တာဝန်များရှိပေသည်။

ယင်း'တာဝန်'ဆိုသည်မှာ ကူညီဆောင်ရွက်လုပ်ကိုင်ပေးရခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် မဟာတမန်တော်မြတ်ကြီး၏ ဩဝါဒတော်တစ်ခုတွင် " အရှင်မြတ်အား အလုပ်အကျွေးပြုခြင်းဟူသည်မှာ အရှင်ဖန်ဆင်းထားသည့် ဝေနေယျ'ဘန်ဒါ' သဗ္ဗေသတ္တတို့အား အလုပ်အကျွေးပြုခြင်းဖြစ်သည်"ဟု မိန့်မှာထားပါ၏။

ဤသို့ဆိုပါလျှင် ယခုတင်ပြမည့်အချက်တို့ကို စာရှုသူတို့ လေးလေးနက်နက် ဆင်ခြင်ကြည့်ကြပါလော့။

အရှင်မြတ်သည် ဝေနေယျပေါင်းအား ကူညီရမည်ဟု အမိန့်တော်ပညတ်ချက် ပြဋ္ဌာန်းထား၏။ ဥပမာ– မောင်ဖြူကို မောင်နီက အကူအညီလိုအပ်ပါက မောင်ဖြူ တတ်စွမ်းနိုင်သမျှ ကူညီရမည်ဟုဆိုထား၏။ အကယ်၍ မောင်နီအကူအညီလိုအပ်၍

မောင်ဖြူအား အကူအညီတောင်းခံလာလျှင် မောင်နီကို အဘယ်ကဲ့သို့ သတ်မှတ်ပါမည်နည်း၊ အရှင့်ကို အားမကိုးဘဲ လူသားမောင်ဖြူအား အကူအညီတောင်းသဖြင့် မောင်နီသည် အရှင်နှင့်တုပနိူင်းယှဉ်၍ မောင်ဖြူအားကိုးကွယ်နေသည်၊ 'ရှရစ်က်' ကျူးလွန်နေသည်ဟု စွဲချက်တင်ပါမည်လော့။

ဥပမာတစ်ချို့ကို ထပ်ဆင့်တင်ပြပါဦးမည်။

မိမိအိမ်နီးချင်းထံမှ မီးတစ်တို့၊ ဆားတစ်ပွင့်၊ ရေတစ်မှုတ်လိုအပ်၍ အကူအညီတောင်းလိုပါက တောင်းပိုင်ခွင့်ရှိပါ၏လော၊ ဆန်အိပ်ကိုတင်၍ နင်းလာသော ဆိုက်ကားဆရာအား မိမိအိမ်ပေါ်သို့ ဆန်အိပ်ထမ်းတင်ပေးပါရန် အကူအညီတောင်းခံပါလျှင် အလ္လာဟ့်အားမကိုးဘဲ ဆိုက္ကားဆရာထံမှ အကူအညီတောင်းခံရ ကောင်းလားဟု အပြစ်တင်ထိုက်ပါမည်လော့၊ ဗလီဆောက်ရန် သူဌေးတစ်ဦးထံမှ အလှူကောက်ခံခြင်းအတွက် အလ္လာဟ့်ထံတိုက်ရိုက် မတောင်းခံရကောင်းလားဟု ရှုတ်ချပါမည်လော။

အဖြေမှာ အလွန်ရှင်းပါသည်၊ လုပ်ရပ်တိုင်းသည် စေတနာပြဋ္ဌာန်းမှုပေါ်တွင် မူတည်၏ဟူသော မဟာတမန်တော်မြတ်၏ ဩဝါဒတော်သည်လည်းကောင်း၊ အရှင်မြတ်သည် လူသား၏နှလုံးသားကိုသာ ရှုစားတော်မူသည်ဟူသည့် ဩဝါဒတော်သည် လည်းကောင်း အစ္စလာမ်တရားတော်သည် 'နီယတ်' စေတနာပြဋ္ဌာန်းမှုကို အဓိက ထားကြောင်းကို ပြတ်ပြတ်သားသား ဖော်ကျူးပြသလျက်ရှိသည့် အထောက်အထား ဖြစ်ပါ၏၊ ထို့ကြောင့်လူသားအချင်းချင်းထံ အကူအညီတောင်းခံသူသည် မိမိအကူအညီတောင်းခံနေသူအား အလ္လာဟ်အရှင်မြတ်ကဲ့သို့ စွမ်းဆောင်နိုင်သည့် ကိုးကွယ်ရာအရှင်အဖြစ်မှတ်ယူအားထားပြီး အကူအညီတောင်းခံပါက ယင်းသူသည် မုချမသွေ 'ရှရစ်က်' ကျူးလွန်သူပင်ဖြစ်ပေအံ့။

ရှင်းဦးအံ့–

အလ္လာဟ်အသျှင်မြတ်သည် မိမိဖန်ဆင်းခံတို့၏ တောင်းခံခြင်းအတွက်ကြောင့် သော်လည်းကောင်း၊ ဖန်ဆင်းခံတို့၏ သီလ၊ သမာဓိ၊ ပညာ၊ ကိုယ်ကျင့်၊ သိက္ခာ စသည်တို့အပေါ်မူတည်ပြီးလည်းကောင်း၊ ပေးသနားချီးမြှင့်များရှိသလို၊ ဝေနေယျတို့ လိုအပ်မည့်အရာများကို ကြိုတင်ပြီး စီမံပြင်ဆင်ထားသည်များလည်းရှိပါသည်၊ အဆိုပါ အရှင်မြတ်၏ အစီအမံများသည် သဘာဝတရား၏ ယန္တရားကြီးအနေဖြင့် ဤလောက ကြီး၌ အစီအစဉ်ကျနစွာ ဟန်ချက်ညီညီနှင့် သဟဇာတဖြစ်လျက်ရှိပါ၏။ ယင်းဖန်ဆင်းခံ ယန္တရားကြီးသည် လူသားတို့တွေ့ဆုံရင်ဆိုင်လာနိုင်မည့် ပြဿနာအရပ်ရပ်တို့ကို သူ့နည်းသူ့ဟန်နှင့် သူ့အတိုင်း သူ့အထွာနှင့် တပိုင်တနိုင် ဖြေရှင်းပေးကြပါ၏။ ဤသည်မှာအရှင်မြတ်က လူသားတို့တွေ့ကြုံရမည့်အခက်အခဲ ပြဿနာတို့ကို အရှင့်ထံတောင်းခံခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြိုတင်ကာ အလိုက်သိစွာဖြင့်

ဖန်ဆင်းခံအချင်းချင်း ဖြေရှင်းပေးရန် ပြဌာန်းထားသည့် အစီအစဉ်များပင်ဖြစ်ပါ၏။ ပမာဆောင်ရသော်– လူသားတို့အသက်ရှင်ရပ်တည်နိုင်ရေးအတွက် လေ၊ ရေ၊ မြေ၊ သဘာဝ စသည့် ဓါတ်ကြီးလေးပါးအပါအဝင် သဘာဝစွမ်းအား အစုစုတို့သည် လိုအပ်ပါ၏၊ လူသည်အသက်ရှင်ရန် လေကိုရှူရ၍ လေကိုအားကိုးရပါ၏၊ လေ၏ အကူအညီကို ရယူရပါ၏။ လေမရှိပါက လူသေပါအံ့၊ ယင်းသို့ဆိုလျှင် လူအသက်ရှင်းရေးအတွက် အလ္လာဟ်ကို အားမကိုးဘဲ အဘယ်ကြောင့် အဖန်ဆင်းခံလေကို အားကိုးရပါသနည်းဟု မေးလာပါက၊ ချက်ချင်းပင် လေကိုအလ္လာဟ်ကဖန်ဆင်းထားခြင်းဖြစ်သည်၊ ယင်းဖန်ဆင်းခံမှတစ်ဆင့် လူသားတို့လိုအပ်မှုကို ဖြည့်တင်းပေးခြင်းဖြစ်သည်ဟု ဖြေမည်မဟုတ်ပါလော့။

ယင်းသို့ဆိုပါလျှင် ဖန်ဆင်းခံသဘာဝမိသားစုကြီးတွင်ပါဝင်ကြသည့် ဖန်ဆင်းခံလူသားတို့သည် အခြားဖန်ဆင်းခံသဘာဝစွမ်းအားများနည်းတူ ဝေနေယျတို့ တွေ့ကြုံရလတ္တံ့သော အခက်အခဲနှင့် ပြဿနာရပ်တို့အားလည်း အရှင့်တာဝန်ပေးချက်အရ အရှင်ပေးသနားသော စွမ်းရည်သတ္တိတို့ဖြင့် ဖြေရှင်းပေးနိုင်ပါမည်ဟူသည့် အချက်ကို ယထာဘူတကျကျ သုံးသပ်ကြည့်ရန်လိုအပ်ပါလိမ့်မည်။

အထက်၌ တင်ပြခဲ့သည့်အတိုင်း ဝေနေယျအပေါင်း၏ ပြဿနာအခက်အခဲတို့ကို ယင်းတို့တောင်းခံခြင်း မရှိဘဲနှင့် ကြိုတင်ကာဖြေရှင်းနိုင်ရန် ဖန်ဆင်းခံအချင်းချင်းကို အရှင်မြတ်က တာဝန်အပ်နှင်းထားကြောင်းကို တွေ့ရခဲ့ပေပြီ၊ ယခုတစ်ဖန် ဝေနေယျဘန်ဒါတစ်ဦးသည် မိမိကြုံတွေ့ရသည့် အခက်အခဲတို့အား အရှင့်ထံ တင်ပြတောင်းခံ ဆုပန်သည့်အခါတွင် အရှင်မြတ်သည် ယင်းဘန်ဒါ၏လိုအပ်ချက်ကို ဖြည့်တင်းပေးရန် သဘောတူလက်ခံခဲ့ပါက၊ ယင်းဘန်ဒါ၏အခက်အခဲကို တိုက်ရိုက် ဖြေရှင်းပေးသည်များရှိသလို၊ ယင်းပြဿနာတို့ကို ဖန်ဆင်းခံ အခြားဘန်ဒါတို့ကို ကြားခံထားပြီး ဖြေရှင်းပေးသည်များလည်းရှိ၏။ ဥပမာ– ရောဂါဝေဒနာတစ်ခု ခံစားရသည့်သူသည် အရှင့်ထံသို့ရောဂါပျောက်ကင်းသက်သာစေရန် ဆုပန်သော အခါတွင် အရှင်မြတ်လက်ခံပါက အရှင်မြတ်သည် ကြားခံအဖန်ဆင်းခံ ဗန်ဒါတစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက်ကိုမှ ကြားခံကိရိယာအဖြစ်မထားရှိဘဲ တိုက်ရိုက် ရောဂါကို ပျောက်ကင်းစေသည်များရှိပါ၏။ တစ်ခါတစ်ရံတွင်မူ အရှင်မြတ်သည် ဖန်ဆင်းခံ ဘန်ဒါတို့အား ကြားခံကိရိယာအဖြစ်အသုံးချကာ သမားတော်တစ်ဦးနှင့်တွေ့ဆုံပေးခြင်း အားဖြင့်လည်းကောင်း၊ ရေမန်း၊ ဆီမန်း စသည့် စိတ်စွမ်းအင်ဆိုင်ရာ ကုထုံးများအား ဖြင့်လည်းကောင်းပျောက်ကင်းစေပါ၏။ အကယ်၍ အရှင်အလိုမတူပါက မည်သည့်ဆေးစွမ်းကောင်း၊ မည်သည့်သမားတော်အကျော်အမော်ကမှ ထိုရောဂါပျောက်ကင်းအောင် ကုသနိုင်မည်မဟုတ်ပါ။

ဤအချက်ကို ယေဘူယျဥပဒေသအဖြစ် အခြေခံထားကာ စဉ်းစားမည်ဆိုလျှင် 'ဘန်ဒါ'ဖန်ဆင်းခံအချင်းချင်း အကူအညီတောင်းခံခြင်းဆိုသည်မှာ အလ္လာဟ်အလိုတော်အရ၊ အလ္လာဟ်အရှင်သဘောတူ လက်ခံခွင့်ပြု၍ လုပ်ပိုင်ခွင့်ပေးသနားမှုတို့အပေါ်၌သာ ပြုလုပ်နိုင်ခြင်းဖြစ်၍ အကူအညီတောင်းခံသူသည် အရှင့်ကိုဦးစွာပထမ ဦးထိပ်ပန်ဆင်ပြီး အရှင့်ကျေးဇူးတော်ကြောင့် မိမိပြဿနာအခက်အခဲကို ဖြေရှင်းနိုင်မည့် အရှင့်'ဘန်ဒါ'ဖန်ဆင်းခံတစ်ဦးကို တွေ့ရသည်ဟု ခံယူယုံကြည်ရပေမည်၊ ထိုသူမှာ ကိုးကွယ်ရာအရှင်မဟုတ်၊ အရှင်ပေးသောစွမ်းအားမှလွဲ၍ သူ့၌ဘာမျှစွမ်းဆောင်နိုင်ခြင်း မရှိ၊ ထိုသူအား အကူအညီတောင်းခြင်းမှာ အလ္လာဟ်အရှင်မြတ်က မိမိလိုအပ်ချက်ကို ဖြည့်တင်းပေးရန် 'ဘန်ဒါ'ကို ကြားခံကိရိယာအဖြစ် အသုံးချစေခိုင်းချက်သာဖြစ်သည်ဟူသောအသိနှင့်ယှဉ်ပြီးကာမှ ထိုသူ့ထံ အကူအညီတောင်းခံပါက တရားတော်နှင့် ငြိစွန်းမည် မဟုတ်ပါ။

ယင်းကဲ့သို့သော စေတနာပြဋ္ဌာန်းမှုဉာဏ်နှင့်မယှဉ်ဘဲနှင့် 'ဘန်ဒါ'တစ်ဦးသည် အခြားဖန်ဆင်းခံတစ်ဦးထံ၌ အကူအညီတောင်းခံပါက အရှင်နှင့်တုပယှဉ်တွဲကာ အားထားခြင်းဖြစ်သွားပေမည်၊ မီးတစ်တို့တောင်းခြင်း၊ ရေတစ်မှုတ်တောင်းခြင်း၊ ဆားတစ်ပွင့်တောင်းခြင်းသည်လည်းကောင်း၊ ဆေးတစ်လုံးသောက်ခြင်းသည်လည်းကောင်း ယင်းဖန်ဆင်းခံတို့ကို အရှင်၏ကြားခံ ကိရိယာအဖြစ်မမြင်ဘဲ၊ လုံးဝကိုးစားအားထားအပ်သည့်အရာများဟု ခံယူပါက 'ရှရစ်က်'ပုဒ်မနှင့် လုံးဝအကြုံးဝင်သွားပေမည်။ ထို့ကြောင့် 'နီယတ်'စေတနာပြဋ္ဌာန်းမှုသည် အလွန်အရေးပါ အရာရောက်ကြောင်းကို ကောင်းစွာ သိထားအပ်ပေသည်။

ဝလီသူတော်စင်တို့ထံ အကူအညီတောင်းခံခြင်းကိုလည်း အထက်ဖော်ပြပါ အခြေခံမှုများနှင့် သုံးသပ်ကြည့်ရပေမည်။ သာမန်လူသားတစ်ဦးကအလ္လာဟ့်အချစ်တော်တစ်ပါးထံ အကူအညီတောင်းဆိုသည်မှာ ထိုလ္လာဟ့်အချစ်တော်အား သူ၏ချစ်သူ အလ္လာဟ့်ထံတွင် မိမိအတွက်ဆုပန်ပေးရန် ပန်ကြားခြင်းကိုသာလျှင် ဆိုလိုခြင်း ဖြစ်ပါသည်။ ဤသို့ဆိုပါလျှင် အစ္စလာမ်တရားတော်၌ လူတစ်ဦးသည် အခြားလူတစ်ဦး အတွက် ဆုတောင်းပေးပိုင်ခွင့်ရှိသလောဟူသည့်အမေးနှင့် အစပြုရပေလိမ့်မည်။

အစ္စလာမ့်တရားတော်၌ လူတစ်ဦးအတွက် အခြားသူတစ်ဦးက ဆုတောင်းပေးပိုင်ကြောင်းကို ကျမ်းမြတ်ကုရ်အာန်နှင့် ခိုင်လုံသော ဟဒီးဆ်သြဝါဒတို့၌ တိတိပပ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်းကြီး တွေ့ရပေမည်၊ ယင်းသို့တစ်ပါးသူ အတွက် ဆုပန်ရန်ကိုလည်း တိုက်တွန်းအားပေးထားပြီး မိမိအတွက် မတောင်းဘဲ သူတစ်ပါးအတွက် ဆုတောင်းပေးသူကို အတ္တကင်းစင်နေသည့် အနတ္တဉာဏ်ရှင်ဖြစ်သည့်အားလျော်စွာ အရှင်မြတ်သည် လွန်စွာ မြတ်နိုးကြောင်းကိုလည်း ဖော်ပြထားပါ၏။ ထို့ကြောင့် မွတ်စလင်မ်တစ်ဦးနှင့်တစ်ဦးတွေ့ဆုံပါက၊ မိမိတို့အတွက် 'ဒုအာ'

ဆုမွန်တောင်းပေးပါရန် အပြန်အလှန်မေတ္တာရပ်ခံလေ့ရှိခြင်းမှာ အစ္စလာမ့်ယဉ်ကျေးမှု အစဉ်အလာကောင်းတစ်ရပ်ပင်ဖြစ်ပါသည်။ မိဘနှင့်သားသမီး၊ အိမ်ရှင်နှင့်ဧည့်သည်၊ စသည်ဖြင့် အပြန်ပြန်အလှန်လှန် တုန့်ပြန်မေတ္တာနှင့် ဒုအာဆုမွန်တောင်းရန်နည်းများကို ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးဆ်တော်တို့တွင် သွန်သင်ပြသထားပါသည်။ အထူးသဖြင့် သီလ သမာဓိနှင့်ပြည့်စုံသူများ၊ သက်ကြီး ဝါကြီးများအား မိမိတို့အတွက်ဆုပန်ပေးရန် မှတ်စလင်မ်များ ပန်ကြားလေ့ရှိပါသည်။ ဟဂ်ျဘာဝနာပွားများပြီးပြန်လာကြသည့် ဟာဂျီများအား မိမိတို့အတွက်ဆုပန်ပေးရန် မွတ်စလင်မ်များ ပန်ကြားလေ့ရှိပါ၏။ ဟဂ်ျဘာဝနာပွားများပြီးပြန်လာသည့် ဟာဂျီများ လေဆိပ်သို့ရောက်သည်နှင့်ပင် ယင်းတို့အပါးသို့ တိုးဝှေ့ကြကာ အပြေးအလွှားချဉ်းကပ်ပြီး ဆုတောင်းပေးရန် ပန်ကြားခဲ့သည်ကို မြန်မာပြည်၌ အထင်အရှားဆုံးသော သာဓကတစ်ခုအနေဖြင့် မြင်တွေ့ရပေမည်။

သူတော်ကောင်းများသည် ယင်းသို့လူသားအကျိုးပြုလုပ်ငန်း၊ သတ္တဝါ ကယ်တင်ရေးလုပ်ငန်း၏ တစ်စိတ်တစ်ဒေသအနေဖြင့် ဝေနေယျများအတွက် မေတ္တာပို့ ဆုတောင်းမှုများ ပြုသည့်အပြင် လက်တွေ့ကျကျလည်း ကိုယ် နှုတ် နှစ်လုံး ကံ သုံးပါးလုံးဖြင့် ဝီရိယစိုက်ထုတ်ကာ အလုပ်အကျွေးပြုသည်များလည်းရှိပါ၏။ မဟာ တမန်တော်မြတ်၏ မဟာဝင်တွင် ကိုယ်တော်သည် ရဟူဒီအဖိုးအို၏ခြံ၌ ရေလောင်း ပေးခြင်း၊ မိမိအား အထင်လွဲနေသည့် အယူခြားသည့် အဖွားအို၏ ဝန်စည်စလည်တို့ကို သယ်ဆောင်ပေးခြင်း၊ မိမိအိမ်မှုကိစ္စတို့ကို ဝင်ရောက်လုပ်ကိုင်ပေးခြင်း၊ 'မတ်စ်ဂျိဒ်လ် နဗဝီ' ဝတ်ကျောင်းတော်တည်ဆောက်ရာတွင် ကိုယ်တော်ကိုယ်တိုင်အုတ်သယ်ခြင်း၊ 'ခန်ဒတ်' ခုခံစစ်ပွဲ၌ ကိုယ်တော်ကိုယ်တိုင် မြေဝင်ပေါက်ခြင်း စသည်တို့မှာ သတ္တဝါ အကျိုးပြုလုပ်ငန်းကို ကိုယ်တော်မြတ်လက်တွေ့ကျကျ ကိုယ်ထိလက်ရောက် ဆောင်ရွက်ခဲ့ သည့်သမိုင်းအထောက်အထားများဖြစ်ပါ၏။

မဟာတမန်တော်မြတ်၏ ဖဝါးတော်ခြေထပ် လိုက်နာခဲ့ကြ၍ ပေါက်မြောက် အောင်မြင်တော်မူကြကုန်သည့် ဝလီဆူဖီသူတော်စင်တို့သည်လည်း ရုပ်စွမ်းအားဖြင့် လူသားအကျိုးပြုလုပ်ငန်းတို့ကို ဆောင်ရွက်ကြကြောင်း အစ္စလာမ့်သမိုင်းဖြစ်စဉ် တစ်လျှောက်လုံးတွင် အထောက်အထားအမြောက်အမြား တွေ့ရပေမည်။ ဤသို့ဆို ပါလျှင် တစ်ဆင့်တက်ကာ စဉ်းစားကြည့်ကြပါစို့၊ အလ္လာဟ့်ဝလီတစ်ဦးကို မိမိအတွက် ဆုပန်ပေးရန် မေတ္တာရပ်ခံခြင်းသည်လည်း ပြုနိုင်၏၊ ထိုအလ္လာဟ့်အချစ်တော်၏ ကာယ၊ ဉာဏစွမ်းအားတို့ဖြင့် ကူညီမှုကိုလည်း လက်ခံတိုက်၏၊ ဆိုပါက ယခု တင်ပြမည့်အချက်ကို စဉ်းစားကြည့်ကြပါကုန်လော့၊ အလ္လာဟ်အရှင်မြတ်သည် လူသား အား ရုပ်တစ်မျိုးတည်းနှင့်ဖန်ဆင်းခြင်းမဟုတ်ဘဲ နာမ်ဓါတ်ကိုလည်း ပေးသနားတော် မူထား၏။ ယင်းနာမ်ဓါတ်မှ သာမန်သိစိတ်မှသည် 'ရူဟ်'ဟူသည့် အလ္လာဟ့်ဇီဇ အသခ်တဓါတ်တိုင် အလွှာလွှာ အထပ်ထပ် အဆင့်ဆင့်ရှိ၏၊ ထို့ကြောင့် လူတစ်ဦးတွင်

ရုပ်စွမ်းအားရှိသကဲ့သို့ စိတ်စွမ်းအားလည်းရှိ၏၊ အလ္လာဟ့်အချစ်တော်တို့၌မူ အရှင်က ချီးမြှင့်ပေးသနားထားသည့် ဆုတော် လာဘ်တော်ဖြစ်သည့် ဈာန်အဘိညာဉ်တန်ခိုး 'ကရာမတ်'လည်းရှိ၏၊ ထို့ကြောင့် ဝလီသူတော်စင်တို့သည် စိတ်စွမ်းအား၊ ရုပ်စွမ်းအား၊ နူရ်စွမ်းအား စသည့်အလ္လာဟ်ချီးမြှင့်ပေးသနားထားသည့် ဈာန်အဘိညာဉ်တန်ခိုးတို့ဖြင့် လူသားအကျိုးပြုလုပ်ငန်း၊ သတ္တဝါကယ်တင်ရေးလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်ကြပါ၏၊ ယင်းမှာ 'ရှရစ်ကဲ'ပုဒ်မနှင့်ငြိစွန်းမစွန်းကို ကိုယ်ပိုင်ဉာဏ်နှင့်သာ သုံးသပ်ကြပါကုန်။

အကယ်၍ ဝလီသူတော်စင်တစ်ဦးသည် အလ္လာဟ်ကဲ့သို့စွမ်းနိုင်ပါ၏၊ အလ္လာဟ် ပေးသနားမှုကြောင့်မဟုတ်ဘဲ ကိုယ်ပိုင်အလ္လာဟ်နှင့်တစ်သီးတစ်ခြားဖြစ်သော တန်ခိုးများရှိသည်ဟု မှတ်ယူပါလျှင် မုချမသွေ 'ရှရစ်ကဲ'အရှင်နှင့် တုပနှိုင်းယှဉ်တွဲဖက်မှုဖြစ်ပေအံ့၊ သို့သော် အရှင်ပေးထားသော စွမ်းအားတို့ဖြင့် အရှင်မြတ်က ခိုင်းစေတာဝန်ပေးထားသောကြောင့် သတ္တဝါအကျိုးပြုလုပ်ငန်းတစ်ရပ်အဖြစ် ဝလီသူတော်စင်တစ်ပါးက သဘာဝလွန်ဖြစ်ရပ်ဆန်းများကို ပြုလုပ်ပြသသည်ဟု ခံယူပါလျှင် မည်သည့်နည်းနှင့်မျှ 'ရှရစ်ကဲ'ဖြစ်မည်မဟုတ်ပေ။ အလ်လေ့စွန္နတ်ဝလ်ဂျမာအပ်၏ ခံယူချက် 'အကီဒါ'ခဏ်းတွင် ဝလီတို့၏ 'ကရာမတ်'ဈာန်အဘိညာဉ်တို့ကို အဟုတ်ရှိ၊ အမှန်ရှိ၊ တကယ်ရှိဟု ယုံကြည်ရမည့်အကြောင်း ပါရှိပါသည်။

ဘာသာပြန်သူ၏မှတ်ချက်ကို ပြန်လည်၍ကောက်ကာ သတ္တုချရပါမူ ဝလီသူတော်စင်အပါအဝင် မည်သည့်ဖန်ဆင်းခံထံမှမဆို အကူအညီတောင်းခံရာတွင် ယင်းဖန်ဆင်းခံအား အရှင်မြတ်ကဲ့သို့ စွမ်းနိုင်သည်ဟူ၍လည်းကောင်း၊ မိမိပြဿနာ အရပ်ရပ်ကို လုံးဝဥဿုံဖြည့်ဆည်းပေးနိုင်သည့် အားထားရာ ကိုးကွယ်ရာအဖြစ် သတ်မှတ်ပါလျှင်လည်းကောင်း 'ရှရစ်ကဲ'ဖြစ်ပေအံ့။ ယင်းသို့ မဟုတ်ဘဲ အလ္လာဟ့်ကိုဦးထိပ်ပန်ဆင်ကာ အလ္လာဟ့်ကျေးဇူးတော်ကို နှလုံးသွင်းပြီး 'ဘန်ဒါ'အချင်းချင်း အပြန်အလှန် တာဝန်ဝတ္တရားများရှိသည့် အားလျော်စွာ အရှင်ပေးသနားထားသည့် စွမ်းအားဖြင့် အရှင်တာဝန်ပေးချက်အရ မိမိအားကူညီရန် အဆင်သင့်ဖြစ်နေသည့် 'ဘန်ဒါ'တစ်ဦးထံမှ အကူအညီတောင်းခြင်းသည် သာမန်ပုထုဇဉ်တို့အတွက် လက်တွေ့ကျသည့် ရုပ်လောက၌ မလွဲမသွေ နေ့တရူဝ လုပ်နေရသည့် ကိစ္စတစ်ခုသာဖြစ်ပါ၏။ အရေးအကြီးဆုံးမှာ 'စိတ်'ကလေးကို မှန်ကန်စွာ 'ထား'တတ်ဖို့ပင် ဖြစ်ပါသည်၊ ယင်းစိတ်ထားစေတနာတွင် အရှင့် 'တောင်ဟီဒ်'ကို ထိပါးကျူးလွန်ခြင်း မရှိပါက၊ ပညတ်ရုပ်လောကကြီးတွင် ဝေနေယျဖန်ဆင်းခံအချင်းချင်း " ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ" ဆိုသကဲ့သို့ အပြန်အလှန်အညမညဖြစ်စဉ်အတိုင်း ဆက်နွယ်အားထား အကူအညီပေးရမည်မှာ ဓမ္မတာနှင့်မဆန့်ကျင်သည့် သဘာဝနိယာမပင်ဖြစ်ပါသည်။

သို့သော် အလ္လာဟ့်စခန်းကို မျက်မှောက်ပြုနေကြသည့်၊ ပြုရန်အားထုတ်နေ

ကြသည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များမှာမူ အလ္လာဟ်မှလွဲ၍ မည်သည့်မမြဲရာ၊ ရုပ်၊ နာမ်၊ ဓမ္မ၊ သခ်ါရကိုမျှ အားထားခြင်း၊ အကူအညီတောင်းခံခြင်း မရှိပေ၊ ယင်းကဲ့သို့သော ပုဂ္ဂိုလ်ထူးကြီးများအကြောင်းကို ဤကျမ်း၌ပင်အမြောက်အများတွေ့ရပေမည်။ ဥပမာ– ရာဘီယာဘစ္စရီသခင်မကြီးအား ငွေကြေးလှူဒါန်းလိုသူတစ်ဦးအား သခင်မ ကြီးက " ပိုင်ရှင်အစစ်ဖြစ်သည့် အလ္လာဟ်အရှင်မြတ်ထံမှပင် တောင်းခံရန် ကျွန်ုပ် အလွန်ရှက်လှပေရာ၊ အသင့်ကဲ့သို့ဘာမျှပိုင်ဆိုင်မှုမရှိသည့် (အရှင်ပေး၍သာ သူကြွယ်ဖြစ် နေသူ)သူတစ်ဦးထံမှ အဘယ်သို့လျှင် အလှူခံနိုင်ပါမည်နည်း"ဟု ဖြေကြားခဲ့၏။

ဝင်းပြင် ဘန်ဒါဝေနေယျအချင်းချင်း အကူအညီတောင်းခံခြင်းနှင့်ပတ်သက်၍ ပညာရှင်များအနေဖြင့် အလွန်စိုးရိမ်သောကရှိကြပါသည်၊ စိတ်ပြဋ္ဌာန်းမှု တိမ်းချော် သွားပါက အရှင်မြတ်နှင့်တွဲဖက်ကာ အားကိုးရာသည့် 'ရှရစ်က်'အမှုကို ကျူးလွန်ရာ ရောက်သွားနိုင်၏။

သူတော်စင်တို့အား မြှုပ်နှံရာဂူဗိမာန်ဒါရ်ဂါများအား မွမ်းမံချယ်သခြင်းသည် လည်း ရည်ရွယ်ချက်မှန်ကို မသိသူတို့အတွက် အယူတိမ်းသွားစရာ အလားအလာများ အတိပြီးလျက်ရှိပါသည်။ ပုဂ္ဂိုလ်ဆည်းကပ်ကိုးကွယ်မှု၊ ရုပ်ထု၊ ရုပ်ပွားပူဇော်ပသမှု ပုံစံမျိုး ရောက်ရှိသွားပါက တရားတော်၏ဘောင်ကို ချိုးဖေါက်ရာ ရောက်မည်ဖြစ်ပြီး ယုံကြည်မှုအီမာန်ပင် ပျက်ပြားသွားနိုင်သည့်အခြေအနေရှိပါသည်။

ထို့ကြောင့် အများစုသော အစ္စလာမ်သာသနာ့ပညာရှင်တို့သည် ဤလုပ်ရပ် တို့အား ပြင်းပြင်းထန်ထန် တားမြစ်ပိတ်ပင်ကြပါ၏၊ ဥပမာ– ဓမ္မသတ်ဖတ္တဝါ မေးဖြေတစ်ခုတွင် အောက်ပါအတိုင်းတွေ့ရ၏။

အမေး ။ ။ လူသေအလောင်းမရှိဘဲ၊ သင်္ချိုင်းတုလုပ်၍ ဆီမီးပူဇော်ခြင်း၊ ဗုံတီး ခြင်းများ လုပ်ပိုင်ခွင့်ရှိပါသလား။

အဖြေ။ ။ ရှရီအတ်တရားတော်က သူတော်စင် သူတော်ကောင်း ပုဂ္ဂိုလ်မြတ် ၏သင်္ချိုင်းတွင်ဖြစ်စေ၊ သူတော်စင်မဟုတ်သူ၏ သင်္ချိုင်းတွင်ဖြစ်စေ ဆီမီးထွန်းခြင်း၊ ပန်းတင်ခြင်း၊ ထိုနေရာသို့ အမျိုးသမီးများ သွားရောက် ခြင်း၊ အကိုးဖြေရန် မုန့်အစရှိသည့် စားဖွယ်များကိုတင်ခြင်း၊ စား သောက်ဖွယ်ရာများကို အမြတ်တနိုးစားသောက်ခြင်း စသည်တို့ပြုလုပ် ခွင့်မရှိ၊ လုံးဝ'ဟရမ်'ဟူ၍ တားမြစ်ထားသည်။ ထိုနည်းတူစွာ လူသေ အလောင်းမရှိသော သင်္ချိုင်းတုများပြုလုပ်ကာ အထက်ဖော်ပြပါ အမှု ကိစ္စများ ပြုမူခြင်းတို့မှာလည်း လုံးဝ'ဟရမ်'ဖြစ်၍ ပြုပိုင်ခွင့် မရှိပေ။ ထိုမျှမကသေး အချို့ကိစ္စများ ဥပမာ– သင်္ချိုင်းအတု၏ ရှေ့တွင်သော် လည်းကောင်း၊ သင်္ချိုင်းအစစ်၏ရှေ့တွင်သော်လည်းကောင်း ဦးညွှတ် ခြင်း၊ အရိုအသေပေးခြင်းတို့မှာ 'ရှရစ်က်'အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်ပြိုင်ကိုးကွယ်ခြင်းပင်ဖြစ်၏။ ['ဖတ္တဝါ'ဓမ္မသတ်ဖြေကြားချက်များ၊ ဗမာမွတ်စလင်မ်အိုလမာအဖွဲ့ချုပ် ]

သို့သော် အောင်လီယာသူမြတ်တို့ထံ အကူအညီတောင်းခံခြင်းမှာ တရားတော်၏စည်းကမ်းဘောင်အတွင်းမှ ပြုလုပ်ပါက လုံးဝလုပ်ပိုင်ကြောင်းကိုလည်း ပညာရှင်အချို့တို့က သက်သေအထောက်အထား အကိုးအကားများဖြင့် တင်ပြထားချက်များလည်းရှိ၏။

စာရှုသူများ နှိုင်းယှဉ်လေ့လာနိုင်ရန် အဆိုပါပညာရှင်များ၏ အာဘော်အတိုင်း တင်ပြအပ်ပါသည်။

' အလ္လာမဟ်၊ နာဗလ်စီ ' ပညာရှိကြီးက 'ဟာဒီကာနဒီယာ'ကျမ်း၌ အမိန့်ရှိသည်မှာ–

' ကရာမာတွလ်အောင်လီယာအိ၊ ဗကိယတွန်၊ ဗအ်ဒမောင်တိဟင်မ်၊ ဝဖန်ဇအမ စိလာဖွဇာလိက၊ ဖွဟိုဝဂျာဟိလွန်၊ မုတအပ်ဓွေ့ဗွန် '

ဝလီသခင်များ၏ ကရာမတ်တန်ခိုးပြခြင်းသည် ၎င်းတို့ကွယ်လွန်ပြီးနောက်လည်း ကြွင်းကျန်သေး၏။ အကြင်သူသည် ဤအရာ၌ဆန့်ကျင်ဘက်တွေးတောယူဆလျှင် ထိုသူသည် လူမိုက်အယူသည်းသူဖြစ်လေသည်။

အေမာမ်ဒူဒီသခင်အမိန့်ရှိသည်မှာ " သင်္ချိုင်းသို့ ဇိရာယတ်ပြုခြင်းတစ်မျိုးမှာ 'ဗရ်ကတ်'ရယူရန်အတွက်ဖြစ်လေရာ ဤအရာသည် ဝလီသခင်ကြီးများ၏သင်္ချိုင်းသို့ သွားရောက်ခြင်းသည် 'ဆွန္နသ်'ဖြစ်လေသည်၊ ထိုပုဂ္ဂိုလ်များအဖို့ 'ဗရ်ဇတ်ခ်'ခေါ် ဒွန္နယာနှင့် အာခိရတ်၏အကြားဌာနတွင် ကူညီမှိုင်းမခြင်း (ဗရ်ကတ်)ဖြစ်ခြင်းများ မရေမတွက်နိုင်သမျှရှိလေသည်။

' မောင်လာနာ ဂျမာလွတ်ဒီန်၊ အစ်ဗနေ့အဗ္ဗဒွလ္လာဟ်မတ်ကီ'သခင်က မိမိ၏ဖတ္တဝါ၌ မိန့်ဆိုသည်၊ ဟန္နဖီသခင်ကြီးများတို့၏နောက်ဆုံးစွန်ဖြစ်သော 'အလ္လာမာဂနီ'သခင်က အမိန့်ရှိသည်မှာ ဝလီများတို့၏ 'ကရာမတ်'တန်ခိုးပြခြင်းသည် အလ္လာဟ်အရှင်မြတ်၏ 'ကွတ်ဒရတ်'တန်ခိုးတော်မှ ပေးသနားခံရခြင်းဖြစ်ကြောင်းထင်ရှားပြီးဖြစ်လေရာ၊ ဝလီသခင်ကြီးများ၌ ရှင်စဉ်ကာလနှင့် သေပြီးကာလတို့သည် ဘာမျှ ခြားနားမှုမရှိပါပေ၊ အစ္စလာမ်သာသနာတော်၌ ပညာရှင်ကြီးများအပေါင်းတို့က တစ်သံတည်းမိန့်ဆိုကြသည်မှာ " ကျွန်ုပ်တို့၏နဗီတမန်တော်သည် 'မုအ်ဂျီဇဟ်'တန်ခိုးပြာဋိဟာပြခြင်းမှာ ကန့်သတ်ကုန်ဆုံးခြင်း မရှိရကား ကိုယ်တော်မြတ်ကြီး၏ 'မုအ်ဂျီဇဟ်'များအနက်မှပင် အရှင်မြတ်က ဝလီသခင်များအား ကရာမတ်တန်ခိုးပြခြင်းကို ရှင်စဉ်ကဖြစ်စေ၊ ကွယ်လွန်ပြီးနောက်ဖြစ်စေ ကမ္ဘာပျက်သည့်တိုင်အောင် မပြတ်မစဲ ထင်ရှားခြင်းဖြစ်စေတော်မူမည်ဖြစ်လေသည်။

'အိမာမ် အဗူအဗ်ဒုလ္လာဟ်၊ အစ်ဗနေ့၊ နော့အမာ'သခင်က " စဖွိနတွန်နရအိ၊ လိအလ်အင်လ်တိဂျာအိ"ကျမ်း၌ မိန့်ဆိုသည်မှာ–

" တဟတ်ကတ၊ လိသဝင်လ်ဗစ္စာအိရိ၊ ဖလ်အိတိဗာရိ၊ အစ်နဓိယာရတကုဘူရစ်ဆွာလိဟီန၊ မဟာဗူဗတွန်၊ လိအတ်ဂျိလစ်တဗရ်ရိကိ၊ မအလ်အိဒ်တိဗာရိ၊

ဖွအင်န်န ဖရ်ကတဆွ်ဆွာလေဟီန၊ ဂျာရိယ်ယွန်၊ ဗအဒမမာတိဟင်ဖ်ကမာကာနတ်ဖွိယယာတိဟင်လ် ”

အမြင်ကျယ်သော ပညာရှိများနှင့် ခိုင်လုံသော ပညာရှိကြီးများထံတွင် သုတေသနပြု၍ အမှန်သဘောကိုတွေ့ရှိပြီးကြသည်မှာ ‘ဇွာလိဟီးန်’သူတော်စင်များ၏ သချိုင်းသို့ တရားသံဝေဂရရန်နှင့် ‘ဗရ်ကတ်’ ရရှိရန် ဇိယာရတ်ပြုသွားခြင်းသည် ချစ်ခင်နှစ်သက်ဖွယ်ကောင်းကြောင်း၊ အဘယ်ကြောင့်ဟူမူ ယင်းသူတော်စင်များ၏ ‘ဗရ်ကတ်’ ကောင်းကျိုးပြုခြင်းသည် ရှင်စဉ်ကကဲ့သို့ပင် ကွယ်လွန်ပြီးနောက်လည်း မပြတ်မစဲ အကျိုးပြုလေသည်။

‘အိမာမ်မိအဂျလ်၊ အဗ္ဗဒွလ်ဝပ်ဟဗ်၊ ရှောအ်ရာနီ’သခင်က “မိဇာန္ဓရ်၊ ရှိအပဟီလ်ကွတ်ဗရာ”ကျမ်း၌ မိန့်သည်မှာ ဂျမီအို့၊ အအင်မ်မတင်လ်မွတ်ဂျိတဟော့ဒီန၊ ယပ်ရှ်ဖွအူနဗ္ဗိရှဒါအိဒိဟင်မ်ဖွစ်ဒွန္နယာဝလ်ဘရ်ဇဝိဝလ်အာခိရတိဟတ်တာယို့ဂျာစိဇ္ဇတ်ဆွေရာဂေ”

ခပ်သိမ်းသော ‘အိမာမ်မွတ်ဂျိတဟစ်ဒ်’သခင်အပေါင်းတို့သည် မိမိ၏နောက်လိုက်တပည့်အပေါင်းတို့ကို (ရှဖွာအတ်လျှောက်လဲ ချွတ်ကတ်မှု ပြုကြသည်။ လောက၌လည်းကောင်း၊ ကြားလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း တွေ့ဆုံရမည့်အခက်အခဲများကို ရှုမြင်စောင့်ရှောက်တော်မူကြ၏၊ အဘယ်မျှတိုင်ဟူမူ ‘ဇွေရာတ်’ တံတားကို တစ်ဘက်သို့ ကူးလျှောက်ရောက်ရှိသွားသည့်တိုင်အောင် စောင့်ရှောက်ခြင်းပြုကြ၏။

ထိုအိမာမ်သခင်ကပင် “ အလ်အဂျုဗဟ်အန်အအင်မ်မတင်လ်ဖွိကဟာအိဝပ်ဆူဖိယတ်”ခေါ်ကျမ်းတွင် မိန့်ဆိုသည်မှာ “ အင်နအအင်မ်မတလ်ဖွိကဟာအဝပ်ဆူဖွိယတ၊ ကွလ်လဟွန်မ်၊ အင်ဒတို့လှူအိရှုဟိဟိ ဝအင်ဒစုဝါလိမွန်ကိရင်န်၊ ဝနကီရင်လ်ဟဟူ၊ ဝအင်ဒန်နပ်ရှ်ရိ၊ ဝလ်ဟပ်ရှ်ရိ၊ ဝလ်ဟိစာတိ၊ ဝလ်မီဇာနိ၊ ဝပ်ဆွေရာတွေ့၊ ဝလာယပ်ဂ်ဖွုလူနအန်န့်ဟွမ်ဖွိမောင်ကိဖွင်န်၊ ဗေနလ်မဝါကိဖွေ ”

ကေန်မုချခပ်သိမ်းကုန်သော ‘ဖွကီရ်’များနှင့် ‘စူဖိ ’သခင်များတို့သည် မိမိတို့၏နောက်လိုက်တပည့်များကို ’ရှဖွာအတ်’လျှောက်လဲ ချွတ်ကယ်ခြင်း ပြုပေးကြ၏။ အကြင်အခါ မိမိတို့၏တပည့်တစ်ဦးယောက် အသက်ဝိညာဉ်ထွက်မည့်အခါ ‘မွန်ကစ်ရ်၊ နကီရ်’ နတ်သားနှစ်ပါးက စစ်ဆေးမည့်အခါ သေရာမှရှင်ထရမည့်အခါ၊ စုရုံးရမည့်အခါ၊ စာရင်းအစစ်အဆေးခံရမည့်အခါ၊ ကောင်းမှုနှင့် မကောင်းမှု ချိန်စက်သောအခါ၊ ‘ဇွေရာတ်’ တံတားကို ကူးလျှောက်သောအခါတို့တွင် ကူညီ စောင့်ရှောက်ခြင်းပြုကြ၏။ မည်သည့်ဌာနမျှ မေ့လျော့လျစ်လျူပြုထားမည် မဟုတ်ကြပေ။

‘မိုကလ်လစ်ဒ်’ခေါ် ‘မဇာဟတ်ဗ်’ရှိသူတို့နှင့် ‘မိုရိဒ်န်’ခေါ် ဗြိရ်ရှိသူတို့သည် ကံကောင်းလေစွ၊ ထိုသူများသည် ‘မဇာဟတ်ဗ်’ရှိ၍လည်းကောင်း၊ ‘မိုရိဒ်’ရှိ၍ မိမိတို့၏ရှေ့ဆောင်များ၏ကူညီမှုကို ရရှိကြလေသည်။ ‘မဇဟတ်ဗ်’ရှင်ကြီးများနှင့်

မွရ်ရှစ်ဒ်ပြီရ်သခင်တို့သည် တပည့်များအား အဘယ်သောအခါမှ မေ့လျော့ခြင်း မရှိကြချေ၊ အချိန်ကာလတိုင်း တပည့်များအား 'မဒတ်ဒ်'ကူညီမှိုင်းမခြင်းပြုရန် အသင့်ရှိကြလေသည်။

စွတ်ဗဟာနလ္လာဟိ၊ ဝဗိဟမ္မဒိဟိ" အကြင်သူတို့သည် သူတော်စင်သူတော်မြတ်များထံ ကူညီမှိုင်းမရန် တောင်းဆိုခြင်းကို 'ရှရစ်က်'ဖြစ်သည်ဟု ပြောဆိုကြ၏။ ထိုသူတို့အား အိမာမ်'သခင်ကြီးများ၏ ဝိညာဉ်သည် အဘယ်မှာလျှင် ကြည့်ရှုစောင့်ရှောက်မှု ပြုကြအံ့နည်း၊ အလ္လာဟ်အရှင်မြတ်၏ခလေ့တော်မှာ သွေဖီငြင်းဆန်သူတို့အား စည်းစိမ်ချမ်းသာဆုလာဘ်များမှ လက်မဲ့ထားတော်မူလေ့ရှိပေသည်။

'ဟဒီးဆ်ကွတ်ဒစီ'၌ မိန့်တော်မူသည်မှာ " အနာအင်းန်ဒသွာန်း နိအဗ်ဒိဗ်" ငါသည် ငါ၏ကျေးကျွန်တော်များ၏ မက်အာရုံအထင်အတိုင်း ပြုလုပ်ပေးသနားတော်မူ၏။ "

[ ဗုခါရီကျမ်း ]

အကယ်၍ ဆန့်ကျင်သူတို့၏အထင်၌ ကူညီမှိုင်းမခြင်းမဖြစ်နိုင်မစွမ်းနိုင်ဟု ယူဆလျှင် ထိုသူတို့အပေါ်၌ ထိုအတိုင်းပင်ဖြစ်ပေမည်။

လောက၏အကြီးအမှူးနှင့် နှစ်ဘဝ၏ဘုရင်ဖြစ်သော ကိုယ်တော်မြတ်က မိန့်တော်မူခဲ့သည်မှာ " ရှဖွာအတီ ယောင်မလ်ကိယာမတိ ဟပ်က်ကွန်၊ ဖွမလ်လမ် ယုအ်မင်န်ဗိဟာ၊ လမ်ယကွန်မ် မင်န်အဟ်လိဟာ" " ကမ္ဘာ့တရားစီရင်မည့်နေ့၌ ငါ၏ လျှောက်လဲချွတ်ကယ်ခြင်းသည်အမှန်ဖြစ်၏။ အကြင်သူ ထိုအရာကို မယုံကြည်လျှင် ထိုသူသည် လျှောက်လဲချွတ်ကယ်ခြင်းကို ခံရမည်မဟုတ်။

[ အစ်ဗ်နိမိနီဆ် ]

ရှားဟ်အဗ္ဗဒုလ်ဟပ်က် မုဟတ်ဒစ်ဆ်ဒေဒလဝီသခင်က "မစ်ရ်ကာတ်"ကျမ်း၏ အဖွင့်ဋီကာ၌ မိန့်ဆိုသည်မှာ " ဟွတ်ဂျတွတ်အစ္စလာမ် အိမာမ်ဂဇာလီ ဂွတ်ဖွတဟ်၊ ဟရ်ကိအစ်စ်တင်မ်ဒါးဒ် ကရ်ကရ်ဒဟ်မေ၊ ရှဝပ်ဒ်ဗဝိုင်ဒရ်ဟယာတ်၊ အစ်စ်တင်ဒါးဒ် ကရ်ဒဟ်မေးရှဝပ်ဒ်ဗဝိုင်ဗအ်ဒပ်ဖ်ပဖွားတ် " ' အီမာမ်ဂဇာလီအမိန့်ရှိသည်၊ အကြင်သူ၏ထံမှ အသက်ရှင်နေစဉ် ကူညီစောင်မခြင်းကို ရယူခဲ့လျှင်၊ ထိုပုဂ္ဂိုလ် သေဆုံးပြီးနောက်လည်း အကူအညီကို တောင်းဆိုနိုင်လေသည်။' ထို့နောက် ရှားဟ်အဗ္ဗဒုလ်ဟတ်က်သခင်က အမိန့်ရှိသည်၊ ဗရ်အန်ဒါစပေ အဒဗိအီရှာန်" အဓိပ္ပါယ်ကား သူတော်စင်များသည် မိမိတို့သင်္ချိုင်းသို့ လာရောက်ဇိယာရတ် ပြုသောသူတို့အား ၎င်းတို့ကို ရှိသေကိုင်းရှိုင်းမှုရှိသလောက် နည်း[illegible]ဆို ကူညီစောင်မမှု ပြုကြလေသည်။

အလ္လာမာ တပ်ဖ်တာဇာနီသခင်က 'ရှရာဟ်မကာဆွင်ဒ်'ကျမ်း၌ သေပြီးသူများ သိကြားမြင်ခြင်းနှင့်ပတ်သက်၍၊ သုတေသနပြုပြီးနောက် မိန့်ဆိုသည်မှာ–

" ဝလိဟာဇာ ယန်တဖွိအု ဗိဓိယာရတိက မူရင်လ်အဗ်ရာရိ၊ ဝလ်အစ္စတိအာနတိ မင်နမ္ဖုစင်လ်အပ်ခ်ယား ရဲ " အဓိပ္ပါယ်ကား- ' ထို့အတွက်ကြောင့် သူတော်သူမြတ်တို့၏ သင်္ချိုင်းသို့ ဇိယာရတ်ပြုခြင်းနှင့် သန့်မြတ်သောသော ဝိညာဉ်များမှ အကူအညီတောင်းခြင်းသည် အကျိုးကျေးဇူးရှိလေသည်။

အိမာမ်အစ်ဖ်နိ ဟာဂျရ်မတ်ကီ သခင်က မိန့်ဆိုသည်မှာ အကယ်၍ ကွယ်လွန်သူ 'မိဇာရ်' အုတ်ဂူရှင်၏ 'ဗရ်ကာတ်' ကို မက်ထားသော် အလ္လာဟ်အရှင်မြတ်ထံတော်တွင် 'ဝစီလာ' သဟဲထား၍တောင်းဆိုလော့၊ ဦးစွာပထမ ကိုယ်တော်မြတ်ကြီးအား သဟဲထားရမည်၊ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ်သည် ဤနေရာ၌အကောင်းဆုံးဖြစ်၍ အားလုံးတို့၏မူလဘူတဖြစ်တော်မူ၏၊ ထို့နောက်မှ သူတော်သူမြတ်တို့အား မိမိလိုလားချက် အပြစ်ချွတ်ကယ်မှုအတွက် သဟဲများထားခြင်းပြုရမည်၊ အဘယ်ကြောင့်ဟူမူ အလ္လာဟ်အရှင်မြတ်က ၎င်းတို့အား ရွေးကောက်ချီးမြှင့် မြှောက်စားခြင်းခံရသူများဖြစ်ကြလေသည်၊ လောက၌၎င်းတို့အသက်နှင့်ရှင်လျက်ရှိစဉ်က ကူညီစောင်မအကျိုးကျေးဇူးရှိအောင်ပြုလုပ်နိုင်သကဲ့သို့ ကွယ်လွန်ပြီးမှလည်း ကူညီစောင်မခြင်း ပိုမိုပြုနိုင်ကြလေသည်။

ထို့ကြောင့်အကြင်သူ၌ တစ်စုံတစ်ရာ အခက်အခဲရှိသလို ဆန္ဒကြုံကြိုက်လာလျှင် ထိုသခင်များ၏ 'မိဇာရ်' ဝါ 'ဒါရ်ဂါဟ်' သင်္ချိုင်းသို့ အခစားရောက်ကြကုန်လော့၊ ၎င်းတို့ထံတွင် 'ဝစီလာ' သဟဲထား၍ တောင်းဆိုကြကုန်လော့၊ အဘယ်ကြောင့်ဟူမူ ဤပုဂ္ဂိုလ်များသည် အလ္လာဟ်နှင့် 'ဗန်ဒဟ်'၏အကြားတွင် အဆက်အသွယ်အမှီ သဟဲဖြစ်ကြလေသည်၊ ဓကန်မုချ 'ရှရီအတ်'တရားတော်၌ အရှင်မြတ်က ဝလီသခင်များပေါ်တွင် ကြီးမားသောဆုလာဘ်တော်များ သနားပြီးကြောင်း အတည်ဖြစ်လေသည်၊ အမြဲထာဝရရှေးခေတ်အိုလမာများနှင့် နှောင်းခေတ်အိုလမာတို့သည် နေထွက်အရပ် နေဝင်အရပ်တို့ရှိ ဝလီသခင်ကြီးများ၏ 'မိဇာရ်' 'ဒါရ်ဂါဟ်'သင်္ချိုင်းတို့ကို ဇိရာရတ်ပြု၍ 'ဗရ်ကတ်'ကောင်းကျိုးပွားတိုးရယူကြလျက် လာခဲ့ကြလေသည်။

စိုက်ယိဒီဂျမာလ်မတ်ကီသခင်၏ ဖွတ္တာဝါ၌ အိမာမ် ရှိဟာဗ္ဗတ်ဒီးန်ရမ္မလီသခင့်ထံမှတစ်ဆင့်ရေးသားခဲ့သည်မှာ " ဆွာလိဟီးန အိဝရ်ရှစုလု ဝလ်အောင်လိယာအိဝပ်ဆွာလိဟီးန အိဝါသတွန်၊ ဗအ်ဒမောင်တိဟင်မ်" ' နဗီတမန်တော်များ၊ ရစူလ်တမန်တော်များနှင့် ဝလီသူတော်စင်များ ဆွာလိဟီသူတော်ကောင်းများသည် ဘဝတစ်ပါးပြောင်းကာကွယ်လွန်ပြီးနောက်လည်း ကူညီမှိုင်းမခြင်း ပြုတော်မူကြလေသည်။

" အတ်ရှ်အတွလ်လမ်အာတ် "ခေါ် မစ်ရ်ကားတ်ကျမ်း"၏ ဋီကာ၌ စိုက်ယိဒီအဟမဒ်ဇန်ရူးဟ်သခင် ( ထိုသခင်သည် အနောက်နိုင်ငံရှိ အကာဗိရ်အိုလမာပညာရှင်ကြီးများအနက်မှဖြစ်သည့်ပြင် 'ဖွကီးရ်'ရှိက်ခ်ကြီးလည်းဖြစ်လေသည်။)

မိန့်ဆိုသည်မှာ “ တစ်နေ့သ၌ ရှိက်ခ် အဗူလအတ်ဗားစ်မတ်ခ်ရူမီသခင်က ကျွန်ုပ်အား လူရှင်တို့၏ ကူညီစောင်မခြင်းသည် အင်အားကြီးမားသလော၊ ကွယ်လွန်ပြီးသူတို့၏ ကူညီစောင်မမှုသည် အင်အားကြီးမားသလောဟုမေးရာ၊ ကျွန်ုပ်ကဖြေသည်မှာ– “ လူတစ်စုကပြောသည်မှာ လူရှင်တို့၏ကူညီစောင်မမှုက အင်အားကြီးမားသည်ဟူ၍၊ ကျွန်ုပ်ကမူ ကွယ်လွန်ပြီးသူတို့၏ ကူညီစောင်မမှုက အင်အားကြီးမားသည်ဟု ပြောလိုသည်။

ရှိက်ခ် ‘အဟမဒ်’က မိန့်ဆိုသည်မှာ မှန်၏၊ အဘယ်ကြောင့်ဟူမူ အကြင် သူတော်ကောင်းတို့သည် ဤလောကမှပြောင်းကြွကွယ်လွန်သွားကြပြီးနောက် အလ္လာဟ် အရှင်မြတ်၏အပါးတော်တွင် ခစားလျက်ရှိကြသောကြောင့်ဖြစ်လေသည်။

ဟာသွရတ် ဂျာမီ ကွတ်ဒိစစ်ရှိ့ဟူသခင်က ‘အလာဘွတ်ဒေါင်လာစမ္မနာနီ’သခင် ထံမှတစ်ဆင့် ကူးယူဖေါ်ပြသည်မှာ “ ဒရ်ဝီရှေးအပ်ဖ်ရှိက်ခ်စို့ဝါလ်ကရ်ဒ်ကေ့ကျွန်ဗဒနီ ရာဒန်ခါပ်က်၊ အစ်ဒဘပ်က်နေစိတ်၊ ဝဒရ်အာလလေအရ်ဝါဟ်ဟော့ဂျာဗ်နေစိတ်ကျေ့အဲဟ် တေယာဂျပ်စ်တ်ဗစရေ့ခါပ်က်ရပ်ဖ်တနီကျေ့ဒရ်တရ်မကာမေ့၊ ကေ့တဝပ်ဂျိုဟ်ကိုနပ်ဒ်၊ ဗရှုဟော့ဗဇ္ဇရ်ဂေဟို့မါန်ဗာရှဒ်၊ ကေ့နစရေ့ခါပ်က်၊ ရှိက်ခ်ဖွာရ်မူဒ်ဖွာအေ့ အဟ်ဗစ်ယားရ်ဒါရဒ်၊ ယကေးအာန်ကေ့ကျွန်ဗဖေယာရတော့က စေမေးရဝပ်ဒ်၊ ကျွန်ဗစရေခါပ်က်ရစဒ် ဗဟစ်မို့ရှာဟဒါကိုနဒ်၊ ခါကေ့အိုရာတစ်စေ့အို့ နေဇ်မရှု ဂူလေ့အိုရှဝဒ်ဝဗကွလ္လီမို့တဝပ်ဂျဲဟ်ဂရ်ဒဒ်၊ ဝဖွာအေ့ဒဟ်ဗစ်ရ်တရ်ဒေ့ဟဒ် ဝဒေ့ဂရ်အာန်ကေတရ်ကျန်း၊ အရ်ဝါဟ်ရာဟော့ဂျာဗ်နေစိတ်ဝဟဖတ်ဂျဟာန်အိုရား ယကေးစ်ဘ်၊ အမ္မာဗအာန်မောင်သွအ်တအဟ်လွတ်က်ဗေရှ်တရ်ဗူဒ် ”

‘ဒရ်ဝီးရှ်’လူသူတော်တစ်ဦးက ‘ဇမ္မနာနီ’သခင်အား မေးမြန်းသည်မှာ ခန္ဓာကိုယ် သည် မြေ၌ရောက်သောအခါ ဘာမျှတွေ့ထိနားလည်မှု မရှိတော့ချေ၊ ဝိညာဉ်လောက၌ အကာအကွယ်အတားအဆီးမရှိတော့ရာ သချိုင်းသို့သွားခြင်းမှာ လိုအပ်ပါသေးသလော၊ အဘယ်ကြောင့်ဆိုသော် မည်သည့်နေရာမှဖြစ်စေ မည်သည့်သူတော်ကောင်းအားမဆို ‘တဝပ်ဂျာ’စိတ်၌အာရုံပြုလိုက်လျှင် ထိုနေရာလ ရောက်ရှိလာလေသည်၊ သင်္ချိုင်းသို့ သွားရန်မလိုချေ။

‘ရှိက်ခ်စမ္မနာနီ’သခင်က မိန့်ဆိုဖြေကြားသည်မှာ သင်္ချိုင်းသို့သွားခြင်းသည် များစွာသောအကျိုးကျေးဇူးရှိလေသည်၊ တစ်ခုမှာ အကြင်သူတစ်ဦးသည် ဇိယာရတ် ပြုရန် သင်္ချိုင်းသို့သွားလျှင် သင်္ချိုင်းနီးကပ်သလောက်ပိုမို အာရုံစူးစိုက်ခြင်းဖြစ်လေ သည်၊ ထို့အပြင် များစွာသော အကျိုးအာနိသင်များကိုလည်း ရရှိနိုင်သေးသည်။

ဒုတိယအကျိုးမှာ ဝိညာဉ်၌ အဘယ်အချိန်အခါ၌မျှ အကာအကွယ် အတား အဆီးမရှိသော်ငြားလည်း လောကအပေါင်းသည် သူတို့အဖို့တစ်မျိုးတစ်စားတည်းဖြစ် သော်လည်း မိမိတို့၏ ကိုယ်ခန္ဓာဟောင်းတည်ရှိသောသင်္ချိုင်းနှင့် ဆက်သွယ်နီးစပ်မှု များစွာရှိလေသည်။

" စိုင်ယိဒီဂျမာလ်မက္ကီ"သခင်၏ 'ဖွတ္တဝါ'ဆုံးဖြတ်ချက်၌ပါရှိသည်မှာ "စုအင်လ်တုအမ်မန်ယကူးလို့၊ ဖွီဟာလစ်ရှဒါအိဒိ၊ ယာရစူလွလ္လာဟိ၊ ယာအလီယု၊ ယာရှိုက်ခ်အဗ်ဒလ်ကာဒိရ်မသလန်၊ ဟလ်ဟုဝဂျာအိဇွန်ရှရ်အာန်၊ အမ်လာဖွအဂျပ်ဘ်တု၊ နအမ်၊ အလ်အစ်တိဂါသတု၊ ဗိလ်အောင်လိယာအိ ဝနေဒါအုဟွမ်၊ ဝပ်ကဝပ်စုလုဗိဟင်မ်၊ အမ်ရွှန်မပ်ရ်ရှုအွန်၊ ဝမရ်ဂူဇွန်၊ လာယွန်ကိရိဟူ အိလ်လာ မုကာဗိရွှန်၊ ဝမုအာနိဒွန်၊ ဝက်ဒ်ဟရိမ၊ ဗရ်ကတွလ်အောင်လိယာအင်လ် ကိရာမိ၊ ဝစုအိလရှိုက်ခွလ်အစ္စလာမိအပ်ရှိ့ဟာ ဇွရ်ရမ္မလီယွလ် အန်ဆွာရီ ရှာဖွိအီ။ အမ္မာယကအို့၊ မိနလ်အာမ်မတိ၊ မင်န်ကောင်လိဟင်မ် အင်န်ဒတ်ရှဒါအိဒိ၊ ယာရှိုက်ခ်ခဖု့လာန်၊ ဝနဟ်ဝဇာလိက၊ မိနလ်အစ်တိဂါသတိ ဗိလ်အန်ဗိယာအိ၊ ဝလ်မွရ်စလီန၊ ဝလ်အောင်လိယာအိ ဝဆွ်ဆွာလိဟီးန၊ ဂျာအိဇတွန်ဗအ်ဒမောင်တိဟင်မ် "

အခက်အခဲ အကြပ်အတည်းနှင့်ရင်ဆိုင်ရသောအခါများတွင် 'ယာရစူလွလ္လာဟ်' အို–အရှင်မြတ်၏တမန်တော်၊ 'ယာအလီ' အို–အလီသခင်၊ 'ယာရှိုက်ခ်အဗ္ဗဒွလ်ကာဒိရ်' အို– အဗ္ဗဒွလ်ကာဒိရ်သခင် စသည်တဆိုခြင်းသည် 'ရှရအ်'တရားတော်အ၏ တသပိုင်ပါသလော၊ သို့မဟုတ် မပိုင်ပါသလောဟု ကျွန်ုပ်အား မေးမြန်းကြလေသည်၊ ကျွန်ုပ်ကဖြေဆိုသည်မှာ မှန်၏၊ ဝလီသခင်များအား 'မဒဒ်'အကူအညီတောင်းခံခြင်း ၎င်းတို့အား အသံဖြင့်အော်ဟစ်တသခြင်း၊ ၎င်းတို့အား အမှီတကဲတားခြင်းတို့သည် ရှရီအတ်တရားတော်တွင်ပါဝင်သော ကိစ္စဖြစ်သည့်ပြင်၊ နှစ်ခြိုက်ဖွယ်ရာ ကိစ္စလည်းဖြစ်၏ ထိုသို့သောကိစ္စကို ငြင်းပယ်ခြင်း မပြုနိုင်ပေ၊ သို့ရာတွင် ဘာသာကိုစော်ကားသူနှင့် မှန်ကန်ခြင်းကို ရန်ပြုသူများသာလျှင် ငြင်းပယ်မှုပြုကြပေမည်၊ အမှန်ပင် ယင်းသူတို့သည် အောင်လီယာသခင်များ၏ 'ဗရ်ကာတ်'နှင့်ကင်းဝေးသူများဖြစ်ကြလေသည်။

ရှိုက်ခ်ရှိဟာဗွတ်ဒင်န် ရမ္မလီအန်ဆွာရီ၊ ရှာဖွိအီသခင်အားမေးသည်မှာ –,, " သာမန်လူတန်းစားများသည် အခက်အခဲအကြပ်အတည်း တွေ့ဆုံကြရသောအခါများ၌ ဥပမာ– 'ယာရှိုက်ခ်' မည်သူမည်ဝါဟူ၍ အော်ဟစ်တသကြပါသည်၊ နဗီသခင်များနှင့် ဝလီသခင်များကို အကူအညီတောင်းကြပါသည်။ ယင်းကိစ္စများသည် ရှရီအတ်တရားတော်က ဘယ်သို့မိန့်ဆိုပါသနည်း၊ အမည်ပါ အိမာမ်သခင်ကြီးက ဖွတ္တဝါဆုံးဖြတ်ချက်ပေးသည်မှာ နဗီများ၊ မွရ်စင်လ်များ၊ ဝလီများထံမှ ၎င်းပုဂ္ဂိုလ်များကွယ်လွန်ပြီးနောက်လည်း 'အစ်စ်ကိအာနတ်'အကူအညီတောင်းခြင်း၊ 'အစ်စ်တင်မဒါဒ်' 'မဒဒ်'မှိုင်းမမှုခံယူခြင်း တို့သည် ပြုလုပ်ပိုင်လေသည်။

စိုက်ယိဒီအေမာမ် အဟမဒ်ဇရ်ရှုက်သခင်သည် မိမိ၏ကဆွီဒါ၌ မိန့်ဆိုသည်မှာ သူ၏အဓိပ္ပါယ်ကား၊ ကျွန်ုပ်သည် မိမိမုရီဒီများ စိတ်ဒုက္ခရောက်၍ ခေတ်အခါက နှိပ်စက်ခြင်းနှင့်မင်္ဂလာကင်းမဲ့ခြင်း သူတို့အပေါ်၌ ကျရောက်သောအခါများတွင် ကျွန်ုပ်သည် စိတ်ပျော်အောင်ပြုနိုင်သောသူဖြစ်၏၊ အကယ်၍ ဆင်းရဲကြပ်တည်း ဒုက္ခတွေ့နေလျှင်

ဤသို့ ငိုကြွေးကြလော့၊ 'ယဇရ်ရှူးက်'ငါသည် ချက်ချင်းရောက်လာမည်။

ဟာဇရတ် ရှာဟ်အဗ္ဗဒွလ်အဇီဇ်ဆွာဟစ်ဗ် ဒေလဝီသခင်က၊ အို– အရှင်မြတ်၏ ကျားတော်ဖြစ်သော 'ဇရ်ရှူးက်'သခင်အကြောင်းကို မိမိ၏ 'ဗွတ်စ်တာနွယ် မုဟာဟတ် ဒိဆိန်' ကျမ်းတွင် ဤသို့ရေးထားလေသည်၊ " ရှိုက်ခ်ခိအိုစိုက်ယိဒီ ခိုင်တုန်ရဟာမတွလ္လာ အလိုင်ဟိ၊ ဒရ်ဟပ်ကိအုဗရှာရတ်ဒါဒတ်၊ ကိအုအပ်ဇ်အဗ်ဒါ လိစဗ်အဟပ်စ်တ်၊ ဝဗါ ဝင်ဆွဖွိ အုလုဝိဟာလိဗာတွင်န်၊ ကဆွာနိဖွိအုဒရ်အုလူ မိဗ္ဗာဟိရာ နေဇ်နာဖွဲ့အ်ရှိဒတ်။

ဗင်လ်ဠမ္မလာမရ်ဒိဂျလိလွလ်ကပ်ဒရပ်စ်တ်ကိမရ်တဗယိကမာလိအု၊ ဖွောင်ကွတ်ဇစ် ကရပ်စ်တ်၊ ဝအုအပ်ဇ်မုဟပ်ကိကာနေဆူဖွိယာဟပ်စ်တ်၊ ကိဗိုင်နလ် ဟကီးကတိ ဝပ်ရှရီအတ် ဂျာမတ်ဗူကဟ်၊ ဝဗရှာဂိရ်ဒီယိအိအဂျလယေ့အုလမာမွတ်ဖွတာခိရ် ဝမဗာဟိဗူဒအန်းဒ်၊ မစ်သလိရှာဟာ ဗစ်ဒိန်ကပ်စ်တွလာနိ ဝရှမ်စွတ်ဒီးန် ကလာနိ "

ဇရက်သခင်၏ ပြီရ်မွရ်ရှစ်ဒ်ဖြစ်သော ခိုင်တုန်သခင်သည် မိမိတပည့်အား သတင်းကောင်း မိန့်ဆိုခဲ့သည်မှာ "ဇရှူးက်သည် 'အတ်ဗဒါလ်'သခင်၇ပါး အနက်မှ တစ်ပါးဖြစ်လေသည်၊ အတွင်းလမ်းအားဖြင့် ပေါက်ရောက်တိုးတက်သည်မက အပြင်လမ်း ဖြစ်သော လောကီပညာဘက်၌လည်း သခင်ရေးသားပြုစုခဲ့သော ကျမ်းစာများသည် များစွာ အသုံးဝင် ကျေးဇူးရှိသောကျမ်းများဖြစ်လေသည်၊ အချုပ်မှာ ဤပုဂ္ဂိုလ်သည် အလွန်တန်ခိုးကြီးမားသောပုဂ္ဂိုလ်ဖြစ်လေသည်၊ သူ၏ပြည့်စုံသော ဂုဏ်ဒြပ်ကို ပြောပြနိုင်ဖွယ်မရှိပေ၊ ဤသခင်သည် 'စူဖွိ'လမ်းမှန်ပုဂ္ဂိုလ်များအနက် 'ရှရီအတ်'တရားရော 'ဟကီကတ်'တရား၊ 'တရီကတ်'တရားပါ စွယ်စုံလိုက်နာသောသခင်ဖြစ်လေသည်၊ သခင်၏ထံတပည့်အဖြစ်ခံယူ၍ ကြီးကျယ်သောအိုလမာများသည် ဂုဏ်ယူခြင်းပြုကြလေသည်၊ ဥပမာ ရှိဟာဗွဒိန်ကတ်စ် တွလာနိသခင်နှင့် ရှမ်းစွတ်ဒီးန် လိကာနိသခင်ကဲ့သို့သော ပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။

အိမာမ်အစ်ဗနွလ်ဟာဂျ်သခင်က 'စွဖွိနတွန်နဂျာတ်'ကျမ်းမှ ကူးယူဖော်ပြသည်မှာ " အတ်ဒုအာအု အင်းန်က ကုဗူရစ်ဆွာလိဂီးန ဝစတရှပ်ဖုအု ဗေဟင်မ်အအ်မူလွန် ဗိဟီအင်းဒ အုလမာအိနလ် မုဟပ်ကိကီးန မင်န်အအင်မတစ်ဒီးနိ " 'သူတော်ကောင်းများ၏သင်္ချိုင်းအနီးတွင် ဒုအာတောင်းခြင်းသည်လည်းကောင်း၊ ထိုသခင်များထံမှ လျှောက်လဲ ချွတ်ကယ်မှုပြုပေးရန် တောင်းဆိုခြင်းသည်လည်းကောင်း ငါတို့မှန်ကန်သော အာလင်မ်များ၏ ထုံးစလေ့တစ်ရပ်ဖြစ်လေသည်။

ရှိုက်ခ်အဗ္ဗဒွဟပ်က် မုဟတ်ဒစ်ဆ်ဒေလဝီသခင်က " အတ်ရှ်အကွလ်ယမ် အာတ်ရှရာတ် မစ်ရ်ရှ်ကားတ်" ကျမ်း၌ရေးဆိုသည်မှာ လိုင်းကရှအရီ၊ ကျေ့မေးခါဟန်းဒ် အီရှာန်ဗအစ္စတင်မ်ဒါဒကေ့ အိန်ဖွစ်ရ်ကဟ်မွန်ကေ့ရပ်စ်တ်၊ အာန်ရာအန်ကျေမာဇေ ဖွတ်မင်န်မ်အီးနပ်စ်တ်ကေ့ဒါအီ ဒုအာကို နဒ်ဗခို့ဒါဝတာဝပ်စွလ်ကို့ နဒ်ဗရှုဟာနိယယဇေ့ အင်းဗန်ဒလေ့မိုကရ်ရစ်၊ ယာနေ့ဒါကိုနဒ်အင်းဗန်ဒ ယေ့မိုကရ်ရစ်ရာ ကေ့အိုင်ဗန် ဒယေ့ခိုဒါ၊ ဝ၊ ဝလီယေ့ဝိုင် ရှဖွာအတ်ကွန်မရာ၊ ဝဗေခွာဟ်အပ်ဇ်ခိုဒါကေ့ ဗေ့ဒေဟာဒ်၊ မပစအူလ်၊

ဝ။ မကာဆူဒွေ့မရာ၊ အဂရ်အင်းမအ်နာမူဂျေဗေ့ ရှစ်ရ်ကမာရှပ်ဒ်ကျိုနှာန်ကေ့မွန်ကင်ရ်၊ ဇအ်မ၊ ကိုနဒ်၊ ဗာယဒ်ကေ့မန့်အ်ကရ်ဒါဟ်ရှဝပ်ဒ်၊ ဝဝပ်စွလ်၊ ဝတွလဗေ့ဒုအာ အပ်ဇ်ဒုစတာနေ့ ခိုဒါဒရ်ဟာလတေ့ဟယာတ်နေဇ်၊ ဝအင်းမွတ်စ်တဟာဗင်စ်တ် ဗအစ်တေ့ဖွာပ်က်ဝရှာယေအပ်စ်တ်ဒရ်ဒီးန်၊ ကလာမ်ဒရင်၊ မကာမ်၊ ဗဟာဒ်အစ်တွနာဗ် ကရိဒ်၊ ဗရ်ဇအ်မေ့ မွန်ကေ့ရာန်ကေ့ဒရ်ကွရ်ဗေ့အင်ဇမာနတ်ဖွစ်ရ်ကား ပိုင်ဒါရှိုဟ်အန်းဒ်၊ ကေ့မွန်ကေ့ရန်းဒ်၊ အစတင်မ်ဒါးဒ်၊ ဝအစွဟော့အာနာတ်ရာ အပ်ဇ်အောင်လေ့ယာယေ့ခိုဒါ၊ ဝမိုတဝပ်ဂျေဟာန်ဗဂျနာဗေ့အီရှာန်ရာ မွတ်ရ်ရစ်က်ဗခို့ဒါ၊ ဝအဗဒယေ့ အပ်ဆွနာမ်မေးဒါနန်းဒ်၊ ဝမေးဂိုယန်းဒ်အာန်ဂျေ့မေးဂိုယန်းဒ် ” ဖြစ်မှဖြစ်ရလေတယ်၊ ကျွန်ုပ်သိရသည်မှာ ဝလီသခင်များထံမှ မဒဒ်အကူအညီတောင်းဆိုခြင်းကို ‘ဝဟာဗီ’ ဂိုဏ်းသားတို့သည် ငြင်းဆိုကြလေသည်၊ ကျွန်ုပ်အသိမှာ ဒုအာတောင်းသူများသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဒုအာတောင်းကြလေသည်၊ အရှင်မြတ်နှင့်နီးကပ်သော ‘ဗန်ဒဟ်’ ကျေးကျွန်၏ဝိညာဉ်ကို ‘ဝစီလာ’သဟဲထားခြင်းပြုလေသည်၊ သို့မဟုတ် ကြွေးကြော်တောင်းဆိုကြသည်မှာ အို– အလ္လာဟ်အရှင်မြတ်နှင့်နီးကပ်သော ဗန်ဒဟ်၊ အို– အရှင်မြတ်၏အချစ်တော်၊ ကျွန်ုပ်အားလျှောက်လဲချွတ်ကယ်မှု ပြုပေးပါလော့၊ အရှင်မြတ်ထံ ဒုအာဆုပန်ပေးပါလော့၊ အဘယ်သို့ဆိုသော် အရှင်မြတ်သည် ကျွန်ုပ်၏ အလိုဆန္ဒကို အောင်မြင်စွာ ဖြည့်စွမ်းတော်မူရန်ဖြစ်ပါသည်။

အကယ်၍ ဤစကားသည် ငြင်းပယ်သူတို့အထင်အရ ‘ရှရစ်က်’ဖြစ်ဖွယ်ရာ အကြောင်းရှိခဲ့သော်၊ အရှင်မြတ်၏အချစ်တော်များထံတွင် အသက်ထင်ရှားရှိစဉ်၌ပင် ‘ဝစီလာ’သဟဲထားခြင်း၊ ဒုအာ[illegible]ပေးရန်တောင်းဆိုခြင်းတို့သည်လည်း လုပ်ပိုင်ဖွယ် ရာရှိမည်မဟုတ်ပေ၊ အမှန်သော်ကား အိုလမာပညာရှင်ကြီးများက တညီတညွတ် တည်းပင် ယင်းသို့ပြုလုပ်ခြင်းကို ‘မွတ်စ်တဟာဗ်’ဖြစ်သည်ဟု ပညတ်ပြီးဖြစ်လေသည်၊ သာသနာတော်၌ လုပ်ရပ်တစ်ခုလည်းဖြစ်သည်၊ ထို့နောက်ဆက်လက်၍ ရေးဆိုသည် မှာ – ဤဝဟာဗီဂိုဏ်းသား ပယ်သူများ၏ မှားယွင်းသော ထင်မြင်ယူဆချက်အပေါ်၌ ဤနေရာတွင် စကားရှည်လျားသွားလေပြီ၊ ဤဂိုဏ်းသားများကား မကြာသေးမီ ခေတ်ကာလအတွင်း၌ ပေါ်ပေါက်လာသော ‘ဂိုဏ်းသစ်’တစ်ခုဖြစ်လေသည်၊ ဝလီ အောင်လီယာသခင်များထံ ‘အစ္စတိအာနတ် အစ္စစ်တစ်မ်ဒါဒ်’အကူအညီတောင်းဆို ခြင်းကို မတောင်းကောင်း၊ မလုပ်ကောင်းဟု ပြောကြသည်၊ အရှင်မြတ်၏ ထူးခြား စွာ ရွေးကောက်ခြင်းခံရသော သခင်များဘက်သို့ ‘တဝပ်ဂျာ’ စိတ်မျက်နှာလည့်သော သူများကို ‘မွတ်ရှိရစ်က်’ဟူ၍လည်းကောင်း ရုပ်ထုကိုးကွယ်သူဟူ၍လည်းကောင်း ထင်မှတ်ကြသည်၊ မိမိတို့စိတ်ထင်ရာကို ‘စည်းမဲ့ကမ်းမဲ့’ ပြောဆိုကြသူများဖြစ်လေသည်။

အိမာမ် ရှဟာဗွတ်ဒိန် ရမ္မလီထံမှတစ်ဆင့် ကူးယူဖော်ပြသည်မှာ “မော့အ်ဂျိဇာအန် ဗိယာအေ့၊ ဝကရာမာတွလ်အောင်လိယာအိ လာတန်ကတွိအု ဗိမောင်ဟိဟင်မ် ”

" နဗိတမန်တော်များ၏ 'မုအ်ဂျိဇာ' တန်ခိုးတော်များနှင့် ဝလီသူတော်စင်များ၏ ကရာမတ်တန်ခိုးတော်များသည် ထိုသခင်များကွယ်လွန်သေဆုံးပြီးနောက်လည်း ပြတ်တောက်ကုန်ဆုံးသွားခြင်း မရှိပေ။

'ဂျာမိအွလ်ဗရကာတ်'ကျမ်း၌ ရေးဆိုသည်မှာ " အောင်လီယာတဆွာရ်ရုဖ်ဖှာတ်၊ ဝကရာမာတ်ဒရ်အပ်က်ဝါန်ဟာဆွေလပ်စ်တ်၊ ဝအာန်နေစ်တ်၊ မဂရ်အရ်ဝါလေ့အီရာန်ရာ၊ ကျွန်အရ်ဝါဟ်ဗာကီစ်၊ ဗအ်ဒပ်ဖ်မမားတ်နေးဖ်ဗါရှဒ် " အောင်လီယာသခင်များသည် 'အာလမ်ဗရ်ဇာခ်'ကြားလောက၌လည်း ကရာမတ်တန်းခိုးပြခြင်း၊ လှည့်လည်ကြွသွားနိုင်စွမ်းအား ရရှိလျက်ရှိကြလေသည်၊ ဤသို့ရရှိခြင်းသည် ၎င်းတို့၏ရူဟ်ဝိညာဉ်နိုင်ရခြင်းဖြစ်သည်၊ အဘယ်ကြောင့်ဟူမူ ' ခန္ဓာကိုယ်သည် သေဆုံးသွားသော်လည်း၊ ရူဟ်ဝိညာဉ်မှာ ကြွင်းကျန်လျက်ရှိခြင်းကြောင့် ကွယ်လွန်ပြီးနောက်လည်း တန်ခိုးပြခြင်း လူတိုအား ကူညီမှိုင်းမခြင်းနှင့် လှည့်လည်ကြွသွားနိုင်ခြင်းများ ပြုနိုင်စွမ်းရှိကြလေသည်။

"ကပ်ရ်ဖွလ်ကေ့တွာအ်" ကျမ်းတွင်ါရှိသည်မှာ အရ်ဝါတေ့ကမလ်ကေ့ဒရ်ဟီးနေ့ဟယာတေ့အီရာန်၊ ဗ၊ စဗဗေ့မကာနတ် ဝမန်ဇေလတ်အပ်ဖ်ရပ်ဗွလ်အစ်ဇတ်၊ ကရမတ်ဝကဆွာရ် ရှိဖှာတ် ဝအင်မ်ဒါဒ်ဒါပ်ရှ်တန်း:ဒ်၊ ဗအ်ဒမ်ဖ်မမားတ်ကျွန်ဗဟို့မာန်ကွရ်ဗ်၊ ဗာကေ့ယန်း:ဒ်နေး‌ဖ် တဆွာရ်ရှွတ်ဖွဒါရန်း:ဒ်၊ ကို့နာန်းကေ့ဒရ်ဟီးနေ့တအလ်လွတ်က်ဂေါစဒ်ဒါပ်ရှ်တာန်း:ဒ် ယာဇေရှ်ဟာရ် အဇာန်။ " " ပြည့်စုံသောသခင်များ၏ဝိညာဉ်သည် ၎င်းတို့ အသက်ထင်ရှားရှိစဉ်က ဂုဏ်တန်ခိုးကြီးမြင့်ခြင်း၊ အရှင်မြတ်နှင့်နီးကပ်ခြင်းတို့အတွက်ကြောင့် တန်ခိုးပြခြင်း၊ လှည့်လည်ကြွသွားနိုင်ခြင်း၊ ကူညီမှိုင်းမခြင်းတို့ကို ရရှိခဲ့ကြ၏၊ ထိုပုဂ္ဂိုလ်များကွယ်လွန်ပြီးနောက် ဝိညာဉ်အဖြစ်၌လည်း မူလတန်ခိုးသတ္တိများ ကြွင်းကျန်လျက်ပင်ရှိလေသည်၊ ထို့ကြောင့် ခန္ဓာကိုယ်နှင့်ဝိညာဉ်တွဲစပ်လျက် နေစဉ်ကထက်ပင် ပိုမိုထူးကဲ၍ ဝိညာဉ်ဘဝတွင် တန်ခိုးပြခြင်း၊ ကူညီမှိုင်းမခြင်း ပြုနိုင်ကြလေသည်။

ခေတ်အခါ၏အီမာမ်ဖြစ်သော အဗ္ဗဒွလ်ဝဟာဗ်ရှော့ အနာရီသခင်က ကေ့တာမွလ်အဂျ်မလ်ကျမ်းတွင် မိန့်ဆိုသည်မှာ- " ရှိုက်ခုနာ၊ ဝရှိုက်လွှ်၊ အစ္စလာမိနာ ဆွေရှွတ်ဒီန်လကာနီ၊ ရအာတုဗအ်သွလ်ဆွာလိဟီးန ဖွင်လ်မနာမိ၊ ဖွတာလ၊ လဟူမာ ဖွအလောက်လာတုဗိက၊ ဖွကား:လ၊ အမ္မာအ်ပ်ဂျ်လစနစ်လ်မလကာနိဖွင်လ်ကဗ်ရိယစ်အလာနီ၊ အတာတုမွတ်မိမာမုမာလစ်က်မစ်သလဟာသယတ်တာဂျို့အီလာစုဝါလင်န် ဖွီအီမာနိဗစ်လာဟိ ဝရစူလိဟီ တတနပ်တယာအန်ဟု၊ ဖွတနမ်ဟယာအန်တု၊ ဖွတနပ်တယာအန်နီ။ "

ကျွန်ုပ်၏ဆရာတော်ဖြစ်သော ရှိုက်ခ်ခွလ်အစ္စလာမ် နာဇွေ့ရှွတ်ဒီန်လိကာနီသခင် ကွယ်လွန်တော်မူရာ တစ်ချို့သော်သူတော်ကောင်းများက အိပ်မက်တွင်း၌ထိုသခင်ကို တွေ့မြင်ကြ၏၊ အလ္လာဟ်အရှင်မြတ်က သင့်ကိုယ် ဘယ်သို့ထားသနည်း

" ကျွန်ုပ်အား ' မွန်ကီရ်၊ နကီရ်'နတ်သားနှစ်ပါး လာရောက်၍ မေးခွန်းထုတ်ရန် ထိုင်စေသောအခါ ထိုအတောအတွင်း၌ 'အိမာမ်မာလစ်က်'သခင်သည် ကြွရောက်လာတော်မူ၍ နတ်သားနှစ်ပါးအား ဤသို့သောပုဂ္ဂိုလ်ကို ခိုဒါ ရစူလ်တို့ ယုံကြည်မှုနှင့် ပတ်သက်၍ မေးခွန်းထုတ်ရန်လိုသေးသလောဟု မိန့်တော်မူပြီးလျှင် သင်တို့နှစ်ဦး သူ့အပါးမှ ထွက်ခွာသွားလော့ဟု မိန့်ဆိုတော်မူလျက် ချက်ခြင်းပင် 'မွန်ကီရ်၊ နကီရ်'နှစ်ဦးစလုံး ထွက်ခွာသွားရလေသည်။ "

ကာဆွီဆနာအွလ္လာဟ်ပါနီပတ္တီသခင်က " တပ်သကေ့ရတွလ်မောင်တာ"ကျမ်း၌ ရေးဆိုသည်မှာ " အောင်လိယာအွလ္လာဟ် ဒို့စတာန်၊ ဝမောအ်တကေ့ဒါန်ရာဒရ် ဒွန္နယာ ဝအာခိရတ်မဒဒ်ဂါရီမေးဖွရမာယန်းဒ်၊ ဒွတ်ရ်မနာန်ရာဟလာပ်က်မေးနို့မာ ယန်းဒ်။ " " အောင်လိယာသခင်များသည် မိမိတို့အားချစ်ခင်လေးစားသူများ၊ ယုံကြည်သူတို့အား လောကီ၌ဖြစ်စေ၊ လောကုတ္တရာ၌ဖြစ်စေ ကူညီစောင်မခြင်း ပြုတော်မူကြကုန်၏။ ထို့အပြင် မိမိတို့၏ရန်သူများကိုလည်း ပျက်စီးဆုံးရှုံးခြင်း ဖြစ်စေတော်မူကြကုန်၏၊ " ဝအပ်ဖ်အရ်ဝါတေ့ အီရာန်ဗတွရီကေ့၊ အောင်ဝလီ ယက်ဖွိက်သွေ့ဗါတွေ့နီ မေးရစဒ် " " ၎င်းဝလီသခင်များ၏ ဝိညာဉ်သည် ပထမ ဦးဆုံးအနေဖြင့် အစ္ဆုတ္တအတွင်း၌ ကောင်းခြင်းကို ပေးပို့ကြလေသည်။

"ဟွတ်ဂျတလ္လာဟင်လ်ဗါလေ့ဂါ "ကျမ်း၌ ပါရှိသည်မှာ ဝလီသခင်များ 'အင်တိကာလ်' ကွယ်လွန်သောအခါ ခန္ဓာနာမ်ရုပ်ကို စွန့်ခွာ၍ 'မလာအိကဟ်' ကောင်းကင်တမန်များနှင့် သွားရောက်ရောနှော နေထိုင်လေသည်၊ 'မလာအိကဟ်' များသည် လူတို့၏စိတ်၌ ကောင်းသော အာရုံကို ထည့်သွင်းပေး၍ ကောင်းသော လုပ်ငန်းများ၌ ကြိုးပမ်းမှုပြုကြသကဲ့သို့၊ ဝလီများ၏ဝိညာဉ်များသည်လည်း ပြုလုပ်ကြလေသည်၊ ရံဖန်ရံခါ ဤသန့်ပြန့်သော ဝိညာဉ်များသည် အလ္လာဟ်အရှင်မြတ်၏ သာသနာတော် ကြီးကျယ်ရေး၊ အစ္စလာမ့်တပ်မတော်များ အောင်နိုင်ရေး၌ ကူညီ အားပေးကြလေသည်။

အခိပ္ပါယ်မှာ ကာဖိရ်တပ်များကို တိုက်ခုက်သုတ်သင်၍ မွတ်စလင်မ်တပ်များကို ကူညီပေးမှု၌ မွေ့လျော်ခြင်း ပြုကြလေသည်၊ ရံဖန်ရံခါ လူသားတို့အား ကောင်းကျိုး ကောင်းရာ တိုက်တွန်းရန် လူတို့နှင့်နီးကပ်မှုပြုကြ၏။

မော်လဝီ အစ္စမာအီလ် ဒေလဝီက 'ဟဇရတ် မောင်လာအလီ'သခင်နှင့် ပတ်သက်၍ ရေးဆိုသည်မှာ " ဒရ်စလ်တွနတေ့စလာတွီးန်၊ ဝအေ့မာရတေ့အို့မရာဟင်မ ဟေ့အီရာရန်ရာဒခ်လေဟပ်စ်တ်ကေ့ဗရ်စိုင်ယာဟာ နေ့အာလမေ့မလကူးတ်မခဖွိနေ ဒစ်တ် " " ဘုရင်များ၏ နိုင်ငံတော်အုပ်ချုပ်မှု၊ မင်းများ၏မင်းရေးမင်းရာတို့တွင် မောင်လာအလီသခင်၏ စွမ်းရည်နှင့်ကူညီမှိုင်းမမှုသည် များစွာပါဝင်လေသည်၊ 'အာလမေ့မလကူးတ်'စခန်းသို့ ပေါက်ရောက်လှည့်လည်နေသူများအပေါ်၌ ဘာမျှ ဖုံးကွယ်ထားခြင်း မရှိပေ။ "

မိရ်ဇာ၊ ဂျာနိဂျာနန်သခင်က၊ မိမိ၏မိန့်ခွန်းတော်များ၌ မိန့်ဆိုသည်မှာ အင်လ်တော့ဖွာတိဂေါ်င်သစ်သကလိုင်န်၊ ရသွေ့ယာလ္လာဟုအန်ဟို့အန်ဟု၊ ဗဟာလေ့ မို့တဝါပ်စေ့လာနေ့ တွရီကာ ယေ့အေရှာန် ဗစ်ယာရ်မအ်လူမ်ရွတ်ဒ်၊ ဗဟော့ကျဲကပ်စ်အပ်ဇ်အဟ်လေ့အီန်တွရီကား မိုလာကာတ်နရှိုဒဟ်၊ ကေ့တဝပ်ဂျိုဟော့ ဗေါရကေ့အာမန်ဟသွရတ်၊ ဗကာလပ်ရှ်မဗ်ဇူလ်နေးစ်တ် ” “ လူနှင့်ဂျင်န်တို့ကို ကူညီမှိုင်းမခြင်းပြုသော သခင်ဟုဘွဲ့ရသည် အဗ္ဗလွ်ကာဒေရ်ဂျီလာနီသခင်သည်၊ မိမိ၏ ‘ကာဒရီယာတွရီကာ’လမ်းစဉ်တွင် ပါဝင်ကြသော တပည့်များ၏အခြေအနေများ စွာ ဂရုစိုက် ဂရုထားတော်မူလေသည်၊ ထိုလမ်းစဉ်မှ မည်သူတစ်ဦးတစ်ယောက်ကို မှ သခင်ကြီး၏ကြည့်ရှုစောင်မခြင်း မခံရသူဟူ၍ ကျွန်ုပ်မတွေ့ဘူးချေ၊ မေရ်ဇာ ဂျာ နေ့ဂျာနန်သခင်က ဤအကြောင်းကိုလည်း အမိန့်ရှိပြန်သည်၊ ကေ့အေ့နာ ယတော့ခါဂျယေ့နပ်က်ရှ်ဗန်းဒ် ဗဟာလေ့မောအ်တကေ့ဒါနေခွဒ်မဆွရှူးဖွပ်စ်တ်မို့ဂလာန် ဒရ်ဆွဟရာအပ်စ်ဗားစ်၊ ဝအပ်စ်ပဟာယေ့ခွဒ်ရာဗဟော့မာယတေ ဟသွရတ် မေးစ ပါရန်းဒ်။ ဝကာယီဒါတ်အပ်ဇ်ဂိုက်ဗ်ဟမ်ရာ လေ့အီရှာန်မေးရှဝဒ်၊ ဝဒရီးန်ဗာဗ်ဟော့ ကာယာတ်ဗစ်စယာရန်းဒ်။

ခါဂျာ ဗဟာအွတ်ဒီန်နပ်က်ရှဗန်းဒ် သခင်သည် မိမိအားယုံကြည်သော တပည့်များအပေါ်၌ ကြင်နာသနားပေးကမ်းထောက်မမှု များစွာပြုလုပ်တော်မူလေသည်၊ မို့ဂွလ်ကုန်သည်များသည် သဲကန္တာရ၌ မိမိတို့၏ကုန်ပစ္စည်းနှင့် မြင်းများကို အိပ်စက်သည့်အခါ သခင်ကြီးအား ကြည့်ရှုစောင့်ရှောက်ရန် အပ်နှံကြလေသည်၊ အကွယ်မှစောင့်ရှောက်မှုရရှိကြလေသည်၊ ဤနည်းနှင်နှင်သခင်၏ ကရာမတ်များ၊ ပြုပြင်ပြောင်းလဲမှုများ၊ အဆိုများသည် များစွာရှိလေသည်။

ရှားဟ်ဝလီယွလ္လာဟ်သခင်က ‘ ကောင်လွလ်ဂျမီးလ် ’ကျမ်း၌ရေးဆိုသည်မှာ ကျွန်ုပ်၏မွရ်ရှစ်ဒ်ဥပဇ္ဈာယ်ဆရာဖြစ်သူ ‘ရှိုက်ခ်အဗ္ဗဒွရ်ရဟီးမ်’သခင်သည်၊ အိမာမ်သခင် ကြီးများ၊ ဂေါင်စွလ်အာသွာမ်သခင်ကြီးများ၊ ခါဂျာမို့အိုင်နွတ်ဒိန်သခင်ကြီး၊ မဟာအွတ်ဒီးန်သခင်ကြီးတို့ထံမှ ’တွရီကာတ်’လမ်းစဉ်များ၏ စည်းကမ်းရှိသေမှုများကို သင်ကြားရယူခဲ့ပါသည်။ တစ်ဆင့်မှတစ်ဆင့် အမိန့်အာဏာကိုရယူခဲ့ပါသည်၊ တစ်ပါး ထံမှတစ်မျိုးစီ၊ အသိပညာ ‘ဖွိုက်ဇ်’တန်ခိုးအရှိန်များ ရရှိခဲ့ကြောင်းကို ကျွန်ုပ်အားပြော ပြပါသည်။

မို့ဂျတ်ဒစ်ဒ်အလ်ဖွေဆာနီသခင်က မိမိ၏‘မတ်ကတ်တူဗါတ်’ကျမ်းတွင် မိန့်ဆိုသည်မှာ –,,

ဗအ်ဒပ်ဇ်ရဟ်လတော့အင်ရ်ရှားဒ်ပနာဟီကစ်ဗလတ် အာဂါတီယအ်နီ ခွာဂျာဗါကီ ဗင်လ္လဟ် ကွတ်ဒွေ့စစစ်ရိဟူဗတကရီးဗေ့ဓေယာရတော့မဇာရ်ရှရီးဖ်၊ ဗဗလ်ဒယေ မတ်ရှူ့စဟ်ဒွဲဟ်လီအစ်တော့ဖွာပ်က်အို့ဗူရ်အွတ်ဖ်တာဒ်၊ ရှိ့ဓေ့အီးဒ်ဗဓေယာရတော့ မဇာရေ့အီရှာန်ရပ်ဖွတာဗူဒ်၊ ဒရ်အစ်ဆရာယေ့တဝပ်ဂျိုဟ်ဗဗဇာရေ့ မို့တဗရ်ရပ်က်

အင်လ်တေ့ဖွာတေတမာမ်ရှုဟာနီယတေ့ မိုကပ်ဒစယေ့အီရာန်ဇွာဟင်မ်ရဲ ဂပ်ရှိတ် ဝအပ်ဖ်ကမာလေ့ဂရီးဗ်နဝါဇီနစ္စဗတေ့ခါဆွယေ့ခွဒ်ရာကေ့ဗဟာသွရတ် ခါဂျယေ့ရာရဲ မန်စူးဗူဒ်မရ်ဟာမတ်ဖတရ်မူဒန်းဒ်။

ခါဂျာဗါကီဗစ်လ္လာဟ်သခင်ကြီး ကွယ်လွန်ပြီးနောက် သခင်၏သချိုင်းကို သွားရောက်ကြည့်ရှု ဇိယာရတ်ပြုရန်ဆန္ဒဖြင့် ဒေလီမြို့သို့သွားရန် ကြံကြိုက်လာပါသည်၊ အီးဒ်နေ့တွင် သချိုင်းသို့သွားပါသည်၊ သချိုင်းကို ကြည့်ရှုဖူးမျှော် ဇိယာရတ်ပြုပြီး စူးစိုက်သောစိတ်ဖြင့် ထိုင်ပါသည်၊ ထိုအတောအတွင်း သခင်၏သန့်မြတ်သော ဝိညာဉ်မှ ထူးခြားသော 'ဖွိုက်ဇ်'အကျိုးကျေးဇူးဖြစ်စေမှု ရောက်ရှိလာပါသည်၊ သခင်ကကောင်းစွာ ဂရုတစိုက် 'တဝပ်ဂျာ'ပြုပါသည်၊ သခင်သည် ပြည့်စုံစွာ ဇည့်ဝတ်ကျေပြွန်ခြင်းဖြင့် မိမိဆရာဖြစ်သော 'ခါဂျာအဟရာရ်'သခင်ထံမှ ရရှိသော 'ဖွိုက်ဇ်'များကိုလည်း ချီးမြှင့်ခြင်း ပြုတော်မူလေသည်။

ထိုရေဝါယတ်အကြောင်းများအရ သိရှိရသည်မှာ ဝလီသူတော်သူမြတ်များသည် ကွယ်လွန်သေဆုံးပြီးနောက်လည်း ကူညီခြင်း၊ စောင်မခြင်း၊ မှိုင်းမခြင်း ပြုတော်မူကြကုန်၏၊ ၎င်းတို့အား အလ္လာဟ်အရှင်မြတ်က အမျိုးစုံသော စွမ်းရည်သတ္တိ တန်ခိုးများကို ပေးသနားတော်မူလေသည်။ ထိုသခင်များသည် ဇိယာရတ်ပြုရန် လာသူများကို သိကြ၏၊ သူတို့၏အသံများကို ကြားကြ၏၊ ထို့ကြောင့် ငြင်းပယ်သူတို့က " အန်းနကလာတွစ်စ်မိအွလ်မောင်ဝ်တာ " "ကေန်သင်သည် သေသူတို့အား ပြောကြားသည်ကို ၎င်းတို့မကြားကြချေ "ဟူသော အာယတ်တော်ကို သက်သေသာဓကေ အဖြစ် တင်ပြခြင်းမှာ မမှန်ချေ။ အဘယ်ကြောင့်ဟူမူ ဤအာယတ်တော်၌ 'မောင်ဝ်တာ' ၏အဓိပ္ပါယ်မှာ သေလွန်ပြီးသော 'ကာဖွရ်'များဟု ရရှိ၏၊ ၎င်းတို့အား မောင်ဝ်တာ ဟုသုံးနှုန်းသည်မှာ ၎င်းတို့၏ကုသိုလ်ကောင်းမှုကို လက်မခံသဖြင့်၊ သူသေကဲ့သို့ဖြစ် လေသည်။ ဤနည်းပင် အခြားတစ်နေရာတွင် ၎င်း'ကာဖွိရ်'များအား 'ဆွန်မွန်၊ ဗွတ်ကမွန် အွန်မ်ယွန်' ပင်းသူ၊ ကန်းသူ၊ အသူများဟု ခေါ်ဆို သုံးနှုန်းထားလေသည်၊ ၎င်းအာယတ်တော်၏အဓိပ္ပါယ်မှာ 'ကာဖွရ်'တို့သည် တစ်ကယ်ပင် ကန်းသူ၊ အသူ များမဟုတ်ကြချေ၊ အဓိပ္ပါယ်တင်စား၍ မိန့်ဆိုတားခြင်းဖြစ်သည်၊ အသူဟုဆိုသည်မှာ မှန်သောစကားကို နှုတ်ဝယ်မပြောသောကြောင့် ဆွံ့အသူဟုဆို၏။ ပင်းသူဆိုသည်မှာ မှန်သောတရားကို မနာယူသောကြောင့် ပင်းသူဟုဆို၏၊ ကန်းသူဟုဆိုသည်မှာ မှန်သောတရားကိုမြင်ရန် သူတို့၏မျက်စိသည် ချို့ယွင်းသဖြင့် အကန်းဟုဆို၏၊ ထိုအကြောင်းများကြောင့်လည်းကောင်း 'ကာဖွရ်'တို့အား အသေကောင်ဟူ၍လည်း ခေါ်ဆိုလေသည်၊ အကယ်၍ 'မောင်ဝ်တာ'၏အဓိပ္ပါယ် သေသူဟူသမျှအပေါ်၌လည်း အဓိပ္ပါယ် သက်ရောက်ပါသည် ဆိုငြားအံ့၊ သို့သော်လည်း သွေဖီသူတို့၏ လိုလား ချက်ပြည့်ဝမည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ဤအာယတ်တော်၏အဓိပ္ပါယ်မှာ ယာမုဟာမ္မဒ် အသင်သည် ထိုသေသူတို့အား ကြားစေနိုင်လိမ့်မည်မဟုတ်၊ ဤနေရာ၌ ထိုသေသူတို့သည် မကြားနိုင်ဟုလည်းကောင်း၊ အရှင်မြတ်ပင် ၎င်းတို့အား ကြားစေနိုင်မည် မဟုတ်ဟု အဘယ်စာလုံးက အဓိပ္ပါယ်ထွက်ပါသနည်း၊ ကျွန်ုပ်၏လိုလားချက်ကိုပင် ရောက်ရှိလာလေသည်၊ အကြောင်းသော်ကား ကျွန်ုပ်တို့သည် 'ရူဟ်'ဝိညာဉ်ကသာလျှင် ကူညီခြင်း၊ စောင်မခြင်း ပြုသည်ဟု ဆိုလိုပါသည်၊ ထိုဝိညာဉ်သည် 'ဖွနာ'ပျက်စီးခြင်းမရှိချေ၊ ထိုဝိညာဉ်သည် သေပြီးနောက်လည်း ကြွင်းကျန်ရစ်၏၊ ပျက်စီးခြင်းသည် ပရမတ်သဘောအားဖြင့် ခန္ဓာကိုယ်သာလျှင် ပျက်စီး၏၊ 'မောင်ဝ်တာ'သူသေဟူသော စကားသည် ထိုဓါတ်လေးပါးနှင့် ပြုပြင်ထားသော မြေကိုယ်ခန္ဓာကြီးကိုဆိုလိုသည်၊ သေပြီးနောက် ထိုခန္ဓာသည် မလှုပ်နိုင်မရှားနိုင်ဖြစ်လေသည်။

ဆန့်ကျင်ရေးသမားတို့က 'အိယာကနပ်စ်တအီးန်' ကျွန်တော်မျိုးတို့အား ကူညီစောင်မတော်မူပါရန် ကိုယ်တော်အရှင်မြတ်အထံတော်၌သာလျှင် ဆုတောင်းပတ္တနာပြုပါ၏ဟူသော အာယတ်တော်နှင့် 'လာတဒ်အူ မင်န်ဒူနိလ္လာဟိ'အလ္လာဟ် အရှင်မြတ်မှတစ်ပါး ကိုးကွယ်ခြင်း၊ တောင်းရမ်းခြင်း မပြုကြနှင့်ဟူသော အာယတ်တော်များကို ကိုးကား၍ ဝလီသခင်များထံ 'အစ္စတင်မ်ဒါဒ်' အကူအညီတောင်းဆိုခြင်းကို မပြုသင့် မပြုကောင်းဟု တင်ပြကြလေသည်၊ ၎င်းသာကေတင်ပြချက်မှာလည်း အားနည်းလှလေသည်၊ အဘယ်ကြောင့်ဟူမူ ယင်းအာယတ်တော်၌ အလ္လာဟ်အရှင်မြတ်ထံတော်တွင် တောင်းဆိုခြင်းမှာ တကယ်အရင်းမူလသဘောဖြစ်ရာ မည်သူကိုမျှ ထိုအရာ၌ ယနရှိရန် မရှိပေ။

မည်သည့်တစ်စုံတစ်ယောက်သော အခက်တွေ့သူမျှ ဝလီသခင်များကိုရှင်စဉ်တွင်ဖြစ်စေ၊ ကွယ်လွန်ပြီးမှဖြစ်စေ ပြုပြင်သူ ဖန်ဆင်းသူအဖြစ် ထင်မှတ်တောင်းဆိုခြင်း မဟုတ်ပေ။

အကယ်၍ ဝလီများကို အရင်းမူလ တကယ်ပြုပြင်နိုင်သူဟု မှတ်ယူလျှင်၊ မုချ ထိုသူသည် 'ကာဖွရ်'ဖြစ်ပေမည်၊ မည်သည့်မွတ်စလင်မ်မျှ၊ ဝလီများအား အရင်းမူလ တကယ်ကူညီမှိုင်းမနိုင်သူများဟု မမှတ်ယူကြပေ၊ 'ဝစီလာ' အမှီသဟဲအဖြစ်မျှသာ အကြောင်းခံခြင်းဖြစ်ပေသည်၊ ဝလီသူတော်စင်များအား ဝစီလာ အမှီတကဲအဖြစ် မှတ်ယူခြင်းမှာ ဘာမျှ အပြစ်တစ်စုံတစ်ရာ မရှိပေ၊ ထို့ပြင် အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် မိန့်မြွက်တော်မူထားသည်မှာ " ဝပ်ဗ်တဂူ၊ အိလိုင်ဟင်လ်ဝစီလတ' အလ္လာဟ်အရှင်မြတ်ထံတော်သို့ အမှီသဟဲ 'ဝစီလာ'ကို ရှာဖွေကြကုန်လော့။

ထိုသို့ အရှင်မြတ်ကိုယ်တော်တိုင်က ဝစီလာ အမှီသဟဲကို ရှာဖွေရန် မိန့်တော်မူထားလေရာ၊ ကျွန်ုပ်တို့သည် ထိုအမိန့်တော်ကို အတည်လိုက်နာဆောင်ရွက်သောအားဖြင့် ထိုအရှင်၏အချစ်တော်များကို ၊ ထိုအရှင်၏ရှေ့တော်တွင် အပြစ်မှလွတ်ကင်းရန် လျှောက်လဲပေးသူ (ဝါ) ရှေ့ဆောင်အဖြစ် တင်မြှောက်ခြင်း

သည် အဘယ်သို့သော ပြစ်မှုဖြစ်နိုင်ပါသနည်း။

အပြစ်မဖြစ်နိုင်သည်သာမက အရှင်မြတ်၏အမိန့်တော်ကို အတည်လိုက်နာဆောင်ရွက်ခြင်း၏ အဓိကလုပ်ငန်းဖြစ်ပေကြောင်း။

သေလွန်သူများ၏သင်္ချိုင်းတွင် သွားရောက်၍ မိမိအလိုဆန္ဒအတိုင်း ၎င်းတို့မှတစ်ဆင့် 'အလ္လာဟ်တအာလ်' အရှင်မြတ်ထံတော်တွင် တောင်းဆိုခြင်း ပြုနိုင်၏။ 'ရှရတ်ဗရ်ဇတ်ခ်ကျမ်း'တွင် ရေးသည်မှာ 'ရဆူလွလ္လာဟ်'ကိုယ်တော်မြတ် မိန့်တော်မူသည် " အိဇာ၊ တတိုက်ယရ်တွန်မ်၊ ဖွင်ဟ်အိုမူရိ ယွပ်စ်တအီနူ၊ ဗိအတ်လင်ဟ်ကိုဗူရ် " အကြင်အခါ အလုပ်ကိစ္စများ၍ အခက်အခဲဆုံး စိုးရိမ်ဖွယ်ရာ တွေ့ကြုံခဲ့သော် သေလွန်သူတို့၏သင်္ချိုင်းမှ အကူအညီကို တောင်းဆိုကြလော့၊ အကူအညီတောင်းခြင်းကို 'မဒတ်ဒ်' သို့မဟုတ် 'အ ဗ်စ်ဘင်မ်ဒါဒ်'ဟုခေါ်သည်၊ ယင်းသို့ အကူအညီတောင်းဆိုနည်းမှာ 'ဇိယာရတ်' ပြုပြီးနောက်၊ အိုမည်သူ (သို့) အိုသခင် ကျွန်တော်သည် မည်သည့်အလိုဆန္ဒအတွက် အလ္လာဟ်အရှင်မြတ်ထံတွင် လျှောက်ထားပေးရန် အကူအညီတောင်းပါသည်၊ သခင်သည် အရှင်မြတ်၏ အချစ်တော်ဆုတောင်းပြည့်သူဖြစ်ရာ ကျွန်တော့်အတွက် 'ဒုအာ'ဆုမွန်ကောင်းကို တောင်းဆိုပေးပါ 'အလ္လာဟ်'အရှင်မြတ်သည်၊ သခင်အတွက်ကြောင့် ကျွန်တော်၏ အလိုဆန္ဒကို ဖြည့်စွမ်းတော်မူလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ရှာတ်အဗ္ဗဒွလ်အဇီးဇ် သခင်ကြီး၏ 'မဒဒ်'တောင်းဆိုနည်းမှာ သူတော်ကောင်း၏သင်္ချိုင်းခေါင်းရင်းဘက်ကို ညာလက်ညှိုးတင်လျက် 'အလစ်ဖ်လာမ်မီမ်'ကို 'မွတ်ဖ်လိဟူန်'အထိဖတ်ပါ၊ ထို့နောက် သင်္ချိုင်းခြေရင်းဘက်သွား၍ 'အာမနရ်ရဆူလို့'အဆုံးထိဖတ်ပါ၊ ထို့နောက် နှုတ်လျှာမှ ပြောဆိုလျှောက်ထားရမည်မှာ အိုကျွန်တော်၏သခင်မည်သည့်ကိစ္စအတွက် အလ္လာဟ် အရှင်မြတ်ထံတော်တွင် ဒုအာတောင်းဆိုပါ၏၊ ကိုယ်တော်ကလည်း ဒုအာပြု၍ ကူညီလျှောက်ထားပေးသောအနေဖြင့် ကျွန်တော့်အား အကူအညီပေးပါ၊ ထို့နောက် 'ကစ်ဗ်လဟ်'သို့ မျက်နှာလှည့်၍ မိမိလိုလားချက်ဆန္ဒကို အလ္လာဟ်အရှင်မြတ်ထံတော်တွင် တောင်းဆိုရမည်။ [ ဖွတ္တဝါအဇီဇီကျမ်း၊ ၄၂၆ ]

အထက်ဖော်ပြခဲ့သော အကြောင်းခံတို့ကြောင့် 'ခုဒါ'အရှင်မြတ်အပြင် မည်သူကိုမျှ အားမထားထိုက်ကြောင်း သိရပေပြီ၊ ဤသို့ဆိုပါလျက်နှင့် 'မုစလ်မာန်' လူမျိုးများသည် အဘယ်အတွက်ကြောင့် အစောင်အမ အကူအညီတို့ကို တောင့်တလိုလားခြင်း ရှိရပါသနည်း၊ ပမာဆိုသော် တစ်ဦးကိုတစ်ဦးက ရေတောင်းရ၏၊ ဆေးဆရာထံ ဆေးတောင်းရန်သွားရ၏၊ ဘုရင်ဧကရာဇ်နှင့်သူဌေး၊ သူကြွယ်များထံ အလိုဆုများ တောင်းဆိုကြ၏၊ ဤသို့ မြောက်မြားစွာ တောင့်တရခြင်းများရှိကြလေသည်၊ ၎င်းကဲ့သို့အရာများကို မည်သူတစ်ဦးမျှ မမြစ်တားကြချေ၊ ပြုလုပ်သူများကိုလည်း 'မုရှရစ်က်'ဟု မဆိုဘဲနေခြင်းသည် အဘယ်ကြောင့်ပါနည်းဟု စောဒကဝင်လေ၏။

အစောင်အမဆုပန်ခြင်းမှာ နှစ်မျိုးရှိလေသည်၊ ၎င်းနှစ်မျိုးအနက်တစ်မျိုးမှာ အစောင်အမ ဆုပန်ခြင်း၏အလိုသဘောဖြင့် ထိုအရာကို ကိရိယာရုပ်ဆင်ယင်ထားသော ဘဝ၌ ကြီးမြင့်မြတ်ထွဋ်တော်မူသောအရှင်၏ စောင်မထောက်ပံ့တော်မူခြင်းမှ နည်းနိသျ တစ်ခုထင်ရှားစွာ သိရလေသည်၊ အရင်းမူလ၌ စောင်မခြင်းသည် 'ခိုဒါ'အရှင်မြတ် ဖြစ်သည်ဟု မှတ်သားအပ်လေသည်၊ အဘယ်ကြောင့်ဆိုသော် ထိုအရှင်က တစ်ဦးသော သူ၏စိတ်၌ ပြုလုပ်နိုင်ရန် စွမ်းအားထည့်ပေးလိုက်မှ ၎င်းသူသည် ပြုလုပ်နိုင်၏။

နောက်တစ်မျိုးမှာ 'အလ္လာဟ်'အရှင်မြတ်မပါဘဲ သီးသန့်စောင်မဆုပန်ခြင်းဖြစ် လေသည်၊ သို့ရာတွင် ပထမဖော်ပြခဲ့သော အကြောင်းအချက်၌ လူ့ထံမှပင် အစောင် အမဆုပန်သည်ဟုဆိုငြားသော်လည်း 'အလ္လာဟ်'အရှင်မြတ်ထံသို့ အမှီတကဲထား၍ အစောင်အမရရန် ဆုပန်ခြင်းသည် အခြေခံ (၄)ခုရှိပေ၏။

(၁) စိတ်တွင် အလုပ်တစ်ခု ခုပြုလုပ်ရန် အလိုဆန္ဒတို့ ဖြစ်ပေါ်စေခြင်း၊ ၎င်းအလုပ်၏ ကောင်းခြင်းများကို အကျိုးခံစားရန် မိမိ၏စိတ်နှစ်လုံးပေါ်တွင် သရုပ်ထင်ပေါ်စေခြင်း ဖြစ်လေသည်၊ သို့မှသာလျှင် လူသတ္တဝါတို့သည် ထိုအလုပ်ရှာဖွေခြင်း၌ သောကနှင့် ရှိနေကြရန် အကြောင်းဖြစ် ပေသည်။

(၂) အလုပ်၏ကိရိယာဖြစ်သော ဝန်စည်စလွယ်တို့ကို ပြည့်စုံစွာ စီစဉ်ခြင်း၊ ၎င်းကိရိယာဝန်စည်စလွယ်ဆိုသည်မှာ နှစ်မျိုးရှိ၏၊ ၎င်းနှစ်မျိုးအနက် ပထမတစ်မျိုးမှာ အကြင်အရာ မပါဘဲနှင့် မေ့မှား၍နေသော်လည်း အလုပ်မပြီးဖြစ်လေသည်၊ အလိုမှာ မုချပင် အရာဝတ္ထုပစ္စည်းတစ်ခုပါမှ ဖြစ်နိုင်သောအရာကို ဆိုလိုသည်၊ ဒုတိယတစ်မျိုး မှာ ၎င်းတစ်စုံတစ်ရာ မပါသော်လည်း လွယ်ကူစွာဖြင့် အလုပ်ပြီးမြောက်ခြင်းကို ဆိုလိုသည်၊ ဥပမာကား လူတစ်ဦးသည် ကောင်းသောအစာကိုဖြစ်စေ၊ မကောင်းသော အစာကိုဖြစ်စေ မရွေးချယ်ဘဲ ဝမ်းပြည့်စွာ၊စား၏၊ အခြားသူတစ်ဦးသည် ကောင်းသော အစာကိုသာ ရွေးချယ်၍စားခြင်းအလေ့ရှိလေသည်၊ ပထမအမျိုး၏ကိရိယာဝန်စည် စလည် တို့ကို 'ကွဒ္ဒရတ်မွမ်ကိနာ'ဟုခေါ်သည်၊ ဒုတိယအမျိုးမှာ 'ကွဒ္ဒရတ်တမုယပ်စနာ' ဟုခေါ်လေသည်၊ 'အစ်စ်တိတွာအတ်'ဆိုသည်မှာလည်း ၎င်းကိုပင်ခေါ်၏။ ထို့နောက် ၎င်းကိရိယာဝန်စည်စလွယ်တို့သည် များစွာရှိ၏။ ပမာဆိုသော် အတွင်းအပြင် 'ဟာဝါစ်'ဆယ်ပါးတို့၏ အလိုကိုဖြည့်ခြင်းဖြစ်လေ၏။

(၃) အလုပ်တွင် အနှောင့်အယှက်ဖြစ်မည့်အရာတို့ကို ခုခံပယ်ရှားခြင်းနှင့် ဖြိုဖျက်ရန် ကိရိယာများကို စိတ်နှလုံးတွင်း၌ ခိုင်မာစွာ စီစဉ်လျက် ရှိအပ်ပေသည်၊ ထိုသို့စီစဉ် လျက်မရှိမူ အလုပ်အောင်မြင်မည် မဟုတ်ချေ။

(၄) အလုပ်ပေါ်၌ လိုလားချက်စီမံခြင်းဖြစ်၏၊ အကြောင်းကိုဆိုသော် အသင်းတစ်သင်း အယူရှိကြသည်မှာ အလုပ်ပြုလုပ်ရန် ကိရိယာများ အသင့်စီမံလျက်ရှိခြင်းနှင့် ၎င်း အလုပ်တွင် နှောင့်ယှက်မည့်အရာတို့ကို ပယ်ရှားနိုင်ခြင်း ရှိမှဲ အလုပ်ပြီးမြောက်သည် ဟုဆိုကြလေသည်၊ သို့ရာတွင် ကျွန်ုပ်တို့သည် ကြီးမြင့်ထွဋ်မြတ်တော်မူသောအရှင်ကို

အကြွင်းမရှိစွမ်းနိုင်တော်မူသည်ဟု ယုံကြည်ပြီးဖြစ်ကြ၍၊ အဘယ်အခါ၌မဆို ခလေ့တော်မြတ်ရှိသည်မှာ ဆိုခဲ့သည့်အရာနှစ်ခုအသင့်ရှိပြီးနောက် ကူးစက်ဖြစ်မြောက်စေတတ်သောဓါတ်ကို အလုပ်အပေါ်၌ စီမံတော်မူလေသည်၊ သို့အတွက် မှတ်သားရန်ထိုက်သည်မှာ အလ္လာဟ်အရှင်မြတ်သည် အကြွင်းမရှိစွမ်းနိုင်တော်မူသော အရှင်ဖြစ်၍ အလိုတော်မရှိက ဖြစ်မည်မဟုတ်ချေ၊ အကြောင်းအားဖြင့် တစ်ခါတစ်ရံ မိမိဘုန်းတော် တန်ခိုးတော်များ ဆုပန်ရာရောက်လေသည်၊ ဒုတိယဖေါ်ပြခဲ့သော အကြောင်းအချက်တို့မှာမူ အလ္လာဟ်အရှင်မြတ်နှင့်မပတ်သက်ပေ၊ အခြားအရာတို့ကို အားထားရာရောက်ချေသည်၊ သို့အတွက်ကြောင့် ပထမဖေါ်ပြသကဲ့သို့ ဆုပန်ခြင်းသည် 'မုဘာ'ခေါ်အပိုင်ဖြစ်သည်၊ ဒုတိယဖေါ်ပြသကဲ့သို့ ဆုပန်ခြင်းသည် 'ဟရာမ်'ဖြစ်လေသည်၊ အထက်ပါ အမေးစကားသည် ပထမအမျိုးအစား၌ ပါဝင်ခြင်းဖြစ်လေသည်၊ (သို့အတွက်) အစ္စလာမ်သာသနာတော်ကျမ်းက အကြင်မည်သူမဆို ဆေးဆရာကို မုချ ကျမ်းမာချမ်းသာအောင် ပြုလုပ်နိုင်သည်ဟူ၍လည်းကောင်း၊ ဆေးကိုလည်း မုချပျောက်ကင်းစေနိုင်သော အရာဟူ၍လည်းကောင်း၊ စွဲလမ်းသူကို အယူမှားသူဖြစ်သည်ဟု အမိန့်ရှိကြသည်၊ ဆေးကိုဖြစ်စေ၊ ဆေးဆရာကိုဖြစ်စေ အရှင်မြတ်၏ ဘက်တော်က ကိရိယာရုပ်တစ်ခုဟု မှတ်သားသုံးဆောင်ခဲ့မူ ထိုသူ့အပေါ်၌ တစ်စုံတစ်ရာ အပြစ်မရှိချေ (ထို့အတူ) နဗီသခင်များ၊ ဝလီသခင်များ၊ 'စွာလိဟီ'သခင်များမှစ၍ ၎င်းကဲ့သို့ သူတော်စင်သူတော်မြတ်များကို ချစ်ခင်ခြင်း၊ ၎င်းပုဂ္ဂိုလ်တို့အား ရှိသေကိုင်းညွတ်ခြင်းများသည် တရားတော်စည်းကမ်းထက် ကျူးလွန်ခြင်းမရှိသော အလ္လာဟ်အရှင်မြတ်အပြင် ဆန့်ကျင်ဘက်ပြု၍ ခဝပ်ပူဇော်ခြင်းပြုသည်ဟု မမှတ်သားအပ်ချေ၊ အရင်းခံ၌ ၎င်းတို့အား ရှိသေသမှုပြုခြင်းများသည်လည်း ကြီးမြင့်မြတ်ထွဋ်တော်မူသော အရှင်၏ဂုဏ်တော်ကြောင့်သာ ပြုလုပ်ရသည်ဟု မှတ်သားအပ်ပေသည်၊ ဆိုခဲ့သည့် အလုပ်မျိုးများကို ပြုလုပ်ခြင်းဖြင့် 'အိဘာဒတ်'နှင့်မပတ်သက်ချေ၊ သို့ရာတွင် အပိုအလျှော့ မဖြစ်စေရန် သဘောတားရန်ထိုက်ပေကြောင်း။

အထက်ဖေါ်ပြခဲ့သောအကြောင်းကို ကုရ်အာန်ကျမ်းမြတ်၏အခြားအာယတ်တော်များ၌လည်း ဗျာဒိတ်တော်ရှိထားလေသည်၊ 'အာယတ်တော်' " ဝမာခလပ်က်တွလ်ဂျင်န ဝလ်အင်န်စ၊ အိလ္လာ၊ လိယအ်ဗုဒူန်' အဆုံးတိုင် အဓိပ္ပါယ်ကား " အရှင်က 'ဂျင်န်'ဟုခေါ်ဆိုသော နတ်တို့နှင့် 'အင်န်စာန်'ခေါ် လူသတ္တဝါတို့ကို မိမိအား 'အိဗားတ်'ပြုရန်အတွက်ဖန်ဆင်းသည်"#ဟူ၏။ ၎င်းပြင် အာယတ်တော်လာရှိသည်မှာ " စကသွာရဗ်ဘုက၊ အလာတအ်ဘို့ဒု၊ အိလာ အီယာတု" အဆုံးတိုင် အဓိပ္ပါယ်ကား " မောင်မင်းအား ကျွေးမွေးသိမ်းပိုက်တော်မူသောအရှင်က၊ မိမိသို့ခဝပ်ကျိုးနွံ့ရန် ဗျာဒိတ်တော်ပေးသည် " ဟူ၏။ ၎င်းပြင် အာယတ်တော်လာရှိပြန်သည်မှာ

# Quran {51: 56}

" အစ်တအိန္န ဗိလ္လာဟိ" အဆုံးတိုင် အဓိပ္ပါယ်ကား အလ္လာဟ်အရှင်မြတ်ထံတော်မှ အစောင်အမဆုပန်ကြကုန်ဟူ၏။

ငင်းကဲ့သို့အာယတ်တော်ပေါင်း မြောက်မြားစွာ လာရှိလေသည်။ ထိုကဲ့သို့သော ဗျာဒိတ်တော်များသည် ကျွန်ုပ်တို့နဗီတမန်တော်သခင်၏ 'အွမ္မတ်'အသင်းသားတို့ အပေါ်တွင် ဓါတ်ကူးစက်ခြင်း မရှိခဲ့ချေ။ အကြောင်းသော်ကား ငါးကြိမ်ဆွလာတ် ဖတ်ရခြင်း၊ ထိုအခါ စိတ်ရောကိုယ်ပါ ခဝပ်ခြင်း၊ အစောင်အမ အချမ်းအသာ ဆုပန်ပြီးလျှင် ကြိုးငဲ့နိမ့်ချခြင်း၊ ထို့နောက်အရှင့်အား ကျေးဇူးတင်ခြင်း၊ ချီးမွမ်းထောပနာ ပြုခြင်း၊ ဒုအာတောင်းဆုပြုခြင်းများ ဖြစ်လေသည်၊ ငင်းပြင် ပြုလုပ်ရန် ရှိသေးသည်မှာ ဆွန္နတ်များ၊ နဖွိလ်များ၊ ညဥ့်၌မအိပ်စက်ဘဲ ဇိကိရ်ပြုခြင်းများလည်း တွဲဘက်လျက် ရှိလေသည်၊ ငင်းအကြောင်းနှင့်ပတ်သက်၍ ဗျာဒိတ်တော်ရှိသည်မှာ " ဝလ်လဇီးန၊ ယဗီတူန လိရဗ်ဗိဟင်မ် ဆွတ်ဂျဂျဒန် ဝကိယာမာန် " " အဆုံးတိုင် အဓိပ္ပါယ်ကား " ကရုဏာရှင်၏သီးခြားသော 'ဘန္ဒာ'တို့သည် ထိုအရှင်အတွက် 'စဇ်ဂျဒါ'နှင့်သော် လည်းကောင်း၊ 'ကိယာမ်'နှင့်သော်လည်းကောင်း ခစားလျက် ညည့်အချိန်ကုန်စေ သည်။" # ငင်းနောက် နေထွက် နေဝင် မွန်းတည့်ချိန်တို့ကို ချန်လှပ်၍ များစွာသော အချိန်တို့တွင် ခရီးသွားရာ၌ဖြစ်စေ၊ အိမ်မှာနေသောအခါ၌ဖြစ်စေ မြောက်များစွာသော ဇိကိရ်များ ပြုလုပ်ကြလေသည်၊ ထို့ကြောင့် အစ္စလာမ်သာသနာတော်ကြီး၏ ထွဋ်မြတ်သော ကိုးကားချက်များ ထင်ရှားရှိလေ၏၊ ယင်းသို့ကိုးကားရန် အကြောင်းအချက်တို့သည် အခြားသော ဘာသာသာသနာတို့၌ မရှိချေ၊ ထို့နောက် ဥစ္စာပစ္စည်းနှင့်ခဝပ်ခြင်း၊ 'ဆွိယာမ်'ဥပုသ်စောင့်ထိန်းခြင်း၊ 'ဟဂျ်'ပြုခြင်း စသော အရာတို့သည် အစ္စလာမ်သာသနာတော်၌ ဖွဲ့ရသဖြင့်ဖြစ်လေသည်၊ သို့အတွက် ကျွန်ုပ်တို့သည် အလိုရှိရာပြုလုပ်၍ အလိုမရှိရာကို မပြုလုပ်ဘဲ ချန်လှပ်ပစ်ပယ်၍ မနေအပ်ချေ၊ ထို့နောက် ခဝပ်ပူဇော်ခြင်းနှင့်တစ်ဆူတည်းတည်တော်မူသောအရှင်အား စွဲလမ်းယုံကြည်ခြင်း၏ 'နဗီ'ထွန်းတောက်ခြင်း၊ ချမ်းမြေ့သာယာခြင်းတို့သည် အစ္စလာမ်ဘာသာဝင်လူမျိုးတို့၏ စိတ်နှလုံးများအပေါ်၌ တင့်တယ်စွာ ရောက်ရှိလျက် ယနေ့တိုင် တည်ရှိလေသည်၊ ယခုညွှန်ကြားမည့် အရာများကိုလည်း အခြားသော အွမ္မတ်အသင်းသားတို့တွင် မရရှိနိုင်ကြချေ၊ အကြောင်းမှာကား အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်း၊ ထိုအရှင်အားချစ်ခင်ခြင်းဖြင့် တစ်ညဥ့်လုံးငိုကြွေး၍နေခြင်း၊ ထိုသို့ ငိုကြွေးသောအရသာ၌ သတိလစ်ပြီးလျှင် မူးမေ့၍သွားသောကြောင့် မိမိကိုယ်ကာယကို အမှတ်မရဘဲ ရှိကြလေသည်၊ ဖြစ်ရှိသရွေ့အရာအပေါင်းတို့၏ မကိုင်ုသကြံစ်ခမ္မရာဇ် သရဖူဖြစ်တော်မူသော 'မုဟာမ္မဒ်'သခင်၊ 'တာဘအ်တာဗိအီ'သခင်များ၊ ထို့နောက် 'အောင်လီယာအိမ္မတ္တာအပ်ခိရီန်'ဖြစ်ကြကုန်သော 'မဟ်ဗူဗိ ဆွတ်ဘယာနီ အဘဒ္ဒလ်ကာဒိရ် ဂျီလာနီ' သခင်၊ 'ဘာယဇီဒ်ဘတ်စ်တွာမီ'သခင်၊ 'ဂျုနိုက်ဗဃ်ဒါဒီ'သခင်၊ 'ခွါဂျာမုအီနွတ် ဒိန် ကျစ်ရှတီ'သခင် စသောပုဂ္ဂိုလ်တို့၏ဖြစ်ရှိသော အကြောင်းခံခြင်းများသည်

# Quran (25: 64)

ဤနေရာ၌ မဆန့်နိုင်ဖြစ်ကြောင်း၊ သို့သော် ရဇူလွလ္လာဟ်ကိုယ်တော်မြတ်၏ ကာယတော်ဘက်မှ ဘဏ္ဍာတိုက်သဖွယ်ဖြစ်သော ရင်ခွင်တော်တွင် အိုးတစ်လုံး ဆူပွက်ခြင်း ရှိသကဲ့သို့ အရှင်မြတ်၏တောင့်တခြင်းတွင် အသံထွက်လျက်ရှိလေသည်၊ ၎င်းပြင် 'ဟဇရတ် အဘူဟနီဖဟ်သခင်လည်း နေ၀င်သည်မှ လင်းသည့်အချိန်သို့ တိုင်အောင်ရောက်၏၊ ဤကဲ့သို့ပြုလုပ်တောင့်တ၍နေခြင်းသည် အရှင်မြတ်၏အရသာ ကြောင့် တစ်စုံတစ်ရာမျှ သတိမရရှိလေသည်၊ သို့အတွက်ကြောင့် ထိုပုဂ္ဂိုလ်တို့၏ အတွင်း၌ရှိသော မနောဓါတ်၊ မနောဝိညာဏဓါတ်ဟုဆိုအပ်သော စိတ်အာရုံ၏ ခိုင်ခန့်ခြင်းသည် ဤမျှစခန်းတိုင်လွှမ်းမိုးလျက်ရှိလေသည်၊ ပမာဆိုသော် ဘနီအစ္စရာအီလ် အသင်းသားတို့အနက်မှ နဗီသခင်တို့၏ 'မုအ်ဂျိဇာ'တန်ခိုးတော်များ ထင်ပေါ်သကဲ့သို့ 'ကရာမတ်'ခေါ် ဈာန်များတင်ပေါ်လျက်ရှိလေသည်၊ ဤကဲ့သို့ အကြောင်းခံများကို ခရစ်ယာန်ဘာသာ၀င်တို့ကြည်ညိုသော 'မောင်ကာဗိကတ်စ်' စသည့်သူတို့ထက် သာပိုခိုင်မာသော သူတို့က ထင်ရှားရှုမြင်ရလေသည်၊ မိမိတို့၏ကျမ်းစာများတွင်လည်း ရေးသားလျက်ထားကြလေသည်၊ ၎င်းပြင် 'ဟ၀ါရီ'အသင်းသားတို့၏အပြစ်များ၊ ၎င်းအသင်းသားတို့၏ရာဇ၀င်များနှင့် ရေးသားချက်ကို ခရစ်ယာန်လူမျိုးတို့က 'အင်န်ဂျီလ်'ကျမ်း အလ္လာဟ်အရှင်၏ကျမ်းတော်ဟု ဆိုကြသည်မှာ တစ်ခြားစကား ဖြစ်လေသည်၊ ကျနုပ်တို့ကမူကား ထိုပုဂ္ဂိုလ်တို့ အပြစ်အပျက်အရေးသားသော ကျမ်းတို့ကို 'ကုရ်အာန်'သို့မဟုတ် အရှင်မြတ်၏ကျမ်းဟူ၍ ခေါ်ဆိုခြင်း မပြုကြချေ။ သို့ရာတွင် ၎င်းအဆိုနှစ်ချက်သည် တစ်မျိုးစီဟု ဆိုငြားသော်လည်း တစ်သဘော တည်းပင်ဖြစ်လေသည်၊ အကြောင်းမှာမူကား ခရစ်ယာန်တို့ထံ အလ္လာဟ်အရှင်၏ ချပေးသွားတော်မူသော ကျမ်းတော်မရှိ၊ သို့ကြောင့် ထိုရာဇ၀င်များကိုပင် 'အင်န်ဂျီလ်' ကျမ်းဟုဆို၍ စိတ်နှလုံးအေးစေရန် ဖြေဖျော်ကြလေသည်၊ ထိုသို့ မဖြေဖျော်လျှင် မတတ်နိုင်ရှိကြ၏၊ ကျွန်ုပ်တို့ထံမှာမူကား 'ကုရ်အာန်'ကျမ်းတော်မြတ် အသင့်ရှိ၏၊ ဒုက္ခခံ၍ တစ်စုံတစ်ရာမျှ စွပ်စွဲရန် မလိုချေ၊ ထိုသို့ဖော်ပြချက်များဖြင့် အသင်တို့၏ အင်န်ဂျီလ်ဟုခေါ်သော ရာဇ၀င်များကို အခိုင်အမာ၊ ကျွန်ုပ်တို့ရာဇ၀င်များကို မခိုင်မာဟု မဖြစ်နိုင်ပါ၊ ၎င်းပြင် ခရစ်ယာန်တို့ကလည်း မိမိတို့အဆိုများ ကုရ်အာန်ကျမ်းတွင် ပါ၀င်သည်ဟူ၍ ကျွန်ုပ်တို့ကို မပြောနိုင်ချေ။

အကြောင်းအားဖြင့်ဆိုသော် ဤကဲ့သို့ခ၀ပ်ခြင်း၏အလင်းရောင်နှင့် တစ်ပါးတည်းတည်တောမူသောအရှင်အား ယုံကြည်စွဲလမ်းရန် အမြဲရှိခဲ့လေသည်၊ သို့အတွက်ကြောင့် ထိုသူတို့ထံ 'ရူဟိုလ်ကူဒွတ်စ်'၏အစောင်အမရသူများ အမြဲပင် ဆက်သွယ်လျက် ရှိခဲ့ကြလေသည်၊ ၎င်းခရစ်ယာန်တို့တွင် 'ဟ၀ါရီ'တို့ထံ တမန်တော်အီစာ ဆင်းသက်ခြင်းအကြောင်းကြောင့် မြောက်မြားစွာသော ကရာမတ် ဈာန်များပြခဲ့ကြလေသည်၊ အဆိပ်၏ဓါတ်မကူးစက်နိုင်ခြင်း၊ လက်နှင့်ထိတို့ခြင်းဖြင့်

ဝေဒနာသည်တို့ပျောက်ရခြင်း၊ မြွေများကို ပွေ့ယူနိုင်ခြင်းစသည်ဖြင့် 'မိရှိကာဟ်ရှ်' ကျမ်းမှာ ပါရှိလေသည်၊ ထို့နောက် ခရစ်ယာန်ဘာသာသည် ဖေါက်လွဲဖေါက်ပြန် ဖြစ်၍ ဆိုခဲ့သော တန်ခိုးတော်များ ပပျောက်လေသည်။ မည်သည့်ခရစ်ယာန်တစ်ဦး တစ်ယောက်မျှ ယခုအခါ ဤသို့စွမ်းအားရှိကြောင်း ပြောပြနိုင်သူ မရှိချေ၊ သို့အတွက် ဟဝါရီအသင်းသားတို့၏နောက် ခရစ်ယာန်အစစ်အမှန် မရှိကြောင်း သိလာရလေသည်၊ အကယ်၍ ရှိသည်ဆိုပါက အထက်ညွှန်ပြခဲ့သော် တန်ခိုးတော်များသည် အဘယ်ကြောင့် ပျောက်ကွယ်၍သွားသနည်းဟု မေးရန် စကားပေါ်ထွက်လေ၏။

ဘန္ဒာတို့၌ 'ကရာမတ်'ခေါ် တန်ခိုးပြနိုင်ရန် အလ္လာဟ်အရှင်မြတ်နှင့်နီးစပ်မှသာ စွမ်းနိုင်ချေမည်။ အဘယ်ကြောင့်ဆိုသော် အရင်းမူလမှာ အရာခပ်သိမ်းတို့ကို ထို အရှင်သာ စွမ်းတော်မူကြောင်း၊ သို့ရာတွင်မည်သည့်အခါ ဘန္ဒာသည် ၎င်းအရှင်နှင့် ဆက်သွယ်လျက်ရှိနေမှု မီးခါတ်သည် သံ၌ကူးစက်သောအခါ လောင်ကျွမ်းနိုင်သော အင်အားရှိသကဲ့သို့လည်းကောင်း၊ ပန်းသည်မိမိနှင့်အတူရောစပ်လျက်ရှိသော မြေခဲ ကို မွေးကြိုင်စေသကဲ့သို့လည်းကောင်း ဖြစ်ရှိရလေ၏၊ 'အာဗျစ်ဒ်' 'အာရစ်ဖ်'ခေါ် သူတော်စင် သူတော်ကောင်းတို့သည် ကြီးမြင့်မြတ်ထွင့်တော်မူသောအရှင်နှင့် နီးစပ်ခြင်း ဖြင့် အကျိုးခံစားခွင့်ရှိသော ဝေစုဝေပုံများ ရရှိကြလေ၏၊ ဤအကြောင်းကို ပညာ ရှိတစ်ဦးက ဥဒဟရဏ်စကားပုံတင်၍ရေးသည်မှာ ကျွန်ုပ်သည် မြေစိုင်မြေခဲဖြစ်သည်၊ သို့သော်ပန်းနှင့်ရောစပ်ပြီး အတူတကွနေရသည့်အတွက် မွေးကြိုင်သည့်ရနံ့ထွက် ကြောင်း၊ မြေစိုင်ကဖြေသောစကားကို လင်္ကာဖြင့် စပ်ထားတော်မူခဲ့၍ အများပင် ရွတ်ဆိုလျက်ရှိကြကုန်၏၊ အလိုသဘောမှာ အလ္လာဟ်အရှင်မြတ်သည် ဘုန်းတန်ခိုး တော်ရှင်ဖြစ်၍ လူသတ္တဝါတို့မှာကား ထိုအရှင်၏ထံတော်မှ ကူးစက်မည့်ခါတ်ကို မျှော်လင့်ဖွယ်ရှိလေသည်၊ ယခုဖေါ်ပြခဲ့သောအကြောင်းခံဖြင့် အိဗာဒတ်ပြုခြင်း၏ အကျိုးသည် ဘန္ဒာတို့အတွက်ဖြစ်ကြောင်း အရှင်မြတ်မှာ တစ်စုံတစ်ရာမျှ မလို ဘန္ဒာတို့အကျိုးကို လိုလားတော်မူ၍သာ မဟာဗျာဒိတ်ပေးကြောင်း မှတ်သားအပ်ပေ သတည်း။

ကွယ်လွန်သူဒေလီမြို့နေ အာလင်မ်ပညာရှိ မော်လဝီ မော်လနာ အဗူမုဟမ္မဒ် ဟဇ္ဇလ်ဟတ်လ်သခင်ကြီး အာရဗီဘာသာမှတစ်ဆင့် အူရဒူဘာသာဖြင့် ပြန်ဆိုရေး သားထားသော "တဖ္စိရ်ဟတ်ကာနီ"ကျမ်းကြီးကို ဆရာစွာ (မြန်မာမွတ်စလင်မ် ဓမ္မကထိက) (သားကုန်းရွာ ကန့်ပလူစာတိုက်၊ ရွှေဘိုဒီစတြိတ်) မြန်မာပြန်သည့် စူရာဖွာတိဟာ တဖ္စိရ်ကျမ်းကြီးမှ ထုတ်နှုတ်ဖော်ပြလိုက်ပါသည်။ )

ဤတွင် "မဟာလူသားဆူဖီများ၏ ဘဝဖြစ်စဉ်နှင့် ဓမ္မကျင့်စဉ်များ "ကျမ်း ပြီးဆုံးပါပြီ။ ဟက်(ခ်) အလ်ဟမ်ဒုလိလ္လာဟ်

**ဦးအေးလွင် *B.Sc***
**(ကာဒရီယာ – အာလဲယာ)**

# "ခလီဖွသွလ္လာဟ်" အလ္လာဟ်၏ကိုယ်စားလှယ်တော် "စစ်ဒီကီးန်" အရိယပုဂ္ဂိုလ်မြတ်တို့၏ ဘောင်၌ ချိတ်ဆက်ပါဝင်ခိုလှုံလော့"

(ကျမ်းမြတ်ကုရ်အာန်-၉း၁၁၉)

အလ္လာဟ်အရှင်မြတ်၏ အကျင့်သီလသန့်စင်ထွန်းတောက်သူ(ဝလီ)အချစ်တော်သည် ဤလောက အတွက်အလ္လာဟ်အရှင်မြတ်၏ကိုယ်စားလှယ်တော်ဖြစ်၏။ ထိုပုဂ္ဂိုလ်မြတ်သည်ဖန်ဆင်းမှု၏ "ရှုပ်" ဝမ္မဝိညာဉ်ဖြစ်၏။ ခပ်သိမ်းဉဿုံအလုံးစုံသော ဖန်ဆင်းခံရုပ်ကလာပ်နှင့်နာမ်ဓါတ်တို့ရပ်တည်ထင်ရှားနေ ရခြင်းသည် ထိုပုဂ္ဂိုလ်မြတ်တည်ရှိနေခြင်းအတွက်ဖြစ်၏။ ထိုပုဂ္ဂိုလ်မြတ်၏ဝမ္မရောင်ခြည်တော်ကွန့်မြူးရာမှ ကောင်းချီးမင်္ဂလာ အဖြာဖြာတို့ကို ခပ်သိမ်းဝေနေယျတို့ တောင်းခံလျက်ရှိ၏။ ထိုပုဂ္ဂိုလ်မြတ်၏ နှလုံးဉာဏ်သည် အရှင်ချီးမြှင့်သည့် ဉာဏ်စဉ်နှင့်ကောင်းခြင်းအဖြာဖြာတို့ကို ခံယူရာဌာနဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် မိမိအချစ်တော်(ဝလီ)အား ထူးခြားသည့်ဘန်ဒါကျွန်တစ်ဦးအဖြစ်သီးသန့် ပြဋ္ဌာန်းတော်မူပြီး အရှင့်ထံပါးသို့အနီးကပ်ဆုံးချဉ်းကပ်ခစားခွင့်ပေးထား၏။အလ္လာဟ်အရှင်မြတ်သည် ထိုပုဂ္ဂိုလ်မြတ်၏ "ရင်" ကို အရှင်၏ဒေသနာတော်(ကျမ်းမြတ်ကုရ်အာန်)၏ အနက်အဓိပ္ပါယ်များဖြင့် ဉာဏ်ဝင်ဆန့်စေရန်အလို့ငှာ ကျယ်ဝန်းစေတော်မူခဲ့၏။

အလ္လာဟ်အရှင်မြတ်သည် မိမိ၏အချစ်တော်ကို ကျမ်းမြတ်ကုရ်အာန်၏ အသိဉာဏ်ထူးများကို ချီးမြှင့်ပေးသနားတော်မူပြီး ကျမ်းမြတ်လာအာယတ်တော်တို့၏ အတွင်းပရမတ်အနက်အဓိပ္ပါယ်များ ကိုလည်းဖွင့်လှစ်ပြသတော်မူခြင်းဖြင့် လူသားတို့၏ နာမ်ဓာတ်၌စွဲကပ်နေသည့် အဝိဇ္ဇာ ကိလေသာ ရောဂါဆိုးတို့ကို ပျောက်ကင်းစေရန် လမ်းညွှန်ပေးစေနိုင်၏။

"အသရာဘိလ်မအ်ရှူးဖ်" ဟူသည့်ကောင်းမြတ်ရာမဂ္ဂလမ်းကိုညွှန်ပြလတ်၍ "နဟ်အနစ်လ် မွန်ကရ်" ဟူသည့် ဒုစရိုက်မိစ္ဆာလမ်းများကိုတားရန် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ အချစ်တော် "ဝလီ" ကို ခန့်အပ် တာဝန်ပေးတော်မူထား၏။ အလ္လာဟ့်အချစ်တော် အရိယပုဂ္ဂိုလ်မြတ်သည် ဝေနေယျတို့၏ နှလုံးသား၌ ပေထင်နေသည့် ကိလေသာ အညစ်အထေးကို ဆေးကြောသန့်စင်ပြီး အသိဉာဏ်၌ ဖုံးအုပ်ကာရံလျက်ရှိသော မောဟအဖုံးအကာကို လှစ်ဟ ပင့်မတော်မူခြင်းဖြင့်အကြင်လူသားတို့အား "စွိရာတွလ်မွတ်စ်တကီးမ်" ဟူသည့် မဇ္ဈိမပဋိပဒါ လမ်းဖြောင့်လမ်းမှန်ဆီသို့ မြှင့်တင်ပေး၏။

ထိုကဲ့သို့ ပုဂ္ဂိုလ်ထူးမျိုးသည် လောကမြေပြင်မှ အရှင်၏ စစ်မှန်သော ကိုယ်စားလှယ်တော် "ခလီဖွဟ်" ဖြစ်၏။ ထိုသူသည် အရှင် ဤစကြဝဠာအနန္တကိုဖြစ်ပေါ်ထင်ရှားရခြင်း၏အစွန်းဆုံးသော ပန်းတိုင်ဖြစ်၏။ ထိုပုဂ္ဂိုလ်မြတ်သည် မဟာတမန်တော်မြတ်၏ စံကို ဖဝါးခြေထပ်လိုက်၏။ သူသည် ဧကောဝမ္မော "တောင်ဟီးဒ်" သစ္စာကထာကို ကာကွယ်စောင့်ထိန်းသူ ဖြစ်၏။ သူသည် လူသားတို့ဘဝ လွတ်မြောက်၍ ကယ်တင်ခြင်းခံရမှုအတွက် အခြေခံပင်မ ဒုတ်မြစ်ဖြစ်သည်။

ကျွန်ုပ်အနေဖြင့် အဆွေတို့အား အဆိုပါ အလ္လာဟ့်အချစ်တော် အရိယပုဂ္ဂိုလ်မြတ်တို့ ထံပါး၌ ခိုလှုံပေါင်းဖက်ပြီးရင်းတို့၏ဝမ္မကောင်းချီးတို့မှအကျိုးရယူကြရန်တာဝန်တစ်ရပ်အဖြစ်သဘောထား၍ အထူးအလေးအနက် တိုက်တွန်းအပ်ပါသည်။

(ဟာဇရသ် ကွာသွတ်(ပ) ရဗ္ဗာနီ ရှိုက်ခ် အဗ္ဗဒွလ်ကာဒိရ်ဂျီလာနီ)

ဟာဇရသ်မဓိအွလ်လာခန်၏ "ရှရိအတ်အော်တစောင်ဝုဖ်" ကျမ်း၏ ပထမဆုံးစာမျက်နှာ၌ ဖော်ပြ ထားသည်ကိုဘာသာပြန်ထားခြင်းဖြစ်ပါသည်။

**"ခလီဖွသွလ္လာဟ်" အလ္လာဟ်၏ကိုယ်စားလှယ်တော်**
**"စစ်ဒီကီးန်" အရိယပုဂ္ဂိုလ်မြတ်တို့၏ ဘောင်၌ ချိတ်ဆက်ပါဝင်ခိုလုံလော့"**

(ကျမ်းမြတ်ကုရ်အာန်-၉း၁၁၉)

အလ္လာဟ်အရှင်မြတ်၏ အကျင့်သီလသန့်စင်ထွန်းတောက်သူ(ဝလီ)အချစ်တော်သည် ဤလောက အတွက်အလ္လာဟ်အရှင်မြတ်၏ကိုယ်စားလှယ်တော်ဖြစ်၏။ ထိုပုဂ္ဂိုလ်မြတ်သည်ဖန်ဆင်းမှု၏ "ရှုဟ်" ဓမ္မဝိညာဉ်ဖြစ်၏။ ခပ်သိမ်းဥသုံအလုံးစုံသော ဖန်ဆင်းခံရုပ်ကလာပ်နှင့်နာမ်ဓါတ်တို့ရပ်တည်ထင်ရှားနေ ရခြင်းသည် ထိုပုဂ္ဂိုလ်မြတ်တည်ရှိနေခြင်းအတွက်ဖြစ်၏။ ထိုပုဂ္ဂိုလ်မြတ်၏ဓမ္မရောင်ခြည်တော်ကွန့်မြူးရာမှ ကောင်းချီးမင်္ဂလာ အဖြာဖြာတို့ကို ခပ်သိမ်းဝေနေယျတို့ တောင်းခံလျက်ရှိ၏။ ထိုပုဂ္ဂိုလ်မြတ်၏ နှလုံးဉာဏ်သည် အရှင်ချီးမြှင့်သည့် ဉာဏ်စဉ်နှင့်ကောင်းခြင်းအဖြာဖြာတို့ကို ခံယူရာဌာနဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် မိမိအချစ်တော်(ဝလီ)အား ထူးခြားသည့်ဘန်ဒါကျွန်တစ်ဦးအဖြစ်သီးသန့် ပြဌာန်းတော်မူပြီး အရှင့်ထံပါးသို့အနီးကပ်ဆုံးချဉ်းကပ်ခစားခွင့်ပေးထား၏။အလ္လာဟ်အရှင်မြတ်သည် ထိုပုဂ္ဂိုလ်မြတ်၏ "ရင်" ကို အရှင်၏ဒေသနာတော်(ကျမ်းမြတ်ကုရ်အာန်)၏ အနက်အဓိပ္ပါယ်များဖြင့် ဉာဏ်ဝင်ဆန့်စေရန်အလို့ငှာ ကျယ်ဝန်းစေတော်မူခဲ့၏။

အလ္လာဟ်အရှင်မြတ်သည် မိမိ၏အချစ်တော်ကို ကျမ်းမြတ်ကုရ်အာန်၏ အသိဉာဏ်ထူးများကို ချီးမြှင့်ပေးသနားတော်မူပြီး ကျမ်းမြတ်လာအာယတ်တော်တို့၏ အတွင်းပရမတ်အနက်အဓိပ္ပါယ်များ ကိုလည်းဖွင့်လှစ်ပြသတော်မူခြင်းဖြင့် လူသားတို့၏ နာမ်ဓာတ်၌စွဲကပ်နေသည့် အဝိဇ္ဇာ ကိလေသာ ရောဂါဆိုးတို့ကို ပျောက်ကင်းစေရန် လမ်းညွှန်ပေးစေနိုင်၏။

"အမရ်ဘိလ်မအ်ရူးဖ်" ဟူသည့်ကောင်းမြတ်ရာမဂ္ဂလမ်းကိုညွှန်ပြလတ်၍ "နဟ်အနစ်လ် မွန်ကရ်" ဟူသည့် ဒုစရိုက်မိစ္ဆာလမ်းများကိုတားရန် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ အချစ်တော် "ဝလီ" ကို ခန့်အပ် တာဝန်ပေးတော်မူထား၏။ အလ္လာဟ့်အချစ်တော် အရိယပုဂ္ဂိုလ်မြတ်သည် ဝေနေယျတို့၏ နှလုံးသား၌ ပေထင်နေသည့် ကိလေသာ အညစ်အထေးကို ဆေးကြောသန့်စင်ပြီး အသိဉာဏ်၌ ဖုံးအုပ်ကာရံလျက်ရှိသော မောဟအဖုံးအကာကို လှစ်ဟ ပင့်မတော်မူခြင်းဖြင့်အကြင်လူသားတို့အား "စွီရာတွလ်မွတ်စ်တကီးမ်" ဟူသည့် မဇ္ဈိမပဋိပဒါ လမ်းဖြောင့်လမ်းမှန်ဆီသို့ မြှင့်တင်ပေး၏။

ထိုကဲ့သို့ ပုဂ္ဂိုလ်ထူးမျိုးသည် လောကမြေပြင်မှ အရှင်၏ စစ်မှန်သော ကိုယ်စားလှယ်တော် "ခလီဖွဟ်" ဖြစ်၏။ ထိုသူသည် အရှင် ဤစကြဝဠာအနန္တကိုဖြစ်ပေါ်ထင်ရှားရခြင်း၏အစွန်းဆုံးသော ပန်းတိုင်ဖြစ်၏။ ထိုပုဂ္ဂိုလ်မြတ်သည် မဟာတမန်တော်မြတ်၏ စံကို ဖဝါးခြေထပ်လိုက်၏။ သူသည် ဧကောဓမ္မော "တောင်ဟီးဒ်" သစ္စာကထာကို ကာကွယ်စောင့်ထိန်းသူ ဖြစ်၏။ သူသည် လူသားတို့ဘဝ လွတ်မြောက်၍ ကယ်တင်ခြင်းခံရမှုအတွက် အခြေခံပင်မ အုတ်မြစ်ဖြစ်သည်။

ကျွန်ုပ်အနေဖြင့် အဆွေတို့အား အဆိုပါ အလ္လာဟ့်အချစ်တော် အရိယပုဂ္ဂိုလ်မြတ်တို့ ထံပါး၌ ခိုလှုံပေါင်းဖက်ပြီးၡင်းတို့၏ဓမ္မကောင်းချီးတို့မှအကျိုးရယူကြရန်တာဝန်တစ်ရပ်အဖြစ်သဘောထား၍ အထူးအလေးအနက် တိုက်တွန်းအပ်ပါသည်။

(ဟဇရသ် ကူသွတ်(ပ) ရဗ္ဗာနီ ရှိုက်ခ် အဗ္ဗဒွလ်ကာဒိရ်ဂျီလာနီ)

ဟဇရသ်မစီအွလ်လာခန်၏ "ရှရီအတ်အော်တစောင်ဝုဖ်" ကျမ်း၏ ပထမဆုံးစာမျက်နှာ၌ ဖော်ပြ ထားသည်ကိုဘာသာပြန်ထားခြင်းဖြစ်ပါသည်။